
www.burmeseclassic.com



www.burmeseclassic.com



ရတနာပုံစာအုပ်တိုက်
အမှတ် ၁၀၀ (ဒီ)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၃၇၁၆

www.burmeseclassic.com

www.burmeseclassic.com

# နာဗိုပြဋ္ဌာန်းခံ

# အထောက်တော်လှအောင်

ရတနာပုံစာအုပ် - ၄၆
၂၀၀၄ ခုနှစ်၊ မေလ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၈၅၈/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆၇ / ၂၀၀၄ (၃)

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်)၊ ၁၉၈၄ ခုနှစ်၊<br>နိုဝင်ဘာလ၊ အပန်းဖြေစာပေ။<br>ဒုတိယအကြိမ် ၂၀၀၄ ခုနှစ်၊<br>မေလ၊ ရတနာပုံစာအုပ်တိုက်၊ |
| အုပ်ရေ | ■ | ၁၀၀၀ |
| ထုတ်ဝေသူ | ■ | ဦးမင်းထွဋ်ဝင်း [၀၃၇၇၅]<br>(ရတနာပုံစာအုပ်တိုက်)<br>၁၀၀/(ဒီ)၊ အင်းယားလမ်း၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ■ | မောင်နေကြည် |
| အတွင်းဖလင် | ■ | Quality |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၃၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ဖွင့်

မတ်၊ ၁၉၄၅

ရေငုပ်သင်္ဘောကြီး၏ဝမ်းဗိုက်သည် လှိုင်းပုတ်လိုက်တိုင်း ဆိပ်ခံဗော တံတားနှင့် ပွတ်တိုက်လျက်ရှိလေသည်။

နေရာကား သမုဒ္ဒရာအတွင်းရှိ ကျွန်းကလေးတစ်ကျွန်းတွင်ဖြစ်သည်။ အမိ ဂျာမနီနိုင်ငံတော်ကြီးနှင့် မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်ဖြစ်သည်။

ထိုနေရာသည် ဂျာမန် ရေငုပ်သင်္ဘောများ လောင်စာဆီဖြည့်တင်းရာ စခန်းနှင့် လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာပစ္စည်းများ ဖြည့်တင်းရာစခန်း ဖြစ်လေသည်။

ထိုနေရာတွင် ထိုစခန်းရှိကြောင်း မဟာမိတ်တပ်များ လုံးဝမသိရှိကြချေ။ မဟာမိတ်တို့၏ ထောက်လှမ်းရေးတပ်များက ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသော်လည်း ထိုစခန်းကို လုံးဝမတွေ့ခဲ့ကြချေ။

မဟာမိတ်များသာမက၊ ဂျာမန်စစ်ဌာနချုပ်တွင်လည်း ထိုစခန်းအကြောင်း သိသူအလွန်တရာနည်းပါးလှသည်။

ဂျာမန်ရေငုပ်သင်္ဘောများသည် ရန်သူစခန်းများကို သွားရောက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ပြီး လျော့နည်းသွားသည့် လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာများကို ထိုစခန်းမှာ လာရောက်ဖြည့်တင်းကြသည်။

အချို့ သင်္ဘောများကလည်း ရန်သူစခန်းများကို တိုက်ခိုက်ပြီးစီးပြီ ဖြစ်သောကြောင့် ထိုစခန်းမှာ လာရောက်အနားယူကြသည်။

ထိုနေ့ အရုဏ်တက်က ထိုစခန်းတွင် ဆိုက်ကပ်ထားသည့် ရေငုပ်သင်္ဘောကား အထက်ပါတာဝန်များကို ထမ်းဆောင်ဖို့မဟုတ်ပါ။

စစ်ကြီးကလည်း ပြီးဆုံးသွားလေပြီ။

ထို့ကြောင့် နောက်ထပ်စစ်ကြီးတစ်ခုထပ်မံဆင်နွှဲရန်အတွက် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်နေကြခြင်းသာဖြစ်လေသည်။

ရေငုပ်သင်္ဘောပေါ်မှာ ယောကျ်ားနှစ်ယောက် ရပ်နေသည်။ တစ်ယောက်က ဂျာမန်ရေတပ်အရာရှိကြီး အဆင့်ရှိသော ယူနီဖေါင်းကို ဝတ်ထားသည်။ ကျန်တစ်ယောက်က အရပ်ဝတ်နှင့်ဖြစ်ပြီး အပေါ်ရုံကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ ပင်လယ်ပြင်တွင်းမှာ လေတဝူးဝူးတိုက်နေသောကြောင့် အင်္ကျီကော်လန်များကို ထောင်ထားကြသည်။

ကုန်းဘောင်အတိုင်း တန်းစီတက်လာကြသော ခရီးသည်များကို သူတို့နှစ်ယောက်က ငုံ့ကြည့်နေသည်။

သင်္ဘောပေါ်သို့တက်လာသော ခရီးသည်တိုင်းကို တာဝန်ရှိသူများက စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးနေကြသည်။

စစ်ဆေးပြီးစီး၍ မှန်ကန်သောခရီးသည် ယောကျ်ား၊မိန်းမများကို သင်္ဘောပေါ်သို့ တက်ခွင့်ပြုသည်။

ကိုယ်တိုင် လမ်းလျှောက်တတ်သူ အနည်းငယ်ရှိပါသည်။ တကယ့်ကို အနည်းစုသာဖြစ်ပါသည်။ ထိုသို့ လမ်းလျှောက်နိုင်သူများမှာ အသက်အကြီးဆုံးခရီးသည်များဖြစ်ကြပြီး၊ ၁၂ နှစ်နှင့် ၁၃ နှစ် သားသမီးများဖြစ်ကြသည်။

ကျန်ခရီးသည်အားလုံးမှာ ကလေးများချည်းဖြစ်သည်။ နို့စို့အရွယ်ကလေးများကို မျက်နှာအမူအရာ တင်းတင်းမာမာရှိလှသည့် စစ်သူနာပြုများက ချီပိုးလာကြသည်။ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးသောအခါ သူတို့ချီပိုးလာသည့် ကလေးငယ်များကို သင်္ဘောပေါ်ရှိ ဆေးတပ်ဆရာဝန်များ လက်သို့ လွှဲအပ်ကြသည်။

ဆေးတပ်ဝန်ထမ်းများက ကလေးငယ်များကို သင်္ဘောအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ချီပိုးသွင်းယူသွားကြသည်။ ထိုရေငုပ်သင်္ဘောသည် ထိုကလေးငယ်များ ရက်သတ္တပတ်အနည်းငယ်ကြာအောင် နားခိုနေရမည့် သင်္ဘောပင်ဖြစ်လေသည်။

"မယုံကြည်နိုင်စရာပါပဲဗျာ . . . တကယ့်ကို မယုံကြည်နိုင်လောက်အောင် အထူးအဆန်းတွေ ဖြစ်နေတော့တာပါပဲ "

ရပ်ကြည့်နေသော ရေတပ်အရာရှိကြီးက အရပ်ဝတ်နှင့်လူကို ပြောသည်။

အရပ်ဝတ်နှင့် ထောင်ထောင်မောင်းမောင်းလူ၏ ကိုယ်လုံးမှာ ဆတ်ကနဲတောင့်သွားသည်။

" ဒါဟာ အစပဲရှိသေးတယ်။ အချက်ပေးသံတွေ နေရာတကာက ရောက်လာပြီလေ။ ဆိပ်ကမ်းမြို့တွေက ကလေးတွေထွက်လာကြတော့မယ်။ တောင်ကြားလမ်းတွေမှာရှိတဲ့ကလေးတွေ ထွက်လာကြတော့မယ်။ဂျာမနီတစ်နိုင်လုံးမှာရှိတဲ့ လေယာဉ်ပျံကွင်းတွေက ထွက်လာကြတော့မယ်။ ထောင်ပေါင်းများစွာ ထွက်လာကြတော့မယ်။ ပြီးတော့ ကမ္ဘာအရပ်ရပ်ကို သွားကြတော့မယ်။ နေရာတကာကို သွားကြတော့မယ်။ လူတွေကလဲ ကမ္ဘာအရပ်ရပ်မှာ နေရာတကာမှာ သူတို့ကို စောင့်ဆိုင်းနေကြပြီ "

" တကယ့်ကို ထူးခြားလှတဲ့ အကောင်အထည်ဖော်မှုကြီးတစ်ခုပေပဲနော် " ဟု ရေတပ်အရာရှိက မှတ်ချက်ချသလို ပြောပြန်သည်။

" ဒါဟာ မဟာဗျူဟာကြီးတစ်ခုရဲ့ အစိတ်အပိုင်းကလေးတစ်ခုသာ ရှိသေးတယ်။ မဟာဗျူဟာကြီးတစ်ခုလုံးကမှ တကယ့်ကို ထူးခြားကြီးကျယ်တာ၊ ဘာနဲ့မှမတူအောင် ထူးခြားကြီးကျယ်တာ "

" အခုလိုအချိန်မျိုးမှာ သင်္ဘောပေါ်ကို ခင်ဗျားရောက်နေတဲ့အတွက် ဂုဏ်ယူမိပါတယ်ဗျာ "

" ကျွန်တော်ကလဲ ဒီလိုအချိန်မျိုးမှာ ဒီနေရာမှာရှိနေချင်ပါတယ်။ သင်္ဘောနဲ့ တင်ပို့ပေးတဲ့အစီအစဉ်မှာ ဒါဟာ နောက်ဆုံး အခေါက်ပဲလေ "

အရပ်ဝတ်နှင့်လူက အောက်သို့ငုံ့ကြည့်ယင်း ပြန်ပြောသည်။ ပြီးတော့မှ ဆက်ပြောပြန်သည်။

" တတိယ ဂျာမနီနိုင်ငံတော်ကြီး ပြိုကွဲနေပြီ။ ဒီကလေးတွေဟာ ပြန်လည်မွေးဖွားနေခြင်းပဲ။ သူတို့တတွေဟာ စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီးပဲ။ ဒီထဲမှာ အညံ့စားတွေမပါဘူး။ အကျင့်ပျက်သူတွေမပါဘူး။ သူတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



'မျိုးဆက်'တွေ၊ တစ်ကမ္ဘာလုံးကို သူတို့ဖြန့်သွားကြတော့မယ် "

" သူတို့ဟာ ကလေးတွေ . . . "

ရေတပ်အရာရှိက တစ်စုံတစ်ရာပြောဖို့ကြိုးစားသည်။ သို့သော်လည်း အရပ်ဝတ်နှင့်လူက သူ့စကားကို အဆက်မခံဘဲ ကြားဖြတ်ပြောသည်။

သူတို့ဟာ တကယ့်ကလေးတွေ၊ သူရဲကောင်းအလောင်းအလျာကလေးတွေ၊ ဒီအထဲက သူရဲကောင်းတွေ သန်းပေါင်းများစွာပေါ် ထွက်လာလိမ့်မယ်။ ကမ္ဘာအရပ်ရပ်မှာ ကလေးပေါင်းများစွာရှိတယ်။ ဒါပေမယ့် ဒီကလေးတွေနဲ့တော့ တူကြမှာမဟုတ်ဘူး။ ဒီကလေးတွေကလဲ ကမ္ဘာအရပ်ရပ်ကို ရောက်သွားကြတော့မယ် "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# (၁)

" ကျေးဇူးပြု၍ နားဆင်ပါရှင် . . . ဖူးရစ်မြို့ကို ထွက်ခွာမယ့်ရထား ဟာ အမှတ်ဆယ့်နှစ် စင်္ကြံကနေပြီး ထွက်ခွာပါလိမ့်မယ် "

အပြာရင့်ရောင်မိုးကာအင်္ကျီဝတ်ထားသော အရပ်မြင့်မြင့် အမေရိကန် လူမျိုးသည် ဂျီနီဗာ မီးရထားဘူတာရုံကြီး၏ ခေါင်မိုးပေါ်သို့ အမှတ်မထင် မော့ကြည့်မိသည်။ ကြေငြာသည့်အသံ မည်သည့်နေရာမှ ထွက်ပေါ်လာသနည်း ဟု ရှာဖွေသည့် သဘောမျိုးလည်းဖြစ်သည်။

သို့သော် လူကိုဝေး၍ အသံချဲ့စက်ကိုပင် မမြင်တွေ့ရပါ။

အမျိုးသမီးက ပြင်သစ်ဘာသာဖြင့် ကြေငြာခြင်းဖြစ်သည်။ ပြင်သစ် စကားကို သူ ဒါလောက်မတက်ပါ။

မတက်လင့်ကစား 'ဖူးရစ်'ဟူသော စကားလုံး၊ 'အမှတ်ဆယ့်နှစ်'ဟူ သော စကားလုံးများကြောင့် ဘာပြောကြောင်း သဘောပေါက်နားလည်လိုက် ခြင်းဖြစ်လေသည်။

နဖူးပေါ်သို့ ဝဲကျလာသော အညိုရောင်ဆံပင်များကို လက်တစ်ဖက် ဖြင့် သပ်ချလိုက်ပြီး ဘူတာရုံမြောက်ဘက်ခြမ်းဆီသို့ သူ လျှောက်သွားသည်။

ဘူတာရုံကြီးထဲမှာ လူတွေ ကျပ်ကျပ်ခဲနေသည်။ ကိုယ့်ဦးတည်ရာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ တိုးဝှေ့သွားလာနေကြသည်။

အရပ်မြင့်မြင့် အမေရိကန်အမျိုးသားကလည်း ခရီးသွားများကို တွန်းကာဝှေ့ကာဖြင့် သွားနေသည်။

ဘူတာရုံထဲမှ လူများသည် စနေ၊ တနင်္ဂနွေရက်အားတွင် တစ်နေရာရာမှာ အနားယူဖို့၊ တောင်ပေါ်မှာ ရေခဲနေပြီဖြစ်သောကြောင့် ရေခဲပြင်လျှောစီးဖို့၊ ချိန်းဆိုထားသူတစ်ဦးဦးနှင့် သွားရောက်တွေ့ဆုံဖို့ ရည်ရွယ်ချက်အမျိုးမျိုးရှိကြသည်။

အချိန်ဖြုန်းနေခြင်းသည် တန်ဖိုးကြီးလှသောအချိန်များကို ခိုးယူနေခြင်းနှင့်အတူတူဖြစ်သည်။ ထို့ကြောင့် လူတိုင်း တက်သုတ်နှင်နေကြသည်။

အမေရိကန်အမျိုးသားကလည်း တက်သုတ်နှင်နေပါ၏။ သူ့မှာလည်း တွေ့ဖို့အချိန်းအချက်တစ်ခုရှိနေပါ၏။

အမှတ် ၁၂ စင်္ကြံမှနေ၍ ဇူးရစ်မြို့သို့ ရထားထွက်ခွာမည်ဟု ကြေငြာခြင်းသည် သူ့အတွက် အချက်ပြသည့်သဘောလည်း ဖြစ်လေသည်။

ထိုသို့ ကြေငြာသံပေါ်လာလျှင် အမှတ် ၁၂ စင်္ကြံသို့သွားရမည်။ အမှတ် ၁၂ စင်္ကြံတွင် အသင့်ထိုးဆိုက်ထားသော ရထားကိုတွေ့လျှင် နောက်ဆုံးတွဲမှစ၍ ခုနစ်တွဲမြောက်တွဲအထိ ရေတွက်သွားရမည်။

ခုနစ်တွဲမြောက်တွဲသို့ ရောက်သောအခါ ပထမဆုံးအပေါက်မှတက်ရမည်။ တွဲပေါ်ရှိ လူသွားစင်္ကြံကလေးအတိုင်း ရှေ့ဘက်သို့ ဆက်လျှောက်ရမည်။ ထိုသို့ လျှောက်ယင်းအခန်းများကို ရေတွက်သွားရမည်။

ပဉ္စမမြောက်အခန်းသို့ ရောက်သောအခါ တံခါးကို နှစ်ချက်ခေါက်ရမည်။

ထိုအစီအစဉ်အတိုင်း အားလုံး မှန်မှန်ကန်ကန်ဖြစ်လျှင် ထိုအခန်းထဲမှာ ရှိနေသော ဂျီနီဗာ အာမခံဘဏ်တိုက်ကြီး၏ ဒါရိုက်တာက သူ့ကို အခန်းတွင်းသို့ ဝင်ခွင့်ပြုလိမ့်မည်။

ထိုသို့တွေ့ခွင့်ရရန် ရက်သတ္တနှစ်ပတ်လုံးလုံး လိုအပ်သည်များကို မနားမနေ သူပြင်ဆင်ခဲ့ရသည်။ နိုင်ငံခြားတိုင်းပြည်များသို့ ကြေးနန်းများရိုက်ခြင်း၊ ပြည်ပသို့ ဖုန်းဆက်ခြင်း၊ နိုင်ငံခြားမှလာသည့် ကြေးနန်းနှင့် ဖုန်းများကို လက်ခံခြင်း စသည်တို့ကို ပြုလုပ်ခဲ့ရသည်။

ဂျီနီဗာ အာမခံဘဏ်တိုက် ဒါရိုက်တာကြီးက ဘာစကားပြောမည်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိရသေးပါ။ သို့သော်လည်း ဒါလောက်တောင် လုံခြုံရေးအစီအမံများ၊ လျှို့ဝှက်မှုအစီအစဉ်များ စနစ်တကျ ပြုလုပ်နေပုံကို ထောက်ချင့်ခြင်းအားဖြင့် အမှန် အရေးကြီးသည်ဟူ၍ သူသဘောပေါက်ပြီး ဖြစ်ပါသည်။

အမေရိကန်လူမျိုး၏အမည်မှာ နိုဝယ်ဟိုးလ်ခရော့ဖ်တ် ဖြစ်သည်။ သို့သော် 'ဟိုးလ်ခရော့ဖ်တ်' ဟူသည်မှာ သူ့အဖေ၏နာမည် မဟုတ်ပါ။

သူ့ကို ၁၉၃၉ ခုနှစ် နွေရာသီတုန်းက ဘာလင်မြို့ရှိ ဆေးရုံတစ်ခုပေါ်မှာ မွေးဖွားခဲ့သည်။ ဆေးရုံမွေးစာရင်းတွင် ရေးသွင်းထားသည့် အမည်မှာ 'နိုဝယ်ကလော်ဆင်' ဖြစ်သည်။ သူ့အဖေ၏အမည်မှာ 'ဟိန်းနရစ်ကလော်ဆင်' ဖြစ်သည်။

ဟိန်းနရစ်ကလော်ဆင်သည် တတိယဂျာမနီ နိုင်ငံတော်ကြီးတွင် အရေးပါအရာရောက်သော စီးပွားရေးနှင့်ငွေကြေးပါရဂူဖြစ်သည်။ အာဏာရှင်ဟစ်တလာ စစ်အောင်နိုင်ရေးအတွက် လိုအပ်သည့်ငွေများကို ရှာဖွေပေးရာတွင် ထူးချွန်ပြောင်မြောက်သည်။

ဟိန်းနရစ်ကလော်ဆင်သည် သူ့တိုင်းပြည်တွင် ဩဇာကြီးသည်မှာ မှန်ပါ၏။ သို့သော်လည်း ဇနီးဖြစ်သူကိုတော့ လက်လွှတ်ဆုံးရှုံးလိုက်ရလေသည်။

သူ့ဇနီး အယ်သိန်းကလော်ဆင်သည် အမေရိကန်လူမျိုးဖြစ်သည်။ အမေရိကန်လူမျိုး ဖြစ်သည်ဆိုခြင်းထက် အလွန်ခေါင်းမာသော အမျိုးသမီးတစ်ယောက်ဖြစ်သည်ဟုဆိုလျှင် ပိုမိုတိကျမှန်ကန်ပေမည်။

ခေါင်းမာခြင်းနှင့်အတူ စိတ်ဓာတ်ရင့်ကျက်သည်။ တရားမျှတမှုကို လိုလားသည်။ သူ့ယောကျ်ား ဟိန်းနရစ်ကလော်ဆင်တို့ လုပ်နေသည့် နိုင်ငံရေးကိုသဘောမတူ။ စစ်ပြင်နေသည်ကို သဘောမတူ။

နာဇီများအားလုံး အာဃာတတရားများ၊ ရန်ငြိုးများဖြင့် လုံးထွေးရစ်ပတ်ကာ စိတ်ရှုးပေါက်နေကြပြီဟု မြင်သည်။ သူ့ယောကျ်ား ငွေတွေ ရှာပေးနေရာတွင်လည်း စနစ်ကို ယုံကြည်သောကြောင့် ငွေရှင်းကြေးရှင်များက ငွေကြေးထည့်ဝင်နေကြခြင်း မဟုတ်ကြောင်း၊ အကျိုးကျေးဇူးတစ်ခုခုကို မျှော်ကိုးပြီး ထည့်ဝင်နေကြခြင်းဖြစ်ကြောင်း အယ်လ်သိန်းက ယုံကြည်ထားသည်။

ဩဂုတ်လတစ်ရက်တွင် အယ်လ်သိန်းနှင့် ဟိန်းနရစ်မလော်ဆင်တို့နှစ်ယောက် ထိုကိစ္စနှင့်ပတ်သက်ပြီး ထိပ်တိုက်တွေ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်သိန်းက ဟိန်းနရစ်ကို နာဇီအဖွဲ့မှ အပြီးအပိုင်ထွက်ခိုင်းသည်။ ဟစ်တလာအတွက် ရန်ပုံငွေများ ကြိုးစားရှာဖွေပေးနေခြင်းကို ချက်ချင်းရပ်ဆိုင်းခိုင်းသည်။

ဟိန်းနရစ်က အယ်လ်သိန်းပြောသည့် စကားများကို နားထောင်ပြီး အားပါးတရ ရယ်ချလိုက်သည်။

အယ်လ်သိန်း၏ ရာဇသံသည် ဟိန်းနရစ်၏ရယ်သံထဲမှာ နစ်မြုပ်ပျောက်ကွယ် သွားရလေတော့သည်။

အယ်လ်သိန်းသည် ထိုနေ့ညမှာပင် အထုပ်အပိုးပြင်ကာ သားကလေးကို ခါးထစ်ခွင်ပြီး လန်ဒန်မြို့သို့ လေယာဉ်ပျံဖြင့် လိုက်ပါလာသည်။ လန်ဒန်မြို့မှတဆင့် နယူးယောက်မြို့သို့ အပြီးပြန်ရန် ဖြစ်သည်။

အယ်လ်သိန်းထွက်ခွာလာပြီး ရက်သတ္တပတ်ကြာသောအခါ ဂျာမန်တပ်များက ပိုလန်နိုင်ငံကို လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ထိုနည်းအားဖြင့် တတိယမြောက် ဂျာမနီနိုင်ငံတော်ကြီးသည် သူ၏စစ်ခရီးကြီးကို စတင်လှမ်းလျှောက်လေတော့သည်။

တနည်းအားဖြင့်ဆိုရသော် နောက်ရက်ပေါင်း ၁၅၀၀ အကြာတွင် အဆုံးသတ်သွားမည့် ဂျာမနီနိုင်ငံကြီးအတွက် ပထမဆုံးသော သေနတ်သံလည်း ဖြစ်ပေသည်။ နိုဝယ်ဟိုးလ်ခရော့ဖတ်သည် အမှတ် ၁၂ စကြံသို့ ရောက်လာသည်။ နောက်ဆုံးတွဲမှစ၍ တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်လာသည်။

အထက်တန်း တွဲများ၏အိပ်ခန်းများက အလွန်လုံခြုံသည်။ အရေးကြီးသော လျှို့ဝှက်အစည်အဝေးများ ကျင်းပဖို့ အကောင်းဆုံးသော နေရာများဖြစ်သည်။ ရထားထွက်ပြီဆိုလျှင် တွဲတစ်ဖက်တစ်ချက်မှနေ၍ လက်နက်ကိုင်မီးရထားပုလိပ်များက ခရီးသည်များ လုံခြုံမှုအတွက် အချိန်ပြည့် တာဝန်ယူစောင့်ရှောက်ပေးကြသည်။

အခန်းနံပါတ် ၅- သို့ ရောက်ပြီ။

တံခါးကို ခပ်သာသာ နှစ်ချက်ခေါက်လိုက်သည်။

" ဟားဟိုးခရော့ဖတ်လား "

သစ်သားတံခါး၏ နောက်ဘက်မှ တည်ငြိမ်ပြတ်သားသော လေသံပေါ်ထွက်လာသည်။ ပေါ်ထွက်လာသည့်စကားက မေးခွန်းဖြစ်သော်လည်း လေသံက မေးခွန်းပုံစံမျိုးမဟုတ်။ ဟာဟိုးခရော့ဖတ်ဖြစ်ကြောင်း အတည်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် လေသံမျိုးဖြစ်သည်။

“ ဟာ မင်ခရက်ဒီလား ခင်ဗျာ ”

နိုဝယ်ကလည်း ပြန်မေးသည်။ ထိုသို့မေးနေဆဲမှာပင် ချောင်းကြည့်ပေါက်ကလေးမှနေ၍ သူ့ကိုချောင်းကြည့်နေကြောင်း နိုဝယ်သိလိုက်သည်။

ဂျီနီဗာ အာမခံဘဏ်တိုက်ကြီး၏ ဒါရိုက်တာကြီးသည် မည်သို့ပုံမျိုးဖြစ်မည်နည်းဟု နိုဝယ်ဟိုးခရော့ဖ်တ်က စိတ်ကူးနှင့်ပုံဖော်ကြည့်နေမိသည်။

အတွင်းမှ ချက်ဖြုတ်သံကြားရသည်။ တံခါးက တဖြည်းဖြည်းပွင့်လာသည်။

မင်ဖရက်ဒီသည် အရပ်ခပ်ပျပ်ပျပ်ဖြစ်သည်။ အသက်ခုနစ်ဆယ်တွင်း ရောက်နေပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းပုံရသည်။ ခေါင်းကတော့ လုံးဝပြောင်နေသည်။ ဆံပင်နှင့်တူသောပစ္စည်းဟူ၍ တစ်ချောင်းမှမရှိချေ။ မျက်လုံးများက ဝိုင်းဆက်ပြူးကျယ်သည်။ အပြာရောင်ဖြစ်သည်။ မျက်မှန်တပ်ထားသည်။

“ အတွင်းကိုကြွပါ ဟာဟိုးလ်ခရော့ဖ်တ် ”

မင်ဖရက်ဒီက ထိုသို့ပြောယင်းပြုံးသည်။ သို့သော် ချက်ချင်းပင်သူ့အမူအရာပြောင်းလဲသွားလေသည်။

“ စိတ်မရှိပါနဲ့နော်။ မစ္စတာ ဟိုးလ်ခရော့ဖ်တ်လို့ပဲ ကျုပ်ခေါ်သင့်ပါတယ်။ ဂျာမန်နာမည်ဖြစ်တဲ့ ‘ဟာ’ဆိုတာကြီး ထည့်ခေါ်နေတော့ မောင့်ကိုစော်ကားသလိုဖြစ်နေပါတယ်။ ဒါကြောင့် ကျုပ်တောင်းပန်ပါတယ် မစ္စတာဟိုးလ်ခရော့ဖ်တ် ”

“ တောင်းပန်ဖို့ မလိုပါဘူး ခင်ဗျာ ”

နိုဝယ်ဟိုးလ်ခရော့ဖ်တ်က အလိုက်သင့်ပြန်ပြောယင်း အခန်းတွင်းသို့ဝင်သည်။ စားပွဲကုလားထိုင်များ ပြင်ဆင်ထားသည်။ အိပ်ရာပြင်ဆင်ထားသည်ကိုတော့ မမြင်တွေ့ရချေ။

“ ရထားမထွက်ခင် ကျုပ်တို့ အချိန်နှစ်ဆယ့်ငါးမိနစ်လောက်ရပါတယ်။ ရထားထွက်မယ့်အချိန်ကို စိတ်စောနေဖို့လဲမလိုပါဘူး။ ထွက်ခါနီးတော့ အချက်ပေးပါတယ်။ ပြန်ဆင်းချိန် ကောင်းကောင်းရပါတယ် ”

နိုဝယ်ဟိုးလ်ခရော့ဖ်တ်က မင်ဖရက်ဒီနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဝင်ထိုင်သည်။ မင်ဖရက်ဒီကလည်း မျက်နှာချင်းဆိုင် ကုလားထိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်သည်။

“ မောင့်ကို ထပ်ပြီး တောင်းပန်စကား ပြောရဦးမယ်။ မောင်ဟာ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ဖြစ်ကြောင်း သက်သေခံအထောက်အထားကလေးတော့ ကြည့်ဖို့လိုပါလိမ့်မယ်။ နိုင်ငံကူးလက်မှတ်ကလေး တဆိတ်လောက် ကျေးဇူးပြုပါ။ ပြီးတော့ နိုင်ငံတကာ ယာဉ်မောင်းလိုင်စင်၊ တခြားအထောက်အထားတွေ ရောပေါ့။ ရောဂါကာကွယ်ဆေး ထိုးထားတဲ့နေရာတို့၊ တခြား ထင်ရှားတဲ့ အမှတ်အသားရှိတဲ့နေရာကို ဖော်ပြထားတဲ့ အထောက်အထားမျိုးတို့ပေါ့လေ”

ထိုစကားကြောင့် နိုဝယ်ဟိုးလ်ခရော့ဖ်တ် စိတ်တိုသွားလေသည်။ ဘဏ်ဒါရိုက်တာကြီး၏ အပေါ်စီးဆန်လှသော လေသံကိုလည်း မကြိုက်ချင်လှပေ။

“ ကျွန်တော်က အဲဒါတွေဘာကိစ္စပြနေရမှာလဲ။ ကျွန်တော် ဘယ်သူလဲဆိုတာ မစ္စတာမင်ဖရက်ဒီသိနေပြီပဲ။ မသိယင် ကျွန်တော့်ကို တံခါးဖွင့်ပေးမှာ မဟုတ်ဘူးလေ။ ကျွန်တော့် ဓါတ်ပုံတွေ၊ ကျွန်တော်နဲ့ ပတ်သက်တဲ့သတင်းတွေ အများကြီး ရထားပြီးပြီပဲ။ နိုင်ငံခြားရေးဌာနထက်တောင် ကျွန်တော့်အကြောင်း ပိုသိနေပြီမဟုတ်လား ”

“ ကျုပ်လို အဘိုးကြီးတစ်ယောက်ကို အလိုလိုက်ပါလေ။ အားလုံးရှင်းသွားတာပေါ့ ”

အဘိုးကြီးက ခေါင်းမာစွာဖြင့်ပင် ဆက်လက်တောင်းဆိုသည်။

မတတ်နိုင်တော့သည့်အဆုံးတွင် နိုဝယ်က တုံ့ဆိုင်းဆိုင်းဖြင့် အိတ်ထဲမှ သားရေအိတ်ကို ထုတ်သည်။ ထိုအိတ်ထဲမှာ နိုင်ငံကူးလက်မှတ်၊ ကျန်းမာရေးအတွက် ထောက်ခံချက်၊ နိုင်ငံတကာ မော်တော်ယာဉ်မောင်းလိုင်စင်၊ ဗီသုကာဖြစ်ကြောင်း ပညာအရည်အချင်း ထောက်ခံချက်များ အားလုံးပါသည်။

“ အဲဒီအထဲမှာ အားလုံးပါတယ်။ စိတ်တိုင်းကျသာ ကြည့်ပေတော့”

နိုဝယ်က မကျေမနပ်ပြောယင်း သားရေအိတ်ကို ကမ်းပေးသည်။

မင်ဖရက်ဒီကလည်း တုံ့ဆိုင်းဆိုင်းဖြင့်ပင် သားရေအိတ်ကို လှမ်းယူပြီး ဖွင့်သည်။

“ အခုလို လုပ်ရတာတော့ မကောင်းပါဘူး။ ဒါပေမယ့် . . . ”

“ လုပ်ပါလေ လုပ်သင့်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် အခုလိုတွေ့ဖို့ကို ကျွန်တော်က စတင်တောင်းဆိုခဲ့တာမဟုတ်ပါဘူး။ မှန်တဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အခုလို လာတွေ့ရတာဟာ ကျွန်တော်အဖို့ အတော်ကြီးကို ကသိကအောင့်နိုင်ပါတယ်။ ဖြစ်နိုင်ရင် အမြန်ဆုံး နယူးယောက်မြို့ကို ကျွန်တော်ပြန်ချင်နေတာ ”

“ ဟုတ်ပါတယ် . . . ဟုတ်ပါတယ်။ ကျုပ် သဘောပေါက်ပါတယ်”

အဘိုးကြီးက ကမန်းကတန်း ပြန်ပြောသည်။ ပြီးတော့ သားရေအိတ်ထဲမှ အထောက်အထားများကို တစ်ခုချင်းကြည့်နေသည်။

“ နိုင်ငံခြားတိုင်းပြည်တွေအတွက် အဆောက်အအုံပုံစံတွေ မောင်ဆွဲပေးခဲ့ရဖူးတယ် မဟုတ်လား ”

“ ဆွဲခဲ့ရဖူးပါတယ် ”

“ နယူးယောက်မြို့မှာရှိတဲ့ မောင့်ကုမ္ပဏီရဲ့ မနှစ်က ဝင်ငွေအမှန်ဟာ ဘယ်လောက်ရှိခဲ့သလဲ ”

“ ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး ”

“ ကျုပ်အလုပ် မဟုတ်ကြောင်း သိပါတယ်။ မောင်ရယ် ”

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် ဒေါသစိတ်ကို ဖျောက်ဖျက်သည့်အနေဖြင့် သူ့ခေါင်းကို ခါယမ်းလိုက်လေသည်။

“ ဒေါ်လာ တစ်သိန်းနဲ့ခုနစ်သောင်းရှိပါတယ်။ ပိုတဲ့အကြွေတွေတော့ မမှတ်မိတော့ဘူး ”

“ ရုံးခန်းငှားခတို့ ရုံးအမှုထမ်းတွေအတွက် လစာတို့ မပါသေးဘူးနော်။ အသားတင်ဝင်ငွေကို ပြောတာမဟုတ်လား ”

ကျွန်တော့်မှာရှိတဲ့ ရုံးဝန်ထမ်းက နည်းနည်းကလေးပါ။ နောက်ပြီးတော့ အစုစပ်ကုမ္ပဏီမဟုတ်ဘူး။ ကျွန်တော်တစ်ဦးတည်းပိုင်၊ ကျွန်တော့်မှာ အိမ်ထောင်လဲမရှိဘူး။ ကြွေးလဲမတင်ဘူး။ ဒီတော့ အခုဝင်ငွေဟာ ဘယ်ဆိုးပါမလဲ ”

မင်ဖရက်ဒီက သက်သေခံစာရွက်စာတမ်းများထည့်ထားသည့် သားရေအိတ်ကို နိုဝယ်အား ပြန်ပေးလိုက်သည်။

“ မောင့်အဖေ ဘယ်သူလဲဆိုတာ သိတယ်မဟုတ်လား ”

“ ကျွန်တော့် အဖေ ဘယ်သူလဲဆိုတာ မသိဘဲနေပါ့မလားဗျ။ တရားဝင်အဖေဟာ နယူးယောက်မြို့မှာ နေနေတဲ့ ရစ်ချက်ဟိုးလ်ခရော့ဖ်တ်ပဲ။ ကျွန်တော့်အမေရဲ့ ယောကျာ်း၊ အင်မတန် စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ် ”



www.burmeseclassic.com

www.burmeseclassic.com



" နောက်ပြီးတော့ လုပ်ငန်းက အနားယူထားတယ်။ သူလဲ ဘဏ်လုပ်ငန်းရှင်တစ်ယောက်ပဲ။ ဒါပေမယ့် ကျုပ်တို့ ဆွစ်ဇာလန်နိုင်ငံက ဘဏ်လုပ်ငန်းရှင်တွေနဲ့တော့ လုပ်ပုံကိုင်ပုံနည်းလမ်းချင်း မတူဘူးလေ "

" သူ့ကို လူတိုင်းက လေးစားခဲ့ကြပါတယ်။ အခုလဲလေးစားကြတုန်းပါပဲ "

" သူ့မိသားစုရဲ့ ပစ္စည်းဥစ္စာကြောင့်လား။ သူ့ရဲ့လုပ်ငန်းကြောင့်လား။ ဘာကြောင့် လေးစားကြတာလဲ "

" နှစ်ခုစလုံးအတွက် လေးစားကြတာပါ။ သူ့ကို ကျွန်တော်ချစ်တယ်။ ခင်ဗျားအနေနဲ့တော့ ကြိုက်သလို ကောက်ချက်ချနိုင်ပါတယ် "

" မောင်ဟာ အတော်သစ္စာရှိတာပဲ။ ကျုပ်ကလဲ အဲဒီလိုစိတ်ဓါတ်ရှိတဲ့ လူငယ်မျိုးကိုမှ သဘောကျတာ။ အထင်ကြီးတာ။ မောင့်အမေ သိပ်ကို စိတ်ဓါတ်ကျနေတဲ့ အချိန်တုန်းက ကျုပ်ဆီကို ဟိုးလ်ခရော့ဖ်တ်ရောက်လာဖူးတယ်။ မောင့်အမေကတော့ မယုံကြည်နိုင်စရာကောင်းလောက်အောင်ကို အံ့သြစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပေပဲ။ ပြဿနာကလေးတွေကို ကျုပ်က ဝင်ဖြေရှင်းပေးခဲ့ရဖူးတယ်။ မောင့်ရဲ့ အဖေအရင်းနဲ့ဆက်သွယ်ပြီးတော့ ပြီးပြတ်အောင် လုပ်ပေးလိုက်ရတာပေါ့လေ "

" သဘောပေါက်ပါတယ် "

" လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်တုန်းကလဲ မောင့်အဖေ ဟိန်းနရစ်ကလော်ဆင်ဟာ အစီအစဉ်တွေ တော်တော်များများလုပ်ခဲ့ဖူးတယ်။ ဘာလင် - ဇူးရစ်နဲ့ ဂျီနီဗာကို အကြိမ်ပေါင်းများစွာ ကူးချည်သန်းချည် လုပ်ခဲ့ဖူးတယ်။ အစိုးရအဖွဲ့ကိုတော့ အသိမပေးဘူးပေါ့လေ။ ကျုပ်တို့လိုကြားနေတဲ့ လူတွေ မငြင်းဆန်နိုင်တဲ့ သက်သေခံစာရွက်စာတမ်းတွေ ပြုစုခဲ့တယ်။ အဲဒီ စာရွက်စာတမ်း အထောက်အထားတွေနဲ့အတူ စာတစ်စောင်ပူးတွဲရေးခဲ့တယ်။ ၁၉၄၅ ခုနှစ် ဧပြီလထဲက ရေးခဲ့တာပဲ။ အဲဒီစာက မောင့်ကို လိပ်မူထားတယ်။ သူ့သားကို ရေးပေးတဲ့စာ "

ဘဏ်ဒါရိုက်တာကြီးက စားပွဲပေါ်မှာ အသင့်တင်ထားသော မနီလာ စာအိတ်တစ်လုံးကို လှမ်းဆွဲသည်။

" ခဏလေးနေပါဦး။ အဲဒီ အထောက်အထားတွေဟာ ငွေကြေးနဲ့များ ပတ်သက်နေပါသလား "



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်ပါတယ် ”

“ ဒီလိုဆိုယင် ကျွန်တော်စိတ်မဝင်စားပါဘူး။ တစ်နေရာရာကို လှူလိုက်ပါ။ သူလဲ ကုသိုလ်ရသွားတာပေါ့ ”

“ ငွေကြေးပမာဏက ဘယ်လောက်ရှိတယ်ဆိုတာကို မောင်သိရယင် ဒီလိုစိတ်ကူးမျိုးပေါ်လာမှာ မဟုတ်ဘူး ”

“ ငွေက ဘယ်လောက်များလို့လဲ ”

“ အမေရိကန်ဒေါ်လာ သန်းပေါင်း ခုနှစ်ရာနဲ့ရှစ်ဆယ် ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၂ )

နို၀ယ်ဟိုးလ်ခရော့ဖ်တ်က ဘဏ်ဒါရိုက်တာကြီးကို မယုံကြည်နိုင်သလို ငေးစိုက်ကြည့်နေမိလေသည်။

သူ့ခေါင်းထဲမှာလည်း သွေးများခြောက်ခန်းသွားသည်ဟု ထင်သည်။ တဲ၏အပြင်ဘက်မှ အသံဗလံများကလည်း ဆူညံလွန်းလှလေသည်။ နံရံများ ထူထဲလွန်းသည့် အခန်းထဲသို့ပင် တစ်ချက်တစ်ချက်ထိုးဖောက်ဝင်ရောက် လာသည်။

မင်ဖရက်ဒီက စာအိတ်ကိုဘေးနားမှာ ပြန်ချသည်။

" ချက်ချင်းမဆုံးဖြတ်လိုက်ပါနဲ့။ လက်ခံတော့မယ်လို့ ချက်ချင်းမဆုံး ဖြတ်လိုက်ပါနဲ့။ ဒီငွေကိုလက်ခံဖို့ရာမှာ စည်းကမ်းချက်တွေရှိတယ်။ စည်းကမ်း ချက်တွေ သတ်မှတ်ပေးထားတယ်။ ဘယ်လိုစည်းကမ်းချက်တွေလဲဆိုတာကို တော့ ကျုပ်တို့မသိရဘူးပေါ့လေ "

" စည်းကမ်းချက်တွေ. . . ဘာစည်းကမ်းချက်တွေလဲ "

နို၀ယ်က ပြန်သာမေးရသော်လည်း သူ့အသံထွက်သည်မထွက်သည် ကိုပင် မသေချာတော့ပေ။

" ရှင်းပါတယ်လေ။ ဒါလောက်များတဲ့ငွေကို လက်လွှတ်စပယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပေးပါ့မလဲ။ အဲဒီငွေတွေကို လူသားတွေအတွက် အကျိုးရှိစွာ အသုံးချပေးရမယ်ဆိုတဲ့ သဘောမျိုးဆိုပါတော့၊ မောင့်အတွက်လဲ ထိုက်တန်တဲ့ အကျိုးခံစားခွင့်ကို ပေးထားပါတယ် ”

“ ခင်ဗျားတို့ မသိဘူးဆိုတာ ဘာကိုဆိုလိုတာလဲ။ ဘာကိုမသိတာလဲ”

ဘဏ်ဒါရိုက်တာကြီးက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်နေသည်။ ခပ်လှမ်းလှမ်းဆီသို့လည်း ခဏကြာအောင်မျက်နှာလွှဲသွားသည်။ စိတ်သောကရောက်သွားသည့် အမူအရာမျိုးပါ ပေါ်လာသည်။

စားပွဲထောင့်စွန်းမှာ တင်ထားသော အညိုရောင်လက်ကိုင်သားရေအိတ်ကို လှမ်းယူပြီးဖွင့်သည်။ စာအိတ်ပါးပါးရှည်ရှည်တစ်ခုကို ထုတ်သည်။ စာအိတ်၏နောက်ကျောဘက်တွင် ရေးမှတ်ထားသည်များရှိသည်။ ပိုက်ဆံအကြွေလေးပြားကို ကပ်ထားသည်ဟုလည်း ထင်ရသည်။ စာအိတ်တွင် ပိုက်ဆံအကြွေများ ကပ်ထားသည်ဆိုတော့ တစ်မျိုးထူးဆန်းနေသည်။

မင်ဖရက်ဒီက စာအိတ်ကို ကမ်းပေးသည့် ပိုက်ဆံအကြွေများကပ်ထားခြင်း မဟုတ်ပါ။ ချတ်အဝိုင်းနှင့် တံဆိပ်ရိုက်နှိပ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ အားလုံးခြေရာမပျက် လက်ရာမပျက် နေထားတကျရှိလေသည်။

“ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်တုန်းက ကျုပ်တို့ကို ပေးသွားခဲ့တဲ့ ညွှန်ကြားချက်ကို အတိအကျလိုက်နာပြီး ဆောင်ရွက်ရတာပါ။ အဲဒီစာအိတ်က ဟောဒီမှာရှိနေတဲ့ မောင့်အဖေရဲ့စာနဲ့တော့မတူဘူး။ အဲဒီစာအိတ်ထဲကို ကျုပ်တို့ ဘဏ်ဒါရိုက်တာတွေ ဖွင့်ကြည့်ခွင့်မရှိဘူး။ ဒီစာအိတ်ကို အလျှင်ပေးရမယ်တဲ့။ ဒီစာအိတ်ထဲမှာပါတဲ့ စာကို မောင်ဖတ်ပြီးတော့မှ မောင့်အဖေရဲ့စာကို ပေးရမယ်လို့ ညွှန်ကြားထားတယ်။ မောင့်အဖေ ဟိန်းနရစ်ကလော်ဆာဟာ အင်မတန် စေ့စပ်သေချာပါပေတယ်။ မောင့်ဆီကအဖြေကို သိရမှ သူ့စာကို ပေးရမယ်ဆိုတဲ့ သဘောပဲ။ ဘာလင်မြို့ကြီးနဲ့ ကျုပ်တို့နောက်ဆုံး အဆက်အသွယ်လုပ်တဲ့အခါမှာ အဲဒီစာပါလာတာပဲ ”

“ အဲဒါက ဘာစာလဲ ”

“ ကျုပ်တို့မသိဘူး။ မောင့်အဖေရဲ့ လုပ်ငန်းအားလုံးကို သိတဲ့လူတွေက စုပေါင်းရေးကြတာဆိုတာလောက်ပဲ ကျုပ်တို့သိရတယ်။ မောင့်အဖေရဲ့ လုပ်ငန်းတွေကို အဲဒီလူတွေက သဘောပေါက်ကြတယ်။ ချီးကျူးကြတယ်။ မောင့်အဖေဟာ ဂျာမနီနိုင်ငံရဲ့ တကယ့်အာဇာနည်ပုဂ္ဂိုလ်ကြီးပဲလို့လဲ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ကြတယ်။ ဒီစာအိတ်မှာရှိတဲ့ချတ်တွေ ခြေရာလက်ရာမပျက်စေပဲ မောင့်လက်ထဲကိုအပ်ရမယ်လို့ ကျုပ်တို့ကို ညွှန်ကြားသွားတယ်။ မောင့်အဖေရဲ့စာကို မမြင်ရသေးခင် ဒီစာအိတ်ကို မောင်အလျင်ဖောက်ဖတ်ဖို့ပါပဲ ”

မင်ဖရက်ဒီက စာအိတ်ကိုလှမ်းပေးသည်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်က စာအိတ်ကိုယူပြီး နောက်ကျောမှာရေးထားသည့်စာများကို ဖတ်ကြည့်သည်။ သူဘာတစ်လုံးမျှ နားမလည်ချေ။

“ အဲဒီစာအိတ် နောက်ကျောပေါ်မှာ မောင်လက်မှတ်ထိုးလိုက်ပါ”

“ ဒါတွေက ဘာတွေရေးထားတာလဲ ” ဟု နိုဝယ်က ပြန်မေးသည်။

“ စာအိတ်ပေါ်မှာရှိနေတဲ့ ချိတ်တွေ နေထားတကျရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်လို့ ရေးထားတာပါ ”

“ နေထားတကျရှိနေပါတယ်လို့ ကျွန်တော်က ဘယ်လိုလုပ်ပြီး သေချာပေါက်ပြောနိုင်မှာလဲ ”

“ဒီမှာသူငယ် . . . မောင်စကားပြောနေတဲ့လူဟာ ဂျီနီဗာ အာမခံဘဏ်တိုက်ကြီးက ဒါရိုက်တာကြီးတစ်ယောက်ဖြစ်တယ်။ ကျုပ်ပြောတဲ့စကားကို မောင် ယုံကြည်ရမယ်။ မောင် ဒီလိုစကားမျိုးပြောတဲ့အတွက် ဘာများ ထူးခြားသွားနိုင်သလဲ ”

မင်ဖရက်ဒီက လေသံမြှင့်တင်ပြောခြင်းမရှိ။ သို့သော်လည်း သူဆိုလိုချင်သည့်သဘောကိုရောက်အောင် လေသံကို ပြောင်းလဲပြောလေသည်။

နိုဝယ် သဘောပေါက်သွားသည်။

“ ကျွန်တော် လက်မှတ်ထိုးပြီးယင် ဒီစာအိတ်အခွံကို ဘာလုပ်မှာလဲ”

မင်ဖရက်ဒီက ရုတ်တရက်စကားမပြောသေးပဲ ပြောသင့်မပြောသင့် ခဏကြာအောင် ချင့်ချိန်နေသည်။

“ အထူးအခွင့်အရေးနဲ့ အကြောင်းကြားဖို့ပဲ ဆိုပါတော့ ”

“ ကျွန်တော်ထိုးလိုက်တဲ့လက်မှတ်ကို ပြမယ်ဆိုတဲ့သဘောလား။ ကျွန်တော့်လက်မှတ်ဟာ အထူးအခွင့်အရေးပဲလား ”

နိုဝယ်က မင်ဖရက်ဒီ စကားမဆုံးမီ ဖြတ်ပြောသည်။

“ ကျုပ် စကားဆုံးအောင် ပြောပါရစေဦးလေ။ ဒီစာအိတ်ကို ကျုပ်တို့လက်ထဲမှာ ကြာရှည်သိမ်းထားခွင့်မရှိဘူး။ မောင် လက်မှတ်ထိုးပြီးတာနဲ့တပြိုင်တည်း စာအိတ်ခွံကို ပေါ်တူဂီနိုင်ငံမှာရှိတဲ့ စာတိုက်ပုံးတစ်ခုကို ပို့ပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပို့လိုက်တဲ့အခါမှာ အဲဒီစာတိုက်ပုံးကမရှိတော့ဘူး။ ဒါကြောင့် စာအိတ်ခွံဟာ စာသေဌာနကတဆင့် ကျုပ်တို့ဆီကိုပဲ ပြန်လာမယ် ”

“ သေချာပါသလား ခင်ဗျား ”

“ သေချာတယ်လို့ ကျုပ် ယုံကြည်ပါတယ် ”

နို၀ယ်က အိတ်ထဲမှ ဖောင်တိန်ထုတ်သည်။ စာအိတ် နောက်ကျောဘက်ကို တစ်ကြိမ်ပြန်ကြည့်ပြန်သည်။ ချိတ်များအစစ် ဟုတ်မဟုတ်ဆိုသည်မှာလည်း အကြောင်းမထူးတော့ဟု စဉ်းစားမိသည်။

ထို့ကြောင့် လက်မှတ်ထိုးချလိုက်သည်။

မင်ဖရက်ဒီက လက်မြှောက်ပြပြီး တားပြန်သည်။

“ စာအိတ်ထဲမှာပါတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ကျုပ်တို့ဘာမှမသိဘူးဆိုတာ မောင် သဘောပေါက်ပါတယ်နော်။ အထဲမှာ ပါတာတွေဟာ ကျုပ်တို့ ဘဏ်တိုက် ဒါရိုက်တာအဖွဲ့နဲ့လဲ ဘယ်လိုမှ မပတ်သက်ဘူး။ ကျုပ်တို့နဲ့ တိုင်ပင်ပြီး လုပ်ထားတာတွေလဲ မဟုတ်ဘူး။ လုံးလုံး အသိပေးတာ မဟုတ်ဘူး ”

“ ခင်ဗျား လေသံက ပူပင်သောကရောက်နေတဲ့ လေသံမျိုးပဲ။ ဒါတွေဖြစ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာလှပြီပဲ။ ဘာကြောင့် သောကရောက်နေရမှာလဲ“

နို၀ယ်ဟိုးလ်ခရော့ဖ်တ်က စာအိတ်ကို ဖွင့်လိုက်သည်။ ချိတ်များက နှစ်ပေါင်းများစွာကြာပြီဖြစ်သောကြောင့် အလွန်မာနေသည်။

အတွင်းမှ စာရွက်တစ်ရွက်တည်းထွက်လာသည်။ နှစ်ပေါင်းများစွာကြာပြီဖြစ်သောကြောင့် စာရွက်က ဝါကျင်ကျင်ဖြစ်နေသည်။ စာရွက်ပေါ်တွင် ရေးထားသည့်မင်က ခပ်ရေးရေးသာ ထင်တော့သည်။ သို့သော်လည်း ကောင်းစွာ ဖတ်၍ရနိုင်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်။ အားလုံးပုံနှိပ်စာလုံးကြီးဖြင့် ရေးထားခြင်းဖြစ်သည်။ အောက်ပိုင်းတွင် လက်မှတ်ရေးထိုးထားခြင်းမရှိ။ နာမည်ရေးထားခြင်းမရှိ။

သူစတင်ဖတ်တော့သည်။ ရေးထားသည့်စာများကား ကြောက်မက်ဖွယ်ရာ ဖြစ်ချေသည်ဟုလည်း စိတ်ထဲမှ အလိုလိုသိနေသည်။

ယခုအချိန်မှစပြီး ဟိန်းနရစ်ကလော်ဆာ၏သားကို စမ်းသပ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

ဂျိနီဗာမြို့တွင် ရှိနေသော လုပ်ငန်းအကြောင်းကိုသိရှိနိုင်ရန် ကြိုးပမ်းလေ့လာသူသည်လည်းကောင်း၊ ဟိန်းနရစ်ကလော်ဆင်၏သားအား ထိုလုပ်ငန်းမလုပ်ဖြစ်အောင် ဟန့်တားသူ၊ နှောက်ယှက်သူသည်လည်းကောင်း ဟိန်းနရစ်ကလော်ဆင်၏ အိပ်မက်များ အကောင်အထည်မပေါ်ပေါက်နိုင်အောင် ဖျက်ဆီးသူပင်ဖြစ်ချေသည်။

ထိုအဖြစ်အပျက်မျိုး မည်သည့်နည်းနှင့်မှ အဖြစ်မခံနိုင်ပါ။ ကျွန်ုပ်တို့အားလုံးသည် သစ္စာအဖောက်ခံလိုက်ကြရသည် ကျွန်ုပ်တို့၏ဘဝအမှန်၊ အဖြစ်အမှန်ကို ကမ္ဘာကသိခွင့်မကြုံနိုင်တော့ပြီ။ သစ္စာဖောက်များ ထုတ်ဖော်ပြသသည့် ဘဝကိုသာကမ္ဘာက သိရှိကြတော့မည်။

အမှန်ဆိုမူ သစ္စာဖောက်များ ထုတ်ဖော်ပြသသောဘဝသည် ကျွန်ုပ်တို့၏ ဘဝအစစ်အမှန်မဟုတ်။ အထူးသဖြင့် ဟိန်းနရစ်ကလော်ဆင်၏ ဘဝအစစ်အမှန်မဟုတ်။

ကျွန်ုပ်တို့သည် ဝံပုလွေမှ မသေကြွင်း မသေကျန်များဖြစ်သည်။ ပျက်စီးသွားသည့် ကျွန်ုပ်တို့၏ နာမည်များကို ပြန်လည် အဖတ်ဆည်ရမည်။ ဖျက်ဆီးခြင်းခံလိုက်ရသော ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာများကို ပြန်လည်ဆည်တင်ရမည်။

ထို့ကြောင့် ဝံပုလွေမှ လက်ကျန်ပုဂ္ဂိုလ်များသည် ဟိန်းနရစ်ကလော်ဆင်၏သား ထမ်းဆောင်ရမည့် တာဝန်များ ပြီးပြည့်စုံစွာ ထမ်းဆောင်နိုင်ခြင်းမရှိမီကာလပတ်လုံး ဟိန်းနရစ်ကလော်ဆင်၏ သားကို ကာကွယ်စောင့်ရှောက်ပေးကြရမည်။

ဟိန်းနရစ်ကလော်ဆင်၏သားသည် ကျွန်ုပ်တို့၏ဂုဏ်သိက္ခာများကို ပြန်လည်အဖက်ဆည်ပေးမည့်သူဖြစ်သည်။ ကျွန်ုပ်တို့၏ အိပ်မက်များကို အကောင်အထည်ဖော်ပေးမည့်သူ ဖြစ်သည်။

ကျွန်ုပ်တို့၏နာမည်နှင့်ဂုဏ်သိက္ခာများကို ပြန်လည်အဖတ်ဆည်မပေးနိုင်ခဲ့သော်၊ ကျွန်ုပ်တို့၏အိပ်မက်များကို အကောင်အထည် ဖော်မပေးနိုင်ခဲ့သော် ဟိန်းနရစ်ကလော်ဆင်၏သားသည်လည်း အသက်ရှင်လျက်မရှိစေရ။ သူ၏ ဆွေစဉ်မျိုးဆက်များသည်လည်း အသက်ရှင်လျက်မရှိစေရ။ သူနှင့် ဆက်ဆံပေါင်းသင်းနေသော မိတ်ဆွေအသိအကျွမ်းများသည်လည်း အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



လျက်မရှိစေရ။

သည်လုပ်ငန်းတွင် မည်သူကမှ ဝင်ရောက်နှောင့်ယှက်ခြင်း စွက်ဖက်ခြင်း မပြုလုပ်ရ။

ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို ပြန်လည်ဆည်တင်ပေးပါလော့။

ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာများ ပြန်လည်ရရှိရေးသည် ကျွန်ုပ်တို့၏ ရပိုင့်ခွင့်တရားဖြစ်သည်။

ထိုရပိုင်ခွင့်တရားအတွက် ကျွန်ုပ်တို့တောင်းဆိုပါသည်။

စာဆုံးသွားသည်နှင့်တပြိုင်တည်း နိုဝယ်ဟိုးလ်ခရော့ဖ်တ်က ကုလားထိုင်ကို နောက်ဘက်သို့ ဝုန်းကနဲတွန်းထုတ်ပြီး ထိုင်ရာမှ ရုတ်တရက်ထရပ်သည်။

" ဘာတွေ အရူးထထားတာလဲဗျ "

" ကျုပ်မသိဘူးလေ။ ဒီအကြောင်းတွေ ကျုပ်တို့ ဘာမှမသိရပါဘူးလို့ မောင့်ကိုစောစောကတည်းက ပြောပြထားခဲ့ပြီးပြီ မဟုတ်လား "

မင်ဖရက်ဒီက တည်ငြိမ်သော လေသံဖြင့်ပြန်ပြောသည်။

" ကောင်းပြီ၊ မသိယင် အခုသိအောင်လုပ်တော့။ ဟောဒီမှာဖတ်ကြည့်၊ ဘယ်လိုလူရူပ်တွေလဲ။ ဘယ်လိုအရူးထကြတာလဲ "

နိုဝယ်က အသံကျယ်ကျယ်ဖြင့် အော်ပြောယင်း စာရွက်ကို ကမ်းပေးလိုက်သည်။

ဘဏ်ဒါရိုက်တာကြီးက စာကိုဖတ်ကြည့်နေသည်။ ဆုံးသွားတော့မှ မော့မကြည့်ဘဲ နူးညံ့သောလေသံနှင့် ပြန်ပြောသည်။

" ဘဝအတွက် မျှော်လင့်ချက်ကင်းမဲ့ပြီး ရူးနေတဲ့လူတွေပါပဲ "

" ဝံပုလွေဆိုတာ ဘာလဲ။ ဘာအဓိပ္ပာယ်လဲ "

" ဟစ်တလာရဲ့ ဦးစီးအရာရှိတွေထိုင်တဲ့ ရုံးချုပ်၊ ပရပ်ရှားပြည်နယ် အရှေ့ပိုင်းမှာရှိတယ်။ ဟစ်တလာကို လုပ်ကြံဖို့ ကြိုးစားခဲ့တာ အဲဒီဝံပုလွေပဲ။ လုပ်ကြံဖို့ကြိုးစားတဲ့ ဂျင်နရယ်တွေ အများကြီး ကွပ်မျက်ခံကြရတယ်။ ရွှမ်းမဲလ်ကတော့ သူ့ကိုယ်သူ ပြန်ပြီး အဆုံးစီရင်လိုက်တယ် "

မင်ဖရက်ဒီ၏ လက်ထဲမှစာရွက်ကို နိုဝယ်က ငေးစိုက်ကြည့်နေမိသည်။

" လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်တုန်းက အဲဒီလူတွေ ဒီစာကို ရေးခဲ့ကြတယ်လို့ ဆိုလိုတာလား "



www.burmeseclassic.com

www.burmeseclassic.com



မင်ဖရက်ဒီက ခေါင်းညိတ်ပြသည်။ သူ့မျက်လုံးများ ကျဉ်းသွားပြီး အံ့ဩသည့်အမူအရာပေါ်လာသည်။

“ ဟုတ်တယ်။ ဒါပေမယ့် ဒီစာကိုရေးခဲ့တဲ့ လူတွေဟာ ဒီအတိုင်း ရည်ရွယ်ချက်ရှိခဲ့ကြပုံ မပေါ်ပါဘူး။ ခြိမ်းခြောက်လိုတဲ့ စိတ်ဆန္ဒရှိကြပုံမပေါ်ပါဘူး။ ဒီစာကိုကြည့်ယင်တော့ ကျိုးကြောင်းဆက်စပ်ပုံမပေါ်ဘူးပေ့ါလေ။ ဒါပေမဲ့ သူတို့ဟာ အကျိုးသင့်အကြောင်းသင့် အင်မတန်လုပ်တတ်တဲ့ လူတွေပါ။ နောက်ပြီးတော့ အဲဒီအချိန်ကလဲ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ အချိန်ကာလကြီး၊ အကျိုးသင့် အကြောင်းသင့်ဆိုတာ ဘာမှမရှိတဲ့ အချိန်ကာလကြီး၊ သူတို့ဟာ အင်မတန်တည်ကြည်ကြတယ်။ စိတ်ကောင်း နှလုံးကောင်းရှိကြတယ်။ သတ္တိလဲ အလွန်ရှိကြတယ်။ ဒါပေမယ့် သူတို့အသက်ရှင်နေရတဲ့အချိန်ကာလနဲ့ ကျင်လည်နေရတဲ့ ပတ်ဝန်းကျင်ဟာ ကျုပ်တို့ မျှော်မှန်းကြည့်လို့ မရနိုင်အောင် ဆိုးရွားနေခဲ့တယ် ”

“ ဘယ်လို တည်ကြည်ပြီး စိတ်ကောင်း နှလုံးကောင်းရှိကြတာလဲ ” ဟု နိုဝယ်က ပြန်မေးသည်။

“ ဝံပုလွေမှာဖြစ်ခဲ့တဲ့ ပုန်ကန်မှုကြီးအကြောင်းကို မောင် စိတ်ကူးကြည့်ပါဦး။ ပုန်ကန်မှုကြီး ဖြစ်ပွားပြီးတဲ့နောက်မှာ သွေးချောင်းစီးလူသတ်ပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ တစ်ပြည်လုံးမှာဖြစ်ခဲ့တယ်။ ဂျာမနီ သိမ်းပိုက်ထားတဲ့ နယ်မြေတွေမှာဖြစ်ခဲ့တယ်။ ဒါပေမယ့် ဝံပုလွေမှာဖြစ်ခဲ့တဲ့ သွေးချောင်းစီး လူသတ်ပွဲကြီးဟာ အကြီးမားဆုံးပဲ။ လူရှူးတစ်ယောက်ကို ဒီကမ္ဘာမြေပြင်ပေါ်က ဖယ်ရှားပစ်ဖို့ ကြိုးစားယင်း နောက်ဆက်တွဲအဖြစ် ပေါ်ပေါက်လာခဲ့တဲ့ အစုလိုက် အပြုံလိုက် လူသတ်ပွဲတွေပဲ။ ဝံပုလွေသွေးချောင်းစီးပွဲကြီးထဲမှာ မပါဘဲ အသက်ရှင် ကျန်နေရစ်ခဲ့ကြသူတွေက ဒီအကြောင်းကို ကောင်းကောင်းသိမြင်ကြတယ် ”

“ မသေဘဲ ကျန်နေရစ်ခဲ့တဲ့ အဲဒီလူတွေက လူရှူးခေါင်းဆောင်ရာနောက်ကို နှစ်ပေါင်းများစွာကြာအောင် လိုက်နေကြတဲ့လူတွေပဲ ”

“ မောင် သဘောပေါက်နားလည်ဖို့လိုပါတယ်။ သဘောလဲပေါက်လာပါလိမ့်မယ်။ သူတို့ဟာ အထိတ်တလန့်ဖြစ်နေရတဲ့လူတွေပါ။ ထောင်ချောက်ထဲ အသွင်းခံထားရတဲ့ လူတွေပါ။ လူဟောင်းတွေကို ဖယ်ရှားပြီး လူသစ်တွေနဲ့ အစားထိုးခံလိုက်ရတဲ့သဘောပါ။ သူတို့စိတ်ကူးနဲ့ဖြစ်စေချင်တဲ့ ကမ္ဘာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးနိုင်အောင် သူတို့က ကူညီကြပါတယ်။ ဒါပေမယ့် နောက်ဆုံးဖြစ်လာတဲ့ ကမ္ဘာကြီးရဲ့ ပုံပန်းသဏ္ဌာန်မျိုးမဟုတ်တာကို တွေ့မြင်ကြရတဲ့ လူတွေပါ။ သူတို့ဘယ်တုန်းကမှ စိတ်မကူးဖူးတဲ့အဖြစ်ဆိုးတွေ ပေါ်ပေါက်လာတယ်။ လူသတ်ပွဲကြီးတွေ ပေါ်ပေါကလာတယ်။ သူတို့မှာ ခေါင်းမရှောင်သာတော့ဘူး။ ဒါတွေနဲ့ ပတ်သက်ပြီး သူတို့မှာ တာဝန်မရှိပါဘူးလို့လဲ မငြင်းသာတော့ဘူး။ အဖြစ်ဆိုးကြီးတွေကို မြင်လိုက်ရတော့ သူတို့အားလုံး အံ့သြသွားကြတယ်။ ဒါပေမယ့် ဒီအဖြစ်ဆိုးကြီး မပေါ်ပေါက်ပါစေနဲ့လို့လဲ တားနိုင်တဲ့ အခြေအနေမျိုး မဟုတ်တော့ဘူး။ သူတို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့လဲ ငြင်းဆန်နိုင်တဲ့ အခြေအနေမျိုး မဟုတ်တော့ဘူး ”

“ နာဇီတွေက နဂိုကတည်းက ဒါမျိုးလုပ်ဖို့ ရည်စူးထားကြပြီးသားပါ။ ဒါတွေအားလုံး ကျွန်တော်ကြားဖူးပြီးပါပြီ ”

“ အဲဒီတုန်းက အမှန်တကယ် ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ သမိုင်းအဖြစ်အပျက်တွေကို ပြန်သုံးသပ်ကြည့်မှ အမှန်ကိုမြင်မှာပေါ့ ”

“ ဒီစာကို ဖတ်ကြည့်ယင်ပဲ သူတို့အကြောင်းတွေ တစိတ်တဒေသ ဖော်ပြနေပြီဆိုတာ သိနိုင်တာပဲ။ သူတို့ရဲ့ မုန်တိုင်းတပ်ဖွဲ့တွေဟာ အပြစ်မဲ့တဲ့ နိုင်ငံတွေကို လျှပ်တပြက်ထိုးဖောက် တိုက်ခိုက်ခဲ့ကြတယ် မဟုတ်လား။ မဆိုင်တဲ့ နိုင်ငံတွေကို ကျူးကျော်ခဲ့ကြတယ် မဟုတ်လား။ အပြစ်မဲ့တဲ့ မိန်မတွေ၊ ကလေးတွေ၊ အဘိုးအို၊ အမယ်အိုတွေကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြတယ် မဟုတလား။ လူသတ်သမားတွေ . . သွေးဆာနေတဲ့လူတွေ . . တမင်ရည်စူးပြီး လူသတ်ခဲ့ကြတဲ့လူတွေ . . ”

“ ဒီစာရွက်ထဲမှာ ရေးထားတဲ့စကားလုံးတွေဟာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့နေကြတဲ့ လူတွေရဲ့ စကားလုံးတွေပါ။ တုန်လှုပ်ချောက်ချားနေကြတဲ့ လူတွေရဲ့ စကားလုံးတွေပါ။ သူတို့ဖြစ်စေချင်တဲ့ဘဝကို ဒီလိုနည်းနဲ့သာ ဖော်ပြရမယ့် အခြေအနေမျိုးကို ကြုံတွေနေကြရတဲ့လူတွေပါ။ သူတို့အားလုံး လူ့လောကကြီးမှာ မရှိကြတော့ပါဘူး။ ဒါကြောင့် တမလွန်ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းပဲ နေကြပါစေတော့။ မောင့်အဖေရဲ့စာကို ဖတ်ကြည့်ပါဦး”

“ သူဟာ ကျွန်တော့်အဖေ မဟုတ်ဘူး ”

“ ဟိန်းနရစ်ကလော်ဆင်ရဲ့စာကို ဖတ်ကြည့်ပါဦး။ အကျိုးအကြောင်းတွေ ပိုရှင်းလာပါလိမ့်မယ်။ ဖတ်ကြည့်ပါ။ ကျုပ်တို့ ဆွေးနွေးစရာတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျန်သေးတယ်။ အချိန်က ဒါလောက်ရှိတာ မဟုတ်ဘူး ”

❖

အညိုရောင် ကွမ်းရိုးစင်းကုတ်အင်္ကျီရှည်ဝတ်ပြီး ဦးထုပ်ဆောင်းထားသော ယောကျ်ားတစ်ယောက်သည် တွဲနံပါတ် ၇နှင့် မလှမ်းမကမ်းရှိ တိုင်ကို မှီရပ်နေသည်။

အမှတ်တမဲ့ကြည့်မည်ဆိုလျှင် မည်သို့မှမထူးခြားပါ။

သူ့ကိုယ်ပေါ်တွင် မျက်ခုံးတစ်ခုသာ ထူးခြားသည်ဟု ပြောစရာရှိပါသည်။ မျက်ခုံးအစုံက သိသိသာသာကြီး ထူထဲသည်။ မျက်ခုံးမွှေးများက အဖြူရောအမည်းပါ ရောထွေးနေသည်။ ထိုမျက်နှာကိုမြင်ရမည်ဆိုလျှင် ထိုမျက်ခုံးမွှေးများကို မည်သည့်နည်းနှင့်မှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။

အနားကပ်ပြီး ကြည့်မည်ဆိုလျှင် ဆုံးဖြတ်ချက်ခိုင်မာသော လူတစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိပေလိမ့်မည်။ တစ်စုံတစ်ရာကိုလည်း အခိုင်အမာဆုံးဖြတ်ထားကြောင်း သိသာပေလိမ့်မည်။

ဘူတာရုံထဲမှ လေခပ်ကြမ်းကြမ်းတိုက်နေသော်လည်း မျက်တောင်တစ်ချက်မခတ်ပဲ တွဲနံပါတ် ၇ ကိုသာ စူးစိုက်ကြည့်နေသည်။

အမေရိကန်လူမျိုးသည် မကြာမီအချိန်အတွင်း တွဲနံပါတ် ၇ ပေါ်မှ ဆင်းလာပေတော့မည်ဟု တိုင်မှီရပ်နေသူက စဉ်းစားနေသည်။ လွန်ခဲ့သည့် မိနစ်ပိုင်းကလေးအတွင်းမှာပင် ထိုအမေရိကန်၏ဘဝသည် လုံးလုံးကြီးပြောင်းလဲသွားပြီဖြစ်ကြောင်းကိုလည်း ထိုသူကသိနေသည်။ အမေရိကန်လူမျိုး ဘယ်ဟုန်းကမှ မကျင်လည်ခဲ့ဖူးသည့် ဘဝသစ်တစ်ခု၊ ပတ်ဝန်းကျင်သစ်တစ်ခုထဲသို့ ရောက်သွားခြင်းဖြစ်သည်ဟုလည်း စိတ်ထဲမှ ကျိတ်၍မှတ်ချက်ချနေသည်။

ဘဝက ယခုမှအစသာရှိသေးသည်။ သူလျှောက်ရမည့်ခရီးကို ယခုမှ စတင်လျှောက်လှမ်းခြင်းဖြစ်သည်။

ထို့ကြောင့်လည်း အမေရိကန်လူမျိုး၏ လှုပ်ရှားမှု မှန်သမျှကို စောင့်ကြည့်ရပေတော့မည်။ ထိုတာဝန်သည် အရေးအကြီးတကာ့အကြီးဆုံး တာဝန်ဖြစ်ကြောင်း တိုင်မှီရင်နေသူက တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးပြု၍ နားဆင်ပါရှင် . . . လော်ဆန်နီမြို့ကလာတဲ့ရထား ဟာ . . . "

လော်ဆန်နီမြို့မှ လာသောရထား ထိုးဆိုက်လာသည်။ ချက်ချင်းဆို သလိုပင် ပလက်ဖေါင်းပေါ်မှာလူများ ပြည့်ကျပ်သွားသည်။ အနားယူသည့် ရာသီဖြစ်နေသောကြောင့် ခရီးသွားတွေ များပြားလွန်းလှသည်။

ဇူးရစ်မြို့သို့ထွက်ခွာတော့မည်။ ရထားတွဲနံပါတ် ၇ပေါ်မှ အမေရိကန် လူမျိုး ဆင်းလာသည်။ သို့သော်လည်း အထမ်းသမားတစ်ယောက်က ဖြတ် လျှောက်သွားသောကြောင့် ရုတ်တရက် သူမဆင်းနိုင်သေး။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်၏ မျက်နှာအမူအရာက တည်တည်ကြည်ကြည် ရှိနေသည်။ တစ်စုံတစ်ရာကြောင့် စိတ်အနှောက်အယှက်ဖြစ်ရသည့်ပုံမျိုး မ ဟုတ်။ မနီလာစာအိတ် ထူထူကြီးတစ်လုံးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ပြီး လူအုပ်ကြားထဲသို့ တိုးဝင်သွားသည်။

သူ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော မနီလာ စာအိတ်သည် သူတို့ဘဝတွင် အလွန်အရေးကြီးသည့် စာရွက်စာတမ်း အထောက်အထားများဖြစ်သည်။ ထိုစာရွက်စာတမ်းများနှင့်ပတ်သက်မိပြီဆို လျှင် သူ့ဘဝသည် မည်သည့်နည်းနှင့်မှ အေးအေးချမ်းချမ်း နေနိုင်တော့မည် မဟုတ်ပေ။ ဘေးအန္တရာယ်ပေါင်းစုံတို့နှင့် မပြတ်ကြုံတွေ့နေရတော့မည်သာ ဖြစ်လေသည်။

တိုင်မှီရပ်နေသူက ထိုအဖြစ်ကို နိုဝယ်ထက် အချိန်စောစီးစွာ ကြုံတွေ့ ခဲ့ရသည်။ ထိုပြဿနာခွင်ကြီးထဲသို့ နိုဝယ်ထက် အချိန်စောစီးစွာ ဝင်ရောက် ခဲ့ရသည်။

ယခုသူတို့လုပ်ငန်း စကြရတော့မည်။ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ် ကျော်ကတည်းက စောင့်ဆိုင်းခဲ့ကြရသော လုပ်ငန်းကြီး စကြရတော့မည်။

ထို့ကြောင့် သူတို့လျှောက်လှမ်းမည့် ခရီးလမ်းသည် ယခု အစပျိုး လေပြီ။

နိုဝယ်သည် ထွက်ပေါက်ဆီသို့သာ အာရုံစိုက်ပြီး လူများကြားမှတိုး သွားနေသည်။ ပတ်ဝန်းကျင်ကို နည်းနည်းကလေးမှ အမှုမထား။ ဝဲယာဘေး ဘက်များသို့လည်း လှည့်မကြည့်။

တိုင်မှီရပ်နေသောလူက ချက်ချင်းသတိထားမိသည်။ နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခဲ့ပြီး အတွေ့အကြုံ ရင့်ကျက်နေသူဖြစ်သောကြောင့် မမျှော်လင့်သည့် နေရာမျိုးမှ မမျှော်လင့်သည့် အဖြစ်အပျက်မျိုး ပေါ်ပေါက်လာနိုင်ကြောင်းကို သူကောင်းစွာ သိနားလည်ထားပြီး ဖြစ်သည်။

လူနှစ်ယောက်ကို မြင်တွေ့လိုက်ရသည်။

သူတို့၏ မျက်နှာအမူအရာသည် ပတ်ဝန်းကျင်မှာ ရှိနေသောလူများ၏ မျက်နှာအမူအရာမျိုးမဟုတ်။ ပြုံးပြုံးရွှင်ရွှင်မရှိ။ တစ်စုံတစ်ရာကို အာရုံစိုက်နေကြသည့်မျက်နှာမျိုး ဖြစ်သည်။

သူတို့လည်း လူအုပ်ထဲသို့ တိုးနေသည်။ တစ်ယောက်ကရှေ့မှဖြစ်ပြီး တစ်ယောက်က နောက်မှဖြစ်သည်။ သူတို့နှစ်ယောက်စလုံး၏ မျက်လုံးများသည် နိုဝယ်ကို စူးစိုက်ကြည့်နေကြသည်။ ရှေ့မှလူက လက်တစ်ဘက်ကို အိတ်ထဲနှိုက်ထားသည်။ နောက်မှလူက လက်တစ်ဘက်ကို အင်္ကျီရင်ဘတ်အောက်ထဲသို့ ထိုးသွင်းထားသည်။

သူတို့နှစ်ယောက်စလုံး လက်နက်ကို ဂုက်ကိုင်ထားကြခြင်းဖြစ်သည်။ တိုင်မီရပ်နေသူက ထိုအချက်ကို ချက်ချင်းရိပ်မိလိုက်လေသည်။

ထိုသူနှစ်ယောက်နောက်သို့ သူချက်ချင်းလိုက်သွားသည်။ ကျပ်ကျပ်ခဲနေသော လူများကို ပခုံးစွန်းဖြင့် ခပ်ကြမ်းကြမ်းတိုက်ဝင်သွားသည်။ သူအဖို့ အချိန်မဖြုန်းနိုင်တော့ပါ။ တစ်စက္ကန့်ကလေးပင် မဖြုန်းနိုင်တော့ပါ။

လူနှစ်ယောက်သည် နိုဝယ်ဟိုးလ်ခရော့ဖ်တ်နောက်သို့ လိုက်နေကြခြင်းဖြစ်သည်။ နိုဝယ်၏ လက်ထဲမှ စာအိတ်နောက်သို့ လိုက်နေကြခြင်းဖြစ်သည်။

သည်အတိုင်းဆိုလျှင်တော့ စာအိတ်နှင့် ပတ်သက်သော သတင်း ပေါက်ကြားသွားပြီဟု တိုင်မီရပ်ခဲ့သူက စဉ်းစားကြည့်မိသည်။

မနီလာစာအိတ်ထဲမှာ ရှိနေသော စာရွက်စာတမ်း အထောက်အထားများသည် အဖိုးဖြတ်မရအောင် တန်ဖိုးကြီးပါသည်။

ထို့ပြင်မကသေး၊ ထိုသူနှစ်ယောက်သည် နိုဝယ်ကို သတ်ပစ်ကြမည် ဖြစ်သည်။ နိုဝယ်ကို မည်သည့်နည်းနှင့်မှ အသက်မခံနိုင်ပါ။ နိုဝယ်ကို သတ်ပစ်လိုက်မည်ဆိုလျှင် နိုဝယ်၏အဖေ ရည်မှန်းထားခဲ့သော ကြီးမားသည့် အဖြစ်အပျက်ကြီး မည်သည့်နည်းနှင့်မှ ပေါ်ပေါက်လာနိုင်တော့မည် မဟုတ်ပါ။

တနည်းဆိုရသော် ဟိန်းနရစ်ကလော်ဆင်၏ သားသည် အဖေ၏



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို အကောင်အထည်ဖော်ပေးနိုင်တော့မည် မဟုတ်ပါ။

ထိုသူနှစ်ယောက်သည် နိုဝယ်နှင့် သုံးလေးကိုက်သာ ကွာတော့သည်။

မျက်ခုံးမွေး အဖြူတဝက် အမည်းတဝက် ထူထူထဲထဲရှိနေသောသူသည် လူအုပ်ကြီးကို ဖိထိုးလိုက်သည်။

ကုတ်အင်္ကျီ ရင်ဘတ်အောက်သို့ လက်နှိုက်ထားသူကို မီလာသည်။ မျက်ခုံးမွေးထူထူနှင့် လူကအိတ်ထဲသို့ လက်တစ်ဘက်ပြန်နှိုက်လိုက်ပြီး သူ့သေနတ်ကို အဆင်သင့်ပြင်သည်။ ပြီးတော့ ရှေ့မှလူကို အော်ဟစ်ခြိမ်းခြောက်လိုက်သည်။

“ ဟိန်းနရစ်ကလော်ဆင်ရဲ့သားနောက်ကို မင်းတို့လိုက်နေကြတာ မဟုတ်လား။ စာရွက်စာတမ်းတွေကို လုဖို့လိုက်နေကြတာ မဟုတ်လား ”

ရှေ့မှ လူသတ်သမားက နောက်ပြန်လှည့်လိုက်သည်။ သို့သော် သူအများကြီး နောက်ကျသွားပါပြီ။

မျက်ခုံးမွေးထူထူနှင့်လူ၏ လက်ထဲမှ အသံတိတ်ကိရိယာတပ်ထားသော သေနတ်ကျည်ဆန်က အင်္ကျီအိတ်ကို ဖောက်ထွက်ပြီး ထိုသူ၏ ကိုယ်လုံးထဲသို့ တန်းဝင်သွားသည်။ သူ့မျက်နှာပေါ်တွင် ထိတ်လန့်ကြောက်ရွံ့သည့် အမူအရာကလေးတစ်ခုသာ ပေါ်သွားပြီး အသံပင်မပြုနိုင်တော့ဘဲ လဲကျသွားသည်။

နိုဝယ်နှင့် လက်တကမ်းအကွာသို့ ရောက်နေပြီဖြစ်သော ရှေ့မှ လူသတ်သမားက ရုတ်တရက် နောက်သို့ လှည့်ကြည့်သည်။ ဘာဖြစ်သည်ကို သူလည်း ချက်ချင်းရိပ်မိသွားသည်။ အိတ်ထဲမှ လက်ကိုထုတ်လိုက်သည်။ အမဲလိုက် ဓါးမြှောင်ပါလာသည်။

မျက်ခုံးမွေးထူထူနှင့် လူက ထိုလက်ကို ဖမ်းကိုင်လိုက်သည်။ ပြောင်းပြန် လိမ်ချိုးသည်။

ဓါးမြှောင်ကိုင် လူသတ်သမားသည် အလုပ်သင်အဆင့်လောက်သာ ရှိသေးကြောင်း မျက်ခုံးမွေးထူထူနှင့် လူကသိသွားသည်။

သူ့ဓါးကို သူ့ကိုယ်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီး ပေါ်လာသည်။

နိုဝယ်ကတော့ နောက်ပိုင်းတွင် ဘာဖြစ်နေသည်ကို မသိဘဲ ထွက်ပေါက်ဆီသို့သာ ဦးတည်ပြီး စိုက်စိုက်စိုက်စိုက်နှင့် သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ရုန်းရင်းဆန်ခတ်ဖြစ်ကုန်သည်။ ကြောက်လန့်တကြား အော်သူကအော်သည်။ ခြေဦးတည့်ရာ ပြေးသူကပြေးသည်။

မျက်ခုံးမွေးထူထူနှင့်လူက လှေကားပေါ်သို့ ခပ်သုတ်သုတ်ပြေးတက်သွားသည်။ သူ အသက်ကယ်လိုက်သော နိုဝယ်ကို ကျော်ပြီး အပြင်သို့ ထွက်သွားနှင့်သည်။

\+ \+ \+

နောက်ပိုင်းမှ အော်သံနှင့် ရုတ်ရုတ်သဲသဲဖြစ်သံများကို နိုဝယ်ကြား သည်။ ထို့ကြောင့် နောက်သို့ လှည့်ကြည့်သည်။ သို့သော်လည်း လူတွေ အုံနေသောကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပါ။

နောက်ထပ် လှေကားသုံးလေးထစ်တက်လိုက်သည်။ သည်တော့မှပင် သွေးအိုင်ထဲတွင် လူနှစ်ယောက် လဲနေသည်ကို လှမ်းမြင်ရသည်။

ထိုအချိန်မှာပင် လူတစ်ယောက်က သူ့ကို ပခုံးစွန်းနှင့်ခပ်ကြမ်းကြမ်း တွန်းတိုက်ပြီး လူအုပ်နှင့်ဝေးရာသို့ မပြေးရုံတမည် ထွက်သွားသည်။

နိုဝယ်က ထိုသူကိုလှည့်ကြည့်သည်။ မျက်ခုံးမွေးထူထူနှင့် လူတစ်ယောက်ဖြစ်နေကြောင်းကိုသာ သိလိုက်ရသည်။ ထိုသူ၏ မျက်နှာပေါ်တွင် ထိတ်လန့်သည့်အမူအရာကိုလည်း တွေ့လိုက်ရသည်ဟု နိုဝယ်ထင်သည်။

ထို့ကြောင့် လက်ထဲမှ မနီလာစာအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ဘူတာအပြင်ဘက်သို့ ကတိုက်ကရိုက် ထွက်လာခဲ့မိလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

ကြီးမားလှသော ဂျက်လေယာဉ်ပျံကြီးက နယူးယောက်မြို့သို့ ဦးတည်ပျံသန်းနေသည်။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် လေယာဉ်ပျံ ပျံသန်းလာသည့် တစ်ချိန်လုံးလိုလို အပေါ်ထပ်မှာသာ ထိုင်လိုက်လာခဲ့သည်။

ထောင့်တစ်ထောင့်မှ ထိုင်ခုံကို ရွေးထိုင်သည်။ လက်ကိုင်အိတ်ကို နံရံနားမှာ ချထားသည်။ ခေါင်းပေါ်မှ မီးလုံးကလေးကိုဖွင့်ပြီး စာရွက်များကို ဖတ်သည်။ သို့မှသာ သူ ဘာစာဖတ်နေကြောင်း ဘေးလူက ရုတ်တရက်မမြင်တွေ့နိုင်ပဲ ရှိမည်။

ဟိန်းနရစ်ကလော်ဆင်၏ စာနှင့်အထောက်အထားစာရွက်စာတမ်းများကိုဖတ်သည်။ ထိုစာများကို ဖတ်ယင်း သူသဘောပေါက်နားလည်လာသည်။

သူခိုးနှင့် လူသတ်သမားများ ခေါင်းဆောင်သော အစိုးရအဖွဲ့ပိုင်သည့် ဘဏ္ဍာငွေများကို သူခိုးနှင့်လူသတ်သမားများက ခိုးယူကြသည်။ ပြီးတော့ ဆွစ်ဇာလန်ဘဏ်တိုက်မှာ ထည့်ထားသည်။

ထိုငွေများ၏ အဖြစ်မှန်ပေါ်ပေါက်သွားမည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တင်သွင်းတရားစွဲဆိုခြင်းခံရနိုင်ဖွယ်ရာ အကြောင်းရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးနှင့် လူသတ်သမားများ ခိုးယူသည့်ငွေများသည် အစိုးရဘဏ္ဍာငွေများချည်းမဟုတ်။ ပုဂ္ဂလိကပိုင် ငွေများလည်း ပါဝင်သည်။ ထို့ကြောင့် ပုဂ္ဂလိကများက အဖြစ်မှန်ကိုသိသွားပါက သူတို့ငွေများ ပြန်လည်ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တင်သွင်း တရားစွဲဆိုကြမည် ဖြစ်သည်။

ထိုသို့ တရားတဘောင်ဖြစ်ပြီဆိုလျှင် နှစ်ပေါင်းများစွာ ဇာတ်မျောသွားတော့မည်ကိုလည်း နိုဝယ်က ရိပ်စားမိသည်။

" ဒီစာကိုဖတ်ပြီးယင် ဖျက်ဆီးပစ်လိုက်ပါ။ ဘာကြောင့် ဒါတွေကို သူလုပ်ခဲ့ရသလဲဆိုတာ မောင် သဘောပေါက်နားလည်သွားယင်ပြီးတာပါပဲ။ မောင် လုပ်ရမယ့် နည်းလမ်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ရမှာပဲ။ သူခိုးတွေက သူတို့ တစ်အုပ်စုထဲရှိတာ မဟုတ်ဘူး။ တခြားသူခိုးတွေက ဒီအကြောင်းကိုသိသွားယင် မောင် ဘာမှဆက်မလုပ်နိုင်အောင် တားကြတော့မယ်။ နောက်ထပ် တခြားသူခိုးတွေကလဲ ဒီပြဿနာထဲကို ဝင်လာကြမယ်။ ငွေတွေက သိပ်များနေတယ်မဟုတ်လား။ သန်းရာပေါင်းများစွာ ရှိနေတယ် မဟုတ်လား " ဟု ဂျီနီဗာတုန်းက ဘဏ်ဒါရိုက်တာကြီး မင်ဖရက်ဒီက နိုဝယ်ကို ပြောခဲ့သည်။

နိုဝယ်က စာကိုဖွင့်ဖတ်ပြန်သည်။ ၁၂ ကြိမ်မြောက်ဖတ်ခြင်းလည်း ဖြစ်သည်။

ထိုသို့ စာကိုဖွင့်ဖတ်တိုင်း ဟိန်းနရစ်ကလော်ဆင်သည် မည်သည့်ရုပ်မျိုး၊ မည်သည့်ပုံသဏ္ဍာန်မျိုးရှိမည်နည်းဟု စိတ်ကူးနှင့် မှန်းကြည့်မိသည်ချည်းပင်။ ဟိန်းနရစ်ကလော်ဆင်သည် သူ့အဖေအရင်းဖြစ်သောကြောင့် မည်သည့်ပုံမျိုးရှိမည်ကို သိချင်လှသည်။

သို့သော်လည်း နည်းနည်းကလေးမှ ပုံဖော်၍မရချေ။

ဟိန်းနရစ်ကလော်ဆင်၏ ဓါတ်ပုံများအားလုံး၊ စာရွက်စာတမ်းများအားလုံး၊ ပတ်သက်စပ်ဆိုင်သည့် ပစ္စည်းများအားလုံးကို သူ့အမေက ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

သူ့အမေ အသက်ရှင်နေသမျှ ကာလပတ်လုံး ဟိန်နရစ်ကလော်ဆင်ကို စက်ဆုပ်မုန်းတီးနေတော့မည်ဖြစ်ရာ သူနှင့်ပတ်သက်သမျှအားလုံး မထား



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ လက်စတုံးဖျောက်ဖျက်ခဲ့ခြင်းဖြစ်လေသည်။

ဘာလင်၊ ၂၀၊ ဧပြီ၊ ၁၉၄၅။

သား၊

ရှေ့တန်းစစ်မြေပြင်အားလုံးမှာ တတိယဂျာမနီနိုင်ငံတော်ကြီးရဲ့ လက်နက်ကိုင်တပ်တွေ အားလုံး ဖရိုဖရဲနဲ့ ပြိုကွဲပြီး အရေးနိမ့်နေတဲ့ အချိန်မှာ ဒီစာကို အဖေရေးနေတာ ဖြစ်ပါတယ်။

အလောင်းတောင်လိုပုံပြီး မီးဟုန်းဟုန်းတောက်နေတဲ့ဘာလင်မြို့ကြီး ဟာလဲ မကြာခင် ရန်သူ့လက်ကိုကျတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် အဖေ့အနေနဲ့ နည်းနည်းကလေးမှ အချိန်ဖြုန်းလို့ မရတော့ပါဘူး။ အကောင်းတွေပဲဖြစ်လာလာ အဆိုးတွေပဲဖြစ်လာလာ ကိုယ်လုပ်စရာရှိတာကို လုပ်ရတော့မှာ ဖြစ်ပါတယ်။

စိတ်ဓါတ်ပျက်ပြားပြီး အကျင့်ပျက်ချင်တိုင်း ပျက်နေတဲ့ ခေါင်းဆောင်တွေရဲ့ သစ္စာဖောက်မှုကို ခံခဲ့ရတဲ့ အဖေတို့တတွေဟာ တတ်နိုင်တဲ့နည်းနဲ့ အကောင်းတွေ လုပ်ကြဖို့ပဲ ရှိပါတော့တယ်။

သစ္စာအဖောက်ခံရတဲ့ အဖေတို့တတွေမှာ ဂုဏ်သိက္ခာ ဆိုတာ ရှိနေသေးတဲ့အကြောင်းကို သားလဲသဘောပေါက်လာပါလိမ့်မယ်။ သဘောပေါက် လာပါစေလို့လဲ အဖေဆုတောင်းမိပါတယ်။

ပျက်စီး ယိုယွင်းသွားပြီဖြစ်တဲ့ ဂုဏ်သိက္ခာတွေကို ပြန်လည်ပြင်ဆင် အဖတ်ဆည်ဖို့ လိုအပ်ပါတယ်။

အဖေတို့ လုပ်ဆောင်ခဲ့ကြတဲ့ အမှားတွေနဲ့ ပတ်သက်ပြီး ကမ္ဘာသူ ကမ္ဘာသားတွေက ဘယ်တော့မှ မေ့နိုင်ကြတော့မှာမဟုတ်ဘူးဆိုတာ ကိုရော၊ ဘယ်တော့မှ ခွင့်လွှတ်ကြတော့မှာ မဟုတ်ဘူးဆိုတာကိုပါ အဖေတို့ သဘော ပေါက်နားလည်ကြပါတယ်။ အထူးသဖြင့် အဖေနဲ့ အင်မတန်ရင်းနှီးတဲ့မိတ်ဆွေနှစ်ယောက်နဲ့အဖေဟာ ဒီအကြောင်းကို သဘောပေါက်ပြီး အဖေတို့ အပေါ်မှာ တစိတ်တပိုင်းကလေးပဲဖြစ်ဖြစ် ကမ္ဘာသူ ကမ္ဘာသားတွေက ခွင့်လွှတ် ကြပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ အဖေတို့ လုပ်သင့်လုပ်ထိုက်ရာကို လုပ်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ငါးနှစ်လောက်က သားရဲ့အမေက ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ပါတယ်။ ဒါပေမယ့် အဖေဟာ လုံးလုံးသဘောပေါက်နားလည်ခြင်း မရှိခဲ့ဘူး။

ဘာကြောင့်လဲဆိုတော့ အဖေတို့ဟာ နာဇီပါတီနဲ့ ကိုယ့်ခေါင်းဆောင်တွေအပေါ်မှာ မျက်စိမှိတ် ယုံကြည်ပြီး အနက်ရှိုင်းဆုံး သစ္စာတရား ထားခဲ့ကြ လို့ပဲဖြစ်ပါတယ်။

သားရဲ့အမေပြောခဲ့တဲ့ စကားတွေဟာ အဖေတို့ရဲ့ အဖဂျာမနီနိုင်ငံတော်ကြီးအပေါ် မလိုသူတွေ သွေးထိုးပေးရာက ပေါ်ပေါက်လာခဲ့တဲ့စကားတွေ ဖြစ်တယ်လို့ပဲ အဖေတို့ ယုံကြည်သဘောထားခဲ့ကြတယ်။

ဒါပေမယ့် သားရဲ့အမေပြောခဲ့တဲ့ စကားတွေဟာ အမှန်တွေဖြစ်ကြောင်း လွန်ခဲ့တဲ့နှစ်နှစ်၊ ၁၉၄၃-နှစ်က အဖေတို့ ကိုယ်တိုင်သဘောပေါက်နားလည်ခဲ့ကြရတော့တယ်။

ဂျာမနီနိုင်ငံတော်ကြီး တောင့်တင်းခိုင်မာဖို့၊ ဆင်နွှဲနေတဲ့စစ်အောင်နိုင်ဖို့အတွက် အဖေတို့ မအိပ်မနေရှာဖွေပေးထားတဲ့ ရန်ပုံငွေတွေဟာ အလွဲသုံးစားအပြုခံနေရပြီဆိုတဲ့ အကြောင်းကိုရော၊အဖေတို့ချမှတ်ထားတဲ့ စီးပွားရေး ပေါ်လစီတွေပါ မတရားအလုပ်ခံနေရပြီဆိုတာရော အဖေတို့ကိုယ်တိုင် မြင်တွေ့လာရပါတော့တယ်။

ဂျာမနီနိုင်ငံတော်ကြီး နှစ်နှစ်အတွင်းမှာ ပျက်စီးပြိုကွဲသွားတော့မယ်ဆိုတာကိုလဲ အဖေတို့ တပ်အပ်သေချာ သိကြပါပြီ။ ဒါပေမယ့် မသိချင်ယောင်ဆောင်နေခဲ့ကြတယ်။ အဖေတို့လိုပဲ တခြားလူတွေကလဲ သိနေကြပြီ။

တခြားလူတွေ သိလာတဲ့အခါမှာ သူတို့ဟာ ထင်ရာတွေကိုလျှောက်လုပ်ကြတယ်။ မဆင်မခြင်ရမ်းကားလာကြတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ အကြမ်းဖက်မှုကြီးတွေ ပေါ်ပေါက်လာတယ်။ မင်းသားခေါင်းစွပ်ထားတဲ့ သူတို့ရဲ့ ဘီလူးရုပ်ဟာလဲ ဘွားဘွားပေါ်လာတော့တယ်။

လွန်ခဲ့တဲ့ နှစ်ဆယ်ငါးလကစပြီး အဖေဟာ အစီအစဉ်တစ်ခု ရေးဆွဲခဲ့တယ်။ ဘဏ္ဍာရေးဌာနမှာရှိနေတဲ့ အဖေ့မိတ်ဆွေတွေကလဲ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစီအစဉ် အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းကူညီကြပါတယ်။ ဒီလိုကူညီတယ်ဆိုရာမှာလဲ ယုံယုံကြည်ကြည်နဲ့ စိတ်ရောကိုယ်ပါ ကူညီကြတာ ဖြစ်ပါတယ်။

အဖေရဲ့အစီအစဉ်ကတော့ ဂျာမနီနိုင်ငံတော်ကြီးရဲ့ ဘဏ္ဍာငွေထဲက ရနိုင်သမျှငွေတွေ ကဲ့ထုတ်ပြီး ကြားနေနိုင်ငံဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံ ဘဏ်တိုက်ထဲမှာ ထည့်ထားဖို့ပဲ ဖြစ်ပါတယ်။

တစ်နေ့သောအခါကျယင် ဒီငွေတွေကို အကျိုးရှိရှိအသုံးပြုဖို့ပါပဲ။ ရမ်းကားတဲ့ အဖေတို့ခေါင်းဆောင်တွေကြောင့် အပြစ်မဲ့တဲ့ လူသားတွေ သိန်းနဲ့သန်းနဲ့ချီပြီး သေဆုံးခဲ့ကြရပြီ။ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ သန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရပြီ။

ဂျာမနီနိုင်ငံတော်ကြီးရဲ့ ဂုဏ်သိက္ခာအစစ်အမှန်ကို မသိနားမလည်ပဲ အမိဂျာမနီနိုင်ငံတော်ရဲ့ အမည်ကိုသုံးပြီး အပြစ်မဲ့လူသားတွေကို သတ်ဖြတ်ပစ်ခဲ့ကြပြီ။ နှိပ်စက်ညှဉ်းပန်းခဲ့ကြပြီ။

အဲဒီလို အနှိပ်စက်ခံ လူသားတွေ၊ အသတ်ခံသွားရသူတွေရဲ့ ကျန်ရစ်တဲ့ မျိုးဆက်လူသားတွေအတွက် အဖေတို့ ခိုးယူထားတဲ့ ငွေတွေကို အကျိုးရှိရှိအသုံးချသွားဖို့ အဖေတို့ အဓိကရည်ရွယ်ရင်း ဖြစ်ပါတယ်။

သုံ့ပန်းစခန်းတွေဟာ လူသတ်စခန်းတွေ ဖြစ်သွားကြောင်း၊ ငရဲခန်းတွေ ဖြစ်သွားကြောင်း အဖေတို့သိရှိကြရပါပြီ။ အပြစ်မဲ့တဲ့ လူသားသန်းပေါင်းများစွာဟာ အရှင်လတ်လတ်လောကငရဲကို ခံစားသွားကြရကြောင်း အဖေတို့ ကောင်းကောင်း သိကြရပါပြီ။

ဒါပေမယ့် အဖေတို့ ဘာတတ်နိုင်မှာလဲ။ လောကငရဲခံနေကြရတဲ့ လူသားတွေကို အဖေတို့ဘယ်လိုလုပ်ပြီး ကယ်တင်နိုင်မှာလဲ။

ဒါကြောင့် အဖေတို့ အစီအစဉ်တစ်ခု ရေးဆွဲကြရတာဖြစ်ပါတယ်။

ဒါက ဘာလဲဆိုတော့ မှားယွင်းသွားတာတွေကို ပြန်လည်ပြင်ဆင်ဖို့ပါပဲ။

သေဆုံးသွားကြပြီဖြစ်တဲ့ လူသားတွေကို အသက်ပြန်ရှင်အောင် အဖေတို့မတတ်နိုင်ပါကြဘူး။ နှိပ်စက် ညှဉ်းပန်းခဲ့တာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အရှင်လတ်လတ် ငရဲခံရအောင်လုပ်ခဲ့ကြတာတွေကို ပြန်လည်ပြင်ဆင်လို့မရတော့ပါဘူး။ ဒါပေမယ့် အဖေတို့ တတ်နိုင်တာ တစ်ခုတော့ရှိပါတယ်။

အဲဒါက ဘာလဲဆိုယင် လောကငရဲ ခံသွားကြရတဲ့ လူတွေရဲ့မျိုးဆက် ကလေးငယ်တွေကို အတတ်နိုင်ဆုံး စောင့်ရှောက်သွားဖို့ပါပဲ။ လူရမ်းကားတစ်စုရဲ့ ရမ်းရမ်းကားကား ပြုမူမှုတွေကို အဖေတို့ မမေ့ပါဘူးဆိုတာ ကမ္ဘာကို တင်ပြဖို့ပါပဲ။

မှားယွင်းမှုတွေကြောင့် အဖေတို့ အရှက်ကြီးရှက်ခဲ့ကြရပါတယ်။ အဲဒီအရှက်ကို ဖျောက်တဲ့အနေနဲ့ကလေးတွေကို ကူညီသွားဖို့ပါပဲ။

အဖေတို့တက်နိုင်တာ ဒီတစ်နည်းပဲ ရှိပါတော့တယ်။ ဒါကြောင့် အဖေတို့လုပ်ရမယ့် အလုပ်ကို လုပ်လိုက်ကြတာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလုပ်ပေမယ့် အဖေတို့ရဲ့ အကုသိုလ်တရားတွေဟာ ပြေပျောက်မှာ မဟုတ်ဘူးဆိုတာ အဖေသိပါတယ်။ အဖေကိုယ်တိုင် မသိလိုက်ရပဲ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကြီးတွေထဲမှာ အဖေတို့ပါ ရောနှောပါဝင်နေတဲ့ အပြစ်ကတော့ လွတ်တော့မှာပဲလို့ အဖေ မယုံကြည်ပါဘူး။

သား အမေရဲ့စကားကို နားမထောင်မိခဲ့တဲ့ အမှားကြီးကို ပြန်လည်ပြင်ဆင်နိုင်ပြီလို့လဲ အဖေ မယုံကြည်ပါဘူး။ သားရဲ့အမေဟာ စိတ်ကောင်းနှလုံးကောင်းရှိပြီး အမှန်တရားကို မြင်တတ်တဲ့-အင်မတန် ချီးကျူးထိုက်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။

ကဲ . . . အစီအစဉ် အကြောင်းကို ပြန်ပြောဦးမယ်။

အဖေတို့ရဲ့ ရည်မှန်းချက်က လစဉ်လတိုင်း အမေရိကန်ဒေါ်လာဆယ်သန်းနဲ့ညီမျှတဲ့ ငွေတွေကိုထုတ်ယူပြီး ဆွစ်ဇာလန်ဘဏ်တိုက်ထဲမှာထည့်ထားဖို့ ဖြစ်ပါတယ်။

တိုင်းပြည် အခြေအနေကလဲ စစ်နဲ့ဗျာများနေတာ တစ်-ကြောင်း၊ သူခိုးတွေနဲ့ လူသတ်သမားတွေချည်း ကြီးစိုးနေပြီး သူခိုးကရသမျှခိုးဖို့၊ လူသတ်သမားက တွေ့သမျှသတ်ဖို့ အာရုံစိုက်နေတဲ့အချိန်မှာ အဖေတို့လုပ်ငန်းကို အထိုက်အလျောက် ချောချောမော



www.burmeseclassic.com

www.burmeseclassic.com



မောဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဘဏ္ဍာရေးဌာနက အဖေမိတ်ဆွေတွေကလဲ ထိထိရောက်ရောက် အကူအညီပေးကြပါတယ်။

အဖေတို့ငွေရယူတဲ့ဌာနတွေကတော့ သိပ်ကိုများလွန်းပါတယ်။ သိမ်းပိုက်ထားတဲ့နယ်မြေတွေကို ငွေပို့ဖို့ရှိတဲ့အခါမှာ စာရင်းသာပို့ပြီး ငွေတွေကိုတော့ အဖေတို့က ဖြတ်ယူထားလိုက်တယ်။ ဌာနပေါင်းစုံက ငွေတွေကို နည်းမျိုးစုံနဲ့ ရယူကြတယ်။ ဒီနေရာမှာ ပုဂ္ဂလိကပိုင်ငွေတွေ၊ ပစ္စည်းတွကိုလဲ အဖေတို့ရယူကြတယ်။

ပြတိုက်တွေထဲမှာရှိတဲ့ အဖိုးတန်ရှေးဟောင်းပစ္စည်းတွေကို ထုခွဲရောင်းချပြီးတော့လဲ ယူကြတယ်။

ဘာကြောင့်လဲဆိုတော့ အဖေတို့မှာ ရည်မှန်းချက်ရှိနေပြီ မဟုတ်လား။ လူရမ်းကားတွေရဲ့ လက်ချက်နဲ့ အဖတ်ဆည်မရလောက်အောင် ပျက်စီးသွားပြီဖြစ်တဲ့ အဖေတို့ရဲ့ ဂုဏ်သိက္ခာကို တတ်စွမ်းသမျှပြန်ပြီး အဖတ်ဆည်ရတော့မယ် မဟုတ်လား။

ဒီငွေတွေကို အဖေတို့ အခုသုံးစွဲလို့မရသေးဘူး။ ဘာကြောင့်လဲဆိုတော့ အဖေတို့ရဲ့ လုပ်ငန်းတွေပေါ်သွားမယ်။ နောက်တစ်ကြောင်းက ပုဂ္ဂလိကပိုင်ငွေတွေပါ ပါနေတော့ သက်ဆိုင်သူ ကာယကံရှင်တွေ သိကုန်ယင် သူတို့ငွေတွေ ပြန်ပေးရမယ်လေ။ အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တရားတဘောင်တွေဖြစ်ကုန်နိုင်တယ်လေ။

ဒါကြောင့် အဖေတို့ အချိန်စောင့်ဖို့ဆုံးဖြတ်လိုက်ကြတယ်။ အချိန်ကြာမြင့်လာတာနဲ့အမျှ ဒီငွေတွေအကြောင်းကိုလဲ မေ့ကုန်ကြလိမ့်မယ်။ အဲဒီလိုမေ့တဲ့အချိန်ကျမှပဲ အဖေတို့ အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ထားပါတယ်။

ဘာလင်မြို့ကြီးပေါ်မှာ လေကြောင်းရန်အချက်ပေးတဲ့ ဥသြသံတွေလဲ အဆက်မပြတ် ပေါ်ထွက်နေတယ်။ ငိုညည်းသံတွေလဲ အစီစီပွက်သလို ဆူညံနေတယ်။

အချိန်က စကားပြောနေပြီ။ အဖေတို့အတွက် အချိန်နည်းနည်းကလေးပဲ ကျန်တော့တယ်။ ဒီစာ ဇူးရစ်မြို့ကို ချောချောမောမော ရောက်မရောက်ဆိုတဲ့အဖြေကိုပဲ အဖေနဲ့အဖေ့မိတ်ဆွေနှစ်ယောက်က စောင့်ကြတော့မယ်။ ဒီစာကို လျှို့ဝှက်ဆက်သားနဲ့ ဇူးရစ်မြို့ကို



www.burmeseclassic.com

www.burmeseclassic.com



အဖေတို့ပို့မယ်။

ဒီစာ ရောက်သွားပြီဆိုတဲ့သတင်းကို ကြားရယင် အဖေတို့မှာ ကိုယ့်စာချုပ်နဲ့ကိုယ်ရှိပြီး ဖြစ်နေကြပြီမို့ စာချုပ်အတိုင်း ဆက်လုပ်ဖို့ပဲ ရှိပါတော့တယ်။

စာချုပ် ဆိုတာကတော့ အဖေတို့ ဒီလူ့လောကကြီးထဲက ထွက်သွားကြဖို့ပါပဲ။

အဖေတို့ရဲ့ ဆုတောင်းပြည့်အောင် ဆောင်ရွက်ပေးပါ။ အဖေတို့ရဲ့ ဂုဏ်သိက္ခာကို ပြန်ဆည်ပေးပါ။ အဖေတို့မှားယွင်းခဲ့တာတွေကို တတ်စွမ်းသမျှ ပြန်ပြင်ပေးပါ။

ဒါဟာ အဖေတို့ရဲ့ ပဋိညာဉ်ခံစာချုပ်ပါပဲ သားရယ်။ အဖေ့ရဲ့ တစ်ဦးတည်းသော သားကို အဖေလုံးဝမသိရှိခဲ့ပါဘူး။ အဖေလုံးဝမသိခဲ့ရတဲ့ သားကို အဖေတို့ရဲ့ အပူတွေ ပုံပေးလိုက်ပါတယ်။

ဒါကြောင့် အဖေတို့ ဂုဏ်သိက္ခာကို တတ်စွမ်းသမျှပြန်လည်အဖတ်ဆည်ပေးဖို့နဲ့ အဖေတို့ရဲ့ အိပ်မက်အကောင်အထည်ပေါ်အောင်ဖော်ပေးဖို့ သားကို မေတ္တာရပ်ခံလိုက်ပါတယ်။

သားရဲ့ အဖေ
ဟိန်းနရစ် ကလော်ဆင်

နိုဝယ်က စာရွက်ကို စားပွဲပေါ်သို့ မှောက်လျက်သားချထားလိုက်သည်။ ပြီးတော့ ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ငေးမျှော်ကြည့်သည်။ လေယာဉ်ပျံသည် မိုးသားများအပေါ်မှ ပျံသန်းနေသည်။

ဟိန်းနရစ်ကလော်ဆင်၏ စာအကြောင်းကို ပြန်စဉ်းစားပြန်သည်။

ကလော်ဆင်၏ ရိုးသားပွင့်လင်းမှုကို သူအကြွင်းမဲ့ ယုံကြည်သွားလေသည်။ ထိုယုံကြည်မှုနှင့်အတူ သူ့စိတ်ထဲမှာလည်း ခွန်အားများရှိလာသည်ဟု ထင်မှတ်မိလေသည်။

သူတို့လိုက်နာရမည့် စည်းကမ်းများနှင့်ပတ်သက်၍ စာရွက်စာတမ်းများနှင့် အတိအကျရေးသားဖော်ပြထားလေသည်။

ထိုစာရွက်စာတမ်းများကို ဖတ်ရှုကြည့်ခြင်းအားဖြင့် မိမိကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



'ပဋ္ဋိညာဉ်ခံ' ဖြစ်နေပါပေါ့လားဟုလည်း သဘောပေါက်လာသည်။

ဟိန်းနရစ်ကလော်ဆင်နှင့်အတူ ပူးပေါင်းကြံစည်ပြီး ဘဏ္ဍာငွေများ ရနိုင်သည့် အခြားငွေများကို ခိုးယူသူ ကျန်နှစ်ယောက်မှာ ကက်စလာနှင့် ဝေလ်ဟမ်းတိုင်းဘို့လ်တ်တို့ ဖြစ်လေသည်။

ထိုသုံးယောက်က မွေးဖွားသည့် သားသမီးများအနက် အကြီးဆုံးသား ဖြစ်စေ၊ သမီးဖြစ်စေတို့ တွေ့ဆုံရမည်။ ညွှန်ကြားချက်များကို လိုက်နာကြရမည်။

ငွေကို အမေရိကန်လူမျိုး ဖြစ်နေရသော နိုဝယ်ဟိုးလ်ခရော့ဖ်တ်၏ အမည်နှင့် ဂျီနီဗာ အာမခံဘဏ်တိုက်မှာ စာရင်းဖွင့်ထားသည်။

သို့သော်လည်း ထိုငွေများကို နိုဝယ်တစ်ယောက်တည်း ထုတ်ယူခွင့် မရှိချေ။ ကက်စလာနှင့် ဝေလ်ဟမ်းတိုင်းဘို့လ်တ်တို့၏ အကြီးဆုံးသား သို့မဟုတ် အကြီးဆုံးသမီးနှင့် သုံးယောက်မျက်နှာစုံညီ ဘဏ်တိုက်အုပ်ချုပ်ရေး အဖွဲ့ ရှေ့မှောက်တွင် ထုတ်ယူရမည်။ ထိုသို့ ထုတ်ယူမှသာလျှင် တရားဝင်မည် ဖြစ်သည်။

သားကြီးသမီးကြီး သုံးယောက်မျက်နှာစုံညီ စုစည်းနိုင်ပြီးဖြစ်သော်လည်း ဘဏ်တိုက်အုပ်ချုပ်ရေးအဖွဲ့က ထိုသားသမီးများကို ကျေနပ်မှုမရှိသေးလျှင် ထုတ်မပေးဘဲနေနိုင်သည်။

ထိုသားသမီးများသည် ဟိန်းနရစ်ကလော်ဆင်တို့၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်မပေးနိုင်ဟု ဘဏ်အုပ်ချုပ်ရေးအဖွဲ့က ယူဆလျှင် ငွေများကို သည်အတိုင်းပြန်သိမ်းထားရမည်။ နောက်မျိုးဆက်တစ်ဆက်ကို စောင့်ရမည်။

ထိုသို့ နောက်မျိုးဆက်တစ်ခုကို စောင့်သည့်အတွက် နောက်ထပ်နှစ်ပေါင်း သုံးဆယ်ထပ်မံကြာမြင့်ရမည်။

ဟိန်းနရစ်ကလော်ဆင်၏ သားအရင်းဖြစ်သူသည် ယခုအခါတွင် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ဟု အများသိနေသူဖြစ်သည်။ ကလေးအရွယ် ပင်ရှိသေးသည်။ အမေ၊ ပထွေးတို့နှင့်အတူ အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။

ဟိန်းနရစ်ကလော်ဆင်၏သားနှင့် အဆက်အသွယ်ပြုလုပ်ရမည့် အချိန်အခါကို ဂျီနီဗာ အာမခံဘဏ်တိုက်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများကဆုံးဖြတ်ရမည်။ ထိုသို့ အဆက်အသွယ်ပြုလုပ်ရမည့် အချိန်သည်



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှစ၍ နှစ်ပေါင်းသုံးဆယ်ထက် မစောရ။ သုံးဆယ့်ငါးနှစ်ထက် နောက်မကျရ။

အချိန်ကျရောက်သောအခါ ဟိန်းနရစ်ကလော်ဆင်၏သားနှင့် အဆက်အသွယ်ပြုလုပ်ပြီး သူဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ထုတ် ဖော်အသိပေးရမည်။

အကျိုးအကြောင်းကို သိပြီးဖြစ်သော ဟိန်းနရစ်ကလော်ဆင်၏သား နိုဝယ်ဟိုးလ်ခရော့ဖ်တ်က သူနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကျန်နှစ်ယောက်ကို ရှာဖွေအဆက်အသွယ်ပြုလုပ်ကာ အကျိုးအကြောင်း ရှင်းပြရမည်။

ထိုသို့ သုံးယောက်စုံညီလျှင် ဘဏ်တိုက်မှာရှိသည့်ငွေများကို သတ်မှတ်ပေးထားသော စည်းကမ်း နည်းလမ်းများအတိုင်း စနစ်တကျထုတ်ယူကာ စစ်အတွင်းက လောကငရဲခံခဲ့ကြရသူတို့၏ ကျန်ရစ်သူ သားသမီးများ၊ သားမယားများအတွက် လူမှုရေးပြန်လည်ထူထောင်မှုများကို ပြုလုပ်ပေးရမည်။

ဂျာမန်နာဇီခေါင်းဆောင် ဟိန်းနရစ်ကလော်ဆင်နှင့် အပေါင်းအပါများက နိုဝယ်ကို တာဝန်ခံအဖြစ် ရွေးချယ်ခြင်းမှာ အကြောင်းရှိလေသည်။

နိုဝယ်သည် ချမ်းသာကြွယ်ဝသည့် အမေရိကန်မိသားစုထဲသို့ ရောက်သွားသည်ကတစ်ကြောင်း၊ အမေရိကန်လူမျိုးဖြစ်သွားသည်ကတစ်ကြောင်း၊ သူ၏ ပထွေးဖြစ်သူ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်က နိုဝယ်အပေါ် မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာရှိသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်။

နိုဝယ်၏ အမေ အယ်လ်သိန်းနှင့် ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်တို့ လက်ထပ်ပြီး လန်ဒန်မြို့သို့ပြန်လာကြသည်။ ဟိန်းနရစ်ကလော်ဆင်နှင့် အယ်လ်သိန်းတို့၏ သားယောကျ်ားကလေးသည် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇-ရက်နေ့က လန်ဒန်တွင် သေဆုံးသွားကြောင်း သေစာရင်းထောက်ခံစာ ယူကြသည်။

ထို့နောက် အမေရိကန်သို့ပြန်သွားပြီး ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်နှင့် အယ်လ်သိန်းတို့က သားယောကျ်ားကလေးတစ်ယောက် မွေးဖွားကြောင်း မွေးစာရင်းလုပ်ကြသည်။ ထိုနည်းအားဖြင့် နိုဝယ်သည် နာဇီခေါင်းဆောင်တစ်ယောက်၏ သားဖြစ်ကြောင်း မျက်ခြည်ပြတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားများကိုလည်း မည်သည့်နည်းနှင့်မှရှာ၍မရနိုင်တော့ချေ။ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်နှင့် အယ်လ်သိန်းတို့လက်ထဲမှာ ခိုင်လုံသော အထောက်အထားများက ရှိနေပြီ။

ကက်စလာနှင့် ဝေလ်ဟမ်းတိုင်းဘို့လ်တ်တို့၏ သားသမီးများမှာ နာဇီခေါင်းဆောင်၏ သားသမီးများဖြစ်ကြောင်း အထင်အရှားပေါ်လွင်နေသည်။ ထို့ကြောင့် သူတို့ကို ခေါင်းဆောင်တင်လျှင် မီးခိုးကွက်လျှောက်လိုက်ပြီး ပေါ်သွားနိုင်သည်။

နာဇီခေါင်းဆောင်တို့၏ သားသမီးများက သည်လောက်များပြားသော ငွေများ မည်နည်းမည်ပုံ ရသနည်းဆိုသည်ကို လိုက်လံစုံစမ်းလျှင် ဗူးပေါ်သလို ပေါ်ကုန်နိုင်သည်။

နို့ဝယ်အနေနှင့်မူ ထိုအချက်ကို လွန်မြောက်နိုင်သည်။ သူ၏ တရားဝင်အဖေဖြစ်သော အမေရိကန်လူမျိုး ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကိုယ်တိုင်က ချမ်းသာကြွယ်ဝသော ဘဏ်တိုက်သဌေးကြီးဖြစ်လေရာ အကောင်းဆုံးမျက်နှာဖုံး ဖြစ်နေလေတော့သည်။

သူတို့သုံးယောက် စုစည်းပြီး ဘဏ်တိုက်မှ ငွေထုတ်ပြီးသောအခါ ဇူးရစ်မြို့တွင် ဇဂျင်စီတစ်ခုဖွင့်ရမည်။ စစ်အတွင်းတုန်းက ဂျာမန်များသတ်ဖြတ်သဖြင့် သေဆုံးကုန်သူများ၏ ကြွင်းကျန်သော သားစဉ်မြေးဆက်များကရှာဖွေကာ သူတို့အတွက် လူမှုရေးပြန်လည်ထူထောင်မှု လုပ်ငန်းများ လုပ်ကိုင်ပေးရမည်။

ထိုလုပ်ငန်းကို လုပ်ကိုင်နေသည့်အချိန်တွင် ကက်စလာနှင့်ဝေလ်ဟမ်းတိုင်းဘို့လ်တ်တို့၏ အမည်များကို မပေါ်လွင်စေရ။ သို့သော်လည်း အားလုံးသဘောတူ ဆုံးဖြတ်ရမည်။ နို့ဝယ်တစ်ယောက်တည်း၏ သဘောနှင့်ဘာမှမလုပ်ရ။ သုံးယောက်စလုံး ညီတူမျှတူ မဲပေးခွင့်ရှိရမည်။

ထိုလုပ်ငန်းကို ခြောက်လနှင့် အပြီးအပြတ်လုပ်ရမည်။ ခြောက်လပြည့်မြောက်ပြီး လုပ်ငန်းပြီးဆုံးသည်နှင့် တပြိုင်တည်း ဇဂျင်စီကို ဖျက်သိမ်းပစ်ရမည်။

ထိုတာဝန်များ ဆောင်ရွက်ပေးသည့်အတွက် သူတို့တစ်ဦးလျှင် အမေရိကန်ဒေါ်လာ နှစ်သန်းစီရကြမည်။

ခြောက်လ၊ ဒေါ်လာနှစ်သန်း။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ဒေါ်လာနှစ်သန်း။

ထိုလုပ်ငန်းကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရမည်ဟု နိုဝယ်က ယုံကြည်ထားသည်။ ဂျီနီဗာတုန်းကလည်း မင်ဖရက်ဒီက သူသည် လူစွမ်းလူစ ထူးခြားပြောင်မြောက်သူဖြစ်သည်ဟု ပြောလိုက်သေးသည်။

သူ၏ ဗိသုကာလုပ်ငန်းက အောင်မြင်နေသည်။ သို့သော် ကိုယ်ဆွဲပေးသည့်ပုံကို ကြိုက်ချင်မှကြိုက်သည်။ ကိုယ့်အကြိုက်ကို မလုပ်ရ။ သူတို့အကြိုက်ကို လိုက်လုပ်ပေးနေရသည်။

ယခုလုပ်ငန်းကတော့ လွတ်လွတ်လပ်လပ် လုပ်နိုင်သည်။ ကိုယ်ကြိုက်ရာကို ဆုံးဖြတ်နိုင်သည်။ ပြီးတော့ အချိန်ကာလခြောက်လနှင့် ငွေနှစ်သန်းရမည်။

ငွေကို အဓိကထားသောကြောင့်တော့ မဟုတ်ပါ။ သို့သော်လည်း လွတ်လပ်စွာလုပ်ကိုင်ခွင့်ကို သူပိုပြီး သဘောကျနေခြင်းဖြစ်သည်။

ကက်စလာနှင့်ဝေလ်ဟမ်းတို့၏ သားသမီးများကို သူကိုယ်တိုင် စုံစမ်းရှာဖွေရမည်ဟုဆိုသည်။ ဘယ်လိုလူစားမျိုးဖြစ်မည်နည်းဟု တွေးကြည့်နေမိသည်။

ဝေလ်ဟမ်း၏ သားသမီးသုံးယောက်အနက် အကြီးဆုံးမှာ သမီးဖြစ်သည်။ အလတ်က သားငယ်၊ အငယ်ဆုံးက သမီး။

ကက်စလာ၏ သားအကြီးက ပညာရှင်၊ ပါမောက္ခ။ သားအငယ်က ဆရာဝန်။

သူ့မှာ မရှင်းလင်းသော အချက်အလက်တွေ ရှိနေခဲ့သည်။ မေးခွန်းပေါင်းများစွာ မေးစရာရှိနေခဲ့သည်။

ထို့ကြောင့် မင်ဖရက်ဒီနှင့် တွေ့တုန်းက ဆုံးဖြတ်ချက်ချနိုင်ရန် လေးငါးရက်လောက်တော့ အချိန်ပေးပါဦးဟု တောင်းဆိုသေးသည်။

" ဒီတာဝန်ကို မထမ်းဆောင်နိုင်ဘူးလို့ ငြင်းဖို့အခြေအနေရော ရှိသေးလို့လား " ဟု ဘဏ်ဒါရိုက်တာကြီးက သူ့ကို မေးခွန်းပြန်ထုတ်ခဲ့သည်။

" ရှိတာပေါ့ဗျာ၊ ကျွန်တော်ဟာ ငွေနဲ့ဝယ်လို့ရတဲ့ အကောင်းစားမျိုးမှ မဟုတ်ပဲ။ နောက်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က လုပ်ခဲ့တဲ့ ခြိမ်းခြောက်မှုတွေကိုလဲ ကျွန်တော်က ကြောက်နေတဲ့ အကောင် မဟုတ်ဘူးလေ၊ ဒီခြိမ်းခြောက်မှုကို လုပ်ခဲ့တဲ့လူတွေက အရှုးတွေပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ထားပါတော့လေ။ ဒီအကြောင်း မောင့်အမေနဲ့ ပြန်တိုင်ပင် ကြည့်လိုက်ပါဦး "

ထိုစကားကြောင့် နိုဝယ်မှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

" ဘာ. . . ခင်ဗျားပြောတာကို ကျွန်တော် နားလည်ထားတာက. . "

" လုံးဝ လျှို့ဝှက်ထားရမယ် ဆိုတာလား။ မှန်ပါတယ်။ ဒါပေမယ့် ဒီအထဲမှာ မောင့်အမေကတော့ ခြွင်းချက်တစ်ခုပါ သူနဲ့တိုင်ပင်ပါ "

" ဘာဖြစ်လို့လဲ . . . အမေဟာ နောက်ဆုံး . . . "

" ဒါတွေ မှားယွင်းကြောင်း ထုတ်ဖော်ပြောခဲ့တာဟာ မောင့်အမေဟာ ပထမဆုံးပါ။ ဒါကြောင့် ဒါလောက်ကြီးကျယ်တဲ့ လျှို့ဝှက်ချက်ကြီးကို သူ့ကို ထုတ်ဖော်အသိပေးမယ်ဆိုယင် သူအများကြီး ဂုဏ်ယူမှာပါ "

မင်ဖရက်ဒီ ပြောသောစကား မှန်ပါသည်။ သည်လုပ်ငန်းကြီးကို သူလုပ်ရတော့မည်ဆိုလျှင် သူ့ကုမ္ပဏီကို အခိုက်အတန့်ပိတ်ပစ်ရတော့မည်။ နိုင်ငံပေါင်းများစွာသို့ လှည့်လည်သွားလာရတော့မည်။

ထိုသို့ ပြုလုပ်နေသည်ကို သူ့အမေက မမေးဘဲနေမည်မဟုတ်။ ဖွင့်မပြောလျှင်လည်း မရရသည့်နည်းဖြင့် စုံစမ်းတော့မည်။ ထိုသို့ စုံစမ်းသောအခါကျမှ သူတို့လုပ်နေသည့်အကြောင်းများကို သိသွားမည်ဆိုလျှင် သူတို့လုပ်ငန်း ပျက်စီးအောင် အမေ ဝင်ရှုပ်ခဲ့သော် မခက်ပါလားဟု တွေးမိပြန်သည်။

အမေ ဝင်ရှုပ်လျှင် ငွေကြေးကိစ္စပေါ်လာမည်။ ပေါ်လာလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ ရောက်သွားမည်။

ထိုအခါ သူတို့၏ အစီအစဉ်များအားလုံး ပျက်စီးကုန်တော့မည်။

" တကယ်လို့ အမေ့ကိုနားဝင်အောင် ရှင်းပြလို့မရယင် ဘယ်လိုလုပ်မလဲ "

" သူယုံအောင် ပြောပြဖို့က မောင့်တာဝန်ပေါ့။ မောင့် အဖေရဲ့ စာနဲ့တင်ပဲ နားဝင်လောက်နေပြီပဲ။ တကယ်လို့ လိုအပ်လာယင် ကျုပ်တို့ပါ ဝိုင်းကူပြောပေးမယ်။ ဒီကိစ္စကြီးမှာသူဟာ ဘယ်အခန်းကပါနေတယ်ဆိုတာ အသိပေးထားဖို့ သိပ်အရေးကြီးတယ် "

ထိုသို့ စဉ်းစားကြည့်ပြန်တော့လည်း မှန်ကန်ကြောင်းတွေ့ရပြန်သည်။

နာဇီတွေလုပ်နေသည့် အလုပ်များနှင့် သူတို့လမ်းစဉ်မှားယွင်းကြောင်းကို အမေက သူ့ယောက်ျား ဟိန်းနရစ်ကလော်ဆင်ကို စတင်သတိပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထိုလမ်းစဉ် အမှားကြီးထဲမှ ရုန်းထွက်ရန် အကြံပြုခဲ့သည်။ ဟိန်းနရစ်ကလော်ဆင်က နားမထောင်သည့်အဆုံးတွင်မှ အမေက သူ့ကို စွန့်ပစ်ခဲ့ခြင်းဖြစ်လေသည်။

အမေသည် ကလော်ဆင်ကို အလွန်တရာမုန်းတီးစက်ဆုပ်ခဲ့သည်။ အလွန်တရာ အထင်သေးခဲ့သည်။ ထိုသို့ မုန်းတီးစက်ဆုပ်ပြီး အထင်သေးသူတစ်ယောက်အကြောင်းကို အမေနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး မည်သို့ ပြောပြရမည်နည်းဟုလည်း တွေးကြည့်နေမိသည်။

အမေသည် အလွန်စိတ်ကြီးသူဖြစ်သည်။ ခေါင်းမာသည်။ အသိပညာ ကြီးမားသည်။ အတွေးအခေါ် ကောင်းသည်။

သည်အတိုင်းဆိုလျှင်တော့ အမေ နားလည်နိုင်ကောင်းပါရဲ့ဟု စိတ်အားတင်းခဲ့မိလေသည်။

ယနေ့သည် စနေနေ့ဖြစ်သည်။ ထို့ကြောင့် သူ့အမေနှင့် သူ့ပထွေးရစ်ချတ်ဟိုးလ်ခရော့ဖ်တ်တို့သည် ထုံးစံအတိုင်း ဘက်ဖို့ဒ် တောင်ကုန်းပေါ်ကတောပိုင်းအိမ်ကလေးတွင် အနားယူနေကြမည်။ မနက်ဖြန်အထိ ထိုတောအိမ်ကလေးမှာ ရှိနေကြမည်။

မနက်ဖြန် ဘက်ဖို့ဒ်တောင်ကုန်းသို့ လိုက်သွားပြီး အမေနှင့်တွေ့ရမည်။ အကျိုးအကြောင်း ရှင်းပြရမည်။

တနင်္လာနေ့မှစပြီး သူ့လုပ်ငန်းစရတော့မည်။

" ကက်စလာမှာ သားနှစ်ယောက်ရှိတယ်။ အကြီးက အားရစ်ကက်စလာ၊ ဘာလင်တက္ကသိုလ်မှာ သမိုင်းပါမောက္ခလုပနေတယ်။ အငယ်ကဆရာဝန်၊ မြူးနစ်မြို့မှာ နေတယ်။ သူတို့နှစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် အင်မတန် သံယောဇဉ်ကြီးတယ်။ ဒါကြောင့် အကြီးဖြစ်တဲ့အားရစ်ကို ချဉ်းကပ်ယင် သူ့ညီ ဟန်းစ်ကိုပါ ဒီအထဲသွင်းပေးဖို့ တောင်းဆိုလာလိမ့်မယ် " ဟု ဂျီနီဗာတုန်းက မင်ဖရက်ဒီက သူ့ကိုပြောခဲ့သည်။

" ဒီလို တောင်းဆိုယင် ခွင့်ပြုလိုက်ရမှာလား "

" စည်းကမ်းချက်တွေထဲမှာ ခွင့်မပြုရဘူး ဆိုတဲ့ အချက်ထည့်ရေးထားတာတော့ မတွေ့ဘူး။ ဒါပေမယ့် မောင်တို့ရရမယ့် ငွေကြေးကတော့အားလုံးအညီအမျှပဲ။ သားသမီး ဘယ်နှစ်ယောက်ရှိနေနေ အကြီးဆုံးတစ်ယောက်စီသာရရမှာပဲ။ မဲပေးခွင့်ကျတော့လဲ မိသားစုတစ်စုကို တစ်မဲပဲပေးခွင့်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



" ဝေလ်ဟမ်းတိုင်းဘ်ို့လ်တ်အကြောင်း ပြောပြပါဦး "

" သူတို့ကတော့ ဇာတ်လမ်းတစ်မျိုးလို့ ကျုပ်ထင်တယ်။ မောင့်အဖို့ ပြဿနာဖြစ်နိုင်တယ်။ မှတ်တမ်းတွေအရ စစ်ပြီးချိန်မှာ အမေလုပ်သူဟာ ကလေးနှစ်ယောက်ကိုခေါ်ပြီး ရိုင်းယိုးဒီဂျနေးရိုးမြို့ကို ရောက်သွားတယ်။ လွန်ခဲ့တဲ့ငါးနှစ်ခြောက်နှစ်လောက်တုန်းက သူတို့ပျောက်သွားပြန်တယ်။ ပုလိပ်အဖွဲ့အနေနဲ့လဲ ဘာသတင်းမှမရဘူး။ နောက်ထပ်ပြောင်းသွားတဲ့ လိပ်စာလဲ မရဘူး။ ဘယ်ပြောင်းသွားမှန်း ဘယ်သူမှမသိကြဘူး။ နိုင်ငံတော်တော်များများက မြို့ကြီးတွေမှာ စုံစမ်းကြည့်တော့လဲ အစပျောက်နေတယ်။ အဖြစ်ကတော့ ခပ်ဆန်းဆန်းပဲ။ အမေလုပ်သူဟာ စီးပွားရေးလုပ်ငန်းတွေမှာ သိပ်အောင်မြင်နေပြီ။ အဲဒီလို အောင်မြင်နေတဲ့အချိန်မှာ အခုလိုပျောက်သွားတာပဲ။ ပြောရတော့ အတော်ခက်တယ် "

" ကလေးနှစ်ယောက်လို့ စောစောကပြောသွားတယ်။ သူတို့က ဘယ်သူတွေလဲ "

" အမှန်ကသုံးယောက်၊ အငယ်ဆုံးက သမီးကလေး၊ ဟယ်လ်ဒင်တဲ့။ စစ်ပြီးတော့မှ ဘရာဇီးလ်နိုင်ငံမှာမွေးတာ။ ဂျာမနီနိုင်ငံက ထွက်သွားတုန်းက ကိုယ်ဝန်နဲ့ပါသွားတာပဲ ဖြစ်ရမယ်။ အကြီးဆုံးကသမီး . . . ဂရက်ချန်၊ အလတ်က သား . . . ဂျိုဟန်း "

" သူတို့ ပျောက်သွားတယ်ဆိုတာက . . . "

" ဘယ်လိုပျောက်သွားတယ်ဆိုတာကိုတော့ ကျုပ်တို့မသိဘူး။ ကျုပ်တို့က စုံထောက်မဟုတ်ဘူးလေ။ ဘဏ်လုပ်ငန်းရှင်တွေပါ။ ဒါမျိုးတွေကို အသေးစိတ်လိုက်ပြီး စုံစမ်းနေဖို့ အချိန်မရှိဘူး။ ကျုပ်တို့ အလုပ်လဲမဟုတ်ဘူး။ ဘရာဇီးလ်နိုင်ငံကြီးကလဲ သိပ်ကြီးတယ်။ မောင်ရှာဖို့ဆိုတာ သိပ်တော့မလွယ်လှဘူး။ အတော် အပင်ပန်းခံရလိမ့်မယ်။ ဒါပေမယ့် မောင်တို့သုံးယောက်မစုံဘဲနဲ့ ငွေတွေကို ထုတ်ပေးခွင့်မပြုရဘူးဆိုတဲ့ စည်းကမ်းချက်တစ်ခုကလဲ ရှိနေသေးတယ် မဟုတ်လား "

ဂျီနီဗာမြို့တုန်းက ဘဏ်ဒါရိုက်တာကြီး မင်ဖရက်ဒီနှင့်ပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်ရင်း စာရွက်စာတမ်းများကို နိုဝယ်ဟိုးလ်ခရော့ဖ်တ်က လက်ကိုင်အိတ်ထဲသို့ ပြန်ထည့်သည်။

ခရီးသည်နှစ်ယောက်နှင့်အတူ ဘားကောင်တာတွင် စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သော လေယာဉ်မယ်နှင့် မျက်လုံးချင်းဆုံသွားသည်။ ဝီစကီတစ်ခွက်ထပ်ပေးရန် နိုဝယ်က အမူအရာလုပ်ပြသည်။ လေယာဉ်မယ်က ပြုံးပြပြီး ချက်ချင်းယူလာပေးမည်ဟူသော အမူအရာ ပြန်လုပ်ပြသည်။

အတွေးထဲမှာ နိုဝယ် ပြန်နစ်နေမိပြန်သည်။

ယခုအတိုင်းဆိုလျှင် ကက်စလာ၏ သားနှစ်ယောက်ကို ခက်ခက်ခဲခဲ ရှာဖို့မလို။ သူတို့နှစ်ယောက်စလုံး အလုပ်အကိုင်နှင့် နေရာအတည်တကျ ဖြစ်ကြသည်။

စုပ်စမြုပ်စပျောက်နေသော ဝေလ်ဟမ်းတိုင်းဘို့လ်တ်၏ သားသမီးများကိုသာ ပထမဆုံးရှာဖို့ ဆုံးဖြတ်လိုက်သည်။

ထိုသို့ဆုံးဖြတ်လိုက်ရင်းလည်း လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က သူ့အဖေအရင်းနှင့် မိတ်ဆွေနှစ်ယောက်တို့ ကြုံတွေ့ခဲ့ကြရသည့် အတွေ့အကြုံများ အကြောင်းကို စိတ်မှန်းဖြင့် စဉ်းစားကြည့်နေမိသည်။

သူ့တို့ကြုံတွေ့ရသည် အဖြစ်အပျက်များက အလွန်တစ်ရာခါးသီးလှပါသည်။ ပျက်စီးသွားသော သူတို့၏ ဂုဏ်သိက္ခာများ ပြန်လည်အဖတ်ဆည်ပေးဖို့ အော်ဟစ်တောင်းဆိုနေသည့် အသံကိုပင် သူ့နားထဲမှာ ကြားယောင်သလို ဖြစ်လာမိသည်။

သည်တော့ ဘာပဲဖြစ်ဖြစ် သူတို့အိပ်မက်များ အကောင်အထည်ပေါ်အောင် ဖော်ပေးရပေတော့မည်။

နိုဝယ်က အရက်ကောင်တာဆီသို့ တစ်ချက်မော့ကြည့်သည်။ အရက်ယူလာပေးဖို့ ဘာကြောင့် ဒါလောက်အချိန်ကြာနေသနည်းဟု တွေးမိသည်။

လေယာဉ်မယ်၏ လက်ထဲမှာ အရက်ခွက်ကိုင်ထားသည်။ သူ့ဆီသို့ ယူလာပေးဖို့ အသင့်ဖြစ်နသည်။ သို့သော်လည်း လေယာဉ်မယ်အနားမှာ ရှိနေသူနှစ်ယောက်က အတော်ကလေး မူးနေကြပုံပေါ်သည်။

ထိုအချိန်ကလေးမှာပင် တတိယယောကျ်ားတစ်ယောက် အရက်ကောင်တာနားသို့ ကပ်လာသည်။ ထိုသူကမူ မူးနေသည့်ပုံစံမျိုးမဟုတ်။

အရက်မူးလွန်နေသူတစ်ယောက်၏လက်နှင့် လေယာဉ်မယ်၏လက်ထဲမှ နိုဝယ်ဖို့ထည့်ထားသော အရက်ခွက်တိုက်မိသွားသည်။ အရက်အနည်းငယ် ဖိတ်စဉ်သွားသည်။ လေယာဉ်မယ်က ဖိတ်သွားသောအရက်ကို အဝတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သုတ်နေသည်။

အရက်မူးလွန်နေသော လူတစ်ယောက်က ခုံပေါ်သို့နောက်ပြန်ထိုင်ချလိုက်ရာ အရှိန်လွန်ပြီး လဲကျသွားသည်။

သူတို့နှင့် မလှမ်းမကမ်းထိုင်ခုံတွင် သတင်းစာထိုင်ဖတ်နေသူက 'ဆူရန်ကော'ဟူသော မကျေနပ်သည့် ပုံစံမျိုးဖြင့် တစ်ချက်စောင်းကြည့်သည်။

လေယာဉ်မယ်က နိုဝယ်အတွက် အရက်ခွက်ကို ကောင်တာပေါ်မှာ တင်ထားခဲ့ကာ အရှိန်လွန်ပြီး လဲကျသွားသော အမူးသမားကို ကူညီထူပေးရန် ပြေးသွားသည်။ အမူးသမား၏ သူငယ်ချင်း ကျန်အမူးသမားကတော့ တဟားဟား ရယ်နေသည်။

တတိယမြောက် ဝင်ရောက်လာသူက ကောင်တာပေါ်မှာ လေယာဉ်မယ် တင်ထားခဲ့သည့် နိုဝယ်အတွက် အရက်ခွက်ကို ကောက်သောက်သည်။

သတင်းစာဖတ်နေသူက မကျေနပ်သည့်ပုံစံမျိုးဖြင့် တစ်ချက်မော့ကြည့်ပြန်သည်။ သို့သော်လည်း ဘာမှမပြောဘဲ သူ့သတင်းစာကို ပြန်ခေါက်ကာ ထိုင်မြဲထိုင်နေသည်။

နိုဝယ်လည်း သူတို့ထံမှ မျက်နှာလွှဲခဲ့ကာ လေယာဉ်အပြင်ဘက်သို့ ငေးကြည့်နေမိသည်။

ခဏကြာတော့ သူ့အနားသို့ လေယာဉ်မယ် ရောက်လာသည်။

" စိတ်မကောင်းပါဘူး မစ္စတာ ဟိုးလ်ခရော့ဖ်တ်။ အရက်သမားဆိုတာက ပြောလို့ခက်သားပဲလားရှင်။ လေယာဉ်ပျံစီးလာရတာကလဲ ခရီးရှည်ကြီးဆိုတော့ သက်သာသလိုနေကြတာပါပဲ။ စကော့ ဝီစကီနဲ့ ရေခဲ. . . ဟုတ်ပါတယ်နော် "

" ဟုတ်ပါတယ်။ ကျေးဇူးတင်ပါတယ် "

နိုဝယ်က လေယာဉ်မယ်ကို မော့ကြည့်ယင်း ကမ်းပေးနေသည့် အရက်ခွက်ကို ယူသည်။

လေယာဉ်မယ်က ချောချောကလေးဖြစ်သည်။ " ရှင်လို အေးအေးဆေးဆေး အရက်သောက်တတ်တဲ့ လူကြီးလူကောင်းမျိုးကိုတော့ ကျေးဇူးတင်ပါတယ်ရှင် " ဟူသော အဓိပ္ပာယ်မျိုးဖော်ပြနေသည့် အမူအရာဖြစ်ကြောင်း နိုဝယ် အကဲခတ်လိုက်မိသည်။

သည်သူငယ်မနှင့် စကားရောဖောရောလုပ်ရလျှင် ကောင်းမည်လား



www.burmeseclassic.com

www.burmeseclassic.com



ဟု နိုဝယ်စိတ်ကူးကြည့်သေးသည်။ သို့သော် သူ့မှာ စဉ်းစားစရာ အကြောင်းတွေ များနေသောကြောင့် ထိုစိတ်ကူးကို ဖျက်လိုက်သည်။

တနင်္လာနေ့ကျလျှင် သူ့ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သူ့ရုံးအမှုထမ်းက နည်းနည်းကလေး ဖြစ်သောကြောင့် ဘာမှ အခက်အခဲရှိနိုင်စရာ အကြောင်းမမြင်ပါ။ အတွင်းရေးမှူးတစ်ယောက်နှင့် ပုံဆွဲနှစ်ယောက်သာ ရှိသောကြောင့် သူ့သူငယ်ချင်းတစ်ယောက်ယောက်၏ ကုမ္ပဏီသို့ ပြောင်းရွှေ့ခန့်ထားခိုင်းမည်ဟု စိတ်ကူးသည်။ သူတို့အတွက် လစာပင် ပိုရချင်ရသွားနိုင်သေးသည်။

စဉ်းစားကောင်းနေဆဲမှာပင် တစ်ဘက်ခြမ်းမှာ ထိုင်နေသော ခရီးသည်တစ်ယောက်သည် ထိုင်ခုံပေါ်မှအောက်သို့ စောက်ထိုးကျသွားသည်။ ကျယ်လောင်သော အသံတစ်ခုကိုလည်း ပြုလိုက်သည်။

နိုဝယ်က အလန့်တကြားလှည့်ကြည့်သောအခါ ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေသည်။ လက်တစ်ဘက်က ဝမ်းဗိုက်ကို ကိုင်သည်။ ပြီးတော့ ရင်ဘတ်ကို ဖိထားသည်။

စောစောက အမူးသမားနှစ်ယောက်ကြားသို့ဝင်ပြီး နိုဝယ်အတွက် ထည့်ထားသည့် အရက်ခွက်ကို ကောက်သောက်သော ခရီးသည်ဖြစ်လေသည်။

ခဏကြာတော့ လေယာဉ်ပျံအပေါ်ထပ်မှာ အားလုံး ရှုပ်ထွေးကုန်တော့သည်။

လေယာဉ်မယ်က လဲကျသွားသူထံသို့ ပြေးကြည့်သည်။ ချက်ချင်းပြန်ထပြီး ထိုင်နေသူအားလုံး ကိုယ့်နေရာမှာ ကိုယ်ထိုင်နေရန် ပြောသည်။ လေယာဉ်ပျံတွင်း စကားပြောခွက်ကို ယူပြီး တစ်စုံတစ်ရာပြောသည်။

ခဏကြာတော့ လေယာဉ်လက်ထောက်နှင့် ပိုင်းလော့ ဝင်လာသည်။ လောယာဉ်မယ်က ကြမ်းပေါ်တွင် လဲနေသူ၏ ခေါင်းအောက်သို့ ခေါင်းအုံးတစ်လုံး ထိုးထည့်ပေးသည်။

“ ဒီအပေါ်ထပ်မှာရှိနေတဲ့ ခရီးသည်များအားလုံး အောက်ထပ်က ကိုယ့်နေရာကိုယ် ပြန်သွားထိုင်ကြပါ ” ဟု ပိုင်းလော့က ပြောသည်။

နိုဝယ်တို့လူစုလည်း ကြောင်လိမ်လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာကြရသည်။ ထိုအခိုက် လေယာဉ်တွင်း စကားပြောခွက်ဖြင့် ပိုင်းလော့ ပြောလိုက်သည့်စကားကို နိုဝယ်ကြားလိုက်ရသည်။

“ အရေးပေါ် ဆေးပစ္စည်းတွေ အဆင်သင့်ပြင်ထားဖို့ ကနေဒီ



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်ကို ဝိုင်ယာလက်နဲ့ အကြောင်းကြားထားပါ။ မစ္စတာ သွန်တန်ဆိုတဲ့ ခရီးသည်တစ်ယောက် နှလုံးရောဂါရသွားတယ်ထင်တယ် ”

လေယာဉ်ပျံပေါ်မှာ ဆရာဝန်ခရီးသည်တစ်ယောက် ပါလာသည်။ ပိုင်းလော့၏ မေတ္တာရပ်ခံချက်အရ ဆရာဝန်ခရီးသည်က ကြမ်းပေါ်မှ သွန်တန်အမည်ရှိ လူနာကို စစ်ဆေးကြည့်နေသည်။

ဆရာဝန်က စစ်ဆေးကြည့်ပြီး ပိုင်းလော့ကို ခပ်တိုးတိုးပြောသည်။

“ အသက်မရှိတော့ဘူး။ စမ်းသပ်စရာ ဘာပစ္စည်းမှ မရှိပဲပြောရတာတော့ ခက်တယ်။ ဒါပေမယ့် ကျွန်တော့်အထင်တော့ နှလုံးရောဂါကြောင့် သေသွားတာ မဟုတ်ဘူး။ အင်မတန်ပြင်းတဲ့ အဆိပ်တစ်မျိုး အခပ်ခံလိုက်ရတယ်လို့ ထင်တယ် ”

❖

ကနေဒီလေဆိပ်ရှိ အကောက်ခွန်ရုံးထဲမှာ တိတ်ဆိတ်သွားလေသည်။ အကောက်ခွန်အရာရှိ၏ စားပွဲမှာ နယူးယောက်မြို့ လေဆိပ်စုံထောက်အရာရှိ ဝင်ထိုင်နေသည်။

ဗြိတိသျှလေကြောင်း ကုမ္ပဏီပိုင် ၇၄၇ ဂျက်လေယာဉ်ပျံကြီးပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များစာရင်းကို စုံထောက်က စစ်ဆေးကြည့်နေသည်။

အကောက်ခွန်အရာရှိ ပိုင်းလော့နှင့် လေယာဉ်မယ်တို့လည်း အနားမှာ ငြိမ်သက်စွာရှိနေကြသည်။ အပေါက်ဝမှာ ပုလိပ်အရာရှိတစ်ယောက် စောင့်နေသည်။

စုံထောက်က အကောက်ခွန်အရာရှိကို မယုံကြည်သော အမူအရာဖြင့် မော့ကြည့်သည်။

“ ဒါလောက် အစောင့်တွေများနေတဲ့ကြားထဲက ခရီးသည်နှစ်ယောက် ထွက်သွားတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဗျာ ” ဟုလည်း အကောက်ခွန်အရာရှိကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



” ကျွန်တော်လဲ ရှင်းမပြတတ်တော့ပါဘူး။ ဒါမျိုးတစ်ခါမှမဖြစ်ဖူးဘူး။ လေယာဉ်ပျံပေါ်ပါလာတဲ့ခရီးသည်တွေ စာရင်းနဲ့ တိုက်ကြည့်လိုက်တော့မှ နှစ်ယောက် ပျောက်နေတာ တွေ့ရတယ် ”

အကောက်ခွန်အရာရှိက စိတ်ပျက်သည့် အမူအရာဖြင့် ခေါင်းကိုယမ်းခါပြယင်း ပြန်ဖြေသည်။

စုံထောက်က လေယာဉ်မယ်ဘက်သို့ လှည့်ကြည့်ပြီး မေးခွန်းထုတ်ပြန်သည်။

“ သူတို့ နှစ်ယောက် အရက် သိပ်မူးနေကြတယ်ဆိုတာ ခင်ဗျားတကယ်ယုံသလား ”

“ အခုတော့ မယုံတော့ဘူးပေါ့။ လေယာဉ်ပျံပေါ်မှာတုန်းကတော့ သူတို့ကို ကျွန်မကိုယ်တိုင် အရက်ထည့်ပေးနေရတာ။ သူတို့အရမ်းမူးနေတာ ကျွန်မမြင်နေရတာပဲ။ သူတို့ ဟန်ဆောင်နေတာ ဖြစ်ချင်လဲဖြစ်မှာပေါ့။ ဒါပေမယ့် ဘယ်သူ့ကိုမှတော့ ဒုက္ခမပေးပါဘူး ”

“ သူတို့အရက်တွေကို တစ်နေရာရာမှာများ သွန်ပစ်နေကြသလား။ မသောက်ပဲနဲ့လေ ” ဟု စုံထောက်က ဆက်မေးသည်။

“ ဘယ်နေရာမှာ သွန်ရမှာလဲ ” ဟု လေယာဉ်မယ်က ပြန်မေးသည်။

“ ကျုပ်ဘယ်သိမှာလဲ။ ဆေးလိပ်ခွက်ထဲ သွန်ချင်သွန်မှာပေါ့။ ထိုင်ခုံတွေပေါ် သွန်ချချင်ချမှာပေါ့။ ကြမ်းပြင်ကို ဘာခင်းထားသလဲ ”

“ ကော်ဇောခင်းထားတယ် ” ဟု ပိုင်းလော့က ဝင်ဖြေသည်။

စုံထောက်က အခန်းဝမှာစောင့်နေသည့် ပုလိပ်အရာရှိကို လှမ်းခေါ်သည်။

“ မှုခင်းဆိုင်ရာဌာနကို ဝိုင်ယာလက်နဲ့ အကြောင်းကြားစမ်း။ လေယာဉ်ပျံပေါ်မှာရှိတဲ့ အရက်ကောင်တာနားက ဆေးလိပ်ပြာခွက်တွေ၊ ထိုင်ခုံတွေ၊ ရေစိုနေတာတွေ့ယင် ချက်ချင်းအကြောင်းပြန် ”

“ ကောင်းပါပြီ ခင်ဗျား ”

ပုလိပ်အရာရှိ ချက်ချင်းထွက်သွားသည်။

“ အရက်ချိုးကပ်နေတဲ့လူတွေလဲ ဖြစ်နိုင်တယ် ” ဟု ပိုင်းလော့က ထင်မြင်ချက်ဝင်ပေးသည်။

“ ဘယ်လောက် အရက်ချိုးကပ်ကပ် ဟောဒီက မိန်းကလေးပြော



www.burmeseclassic.com

www.burmeseclassic.com



သလောက် များများတော့ မသောက်နိုင်ပါဘူး ”

“ အရက် သွန်ပစ်တယ်ဆိုရင်ရော ဘာများအရေးကြီးတော့လိုလဲဗျ။ အဲဒီ နှစ်ယောက်စလုံး လွတ်ထွက်ပြေးသွားပြီ မဟုတ်လား ”

စောင့်နေရသဖြင့် စိတ်မရှည်သော ပိုင်းလော့က စုံထောက်အရာရှိကို မကျေနပ်သည့်လေသံနှင့် ပြောသည်။

“ ဘာကြောင့် အရေးမကြီးရမှာလဲဗျာ။ အရာရာတိုင်းဟာ အရေးကြီးတာပေါ့။ ခင်ဗျားလေယာဉ်ပျံပေါ်မှာ လူသတ်မှုကြီးတစ်ခုတောင်ဖြစ်သွားပြီ မဟုတ်လား ”

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ အကောက်ခွန်အရာရှိက ကောက်နားထောင်ပြီး စုံထောက်အရာရှိကကို ကမ်းပေးသည်။

“ နိုင်ငံခြားရေးဌာနကတဲ့ ”

“ ဟယ်လို . . . နိုင်ငံခြားရေးဌာန . . . လက်ဖတင်နင်မိုင်းလ်စ် စကားပြောနေပါတယ်။ ကျွန်တော် အကူအညီတောင်းထားတာလေးများ ရပါပြီလားခင်ဗျား ”

“ ရပါပြီ။ ဒါပေမယ့် ခင်ဗျားကတော့ ကြိုက်မှာမဟုတ်ဘူး ”

“ ခဏလေးစောင့်ပါဦးနော် . . . ”

လက်ဖတင်နင်မိုင်းလ်စ်က ဖုန်းထဲသို့ပြန်ပြောပြီး အပေါက်ဝသို့ လှမ်းကြည့်သည်။ စောစောက ထွက်သွားသော ပုလိပ်အရာရှိပြန်ဝင်လာသည်။

“ ဘာတွေ့ရသလဲ ” ဟု မိုင်းလ်စ်က ဆီးကြိုမေးသည်။

“ ကုလားထိုင်အောက်ခံ ကူရှင်တွေနဲ့ ကောဇောတွေမှာ စိုရွှဲနေတာ တွေ့ရပါတယ်တဲ့ ”

“ ကဲ . . . ဒါဆိုယင် အရက်မသောက်ဘဲ သွန်ပစ်ပြီး မူးချင်ယောင် ဆောင်နေတဲ့လူတွေပဲ။ နိုင်ငံခြားရေးဌာန . . . ဆက်ပြောပါဦးဗျာ။ ကျွန်တော်က ဘယ်လိုများ မကြိုက်မှာပါလိမ့် ”

“ ခင်ဗျားမေးထားတဲ့ နိုင်ငံကူးလက်မှတ်နှစ်ခုကို တရားမဝင်ကြောင်း ပယ်ဖျက်ထားတာ လေးနှစ်လောက်ရှိသွားပြီ။ မီရှီဂန်က လူနှစ်ယောက်ပိုင်တဲ့ နိုင်ငံကူးလက်မှတ်တွေပဲ။ သူတို့ နှစ်ယောက်က အိမ်မ်နီးနားချင်း၊ ဒီထရိုက်မြို့မှာ အလုပ်အတူတူလုပ်တယ်။ ၁၉၇၃-ခုနှစ်တုန်းက သူတို့နှစ်ယောက်အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ဥရောပကို အလုပ်ကိစ္စနဲ့ သွားကြတယ်။ လုံးလုံးပြန်ရောက် မလာတော့ဘူး ”

“ သူတို့ရဲ့ နိုင်ငံကူးလက်မှတ်တွေကို ဘာကြောင့် ပယ်ဖျက်လိုက်ရတာလဲ ”

“ သူတို့တည်းနေတဲ့ ဟိုတယ်ထဲကနေ ပျောက်သွားတယ်။ နောက်သုံးရက်ကြာတော့ သူတို့အလောင်းကို မြစ်ထဲမှာ တွေ့တယ်။ သေနတ်ဒဏ်ရာနဲ့ ”

“ ဘုရားသခင် . . . ဘာမြစ်လဲ . . . ဘယ်မှာလဲ ”

“ အိုက်ဇာမြစ် . . . မြူးနစ်မြို့ . . . ဂျာမနီမှာ ”

\+ + +

ဗြိတိသျှ လေကြောင်းကုမ္ပဏီပိုင် ပျံသန်းမှု ခရီးစဉ်အမှတ် ၅၉၁ ဂျက်လေယာဉ်ကြီးဖြင့် လိုက်ပါလာကြသော ခရီးသည်များသည် တန်းစီပြီး အခန်းထဲမှ ထွက်နေကြသည်။

သူတို့၏အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ နိုင်ငံကူးလက်မှတ်နံပါတ်များကို လေယာဉ်ပေါ်ရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပြီး တစ်ဦးချင်းကို ထွက်ခွင့်ပြုနေသည်။

ထိုသို့ အစစ်ဆေးခံနေကြရသည်မှာ စုစုပေါင်း လေးနာရီကျော် အချိန်ကြာမြင့်သွားလေသည်။

ထိုအခန်းထဲမှထွက်ပြီး တစ်ဘက်အခန်းမှာရှိသော ပစ္စည်းထားသည့် အခန်းသို့ ဆက်သွားကြရသည်။ ထိုအခန်းထဲမှာ မိမိတို့ ပိုင်ဆိုင်သည့်ပစ္စည်းများကို ရွေးယူရန် ဖြစ်သည်။

သို့သော်လည်း ခရီးသည်တစ်ယောက်ကမူ ပစ္စည်းများထားသည့် အခန်းဆီသို့ ခြေဦးမလှည့်ပဲ ရှိနေသည်။ သူ့လက်ထဲတွင် မည်သည့်အထုပ်အပိုးမှလည်း မပါပါ။ မိုးကာတစ်ထည်ကိုသာ လက်ပေါ်မှာ ခေါက်တင်ထားသည်။

ပစ္စည်းထားသည့် အခန်းဘက်သို့ မသွားဘဲ တံခါးပိတ်ထားသည့် အခန်းတစ်ခန်းဆီသို့ သွားနေသည်။

ထိုတံခါးပေါ်တွင် . . .



www.burmeseclassic.com

www.burmeseclassic.com



**" အကောက်ခွန်ဌာန ကွပ်ကဲမှုရုံးခန်း "**
**" တာဝန်မှအပ မည်သူမျှ မဝင်ရ "**

ဟူသော ဆိုင်းဘုတ်ချိတ်ထားသည်။ မိုးကာအင်္ကျီလက်မောင်းပေါ် တင်ထားသူက ထိုအခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

ယူနီဖေါင်းဝတ် အကောက်ခွန်အရာရှိကြီးတစ်ယောက် ပြတင်းပေါက်နားမှာ ရပ်နေသည်။ ဆံပင်များက အတော်ဖြူနေပြီ။ ရာထူးအတော်ကြီးသူဖြစ်သည်။

အခန်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာသံကြားသောကြောင့် နောက်လှည့်ကြည့်သည်။ မိုးကာလက်ပေါ် တင်ထားသူကို တွေ့သည်။

" ခင်ဗျားကို ကျုပ်စောင့်နေသေးတယ်။ ခင်ဗျားတို့ကို စုံထောက်က စစ်နေတဲ့အချိန်တုန်းက ခင်ဗျားအတွက် ကျုပ်ဘာမှ လုပ်မပေးနိုင်ခဲ့ဘူး "ဟု အကောက်ခွန်အရာရှိကြီးက ဆီးပြောသည်။

" တကယ်လို့ ခင်ဗျားအဆင်သင့် ရှိမနေယင် လိုရမည်ရသုံးဖို့ သက်သေခံကတ်ပြား ပါလာပါတယ် "

မိုးကာနှင့်လူက ကတ်ပြားတစ်ခုကို ထုတ်ပြပြီး အိတ်ထဲပြန်ထည့်သည်။

" အဆင်သင့်ထားပါ။ အဲဒီကတ်ပြားထုတ်ပြဖို့ လိုချင်လိုနေလိမ့်မယ်။ လေယာဉ်ပျံပေါ်မှာ ပုလိပ်တွေ ခြေချင်းလိမ်နေတာပဲ။ ခင်ဗျား ဘာလုပ်ချင်သလဲ "

" လေယာဉ်ပျံဆီကို သွားမယ် "

" ဟုတ်တယ်။ တစ်နေရာရာမှာပေ့ါ။ ဒီတစ်နည်းပဲရှိတာပဲလေ "

သူတို့နှစ်ယောက်သည် အခန်းထဲမှ ခပ်သွက်သွက်ထွက်သွားကြသည်။ ' မဝင်ရ 'ဆိုသော အပေါက်များကိုလည်း ဝင်သွားကြသည်။ အချို့သော့ခတ်ထားသည့် တံခါးများကို အကောက်ခွန်အရာရှိကြီးက အသင့်ပါသောသော့နှင့်ဖွင့်ဝင်သည်။

ခဏကြာတော့ လေယာဉ်ကွင်းထဲသို့ ရောက်သွားကြသည်။ ဗြိတိသျှလေကြောင်း ကုမ္ပဏီပိုင် ၄၄၇ ဂျက်လေယာဉ်ပျံကြီးတစ်စီးမှာ ပုလိပ်များ စောင့်နေကြသည်။ လေယာဉ်ပျံကြီးကိုလည်း မီးမောင်းများ ထိုးထားသည်။

ပုလိပ်အရာရှိတစ်ယောက်က အကောက်ခွန်အရာရှိကြီးကို ဆီးကြို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည်။

" ဘယ်လိုလဲ ကက်ပတိန်။ ဒီနေ့ညတော့ မလွယ်ကြောပဲ "

" ဒါအစပဲ ရှိပါသေးတယ်။ နောက်ပိုင်း ကျုပ်တို့ပါ ရောပါလာဦးမှာပါ။ ဟောဒီမှာ သူက အက်ဘီအိုင်အရာရှိပဲ။ ဟိုလေယာဉ်ပျံပေါ် ခဏတက်ကြည့်မလို့တဲ့။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေတယ်လို့ ထင်ရတယ် "

အကောက်ခွန်အရာရှိကြီး၏ စကားကြောင့် ပုလိပ်အရာရှိမှာ နားထွေးသွားပုံရသည်။ လူသတ်မှု ဖြစ်ပွားထားသော လေယာဉ်ပျံဆီသို့ မည်သူ့ကိုမှ ဝင်ခွင့်မပြုရဟု အမိန့်ထုတ်ထားသောကြောင့် ပုလိပ်အရာရှိက တားဖို့ပြင်သည်။

" ဟေး . . . သူက ဒီလေဆိပ်ကြီးတစ်ခုလုံးကို တာဝန်ယူ အုပ်ချုပ်နေတဲ့လူ "

ပုလိပ်အရာရှိက ပခုံးတွန့်ပြီး တံခါးဖွင့်ပေးလိုက်သည်။ မိုးကာနှင့်လူက သီးသန့်ကာထားသည့် နေရာအတွင်းသို့ ဝင်သွားသည်။ မိုးရွာနေပြီဖြစ်သောကြောင့် သူ့မိုးကာကို ခြုံထားသည်။

အကောက်ခွန်အရာရှိကြီးကမူ ပုလိပ်အရာရှိများနှင့် စကားပြောနေရစ်ခဲ့သည်။

မိုးက သည်းသည်းမည်းမည်း ရွာနေသည်။ ဂျက်လေယာဉ်ကြီးသည် မီးရောင်အောက်မှာ ငြိမ်နေသည်။ မိုးကာနှင့်လူက လေယာဉ်ကြီး ကိုယ်ထည်အောက်သို့ ဝင်သွားသည်။ ထိုအချိန်မှာပင် အသံခပ်အုပ်အုပ်ဖြင့် ဒေါသတကြီး အော်ပြောသံတစ်ခုကို ကြားလိုက်ရလေသည်။

" ဟေ့ကောင် . . . ဘာကြောင်တောင်တောင်လုပ်နေတာလဲ။ ကြိုးကိုမြန်မြန်ချည်လေကွာ "

မိုးကာနှင့်လူက အသံလာရာသို့ လှမ်းကြည့်သည်။ ဓါတ်ဆီတင်ကားကို တွေ့ရသည်။ ဒရိုင်ဘာနေရာတွင် လူတစ်ယောက် ထိုင်နေသည်။

အပြင်ဘက် ပလက်ဖေါင်းပေါ်က မိုးရေထဲမှာ လူတစ်ယောက်ရှိနေသည်။ သူတို့နှစ်ယောက်စလုံး ဆီထိုးဆီဖြည့် အလုပ်သမားများဖြစ်ကြသည်။

သို့သော်လည်း ပလက်ဖေါင်းပေါ်တွင် ရှိနေသူသည် မိုးကာခြုံထားခြင်းမရှိ။ သူ၏ ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီမှာ မိုးရေများဖြင့် ရွဲနစ်နေသည်။

ဒါလောက်ဆိုလျှင် လုံလောက်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကာနှင့်လူက ခါတ်ဆီတင်ကားဆီသို့ လျှောက်သွားသည်။ ရှေ့ခန်းတံခါးကို ဆွဲဖွင့်သည်။ ဒရိုင်ဘာနေရာမှာတစ်ယောက်ထိုင်နေသည်။ သူ့ကိုယ်ပေါ်တွင်လည်း မိုးကာမရှိ။

တံခါးဖွင့်သံကြားသောကြောင့် သူက လှည့်ကြည့်သည်။ မိုးကာနှင့်လူကို မြင်သွားသည်။ လေယာဉ်ပျံပေါ်တုန်းက အလွန်အကျွံ အရက်မူးနေခဲ့သူ၏ မျက်နှာပေါ်တွင် ထိတ်လန့်သည့်အမူအရာ ချက်ချင်းပေါ်လာသည်။

မိုးကာနှင့်လူက အိတ်ထဲမှလက်ကို မထုတ်တော့ဘဲ သေနတ်မောင်းကို ဆွဲညှစ်လိုက်သည်။

မိုးသည်းသည်းရွာနေခိုက်တွင် အသံတိတ်ကိရိယာ တပ်ထားသောသေနတ်သံကို ပစ်သူကိုယ်တိုင် မကြားလိုက်ရပါ။

ကားတံခါးပြန်ပိတ်လိုက်သည်။ တံခါးပြန်ပိတ်သံကြောင့် ပလက်ဖေါင်းပေါ်မှ လူက ကားဆီသို့ လှည့်ကြည့်သည်။

သူ့ဆီသို့ လျှောက်လာနေသော မိုးကာနှင့်လူကို မြင်သွားသည်။ သူ့ မျက်နှာပေါ်တွင်လည်း ထိတ်လန့်ကြောက်ရွံ့သည့်အမူအရာ ပေါ်လာသည်။

" ခင်ဗျား . . . ခင်ဗျား . . . လေယာဉ်ပျံပေါ်တုန်းက သတင်းစာထိုင်ဖတ်နေတဲ့လူပဲ " ဟု အထစ်ထစ်အငေါ့ငေါ့ ပြောသည်။

" ကားထဲကို ဝင်စမ်း "

မိုးကာနှင့်လူက အမိန့်ပေးသည်။ မိုးရွာနေသော်လည်း သူ့အသံက ပြတ်သားသည်။

ပလက်ဖေါင်းပေါ်တွင် ရှိနေသော လေယာဉ်ပျံပေါ်တုန်းက အရက်မူးသမားက တုံ့ဆိုင်းဆိုင်းလုပ်နေသည်။

မိုးကာနှင့်လူက အရက်မူးသမား၏ အင်္ကျီရင်ဘတ်ကို စုကိုင်ပြီး ကားပေါ်သို့ တွန်းတင်ပစ်လိုက်သည်။

" မင်းတို့ အကြံအစည် မအောင်မြင်ဘူးကွ။ ဟိန်းနရစ်ကလော်ဆင်ရဲ့သားဟာ အသက်ရှင်နေတုန်းပဲ "

မိုးကာနှင့်လူက တည်တည်ငြိမ်ငြိမ်ပြောယင်း သေနတ်မောင်းကို ဖြုတ်လိုက်လေသည်။

သေနတ်ကို ခါးကြားထဲသို့ထိုးထည့်ယင်း လေယာဉ်ပျံ ဝမ်းဗိုက်အောက်မှဖြတ်ကာ လာလမ်းအတိုင်း တည်တည်ငြိမ်ငြိမ် လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်အရာရှိနှင့် စကားပြောနေသော အကောက်ခွန်အရာရှိကြီးက မိုးကာနှင့်လူကို လှမ်းကြည့်သည်။

" ဘယ်လိုလဲ " ဟုလည်း ဆီးကြိုမေးသည်။

" ကျွန်တော့် အမဲလိုက်ပွဲကလေးက အင်မတန်ကောင်းမွန်ပါတယ်။ အားလုံးပြီးသွားပြီ။ ပြဿနာတစ်ခုပဲကျန်တော့တယ်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကိစ္စကို ဘယ်လိုလုပ်မလဲ "

" ဒါက ကျုပ်တို့နဲ့ မဆိုင်ဘူးလေ။ တီနာမောနဲ့ဆိုင်တဲ့အလုပ်ပဲ။ တီနာမောကိုပဲ အကြောင်းကြားလိုက် ရမှာပေါ့ "

မိုးကာနှင့်လူက ပြုံးသည်။ မိုးရွာနေသောကြောင့် သူ့အပြုံးကို မည်သူမှ မြင်တွေ့နိုင်မည် မဟုတ်ကြောင်းလည်း သိထားပြီး ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄ )

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် ၇၃-လမ်းမှာရှိသော သူ၏အိမ်ရှေ့တွင် တက္ကဆီကားကိုရပ်ခိုင်းပြီး ကားပေါ်မှဆင်းသည်။

သူအလွန် ပင်ပန်းနေပြီ။ လွန်ခဲ့သည့် သုံးရက်အတွင်း စိတ်လှုပ်ရှားစရာများ၊ အပြင်းအထန် စဉ်းစားဆုံးဖြတ်စရာများချည်းသာ တောက်လျှောက်ကြုံတွေ့ခဲ့ရသည်။

ထိုကိစ္စများ ဆုံးမည်မကြံခင် လေယာဉ်ပျံပေါ်မှာ ခရီးသည်တစ်ယောက် နှလုံးရောဂါနှင့် ရုတ်တရက်အသက်ပျောက် သွားပြန်သည်။

ကွင်းထဲသို့ရောက်ပြန်တော့ သူတို့အားလုံးကို စုံထောက်များက စစ်ဆေးနေကြသည်။ လေးနာရီကျော်ကြာအောင် ဒုက္ခရောက်ရပြန်သည်။ နောက်ဆုံးတွင်မှ သွားခွင့်ရသည်။

သို့သော်လည်း ထိုလေယာဉ်ပထမတန်းမှာ စီးနင်းလိုက်ပါလာကြသူ အားလုံး နောက်ရက်ပေါင်း ခြောက်ဆယ်အတွင်း ခရီးသွားမည်ဆိုလျှင် ပုလိပ်ကို ကြိုတင်အကြောင်းကြားပြီးမှ သွားရမည်ဟု ညွှန်ကြားလိုက်သည်။

တံခါးစောင့်က သူ့ကိုဆီးကြိုနှုတ်ဆက်သည်။

" ဒီတစ်ခါ ခရီးသွားတာတော့ မြန်သားပဲ မစ္စတာဟိုးလ်ခရော့ဖ်တ်။



www.burmeseclassic.com

www.burmeseclassic.com



စာတွေကတော့ အများကြီးရောက်နေတယ် ခင်ဗျ။ အို . . . အကြောင်းကြား ချက်တစ်ခုလဲရှိတယ် ”

“ အကြောင်းကြားချက် . . . ”

“ ဟုတ်ပါတယ်ခင်ဗျာ ”

တံခါးစောင့်က ပြောပြောဆိုဆို အိတ်ထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ပေးသည်။

“ အဲဒီလူတစ်ယောက် မနေ့ညကလာပြီး ခင်ဗျားကို မေးပါတယ်။ ဇွတ်ကြီး အဓမ္မကြီးဗျ။ ကျွန်တော်ဆိုလိုတာ သဘောပေါက်တယ် မဟုတ်လား”

“ အတိအကျတော့ သဘောမပေါက်သေးဘူး ”

နိုဝယ်က တံခါးစောင့်လက်ထဲမှ ကတ်ပြားကို ဆွဲယူကြည့်သည်။ ‘ပီတာဘော်လ်ဒွင်’ ဟူသောအမည် ရေးထားသည်ကို တွေ့ရသည်။ သို့သော် သူဘာမှနားမလည်။

“ ဝယ်လင်တန် လုံခြုံရေးအစီအစဉ် လီမိတက်၊ ကမ်းနားလမ်း၊ လန်ဒန် ’ ဟူသော စာများကိုတွေ့ရပြန်သည်။ ဖုန်းနံပါတ်လည်း ပါသည်။

ထိုကုမ္ပဏီအကြောင်းကို နိုဝယ်ဘာမှမသိပါ။ ကြားလည်းမကြားဖူး ပါ။ ကတ်ပြား၏ နောက်ကျောဘက်သို့ လှန်ကြည့်ပြန်သည်။ ‘စိန့်ရစ်ဂျစ်ဟိုတယ်၊ အခန်းနံပါတ် ၄၁၁’ ဟု လက်ရေးနှင့် ရေးထားသည်ကို တွေ့ရသည်။

“ ခင်ဗျားအခန်းကို ဖုန်းဆက်ကြည့်ဖို့ ကျွန်တော့်ကို အတင်းအဓမ္မ အကျပ်ကိုင်နေတယ်ဗျ။ ကျွန်တော်မသိပဲ ခင်ဗျားပြန်ရောက်နေချင်နေမှာတဲ့။ တော်တော်ကြောင်တဲ့ စိတ်ကူးပဲလို့ ကျွန်တော်က ပြန်ပြောလိုက်တယ် ”

“ သူ့ဘာသာသူ ဆက်ယင်ရသားပဲ။ ကျပ်ဖုန်းနံပါတ်စာအုပ်ထဲမှာ ရှိနေတာပဲ ”

နိုဝယ်က ထိုသို့ပြောယင်း ဓာတ်လှေကားရှိရာသို့ လျှောက်သွားသည်။

“ သူဆက်ကြည့်တယ်တဲ့။ ဒါပေမယ့် ခင်ဗျားဖုန်း ပျက်နေတယ်တဲ့”

တံခါးစောင့် စကားဆုံးသည်နှင့် တပြိုင်တည်း နိုဝယ်က ဓာတ်လှေ ကားတံခါးကို ပိတ်လိုက်လေသည်။ သူ့အိမ်ခန်းရှိရာ ငါးထပ်သို့ တက်လာယင်း ပီတာဘော်လ်ဒွင် အကြောင်းကို စဉ်းစားလာသည်။

နောက်ပြီးတော့ သူ့ဖုန်းက ဘယ်အချိန်က ပျက်သွားလေသနည်းဟု လည်း တွေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ခန်းတံခါးကိုဖွင့်ပြီး မီးများဖွင့်လိုက်သည်။

သူ့လက်ထဲမှ ခရီးဆောင်သားရေအိတ် လွတ်ကျသွားသည်။ မြင်ကွင်းများကို မယုံကြည်နိုင်သလို ငေးစိုက်ကြည့်နေမိသည်။

သူ့အိမ်ခန်းတစ်ခုလုံး ပစ္စည်းတွေ ဖရိုဖရဲဖြစ်နေသည်။ ဗီရိုတွေပွင့်နေသည်။ စားပွဲကုလားထိုင်များ အလဲလဲအပြိုပြိုဖြစ်နေသည်။

တယ်လီဖုန်းရှိရာသို့ပြေးသည်။ သို့သော်လည်း ထိုနေရာတွင် ထားနေကျ တယ်လီဖုန်းမရှိတော့။ ပတ်လည်မှာ လှည့်ရှာသည်။ အခန်းထောင့်တစ်နေရာသို့ တယ်လီဖုန်း ရောက်နေသည်။

" ဘာဖြစ်ကုန်တာလဲ " ဟု ပါးစပ်မှ အသံထွက်သွားသည်။ သူ့အသံကို သူပြန်ကြားလိုက်ရသည်။

အိမ်ခန်းထဲသို့ ပြေးဝင်သည်။ ထိုနည်းအတိုင်းဖြစ်သည်။ အိပ်ရာများကို ဖွထားသည်။ တစ်စုံတစ်ရာကို စိမ်ပြေနပြေမွှေနှောက် ရှာဖွေထားသည့် လက္ခဏာဖြစ်သည်။

အောက်ထပ်မှာ ရှိနေသော တံခါးစောင့်ကို ဖုန်းလှမ်းဆက်သည်။ တံခါးစောင့် ဂျက်က တော်တော်နှင့် ဖုန်းလာမကိုင်၊ ကိုင်ပြန်တော့လည်း စိတ်ရှည်ပုံမပေါ်။

" ကဲ . . . ပြောပါ . . . ပြောပါ. . . ဧည့်ခန်းက စကားပြောနေပါတယ် "

" ဂျက် . . . ဟိုးလ်ခရော့ဖ်တ်ပါ။ ကျွန်တော်ခရီးသွားနေတုန်း ကျွန်တော်အခန်းကို ဘယ်သူလာသလဲ "

" ဘယ်သူ . . . ဘာဖြစ်တယ် . . . "

" ကျွန်တော့်အခန်းကို ဘယ်သူလာသွားသလဲ "

" ဘာလဲ . . . ခင်ဗျား ခါးပြတိုက်ခံလိုက်ရပြီလား မစ္စတာ ဟိုးလ်ခရော့ဖ်တ် "

" အခုတော့ ဘာမှမသိရသေးဘူး။ တစ်အိမ်လုံးပစ္စည်းတွေ ဖရိုဖရဲဖြစ်ပြီး ပွစကျဲနေတာပဲ တွေ့ရသေးတယ်။ ဒီကို ဘယ်သူလာသွားသလဲ "

" ဘယ်သူမှ မလာဘူး။ ကျွန်တော် သိသလောက်တော့ ဘယ်သူမှ မလာဘူး။ ကျွန်တော်က မနက်ပိုင်းစောင့်တာ။ တခြားတံခါးစောင့်တွေများ သိမလားမသိဘူး။ ကျွန်တော်ထွက်သွားတဲ့အခါမှာ အက်ဒ်ဝင်တယ်။ အက်ဒ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားယင် လူစီဝင်တယ် ”

“ သူတို့ကို ဖုန်းဆက်ပေးနိုင်မလား ”

“ သူတို့ကို ဘာလို့ ဆက်ရမှာလဲ။ ပုလိပ်ကို ကျွန်တော်ဆက်ပေးမယ်”

‘ ပုလိပ်’ ဟူသော စကားကြောင့် နိုဝယ်တွန့်သွားသည်။ ပုလိပ်များ ရောက်လာလျှင် မေးခွန်းပေါင်းများစွာ မေးတော့မည်။ ဘယ်သွားနေတာလဲ။ ဘာသွားလုပ်နေတာလဲ။ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲဆိုတာ မေးခွန်းပေါင်းများစွာ မေးတော့မည်။

ထိုမေးခွန်းများကို သူမဖြေလိုပါ။

“ မလုပ်နဲ့။ ပုလိပ်ကို မဆက်နဲ့။ ဘာပျောက်တယ်ဆိုတာ ကျွန်တော် မသိရသေးဘူး။ တစ်ယောက်ယောက်က ကျွန်တော့်ကို နောက်သွားတာလဲ ဖြစ်ချင်ဖြစ်မယ်။ ပြီးတော့မှ ပြန်ဆက်မယ် ”

“ ကျန်တဲ့ တံခါးစောင့်နှစ်ယောက်ကို ကျွန်တော်ဖုန်းဆက်ပြီး မေးကြည့်လိုက်ပါ့မယ် ”

နိုဝယ်ကဖုန်းကို ပြန်တင်လိုက်သည်။ တစ်နေရာမှာ စိတ်ပျက်လက်ပျက် ဝင်ထိုင်သည်။ တစ်အိမ်လုံး ဘာပစ္စည်းကလေးတစ်ခုမှ မကျန်အောင် မွှေနှောက်ထားခြင်းဖြစ်သည်။

သူ့လက်ထဲမှာ တစ်စုံတစ်ရာကို ကိုင်ထားမိကြောင်း သတိပြုမိသည်။ ငုံ့ကြည့်လိုက်သောအခါ လိပ်စာကတ်ပြားကလေး ဖြစ်နေသည်ကို တွေ့ရသည်။

“ ပီတာ ဘော်လ်ဒွင် ”

“ အဲဒီ လူတစ်ယောက် မနေ့ညကလာပြီး ခင်ဗျားကို မေးပါတယ်။ ဖွတ်ကြီး အမွှေကြီးဗျာ။ ကျွန်တော်ဆိုလိုတာ သဘောပေါက်တယ်မဟုတ်လား”

“ ခင်ဗျားအခန်းကို ဖုန်းဆက်ကြည့်ဖို့ ကျွန်တော့်ကို အတင်းအမွှေ အကျပ်ကိုင်နေတယ်ဗျာ. . . သူဆက်ကြည့်တယ်တဲ့။ ဒါပေမယ့် ခင်ဗျားဖုန်းပျက်နေတယ်တဲ့ ”

စိန့်ရစ်ဂျစ်ဟိုတယ်။ အခန်းနံပါတ် ၄၁၁။

နိုဝယ်က ဖုန်းကောက်ကိုင်ပြီး စိန့်ရစ်ဂျစ်ဟိုတယ်သို့ ဆက်သည်။

“ ပြောပါ. . . ဘော်လ်ဒွင် စကားပြောနေပါတယ် ”

အင်္ဂလိပ်သံ ဝဲဝဲနှင့် ယောကျ်ားတစ်ယောက် ပြန်ထူးသည်။

“ ကျွန်တော် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ပါ မစ္စတာ ဘော်လ်ဒွင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ရှာနေတယ်ဆိုလို့ ”

“ အောင်မယ်လေး . . . ကျေးဇူးတင်လိုက်တာဗျာ။ ခင်ဗျားအခုဘယ်မှာလဲ ”

“ အိမ်ကပါ။ အခုပဲ ကျွန်တော်ပြန်ရောက်တယ် ”

“ ပြန်ရောက်တယ်. . . ဘယ်ကပြန်လာတာလဲ ”

“ ခင်ဗျားအလုပ် မဟုတ်ဘူးထင်ပါတယ် ”

“ ဘုရားရေ . . . ခင်ဗျားနဲ့တွေ့ဖို့ မိုင်ပေါင်းသုံးထောင်ကျော်ဝေးတဲ့ခရီးကြီးက ကျုပ်လာခဲ့ရတယ်။ သိပ်ကို အရေးကြီးတယ်ဗျ။ ကဲ . . . ခင်ဗျားဘယ်သွားနေသလဲ ”

ဘော်လ်ဒွင်၏ အသက်ရှူသံကို ဖုန်းထဲမှပင် အတိုင်းသားကြားနေရသည်။ ထို့ကြောင့် တစ်စုံတစ်ရာအတွက် သူစိုးရိမ်နေသည်ဟု နိုဝယ်က တွေးကြည့်သည်။

“ ကျုပ်ကိုတွေ့ဖို့ ဒါလောက် ခရီးအဝေးကြီးက လာရတယ်ဆိုလို့ ဂုဏ်ယူပါတယ်ဗျာ။ ဒါပေမယ့် ဒီမေးခွန်းမေးဖို့ ခင်ဗျားမှာ ဘာအခွင့်အရေးမှ မရှိပါဘူး ”

“ ကျုပ်မှာ အခွင့်အရေး အားလုံးရှိတယ်။ ဘာမဆို မေးပိုင်ခွင့်ရှိတယ်၊ ဗြိတိသျှထောက်လှမ်းရေး အမှတ် ၆ မှာ ကျုပ် နှစ်ပေါင်းနှစ်ဆယ် အလုပ်လုပ်ခဲ့တယ်။ ခင်ဗျားဘာတွေလုပ်နေတယ်ဆိုတာ ခင်ဗျား ကိုယ်ခင်ဗျားလဲ ပြန်မသိဘူး။ ဘယ်သူမှလဲမသိဘူး။ အဲဒီအကြောင်းကို အားလုံး ကျုပ်တစ်ယောက်တည်း သိတယ် ”

“ ခင်ဗျား . . . ဘာ . . . ကျွန်တော်တို့ ဘာဖြစ်တယ် . . . ”

“ ခင်ဗျားကို တည့်တည့်ပဲပြောမယ်။ ဂျီနီဗာအစီအစဉ်ကို ဖျက်ပစ်လိုက်ပါ။ ခင်ဗျားနဲ့ကျုပ် မတွေ့မချင်း ဂျီနီဗာအစီအစဉ်ကို ဖျက်ပစ်လိုက်ပါ မစ္စတာ ဟိုးလ်ခရော့ဖ်တ် ”

“ ဂျီနီဗာ . . . ”

နိုဝယ်၏ရင်ထဲမှာ အောင့်ချင်သလိုလို ဖြစ်သွားသည်။ ဂျီနီဗာအစီအစဉ်ကို အင်္ဂလိပ်စုံထောက် တစ်ယောက်က မည်သို့သိသွားသနည်း။

မျက်နှာချင်းဆိုင် အဆောက်အအုံရှိ ပြတင်းပေါက်တစ်ခုမှ မီးခြစ်သည့် အလင်းရောင်တစ်ခု ပေါ်ထွက်လာသည်။ မီးခြစ်ပြီး စီးကရက်မီးညှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုဝယ်က ဘော်လ်ဒွင်၏စကားကို အပြေးအလွှား စဉ်းစားနေယင်း တဘက်အိမ်မှ မီးခြစ်ပြီး စီးကရက်မီးညှိသည်ကို စိတ်မှတ်မထင် လှမ်းကြည့်နေမိသည်။

" တစ်ယောက်ယောက် တံခါးလာခေါက်နေတယ်။ ခင်ဗျားဖုန်းကိုင်ထားဦး။ ဘယ်သူလဲဆိုတာ သွားကြည့်လိုက်ဦးမယ်။ ဘယ်သူဖြစ်ဖြစ် မောင်းထုတ်လိုက်ပြီး ချက်ချင်းပြန်လာခဲ့မယ် "

တစ်ဘက်မှ ဘော်လ်ဒွင်၏ အသံပေါ်လာသည်။ တဆက်တည်း စားပွဲပေါ်သို့ တယ်လီဖုန်းစကားပြောခွက် ချသွားသည့်အသံကိုပါ ကြားရသည်။

နိုဝယ်က ဖုန်းကိုင်စောင့်ယင်း တဘက်အိမ်ပြတင်းပေါက်သို့ လှမ်းကြည့်မိသည်။ မီးခြစ်ပြန်သည်။ ခန်းဆီးခပ်ပါးပါး၏ နောက်ကွယ်တွင် အမျိုးသမီးတစ်ယောက် ရှိနေသည်ကို တွေ့ရသည်။ ရွှေရောင်ဆံပင်များက ရှည်လျားလှသည်ကို သတိထားမိသည်။

တယ်လီဖုန်းထဲတွင်မူ တံခါးဖွင့်သံ၊ မသဲမကွဲစကားပြောသံ၊ လှုပ်ရှားသံများကို စောစောက ကြားရသေးသည်။ ယခုဘာသံမှ မကြားတော့ဘဲ တိတ်နေသည်။ သူ့ကို သည်အတိုင်း ဖုန်းကိုင်ပြီး စောင့်ခိုင်းကာ ဒုက္ခပေးသွားပြီလောဟု တွေးမိသည်။

" ဘော်လ်ဒွင် . . . ဘော်လ်ဒွင် . . . ခင်ဗျား ဘယ်ရောက်သွားတာလဲ "

တစ်ဘက်အိမ် ပြတင်းပေါက်မှ တတိယအကြိမ်မြောက် မီးခြစ်သည်ကို တွေ့ရပြန်သည်။ မလိုအပ်ပဲ မီးခြစ်နေခြင်းဖြစ်သည်ဟု နိုဝယ်က စဉ်းစားမိသည်။ အမျိုးသမီး၏ ပါးစပ်မှ စီးကရက်တွင် မီးရဲနေသည်ကို အတိုင်းသားမြင်နေရသည်။

အမျိုးသမီး၏ ကျန်လက်တစ်ဘက်က တယ်လီဖုန်းကို ကိုင်ထားသည်။ နားနှင့်ကပ်နားထောင်နေသည်။ နောက်ပြီးတော့ မိမိကိုစိုက်ကြည့်နေကြောင်း နိုဝယ်အတပ် သိလိုက်သည်။ ခန်းဆီးပါးပါးကလေး ဖြစ်သောကြောင့် လှုပ်ရှားမှုများကို အတိုင်းသားမြင်နေရသည်။

" ဘော်လ်ဒွင် . . . ခင်ဗျား ဘယ်ရောက်သွားပြီလဲ "

တဘက်မှ ဖုန်းပြန်တင်သံကြားရသည်။

" ဘော်လ်ဒွင် "



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်အိမ် ပြတင်းပေါက်မှ အမျိုးသမီးက ဖုန်းကိုဖြည်းဖြည်းချင်း ပြန်ချသည်။ ခဏကြာအောင် တုံ့ဆိုင်းဆိုင်းလုပ်နေပြီးမှ တစ်ဘက်သို့ လျှောက်သွားသည်။ နိုဝယ်၏မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့သည်။

နိုဝယ်က ပြတင်းပေါက်ကို စိုက်ကြည့်နေသည်။ ပြီးတော့ သူ့လက်ထဲမှ ဖုန်းကို ပြန်ကြည့်သည်။ စိန့်ရစ်ဂျစ်ဟိုတယ်သို့ ပြန်ဆက်သည်။

"ဝမ်းနည်းပါတယ်ဗျာ. . . အခန်းနံပါတ် လေးရာဆယ့်တစ်က ဖုန်း မကောင်းပါဘူး။ ကျွန်တော်တို့ အခုပဲတစ်ယောက်လွှတ်လိုက်ပါ့မယ်။ ခင်ဗျား ဖုန်းနံပါတ် မစ္စတာ ဘော်လ်ဒွင်ကို ပေးပေးရမလားခင်ဗျား "

ဖုန်းပျက်နေတယ်. . ။ ဖုန်းမကောင်းပါဘူး။

နိုဝယ်နားမလည်တာ တစ်ခုခုတော့ဖြစ်နေပြီဟု တွေးမိသည်။ သို့သော်လည်း သူ့နာမည်နှင့် ဖုန်းနံပါတ်ကိုတော့ ပြောမပြသင့်ဟု သဘောပေါက်သည်။ ထို့ကြောင့် ဖုန်းကို အသာပြန်ချထားလိုက်သည်။

တစ်ဘက်က ပြတင်းပေါက်ကို လှမ်းကြည့်သည်။ ဘာမှမမြင်ရတော့။ မည်းမှောင်နေသည်။ ဘာမျှမရှိဟူ၍တော့ အပြောရခက်သည်။

အဆောက်အအုံတွင်းပြော စကားပြောခွက်မှ ခေါင်းလောင်းသံမြည်လာသည်။ ထသွားပြီး ကောက်ကိုင်သည်။

"မစ္စတာ ဟိုးလ်ခရော့ဖ်တ်. . . ဂျက်စကားပြောနေပါတယ်။ အက်ဒ်နဲ့လူဝီကို ကျွန်တော်အခုပဲ ဖုန်းဆက်ကြည့်ပါတယ်။ ခင်ဗျားအခန်းကို ဘယ်သူမှ မလာဘူးလို့ ပြောပါတယ်။ သူတို့နှစ်ယောက်စလုံး အင်မတန်ရိုးသားတဲ့လူတွေပါ။ သူတို့မမှန်တာ မလုပ်ဘူး။ ကျွန်တော်အားလုံး ဘယ်သူမှမမှန်တာ မလုပ်ကြပါဘူး "

"ကျေးဇူးတင်ပါတယ် ဂျက်။ ခင်ဗျားတို့ကို ကျွန်တော်ယုံပါတယ်"

"ကျွန်တော်ပုလိပ်ကို ဖုန်းဆက်ပေးရမလား ခင်ဗျား "

"မဆက်ပါနဲ့။ ကျွနတော့်ရုံးက လူနှစ်ယောက်ဆီမှာ သော့ပိုရှိတယ်"

" ဘယ်သူ လာတာကိုမှတော့ . . . ကျွန်တော် မတွေ့ဘူး။ အက်ဒ်ကလဲ. . . "

" ကောင်းပါပြီ ဂျက်. . မေ့ပစ်လိုက်ပါ။ ကျွန်တော်ခရီးမသွားခင် ညတုန်းက ဧည့်ခံပွဲကလေးတစ်ခု လုပ်ခဲ့သေးတယ်။ ကျွန်တော့်အခန်းမှာ တစ်ယောက်လား၊ နှစ်ယောက်လား နေရစ်ခဲ့တယ် "



www.burmeseclassic.com

www.burmeseclassic.com



နို၀ယ်မှာ အကောင်းဆုံးဖြစ်အောင် ထိုမျှသာ ပြောနိုင်သည်။ စကားပြောခွက်ကို ပြန်ချထားခဲ့ပြီး အခန်းထဲသို့ တစ်ကြိမ်လှည့်ကြည့်ပြန်သည်။ တယ်လီဖုန်းကြိုးများ နေရာပြောင်းနေသည်ကို တွေ့ရသည်။ မည်သူက ပြောင်းသွားသနည်း။

အိပ်ခန်းထဲမှာ ခန်းဆီးလှုပ်နေသည်။ ရေချိုးခန်းထဲမှ ပြတင်းပေါက်ဖွင့်ထားသောကြောင့် လေတိုးပြီး လှုပ်နေခြင်းဖြစ်သည်။

ပြတင်းပေါက်ပိတ်ရန် ရေချိုးခန်းထဲသို့ ဝင်သည်။ ပြတင်းပေါက်ပတ်မည်အလုပ်မှာပင် တစဘက်အိမ် အခြားပြတင်းပေါက်မှ အလင်းရောင်ကိုတွေ့လိုက်ရပြန်သည်။ သေသေချာချာ လှမ်းကြည့်သည်။ မီးခြစ်ခြစ်ပြီး စီးကရက်မီးညှိခြင်းဖြစ်သည်။

ရွှေရောင်ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးကို ခန်းဆီးပါးပါးကလေး၏နောက်ကွယ်တွင် လှမ်းမြင်ရပြန်သည်။

စောစောကတုန်းကလိုပင် တစ်ဘက်သို့ လှည့်သွားသည်။

စောစောကတုန်းကလိုပင် အတွင်းဘက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဘာတွေဖြစ်နေတာလဲ။ ဘာသဘောလဲ။

နို၀ယ်မှာ ဘာကိုမှ မစဉ်းစားတတ်အောင် ဖြစ်သည်။

ဘော်လ်ဒွင်ရော ဘာဖြစ်သွားသလဲ။ တယ်လီဖုန်းကို ဘာကြောင့်သည်အတိုင်း ချထားခဲ့သလဲ။

ဗြိတိသျှ ထောက်လှမ်းရေး အမှတ်- ၆ မှာ နှစ်ပေါင်းနှစ်ဆယ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု ပြောသွားသည်။

ထောက်လှမ်းရေး အမှတ်-၆။

ဗြိတိသျှထောက်လှမ်းရေး အမှတ်-၅သည် သူတို့ ပြည်တွင်းရေးကိစ္စများကို ကိုင်တွယ်သည်။ ထောက်လှမ်းရေး အမှတ်-၆က ပြည်ပရေးရာများကိုကိုင်တွယ်သည်။ အမေရိကန် စီအိုင်အေနှင့် အတူတူဖြစ်သည်။

ဘုရားရေ. . . သည်အတိုင်းဆိုလျှင် ဂျီနီဗာ ကိစ္စများကို ဗြိတိသျှများ သိနေကြပြီလော။ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်တုန်းက ငွေပေါင်းများစွာ ခိုးယူခဲ့ကြသည့်အကြောင်းများကို အင်္ဂလိပ်တွေ သိနေကြပြီလေ။

". . . ခင်ဗျား ဘာတွေလုပ်နေတယ်ဆိုတာ ခင်ဗျားကိုယ်ခင်ဗျားလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မသိဘူး။ ဘယ်သူမှလဲမသိဘူး။ အဲဒီအကြောင်းတွေအားလုံး ကျုပ် တစ်ယောက် တည်း သိတယ်. . . ”

ဘော်လ်ဒွင် ထိုသို့ပြောပြီးငြိမ်သွားသည်။ ထို့နောက် ဖုန်းလိုင်းပြတ်သွားသည်။

နိုဝယ်သည် ရေချိုးခန်းထဲမှ အပြင်သို့ပြန်ထွက်လာခဲ့သည်။ စာကြည့်ခန်းထဲသို့ဝင်သည်။ စာရေးစားပွဲမှ အံဆွဲတစ်ခုပွင့်နေသည်ကို တွေ့ရသည်။ အထဲမှာ စာရွက်ကလေးတစ်ရွက် ရှိနေသည်။

ထိုစာရွက်ကိုကြည့်ပြီး ခဏကြာအောင် သူအသက်ရှူရပ်သွားသည်။

မဖြစ်နိုင်ပါ။ အားလုံးရူးကြောင်ကြောင်တွေ ဖြစ်ကုန်ပြီဟယ သူထင်သည်။

စာရွက်က တစ်ရွက်တည်းဖြစ်သည်။ အရောင်က ဝါကျင်ကျင်။ ဂျီနီဗာမှာ သူရခဲ့သည့်စာရွက်နှင့် တပုံစံတည်းဖြစ်သည်။ ရေးထားသည့်စာများကလည်း ပုံနှိပ်အင်္ဂလိပ်စာလုံးအကြီးများ။ မင်ရောင်က ဖျော့တော့တော့ဖြစ်နေသည်။ သို့သော်လည်း ကောင်းစွာ ဖတ်၍ရသည်။

ထိုစာသည်လည်း လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ရေးထားသည့် စာပင်ဖြစ်နေပါကလား။

နိုဝယ်ကလော်ဆင် - ဟိုးခရော့ဖ်တ်။

ယခုကိစ္စသည် သင်နှင့်မည်သို့မှ မသက်ဆိုင်။

ထပ်မံ၍လည်း ဒါမျိုး မဖြစ်စေရ။

ရှေ့ဆက်မဖတ်သေးပဲ စာရွက်ကို ကိုင်ကြည့်လိုက်သည်။ စာရွက်က သူ့လက်ထဲမှာ တွန့်ကြေသွားသည်။ စာရွက်က ဆွေးနေပြီ။

ဘုရားရေ. . . ဒီစာရွက်လဲ အလျင်နှစ်သုံးဆယ်ကျော်က ရေးခဲ့တဲ့ စာရွက်ဖြစ်နေပါပေါ့ကလား။

အောက်တွင် ဆက်လက်ရေးသားထားသည့် အကြောင်းအရာများကလည်း ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။

လူတစ်ယောက်၏ မှတ်သားထားချက်များနှင့် အိပ်မက်များအတွက် အတိတ်ကာလ၏ အရေးအရာများအားလုံးကို ပြင်ဆင်ပြီးဖြစ်သလို အနာဂတ် အတွက်လည်း ပါဝင်သက်ဆိုင်နေပြီးဖြစ်သည်။

ထို့ကြောင့် အိပ်မက်အကောက်အထည်ဖော်ရာလမ်းတွင် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတားအဆီးမျှ မရှိစေရ။

ကျွန်ုပ်တို့သည် ဝံပုလွေတွင် ကွပ်မျက်ခြင်း မခံခဲ့ရသော သေကံမရောက်သက်မပျောက်သူများ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုသူ၏ အိပ်မက်များ အကောင်အထည်ပေါ်လာရေးအတွက် နည်းမျိုးစုံဖြင့် စောင့်ရှောက်ကူညီသွားမည်ဖြစ်သည်။ လိုအပ်သလိုအကာအကွယ်ပေးမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် သစ္စာအဖောက်ခံလိုက်ရကြောင်း ကမ္ဘာသူကမ္ဘာသားများသိရှိအောင် ဖော်ထုတ်ပြသမည်။ ကျွန်ုပ်တို့သည် ကမ္ဘာသူ ကမ္ဘာသားများက ထင်မြင်ယူဆထားကြသကဲ့သို့ မဟုတ်ခဲ့ကြောင်း၊ မကျူးလွန်ခဲ့ကြောင်း အစွမ်းကုန် သိရှိထားသကဲ့သို့ပင် ဝံပုလွေမှ လွတ်မြောက်ခဲ့ရသော ကျွန်ုပ်တို့ အားလုံးသည် ခြောက်ပစ်ကင်းသဲလဲစင်များဖြစ်ကြောင်း ကျွန်ုပ်တို့ ကိုယ်တိုင်သာလျှင် သိရှိကြသည်။

သင့်အဖေ၏အိပ်မက် အကောင်အထည်ဖော်ရေးတာဝန်သည် ယခုအခါ သင် နိုဝယ်ကလော်ဆင်ဟိုးလ်ခရော့ဖ်တ်၏ တာဝန်သာလျှင်ဖြစ်တော့သည်။ သင်သည် ဆက်လက်အကောင်အထည်ဖော်ပေးရမည့်သူဖြစ်သည်။ သင့်အဖေ၏ဆန္ဒများ အကောင်အထည်ပေါ်ရေးသည် သင်၏တာဝန်သာ လုံးလုံးလျားလျားဖြစ်တော့သည်။

လူပေါင်းများစွာတို့က သင့်ကို အနှောက်အယှက်ပေးကြလိမ့်မည်။ သင့်အဖေ၏ အိပ်မက်ကို သင်အကောင်အထည်မဖော်နိုင်အောင် ဟန့်တားကြလိမ့်မည်။ တာတမံကို ချိုးချပြီး ရေလွှမ်းမိုးစေကာ အရာရာကို ပျက်စီးစေဘိသကဲ့သို့ သင့်အဖေ၏ အိပ်မက်ပျက်ပြယ်အောင် ပြုလုပ်ကြလိမ့်မည်။

သို့သော်လည်း ဝံပုလွေမှ လူများသည် မည်သို့ရပ်တည်ရမည်ကို ကောင်းစွာသိကြသည်။ ထို့ကြောင့် သင့်အား နှောက်ယှက်ဟန့်တားလာသူများ အားလုံး သူတို့ဘာသာသူတို့ ရပ်တန့်သွားကြလိမ့်မည်။

သင် လျှောက်လှမ်းရမည့်လမ်းကို ပိတ်ဆို့သူများ၊ မမှန်ကန်သော စကားများပြောပြီး သင်လမ်းကြောင်းပြောင်းသွားအောင် ပြုလုပ်သူများ၊ သင့်ကို အယုံသွင်းပြီး ပူးသတ်ရန်ကြံသူများအားလုံး ပျက်စီးချုပ်ငြိမ်းစေရမည်။



www.burmeseclassic.com

www.burmeseclassic.com



သင့်ကို ဇဝေဇဝါဖြစ်အောင်ပြုလုပ်သူများ၊ သင် တုံ့ဆိုင်းဆိုင်းဖြစ်သွားအောင် ပြုလုပ်သူများ အားလုံး ကျဆုံးရမည်။

ဤစကားများသည် သင်နှင့်ပတ်သက်၍ ကျွန်ုပ်တို့က သစ္စာစကားဆိုခြင်းပင် ဖြစ်ပါသတည်း။

နိုဝယ်က စာကို အံဆွဲထဲမှ ဆွဲထုတ်လိုက်သည်။ သူ့လက်နှင့်ထိလိုက်သောကြောင့် ဆွေးနေသည့် စာရွက်က ထက်ခြမ်းပြတ်သွားပြီး တခြမ်းက ကြမ်းပြင်ပေါ်သို့ ကျသွားလေသည်။

" အရှုး တွေ . . . အရှုး တွေ "

နိုဝယ်က အသံကုန်အော်ယင်း စားပွဲအံဆွဲကို ဆောင့်ပိတ်ကာ စာကြည့်ခန်းထဲမှ အပြင်သို့ ပြေးထွက်ခဲ့သည်။

တယ်လီဖုန်းဘယ်ရောက်သွားပြီလဲ။ ဒီတယ်လီဖုန်းက ဘယ်ရောက်သွားပြီလဲ။ တယ်လီဖုန်းကို ဒရောသောပါးရှာမိသည်။

စောစောက သူစကားပြောယင်း ပြတင်းပေါက်နားမှာ ချထားခဲ့မိသည်။ ယခုလည်း ပြတင်းပေါက်နားမှာပင် သွားတွေ့သည်။

" အရှုးတွေ . . . "

သူအော်ပြန်သည်။ မည်သူ့ကို အော်သည်ဟူ၍တော့မဟုတ်။ ကြုံမိကြုံရာ အော်ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ရေးခဲ့သည့်စာများကို ဂျီနီဗာတုန်းက သူရခဲ့သည်။ ထိုနည်းတူစွာ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်တုန်းက ရေးခဲ့သည့်စာသည် ယခုအခါ သူ့အခန်းထဲသို့ ရောက်နေပြန်ပြီ။ လွန်ခဲ့သည့် သုံးဆယ်ကျော်က လူရှုးများက သူ့အခန်းထဲသို့ သည်စာကိုလာထားသွားပြန်ပြီ။

ပီတာဘော်လ်ဒွင်အကြောင်းကို စဉ်းစားမိပြန်သည်။ ဘော်လ်ဒွင်သည် ထိုအကြောင်းများကို ပြောပြဖို့ မိုင်ပေါင်းသုံးထောင်ကျော်က ရောက်လာသည်။ သို့သော်လည်း သူနှင့်စကားပြောနေဆဲမှာပင် ဖုန်းကို ဘေးမှာချသွားသည်။ နောက်လိုင်းပြတ်သွားသည်။

လက်ပတ်နာရီကို ပြန်ကြည့်သည်။ သန်းခေါင်ကျော် တစ်နာရီထိုးလုနေပြီ။ ယခုဆိုလျှင် ဇူးရစ်မြို့တွင် ဘယ်အချိန်လောက်ရှိနေပြီနည်း။ မနက်ခြောက်နာရီ၊ ခုနစ်နာရီလောက် ရှိနေပြီလော။



www.burmeseclassic.com

www.burmeseclassic.com



ဖူးရစ်မြို့မှာရှိသော ဂျီနီဗာအာမခံဘဏ်တိုက်ခွဲသည် မည်သည့်အချိန်တွင် ဖွင့်သနည်း။ မနက်ရှစ်နာရီတွင် ဖွင့်ကြောင်း သူသိသည်။

ဘော်လ်ဒွင်နှင့် တယ်လီဖုန်းစကားပြောတုန်းက သူရပ်နေခဲ့သည့် ပြတင်းပေါက်မှာပင် ရပ်နေမိပြန်သည်။

တစ်ဘက်အိမ်မှ ပြတင်းပေါက်ကို ငေးကြည့်ယင်း စောစောက အကြောင်းများကို ပြန်စဉ်းစားနေမိသည်။

အမျိုးသမီးတစ်ယောက် ရွှေရောင်ဆံပင် ရှည်ရှည်နှင့် အမျိုးသမီးတစ်ယောက်. . . မီးညှိထားပြီးသား စီးကရက်ကို မီးခြစ်သုံးကြိမ်ခြစ်ကာ ပြန်ညှိသည်။

နိုဝယ်က အိတ်ထဲမှာ သော့စမ်းကြည့်သည်။ အိတ်ထဲမှာ သော့ရှိနေသည်။ ထို့ကြောင့် အခန်းတံခါးဆီသို့ ပြေးသည်။ အပြင်ထွက်ပြီး သော့ပြန်ခတ်သည်။ ဓာတ်လှေကားဆီသို့ ပြေးကာ ခလုတ်နှိပ်သည်။ သို့သော် ဓာတ်လှေကားက ဆယ်ထပ်မှာ ရပ်နေသည်။

စိတ်မရှည်နိုင်တော့သဖြင့် ရိုးရိုးလှေကားအတိုင်း အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ မြေညီထပ်သို့ ရောက်သောအခါ ဧည့်ခန်းထဲသို့ ဒရောသောပါး ပြေးဝင်သွားသည်။

" အောင်မယ်လေး . . . မစ္စတာပိုးလ်ခရော့ဖ်တ်. . . ဘယ်လိုလုပ်လိုက်တာလဲဗျာ. . . လန့်သွားတာပဲ " ဟု တံခါးစောင့် ဂျက်က အထိတ်တလန့် ဆီးပြောသည်။

" ဟိုဘက်အိမ်က တံခါးစောင့်ကို ခင်ဗျားသိသလား ဂျက် " ဟု နိုဝယ်က မောကြီးပန်းကြီး မေးသည်။

" ဘယ်အိမ်လဲ "

" ဒုက္ခပါပဲ. . . ဟိုဘက်အိမ်လေဗျာ "

နိုဝယ်က ညာဘက်မှာရှိနေသော အဆောက်အအုံကို လက်ညှိုးထိုးပြသည်။

" အဲဒါက အိမ်နံပါတ် သုံးရာ့ရှစ်ဆယ်ပဲ။ သိပ်သိတာပေါ့ "

" ကျွန်တော်နဲ့ ခဏလိုက်ခဲ့စမ်းပါ "

" ဟာ . . . မဖြစ်ဘူးဗျာ။ ကျွန်တော် ဒီနေရာက ခွာသွားခွင့်မရှိဘူး"

" တစ်မိနစ်ပဲ ကြာမှာပါဗျာ။ အဲဒီအတွက် ခင်ဗျားကို ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ပေးမယ် ”

“ တစ်မိနစ်ပဲနော် ”

အမှတ်-၃၈၀ မှ တံခါးစောင့်က သူတို့ကို ပျူပျူငှာငှာကြိုဆိုသည်။ နိုဝယ်သိချင်သည့် သတင်းကို အတိအကျဆုံးပြောပြရတော့မည်ဟုလည်း သူနားလည် သဘောပေါက်သွားလေသည်။

“ ဝမ်းနည်းပါတယ် ခင်ဗျာ။ အဲဒီအခန်းမှာ ဘယ်သူမှမနေကြပါဘူး။ လူမနေတော့တာ သုံးပတ်လောက်ရှိသွားပါပြီ။ ဒါပေမယ့် နောက်ထပ်လူငှားတော့ ရထားပါပြီ။ အိမ်ငှားတွေ ပြောင်းမလာကြသေးပါဘူး ”

“ အဲဒီအိမ်ခန်းမှာ လူရှိနေတယ်။ ရွှေရောင်ဆံပင်ရှည်ရှည်နဲ့ မိန်းမတစ်ယောက်၊ သူဘယ်သူလဲဆိုတာ သိရအောင် ကျုပ်သွားကြည့်ချင်တယ် ”

“ ရွှေရောင်ဆံပင်ရှည်ရှည်နဲ့ အမျိုးသမီးလား။ အရပ်မနိမ့်မမြင့်လေ။ အင်မတန်ချောတယ်။ စီးကရက်တအား သောက်တယ် မဟုတ်လား ”

“ ဟုတ်တယ်။ အဲဒီမိန်းမပဲ။ သူဘယ်သူလဲ ”

“ ဆရာ့အခန်းမှာ ဆရာနေတာကြာပါပြီလား ခင်ဗျာ ”

“ ဘာ. . . ”

“ ဆရာ့အခန်းမှာ နေတာကြာပါပြီလားလို့ ”

“ အနေကြာတာ မကြာတာနဲ့ ဘာဆိုင်သလဲ ”

“ ဒီလိုဆိုယင်တော့ ဆရာအရက်မူးလွန်နေလို့ဖြစ်ပါလိမ့် . . . ”

“ ခင်ဗျား ဘာပေါက်ကရစကားတွေ လျှောက်ပြောနေတာလဲ။ အဲဒီမိန်းမ ဘယ်သူလဲ ”

“ ဆရာပြောနေတဲ့ ရွှေရောင်ဆံပင်နဲ့ အမျိုးသမီးဟာ မစ္စက် ပါလာတိုင်း ဖြစ်ပါတယ် ခင်ဗျာ။ အဲဒီအမျိုးသမီး သေသွားတာ တစ်လကျော်ကျော်လောက် ရှိသွားပါပြီ ”

\+ \+ \+

နိုဝယ်သည် ပြတင်းပေါက်နားမှာထိုင်ပြီး တစ်ဘက်အိမ် ပြတင်းပေါက်သို့ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိသည်။

တစ်ယောက်ယောက်က သူ့ကို အရူးလုပ်နေသလားဟု စဉ်းစားကြည့်သည်။ သို့သော်လည်း ဘာအကြောင်းနှင့် အရူးလုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လောက်တုန်းကလည်း လူရှုးတွေရှိခဲ့သည်။ ထိုလူရူးများကြောင့် သူဒုက္ခရောက်နေရသည်။ ယခုအခါ သူ့ကိုပါလာပြီး အရူးလုပ်နေကြပြန်ပြီ။

စိန့်ရစ်ဂျစ်ဟိုတယ်သို့ ဖုန်းဆက်ကြည့်သည်။ ဖုန်းကတစ်ဘက်သို့ ခေါ်နေသော်လည်း တစ်ဘက်မှ ပြန်မကိုင်။

တစ်ဘက်အိမ်ပြတင်းပေါက်မှ ရွှေရောင်ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးသည် ထင်ထင်ရှားရှားကြီး ပေါ်လာခြင်းကား မဟုတ်။ သို့သော်လည်း သူအထင်အရှား မြင်ခဲ့ရသည်မှာ သေချာပါသည်။

ထိုင်ရာမှထပြီး အရက်သွားထည့်သောက်သည်။ လက်ပတ်နာရီကို ကြည့်သည်။ သန်းခေါင်ကျော် တစ်နာရီနှင့် မိနစ်ငါးဆယ်ရှိပြီ။ နိုင်ငံခြားတယ်လီဖုန်း အော်ပရေတာပြန်ခေါ်မည့်အချိန် ဆယ်မိနစ်လောက်လိုသေးသည်။ ထို့ကြောင့် ရေဒီယိုကို လှမ်းဖွင့်သည်။

ယခုလို အချိန်တွင် သီချင်းနားထောင်နေခြင်းက အကောင်းဆုံးဖြစ်မည်။

ရေဒီယိုက သီချင်းမထွက်ပဲ သတင်းတွေ ထွက်နေသည်။ နောက်မီတာတစ်ခုသို့ ပြောင်းသည်။ သတင်းတွေပဲ ထွက်နေသည်။ နောက် မီတာတစ်ခုသို့ ပြောင်းပြန်သည်။

> " ပုလိပ်တပ်ဖွဲ့ဝင်များက ဟိုတယ် ဝင်ပေါက်များကို ရှင်းနေပါတယ်။ ကျွန်တော်တို့ရဲ့ သတင်းထောက် ရစ်ချတ်ဒန်းလော့ကလဲ အခင်းဖြစ်ပွားတဲ့နေရာကို အသင့်ရောက်နေပါတယ်။ အခု ရစ်ချတ်ဒန်းလော့ရဲ့ သတင်းပေးပို့ချက်ကို နားဆင်ရပါတော့မယ် ခင်ဗျာ။ ရစ်ချတ်. . ခင်ဗျာ။ ဘာတွေ သိခဲ့ရသလဲ "
>
> တစ်ဆက်တည်းဆိုသလိုပင် သတင်းထောက်တစ်ယောက်၏အသံ ပေါ်ထွက်လာသည်။
>
> " အမျိုးသားရဲ့အမည်က ပီတာဘော်လ်ဒွင်ဖြစ်ပါတယ်။ အင်္ဂလိပ်လူမျိုးပါ။ မနေ့တုန်းက ရောက်လာတယ်လို့ယူဆရပါတယ်၊ စိန့်ရစ်ဂျစ်ဟိုတယ်ကို အဝင်ပြထားတာကတော့ မနေ့က ရက်စွဲနဲ့ပါပဲ။ နောက်ထပ် ဘာထူးခြားချက်တွေများ ရဦးမလဲဆိုပြီး ပုလိပ်အဖွဲ့ကတော့ လေကြောင်းကုမ္ပဏီတွေမှာ ဆက်လက်စုံစမ်းနေပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" သူ့အလောင်းကို ဘယ်တုန်းကတွေ့တာလဲ " ဟု သတင်းကြေငြာသူက ဖြတ်၍မေးသည်။

" နာရီဝက်လောက် ရှိသွားပါပြီ။ သူ့အခန်းက ဖုန်းခေါ်မရဘူးလို့ အပြင်ဘက်က လူတစ်ယောက် အကြောင်းကြားတဲ့အတွက် အလုပ်သမားတစ်ယောက်ကပြင်ဖို့ တက်သွားတဲ့အခါမှာ ရက်ရက်စက်စက် သတ်ထားတာခံရတဲ့ သူ့အလောင်းကို တွေ့ရတာပါပဲ "

" ခါးပြတိုက်ပြီး လူသတ်သွားတာလား "

" အခုအချိန်အထိတော့ သဲသဲကွဲကွဲ မသိရသေးပါဘူး။ ပုလိပ်အဖွဲ့က စုံစမ်းနေဆဲရှိပါတယ်။ ဗြိတိသျှ ကောင်စစ်ဝန်ရုံးနဲ့လဲ အဆက်အသွယ် လုပ်နေကြပါတယ် "

" ကျေးဇူးတင်ပါတယ် ရစ်ချတ်ဒန်းလော့ . . . သောတရှင်များခင်ဗျာ၊ အခုကြားခဲ့ရတဲ့ အတိုင်းပါပဲ။ စိန့်ရစ်ဂျစ်ဟိုတယ်မှာ လူသတ်မှုတစ်ခု လွန်ခဲ့တဲ့ နာရီဝက် ပတ်ဝန်းကျင်လောက်က ဖြစ်ပွားသွားပါတယ်။ အသတ်ခံရတဲ့လူက အင်္ဂလိပ်လူမျိုး ပီတာဘော်လ်ဒွင် . . . "

နိုဝယ်က ရေဒီယိုကို ပိတ်ပစ်လိုက်သည်။

သူအသက်ရှူမမှန်နိုင်အောင်လည်း ဖြစ်နေသည်။ နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်ကိုပင် မယုံကြည်ချင်။ သည်အတိုင်းဆိုလျှင်တော့ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်က လူရှုးများပြောသည့် စကားများမှန်ကန်ပြီဟု တွေးရမလိုဖြစ်နေသည်။

ဂျီနီဗာ အစီအစဉ်ကိုဖျက်ရန် ပီတာဘော်လ်ဒွင်က သူ့ကိုပြောခဲ့သည်။

ထိုသို့ပြောခဲ့ခြင်းသည် ဟိန်းနရစ်ကလော်ဆင်၏ အိပ်မက်များအကောင်အထည်ပေါ် ရေးနှင့်ပတ်သက်ပြီး ကြားဝင်နှောင့်ယှက်သည့် သဘောဖြစ်သည်။သူတို့၏ ပဋိညာဉ်ခံလုပ်ငန်းကို ဝင်ရောက်နှောင့်ယှက်ခြင်း ဖြစ်သည်။

နိုဝယ်သည် ကုလားထိုင်သို့ ပြန်သွားထိုင်သည်။ အရက်ခွက်ကို မြှောက်လိုက်သည်။

တစ်ဘက်အိမ်ပြတင်းပေါက်မှ ဓာတ်မီးခြစ်သည့် အလင်းရောင်ကို နိုဝယ်မြင်လိုက်ရပြန်သည်။ ကမန်းကတန်းလှမ်းကြည့်လိုက်သောအခါ ပါးလွှာသည့် ခန်းဆီးနောက်ကွယ်တွင် ရွှေရောင်ဆံပင်ရှည်ရှည်နှင့် အမျိုးသမီး၏ အရိပ်ကို တွေ့လိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက နိုဝယ်ကို တည့်တည့် လှမ်းကြည့်နေသည်။ ထို့ကြောင့် နိုဝယ်ကထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။ ပြတင်းပေါက် ဘောင်ကိုကိုင်ပြီး အမျိုးသမီးကို သေသေချာချာ စိုက်ကြည့်သည်။

အမျိုးသမီးက သူ့ကိုခေါင်းညိတ်ပြနေသည်။ သူ့ကို တစ်စုံတစ်ရာ ပြောပုံရသည်။ နိုဝယ် စဉ်းစားနေသည့် အချက်များ မှန်ကန်ကြောင်းပြောပြီး ခေါင်းညိတ်ပြနေသည့် အမူအရာမျိုး ဖြစ်သည်။

လွန်ခဲ့သည့် တစ်လကျော်က ဆုံးသွားသော မစ္စက်ပါလာတိုင်း ဖြစ်ပါ သည်ဟု တစ်ဘက်အိမ် တံခါးစောင့်က ပြောခဲ့သည်။

သည်အတိုင်းဆိုလျှင်တော့ သေသွားပြီဖြစ်သည့် အမျိုးသမီး တစ်ယောက်က တစ်ဘက်ပြတင်းပေါက်မှာ လာရပ်ပြီး သူ့တွေးထင်ချက်များ မှန်ကန်ကြောင်း အတည်ပြုနေခြင်းဖြစ်နိုင်ပါသည်။

ထိုအခိုက် တယ်လီဖုန်း ခေါင်းလောင်းသံ ရုတ်တရက်ပေါ်ထွက်လာ သောကြောင့် နိုဝယ်၏တကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည်။ ဖုန်းဆက် မြည်နေမည်စိုးသောကြောင့် ကမန်းကတန်း ကောက်ကိုင်သည်။

"မစ္စတာဟိုးလ်ခရော့ဖ်တ် . . . နိုင်ငံခြား တယ်လီဖုန်း အော်ပရေတာ ပါ။ ဇူးရစ်မြို့ကို ခေါ်ထားတဲ့ဖုန်း ရပါပြီရှင် . . ."

တစ်ဘက်မှထူးသံကို နားထောင်သည်။ ပြီးတော့ သူမည်သူဖြစ်ကြောင်း ပြောပြသည်။ သို့သော် တစ်ဘက်မှလူက နားမလည်သောကြောင့် နှစ်ကြိမ် ပြန်ပြောပြနေရသည်။

" ကျွန်တော်တို့အားလုံး ဝမ်းနည်းပက်လက်ဖြစ်နေကြပါတယ် မစ္စတာဟိုးလ်ခရော့ဖ်တ်။ ဟာမင်ဖရက်ဒီ ကောင်းကောင်းနေမကောင်းတာကို ကျွန်တော်တို့အားလုံးသိထားခဲ့ကြပါတယ်။ ဒါပေမယ့် သူ့ကျန်းမာရေး အခြေ အနေဟာ ဒါလောက်ကြီး မြန်မြန်ဆန်ဆန် ဆိုးရွားသွားမယ်လို့ ကျွန်တော်တို့ မတွေးမိကြပါဘူး "

" ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ။ ဘာဖြစ်တာလဲ "

" ရောဂါဆိုတာကလဲ လူတစ်ယောက်နဲ့တစ်ယောက် တူတာမဟုတ် ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဘက်ကြီးဖြစ်တဲ့ ဟာလင်ဖရက်ဒီ ဟာ အင်မတန်စိတ်ဓါတ်ပြင်းထန်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ သာမန်လူတွေ မလုပ်နိုင်တဲ့အလုပ်မျိုးကိုတောင် အောင်မြင်အောင် လုပ်နိုင်စွမ်းတဲ့ စိတ်ဓါတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ တော်ရုံကိစ္စကြောင့် စိတ်ဓါတ်ကျတာမျိုး . . . အားလျှော့တာမျိုး မရှိ . . .”

“ဟော့လူ. . . ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ. . ဘာဖြစ်တာလဲ ”

နိုဝယ်ဟိုးလ်ခရော့ဖ်တ်က စိတ်မရှည်နိုင်တော့သဖြင့် ဖုန်းထဲသို့ ပြန်အော်သည်။

“ သူ့ကိုယ်သူ အဆုံးစီရင်သွားတာပါ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ဟာမင်ဖရက်ဒီဟာ သူဆောင်ရွက်ရမယ့်ကိစ္စတွေကို မစွမ်းဆောင်နိုင်တော့တဲ့အတွက် သူ့ကိုယ်သူ သေကြောင်းကြံစည်သွားပါတယ် ”

“ သေကြောင်းကြံစည်သွားတယ် . . . ”

“ တခြားစကားလုံးနဲ့ နားဝင်သက်သာအောင် အစားထိုးပြောလို့လဲ မရနိုင်တော့ပါဘူးခင်ဗျာ။ မင်ဖရက်ဒီဟာ သူတည်းနေတဲ့ ဟိုတယ်ပြတင်းပေါက်ကနေ အောက်ကိုခုန်ချပြီး သေကြောင်းကြံစည်သွားပါတယ်။ ဝေဒနာကို ခံစားမသွားရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမှာပါပဲ။ ဒါကြောင့် ကျွန်တော်တို့ ဘဏ်တိုက်တွေအားလုံး ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေနဲ့ လုပ်ငန်းများကို တစ်မိနစ်တိတိ ရပ်ဆိုင်းလိုက်ပါတယ် ”

“ အိုး. . . ဘုရား . . . ဘုရား ”

“ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ခင်ဗျာ။ ဟာမင်ဖရက်ဒီ မရှိတော့ပေမယ့် ကျွန်တော်တို့ ဘဏ်လုပ်ငန်းတွေကတော့ ဆက်လက်လည်ပတ်နေမှာပါပဲ။ မစ္စတာဟိုးလ်ခရော့ဖ်တ်တို့ရဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်လို့လဲ စည်းကမ်းနည်းလမ်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့”

နိုဝယ်က ဖုန်းကိုပစ်ချလိုက်သည်။

မင်ဖရက်ဒီသည် ဟိုတယ်ပေါ်မှခုန်ချပြီး သေကြောင်းကြံစည်သွားသည်။

မဖြစ်နိုင်ပါ။ သူ့ကိုယ်သူ သတ်သေသွားခြင်း မဖြစ်နိုင်ပါ။

တစ်စုံတစ်ယောက် လုပ်ကြံသတ်ဖြတ်သည်ကို ခံသွားရခြင်းသာ ဖြစ်ရပါမည်။ ဟိုတယ်ပေါ်မှခုန်ချပြီး မဟုတ်ပါ။ တွန်းချခံလိုက်ရခြင်းသာ ဖြစ်ပါသည်။

ဘာကြောင့် ယခုလို အသတ်ခံရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂျီနီဗာမှာ နိုဝယ်နှင့်တွေ့တုန်းက ' ဝံပုလွေ 'တို့၏ အစွမ်းအစနှင့် ပတ်သက်ပြီး မင်ဖရက်ဒီက ရယ်သွမ်းသွေးခဲ့သည်။ ' ဝံပုလွေ 'တို့၏ ခြိမ်းခြောက်မှုများသည် ဘာမှအရေးထားနေစရာမဟုတ်ဟူသော သဘောမျိုး ပြောခဲ့သည်။

ထိုစကားများကိုပင် သူ၏ ဒါရိုက်တာများကိုလည်း ပြန်ပြောကောင်း ပြောပေလိမ့်မည်။ သူပြောသည့်စကားများသည် သူ၏ဒါရိုက်တာများမှတဆင့် ပေါက်ကြားသွားကာ ယခုလို အသတ်ခံရခြင်းဖြစ်ရမည်ဟု နိုဝယ်က တွေးသည်။

မျက်နှာချင်းဆိုင် ပြတင်းပေါက်မှ မီးခြစ်သည်ကို မြင်လိုက်ရပြန်သည်။ ရွှေရောင်ဆံပင်ရှည်ရှည်နှင့် အမျိုးသမီး၏အရိပ်ကို ပါးလွှာသော ပိုးခန်းဆီး၏နောက်ကွယ်တွင် မြင်ရပြန်သည်။

နိုဝယ်ကိုကြည့်ပြီး အမျိုးသမီးက ခေါင်းညိတ်ပြပြန်သည်။ နိုဝယ် စဉ်းစားနေသည်များအားလုံး မှန်ကန်ကြောင်းအတည်ပြုပြောဆိုသည့် သဘောမျိုးဖြစ်လေသည်။

သူမှန်ကန်ကြောင်း သေဆုံးသွားပြီဖြစ်သည့် အမျိုးသမီးက ပြောနေပါကလား။

အမျိုးသမီးက နောက်ဘက်သို့လှည့်ပြီး ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ မီးများလည်း မှောင်သွားသည်။

" ပြန်လာပါ . . . ပြန်လာခဲ့ပါ "

နိုဝယ်က ပြတင်းပေါက် တံခါးကိုထုပြီး အသံကုန်အော်သည်။

" ပြန်လာခဲ့ပါ . . . မင်းဘယ်သူလဲ "

သူ့ဘေးရှိ တယ်လီဖုန်းခေါင်းလောင်း မြည်ပြန်သည်။ သူမမြင်ဖူးသော ပစ္စည်း အထူးအဆန်းကို မြင်တွေ့နေရသကဲ့သို့ တယ်လီဖုန်းကို ငေးစိုက်ကြည့်နေမိသည်။

ခဏကြာတော့မှ တုန်ယင်သောလက်များဖြင့် ကောက်ကိုင်မိသည်။

" မစ္စတာဟိုးလ်ခရော့ဖ်တ် . . ဂျက် စကားပြောနေပါတယ်။ ခင်ဗျားအခန်းမှာ ဖြစ်တာတွေ့နဲ့ပတ်သက်ပြီး ကျွန်တော် ရိပ်မိသလိုလို ရှိလာပါတယ်။ စောစောတုန်းကတော့ . . . ဒီအကြောင်းကို ကျွန်တော်မစဉ်းစားခဲ့မိပါဘူး။ အခုကလေးပဲ စဉ်းစားလိုက်မိလို့ ဖုန်းဆက်တာပါ "

" ဘာများလဲ "



www.burmeseclassic.com

www.burmeseclassic.com



“ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းက ညဘက်မှာ လူနှစ်ယောက်လာပါတယ်။ ခင်ဗျားအထပ်မှာနေတဲ့ မစ္စတာဆေးလ်ဗားစတိန်းရဲ့သော့ ပြင်ဖို့လို့ ဆိုပါတယ်။ ဒီတုန်းကတော့ ဘယ်လိုမှ မစဉ်းစားမိခဲ့ပါဘူး။ နောက်ပိုင်းကျတော့မှ ဒီလူတွေဟာ နေ့ဘက်မှာမလာဘဲ ဘာကြောင့်ညကြီးကျမှ သော့ပြင်ဖို့ လာသလဲလို့ စဉ်းစားမိပါတယ်။ ဒါကြောင့် စောစောတုန်းက ကျွန်တော်လူဝီကို ဖုန်းထပ်ဆက်ပြီး ဒီအကြောင်းပြောပြပါတယ်။ အဲဒီလူတွေ မနေ့က တစ်ခေါက် ထပ်လာသေးကြောင်း လူဝီက ပြောပါတယ်။ ဒါကြောင့် အဲဒီလူတွေများ ခင်ဗျားအခန်းကို မွှေနှောက်သွားသလားဆိုတာ စဉ်းစားစရာပါပဲ ”

“ သူတို့နဲ့ပတ်သက်ပြီး ခင်ဗျားဘာများ မှတ်မိသလဲ ”

“ သိပ်မှတ်မိတာပေါ့ခင်ဗျာ. . သူတို့ထဲက တစ်ယောက်ကို ကျွန်တော်သေသေချာချာ မှတ်မိလိုက်ပါတယ်။ သူ့ရုပ်က . . . ”

ထိုအခိုက် ကျယ်လောင်သည့်အသံတစ်ခု ဖုန်းထဲသို့ ဝင်လာသည်။

သေနတ်သံတစ်ချက်။

ထိုအသံနှင့်တဆက်တည်း ရုတ်ရုတ်သဲသဲအသံ။ တယ်လီဖုန်း လွတ်ကျသွားသည့်အသံများ ဆက်တိုက်ပေါ်ထွက်လာသည်။

နိုဝယ်သည် ဖုန်းကိုပစ်ချခဲ့ပြီး အခန်းပေါက်ဆီသို့ တဟုန်ထိုးပြေးသွားသည်။ တံခါးကိုဆောင့်ဖွင့်သည်။ အရှိန်ပြင်းလွန်းသောကြောင့် တံခါးမှ မှန်တစ်ချပ် ကွဲသွားသည်။

ဒါတွေကို သူဂရုစိုက် မနေအားတော့ပါ။ အပြင်သို့ အမြန်ဆုံးရောက်ဖို့ ကြိုးစားသည်။ ဓာတ်လှေကားနှင့်ဆင်းနေလျှင် ကြာမည်ဟုတွေးပြီး ရိုးရိုးလှေကားအတိုင်း ပြေးဆင်းခဲ့သည်။

ဧည့်ခန်းထဲသို့ ပြေးဝင်သည်။

တယ်လီဖုန်း တွဲလောင်းကျနေပြီး ကြမ်းပြင်ပေါ်တွင် သေနတ်ဒဏ်ရာဖြင့် အသက်ကုန်နေပြီဖြစ်သော တံခါးစောင့် ဂျက်ကို စိတ်ချောက်ချားဖွယ်ရာ တွေ့ရသည်။

နိုဝယ်က တုန်လှုပ်ချောက်ချားစွာဖြင့် ငေးကြည့်နေမိသည်။ ဂျက်သည်လည်း သူတို့လုပ်ငန်းထဲသို့ ဝင်ရောက်နှောင့်ယှက်လာသူဖြစ်သည်။ သူ့အခန်းတွင်း ဝင်ရောက်မွှေနှောက်သွားသူ၏ ပုံသဏ္ဍာန်ကို ဖော်ပြရန် သူကြိုးစားသည်။ ထို့ကြောင့် ‘ဝံပုလွေ’များက သူ့ကို နှုတ်ပိတ်လိုက်ခြင်းဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘော်လ်ဒွင် . . . မင်ဖရက်ဒီ . . . အပြစ်မဲ့သော တံခါးစောင့် ဂျက်။

အားလုံး အသတ်ခံလိုက်ကြရပြီ။

သင်လျှောက်လှမ်းရမည့် လမ်းကို ပိတ်ဆို့သူများ၊ မမှန်ကန်သော စကားများပြောပြီး သင် လမ်းကြောင်းပြောင်းသွားအောင် ပြုလုပ်သူများ၊ သင့်ကို အယုံသွင်းပြီး ပူးသတ်ရန် ကြံသူများအားလုံး ပျက်စီးချုပ်ငြိမ်းစေရမည်။

သင့်ကို ဇဝေဇဝါဖြစ်အောင် ပြုလုပ်သူများ၊ သင် တုံ့ဆိုင်းဆိုင်းဖြစ်သွားအောင် ပြုလုပ်သူများအားလုံး ကျဆုံးရမည်။

‘ တခြားရွေးစရာလမ်းရော ရှိသေးရဲ့လား ’ ဟု ဂျီနီဗာတုန်းက မင်ဖရက်ဒီက သူ့ကို မေးခွန်းထုန်ခဲ့ဖူးလေသည်။

ယခုမူ သူပတ်လည်မှာ သေခြင်းတရားများ ဝန်းရံလျက်ရှိချေပြီ တကား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၅ )

နိုဝယ်၏အမေ အယ်လ်သိန်းဟိုးလ်ခရော့ဖ်တ်သည်။ ဘက်ဖို့ဒ်ဟေးလ်ရှိ သူတို့အနားယူသော အိမ်မှ စာကြည့်ခန်းထဲမှာ ထိုင်နေသည်။

အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သော်လည်း ကျန်းမာရေးကောင်းသောကြောင့် ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်တင်းတင်းရှိသည်။ မျက်နှာအမူအရာက ဘာကိုမဆို ရဲရဲတင်းတင်း ဆုံးဖြတ်မည့် အမူအရာမျိုးဖြစ်သည်။

သူ၏ခင်ပွန်းဟောင်း ဟိန်းနရစ်ကလော်ဆင်၏ စာကိုသူဖတ်ပြီးပြီ။ ထိုစာနှင့်ပတ်သက်၍ သူစဉ်းစားနေသည်။ အသက်ပြင်းပြင်းမရှူမိအောင်လည်း စိတ်ကို ထိန်းထားလေသည်။

အခန်း၏တစ်ဘက်ခြမ်း ပြတင်းပေါက်နားမှာ နိုဝယ်ရပ်နေသည်။ ပြတင်းပေါက်ကိုကျော်ပြီး ပန်းခြံတွင်းသို့ မျှော်ကြည့်နေသည်။

နိုဝယ်က ပြတင်းပေါက်နားမှ ပြန်လှည့်လာခဲ့ကာ သူ့အမေနှင့် မျက်နှာချင်းဆိုင်မှာ ရပ်သည်။

“ အဲဒီစာကို မေမေ အခေါက်ခေါက်အခါခါဖတ်ပြီးပြီ။ ဘယ်လိုသဘောရသလဲ မေမေ ”

“ ဘယ်လိုမှ သဘောမရပါဘူး။ ဒီစာကို သူရေးခဲ့တာအမှန်ပဲ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးလဲ အမှန်ပဲ။ ရေးပုံရေးနည်း စကားလုံး သုံးပုံသုံးနည်းတွေကလဲ သူ့လက်ရာချည်းပဲ "

အယ်လ်သိန်းက စာကို စားပွဲပေါ်မှာ ပြန်တင်ထားယင်း ဖြေသည်။

" ဒီလိုဆိုယင် ဒီအထဲမှာပါတဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီး မေမေ သဘောတူတယ်ပေ့ါနော် "

" သဘောတူတယ် မတူဘူးဆိုတာက မေမေနဲ့မဆိုင်ဘူးလေ သားရဲ့၊ ဒီစာဟာ သူ့စာအစစ်အမှန်ဖြစ်ကြောင်းလောက်သာ မေမေက ပြောတာပဲ။ ဒီမှာ မေးစရာတွေက အများကြီးရှိနေတယ်။ ငွေရေးကြေးရေး ကိစ္စတွေက နားမလည်နိုင်စရာတွေအများကြီး ရှိနေတယ် "

" မေးခွန်းတစ်ခုထုတ်လိုက်ယင် နောက်ထပ်မေးခွန်းတစ်ခု ဆက်ထုတ်စရာတွေဖြစ်လာလိမ့်မယ် မေမေ။ ဂျီနီဗာမှာနေတဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီလို အဖြစ်မျိုးတွေ ပေါ်လာမှာကို မလိုလားဘူး "

" သူတို့ လိုလားတာ မလိုလားတာ မေမေနဲ့မဆိုင်ဘူး။ မေမေက သားနဲ့ပဲဆိုင်တယ်။ သားရဲ့ အလုပ်တွေအားလုံးကို ခြောက်လလုံးလုံး ဒီအတိုင်း စွန့်ပစ်ခဲ့ပြီး သူတို့အလုပ်ကို လုပ်ပေးနေဖို့ သူတို့က တောင်းဆိုတာနဲ့ပဲ ဆိုင်တယ် "

" ဒါကလဲ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲမဟုတ်လား မေမေ "

" ဒါကိုလဲ မေမေ မဆိုလိုပါဘူး။ ဒါပေမယ့် သားက မေမေ့အပေါ်မှာ လျှို့ဝှက်ထားတာတွေ များလွန်းတယ်။ ဂျီနီဗာမှာ ရှိနေတဲ့လူ ဘယ်သူပါဆိုတာ မပြောဘူး။ ကျန်တဲ့မိသားစုတွေရဲ့ အကြီးဆုံးသားသမီးဘယ်သူတွေ ဖြစ်တယ်ဆိုတာကိုလဲ မပြောဘူး။ သားလုပ်နေပုံတွေက သိပ်ကို လျှို့ဝှက်လွန်းနေတယ်"

" ဒါကလဲ မေမေကောင်းဖို့ လုပ်နေရတာပါ မေမေ "

" ဒီစာတွေကို ဖတ်ရတာနဲ့ပဲ မေမေ့မှာ အတော် စိတ်အနှောင့်အယှက် ဖြစ်နေရပါပြီ သားရယ် . . . "

" ဒီလိုလဲ သဘောမထားပါနဲ့ မေမေ။ စစ်အတွင်းတုန်းက ဂျာမနီနိုင်ငံမှာ အကျင့်ပျက်မှုတွေ အကြီးအကျယ် ပေါ်ခဲ့တယ်။ ဒါတွေကို မေမေကြိုမြင်ခဲ့တယ်။ တစ်နေ့ကျယင် အစုလိုက် အပြုံလိုက် လူသတ်ပွဲကြီးတွေ ပေါ်တော့မယ်၊ ပြည်သူ့ဘဏ္ဍာတွေကို အလွဲသုံးစားပြုကြတော့မယ်ဆိုတာကို မေမေ ကြိုမြင်ခဲ့တယ်။ ကြိုတင်မြင်တဲ့ အတိုင်းလဲ နာဇီခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ မေမေယောကျ်ားကို မေမေပြောခဲ့တယ်။ သတိပေးခဲ့တယ်။ တားခဲ့တယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ယောက်ျားက မေမေ့စကားကို နားမထောင်ဘူး။ ဒါကြောင့် မေမေက သူ့ကို စွန့်ပစ်ခဲ့တယ်။ နောက်ဆုံးကျတော့ မေမေပြောတာတွေအားလုံး မှန်ပါပေါ့ကလားလို့ မေမေ့ယောက်ျား အမြင်မှန်ရလာတယ်။ အမြင်မှန် ရလာတဲ့ အတိုင်းပဲ သူလုပ်သင့်လုပ်ထိုက်တာတွေကို လုပ်တယ်။ ကျွန်တော်တော့ ဒီလိုပဲ မြင်ပါတယ် မေမေ။ ဒါကြောင့် ဘာဖြစ်မယ်ဆိုတာ ကြိုတင်ဟောကိန်းထုတ်ခဲ့တဲ့ မေမေ့မှာ အန္တရာယ်ရှိနိုင်တယ်လေ။ အဲဒီအန္တရာယ်ကြောင့် ဒီအထဲမှာ မေမေ မပတ်သက်စေချင်တာ ”

“ သြော်. . . ဒီလိုကိုး ”

“ နောက်ပြီးတော့ ရှိပါသေးတယ်မေမေ။ ဒီအကြောင်းလူတွေသိကုန်ယင် ဆွစ်ဇာလန် ဘဏ်တိုက်ထဲမှာ ရှိနေတဲ့ငွေတွေ ပြဿနာပေါ်လာနိုင်တယ်။ အဲဒီငွေတွေဟာ မတရားသောနည်းနဲ့ ဌာနပေါင်းများစွာ၊ လူပေါင်းများစွာဆီက ခိုးထားတဲ့ ငွေတွေမဟုတ်လား။ ငွေပိုင်ရှင်တွေက ဒီအကြောင်းသိယင် အပြည်ပြည်ဆိုင်ရာ တရားရုံးတင်ပြီး တရားစွဲကြလိမ့်မယ်။ ဒီလိုဖြစ်ယင် ဟိန်းနရစ်ကလော်ဆင်ရဲ့ အိပ်မက်တွေ ဘယ်မှာလာပြီး အကောင်အထည်ပေါ်နိုင်တော့မှာလဲ ”

“ ဘာပဲဖြစ်ဖြစ် မေမေ့ကိုတော့ အကုန်လုံး ဖွင့်ပြောသင့်တယ်လို့ ထင်တယ် ”

“ ဘာကြောင့်လဲ မေမေ. . . မေမေ တစ်ခုခုများ လုပ်ချင်စိတ်ရှိနေလို့လား ”

“ ဒါက အခြေအနေပေါ်မှာ မူတည်ပါတယ်။ မေမေရဲ့ဆောင်ရွက်ချက်ကြောင့် တစ်စုံတစ်ယောက် စိတ်ဆင်းရဲသွားရတာမျိုးကိုတော့ မဖြစ်စေချင်ဘူး ”

“ ဖေဖေ့ကို ဆိုလိုတာလား မေမေ ”

အယ်လ်သိန်းက သားဖြစ်သူကို တည့်တည့်စိုက်ကြည့်သည်။

“ ဟုတ်တယ်။ မေမေတို့ သားအမိ လုံခြုံရေးအတွက် သူနည်းမျိုးစုံနဲ့ ကာကွယ်ပေးခဲ့တယ်။ မေမေတို့ လုံခြုံရေးအတွက် တစ်လောကလုံးကို အရှုံးလုပ်ခဲ့ကြတယ်။ သူဟာ မေမေတို့ကို မေတ္တာတရားတစ်ခုတည်း ပေးတာမဟုတ်ပါဘူး။ မေမေတို့ရဲ့ ဘဝကိုပါ ပြန်ပေးတာပါ။ သူဘာတွေပဲလုပ်ပေးရလုပ်ပေးရ မေတ္တာတရားတစ်ခုပဲ သူ့ကိုပြန်ပေးဖို့ တောင်းဆိုတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" မေမေကလဲ တုံ့ပြန်ခဲ့တာပဲ မဟုတ်လား "

" ဟုတ်တယ်။ မေမေသေတဲ့အချိန်အထိ သူလိုချင်တဲ့မေတ္တာကိုပေးမယ်။ အစပိုင်းတုန်းကတော့ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ဟာလဲ ဟိန်းနရစ်ကလော်ဆင်လိုလူစားမျိုးပဲလို့ မေမေထင်ခဲ့မိသေးတယ်။ ဒါပေမယ့် မေမေမှားသွားတယ်။ အကြီးအကျယ်ကို မှားသွားတယ်။ ဟိန်းနရစ်သေသွားတာ နှစ်ပေါင်းများစွာ ကြာတာမှန်တယ်။ ဒါပေမယ့် သူ့ကို စက်ဆုပ်ရွံရှာတဲ့စိတ်ကို မေမေဘယ်လိုမှ ဖျောက်ဖျက်လို့မရဘူး။ သူ့ကို ကလဲ့စားချေချင်စိတ်သာ အမြဲရှိနေခဲ့တယ် "

" နောက်ဆုံးတော့ သူအမြင်မှန်ရသွားတာပဲ မေမေရယ်။ ဒီစာက သက်သေခံနေတယ် မဟုတ်လား။ ဒီလိုအမြင်မှန်ရသွားတာဟာလဲ မေမေ့ကြောင့် ဖြစ်ကြောင်း အတည့်အလင်းဝန်ခံထားသားပဲ။ သူဟာ သိပ်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်သွားရရှာပါတယ် "

" အဲဒီလောက် ဒုက္ခကိုတော့ အနည်းဆုံး ခံထိုက်တဲ့လူပါ။ နည်းတောင်နည်းသေးတာပေါ့။ မေမေတွေ့ဖူးသမျှလူတွေထဲမှာ ကြောက်စရာအကောင်းဆုံးလူပါ။ အဖောက်ပြန်ဆုံးလူပါ။ အခု စာဆိုတာကလဲ အပေါ်ယံ ကြောပါ သားရယ် "

" ဟိုတုန်းကတော့ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ် မေမေ။ နောက်ပိုင်းမှာ သူပြောင်းလဲသွားတယ်။ သူ့ဘဝရဲ့ နောက်ဆုံးအချိန်တွေမှာ သူပြောင်းလဲသွားတယ်။ သူတို့မှားခဲ့တာတွေကို ပြန်လည်ပြင်ဆင်ချင်ပါတယ်လို့လဲ ဒီစာထဲမှာ သေသေချာချာ ရေးထားတာပဲမေမေ။ သူတို့သုံးယောက်ဟာ ပျက်စီးသွားတဲ့ သူတို့ ဂုဏ်သိက္ခာတွေကို ပြန်ဆည်ချင်တယ်။ ဂျာမနီနိုင်ငံတော်ကြီးရဲ့ ဂုဏ်သိက္ခာကို ပြန်ဆည်ချင်တယ်။ ကြီးမားတဲ့ရာဇဝတ်မှုကြီးတွေကို ကျူးလွန်ခဲ့တာဟာ ဂျာမနီနိုင်ငံတော်ကြီးက ကျူးလွန်တာမဟုတ်ကြောင်း၊ သူတို့က ကျူးလွန်တာမဟုတ်ကြောင်း ကမ္ဘာသူ ကမ္ဘာသားတွေ သိအောင် လုပ်ချင်တယ်၊ အဲဒီအတွက် သူတို့ ရိုးရိုးသားသား ကြိုးစား နေကြတာပါ မေမေ "

" ဒီစကားတွေကို မေမေကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရဖူးပါတယ် သားရယ်။ ဒီတုန်းက မေမေကလဲ ငယ်သေးတော့ သူပြောတာတွေကို အဟုန်ကြီးထင်ခဲ့တာပေါ့။ ဒါပေမယ့်သူတို့ စိတ်ထဲကပါလို့ ပြောနေတာတွေ မဟုတ်ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



" အခုလက်တွေ့ လုပ်ပြနေပြီ မဟုတ်လားမေမေ။ ဒါဟာ စိတ်ထဲက တကယ့်ကို နှစ်နှစ်ကာကာ ယုံကြည်လို့ လက်တွေ့အကောင်အထည်ဖော်တာပေါ့။ ဒါတစ်ခုတည်းနဲ့တင် ထင်ရှားနေပါပြီ မေမေရယ် "

" ဒီအကြောင်းတွေ မေမေ့ကို ဘာကြောင့် လာပြောနေတာလဲ "

" ဘာကြောင့်လဲဆိုတော့ ဒီတာဝန်ကို ကျွန်တော်ယူဖို့ ဆုံးဖြတ်ပြီးသွားပြီ မေမေ။ ကျွန်တော်ရုံးကို ပိတ်တော့မယ်။ ခရီးရှည်တွေ သွားတော့မယ်။ ပတ်သက်တဲ့ လူတွေကို တွေ့အောင် ရှာတော့မယ်။ ပြီးယင် သူတို့ရဲ့ ဂုဏ်သိက္ခာတွေကို ကျွန်တော် အဖတ်ဆည်ပေးတော့မယ် "

အယ်လ်သိန်းကငြိမ်ပြီး စဉ်းစားနေသည်။ နိုဝယ်က ထိုင်ရာမှထသွားပြီး သူ့အမေကို အားပါးတရ ဖက်သည်။

" မေမေဟာ မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ကို အံ့သြစရာကောင်းတဲ့ အမျိုးသမီးလို့ ဂျီနီဗာက လူကပြောတယ် မေမေ။ ဟုတ်တယ်။ မေမေဟာ သိပ်ကို အံ့သြစရာကောင်းတာပဲ "

" ဒီအတိုင်း ပြောသလား "

" ဒီအတိုင်းပဲ မေမေ "

" အင်း . . . မင်ဖရက်ဒီကိုး "

အယ်လ်သိန်းက လေသံကလေးဖြင့် ပြောသည်။

" သူ့ကို မေမေသိလားဟင် . . . "

" ဒီနာမည်ကိုကြားရတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အကြောင်းအရာတွေကို ပြန်သတိရလာတယ်။ သူအသက်ရှင်နေတုန်းပဲကိုး "

နိုဝယ်က ' အသက်ရှင်နေတုန်းပဲကိုး ' ဟူသော မှတ်ချက်ကို တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုပဲနေသည်။

" ဒီစကားကြားရုံနဲ့ မင်ဖရက်ဒီဖြစ်ကြောင်း မေမေဘယ်လိုလုပ်သိသလဲဟင် "

" ဘာလင်မှာ မေမေရှိတို့နေတုန်းကပေါ့။ နွေရာသီနေ့တစ်နေ့မှာ မေမေတို့ ဂျာမနီနိုင်ငံထဲက ထွက်သွားနိုင်အောင် သူက အကူအညီပေးခဲ့တယ်၊ မေမေတို့ဆိုတာက သားနဲ့မေမေပဲ။ မေမေတို့အတွက် လေယာဉ်ပျံ စီစဉ်ပေးတယ်။ လိုအပ်တဲ့ငွေလဲ လုံလောက်အောင် ပေးလိုက်တယ်။ အဲဒီတုန်းကမေမေဟာ ' မယုံကြည်နိုင်စရာကောင်းလောက်အောင် အံ့သြဖို့ကောင်းတဲ့ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ’ လို့ သူပြောခဲ့ဖူးတယ်။ နာဇီတွေက မေမေတို့ကို မြေလှန်ရှာလိမ့်မယ်တဲ့။ သူတတ်နိုင်သလောက် ကူညီပါ့မယ်တဲ့။ မေမေတို့ကိုလဲ ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုလုပ်ဆိုပြီး အကြံဉာဏ်တွေ ပေးလိုက်တယ်။ အဲဒီတုန်းက သူ့အရပ်ကလေး ပုသလောက် လူကောင်သေးသလောက် တကယ့်ကို စိတ်ဓာတ်ရင့်ကျက်ပြင်းထန်နေတဲ့ လူကြီးတစ်ယောက်ဖြစ်နေတာကို တွေ့ရတယ်။ အင်း. . . အခုလို နှစ်တွေ ဒါလောက်ကြာလာပြီးတော့မှ. . . ”

“ ဒီအကြောင်းတွေ သူက ဘာမှမပြောဘူး မေမေ။ ဘာကြောင့် ကျွန်တော့်ကို သူမပြောတာလဲ ”

“ သားက မေမေ့ကို ဒါတွေပြန်ပြောပြယင် မေမေ့ဆီက သားသိရမှာပဲဆိုတာ သူတွက်ထားပြီးသားဖြစ်လို့ နေပါလိမ့်မယ်။ ကောင်းပါပြီလေ. . . လောလောဆယ်မှာတော့ သားတို့လုပ်ငန်းထဲမှာ မေမေ ဘာမှ မပတ်သက်ပါဘူး ”

အယ်လ်သိန်းက သက်ပြင်းချယင်း ပြောသည်။

“ သား ရောက်ရာအရပ်ကနေ မေမေနဲ့မပြတ်တမ်း အဆက်အသွယ်ယူနေပါ့မယ် မေမေ ”

\+ \+ \+

သားဖြစ်သူနိုဝယ် အခန်းထဲမှထွက်သွားသည်ကို အယ်လ်သိန်းဟိုးလ်ခရော့ဖ်တ်က မျက်စိတဆုံး ကြည့်နေလိုက်သည်။

ရုတ်တရက်တော့ သူ့မျက်နှာက တင်းမာနေသည်။ သို့သော်လည်း ချက်ချင်းပင် အမူအရာပြန်လည် ပျော့ပျောင်းသွားသည်။ နှုတ်ခမ်းပါးကလေးများပေါ်မှာ အပြုံးကလေး တစ်ခု ပေါ်လာသည်။

ဝိုင်းစက်သော မျက်လုံးများ အရောင်တောက်လာသည်။ ကျေနပ်သည့် အရိပ်အရောင်များ၊ ခွန်အားရှိသည့် အရိပ်အရောင်များလည်း ထိုမျက်လုံးအစုံထဲမှာ ပေါ်လွင်ထင်ရှားလာသည်။

ဘေးနားမှာရှိသော တယ်လီဖုန်းကို ကောက်ယူပြီး ခလုတ်တစ်ခုကို နှိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ အော်ပရေတာ-ကျေးဇူးပြုပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ကို ဆက်ပေးပါနော် ”

❖

လုပ်ငန်းပိတ်လိုက်သည်နှင့်ပတ်သက်၍ ခိုင်လုံသောအကြောင်းပြချက်ရှိဖို့လိုကြောင်း နိုဝယ်သဘောပေါက်ပြီး ဖြစ်ပါသည်။

အကြောင်းပြချက် မခိုင်လုံလျှင် စုံစမ်းစစ်ဆေးမှုများ ပေါ်လာမည်။ ထိုသို့ ပေါ်လာလျှင် သူတို့ အကြံအစည်များ ပျက်ပြားသွားနိုင်သည်။

သူ့မိတ်ဆွေ ဆမ် အကြောင်းကို စဉ်းစားမိသည်။ ဆမ်သည် ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ အသက် ငါးဆယ်ရှိပြီ။

သူတို့နှစ်ယောက် မက်ဆီကိုမှာ တစ်ကြိမ်၊ ကိုစတာရီကာမှာ တစ်ကြိမ် အတူသွားရောက် အလုပ်လုပ်ဖူးသည်။

ကိုစတာရီကာမှာ အဆောက်အအုံတစ်ခုကို ကန်ထရိုက်ယူပြီး ဆောက်ကြတုန်းက နိုဝယ်အသက်ဘေးမှ လွတ်ခဲ့ရဖူးသည်။

မိမိကိုယ်မိမိကာကွယ်ဖို့ ခြောက်လုံးပြူးတစ်လက် ဆောင်ထားသင့်ကြောင်း ဆမ်က အကြံပေးသည်။ နိုဝယ်က ငြင်းသည်။ နောက်ဆုံး ဆမ်က အတင်းအကျပ် တိုက်တွန်းပြီး သူ့သေနတ်ကိုပေးထားသောကြောင့် မငြင်းသာပဲ ကိုင်ခဲ့ရသည်။

တစ်ညတွင် နိုဝယ်၏တဲထဲသို့ သူခိုးဝင်သည်။ နိုဝယ်ကို သတ်ဖို့ ကြိုးစားသည်။ သို့သော် နိုဝယ်၏လက်တွင် သေနတ်အသင့်ရှိသောကြောင့် သူက လက်ဦးပြီး အသက်ချမ်းသာရာ ရခဲ့ဖူးသည်။

“ အင်း . . . မင်းဘဝ တစ်လျှောက်လုံး မင်းအသက်ချမ်းသာဖို့အတွက် ငါကပဲ တာဝန်ယူသွားရတော့မယ် ထင်ပါရဲ့ နိုဝယ် ” ဟု ဆမ်က ထိုစဉ်တုန်းက ပြောခဲ့ဖူးသည်။

ထို့ကြောင့် ဆမ်သည် သူ့အသက်သခင်ဆိုကလည်း မမှားနိုင်ပါ။

ဆမ်သည် နယ်သာလင်နိုင်ငံမှ ကုမ္ပဏီကြီးသွားဖွင့်ပြီး လုပ်ငန်းအောင်မြင်နေသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ လက်မလည်အောင် ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်သာလင်နိုင်ငံ ကူရာကောင်းကျွန်းကလေးမှာ ရုံးထိုင်နေသော ဆမ်ထံသို့ ဖုန်းလှမ်းဆက်သည်။

“ ဟကောင်ကြီး . . . မင်းအသံကိုမကြားရတာ နှစ်ပေါင်းမရေနိုင် ပါတော့လား။ သူခိုးကိုပစ်တဲ့ မင်းသေနတ်ရော ”

“ နိုဝယ်၏အသံကို ကြားသောအခါ ဆမ်က ဝမ်းသာအားရပြန်ပြော သည်။

“ သူခိုးပစ်ပြီးကတည်းက ကျွန်တော်လုံးလုံးပြန်မကိုင်တော့တာ ကနေ့ အထိပါပဲ ဆမ်။ နောက်လဲ ဘယ်တော့မှ ပြန်ကိုင်တော့မယ် မထင်ပါဘူး။ ခင်ဗျားလုပ်ငန်းတွေ ဘယ်လိုနေသလဲ ”

“ဒီမှာရှိနေတဲ့ ငတိတွေက သုံးဖြုန်းမကုန်တဲ့ ပိုက်ဆံတွေကို မီးပုံရှို့ ချင်နေကြတယ်လေကွာ။ ဒီတော့ ဒီက မီးခြစ်ကလေးကိုင်ပြီး စောင့်နေရုံပေ့ါ။ ဘာလဲ မင်းအလုပ်လိုချင်လို့လား ”

“ မဟုတ်ပါဘူး။ အကူအညီကလေးတစ်ခု တောင်းချင်လို့ပါ ”

“ ကြိုက်ရာတောင်း ”

“ ကျွန်တော့်အလုပ်ကို ပိတ်လိုက်ပြီ။ ဒါပေမယ့် ဘာကြောင့်ပိတ်သလဲ ဆိုတာ အကြောင်းပြဖို့လိုတယ်။ ခင်ဗျားဆီမှာ ကျွန်တော် အလုပ်ပြောင်းလုပ် တဲ့အတွက် နယူးယောက်မှာရှိနေတဲ့ရုံးကို ပိတ်လိုက်တယ်ဆိုတာမျိုး အကြောင်း ပြချင်တယ် ”

“ ရတယ်လေကွာ။ မင်းတကယ်လာချင်သပဆိုရင်လဲ အချိန်မရွေး လာပါမောင်။ ငါ့မှာ သင်္ဘောနှစ်စင်းနဲ့ ရွက်သင်္ဘောတစ်စင်းရှိတယ်။ မင်းကြိုက် သလို နေနိုင်ပါတယ် ”

“ ကျွန်တော် အလုပ်တော့လာမလုပ်နိုင်ဘူး။ ဒါပေမယ့် ဘယ်သူက မေးမေး ခင်ဗျားဆီမှာ ကျွန်တော်အလုပ်လုပ်နေတယ်ဆိုတာ ပြောပေးပါ။ စုံစမ်း မှုတွေလုပ်လာယင် တရားဝင်အောင်လဲ လုပ်ပေးထားဖို့ လိုတာပေ့ါဗျာ ”

“ ငါဟာ မင်းရဲ့လူပါကွာ။ ဒါလောက်ကတော့ ဘာအပန်းကြီးလို့လဲ။ ဖြစ်ရစေ့မယ် နိုဝယ် ”

“ ဒါလောက်ဆိုယင် လုံလောက်ပါပြီဗျာ ”

“ မင်းကို အဆက်အသွယ်လုပ်ချင်ယင် ဘယ်လိုလုပ်မလဲဆိုတာ ပြောထား။ မင်းနဲ့ပတ်သက်ပြီး စုံစမ်းတာတွေလုပ်လာယင် မင်းကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားရအောင် ”

❖

ထိုကိစ္စပြီးသွားသောအခါ နိဝယ်က သူ့ရုံးကို ပိတ်ပစ်လိုက်သည်။ အကြောင်းပြချက်ကတော့ နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် ကန်ထရိုက်စာချုပ်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်နေသောကြောင့် နယူးယောက်မြို့မှာရှိသော ကုမ္ပဏီကို ပိတ်လိုက်သည်ဟူ၍ ဖြစ်သည်။

သူ့အတွင်းရေးမှူးနှင့် ပုံဆွဲဆရာနှစ်ယောက်အတွက် အလုပ်ရှာရသည်မှာလည်း ချောချောမောမော ဖြစ်သွားပါသည်။

သူငယ်ချင်းကုမ္ပဏီများသို့ တယ်လီဖုန်း လေးငါးကြိမ်ဆက်ရုံမျှဖြင့် သုံးယောက်စလုံး ချက်ချင်းအလုပ်ရသွားသည်။

သည်လိုဆိုတော့ သူလုပ်စရာရှိသည့်အလုပ်ကို အချိန်ဆိုင်းမနေတော့ဘဲ စတင်လုပ်ကိုင်ဖို့သာ ကျန်တော့သည်။

သူ့စိတ်ထဲမှာလည်း “ ပျက်စီးသွားသော ဂုဏ်သိက္ခာများကို ပြန်လည်အဖတ်ဆည်ပေးရေး ” ဟူသော အချက်တစ်ခုတည်းသာ ရှိနေသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ‘ ဝံပုလွေ ’များ မှားယွင်းခဲ့သည်များကို ပြန်လည် ပြင်ဆင်ပေးရေး ဟူသော အချက်သာ ရှိနေသည်။

တက္ကဆီကားတစ်စီးကို ဖမ်းတားသည်။

“ ခြောက်ရာသုံးဆယ့်ငါးရိပ်သာကို မောင်းပါ ”

တက္ကဆီကားထဲ ဝင်ထိုင်ယင်း သူကပြောသည်။

ထိုနေရာကား ဘရာဇီးနိုင်ငံ ကောင်စစ်ဝန်ချုပ်၏ ရုံးဖြစ်လေသည်။

သူ၏ လူရှာပုံတော်ကြီး စတင်ပါပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

" ခင်ဗျားပြောတာတွေ နားမရှင်းလို့ပြန်မေးပါရစေဦး မစ္စတာ ဟိုးလ်ခရော့ဖ်တ် " ဟု အသက်ကြီးလှပြီဖြစ်သော ကောင်စစ်ဝန်ကြီးက ကုလားထိုင်နောက်မှီပေါ်သို့ ကိုယ်ကိုမှီချလိုက်ယင်း ပြောသည်။

" ဘယ်သူတွေပြောပါတယ်လို့ ထုတ်ဖော်မပြောနိုင်တဲ့ မိသားစုတစ်စု ဘယ်ရောက်နေတယ်ဆိုတာ ခင်ဗျားသိချင်တယ်။ အဲဒီ မိသားစုဟာ ၁၉၄၀-ခုနှစ်နောက်ပိုင်း ဘရာဇီးနိုင်ငံထဲကို ဝင်သွားကြတယ်လို့ ကျုပ်ကို ခင်ဗျားပြောတယ်။ နောက်ဆုံးရထားတဲ့ သတင်းတွေအရ သူတို့ တစ်မိသားစုလုံး လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာက ပျောက်ဆုံးသွားကြတယ် မဟုတ်လား "

ကောင်စစ်ဝန်ကြီး၏ မျက်နှာပေါ်မှ နားဝေတိမ်တောင်ဖြစ်နေသော အမူအရာကို နိုဝယ် သတိပြုမိသည်။ ထို့ကြောင့်လည်း တော်တော်ကြောင်သည့် အလုပ်ကို လုပ်နေမိပါပေါ့ကလားဟု တွေးမိသည်။

သို့သော် မတတ်နိုင်ပါ။ ဝေလ်ဟမ်ဗွန်တိုင်း၊ ဘို့လ်တ်တို့၏အမည်ကို ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပါ။ ဘရာဇီးနိုင်ငံသို့ မရောက်သေးမီ ထိုနာမည်များ ပေါက်ကြားသွား၍ မဖြစ်သေးပါ။

ထိုနာမည်များ ပေါက်ကြားသွားခြင်းအားဖြင့် ဘရာဇီးနိုင်ငံတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူလုပ်မည့် ရှာပုံတော်ဖွင့်ပွဲတွင် အရှုပ်အထွေးတွေ ပေါ်ပေါက်လာနိုင်ပါသည်။

နိုဝယ်က ကျေကျေနပ်နပ် ပြုံးလိုက်သည်။

" ကျွန်တော်ပြောတာက ဒီလိုမဟုတ်ပါဘူး ခင်ဗျာ။ အဲဒီ မိသားစုကို ရှာချင်တယ်ဆိုယင် ဘယ်လိုနည်းလမ်းမျိုးနဲ့ရှာယင် ဖြစ်နိုင်ပါသလဲဆိုတာသာ မေးတာပါ။ ကျွန်တော်ကိုယ်တိုင် သူတို့ကို လိုက်ရှာမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး "

" အင်း . . . ဒီမေးခွန်းကလဲ အဆန်းပဲ။ ခင်ဗျားက သတင်းစာဆရာများလား "

ထိုမေးခွန်းကို မည်သို့ပြန်ဖြေရမည်နည်းဟု နိုဝယ်ကအပြေးအလွှား စဉ်းစားသည်။ ' ဟုတ်ပါတယ် 'ဟု ဖြေလိုက်လျှင် အလွယ်ကလေးဖြစ်သည်။ သတင်းစာဆရာ တစ်ယောက်အနေနှင့် မေးခွန်းများ ပိုထုတ်၍ပင် ကောင်းသေးသည်။

သို့သော် ရက်အနည်းငယ်အတွင်း ရိုင်းယိုးဒီဂျနေးရိုမြို့သို့ သူသွားတော့မည်။ လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများမှာ ဖြည့်စွက်ရတော့မည်။ ထောက်ခံစာများယူရမည်။ ပြည်ဝင်ခွင့်တောင်းရမည်။

ထိုအခါတွင် ယခုအဖြေနှင့် မကိုက်ညီသောကြောင့် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာနိုင်သည်။

" မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က ဗိသုကာ ပါ "

ကောင်စစ်ဝန်ကြီး၏ မျက်နှာပေါ်မှာ အံ့ဩသည့် အရိပ်အရောင်များ ပေါ်လာပြန်သည်။

" ဒီလိုဆိုယင် ခင်ဗျား ဘရာဇီးနိုင်ငံကို အလည်သွားမှာပေါ့။ ကောင်းလိုက်လေဗျာ "

" ကျွန်တော်ကလဲ အလွန်သွားချင်နေတာပါခင်ဗျာ "

" ပေါ်တူဂီစကား တတ်သလား "

" စပိန်စကား နည်းနည်းပါးပါး တတ်ပါတယ်။ မက်ဆီကိုနိုင်ငံနဲ့ ကိုစတာရီကာမှာ ကျွန်တော် အလုပ်သွားလုပ်ဖူးပါတယ် "

" အင်း . . . ကျုပ်တို့စကားတွေ ဘေးရောက်သွားပြန်ပြီ။ စောစောက ခင်ဗျားကို သတင်းစာဆရာလားလို့ မေးလိုက်တဲ့အခါမှာ ခင်ဗျား ရုတ်တရက်ပြန်မဖြေသေးပဲ တုံ့ဆိုင်းဆိုင်းဖြစ်သွားတယ်။ ဟုတ်ပါတယ်လို့ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တဲ့ သဘောမျိုးပဲ။ ခင်ဗျား ပြောနေတာတွေကလဲ ပျောက်နေတဲ့ မိသားစုတစ်ခုကို ရှာချင်တဲ့ အကြောင်း၊ ဒါကြောင့် ကျုပ်လဲ မျက်စိလည်ချင်သလိုလို ဖြစ်သွားပြီ။ ကျုပ်ကို ဘာဖြစ်လို့ ပြည့်စုံအောင် ပြောမပြချင်ရတာလဲ မစ္စတာ ဟိုးလ်ခရော့ဖ်တ် ”

ကိုယ်မကျွမ်းကျင်သော တောနက်နက်တစ်ခုထဲသို့ ရောက်နေရသည်ဟု နိုဝယ်၏စိတ်ထဲမှာ ခံစားလာရသည်။ သည်လိုနေရာမျိုးတွင် မမှနသော စကားများ ပြောနေရခြင်းသည်လည်း အန္တရာယ်ကြီးကြောင်း သင်ခန်းစာများကို ထုတ်ယူနေမိသည်။

(သင်ခန်းစာ အမှတ်တစ်-ကြိုတင်ပြင်ဆင်မှုရှိပါစေ။)

“ ကျွန်တော့်မှာ ပြောစရာများများစားစားလဲ မရှိပါဘူး ခင်ဗျာ။ ခင်ဗျားရဲ့နိုင်ငံကို ကျွန်တော် သွားစရာကိစ္စကလေးတစ်ခု ပေါ်လာပါတယ်။ ဒါကြောင့် ကျွန်တော့် မိတ်ဆွေတစ်ယောက်က သူ့အသိမိသားစုတစ်စု အကြောင်း လမ်းကြုံယင် စုံစမ်းခဲ့စမ်းပါ ဆိုလို့ပါ ”

နိုဝယ်က မနေတတ် မထိုင်တတ်ဖြင့် ပြန်ပြောသည်။

(သင်ခန်းစာ အမှတ်နှစ်-အမှန်တရားကိုအခြေခံပြီး လိမ်ပါ။)

“ ဒီလိုဆိုတော့ ခင်ဗျားမိတ်ဆွေက သူတို့ဘယ်မှာရောက်နေတယ်ဆိုတာ မခန့်မှန်းတတ်နိုင်အောင် ဖြစ်နေတယ်ပေါ့ ”

“ သူက မိုင်ပေါင်းထောင်နဲ့ချီပြီး ဝေးတဲ့နေရာက လှမ်းစုံစမ်းနေရတာဆိုတော့ အခက်အခဲတော့ ရှိတာပေါ့ခင်ဗျာ ”

“ မိုင်ပေါင်းများစွာ ဝေးတဲ့နေရာက လှမ်းစုံစမ်းနေရတယ်ဆိုတော့ ရှုပ်ထွေးမှုတွေ ဖြစ်မကုန်စေချင်ဘူးပေါ့လေ။ဒါကြောင့် အဲဒီမိသားစုရဲ့ နာမည်ကို ခင်ဗျားက ထုတ်မပြောနိုင်တာပေါ့ ”

“ အဲဒီသဘောမျိုးပဲ ဆိုပါတော့ ”

“ ခရီးဝေးတာနဲ့ မဆိုင်ပါဘူးလေ။ ဘရာဇီးနိုင်ငံထဲမှာရှိနေတဲ့ ယုံကြည်စိတ်ချရတဲ့ ရှေ့နေတစ်ဦးဦးကို ကြေးနန်းရိုက်ပြီး တာဝန်ပေးလိုက်ယင် အလွယ်ကလေးဖြစ်နိုင်သားပဲ။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ အဲဒီလို အလုပ်မျိုးလုပ်နေတဲ့ ရှေ့နေတွေ အများကြီးရှိပါတယ်။ ခင်ဗျားမိတ်ဆွေရှာချင်တဲ့ မိသားစုဟာ ဘယ်ရောက်နေတယ်ဆိုတဲ့ အထောက်အထား မရှိဘူး မဟုတ်လား ”

နိုဝယ်က ကောင်စစ်ဝန်ကြီးကိုကြည့်ယင်း ပို၍မနေတတ် မထိုင်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလေသည်။

(သင်ခန်းစာ အမှတ်သုံး-မိမိ ချောင်ပိတ်မိစေမည့် အဖြစ်မျိုးကို ကြို တင်ရှောင်ပါ။)

“ ကောင်စစ်ဝန်ကြီး ပြောပုံမျိုးက ကျွန်တော့်ကို မကူညီချင်တဲ့ပုံမျိုး ပဲ ”

“ ဒီလိုထင်တဲ့အတွက် ဝမ်းနည်းပါတယ်။ ခင်ဗျားကို ကျွန်တော် အင်မတန်ကူညီချင်ပါတယ်။ ကျွန်တော့်တာဝန်ကလဲ လူတွေကို ကူညီဖို့ပါပဲ။ ဒီလိုလာပြီးစုံစမ်းတာဟာ ခင်ဗျား ပထမဆုံးမဟုတ်ပါဘူး။ ပထမဆုံးမဟုတ် သလို နောက်ဆုံးလဲ မဖြစ်နိုင်ပါဘူး။ ၁၉၄၀-ပြည့်နှစ် နောက်ပိုင်းမှာ ကျွန်တော် တို့ တိုင်းပြည်ထဲကို ပြည်ပကလူတွေ တသောသော ဝင်လာခဲ့ကြပါတယ်။ အများစုကတော့ ဂျာမနီနိုင်ငံကပါပဲ။ သူတို့ထဲမှာ ငွေကြေးအမြောက်အမြား ယူလာသူတွေလဲရှိပါတယ်။ ကြားနေနိုင်ငံများကို ငွေကြေးပို့လိုက်တဲ့လူတွေလဲ ရှိပါတယ်။ အဲဒီငွေတွေထဲမှာ တရားမဝင်တဲ့ငွေတွေလဲ ပါပါတယ်။ ကျွန်တော့် စကားကို သေသေချာချာ နားထောင်ပါနော်။ အဲဒီလူတွေထဲက တချို့ပျောက် သွားကြပါတယ်။ ဒီလို ပျောက်သွားတာဟာလဲ အကြောင်းမဲ့မဟုတ်ပါဘူး ”

“ ဘာကို ဆိုလိုတာလဲ ခင်ဗျာ ”

“ သူတို့ဟာ ပျောက်ကိုပျောက်ရမယ် မစ္စတာဟိုးလ်ခရော့ဖ်တ်။ နူရင်းဘတ် တရားရုံးက လိုချင်နေတဲ့ တရားခံတွေရှိတယ်။ အစ္စရေးလ်က လိုက်ရှာနေတဲ့ လူတွေရှိတယ်။ အဲဒီလို အရှာခံရတဲ့လူတွေဟာ များသောအား ဖြင့် ငွေကြေးတွေကို မတရားရယူလာခဲ့ကြတဲ့ လူတွေဖြစ်တယ်။ ဆိုပါတော့ နိုင်ငံခြားအစိုးရတချို့ရဲ့ ငွေတွေဖြစ်မယ်။ ပုဂ္ဂလိကတချို့ရဲ့ ငွေတွေဖြစ်မယ်။ ဒါကြောင့် အဲဒီငွေတွေကို ပြန်လည်ရယူနိုင်ဖို့ ဒီလူတွေကို ရှာနေကြတယ်ဆိုတဲ့ သဘောပေါ့ ”

ကောင်စစ်ဝန်ကြီး၏ စကားကြောင့် နိုဝယ်မှာ ထိတ်ထိတ်ပျာပျာဖြစ် သွားသည်။ ဣန္ဒြေမပျက်အောင် အတော်ကြိုးစားထိန်းလိုက်ရသည်။

သညအတိုင်းဆိုလျှင် ဝေလ်ဟမ်းဗွန်းတိုင်းဘိုလ်တ်တို့ မိသားစုသည် ငွေကြေး မတရားသယ်ယူလာမှုဖြင့် အစ္စရေးလ်တို့ လက်ချက်ကြောင့် ကိစ္စချော ကုန်ကြပြီလောဟု တွေးကြည့်မိပြန်သည်။

(သင်ခန်းစာ အမှတ်လေး-မမျှော်လင့်သော တိုက်ဆိုင်မှုများပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာတတ်သည်။ ထိုအခါတွင် ထွက်ပေါက်ကို တွေ့အောင် ရှာတတ်ပါစေ။)

" ကျွန်တော်ပြောတဲ့ မိသားစုကတော့ အဲဒီလို အရှုပ်အထွေးမျိုးထဲမှာ ပါလိမ့်မယ် မထင်ပါဘူးခင်ဗျာ "

" အဲဒါနဲ့ပတ်သက်လို့လဲ ခင်ဗျားကိုယ်ခင်ဗျား မသေချာဘူး မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ အဲဒီ မိသားစုနဲ့ပတ်သက်ပြီး ခင်ဗျားသိထားတာက နည်းနည်းကလေးရှိတာ မဟုတ်လား "

" အဲဒီအချက်လောက်တော့ သေချာတယ်ဆိုပါစို့ခင်ဗျား။ ထားပါတော့လေ။ အဲဒီလို မိသားစုတစ်ခုကို ရှာချင်တယ်ဆိုယင် ကျွန်တော်ဘယ်နည်းနဲ့ရှာရမလဲ။ အဲဒီမိသားစုမျိုး ဘာဖြစ်သွားတယ်ဆိုတာ သိချင်ယင် ဘယ်လိုစုံစမ်းရမလဲ "

" စောစောက ကျွန်တော် ပြောခဲ့ပါပြီ။ ရှေ့နေကနေတဆင့် ရှာပါဆိုတာလေ "

ရှေ့နေနဲ့တော့ မဖြစ်ပါဘူးခင်ဗျာ။ ကျွန်တော်က ဗိသုကာပါ။ တကယ်ကတော့ ရှေ့နေဆိုတာ သဘာဝရန်သူတွေပါပဲ။ သူတို့က အင်မတန်အချိန်ဆွဲချင်တက်ကြတဲလူစားတွေပါ။ ရှေ့နေတစ်ယောက်ထက်တော့ ပိုပြီးမြန်အောင် ကျွန်တော်တောင် လုပ်တတ်ပါတယ်။ ကျွန်တော်စပိန်စကားအထိုက်အလျှောက် တတ်နေတာပဲ "

ကောင်စစ်ဝန်ကြီးက ဆေးပြင်းလိပ် ထုတ်တည်သည်။ သို့သော်လည်း နိုဝယ်က ငြင်းသည်။

" ကျွန်တော့်ကို အဲဒီမိသားစု နာမည်ထုတ်ပြောသင့်ကြောင်း ခင်ဗျားယုံကြည်အောင် မတတ်နိုင်တော့ဘူး ထင်တယ် "

" အိုး. . . ဒုက္ခပါပဲဗျာ "

နိုဝယ်က အထိတ်တလန့်အော်ယင်း ထိုင်ရာမှခုန်ထသည်။ ဒါလောက်ဆိုလျှင် တော်လောက်ပြီဟုလည်း သဘောထားလိုက်သည်။

" ထိုင်ပါ. . . ထိုင်ပါ. . . ကျေးဇူးပြုပြီး ပြန်ထိုင်ပါ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ခဏလောက်ထိုင်ပါ။ ကျွန်တော် အချိန်မဖြုန်းပါဘူး "

နိုဝယ်က ပြန်ထိုင်သည်။

" ကျွန်တော်တို့ နိုင်ငံမှာ ဂျာမန်အသိုင်းအဝိုင်းဆိုတာရှိတယ်။ သူတို့အချင်းချင်း အဆက်အသွယ်အပြတ် မခံကြဘူး။ အချင်းချင်း ကိစ္စကြီးငယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း စောင့်ရှောက်ကြတယ်။ ဒါကြောင့် အဲဒီ ဂျာမန်အသိုင်းအဝိုင်းမှာ သွားပြီး စုံစမ်းကြည့်ပါဦး။ အဲဒီလိုဆိုယင်တော့ ဘယ်လောက်များ နီးစပ်နိုင်မလဲ မသိဘူး"

" ကျွန်တော်သဘောပေါက်ပါပြီခင်ဗျား "

" သူတို့နာမည်ကို ထုတ်မပြောနိုင်ဘူးနော် "

" မပြောနိုင်ပါဘူး ခင်ဗျာ "

" ကောင်းပါပြီလေ။ ကျွန်တော် ဆိုလိုတာကလဲ အပြစ်ရှိနေတဲ့ ဂျာမန်တွေဖြစ်နေမှာ စိုးလို့ပါ။ အပြစ်ရှိနေယင် အကြောက်တရား မွေးနေတတ်တယ်။ အကြောက်တရား မွေးနေယင် မသင်္ကာစိတ်တွေ တိုးပွားလာတတ်တယ်။ မသင်္ကာစိတ်တွေ အစိုင်အခဲ ကြီးလာပြီဆိုယင် အကြမ်းဖက်မှုတွေဖြစ်လာတတ်တယ်။ ဒါကြောင့် ခင်ဗျားအတွက် စိုးရိမ်လို့ ကျွန်တော်က ပြောနေရတာပါ။ နာမည်ကို မေးနေရတာပါ "

နိုဝယ်က ကောင်စစ်ဝန်ကြီးကို ငေးကြည့်နေသည်။ အနေရအထိုင်ရလည်း ပိုကျပ်လာပြန်သည်။

" ဒါလောက်တော့လဲ မဟုတ်နိုင်ပါဘူးခင်ဗျာ။ ကောင်စစ်ဝန်ကြီးသိပ်များအတွေးခေါင်သွားပြီလား မဆိုနိုင်ပါဘူး "

" ထားပါတော့လေ။ နောက်တစ်ခု အကြံပေးလိုက်ဦးမယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့ကိုရောက်ယင် လူဝင်မှုကြီးကြပ်ရေးဌာနကို သွားပါ။ အဲဒီဌာနမှာ ခင်ဗျားရှာချင်သူတွေရဲ့ နာမည်ကိုပြောပြပါ။ ဘရာဇီးနိုင်ငံထဲကို ဘယ်အချိန်လောက်က ဝင်လာတယ်ဆိုတာ ခန့်မှန်းပြီးပြောပြပါ။ ခင်ဗျားကို သူတို့ကူညီနိုင်ကောင်းကူညီနိုင်ပါလိမ့်မယ် "

" ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား "

နိုဝယ်က အခန်းပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

\+ \+ \+

ဘရာဇီးလ်လူမျိုးသည် အခန်းထဲမှ ခပ်သွက်သွက်ထွက်လာသည်။ အပြင်အခန်းကလေးတစ်ခုထဲတွင် သံအရာရှိတစ်ယောက် ထိုင်နေသည်။ ဘရာဇီးလ်အဘိုးကြီးကို တွေ့သောအခါ ထိုင်ရာမှ ကမန်းကတန်းထရပ်သည်။

" ဂျူအန်း. . . မင်းရုံးခန်းကို ပြန်ယူနိုင်ပြီ "

" ကျေးဇူးတင်ပါတယ် ကောင်စစ်ဝန်ကြီးခင်ဗျား "



www.burmeseclassic.com

www.burmeseclassic.com



ကောင်စစ်ဝန်ကြီးက သူ့ရုံးခန်းသို့တောက်လျှောက်တန်းသွားသည်။ ရုံးခန်းထဲသို့ရောက်သောအခါ သူ့အတွင်းရေးမှူးကို ခေါ်သည်။

" သံရုံးကိုဆက်ပေးစမ်းပါ။ သံအမတ်ကြီးနဲ့ စကားပြောချင်တယ်။ ရုံးမှာ သံအမတ်ကြီးမရှိယင်လဲ ဘယ်မှာရှိမယ်ဆိုတာ မေးပါ။ အရေးကြီးတဲ့ စကားပြောစရာရှိနေကြောင်းပြောပြပါ "

အတွင်းရေးမှူးအမျိုးသမီး ထွက်သွားသောအခါ ကောင်စစ်ဝန်ကြီးက စားပွဲပေါ်မှာရှိသော သတင်းစာဖြတ်ပိုင်းများကို လှန်လှောကြည့်နေသည်။

လန်ဒန်မှ နယူးယောက်မြို့သို့ပျံသန်းလာသော ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ်ပျံကြီးပေါ်တွင် လူသတ်မှုဖြစ်ပွားသည့် အကြောင်းနှင့် ကွင်းသို့ရောက်အပြီး ထိုလေယာဉ်ကြီးအနီးရှိ ဓာတ်ဆီတင်ကားပေါ်တွင်လည်း လူနှစ်ယောက် အသတ်ခံရသည့် အကြောင်းများကို ရေးသားဖော်ပြထားသည်။

ထိုလေယာဉ်နှင့်လိုက်ပါလာသည့်ခရီးသည် အမည်စာရင်းကိုလည်း သီးခြားတွေ့ရသည်။

" နိုဝယ်ဟိုးလ်ခရော့ဖ်တ်။ ထွက်ခွာလာသည့်အရပ်-ဂျီနီဗာမြို့။ လေယာဉ်စီးသည့်မြို့-လန်ဒန်မြို့။ သွားမည်မြို့-နယူးယောက်မြို့ "

ခရီးသည်အမည်စာရင်းများထဲမှ ထိုစာကြောင်းကလေးကို ကောင်စစ်ဝန်ကြီးက သေသေချာချာကြည့်နေသည်။ ကြည့်နေယင်း စိတ်သက်သာရာလည်း ရသွားလေသည်။

တယ်လီဖုန်း ခေါင်းလောင်းမြည်လာသည်။

" ပြောပါ "

" သံအမတ်ကြီးနဲ့ စကားပြောပါရှင် "

" ကျေးဇူးတင်ပါတယ်။ သံအမတ်ကြီးလား ခင်ဗျား "

" ဟုတ်ပါတယ် ဂျီရာဒို. . . ဘာကိစ္စများ အရေးတကြီးပေါ်လာသလဲ "

" အခုကလေးတင်ပဲ ဧည့်သည်တစ်ယောက် ရောက်လာပါတယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ မိသားစုတစ်စုကို ဘယ်လိုရှာဖွေစုံစမ်းရမလဲလို့မေးသွားပါတယ်။ သူ့နာမည်က နိုဝယ်ဟိုးလ်ခရော့ဖ်တ်။ နယူးယောက်မြို့က ဗိသုကာတစ်ယောက်ပါပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ခင္ဗ်ားေျပာတာ ကၽြန္ေတာ္ဘာမွ နားမလည္ဘူး။ ကၽြန္ေတာ္အတြက္ဘာမွ မထူးျခားပါဘူး "

" လန္ဒန္ကလာတဲ့ ဂ်က္ေလယာဥ္ပ်ံသတင္းကို သံအမတ္ႀကီး ဖတ္ၿပီးၿပီဆိုယင္ ထူးျခားပါလိမ့္မယ္ "

" လူသတ္မႈျဖစ္တဲ့ ေလယာဥ္ပ်ံလား "

" မွန္ပါတယ္။ ခရီးသည္စာရင္းထဲမွာ နိုဝယ္ဟိုးလ္ခေရာ့ဖ္တ္ပါပါတယ္။ အဲဒီေန႔မနက္က ဂ်ီနီဗာၿမိဳ႕ကသူထြက္လာတာပါ။ လန္ဒန္ၿမိဳ႕ေရာက္ေတာ့ ဟိသရိုးေလဆိပ္ကေနၿပီး နယူးေယာက္ကို ေလယာဥ္ပ်ံ ဆက္စီးလာတာပါ "

" သူက ရိုင္းယိုးဒီဂ်ေနးရိုးၿမိဳ႕မွာ မိသားစုတစ္စုကို ရွာခ်င္တာလား။ သူရွာခ်င္တဲ့လူေတြက ဘယ္သူေတြတဲ့လဲ "

" သူက နာမည္ထုတ္ေျပာဖို႔ ျငင္းပါတယ္ "

" က်ဳပ္ကို အျပည့္အစုံေျပာျပပါ။ လန္ဒန္ကို ေၾကးနန္းလွမ္းရိုက္လိုက္မယ္။ ဒါဟာျဖစ္နိုင္ၿပီလို႔ ခင္ဗ်ားထင္သလား "

" ထင္ပါတယ္ ခင္ဗ်ာ။ ေဝလ္ဟမ္းဗြန္းတိုင္းဘို႔လ္တ္မိသားစုကို သူရွာေနတာျဖစ္ဖို႔ သိပ္ကိုမ်ားပါတယ္ " ဟု ေကာင္စစ္ဝန္ႀကီးက ေလသံေပ်ာ့ေပ်ာ့ျဖင့္ ျပန္ေျပာသည္။

" ဟုတ္လား။ အေသးစိတ္ေျပာျပပါဦး။ ေလယာဥ္ပ်ံေပၚမွာနဲ႔ေလဆိပ္ထဲက လူသတ္မႈေတြဟာ တီနာမောရဲ႕ လက္ခ်က္ပဲလို႔ အဂၤလိပ္ေတြက ယုံၾကည္ေနၾကတယ္ "

\+ \+ \+

နိုဝယ္ဟိုးလ္ခေရာ့ဖ္တ္သည္ ေလယာဥ္ပ်ံအေပၚထပ္မွာထိုင္ယင္း အျပင္ဘက္သို႔ ေငးၾကည့္ေနမိသည္။

ယခုသူထိုင္ေနေသာ ေနရာသည္ လန္ဒန္မွ နယူးေယာက္သို႔ ျပန္လာတုန္းက ထိုင္ခဲ့သည့္ေနရာမ်ိဳးပင္ ျဖစ္ေလသည္။ ေလယာဥ္ပ်ံကလည္း အမ်ိဳးအစားအတူတူ ၇၄၇ ဂ်က္ေလယာဥ္ပ်ံပင္ျဖစ္သည္။ ခရီးစဥ္သာ ကြာျခားသည္။

ယခုသူသြားေနသည့္ခရီးကား ဘရာဇီးနိုင္ငံ ရိုင္းယိုးဒီဂ်ေနရိုးၿမိဳ႕။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံနှင့် ဦးတည်ရာခရီးသာ ကွာခြားပြီး နေရာထိုင်ခင်းများ အတူတူ ဖြစ်နေသောကြောင့် လန်ဒန်မှအပြန်ခရီးအကြောင်းကို ပြန်စဉ်းစား ကြည့်ယင်း စိတ်မသက်မသာဖြစ်နေမိသည်။

သွန်တန်အမည်ရှိ ခရီးသည်တစ်ယောက်သည် သူ့ရှေ့နားကလေး တွင် ရုတ်တရက် လဲကျသွားကာ အသက်ပျောက်ခဲ့သည်။ သူ့လက်နှင့်လှမ်း ကိုင်ကြည့်လျှင်ပင် ထိလောက်အောင် နီးကပ်သောနေရာမှာ ဖြစ်ခဲ့သည်။

ထိုအချိန်တုန်းက အရက်အလွန်အကျွံမူးနေသော လူနှစ်ယောက် လည်း သွန်တန်အနားတွင် ရှိခဲ့သည်။ ကနေဒီလေဆိပ်သို့ လေယာဉ်ပျံဆင်း သက်ပြီးသောအခါ အကောက်ခွန်ဌာနမှ ဝန်ထမ်းများနှင့် လုံခြုံရေးအစောင့် များ ထူထပ်စွာ ချထားသည့်ကြားမှပင် ထိုသူနှစ်ယောက် ပျောက်သွားခဲ့သည်။

သို့သော်လည်း သူတို့နှစ်ယောက်စလုံး ဂျက်လေယာဉ်ပျံကြီးအနား မှာပင် အသတ်ခံသွားကြရပြန်သည်။

ဘာကြောင့် လူသတ်မှုတွေ ဆက်တိုက်ဖြစ်ပွားရသနည်း။

ဘယ်သူက သတ်သွားသနည်း။

ဘယ်သူတွေ အသတ်ခံကြရသနည်း။

မေးခွန်းတွေသာရှိသည်။ အဖြေကားမရှိပါ။ တိကျမှန်ကန်သော အဖြေကို မည်သူကမှလည်း မပေးနိုင်ကြပါ။

သွန်တန်သည် အဆိပ်အခတ်ခံရပြီး သေသွားသည်ဟု သက်ဆိုင်ရာ က ပြောသည်။ စောစောပိုင်းက အရက်မူးလွန်နေသူနှစ်ဦးသည် သွန်တန်နှင့် သိကျွမ်းသူများမဟုတ်။ သူတို့အနားသို့ သွန်တန်ရောက်လာတော့မှ စကားရော ဖောရောဖြင့် ဝင်လုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ပြီးတော့ အလွန်ပြင်းထန်သည့် အဆိပ်ခတ်ခြင်းကို သွန်တန်ခံလိုက် ရသည်။

သတင်းစာတွေက ထိုသတင်းကို သဲသဲလှုပ်ရေးကြသည်။ ဓာတ်ပုံများ ဖြင့် ဝေဝေဆာဆာ ဖော်ပြကြသည်။ သို့သော်လည်း လူသတ်တရားခံကို ဖော် ထုတ်မပေးနိုင်သောကြောင့် နောက်ပိုင်းတွင် သတင်း 'အီ'သွားကာ ဆက်လက် ဖော်ပြခြင်း မပြုကြတော့ပဲ ထိုထက်ပိုမို စိတ်ဝင်စားစရာ ကောင်းသည့် အခြား သတင်းများဘက်သို့ အာရုံစိုက်သွားကြလေတော့သည်။

" စကော့ဝီစကီနဲ့ ရေခဲ မစ္စတာဟိုးလ်ခရော့ဖ်တ် . . . ဟုတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ”

လေယာဉ်မယ်က အနားသို့ရောက်လာပြီး အရက်ခွက်ပေးသောကြောင့် အတွေးပြတ်သွားသည်။

လန်ဒန်မှ ပြန်လာတုန်းကလည်း လေယာဉ်မယ်က အခုလိုပင် သူ့ကို အရက်လာပေးခဲ့သည်။ ထိုစဉ်ကလည်း ယခုလိုပင် ‘စကော့ဝီစကီနဲ့ရေခဲ . . . ဟုတ်ပါတယ်နော်’ ဟူသော သဘောမျိုးကိုပင် ပြောခဲ့သည်။

ထိုင်သည့်နေရာကလည်း အတူတူဖြစ်နေသည်။

ထိုသို့ စဉ်းစားမိယင်း ဟိုတုန်းကမြင်ကွင်းများကို ပြန်လည်မြင်ယောင်လာသည်။

မူးချင်ယောင်ဆောင်နေသော အမူးသမားနှစ်ယောက်က လေယာဉ်မယ်နှင့်အတူ အရက်ကောင်တာနားမှာ ရှိနေကြသည်။ အရက်ကို တစ်ခွက်ပြီး တစ်ခွက် မှာသောက်နေကြသည်။ နောက်ပိုင်း ပုလိပ်အဖွဲ့က စုံစမ်းသောအခါကျမှ အရက်ကို သောက်ချင်ယောင်ဆောင်ပြီး သွန်ပစ်နေကြောင်းသိရသည်။

ထိုအချိန်တွင် နိုဝယ်က ‘စကော့ဝီစကီနှင့်ရေခဲ’လှမ်းမှာသည်။ လေယာဉ်မယ်က အခုချက်ချင်း လာပို့မည်ဟု မျက်ရိပ်ပြပြီး အကြောင်းပြန်သည်။

ကောင်တာနားသို့ သွန်တန်အမည်ရှိ ခရီးသည်တစ်ယောက်ရောက်လာသည်။

နိုဝယ်အတွက် အရက်ထည့်ထားပြီးဖြစ်သော ဖန်ခွက်ကို အမူးသမားတစ်ယောက်၏လက်နှင့် မတော်တဆတိုက်မိသည်။ ကောင်တာပေါ်သို့ ဖိတ်စဉ်ကျသွားသော အရက်များကို လေယာဉ်မယ်က သုတ်ပစ်နေသည်။ လျော့သွားသည့် အရက်ကိုလည်း ထပ်ဖြည့်သည်။

ထိုအခိုက် အမူးသမားတစ်ယောက် အရှိန်လွန်ပြီး ကုလားထိုင်ပေါ်မှ ကျွမ်းပြန်ကျသည်။ အဖော်အမူးသမားက တဟားဟားရယ်နေသည်။ လေယာဉ်မယ်က လဲသွားသူထံသို့ အကူအညီပေးရန် ပြေးသွားသည်။

ထိုသို့ ပြေးသွားနေတုန်း နောက်မှရောက်လာသည့် သွန်တန်အမည်ရှိ ခရီးသည်က နိုဝယ်အတွက် ထည့်ထားသော အရက်ခွက်ကို ယူသောက်ပစ်လိုက်သည်။

ထို့ကြောင့် လေယာဉ်မယ်က နိုဝယ်အတွက် နောက်ထပ်ဖန်ခွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှင့် အရက်ထပ်ထည့်ပြီး ယူလာပေးရသည်။ နောက်ကျသွားသည့်အတွက်လည်း တောင်းပန်စကားပြောသွားသေးသည်။

အောင်မယ်လေး . . . ဘုရား . . . ဘုရား . . .

နိုဝယ်၏ပါးစပ်မှ အသံထွက်သွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

ထိုအရက်ခွက်သည် သူ့အရက်ခွက်ဖြစ်ကြောင်း ပြန်စဉ်းစားမိသည်။ သည်လိုဆိုလျှင် အဆိပ်ခတ်ခြင်းသည် သူ့ကိုခတ်ခြင်းဖြစ်သည်။

သွန်တန်က ကြားမှဝင်ပြီး သားကောင်ဖြစ်သွားရလေသည်။

ထိုအကြောင်းများကို ပြန်လည်ဆက်စပ်စဉ်းစားမိလာသောအခါ တုန်လှုပ်ချောက်ချားလာသည်။ တကိုယ်လုံးပူချင်သလိုလို အေးချင်သလိုလိုဖြစ်လာသည်။

လက်ထဲမှအရက်ခွက်ကို လုံးဝမသောက်တော့ပဲ ခပ်လှမ်းလှမ်းသို့ တွန်းပစ်လိုက်မိသည်။

သေဘေးမှ သီသီကလေးလွတ်ခဲ့ခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်သွားလေသည်။

ထိုင်ရာမှထသည်။ သည်နေရာတွင် ဆက်ထိုင်နေခြင်းအားဖြင့် နောက်ထပ် သေဘေးတစ်ခုခုက ကျရောက်လာနိုင်သေးသည်ဟုတွေးမိသည်။

ကြောင်လိမ်လှေကားကလေးအတိုင်း အောက်ထပ်သို့ဆင်းခဲ့သည်။ ရင်ထဲမှာ ပျို့ချင်သလိုလို အန်ချင်သလိုလို ဖြစ်နေသည်။

အိမ်သာသို့သွားရန် ခြေလှမ်း ပြင်လိုက်သည်။

ထိုအချိန်မှာပင် ထိုင်ခုံတစ်ခုတွင် အိပ်ပျော်နေသူတစ်ယောက်ကို အမှတ်မထင် မြင်မိသည်။

ထိုသူကို တစ်နေရာရာမှာ တွေ့ဖူးသည်ဟုထင်သည်။ ဘယ်နေရာမှာ တွေ့ခဲ့ဖူးသည်ကို စဉ်းစား၍မရတော့။ မည်သူဖြစ်ကြောင်းကိုလည်း တွေး၍ မရတော့။

ထိုမျက်နှာကို သေသေချာချာ စိုက်ကြည့်သည်။ မည်သည့်အချက်ကို မှတ်မိနေသနည်းဟု စဉ်းစားသည်။

ထင်ထင်ရှားရှား ထူထဲလှသည့် မျက်ခုံးမွေးများကိုတွေ့ရသည်။ အဖြူနှင့်အမည်း ရောနေသည်။ အလွန်ထင်ရှားသည့် မျက်ခုံးဖြစ်သည်။

သည်မျက်ခုံးကို မှတ်မိနေခြင်းလော။



www.burmeseclassic.com

www.burmeseclassic.com



မသေချာပါ။

သည်မျက်ခုံးများကို ဘယ်နေရာမှာ မြင်ဖူးခဲ့သနည်း။

စဉ်းစား၍မရပါ။

ထိုအခိုက် မျက်ခုံးမွေးထူထူနှင့်လူက အိပ်ရာမှ နိုးသွားသည်။ သူ့ကို စိုက်ကြည့်နေသော နို၀ယ်နှင့်မျက်လုံးချင်းသွားဆုံသည်။ မျက်လုံးချင်း အတော်ကြာအောင် စိုက်ကြည့်နေကြသည်။

တစ်နေရာရာတွင် တွေ့ဆုံခဲ့ဖူးသည်မှာ မှန်ပါသည်။ သို့သော် အစဖော်မရ။

နို၀ယ်က ခပ်ကြောင်ကြောင် ခေါင်းညိတ်ပြမိသည်။

မျက်ခုံးမွေးထူထူနှင့်လူက တစ်ဘက်သို့ မသိမသာ မျက်နှာလွှဲသွားသည်။

နို၀ယ်သည် အိမ်သာသို့ မသွားတော့ပဲ သူ့နေရာသို့ ပြန်လာပြီး ထိုင်နေမိသည်။ ရင်ထဲမှာလည်း တင်းကျပ်သည်ထက် တင်းကျပ်လာသည်။

သူ့ကို အဆိပ်ခတ်ပြီး သတ်ဖို့ကြိုးစားသူ နှစ်ယောက် အကြောင်းကို ပြန်စဉ်းစားသည်။ ထိုသူနှစ်ဦးသည် သူတို့၏လုပ်ငန်းစဉ်ပျက်စီးအောင် ၀င်ရောက်နှောင့်ယှက်ကြခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း သူတို့နှစ်ယောက်စလုံး အသုတ်သင်ခံလိုက်ကြရသည်။

သည်အတိုင်းဆိုလျှင် ထိုလေယာဉ်ပျံပေါ်တွင် '၀ံပုလွေများ'ပါလာသည်မှာ သေချာနေပြီတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ပေါ်ကိုအလီဂါ ဟိုတယ်တွင်းသို့ နိုဝယ် ဝင်သွားသောအခါ ဧည့်ကြို ဌာနမှာ ထိုင်နေသော စာရေးက အံဆွဲထဲမှ စာရွက်တစ်ရွက် ထုတ်ပေးသည်။

" ညဦးပိုင်း ခုနစ်နာရီထိုးပြီးစတုန်းက ဟောဒီအကြောင်းကြားစာ ကလေး ရောက်လာပါတယ် ခင်ဗျား "

ရိုင်းယိုးဒီဂျနေးရိုးမြို့သို့ သူလာမည့်အကြောင်း နယူးယောက်မြို့တွင် မည်သူ့မှမသိ။ မည်သူ့ကိုမှလည်း အသိမပေးခဲ့။ ရိုင်းယိုးဒီဂျနေးရိုးမြို့တွင်လည်း သူ့အသိတစ်ယောက်မှမရှိ။ ထို့ကြောင့် မည်သူကများ အကြောင်းကြားလေ သနည်းဟု ကမန်းကတန်း ဖွင့်ကြည့်သည်။

ဆမ်ထံမှ အကြောင်းကြားချက်ဖြစ်သည်။ သတင်းရလျှင်ရချင်း သူ့ ထံသို့ ဖုန်းပြန်ဆက်ရန် မှာထားချက်ဖြစ်သည်။

နိုဝယ်က လက်ပတ်နာရီကိုကြည့်သည်။ သန်းခေါင်တိုင်တော့မည်။ ဧည့်သည်မှတ်ပုံတင် စာအုပ်ထဲမှာ နာမည်စာရင်းသွင်းပြီး လက်မှတ်ထိုးလိုက် သည်။

" ကူရာကောင်းကျွန်းကို ဖုန်းဆက်စရာရှိနေတယ်။ ဒီအချိန်မျိုးမှာ ခင်ဗျားတို့ဖုန်းတွေ ခေါ်လို့ရပါမလား " ဟု ဧည့်ကြိုစာရေးကို မေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်တို့ တယ်လီဖုန်းတွေက အချိန်မရွေးအသုံးပြုလို့ရပါတယ် ခင်ဗျာ။ ဒါပေမယ့် ကူရာကောင်း စကားကိုတော့ ကျွန်တော် မတတ်ပါဘူး " ဟု ဧည့်ကြိုစာရေးက ရင်ကော့ပြီး ပြန်ပြောသည်။

နိုဝယ်က ဖုန်းခေါ်လိုက်သည်။ သန်းခေါင်ကျော် တစ်နာရီဆယ့်ငါးမိနစ်တွင် ခေါ်ထားသောဖုန်း ရသည်။

" မင်း ပြဿနာတစ်ခုခုနဲ့ ကြုံနေရပြီထင်တယ် နိုဝယ် "

တစ်ဘက်မှ ဆမ်၏အသံကို ကြားရသည်။

" ကျွန်တော့်မှာ ပြဿနာတွေ တစ်ခုထက်ပိုပါတယ်ဗျာ။ ဘာကိစ္စ ကျွန်တော့်ကို ပြန်ဆက်ခိုင်းတာလဲ "

" ငါ့ဖုန်းနံပါတ်ကို မင်းလူတွေက ပေးလိုက်တယ်တဲ့။ ငါ့ဆီကို စုံထောက်အရာရှိတစ်ယောက် ဖုန်းလှမ်းဆက်တယ်။ နယူးယောက်က လက်ဖတင်နင်မိုင်းလ်စ်တဲ့။ သူအကြီးအကျယ်စိတ်ဆိုးနေတယ်။ မင်းခရီးသွားမယ်ဆိုရင် ဘယ်သွားမယ်ဆိုတဲ့အကြောင်း ပုလိပ်ကို အကြောင်းကြားသွားရမယ်တဲ့။ အခု တိုင်းပြည်ထဲက မင်းထွက်သွားတာတောင် ဘာမှအကြောင်းမကြားဘူးဆိုပြီး ဒေါကန်နေလေရဲ့ မောင် "

" ခင်ဗျားက ဘာပြန်ပြောလိုက်သလဲ ဆမ် "

" ငါကလဲ သူ့လိုပဲပြန်ပြီး စိတ်ဆိုးပြလိုက်ရတာပေါ့ကွ။ စိတ်ဆိုးနေတဲ့ ပုလိပ်တစ်ယောက်ယောက်ကို တုံ့ပြန်နည်းဟာ ဒါအကောင်းဆုံးပဲ။ ကမ်းလွန်ပင်လယ်ပြင်ထဲက ကျွန်းတွေကို မင်းသွားပြီး စစ်ဆေးရေးတွေလုပ်နေတယ်လို့ ပြန်ပြောလိုက်တယ်။ ကျွန်းတွေပေါ်ရောက်နေလို့ တို့နဲ့ အဆက်အသွယ်လုပ်ဖို့မလွယ်ဘူးလို့။ ဝေးကလဲသိပ်ဝေးတယ်လို့ ပြန်ပြောလိုက်တယ်။ ဘယ်သူ ဘာပြောနိုင်တော့မှာလဲကွာ "

" သူကရော ယုံရဲ့လား "

" ပြောရတော့ ခက်သားပဲ။ သူ့ဆီကို မင်းဖုန်းပြန်ဆက်ပါလို့ပြောတယ်။ မင်းအကြောင်း ငါကလဲ သေသေချာချာမသိတော့ မင်းအဖို့အချိန်ရအောင် ကြည့်ပြောရတာပေါ့ကွာ။ ဒီနေ့ညနေပိုင်းက မင်းနဲ့ ရေဒီယိုအဆက်အသွယ် ရတယ်လို့။ ဒါကြောင့် နောက်ထပ် သုံးလေးရက်လောက်တော့ မင်းနဲ့ အဆက်အသွယ် ထပ်ရတော့မှာမဟုတ်ဘူးလို့ အဆက်အသွယ်ထပ်ရရင် ပြောလိုက်ပါ့မယ်လို့ ပြောလိုက်တယ် "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါကိုရော သူက လက်ခံရဲ့လား "

" ဟ. . . လက်မခံလို့ရော သူဘာလုပ်နိုင်မှာလဲကွ။ မင်း ပင်လယ်ပြင်ကြီးထဲ ရောက်နေပါတယ်လို့ ပြောလိုက်တာပဲ။ မကျေနပ်ရင် ပင်လယ်ထဲ လူကိုယ်တိုင် လိုက်ကြည့်ပေ့။ သူ့ကိုပြန်ဆက်ဖို့ ဖုန်းနံပါတ်နှစ်ခု ပေးသွားတယ်၊ မင်းမှာ ခဲတံရှိနေသလား "

" ပြောပါ "

ဆမ်က စုံထောက် လက်ဖတင်နင်မိုင်းလ်စ်၏ ဖုန်းနံပါတ်နှစ်ခုကို ပြောသည်။ နိုဝယ်က ရေးမှတ်သည်။

ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပျံကြီးပေါ်တွင် လူသတ်မှု ဖြစ်ပွားပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း မည်သည့်ဒေသသို့ မိမိသွားမည့်အကြောင်း ပုလိပ်အဖွဲ့ကို ကြိုတင်သတင်းပို့ဖို့ စည်းကမ်းသတ်မှတ်ပေးထားသည်ကို နိုဝယ် မေ့သွားလေသည်။

ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တို့ မိသားစုကို ရှာဖွေတွေ့ရှိရေးတစ်ခုသာ လျှင် သူ့ခေါင်းထဲမှာ ရှိနေချေသည်။

+ + +

နီကျင်ကျင်မီးရောင် မှိန်မှိန်ကလေး လင်းနေသည်မှတပါး မှောင်ပိန်းနေသော တိုက်ခန်းအတွင်းသို့ စကားပြန်၏ နောက်မှ နိုဝယ်က လျှောက်လိုက်သွားလေသည်။

အခန်းကြီးထဲမှာ တိုက်ခန်းအကန့်ကလေးများ လုပ်ထားသည်။ ပြတင်းပေါက်မရှိ၊ မီးရောင်က အားနည်း၊ မီးလုံးများများစားစားလည်း ထွန်းမထားသောကြောင့် ဘာကိုမှ မမြင်တွေ့ရသလို ဖြစ်နေသည်။

စကားပြန်၏အကူအညီဖြင့် ဖိုင်တွဲများထဲမှာ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ် အမည်ကို ခက်ခဲစွာရှာဖွေကြသည်။

လူမျိုးက ဂျာမန်ဖြစ်ကြောင်း၊ အမေနှင့်ကလေးနှစ်ယောက်၊ အကြီးက သမီး၊ အငယ်က သား၊ ဘရာဇီးလ်နိုင်ငံအတွင်းသို့ ၁၉၄၅-ခုနှစ် ဇွန်လ ၁၅ရက် ပတ်ဝန်းကျင်လောက်တွင် ဝင်ရောက်လာခဲ့ကြောင်း၊ တတိယမြောက်ကလေးသည် သမီးကလေးဖြစ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံတွင်းသို့ ရောက်ပြီး လအနည်းငယ်အကြာတွင် မွေးဖွားကြောင်း၊ ရိုင်းယိုးဒီဂျနေးရိုးမြို့ပေါ်မှာပင် မွေးဖွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်နေထိုင်ကြသည်ဟု ယူမှတ်ရကြောင်းများ နို၀ယ်က ရှင်းပြသည်။

သို့သော်လည်း ရှိနေသည့် ဖိုင်တွဲများထဲတွင် ထိုနာမည်ကို လုံး၀ရှာမတွေ့။

“ နာမည်ပြောင်းပြီး ၀င်လာတာလဲဖြစ်ချင်ဖြစ်မယ်။ ဒါကြောင့် အဲဒီအချိန်လောက်တုန်းက ကိုယ်၀န်ဆောင်အမျိုးသမီးတစ်ယောက်က သမီးအကြီးနဲ့ သားအငယ်ကလေး လက်ဆွဲပြီး ၀င်လာတာများ မှတ်တမ်းတွေမှာ မရှိနိုင်ဘူးလား ” ဟု နို၀ယ်က မေးသည်။

ကြိုးစားပမ်းစား ရှာကြပြန်သည်။ ကိုယ်၀န်ဆောင်များ ၀င်လာသည်ကို တွေ့ရသည်။ အချို့ကလည်း ကလေးများပါသည်။

သို့သော်လည်း မှတ်တမ်းများတွင်ရှိနေသည့် ကိုယ်၀န်ဆောင်နှင့် သားသမီးများက ဗွန်တိုင်းဘို့လ်တို့ မဖြစ်နိုင်။

ထိုအချိန်တုန်းက သမီးအကြီး ဂရက်ချန်သည် ဆယ့်နှစ်နှစ်သမီးလောက်ရှိနေပြီး သားငယ် ဂျိုဟန်က ဆယ်နှစ်လောက် ရှိပြီဟု ခန့်မှန်းရသည်။

မှတ်ပုံတင်စာအုပ်များကို နို၀ယ်က သေသေချာချာကပ်ကြည့်သည်။ နာမည်များကို ပြင်ထားသည်။ ဂဏန်းများကို ပြင်ထားသည်။ မပြင်သော စာမျက်နှာဟူ၍မရှိသလောက်ဖြစ်နေသည်။

၁-က-၀-ဖြစ်သွားသည်။ ၂-က-၅ ဖြစ်လာသည်။ ၇-က-၃-ဖြစ်သွားသည်။

နို၀ယ်အတော် စိတ်ပျက်သွားသည်။ ထို့ကြောင့် အိတ်ထဲမှ မီးခြစ်ထုတ်ခြစ်ပြီး သေချာအောင် ကပ်ကြည့်သည်။

“ ဒီထဲမှာ မီးခြစ်ခြစ်ခွင့် မရှိပါဘူးခင်ဗျာ၊ ဒီထဲမှာရှိသမျှ စာရွက်တွေဟာ သိပ်ကိုဆွေးနေကြပြီဖြစ်လို့ မီးလောင်လွယ်ပါတယ် ”

နို၀ယ်က မီးခြစ်ကို အိတ်ထဲပြန်ထည့်သည်။

“ ဒီနားမှာ မီးလုံးအပိုတစ်လုံးလောက် မရှိနိုင်ဘူးလား ”

“ မရှိနိုင်ပါဘူး ခင်ဗျာ၊ နောက်ပြီးတော့ ကျွန်တော်တို့ ဒါလောက်ကူညီတာကို ကျေနပ်ပါတော့၊ ကျွန်တော်တို့မှာ တခြားအလုပ်တွေလဲ ရှိပါသေးတယ် ”

ဟုတ်လောက်ပါသည်။ မှတ်တမ်းများထားသည့် တိုက်ခန်းထဲသို့ နို၀ယ်တို့ ရောက်နေသည်မှာ သုံးနာရီမျှ ကြာမြင့်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများကို ပြင်ချင်တိုင်းပြင်၊ ဖျက်ချင်တိုင်းဖျက်ထားသောကြောင့် အချိန်ဘယ်လောက်ကြာအောင် ရှာရှာ တွေ့နိုင်မည်လည်း မဟုတ်တော့ကြောင်းကိုပါ နိုဝယ် သဘောပေါက်သွားသည်။

“ ဒီအကြောင်း စောစောကတည်းက ပြောရော့ပေါ့ ကိုယ့်လူရာ။ လုပ်ငန်းမစခင်ကတည်းက ပြောယင် ပို့လို့တောင် ကောင်းဦးမယ်။ ကဲ. . . တော်ပါပြီ။ ဆက်ရှာနေလို့လဲ အချိန်ကုန်ရုံပဲ ရှိမှာပါ ”

နိုဝယ်က စိတ်အချဉ်ပေါက်ပေါက်ဖြင့် စကားပြန်ကို ပြန်ပြောမိပြီး မွန်းကျပ်နေသော အခန်းထဲမှ အပြင်သို့ ရှေ့မှ ထွက်လာခဲ့လေတော့သည်။

\+ \+ \+

နိုဝယ်သည် ပင်လယ်ကမ်းခြေတစ်လျှောက် စိတ်ပျက်လက်ပျက်ဖြင့် လမ်းလျှောက်လာခဲ့သည်။ ပင်လယ်လေကို ရှူရှိုက်ရသောကြောင့် အတော်ကလေး လန်းဆန်းသွားသည်မှာတော့ မှန်ပါသည်။ လူလန်းသော်လည်း စိတ်ကတော့ မလန်းနိုင်ပါ။

ခေတ်မီ အဆောက်အအုံများကို ကြည့်သည်။ သူတည်းနေသည့် ဟိုတယ်ကို လှမ်းမြင်ရသည်။ သူ့အခန်းဘယ်နားလောက်မှာရှိမည်နည်းဟု စိတ်မှန်းနှင့် ရှာကြည့်သည်။ အခန်းတစ်ခန်းထဲတွင် လူနှစ်ယောက် ရှိနေကြောင်း ခန်းဆီးကိုဖောက်၍ မြင်ရသည်။

သူ့လုပ်ငန်းနှင့်ပတ်သက်ပြီး ရှေ့နေတစ်ယောက်ယောက်ကို အကာအကွယ်လုပ်ထားလျှင် ကောင်းမည်ဟု စိတ်ကူးပေါက်လာသည်။

မည်သည့်ရှေ့နေကို အကာအကွယ်ပေးခိုင်းမည်နည်း။

နောက်ဆုံးတော့ သူ့အဖေ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကိုပင် အကာအကွယ်ယူခြင်းက အကောင်းဆုံးဖြစ်မည်ဟု စိတ်ကူးရသည်။ ဟိုတယ်ပြန်ရောက်လျှင် ဖုန်းပြန်ဆက်ဖို့လည်း စိတ်ထဲမှာ တေးထားလိုက်သည်။

သူ ဘရာဇီးလ်နိုင်ငံသို့ ရောက်နေကြောင်း သိရလျှင် အဖေနှင့်အမေ အံ့သြသွားမည်ဟု တွေးမိသည်။

ဟိုတယ်ထဲသို့ ဝင်လာခဲ့သည်။

အမေရိကန်တိုးရစ်တစ်ယောက်က သူ့ကိုပခုံးစွန်းနှင့် တိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟောဟိုမှာ မောင်ရင့်ကို ခေါ်နေတယ် " ဟု တိုးရစ်ကပြောသည်။

နိုဝယ်လှည့်ကြည့်သောအခါ ဧည့်ကြိုစာရေးက ခေါ်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။

ကောင်တာနားသို့ သွားသောအခါ စာအိတ်အဝါကလေးတစ်လုံး ထုတ်ပေးသည်။ ဓာတ်လှေကားဆီသို့ လျှောက်လာယင်း စာအိတ်ကလေးကို ဖောက်ကြည့်သည်။ 'ကာရာရာ'ဟူသောအမည်နှင့် တယ်လီဖုန်းနံပါတ်တစ်ခု ရေးထားသည်ကို တွေ့ရသည်။ အခြား ဘာမှ ထူးထူးခြားခြားရေးမထား။

အမှန်တော့ လက်ဘင်အမေရိက နိုင်ငံများတွင် ထိုသို့သော အစဉ်အလာမရှိ။ ဖုန်းပြန်ဆက်စေလိုလျှင် အကြောင်းအရာ အပြည့်အစုံကို ဖော်ပြရစမြဲဖြစ်သည်။ ယခုလို နာမည်နှင့်ဖုန်းနံပါတ်သာ ရေးထားသည့်အတွက် ထူးတော့ ထူးဆန်းသည်ဟု ထင်မိသည်။

အခန်းထဲသို့ ရောက်သောအခါ နယူးယောက်မှာရှိသော သူ့အဖေကို ဖုန်းဆက်ဖို့ စိတ်ကူးသည်။ ယခုအချိန်လောက်ဆိုလျှင် အဖေသည် သူသွားနေကျ ကလပ်သို့ ရောက်နေပေတော့မည်။ ထို့ကြောင့် ကလပ်သို့ လှမ်းဆက်လျှင် ဆိုက်ဆိုက်မြိုက်မြိုက်တိုးဖို့ သေချာသည်။

လက်ထဲမှ စာရွက်ကလေးကို ပြန်ငုံကြည့်မိပြန်သည်။

' ကာရာရာ '

တောင်အမေရိက တိုက်သား ယောကျ်ားတစ်ယောက်၏ နာမည်ဖြစ်သည်။ ဘာအကြောင်းမှဖော်ပြမထားပဲ နာမည်နှင့်ဖုန်းနံပါတ်သာ ဖော်ပြထားသည်မှာ တွေးယင်း ပိုလို့ထူးဆန်းလာသည်။

ထို့ကြောင့် အဖေ့ကို နောက်မှဆက်ဖို့ဆုံးဖြတ်ပြီး ပေးထားသည့် ဖုန်းနံပါတ်အတိုင်း ကောက်ဆက်ကြည့်သည်။

ကာရာရာသည် ယောကျ်ားမဟုတ်ပါ။ အမျိုးသမီးတစ်ယောက်ဖြစ်နေသည်။ အင်္ဂလိပ်စကားကို ပပ်ပပ်နပ်နပ်မပြောတတ်။ သို့သော်လည်း သူပြောသည်ကို ကိုယ်နားလည်ပြီး ကိုယ်ပြောသည်ကို သူနားလည်သည်။ ဒါလောက်ဆိုလျှင် လုံလောက်ပါပြီ။

" ကျွန်မ အခု စကားမပြောနိုင်တော့ပါဘူး ဆီညော်. . . ဒီနံပါတ်ကိုလဲ နောက်ထပ်ပြီး မခေါ်ပါနဲ့တော့။ မလိုအပ်တော့ပါဘူး "

" ဒီဖုန်းနံပါတ်ကို ခင်ဗျား ပေးထားခဲ့တာ မဟုတ်လား။ ခင်ဗျားပေး



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့လို့ ကျုပ်ကဆက်ရတာပါဗျာ။ ဖုန်းမဆက်ပဲ ကျုပ်က ဘာလုပ်ရမှာလဲ”

“ မှားသွားလို့ပါ ”

“ ဘာ . . . ”

“ မှားသွားလို့ပါ။ ကျွန်မပြန်ဆက်ပါ့မယ်။ ရှင့်ကို ကျွန်မတို့ ဖုန်းပြန်ဆက်ပါ့မယ် ”

“ ဘာကိစ္စလဲ။ ခင်ဗျား ဘယ်သူလဲ ”

“ နောက်မှ ပြောမယ် ”

တစ်ဘက်မှ အမျိုးသမီးက လေသံကလေးနှင့် တိုးတိုးပြောကာ ဖုန်းပြန်ချသွားလေသည်။

နောက်မှပြောမယ် . . . နောက်မှပြောမယ် . . . အမျိုးသမီးက ဖုန်းပြန်ဆက်မယ်တဲ့။

နိုဝယ်၏ ဗိုက်ထဲမှာ အလိုလိုဟာသွားလေတော့သည်။

အမျိုးသမီး ပြောနေသည့်လေသံကို နားထောင်ကြည့်ခြင်းအားဖြင့် ထိန့်လန့်တကြီး ဖြစ်နေကြောင်း သိသာထင်ရှားနေသည်။

သည်အတိုင်းဆိုလျှင် ပျောက်ဆုံးနေသည့် ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်တို့ မိသားစုနှင့် ထိုအမျိုးသမီး ပတ်သက်နေသလော။ ဗွန်တိုင်းဘို့လ်တို့ အကြောင်း မိမိကို ပြောပြစရာရှိနေပြီလော။

ဘာကိုမှ နိုဝယ် မစဉ်းစားတတ်တော့ပါ။

နယူးယောက်မြို့သို့ ဖုန်းခေါ်ပေးရန် အော်ပရေတာအားပြောပြီး ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ ပင်လယ်ကမ်းခြေဘက်ကို လှမ်းကြည့်သည်။ စောစောက သူခဏရပ်ပြီး ဟိုတယ်ခန်းပေါ်သို့ မော့ကြည့်သည့် နေရာကလေးကို တန်းတန်းမတ်မတ် မြင်နေရသည်။

စောစောတုန်းက ထိုနေရာကလေးမှ သူလှမ်းမြင်ခဲ့ရသော ပြတင်းပေါက်သည် ယခုသူရပ်နေသည့်ပြတင်းပေါက်ပင် ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွားသည်။

သည်ပြတင်းပေါက်မှာ ယောကျ်ားနှစ်ယောက်ကို သူမြင်ခဲ့ရသည်။ သည်အတိုင်းဆိုလျှင်တော့ သူ့အခန်းထဲသို့ လူတချို့ ဝင်သွားခဲ့ချေပြီ။

ဗီရိုရှိရာသို့ လျှောက်လာခဲ့သည်။ ဗီရိုကို ဖွင့်ကြည့်သည်။ သူထားခဲ့သည့် ပစ္စည်းများ ခြေရာလက်ရာပျက်နေသည်ကို တွေ့ရသည်။ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



များကို မွှေနှောက်ရှာဖွေထားသည်မှာလည်း ထင်ရှားသည်။

အိပ်ခန်းထဲသို့ ပြေးဝင်ခဲ့သည်။ သူ့လက်ကိုင်အိတ်ကို ဖွင့်ကြည့်သည်။ ထိုလက်ကိုင်အိတ်သည် သူခရီးသွားသည့်အခါတွင် သူ၏ရုံးခန်းပင် ဖြစ်ပါသည်။ ဘယ်နေရာမှာ ဘာထားကြောင်း ဖွင့်မကြည့်ပဲ ပြောနိုင်သည်။

ယခုတော့ ထိုလက်ကိုင်အိတ်ကိုလည်း ဖွင့်ပြီး သေသေချာချာ မွှေနှောက်ရှာဖွေသွားခြင်း ခံလိုက်ရသည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းမြည်သည်။ ခေါင်းလောင်းသံက သူ့အခန်းကို ပိုင်စိုးပိုင်နင်း ကျူးကျော်ဝင်ရောက်လာသည်ဟု စိတ်ထဲမှာ ခံစားလိုက်ရသည်။

ကောက်ကိုင်လိုက်သောအခါ သူ့အဖေသွားနေကျ ကျန်းမာရေးကလပ်မှ အော်ပရေတာက ပြန်ထူးနေသည့်အသံကို ကြားရသည်။

သို့သော်လည်း သူ့အဖေ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကို သည်ကိစ္စကြီးထဲသို့ လုံးဝဆွဲမသွင်းသင့်တော့ကြောင်း ချက်ချင်းသဘောပေါက်နားလည်သွားလေသည်။

“ ဟယ်လို. . . ကျန်းမာရေးကလပ်က စကားပြောနေပါတယ်။ ဟယ်လို. . . ဟယ်လို. . . ဟယ်လို. . . ”

နိုဝယ်က စကားပြောခွက်ကို ပြန်တင်ထားလိုက်သည်။

သူ့အခန်းကို အရှာခံရသည်။ ပြဿနာက ကြီးသည်ထက်ကြီးလာသည်။ သည်အတိုင်းဆိုလျှင် သည်ကိစ္စထဲသို့ အဖေ့ကိုရော အမေ့ကိုပါ ဆွဲမသွင်းခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်။ အဖေနှင့်အမေ၏ လုံခြုံရေးအတွက် ထိုနည်းသာလျှင် စိတ်အချရဆုံးဖြစ်မည်။

ထိုမျှမကသေး။ လုံးဝ အချိန်မဖြုန်းသင့်တော့ကြောင်းပါ သဘောပေါက်လိုက်သည်။ မိမိ လုပ်ကိုင်စရာရှိသည်များကို အမြန်ဆုံး လုပ်ရတော့မည်။ အမြန်ဆုံး အကောင်အထည်ဖော်ရတော့မည်။

\+ \+ \+

ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်ရှိသော အသက် ခုနှစ်ဆယ်ခန့် အဘိုးကြီးတစ်ယောက်သည် ကြီးမားသော ထမင်းစားစားပွဲကြီးတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ထဲမှာ အိမ်သားတွေ အများကြီးရှိသည်။ ဧည့်သည်တွေလည်း အများကြီးရှိသည်။ သို့သော် သူတစ်ယောက်တည်း ထမင်းထိုင်စားနေသည်။ စားပွဲပတ်ပတ်လည်တွင် သူထိုင်နေသည့် ကုလားထိုင်မှတပါး အခြားကုလားထိုင်ချထားခြင်း လုံးဝမရှိ။

ထို့ကြောင့် ထူးခြားနေသည်။

ထိုအချိန်တွင် အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်။ သူက မော့ကြည့်သည်။ ဝင်လာသူက သူ့အနားသို့ တိုးကပ်လာသည်။

" ကလော်ဆင့်သားရဲ့ သတင်းတွေ ထပ်ရလာတာရှိပါတယ် ဟာဂရပ်ဖ်၊ ကူရာကောင်းကျွန်းကို ဖုန်းဆက်တာတော့ ကျွန်တော်တို့ တင်ပြပြီးပါပြီ။ ဒီနေ့ ညနေပိုင်းမှာ နှစ်နေရာကို ထပ်ဆက်ပါသေးတယ်။ တစ်နေရာက ကာရာရာဆိုတဲ့ အမျိုးသမီးရဲ့ဖုန်း၊ နောက်တစ်နေရာက နယူးယောက်မြို့မှာရှိနေတဲ့ ကလပ်"

" ကာရာရာက သူတို့အလုပ် သူတို့လုပ်ပြလိမ့်မယ်။ နယူးယောက်မှာရှိနေတဲ့ ကလပ်က ဘယ်ကလပ်လဲ "

ဂရပ်ဖ်က မျက်လုံးကို ပိုမှေးအောင်လုပ်လိုက်ယင်း ပြန်မေးသည်။

" နယူးယောက်ကျန်းမာရေးကလပ်လို့ ခေါ်ပါတယ် ခင်ဗျာ။ အဲဒါက. . . "

" ဘာကလပ်လဲဆိုတာ ငါသိတယ်။ ဘယ်သူ့ကို သူဆက်တာလဲ "

" ကလပ်ကို ဆက်ရုံပဲ ဆက်ပါတယ်ခင်ဗျာ၊ ဘာစကားမှ မပြောပါဘူး။ ဘယ်သူ့ကိုမှ မတောင်းပါဘူး။ နယူးယောက်မှာရှိနေတဲ့ ကျွန်တော်တို့လူတွေက အကျိုးအကြောင်းသိရအောင် အပြင်းအထန် စုံစမ်းနေကြပါတယ် "

အဘိုးကြီးက လက်ထဲမှ ခက်ရင်းကို ပြန်ချသည်။ ပြီးတော့ နူးညံ့ပျော့ပျောင်းစွာ ပြောသည်။ သို့သော်လည်း သူပြောပုံက အလွန်တရာ စော်ကားမော်ကား နိုင်လှချေသည်။

" နယူးယောက်မှာရှိနေတဲ့ တို့လူတွေက သိပ်လက်နှေးတယ်။ မင်းလဲ အတူတူပဲ "

" ခင်ဗျာ . . . "

" ဟိုကလပ်မှာ သွားစုံစမ်းရင် ဟိုးလ်ခရော့ဖ်တ်ရဲ့နာမည်ကို တွေ့ရလိမ့်မယ်။ ဒီအတိုင်းဆိုရင် ကလော်ဆင်ရဲ့သားဟာ ကတိမတည်တော့ဘူး။ ဂျိနီဗာအကြောင်း ဟိုးလ်ခရော့ဖ်တ်ကို သူပြောလိုက်ပြီဖြစ်ရမယ်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပဲ။ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်က အသက်ကတော့ကြီးပြီ။ ဒါပေမယ့် အန္တရာယ်ပေးနိုင်တယ်။ သူဆက်ပြီး အသက်ရှင်နေမယ်ဆိုရင် တို့လျှောက်ရမယ့် လမ်းကြောင်းမှာ ခလုတ်ကန်သင်းတစ်ခု ဖြစ်နေတယ်။ ကလော်ဆင်ရဲ့သားကို နောက်ညကျရင် မနှောင့်ယှက်နဲ့တော့။ သူနဲ့အတူ လိုက်လာတဲ့လူကို ငါမယုံဘူး။ ငါဘာယုံတယ်ဆိုတာကို လင်းယုန်စကားဝှက်နဲ့ သူ့ကိုပြောပြလိုက်ပါ။ နယူးယောက်မြို့မှာ ရှိနေတဲ့ ငါတို့လူတွေက နောက်နည်းလမ်းတစ်ခုရှာကြလိမ့်မယ်။ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကို ဖျောက်ဖျက်ပစ်ရမယ်။ တီနာမောကလဲ ဒါကို တောင်းဆိုလာလိမ့်မယ် ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၈ )

သည်မြို့တွင် ဂျာမန်လူမျိုးအများအပြား နေထိုင်သည်ဖြစ်ရာ ဂျာမန်စာအုပ်ရောင်းသည့် စာအုပ်ဆိုင်လည်း ရှိရမည်ဟု နိုဝယ်က တွေးမိထားသည်။

သူတွေးထားသည့်အတိုင်းပင် ဂျာမန်စာအုပ်ဆိုင် တစ်ဆိုင်ကို အလွယ်တကူတွေ့ရသည်။ ဂျာမန်စာအုပ်ဆိုင် ဆိုသော်လည်း အင်္ဂလိပ်စာအုပ်များ၊ စပိန်စာအုပ်များပါမျိုးစုံ တင်ရောင်းသည်။

သည်ဆိုင်မှာ မသိမသာစုံစမ်းကြည့်ရလျှင် ကောင်းမည်ဟု ဆုံးဖြတ်ကာ ဆိုင်ထဲသို့ ဝင်ခဲ့လေသည်။

အရောင်းစာရေးက စာအုပ်စင်များကို လှေကားနှင့်တက်ပြီးရှင်းနေသည်။ လှေကားတဝက်လောက်မှာ ရပ်နေသည်။

" ကျွန်တော် အမေရိကန် ဗိသုကာပါ။ ဒီမြို့ကို လျှောက်ကြည့်တော့ ဘာဗေးရီးယန်းပုံစံ အဆောက်အအုံတွေ အများကြီးတွေ့နေရတယ်။ အဲဒီ ဘာသာရပ်နဲ့ဆိုင်တဲ့ စာအုပ်ကလေးဘာလေးများ မရှိဘူးလားဗျာ "

လှေကားတဝက်မှာ စာအုပ်ရှင်းနေသော အရောင်းစာရေးကို နိုဝယ်က လှမ်းမေးသည်။

" အဲဒီ ဘာသာရပ်အကြောင်းတော့ ကျွန်တော်မသိဘူးဗျ။ ဒီဇိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများတော့ရှိပါတယ်။ ဆွစ်ဇာလန်နိုင်ငံကပုံစံကို ယူဆောက်ထားတဲ့ ချာလေးပုံစံတွေလဲ ရှိပါတယ်။ အဲဒါတွေကို ဘာဗေးရီးယန်းပုံစံလို့တော့ ကျွန်တော်တို့ မခေါ်ပါဘူး ”

(သင်ခန်းစာ အမှတ်ခြောက်လား။ ခုနစ်လားမသိတော့။ လူတစ်ယောက်ယောက်ကို ချဉ်းကပ်ပြီး ဖြီးဖြန်းတော့မည်ဆိုလျှင် ထိုသူသည် မိမိလောက် မတတ်ကျွမ်းကြောင်း သေချာအောင် ပထမလုပ်ပါ။)

“ ချာလေးတို့ ဘာဗေးရီးယန်းတို့ဆိုတာ တကယ်ကတော့ သိပ်ထူးခြားလှတာ မဟုတ်ပါဘူးဗျာ။ အတူတူတွေပါပဲ ” ဟု နိုဝယ်က ပြောသည်။

“ ဟုတ်လား။ ကွဲလွဲချက်တွေ အများကြီးရှိနေတယ်လို့ ကျွန်တော်က ထင်ထားတာ ”

(သင်ခန်းစာအမှတ် ရှစ်လား။ကိုးလား မသေချာတော့။ လူတစ်ဘက်သားနှင့် ဖက်ပြိုင် မငြင်းပါနှင့်။ ဦးတည်ချက်ကို အမြဲတမ်း သတိရနေပါ။)

“ ဒီလိုပါဗျာ။ နယူးယောက်မြို့မှာ ရှိနေတဲ့ သဌေးလင်မယားက သူတို့အတွက် အိမ်ပုံစံတစ်ခု ကျွန်တော့်ကို ဆွဲခိုင်းထားလို့ပါ။ လွန်ခဲ့တဲ့နွေရာသီတုန်းက ဒီမြို့ကို သူတို့လင်မယားရောက်ခဲ့ကြပါတယ်။ အိမ်ကြီး အိမ်ကောင်းတချို့ကို သူတို့ပုံကြမ်းဆွဲယူလာခဲ့ကြတယ်။ သူတို့က အဲဒီအိမ်ကို ဘာဗေးရီးယန်းပုံစံပြောလို့ ပြောမိတာပါ ”

“ ဒါဆိုရင်တော့ ဂရပ်ဖ်ရဲ့အိမ်ကို သူတို့တွေ့သွားကြပြီထင်တယ်။ ပရပ်ဖ်ရဲ့အိမ်ကတော့ ဒီမြို့မှာ နာမည်ကျော်ပေါ့ ခင်ဗျား ”

“ နာမည်က ဘယ်သူဗျ. . . ဂရပ်ဖ်. . . ”

“ မောရစ်ဂရပ်ဖ်. . . နိုင်ငံခြားက ပြေးဝင်လာတဲ့လူပေါ့ဗျာ။ သူတို့အားလုံး အတူတူတွေချည်းပဲ မဟုတ်လား ”

“ ဘယ်သူတွေလဲ ”

“ အိုး . . . ခပ်တုံးတုံး ခပ်အအ လုပ်မနေစမ်းပါနဲ့ဗျာ။ သူသာ ဂျင်နရယ်တစ်ယောက်မဟုတ်ခဲ့ဘူးဆိုရင် ဒါမှမဟုတ် စစ်ဘက်ထိပ်တန်းအရာရှိကြီးတစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် သူ့မျက်နှာကို ကျုပ် တံတွေးနဲ့ ထွေးပစ်လိုက်တာ ကြာလှနေပြီ ”

“ ခင်ဗျား အင်္ဂလိပ်လူမျိုးလား ” ဟု နိုဝယ်က ပြန်မေးသည်။

“ ကျုပ် အင်္ဂလိပ်လူမျိုးပဲ ”



www.burmeseclassic.com

www.burmeseclassic.com



“ အင်္ဂလိပ်လူမျိုးဖြစ်လျက်နဲ့ ဂျာမန်စာအုပ်ဆိုင်မှာ အလုပ်ဝင်လုပ်နေပါလား ”

“ ကျုပ်က ဂျာမန်စကား တတ်တယ်လေဗျာ ”

“ ဂျာမန်လူမျိုး အရောင်းစာရေးကို သူတို့ရှာလို့ မရကြဘူးလား ”

“ ကျုပ်လို အကောင်မျိုးကို အလုပ်ခန့်ထားတာ သူတို့အတွက် အကျိုးကျေးဇူးတွေ ရှိတယ်နဲ့တူပါတယ်ဗျာ ”

ထိုစကားကြောင့် နိုဝယ် အံ့အားသင့်သွားသည်။

“ တကယ် . . . ”

“ ဟုတ်တာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်ကို ဘယ်သူမှ တောင်မေးမြောက်မေး မလုပ်ကြဘူး ”

အရောင်းစာရေးက ထိုမျှပြောပြီး စာအုပ်များကို ဆက်ရှင်းနေလေသည်။

\+ \+ \+

နိုဝယ် ဆိုင်ပြင်ထွက်သွားသည်ကို အရောင်းစာရေးက မသိမသာ အကဲခတ်ကြည့်နေသည်။

နိုဝယ် ဆိုင်ပြင်ရောက်သွားသည်နှင့်တပြိုင်တည်း လှေကားပေါ်မှ အူယားဖားယားဆင်းကာ စာအုပ်စင်များကြားသို့ တိုးဝှေ့ဝင်သွားသည်။ သူ့မျက်နှာပေါ်တွင်လည်း အောင်ပွဲခံလိုက်ရသည့် အမူအရာမျိုး ပေါ်နေသည်။

စာအုပ်စင်များကြားမှာ လူတစ်ယောက်နှင့် တိုက်မိမလိုဖြစ်သည်။ မော့ကြည့်လိုက်သောအခါ မျက်ခုံးမွှေးထူထူနှင့်လူ ဖြစ်နေသည်။

“ ဩ . . . ခင်ဗျားကိုး ” ဟု အရောင်းစာရေးက ပြောသည်။

“ တီနာမောရဲ့ မိတ်ဆွေအပေါင်းအသင်းတွေဟာ ဘယ်တော့မှ ဝေးဝေးမှာ မနေဘူး ” ဟု မျက်ခုံးမွှေးထူထူနှင့်လူက ပြန်ပြောသည်။

“ ခင်ဗျား သူ့နောက်ကို လိုက်နေတာလား ”

“ သူဘယ်တော့မှ မသိစေရဘူး။ ကဲ . . . ခင်ဗျား ဖုန်းဆက်မှာ ဆက်ပါ ”

အရောင်းစာရေးက ဆိုင်နောက်ဘက်ထဲသို့ ရောက်အောင်ဆက်ဝင်လာခဲ့သည်။ နောက်ဘက်မှာရှိသော အခန်းကလေးတစ်ခုထဲသို့ ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေးထဲမှ တယ်လီဖုန်းကိုကောက်ပြီး နံပါတ်များလှည့်သည်။

ရိုင်းယိုးဒီဂျနေးရိုးမြို့တွင် ဩဇာတိက္ကမ အကြီးဆုံးသော ပုဂ္ဂိုလ်ကြီး တစ်ယောက်၏ လက်ထောက်တစ်ဦးက ဖုန်းပြန်ထူးသည်။

“ ဆီညော်ဂရပ်ဖ်ရဲ့စံအိမ်က စကားပြောနေပါတယ်။ ကောင်းသော နေ့လယ်ခင်းပါ ”

“ ဟိုတယ်မှာရှိနေတဲ့ ကျုပ်တို့လူကိုတော့ ဆုငွေကောင်းကောင်းပေး ဖို့ ကောင်းနေပြီဗျို့။ သူမှန်တယ်။ ဟာဂရပ်ဖ်အကြောင်း ပြောလိုက်တာနဲ့ ကျုပ်တို့အကွက်ထဲကို တန်းဝင်လာတာပဲ။ ဟာဂရပ်ဖ်ကို သူဖုန်းဆက်မှာ သေ ချာတယ် ”

“ ကျွန်တော်တင်ပြလိုက်ပါ့မယ် ” ဟု လက်ထောက်က ပြန်ပြော သည်။

“ ကျုပ်မှာတခြားသတင်းတစ်ခုလဲရှိနေသေးတယ်။ ဒီသတင်းကတော့ ကျုပ်ကိုယ်တိုင် သူ့ကို ပြောပြမှဖြစ်မှာ ”

“ ဘာအကြောင်းအရာနဲ့ပတ်သက်ပါသလဲ။ သူဟာ အင်မတန် အလုပ်များတယ်ဆိုတာ ခင်ဗျားကို ပြောပြနေဖို့ မလိုပါဘူးနော် ”

“ ကျုပ်ရဲ့ နိုင်ငံသားနဲ့ ဆိုင်တယ်ဗျာ။ ဒါလောက်ဆိုရင် ရှင်းပြီ မဟုတ်လား ”

“ ဒီမြို့ကို သူရောက်နေတာ ကျွန်တော့်တို့သိတယ်။ ကျွန်တော်တို့ နဲ့လဲ အဆက်အသွယ် လုပ်ပြီးပါပြီ။ ခင်ဗျားလုပ်ရမယ့်အလုပ်ကို တာဝန်ကျေ ပွန်အောင် ဆက်လုပ်ဖို့ ကောင်းတာပေါ့ ”

“ သူအခုဒီရောက်နေပြီ။ ကျုပ်တို့စာအုပ်ဆိုင်ထဲကို ရောက်နေပြီ။ ကျုပ်နဲ့ စကားပြောဖို့ စောင့်နေတာပဲဖြစ်မယ် ”

ဂရပ်ဖ်၏ လက်ထောက်က သူ့အနားမှာရှိသော တစ်စုံတစ်ယောက် ကို စကားလှည့်ပြောသည်။ တယ်လီဖုန်း စကားပြောခွက်ကို လက်နှင့်အုပ်ထား သောကြောင့် ခပ်တိုးတိုးသာ ကြားရသည်။

“ စာအုပ်ဆိုင်က ကျွန်တော်တို့လူဆက်နေတာပါ ဆရာကြီး။ သူက ဆရာကြီးနဲ့စကားပြောချင်တယ်လို့ ပြောပါတယ်။ အခြေအနေတွေအားလုံး အစီအစဉ်အတိုင်း ဖြစ်နေပါတယ်တဲ့။ ဒါပေမယ့် အရှုပ်အထွေးကလေးတွေ နည်းနည်းပါးပါးပေါ်လာသလိုပဲ။ သူ့နိုင်ငံသားက သူ့စာအုပ်ဆိုင်ထဲမှာ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပါတယ် ”

မောရစ်ဂရပ်ဖ်က ဖုန်းကိုဆွဲယူပြီး မေးသည်။

“ ဘာကိစ္စလဲ ”

“ ကျွန်တော်တို့ မျှော်မှန်းထားကြတဲ့အတိုင်း အားလုံးချောချောမောမောဖြစ်ကြောင်း ဆရာကြီးကိုပြော. . . ”

“ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကျုပ်နားလည်တယ်။ မောင်လုပ်တာတွေ သိပ်ကိုကောင်းပါတယ်။ ကဲ - ပြောစမ်းပါဦး။ အင်္ဂလန်နိုင်ငံသားက ဘာဖြစ်နေတာလဲ။ သူ အဲဒီမှာလား ”

မောရစ်ဂရပ်ဖ်က ဖြတ်မေးသည်။

“ အမေရိကန်ရဲ့ နောက်ကိုသူနောက်ယောင်ခံလိုက်ခဲ့ပါတယ်။ သူနဲ့ အမေရိကန်နဲ့ဆိုရင် ဆယ်ပေလောက်ပဲ ဝေးပါတော့တယ်။ အခုသူ ဒီမှာရှိနေပါတယ်။ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော့်ဆီက သိချင်တဲ့ပုံ။ ကျွန်တော် ပြောပြလိုက်ရမလား ”

“ မပြောနဲ့။ ဘေးလူဝင်စွက်တာမပါပဲ ကျုပ်တို့လုပ်ငန်းကို ကျုပ်တို့ အောင်မြင်အောင် လုပ်နိုင်နေကြပြီပဲ။ သူ့ကိုမှတ်မိသွားမှာ ကျုပ်တို့ စိတ်ပူနေတယ်လို့ ပြောပြလိုက်ပါ။ ဒါကြောင့် အမေရိကန်နဲ့ ကင်းကင်းနေပါလို့ ကျုပ်တို့က အကြံပေးကြောင်း ပြောလိုက်ပါ။ သူလုပ်နေပုံတွေကိုလဲ ကျုပ် သဘောမကျကြောင်း ပြောပြပါ။ ဒီစကားတွေအားလုံး မောင်ကိုယ်တိုင် ကျုပ်ဆီက တိုက်ရိုက်ကြားရတာ ဖြစ်ကြောင်း ပြောပြလိုက်ပါ ”

“ ကျေးဇူးတင်ပါတယ် ဆရာကြီး။ ဒီလိုဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ် ”

“ မောင် ဂုဏ်ယူရမယ်ဆိုတာ ကျုပ် သိထားပြီးသားပါလေ ”

\+ \+ \+

မောရစ်ဂရပ်ဖ်က တယ်လီဖုန်းစကားပြောခွက်ကို သူလက်ထောက်အား ပြန်ကမ်းပေးလိုက်လေသည်။

“ တီနာမောအနေနဲ့ ဒါမျိုးလုပ်ခွင့်ပေးဖို့မကောင်းဘူး။ အခုတော့ ဒါတွေ အစပျိုးလာပြီ ” ဟုလည်း သူ့လက်ထောက်ကို ပြောသည်။

“ ဘာများပါလိမ့်ဆရာကြီး ”



www.burmeseclassic.com

www.burmeseclassic.com



" အားလုံး ပြန်စလာပြန်ပြီ။ ကြားက ဝင်နှောင့်ယှက်တာတွေလေ။ တစ်ယောက်ကိုတစ်ယောက် အသိမပေးပဲ အကဲခတ်နေကြပြန်ပြီ။ အာဏာပိုင်တွေထဲမှာလဲ ကွဲနေပြီ။ ဘယ်သူ့ကိုမှ မယုံနိုင်လောက်အောင်ဖြစ်ကုန်ပြီ"

" ကျွန်တော် သဘောမပေါက်ပါဘူး ဆရာကြီး "

" ဟုတ်တာပေါ့။ မင်း ဘယ်သဘောပေါက်နိုင်ပါ့မလဲ။ မင်းက အဲဒီမှာမှ မရှိခဲ့ဖူးပဲကိုး။ တီနာမောဆီကို ကြေးနန်းတစ်စောင်ရိုက်လိုက်။ သူ့ဝံပုလွေကို မြေထဲပင်လယ် ပြန်ခေါ်ထားဖို့ အမိန့်ပေးခိုင်းပါ။ သူဟာ သိပ်ကို စွန့်စွန့်စားစားတွေ လုပ်နေပြီ။ ဒါကို တို့လက်မခံနိုင်ဘူး။ ဒါမျိုးကို ကန့်ကွက်တယ်လို့ ပြောလိုက် "

မောရစ်ဂရပ်ဖ်က ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို လျှောချလိုက်လေသည်။

\+ \+ \+

မောရစ်ဂရပ်ဖ်နှင့် စကားပြောခွင့်ရဖို့ကို ၂၄-နာရီအတွင်း အကြိမ်ပေါင်းများစွာ နို့ဝယ် ဖုန်းဆက်ခဲ့ရသည်။

နောက်ဆုံး စကားပြောခွင့်ရပြန်တော့လည်း တွေ့ခွင့်ပေးရန် အမျိုးမျိုး တောင်းပန်ရသည်။

တွေ့ခွင့်ရသည့် မွန်းလွဲပိုင်း နှစ်နာရီခန့်တွင် နို့ဝယ်က မော်တော်ကားတစ်စီးကိုငှားကာ မြို့ပြင်ဘက်မှာရှိသော ဂရပ်ဖ်၏ စံအိမ်ကြီးရှိရာသို့ မောင်းထွက်ခဲ့သည်။

ဂရပ်ဖ်၏ခြံကြီးက ကျယ်ဝန်းလွန်းလှသည်။ ခြံထဲတွင် သစ်သီးဝလံမျိုးစုံကိုလည်း စိုက်ပျိုးထားသည်။ အချို့နေရာများကို တောအုပ်တစ်ခုဖြစ်အောင် ပြုပြင်ထားသည်။ အိမ်ကြီးကို တောင်ကုန်းပေါ်မှာ ဆောက်ထားသည်။ သုံးထပ်အဆောက်အအုံဖြစ်သည်။

စာအုပ်ဆိုင်မှ အရောင်းစာရေး ပြောလိုက်သော စကားများ မှန်ပါသည်။ အံ့သြဖွယ်ကောင်းလောက်အောင် ကြီးကျယ်ခမ်းနားသော စံအိမ်ကြီးဖြစ်ပါသည်။ တောင်ကုန်းပေါ်မှနေ၍ ပင်လယ်ပြင်ကြီး တစ်ခုလုံးကိုလည်း စီးမြင်နေရသည်။

နို့ဝယ်က ကားရပ်နေရာတွင် သူ့ကားကိုရပ်ပြီး အောက်ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာပင် အဖြူရောင် မာစီဒီးကားကြီးတစ်စီးနှင့် အနီရောင် မက်ဆာရတ်တီကားတစ်စီး ယှဉ်ရပ်ထားသည်ကိုပါ တွေ့ရသည်။ ဂရပ်ဖ်၏ မိသားစုများသည် အကောင်းဆုံးကားများကိုသာ အသုံးပြုကြကြောင်း ဖော်ပြနေခြင်းဖြစ်သည်။

လက်ကိုင်အိတ်နှင့် ကင်မရာကိုဆွဲပြီး ကျောက်လှေကားထစ်များအတိုင်း တက်လာခဲ့သည်။

+ + +

“ ကျုပ် စံအိမ်ကြီးကို သဘောကျတယ်ဆိုလို့ ဝမ်းသာပါတယ်။ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ကျုပ်တို့လို ကိုယ့်တိုင်းပြည်ကို စွန့်ခွာလာရတဲ့ လူတွေအနေနဲ့ ဒီလိုစံအိမ်မျိုး ဖန်တီးပြီးဆောက်တာဟာ သဘာဝကျတယ်လို့လဲ ကျုပ်ထင်တယ်။ ပတ်ဝန်းကျင်ရော အနေအထားကိုပါ ကိုယ့်တိုင်းပြည်နဲ့တူအောင် ဖန်တီးယူရတာ မဟုတ်လား။ ကိုယ့်တိုင်းပြည်တုန်းက ကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေ၊ နေခဲ့ထိုင်ခဲ့ပုံတွေကို မေ့မသွားတော့ဘူးပေါ့ ”

မောရစ်ဂရပ်ဖ်က နီုဝယ်ကို ဆီးကြိုပြောသည်။

“ ကျွန်တော့်ကို အခုလို လှည့်လည်ကြည့်ခွင့်ပေးတာ ဂုဏ်ယူမိပါတယ် ခင်ဗျာ ”

နီုဝယ်က ပုံစံကြမ်း ငါးခုကို လက်ကိုင်အိတ်ထဲသို့ ထည့်ရင်း ပြန်ပြောသည်။

“ မောင် လိုချင်တာတွေ အားလုံးရပြီလား ”

“ ဖလင်တစ်လိပ်နဲ့ ပုံကြမ်းငါးခုရပါတယ် ခင်ဗျာ။ ကျွန်တော်မျှော်မှန်းထားခဲ့တာ ထက်တောင် ပိုနေပါပြီ။ အဆောက်အအုံကြီးရဲ့ အပြင်ဘက်နေရာတွေကိုသာ ကျွန်တော် ဓာတ်ပုံရိုက်ပြီး ပုံကြမ်းဆွဲယူတဲ့အကြောင်း ကျွန်တော့်ကိုလိုက်ပြတဲ့ ပုဂ္ဂိုလ်က မစ္စတာဂရပ်ဖ်ကို ပြောပြပါလိမ့်မယ် ”

“ မောင် ပြောတာကို ကျုပ်နားမလည်ဘူး ”

“ ဒီလိုပါခင်ဗျာ။ မစ္စတာဂရပ်ဖ်ရဲ့ လွတ်လပ်ခွင့်ကို ထိပါးစေနိုင်တဲ့ အတွင်းပိုင်း အနေအထားတွေကို ကူးမယူဘူးလို့ ဆိုလိုတာပါ ”

အဘိုးကြီးက ခပ်သာသာကလေး ရယ်သည်။

“ ကျုပ် စံအိမ်ရဲ့ လုံခြုံရေးအစီအမံတွေဟာ အင်မတန်ကို စေ့စပ်



www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်။ နောက်ပြီးတော့ ကျုပ် အိမ်ထဲကို မောင်အခုလို ဝင်လာတာဟာလဲ တစ်ခုခုကိုခိုးယူချင်လို့ နေရာထိုင်ခင်းတွေ လာကြည့်တယ်ဆိုတဲ့ အတွေးမျိုး ကျုပ်လုံးလုံး မတွေးမိပါဘူး။ ကျေးဇူးပြုပြီး ထိုင်ပါ ”

နိုဝယ်က မောရစ်ဂရပ်ဖ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်သည်။

“ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ဒီခေတ် ဒီအခါကြီးကလူတွေဆိုတာ ယုံရခပ်ခက်ခက်ပဲ မဟုတ်လား ”

“ အင်း . . . ကျုပ်ကတော့ မောင့်ကို သင်္ကာမကင်း မဖြစ်ပါဘူး။ မောင်တည်းနေတဲ့ ပေါ်တိုအလီဂါဟိုတယ်ကို ကျုပ် ဖုန်းဆက်ပြီး စုံစမ်းပြီးပြီ။ မောင်တည်းနေတာ အမှန်ပဲ။ မောင့်နာမည် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ဆိုတာလဲ အမှန်ပဲ။ နယူးယောက်မှာနေတယ်။ မောင်ဆက်သွယ်ခဲ့တဲ့ ခရီးသွားလာရေးဧဂျင်စီကလဲ မောင့်ကိုသိတယ်။ သူတို့ကပဲ မောင့်ခရီးစဉ်တွေကို စီစဉ်ပေးတယ်။ ဘရာဇီးလ်နိုင်ငံထဲကို မောင်ရောက်လာတာဟာလဲ နိုင်ငံကူးလက်မှတ်အစစ်ကိုကိုင်ပြီး ဝင်လာတယ်။ ဒါတွေအပြင် ဘာသိဖို့လိုသေးသလဲ။ လူတစ်ယောက်ဟာ တစ်ခုခုအတွက် အယောင်ဆောင်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ ကိုယ့်ရည်ရွယ်ချက်အမှန်ကို တစ်ခုခုနဲ့ဖုံးအုပ်ပြီး လိမ်ညာပြောဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး ”

“ မှန်ပါတယ် ခင်ဗျာ . . . မှန်ပါတယ် ”

နိုဝယ်က အလိုက်သင့်ပြန်ပြောသည်။ အနည်းငယ်လည်း မနေတတ်မထိုင်တတ်ဖြစ်သွားသည်။ ထို့ကြောင့် သူ၏ မူလရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ပြောရလျှင် ကောင်းမည်လားဟုပင် စဉ်းစားလိုက်မိသေးသည်။ နောက်ဆုံးထုတ်ပြောလုလုအထိ ဖြစ်သွားလေသည်။ သို့သော် ဂရပ်ဖ်က စကားဆက်လိုက်သောကြောင့် သူ မပြောဖြစ်တော့ချေ။

“ ဒီမြို့မှာ မောင် ဘယ်လောက်ကြာကြာနေမလဲ ”

“ တစ်ရက်နှစ်ရက်လောက်ပါပဲ ခင်ဗျာ။ မစ္စတာဂရပ်ဖ်ရဲ့ ဗိသုကာနဲ့ နည်းနည်းပါးပါးဆွေးနွေးပြီးရင် ကျွန်တော့်အလုပ်ပြီးပါပြီ။ သူက ဘယ်တော့လောက်များ ကျွန်တော့်ကို လက်ခံတွေ့မလဲဆိုတာ အပေါ်မှာမူတည်ပါတယ်”

“ မောင် ရက်တွေကြာမနေရအောင် ကျုပ် အတွင်းရေးမှူးကို စီစဉ်ခိုင်းလိုက်ပါ့မယ်လေ။ သူ့မှာရှိနေတဲ့ ပုံစံတွေကိုလဲ ထုတ်ပြပါလိမ့်မယ် ”



www.burmeseclassic.com

www.burmeseclassic.com



နို၀ယ်က ပြုံးသည်။ သူ၏ဘ၀မှန်ဖြစ်သော ဗိသုကာတစ်ယောက် ပြန်ဖြစ်သွားရပြန်လေသည်။

" ကျွန်တော်ကလဲ အဲဒါကိုပဲ လိုချင်နေတာပါ မစ္စတာဂရပ်ဖ်။ ဒါပေမယ့် သူဆွဲထားတဲ့ပုံစံတွေကို ရှောရှောရှူရှူမှ ပြပ့ါမလားလို့ စိတ်ထဲမှာ ထင့်နေမိပါတယ် "

" နည်းနည်းကလေးမှ တုံ့ဆိုင်းမနေစေရပါဘူးလေ "

ထိုသို့ ဂရပ်ဖ်ပြန်ပြောလိုက်ပုံက စစ်ဗိုလ်တစ်ယောက်ပုံစံမျိုး ဖြစ်သွားလေသည်။ ' သူသာ ဂျင်နရယ်တစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် ဒါမှမဟုတ် စစ်ဘက်ထိပ်တန်းအရာရှိကြီးတစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် . . ' ဟု စာအုပ်ဆိုင်မှ အရောင်းစာရေးပြောခဲ့သော စကားကို နို၀ယ် ပြန်လည်ကြားယောင်လိုက်မိသည်။

" ဒါလောက်လဲ အရေးမကြီးတော့ဘူးလို့ ဆိုမယ်ဆိုရင် ဆိုနိုင်ပါတယ် ခင်ဗျာ။ ကျွန်တော်လိုချင်တာတွေလဲ အခုရနေပြီပဲ "

မောရစ်ဂရပ်ဖ်က နေရာပြင်ထိုင်သည်။

" ဒီလိုလား . . . ဒါဖြင့် မောင် နယူးယောက်ကိုပြန်မယ်ဆိုယင် ပြန်နိုင်ပြီပေါ့ "

" ပြန်မယ်ဆိုယင် ပြန်နိုင်ပါပြီ ခင်ဗျာ။ ကျွန်တော့်အိမ်ပုံစံဆွဲခိုင်းတဲ့သူကို အခု ရထားတဲ့ပုံကြမ်းတွေအခြေခံပြီး ဆွဲပြဖို့ပါပဲ။ မစ္စတာဂရပ်ဖ်ရဲ့ ဗိသုကာနဲ့အလွယ်တကူတွေ့ရယင်လဲ ပိုကောင်းတာတော့ မှန်ပါတယ် "

နို၀ယ်ကစကားကို ခဏဖြတ်ထားသည်။ ယခုအချိန်တွင် သူသိချင်နေသည်ကို ထုတ်ဖော်မေးဖို့ ကောင်းပြီဟုလည်း သဘောရလိုက်သည်။ ထို့ကြောင့် မသိမသာ သွေးတိုးစမ်းသည့်သဘောဖြင့်မေးသည်။

" ကျွန်တော် ရိုင်းယိုးဒိဂျနေးရိုးမြို့မှာရှိနေတုန်း ခရီးကြုံကိစ္စကလေးတစ်ခု ဆောင်ရွက်စရာရှိပါတယ်။ အရေးတော့မကြီးပါဘူး။ တကယ့်ကို အရေးမကြီးတဲ့သာမန်ကိစ္စလေးတစ်ခုပါ။ ဒါပေမယ့်လဲ ကျွန်တော် ကြိုးစားဆောင်ရွက်သွားပေးဖို့တော့ လိုပါတယ်။ ဘယ်နေရာကစပြီး လုပ်ရမှန်းမသိတာတစ်ခုပဲ ခက်နေပါတယ်။ ပုလိပ်အဖွဲ့နဲ့ပဲ ချဉ်းကပ်ရမလားဆိုတာ မရေမရာဖြစ်နေမိပါတယ် "

" မောင့်စကားက အဆန်းပဲ။ ဘာလဲ . . . ရာဇ၀တ်မှုနဲ့ဆိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့လား ”

“ မဟုတ်ပါဘူးခင်ဗျာ။ လုံးလုံးမဟုတ်ပါဘူး။ မိသားစုတစ်စု ဘယ်မှာ ရှိနေမယ်ဆိုတာ ပုလိပ်အဖွဲ့ကများ ညွှန်ပြနိုင်မလားလို့ ဆိုလိုတဲ့သဘောပါ။ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာလဲ သူတို့နာမည် မတွေ့ဘူးခင်ဗျ။ စာရင်းထဲ မပါတဲ့ နံပါတ်တွေကိုလဲ ကျွန်တော်စုံအောင် စစ်ဆေးကြည့်ပြီးပါပြီ။ ဒါပေမယ့် ဘယ်မှာမှ မတွေ့ဘူး ”

“ သူတို့ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ နေတယ်ဆိုတာရော. . . သေချာ ရဲ့လား ”

“ နောက်ဆုံးကြားရတဲ့ သတင်းအရတော့ ဒီမှာပဲသူတို့နေနေကြတယ် လို့ဆိုပါတယ်။ ဘရာဇီးလ်နိုင်ငံမှာရှိတဲ့ အခြားမြို့တွေမှာလဲ စုံစမ်းပြီးပြီလို့ ကျွန်တော်နားလည်ရပါတယ် ”

“ မောင် ပြောတာတွေ ကျုပ်တော့ နားမလည်တော့ဘူး။ မစ္စတာ ဟိုးလ်ခရော့ဖ်တ်။ အဲဒီမိသားစုကိုတွေ့ဖို့က သိပ်ကိုအရေးကြီးနေသလား။ သူ တို့က ဘာအလုပ်လုပ်ကြသလဲ။ ရာဇဝတ်မှုနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့ လဲ စောစောက မောင် ပြောခဲ့တယ် ”

“ မဆိုင်ပါဘူး ခင်ဗျာ။ သူတို့အကြောင်းနဲ့ပတ်သက်လို့လဲ ကျွန်တော် က အနည်းအကျဉ်းလောက် သိတာပါ။ နယူးယောက်မြို့မှာ ကျွန်တော့်မိတ်ဆွေ ရှေ့နေတစ်ယောက်ရှိပါတယ်။ ကျွန်တော် ဘရာဇီးလ်နိုင်ငံကို လာဖို့ရှိနေတော့ သူက ခရီးကြုံယင် အဲဒီမိသားစုအကြောင်းပါ စုံစမ်းပေးခဲ့စမ်းပါ မှာလိုက်လို့ ပါ။ အရှေ့အလယ်ပိုင်းမှာရှိခဲ့တဲ့ သူတို့ဆွေမျိုးတွေက ငွေတချို့ ထားပစ်ခဲ့တဲ့ ကိစ္စလို့ ဆိုတာပဲ ”

“ အမွေ ဆိုလိုတာလား ”

“ မှန်ပါတယ်ခင်ဗျာ ”

“ ဒီမြို့မှာ ရှိနေတဲ့ ရှေ့နေတစ်ယောက်ယောက်နဲ့များ . . . ”

“ ကျွန်တော့်မိတ်ဆွေက ဒီမြို့မှာရှိနေတဲ့ ရှေ့နေတွေကတဆင့် စုံစမ်း ကြည့်ပြီးပါပြီ ခင်ဗျာ။ ဒါပေမယ့်လဲ ကျေနပ်လောက်တဲ့အဖြေ မရခဲ့ပါဘူး ”

“ ဘာကြောင့် ကျေနပ်လောက်တဲ့အဖြေ မရတာတဲ့လဲ ”

“ ဒါကိုတော့ ကျွန်တော်မသိပါဘူးခင်ဗျာ။ ဒီက ရှေ့နေတွေ ဆောင် ရွက်ပေးပုံနဲ့ပတ်သက်ပြီး ကျွန်တော့်မိတ်ဆွေက သိပ်အားမရဘူးဆိုတာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျွန်တော် သိရပါတယ် ”

“ ကျုပ်များ အကူအညီပေးနိုင်မလား မသိဘူး။ ကျုပ်မှာလဲ အသိအကျွမ်းများတယ်လေ ”

နိုဝယ်က ခေါင်းကို ယမ်းခါလိုက်သည်။

“ မစ္စတာဂရပ်ဖ်ဆီမှာ နောက်ထပ် ကျွန်တော်အကူအညီမတောင်းရဲတော့ပါဘူး ခင်ဗျာ။ ကျွန်တော့်ကို အခုကူညီနေတာတွေကပဲ များလှပါပြီ။ နောက်ပြီးတော့ ဒီကိစ္စကလဲ စောစောက ကျွန်တော်အစီရင်ခံခဲ့သလိုပဲ ဘာမှ အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူး ”

“ အေးလေ . . . မောင်တို့ရဲ့ လျှို့ဝှက်ကိစ္စကို ကျုပ်က စပ်စပ်စုစု လုပ်နေဖို့လဲ မသင့်တော်ပါဘူး ”

ဂရပ်ဖ်က ထိုမျှသာပြောသည်။ အနောက်ဘက် တောင်စောင်းတွင် နေဝင်တော့မည်။ ဝင်လုဆဲနေရောင်က အခန်းတွင်းသို့ဝင်လာရာ ရွှေရည်များ ပက်ဖျန်းထားသလို ရှိလေသည်။

“ လျှို့ဝှက်တယ်လို့လဲ မဆိုနိုင်ပါဘူးခင်ဗျာ။ သူတို့မိသားစုရဲ့ နာမည်က ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ် ဖြစ်ပါတယ် ”

နိုဝယ်က ထိုသို့ပြောလိုက်ပြီး ဂရပ်ဖ်၏မျက်နှာအမူအရာကို အကဲခတ်ကြည့်သည်။ သူမြင်လိုက်ရသော အမူအရာမှာ ကြိုတင်မျှော်မှန်းမထားသည့် အမူအရာဖြစ်သည်။ သည်လိုအမူအရာမျိုးပေါ်ပေါက်လာခဲ့သော် မည်ကဲ့သို့ တုံ့ပြန်ရမည်ကို ကြိုတင်စဉ်းစားမထားခဲ့မိသော အမူအရာဖြစ်လေသည်။

အဘိုးကြီး၏ မျက်လုံးအစုံသည် ချက်ချင်းပြူးကျယ်သွားသည်။ နိုဝယ်ကို စိုက်ကြည့်နေသော မျက်လုံးထဲမှာ စက်ဆုပ်ရွံ့ရှာသည့်အရိပ်အရောင်များ ထင်ရှားစွာ ပေါ်လွင်လာသည်။

“ မင်းဟာ ဝက်လိုအကောင်ပဲ ”

မောရစ်ဂရပ်ဖ်က ရုတ်တရက်ပြောလိုက်သည်။ သူ့လေသံက အလွန်တိုးပါသည်။ ထို့ကြောင့် အတော်အားစိုက်ပြီး နားထောင်မှ ကြားနိုင်ပါသည်။

“ မင်း ကလိမ်ခြုံလုပ်ပြီး ငါ့အိမ်ထဲကို ဝင်လာတာပေါ့လေ။ ငါ့အိမ်ထဲဝင်လို့ရအောင် တခြားအကြောင်းပြလာတာပေါ့လေ ”

“ မဟုတ်ပါဘူး မစ္စတာဂရပ်ဖ် . . . ခင်ဗျားမှားနေပြီ။ နယူးယောက်



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာရှိနေတဲ့ ကျွန်တော့်ရှေ့နေကို မယုံယင်ခေါ်မေး . . . ”

“ ဝက်. . ဗွန်တိုင်းဘို့လ်တ်. . သစ္စာဖောက်တွေ. . အယုတ်တမာကောင်တွေ. . ဝက်. . မင်း ငါ့အိမ်ထဲမှာ ဘာကြောင့် ဒီနာမည်ကို သုံးရတာလဲ”

နို့ဝယ်မှာ အဘိုးကြီးကိုကြည့်ပြီး ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်သွားလေသည်။ မနေတတ် မထိုင်တတ်လည်း ဖြစ်လာသည်။

အဘိုးကြီး၏ မျက်နှာပေါ်မှာ ဒေါသရောင်များ တဖိတ်ဖိတ်ပေါ်လာသည်။ မျက်လုံးများ ရဲရဲနီလာသည်။ လည်ပင်းကြောကြီးများ ထောင်ထလာသည်။ သူ့လက်နှစ်ဘက်စလုံး တုန်ယင်နေရာ ကုလားထိုင် လက်တန်းနှစ်ဘက်ကို တင်းတင်းကြီး ဆုပ်ကိုင်ထားရလေသည်။

“ ကျွန်တော်တော့ ဘာမှ နားမလည်တော့ဘူး ခင်ဗျာ ”

နို့ဝယ်က ထိုသို့ပြောယင်း ထိုင်ရာမှထသည်။

“ မင်းနားလည်တယ်. . ဝက်. . မင်းနားလည်တယ်။ ဗွန်တိုင်းဘို့လ်အကြောင်း စုံစမ်းချင်လို့ အိမ်ပုံစံ အကြောင်းပြုပြီး ငါ့အိမ်ထဲကို မင်းလိမ်ဝင်လာတာ။ သူတို့ကို မင်းအသက်ပြန်သွင်းပေးချင်နေတယ် ”

“ သူတို့ သေသွားလို့လား ခင်ဗျာ ”

“ ငါမသိဘူး . . ဝက်. . သစ္စာဖောက်. . ”

“ မစ္စတာဂရပ်ဖ်. . . ကျွန်တော်ပြောတာ တဆိတ်ကလေးနားထောင်ပါခင်ဗျာ။ သူတို့အကြောင်းကိုများ . . . ”

“ ငါ့အိမ်ထဲက ထွက်သွား ”

အဘိုးကြီးက အသံကုန်အော်လိုက်ယင်း ကုလားထိုင်မှ ခက်ခဲစွာထသည်။ ပြီးတော့ သူ့အစောင့်တစ်ယောက်ကို လှမ်းအော်ခေါ်သည်။

“ ဝါနာ. . . ဒီကို မြန်မြန်လာစမ်း ”

ဂရပ်ဖ်၏ အစောင့်က အခန်းထဲသို့ ချက်ချင်းရောက်လာသည်။

“ ငါ့အိမ်ထဲကို လိမ်ပြီးဝင်လာတဲ့ အဲဒီသစ္စာဖောက်ကို ဆွဲထုတ်သွားစမ်း။ အိမ်အပြင်ဘက်ကို မောင်းထုတ်ပစ်လိုက်စမ်း ”

အစောင့်က နို့ဝယ်ကို လှမ်းကြည့်သည်။

“ ဒီဘက်ကိုလာပါ။ မြန်မြန်လာ . . . ”

နို့ဝယ်က သူ့လက်ကိုင်အိတ်ကလေးကို ကောက်ကိုင်ပြီး တံခါးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ တံခါးနားရောက်တော့ ခဏရပ်ပြီး ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသည့် အဘိုးကြီးကို ပြန်လှည့်ကြည့်သည်။

အဘိုးကြီးရပ်နေပုံမှာ ပုံပျက်ပန်းပျက်ဖြစ်နေသည်။ ဒေါသကြောင့် တကိုယ်လုံး ယိမ်းထိုးနေသည်။ ရုတ်တရက် လဲပြိုကျသွားတော့မည်ကဲ့သို့ ရှိသည်။

" ထွက်သွား . . . အယုတ်တမာကောင် "

ဒါလောက်ဆိုလျှင်တော့ လွန်လွန်းလာပြီဟု နိုဝယ် ထင်သည်။ သူ၏ ချုပ်တီးမှုများလည်း သံပတ်ကုန်သွားလေပြီ။ သူ့ကို ' ဝက်-သစ္စာဖောက်- အယုတ်တမာကောင် ' စသည်ဖြင့် အမည်မျိုးစုံပေးပြီး ခေါ်နေသော အဘိုးကြီး ကို ကြည့်ယင်း သူ့ရင်ထဲမှာ တင်းကျပ်လာသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က အကြောင်းများကို ပြန်လည် ကြားယောင်လာသလိုလိုရှိသည်။

သည်အဘိုးကြီးသည် ဂျာမနီနိုင်ငံတော်ကြီးနှင့် ဟိန်းနရစ်ကလော်ဆင် တို့လူစုအပေါ် သစ္စာဖောက်ခဲ့သူ။ သူ့ကိုယ်ကျိုးအတွက် ငွေတွေခိုးခဲ့သူ။ စိတ် ရှုးပေါက်ပြီး အပြစ်မဲ့လူသားအပေါင်းတို့ကို အစုလိုက်အပြုံလိုက် ရက်ရက် စက်စက်သတ်ခဲ့သူ။ ဂျာမနီနိုင်ငံတော်ကြီး၏ဂုဏ်သိက္ခာနှင့် ဟိန်းနရစ်ကလော်ဆင် တို့၏ ဂုဏ်သိက္ခာကို ဖျက်ဆီးခဲ့သူ။

နာဇီ။

" ကျွန်တော့်ကို ရင့်ရင့်သီးသီးတွေပြောဖို့ ခင်ဗျားမှာ ဘာအကြောင်း မှမရှိဘူး " ဟု နိုဝယ်က ပြန်အော်သည်။

" အကြောင်းရှိလို့ပြောတာကွ။ ငါ့အိမ်ထဲက ထွက်သွား "

" ကျွန်တော် သွားမှာပါပဲ ဂျင်နရယ်. . . ခင်ဗျားကရော ဘာကောင် ကြီးလဲ။ အမြန်ဆုံးထွက်သွားမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျုပ်အခုနားလည် သွားပြီလေ။ ခင်ဗျားတို့ လုပ်ကြံသတ်ဖြတ်ခဲ့တဲ့လူတွေနဲ့ ကျုပ်ဘယ်လိုပတ်သက် တယ်ဆိုတာ ခင်ဗျားမသိဘူး။ ဒါပေမယ့် နာမည်တစ်ခုကို ကျုပ်ဖော်ပြလိုက်ယင် ခင်ဗျား အဲဒီနေရာမှာ အခုလို ရပ်နေနိုင်မှာတောင်မဟုတ်ဘူး။ တစ်ချက်တည်း လဲသေသွားမယ်။ ခင်ဗျား တကိုယ်လုံးတစ်စစီကြွေသွားမယ်။ ဘာကြောင့်လဲ ဆိုတော့ အဖြစ်မှန်တွေကို ခင်ဗျားလဲသိတယ်။ ကျုပ်လဲသိတယ်။ နှစ်ပေါင်း သုံးဆယ်လုံးလုံး ဘာတွေဖြစ်နေခဲ့တယ်ဆိုတာ ဗွန်တိုင်းဘို့လ်တ်တို့ မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ အလောင်းတွေ တောင်လိုပုံခဲ့တာကို သိတယ်။ ခင်ဗျားဟာ ဘယ်လို မျက်နှာဖုံးစွပ်ထားခဲ့တယ် ဆိုတာ သိတယ် ”

“ တို့ဘဝအမှန်ကို ဘာမှဖုံးကွယ်နေစရာမလိုဘူး။ တစ်ကမ္ဘာလုံးက သိတယ်။ ဘာမှ ဟန်ဆောင်နေစရာ မလိုဘူး ”

နိုဝယ်သည် သူ့ဒေါသကို မချုပ်တီးနိုင်အောင်ဖြစ်လာသည်။ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ပြီး အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ကြရသည့် အပြစ်မဲ့လူသား သန်းပေါင်းများစွာတို့၏ ရှိုက်ညည်းသံများ နားထဲမှာ ကြားယောင်လာသည်။

ဟိန်းနရစ်ကလော်ဆင်တို့ အပါအဝင် သစ္စာဖောက်ခံလိုက်ရသော ဝံပုလွေတို့၏ နောင်တရသံများကို နားထဲမှာ ကြားလာသည်။

အဖေ့အတွက် ရာဇဝတ်ကြွေးဆပ်ရတော့မည်။ အဖေနှင့် အပေါင်းပါများအတွက် ရာဇဝတ်ကြွေးဆပ်ရတော့မည်။ အပြစ်မဲ့လူသားများအတွက် သွေးကြွေးဆပ်ရတော့မည်။ ရှိသမျှခွန်အားကိုသုံးပြီး ပြန်လည် တိုက်ခိုက်ရတော့မည်။

နိုဝယ်သည် သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တော့ချေ။

“ ကျုပ်ပြောတာကို သေသေချာချာ နားထောင်ပါ။ ဗွန်တိုင်းဘို့လ်တ်ကို တွေ့အောင်ရှာမယ်။ ခင်ဗျား ကျုပ်ကို ဘယ်နည်းနဲ့မှတားလို့မရဘူး။ တားနိုင်လိမ့်မယ်လို့လဲ မထင်နဲ့။ ကျုပ်ကို ခင်ဗျားထင်သလို လုပ်နိုင်မယ်လို့မထင်နဲ့။ မရဘူးမှတ်။ ခင်ဗျားကိုသာ ကျုပ်က ထင်သလိုလုပ်နိုင်မယ်။ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိသွားပြီ။ ခင်ဗျားဟာ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးနာဇီ . . . ”

ဂရပ်ဖ်က သူ့စိတ်ကို သူအတော်ကလေး ပြန်ထိန်းနိုင်ထားသည်။

“ နည်းမျိုးစုံနဲ့ ဗွန်တိုင်းဘို့လ်တ်ကို တွေ့အောင်ရှာ။ အဲဒီမှာ တို့တွေ့ကြတာပေါ့ ”

“ တွေ့အောင်ရှာမယ်။ ရှာဖွေတဲ့အချိန်မှာ သူတို့တစ်ခုခုဖြစ်ယင် ဘယ်သူ့လက်ချက်ဆိုတာ ကျုပ်သိပြီ။ ခင်ဗျား လက်ချက်ပဲလို့ ကျုပ်စွပ်စွဲမယ်။ ခင်ဗျားကတော့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်ပြီး ဟောဒီရဲတိုက်ကြီးထဲကနေ အမိန့်တွေပေးနေတာပေါ့လေ။ ခင်ဗျား ဘာကောင်မှ မဟုတ်တော့တာကြာပြီ။ စစ်မပြီးခင်ကတည်းက ခင်ဗျားဘဝ နိဂုံးချုပ်သွားပြီ။ ဒါကို ဗွန်တိုင်းဘို့လ်တ်



www.burmeseclassic.com

www.burmeseclassic.com



တို့လိုလူတွေက သိတယ်။ အားလုံးကနားလည်တယ်။ ခင်ဗျား မသိဘူး။ နားမလည်ဘူး ”

“ ထွက်သွား . . . ”

အစောင့်က နိုဝယ်၏ လက်တစ်ဘက်ကို ခင်ကြမ်းကြမ်းဆွဲကိုင်လိုက်သည်။

နိုဝယ်ဘာကိုမှ စဉ်းစားမနေတော့ပါ။ သူ့ကိုဆွဲယူလိုက်သည့် အစောင့်ဘက်သို့အလိုက်သင့်ကိုယ်ကို ယိမ်းပေးလိုက်ပြီး အစောင့်၏ ဗိုက်ထဲသို့ တတောင်တစ်လုံးနှင့် ခြေထောက်ကြားထဲသို့ ဒူးတစ်လုံးဆက်တိုက် ပစ်သွင်းလိုက်သည်။

ကြမ်းပြင်ပေါ်သို့ ပြုလဲကျသွားသည့်အသံကို အကျယ်ကြီးကြားလိုက်ရသည်။

နိုဝယ်က ငုံ့ကြည့်သည်။ ကိုယ်ခန္ဓာအလွန် ထွားကျိုင်းတောင့်တင်းသည့် လူတစ်ယောက်ကို တွေ့နေရသည်။ သူ့မျက်နှာပေါ်တွင် နာကျင်ခြင်းနှင့် မယုံကြည်နိုင်ခြင်း အရိပ်အရောင်များကိုလည်း အထင်အရှား မြင်တွေ့ရသည်။

နိုဝယ်က တံခါးဖွင့်ပြီး အပြင်ထွက်သည်။ ဂရပ်ဖ် တယ်လီဖုန်း လှမ်းကိုင်သည်ကို မြင်လိုက်ရသည်။

လက်ထောက်လုပ်သူက နိုဝယ်ထံသို့ ခြေလှမ်းပြင်သည်။

“ မလုပ်နဲ့ . . . ”

ဂရပ်ဖ်က ဖမ်းထားသည်။

အလွန်တရာကျယ်သော ခန်းမကြီးကိုဖြတ်ပြီး လျှောက်လာခဲ့သည်။ ဝဲယာတစ်ဘက်တစ်ချက်တွင် ယောကျ်ားမိန်းမ အတော်များများ ရပ်နေကြသည်ကို တွေ့ရသည်။ အားလုံးက နိုဝယ်ကို ငေးစိုက်ကြည့်နေကြသည်။ တစ်စုံတစ်ရာပြောဆိုခြင်းမရှိ။ လှုပ်ရှားခြင်းမရှိ။

ထိုအမူအရာများကို ကြည့်ခြင်းအားဖြင့် ဂျာမန်လူမျိုးပီသပါပေသည်ဟု နိုဝယ်က စဉ်းစားမိလေသည်။

သူတို့အားလုံးသည် သူတို့ အထက်လူကြီးက အမိန့်တစ်စုံတစ်ရာမပေးဘဲ ဘာကိုမှလုပ်ကြမည် မဟုတ်ပေ။

ယခုလည်း နာဇီ၏အမိန့်ကို သူတို့စောင့်နေကြခြင်းဖြစ်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



" ငါခိုင်းထားတဲ့အတိုင်းလုပ် "ဟု မောရစ်ဂရပ်ဖ်က တယ်လီဖုန်းထဲသို့ ပြောနေလေသည်။

သူ့အသံ အလွန်တရာ တည်ငြိမ်နေသည်။ လွန်ခဲ့သည့် တစ်မိနစ်လောက်က နေရာမှာပင် ဗုန်းဗုန်းလဲကျကာ သေသွားတော့မလောက် ဒေါသပေါက်ကွဲသည့် အရိပ်အရောင်များကို လုံးဝမတွေ့ရတော့ချေ။ ဘာမျှမဖြစ်ခဲ့သလို ရှိနေသည်။

လက်အောက်ငယ်သားများကို လိုအပ်သည့်အမိန့်များ တည်တည်ငြိမ်ငြိမ်ပေးနေသည့် ဂျင်နရယ်ကြီးတစ်ယောက်နှင့် တူလှသည်။

" သူ တောင်အောက်ဆင်းသွားတာ လမ်းတဝက်လောက်ရောက်တဲ့အထိစောင့်။ တဝက်ရောက်ယင် တံခါးမကြီးကိုပိတ်။ သူလွတ်သာရုံကလေးပိတ်၊ သူ့ကိုယ်သူတော့ ငါ ဒိဝင်းကြီးထဲက သိသိကလေးလွတ်လာတယ်လို့ ထင်ပေစေ . . . "

ဂရပ်ဖ်က တယ်လီဖုန်းကို ပြန်ချပြီး သူ့လက်ထောက်ဘက်သို့ လှည့်ကြည့်သည်။

" အစောင့် တောတော် နာသွားသလား "

" နာတာထက် အံ့အားသင့်သွားတာပါ ဆရာကြီး။ အကြောအခြင်လျှော့သွားအောင် လမ်းလျှောက်နေပါတယ် "

" နိုဝယ်ဟိုးလ်ခရော့ဖ်တ် သိပ်ကိုစိတ်ဆိုးသွားတယ်။ သူ့ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲနေပြီ။ မထိန်းနိုင် မသိမ်းနိုင်အောင် ဖြစ်နေပြီ။ သူ့ရည်ရွယ်ချက်ကို အကောင်အထည်မပေါ်ပေါ်အောင် လုပ်တော့မယ်လို့ အခိုင်အမာဆုံးဖြတ်သွားပြီ။ ဒါကောင်းတယ်။ အခုချိန်ကစပြီး သူ တုန်လှုပ်ချောက်ချားအောင်ဆက်လုပ်ရမယ်။ မမျှော်လင့်တဲ့ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပါလားဆိုတာသိအောင် လုပ်ရတော့မယ်။ ရက်စက်ကြမ်းကြုတ်မှုတွေ ရှိနေပါလားဆိုတာ သိအောင် လုပ်ရတော့မယ် "

ဂရပ်ဖ်က နိုဝယ် ထွက်သွားသည့်အပေါက်ဆီသို့ လှမ်းကြည့်သည်။ ပြီးတော့မှ လက်ထောက်ဘက်သိုက ပြန်လှည့်ပြီး ဆက်ပြောသည်။

" အစောင့်ကိုပြောလိုက်။ ငါးမိနစ်စောင့်လို့ . . . ပြီးယင် နိုဝယ်နောက်ကိုလိုက်တော့။ သူ့အလုပ်ကို သူကောင်းကောင်းလုပ်ပါစေ "

" စိတ်ချပါ ဆရာကြီး။ သူ့ကို သေသေချာချာ အမိန့်ပေးထားပြီးပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ သေနတ်ပစ်လက်တည့်တဲ့နေရာမှာတော့ နှစ်ယောက် မရှိပါဘူးခင်ဗျာ။ စီစဉ်ထားတဲ့အတိုင်း အားလုံးဖြစ်ရပါစေမယ် ”

“ ကောင်းတယ် ”

နာဇီဂျင်နရယ်ဟောင်းသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ဝင်လုဆဲနေရောင်များက ထိုးကျနေသည်။

“ နားဝင်ဖွယ်ကောင်းတဲ့ စကားလုံးကလေးတွေနဲ့ ချိုချိုသာသာပြော၊ ချစ်သူတွေရဲ့ စကားတွေပြော . . ပြီးတော့ ပေါက်ကွဲမှုတွေဆက်လုပ် . . သေနတ်တွေ ဓားတွေနဲ့ရှင်း . . နိုဝယ်ဟိုးလ်ခရေ့ဖ်တ်အနေနဲ့ ဘာကို ဆုံးဖြတ်ရမှန်း မသိတဲ့အခြေအနေမျိုးကို ရောက်အောင် ဖန်တီးပေး။ သူ့ပတ်လည်မှာ ရန်သူတွေရော မိတ်ဆွေတွေပါ ဝိုင်းဝိုင်းလည်နေတာကို သိပေစေ။ လုပ်ရမယ့် အလုပ်ကို ဆက်လုပ်ဖို့ကလွဲပြီး နောက်ကြောင်းပြန်စရာအကြောင်း မရှိတော့ဘူးဆိုတာ သိပေစေ။ သူဘာဆုံးဖြတ်ရမှန်းမသိတော့တဲ့အခါမှာ သူဟာ တို့လက်ထဲကို လုံးလုံးလျားလျားရောက်ပြီ။ တို့လုပ်ချင်တာတွေအားလုံး လုပ်လို့ရတော့မယ် ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

နိုဝယ်သည် ဂရပ်ဖ်၏ အခန်းတံခါးကို ဒေါသတကြီးဆောင့်ပိတ်ထားခဲ့ပြီး လှေကားအတိုင်း ဆင်းလာသည်။ သူ့ကားပေါ် သို့တက်သည်။ ဂီယာကွေ ပြန်ကွေ့သည်။ တောင်အောက်သို့ဆင်းရန် ဦးတည်လိုက်သည်။

နေဝင်ပြီကို သိလိုက်သည်။ ထို့ကြောင့် ရှေ့မီးကြီးနှစ်လုံးဖွင့်သည်။

ရုတ်တရက် ဂရပ်ဖ် ပေါက်ကွဲသွားသည့်အကြောင်းကို စဉ်းစားကြည့်သည်။ အကြောင်းနှစ်ခုကြောင့်သာ ဖြစ်နိုင်သည်။

ပထမအကြောင်းက ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ်တို့အသက်ရှင်လျက်ရှိနေရမည်။

ဒုတိယအကြောင်းက သူတို့မိသားစုသည် ခြိမ်းခြောက်မှုတစ်ခုခုဖြစ်ရမည်။

သို့သော်လည်း ဘာကိုခြိမ်းခြောက်သနည်း။ ဘယ်သူ့ကို ခြိမ်းခြောက်သနည်း။ သူတို့ ဘယ်ရောက်နေကြသနည်း။

အစောင့်ကို သူတိုက်ခိုက်ခဲ့သည့်အကြောင်းကို ပြန်စဉ်းစားသည်။ ကိုယ်ရေးကြုံလာသောအခါ ယခုလို သပ်သပ်ရပ်ရပ်ကလေး ပြန်လည်တိုက်ခိုက်လိုက်နိုင်သည့်အတွက် သူ့ကိုယ်သူ ကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ သူ့အဖေ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကို ကျေးဇူးတင်မိသည်။

သူ့အဖေက သူသွားနေကျ ကျန်းမာရေးကလပ်သို့ နိုဝယ်ကို ခေါ်သွားပြီး ကိုယ်ခံပညာသင်စေသည်။ စောစောပိုင်းတွင် နိုဝယ်က မသင်ချင်။

"မြို့ကြီးပြကြီးတွေဟာ တဖြည်းဖြည်း အရိုင်းအစိုင်းတွေနဲ့ ပြည့်ပြည့်လာပြီး တောကြီးမျက်မည်းတွေနဲ့ တူနေပြီကွ။ ဒါကြောင့် မလိုသော်ရှိ လိုသော်ရှိ ကိုယ်ခံပညာကလေးတော့ သား တတ်ထားဖို့လိုတယ်" ဟု သူ့အဖေက ပြောခဲ့သည်။

ယခု သူမကျွမ်းသော တောကြီးမျက်မည်းထဲသို့ ရောက်လာသည်။ သူ့ကိုယ်ခံပညာကလေးက သူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးလိုက်သည်။

ထိုသို့ စဉ်းစားယင်း ကားကို ခပ်ကြမ်းကြမ်း မောင်းလာခိုက် ဆူညံသံများ ရုတ်တရက်ကြားရသည်။ ချက်ချင်းဆိုသလိုပင် သူ့မော်တော်ကား ပတ်လည်သို့ ဂျာမန်ရှက်ပတ်ခွေးများ ဝိုင်းလာသည်။

အားလုံးပေါင်း ခြောက်ကောင်. . . ခုနစ်ကောင်. . . ရှစ်ကောင်. . .။ သူမရေတွက်နိုင်တော့ပါ။ ပတ်လည်မှာ ခွေးကြီးတွေဝိုင်းနေပြီ။ သွားများကို အဖွေးသားမြင်နေရသည်။ ဟိန်းသံများကို နားပွင့်မတတ် ကြားနေရသည်။

ခွေးများက သူ့ကားပြတင်းပေါက်မှ မှန်များကို ကုတ်ခြစ်နေသည်။ တစ်ကောင်က စက်ဖုံးပေါ်သို့ ခုန်တက်သည်။

နိုဝယ်က အထိတ်တလန့်ဖြင့် ရှေ့သို့လှမ်းကြည့်သည်။ လျှပ်စစ်ဖြင့် ထိန်းချုပ်သော ခြံဝင်းတံခါးကြီး တဖြည်းဖြည်း ပိတ်နေသည်ကို တွေ့ရသည်။

ဘာကိုမှ စဉ်းစားမနေနိုင်တော့ပါ။ မော်တော်ကားလီဗာကို တအား ဆောင့်နင်းချလိုက်သည်။

ကားက တရှိန်ထိုးပြေးသွားသည်။ စက်ဖုံးပေါ်မှ ခွေးပြုတ်ကျကျန်ခဲ့သည်။

ပိတ်နေသည့်တံခါးနှစ်ရွက်ကြားမှ လွတ်ရုံကလေး ထွက်လာနိုင်ခဲ့သည်။ တစ်စက္ကန့်လောက် နောက်ကျလျှင် ဂရပ်ဖ်၏ခြံဝင်းအတွင်းမှာ ပိတ်မိနေတော့မည့် အကြောင်းကို စဉ်းစားယင်း တကိုယ်လုံး ကြက်သီးမွေးညှင်းများ ထသွားသည်။

ခြံပြင်ရောက်တော့မှ သက်ပြင်းချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်ဆက်မောင်းရမည်ကို မသိပါ။ သည်နေရာကို တစ်ကြိမ်တစ်ခါမှ သူမရောက်ဖူးခဲ့ပါ။

ထို့ကြောင့် ထိုင်ခုံကြားထဲမှာထားသည့် မြေပုံကိုရှာသည်။ မြေပုံမရှိတော့ပြီ။

သေချာအောင်ရှာသည်။ ဘယ်ကြားမှာမှ ညပ်မနေပါ။ သည်တော့မှပင် သူ့မြေပုံကို ဂရပ်ဖ်၏တပည့်များက တမင်ရည်စူးချက်ဖြင့် ယူထားလိုက်ကြပြီဖြစ်ကြောင်း တွေးမိသွားလေတော့သည်။

လမ်းဆုံတစ်ခုသို့ရောက်လာသည်။ ဘယ်လမ်းလိုက်ရမည်မှန်းမသိပဲ ဇဝေဇဝါဖြစ်နေသည်။ အပြင်မှာ မှောင်လည်း မှောင်လာပြီ။

ဘာကိုမှ စဉ်းစားမနေတော့ပဲ ညာဘက်သို့ချိုးကွေ့ကာ မောင်းမြဲမောင်းနေမိသည်။ နောက်ထပ်တွေ့သည့်လမ်းဆုံများတွင်လည်း ထိုအတိုင်း စိတ်ကူးတည့်ရာသို့သာ မောင်းနှင်နေမိသည်။ အရှိန်ကိုလည်း အမြန်ဆုံးနှုန်းနှင့် မောင်းနေသည်။

အမှောင်ထုက ပိုမိုကြီးစိုးလာသည်။

တောင်ကုန်းတစ်ခုပေါ်သို့ တဖြည်းဖြည်းတက်လာမိကြောင်း သတိထားမိသည်။ နောက်ပိုင်းသို့ ပြန်မလှည့်တော့ပဲ မောင်းမြဲမောင်းနေသည်။

တောင်ထိပ်သို့ ရောက်လာသည်။ မြေနေရာကလေးက အထိုက်အလျောက် ကျယ်ပြန့်သည်။ ညီလည်းညီသည်။ တောင်ကမ်းပါးတစ်နေရာတွင် ရင်စို့လောက်ရှိသော အုတ်တံတိုင်းတစ်ခုကို တွေ့ရသည်။ ထိုအုတ်တံတိုင်းနားမှာ မှန်ပြောင်းများ တပ်ဆင်ထားသည်။

တစ်နေရာမှာ ကားရပ်ပြီးဆင်းသည်။ မှန်ပြောင်းများရှိရာသို့သွားသည်။ မှန်ပြောင်းတစ်ခုမှ အပေါက်ထဲသို့ ငွေအကြွေထည့်ပြီးကြည့်သည်။ တောင်အောက်မှ ရိုင်းယိုးဒီဂျနေးရိုးမြို့ကို မီးရောင်တထိန်ထိန်ဖြင့် စီးမြင်နေရသည်။

မိမိသည် မြို့ပြင်သို့ လုံးလုံးရောက်နေပြီဖြစ်ကြောင်း သေချာသွားသည်။

ထိုအခိုက် မော်တော်ကားတစ်စီး တောင်ပေါ်သို့ မောင်းတက်လာသံကြားရသောကြောင့် ဝမ်းသာသွားသည်။ ထိုကားကို ဖမ်းတားပြီး မြို့ထဲရောက်အောင် ဘယ်လမ်းက ပြန်ရမည်ကို မေးဖို့စိတ်ကူးသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်အောက်မှ တရကြမ်းမောင်းတက်လာသော ကားက သူနှင့် မလှမ်းမကမ်းမှာရပ်သည်။ ထိုကားကို လှမ်းကြည့်သည်။

နိုဝယ် အသက်ရှူဖို့ မေ့သွားသည်။

မာစီဒီးကား အဖြူဖြစ်သည်။

မောရစ်ဂရပ်ဖ်၏ အိမ်ရှေ့တွင် ရပ်ထားခဲ့သော ကားဖြစ်သည်။

ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

နိုဝယ်သည် ဘာလုပ်ရမည်ကိုမသိဘဲ ခဏကြာအောင် ကြောင်ရပ်နေမိသည်။

အဖြူရောင်မာစီဒီးကားပေါ်မှ ဆင်းလာသူသည် ဂရပ်ဖ်၏အခန်းထဲတွင် သူတိုက်ခိုက်ပြီး ကြမ်းပြင်ပေါ် လှဲချခဲ့သည့် အစောင့်ဖြစ်နေသည်။

အစောင့်က ခါးကြားမှသေနတ်ထုတ်သည်။ နိုဝယ်ကို လှမ်းပစ်သည်။ တိတ်ဆိတ်သော ညအမှောင်ထဲမှာ သေနတ်သံက ကြောက်မက်ဖွယ်ရာ ကောင်းအောင် ဟိန်းထွက်သွားသည်။

ကျည်ဆန်က နိုဝယ်နှင့် မလှမ်းမကမ်းရှေ့နားက မြေကြီးပေါ်သို့ လာကျသည်။ မြေကြီးနှင့် ကျောက်ခဲများ ဖွားကနဲဖြစ်သွားသည်။

ဒုတိယတစ်ချက် ဆက်ပစ်သည်။ ကတ္တရာလမ်းပေါ်သို့ ကျည်ဆန် လာထောက်သည်။

နိုဝယ်မှာ ထိုအခါကျမှပင် သတိပြန်ဝင်လာပြီး သူ့မော်တော်ကားရှိရာသို့ အားကုန်ပြေးခဲ့သည်။ ကားထဲသို့ ဒရောသောပါး ဝင်သည်။

နောက်ထပ် သေနတ်သံနှစ်ချက် ဆက်ကြားရသည်။ သူ့ကားနောက်မှန်ကို သေနတ်ထိမှန်ပြီး ကွဲသွားသည်ကိုလည်း သိလိုက်ရသည်။

ကားစက်နှိုးပြီး တောင်အောက်သို့ တရကြမ်းမောင်းဆင်းလာခဲ့သည်။ အဆင်းလမ်းတွင် သူမောင်းနေသော အမြန်နှုန်းသည် အန္တရာယ်ကြီးလှသည့် နှုန်းဖြစ်ကြောင်းကိုလည်း မစဉ်းစားနိုင်တော့ပါ။ တောင်အောက်သို့ အရှိန်လွန်ပြီး ထိုးကျသွားမလို မကြာခဏဖြစ်နေသော ကားကို ပင်ပန်းတကြီးထိန်းနေရသည်။

သူ့လက်များမှာ ချွေးတွေရွှဲနေပြီ။

သူ့ဘဝတွင် သေနတ်နှင့်အပစ်ခံရဖူးသည် ယခု ပထမဆုံးအကြိမ်ဖြစ်သည်။ ထို့ကြောင့် ရင်ထဲမှာပေါ်လာသည့် ကြောက်စိတ်များကို ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်း၍ မရနိုင်အောင်ဖြစ်နေသည်။ ရင်ဘတ်မှာ ဖားဖိုလိုဖြစ်နေသည်။
တောင်အောက်သို့ရောက်လာသည်။ မောင်းမိမောင်းရာ လမ်းအတိုင်း မောင်းခဲ့သည်။

မျက်နှာချင်းဆိုင်မှ မော်တော်ကားနှစ်စီး မောင်းလာသည်ကို မြင်ရသည်။ ဝမ်းသာလွန်းသောကြောင့် အသံကုန်အော်မိမည်ကဲ့သို့ ဖြစ်သွားသည်။ ထိုကားနှစ်စီးက သူနှင့် ဆန့်ကျင်ဘက်သို့ ဆက်လက်မောင်းနှင်သွားကြသည်။

ကိစ္စမရှိပါ။ လောကကြီးတွင် သူတစ်ယောက်တည်း မဟုတ်တော့ပါ။ အခြားလူတွေ၊ ကားတွေပါရှိသည့်နေရာသို့ ရောက်လာပြီ ဖြစ်ကြောင်း အသိဝင်လာသဖြင့် ကြောက်စိတ်က အထိုက်အလျောက် ပြေပျောက်သွားလေသည်။

မြို့ထဲသို့ သူရောက်လာပြီကို သတိပြုမိပြန်သည်။

ပို၍ စိတ်သက်သာရာရလာသည်။ သူ့ရှေ့မှ မီးပွိုင့်ကို လှမ်းမြင်ရသည်။ ကားပေါင်းများစွာ မောင်းနှင်နေကြသည်ကိုပါ တွေ့ရသည်။ မီးပွိုင့်သို့ သူရောက်သွားသောအခါ မီးနီနှင့်တိုးသဖြင့် ရပ်ပေးလိုက်ရသည်။

ထိုအခိုက် သူ့ကားဘေးသို့ အခြားကားတစ်စီး ဝင်လာပြီး ယှဉ်ရပ်သည်။

သူလှည့်ကြည့်သည်။ ကားမောင်းသူတစ်ယောက်ကို တွေ့ရသည်။ သူမြင်ဖူးသောသူမဟုတ်ပါ။ ထိုသူက သူ့ကားတံခါးမှ မှန်ကို အောက်သို့ ချနေသည်။ နိုဝယ်ကလည်း သည်အတိုင်း စိုက်ကြည့်နေသည်။

မှန်ချပြီးသည်နှင့်တပြိုင်တည်း ထိုသူက နိုဝယ်ကို သေနတ်နှင့်ချိန်လိုက်သည်။ အသံတိတ်ကိရိယာ တပ်ဆင်ထားသော သေနတ်ဖြစ်သည်ကို တွေ့ရသည်။

နိုဝယ်က ဘေးတစ်ဘက်သို့ ကိုယ်ကိုလှဲချလိုက်သည်။ ဂီယာတံပေါ်သို့ ကျသွားသည်။ သေနတ်သံကိုတော့ မကြားရပါ။ သို့သော်လည်း သူ့ကားမှ မှန်များကို တစ်စုံတစ်ရာက လာရောက်ထိမှန်သံ ကြားရသည်။ တဆက်တည်း မှန်ကွဲကုန်သည်။ ကျည်ဆန်လာမှန်ခြင်းဖြစ်ကြောင်း သိလိုက်သည်။

ထို့ကြောင့် မီးနီနေသော်လည်း ဇွတ်မောင်းဝင်ခဲ့သည်။ ကားပေါင်းများစွာတို့က ဒေါသတကြီးဖြင့် ဟွန်းများတပြိုင်တည်း တီးကြလေသည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်၏ လက်ထဲမှာရှိနေသော တယ်လီဖုန်း လက်ကိုင်သည် သူ၏ ဖောချွေးများနှင့် ချောနေသည်။

" ကျုပ် ပြောနေတာကို ခင်ဗျားသေသေချာချာ နားထောင်ရဲ့လား"

နိုဝယ်က တယ်လီဖုန်းထဲသို့ အော်ပြောသည်။

" မစ္စတာဟိုးလ်ခရော့ဖ်တ်. . . စိတ်အေးအေးထားပါ။ ကျေးဇူးပြုပြီး စိတ်အေးအေးထားပါ "

တစ်ဘက်မှ အမေရိကန်သံမှူးက ပြန်ပြောသည်။ သူ့အသံက မယုံကြည်သည့်အသံမျိုးဖြစ်နေသည်ဟု နိုဝယ်ထင်သည်။

" ကျွန်တော်တို့ လုပ်နိုင်တာတွေမှန်သမျှ အားလုံးလုပ်ပေးပါ့မယ်။ ခင်ဗျားပြောပြတဲ့ အချက်တွေ မှတ်ထားပြီးပါပြီ။ သံတမန်နည်းလမ်းအရ လုပ်လို့ရနိုင်တာတွေမှန်သမျှ အကုန်လုံးကို ချက်ချင်းလုပ်ပါ့မယ်။ ဒါပေမယ့် အခုအချိန်က ညခုနစ်နာရီကျော်နေပြီဗျာ။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ ဆက်သွယ်ရမယ့်လူတွေနဲ့ အလွယ်တကူ အဆက်အသွယ်လုပ်နိုင်ဖို့ ဆိုတာကတော့ အတော်ကလေး ခက်ခဲနိုင်စရာရှိပါတယ် "

" ဘာခက်ခဲရမှာလဲဗျ။ ကျုပ်ပြောနေတာတွေကို ခင်ဗျား မကြားဘူး ထင်တယ်။ ကျုပ် အသက်ဘေးက သီသီကလေးလွတ်လာတာဗျ။ ကျုပ်ကားကို ခင်ဗျား လာကြည့်ဦး အားလုံး ကြေမွကုန်ပြီ "

" မော်တော်ကားယူဖို့ ခင်ဗျားတည်းနေတဲ့ ဟိုတယ်ကို ကျွန်တော်တို့ လူတစ်ယောက်လွှတ်လိုက်ပါ့မယ် မစ္စတာဟိုးလ်ခရော့ဖ်တ် " ဟု သံမှူးက ပြန်ပြောသည်။

" ကားသော့က ကျုပ်လက်ထဲမှာ။ ကျုပ်အခန်းကို တော်လျှောက် တက်လာဖို့ မှာလိုက်ပါ "

" ကောင်းပါပြီ။ သေသေချာချာ မှာလိုက်ပါ့မယ်။ ခင်ဗျားကို ကျွန်တော်တို့ ဖုန်းပြန်ဆက်ပါ့မယ် "

သံမှူးက ဖုန်းပြန်ချသွားသည်။ ညစာဝတ်မည်ကို ကြောက်သေကြောင့် ပြီးစလွယ်ပြောကာ ဖုန်းချပြီး ထမင်းဝိုင်းသို့ထပြေးသည့် လေသံမျိုး ဖြစ်သည်ဟု နိုဝယ်က ထင်မှတ်လိုက်လေသည်။

နိုဝယ်မှာ ကြောက်ရွံ့စိတ်ထက် ထိတ်လန့်တုန်လှုပ်မှုက ပိုများနေသည်။ ထို့ကြောင့် အသက်ရှူရသည်ကပင် ပင်ပန်းလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြုံခဲ့သည်များကို ပြန်စဉ်းစားသည်။ စဉ်းစားယင်း ဒေါသစိတ်များက ဖုံးလွှမ်းကြီးစိုးလာပြန်သည်။ မည်ကဲ့သို့သော အဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ခဲ့ရကြောင်းကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် မောရစ်ဂရပ်ဖ်ဆိုသော နာဇီကြီးကိုတော့ ဖြစ်သည့်နည်းဖြင့် ပြန်လည်လက်တုံ့ပြန်ရတော့မည်။

မည်သည့်နည်းဖြင့် လက်တုံ့ပြန်မည်နည်း။

ထိုမေးခွန်းကိုတော့ မဖြေတတ်ပါ။ သို့သော်လည်း ဖြစ်သည့်နည်းဖြင့် ကလဲ့စားချေရန် ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက်မိသည်။

လူယုတ်မာကြီး . . လူလိမ်ကြီး . . သူခိုးကြီး . . လူသတ်သမားကြီး . . သစ္စာဖောက်ကြီး . . နာဇီကြီး . .

နို၀ယ်က သူတတ်သမျှ စကားလုံးများဖြင့် ဂရပ်ဖ်ကို ကင်ပွန်းတပ်ကာ မပြတ်ရေရွတ်နေမိသည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းမြည်သည်။ သူလန့်သွားသည်။ နောက်ဘက်သို့ ရုတ်တရက်ပြန်လှည့်လိုက်သည်။ နောက်တစ်ကြိမ် တိုက်ခိုက်ခြင်းခံရဖို့အတွက် အချက်ပေးနေခြင်းလားဟု စဉ်းစားကြည့်မိသည်။

ဖုန်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ဖုန်းကိုကောက်ကိုင်သည်။ သို့သော်လည်း လက်များက တဆတ်ဆတ်တုန်နေသောကြောင့် ဖုန်းလွတ်ကျမသွားအောင် လက်နှစ်ဘက်နှင့် ထိန်းပြီး စုံကိုင်ရသည်။

“ ဆီညော် ဟိုးလ်ခရော့ဖ်တ်လား ခင်ဗျာ ”

အမေရိကန်သံရုံးမှ ဆက်ခြင်းမဟုတ်ပါ။ လေယူလေသိမ်းက လက်တင်လူမျိုးသံ သိသိသာသာကြီး ပေါက်နေသည်။

“ ဘာတုန်း ”

“ ကျွန်တော်ခင်ဗျားနဲ့ စကားပြောရမှဖြစ်ပ့ါမယ်။ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် အခုချက်ချင်း ပြောမှဖြစ်မယ် ”

“ ခင်ဗျား ဘယ်သူလဲ ”

“ ကျွန်တော့်နာမည် ကာရာရာပါ။ ကျွန်တော် ခင်ဗျားဟိုတယ်ရဲ့ ဧည့်ခန်းထဲကို ရောက်နေပါတယ် ”

“ ကာရာရာ. . . မနေ့တုန်းကလဲ ကာရာရာဆိုတဲ့ အမျိုးသမီးတစ်ယောက် ကျုပ်ကို ဖုန်းဆက်သေးတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်ညီမပါ။ အခု ကျွန်တော်တို့ နှစ်ယောက်စလုံး ဧည့်ခန်းထဲမှာ ရှိနေကြပါတယ်။ ခင်ဗျားနဲ့ စကားပြောမှဖြစ်ပါတော့မယ်။ ခင်ဗျားအခန်းကို ကျွန်တော်တို့ တက်လာရမလား ခင်ဗျာ "

" မလာနဲ့။ ကျုပ်ဘယ်သူနဲ့မှ မတွေ့ဘူး "

နိုဝယ် ပြန်အော်လိုက်သော အသံမှာ သေနတ်ပစ်လိုက်သလားဟု ထင်မှတ်ရလောက်အောင် ပြင်းထန်လွန်းလေသည်။

မြေကြီးပေါ်သို့ ကျည်ဆန်လာထောက်သည့် အသံကိုလည်းကောင်း၊ ကတ္တရာလမ်းပေါ်သို့ ကျည်ဆန်လာကျသည့် အသံကို လည်းကောင်း၊ မော်တော်ကားမှန်များကို ကျည်ဆန်ထိမှန်ပြီး ကွဲရှကုန်သည့်အသံကိုလည်းကောင်း သူ့နားထဲမှာ ပြန်လည်ကြားယောင်နေသေးဆဲ ရှိသည်။

ထို့ကြောင့် လူသူမမြင်မတွေ့ရသည့် ယခုလိုအခန်းထဲကနေရာမှာ ထီးထီးကြီး လုပ်ကြံခြင်းကိုတော့ ထပ်မံ မခံနိုင်တော့ပါ။

" ဆီညော်. . . ကျွန်တော်တို့နဲ့ ခင်ဗျား တွေ့မှဖြစ်မယ် "

" မတွေ့ဘူး။ ခင်ဗျားတို့ လာနှောင့်ယှက်မနေနဲ့။ ကျုပ် ပုလိပ်ကို ဖုန်းဆက်တိုင်လိုက်မယ် "

" ပုလိပ်က ခင်ဗျားကို မကူညီနိုင်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကသာ ခင်ဗျားကို ကူညီနိုင်မှာပါ။ ခင်ဗျားကို ကူလဲကူညီချင်နေပါတယ်။ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ် သတင်းကို ခင်ဗျားလိုက်စုံစမ်းနေတယ် မဟုတ်လား။ သူတို့နဲ့ ပတ်သက်တဲ့သတင်း ကျွန်တော်တို့မှာ ရှိနေပါတယ် "

နိုဝယ် အသက်ရှူရပ်သွားပြန်သည်။ တယ်လီဖုန်းစကားပြောခွက်ကို စိုက်ကြည့်နေမိသည်။ ဒါလည်း ထောင်ချောက်တစ်ခုပင်ဖြစ်သည်။ အောက်ထပ်ဧည့်ခန်းမှ ဖုန်းလှမ်းဆက်နေသူသည် သူ့ကို ထောင်ချောက်ဆင်ဖမ်းနေခြင်းဖြစ်သည်။

သို့ကလို ထောင်ချောက်ဆင်ဖမ်းနေသည်ဆိုလျှင် ထိုသူသည် ထောင်ချောက်ဖြစ်ကြောင့် ဘာကြောင့် ထုတ်ဖော်ပြသင့်သနည်း။

" ခင်ဗျားတို့ကို ဘယ်သူလွှတ်လိုက်တာလဲ။ ကျုပ်ကို ဖုန်းဆက်ဖို့ ခင်ဗျားတို့ကို ဘယ်သူခိုင်းလိုက်တာလဲ။ ဂရပ်ဖ်က လွှတ်လိုက်တာလား "

" မောရစ်ဂရပ်ဖ်က ကျွန်တော်တို့လို အတန်းအစားတွေကို အဖက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး စကားမပြောပါဘူးဗျာ။ ကျွန်တော်တို့လို လူမျိုးတွေကို ရွံ့လိုက်မုန်းလိုက်တာမှ အလွန်ပေါ့။ ကျွန်တော်တို့ မောင်နှမဆိုယင် သူစက်ဆုပ်တယ်ဆိုတဲ့ အဆင့်အောက်ကိုတောင် ရောက်ပါသေးတယ် ”

ရင့်သီးစွာပြောခဲ့သည့် မောရစ်ဂရပ်ဖ် စကားလုံးများကို ပြန်လည်ကြားယောင်လာမိသည်။ ထို့ကြောင့် အသံကို တည်ငြိမ်အောင် ကြိုးစားထိန်းပြီး ပြန်မေးသည်။

“ ခင်ဗျားတို့ကို ဘယ်သူလွှတ်လိုက်တာလဲလို့ ကျုပ်မေးနေတယ်။ ဗွန်တိုင်းဘို့လ်တ်တို့အကြောင်း ကျုပ်စိတ်ဝင်စားနေတယ်ဆိုတာ ခင်ဗျားတို့ ဘယ်လိုလုပ်သိသလဲ ”

“ လူဝင်မှုကြီးကြပ်ရေးဌာနမှာ ကျွန်တော်တို့ မိတ်ဆွေတွေရှိပါတယ် ခင်ဗျာ။ အရေးပါအရာရောက်တဲ့ လူတွေတော့မဟုတ်ပါဘူး။ စာရေးစာချီတွေလောက်ပါ။ ဒါပေမယ့် သူတို့ကလဲ ဟိုသတင်းဒီသတင်းတွေကို ကြားတတ်ကြပါတယ်။ ကျွန်တော်တို့နဲ့ စကားပြောကြည့်ယင် ခင်ဗျား သဘောပေါက်သွားမှာပါ။ ကျေးဇူးပြုပြီး ကျွန်တော်တို့ကို လက်ခံတွေ့ပါ ဆီညော်. . . ခင်ဗျားလိုချင်နေတဲ့ သတင်း ကျွန်တော်တို့ဆီမှာ ရှိနေပါတယ်။ ခင်ဗျားကို ကျွန်တော်တို့ ကူညီချင်ပါတယ်။ ခင်ဗျားကိုကူညီခြင်းအားဖြင့် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်ပြီး ကူညီရာလဲ ရောက်ပါတယ် ”

နို့ဝယ် အပြေးအလွှား စဉ်းစားရတော့သည်။

အောက်ထပ်ဧည့်ခန်းထဲမှာ လူတွေ အမြဲလိုလို ကျပ်နေတတ်သည်။ ထိုသို့သော နေရာမျိုးမှာတော့ သူ့ကို ရဲရဲတင်းတင်းကြီး လုပ်ကြံကြမည်မဟုတ်။ လုပ်ကြမည်ဆိုလျှင်လည်း လူတွေများနေသောကြောင့် ရှောင်ဖို့တိမ်းဖို့ ပိုမိုလွယ်ကူချေမည်။

ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်အကြောင်းကို ကာရာရာတို့ မောင်နှမနှစ်ယောက်က အမှန်တကယ် သိနေသည်ဆိုလျှင် သူ့အနေနှင့်မဖြစ်မနေတွေ့သင့်လေသည်။ သို့သော် သူတို့ကို တစ်ယောက်တည်းတော့ လက်ခံတွေ့ဆုံလို့မဖြစ်။

နို့ဝယ်က ဖြည်းဖြည်း ပြန်ပြောသည်။

“ ဧည့်ကြိုစားပွဲနားမှာရပ်နေပါ။ ဧည့်ကြိုစားပွဲရှေ့ ဆယ်ပေလောက်အကွာမှာ ရပ်နေပါ။ လက်နှစ်ဖက်စလုံး အိတ်ထဲနှိုက်မထားနဲ့။ အပြင်ကိုထုတ်



www.burmeseclassic.com

www.burmeseclassic.com



ထား။ ခင်ဗျားညီမကို ခင်ဗျားရဲ့ဗယ်ဘက်မှာ ရပ်ခိုင်းထားပါ။ ခင်ဗျားရဲ့ လက်မောင်းကို သူ့လက်နဲ့ ကိုင်ထားပါစေ။ ခဏကြာယင် ကျုပ်ဆင်းလာခဲ့မယ်၊ ဒါပေမယ့် ဓာတ်လှေကားနဲ့မဟုတ်ဘူး။ ရိုးရိုးလှေကားနဲ့ဆင်းခဲ့မယ်။ ခင်ဗျားတို့ က ကျုပ်ကို အလျင်မြင်ရမှာမဟုတ်ဘူး။ ခင်ဗျားတို့ကို ကျုပ်က အလျင် မြင်မယ် ”

နိုဝယ်က ဖုန်းကို ပြန်တင်ထားလိုက်သည်။ သူပြောသည့်စကားများ ကို သူပြန်စဉ်းစားကြည့်သည်။ မှန်သည်ဟုလည်း မြင်သည်။ ဒုစရိုက်လောက တွင် အစစအရာရာ သတိထားနိုင်မှ တော်ကာကျသည်။

သူတို့နှစ်ယောက် လက်အပြင်ထုတ်ထားခြင်းအားဖြင့် သေနတ်ကို အဆင်သင့်ကိုင်ထားနိုင်မည်မဟုတ်ပါ။ ပစ်မှတ်ကိုမြင်တော့မှ အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်ရမည်ဆိုလျှင်လည်း ရှောင်ချိန် တိမ်းချိန် ရနိုင်သည်။

သူ့ညီမက ပိုက်ဆံအိတ်ထဲမှာ သေနတ်ကို ဝှက်ထည့်လာသည်ဆို လျှင် အိတ်ဖွင့်ရဦးမည်။ သေနတ်ထုတ်ရဦးမည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အချိန်ရသည်။

နောက်ပြီးတော့ ဓာတ်လှေကားနှင့်မဆင်းပဲ ရိုးရိုးလှေကားနှင့် ဆင်းခဲ့ မည်ဆိုသောကြောင့် ရိုးရိုးလှေကားကိုသာ သူတို့ အာရုံစိုက်ကြလိမ့်မည်။ ထို အချိန်တွင် မိမိက ဓာတ်လှေကားနှင့် ဆင်းသွားရမည်ဟုလည်း ပိုင်းဖြတ်လိုက် ပြီး ဖြစ်သည်။

ဓာတ်လှေကားထဲမှာ တိုးရစ်တွေနှင့် ကျပ်နေသည်။ နိုဝယ်က ပို အကြိုက်တွေ့သွားသည်။ အောက်ထပ်သို့ ရောက်သောအခါ လူအုပ်ထဲမှာ ခဏကြာအောင် ရောနေလိုက်သည်။

ညှော့ကြိုစားပွဲရှေ့ ဆယ်ပေခန့်အကွာမှ ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို လှမ်းကြည့်သည်။

တွေ့ပါပြီ။

သူပြောသည့်အတိုင်း တသဝေတိမ်း ရပ်နေကြသည်။

နှစ်ယောက်စလုံး သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကို ဝတ် ဆင်ထားကြသည်။ သို့သော်လည်း တန်ဖိုးကြီးသော အဝတ်အစား မဟုတ်ပါ။ အပေါစားများသာဖြစ်ပါသည်။ ဝတ်ကောင်းစားလှ တဖိတ်ဖိတ်တောက်နေ သော ဟိုတယ်ထဲမှာ သူတို့နှစ်ယောက်ကို ထင်းထင်းကြီးမြင်သာနေသည်။

အစ်ကိုက အသက်သုံးဆယ်ကျော်လောက်ရှိပြီ။ မိမိနှင့်ရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



လောက်ဖြစ်မည်ဟု နိုဝယ်က ခန့်မှန်းကြည့်သည်။ ညီမကတော့ တော်တော် ကလေး အသက်ငယ်သေးသည်။ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်းနှင့် မျက်နှာပေါက် ကျပုံမှာ တူညီသောကြောင့် မောင်နှမဖြစ်သည်ဆိုခြင်းကို လက်ခံလိုက်သည်။

သူတို့နှစ်ယောက်စလုံး ပတ်ဝန်းကျင်ကို အထိတ်တလန့်ကြည့်နေကြ သည်။ သည်အတိုင်းဆိုလျှင်တော့ အန္တရာယ်ပေးမည့်သူများ မဟုတ်သည်မှာ သေချာသွားလေတော့သည်။

ထိုသို့ ဆုံးဖြတ်ပြီးကာမှ ဆုံးဖြတ်ချက်ချမြန်လွန်းသည့်အဖြစ်ကို သတိရပြီး တုံ့နှေးနှေးဖြစ်သွားပြန်သည်။

မီးရောင်မှိန်မှိန်သာ ထွန်းထားသော စားသောက်ခန်းကလေးထဲမှာ သူတို့ နေရာယူကြသည်။ အခန်းထဲသို့မဝင်မီ သံရုံးအကြောင်းကို သတိရ သောကြောင့် နိုဝယ်က ဧည့်ကြိုဌာနသို့သွားပြီး သံရုံးမှဖုန်းဆက်လျှင် မိမိရှိ နေသည့်နေရာသို့ ချက်ချင်း လိုင်းပြောင်းပေးရန် မှာသည်။

သို့သော်လည်း သံရုံးမှတပါး မည်သည့်ဖုန်းကိုမှ လက်မခံပါနှင့်ဟု လည်း သေချာအောင် ထပ်မှာခဲ့ရသေးသည်။

" ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ်တို့ကို ကျုပ်ရှာနေတယ်ဆိုတာ ခင်ဗျား တို့ ဘယ်လိုလုပ်သိသလဲ။ ဒီမေးခွန်းကို အလျင်ဖြေပါ "

အရက်ခွက်များ ရောက်လာပြီးသည်နှင့်တပြိုင်တည်း နိုဝယ်ကစတင် မေးခွန်းထုတ်လိုက်သည်။

" စောစောက ကျွန်တော်ပြောပြီးပြီလေ။ လူဝင်မှုကြီးကြပ်ရေးဌာနက စာရေးက ပြောတာပါ။ ဒါပေမယ့် ကျွန်တော်တို့ကို လျှို့ဝှက်ပြီးပြောပါတယ်။ ဘယ်သူ့ကိုမှ အသိပေးတာ မဟုတ်ပါဘူး။ အမေရိကန်လူမျိုးတစ်ယောက် ရောက်လာပြီး ဗွန်တိုင်းဘိုလ်တ်တို့ မိသားစုအကြောင်း စုံစမ်းလိမ့်မယ်ဆိုတဲ့ သတင်း လွှင့်ခဲ့တဲ့သောကြာနေ့က ကြားပါတယ်။ သတင်းကြားရတဲ့ဌာန ကတော့ လျှို့ဝှက်ပုလိပ်အဖွဲ့ထဲက ကျွန်တော်တို့ မိတ်ဆွေတစ်ယောက်ပဲ ဆိုပါတော့ "

" ဒါဆိုယင် ကျုပ်သိပြီ။ သူ့ကိုယ်သူ စကားပြန်လို့ ပြောတယ်လေ။ ကျုပ် ဒီလို စုံစမ်းနေလိမ့်မယ်ဆိုတာ သူတို့က ဘာဖြစ်လို့ ခင်ဗျားကို ပြန်ပြော ပြရတာလဲ "

" ဗွန်တိုင်းဘိုလ်တ်ဟာ ကျွန်တော်တို့ မိတ်ဆွေတွေပါ။ သိပ်ကိုရင်းနှီး တဲ့ မိတ်ဆွေတွေဖြစ်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" သူတို့ ဘယ်မှာရှိသလဲ "

သူတို့မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးတော့ ညီမလုပ်သူက ပြန်ဖြေသည်။

" ရှင်က ဘာကိစ္စအတွက် သူတို့ကို လိုက်ရှာနေတာလဲ "

" လူဝင်မှု ကြီးကြပ်ရေးဌာနမှာ ကျုပ် ပြောပြခဲ့ပြီးပြီပဲ။ ခင်ဗျားတို့ကြားပြီးရောပေါ့။ ရိုးရိုးသာမန်ကိစ္စအတွက် ရှာတာမဟုတ်ဘူး။ သူတို့ အမျိုးတွေက သူတို့အတွက် ငွေတချို့ကို အမေရိကန်ပြည်မှာ ထားရစ်ခဲ့တယ် "

မောင်နှမနှစ်ယောက် အပြန်အလှန် ကြည့်ကြပြန်သည်။ ပြီးတော့ ညီမလုပ်သူကပင် မေးခွန်းထုတ်ပြန်သည်။

" ငွေတွေက တော်တော်များသလား "

" ကျုပ်မသိဘူး။ ဒါက လျှို့ဝှက်ထားရမယ့်ကိစ္စပဲ။ ကျုပ်က ကြားကနေ ဝင်အောင်သွယ်ပေးတဲ့ သဘော "

" ဘယ်လိုဗျ . . . "

" ကြားကနေ ဝင်ဆောင်ရွက်ပေးရတဲ့ သဘော "

နိုဝယ်က အစ်ကိုလုပ်သူကိုပြန်ဖြေပြီး ညီမလုပ်သူကို လှမ်းကြည့်ကာ မေးခွန်းထုတ်ပြန်သည်။

" မနေ့တုန်းက တယ်လီဖုန်းထဲမှာ မင်းဘာဖြစ်လို့ အထိတ်တလန့်ဖြစ်နေရတာလဲ။ ကျုပ်တည်းနေတဲ့ ဟိုတယ်ကို မင်းဖုန်းဆက်ပြီး မင်းရဲ့ဖုန်းနံပါတ်ကို ပေးထားခဲ့တယ်။ ကျုပ်ပြန်ဆက်တဲ့အခါကျတော့ မင်းက မဆက်နဲ့လို့ပြောတယ်။ ဘာသဘောလဲ "

" ကျွန်မမှားသွားလို့ပါရှင်။ အစ်ကိုကပြောတယ်။ အဲဒီလို လုပ်တာဟာ မှားတယ်တဲ့ ကျွန်မရဲ့ နာမည်ကိုရော ကျွန်မရဲ့ဖုန်းနံပါတ်ကိုပါ ပြောပြထားလိုက်တာဟာ မှားတယ်တဲ့ "

" ဒီလိုလုပ်တဲ့အတွက် ဂျာမန်တွေ စိတ်ဆိုးကုန်နိုင်ပါတယ်။ တကယ်လို့ သူတို့က ခင်ဗျားကို စောင့်ကြည့်နေမယ်ဆိုယင် ခင်ဗျားကို ကျွန်တော်တို့ ဖုန်းဆက်တာ သိသွားမှာပဲ။ အဲဒီလိုသိသွားပြီဆိုယင် ကျွန်တော်တို့အတွက် အန္တရာယ် သိပ်ကြီးသွားပြီ " ဟု အစ်ကိုက ဝင်ဖြေသည်။

" သူတို့က ကျုပ်ကို စောင့်ကြည့်နေတယ်ဆိုယင် ခင်ဗျားတို့ နှစ်ယောက် အခုဒီနေရာကို ရောကနေတာလဲ သိသွားကြမှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါကိုလဲ ကၽြန္မတို႔ ေမာင္ႏွမႏွစ္ေယာက္ တိုင္ပင္ခဲ့ၾကပါတယ္ရွင္။ ေနာက္ဆုံးေတာ့ ကၽြန္မတို႔ ဆုံးျဖတ္ခ်က္ခ်လိုက္ပါတယ္။ ဘာပဲျဖစ္ျဖစ္ စြန္႔စား ေတာ့မယ္လို႔ "

" ဘာကို စြန္႔စားတာလဲ "

" ဒီလိုပါပဲခင္ဗ်ာ။ ဂ်ာမန္ေတြက ကၽြန္ေတာ္တို႔ကို သိပ္အထင္ေသး ပါတယ္။ သိပ္ကိုလဲ မုန္းတီးစက္ဆုပ္ၾကပါတယ္။ အေၾကာင္းေတြကေတာ့ အမ်ားႀကီးေပါ့။ အဲဒီအထဲမွာ ကၽြန္ေတာ္တို႔က ေပၚတူဂီဂ်ဴးလူမ်ိဳးေတြ ျဖစ္ေန တဲ့အေၾကာင္းတစ္ခုလဲ ပါပါတယ္ "

" သူတို႔က ကေန႔ထက္တိုင္ေအာင္ ဒီသေဘာမ်ိဳး ထားေနၾကတုန္း ပဲလား "

" ထားေနၾကတုန္းပါပဲဗ်ာ။ ေစာေစာက ကၽြန္ေတာ္ေျပာခဲ့သလိုပဲ ဗြန္တိုင္းဘို႔လ္တ္တို႔ မိသားစုနဲ႔ ကၽြန္ေတာ္တို႔ဟာ အင္မတန္ ရင္းႏွီးၾကပါတယ္။ ခင္ဗ်ား သေဘာေပါက္ေအာင္ ကၽြန္ေတာ္ရွင္းျပပါ့မယ္။ ဂ်ိဳဟန္းနဲ႔ ကၽြန္ေတာ္ ဟာ သိပ္ကိုခင္တဲ့ သူငယ္ခ်င္းေတြပါ။ ဂ်ိဳဟန္းနဲ႔ ကၽြန္ေတာ့္ညီမ လက္ထပ္ၾက ဖို႔လဲ ရွိေနပါတယ္။ ဒါေပမယ့္ သူတို႔ႏွစ္ေယာက္ လက္ထပ္ဖို႔ကို ဂ်ာမန္ေတြက ခြင့္မျပဳပါဘူး "

" သူတို႔က ဘယ္လိုလုပ္ တားႏိုင္သလဲ "

" ဘယ္ ဂ်ာမန္လူမ်ိဳးကမဆို တားႏိုင္ပါတယ္ ခင္ဗ်ာ။ ဂ်ိဳဟန္းရဲ႕ ေခါင္းထဲကို က်ည္တစ္ေတာင့္ ထည့္ေပးလိုက္ယင္ ၿပီးတာပါပဲ "

" ဘုရားေရ . . . ရူးလွခ်ည္လားဗ်ာ "

နိဝယ္က အထိတ္တလန္႔ေအာ္မိသည္။ အမွန္ေတာ့ ရူးျခင္းမဟုတ္ ေၾကာင္းကို သူသိပါသည္။ မိုက္မဲၾကျခင္းသာျဖစ္သည္။ သူကိုယ္တိုင္ မၾကာေသး မီက ေသနတ္ႏွင့္ လိုက္လံပစ္ခတ္ျခင္းကို ခံခဲ့ရသည္။ ယခုတိုင္ ေသနတ္သံ၊ က်ည္ဆန္သံမ်ား၊ ေမာ္ေတာ္ကားမွန္ကြဲသည့္အသံမ်ားကို နားထဲမွာ ၾကား ေယာင္ေနေသးသည္။

" ဂ်ာမန္ေတြက သူတို႔သေဘာမတူယင္ ဘာမွလုပ္ခြင့္မျပဳပါဘူး။ ဗြန္တိုင္းဘို႔လ္တ္တို႔ဟာ ဂ်ာမန္ႏိုင္ငံေတာ္ႀကီးကို သစၥာေဖာက္ခဲ့ၾကတဲ့လူေတြ ျဖစ္တယ္လို႔ တခ်ိဳ႕က ေျပာပါတယ္။ သူတို႔ေတြဟာ ကမၻာစစ္ႀကီးၿပီးသြားတဲ့ ေနာက္ပိုင္းမွာေတာင္ ႏွစ္ေပါင္းသုံးဆယ္လုံးလုံး သူတို႔ခ်င္း စစ္ဆက္တိုက္ေန



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့လူတွေပါ။ ဘရာဇီးလ်နိုင်ငံမှာ နေနေကြတုန်း ဗွန်တိုင်းဘို့လ်တ်တို့ မိသားစုအပေါ် မှာ မတရားတာတွေကိုပဲ တလျှောက်လုံးလုပ်လာခဲ့ကြပါတယ်။ သူတို့ရဲ့ဘဝဟာ ဒီနိုင်ငံထဲမှာ သိပ်ကို ပင်ပန်းဆင်းရဲလှပါတယ်။ လုံခြုံမှုလဲ ဘာမှမရှိပါဘူး။ သူတို့သေဘေးနဲ့ ကြုံခဲ့ရတာ အကြိမ်ပေါင်း မရေတွက်နိုင်ပါဘူး"

"ကျုပ်က သူတို့အတွက် အကျိုးရှိရာရှိကြောင်း လုပ်ပေးနိုင်လိမ့်မယ်လို့ ခင်ဗျားတို့ထင်ခဲ့တယ်။ ဘာကြောင့် ဒီလိုထင်ရတာလဲ "

" ဘာကြောင့်လဲဆိုတော့ သိပ်ကို ဩဇာအာဏာကြီးတဲ့လူတွေက ခင်ဗျားလုပ်ငန်း မအောင်မြင်အောင် နှောင့်ယှက်ချင်နေကြတယ်။ ဂျာမန်လူမျိုးတွေဟာ သိပ်ကိုဩဇာကြီးကြပါတယ်။ ဒါကြောင့် ခင်ဗျားဟာလဲ သိပ်ကို ဩဇာကြီးတဲ့လူတစ်ယောက်ဖြစ်ရမယ်လို့ မှန်းဆရပါတယ်။ မောရစ်ဂရပ်ဖ်ဟာ ဘရာဇီးလ်နိုင်ငံမှာ သိပ်ကို ဩဇာကြီးပါတယ်။ ဂရပ်ဖ်ကို လူမျိုးကတောင် ခင်ဗျားကို နှောင့်ယှက်နေပြီဆိုတော့ ခင်ဗျားလဲ သိပ်ကို ကြီးကျယ်တဲ့လူဖြစ်ကြောင်း သေချာသွားပြီ။ ခင်ဗျားဟာ ဂရပ်ဖ်ရဲ့ ရန်သူဖြစ်တယ်ဆိုယင် ကျွန်တော်တို့ သူငယ်ချင်းမိသားစုရဲ့ ရန်သူဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးလို့ နောက်ထပ် ကောက်ချက်တစ်ခု ဆွဲလို့ရပါတယ်။ ရန်သူမဟုတ်တော့ဘူးဆိုယင် ကျွန်တော်တို့ သူငယ်ချင်းမိသားစုကို အကူအညီပေးမယ့် အင်မတန်ကြီးကျယ်တဲ့ အမေရိကန်လူမျိုးတစ်ယောက်ဖြစ်ရတော့မှာပေါ့။ ဘရာဇီးလ်နိုင်ငံထဲမှာက ဂရပ်ဖ်လိုလူမျိုးတွေ အများကြီးရှိနေတော့ ကျွန်တော်တို့မှာ အဘက်ဘက်က သေချာအောင် စဉ်းစားရပါတယ် "

" နေစမ်းပါဦး . . . မောရစ်ဂရပ်ဖ်ဟာ ဘာလဲ . . . ဘယ်လိုလူမျိုးလဲ . . . ဘာတွေလုပ်ခဲ့သလဲ "

" တကယ့်ကို အပြစ်အကြီးဆုံး နာဇီခေါင်းဆောင်ကြီးပေါ့ ခင်ဗျာ။ နူရင်းဘတ် တရားရုံးကိုတင်ယင် သေချာပေါက် ကြိုးစင်တင်ရမယ့် လူပေါ့"

" ဂရပ်ဖ်ကို ရှင်သိသလား " ဟု ညီမက မေးသည်။

" သူနဲ့တွေ့ဖို့ သူ့အိမ်ကို ရောက်ခဲ့တယ်။ နယူးယောက်မြို့မှာရှိနေတဲ့ ကျုပ်ဖောက်သည်တစ်ယောက်က ဂရပ်ဖ်ပိုင်တဲ့ အိမ်မျိုးဆောက်ချင်တယ်။ ဒါကြောင့် သွားကြည့်ပေးတာပဲ။ ကျုပ်က ဗိသုကာ။ သူနဲ့တွေ့တုန်း ဗွန်တိုင်းဘို့လ်တ်တို့အကြောင်းလဲ ပြောမိရော အဘိုးကြီး ပေါက်ကွဲတော့တာပဲ။ ကျုပ်ကို အမျိုးမျိုးဆဲရေးတိုင်းထွာပြီး အိမ်ထဲက မောင်းထုတ်တယ်။ ခြံဝကို ကျုပ်ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်လာတော့ ဂျာမန်ရှက်ပတ်ခွေးအုပ်ကြီးနဲ့ လိုက်တိုက်ခိုင်းတယ်။ အဲဒီနောက် ဂရပ်ဖ်ရဲ့ အစောင့်က ကျုပ်နောက်ကို လိုက်လာတယ်။ ကျုပ်ကို အသေသတ်ဖို့ ကြိုးစားတယ်။ မော်တော်ကား အသွားအလာတွေရှုပ်နေတဲ့ မီးပွိုင့်မှာလဲ တစ်ခါထပ် ကြိုးစားသေးတယ်။ ကျုပ်ကားက မှန်တွေ ကွဲကုန်တယ် ”

“ ဆိုးလိုက်လေဗျာ ”

ကာရာရာက သူ့ပါးစပ်ကို သူလက်နှင့် ပြန်ပိတ်သည်။

ညီမက သူ့အစ်ကိုလက်မောင်းကို လှမ်းညှစ်သည်။ နိုဝယ်ကို သေသေချာချာ စိုက်ကြည့်သည်။

“ အစ်ကို. . . သူအမှန်တွေပြောနေတယ် ဆိုယင်တော့ ကျွန်မတို့ သူနဲ့ ဆက်စကားပြောနေလို့ မဖြစ်တော့ဘူး ထင်တယ် ”

ထိုစကားကြောင့် နိုဝယ်ကလည်း သဘောပေါက်လာသည်။ သူလိုချင်သော သတင်းများကို ကာရာရာတို့ မောင်နှမထံမှရအောင်ယူရမည်ဆိုလျှင် မိမိအပေါ်မှာ သူတို့ယုံကြည်မှ ဖြစ်တော့မည်။

“ ခင်ဗျားတို့ကို ကျုပ်အမှန်တွေ ပြောပြနေတာပါ။ အမေရိကန်သံရုံးကိုလဲ ဒီအကြောင်း ကျုပ် တိုင်ထားပြီးပြီ။ သက်သေခံပစ္စည်းအဖြစ် မော်တော်ကားကိုယူဖို့ မကြာခင် လူတစ်ယောက် လွှတ်လိုက်လိမ့်မယ် ”

ကာရာရာတို့ မောင်နှမသည် အချင်းချင်းပြန်ကြည့်ကြပြန်သည်။ ပြီးတော့ နိုဝယ်ဘက်သိုကပြန်လှည့်လာကြသည်။ နိုဝယ်ကို ယုံကြည်သွားကြပြီဖြစ်ကြောင်း သူတို့မျက်လုံးများက ဖော်ပြနေကြသည်။

“ ရှင့်ကို ကျွန်မတို့ယုံပြီ။ မြန်မြန်ဖြတ်လိုက်ကြရအောင် ”

“ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်တို့ အသက်ရှင်လျက် နေကြသေးသလား ”

“ ရှိပါတယ်။ နာဇီတွေကတော့ တောင်ဘက်က တောင်တန်းဒေသတွေမှာ သူတို့ သွားခိုနေကြတယ်လို့ထင်ထားပါတယ်။ တောင်ဘက်ပိုင်းမှာ စန်တာကာတာရီနာဆိုတဲ့ တောင်ကုန်းတွေရှိပါတယ်။ ဂျာမန်လူမျိုးတွေ အများအပြားနေတဲ့ အရပ်ပါ။ တိုင်းဘို့လ်တ်တို့မိသားစုဟာလဲ နာမည်ပြောင်းပြီး လူအများကြားထဲမှာ မထင်မရှား ဇာတ်မြှုပ်နေကြတယ်လို့ထင်နေကြပါတယ်”

“ ဒါပေမယ့် သူတို့အဲဒီမှာ မရှိဘူးမဟုတ်လား ”



www.burmeseclassic.com

www.burmeseclassic.com



" မရှိပါဘူး "

ကာရာရာသည် ထိုထက်ပိုပြောသင့်မပြောသင့် ချိန်ဆနေပုံရသည်။ သူ့ကိုယ်သူလည်း စိတ်မချသည့်ပုံမျိုး ဖြစ်နေသည်။

" သူတို့ ဘယ်မှာရှိနေတယ်ဆိုတာ ကျုပ်ကိုပြောပါ "

နိုဝယ်က ထပ်မံတိုက်တွန်းသည်။

" ရှင် တွေ့ချင်နေတာက သူတို့အတွက် အကျိုးတကယ်ရှိစေမယ့် ကိစ္စလား "

အမျိုးသမီးက ဝင်မေးသည်။ သူ့လေသံထဲမှာ စိုးရိမ်ပူပန်နေသည့် အသံ အထင်အရှား ပေါ်လွင်နေလေသည်။

" အကျိုးရှိတယ် ဆိုတာထက်တောင် အများကြီးပိုပါသေးတယ်။ မင်းတို့ စိတ်ကူးကြည့်လို့ မရနိုင်လောက်အောင်ကို အကျိုးရှိမယ့်ကိစ္စပါ။ ကဲ. . . ပြော "

မောင်နှမနှစ်ယောက် မျက်လုံးချင်းဆိုင်းပြီး အမူအရာနှင့်တိုင်ပင်နေကြပြန်သည်။ ခဏကြာတော့ သူတို့ ဆုံးဖြတ်လိုက်ပုံရသည်။

" သူတို့ အင်္ဂလန်မှာရှိကြပါတယ်။ အမေကြီး သေသွားတာတော့ ခင်ဗျားသိပါတယ်နော် "

" မသိဘူး။ ကျုပ်ဘာမှမသိဘူး "

" တင်နီဆန်ဆိုတဲ့ နာမည်ပြောင်းပြီး သူတို့ထွက်သွားကြတာ။ ဂျိုဟန်းက ဂျွန်တင်နီဆန်လို့ ပြောင်းလိုက်တယ်။ လန်ဒန်က ဂါဒီယန်သတင်းစာမှာ သတင်းထောက်လုပ်နေပါတယ်။ သူက ဘာသာစကားပေါင်းများစွာ တတ်လို့ ဥရောပတိုက်က သတင်းတွေကို တာဝန်ယူရပါတယ်။ နောက်တစ်ယောက်က ဂရက်ချန်. . အစ်မအကြီးဆုံး၊ ဗြိတိသျှဘုရင့်ရေတပ်မတော်က အရာရှိကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သူဘယ်မှာ နေတယ်ဆိုတာတော့ ကျွန်တော်တို့မသိဘူး။ သူ့ယောကျ်ားနာမည်က ဗျူးမောင့်။ ရေတပ်မှာ ဒုတိယဗိုလ်မှူးကြီး၊ အငယ်ဆုံးသမီးက ဟယ်လ်ဒင်. . သူ့အကြောင်းတော့ ကျွန်တော်တို့ သိပ်မသိဘူး။ အစ်ကိုတွေ အစ်မတွေနဲ့ အမြဲတမ်း ခပ်ကင်းကင်း နေတတ်တယ်။ ခေါင်းမာတယ်။ စိတ်ကြီးတယ် "

" ဟယ်လ်ဒင်. . . နာမည်ကတော့ ခပ်ဆန်းဆန်းပဲ "

" နာမည်ကလေး ဆန်းသွားတာ သူ့အတွက် ပိုဟန်ကျသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေ ” ဟု ညီမလုပ်သူက ဝင်ပြောသည်။

“ ဇာတ်လမ်းက ဒီလိုပါ။ သူ့မွေးစာရင်းမှာ နာမည်ဖြည့်တော့ ဖြည့်တဲ့ ဆရာဝန်က ဂျာမန်စကားမတတ်ဘူး။ ဒါကြောင့် သူ့အမေပြောတာကို ကောင်းကောင်း နားမလည်ဘူး။ သူ့အမေက သမီးကလေးရဲ့နာမည်ကို ဟ်လ်ဂါလို့ ပြောတယ်။ ဆရာဝန်က နားကြားလွဲပြီး ဟယ်လ်ဒင်လို့ ရေးလိုက်တယ်။ ဆေးရုံအမှုထမ်းတွေကလဲ ရေးကြီးသုတ်ပျာလုပ်နေရတာဆိုတော့ နောက်ထပ်ပြန်ပြင်ချိန်လဲ မရတော့ဘူး။ အဲဒီခေတ်ကာလတုန်းကတော့ စာရွက်ပေါ်မှာ ရေးပေးတာနဲ့ ပတ်သက်ပြီး ခွန်းတုံ့ပြန်ပြီးနေနိုင်တဲ့အချိန် မဟုတ်ပဲကိုးဗျာ။ သူတို့ဘာရေးရေး ငြိမ်ခံနေရတာပဲ။ ဒါကြောင့် သူ့နာမည် အဲဒီအတိုင်း တွင်သွားတော့တာ ”

“ တင်နီဆန်. . ဗျူးမောင့် . . အင်္ဂလန်. . နေစမ်းပါဦး။ ဂရပ်ဖ်မသိအောင် သူတို့ဘာရာဇီးလ်နိုင်ငံထဲကနေပြီး အင်္ဂလန်ကိုရောက်အောင် ဘယ်လိုလုပ်ထွက်သွားနိုင်ကြသလဲ။ ဂျာမန်တွေဟာ ဩဇာသိပ်ကြီးတယ်လို့ စောစောက ခင်ဗျားပြောခဲ့တယ်။ နိုင်ငံခြားကိုသွားတော့မယ်ဆိုယင် နိုင်ငံကူးလက်မှတ်လိုတယ်။ ပြည်ဝင်ခွင့်လိုတယ်။ ခရီးသွားဖို့အစီအစဉ် လုပ်ရမယ်။ ဒါတွေကို ဘယ်လိုလုပ်ကြသလဲ ”

“ ဂျိုဟန်း . . ဂျွန်ပေ့ါခင်ဗျာ. . သူဟာ သိပ်ကိုတော်တဲ့ လူတစ်ယောက်ပါ။ အင်မတန် ဉာဏ်ပြေးတယ် ”

“ ဟုတ်တယ်. . သိပ်ကိုထက်မြက်တာပဲ။ သိပ်ကိုဉာဏ်ကောင်းတာပဲ၊ ကျွန်မ သူ့ကို အရမ်းချစ်မိတယ်။ ငါးနှစ်ကျော်ကြာသွားတဲ့တိုင်အောင် ကျွန်မတို့နှစ်ယောက် အပြန်အလှန် ချစ်နေကြတုန်းပဲ ”

“ အဲဒီနောက် သူတို့ဆီက သတင်းစကားကလေး ဘာလေးကြားရသေးသလား ”

“ ကျွန်တော်တို့နဲ့ အမြဲတမ်းအဆက်အသွယ် ရှိနေပါတယ် ခင်ဗျာ။ အင်္ဂလန်က ဧည့်သည်တွေလာတိုင်း ကျွန်တော်တို့နဲ့ အဆက်အသွယ်လုပ်ပါတယ်။ စာရေးတာမျိုးတော့ မဟုတ်ဘူးပေ့ါ။ သဲလွန်စရသွားမှာစိုးလို့ စာဘယ်တော့မှမရေးဘူး။ ပါးစပ်နဲ့ပဲ မှာစရာရှိတာကို မှာလေ့ရှိပါတယ် ”

နိုဝယ်က ကားရာရာတို့ မောင်နှမနှစ်ယောက်ကို ကြည့်ပြီး အကဲခတ်ယင်း သူတို့အတွက် ကရုဏာစိတ်များ ပွားများလာမိလေသည်။ ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှတဆင့် စိုးရိမ်ထိတ်လန့်စိတ်များပါ ဖြစ်ပေါ်လာလေသည်။

" ခင်ဗျားတို့ မောင်နှမနှစ်ယောက် ဘယ်လိုများ ရုန်းကန်ပြီး အသက်ရှင်အောင် နေနေကြသလဲဗျာ "

" ဒီလိုပဲပေါ့ ခင်ဗျာ။ ကိုယ့်အသက်ကလေးရှင်အောင် အသက်ဉာဏ်စောင့်ဆိုတဲ့ စကားဦးထိပ်ထားပြီး ဆင်ခြင်နေကြရတာပါ "

ထိုစကားမှန်သည်ဟု နိုဝယ်က တွေးလိုက်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က ဖြစ်ပျက်ခဲ့သည့် အဖြစ်ဆိုးများသည် ယနေ့တိုင်အောင် လက်စမသိမ်းနိုင်ပဲ ရှိနေသည်။

ထိုအကြောင်းကို စဉ်းစားမိယင်း သူ့ရင်ထဲမှာ တင်းကျပ်လာလေသည်။

" မစ္စတာဟိုးလ်ခရော့ဖ်တ်လား ခင်ဗျာ "

မေးလိုက်သည့်အသံက ခပ်ကြောင်ကြောင် ဖြစ်နေသည်။ လူစိမ်းတစ်ယောက်သည် သူတို့အခန်းဝမှာ ရပနေသည်။ အခန်းမှားဝင်မိသလားဟု သူ့ကိုယ်သူ မသေမချာ ဖြစ်နေပုံလည်း ရသည်။

" ဟုတ်ပါတယ်။ ကျွန်တော် ဟိုးလ်ခရော့ဖ်တ်ပါပဲ "

နိုဝယ်က ပင်ပန်းနွမ်းနယ်သော လေသံနှင့် ပြန်ဖြေသည်။

" ကျွန်တော် အင်ဒါဆင်ပါ။ အမေရိကန်သံရုံးက ဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်တည်း စကားပြောလို့ ဖြစ်နိုင်မလား ခင်ဗျာ "

ကာရာရာတို့ မောင်နှမက ထိုင်ရာမှထကြသည်။ နိုဝယ်အနီးသို့ မောင်နှမနှစ်ယောက် တိုးကပ်လာသောအခါ အင်ဒါဆင်က နောက်သို့ ဆုတ်ပေးသည်။

" သွားတော့မယ် ဆီညော် "

" သွားတော့မယ်နော် "

ညီမဖြစ်သူက လေသံကလေးနဲ့ပြောယင်း နိုဝယ်၏လက်မောင်းတစ်ဘက်ကို ခပ်တင်းတင်း ဖျစ်သွားလေသည်။

ပြီးတော့ အမေရိကန်သံရုံးမှလူကို လုံးဝလှည့်မကြည့်ပဲ မောင်နှမနှစ်ယောက် အခန်းထဲမှ ထွက်သွားကြသည်။

\+ \+ \+

အင်ဒါဆင် မောင်းလာသည့် သံရုံးကားထဲတွင် အင်ဒါဆင်၏ ဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ် ထိုင်လိုက်လာလေသည်။

လေယာဉ်ပျံကွင်းသို့ တစ်နာရီအတွင်း သူတို့ရောက်မှ လစ္စဘွန်းမြို့သို့ ထွက်ခွာပျံသန်းမည့် လေယာဉ်ပျံကို မီနိုင်မည်ဖြစ်သည်။ လစ္စဘွန်းမြို့မှ တဆင့် လန်ဒန်သို့ထွက်ခွာမည့် ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပျံကို ပြောင်းစီးရပေမည်။

" ခင်ဗျားကို ရိုင်းယိုးဒီဂျနေးရိုးမြို့ အပြင်ဘက်ကိုရောက်အောင် အမြန်ဆုံးပို့ပေးဖို့က ကျွန်တော့်တာဝန်ပါ။ နောက်ပြီး ဘရာဇီးလ်နိုင်ငံနဲ့ ဝေးနိုင်သမျှဝေးအောင် သွားဖို့လဲ လိုပါတယ် "

အင်ဒါဆင်က ကားကို ဂရုစိုက်မောင်းနေယင်းမှ နိုဝယ်ကို လှမ်းပြောသည်။

နိုဝယ်၏မျက်နှာမှာ သုန်သုန်မှုန်မှုန် ဖြစ်သွားသည်။

" ကျုပ်ပြောတဲ့စကားတွေကို ခင်ဗျား တစ်ခုမှ မယုံဘူးမဟုတ်လား"

" ဒုက္ခပါပဲဗျာ။ ကျွန်တော် နောက်ထပ်ရှင်းပြဖို့လိုသေးသလား မစ္စတာဟိုးလ်ခရော့ဖ်တ်. . ခင်ဗျား ရပ်ထားတယ်ဆိုတဲ့ မော်တော်ကား ဟိုတယ်မှာ လုံးဝမရှိဘူး။ မှန်တွေ ကွဲနေတယ်ဆိုတဲ့ကားတစ်စီးမှမရှိဘူး။ ပြီးတော့ ခင်ဗျား ကားငှားသွားတယ်ဆိုတဲ့ အထောက်အထားလဲ ဘာတစ်ခုမှာ မရှိဘူး"

" ကျုပ်ပြောတာတွေဟာ အားလုံး အမှန်တွေချည်းပဲဗျ။ ကားကို ကျုပ်တကယ်ငှားခဲ့တယ်။ ဂရပ်ဖ်နဲ့ ကျုပ်တကယ် တွေ့ခဲ့တယ် "

" ခင်ဗျား ဖုန်းဆက်ရုံပဲဆက်တယ်တဲ့။ သူနဲ့ခင်ဗျားနဲ့ လုံးဝမတွေ့ဘူးတဲ့။ ထပ်ပြောဦးမယ်။ ခင်ဗျားက ဖုန်းဆက်ပြီး သူ့အိမ်ဆောက်ထားပုံကို ကြည့်ချင်ကြောင်း ပြောတယ်တဲ့။ ဒါပေမယ့် သူက လုံးဝခွင့်မပြုလိုက်ဘူးတဲ့ "

" ဒါလိမ်တာဗျ။ သူ့အိမ်ကို ကျုပ်ရောက်ခဲ့တယ်။ သူ့အိမ်ကထွက်လာပြီးတဲ့နောက် လူနှစ်ယောက်က ကျုပ်ကိုသတ်ဖို့ လိုက်ကြိုးစားကြတယ်။ တစ်ယောက်ကို ကျုပ်သေသေချာချာ မှတ်မိတယ်။ သူ့အိမ်ထဲမှာ ကျုပ်အလဲတွယ်ပစ်ခဲ့တဲ့ သူ့အစောင့်ပဲ "

" ခင်ဗျား ပြောတာတွေ သက်သေခံ အထောက်အထားတစ်ခုမှ မရှိဘူးဗျာ "

" ဂရပ်ဖ်ဆိုတဲ့ အကောင်ဟာ အလာကားခွေးသူခိုးကြီး၊ နာဇီကြီး. . နှစ်ပေါင်းသုံးဆယ်ကျော် ကြာလာတာတောင် သူဟာ နာဇီဘဝနဲ့ နာဇီအကျင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ နာဇီအတွေးအခေါ်တွေကို အစွန့်သေးဘူး။ ဒီလိုလူမျိုးကို ခင်ဗျားတို့ကလဲ နိုင်ငံခေါင်းဆောင်ကြီးတစ်ယောက်လို သဘောထားဆက်ဆံနေကြတယ် ”

“ ခင်ဗျားပြောတာ သိပ်ကိုမှန်တာပေါ့ဗျာ။ ဂရပ်ဖ်ဟာ တကယ့် အထူးပုဂ္ဂိုလ်ကြီးပဲ။ သူ့ကို အကာအကွယ်တွေ ပေးနေကြရတယ် ”

“ ကျုပ်ကတော့ နည်းနည်းကလေးမှ မကျေနပ်နိုင်ဘူး ”

“ ဟိုတုန်းက အကြောင်းတွေ ခင်ဗျားသိဖို့လိုတယ် မစ္စတာဟိုးလ် ခရော့ဖ်တ်။ ဂရပ်ဖ်ဟာ ဂျာမနီနိုင်ငံထဲမှာရှိတဲ့ ဝံပုလွေလို့ခေါ်တဲ့ ဟစ်တလာရဲ့ ဌာနချုပ်မှာ တာဝန်ယူခဲ့တဲ့ နာဇီဟစ်တလာကို လုပ်ကြံဖို့ ကြိုးစားမှုတစ်ခု ပေါ်ခဲ့တယ်။ ဟစ်တလာကို လုပ်ကြံဖို့ကြိုးစားသူတွေထဲမှာ ဂရပ်ဖ်လဲ တစ်ယောက် အပါအဝင်ပဲ ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၀ )

နိုဝယ် တည်းနေသည့် ဟိုတယ်ခန်းထဲမှ အပြင်သို့ကြည့်လိုက်သော အခါ နေရောင်ကို မမြင်ရပါ။ အဆောက်အအုံတွေ ပိတ်နေသောကြောင့် ဖြစ်သည်။

လန်ဒန်မြို့တွင် တည်းခိုရသည်မှာ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ တည်းခို ရသည်နှင့်တော့ ကွာချင်တိုင်းကွာနေသည်။

လူတွေကို ငုံ့ကြည့်လိုက်သောအခါ ဘတ်စ်ကားမှတ်တိုင်ဆီသို့ လည်းကောင်း၊ မြေအောက်ရထားဘူတာရုံသို့ လည်းကောင်း၊ စားသောက်ဆိုင် များသို့လည်းကောင်း အလုအယက်ပြေးနေကြသည်ကိုသာ တွေ့မြင်ရလေ သည်။

ပြတင်းပေါက်မှ ပြန်လှည့်လာပြီး ခဏနားသည်။ သူသည် လေယာဉ် ပျံကို ဆယ့်ငါးနာရီလုံးလုံး မနားတမ်း စီးလာခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ် နေချေပြီ။

ဂျနေးရိုးမြို့မှ လေယာဉ်ပျံကွင်းသို့အလာ အမေရိကန်သံရုံးမှ အင်ဒါဆင်ပြောခဲ့သည့် အကြောင်းများကို ပြန်လည်စဉ်းစားကြည့်နေမိသည်။

မောရစ်ဂရပ်ဖ်သည်လည်း 'ဝံပုလွေ'မှ မသေမပျောက်ပဲ ကြွင်းကျန်



www.burmeseclassic.com

www.burmeseclassic.com



နေရစ်ခဲ့သူဟု ဆိုသည်။

သည်အတိုင်းဆိုလျှင် သူသည် 'ဝံပုလွေ'ထဲမှ တစ်ယောက်လော။

မဖြစ်နိုင်ပါ။

ဝံပုလွေများသည် ဂျီနီဗာလုပ်ငန်းနှင့် စပ်ဆိုင်ပတ်သက်နေကြသူများ ချည်းဖြစ်သည်။ ဟိန်းနရစ်ကလော်ဆင်၏ အိပ်မက်ကို အကောင်အထည်ဖော်ပေးဖို့ တာဝန်ရှိသူများချည်းဖြစ်သည်။

ဝေလ်ဟမ်းဗွန်းတိုင်းဘို့လ်တ်တို့သည် ဂျီနီဗာလုပ်ငန်းတွင် အဓိက အခန်းမှ ပါဝင်ပတ်သက်သူများ ဖြစ်သည်။ သူတို့ မိသားစုကို ဂရပ်ဖ်က ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားခဲ့သည်။

ထိုမျှမကသေး၊ ဟိန်းနရစ်ကလော်ဆင်၏ သားအရင်းခေါက်ခေါက် တစ်ယောက်လုံးကို သတ်ပစ်ဖို့ အမိန့်ပေးခဲ့သည်။

ထိုကဲ့သို့သော လူမျိုးသည် မည်သည့်နည်းနှင့် ဝံပုလွေ ဖြစ်နိုင်ပါ မည်နည်း။

မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပါ။

ကာရာရာတို့ မောင်နှမအကြောင်းကိုပါ စဉ်းစားနေမိပြန်သည်။ သူတို့နှစ်ယောက် ဘရာဇီးလ်နိုင်ငံထဲမှ လွတ်ရာကျွတ်ရာသို့ ဘာကြောင့် ထွက်ခွာမသွားကြသနည်း။

သူတို့မှာလည်း သူတို့အကြောင်းနှင့် သူတို့ရှိပါလိမ့်မည်ဟုသော သဘောထားလိုက်ရတော့သည်။

စားပွဲပေါ်မှ တယ်လီဖုန်းကိုကောက်ကိုင်သည်။ ဂါဒီယန်သတင်းစာ တိုက်သို့ ဆက်သည်။ ဂျွန်တင်နီဆန်အကြောင်းကို စုံစမ်းသည်။

ကာရာရာတို့ မောင်နှမပြောလိုက်သည့်သတင်းမှာ အမှန်ပင်ဖြစ်ပါ သည်။ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ် (သို့မဟုတ်) ဂျွန်တင်နီဆန်သည် ဂါဒီယန် သတင်းစာတိုက်မှာ အမှန်တကယ် အလုပ်လုပ်နေပါသည်။

" သိပ်ကို စိတ်မကောင်းပါဘူး မစ္စတာဟိုးလ်ခရော့ဖ်တ်. . ကျွန်တော် တို့ သတင်းစာတိုက်မှာလုပ်နေတဲ့ သတင်းစာဆရာတွေရဲ့ လိပ်စာနဲ့ တယ်လီ ဖုန်းနံပါတ်ကို ကျွန်တော်တို့ ပေးခွင့်မရှိပါဘူး ခင်ဗျာ "

" ဂျွန်တင်နီဆန်ဟာ ခင်ဗျားတို့ သတင်းစာတိုက်မှာ အလုပ်လုပ်နေ တာ အမှန်ပဲ မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



" မှန်ပါတယ် ခင်ဗျာ။ ဒါပေမယ့် သူက ဥရောပတိုက်မှာ တာဝန်ကျနေပါတယ် "

" ကျွန်တော်သူနဲ့ ချက်ချင်း အဆက်အသွယ်လိုချင်ပါတယ်။ သိပ်ကို အရေးကြီးတဲ့ ကိစ္စမို့ပါ။ ဘယ်လိုလုပ်ရမလဲ "

" ဒါကတော့ အတော်ကလေးခက်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ် မစ္စတာဟိုးလ်ခရော့ဖ်တ်။ မစ္စတာတင်နီဆန်က တစ်နေရာတည်းမှာ အတည်တကျမနေပဲ အမြဲမပြတ် ခရီးသွားနေသူဖြစ်ပါတယ် "

" လုပ်မနေစမ်းပါနဲ့ဗျာ။ အခုကျုပ်အောက်ထပ်ဆင်းသွားပြီး ဂါဒီယန် သတင်းစာတစ်စောင် ဝယ်လိုက်ယင် တင်နီဆန် ဘယ်ရောက်နေတယ်ဆိုတာ ချက်ချင်းသိမှာပဲ။ သူဘယ်ကနေ သတင်းရေးနေတယ်ဆိုတာ ကြည့်လိုက်ရုံပဲ"

" ဒီစကား မှန်ပါတယ် ခင်ဗျာ။ ဒါပေမယ့် မစ္စတာတင်နီဆန်အတွက်တော့ မမှန်ပါဘူး။ သူက သူ့သတင်းတွေကို ဘယ်တော့မှ နာမည်ခံပြီး မရေးပါဘူး။ သာမန်သတင်းတွေကိုလဲ မရေးပါဘူး။ သိပ်ကို ကြီးကျယ်တဲ့ သတင်းကြီးတွေကျတော့မှ သူတာဝန်ယူ ထောက်လှမ်းပြီး ရေးတာပါ "

" ဒီလိုဆိုယင် ခင်ဗျားတို့က သူနဲ့ အဆက်အသွယ်လုပ်ချင်တဲ့အခါမှာ ဘယ်လိုလုပ်သလဲ "

နိုဝယ်၏ မေးခွန်းကြောင့် တစ်ဘက်က ခဏကြာအောင် တုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။

" အဲ့ . . . အဲ့ . . . ကျွန်တော်တို့မှာ စုပြီး အကြောင်းကြားစာပို့တဲ့ စနစ်တစ်ခုရှိပါတယ်။ အဲဒါက ရက်တော့နည်းနည်းကြာတယ် "

" ကျွန်တော်က ရက်ကြာလို့မဖြစ်ဘူးဗျ။ အခုချက်ချင်း သူနဲ့ အဆက်အသွယ်လုပ်ချင်တာ။ ကိစ္စက လျှို့ဝှက်ကိစ္စဖြစ်နေတယ်ဗျာ။ ကျွန်တော်ပြောတာ သေသေချာချာနားထောင်ပါဦး။ ငွေရေးကြေးရေးကိစ္စဖြစ်နေတယ်။ မစ္စတာတင်နီဆန်တို့ မိသားစုအတွက် ငွေတွေ ချန်ထားခဲ့တဲ့ ကိစ္စဖြစ်နေတယ်"

" မစ္စတာတင်နီဆန်ဟာ အိမ်ထောင်သည် ဖြစ်တယ်လို့ ကျွန်တော် မကြားမိပါလား "

" သူ့မိသားစုကို ပြောနေတာဗျ။ သူ့အစ်မတစ်ယောက်နဲ့ ညီမတစ်ယောက်။ သူတို့ရော ခင်ဗျား သိသလား။ သူတို့ လန်ဒန်မှာပဲ နေနေကြသလား။ အကြီးဆုံးက . . . "



www.burmeseclassic.com

www.burmeseclassic.com



“ မစ္စတာတင်နီဆန်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ကျွန်တော် မသိပါဘူးဗျာ။ ရှေ့နေနဲ့တဆင့် ဆက်သွယ်ဖို့ ကျွန်တော်အကြံပေးလိုပါတယ် ”

တစ်ဘက်မှလူက ထိုမျှပြောပြီး ဖုန်းကို ပြန်ချသွားလေသည်။ ထို့ကြောင့် နို၀ယ်ကလည်း စိတ်ခပ်တိုတိုဖြင့်ပင် ဖုန်းကိုပြန်ချလိုက်ရတော့ သည်။

သူ့နာမည်အမှန်ကို ပြောသည်။ သူတည်းနေသည့်ဟိုတယ်နှင့် အခန်းနံပါတ်ကို ပြောသည်။ ထိုမျှခိုင်လုံအောင် ပြောပြပါလျက်နှင့် မယုံကြည်သလို ဆက်ဆံသောသူကို အကြီးအကျယ် မကျေနပ်ဖြစ်မိသည်။

ထိုအခိုက် ဖုန်းမြည်သောကြောင့် ကောက်ကိုင်သည်။

“ ပြောပါ ”

“ မစ္စတာဟိုးလ်ခရော့ဖ်တ်. . . ဧည့်ကြိုဌာနက ပြောနေပါတယ်။ လူကြီးမင်းရဲ့ အခန်းထဲမှာ ပန်းအိုးထိုးမပေးရသေးဘူးဆိုတာ အခုပဲသိပါတယ် ခင်ဗျာ။ ကျွန်တော်တို့ အများကြီး ၀မ်းနည်းပါတယ်။ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ အခုပဲ ပို့ခိုင်းလိုက်ပါ့မယ် ခင်ဗျာ ”

ထိုစကားကြောင့် နို၀ယ်က ဘုရားတမိသည်။ ပို၍လည်း စိတ်တိုသွားသည်။ သည်လိုအချိန်တွင် ပန်းအိုးဝေးလို့ ပန်းချုံကြီးပေါင်း တစ်ထောင်လောက်ကိုပင် သူအာရုံမ၀င်စားနိုင်ပါ။ ထုံးတမ်းစဉ်လာကြီးတွေကို လိုက်နာလွန်းသော အင်္ဂလိပ်လူမျိုးတို့၏ စရိုက်ကို စိတ်ထဲမှ ကျိတ်၍ ကျိမ်ဆဲလိုက်မိသည်။

တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုယူပြီး တင်နီဆန်ကိုကြည့်သည်။ နီးစပ်မည့် သူတစ်ယောက်မှမတွေ့။

‘ ဂျွန် ’ ကိုကြည့်သည်။ မဆိုင်သည့် ‘ ဂျွန် ’ တွေနှင့်သာတိုးနေသည်။

‘ ဘီ ’စာလုံးတွင် ‘ ဗျူးမောင့် ’ကို ရှာပြန်သည်။ ‘ ဗျူးမောင့် ’ခြောက်ယောက်သာရှိသည်။ ရေတပ်မှ အရာရှိတစ်ယောက်ဖြစ်သောကြောင့် ရှာရသည်မှာ အလွန်လွယ်ကူသွားပါသည်။

စတုတ္ထအကြိမ်မြောက် ဖုန်းနံပါတ်များ လှည့်နေစဉ် တံခါးခေါက်သံကြားရသည်။ ပန်းအိုးလာပို့သူကိုပေးရန် အိတ်ထဲမှ ပိုက်ဆံအကြွေနှိုက်ပြီး တံခါးပေါက်ရှိရာသို့ ထသွားရပြန်သည်။ စိတ်ကလည်း ပိုတိုလာသည်။

တံခါးဖွင့်လိုက်သောအခါ ဟိုတယ်အလုပ်သမား မဟုတ်ပါ။ ကုတ်အင်္ကျီကိုယ်စီ ၀တ်ထားသော လူနှစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ ဦးထုပ်များကို လက်ထဲမှာ ကိုယ်စီကိုင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အရပ်မြင့်မြင့်၊ အသက်ငါးဆယ်ခန့်၊ ဆံပင်များ အတော်ကလေး ဖြူနေသည်။

ကျန်တစ်ယောက်က နိုဝယ်နှင့်ရွယ်တူလောက်ရှိမည်။ ဆံပင်နီနီနှင့် နဖူးပေါ်တွင် အနာရွတ်ကလေး တစ်ခုရှိသည်။

" ဘာကိစ္စပါလဲ "

" မစ္စတာဟိုးလ်ခရော့ဖ်တ် "

" ဟုတ်ပါတယ် "

" နိုဝယ်ဟိုးလ်ခရော့ဖ်တ်. . အမေရိကန်နိုင်ငံသား . . နိုင်ငံကူးလက်မှတ် နံပါတ် အက်ဖ်. . နှစ်. . သုည. . လေး . . ခုနစ်. . ရှစ်. . "

" ဟော့လူတွေ. . ကျုပ် နိုဝယ်ဟိုးလ်ခရော့ဖ်တ် အစစ်ပဲ။ ကျုပ်ရဲ့ နိုင်ငံကူးလက်မှတ်နံပါတ်ကို ဘယ်တုန်းကမှ အလွတ်ကျက်မထားဘူး "

" ကျုပ်တို့ အထဲကိုဝင်နိုင်ပါသလား "

" အား . . . မသေချာဘူး။ ခင်ဗျားတို့ ဘယ်သူလဲ "

ထိုသူများက သက်သေခံကတ်ပြားများကို ကိုယ်စီထုတ်ပြကြသည်။

" ကျုပ်တို့ ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ်ငါးတပ်ဖွဲ့ကပဲ " ဟု အသက်ကြီးသူက ကတ်ပြားပြယင်း ပြောသည်။

" ဘာကိစ္စ ခင်ဗျားတို့က ကျွန်တော်နဲ့ တွေ့ချင်ရတာလဲ "

" တရားဝင်အလုပ်ကိစ္စပဲ။ ကျွန်တော်တို့ အခန်းထဲဝင်မယ်နော် "

နိုဝယ်က မသေမချာဖြင့် ခေါင်းညိတ်ပြလိုက်ပြီး လမ်းဖယ်ပေးသည်။ ပီတာဘော်လ်ဒွင် အကြောင်းကို စဉ်းစားမိပြီး ရင်ထဲမှာ တင်းကျပ်လာသည်။

' ဂျီနီဗာအစီအစဉ် ' ကိုဖျက်ဖို့ ဘော်လ်ဒွင်က ပြောခဲ့သည်။ ဘော်လ်ဒွင်လည်း ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ် ၆ တပ်ဖွဲ့ကဖြစ်သည်။ သူတို့လုပ်ငန်းထဲမှာဝင်ပြီး နှောင့်ယှက်သောကြောင့် ဝံပုလွေများက ဘော်လ်ဒွင်ကို သုတ်သင်ခဲ့သည်။

ယခုရောက်လာသော ထောက်လှမ်းရေးအရာရှိနှစ်ယောက်သည် ဘော်လ်ဒွင်နှင့်ကိစ္စကိုများ သိထားကြလေသလော။ ဘော်လ်ဒွင်တည်းနေသည့် ဟိုတယ်သို့ သူဖုန်းဆက်ခဲ့သည်။ ထိုသဲလွန်စကလေးကို ကောက်ပြီး လိုက်လာခြင်းလည်း ဖြစ်နိုင်သည်။

အရာရှိနှစ်ယောက်က အခန်းထဲဝင်လာသည်။ ဆံပင်နီနီနှင့်အသက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူက ရေချိုးခန်းကို သွားဖွင့်ကြည့်သည်။ ပြီးတော့ ပြတင်းပေါက်များကို သွားစစ်ဆေးကြည့်သည်။ ကျေနပ်တော့မှ စာရေးစားပွဲနားမှာ လာရပ်သည်။

ဝင်ဝင်ချင်း စားပွဲနားမှာ လာရပ်သော အသက်ကြီးသူက စားပွဲနံရံနှင့် ကြမ်းပြင်များကို မသိမသာ အကဲခတ်ကြည့်နေသည်။

" ကဲ . . . ခင်ဗျားတို့ အထဲရောက်ပြီ။ ဘာကိစ္စလဲ " ဟု နိုဝယ်က မေးသည်။

" တီနာမော ကိစ္စပဲ မစ္စတာဟိုးလ်ခရော့ဖ်တ် "

အသက်ကြီးသူက ပြန်ဖြေသည်။

" ဘာဗျ "

" ထပ်ပြောမယ် . . . တီနာမော "

" အဲဒါကဘာလဲ "

" စွယ်စုံကျမ်းတိုင်းမှာပါပါတယ်။ တီနာမောဆိုတာ မြေကြီးပေါ်မှာ ကျက်စားတဲ့ငှက်ပဲ။ မြေဝပ်ငှက်လိုအကောင်မျိုးပေ့ါ။ မြေကြီးအရောင်နဲ့ရောပြီး ကိုယ်ရောင်ဖျောက်နေတတ်တယ်။ လိုတဲ့နေရာကို ချက်ချင်းထပျံနိုင်တယ်။ ပျံနေယင်းလဲ သွားချင်တဲ့ဘက်ကို တမုဟုတ်ချင်း ကူးပြောင်းပျံသန်းသွားနိုင်တယ် "

" ဟား . . . ဗဟုသုတတော့ ရပ့ါဗျာ။ ဒါပေမယ့် ခင်ဗျား ဘာအကြောင်းတွေပြောနေတယ်ဆိုတာ ကျွန်တော် နည်းနည်းကလေးမှ မရိပ်မိဘူး"

" ခင်ဗျားသိတယ်လို့ ကျွန်တော်တို့ ထင်တယ် " ဟု လူငယ်က ဝင်ပြောသည်။

" ခင်ဗျားတို့မှားနေပြီ။ အဲဒီငှက်အကြောင်း ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ နောက်ပြီးတော့ သိစရာအကြောင်းလဲ မရှိဘူး။ ခင်ဗျားတို့ တစ်ခုခုကို ရည်ညွှန်းပြီး ပြောနေကြတာ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တော့ ဘယ်လိုမှ ဆက်စပ်ယူလို့မရဘူး "

" သိပ်ဟုတ်တာပေ့ါဗျာ။ ကျုပ်တို့ကလဲ ငှက်အကြောင်းကို ပြောနေကြတာမဟုတ်ပါဘူး။ တီနာမောဆိုတာလူပဲ။ ဘာပဲဖြစ်ဖြစ်ပေ့ါလေ. . . နာမည်နဲ့တော့ အတော်လိုက်ဖက်တဲ့ လူပဲ "

" ဒါလဲ ကျွန်တော့်အတွက် ဘာအဓိပ္ပာယ်မှ မရှိသေးဘူး "

" ခင်ဗျားကို ကျုပ်အကြံဉာဏ် နည်းနည်းလောက် ပေးရမလား " ဟု အသက်ကြီးသူက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" လုပ်ပါဗျာ။ ကျွန်တော်တော့ ဘာမှနားမလည်သေးဘူး "

" ခင်ဗျား ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သိပ်ကို အရေးကြီးပါတယ်။ ခင်ဗျားကို တစ်စုံတစ်ယောက်က အသုံးချနေပြီဆိုတာ ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါပေမယ့် ကျုပ်တို့အနေနဲ့ မသေချာသေးဘူး။ သံသယ မရှင်းသေးဘူး။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို ပူးပေါင်းကူညီမယ်ဆိုယင် ခင်ဗျား အသုံးချခံနေရပြီလား။ အသုံးချမခံရသေးဘူးလားဆိုတာကို ကျုပ်တို့ အဖြေထုတ်ပေးလို့ရမယ်"

" ကျွန်တော် စောစောက ပြောခဲ့တဲ့စကား ပိုမှန်သွားပြီ။ ခင်ဗျားတို့ကို ကျွန်တော် နားမလည်ဘူးဆိုတာလေ "

ဒီလိုဆိုယင် အသေးစိတ်ကလေး ရှင်းပြရတာပေါ့။ ဒါဆိုယင်တော့ ခင်ဗျားနားလည်သွားနိုင်ကောင်းပါရဲ့။ ဂျွန်တင်နီဆန်ကို ခင်ဗျား လိုက်စုံစမ်းနေတယ်။ ဂျွန်တင်နီဆန်ဆိုတာ ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ်ပဲ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ဂျွန်တင်နီဆန် ဆိုတဲ့နာမည်နဲ့ အင်္ဂလန်နိုင်ငံထဲကို တရားဝင်ဝင်လာတယ်။ ဘာသာစကားပေါင်းစုံပြောတဲ့ နိုင်ငံတွေမှာ ဂါဒီယန်သတင်းစာရဲ့ သတင်းထောက်အဖြစ် အလုပ်လုပ်နေတယ် "

" ဩ . . . ဂါဒီယန် သတင်းစာတိုက်က တယ်လီဖုန်းကိုင်တဲ့ လူက ခင်ဗျားတို့ကို ဖုန်းဆက်အကြောင်းကြားလိုက်ပြီကိုး။ ဒါကြောင့် ကျွန်တော် မေးတာတွေကို ဟိုလူကောင်းကောင်း ပြန်မဖြေတာပဲ " ဟု နိုဝယ်က ပြန်ပြောသည်။

" ဘာကိစ္စအတွက် ဂျွန်တင်နီဆန်ကို ခင်ဗျား အပြင်းအထန်ရှာနေသလဲဆိုတာ မေးပါရစေ "

" မဖြေနိုင်ပါဘူး "

" သူတို့အတွက် ငွေတွေပေးစရာရှိတယ်လို့ ရိုင်းယိုးဒီဂျနေးရိုး တုန်းကရော အခု အင်္ဂလန်ရောက်တော့ပါ ခင်ဗျား ထုတ်ဖော် ပြောနေတယ် "

" ရိုင်းယိုးဒီ . . . ဘုရားရေ . . . "

" ခင်ဗျားက ကြားက အောင်သွယ်ပါလို့လဲ ပြောတယ်။ ဒါတွေဟာ ခင်ဗျားပြောခဲ့တဲ့စကားလုံး အတိအကျတွေပါပဲ "

" ဒါက လျှို့ဝှက်ကိစ္စတွေပါဗျာ "

" ကျုပ်တို့ကတော့ အဲဒါကို နိုင်ငံတကာနဲ့ ဆိုင်တဲ့ကိစ္စတစ်ရပ်လို့ ထင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဖြစ်ရလေဗျာ . . . ဘာကြောင့်ပါလိမ့် "

" ဘာကြောင့်လဲဆိုတော့ ခင်ဗျားက ငွေတွေပြောင်းလဲပေးဖို့ ကြိုးစားနေတယ်။ တကယ်လို့ စည်းကမ်းတွေအတိုင်း အားလုံးဝင်လာယင် အဲဒီငွေတွေရဲ့ လေးပုံသုံးပုံကို ပေးမယ် "

" ဘာအတွက်လဲ "

" လူသတ်ပေးဖို့ "

" လူသတ်ပေးဖို့ . . . "

" ဟုတ်ပါတယ်။ တီနာမောကို လူလွတ်သမားလို့ အားလုံးက သတ်မှတ်ထားကြပါတယ်။ တိကျတဲ့ စကားလုံးကို သုံးရမယ်ဆိုယင် အင်မတန်ကိုတော်တဲ့ လူသတ်ဘုရင်ဆိုပါတော့ဗျာ။ ဂျိုဟမ်းဗွန်တိုင်းဘို့လ်တ် အမည်ခံ ဂွန်တင်နီဆန်ဟာ တီနာမော ဖြစ်ကြောင်း ကျွန်တော်တို့မှာ အကြောင်းပြစရာတွေ အများကြီးရှိနေပါတယ် "

\+ \+ \+

နိုဝယ် ကြောင်သွားသည်။ သူ့ခေါင်းထဲမှာလည်း အားလုံးရှုပ်ထွေးကုန်သည်။ သည်အတိုင်းဆိုလျှင် ပီတာဘော်လ်ဒွင်က သူ့ကို ဘာစကားတွေပြောဖို့ ကြိုးစားခဲ့လေသနည်း။

ဂျီနီဗာအစီအစဉ်ထဲမှာ အဓိကပိုင်းမှ ပါဝင်နေသူသည် လူသတ်သမား ဖြစ်နေပါပေါ့ကလား။

သည်အတိုင်းမှန်လျှင်တော့ သူတို့အစီအစဉ်ကြီးတစ်ခုလုံး ပျက်စီးရပေတော့မည်။ ဝံပုလွေများ ဖြစ်စေချင်သည့် ဆန္ဒကို အကောင်အထည် ဖော်မပေးနိုင်ပဲ ဖြစ်ရတော့မည်။

သူတို့၏ 'ပဋိညာဉ်ခံ'လုပ်ငန်းကြီးတစ်ခုလုံး ပျက်သုဉ်းရပေတော့မည်။

တီနာမော. . . လူသတ်သမား . . . အင်မတန်တော်တဲ့ လူသတ်ဘုရင်. . .

ဂျီနီဗာ ပဋိညာဉ်ခံ စည်းကမ်းချက်များအရ သားသမီးထဲမှ အကြီးဆုံးများနှင့်သာ ပြုလုပ်ရမည်ဟုဆိုသည်။ ဂွန်တင်နီဆန်သည် အကြီးဆုံးသားမဟုတ်။ သူ့အထက်တွင် သမီးကြီး ဂရက်ချန် ရှိနေသည်။

ထို့ကြောင့် သူတို့လုပ်ငန်းတွင် ဂရက်ချန်သာလျှင် အကြီးဆုံးသမီး



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် တရားဝင်သည်။ ဂျွန်တင်နီဆန် လူသတ်သမား ဖြစ်နေသည်ဆိုသော်လည်း သူတို့ကိစ္စတွင် မည်သို့မှ အနှောင့်အယှက် မဖြစ်နိုင်ဟု တွေးကြည့်မိပြန်သည်။

သို့သော် ပထမပေါ်လာသည့်ကိစ္စကို ပထမရှင်းရပေမည်။

" ကျွန်တော် ရှင်းပြတာကို နားထောင်ပါဦး "

နို၀ယ်က စကားစလိုက်သည်။ သူ့လေသံထဲမှာ အားနည်းသည့် အရိပ်အရောင်များ ပါဝင်နေကြောင်း သူကိုယ်တိုင် ပြန်လည်ရိပ်မိနေလေသည်။

" ခင်ဗျားတို့ကို ကျွန်တော် အမှန်အတိုင်းပြောပြပါ့မယ်။ တီနာမောဆိုတာကို ကျွန်တော်လုံးလုံး မသိဘူး။ လူသတ်သမား အကြောင်းကိုလဲ ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော့်လုပ်ငန်းက ဗွန်တိုင်းဘိုလ်တ်တို့ မိသားစုနဲ့ဆိုင်တယ်။ တစ်ဦးတစ်ယောက်တည်းနဲ့ ရွေးပြီး ဆိုင်တာမဟုတ်ဘူး။ ဂျွန်တင်နီဆန်ကို ရှာနေရတဲ့အကြောင်းက သူဟာ ဂါဒီယန်သတင်းစာတိုက်မှာ အလုပ်လုပ်နေတယ်ဆိုလို့ အရှာရအလွယ်ဆုံးလူကို အလျင်ရှာတဲ့သဘောပဲ "

" ဒီလိုဆိုယင် ခင်ဗျား လုပ်ငန်းရဲ့သဘောကို ရှင်းပြနိုင်ရမှာပေါ့ " ဟု ဆံပင်နီနီနှင့်လူငယ်က ပြောသည်။

" ကျွန်တော် ပြောပြနိုင်သလောက် ပြောပြပါ့မယ်။ ဒီကိစ္စဟာ ကျွန်တော်နဲ့လဲ ဒါလောက်ပတ်သက်တာ မဟုတ်ပါဘူး။ ဗွန်တိုင်းဘိုလ်တ်တို့ မိသားစုအတွက် အမွေသဘောမျိုး ငွေတွေထားခဲ့တယ်လို့ ဆိုပါတယ်။ ဘယ်သူက ထားခဲ့တယ်ဆိုတာလဲ မမေးပါနဲ့။ ကျွန်တော့်ရှေ့နေကလဲ ဒါကိုတော့ ထုတ်ဖော်ပြောမှာ မဟုတ်ဘူး "

" ရှေ့နေနာမည်က ဘယ်သူလဲ "

" ကာယကံရှင်ရဲ့ ခွင့်ပြုချက်ရမှ ကျွန်တော်ပြောပြနိုင်ပါမယ် "

နို၀ယ်က စကားဖြတ်ပြီး စီးကရက် မီးညှိနေသည်။

" ခွင့်တောင်းကြည့်ပါဦး။ ကဲ . . . ဆက်ပြောပါ "

" ရိုင်းယိုးဒီဂျနေးရိုးမြို့ကိုရောက်တော့ ဗွန်တိုင်းဘိုလ်တ်တို့ မိသားစုကို ဂျာမန်လူမျိုး အသိုင်းအဝိုင်းက အထင်အမြင်သေးကြောင်း ကြားခဲ့ရပါတယ်။ ဒါကိုလဲ ကျွန်တော်သဘောပေါက်ပါတယ်။ ဗွန်တိုင်းဘိုလ်တ်တို့ဟာ နာဇီကို ဆန့်ကျင်ခဲ့ကြတယ် မဟုတ်လား။ ဒါကြောင့် နာဇီကို ဆန့်ကျင်တဲ့လူတစ်ဦးဦးက သူတို့အတွက် ငွေတချို့ ထားခဲ့တယ်လို့ သိရပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ငွေက အမေရိက မှာလား "

နိုဝယ်က ရုတ်တရက် ပြန်မဖြေသေးပဲ စဉ်းစားနေသည်။

" ဟုတ်ပါတယ်။ အမေရိကကိုရောက်နေတာ နှစ်အတော်ကြာပြီလို့ သိရပါတယ်။ ကျန်တာတွေကို ကျွန်တော်မသိပါဘူး "

" ခင်ဗျားကို ဒီကိစ္စအတွက် ကြားက အောင်သွယ်အဖြစ် ဘာကြောင့် ရွေးချယ်လိုက်ကြတာလဲ။ ခင်ဗျားက ရှေ့နေမှ မဟုတ်ပဲ "

" ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှေ့နေပါ။ ကျွန်တော် ခရီးအမြဲ သွားနေတာကို သူသိတယ်။ ဘရာဇီးလ်နိုင်ငံကို ကျွန်တော့် ဖောက်သည် တစ်ယောက်အတွက် အိမ်ပုံစံကြည့်ဖို့ သွားရာမှာ လမ်းကြုံလို့ ကျွန်တော့်ကို စုံစမ်းခိုင်းလိုက်တာပဲ။ ကျွန်တော်က ဗိသုကာပါ။ စုံစမ်းရမယ့် နေရာတွေကိုပါ သူက ပြောပြလိုက်ပါတယ် "

" သူငယ်ချင်းတစ်ယောက်အတွက် ခင်ဗျားကူညီနေတာတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက် ပိုများမနေဘူးလား " ဟု နဖူးပေါ်တွင် အနာရွတ်ရှိပြီး အသက်ငယ်သော စုံထောက်က မေးသည်။

" ဒီသဘောမျိုးမဟုတ်ပါဘူး။ သူကလဲ ကျွန်တော့်ကို အတိုင်းအဆမရှိ ကူညီခဲ့ဖူးပါတယ် "

" ဂျိုဟမ်းဗွန်တိုင်းဘိုလ်တ်ဟာ ဂွန်တင်နီဆန်ဆိုတဲ့ နာမည်နဲ့ ဂါဒီယန်သတင်းစာတိုက်မှာ လုပ်နေတယ်လို့ ခင်ဗျားကိုပြောလိုက်ကြတယ်။ ဒါကြောင့် သူ့ကိုရှာရအောင် ဘရားဇီးလ်နိုင်ငံကနေပြီး ဒီကိုရောက်အောင် ခင်ဗျား လိုက်လာတာ မဟုတ်လား "

နိုဝယ်က စုံထောက်နှစ်ယောက်ကို မော့ကြည့်သည်။ ဒေါသဖြစ်နေသော ပုလိပ်တစ်ယောက်ကို ကိုယ်ကပါပြန်ပြီး ဒေါသပေါက်ကွဲပြလိုက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ဆမ် ပြောခဲ့သည့်စကားကို ပြေးအမှတ်ရသည်။

" နေစမ်းပါဦး။ ကျုပ်က ဒီကို ဒီကိစ္စအတွက် အထူးအစီအစဉ်ကြီးနဲ့ ရောက်လာရတာ မဟုတ်ဘူး။ ကျုပ်က အမ်စတာဒမ်မြို့ကို သွားနေတာ။ ခင်ဗျားတို့မယုံယင် နယူးယောက်မှာရှိနေတဲ့ ကျုပ်ရုံးကို လှမ်းစုံစမ်းကြည့်။ ကျုပ်ဟာ ကူရာကောင်းကျွန်းမှာ အလုပ်လုပ်နေကြောင်းသိရမယ်။ အခုသွားနေတာဟာလဲ အမ်စတာဒမ်မှာလုပ်မယ့် ဗိသုကာများ ကွန်ဖရင့်ကို တက်ဖို့ သွားနေတာဗျ။ နားလည်ရဲ့လား "



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးသော စုံထောက်၏ အမူအရာမှာ စောစောကထက် ပိုမို ပျော့ပျောင်းသွားလေတော့သည်။

" ဩော်. . . ဒီလိုလား . . . ဒီအတိုင်းဆိုယင်တော့ ကျုပ်တို့ ကောက်ချက်ဆွဲတာ လွဲကုန်ပြီထင်တယ်။ ဒါပေမယ့် သာမန်အားဖြင့်ကြည့်ယင် ခင်ဗျားကို ဒီအတိုင်းပဲ ယူဆရမှာပဲ။ မှားသွားယင် တောင်းပန်ပါတယ်ဗျာ "

သူ့လေသံကလည်း ချက်ချင်း နူးညံ့သိမ်မွေ့သွားလေသည်။

နိုဝယ်လည်း စိတ်ချမ်းသာမှု ရသွားကာ ယခုမှ ပြုံးနိုင်ရွှင်နိုင်တော့ သည်။

" ရပါတယ်ဗျာ။ ဒါပေမယ့် အခုမှ ကျွန်တော် ပိုစိတ်ဝင်စားလာတယ်၊ တီနာမောဆိုတဲ့ငတိ. . . ဗွန်တိုင်းဘို့လ်တ်ဆိုတဲ့လူက တီနာမောဖြစ်ကြောင်း ခင်ဗျားတို့ ဘယ်လိုများ သိကြတာပါလိမ့် "

" ခိုင်ခိုင်လုံလုံကြီးတော့ မဟုတ်သေးပါဘူး။ ခင်ဗျားကိုများ စစ်ဆေး ကြည့်ယင် ခိုင်လုံလာနိုင်မလားလို့ တွေးခဲ့ကြတာပါ။ အခုတော့ ကျွန်တော်တို့ ရဲ့ တွေးထင်ချက်က လွဲသွားပြီပေါ့ဗျာ "

" ခင်ဗျားတို့ သေချာသလောက်တော့ ဖြစ်နေပုံပါပဲ။ ဘာကြောင့် တင်နီဆန်ကို စွပ်စွဲရတာလဲ။ နယူးယောက်မှာရှိနေတဲ့ ကျုပ်ရှေ့နေကို ပြန်ပြော တန် ပြောရမယ် "

" ဟာ. . . မလုပ်ပါနဲ့။ ခင်ဗျားဒီအကြောင်း ဘယ်သူ့ကိုမှ ပြန်မပြော ပါနဲ့။ ဘယ်သူနဲ့မှ ပြန်မဆွေးနွေးပါနဲ့ " ဟု ပျာပျာသလဲ ပြန်ပြောသည်။

" အချိန်တော်တော်ကလေး နောက်ကျသွားပြီလေ။ ဒီအကြောင်းကို ကျွန်တော်တို့ ဆွေးနွေးဖြစ်သွားပြီ မဟုတ်လား။ ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့ဆို တာက ကျေးဇူးခံ ကျေးဇူးစားတွေမှ မဟုတ်ကြပဲ။ နယူးယောက်မှာရှိနေတဲ့ ရှေ့နေက ကျွန်တော့်သူငယ်ချင်း၊ ဒီအမှုကိုလဲ ကိုင်တဲ့ရှေ့နေ၊ ဒါကြောင့် သူ အကျိုးရှိဖို့အတွက် ကျွန်တော့်မှာ တာဝန်မရှိပေဘူးလား "

စုံထောက်နှစ်ယောက်က အချင်းချင်း ပြန်ကြည့်ကြသည်။

" သူငယ်ချင်း တစ်ယောက်အတွက် အကျိုးကျေးဇူးဆိုတာထက် ပို ကြီးတဲ့တာဝန်ကြီး ခင်ဗျားမှာ ရှိနေပါတယ်ဗျာ။ တီနာမောဟာ နိုင်ငံတကာကို လှည့်ပြီး လူသတ်နေတဲ့ နိုင်ငံတကာ လူသတ်သမား၊ ခင်ဗျားတို့ အမေရိကန် အစိုးရမှာလဲ တာဝန်ရှိတာပဲ။ ဒါကြောင့် လူသတ်သမား အစစ်အမှန်ကို ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖို့ ခင်ဗျားမှာလဲ ကူညီရမည့်ဝတ္တရား ရှိပါတယ် ”

“ ဒီလိုဆိုယင် တီနာမောဟာ တင်နီဆန်ပဲလို့ ခင်ဗျားတို့ ယုံကြည်ကြသလား ”

“ ပတ်ဝန်းကျင် အခြေအနေတွေက သိပ်ကို ခိုင်မာနေပါတယ် ”

“ ဒါတောင်မှ အခုထက်ထိ မဖော်ထုတ်နိုင်သေးဘူးလား ”

“ မဖော်ထုတ်နိုင်သေးပါဘူး ”

“ အခုနတုန်းကတော့ ခင်ဗျားတို့ပြောပုံတွေက ခိုင်ခိုင်လုံလုံကြီးလေဗျာ ”

“ အခုနတုန်းက ခင်ဗျားကို ကျွန်တော်တို့က ထောင်ချောက်ဆင်ပြီး ဖမ်းတာပါ။ ဒါက ကျွန်တော်တို့ရဲ့ လုပ်ထုံးပဲဆိုပါတော့ ”

“ သောက်ကျိုးနည်း စော်ကားကြီးပုံပဲ ”

“ သောက်ကျိုးနည်း ထိရောက်တဲ့ နည်းပါ ”

နိုဝယ်၏မှတ်ချက်ကို လူငယ်က ချက်ချင်းပြန်ဖြေသည်။

“ တင်နီဆန်နဲ့ပတ်သက်ပြီး ခိုင်လုံတဲ့ ပတ်ဝန်းကျင် အထောက်အထားတွေဆိုတာ ဘယ်လိုဟာမျိုးတွေပါလဲ ”

“ ဒီအကြောင်းကို ခင်ဗျားဝမ်းထဲမှာပဲ ထားနိုင်မလား ”

“ ကောင်းပြီ။ ကျွန်တော့်သူငယ်ချင်း ရှေ့နေကို ပြန်ပြောမပြတော့ပါဘူး။ ဒါပေမယ့် တင်နီဆန်နဲ့ ပတ်သက်တဲ့သတင်းတော့ ကျွန်တော်လိုချင်ပါတယ် ”

“ ဒါ ဈေးဆစ်နေတာပဲ ” ဟု လူငယ်က ဝင်ပြောသည်။

“ ဈေးဆစ်နေတာ မဟုတ်ပါဘူးဗျာ။ သူတို့မိသားစုထဲက တစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရဖို့ ကျွန်တော်ကြိုးစားနေတာပါလို့ ခင်ဗျားတို့ကို စောစောက ပြောခဲ့ပြီးပြီလေ။ သူ့အစ်မတစ်ယောက်က ရေတပ်အရာရှိ ဗျူးမောင့်ဆိုတဲ့ လူနဲ့ အကြောင်းပါကြောင်းလဲ ခင်ဗျားတို့ကို ပြောပြီးပြီ။ ကျုပ်က ဘယ်သူနဲ့ အဆက်အသွယ်ရရ ပြီးတာပါပဲ။ တင်နီဆန်ကို ရှာရတာကလဲ သူက ဂါဒီယန်သတင်းစာတိုက်မှာ လုပ်တယ်ဆိုတော့ ပိုလွယ်တယ်ထင်ပြီး ရှာတာပါ ”

“ မှန်ပါတယ်လေ။ သူ့အစ်မနဲ့ညီမကလဲ သူနဲ့ ခပ်ကင်းကင်းနေကြတာပါ။ သူ့အကြောင်းကို သိပ်သိကြတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကလဲ



www.burmeseclassic.com

www.burmeseclassic.com



အုတ်အော်သောင်းတင်း ဖြစ်သွားမှာစိုးတယ်လေ။ ဒါကြောင့် သိုသိုသိပ်သိပ် လုပ်နေကြတာပါ ”

“ ကျွန်တော်ကလဲ အုတ်အော်သောင်းတင်းဖြစ်အောင် မလုပ်ပါဘူး။ သူတို့ကို အကျိုးအကြောင်းပြောပြခဲ့ပြီး ကျွန်တော့်အလုပ်ကိစ္စအတွက် ခရီးဆက်မှာပါ။ သူတို့ဆိုတာကလဲ တင်နီဆန်မှမဟုတ်ပါဘူး။ ဘယ်သူ့ကိုတွေ့တွေ့ ဖြစ်တာပါပဲ ”

“ အမ်စတာဒမ်ကို ခရီးဆက်မှာလား ”

“ ဟုတ်တယ်. . . အမ်စတာဒမ်ကို ”

“ ကောင်းပြီလေ. . . ဒီလိုဆိုယင်လဲ ပြောရတာပေါ့။ အစ်မအကြီး ဂရက်ချန်က ရေတပ်ဒုဗိုလ်မှူးကြီး ဗျူးမောင့်နဲ့ အိမ်ထောင်ကျတယ်။ ဗျူးမောင့်ရဲ့ဒုတိယဇနီးပေါ့။ ပို့စ်မောက်နားမှာနေကြတယ်။ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ သူတို့ နံပါတ်ပါတယ်။ အငယ်မကတော့ ပါရီမြို့ကို ပြောင်းသွားတာ မကြာသေးဘူး။ ဂါလီမတ် စာအုပ်ထုတ်ဝေရေးတိုက်မှာ အလုပ်လုပ်နေတယ်။ ကုမ္ပဏီအမှုထမ်း စာရင်းထဲမှာ နာမည်မပါသေးဘူး။ သူဘယ်မှာနေတယ်ဆိုတာလဲ ကျုပ်တို့ မသိဘူး ”

နိုဝယ်က စာရွက်နှင့် ခဲတံ ထယူသည်။

“ အန်ထော်နီဗျူးမောင့် . . ပို့စ်မောက်. . ဂါလီမတ်စာအုပ်ထုတ်ဝေရေး . . . ”

ပါးစပ်က ရေရွတ်ယင်း စာရွက်ပေါ်မှာ ရေးချနေသည်။

“ မနက်ဖြန်မနက်ကျတော့ သူတို့နဲ့ အဆက်အသွယ်ယူပြီး နယူးယောက်ကို ကျွန်တော် ပြန်အကြောင်းကြားလိုက်ပါ့မယ်။ အမျိုးသမီးများနဲ့ တွေ့ကြောင်း၊ အကျိုးအကြောင်း ပြောပြပြီးကြောင်း၊ ဒါပေမယ့် ဂျွန်တင်နီဆန်နဲ့တော့ မတွေ့ကြောင်းပေါ့ ဟုတ်ပြီလား ”

“ ဒါကြီးထဲမှာ ခင်ဗျား ဆက်ပါမနေဖို့ ကျွန်တော်တို့ တိုက်တွန်းလို့ မရတော့ဘူးလားဗျာ ”

“ မဖြစ်နိုင်ဘူး။ သူငယ်ချင်းတစ်ယောက်ကို ကူညီနေတာဗျ။ ကဲ. . ပြောစမ်းပါဦး . . ဂျွန်တင်နီဆန်ဟာ တီနာမောဖြစ်ကြောင်း ဘာအကြောင်းတွေကြောင့် ခင်ဗျားတို့က ထင်နေရတာလဲ ”

စုံထောက်နှစ်ယောက် တုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နို၀ယ်က နောက်တဆင့် တက်လိုက်သည်။

" စောစောတုန်းက ခင်ဗျားတို့နှစ်ယောက်စလုံး တင်နီဆန်ကို တီနာမောလို့ ယူဆစရာ ပတ်ဝန်းကျင်အထောက်အထားတွေ အင်မတန် ခိုင်လုံနေကြောင်း ပြောခဲ့ကြတယ်နော်။ အဲဒီအကြောင်းကလေးကိုပဲ နယူးယောက်မြို့မှာ ရှိနေတဲ့ ကျွန်တော့်သူငယ်ချင်း ရှေ့နေကနေတဆင့် တရားရုံးကို တင်လိုက်ရရင် နှစ်ယောက်စလုံး ကွေးနေမှာပဲ "

နို၀ယ်၏စကားကြောင့် စုံထောက်နှစ်ယောက်စလုံး ငိုင်သွားလေသည်။ ခဏကြာတော့မှ အသက်ကြီးသူက သက်ပြင်းတစ်ချက်ချပြီး စကားစသည်။

" ကောင်းပါပြီလေ။ ကျုပ်တို့က သူ့ကို လွန်ခဲ့တဲ့နှစ်ပေါင်း အတော်များများကတည်းက စောင့်ကြည့်နေခဲ့တယ်။ ဒီလိုကြည့်တဲ့အခါမှာ ဘာတွေတွေ့သလဲဆိုတော့ လူသတ်မှု ကြီးကြီးကျယ်ကျယ်ဖြစ်တိုင်း အဲဒီအနားမှာ တင်နီဆန် ရှိရှိနေတတ်တာကို တွေ့ရတယ်။ ဒါပေမယ့် ဒီအကြောင်းတစ်ခုတည်းနဲ့လဲ စွပ်စွဲလို့မရဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ သူက ဂါဒီယန်သတင်းစာတိုက်ရဲ့ သတင်းထောက်မဟုတ်လား။ ဒီတော့ ရာဇဝတ်မှုဖြစ်ပွားတဲ့ နေရာတဝိုက်မှာ သူရှိနေခွင့်ကို ပိတ်ပင်လို့မရဘူး။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက ဆိုပါတော့၊ ဘီရွတ်မြို့မှာ အမေရိကန်တစ်ယောက် အသတ်ခံရတယ်။ အဲဒီအနားမှာ သူရှိနေတယ်။ နောက်သုံးရက်ကြာတော့ ဘရပ်ဆယ်မြို့မှာ ရာဇဝတ်မှုကြီး ဖြစ်ပြန်တယ်။ အဲဒီအနားမှာ သူ ရောက်နေပြန်တယ်။ နောကတစ်ရက်ကြာတော့ တီဟီရန်မှာ လူသတ်မှုဖြစ်တယ်။ အဲဒီမှာလဲ သူရှိနေပြန်တယ်။ ဒါတွေကြောင့် သူဟာ တီနာမောဖြစ်ရမယ်လို့ ကျုပ်တို့က တွက်တာပဲ။ သူဟာ အင်မတန် ထက်မြက်ပြီး သိပ်ကိုဉာဏ်သွားတဲ့ လူတစ်ယောက်လဲဖြစ်တယ် "

" ဒါတွေနဲ့ ဘယ်လိုပတ်သက်မယ် ထင်သလဲ "

" သူ့အဖေအကြောင်း ခင်ဗျားသိသလား။ သူ့အဖေကလဲ စစ်အတွင်းတုန်းက နာဇီခေါင်းဆောင် တစ်ယောက်ပဲလေ။ လူတွေကို အစုလိုက် အပြုံလိုက် သတ်ခဲ့တဲ့လူပေါ့ "

" အဲဒါကရော ခင်ဗျား သေသေချာချာသိလို့ ပြောနေတာလား "

နို၀ယ်က ခပ်သွက်သွက်ပြန်မေးသည်။

" သေသေချာချာသိတယ်တော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမယ့် ကျုပ်တို့ စုံစမ်းလို့ရတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး ကောက်ချက်ဆွဲယူရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တင်နီဆန်ဟာ အင်မတန် ဉာဏ်ထက်မြက်တယ်။ ဘရာဇီးလ်နိုင်ငံမှာ တုန်းက တက္ကသိုလ်က ဘွဲ့နှစ်ခုရတယ်။ သူဘွဲ့နှစ်ခုရတဲ့အချိန်က အသက်ဟာ တခြားကျောင်းသူကျောင်းသားတွေ ဆယ်တန်းအောင်တဲ့ အသက်လောက်ပဲရှိ သေးတယ်။ ဘာသာငါးမျိုးကိုသင်တယ်။ ငါးဘာသာစလုံး မှတ်နေအောင်တတ် တယ်။ စီးပွားရေးလုပ်ငန်းတွေ လုပ်တော့လဲ မတရားအောင်မြင်ခဲ့တာပဲ။ ရလိုက် တဲ့ငွေတွေဆိုတာ မြင်မကောင်းရှုမကောင်းပဲ အဲဒီအချက်တွေကို ကြည့်ရင် အခုလိုသတင်းစာတစ်စောင်မှာ သာမန်သတင်းထောက်ကလေးအဖြစ်နဲ့ ဘာကြောင့် လာလုပ်နေတာလဲဆိုတာ နားမလည်နိုင်စရာဖြစ်လာတယ်။ ဒါလောက် အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဘာကြောင့် စွန့်လွှတ် ခဲ့တာလဲ ”

“ လူတွေဟာ ပြောင်းလဲနေကြတာပဲ။ ဝါသနာတွေ ပြောင်းလဲနေကြ တယ်။ ဒါဟာ သူတို့ကျင်လည်ရတဲ့ ပတ်ဝန်းကျင်အပေါ်မှာ မူတည်တာပေါ့”

နိုဝယ်က ဝင်ပြောသည်။ အသက်ကြီးသော စုံထောက်က ဘာမှတ် ချက်မှ ပြန်မပေးပဲ သူ့စကားကိုသူ ဆက်ပြန်သည်။

“ သူအလုပ်ရတဲ့ ပတ်ဝန်းကျင်အခြေအနေကလဲ စဉ်းစားစရာဖြစ်နေ တယ်။ ဂါဒီယန်သတင်းစာတိုက်မှာ သူဘယ်လိုလုပ်ပြီး အလုပ်ရတယ်ဆိုတာ ဂါဒီယန်သတင်းစာတိုက်ကလူတွေ တစ်ယောက်မှ မသိကြဘူး။ တစ်နေ့ကျ တော့ လစာ စာရင်းထဲမှာ သူ့နာမည်ပါလာတာကို တွေ့ကြရတယ်။ စာရင်းထဲ ပါပြီး နောက်တစ်ပါတ်လဲကျရော သူရေးတဲ့ ရာဇဝတ်မှုကြီး ပြူးကနဲပါလာတော့ တာပဲ။ အဲဒီမတိုင်မီအထိ သူ့နာမည်ကို ဘယ်သူမှ ကြားဖူးခဲ့ကြတာမဟုတ်ဘူး”

“ တစ်ယောက်ယောက်က သူ့ကိုခန့်ခဲ့တာ ဖြစ်မှာပေါ့ ” ဟု နိုဝယ်က စကားဝင်ထောက်သည်။

“ ဟုတ်တယ်။ တစ်ယောက်ယောက်က ခန့်ခဲ့တာပဲ။ သူကို လူတွေ့ စစ်ဆေးပြီး အလုပ်ခန့်ခဲ့တဲ့လူဟာ ဘာမှမကြာဘူး၊ မြေအောက်ရထားမှောက်ပြီး တခြားခရီးသည် ငါးယောက်နဲ့အတူတူ သေသွားတယ် ”

“ အင်း . . . လန်ဒန်မှာ မြေအောက်ရထားမှောက်တာ. . . သတင်းစာ ထဲမှာ ကျွန်တော် ဖတ်လိုက်ရဖူးတယ် ”

“ စက်ခေါင်းမောင်းသူရဲ့ အမှားကြောင့် မှောက်တာလို့ဆိုတယ်။ ဒီအကြောင်းပြချက်က သိပ်တော့ယုံလောက်စရာမကောင်းဘူး။ စက်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းသူက လုပ်သက်ရင့်ပြီးသားသူ၊ ဆယ့်ရှစ်နှစ်လုပ်သက်ရှိတယ်။ တကယ်ကတော့ ဘာမှမဟုတ်ဘူး။ လူသတ်မှုပဲ။ တီနာမောရဲ့လက်ချက်ပဲ ” ဟု လူငယ်က ဝင်ပြောသည်။

“ မှားတာဟာ မှားတာပဲပေ့ါဗျ။ လူသတ်မှုလို့စွပ်စွဲလို့ ဘယ်ဖြစ်မလဲ။ နောက် တိုက်ဆိုင်မှုတွေကရော . . . ”

“ ဘီရွတ်မြို့မှာဖြစ်တာ ပြောခဲ့ပြီးပြီနော်။ ပါရီမှာလဲ ဒီအတိုင်းပဲ။ ပြင်သစ် အလုပ်သမားဝန်ကြီးရဲ့ကား ဗုံးခွဲခံရတယ်။ အဲဒီအနားမှာ သူရောက်နေတယ်။ နောက်တစ်ရက်ကျတော့ ဖရင့်ဖွတ်မြို့ကို သူရောက်သွားတယ်။ သူရောက်ပြီး မကြာခင်မှာပဲ လူသတ်မှုဖြစ်ပြန်တယ်။ နောက်တစ်နေ့ကျတော့ မက်ဒရစ်မြို့ကို ရောက်သွားပြန်တယ်။ မက်ဒရစ်မြို့မှာ ဆန္ဒပြပွဲတွေဖြစ်နေတယ်။ အဲဒီမှာတစ်ခါ အစိုးရအရာရှိတစ်ယောက်ကို အိမ်ခေါင်းမိုးပေါ်ကနေ သေနတ်နဲ့ပစ်ခတ်လုပ်ကြံမှုဖြစ်တယ်။ အဲဒီလိုဖြစ်ပြီး နာရီပိုင်းအတွင်းမှာပဲ လစ္စဘွန်းမြို့ကို သူရောက်သွားပြန်တယ်။ သူရောက်ပြီး မကြာဘူး။ ဟိုမှာ လူသတ်မှုတစ်ခုဖြစ်ပြန်တယ်။ အဲဒါမျိုးတွေ မရေတွက်နိုင်တော့ဘူး ”

“ သူ့ကို ခေါ်စစ်ကြည့်ဖူးလား ”

“ နှစ်ကြိမ်ခေါ်စစ်ဖူးတယ်။ စစ်တယ်ဆိုတဲ့ သဘောမျိုးတော့ မဟုတ်ဘူးပေ့ါဗျာ။ ရာဇဝတ်မှုဖြစ်တဲ့ နေရာတွေမှာ သူကအမြဲတမ်းရှိရှိနေတတ်တော့ အမှုနဲ့ပတ်သက်ပြီး သူ့ထင်မြင်ချက်တောင်းတဲ့ သဘောမျိုးပေ့ါ။ မငြိမ်မသက်ဖြစ်နေတဲ့နေရာတွေကို တမင်ရွေးပြီး သူသွားလေ့ရှိတယ်တဲ့။ ဒီလိုသွားရတဲ့ အကြောင်းရင်းကလဲ တကယ်လို့ သတင်းတစ်ခုခုဖြစ်လာပြီဆိုရင် အသင့်ထောက်လှမ်းနိုင်အောင် သွားနေတဲ့သဘောပဲတဲ့။ နောက်ပြီးတော့ ရာဇဝတ်မှုကြီးကြီးမားမားတစ်ခုခု ဖြစ်တော့မယ်ဆိုတာ သူ ကြိုသိနေသလိုပဲတဲ့။ ဘယ်နေရာမှာ ဖြစ်မယ်ဆိုတာအထိ သူ သိနေသလိုပဲတဲ့ ”

“ အင်း . . . ခင်ဗျားတို့ပြောတဲ့အချက်တွေကလဲ စဉ်းစားစရာပဲ။ သူ အခုဘယ်ရောက်နေသလဲ ”

“ ဘာရိန်းမြို့ကနေ ပျောက်သွားတာ လေးရက်လောက်ရှိနေပြီ။ ကျုပ်တို့ အဖွဲ့ဝင်တွေကလဲ စက်ာပူနိုင်ငံကနေ အေသင်မြို့အထိ သူ့ကို အလစ်မပေးပဲ စောင့်ကြည့်နေကြတာ။ အဲဒီကြားထဲကနေ ဘယ်ပျောက်သွားပြန်တယ်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး ”

\+ + +

ထောက်လှမ်းရေးအရာရှိနှစ်ယောက်သည် လူသူကင်းမဲ့သော ခတ်လှေကားအတွင်းသို့ ဝင်သွားကြသည်။

အသက်ငယ်သော အရာရှိက အသက်ကြီးကြီးအရာရှိဘက်သို့ လှည့်ကြည့်သည်။

“ သူ့ကို ဘယ်လိုသဘောရသလဲ ”

“ ငါလဲ မပြောတတ်တော့ဘူး။ သူ စဉ်းစားနိုင်လောက်အောင်တော့ အချက်အလက်တွေ အများကြီး တို့ ပေးခဲ့တာပဲ မဟုတ်လား။ တကယ်ကတော့ ဒီလုပ်ငန်းတွေမှာ သူဘာပညာမှ မတတ်သေးဘူးကွ။ ပညာသင်အဆင့်လောက်ပဲ ရှိသေးတယ်။ အပျော်ထမ်းသမားအဆင့်တောင် မဟုတ်သေးဘူး။ တစ်ယောက်ယောက်က တီနာမောနဲ့ ဆက်သွယ်ခိုင်းတယ် ဆိုရင်တော့ ဒီလို ပညာမရှိတဲ့လူမျိုးကို တီနာမောက လက်ခံမှာ မဟုတ်ဘူး ”

“ ကျွန်တော်ကတော့ သူ လိမ်ပြောနေတယ်လို့ပဲ ထင်တယ် ”

“ ဒါလဲ ဖြစ်နိုင်တာပါပဲ ”

“ ဖြစ်နိုင်တယ်ဆိုရင် တစ်ယောက်ယောက်က သူ့ကို အသုံးချနေပြီ ဆိုရမှာပေါ့ ”

“ ဒီလိုဆိုနိုင်တာပဲ။ ဒါပေမယ့် ဘာအတွက်သူ့ကို အသုံးချနေတာလဲ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၁ )

ကားငှားသည့်ကုမ္ပဏီမှ ပြောသည့်စကားအရ လန်ဒန်မှနေ၍ ပို့စ်မောက်သို့ မိုင်ခုနစ်ဆယ်သာ ဝေးသည်ဟုဆိုသည်။ လမ်းညွှန်ဆိုင်းဘုတ်များလည်း နေရာတိုင်းတွင်ရှိနေရာ လမ်းမမှားနိုင်သည်ဟု ပြောလိုက်သည်။

သူတို့ညွှန်လိုက်သည့်အတိုင်း နိုဝယ်က ပို့စ်မောက်သို့ ကားမောင်းလာခဲ့သည်။ ညကိုးနာရီမထိုးမီ ဂရက်ချန်ဗျူးမောင့်၏ အိမ်သို့ ရောက်မှဖြစ်မည်။

ပထမပိုင်းကမူ နောက်တစ်နေ့မနက်ကျမှ ဖုန်းဆက်ဖို့ စိတ်ကူးခဲ့သည်။ သို့သော်လည်း စစ်ထောက်လှမ်းရေးအမှတ် ၅ မှ အရာရှိနှစ်ယောက် ပြန်သွားပြီးသည့်တွင် သိချင်စိတ်များကို မထိန်းနိုင်တော့ပဲ သူလှမ်းဆက်သည်။

ဂရက်ချန်နှင့် တည့်တည့်တိုးသည်။ အသံက ဂျာမန်နှင့် ပေါ်တူဂီသံဝဲသည်။ မြေထဲပင်လယ်တွင် ရှိနေသော သူ့ယောက်ျား ဒုဗိုလ်မှူးကြီး ဗျူးမောင့်နှင့်အတူ အနားယူရန် မနက်ဖြန်လိုက်သွားဖို့ စီစဉ်ထားပြီးပြီဟုဆိုသည်။ ထို့ကြောင့် တွေ့လိုသပဆိုလျှင် ယနေ့ညလာပါဟု ဂရက်ချန်ကပြောသဖြင့် ချက်ချင်း ကားငှားပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။

ဂွန်တင်နီဆန် အကြောင်းများကို ကြားရသောကြောင့် နိုဝယ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး တုန်လှုပ်ချောက်ချားနေသည်။ သူတို့ပြောသည့်အတိုင်းသာ လူသတ်သမားဖြစ်နေပါက ဂျီနီဗာ အစီအစဉ်အရ တင်နီဆန်ကို အသုံးပြုတော့မည် မဟုတ်ပေ။

ထိုသို့ အသုံးမပြုနိုင်လျှင် ဝံပုလွေများ၏ ဆန္ဒအတိုင်း အကောင်အထည် ဖော်နိုင်တော့မည်မဟုတ်။ ဘဏ်တိုက်ထဲမှာရှိနေသော ဒေါ်လာသန်းပေါင်း ၇၈၀ ကို ထုတ်ယူနိုင်တော့မည်မဟုတ်။ သူတို့ အစီအစဉ်ကြီးတစ်ခုလုံး ပျက်စီးရတော့မည်။ နောက် မျိုးဆက်တစ်ခုကို စောင့်ကြရဦးမည်။

သို့သော် ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်၏ သားသမီးများတွင် ဂွန်တင်နီဆန်သည် အကြီးဆုံးမဟုတ်။ ဂရက်ချန်ကသာလျှင် အကြီးဆုံးဖြစ်သည်။ ထို့ကြောင့် ဂရက်ချန်နှင့်သာ အလုပ်ဆက်လုပ်ရတော့မည်ဟု တွေးမိသောအခါကျမှ သူအထိုက်အလျှောက် စိတ်သက်သာရာရခဲ့သည်။

ဂရက်ချန်က သေသေချာချာ သဘောပေါက်နားလည်ပြီး အလွယ်တကူ လက်ခံပါစေဟု၍သာ ဆုတောင်းရတော့သည်။

ဂရက်ချန် ပြောပြသည့်အတိုင်း ကားမောင်းလာခဲ့ရာ သူတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ခဲ့လေသည်။

နိုဝယ်က ခြံဝင်းတံခါးကို ဆင်းဖွင့်ပြီး လူချည်းဝင်သွားသည်။ တံခါးတွင် ခေါင်းလောင်းမရှိပါ။ ကြေးပြားနှင့် ကြေးဗုတပ်ထားသည်။ ထိုဗုကို ထုလိုက်သည်။

အိမ်က သပ်သပ်ရပ်ရပ်ရှိသည်။ တန်ဖိုးအကြီးစားထဲကတော့ မဟုတ်။ သည်လိုအိမ်မျိုး သူပုံစံထုတ်ဖူးသည်ကို သတိရမိသည်။ အန်ထော်ဗျူးမောင့် တို့လို အစိုးရလခစားများအတွက်တော့ သည်လိုအိမ်မျိုးနှင့်ပင် သင့်လျော်ပါသည်ဟု တွေးနေမိသည်။

ထိုအခိုက် အိမ်တံခါးပွင့်သွားသည်။ တံခါးလာဖွင့်ပေးသူမှာ ဂရက်ချန် ကိုယ်တိုင် ဖြစ်နေသည်ကို တွေ့ရသည်။

ဂရက်ချန်ကို တွေ့ရသည်နှင့်တပြိုင်တည်း နိုဝယ်၏ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်သွားမိလေသည်။

တယ်လီဖုန်းနှင့်စကားပြောရတုန်းက အသံဝဲသည်ကို သတိထားခဲ့မိသည်။ အသက်လေးဆယ်ကျော်ပြီဆိုတော့ သူလိုင်ါလို ရုပ်မျိုး၊ သို့တည်းမဟုတ် ရွက်ကြမ်းရေကျိုရုပ်မျိုးသာ ဖြစ်မည်ဟု ထင်ထားခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကား အထင်နှင့်အမြင်မှာ ပါစဉ်အောင် လွဲလေတော့သည်။

ဂရက်ချန်သည် အရပ်မနိမ့်မမြင့်ဖြစ်သည်။ ရွှေရောင်ဆံပင်များက ရှည်လျားလှသည်။ အသက်လေးဆယ်ကျော်ပြီဖြစ်သော်လည်း အိုမင်းခြင်းက သူ့အလှကို နည်းနည်းကလေးမှ မဖုံးလွှမ်းနိုင်သေးပါ။ နည်းနည်းကလေးမှ တို့ထိခြင်း မပြုနိုင်သေးပါ။

ပန်းပုဆရာတစ်ယောက်က သူ၏ယမင်းရုပ်ကို အလှဆုံးဖြစ်အောင် ယုယမြတ်နိုးစွာ ထုလုပ်ထားသည့် ပုံစံမျိုးဖြစ်နေသည်။ ကိုယ်လုံးကိုယ်ပေါက် အနေနှင့်လည်း ဘာအပြစ်မှ ပြောစရာမရှိပါ။

ခြောက်ပြစ်ကင်း သဲလဲစင်ဆိုသည့် အလှမျိုးဖြစ်ပါသည်။

နိုဝယ်က ရုတ်တရက် စကားမပြောနိုင်ပဲ ထိုအလှကို ရင်သက်ရှုမော စွာ ငေးကြည့်နေမိသည်။

သူ့ကိုယ်ပေါ်မှာ ထွင်းဖောက်မြင်နိုင်သော အလွန်ပါးလွှာသည့် အဝတ်ကို ဝတ်ဆင်ထားသည်။ ထို့ကြောင့် သူ့အလှက ပိုမိုပေါ်လွင်နေခြင်း ဖြစ်သည်။

" မစ္စတာဟိုးလ်ခရော့ဖ်တ် မဟုတ်လား "

ဂရက်ချန်က မေးသည်။ တယ်လီဖုန်းထဲမှာ ကြားခဲ့ရသည့် အသံ အတိုင်းဖြစ်သည်။

" မှန်ပါတယ် မစ္စဗျူးမောင့် . . . ကျွန်တော့်ကို အခုလို လက်ခံတွေ့ ဆုံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ အနှောင့်အယှက်ပေးသလို ဖြစ်နေတဲ့ အတွက်တော့ တောင်းပန်ပါတယ် "

" ကျေးဇူးပြုပြီး အိမ်ထဲကို ကြွပါနော် "

ဂရက်ချန်၏ ဦးဆောင်ရာနောက်သို့ ဝင်လိုက်ခဲ့သည်။

သူ့ရှေ့မှာ သွားနေသော ဂရက်ချန်ကို ကြည့်ပြီး ဂရက်ချန်သည် လမ်းလျှောက်နေခြင်းမဟုတ်။ လေဟုန်စီးနေခြင်းဖြစ်သည်ဟု တွေးနေမိသည်။ သူလမ်းလျှောက်ပုံကိုက တပ်မက်ဖွယ်ရာ ကောင်းနေလေသည်။

ဧည့်ခန်းမှာ မျက်နှာချင်းဆိုင် ထိုင်ကြသည်။ ဂရက်ချန်က နိုဝယ်နှင့် အလွန်နီးသည့် ကုလားထိုင်မှာ ဝင်ထိုင်သည်။ သူ့အကြည့်က အေးတိအေးစက် နိုင်လှသည်ကိုတော့ နိုဝယ် သတိပြုမိသည်။

" ခရီးအဝေးကြီးက လာရတာပေ့ါနော်။ သက်သာသလိုနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာများ သုံးဆောင်လိုပါသလဲရှင် ”

“ လွယ်ရာပဲပေါ့ ခင်ဗျာ ”

“ မဟုတ်ပါဘူးရှင် . . . အာသီသရှိရာကို အမိန့်ရှိစေလိုပါတယ်”

ထိုသို့ပြောရင်း ဂရက်ချန်က နိုဝယ်၏မျက်လုံးများကို တည့်တည့်ကြီး စိုက်ကြည့်နေသည်။ နိုဝယ်မှာ တကိုယ်လုံးရှိ သွေးများ အသွားအလာရပ်ဆိုင်း ကုန်ပြီလားဟု ထင်မှတ်လိုက်မိလေသည်။

“ လွယ်မယ်ဆိုရင် စကော့ချ်ပဲ သောက်ပါရစေ ”

“ အင်္ဂလန်မှာတော့ ဝီစကီလို့ပဲ ခေါ်ပါတယ်။ ခဏထိုင်ပါနော် ”

ဂရက်ချန်က နံရံဆီသို့ လျှောက်သွားပြီး အရက်စပ်နေသည်။ နိုဝယ်က မျက်တောင်မခတ် လှမ်းကြည့်နေသည်။

အရက်ခွက်ကိုင်ပြီး ပြန်လျှောက်လာသည်။ လျှောက်လာခြင်းမဟုတ် ပါ။ လေဟုန်စီးလာခြင်းသာ ဖြစ်ပါသည်။

အရက်ခွက်လှမ်းပေးသည်။ နိုဝယ်နှင့် လက်ချင်းထိသွားရာ နိုဝယ်က ဓာတ်လိုက်သလားဟု ထင်မိသည်။ ဂရက်ချန်ကမူ သူ့လက်ကို ပြန်လည်ရုပ် သိမ်းခြင်းမပြုပဲ နိုဝယ်၏လက်ကိုပင် မသိမသာ ဖိလိုက်သေးသည်။

နိုဝယ်နှင့် အလွန်နီးသည့် သားရေဖုံး ကုလားထိုင်မှာ ဝင်ထိုင်သည်။

“ ကျွန်တော်နဲ့အတူတူ မသောက်တော့ဘူးလား ”

“ ကျွန်မ အရက် မသောက်တတ်ပါဘူးရှင် ”

“ ဒီအတိုင်းဆိုရင် ကျွန်တော့်ကိုပါ မသောက်စေချင်ဘူး ထင်ပါရဲ့”

“ အို . . . ဒီလိုမဟုတ်ပါဘူး။ ကျွန်မက ရေတပ်အရာရှိကတော် တစ်ယောက်ပေပဲ။ ကျွန်မတို့ အသိုင်းအဝိုင်းမှာ ဒါမျိုးတွေနဲ့ကင်းလို့ မဖြစ်ပါ ဘူး။ ဒ့ါကြောင့် အားလုံးနဲ့ လိုက်လျောညီထွေဖြစ်အောင် နေတတ်ထိုင်တတ်ဖို့ လိုပါတယ်။ ကျွန်မကိုယ်တိုင်ကတော့ အရက်တင်မဟုတ်ဘူး။ ဆေးလိပ်လဲ လုံးလုံး မသောက်တတ်ပါဘူး ”

နိုဝယ်က အရက်ခွက်ကိုကျော်ပြီး ဂရက်ချန်ကို ကြည့်နေသည်။

“ ခင်ဗျား ယောကျ်ားရဲ့ လက်ထောက်တစ်ယောက် ရှိနေမယ်ဆို့ . . ကျွန်တော်တို့ လွတ်လွတ်လပ်လပ်မှ စကားပြောနိုင်ပ့ါမလား ”

“ မရှိပါဘူးရှင် . . . မလာဖြစ်တော့ပါဘူး။ တစ်အိမ်လုံးမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်းပဲ ရှိပါတယ်။ ပြောချင်တာကို လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်ပါတယ် ”

နိုဝယ်က နားမလည်သလို ပြန်ငေးကြည့်နေမိပြန်သည်။ ဖုန်းထဲမှာ စကားပြောတုန်းကတော့ သူ့ယောက်ျား၏လက်ထောက်တစ်ယောက်က သူ့ အဖော်အဖြစ် လာစောင့်နေမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မနက်ဖြန် ခရီးထွက် တော့မည့်မို့ ယခုညပင် အရောက်လာခဲ့ပါဟု ဆိုသည်။

ယခု သူတစ်ယောက်တည်း ရှိနေသည်တဲ့။

“ မစ္စဗျူးမောင့် . . . သာမန်အားဖြင့် ဆိုရင်တော့ ကျွန်တော်ဟာ ဒီနေရာမှာထိုင်ပြီး အရက်သောက်ရင်း ခင်ဗျားနဲ့ အေးအေးဆေးဆေး စကား ထိုင်ပြောနေဖို့ အင်မတန်ကောင်းမယ် ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ သိပ်ကိုအရေးကြီးတဲ့ကိစ္စပါလာတော့ ကိစ္စကိုပဲ အလျင်ပြောပါရစေတော့။ ခင်ဗျားအတွက် အင်မတန်ကို ထူးခြားတဲ့ သတင်းတစ်ခု ပါလာပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးနဲ့လဲ သက်ဆိုင်နေတဲ့ သတင်းပါ ”

ဂရက်ချန်၏ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

“ ကျွန်မတို့ နှစ်ယောက်စလုံး . . . ဘယ်လိုသဘောမျိုးပါလဲ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ရှင့်ကိုဘယ်တုန်းကမှ မြင်ခဲ့ဖူးတာမဟုတ်ဘူး။ လုံးလုံး လဲ မသိခဲ့ဘူး။ ဒါကြောင့် ရှင်ယူလာတဲ့ သတင်းဟာ ကျွန်မတို့နှစ်ယောက်နဲ့ ဘယ်လိုလုပ် သက်ဆိုင်နိုင်ပါသလဲ ”

“ ကျွန်တော်တို့နှစ်ယောက် အချင်းချင်း မသိပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကျွန်တော်တို့နှစ်ယောက်ရဲ့ အဖေတွေဟာ ရင်းနှီး ကျွမ်းဝင်ခဲ့ကြပါတယ် ”

‘အဖေ’ဟူသော စကားကိုကြားလိုက်ရသောအခါ ဂရက်ချန်၏ ကိုယ် လုံး ရုတ်တရက် တောင့်ကနဲဖြစ်သွားသည်ကို နိုဝယ် သတိပြုလိုက်မိလေသည်။

“ ကျွန်မမှာ အဖေမရှိပါဘူး ”

“ ခင်ဗျားမှာရှိပါတယ်။ ခင်ဗျားလိုပဲ ကျွန်တော့်မှာလဲ အဖေရှိခဲ့ပါ တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်တုန်းက ဂျာမနီနိုင်ငံထဲမှာ ရှိခဲ့တယ် လေ။ ခင်ဗျား နာမည်က ဗွန်တိုင်းဘို့လ်တ် . . . ခင်ဗျားဟာ ဝေလ်ဟမ်းဗွန်တိုင်း ဘို့လ်တ်ရဲ့ သမီးအကြီးပါပဲ ”

ဂရက်ချန်က သက်ပြင်းတစ်ခုကို လေးလေးပင်ပင် ချလိုက်ပြီး နိုဝယ် နှင့် မျက်နှာလွှဲကာ အဝေးသို့ ငေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ရှင်ပြောမယ့် စကားတွေကို ဒီထက်ပိုပြီး ကျွန်မ နားမထောင်ချင်တော့ပါဘူး "

" ခင်ဗျား ဘယ်လိုခံစားရတယ်ဆိုတာ ကျွန်တော်သိပါတယ် မစ္စဗျူးမောင့် . . ကျွန်တော်ကိုယ်တိုင်လဲ ဒီအတိုင်းပဲခံစားခဲ့ရဖူးပါတယ်။ ဒါပေမယ့် ခင်ဗျားမှားတယ်။ ကျွန်တော်လဲ မှားခဲ့တယ် "

" မှားတယ် . . . "

ဂရက်ချန်က ပြန်မေးရင်း မျက်နှာပေါ်သို့ ဝဲကျလာသည့်ရွှေရောင်ဆံပင်များကို နောက်ဘက်သို့ ခေါင်းငဲ့ပြီး တိမ်းဖယ်လိုက်သည်။ ထိုအမူအရာကလေးကလည်း တပ်မက်ဖွယ်ရာ ကောင်းလှပါသည်။

" ရှင်ပြောလိုက်တဲ့ စကားကြီးက တဲ့တိုးကြီးမကျလွန်းဘူးလား။ ဒါမှမဟုတ်ရင်လဲ ကျွန်မတို့ နေထိုင်ရုန်းကန်ခဲ့ရသလို ရှင်မနေခဲ့ မရုန်းကန်ခဲ့ရလို့လဲ ဖြစ်နိုင်ပါတယ်။ ကျွန်မ မှားတယ်လို့ ကျေးဇူးပြုပြီး မပြောပါနဲ့ရှင်။ ရှင့်အနေနဲ့ ဒီလိုပြောဖို့အကြောင်း မရှိပါဘူး။ နည်းလမ်းလဲ မကျပါဘူး "

" ကျွန်တော် သိခဲ့ရတာတွေကိုတော့ ပြောပြခွင့်ပြုပါဦး။ ကျွန်တော်ပြောပြီးသွားရင် ခင်ဗျားကြိုက်သလို ဆုံးဖြတ်ပါ။ ဒီအကြောင်းတွေကို ခင်ဗျားသိဖို့ သိပ်ကို အရေးကြီးနေပါတယ်။ နောက်ပြီးတော့ ခင်ဗျားရဲ့ အထောက်အကူပြုမှုကလဲ သိပ်ကို အရေးကြီးနေပါတယ် "

" ဘာကို အထောက်အကူပြုရမှာလဲ. . . ဘာကို သိရမှာလဲ "

နိုဝယ်က မနေတတ်မထိုင်တတ်သလို နေရာပြင်ထိုင်သည်။ မည်သည့်နေရာမှ စပြောရမည်ကို စဉ်းစားသည်။ အရေးအကြီးဆုံးအချက်မှ စတင်ပြောလျှင် အကောင်းဆုံးဖြစ်မည်ဟု စဉ်းစားမိသည်။

ဂရက်ချန်သည် သာမန်အမျိုးသမီးတစ်ယောက် မဟုတ်ပါ။ သူရုန်းကန်ခဲ့ရသည့်ဘဝက ကြမ်းတမ်းလှသည်။ ထို့ကြောင့် သူပြောပြသည့်အကြောင်းများကို ယုံကြည်အောင် ကြိုးစားရှင်းပြနိုင်ဖို့ အရေးကြီးသည်။

" လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ဂျီနီဗာကို ကျွန်တော်သွားခဲ့တယ်။ အကြောင်းကတော့ ဂျီနီဗာအာမခံ ဘဏ်တိုက်ကြီးရဲ့ ဒါရိုက်တာ မင်ဖရက်ဒီနဲ့ တွေ့ဖို့ပါပဲ "

နိုဝယ်က 'ဝံပုလွေများ' အကြောင်းကို တစ်လုံးမကျန်ပြောသည်။ ဘဏ်တိုက်မှာရှိနေသော ဒေါ်လာသန်းပေါင်း ၇၈၀ နှင့် သူတို့အဖေများ ရေး



www.burmeseclassic.com

www.burmeseclassic.com



သားခဲ့သည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ၊ ပေးအပ်ခဲ့သည့် တာဝန်များကို တစ်လုံးမကျန် အသေးစိတ်ပြောပြသည်။

မိသားစု သုံးစုမှ အကြီးဆုံး သားသမီးသုံးယောက်က ထိုငွေများကို ထုတ်ယူပြီး စစ်အတွင်းက နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခံခဲ့ရသူတို့၏ မျိုးဆက်များအတွက် လူမှုရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ပေးရမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ခြောက်လတာ ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အတွက် မိမိတို့တစ်မိသားစုလျှင် ဒေါ်လာနှစ်သန်းစီရရှိကြမည် ဖြစ်ကြောင်းများ ရှင်းပြသည်။

စကားဆုံးသွားသောအခါ နိုဝယ်၏မျက်နှာပေါ်မှာ ချွေးများ ရွှဲနေတော့သည်။ နဖူးပေါ်မှ ချွေးသီးချွေးပေါက်ကြီးများကလည်း တရဟောစီးကျနေသည်။ လူမောသည်ထက် စိတ်မောသွားသောကြောင့် ဖြစ်ပါသည်။

“ ဇာတ်လမ်းကတော့ အဲဒါပဲ။ ကက်စလာရဲ့ သားအကြီးက ဘာလင်မှာရှိနေတယ်။ ကျွန်တော်တို့အဖေတွေ အစပျိုးခဲ့တဲ့ လုပ်ငန်းကြီးကို ကျွန်တော်တို့ သုံးယောက်က လက်စသတ်ပြီး စခန်းသိမ်းပေးဖို့ပါပဲ။ သဘောပေါက်ပါတယ်နော်။ သုံးယောက်ဆိုတာက ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်ရဲ့ သမီးအကြီးဆုံးဖြစ်တဲ့ ခင်ဗျားရယ်. . ကက်စလာရဲ့ သားအကြီးဆုံးဖြစ်တဲ့ ဘာလင်မြို့ကအားရစ်ကက်စလာရယ်. . ဟိန်းနရစ်ကလော်ဆင်ရဲ့သားဖြစ်တဲ့ ကျွန်တော်ရယ်ပါပဲ ”

“ ရှင်ပြောပြတာတွေဟာ မယုံကြည်နိုင်စရာသိပ်ကောင်းနေပြီ။ သိပ်ကို အံ့သြစရာကောင်းနေပြီ။ ဒါပေမယ့် ကျွန်မနဲ့ ဘယ်လို ပတ်သက်နေတယ်ဆိုတာ အခုထက်ထိ သဘောမပေါက်သေးဘူး ”

ဂရက်ချန်၏ တည်ငြိမ်မှုကို မြင်တွေ့ရသောအခါ နိုဝယ်ကလည်း အံ့အားသင့်နေမိလေသည်။ နိုဝယ်က နာရီဝက်နီးပါး တောက်လျှောက် ရှင်းပြသည်။ ဂရက်ချန်က ငြိမ်သက်စွာ ထိုင်နားထောင်သည်။ သူ့မျက်နှာပေါ်တွင် မည်သို့မှ ပြောင်းလဲမသွားပဲ တည်ငြိမ်မှုရှိနေသည်ကို တလျှောက်လုံးမြင်ခဲ့ရသည်။ တစ်စုံတစ်ရာ တုံ့ပြန်ခြင်းကိုလည်း မပြုလုပ်ခဲ့။

“ ကျွန်တော် ပြောပြခဲ့တာတွေကို ခင်ဗျား နားမလည်သေးဘူး ထင်တယ် ” ဟု နိုဝယ်က မေးသည်။

“ ရှင် သိပ်ကို စိတ်လှုပ်ရှားနေတယ်ဆိုတာ ကျွန်မ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်။ ဒါပေမယ့် ကျွန်မက ဘဝတလျှောက်လုံး စိတ်လှုပ်ရှားခဲ့ရသူပါ။ ဘဝတလျှောက်လုံး စိတ်လှုပ်ရှားစရာတွေနဲ့ချည်း အမြဲတမ်း ကြုံတွေ့ခဲ့ရသူပါ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ဘာကြောင့် အဲဒီလို ကြမ်းတမ်းတဲ့ဘဝမှာ ကျင်လည်ခဲ့ရသလဲဆိုရင် ကျွန်မဟာ ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ်ရဲ့ သမီးဖြစ်နေလို့ပါပဲ။ ဒါကြောင့် ကျွန်မအဖေဟာ ကျွန်မအဖို့ ဘယ်လိုမှအဓိပ္ပာယ်မရှိတော့ပါဘူး ”

“ ဒါကိုလဲ သူသိခဲ့တယ်လေ။ ကျွန်တော် ပြောပြတာတွေထဲမှာ ပါသွားပြီပဲ။ ခင်ဗျားမှန်းဆလို့ ရနိုင်ပါတယ်။ အဲဒါတွေကို ပြန်ပြင်ဆင်နိုင်ဖို့ သူ ကြိုးစားနေတာပဲ။ သူ့အမှားတွေကိုပြင်ဆင်ဖို့ ကျွန်တော်တို့ကို အကူအညီတောင်းနေတာပဲ ”

“ ပိုက်ဆံနဲ့ ပြင်ဆင်ဖို့လား ”

“ ပိုက်ဆံထက် ပိုတန်ဖိုးကြီးတာတွေနဲ့ ပြင်ဆင်ဖို့ ကြိုးစားနေတာပါ”

ဂရက်ချန်က သူ့ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ နိုဝယ်၏နဖူးပေါ်မှာ သီးနေသော ချွေးများကို သုတ်ပေးသည်။

နိုဝယ်က ရှေ့သို့ကိုယ်ကိုင်းလာသည့် ဂရက်ချန်ကို ကြည့်နေရမည်လော။ မျက်နှာလွှဲထားရမည်လော မဝေခွဲတတ်ပဲ မျက်တောင်မခတ် စိုက်ကြည့်နေမိလေသည်။

ပြီးတော့ သူတို့နှစ်ယောက် မျက်လုံးချင်းဆိုင်ကြည့်နေမိကြပြန်သည်။ မည်သူကမျှ မျက်နှာလွှဲသွားနိုင်စွမ်းမရှိတော့သလို ဖြစ်နေကြသည်။

“ ကျွန်မဟာ ဒုဗိုလ်မှူးကြီးဗျူးမောင့်ရဲ့ ဒုတိယမယားဖြစ်ကြောင်း ရှင်သိသလား ”

အတော်ကလေးကြာတော့မှ ဂရက်ချန်က မေးသည်။

“ သိပါတယ်။ ကျွန်တော် သတင်းကြားခဲ့ပါတယ် ”

“ သူ့ ပထမအိမ်ထောင်နဲ့ ကွာရှင်းပြတ်စဲဖို့ဟာ သိပ်ကိုခက်ခဲနေတယ်။ ကျွန်မဘက်မှာလဲ အကျပ်အတည်းတွေရှိနေတာ မှန်ပါတယ်။ ဒါပေမယ့် သူဘက်ကပိုဆိုးတယ်။ ဆိုးပေမယ့် သူ့အနေနဲ့ ကျော်လွှားလို့ရတယ်။ ကျွန်မကတော့ မကျော်လွှားနိုင်ဘူး။ ဒီဒုက္ခတွေကို ဆက်ခံစားနေရဦးမှာပဲ ”

“ ခင်ဗျားဘာကို ဆိုလိုတာလဲ ”

“ ကျွန်မက အပြင်လူလေ။ နိုင်ငံခြားသူလေ. . သူတို့ အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းထဲကို ကျူးကျော်ဝင်ရောက်လာသူလေ. . နောက်ပြီးတော့ သူတို့ အိမ်ထောင်ရေးပြိုကွဲသွားအောင် ဝင်ရောက်ဖြိုခွဲပစ်လိုက်သူလေ. . သူ့မှာ သူ့အလုပ်နဲ့သူရှိတယ်။ ပင်လယ်ထဲကို သူသွားတယ်။ ကျွန်မက အလုပ်မရှိအကိုင်မရှိနဲ့ တစ်ယောက်တည်းနေရတယ်။ ကျွန်မရဲ့ ပတ်ဝန်းကျင်မဟုတ်တဲ့နေရာမှာနေရတယ်။ အထီးကျန်ဖြစ်နေရတယ် ”

“ အင်း . . . ဒါတွေကို ခင်ဗျား ကြိုတင်သိထားခဲ့မယ်ဆိုရင်. . . ”

နိုဝယ်က စကားကို ရုတ်တရက် ဖြတ်ပစ်လိုက်သည်။ ပြီးတော့ အားတုံ့အားနာ အမူအရာဖြင့် ဂရက်ချန်ကို စိုက်ကြည့်နေသည်။

“ ဒီလိုဆိုရင် ဗျူးမောင့်ကို ဘာကြောင့် လက်ထပ်သလဲလို့ မေးမလို့မဟုတ်လား မစ္စတာဟိုးလ်ခရော့ဖ်တ် ”

နိုဝယ်အနေနှင့် ဘာကိုမှ မေးမနေချင်တော့ပါ။ သူပြောပြသည်များကို ဂရက်ချန် သဘောပေါက်နားလည်စေလိုသည့် ဆန္ဒတစ်ခုသာရှိတော့သည်။

ဂရက်ချန်က နိုဝယ်၏ ကုလားထိုင်ပေါ် သို့ ပြောင်းထိုင်သည်။ နိုဝယ်၏ မျက်နှာပေါ်မှ ချွေးများကို သုတ်ပေးပြန်သည်။ နိုဝယ်မှာ အသက်ရှူရပ်တော့မလို ဖြစ်နေသည်။

“ ကဲလေ. . . မေးပါဦး။ ဗျူးမောင့်ကို ကျွန်မဘာကြောင့် ယူလိုက်သလဲဆိုတဲ့မေးခွန်း မေးပါဦး ”

“ သူ့ကို ခင်ဗျား ချစ်တယ်မဟုတ်လား ”

“ မုန်းတယ် ”

ဂရက်ချန်၏လက်သည် နိုဝယ်၏မျက်နှာပေါ်မှာပင် ရှိနေသေးသည်။ နိုဝယ်ကတော့ အတတ်နိုင်ဆုံး ငြိမ်ငြိမ်ကလေး နေနေသည်။

ပြီးတော့မှ သူက မေးခွန်းထုတ်ရလေတော့သည်။

“ ဒီလိုဆိုရင် ဘာကြောင့် သူ့ကို ခင်ဗျား ယူသလဲ. . . ဘာကြောင့် သူနဲ့ အတူတူနေသလဲ ”

“ စောစောက ပြောခဲ့ပါပြီကော. . . သူ့မှာ သူ့အလုပ်နဲ့သူရှိတယ်။ နောက်ပြီးတော့ ငွေကြေးအထိုက်အလျှောက်ရှိတယ်။ အစိုးရအဖွဲ့ရဲ့ ယုံကြည်ခြင်းကိုခံရတယ်။ သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစားခြင်းကိုခံရတယ်။ အိမ်မှာ တန်ဖိုးမရှိသလောက်. . စိတ်ကုန်စရာ ကောင်းသလောက် သူ့အလုပ်ထဲမှာတော့ သူဟာ သိပ်ကို တန်ဖိုးကြီးတဲ့လူဖြစ်တယ်။ အိမ်အပြင်မှာ သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ္ဝင္စားစရာ ေကာင္းတဲ့လူ ျဖစ္တယ္။ ဒါေၾကာင့္ သူနဲ႔အတူတူေနရတဲ့ အတြက္ ကၽြန္မမွာ လုံၿခဳံမႈရွိတယ္ ”

ထိုစကားကို ၾကားရေတာ့မွပင္ နိုဝယ္မွာ အထိုက္အေလ်ာက္ အသက္ရႉေခ်ာင္သြားရေတာ့သည္။

“ ဂ်ဴနီဗာ အစီအစဥ္ကို အေကာင္အထည္ေဖာ္ေပးနိုင္မယ္ဆိုရင္ ကၽြန္ေတာ္တို႔အားလုံး ေဒၚလာႏွစ္သန္းစီ အညီအမွ်ရၾကမွာပဲ။ အဲဒီေငြနဲ႔ ခင္ဗ်ားရဲ႕ဘဝ လုံၿခဳံေအာင္ တည္ေဆာက္နိုင္ၿပီပဲ ”

“ ဒါလဲေျပာရခက္တယ္ရွင့္ . ကၽြန္မဘဝတေလွ်ာက္လုံးဟာ ေၾကြကြဲ ဝမ္းနည္းစရာေတြနဲ႔ခ်ည္း ႀကဳံေတြ႕ခဲ့ရတာပါ။ ကၽြန္မအေပၚက်ေတာ့ ၾကင္နာ ယုယမယ့္သူ မရွိဘူး။ ကၽြန္မကို တူညီတဲ့ ေမတၱာေပးေဝသူမရွိဘူး။ ဘဝလုံၿခဳံ မႈကို ရွာလို႔မရဘူး ”

ဂရက္ခ်ၼက နိုဝယ္၏ ပါးျပင္ကို ကိုင္ၾကည့္ျပန္သည္။

နိုဝယ္ကလည္း ေနာက္သို႔တြန္႔သြားေတာ့မလို ျဖစ္သြားျပန္သည္။

“ ကၽြန္ေတာ္ေျပာတာေတြကို ခင္ဗ်ားသေဘာမေပါက္ေသးဘူးထင္ တယ္။ ကၽြန္ေတာ္တို႔အေဖေတြရဲ႕ အိပ္မက္ကို အေကာင္အထည္ေပၚေအာင္ ကၽြန္ေတာ္တို႔ ေဖာ္ေပးနိုင္ၾကမယ္ဆိုရင္ ခင္ဗ်ားအတြက္ ဘာပူစရာလိုေတာ့ လို႔လဲ။ ခင္ဗ်ားတည္ေဆာက္ခ်င္တဲ့ဘဝကို စိတ္တိုင္းက် တည္ေဆာက္နိုင္ၿပီပဲ”

ဂရက္ခ်ၼက ေနရာျပင္ထိုင္သည္။ ၿပီးေတာ့ နိုဝယ္၏မ်က္လုံးအစုံကို တည့္တည့္စိုက္ၾကည့္သည္။

“ ဒါေပမယ့္ ေနာက္ဆုံးက်ေတာ့ ဒီဘဝမ်ိဳးကိုပဲ ကၽြန္မျပန္ေရာက္ရ ဦးမွာပါ။ ရွင္သေဘာေပါက္ေအာင္ ကၽြန္မရွင္းျပပါ့မယ္။ ကၽြန္မ ကေလးအရြယ္ ကတည္းက ဘာလင္ၿမိဳ႕ကို ေက်ာခိုင္းထြက္လာခဲ့ရတယ္။ အဲဒီအခ်ိန္ကစၿပီး ကၽြန္မတို႔ တေျပးတည္း ေျပးေနခဲ့ၾကရတယ္။ ဘရာဇီးလ္နိုင္ငံကို ေရာက္ေတာ့ မွ နားခိုစရာ ေလာကကေလးတစ္ခုကို ကၽြန္မအေမနဲ႔ ကၽြန္မေမာင္က ေတြ႕ ၾကတယ္။ အဲဒီအခ်ိန္ကာလေတြတုန္းက ကၽြန္မဟာ ဦးတည္ခ်က္မရွိပဲ လြင့္ ေမ်ာေနတယ္လို႔ ဆိုနိုင္ပါတယ္။ ဒီေတာ့ ဘာျဖစ္လာသလဲ။ ကၽြန္မဟာသူမ်ား ေနာက္လိုက္ျဖစ္လာတယ္။ သူမ်ားေခါင္းေဆာင္ရာ ေနာက္ကိုသာ လိုက္ခဲ့ရ တယ္။ ကၽြန္မကိုယ္တိုင္က ဘာကိုမွ ေခါင္းေဆာင္မႈ မေပးတတ္ေတာ့ဘူး။ ဆုံးျဖတ္ခ်က္လည္း မခ်တတ္ေတာ့ဘူး။ သူမ်ားခ်တဲ့ ဆုံးျဖတ္ခ်က္ကိုပဲ နာခံ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်။ အင်မတန် သေးငယ်တဲ့ ကိစ္စကလေးတွေမှာတောင် ကျွန်မဆုံးဖြတ်ချက် မချတတ်တော့ပါဘူး ”

“ ခင်ဗျားပြောနေတာတွေ ကျွန်တော် ကောင်းကောင်းနားမလည်ဘူး”

“ ကျွန်မမိသားစုနဲ့ အလုပ်လုပ်စရာရှိတယ်ဆိုရင် ကျွန်မမောင်နဲ့လုပ်ပါ။ သူနဲ့ပဲတိုင်ပင်ပါ။ ကျွန်မတို့ မိသားစုရဲ့ကိစ္စအဝဝကို ဂျိုဟန်းကပဲ ဆုံးဖြတ်ပါတယ်။ သူကပဲ ကိုင်တွယ်ပါတယ်။ ကျွန်မတို့အမေကွယ်လွန်သွားတဲ့နောက်မှာ ဘရာဇီးလ်နိုင်ငံထဲက ကျွန်မတို့ ထွက်လာနိုင်အောင်သူကပဲ စီစဉ်ခဲ့တာပါ။ ကျွန်မတို့ကို သူကပဲ ကယ်ထုတ်ခဲ့တာပါ။ ကျွန်မတို့ မိသားစုမှာ ဗွန်တိုင်းဘိုလ်တ် အစစ်ဟာ သူပါပဲ။ ဒါကြောင့် သူနဲ့သာ ဆက်သွယ်စေချင်ပါတယ် ”

ထိုစကားကို ကြားရသောအခါ နို၀ယ်က ဂရက်ချန်ကို အသံကုန်အော်ဟစ်ပြီး ကြိမ်းမောင်းဆဲဆို ပစ်လိုက်ချင်စိတ်ပေါက်လာသည်။ ထို့ကြောင့် သူ့စိတ်ကိုသူ ကြိုးစားထိန်းထားရသည်။

“ အခု သူဘယ်မှာလဲ ”

“ ကျွန်မ မသိဘူး။ သူ ဂါဒီယန်သတင်းစာတိုက်မှာ အလုပ်လုပ်နေတယ်။ ဥရောပတိုက်မှာ တာဝန်ကျနေတယ်တဲ့ ”

“ ဥရောပတိုက် ဘယ်နိုင်ငံမှာလဲ ”

“ ဒါလဲ ကျွန်မ မသိဘူး။ သူကတစ်နေရာတည်းမှာ အတည်တကျ မနေပဲ မနားတမ်း ခရီးသွားနေတာ ”

“ သူ့ကို နောက်ဆုံး ဘာရိန်းမှာ မြင်လိုက်ရတယ်လို့ သိရတယ် ”

“ ဒါဆိုရင် ကျွန်မထက် ရှင်ကတောင် ပိုသိနေသေးတာပဲ ”

“ ခင်ဗျားမှာ ညီမတစ်ယောက် ရှိသေးတယ်နော် ”

“ ဟယ်လ်ဒင်. . . ပါရီမြို့မှာ. . . နေရာ အတိအကျတော့ မသိဘူး”

နို၀ယ်သည် ဘာဆက်လုပ်ရမည်ကို မသိနိုင်အောင်ဖြစ်နေမိသည်။ ဂွန်တင်နီဆန်သည် ထောက်လှမ်းရေးအရာရှိများ ပြောသလို လူသတ်သမားအစစ်ဖြစ်နေလျှင် မည်သို့ဆက်လက်စခန်းသွားရမည်နည်း။

ပါရီမြို့ကို သွားရမည်။

ဟယ်လ်ဒင်နှင့်တွေ့ပြီး ကြိုးစားကြည့်ရဦးမည်။

အတွေးချာချာလည်နေရင်း စိတ်မှတ်မထင်ပင် စီးကရက်ဗူးကို နို၀ယ်လှမ်းဆွဲသည်။ ထိုအချိန်မှာပင် သူ့လက်မောင်းပေါ်မှာ နူးညံ့သော အထိ



www.burmeseclassic.com

www.burmeseclassic.com



အတွေ့တစ်ခု ရောက်လာလေသည်။

" ဂျိုဟန်းက ကျွန်မကိုမှာထားတယ်။ တစ်နေ့ကျရင် လူတစ်ယောက် ရောက်လာလိမ့်မယ်တဲ့။ ထူးဆန်းတဲ့ အစီအစဉ်တစ်ခုအကြောင်းကို ပြောပြလိမ့်မယ်တဲ့။ အဲဒီသူကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါတဲ့။ သူစိတ်တိုင်းကျပါစေတဲ့။ စိတ်ချမ်းသာမှုရှိပါစေတဲ့။ နောက်ပြီးတော့ သူပြောပြသမျှအားလုံး တစ်လုံးမကျန် မှတ်ထားပါတဲ့ "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

နိုဝယ် အိပ်ရာမှနိုးလာသည်။ ရုတ်တရက် သူဘယ်ရောက်နေသည်ကို မသိပါ။ မျက်စိမှိတ်ပြီး စဉ်းစားကြည့်သောအခါကျမှ ဂရက်ချန်ကို သတိရသည်။

အိပ်ရာဘေးမှာ စမ်းကြည့်သည်။ ဂရက်ချန်မရှိတော့ပါ။ အခန်းထဲမှာလည်း မီးမှောင်နေသည်။ အိပ်ခန်းတံခါးပိတ်ထားသည်။ ထိုအခန်းတံခါးအောက်မှ မီးရောင်ကလေး တိုးဝင်နေသည်ကို မြင်ရသည်။

" ဂရက်ချန်. . . "

လှမ်းခေါ်ကြည့်သည်။ ပြန်ထူးသံကို မကြားရပါ။ အခန်းထဲမှာ သူမှတပါး မည်သူမှမရှိပါ။

ကိုယ်ပေါ်မှ စောင်များကို ခွပစ်လိုက်ပြီး အိပ်ရာဘေးမှ မီးကိုဖွင့်သည်။ သူတစ်ယောက်တည်း ရှိနေသည်မှာ သေချာပါသည်။

အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။ အပြင်ခန်းထဲမှာ မီးတစ်လုံးပွင့်နေသည်ကို တွေ့ရသည်။ မည်သူမှတော့မရှိ။

ထိုအခိုက် တစ်စုံတစ်ရာနှင့် တိုက်မိနေသည့် အသံကိုကြားရသည်။ အပြင်ကလာသောအသံဖြစ်သည်။ ထို့ကြောင့် နီးရာ ပြတင်းပေါက်ဆီသို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပြင်သို့ လှမ်းကြည့်သည်။ ခြံအပြင်ဘက်တွင် သူငှားလာသည့် မော်တော်ကားကို တွေ့ရသည်။

သို့သော်လည်း တစ်ခုခုတော့ ထူးခြားနေသည်ဟု ထင်ရသည်။ သေသေချာချာကြည့်သောအခါကျမှ လူတစ်ယောက်က သူ့မော်တော်ကား စက်ဖုံးကိုဖွင့်ပြီး တစ်စုံတစ်ရာ ပြုလုပ်နေကြောင်း သိပြုမိသည်။

သူအသံကို ထိုသူကကြားသွားပုံရသည်။ ထို့ကြောင့်အိမ်ဆီသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ နိုဝယ်က ဓာတ်မီးရောင်နှင့်လွတ်အောင် ကိုယ်ကို ဘေးသို့တိမ်းပြီး ကွယ်လိုက်ရသည်။

မှောင်ထဲမှလူက ကားစက်ဖုံးကို ပြန်ပိတ်သည်။ တစ်ဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားသည်။ ထိုအခါကျတော့မှ မလှမ်းမကမ်းတွင် ကားတစ်စီးရပ်ထားသည်ကို တွေ့ရသည်။ ထိုကားရှေ့ခန်းတွင်လည်း လူတစ်ယောက် ထိုင်နေသည်။

အမှောင်ထဲမှလူသည် ထိုကားပေါ်သို့ တက်ကာ စက်နှိုးသည်။ ကားစက်သံက တိတ်ဆိတ်နေသော ရပ်ကွက်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။ ကားကို ဂငယ်ကွေ့ကွေ့ပြီး တရကြမ်း မောင်းထွက်သွားသည်။

ထိုသို့ ဂငယ်ကွေ့ကွေ့လိုက်သောအခါကျမှ လမ်းမီးရောင်ဖြင့် ကားရှေ့ခုံတွင် စောစောကတည်းက ထိုင်နေသူ၏မျက်နှာကို မြင်လိုက်ရသည်။

ဂရက်ချန်ဗျူးမောင့်။

နိုဝယ်မှာ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

ဂရပ်ချန်ဗျူးမောင့်သည် ကားမောင်းသူနှင့် ခေါင်းချင်းကပ်ကာ တစ်စုံတစ်ရာကို ပြောနေပုံရသည်။ မော်တော်ကားက ခဏချင်းမှာပင် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ထိုအခါကျမှပင် နိုဝယ် အသိပြန်ဝင်လာသည်။ အချိန်က သန်းခေါင်ကျော် နှစ်နာရီခွဲနေပြီ။ သညလိုအချိန်မျိုးတွင် ဂရက်ချန်၏အိမ်ထဲမှာ တစ်ယေက်တည်း ဆက်နေဖို့မသင့်လျော်။ နောက်တစ်ကြောင်းကလည်း ဂရက်ချန်သည် ဘာကြောင့်သူ့ကို တစ်ယောက်တည်းထားခဲ့ကာ အခြားလူ တစ်ယောက်နှင့်အတူ ထွက်သွားသနည်း။

သူနှင့်အတူ ထွက်သွားသူသည် မည်သူဖြစ်သနည်း။ မည်သည့်အရပ်သို့ သွားကြသနည်း။ မည်သည့် ရည်ရွယ်ချက်နှင့် သွားကြသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတွင်းသို့ ပြန်ဝင်ခဲ့သည်။ မှန်တင်ခုံပေါ်သို့ လှမ်းကြည့်မိသည်။

သူအံ့အားသင့်သွားသည်။

ငွေဘောင်သွင်းပြီး ထောင်ထားသော ဓာတ်ပုံတစ်ပုံကို တွေ့ရသည်။ ရေတပ် ဒုတိယဗိုလ်မှူးကြီး ယူနီဖေါင်းဝတ်ထားသော အရာရှိတစ်ယောက်၏ပုံ ဖြစ်သည်။

ထိုမျက်နှာကို စိုက်ကြည့်နေမိသည်။ တစ်နေရာရာတွင် မြင်ဖူးခဲ့သည်ဟု ထင်သည်။ သို့သော် မည်သည့်နေရာတွင် မြင်ဖူးခဲ့သနည်း။ မည်သည့်အချိန်က မြင်ဖူးခဲ့သနည်း။ သူ့မှတ်ဉာဏ်များ ဝေဝါးနေလေသည်။

မျက်ခုံး။

ဟုတ်ပါပြီ။ သည်မျက်ခုံးကို ကောင်းကောင်း မှတ်မိသွားသည်။ အလွန်ထူထဲသည့် မျက်ခုံး၊ အဖြူနှင့်အမည်းရောင်များ ရောနေသည့် ထူထဲသည့်မျက်ခုံး။

သည်တော့မှ သူမှတ်မိတော့သည်။

နယူးယောက်မြို့မှ ဘရာဇီးလ်နိုင်ငံ ရိုင်းယိုးဒီဂျနေးရိုးမြို့သို့သွားစဉ်က လေယာဉ်ပျံပေါ်တွင် သူ့ကို မြင်ခဲ့ရခြင်းဖြစ်သည်။

ထိုမတိုင်မီတုန်းကလည်း တစ်နေရာရာမှာ မြင်ခဲ့ဖူးသည်။ သို့သော် မည်သည့်နေရာမှာနည်း။ မမှတ်မိတော့ပါ။ ရုန်းရင်းဆန်ခတ်ဖြစ်စဉ်တုန်းက တွေ့ခဲ့ဖူးသလိုလိုထင်သည်။ မည်သည့်နေရာတွင် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည်ကိုလည်း မမှတ်မိတော့။

ဓာတ်ပုံကို ကောက်ယူပြီး ဘောင်ထဲမှ ထုတ်လိုက်သည်။ နောက်ကျောဘက်ကို လှန်ကြည့်သည်။ ဂျာမန်စာအချို့ရေးထားသည်ကို တွေ့ရသည်။ ဂျာမန်စာကိုတော့ နိုဝယ် မတတ်ပါ။

သို့သော်လည်း သည်အချက်က စဉ်းစားစရာ ဖြစ်လာပြန်သည်။ အင်ထော်နီဗျူးမောင့်သည် ဂျာမန်လူမျိုး မဟုတ်ပါ။ အင်္ဂလိပ်လူမျိုးဖြစ်ပါသည်။ ဘာကြောင့် အင်္ဂလိပ်လူမျိုးက သူ့ဓာတ်ပုံနောက်ကျောတွင် ဂျာမန်စာများ ရေးထားသနည်း။

နိုဝယ်သည် ဆက်စဉ်းစားမနေတော့ပဲ ဓာတ်ပုံကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ပြီး အိမ်ပြင်သို့ တောက်လျှောက်ထွက်ခဲ့တော့သည်။ အိမ်ထဲမှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မွေ့နှောက်ရှာလိုသေးသော်လည်း အန္တရာယ်နှင့် သိပ်နီးနေပြီကို စိတ်ထဲက အလိုလိုသိနေသည်။

သူ့မော်တော်ကား ရပ်ထားရာသို့ ခပ်သုတ်သုတ်လျှောက်ခဲ့သည်။ ကားထဲဝင်ပြီး စက်နှိုးသည်။

ဘာသံမှ မကြားရပါ။

ထပ်နှိုးကြည့်သည်။ ဘာသံမှ ပေါ်ထွက်မလာပါ။ ဘက်ထရီအားကုန်သွားပြီလားဟု စဉ်းစားကြည့်သည်။ ဘက်ထရီအားကုန်လျှင်လည်း 'ထောက်' ကနဲ မြည်သောအသံကိုတော့ ကြားရမည်။ ယခု ဘာသံမှ မကြားရ။

ထို့ကြောင့် ကားပေါ်မှဆင်းပြီး စက်ဖုံးဖွင့်ကြည့်သည်။ သည်တော့မှ အဖြစ်မှန်ကို မြင်တွေ့ရတော့သည်။

စက်ထဲမှာရှိနေသော ဝိုင်ယာကြိုးများကို အပိုင်းပိုင်းဖြတ်ထားလေသည်။ ဝပ်ရှော့သို့ပို့ပြီး ပြင်မှရတော့မည့် အခြေအနေမျိုးဖြစ်သည်။

ဘာမှ စဉ်းစားမနေတော့ပဲ ထိုကားကို ထိုအတိုင်းထားပစ်ခဲ့ကာ ဂရက်ချန်ဗျူးမောင့်တို့၏ အိမ်နှင့်ဝေးရာသို့ ခြေကုန်သုတ်ခဲ့တော့သည်။

အဝေးပြေးလမ်းမကြီးရှိရာသို့ ရောက်ဖို့လိုသည်။ အဝေးပြေးလမ်းမပေါ်သို့ရောက်လျှင် မော်တော်ကား တစ်စီးစီးတော့ တွေ့ရမည်။ တွေ့ရာကားကို ဖမ်းတားပြီး လန်ဒန်ရောက်အောင်ပြန်ရမည်။

ဂရက်ချန်တို့အိမ်နှင့် တခေါ်လောက် ရောက်သေအခါ မျက်နှာချင်းဆိုင်မှ မော်တော်ကားတစ်စီး မောင်းလာသည်။ ထို့ကြောင့် လမ်းဘေးရှိခါးစောင်းလောက်မြင့်သော ချုံပုတ်ထဲသို့ ကိုယ်ကိုပစ်သွင်းကာ ပုန်းနေလိုက်ရသည်။

မော်တော်ကားက သူပုန်းနေသည့်နေရာကို ကျော်မောင်းသွားသည်။ ဂရက်ချန်တို့ အိမ်ရှေ့မှာရပ်သည်။

ကားပေါ်မှ လူနှစ်ယောက်ဆင်းသည်။ အိမ်ဆီသို့လျှောက်သွားပြီး တံခါးခေါက်နေသည်။

အချိန်က သုံးနာရီထိုးပြီ။

နိုဝယ်သည် တောင်တောင်မြောက်မြောက် ဆက်လက်စဉ်းစားခြင်း မပြုတော့ပဲ အဝေးပြေးလမ်းမကြီးရှိရာသို့ ခြေကုန်သုတ်တော့သည်။

တစ်မြို့လုံး အိပ်မောကျပြီး တိတ်ဆိတ်နေသည်။ သုံးလေးလမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိသောအခါ သူ့နောက်မှ တစ်စုံတစ်ယောက် လိုက်လာသည်ဟု ထင်ရသည်။ ဂရုစိုက်နားထောင်ကြည့်သည်။ သေချာသွားသည်။ နောက်ဘက်မှ ခြေသံကို ကြားနေရသည်။

နောက်ပိုင်းသို့ နိုဝယ် လှည့်မကြည့်ရဲပါ။ ထို့ကြောင့် စောစောကထက် မြန်မြန်လျှောက်သည်။ နောက်မှလိုက်လာသော ခြေလှမ်းကလည်း ပို၍ မြန်မြန်လျှောက်သည်။

နိုဝယ် တအားပြေးတော့သည်။

နောက်မှ ခြေသံကလည်း သူကဲ့သို့ပင် တအားပြေးလိုက်လာသည်။

ပြေးရင်း နိုဝယ်မောလာသည်။ သို့သော်လည်း အရှိန်ကိုမလျှော့ရဲပါ။ နောက်မှလူသည် သူ့နောက်သို့လိုက်လာနေခြင်းဖြစ်ကြောင်း ထင်ရှားနေပြီ။ တဖြည်းဖြည်း ပိုနီးလာသည်။ လွတ်အောင်ပြေးနိုင်တော့မည် မဟုတ်ကြောင်း အသိစိတ်ဝင်လာသည်နှင့်တပြိုင်တည်း ဒူးများချောင်လာသည်။

ထိုအချိန်မှာပင် ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့သည်။

ဟပ်ထိုးလဲသည်နှင့် တပြိုင်တည်း နောက်မှလိုက်လာသူက သူ့ကိုယ်ပေါ်သို့ ခုန်အုပ်ပြီးသား ဖြစ်သွားသည်။

သည့်နောက်ပိုင်းတွင် သူဘာမှ မသိတော့ပါ။

\+ \+ \+

ပြင်းထန်လွန်းသည့် အအေးဓာတ်ကို ခံစားလိုက်ရကြောင်း သတိထားမိသည်။ အေးလွန်းသောကြောင့် တကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

နိုဝယ်က မျက်လုံးဖွင့်ကြည့်သည်။ ကြယ်များလင်းနေသော ကောင်းကင်ပြင်ကြီးကို တွေ့ရသည်။ ဘေးကိုလှည့်ကြည့်သည်။ အပြောကျယ်သော ကွင်းပြင်ကြီးကို တွေ့ရသည်။

သူသည် နွားစားကျက်ကြီးတစ်ခုထဲသို့ ရောက်နေပါပေါ့ကလား။

ခေါင်းကိုစမ်းကြည့်သည်။ တခေါင်းလုံး နာကျင်ကိုက်ခဲနေသည်။ သူ့ခေါင်းကို မာကျောသော လက်နက်တစ်ခုခုနှင့် ရိုက်ခြင်းကို ခံခဲ့ရသည်။ သို့သော်လည်း ကွဲပြဲသွားသည်ကို မတွေ့ရသောကြောင့် စိတ်သက်သာရာ ရသွားသည်။

သူ့ကိုယ်ပေါ်မှာရှိနေသည့် ပစ္စည်းများကို စစ်ဆေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ကို ထုတ်ကြည့်သည်။ ပိုက်ဆံအားလုံးရှိသည်။ လက်ပတ်နာရီရှိသည်။ ဘာတစ်ခုမှ ပျောက်ဆုံးခြင်း မရှိပါ။

သို့သော်လည်း ဂရက်ချန်၏နေအိမ်မှ သူယူခဲ့သည့် မျက်ခုံးမွှေးထူထူနှင့် ဒုဗိုလ်မှူးကြီးဗျူးမောင့်၏ ဓာတ်ပုံ မရှိတော့ပြီ။

အဝေးပြေးလမ်းမရှိမည်ထင်ရသောဘက်သို့ လျှောက်ခဲ့သည်။ အရှေ့ဘက်ကလည်း ရောင်နီလာတော့မည်။

လမ်းမပေါ်သို့ရောက်သောအခါ နို့ကားတစ်စီးက ရပ်ပေးသည်။ လန်ဒန်မြို့ကိုတော့မရောက်။ လန်ဒန်မြို့နှင့် မလှမ်းမကမ်းမှ မြို့ကလေးတစ်မြို့သို့ ရောက်မည်ဟုပြောသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ နို့ကားပေါ်သို့ ခုန်တက်ခဲ့သည်။

မြို့ငယ်ကလေးသို့ ရောက်သည်။ နို့ကား၏ခရီးက သည်မြို့ကလေးမှာ ဆုံးသွားလေသည်။

" ဟောဟိုနားမှာ တယ်လီဖုန်းရှိတယ်။ စားသောက်ဆိုင်ကတော့ ဟောဟိုမှာ "

နို့ကားမောင်းသူက ညွှန်ပြသည်။

စားသောက်ဆိုင်သို့ အလျင်သွားကာ ရေချိုးခန်းဝင်ပြီး မျက်နှာသစ်သည်။ ခြေလက်များဆေးသည်။ သူ့တကိုယ်လုံး ညစ်ပတ်ချင်တိုင်း ညစ်ပတ်နေသည်။ အနံ့အသက်ပေါင်းစုံတို့ဖြင့်လည်း နံစော်နေသည်။

ပြီးတော့ တယ်လီဖုန်းရုံရှိရာသို့ လျှောက်လာခဲ့သည်။ သူ့လက်ထဲမှာ ဂရက်ချန်ဗျူးမောင့်၏ဖုန်းနံပါတ် ရေးထားသော စာရွက်ကလေးကိုင်ထားသည်။

ဘာပဲဖြစ်ဖြစ် ဂရက်ချန်ကိုတော့ ဖုန်းဆက်ကြည့်ရမည်။ ဘာကြောင့် မိမိတစ်ယောက်တည်းထားခဲ့ပြီး ထွက်သွားရသလဲ။ မိမိမော်တော်ကားမှ ဝိုင်ယာကြိုးများကို ဘာကြောင့်ဖြတ်တောက်ပစ်ရသလဲ ဆိုတာလောက်တော့ မေးကြည့်ရမည်။

ဂဏန်းများကို လှည့်လိုက်သည်။

" ဗျူးမောင့် အိမ်ကပါ "

" မစ္စက်ဗျူးမောင့်နဲ့ စကားပြောချင်လို့ပါ "

" အခုစကားပြောနေတာ ဘယ်သူပါလဲ ခင်ဗျာ "

" ဒုဗိုလ်မှူးကြီးဗျူးမောင့်ရဲ့ မိတ်ဆွေပါ။ မစ္စက်ဗျူးမောင့် မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ကို လိုက်သွားမယ်ကြားလို့ မှာစရာကလေးတစ်ခု မှာလိုက်ချင်လို့ပါ”

“ နာမည်လေး တဆိတ်လောက် ကျေးဇူးပြုပါနော် ”

နိုဝယ်က ဖုန်းကို ပြန်တင်ထားလိုက်တော့သည်။ တယ်လီဖုန်း ထူးသူမှာ မည်သူဖြစ်ကြောင်း သူမသိပါ။ သိနိုင်စရာအကြောင်းလည်း မရှိပါ။

အန္တရာယ်ရှိနေသည်ကတော့ သေချာသွားပြီ။ ထိုအန္တရာယ်သည် ဂျီနီဗာအစီအစဉ်ကြီး ပျက်စီးသွားမည့် အန္တရာယ်ပင် ဖြစ်ပါသည်။

သည်အတိုင်းဆိုလျှင် အရာရာကို သတိထားနိုင်မှ တော်ရုံကျတော့မည်။ သူကြုံတွေ့ခဲ့ရသည်များကလည်း သတိထားဖို့ကို အခိုင်အမာ သက်သေထူနေသည်။

သူ့အိတ်များထဲမှာ တစ်စုံတစ်ရာကိုရှာသည်။ ခဏကြာတော့ စက္ကူစကလေးတစ်ခု ထွက်လာသည်။ ထောက်လှမ်းရေး အမှတ် ၅ မှ ခေါင်းဖြူဖြူနှင့် အသက်ကြီးကြီးလူ၏ နာမည်နှင့် ဖုန်းနံပါတ်ရေးထားသော စာရွက်ဖြစ်သည်။

ဟာရိုးပေတန်ဂျုံး။

နေရောင်ကိုမြင်ရပြီ။ နာရီကိုကြည့်သောအခါ ၇ နာရီထိုးဖို့ ဆယ်မိနစ်သာ လိုတော့သည်ကို တွေ့ရသည်။

လန်ဒန်မှာရှိနေသော ထောက်လှမ်းရေးအရာရှိ ဟာရိုးပေတန်ဂျုံး၏ ဖုန်းနံပါတ်ကို လှည့်သည်။

“ ပြောပါ ”

“ ကျွန်တော် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ပါ ”

“ အိုး . . . ဟုတ်ပြီ။ ကျုပ်တို့ကလဲ ခင်ဗျားဖုန်းဆက်မှာပဲဆိုပြီး စောင့်နေကြတာ ”

အသံကို နိုဝယ်က ချက်ချင်းမှတ်မိလိုက်သည်။ ဆံပင်ဖြူဖြူနှင့် အသက်ကြီးကြီး ထောက်လှမ်းရေးအရာရှိ ဟာရိုးပေတန်ဂျုံး ပင်ဖြစ်သည်။

“ ဘာပြောတယ်ဗျာ ” ဟု နိုဝယ်က ပြန်မေးသည်။

“ ခင်ဗျား အတော်ကလေး ဒုက္ခရောက်ခဲ့တဲ့ ညတစ်ညပဲ မဟုတ်လား” ဟု တစ်ဘက်က ပြန်မေးသည်။

“ ကျွန်တော်ဖုန်းဆက်မှာပဲဆိုတာ ခင်ဗျားတို့ကြိုသိနေကြတယ်ဆိုတော့ ဟိုနေရာ ခင်ဗျားတို့ ရောက်ခဲ့တယ်ပေါ့။ ဘာတွေဖြစ်နေတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေခဲ့တယ်ပေါ့ ”

နိုဝယ်က တိုက်ရိုက်မေးသော်လည်း ပေတန်ဂျုံးက တိုက်ရိုက်ပြန်မဖြေပါ။

“ အဒါရှော့ကုမ္ပဏီက မော်တော်ကားတစ်စီးကို ခင်ဗျား ငှားသွားတယ်ဆိုတဲ့ သက်သေခံ အထောက်အထားတွေ ဖျက်ပစ်လိုက်ပြီ။ ကားငှားခအတွက်လဲ ခင်ဗျား ပေးဖို့လိုတော့ဘူး။ အားလုံး သူတို့ဘာသာ သူတို့ရှင်းသွားကြပြီ”

“ နေစမ်းပါဦး။ ဒါက ဘာသဘောလဲ။ ခင်ဗျားတို့ ကျွန်တော့ကို နောက်ယောင်ခံလိုက်နေကြတယ်ပေါ့။ ခင်ဗျားတို့မှာ ဒီလိုလုပ်ခွင့်လုံးလုံး မရှိဘူးဗျ ”

“ဒီလိုလုပ်ခွင့် သိပ်ကိုရှိတာပေါ့ ကိုယ့်လူရယ် ”

“ မနက် သုံးနာရီတုန်းက ဟိုကားထဲမှာ ခင်ဗျားပါသွားတာပေါ့လေ။ ဗျူးမောင့် အိမ်ထဲကို ခင်ဗျား ဝင်သွားတယ် မဟုတ်လား ”

“ ကျုပ်တို့မဟုတ်ပါဘူးဗျာ။ အဲဒီအိမ်ကိုလဲ မသွားပါဘူး။ ဒီအတိုင်းဆိုရင်တော့ အဲဒီကားထဲ ဘယ်သူတွေ ပါသွားတယ်ဆိုတာ ခင်ဗျား သေသေချာချာ မကြည့်ဖြစ်လိုက်ဘူး ထင်တယ် ”

“ ကျုပ်မကြည့်ဖြစ်ဘူး။ သူတို့က ဘယ်သူတွေလဲ ”

“ ကျုပ်တို့ကလဲ သူတို့ ဘယ်သူတွေလဲဆိုတာ သိချင်နေတာ။ ကျုပ်တို့လူက အဲဒီနေရာကို မနက် ငါးနာရီလောက်ကျမှ ရောက်သွားတယ်လေ ”

“ ကျွန်တော့နောက်ကို ဘယ်သူလိုက်လာသလဲ။ ကျွန်တော့်ခေါင်းကို တွယ်ထည့်လိုက်တာ ဘယ်သူလဲ။ ကျွန်တော့်ကို နွားစားကျင်းထဲ ပစ်သွင်းခဲ့တာ ဘယ်သူလဲ ”

နိုဝယ်က မေးခွန်းများကို အသက်မရှူပဲ တောက်လျှောက်မေးချလိုက်လေသည်။

တစ်ဘက်မှ ရုတ်တရက် စကားပြန်မရပဲ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

“ အဲဒီအကြောင်းကို ကျုပ်တို့လုံးလုံးမသိဘူး။ ခင်ဗျား ကသုတ်ကရက် ထွက်သွားရတယ်ဆိုတာ သိတယ်။ ခင်ဗျား မော်တော်ကား မောင်းမရအောင် အဖျက်ဆီးခံထားရတယ်ဆိုတာ သိတယ် ”

“ ဒါဟာ တမင်ကြိုတင်ပြင်ဆင်ပြီးလုပ်တာဗျ။ ကျွန်တော့်ကို ထောင်ချောက်ထဲသွင်းပြီး လုပ်တာဗျ ”



www.burmeseclassic.com

www.burmeseclassic.com



" သိပ်မှန်တာပေါ့။ ခင်ဗျား သိပ်ကိုသတိထားမှ ဖြစ်တော့မယ်ဆိုတာ သတိပေးပါရစေ။ သူ့ယောက်ျားမရှိတဲ့ အချိန်မျိုးမှာ ဂရက်ချန်ကို သွားတွေ့တယ်ဆိုတာ ခင်ဗျားအတွက် သိပ်ကိုအန္တရာယ်ကြီးသွားနိုင်တယ်။ သူ့ယောက်ျားက ပင်လယ်ပြင်ထဲရောက်နေတဲ့ အချိန်မျိုးလေ . . . "

" သွားစမ်းပါဗျာ။ ဘယ်ကလာ ပင်လယ်ထဲ ရောက်နေရမှာလဲ။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ရိုင်းယိုးဒီဂျနေးရိုးမြို့ကို လေယာဉ်ပျံနဲ့သွားတာ ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့တယ်။ သူဟာ ဗွန်တိုင်းဘို့လ်တ်တို့ မိသားစုနဲ့ တစ်ခုခုတော့ ပတ်သက်နေပြီ "

" သိပ်ဖြစ်နိုင်တာပေါ့။ ဗွန်တိုင်းဘို့လ်တ်ရဲ့ သမီးအကြီးဆုံးနဲ့ သူလက်ထပ်ထားတာမဟုတ်လား။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က လေယာဉ်ပျံပေါ်မှာ တွေ့လိုက်ရတယ် ဆိုတာကတော့ စဉ်းစားစရာပဲ။ မဖြစ်နိုင်ဘူး။ လွန်ခဲ့တဲ့ သုံးလကတည်းက သူ မြေထဲပင်လယ်ထဲကို ရောက်နေတာ။ ဟိုမှာ တာဝန်နဲ့ နေနေရတာ "

" မဟုတ်ဘူး။ ကျွန်တော် ကိုယ်တိုင်မြင်တာ။ ကျွန်တော်ပြောတာကို နားထောင်စမ်းပါဦး။ သူတို့အိမ်ခန်းထဲမှာ သူ့ဓာတ်ပုံတစ်ပုံ ငွေဘောင်သွင်းထားတာရှိတယ်။ အဲဒီ ဓာတ်ပုံကို ကျွန်တော်ယူလာခဲ့တယ်။ ဓာတ်ပုံနောက်ကျောဘက်မှာ စာရေးထားတယ်။ ဂျာမန်ဘာသာနဲ့ ရေးထားတာ "

" ဘာတွေရေးထားသလဲ "

" ကျွန်တော် မသိဘူး။ ကျွန်တော် ဂျာမန်စာ မတတ်ဘူး။ ဒါပေမယ့် သူ့ဓာတ်ပုံ နောက်ကျောမှာ ဂျာမန်ဘာသာနဲ့ ရေးထားတာဆိုတာကတော့ အတော့်ကိုထူးဆန်းနေတာပဲ "

နိုဝယ်က စကားဖြတ်လိုက်သည်။ အမှန်တော့ ထိုအကြောင်းများအထိ သူပြောဖို့ ရည်ရွယ်ချက်မရှိပါ။ သို့သော်လည်း ဒေါသကသိပ်ဖြစ်လွန်းနေသောကြောင့် ထိုအကြောင်းများကိုပါ ထုတ်ဖော်ပြောလိုက်မိခြင်းဖြစ်လေသည်။

သို့ကလို သူ့ကိုယ်သူ မထိန်းနိုင်ပဲ ပွင့်အန်ထွက်သွားသောကြောင့်လည်း အလိုလိုစိတ်ပိုတိုလာသည်။

" ဘာကြောင့် အတော့်ကို ထူးဆန်းနေတာလဲ။ သူ့မိန်းမက ဂျာမန်လူမျိုးအစစ်ပဲ။ နောက်ပြီးတော့ သူတို့မိသားစုချင်း ဂျာမန်လိုပဲ ပြောဆိုဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ။ သူ့ယောက်ျားကို ချစ်ကြောင်းရေးထားတာ ဖြစ်ချင်ဖြစ်မှာပေါ့။ မှာတမ်းတစ်ခု ရေးထားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါသဘာဝပဲ။ ဘာမှထူးဆန်းနေစရာ အကြောင်းမရှိပါဘူး " ဟု ပေတန်ဂျုံးက ပြန်ပြောသည်။

" အင်း . . . ခင်ဗျား ပြောသလိုပဲ ဖြစ်နိုင်တာပါပဲ "

နိုဝယ်က ချော်လဲရောထိုင်သည့်အလား လျှောချပစ်လိုက်သည်။ထိုသို့ ပြောပြီးကာမှ သူ့ဘက်က လျှောချသည်မှာ မြန်လွန်းသွားကြောင်း နောင်တရမိပြန်သည်။ ထောက်လှမ်းရေးအရာရှိက မယုံသင်္ကာ ဖြစ်သွားတော့မည်။

သူထင်သည့်အတိုင်းပင် ဖြစ်လာသည်။

" တနည်း စဉ်းစားကြည့်ကြသေးတာပေါ့လေ။ ကျုပ်တို့ဆီကို အဲဒီဓာတ်ပုံ ယူလာခဲ့ပါဗျာ။ ကြည့်ကြရအောင် "

" မဖြစ်ဘူး။ ကျွန်တော့်မှာ မရှိတော့ဘူး "

" အဲဒီဓာတ်ပုံကို ခင်ဗျားယူလာခဲ့တယ်ဆို "

" ကျွန်တော့်လက်ထဲမှာ အခုမရှိတော့ဘူး။ ကျွန်တော့်လက်ထဲမှာ အဲဒီဓာတ်ပုံ လုံးလုံးမရှိတော့ဘူး "

" အခု ခင်ဗျားဘယ်ကနေ စကားပြောနေတာလဲ နိုဝယ်။ ကျွန်တော်တို့ဆီကို ခင်ဗျားလာမယ်ဆိုရင် ပိုကောင်းမယ်ထင်တယ် "

နိုဝယ်သည် ဘာစကားကိုမှ ဆက်ပြောမနေတော့ပဲ ဖုန်းကို ပြန်ချထားလိုက်လေတော့သည်။

ထောက်လှမ်းရေးအရာရှိများက သူ့နောက်သို့ ဘာကြောင့် လိုက်နေကြသနည်း။ သူ့လုပ်ငန်းများကို နှောင့်ယှက်ဟန့်တားဖို့ လိုက်နေကြခြင်းလော။

ပီတာဘော်လ်ဒွင် အကြောင်းကို သူပြန်သတိရသည်။ ယခု ဟာရီးပေတန်ဂျုံးတို့က သူ့ကိုလိုက်လံနှောင့်ယှက်နေကြသည်ဆိုက ဝံပုလွေများက သူတို့ကိုလည်း ချမ်းသာပေးကြမည် မဟုတ်ပါ။

သူ့အနေနှင့် ဗြိတိသျှထောက်လှမ်းရေး သမားများနှင့် အတတ်နိုင်ဆုံး ကင်းကင်းနေရန် အရေးကြီးလာပြီဖြစ်ကြောင်းကိုပါ သဘောပေါက်စ ပြုလာသည်။

အကယ်၍သာ သူ့ဘက်က တာဝန်ပျက်ကွက်လျှင်လည်း ဝံပုလွေများက သူ့ကို အဆုံးစီရင်မည်သာ ဖြစ်သည်။

အဖေတို့၏ဆန္ဒကို မဖြစ်ဖြစ်အောင် သူအကောင်အထည်ဖော်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုပါသည်။ သူ့ပခုံးပေါ်သို့ ကျရောက်လာသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ချင်ပါသည်။

ဂရက်ချန်အကြောင်းကို စဉ်းစားသည်။ ယောကျ်ားများနှင့်အတူ အိပ်ဖို့မှတပါး ဘာကိုမှစိတ်မဝင်စားသူ။ သစ္စာပျက်မ။ ကောက်ကျစ်စဉ်းလဲသည့်ကောင်မ။

ဂျွန်တင်နီဆန်အကြောင်း စဉ်းစားသည်။ လူသတ်သမားအဖြစ် ထောက်လှမ်းရေးအရာရှိများက မသင်္ကာဖြစ်နေသည်။ သူကလည်း အန္တရာယ်ဖြစ်နိုင်သည်။ ဂျီနီဗာ အစီအစဉ်ကြီး ပျက်သွားနိုင်သည်။

သည်အတိုင်းဆိုလျှင်တော့ သူချည်းကပ်ကြည့်ဖို့ သမီးအငယ်ဆုံး ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ် တစ်ယောက်သာ ကျန်တော့သည်။ လောလောဆယ် ပါရီမြို့မှာ အလုပ်လုပ်နေသည်။ လိပ်စာတော့ သူမသိ။

သို့သော်လည်း သူအလုပ်လုပ်သည့် ဂါလီမတ်စာအုပ်ထုတ်ဝေရေးတိုက်မှာ စုံစမ်းလျှင် ရရမည်။

ပါရီ။

ပါရီမြို့သို့ သူသွားရတော့မည်။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဝင်များကို မျက်ခြေဖြတ်ပြီး ပါရီမြို့သို့သွားရပေတော့မည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၁၃ )

လန်ဒန်မြို့တွင် နိုဝယ်၏သူငယ်ချင်းတစ်ယောက်ရှိသည်။ ဇာတ်ခုံများ အလှပြင်သည့်လုပ်ငန်း လုပ်ကိုင်နေသူ ဝီလီဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် ထောက်ထားညှာတာမှုရှိပြီး အခက်အခဲပေါ်တိုင်း အကူအညီအပြန်အလှန်ပေးခဲ့သော သူငယ်ချင်း ဖြစ်လေသည်။

နိုဝယ်က ဝီလီထံသို့ ဖုန်းဆက်သည်။

“ ဟကောင်ကြီး နိုဝယ်. . . မင်းအသံကို မကြားရတာ နှစ်ပေါင်းကို မရေနိုင်တော့ပါလား။ သူငယ်ချင်းရေ. . . အခု မင်း ဘယ်က စကားပြောနေတာလဲ ”

ဝီလီက နိုဝယ်၏အသံကို ကြားလျှင်ကြားချင်း ဝမ်းသာအားရ ပြန်ပြောသည်။

“ ငါ ဒုက္ခရောက်နေတယ် သူငယ်ချင်း။ အကူအညီ သိပ်လိုနေပြီ”

+ + +

နိုဝယ် ဖုန်းဆက်နေသည့် မြို့ငယ်ကလေးကို ဝီလီသိသည်။ ထို့ကြောင့် အမြန်ဆုံးရောက်အောင် လာခဲ့မည်ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်အတိုင်းပင် နာရီဝက်အကြာမှာ ရောက်လာသည်။

" လမ်းတွေက ဆိုးလွန်းလို့ကွာ။ လမ်းသာကောင်းရင် ဒီထက်မြန်မြန် ရောက်ပါတယ် " ဟု ဝီလီက ပြောသည်။

နိုဝယ်မှာ ဘာစကားမှ မပြောနိုင်တော့ပဲ အသင့်ထိုးထားလာသည့် ဝီလီ၏ကားပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

" ရုပ်ပျက်ဆင်းပျက်နဲ့ ဘယ်လိုဖြစ်နေတာလဲ နိုဝယ်။ တကိုယ်လုံး လဲ နံစော်နေတာပဲ "

နိုဝယ်က သူ့အဖြစ်အပျက်ကို ရိုးရိုးကလေးရှင်းပြသည်။ ပါဝင်ပတ်သက်နေသူများ၏ အမည်များကို ထုတ်ဖော်ပြောခြင်းမပြု။

" ငါ ပါရီမြို့ကို အမြန်ဆုံးသွားမှဖြစ်မယ်။ ငါမသွားဖြစ်အောင်လုပ်ပြီး ဟန့်တားနှောင့်ယှက်နေတဲ့လူတွေရှိနေတယ်။ အခုအချိန်မှာ ဒီထက်ပိုပြီးတော့ မင်းကို ပြောမပြနိုင်သေးဘူး ဝီလီ။ တစ်ခုတော့ပြောနိုင်တယ်။ ငါလုပ်နေတာ ဟာ အမှားတွေ မဟုတ်ဘူး။ နောက်ပြီး ရာဇဝတ်မှုနဲ့မကင်းတဲ့ အလုပ်မျိုး ဥပဒေနဲ့ဆန့်ကျင်တဲ့ အလုပ်မျိုး မဟုတ်ဘူး "

" မင်းကိုငါ ယုံကြည်ပါတယ် နိုဝယ်။ ပါရီမြို့ကို မင်းသွားနိုင်ဖို့ အတွက် ငါ ဘာတွေကူညီရမလဲဆိုတာကိုသာ ပြောပါ "

" ငါ့ပစ္စည်းတွေ ဟိုတယ်မှာရှိနေတယ်။ နိုင်ငံကူးလက်မှတ်လဲ ပစ္စည်း တွေနဲ့အတူတူ ကျန်ခဲ့တယ်။ အဲဒါတွေကို ငါသွားပြန်ယူနေရင် ငါခရီးမသွား ဖြစ်အောင် လိုက်နှောင့်ယှက်နေတဲ့လူတွေက ငါ့ကို မြင်သွားတော့မှာပဲ "

" မင်းအခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ပုံကြီးမျိုးနဲ့ဆိုရင် ပိုလို့ တောင် မသင်္ကာဖြစ်ကြဦးမယ် "

" ဟုတ်တယ်။ ဒါကြောင့် ငါကိုယ်တိုင်သွားလို့ မဖြစ်နိုင်ဘူး "

" မပူပါနဲ့ သူငယ်ချင်းရာ. . . မင်းပစ္စည်းတွေ ငါသွားယူပေးပ့ါမယ်။ အခြေအနေတွေကြည့်ပြီး အားလုံးအဆင်ပြေသွားအောင် ငါလုပ်ပေးပ့ါမယ်။ မင်းဘယ်ကို ဆက်သွားတယ်ဆိုတာပါ ဟိုတယ်ကိုပြောခဲ့မယ် "

" ဘာကွ . . . "

" ငါ့တာဝန် ထားစမ်းပါကွာ။ ဟိုတယ်ကနေပြီး ငါ့အိမ်ကို မင်း ပြောင်းနေနေပါတယ်လို့ ဟိုတယ်ကို ပြောခဲ့မှာပေ့ါ။ တစ်ယောက်ယောက်က ငါ့ဆီ ဖုန်းဆက်ရင် ငါကြည့်လှိမ့်လိုက်ပ့ါမယ်။ မင်းစိတ်အေးအေးသာနေ "



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများသိမ်းရန် ဟိုတယ်သို့ ဝီလီသွားနေခိုက် နိုဝယ်က ရေချိုးသည်။ ဝီလီ၏ အဝတ်များကို ယူဝတ်သည်။ ထို့နောက် တရေးအိပ်သည်။

ဝီလီပြန်ရောက်လာသောအခါကျမှ သူအိပ်ရာမှ နိုးလေသည်။

" မင်းကောင်းကောင်း အနားယူလိုက်ရတယ် ထင်တယ်။ လန်းလန်းဆန်းဆန်း ဖြစ်နေပြီ "

" ငါ့ပစ္စည်းတွေ ပါလာပြီလား "

" ပါလာပြီ။ မင်းဘယ်ကိုပြောင်းနေမယ်ဆိုတာ မေးကြတယ်ကွ။ ငါကလဲ ငါ့အိမ်လိပ်စာနဲ့ ဖုန်းနံပါတ် ပြောပြလိုက်တယ်။ နောက်ပြီးတော့ ဆမ်ဆိုတဲ့ လူကို မင်း သိသလား "

နိုဝယ်က ဝီလီကို ပြန်ငေးကြည့်နေသည်။ ဆမ်ထံသို့ သူကြေးနန်းသုံးစောင် ရိုက်ခဲ့သေးသည်။ လန်ဒန်မြို့သို့ ခရီးဆက်သွားပြီဖြစ်ကြောင်း လစ္စဘွန်းမြို့တုန်းက နောက်ဆုံးရိုက်ခဲ့သည်။

" သူ ဖုန်းဆက်လို့လား "

" မင်းကို ဆက်နေတာ အကြိမ်ပေါင်းကို မရေတွက်နိုင်တော့ဘူးတဲ့။ ကူရာကောင်းကျွန်းပေါ်ကနေပြီး ဆက်နေတာလို့ ဟိုတယ်မန်နေဂျာကပြောတယ် "

ထို့ကြောင့် နိုဝယ်က ဝီလီ၏ဖုန်းနှင့် ကူရာကောင်းကျွန်းသို့ ဖုန်းလှမ်းဆက်ရတော့သည်။

" နိုဝယ်. . . လက်ဖတင်နင်မိုင်းလ်စ်ဆိုတဲ့ အကောင်ကို တို့ဆက်ပြီး အရှူးလုပ်လို့ မရတော့ဘူးကွ။ မင်းနယူးယောက်မြို့ကို ပြန်လာဖို့ ရုံးတောကနေ ဝရမ်းထုတ်ခိုင်းတော့မယ်လို့ ငါ့ကိုပြောတယ်။ သူပြောပုံကို နားထောင်ကြည့်ရတာတော့ တကယ်ကို ရုံးတော်ကနေ ဝရမ်းထုတ်တော့မယ့် ပုံမျိုးပဲ " ဟု ဆမ်က ပြောပြသည်။

" ဘာကြောင့် ဒီလိုလုပ်မယ်ဆိုတာကိုရော သူက ရှင်းပြသေးသလား"

" သူတို့လိုချင်တဲ့ သတင်းတွေကို မင်းပြောပြနိုင်တယ်လို့ သူတို့ထင်နေကြတယ်တဲ့။ ဒါလောက်ပဲ ပြောတယ် "

ထိုစကားကြားရသောအခါ နိုဝယ်က ဘာဆက်လုပ်ရမည်ကို အပြေးအလွှား စဉ်းစားရတော့သည်။ ဆမ်ကို သည်ထက်ပိုပြီး တာဝန်ပေးထား၍လည်း မကောင်းတော့။ မိမိဘက်က သိတတ်ဖို့လိုသည်ဟု စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ့မှာ ဆမ်တစ်ယောက်သာလျှင် အားကိုးစရာရှိတော့သည်။

" ကျွန်တော်ပြောတာကို နားထောင်ပါဦး ဆမ်။ ကျွန်တော် ဒီနေ့ပဲ ပါရီမြို့ကိုသွားတော့မယ်။ ပါရီမြို့မှာ အမေရိကန် ဆက်သွယ်ရေးရုံးရှိတယ်။ ခင်ဗျားသိမှာပေါ့။ ကိစ္စတစ်ခုခုပေါ်လာရင် ကျွန်တော့်ကို အဲဒီကနေတဆင့် ကြေးနန်းရိုက်ပါ "

" မိုင်းလ်စ်က ဖုန်းထက်ဆက်ရင် ငါဘယ်လို ပြောပြရမလဲ "

" ကျွန်တော်နဲ့ခင်ဗျား အဆက်အသွယ်ရကြောင်း ပြောပြပါ။ သူ့ကိုလဲ ကျွန်တော် အမြန်နိုင်တကာ့အမြန်ဆုံး ဖုန်းဆက်ပါ့မယ်လို့ ကျွန်တော်က ပြောသွားကြောင်း ပြောပြပေးပါ။ သူကထပ်ပြီး အကျပ်ကိုင်လာရင် ကျွန်တော် ပြင်သစ်ပြည်ကို ရောက်နေကြောင်းနဲ့ ကျွန်တော်ကို အဆက်အသွယ်လုပ်ချင်ရင် အမေရိကန် ဆက်သွယ်ရေးရုံးကနေတဆင့် ကြေးနန်းရိုက်နိုင်ကြောင်း ပြောပြလိုက်ပါဗျာ "

" နောက်တစ်ခုကျန်သေးတယ်။ မင်းအမေကလဲ ဖုန်းဆက်တယ်ကွ။ မင်းအမေကို လိမ်ပြောဖို့တော့ ငါ့အနေနဲ့ တော်တော်ကသိကအောင့် နိုင်တာပဲကွာ။ မင်းအမေကကိုတော့ မင်း လိမ်မပြောသင့်ဘူး "

ဆမ မည်မျှ ကသိကအောင့် ဖြစ်ကြောင်းကို အသံနားထောင်ရုံဖြင့်ပင် သိနိုင်ပါသည်။ ယခုပြောနေသည့် လေသံပင်လျှင် မူမမှန်ချင်။

ထို့ကြောင့် နိုဝယ်က ပြုံးမိသည်။

" ဘယ်တုန်းက ဆက်တာလဲ "

" တမြန်နေ့ညက. . . မင်းအမေက တည်တည်ငြိမ်ငြိမ်ပါပဲ။ အလွန်လေးစားစရာကောင်းတဲ့ အမေတစ်ယောက်ပါကွာ။ မင်းနဲ့ တစ်ရက်နှစ်ရက်အတွင်း အဆက်အသွယ် ရမှာပါလို့ ငါပြောလိုက်တယ် "

" ပါရီမြို့ကိုရောက်ရင် ကျွန်တော် ဖုန်းပြန်ဆက်လိုက်ပါ့မယ်။ တခြားဘာပြဿနာ ရှိသေးသလဲ "

" ဒါလောက်နဲ့တင် မလုံလောက်သေးဘူးလားကွ "

" ကျွန်တော်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြစ်နေတယ်ဗျာ။ တစ်ရက်နှစ်ရက်အတွင်း ခင်ဗျားကို ကျွန်တော် ဖုန်းပြန်ဆက်ပါ့မယ်။ ဒီကြားထဲမှာ ထူးတာရှိရင်တော့ ကျွန်တော် စောစောကပြောတဲ့ အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးရုံးကိုပဲ ကြေးနန်းရိုက်လိုက်ပါ ”

နိုဝယ်က ဖုန်းပြန်ချပြီး စုံထောက် အရာရှိ မိုင်းလ်စ်အကြောင်းကို စဉ်းစားနေမိသည်။

သူတို့လိုချင်သည့်သတင်း မိမိထံမှ ရနိုင်မည်ဟု ယူဆနေခြင်းမှာ ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပျံပေါ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့်သာ ပတ်သက်ရပေမည်။

သည်အတိုင်းဆိုလျှင်တော့ ဂျိနီဗာပြဿနာကို အမေရိကန်စုံထောက်များ တစ်စုံတစ်ရာသိကြပုံ မပေါ်သေးဟုဆိုရမည်။

နိုဝယ်က ဝီလီ ယူလာပေးသည့် ဟိုတယ်မှ သူ့အဝတ်အစားများကို ထလဲသည်။

“ ငါ အဝတ်အစားနည်းနည်းပဲ ယူသွားမယ်ကွာ။ ကျန်တာတွေ မင်းအိမ်မှာပဲ သိမ်းထားခဲ့မယ် ”

“ ရပါတယ်။ မင်းအတွက် ဟောဒါကလေးတွေတော့ လိုလိမ့်မယ်ထင်တယ် ”

ဝီလီက ပြောပြောဆိုဆို နံရံရှိစင်ပေါ်မှာ တင်ထားသော ဗူးတစ်ခုကို ဆွဲယူသည်။ စားပွဲပေါ်သို့ ပြင်သစ် ငွေအကြွေများ သွန်ချသည်။

“ ဟိုရောက်တဲ့အခါမှာ အကြွေလိုရင် မင်းလိုက်လဲမနေရတော့ဘူးပေ့ါ။ အရေးတကြီးသုံးစရာရှိတဲ့အခါမှာ ထိရောက်တာပေ့ါ။ သူငယ်ချင်းရာ။ တစ်နေ့နေ့မှာလိုရင် အလွယ်ရအောင် ငါစုထားတာ ”

“ ကျေးဇူးပါပဲ သူငယ်ချင်းရာ ”

နိုဝယ်က ဝီလီလှမ်းပေးသည့် ပြင်သစ်ပိုက်ဆံအကြွေများကို ဘောင်းဘီအိတ်ထဲ ယူထည့်သည်။

\+ \+ \+

ခပ်ကြောင်ကြောင်အဖြစ်များသည် လန်ဒန် ဟိသရိုးလေဆိပ်မှ စတင်ဖြစ်ပွားခဲ့သည်။ ပြင်သစ်နိုင်ငံ အော်လီလေဆိပ်သို့ ရောက်သောအခါ ပိဆိုးလာသည်။

ဟိသရိုးလေဆိပ်မှာတုန်းက နိုဝယ်သည် ကေအယ်လ်အမ်လေကြောင်းဖြင့် အမ်စတာဒမ်မြို့သို့သွားရန် လက်မှတ်တစ်စောင်ဝယ်သည်။ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးအရာရှိများ လာရောက်စစ်ဆေးလျှင် ယုံကြည်သွားစေရန် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြင်သစ်လေယာဉ်ပျံဖြင့် ပါရီမြို့သို့လိုက်ပါရန် လက်မှတ်တစ်စောင်ကို တစ်နေရာမှ သူ့အတွက် ဝီလီက ဝယ်ပေးနေသည်။

နို့ဝယ်က ကေအယ်လ်အမ် လေကြောင်းကုမ္ပဏီအပေါက်မှထွက်ပြီး ပြင်သစ်လေကြောင်းကုမ္ပဏီ အပေါက်သို့ ထွက်သွားသောအခါ လူအုပ်ကြားထဲမှာရှိနေသော မိုးကာအင်္ကျီနှင့်လူတစ်ယောက်က နားမလည်သလို မျက်လုံးပြူးသွားလေသည်။

ပြင်သစ်လေကြောင်းကုမ္ပဏီ ဝင်ပေါက်တွင် စောင့်နေသော ဝီလီက နို့ဝယ်ကို လေယာဉ်ပျံလက်မှတ် ဆီးပေးသည်။

ပြင်သစ်နိုင်ငံ အော်လီလေဆိပ်သို့ ရောက်သောအခါ နို့ဝယ်က ကျွန်းပတ်လေယာဉ်ကို စီးဖို့ဆုံးဖြတ်သည်။ ကျွန်းပတ်လေယာဉ်က လာမန်း၊ နန်းတေး၊ ဘော်ဒူး၊ ထူလောက်နှင့် မာဆေးလ်မြို့များသို့ လှည့်ပျံသည်။

လာမန်းလေဆိပ်သို့ အော်လီလေဆိပ်မှ ပျံသန်းချိန်သည် မိနစ်လေးဆယ်ဖြစ်သည်။ လာမန်းလေဆိပ်မှ ပါရီမြို့သို့ မော်တော်ကားမောင်းသွားလျှင် သုံးနာရီ၊ သုံးနာရီခွဲခန့်ကြာမည်။

နို့ဝယ်က လက်ပတ်နာရီကို မြှောက်ကြည့်သည်။ လေးနာရီထိုးရန် မိနစ်နှစ်ဆယ် လိုသေးသည်။

“ လာမန်းမြို့ကိုပဲ သွားမယ်။ ဟိုကျမှ မာဆေးမြို့ကို ကားနဲ့ဆက်သွားမယ် ” ဟု နို့ဝယ်က လက်မှတ်ရောင်းစာရေးကို ပြောသည်။

“ မာဆေးလ်မြို့ကို လေယာဉ်ပျံ တိုက်ရိုက် သွားပါတယ် ခင်ဗျာ ” စာရေးက နားမလည်သလို မော့ကြည့်သည်။

“ ကိစ္စမရှိဘူး။ လာမန်းမှာ လူလာကြိုနေလိမ့်မယ် ”

နို့ဝယ်က လက်မှတ်ကိစ္စစီစဉ်ပြီး တစ်ဘက်သို့ ထွက်လာခဲ့သည်။ လေဆိပ်အဝင်ဝနားတွင် အင်္ဂလိပ်လူမျိုးနှစ်ယောက်ကို တွေ့ရသည်။ သူတို့လက်ထဲမှာ ဓာတ်ပုံသေးသေးကလေးတစ်ခုကို ခပ်အုပ်အုပ်ကိုင်ထားပြီး လေဆိပ်ထဲသို့ တစ်ယောက်ဝင်လာတိုင်း ဓာတ်ပုံကလေးနှင့် မသိမသာ တိုက်ဆိုင်ကြည့်နေသည်။

သူတို့အမူအရာကို နို့ဝယ်က လှမ်းမြင်သည်။ ဓာတ်ပုံနှင့်တိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကြောင့် ထိုသူနှစ်ယောက်သည် ဝံပုလွေများ မဖြစ်နိုင်ကြောင်း၊ ဝံပုလွေများသည် သူ့ကို ခတ်ပုံနှင့်တိုက်ကြည့်နေရန် မလိုကြောင်း သူသိသည်။

သည်အတိုင်းဆိုလျှင် ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ် ၅ တပ်ဖွဲ့မှ လွှတ်လိုက်သူများသာဖြစ်ရမည်ဟုလည်း တွက်ဆလိုက်မိလေသည်။

နောက် ဆယ့်ငါးမိနစ်ကြာသောအခါ သူတို့ လေယာဉ်ပျံထွက်လာသည်။ အော်လီလေဆိပ်မှာတွေ့ခဲ့သည့် အင်္ဂလိပ်စုံထောက်နှစ်ယောက်ကို နိုဝယ်က ရှာကြည့်သည်။ နှစ်ယောက်စလုံး လေယာဉ်ပျံပေါ်မှာ လိုက်ပါလာခြင်းမရှိပါ။

ထို့ကြောင့် စိတ်သက်သာရာ ရသွားသည်။

လာမန်းလေဆိပ်သို့ ရောက်သောအခါ ခရီးသည်များအားလုံးဆင်းပြီးသည်အထိ နိုဝယ်က ထိုင်စောင့်နေသည်။ အားလုံးဆင်းသွားပြီး အတောကလေးကြာတော့မှ သူ့လက်ကိုင်အိတ်ကိုဆွဲကာ အူယားဖားယားပြေးဆင်းခဲ့သည်။ နောက်ပိုင်းပြန်ကြည့်သောအခါ လေယာဉ်ပျံပေါ်မှဆင်းပြီး သူ့နောက်လိုက်လာသူ တစ်ယောက်မှမရှိပါ။

သူလုပ်ပုံကို ပြန်စဉ်းစားကြည့်ရင်း အတော်ပိရိသည်ဟု ယုံကြည်ကာ ပို၍ စိတ်ချမ်းသာသွားလေသည်။

နာရီကို မြှောက်ကြည့်သည်။ ငါးနာရီထိုးရန် ဆယ့်ခုနစ်မိနစ် လိုသေးသည်။

အနီးဆုံး တယ်လီဖုန်းရုံထဲသို့ ဝင်ခဲ့သည်။ ဝီလီ ပေးလိုက်သည့် ပိုက်ဆံအကြွေများသည် မည်မျှတန်ဖိုးကြီးကြောင်း ယခုမှ သဘောပေါက်တော့သည်။ ဖုန်းရုံထဲမှ ဝီလီ ပေးလိုက်သည့် ပိုက်ဆံအကြွေထည့်ပြီး အလွယ်တကူဆက်နိုင်သည်။ ထိုအကြွေများပါမလာလျှင် အကြွေလျှောက်အမ်းနေရဦးမည်။ ယခုတော့ အားလုံးအဆင်ပြေသွားသည်။

ပါရီမြို့မှာရှိနေသော ဂါလီမတ်စာအုပ်ထုတ်ဝေရေးတိုက်သို့ ဖုန်းလှမ်းဆက်သည်။ သူတို့စာအုပ်တိုက်မှာ ဟယ်လ်ဒင်ရှိနေကြောင်း၊ သို့သော်လည်း ဟယ်လ်ဒင်၏စားပွဲတွင် ဖုန်းမရှိသောကြောင့် သွားခေါ်ပေးမည်ဖြစ်ရာ ခဏထိုင်စောင့်ပါရန် ဖုန်းကိုင်သူက ပြောသည်။

နိုဝယ်က ဖုန်းထဲမှနေ၍ အပြင်သို့ မသိမသာအကဲခတ်ကြည့်သည်။ မိမိကို တစ်စုံတစ်ယောက်ကများ စောင့်ကြည့်နေသလားဟု စူးစမ်းခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော်လည်း မသင်္ကာဖွယ်ရာ တစ်ယောက်မှမတွေ့သောကြောင့် စိတ်အေးသွားသည်။

ခဏကြာတွင် တစ်ဘက်မှ ဟယ်လ်ဒင်၏အသံ ပေါ်လာသည်။ သူ့အစ်မ ဂရက်ချန်ကဲ့သို့ပင် ပေါ်တူဂီနှင့်ဂျာမန်သံ ဝဲသည်။

" ကျွန်မ ဘာကိစ္စရှင်နဲ့တွေ့ရမှာလဲ။ ရှင့်ကိုလဲ ကျွန်မသိတာ မဟုတ်ဘူး။ မစ္စတာဟိုးလ်ခရော့ဖ်တ် "

" သိပ်ကိုအရေးကြီးလွန်းလို့ပါ။ ကျေးဇူးပြုပြီး ကျုပ်ကို ယုံပါ "

" ကျွန်မဘဝမှာ အရေးကြီးတာတွေ များလွန်းလွန်းလို့ . . အရေးကြီးတာဆိုရင် ကျွန်မ စိတ်ကုန်နေပါပြီရှင် "

" ဟိုတုန်းက မင်းကြုံခဲ့ဖူးတဲ့ အရေးကြီးတာတွေမျိုး မဟုတ်ပါဘူး။ အခုဟာက တစ်မျိုးပါ "

" ကျွန်မ ဒီမှာရှိနေတယ်ဆိုတာ ရှင် ဘယ်လိုလုပ် သိသလဲ "

" လူတွေ . . မင်းမသိတဲ့ အင်္ဂလန်ကလူတွေက မင်းဘယ်မှာ အလုပ်လုပ်နေတယ်ဆိုတာ ပြောပြလိုက်လို့။ ဒါပေမယ့် ဘယ်မှာနေတယ်ဆိုတာတော့ သူတို့မသိဘူးတဲ့။ မင်းရဲ့အလုပ်ဌာနမှာလဲ ပေးမထားဘူးတဲ့။ ဒါကြောင့် မင်းကို အခု ဖုန်းနဲ့လှမ်းဆက်ရတာ "

" ကျွန်မ ဘယ်မှာနေနေတယ်ဆိုတာကို စုံစမ်းရအောင် သူတို့က ကျွန်မကို သိပ် စိတ်ဝင်စားနေကြသလား "

" စိတ်ဝင်စားတယ်။ မင်းကို ကျုပ် တွေ့ချင်တဲ့အကြောင်းတွေထဲမှာ အဲဒါတစ်ခုလဲ ပါတယ် "

" သူတို့က ဘာကြောင့် ကျွန်မကို ဒါလောက်တောင် စိတ်ဝင်စားနေကြတာလဲ "

" မင်းနဲ့တွေ့တော့ ပြောပြပါ့မယ်။ မင်းကို ပြောကိုပြောပြရမယ့်ကိစ္စပါ "

" အခုပြောပါ "

" ဖုန်းနဲ့တော့ မပြောနိုင်ဘူး "

တစ်ဘက်မှ အတော်ကြာအောင် တိတ်သွားသည်။ ဟယ်လ်ဒင်၏အသံ ပြန်လည်ပေါ်ထွက်လာသောအခါ ထိုအသံတွင် စိုးရိမ်မှုများ၊ မရေရာမသေချာမှုများ ရောနှောပါဝင်နေကြောင်း သိသာထင်ရှားလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကို ရှင် ဘာဖြစ်လို့ တွေ့ချင်ရတာလဲ။ ရှင်နဲ့ကျွန်မကြားမှာ သိပ်ကို အလျင်လိုတဲ့အကြောင်း ဘယ်လိုလုပ်ရှိနိုင်သလဲ "

" ဒီကိစ္စက မင်းမိသားစုနဲ့ဆိုင်ပါတယ်။ ကျုပ်တို့နှစ်ယောက်စလုံးရဲ့ မိသားစုနဲ့ဆိုင်ပါတယ်။ မင်းအစ်မနဲ့ ကျုပ်တွေ့ခဲ့ပြီးပြီ။ မင်းအစ်ကိုနဲ့ အဆက်အသွယ်ရဖို့ကို ကျုပ် ကြိုးစားခဲ့ပေမယ့် . . . "

" သူတို့နှစ်ယောက်စလုံးနဲ့ ကျွန်မ အဆက်အသွယ်မရတာ တစ်နှစ်ကျော်သွားပြီ။ ဒါကြောင့် ရှင့်ကိုကျွန်မ ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ပါဘူး"

ဟယ်လ်ဒင်က နိုဝယ်၏စကားကိုပင် အဆုံးအထိ နားမထောင်မနေတော့ပဲ ကြားဖြတ်ဝင်ပြောသည်။

" လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က အကြောင်းတွေကို တို့နှစ်ယောက် ပြောစရာရှိတယ် ဆိုရင်ရောကွာ. . . "

" မပြောနိုင်ဘူး . . . "

" ငွေရေးကြေးရေးနဲ့ ဆိုင်တယ်။ သိပ်ကိုများပြားတဲ့ ငွေရေးကြေးရေးနဲ့ ဆိုင်တယ် "

" ကျွန်မရတဲ့ ဝင်ငွေနဲ့ ကျွန်မ သုံးလောက်စွဲလောက်ပါတယ်။ ကျွန်မလိုတာက . . . "

သည်တစ်ခါ စကားဖြတ်ပြောသူက နိုဝယ်ဖြစ်သည်။

" မင်း တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ထောင်ပေါင်းများစွာအတွက်. . နေရာတကာမှာရှိနေတဲ့ ထောင်ပေါင်းများစွာအတွက်. . "

တစ်ဘက်က အသံတိတ်သွားပြန်သည်။ အတော်ကလေးကြာတော့မှ ပျော့ပျောင်းသည့် လေသံကလေးပေါ်ထွက်လာသည်။

" စစ်အတွင်းတုန်းက လူတွေနဲ့ ပတ်သက်တဲ့ အကြောင်းများလား"

" ဟုတ်ပါတယ် "

နောက်ဆုံးတွင် ဟယ်လ်ဒင်ကို သူ စည်းရုံးနိုင်ပြီလားဟု တွေးကြည့်လိုက်မိသည်။

" ကျွန်မ တွေ့မယ် "

ဟယ်လ်ဒင်က တိုတိုပင် ပြောချလိုက်သည်။

" တွေ့မယ်ဆိုရင်. . ဟို. . . "

နိုဝယ်မှာ ဘာဆက်ပြောရမှန်း မသိနိုင်အောင် ဖြစ်နေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



အပြောမတတ်လျှင် တစ်ဘက်က အမျိုးသမီး အထိတ်တလန့်ဖြစ်သွားပြီး သူတို့ နှစ်ယောက်တွေ့ဖို့ အစီအစဉ်ပျက်သွားမှာကိုလည်း စိုးရိမ်ရသေးသည်။

" ကျွန်မတို့နှစ်ယောက် တွေ့တာကို တခြားလူတွေ မြင်မသွားဖို့ အရေးကြီးတဲ့အကြောင်း ပြောမလို့မဟုတ်လား။ ကျွန်မ စီစဉ်ပါ့မယ် "

" ဘယ်လို . . . "

" ကျွန်မမှာ အတွေ့အကြုံတွေ့ရှိပါတယ်။ ကျွန်မပြောတဲ့အတိုင်းသာ အတိအကျလိုက်လုပ်ပါ။ ရှင့် . . . အခု ဘယ်မှာလဲ "

" လာမန်းလေဆိပ်မှာ၊ ကျုပ် မော်တော်ကားတစ်စီးငှားပြီး ပါရီမြို့ကို လာခဲ့မယ်။ နှစ်နာရီ သုံးနာရီတော့ ကြာမယ် "

" ငှားတဲ့ကားကို ဂိုဒေါင်ထဲမှာ ခဏထားခဲ့ပါ။ ပြီးတော့ တက္ကဆီနဲ့ မောင့်မာထရာကိုသွားပါ။ စာကရေ ဘုရားရှိခိုးကျောင်းထဲကိုသွားပါ။ အထဲ ရောက်ရင် ဖယောင်းတိုင်မီး ပူဇော်တဲ့ နေရာမှာ ဖယောင်းတိုင်မီး ပူဇော်ဖို့ပြင် ဆင်ပါ။ ဖယောင်းတိုင် ချထွန်းကာနီးမှ ရှင့်စိတ်ကို ပြောင်းလိုက်တဲ့အနေနဲ့ တခြားတစ်နေရာကို ရွှေ့ထွန်းပါ။ အဲဒီမှာ လူတစ်ယောက်က ရှင့်ကို လာခေါ် လိမ့်မယ်။ ပန်းခြံထဲကို ခေါ်လာလိမ့်မယ်။ ရှင် ဘာဆက်လုပ်ရမယ်ဆိုတာ သူက ပြောပြလိမ့်မယ်။ သူပြောတဲ့အတိုင်း တသဝေမတိမ်း လိုက်လုပ်ပါ "

" ဒါလောက်ကြီးကျယ်ဖို့ မလိုဘူးထင်ပါတယ်။ ကျုပ်တို့ နှစ်ယောက် ဘားတစ်ခုခုထဲမှာဖြစ်ဖြစ်၊ စားသောက်ဆိုင်တစ်ခုခုထဲမှာဖြစ်ဖြစ် တွေ့ရင် ဖြစ်တာပဲ မဟုတ်လား "

" အခုလိုပြောနေရတာ ရှင့်လုံခြုံရေးအတွက် ပြောနေတာ မဟုတ် ဘူး။ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ကျွန်မရဲ့ လုံခြုံရေးအတွက် ပြောနေရတာပါ။ ကျွန်မပြောတဲ့အတိုင်း ရှင်မလိုက်နာဘူးဆိုရင် ဒါမှမဟုတ် ရှင်တစ်ယောက် တည်းလာတာမဟုတ်ဘူးဆိုရင် ကျွန်မ အတွေ့အခံတော့ဘူး။ ဒီနေ့ညပဲ ပါရီကို ကျွန်မပြန်ပြီး တစ်သက်လုံးခြေရာ ဖျောက်သွားတော့မယ်။ ရှင် ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူး "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

ဆာကရေဘုရားရှိခိုးကျောင်းထဲသို့ နိုဝယ် ဝင်လာခဲ့သည်။ ဘုရားရှိခိုးကျောင်းထဲမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ အလွန်တရာ အေးချမ်းသောဘုရားရိပ် ကျောင်းရိပ်ဖြစ်ကြောင်း နိုဝယ် သဘောပေါက်မိသည်။

ဖယောင်းတိုင်ရှိသည့် သေတ္တာကလေးထဲသို့ ငွေအကြွေထည့်လိုက်သည်။ အခက်အခဲများကို ကြိုတင်မြင်ပြီး အကြွေများပေးလိုက်သည့် ဝီလီကို ကျေးဇူးတင်မိပြန်သည်။

ဖယောင်းတိုင်တစ်တိုင် ထွက်လာသည်။ ဆီမီးပူဇော်သည့်နေရာသို့ လျှောက်ခဲ့သည်။ တစ်နေရာမှာရပ်သည်။ ဖယောင်းတိုင်ကို မီးခြစ်နှင့် မီးထွန်းသည်။

တစ်နေရာတွင် စိုက်မည်ဟုပြင်ပြီးမှ အခြားတစ်နေရာသို့ ရွှေ့ကာ ဖယောင်းတိုင်ကို စိုက်လိုက်လေသည်။

ထိုအချိန်မှာပင် တစ်စုံတစ်ယောက်က သူ့ပခုံးကို လာတို့သည်။ လှည့်ကြည့်လိုက်သောအခါ အရပ်မနိမ့်မမြင့် လူတစ်ယောက်ကို တွေ့ရသည်။ နဖူးကျယ်သည်။ နက်မှောင်သော ဆံပင်များက ခပ်ပါးပါးသာရှိသည်။ အသက်သုံးဆယ်ကျော်ရုံလောက်ပဲ ရှိဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



" တစ်ဘက်ကို တဖြည်းဖြည်းချင်း ပြန်လှည့်ပါ မွန်ဇွန်. . . လက်နှစ်ဘက်ကို ဘေးချထားပါ "

နိုဝယ်က သူပြောသည့်အတိုင်း လုပ်သည်။

ထိုသူက ရှေ့သို့တိုးလာပြီး နိုဝယ်၏ကိုယ်လုံးကို စမ်းကြည့်သည်။ ကုတ်အင်္ကျီအောက်သို့ စမ်းသည်။ ခါးကိုစမ်းသည်။ ချိုင်းအောက်ကို စမ်းသည်။ နိုဝယ် တွန့်သွားသည်။

" ငြိမ်ငြိမ်နေလို့ ပြောထားတယ် မဟုတ်လား "

ထိုသူက လေသံခပ်တိုးတိုးဖြင့် ပြောပြန်သည်။ ပြီးတော့ စိတ်တိုင်းကျအောင် ဆက်စမ်းသည်။ ထိုအခါကျတော့မှပင် လက်နက်ရှာခြင်းဖြစ်ကြောင်း နိုဝယ်က သဘောပေါက်တော့သည်။

" ကျုပ် နောက်ကလိုက်ခဲ့။ ဟိုလမ်းပေါ်ကိုတက်ပြီး ပန်းခြံအထိ ကျုပ် လျှောက်သွားမယ်။ သိပ်ပြီး ကပ်မလိုက်နဲ့။ မလှမ်းမကမ်းကနေ လိုက်ပါ။ ပန်းခြံလမ်းရဲ့ တစ်ဘက်ခြမ်းက လက်ဖက်ရည်ဆိုင်ကို ရောက်ရင် ဆိုင်ထဲမှာ ရှိနေနှင့်တဲ့ ကျုပ်မိတ်ဆွေနှစ်ယောက်ဆီကို ကျုပ်ဆက်သွားမယ်။ သူတို့နဲ့အတူတူ ထိုင်မယ်။ ခင်ဗျားလမ်းဘေးမှာ ဟိုနားဒီနားလျှောက်ပါ။ အနုပညာပစ္စည်းတွေ ရောင်းတဲ့ဆိုင်နားကို သွားပါ။ ပစ္စည်းတွေကို ဟန်မပျက်ကြည့်နေပါ။ ခဏကြာတော့မှ ကျုပ်တို့ရှိနေတဲ့ လက်ဖက်ရည်ဆိုင်ကို ပြန်လာပါ။ ကျုပ်တို့ကို မြင်ဖူးတဲ့လူတွေ အနေနဲ့ နှုတ်ဆက်ပါ။ အသိအကျွမ်းအနေနဲ့ နှုတ်ဆက်တာမျိုး မဟုတ်ဘူးနော်။ သဘောပေါက်ရဲ့လား "

" ပေါက်ပါတယ် "

ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ်၊ သို့မဟုတ် ဟယ်လ်ဒင်တင်နီဆန်ထံသို့ ရောက်ဖို့အရေးမှာ ဤကဲ့သို့ပင် ရှည်ဝေးလွန်းလှလေသည်။

နိုဝယ်က သူပြောသည့်အတိုင်း မလှမ်းမကမ်းမှ လိုက်သွားသည်။ ထိုသူက ပန်းခြံကိုဖြတ်ပြီး တစ်ဘက်ခြမ်းသို့ လျှောက်သွားသည်။ လမ်းတစ်ဘက်ခြမ်းမှာ ရှိနေသော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားကာ စားပွဲတစ်လုံးမှာ ဝင်ထိုင်သည်။

နိုဝယ်က မသိမသာ လှမ်းကြည့်နေသည်။

သူဝင်ထိုင်သည့် စားပွဲမှာ လူနှစ်ယောက်ရှိနှင့်နေသည်။ တစ်ယောက်က ယောကျ်ားဖြစ်ပြီး ဂျာကင်ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က အမျိုးသမီးဖြစ်သည်။ မိုးကာအင်္ကျီဝတ်ထားသည်။ အဖြူရောင်လည်စည်းကို စည်းထားသည်။ သူ့ဆံပင်များက နက်မှောင်လွန်းလှလေရာ လည်စည်းအဖြူရောင်ကြောင့် ပို၍ပင် ထင်ရှားနေတော့သည်။ မိုးကာကလည်း အနက်ရောင်ပင် ဖြစ်သည်။ မျက်မှန်အနက်ကြီးကို တပ်ထားသည်။ မျက်နှာပေါ်တွင် မိတ်ကပ်တွေ များလွန်းသည်။

ထိုအမျိုးသမီးသာ ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ် ဖြစ်မည်ဆိုပါက သူ့အစ်မ ဂရက်ချန်နှင့် ရုပ်ချင်းတော်တော်ကွာသည်ဟု နိုဝယ်က တွေးမိလေသည်။

သူတို့ညွှန်ကြားသည့်အတိုင်း နိုဝယ်က တစ်ဘက်သို့ မသိမသာလျှောက်သွားသည်။ အနုပညာပစ္စည်းများ ရောင်းသည့် ဆိုင်ရှေ့မှာ သွားရပ်သည်။ ပစ္စည်းများကို စိတ်ပါဝင်စားသည့် အနေဖြင့် လိုက်ကြည့်နေသည်။

ခဏကြာတော့မှ နောက်ကြောင်း ပြန်လှည့်လာကာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့သည်။ စောစောကလူများ ထိုင်နေသည့် စားပွဲရှိရာသို့ မတော်တဆ ရောက်သွားသလို မှင်သေသေဖြင့် လျှောက်သွားသည်။

“ ဟယ်လို. . . ကျွန်တော် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ပါ ”

နိုဝယ်က မည်သူ့ကိုရည်စူးပြီး ပြောသည့်ပုံစံမျိုးမဟုတ်ပဲ အားလုံးကို ပြောသလိုလိုဖြင့် ပြောသည်။

“ ကျွန်တော်တို့ သိပါတယ် ”

ဂျာကင်နှင့်လူက ပြန်ပြောသည်။ မျက်နှာချင်းဆိုင်ရှိ ပန်းခြံဘက်သို့လည်း မကြာခဏ မျက်စိလှမ်းကစားနေသည်ကို မြင်ရသည်။

နိုဝယ်က အမျိုးသမီးဘေးရှိ လွတ်နေသော ကုလားထိုင်မှာ ဝင်ထိုင်သည်။

“ မင်းက ဟယ်လ်ဒါင်ဗွန်. . အဲ. . စိတ်မရှိပါနဲ့။ ဟယ်လ်ဒင်တင်နီဆန်များလား ” ဟုလည်း အမျိုးသမီးကို မေးသည်။

“ မဟုတ်ပါဘူး။ သူ့ကို ကျွန်မ တစ်ခါမှမမြင်ဖူးဘူး။ ဒါပေမယ့် သူ့ဆီရောက်အောင် ရှင့်ကိုခေါ်သွားရမှာက ကျွန်မပဲ ”

အမျိုးသမီးက ဂျာကင်အင်္ကျီနှင့်လူ၏ အရိပ်အကဲကို မလွတ်တမ်း စိုက်ကြည့်နေရင်းက ပြန်ဖြေသည်။

“ ခင်ဗျား တစ်ယောက်တည်းလား ”

ဘုရားရှိခိုးကျောင်းထဲမှာ နိုဝယ်ကို လာခေါ်သူက မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



" သိပ်ကို တစ်ယောက်တည်းပေ့ါဗျာ။ ကဲ. . . ကျုပ်တို့ စနိုင်ပြီလား။ ဟယ်လ်ဒင်. . . တင်နီဆန်ကပြောတယ်။ ကျုပ်ကို လိုအပ်တဲ့ ညွှန်ကြားချက်တွေကို ခင်ဗျားတို့က ပေးလိမ့်မယ်တဲ့။ သူ့ကို ကျုပ် တွေ့ချင်ပြီ။ စကားတစ်ခွန်းနှစ်ခွန်း ပြောပြီးရင် တည်းဖို့ ဟိုတယ်ရှာရမယ်။ လွန်ခဲ့တဲ့ရက်တွေတုန်းက ကျုပ် ကောင်းကောင်းမအိပ်ခဲ့ရဘူး။ အိပ်ရေးသိပ်ပျက်နေပြီ "

နိုဝယ်က ထိုသို့ပြောရင်း ထိုင်ရာမှ ထဖို့ပြင်သည်။

" ထိုင်နေပါ "

ဆံပင်နက်နက်နှင့်အမျိုးသမီးက သံပြတ်ဖြင့် ခပ်ဆတ်ဆတ်ပြောသည်။

နိုဝယ်ကပြန်ထိုင်သည်။ သူနှင့်အတူရှိနေသည့် သုံးယောက်ကို မသိမသာ အကဲခတ်ကြည့်မိသည်။ သုံးယောက်စလုံးက အထိတ်တလန့်ဖြစ်နေကြပုံရသည်။ နိုဝယ်ကို မယုံသင်္ကာစိတ်ထက် ပတ်ဝန်းကျင်ကို ပိုပြီး အာရုံစိုက်ကာ အကဲခတ်နေကြသည်။

ထိုသို့ နိုဝယ် အကဲခတ်နေခိုက်မှာပင် သူတို့သုံးယောက်စလုံး အနေရ အထိုင်ရ ခက်လာသည့်ပုံမျိုး ပေါ်လာသည်။ လက်ဖက်ရည်ဆိုင်ရှေ့သို့ သုံးယောက်စလုံး ပြူကြည့်နေကြသည်။ နိုဝယ်ကလည်း သူတို့ ကြည့်နေသည့် နေရာသို့ လှမ်းကြည့်မိသည်။

သူလည်း အသက်ရှူရပ်သွားသည်။

လမ်း၏ တစ်ဘက်ခြမ်းတွင် လူနှစ်ယောက်ကိုတွေ့ရသည်။ လာမန်းလေဆိပ်သို့မထွက်မီ အော်လီလေဆိပ်တုန်းက သူမျက်ခြည်ဖြတ်ထားခဲ့သည့် ယောကျ်ားနှစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုသူနှစ်ယောက်ကို သည်နေရာမှာ လာမြင်နေရသောကြောင့် သူ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ထိုသူနှစ်ယောက်သည် အော်လီလေဆိပ်မှာ ကျန်ခဲ့သည်။ နိုဝယ်နှင့်အတူ လေယာဉ်ပျံတစ်စင်းထဲမှာ လိုက်ပါလာခြင်းမရှိပါ။ လာမန်းလေဆိပ်မှာ လေယာဉ်ပျံပေါ်မှာ သူဆင်းစဉ်ကလည်း ခရီးသည်များအားလုံး ဆင်းပြီးမှ သူဆင်းခြင်းဖြစ်သည်။

သူ့နောက်သို့ လေယာဉ်ပျံပေါ်မှ မည်သူမှ ဆင်းလိုက်လာခြင်းမရှိပါ။

ထိုမျှသေချာပါလျှက် ထိုသူနှစ်ယောက်သည် ဘာကြောင့် သည်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာကြလေသနည်း။

" သူတို့တွေပဲ " ဟု နိုဝယ်က ပြောသည်။

ထိုစကားကြောင့် ဘုရားရှိခိုးကျောင်းထဲမှာ နိုဝယ်ကို လာတွေ့သူက နိုဝယ်ကို ချက်ချင်းလှည့်ကြည့်သည်။ ဂျာကင်နှင့်လူကတော့ သူ့လောက် ဖျတ်လတ်ပုံမရချေ။ ခပ်ဖြည်းဖြည်းသာ လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် မယုံကြည်နိုင်သည့် အမူအရာများ ပေါ်နေသည်။

ဆံပင်နက်နက်၊ မိတ်ကပ်ထူထူ၊ မျက်မှန်အနက်ကြီး တပ်ထားသော အမျိုးသမီးကလည်း နိုဝယ်ကို လှည့်ကြည့်ပြီး သေသေချာချာ အကဲခတ်သည်။

" ဘယ်သူလဲ " ဟုလည်း မေးသည်။

" ဟောဟိုဆိုင်အဝမှာ ဆိုင်ထဲဝင်တော့မလို့လုပ်နေတဲ့လူနှစ်ယောက်၊ တစ်ယောက်ကကုန်အင်္ကျီအရောင်နုနုနဲ့၊ နောက်တစ်ယောက်က မိုးကာကို လက်ပေါ်မှာ တင်ထားတယ် "

" သူတို့က ဘယ်သူတွေလဲ " ဟု အမျိုးသမီးက ဆက်မေးပြန်သည်။

" နေ့ခင်းတုန်းက အော်လီလေဆိပ်မှာ သူတို့နှစ်ယောက်ကို တွေ့ခဲ့တယ်။ ကျုပ်ကို သူတို့စောင့်နေကြတာပဲ။ ဒါကြောင့် သူတို့နဲ့လွတ်အောင် ခရီးစဉ်ပြောင်းပြီး လာမန်းလေဆိပ်ကို ကျုပ် လိုက်သွားတယ်။ ဗြိတိသျှထောက်လှမ်းရေးအရာရှိတွေ ဖြစ်ဖို့များတယ်။ ဒါပေမယ့် ကျုပ် ဒီနေရာကို ရောက်လာကြောင်း သူတို့ဘယ်လိုလုပ်သိသွားသလဲ။ ကျုပ်စီးလာတဲ့ လေယာဉ်ပျံပေါ်မှာလဲ သူတို့ပါမလာဘူး။ ကျုပ်နောက်ကို ဘယ်သူမှ နောက်ယောင်ခံလိုက်မလာဘူး။ ကျုပ် ကျိန်ပြောရဲတယ် "

သူတို့သုံးယောက်သည် အချင်းချင်း မျက်ရိပ်ပြကြသည်။ သူတို့ အမူအရာများကိုကြည့်ခြင်းအားဖြင့် နိုဝယ် ပြောသည်ကို ယုံကြည်သွားကြကြောင်း နိုဝယ်က အကဲခတ်မိပါသည်။

" သူတို့က ဗြိတိသျှ ထောက်လှမ်းရေးအရာရှိတွေဆိုရင် ခင်ဗျား နောက်ကို ဘာကြောင့်လိုက်နေကြတာလဲ " ဟု ဂျာကင်နှင့်လူက ထပ်မေးပြန်သည်။

" ဒါက ဟယ်လ်ဒင်နဲ့ ကျုပ်နဲ့သာ ဆိုင်တဲ့ကိစ္စပါ "

" ဒါပေမယ့် သူတို့ဟာ ထောက်လှမ်းရေးအရာရှိတွေလို့ ခင်ဗျား ထင်တယ် မဟုတ်လား " ဟု ဂျာကင်နှင့်လူက ထပ်မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်လေ "

" အင်း . . . ခင်ဗျားပြောတာ မှန်ပြီထင်တယ် "

ဘုရားရှိခိုးကျောင်းထဲမှာ လာခေါ်သူက ကိုယ်ကို နိုဝယ်ဘက်သို့ ကိုင်းပြီး မေးသည်။

" လာမန်းလေဆိပ်ကို ခင်ဗျားဘာဖြစ်လို့ လိုက်သွားတာလဲ။ ဟိုမှာ ဘာဖြစ်သေးသလဲ "

" လာမန်းကိုလိုက်သွားရင် သူတို့ကို မျက်ခြည်ဖြတ်နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်။ လာမန်းရောက်တော့လဲ အေးအေးဆေးဆေးပဲ။ ကျုပ်နောက်ကို ဘယ်သူမှ နောက်ယောင်ခံလိုက်လာတာ မတွေ့ရဘူး။ မာဆေးလ်မြို့ကိုသွားမယ်လို့ ပြောပြီး လက်မှတ်ဝယ်တာ။ လာမန်းကျတော့ ကျုပ်ဖြတ်ပြီး ဆင်းနေရစ်ခဲ့တာပဲ။ ဒါကြောင့် လက်မှတ်ရောင်းတဲ့ကောင်တာမှာ သူတို့သွားစုံစမ်းရင်လဲ ကျုပ် မာဆေးလ်ကို လက်မှတ်ဝယ်သွားတယ်ဆိုတာပဲ သိရမှာပဲ။ ဒီကို ရောက်နေတယ်ဆိုတာ သူတို့ ဘယ်လိုလုပ်သိသလဲ "

" ခင်ဗျား စိတ်ပူမနေနဲ့။ ခပ်အေးအေးနေ။ စိတ်ပူနေရင် သူတို့ ရိပ်မိသွားလိမ့်မယ် "

" မျက်နှာမပျက်ရင်လဲ ကျုပ်ကို သူတို့ တွေ့နေကြပြီပဲဗျ။ ဘာထူးတော့မှာလဲ။ ကဲ. . . ဘယ်လိုလုပ်ကြမလဲ "

" မခက်ပါဘူး "ဟု အမျိုးသမီးက ပြောသည်။

" ခင်ဗျား ကားငှားခဲ့သလား "

" ငှားထားတယ်။ ကျုပ် ဒီက ကိစ္စပြီးရင် ပါရီမြို့ကို ကားမောင်းသွားမလို့ " ဟု နိုဝယ်က ပြန်ဖြေသည်။

" ကားက လေဆိပ်မှာ ငှားတာလား "

" ဟုတ်တယ် "

" ဒီလိုဆိုရင် ပါရီမြို့ကိုသွားဖို့ မြေပုံလဲ ခင်ဗျားတောင်းသေးတယ် မဟုတ်လား။ ပါရီမြို့ကိုသွားဖို့ ခင်ဗျားမှာ မြေပုံလိုတယ်လေ "

" ဒါက လူတိုင်းလုပ်နေကြတဲ့ အလုပ်ပဲဗျ "

" လူတိုင်းလုပ်ကြတာ မဟုတ်ဘူး။ လေဆိပ်မှာ အဲဒီလိုလုပ်တော့ တစ်ယောက်ယောက်က ကြားသွားပြီး သူတို့ဆီကို သတင်းပို့လိုက်တာ ဖြစ်မှာပေါ့။ နောက်ပြီးတော့ ခင်ဗျား ဝင်လာတာကလဲ နိုင်ငံကူးလက်မှတ်အစစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ”

နိုဝယ်မှာ တဖြည်းဖြည်း နားလည်သဘောပေါက်စပြုလာသည်။

“ ဒီလိုဆိုရင် ကျုပ်အကြောင်း သူတို့ကို သတင်းပေးတဲ့လူရှိနေပြီကိုး”

ထိုသို့ သူတို့ပြောဆိုနေကြခိုက်မှာပင် ဗြိတိသျှထောက်လှမ်းရေး အရာရှိဟု ယူဆရသူ နှစ်ယောက်က ဆိုင်တွင်းသို့ ဝင်လာကြသည်။ စားပွဲ တစ်လုံးမှာ ဝင်ထိုင်ကြသည်။

“ သူတို့ ထိုင်ကြပြီ ” ဟု ဂျာကင်နှင့်သူက ပြောသည်။

“ မြင်ပါတယ် ”

“ ကျုပ်တို့ ဘာလုပ်ကြမလဲ ” ဟု နိုဝယ်က မေးသည်။

“ ကျွန်မတို့ပြောတဲ့အတိုင်း ရှင် တသဝေမတိမ်း လုပ်ပါ ” ဟု အမျိုးသမီးက ပြောသည်။

“ အခု စကြစို့ ”

ဘုရားရှိခိုးကျောင်းထဲမှာ လာခေါ်သူက ပြောသည်။

“ ကဲ. . . ထ. . . ကျွန်မနဲ့အတူတူ အပြင်ကို လျှောက်လိုက်ခဲ့။ မြန် မြန်လုပ် ”

အမျိုးသမီးက ထိုင်ရာမှ ထရင်း ပြောသည်။ ပြီးတော့ နိုဝယ်၏ လက်မောင်းကို တွယ်ကာ အပြင်သို့ ထွက်လာခဲ့သည်။

“ ညာဘက်ကို ချိုး ”

အမျိုးသမီး အမိန့်အတိုင်း ညာဘက်သို့ ချိုးသည်။ အမျိုးသမီးက လည်း သူနှင့်ကပ်လျက် ပါလာသည်။

“ မြန်မြန်လျှောက် ”

မြန်မြန်လျှောက်သည်။ ထိုအခိုက် နောက်ဘက်မှ ကွဲသံများ၊ လဲသံ ပြိုသံများကို ကြားရသည်။ နိုဝယ်က နောက်လှည့်ကြည့်သည်။

အင်္ဂလိပ်လူမျိုး နှစ်ယောက်သည် စားသောက်စရာများယူလာသည့် စားပွဲထိုးတစ်ယောက်နှင့် တိုးမိကြပြီး စားပွဲထိုးသယ်လာသည့် ပုလင်းများ၊ ပန်းကန်များ ကျကွဲကုန်သည်ကို မြင်လိုက်ရသည်။ သူတို့နှစ်ယောက်စလုံး ပေကျံကုန်သည်။

“ ညာဘက်ကို ပြန်ချိုး ”

ဆံပင်နက်နက်နှင့် အမျိုးသမီးက အမိန့်ပေးပြန်သည်။ နိုဝယ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အမိန့်အတိုင်း လိုက်နာသည်။

“ အဲဒီဆိုင်ထဲကိုဝင် ”

အမိန့်ပေးနေသည့်အတိုင်း လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ထဲသို့ ဝင်လိုက်သည်။ ဆိုင်ထဲသို့ရောက်လာသောအခါ အမျိုးသမီးက ရပ်သည်။ သူ့ကိုလည်း ရပ်စေသည်။ ဆိုင်အတွင်းနားလောက်မှာရပ်ပြီး အပြင်သို့ လှမ်းကြည့်နေသည်။

မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ထဲရှိ အင်္ဂလိပ်ထောက်လှမ်းရေး အရာရှိ နှစ်ယောက်သည် စားပွဲထိုးနှင့် စကားများနေသည်။ တစ်ယောက်က ကျသင့်သလောက် ပိုက်ဆံများ ထုတ်ပေးနေသည်။ ကျန်တစ်ယောက်ကမူ နိုဝယ်တို့ထွက်သွားသည့်ဘက်သို့ ကျိုးကန်းတောင်းမျှော် လှမ်းကြည့်နေသည်။

ထိုအချိန်မှာပင် အော်သံကြားရသည်။ အသံလာရာဆီသို့ နိုဝယ်က လှမ်းကြည့်သည်။ သူ့မျက်စိကို သူမယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

ဆံပင်နက်နက်နှင့် အမျိုးသမီးသည် လမ်းမလယ်မှာရပ်ပြီး တစ်နေရာဆီသို့ အော်ကြီးဟစ်ကျယ် လှမ်းပြောနေသည်။

ထိုအမျိုးသမီးသည် သူ့ဘေးက အမျိုးသမီးကဲ့သို့ပင် တစ်ပုံစံတည်း ဝတ်ဆင်ထားသည်။ မျက်မှန်၊ မိုးကာ၊ လည်စီး အားလုံး အတူတူဖြစ်သည်။ သူတို့နှင့် ပေနှစ်ဆယ်လောက်သာ ကွာလှမ်းလေရာ နိုဝယ်ပင်လျှင် သူ့မျက်စိကို သူမယုံကြည်နိုင်အောင် ဖြစ်ရတော့သည်။ ရုပ်ချင်းခွဲမရအောင် တူလွန်းသည်ဟု ထင်ရသည်။

ထိုအမျိုးသမီး၏အော်သံကြောင့် အနီးပတ်ဝန်းကျင်မှာ ရှိသူများ အားလုံးသူ့ဆီသို့ အာရုံစိုက်သွားကြသည်။ အင်္ဂလိပ်နှစ်ယောက်ကလည်း အမျိုးသမီးကို လှမ်းကြည့်သည်။

အမျိုးသမီးက အော်ဟစ်နေခြင်းကို ရုတ်တရက်ရပ်လိုက်ပြီး တစ်ဘက်သို့ အားကုန်ပြေးသွားသည်။ လူတွေက နားမလည်နိုင်သလို ငေး ကြည့်နေကြသည်။

အင်္ဂလိပ်နှစ်ယောက်က အမျိုးသမီး ပြေးသွားရာနောက်သို့ တန်းတန်း မတ်မတ် ပြေးလိုက်သွားကြသည်။ သို့သော်လည်း သူတို့ခရီးမတွင်လှပါ။ လူငယ်အချို့က သူတို့သွားမည့်လမ်းကို ပိတ်ထားကြသည်။ တမင် လမ်းပိတ် ပေးနေသည်နှင့်ပင် တူလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီး အော်သံဟစ်သံတွေ ပေါ်ထွက်လာသည်။

တဆက်တည်းဆိုသလိုပင် ပုလိပ်တစ်ယောက်ယောက်၏ ခရာတွတ်သံကို ကြားရသည်။

“ ကဲ့ . . လာ ”

နိုဝယ်၏ဘေးမှ ဆံပင်နက်နက်နှင့် အမျိုးသမီးက နိုဝယ်၏လက်မောင်းကိုဆွဲပြီး ခေါ်သွားသည်။ နိုဝယ်ကလည်း ဘုမသိ ဘမသိနှင့် သူခေါ်ရာနောက်သို့ လိုက်သွားသည်။

“ဗယ်ဘက်ကိုကွေ့။ စောစောက ကျွန်မတို့ ထိုင်ခဲ့တဲ့ဆိုင်ထဲကို ပြန်ဝင်”

စောစောကထိုင်ခဲ့သည့် လက်ဖက်ရည်ဆိုင်ထဲသို့ ပြန်ဝင်ကြသည်။ အနီးတဝိုက်တွင် ရှိနေကြသော လူအားလုံးမှာ ရုတ်ရုတ်သဲသဲဖြစ်နေသည့်ဘက်သို့ အာရုံစိုက်နေကြလေသည်။

သူတို့ထိုင်ခဲ့သည့် စားပွဲတွင် ဘုရားရှိခိုးကျောင်းထဲမှာ လာခေါ်သည့် ယောကျ်ားတစ်ယောက်တည်း ရှိနေသည်ကို တွေ့ရသည်။

“ တခြားသူတွေလဲ ရှိလိမ့်ဦးမယ်ထင်တယ်။ ကျွန်တော်တို့ သိနိုင်တာမဟုတ်ဘူး။ ဒီနေရာက မြန်မြန်ခွာကြမှဖြစ်မယ် ”

နိုဝယ်နှင့် အမျိုးသမီးဝင်သွားသောအခါ ထိုသူက ဆီးကြိုပြောသည်။

နိုဝယ်တို့နှစ်ယောက် ဆိုင်ထဲမှ ချက်ချင်းပြန်ထွက်လာကြသည်။ အမျိုးသမီးက သူ့လက်မောင်းကို ကိုင်ထားသည်။ ကွေ့ရမည့် နေရာများတွင် ဆွဲခေါ်သည်။ တည့်တည့်သွားရမည့် နေရာများတွင် ရှေ့သို့ တွန်းပို့သည်။

မီးရောင်ခပ်မှိန်မှိန် ထွန်းထားသော အိမ်တစ်အိမ်ရှေ့သို့ ရောက်သွားသည်။ ထိုနေရာသည် လမ်းမီးနှင့်လည်း အလှမ်းကွာလေရာ အလင်းရောင်အားနည်းပြီး အမှောင်ရိပ်က များနေသည်။

“ ဟောဟိုမှာ မော်တော်ကားရပ်ထားတယ်။ ညာဘက်မှာ၊ လမ်းထောင့်ထိပ်ဆုံးက ရပ်ထားတဲ့ကားပဲ ”

စိုက်ထရိုယင်ကားအမျိုးအစားဖြစ်သည်။ စက်အားကောင်းသည့်ကားဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွားသည်။ ကားက ပြောင်ပြောင်လက်လက်တော့မရှိ။ ရွှံ့များ၊ ဖုန်များဖြင့် ပေကျံနေသည်။ မှန်များပင်လျှင် ညစ်ပတ်နေသည်။

“ ရှေ့ကို တက်ပြီး ရှင်မောင်း။ ကျွန်မနောက်ခုံမှာ ထိုင်မယ် ”



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အမိန့်ပေးသည်။ အမိန့်အတိုင်း နိုဝယ်က ဒရိုင်ဘာနေရာမှာ ဝင်ထိုင်သည်။ အမျိုးသမီးက နောက်ခုံမှာ ဝင်ထိုင်သည်။ ဆိုင်ထဲမှာ တွေ့ခဲ့သည့် ယောက်ျားနှစ်ယောက်ကို မတွေ့ရတော့ချေ။

ကားကို စက်နှိုးသည်။ သူထင်ထားသည့်အတိုင်းပင် အားကောင်းလှသော အင်ဂျင်စက်သံပေါ်ထွက်လာသည်။ ကားက အလွန်ကြီးသည်။ သို့သော်လည်း ပေါ့ပေါ့ပါးပါးကားကလေးများထက် ပိုပြေးမည့်ကားဖြစ်သည်မှာ သေချာသည်။

“ တည့်တည့်မောင်း။ တောင်ခြေရောက်အောင် မောင်း၊ ကွေ့ရမယ့်နေရာ ရောက်ရင် ပြောမယ် ”

အမျိုးသမီးက စကားဆုံးသည်နှင့် တပြိုင်တည်း နိုဝယ်က ကားကို တဟုန်ထိုးမောင်းထွက်လာခဲ့လေတော့သည်။

နောက်ထပ် လေးဆယ့်ငါးမိနစ်လုံးလုံး အရှိန်ကို မလျှော့တမ်း မောင်းခဲ့သည်။ အမျိုးသမီးက ကွေ့ရမည့် နေရာများသို့ ရောက်ခါနီးမှ ကပ်ကပ်ပြောလေ့ရှိသည်။ ထို့ကြောင့် ကားမှောက်မတတ် တအားစောင်းပြီး ကွေ့ယူရသည်။

နိုဝယ်၏ လက်မှာလည်း ချွေးစေးများနှင့် နစ်နေသည်။ လက်ကိုင်ချော်ထွက်မသွားအောင် သတိကြီးစွာ ထားပြီးမောင်းနေရသည်။ လမ်းပေါ်တွင် အခြားကားများ ရှင်းနေသောကြောင့် တော်တော့သည်။

“ မြန်မြန်မောင်းပါ။ ဒီထက်မြန်အောင် မမောင်းနိုင်တော့ဘူးလား”

နောက်ခုံမှ ဆံပင်နက်နက်နှင့် အမျိုးသမီးက သူ့ကို အော်ပြောသည်။

“ ဘုရားရေ. . . မိုင်နှုန်းလဲ ကြည့်ပါဦး။ ကိုးဆယ့်ငါးကျော်နေပြီ ”

“ နောက်ပိုင်းကို မှန်ထဲကနေ ပြန်ကြည့်ပါ။ သတိမလစ်ပါစေနဲ့။ လမ်းဘေးကို ကျွန်မကြည့်မယ်။ ပြီးတော့ အမြန်ဆုံးမောင်း ”

နောက်ထပ် ဆယ်မိနစ်လောက်ကြာအောင် စကားမပြောဖြစ်ကြပဲ တိတ်ဆိတ်စွာ မောင်းလာခဲ့ကြသည်။

လေကမှန်မှန်တိုက်နေသည်။ လမ်းနှင့်ကားဘီးထိသံများက အရှူးများထင်ရာအော်ဟစ်ကြသည့်အသံမျိုးနှင့် တူနေသည်ဟု နိုဝယ် ထင်သည်။

ထိုသို့ အထင်ပေါက်လာရင်း သူတို့ ယနေ့ညကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကြီးတစ်ခုလုံး ရူးကြောင်ကြောင်နိုင်လှသည့်အဖြစ်များချည်း ဖြစ်သည်ဟုလည်း တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်ထဲမှနေ၍ နောက်ပိုင်းသို့ ပြန်ကြည့်သည်။ သို့သော် မှန်တွေက ဖုန်များ ပေနေသောကြောင့် ကြည်ကြည်လင်လင် မမြင်ရ။

သူတို့ဘယ်သူနှင့် ဝေးအောင်ပြေးနေကြသနည်း။ ဘယ်သူ၏ လက်တွင်းမှ လွတ်အောင် ထွက်ပြေးနေကြသနည်း။
နိုဝယ် ဆက်စဉ်းစားချိန်မရတော့ပါ။ နောက်ခုံရှိ အမျိုးသမီးက အော်ဟစ် အမိန့်ပေးပြန်သည်။

" အဲဒီလမ်းခွဲကို ချိုး . . . အဲဒီနေရာ "

အနားရောက်မှ ကပ်ပြောသောကြောင့် ဘရိတ်ကို တအားဆောင့်နင်းလိုက်သည်။ ကားက တိမ်းမှောက်သွားတော့မလို ယိမ်းထိုးသွားသည်။ ဘီးများ ဒရွတ်တိုက်ပါလာသည်။

" ဆက်မောင်း . . . ဗယ်ဘက်ကို ဆက်မောင်း "

ပြောသည့်အတိုင်း ဗယ်ဘက်သို့ ချိုးချပြီး မောင်းခဲ့သည်။ ခဏချင်းမှာပင် အလွန်တရာ ကြမ်းတမ်းသည့် လမ်းပေါ်မှာ မောင်းမိနေတော့သည်။ သို့သော် ကားရှိန်ကို မြှင့်မြဲမြှင့်ထားသဖြင့် အလွန်ဆိုးရွားသည့် လမ်းပေါ်တွင် ကားက ကဆုန်ပေါက်နေသည်။

ပတ်ဝန်းကျင်မှာ လသာနေသည်။ ထို့ကြောင့် ပတ်ဝန်းကျင် အနေအထားကို အထိုက်အလျှောက် မြင်နေရသည်။ သို့သော် မည်သည့် နေရာများသို့ ရောက်လာနေကြောင်း နိုဝယ်မသိပါ။ သည်အရပ်ဒေသများကို သူမရောက်ဖူးပါ။

" အဲဒီရှေ့မှာ လမ်းရှိတယ် "

နောက်ခုံမှ အမျိုးသမီးက အော်ဟစ်အမိန့်ပေးပြန်သည်။

သူပြောသည့်အတိုင်းပင် လမ်းကို တွေ့ရသည်။ သို့သော်လည်း လမ်းမည်ကာမတ္တ မြေလမ်းဖြစ်နေသည်။ မူလက ကတ္တရာများရှိနေခဲ့ပုံရသော်လည်း ယခု အားလုံးကွာကုန်ပြီ။

လမ်းဘေးနှစ်ဘက်လုံးတွင် သစ်ပင်တွေ ဖုံးအုပ်နေသည်။ သစ်ပင်များကြောင့် ထိုနေရာတွင် လမ်းရှိကြောင်းကို ဓာတ်သိမဟုတ်ပါက ရုတ်တရက် သိနိုင်မည် မဟုတ်ပါ။

လမ်းပေါ်မှာ ကျင်းတွေ၊ ချိုင့်တွေ ပေါလှသည်။ ထို့ကြောင့် ကားမှာ ခုန်ပေါက်နေသည်။ ဆက်တိုက်ဆိုသလိုပင် လေထဲသို့ မြောက်တက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တဒိုင်းဒိုင်း ပြန်ကျနေသည်။

"မြန်မြန်မောင်းပါ။ ကျွန်မတို့ တောင်ပေါ်ကို ရောက်အောင် မောင်းတက်သွားမယ်။ တောင်ပေါ်ကိုရောက်မှ ကျွန်မတို့ ကားမီးရောင်ကို ဘေးလူတွေ မမြင်ရမှာ "

အမျိုးသမီးက တမျိုးပြီးတမျိုး အမိန့်ပေးနေသည်။

တောင်တက်လမ်းသို့ရောက်လာသည်။ အတက်က အတော်ကလေး မတ်စောက်သည်။ လမ်းကလည်း ကျဉ်းသည်။ သူတို့မောင်းလာသည့် စိုက်ထ-ရိုယင် ကားကြီးမျိုးအတွက် ခက်ခက်ခဲခဲ မောင်းရသည့်လမ်း ဖြစ်နေသည်။

တောင်အောက်သို့ ထိုးကျမသွားအောင် သတိထားနေရသလို လမ်းကျဉ်းကလေးထဲတွင် ရှေ့မတိုးသာ နောက်မဆုတ်သာ မဖြစ်အောင်လည်း သတိထားနေရသည်။

ထိုသို့ ခက်ခက်ခဲခဲ မောင်းလာရင်း ခဏကြာတော့ မြေပြန့်ဖြစ်သွားသည်ကို တွေ့ရလေတော့သည်။

" သိပ်မဝေးတော့ဘူး။ မိုင်ဝက်လောက်တောင် မလိုတော့ဘူး "

အမျိုးသမီး၏အသံကို ကြားရသောကြောင့် နိုဝယ် အားတက်သွားသည်။

သူအတော် ပင်ပန်းနေပြီ။ လက်နှစ်ဖက်စလုံးမှာလည်း ချွေးများ ရွှဲနစ်နေသည်။

လရောင်ကလေး မသာ့တသာဖြစ်နေသည့် တောတွင်းက လမ်းဆိုးဆိုးပေါ်တွင် အမျိုးသမီးတစ်ယောက်နှင့်အတူ ရေးကြီးသုတ်ပျာ ကားမောင်းနေရသည့် အဖြစ်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

မည်သည့်နေရာသို့ ရောက်နေကြောင်း သူလုံးဝမစဉ်းစားတတ်တော့ပါ။ ယခုရောက်နေသည့် နေရာများသည် မြေပုံပေါ်တွင်လည်း ပါချင်မှပါလိမ့်မည်။ ခရီးသည်များအတွက် လမ်းညွှန်မြေပုံသည် ထင်ရှားပြီးနေရာများသို့ အလွယ်တကူသွားရောက်နိုင်အောင် ရေးဆွဲထားခြင်းသာ ဖြစ်သည်။

ထိုသို့ မောင်းလာရင်း ခပ်လှမ်းလှမ်းတွင် အိမ်ကလေးတစ်လုံးကို လရောင်အောက်မှာ လှမ်းတွေ့ရသည်။ သက်ကယ်မိုးအိမ်ဖြစ်ကြောင်းလည်း သတိပြုမိသည်။ အိမ်ပတ်လည်တွင် သစ်ပင်ကြီးများ ဖုံးအုပ်နေသည်။ အိမ်ကလေးအတွင်းမှ မီးရောင်မှိန်မှိန်ကလေး ထိုးထွက်နေသည်ကိုပါ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီနေရာမှာ ရပ်တော့ "

နောက်ခုံမှအမိန့်ပေးသံပေါ်ထွက်လာပြန်သည်။ သို့သော်လည်း ယခု တစ်ကြိမ်ပေးသည့် အမိန့်သံကတော့ စောစောတုန်းကလို စိတ်လှုပ်ရှားနေသည့် အရိပ်အရောင်များ ကင်းစင်နေသည်ကို နို၀ယ် သတိထားလိုက်မိလေသည်။

အိမ်ကလေးဆီသို့ ဦးတည်သွားသည့်လူသွားလမ်းကလေးတည့်တည့် မှာ နို၀ယ်က ကားကိုရပ်သည်။ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သပ်ချလိုက်ရင်း ယခုမှပင် အသက်ကို ၀အောင်ရှူနိုင်လေတော့သည်။

မျက်လုံးအစုံကိုလည်း ခဏကလေး မှိတ်ထားလိုက်မိသည်။ ကားထိုင် ခုံနောက်မှီပေါ်မှာ ခေါင်းတင်ရင်း မှေးနေသည်။

" ကျေးဇူးပြုပြီး ကျွန်မဘက်ကို လှည့်ပါဦး မစ္စတာဟိုးလ်ခရော့ဖ်တ်"

အမျိုးသမီး၏အသံက မာရေကျောရေမနိုင်တော့။ စောစောတုန်းက လို ထန်တန်တန်မဟုတ်တော့။

ပြောသည့်အတိုင်း နို၀ယ်က နောက်ဘက်သို့လှည့်ကြည့်လိုက်သည်။ နောက်ခုံမှာထိုင်နေသည့် ဆံပင်နက်နက်နှင့်အမျိုးသမီးကို အားနည်းသည့် မီး ရောင်အောက်မှာ အားစိုက်ကြည့်သည်။

စောစောတုန်းက ဆံပင်နက်နက်တွေ မရှိတော့။ ပုံပျက်ပန်းပျက် မျက်မှန်အနက်ကြီး မရှိတော့။

လည်ပင်းပေါ်မှာတော့ လည်စီးပ၀ါအဖြူကလေး ရှိနေဆဲပင် ဖြစ်သည်။

ထိုလည်စီးပ၀ါဖြူကလေးပေါ်သို့ ရွှေရောင်ဆံပင်များ လျှောကျနေ သည်ကို တွေ့ရသည်။ ရွှေရောင်ဆံပင်များက မျက်နှာကလေးကို ဘောင်ခတ် ပေးထားသလို ဖြစ်နေသည်။

အလွန်လှပပြီး အလွန်ချစ်စရာကောင်းသော မျက်နှာကလေး ဖြစ် နေသည်။

သည်မျက်နှာ လှလှကလေးကို တစ်နေရာရာမှာ သူမြင်တွေ့ဖူးခဲ့သည် ဟု ထင်သည်။

ဘယ်မှာလဲ။

ဘယ်တုန်းကလဲ။

သူစဉ်းစား၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုကျော်တစ်ယောက်က စိတ်တိုင်းကျ ထုလုပ်ထားသော ယမင်းရုပ်ကလေးလိုပင် အလွန်တရာလှပသော မျက်နှာ ဖြစ်ပါသည်။ အေးတိအေးစက် မျက်နှာမျိုးမဟုတ်။

မျက်လုံးများကလည်း အတွေးတစ်ခုခုတည်းမှာ နစ်မြုပ်နေသော မျက်လုံးများလို မဟုတ်။

အမျိုးသမီးက သာယာသောလေသံဖြင့် အေးချမ်းတည်ငြိမ်စွာ ပြောလေသည်။

“ ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ်ဆိုတာ ကျွန်မပဲ။ နောက်ပြီးတော့ ကျွန်မလက်ထဲမှာ သေနတ်ကိုင်ထားတယ်။ ကဲ. . . ပြောစမ်းပါဦး။ ရှင်က ဘာကြောင့် ကျွန်မကို တွေ့ချင်နေရတာလဲ . . . ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

နိုဝယ်က အောက်သို့ငုံ့ကြည့်သည်။ သူ့ခေါင်းတည့်တည့်ကို ချိန်ထားသည့် မစ္စတိုသေနတ်ကလေးကို မြင်ရသည်။ သေနတ်မောင်းထဲမှာ လက်ညှိုးကို အသင့်သွင်းထားသည်။

"ကျုပ်လိုချင်တဲ့ ပထမဆုံးအချက်ကတော့ အဲဒီ သေနတ်စုတ်ကြီးကို ဘေးဖယ်ထားလိုက်ဖို့ပါပဲ "

နိုဝယ်က ပင်ပန်းသော လေသံဖြင့် ပြောသည်။

" ဒီလိုတော့ ကျွန်မ မလုပ်နိုင်ဘူးထင်ပါတယ်။ စိတ်မကောင်းပါဘူး"

" ကမ္ဘာပေါ်မှာ ဘယ်သူတွေဘာဖြစ်ဖြစ် ကျုပ်အနေနဲ့ ဒုက္ခမရောက်စေချင်ဆုံးလူဟာ မင်းပါပဲ။ ကျုပ်ကို မင်းဘာမှ ကြောက်နေစရာ မလိုဘူး။ စိုးရိမ်နေစရာ ဘာအကြောင်းမှ မရှိဘူး "

" ရှင့်စကားတွေ နားထောင်ရတာ ယုံတော့ယုံချင်စရာပဲ။ ဒါပေမယ့် ဒီလိုစကားမျိုးတွေ ကျွန်မ ကြားဖူးပေါင်း များလှပြီ။ အဲဒီလို ကြားရတဲ့အခါတိုင်း ဘယ်တော့မှ မှန်တာကို မတွေ့ခဲ့ရဖူးဘူး "

" ကျုပ် ပြောနေတာကတော့ အမှန်တွေပါပဲ။ ဟိုတုန်းက မင်းကြားခဲ့ဖူးတဲ့ စကားတွေနဲ့ မတူပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



နို၀ယ်က အားနည်းသည့် အလင်းရောင်ကလေးထဲမှာပင် အမျိုးသမီးကို ခပ်မှန်မှန် စိုက်ကြည့်နေသည်။ သောကရောက်နေသည့်အမူအရာ၊ စိုးရိမ်နေသည့် အမူအရာများကို အားနည်းသည့် အလင်းရောင်ထဲမှာပင် မြင်တွေ့နေရလေသည်။

" ကျုပ်တို့ ဘယ်နေရာကို ရောက်နေကြတာလဲ။ ကျုပ်တို့ဘာတွေဖြစ်နေကြတာလဲ။ မောင့်မာထရာတုန်းက ဘာတွေဖြစ်ခဲ့တာလဲ။ အကုန်လုံးအရူးတွေနဲ့ တူမနေဘူးလား။ ကျုပ်တို့က ဘယ်သူ့ကိုကြောက်လို့ ထွက်ပြေးလာကြတာလဲ။ မင်းက ဘယ်သူ့ကို ကြောက်ပြီး ထွက်ပြေးလာတာလဲ "

" ကျွန်မကလဲ ရှင့်ကို အဲဒီမေးခွန်းပဲ ပြန်မေးရပါလိမ့်မယ်။ ရှင်လဲထွက်ပြေးနေတာပဲ။ လာမန်းလေဆိပ်ရောက်အောင် ရှင်လဲ ထွက်ပြေးသွားတာပဲ"

" လူတချို့ကို ရှောင်ချင်လို့ပါ။ ဒါပေမယ့် အဲဒီ လူတွေကို ကျုပ်မကြောက်ဘူး "

" ကျွန်မကလဲ လူအချို့ကို ရှောင်ချင်လို့ပါ။ ဒါပေမယ့် ကျွန်မကတော့ အဲဒီလူတွေကို ကြောက်တယ် "

" ဘယ်သူတွေကိုလဲ "

နို၀ယ်က ပြန်မေးသည်။ ထိုသို့မေးရင်း တီနာမောအကြောင်းကို သတိရလိုက်မိသည်။ သည်အချိန်တွင် တီနာမော အကြောင်းကို ထုတ်ဖော်ပြော၍ မသင့်လျော်သေးကြောင်း စဉ်းစားမိပြီး ထိုမျှနှင့်ပင် စကားကိုဖြတ်ထားလိုက်သည်။

" ဘယ်သူတွေလဲဆိုတာ ရှင့်ကို ပြောပြဖြစ်ကောင်း ပြောပြဖြစ်ပါလိမ့်မယ်။ ပြောမပြဖြစ်ပဲလဲ နေချင်နေပါလိမ့်မယ်။ ကျွန်မကို ရှင် ပြောပြမယ့် စကားတွေပေါ်မှာ မူတည်ပါတယ် "

" ဒါဆိုရင်တော့ တရားမျှတပါတယ်။ အခုအချိန်မှာ မင်းဟာ ကျုပ်ဘ၀အတွက် အရေးအကြီးတကာ့ အကြီးဆုံး မိန်းကလေးဖြစ်နေပြီ။ မင်းအစ်ကိုနဲ့ ကျုပ်တွေ့ပြီးရင် ဒီအခြေအနေဟာ ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပါတယ်။ ဒါပေမယ့် အခု လက်ရှိအချိန်မှာတော့ မင်းဟာ ကျုပ်အတွက် အရေးအကြီးဆုံးပဲ "

" ဘာကြောင့်လဲဆိုတာ ကျွန်မဘယ်လို စဉ်းစားလို့မှမရဘူး။ ရှင်နဲ့ကျွန်မ ဘယ်တုန်းကမှ တွေ့ခဲ့ကြဖူးတာ မဟုတ်ဘူး။ ပြီးခဲ့တဲ့စစ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြုတဲ့ကိစ္စအတွက် ကျွန်မနဲ့ တွေ့ချင်တယ်လို့ ရှင် ဖုန်းနဲ့ပြောခဲ့တယ်နော် ”

“ မင်းအဖေနဲ့ ပတ်သက်နေပါတယ်လို့ပြောရင် ပိုပြီးတိကျပါတယ်။ ပိုပြီး မှန်ကန်ပါတယ် ”

“ ကျွန်မအဖေကို ကျွန်မ လုံးဝမသိခဲ့ဖူးဘူး ”

“ ကိုယ်တို့ နှစ်ယောက်စလုံး အတူတူပါပဲ။ ကိုယ်ကလဲ ကိုယ့်အဖေအကြောင်းကို လုံးဝမသိပါဘူး။ မင်းရောကိုယ်ရော ကိုယ်တို့အဖေတွေအကြောင်းကို မသိကြတဲ့လူတွေပါ ”

သူ့အစ်မ ဂရက်ချန်ကိုပြောပြခဲ့သည့်အတိုင်း ဟယ်လ်ဒင်ကိုလည်း နိုဝယ်က ဇာတ်လမ်းအစအဆုံး ပြန်ပြောပြသည်။ သို့သော် ဝံပုလွေများအကြောင်းကိုတော့ သူ ခြွင်းချန်ထားသည်။

ဟယ်လ်ဒင်မှာ တုန်လှုပ်ချောက်ချားနေသည်။ ယခုလိုအချိန်မျိုးတွင် ဝံပုလွေများအကြောင်းကို ပြောပြလိုက်ပါက အခြေအနေ ပိုဆိုးသွားနိုင်သည်။

မနေ့ညတုန်းက ပို့စ်မောက်မှာ ဂရက်ချန်အား ပြောခဲ့ဖူးသည့်စကားများကို ပြန်လည်ကြားယောင်လာသည်။ ဂရက်ချန်နှင့် သူ တွေ့ကြုံခဲ့ရသည်မှာ မနေ့ညတုန်းကပင် ဖြစ်ပါကလား။ ပူပူနွေးနွေးကလေးပင် ရှိပါသေးသလားဟုလည်း စဉ်းစားနေမိသည်။

ဂရက်ချန်နှင့်ဟယ်လ်ဒင်သည် ညီအစ်မအရင်းဖြစ်ပြီး ရုပ်ဆင်းဆင်လှသော်လည်း စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်ချင်းကတော့ မတူညီပါ။

ဇာတ်လမ်းအစုံကို ဂရက်ချန်အားပြောပြတုန်းက ဂရက်ချန်သည် သူပြောပြသမျှများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုပဲ ငြိမ်သက်စွာ ထိုင်နားထောင်နေခဲ့သည်။

ယခု ဟယ်လ်ဒင်ကတော့ ထိုသို့မဟုတ်ပါ။ မကြာခဏ သူ့စကားကို ဖြတ်သည်။ တစ်ခါတစ်ရံ ဆက်တိုက်ဖြတ်သည်။ မေးခွန်းတွေမေးသည်။ ပိုသေချာအောင် ထပ်ပြောပြခိုင်းသည်။

ဟယ်လ်ဒင်မေးသည့် မေးခွန်းများသည် နိုဝယ်အနေနှင့်လည်း သူ့ကိုယ်သူ ပြန်မေးထိုက်သည့် မေးခွန်းများဖြစ်နေကြောင်း သဘောပေါက်လာမိသည်။

“ မင်ဖရက်ဒီက သူဟာ မင်ဖရက်ဒီအစစ်ဖြစ်ကြောင်း သက်သေခံ



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားတွေ ရှင့်ကို ထုတ်ပြသလား ”

“ သူပြဖို့မလိုပါဘူး။ ဘဏ်တိုက်က စာရွက်စာတမ်းတွေ သူ့လက်ထဲမှာ ရှိနေပြီပဲ။ အဲဒီ စာရွက်စာတမ်းတွေကလဲ အားလုံး တရားဝင်နေတာပဲ ”

“ ဒါရိုက်တာတွေရဲ့ နာမည်တွေက ဘယ်သူတွေလဲ ”

“ ဘာ ဒါရိုက်တာလဲ ”

“ ဂျီနီဗာအာမခံ ဘဏ်တိုက်ကြီးက ဒါရိုက်တာတွေလေ။ သက်သေခံအထောက်အထားတွေ ထိန်းသိမ်းပေးထားရတဲ့ လူတွေကို ပြောတာ ”

“ ကိုယ်မသိဘူး ”

“ ရှင်သိဖို့ ကောင်းတာပေါ့ ”

“ နောက် ကိုယ်မေးကြည့်ပါမယ် ”

“ ဖူးရစ်မြို့ကို ရောက်တဲ့အခါမှာ ဇျေင်စီဖွင့်ရမယ်ဆိုတော့ အဲဒီ ဇျေင်စီရဲ့ ဥပဒေကြောင်းဆိုင်ရာ လုပ်ငန်းတွေကို ဘယ်သူက ကိုင်တွယ်ဖြေရှင်းပေးမှာလဲ ”

“ ဘဏ်တိုက်ရဲ့ ရှေ့နေတွေက ဖြေရှင်းပေးမယ်လို့ ထင်တယ် ”

“ ရှင်ထင်တာလား ”

“ ဒါက အရေးကြီးလို့လားကွာ ”

“ ရှင့်ဘဝမှာ ခြောက်လကြီးတောင်နော်။ ဒါကြောင့် ဒါဟာ လိုအပ်တယ်လို့ ကျွန်မထင်တယ် ”

“ ကိုယ့်ဘဝတစ်ခုတည်း မဟုတ်ပါဘူး။ ကိုယ်တို့အားလုံးရဲ့ ဘဝပါ”

“ ထားပါဦးလေ. . . ကြည့်သေးတာပေါ့။ ကျွန်မဟာ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်ရဲ့ အကြီးဆုံးသမီး မဟုတ်ဘူး ”

“ လာမန်းလေဆိပ်ကနေ မင်းကို ဖုန်းဆက်တုန်းက ကိုယ်ပြောပြခဲ့ပြီးပြီလေ။ မင်းအစ်မနဲ့ ကိုယ်တွေ့ခဲ့ကြောင်း ပြောပြခဲ့တယ်မဟုတ်လား ” ဟု နိုဝယ်က ပြန်မေးသည်။

“ အဲဒီတော့ . . . ”

ဟယ်လ်ဒင်က နိုဝယ်ကို မျက်တောင်မခတ် စိုက်ကြည့်နေရင်းက စကားထောက်ပေးလိုက်လေသည်။

“ ဒါလောက် ပြောပြပြီးရင်တော့ မင်း သဘောပေါက်လောက်ပြီထင်တယ်။ မင်းအစ်မဟာ စည်းကမ်းနဲ့မညီဘူး။ ဂျီနီဗာဘဏ် ဒါရိုက်တာတွေက



www.burmeseclassic.com

www.burmeseclassic.com



မင်းအစ်မကိုတော့ လက်ခံကြလိမ့်မယ် မထင်ဘူး ”

“ သူ့ကို လက်မခံရင် ကျွန်မအစ်ကိုရှိသေးတာပဲ။ ဂျိုဟန်း ရှိနေသေးတာပဲ။ အစ်မပြီးရင် သူက ကျွန်မထက် အကြီးလေ ”

“ ဒါကို ကိုယ်သိပါတယ်။ သူ့အကြောင်းကို ကိုယ်ပြောချင်ပါတယ်”

“ အခုမပြောပါနဲ့ဦး။ နောက်မှပြောပါ ”

“ မင်းဘာကို ဆိုလိုတာလဲ ”

“ ကျွန်မဘဝမှာ အရေးကြီးတဲ့ကိစ္စတွေနဲ့ချည်း နပန်းလုံးနေခဲ့ရတဲ့ အကြောင်း ဖုန်းနဲ့ပြောတုန်းက ကျွန်မပြောခဲ့မိတယ် မဟုတ်လား။ အဲဒီလိုပဲ လိမ်တာညာတာတွေနဲ့ချည်းပဲလဲ အမြဲတမ်း တိုးခဲ့ရတယ်။ မမှန်တာ အပြောခံရပေါင်း မရေတွက်နိုင်အောင် ရှိခဲ့တယ်။ ဒါကြောင့် အဲဒါမျိုးတွေနဲ့ ပတ်သက်ရင်တော့ ကျွန်မက ပါရဂူမြောက် ကျွမ်းကျင်နေပြီ။ လူတစ်ယောက်ယောက်ရဲ့ ပါးစပ်က စကားတစ်ခွန်းခွန်းထွက်လာတာနဲ့ ဒီစကားဟာ လိမ်ညာပြောနေတဲ့ စကား မမှန်တဲ့စကားပဲဆိုတာ ကျွန်မချက်ချင်းသိတယ်။ ရှင်ကတော့ လိမ်ပြောနေတာ မဟုတ်ပါဘူး ”

“ ဒီလို ယုံကြည်ဖေါ်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ”

နိုဝယ် စိတ်သက်သာရာရသွားသည်။ ရင်ထဲမှာလည်း ပေ့ါပါးသွားသည်။ သည်အဆင့်ရောက်ပြီဆိုလျှင်တော့ သူဆက်လက်ချဉ်းကပ်ဖို့ ကောင်းသောအနေအထားသို့ ရောက်လာပြီဟု သဘောပေါက်သွားသည်။

ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ်က သေနတ်ကို ပြန်ရုပ်ပြီး ပေါင်ပေါ်မှာ တင်ထားသည်။

“ ကဲ. . . ကျွန်မတို့ အိမ်ထဲဝင်လိုက်ကြရအောင်။ ရှင်နဲ့စကားပြောချင်တဲ့ပုဂ္ဂိုလ်တစ်ယောက် အထဲမှာရှိနေတယ် ”

စောစောက ခံစားလိုက်ရသည့် နိုဝယ်၏ စိတ်သက်သာရာရမှုသည် ဟယ်လ်ဒင်၏ စကားကြောင့် ချက်ချင်းပျောက်ကွယ်သွားလေတော့သည်။

ဂျိုနီဗာအစီအစဉ်ကြီးအကြောင်းကို ဗွန်တိုင်းဘို့လ်တ်မိသားစုမှတပါး မည်သူ့ကိုမှ ထုတ်ဖော်အသိပေး၍ မဖြစ်နိုင်ပါ။

ထို့ကြောင့် နိုဝယ်က ခေါင်းကို မနားတမ်းယမ်းပြလိုက်သည်။

“ မဖြစ်ဘူး။ ဒီကိစ္စအကြောင်း ဘယ်သူနဲ့မှ ကိုယ်မပြောနိုင်ဘူး။ အခုပြောပြခဲ့တာတွေဟာလဲ မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တည်းပဲ သိထားရမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ၊ တခြားဘယ်သူ့ကိုမှ အသိပေးလို့ မဖြစ်ဘူး ”

“ အိမ်ထဲက ပုဂ္ဂိုလ်ကိုတော့ ဒီအခွင့်အရေးပေးလိုက်ပါလေ။ ရှင်ဟာ ကျွန်မကို အန္တရာယ်တစ်ခုခု ပေးဖို့လိုနေတာ မဟုတ်ဘူးဆိုတာလောက်တော့ သူ့ကို အသိပေးရမယ်။ ရှင်ဟာ တခြားတစ်ခုခုရဲ့ အစိတ်အပိုင်း မဟုတ်ဘူး ဆိုတာကို သူ ယုံကြည်သွားဖို့လိုတယ် ”

“ ဘာတစ်ခုခုရဲ့ အစိတ်အပိုင်း ”

“ သူ ရှင်းပြပါလိမ့်မယ် ”

“ သူက တောင်မေးမြောက်မေးနဲ့ လုပ်တော့မှာပေါ့ ”

“ ကိုယ်ဖြေချင်တာပဲ ဖြေနိုင်ပါတယ်လေ။ ရှင် မဖြေချင်ရင် မဖြေပဲ နေလိုက်တာပေါ့ ”

“ မဖြစ်ဘူး။ မင်းနားမလည်ဘူးနော်။ ဂျီနီဗာလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ကိုယ်တစ်ခုမှ မပြောနိုင်ဘူး။ နည်းနည်းကလေးမှ အသိမပေးနိုင်ဘူး။ ကိုယ်တင်မဟုတ်ဘူး။ မင်းအနေနဲ့လဲ ဘာမှပြောခွင့်မရှိဘူး။ ဘယ်သူ့ကိုမှ အသိပေးခွင့်မရှိဘူး။ မင်းကို ကိုယ် ဒါလောက်ရှင်းပြနေတာတောင် . . . ”

ဟယ်လ်ဒင်က ပစ္စတိုသေနတ်မြှောက်ပြီး သူ့ကိုချိန်ထားလိုက်သည်။

ထို့ကြောင့် သူ့စကားမဆုံးတော့ပဲ လမ်းခုလတ်မှာ တစ်ပိုင်းတန်းလန်းဖြင့် ရပ်သွားသည်။

“ ကျွန်မလက်ထဲမှာ အခုအချိန်အထိ သေနတ်ရှိနေသေးတယ်။ ကားပေါ်ကဆင်း ”

နိုဝယ်က ဘာမှမတတ်နိုင်တော့ပါ။ အမိန့်အတိုင်း ကားပေါ်မှဆင်းပြီး ဟယ်လ်ဒင် ညွှန်ပြသည့်လမ်းအတိုင်း အိမ်ကလေးဆီသို့ လျှောက်လာရတော့သည်။ ပြတင်းပေါက်မှ မီးရောင်မှိန်မှိန်ကလေး လျှံထွက်နေသည်မှတပါး မှောင်ပိန်းနေလေသည်။

အိမ်ပတ်ဝန်းကျင်ရှိ သစ်ပင်များက ထူထပ်လွန်းလှသည်။ အုပ်ဆိုင်းလွန်းလှသည်။ ထို့ကြောင့် လရောင်က အောက်သို့ ထိုးဖောက်ကျဆင်းလာနိုင်ခြင်းမရှိပါ။ အကိုင်းများကလည်း လက်ယှက်ထိုးဖြစ်နေလေရာ သည်နေရာသို့ လေပြင်းပြင်းဝင်မတိုက်နိုင်ပဲ ဖြစ်နေသည်။

ဟယ်လ်ဒင်၏လက်တစ်ဘက် ခါးပေါ်သို့ ရောက်လာသည်ကို နိုဝယ် သိလိုက်သည်။ တပြိုင်တည်းမှပင် သေနတ်နှင့် နောက်ကျောကို ထောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပါ သတိပြုလိုက်မိသည်။

“ ဟောဒီမှာသော့ . . တံခါးဖွင့်လိုက်ပါ။ သူ့အနေနဲ့ ဟိုနားဒီနား ရွှေ့ဖို့ သိပ်လွယ်တာ မဟုတ်ဘူး ”

ဟယ်လ်ဒင် ကမ်းပေးသည့်သော့ကို ယူသည်။ တံခါးကိုဖွင့်သည်။

အိမ်ထဲသို့ သူတို့ရောက်သွားကြသည်။ ပြင်သစ်လူမျိုးတို့၏ တောပိုင်းရှိ သာမန်အိမ်သေးသေးကလေးအတိုင်းပင်ဖြစ်သည်။ အခန်းကလည်း ခပ်ကျဉ်းကျဉ်းဖြစ်သည်။

သို့သော် သာမန်အိမ်များနှင့် မတူသော ထူးခြားချက်တော့ရှိနေသည်။

နံရံနှစ်ဘက်စလုံးမှာ စာအုပ်ပေါင်းများစွာတို့ဖြင့် ပြည့်ကျပ်နေသည်။

ထိုစာအုပ်များမှတပါး အခြားထူးခြားချက်တော့ ဘာမှမရှိပါ။ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များက ဟောင်းနွမ်းနေပြီ။ စားရေးစားပွဲက သာမန်စားပွဲဖြစ်သည်။ မီးလုံးများကို ထူးထူးခြားခြား ပြုပြင်မွမ်းမံထားခြင်းမရှိ။ သာမန်အုပ်ဆောင်းကိုသာ တပ်ထားသည်။

စာအုပ်များသာလျှင် အထူးခြားဆုံးဖြစ်နေသည်။ နေရာကလေးနှင့် မလိုက်အောင် များပြားလွန်းလှသည်။

အခန်း၏ တစ်ဘက်ထောင့်တွင် ကိုယ်လုံးကိုယ်ထည်အတော်ပိန်လှီသော အဘိုးကြီးတစ်ယောက် ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်ကို တွေ့ရသည်။

သူ့ဘေးနားမှာ စားပွဲနိမ့်နိမ့်တစ်လုံးရှိသည်။ စားပွဲပေါ်တွင် စားပွဲတင် မီးသီးတစ်လုံး ထွန်းထားသည်။ သူ့ပေါင်ပေါ်မှာ စာအုပ်တစ်အုပ် တင်ထားသည်။

ဆံပင်က ခပ်ကျဲကျဲပေါက်နေသည်။ အားလုံး ဖြူဖွေးနေကြပြီ။ သို့သော်လည်း ထိုဆံပင်ကျဲကျဲကလေးကို သပ်ရပ်စွာ ဖြီးထားလေသည်။

သူ့အသက် ၇၀ ကျော်လောက်တော့ ရှိလောက်ပြီးဟု နိုဝယ်က ခန့်မှန်းကြည့်သည်။

အသက်အရွယ် အိုမင်းပြီး ပိန်လှီနေသော်လည်း မျက်နှာအမူအရာက တင်းမာသည်။ မျက်လုံးအစုံက အမြဲတမ်း နိုးကြားနေပုံရသည်။ အရာရာကို သတိထားလေ့လာပြီး အလစ်မပေးတတ်သည့် ပုံစံမျိုးဖြစ်သည်။

ဆွယ်တာဝတ်ထားပြီး လည်ပင်းအထိ ကြယ်သီးများ အပြည့်တပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

"ဂွဒ်အီဗနင်း ဟာအိုးဘတ်စ်. . . ကျွန်မတို့ကို အကြာကြီးစောင့်မနေရဘူးလို့ထင်ပါတယ်။ သိပ်နောက်မကျပါဘူးနော် "

အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း ဟယ်လ်ဒင်က ပြောသည်။

" ဂွဒ်အီးဗနင်း ဟယ်လ်ဒင်. . . မင်းဒီကို ရောက်လာပြီဆိုတော့ အားလုံးလုံလုံခြုံခြုံနဲ့ ဘေးအန္တရာယ်ကင်းခဲ့တယ်ဆိုတဲ့ သဘောပေါ့။ ဒါပဲ အရေးကြီးဆုံးပါကွယ် "

ဟာအိုးဘတ်စ်ဆိုသော အဘိုးကြီးက ပေါင်ပေါ်မှ စာအုပ်ကို စားပွဲပေါ်သို့ ပြောင်းတင်ရင်း ပြန်ဖြေသည်။

နိုဝယ်က အကဲခတ်ကြည့်နေသည်။ အခြေအနေများကို သုံးသပ်နေသည်။ ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်နေသော အဘိုးကြီးက ကုလားထိုင်လက်တန်းကို အားပြုပြီး ထိုင်ရာမှ ထရပ်သည်။

ထိုသို့ ရပ်လိုက်သောအခါကျတော့မှ သူ့အရပ်သည် လွန်မင်းစွာမြင့်သည့် အရပ်ဖြစ်ကြောင်း မြင်တွေ့ရသည်။ ခြောက်ပေ သုံးလက်မလောက်တော့ ရှိပေလိမ့်မည်။

သူပြောသည့် လေသံက ဂျာမန်သံပေါက်လွန်းလှသည်။ ပြောပုံဆိုပုံကိုကြည့်ခြင်းအားဖြင့် မင်းမျိုးမင်းဆွေထဲက သော်လည်းကောင်း၊ မျိုးကြီးမတ်ရာထဲကသော်လည်းကောင်း ဖြစ်ရမည်ဟု တွက်ကြည့်နိုင်သည်။

" မောင်ဟာ မစ္စတင်နီဆန်ကို ဖုန်းဆက်တဲ့သူငယ်ပဲ "

အဘိုးကြီးက ပြောသည်။ မေးခွန်းထုတ်ခြင်းမဟုတ်ပါ။

" ကျုပ်ကို သာမန်အားဖြင့် ကာနယ်အိုးဘတ်စ်လို့ သိထားပါ။ အမှန်ကတော့ ဒီရာထူးဟာ ကျုပ်ရဲ့ ရာထူးမဟုတ်ဘူး။ ဒါပေမယ့် ဒီရာထူးနဲ့ပဲ သိထားဖို့ လိုပါလိမ့်မယ် "

" သူက နိုဝယ်ဟိုးလ်ခရော့ဖ်တ်ပါ. . . အမေရိကန်လူမျိုးပါပဲ။ ကျွန်မကို ဖုန်းဆက်တာသူပါပဲ "

ဟယ်လ်ဒင်က ထိုသို့ပြောရင်း ရှေ့သို့တိုးလာသည်။ သူ့လက်ထဲမှာ ပစ္စတိုသေနတ်ကို ကိုင်ထားဆဲပင် ဖြစ်လေသည်။

" သူ့ကို အလိုမတူပဲ ဒီနေရာရောက်အောင် ဇွတ်ခေါ်လာရတာပါ။ သူက ရှင်နဲ့ စကားမပြောချင်ဘူးတဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ကျန်းခန့်သာလို့မာပါစ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ကျုပ်လို အဘိုးကြီးတစ်ယောက်နဲ့ ဘာကြောင့်များ စကားမပြောချင်ရတာလဲဆိုတာ မေးပါရစေနော် "

အိုးဘတ်စ်က နိုဝယ်ဆီသို့ လက်ကမ်းပေးခြင်း လုံးဝမပြု။

" ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော်မသိပါဘူး။ ဒါ့အပြင် မစ္စတင်နီဆန်နဲ့ ကျွန်တော် ဆွေးနွေးတဲ့ အကြောင်းအရာတွေဟာ လျှို့ဝှက်ကိစ္စတွေ ဖြစ်နေပါတယ် "

နိုဝယ်ကလည်း တည်ငြိမ်စွာ ပြန်ပြောသည်။

" မောင်က လျှို့ဝှက်ချင်သလို မစ္စတင်နီဆန်ကရော မောင်နဲ့ တသဘောတည်းရှိရဲ့လား "

" ဒါနဲ့ပတ်သက်လို့တော့ သူ့ကိုပဲ မေးကြည့်ပါ "

နိုဝယ်က အသက်ဝအောင်ရှူလိုက်သည်။ သူ့အပေါ် ယုံကြည်မှုရှိမရှိ ခဏချင်းမှာပင် သိရတော့မည် ဖြစ်သည်။

" ဟို. . . သူပြောတာတွေဟာ အဲဒါတွေအမှန်ပဲဆိုရင်. . . ဒါတွေ အမှန်ပဲလို့ ကျွန်မ ထင်ပါတယ် "

ဟယ်လ်ဒင်က ထစ်ထစ်ငေါ့ငေါ့ ဝင်ပြောသည်။

" ဒီလိုလား . . . ဒါပေမယ့် မင်းယုံကြည်ဖို့တော့ လိုတာပေါ့။ မင်းကိုလဲ ယုံကြည်စိတ်ချရဖို့လိုတာပေါ့။ မင်းတို့ရဲ့အကြောင်းတွေကို ဘာမှမသိရသေးပဲ ကျုပ်က ရှေ့နေလိုက်ရတော့မယ့် သဘောပေါ့လေ "

အဘိုးကြီးက ဘီးတပ်ကုလားထိုင်ပေါ်မှာ ပြန်ထိုင်သည်။

" ဒါက ဘာအဓိပ္ပာယ်လဲ " ဟု နိုဝယ်က လှမ်းမေးသည်။

" ဒီအကြောင်းတွေကို မောင်က ကျုပ်တို့နဲ့ မဆွေးနွေးနိုင်ဘူး မဟုတ်လား။ ဒါကြောင့် ကျုပ်ကလဲ မေးခွန်းထုတ်ရတော့မှာပေါ့။ မောင်ဖြေတဲ့ အဖြေတွေကို ကြည့်ရမှာပဲ။ ကျုပ်တို့ ပူပင်သောကရောက်သင့်မရောက်သင့် ချင့်ချိန်ရတော့မှာပဲ။ ဒီမှာ မစ္စတာဟိုးလ်ခရော့ဖ်တ်. . . မောင်အနေနဲ့ ကျုပ်ကို ကြောက်ရွံ့နေစရာ ဘာအကြောင်းမှမရှိပါဘူး။ အမှန်အတိုင်းပြောရမယ်ဆိုရင် ကျုပ်တို့ကပဲ မောင့်ကိုပြန်ပြီး အကြီးအကျယ် ကြောက်နေရမယ့်သဘော ရှိပါတယ် "

" ဘာကြောင့်ပါလဲခင်ဗျာ။ ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ အလားတူပဲ ကျွန်တော့်ကိုလဲ ခင်ဗျားမသိဘူး။ ဘယ်ပြဿနာတွေမှာ ခင်ဗျား ပါဝင်ပတ်သက်နေတယ်ဆိုတာလဲ ကျွန်တော်နဲ့ ဘယ်လိုမှ မဆိုင်ပါဘူး"

" ဒီလိုဆိုရင် ကျုပ်တို့အားလုံး အဲဒီအချက်ကို ယုံကြည်ထားကြဖို့လို တယ်။ ကိစ္စကသိပ်ကို အလျင်စလို ဖြစ်နေပြီလို့ မစ္စတင်နီဆန်ကို မောင်က ဖုန်းနဲ့ပြောခဲ့တယ်။ အလျင်စလိုဖြစ်နေတဲ့အကြောင်းက ငွေရေးကြေးရေးကိစ္စ၊ သိပ်ကိုများတဲ့ ငွေရေးကြေးရေးကိစ္စ၊ ဒီငွေရေးကြေးရေးကဆိုတာကလဲ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်ကကိစ္စ၊ ဟုတ်တယ်နော်. . . "

" ဒီစကားတွေ မစ္စတင်နီဆန်က ခင်ဗျားကို ပြောပြတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။ ဒါလောက်အထိ ဖွင့်ပြောထားတာ ကျွန်တော် သိပ်ကို စိတ်မကောင်းဖြစ်မိပါတယ် "

" သူပြန်ပြောပြတာ ဒီထက် နည်းနည်းကလေးပဲ ပိုပါတယ်။ သူ့အစ်မနဲ့မောင် တွေ့ခဲ့ပြီးပြီဆိုတာရယ်၊ သူ့အစ်ကိုနဲ့လဲ မောင် တွေ့ချင်နေ တယ် ဆိုတာရယ်၊ ဒါလောက်ပဲ ကျုပ်ကို ပြန်ပြောပြတာပါ " ဟု အဘိုးကြီးက ပြောသည်။

" ကျွန်တော် ထပ်ပြောပါရစေဦးခင်ဗျာ၊ ဒါတွေဟာ လျှို့ဝှက်ကိစ္စ တွေပါ "

သို့သော်လည်း အဘိုးကြီးက နိုဝယ် ဘာစကားမှမပြောသည့်အလား သူပြောချင်ရာကို ဆက်ပြောသည်။

" နောက်ဆုံးတစ်ခုပြောမယ်။ မောင်ဟာ အခုလိုတွေ့ကြတာကိုလဲ လျှို့လျှို့ဝှက်ဝှက် လုပ်ချင်တယ်။ အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် လုပ်ချင်တယ်"

" ဒါတွေဟာ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ ခင်ဗျာ။ ဒီကိစ္စဟာ ခင်ဗျားနဲ့ဘယ်လိုမှ မပတ်သက်ပါဘူး။ တည့်တည့်ပြောရရင် ခင်ဗျား အလုပ် မဟုတ်ပါဘူး "

" မဟုတ်ဘူးလား။ မပတ်သက်ဘူးလား "

" မဟုတ်ဘူး။ မပတ်သက်ဘူး "

" ဒီလိုဆိုရင် နည်းနည်းကလေး အကျဉ်းပြန်ချုပ်လိုက်ကြရအောင်ပါ"

အဘိုးကြီးက ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်သည်။ နိုဝယ်ကိုလည်း မျက်တောင်မခတ် စိုက်ကြည့်နေသည်။

" သိပ်ကို အလျင်စလိုဖြစ်နေတယ်။ ငွေတွေက သိပ်များတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်ကကိစ္စနဲ့ ဆိုင်တယ်။ တတိယ ဂျာမနီနိုင်ငံတော်ကြီးကို ဦးဆောင်ခဲ့တဲ့ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်ကြီးတွေရဲ့ ဆန္ဒနဲ့ ပတ်သက်တယ်။ ဒါတွေအားလုံးဟာ လျှို့ဝှက်ထားတယ်။ ဘယ်သူ့ကိုမှ အသိမပေးပဲ လုပ်ရမယ်။ အရေးအကြီးဆုံး လုပ်ငန်းတစ်ခုလဲ ဖြစ်တယ်။ ဒီလိုဆိုရင် ကျုပ်အနေနဲ့ ကောက်ချက်တစ်ခုခုချရမယ့် အခြေအနေ ရောက်နေပြီ ”

ဘာတွေ ကောက်ချက်ချမည်ကို နို့ဝယ် စိတ်မဝင်စားပါ။ သိလည်း မသိပါ။ ထို့ကြောင့် ခပ်ပြတ်ပြတ်ပင် ပြန်ပြောမိသည်။

“ ခင်ဗျားဘာတွေ ကောက်ချက်ချမယ်ဆိုတာ ကျွန်တော် သဘောမပေါက်ပါဘူး။ စိတ်လဲမဝင်စားပါဘူး ”

“ဒီလိုဆိုရင် ပိုဖြစ်နိုင်တာတစ်ခုရှိသွားပြီ။ ထောင်ချောက်ပဲ ဖြစ်ရမယ်”

“ ထောင်ချောက်. . . ဘာထောင်ချောက်လဲ ”

နို့ဝယ်ပိုပြီး နားရှုပ်သွားသည်။

“ မောင်ဟာ ဘယ်သူလဲ မစ္စတာဟိုးလ်ခရော့ဖ်တ်. . . အိုဒက်ဇာရဲ့ နောက်လိုက်လား . . . ဒါမှမဟုတ် ရာခါအဖွဲ့ဝင် စစ်သားတစ်ယောက်လား”

“ အိုဒက်ဇာ. . . နောက်ပြီးတော့ ဘာ . . . ”

နားရှုပ်သွားသော နို့ဝယ်က ပြန်မေးသည်။

“ ရာခါ . . . ”

အဘိုးကြီးက ပြန်ပြောပြသည်။ စားလုံးပေါင်းပြသည်။ အသံထွက်မှန်အောင် ပီပီသသ ဆိုပြသည်။

“ ရာခါ. . . ရာခါ. . . ခင်ဗျားပြောနေတာတွေ ကျွန်တော် နားမလည်ဘူး ”

အဘိုးကြီးပြောသည့် စကားလုံးကို နို့ဝယ်က ပြန်ရွတ်ကြည့်နေပြီးမှ အဖြေပေးသည်။

အိုးဘတ်စ်က ဟယ်လ်ဒင်ကို ကွက်ကနဲ တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့မှ နို့ဝယ်ဘက်သို့ ပြန်လှည့်လာသည်။

“ အဲဒီနှစ်လုံးစလုံးကို မောင် မကြားဖူးဘူးလား ”

“ အိုဒက်ဇာကိုတော့ ကျွန်တော် ကြားဖူးပါတယ်။ ဒါပေမယ့် ရာခါဆိုတာကိုတော့ ကျွန်တော် မကြားဖူးဘူး။ ဘာကိုခေါ်တာမှန်းလဲ မသိဘူး ”

“ သိမ်းသွင်းစုဆောင်းသူတွေနဲ့ လူသတ်သူတွေလေ။ အခုတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးက သိမ်းသွင်းစုဆောင်းနေကြပြီ။ သတ်လဲသတ်နေကြပြီ။ အိုဒက်ဇာနဲ့ ရာခါ. . . ကလေးတွေနောက်ကို ခြေရာခံလိုက်နေကြတဲ့ အဖွဲ့တွေပေါ့ ”

ထိုစကားကြားသောအခါ နိုဝယ်က ခေါင်းခါပြန်သည်။

“ ကလေးတွေနောက်ကို ခြေရာခံနေကြတဲ့ အဖွဲ့တွေ. . . ကျွန်တော့်ကိုတော့ ရှင်းအောင်ပြောမှဖြစ်တော့မယ်။ နည်းနည်းကလေးမှ ကျွန်တော် မရိပ်စားမိဘူး။ ဘာတွေပြောနေမှန်းလဲ မသိတော့ဘူး ”

အိုးဘတ်စ်က ဟယ်လ်ဒင်ကို တစ်ကြိမ်လှမ်းကြည့်လိုက်ပြန်သည်။ သူတို့နှစ်ယောက် မည်သည့်အဓိပ္ပာယ်နှင့် မျက်နှာရိပ် မျက်နှာကဲ ပြနေကြသည်ကို နိုဝယ် လုံးဝမခန့်မှန်းတတ်ပါ။

အိုးဘတ်စ်က နိုဝယ်ကိုပြန်ကြည့်သည်။ စေ့စေ့စပ်စပ် အကဲခတ်နေသည်။ လိမ်ညာပြောနေခြင်း ဟုတ်မဟုတ် စူးစမ်းသည့်အကြည့်ဖြင့် ကြည့်သည်။

“ ဒီလိုဆိုရင် မောင့်ကို တည့်တည့်ပဲမေးတော့မယ်။ မောင်ဟာ နာဇီခေါင်းဆောင်တွေရဲ့ သားသမီးတွေနောက်ကို ခြေရာခံလိုက်နေတဲ့လူတွေထဲက တစ်ယောက်လား။ အဲဒီကလေးတွေကိုတွေ့ရင် သူတို့ မကျူးလွန်ခဲ့ရတဲ့ အပြစ်အတွက် သူတို့ဘာမှ မသိခဲ့ရတဲ့အပြစ်အတွက် လက်စားချေတဲ့အနေနဲ့ သတ်ပစ်နေတဲ့အဖွဲ့ထဲက တစ်ယောက်လား။ ဒါမှမဟုတ်ရင် ကလေးတွေကို မသတ်ပဲ မောင်တို့နဲ့ ပူးပေါင်းအောင် အကျပ်ကိုင်နေတဲ့အဖွဲ့ထဲက တစ်ယောက်လား။ မောင်တို့နဲ့ မပူးပေါင်းရင် သူတို့ဟာ ရာဇဝတ်ကောင်တွေဖြစ်ကြောင်း ဖော်ထုတ်ပစ်မယ်လို့ ခြိမ်းခြောက်နေတဲ့ အဖွဲ့ထဲက တစ်ယောက်လား။ အဲဒီလူတွေဟာ ကလေးတွေရဲ့နောက်ကို အဲဒီရည်ရွယ်ချက်တွေအတွက် ခြေရာခံပြီး လိုက်နေကြတယ်။ မောင်ဟာ သူတို့ အုပ်စုထဲကလား မစ္စတာဟိုးလ်ခရော့ဖ်တ် ”

ထိုစကားကြားတော့မှ နိုဝယ် စိတ်သက်သာရာရသွားသည်။ ထို့ကြောင့် ခဏကြာအောင် မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။

“ ခင်ဗျားဘယ်လောက်တောင် မှားသွားပြီဆိုတာ ကျွန်တော်ပြောမပြတတ်လောက်အောင်ပါပဲ။ ကျွန်တော် ဒီစကားထက်ပိုပြီး ပြောစရာမရှိတော့ပါဘူး။ ခင်ဗျားဟာ မယုံကြည်နိုင်လောက်အောင်ကို မှားသွားပါပြီ ”

“ သေချာအောင် ကျုပ်တို့လုပ်ရဦးမယ် ”

“ လုပ်ပါခင်ဗျာ။ လုပ်ပါ. . . အဲဒါမျိုးတွေနဲ့ ကျွန်တော် ဘယ်လိုမှ မပတ်သက်ပါဘူး။ အဲဒါမျိုးတွေကိုလဲ ဘယ်တုန်းကမှ မကြားခဲ့ဖူးပါဘူး။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ အဲဒီလိုအလုပ်မျိုးတွေကို လုပ်နေကြတယ်ဆိုရင်တော့ လူရူးတွေပါပဲ”

“ ဟုတ်တယ်။ သူတို့ဟာ အရူးတွေပဲ။ ကျုပ်ကို အထင်မမှားနဲ့နော်။ လောကကြီးမှာ အမှန်တကယ် အပြစ်ကျူးလွန်ခဲ့ပြီး ပြစ်ဒဏ်မခံရတဲ့ လူတွေရှိတယ်။ အဲဒီလိုလူတွေကတော့ နုရင်းဘတ်ခုံရုံးကိုကြည့်ပြီး လှောင်ပြောင်ရယ်သွမ်းသွေးနေကြလေရဲ့။ သူတို့ ဘာတွေကျူးလွန်ခဲ့ပြီး အဲဒီအတွက် ပြစ်ဒဏ်မခံရဘူးဆိုတာကိုလဲ ကျုပ်ဘာမှ မပြောလိုဘူး။ တရားရုံးကို ဟားတိုက်လှောင်ပြောင်နေတာကိုလဲ မပြောလိုဘူး။ ဒါပေမယ့် ကလေးတွေကို လိုက်လံသုတ်သင်နေတဲ့ အလုပ်ကိုတော့ ရပ်ကိုရပ်ရတော့မယ် ”

နိုဝယ်က ဟယ်လ်ဒင်ဘက်သို့ လှည့်ကြည့်သည်။

“ အဲဒါတွေကြောင့် မင်းတို့ထွက်ပြေးနေကြတာလား။ စစ်ကြီးပြီးသွားတာ နှစ်ပေါင်းများစွာကြာပြီ။ ဒါတောင်မှ သူတို့က မင်းတို့နောက်ကို ခြေရာခံပြီး လိုက်နေကြတုန်းပဲလား ”

ထိုမေးခွန်းကို ဟယ်လ်ဒင် ပြန်မဖြေမီ အိုးဘတ်စ်က ဝင်ဖြေသည်။

“ အကြမ်းဖက်မှုတွေဟာ နေ့တိုင်းဖြစ်ပွားနေတယ်။ နေရာတကာမှာ ဖြစ်ပွားနေတယ် ”

ထိုစကားကြောင့် နိုဝယ်က ပြန်မေးပြန်သည်။

“ ဒီလိုဆိုရင် ဒီကိစ္စကို ဘယ်သူမှ မသိကြဘူးလား။ ဒီအကြောင်းတွေ ဘာဖြစ်လို့ သတင်းစာထဲမှာ မပါတာလဲ။ ဘာဖြစ်လို့ ဒီသတင်းတွေကို မှောင်ချထားကြသလဲ။ ဘာဖြစ်လို့ ဘယ်သူကမှ ဖွင့်မပြောတာလဲ ”

“ နာဇီခေါင်းဆောင်တွေရဲ့ သားသမီးတွေကို အရေးအရာလုပ်ပြီး ဂရုစိုက်နေတဲ့လူရော ရှိလို့လားဆိုတဲ့ မေးခွန်း ကျုပ်က ပြန်မေးရလိမ့်မယ် ”

“ ဘုရားရေ. . . ဒုက္ခပါပဲဗျာ။ သူတို့ဟာ ကလေးတွေပဲ ”

နိုဝယ်က ထိုသို့ပြောပြီး ဟယ်လ်ဒင်ကို ပြန်ကြည့်နေသည်။ ခဏကြာတော့မှ ဟယ်လ်ဒင်ကို မေးသည်။

“ ဒီနေ့ည ကိုယ်မြင်ခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ အဲဒါတွေပဲလား။ မင်းတို့အချင်းချင်း အပြန်အလှန် အကာအကွယ်ပေးနေကြတာဟာ အဲဒီအကြောင်းတွေကြောင့်လား။ ဒါလောက်ဆိုးတဲ့ အဖြစ်ကြီးဟာ တစ်ကမ္ဘာလုံးကို ကူးစက်နေပြီလား ”



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်ဗွန်တိုင်းဘိုလ်တ်က တည်ငြိမ်သောလေသံဖြင့် ပြန်ပြောသည်။

" ကျွန်မတို့ကို ကျိန်စာသင့်နေတဲ့ သားသမီးတွေလို့ခေါ်ကြတယ်။ တကယ်ဆိုတော့ ဒီစကားဟာ ဟုတ်လဲဟုတ်တယ်။ ဟုတ်လဲ မဟုတ်ဘူး "

" မင်းစကားကို ကိုယ်နားမလည်ဘူး "

နားရှုပ်သွားသော နိုဝယ်က ခေါင်းယမ်းနေသည်။

" မောင်နားမလည်တာ ထားလိုက်ပါတော့လေ "

အိုးဘတ်စ်က ထိုသို့ပြောရင်း ထိုင်ရာမှထသည်။ သူ့အရပ်ကြီးက မိုးထိုးလာပြန်သည်။ သေသေချာချာရပ်မိပြီးမှ နိုဝယ်ကို လှမ်းပြောသည်။

" အရေးကြီးတာက ကျုပ်တို့ပဲ။ မောင်ဟာ အဲဒီအဖွဲ့အစည်းတွေထဲက မဟုတ်ဘူးဆိုတာ ကျုပ်တို့ ယုံကြည်ဖို့ပဲ။ ကျေနပ်ပြီလား ဟယ်လ်ဒင်. . "

အိုးဘတ်စ်က ဟယ်လ်ဒင်ကို တဆက်တည်းလှည့်မေးသည်။

" ကျေနပ်ပါပြီ "

" နောက်ထပ် ကျုပ် သိစေချင်တာမျိုး မင်းမှာ မရှိတော့ဘူးလား "

ဟယ်လ်ဒင်က ခေါင်းယမ်းသည်။

" မရှိတော့ပါဘူး။ ကျွန်မ ကျေနပ်ပါပြီ "

အိုးဘတ်စ်က နိုဝယ်ဘက်သို့ လက်တစ်ဘက် ဆန့်တန်းပေးလိုက်သည်။

" ဒီလိုဆိုရင် ကျုပ်လဲ ကျေနပ်ပါပြီ။ အခုလိုရောက်လာတာ ကျေးဇူးတင်ပါတယ်။ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ဟယ်လ်ဒင်ကတော့ မောင့်ကို ရှင်းပြပါလိမ့်မယ်ထင်တယ်။ ဒီလောကကြီးထဲမှာ ကျုပ်ရှိနေသေးတယ်ဆိုတာ သိတဲ့လူများများစားစားမရှိပါဘူး။ ကျုပ်တို့ ကိုယ်တိုင်ကလဲ လူများများစားစား သိမှာကို မလိုလားပါဘူး။ ဒါကြောင့် မောင်က နှုတ်လုံလုံနဲ့ စောင့်စည်းထားလိမ့်မယ်လို့ ယူဆပါတယ် "

နိုဝယ်က ကမ်းပေးထားသော အဘိုးကြီး၏လက်ကို ဆွဲယူလိုက်သည်။ အသက် ၇၀ ကျော်ပြီး ပိန်လှီနေသော်လည်း လက်က အလွန်တရာ သန်မာသည်ကို သတိပြုလိုက်မိသောကြောင့် နိုဝယ် အံ့အားသင့်သွားသည်။

" ကျွန်တော့် လျှို့ဝှက်ချက်တွေကိုလဲ နှုတ်လုံနိုင်ပါ့မလား ခင်ဗျား"

" မောင့်ကို ကျုပ် ကတိပေးပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုဆိုရင် ကျွန်တော်ကလဲ ကတိပေးပါတယ် ခင်ဗျား "

\+ \+ \+

နိုဝယ်နှင့် ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ်တို့ နှစ်ယောက်သည် တိတ်ဆိတ်စွာပင် ကားမောင်းလာကြသည်။ ကားမောင်းသူမှာ နိုဝယ်ဖြစ်သည်။

ဟယ်လ်ဒင်သည် စောစောတုန်းကလို နောက်ခုံမှာ သွားမထိုင်တော့ပဲ ရှေ့ခုံသို့လာပြီး နိုဝယ်နှင့်အတူ ယှဉ်ထိုင်သည်။ ပြီးတော့ ဘယ်လမ်းကိုကွေ့၊ ဘယ်လမ်းကိုချိုး စသည်ဖြင့် လမ်းညွှန်ပြနေသည်။

အော်ခြင်း၊ ဟစ်ခြင်း၊ အမိန့်ပေးခြင်းများလည်း မရှိတော့ပြီ။

မော်တော်ကားရှေ့မီးရောင်က အမှောင်ထုကို ထွင်းဖောက်ဝင်ရောက်နေသည်။

ယနေ့ည ကြုံတွေ့လိုက်ရသည့် အဖြစ်အပျက်များကြောင့် နိုဝယ်ကဲ့သို့ပင် သူလည်း စိတ်ပန်းလူပန်းဖြစ်ပြီး နွမ်းနယ်သွားလေသည်။

သို့သော်လည်း ယနေ့ညသည် မကုန်ဆုံးသေးပါ။ ယနေ့ည၏ အဖြစ်အပျက်များသည် မပြီးဆုံးသေးပါ။

သူတို့နှစ်ယောက် စကားပြောစရာတွေ အများကြီးကျန်နေသေးသည်။

" ဒါတွေဟာ တကယ်ပဲ လိုအပ်သလားကွာ။ ကိုယ့်ကိုသူတွေ့ဖို့က သိပ်ကို အရေးကြီးနေသလား "

သူတို့နှစ်ယောက်ကြားမှ တိတ်ဆိတ်မှုကို နိုဝယ်က စတင် ချိုးဖောက်လိုက်လေသည်။

" သိပ်ကို အရေးကြီးတာပေါ့ရှင်။ ရှင်ဟာ အိုဒက်ဇာ အဖွဲ့ဝင် မဟုတ်ဘူး။ နောက်ပြီးတော့ ရာခါအဖွဲ့ဝင် မဟုတ်ဘူးဆိုတာကို သူသေသေချာချာ ယုံကြည်သွားဖို့ သိပ်ကို အရေးကြီးတာပေါ့ "

" အဲဒါတွေက ဘာတွေလဲ။ တိတိကျကျ ပြောပြစမ်းပါ။ အိုးဘတ်စ်ကတော့ ဒါတွေကို ကိုယ်သဘောပေါက်နားလည်သွားပြီဆိုတဲ့ သဘောမျိုးနဲ့ ပြောနေတာ။ ဒါပေမယ့် ကိုယ်ကတော့ ဘာမှနားမလည်ဘူး။ သူ့ကိုလဲ ကိုယ်နားမလည်ဘူး "

" အဲဒီအဖွဲ့နှစ်ဖွဲ့ဟာ သိပ်ကိုအယူသည်းပြီး သိပ်ကိုအစွန်းရောက်နေကြတဲ့ အဖွဲ့တွေပဲ။ သူတို့အချင်းချင်းကလဲ ရန်သူတွေပဲ။ သိပ်ကို ရူးတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ရှင်။ နှစ်ဖွဲ့စလုံးက ကျွန်မတို့ နောက်ကို လိုက်နေကြတယ်လေ ”

“ ကျွန်မတို့ . . . ”

“ နာဇီခေါင်းဆောင်တွေရဲ့ သားသမီးတွေနောက်ကို လိုက်နေကြတာ။ ကျွန်မတို့ ဘယ်ရောက်နေနေ လိုက်တာပဲ လူစုခွဲပြီး ပုန်းနေနေ တွေ့အောင် ရှာနေကြတာပဲ ”

“ ဘာဖြစ်လို့လဲ ”

“ အိုဒက်ဇာက နာဇီပါတီကို ပြန်ပြီး အသက်သွင်းချင်တယ်။ အိုဒက်ဇာအဖွဲ့ဝင်တွေဟာ ကမ္ဘာပေါ်မှာ နေရာအနှံ့အပြား ရှိနေကြတယ် ”

“ တကယ်ပဲလား . . . သူတို့က ဒါလောက်ပဲ ပြင်းထန်နေကြသလား . . . တကယ်ပဲ လုပ်နေကြတာလား ”

“ သိပ်ကို ပြင်းထန်တာပေါ့ရှင်။ တကယ်လဲ လုပ်နေကြတာပေါ့။ အိုဒက်ဇာက သိမ်းသွင်းစည်းရုံးတာမှာ အကျပ်ကိုင်တဲ့နည်းနဲ့ နှိပ်စက် ညှဉ်းပန်းတဲ့နည်း သတ်ပစ်တဲ့နည်းကို သုံးကြတယ်။ သူတို့ဟာ တကယ်ကတော့ လူမိုက်ဂိုဏ်းတွေပါပဲ ”

“ နောက်ပြီးတော့ . . . ဟို . . . ရာခါ . . . ”

“ ရာခါ. . . ဂျာမန်ဘာသာနဲ့ လက်စားချေတုံ့ပြန်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ အစပိုင်းတုန်းကတော့ အဲဒီအဖွဲ့ကို သုံ့ပန်းစခန်းတွေမှာ မသေပဲ ကျန်ရစ်ခဲ့ကြတဲ့ လူတွေက ဦးဆောင်ဖွဲ့စည်းခဲ့တယ်။ စစ်ခုံရုံးကို ရောက်မလာပဲ ပုန်းအောင်းနေကြတဲ့ နာဇီလူသတ်သမားတွေကို လိုက်ရှာကြတယ် ”

“ ဒါဆိုရင် ဂျူးတွေက ဖွဲ့ထားတဲ့အဖွဲ့ပေါ့ ”

“ ဟုတ်တယ်။ ရာခါမှာပါတဲ့ လူတွေဟာ ဂျူးတွေပဲ။ အခုတော့ တရားသဖြင့် ဖြစ်အောင် လုပ်မယ်ဆိုတဲ့လူက လူနည်းစုဖြစ်သွားပြီ။ အကြမ်းဖက်သမားတွေက ကြီးစိုးသွားပြီ။ လက်စားချေတုံ့ပြန်ရာမှာ လူသတ်တဲ့နည်းကို သုံးနေကြတယ် ”

“ ကိုယ် နားမရှင်းဘူးဖြစ်နေတယ်။ အဲဒီ ရာခါတွေကရော မင်းတို့ နောက်ကို ဘာကြောင့် လိုက်နေကြရတာလဲ ”

ဟယ်လ်ဒင်က နိုဝယ်ကို ပြန်ကြည့်သည်။ ကားထဲမှာ မီးမရှိသောကြောင့် ရှေ့မီးနှစ်လုံးမှ ရောင်ပြန်ဟပ်လာသည့် အလင်းရောင်နှင့် တဝါးဝါးသာ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မတို့ကို စုစည်းသိမ်းသွင်းဖို့ပေါ့။ အမျာတကာလိုပဲ ကျွန်မတို့မှာလဲ တော်လှန်ရေး တာဝန်ရှိတယ်လေ။ ဒါကြောင့် ကျွန်မတို့ကို တည်ကြက်လုပ်ပြီး သူတို့ရန်သူတွေကို လက်စားချေဖို့၊ ကျွန်မတို့က အစည်းရုံးမခံရင် သတ်တယ်။ အကြမ်းဖက်ပြတယ်။ ပြီးတော့ ကမ္ဘာပေါ်မှာ နာဇီတွေ မျိုးမပြုတ်သေးပါဘူးဆိုပြီး အထုတ်ဖြေပြတယ်။ ဒါကြောင့် သူတို့ အလုပ်ကလဲ ကျွန်မတို့ကို သိမ်းသွင်းလို့မရရင် သတ်တယ်။ သိမ်းသွင်းလို့ရရင် သူများကို သတ်ခိုင်းပြီး ကျွန်မတို့ကို ဖော်ထုတ်တယ်။ နာဇီတွေ ကျန်သေးတယ်လို့ ကမ္ဘာကို ကြေငြာတယ် "

" ရှုးလိုက်၊ မိုက်လိုက်တာကွာ "

နိုဝယ်က သက်ပြင်းချရင်း ညည်းမိသည်။

" ဟုတ်တယ်။ သိပ်ကို ရှုးတဲ့အလုပ်ပေါ့။ ဒါကြောင့် ကျွန်မတို့ ဘာမှမပြောရဲကြဘူး။ ကျွန်မတို့ ရှိနေပါတယ်ဆိုတာကိုလဲ သူတို့ကို အသိမပေးရဲဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ကိုယ်တိုင်က နာဇီခေါင်းဆောင်တွေ ဖြစ်နေကြတယ် မဟုတ်လား "

" အိုဒက်ဇာ. . . ရာခါ. . . ဒီအကြောင်းတွေ ကိုယ် ဘာမှမသိဘူး။ ဘာတစ်ခုမှ မကြားဖူးဘူး "

" ရှင့်လို လူတစ်ယောက်အနေနဲ့လဲ သိစရာအကြောင်း မရှိပါဘူးလေ"

" အခုနတွေ့ခဲ့တဲ့ အိုးဘတ်စ်ဆိုတာက ဘယ်သူလဲ . . . ဘာလဲ "

" သေတဲ့အထိ တစ်သက်လုံး လုံခြုံတဲ့နေရာမှာ ပုန်းနေရမယ့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ပေါ့။ သူသိတာတွေ များလွန်းလို့ ဒီဘဝ ရောက်သွားတာလေ"

" ဘာကို ဆိုလိုတာလဲ. . . ကိုယ်နားမလည်ဘူး "

" ကြီးမားယုတ်မာတဲ့ ရာဇဝတ်မှုပေါင်းများစွာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့ နာဇီထိပ်တန်းခေါင်းဆောင်ကြီးတစ်ယောက်ပဲ။ လူပေါင်းများစွာ အသတ်ခံခဲ့ရတာကို သူမြင်တွေ့ရတယ်။ သတ်ဖို့အမိန့်တွေ သူ့ရှေ့မှာပဲ ထုတ်ပြန်ပေးနေကြတယ်။ ဒါပေမယ့် သူ့မှာ ကန့်ကွက်ပိုင်ခွင့် မရှိခဲ့ဘူး။ ဒါကြောင့် မတော်တာတွေ မြင်နေရဲ့သားနဲ့ ရေငုံနှုတ်ပိတ်နေခဲ့ရတယ်။ ရေငုံနှုတ်ပိတ်နေရရုံမကပဲ မလွှဲသာမရှောင်သာ သူကိုယ်တိုင် အမိန့်ထုတ်ပေးရတာတွေ အမိန့်ကို လက်မှတ်ထိုးရတာတွေအထိ လုပ်ခဲ့ရသေးတယ် "

"ဒါနဲ့ပတ်သက်လို့ သူ့မှာ အပြစ်ရှိတယ်လို့ဆိုရမှာ ခပ်ခက်ခက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ အမှန်ကတော့ သူမရှောင်သာလို့ လုပ်ခဲ့ရတာပဲ။ အုပ်ချုပ်ရေးပိုင်းထဲမှာ သူကပါနေတယ် မဟုတ်လား။ စစ်ပြီးသွားတဲ့အခါမှာ မဟာမိတ်တွေက သူ့ကို ထောင်ချလိုက်တယ်။ ထောင်ထဲမှာ ဆယ့်ရှစ်နှစ်နေခဲ့ရတယ်။ နောက်ဆုံး ထောင်ကလွတ်လာတဲ့အခါကျတော့ ဂျာမန်ပေါင်းများစွာက သူ့ကို ရွံရှာမုန်းတီးကြတယ်။ သစ္စာဖောက်လို့ ကင်ပွန်းတပ်ကြတယ်။ တခြားလူတွေ မဟုတ်တာလုပ်ခဲ့သမျှ သူ့ခေါင်းပေါ် ပုံချလိုက်ကြတယ် ”

စောစောတုန်းက ဟယ်လ်ဒင်ပြောခဲ့သည့် စကားလုံးကို နို၀ယ်က ပြေးပြီး အမှတ်ရလိုက်သည်။

“ မင်းပြောတဲ့ စကားနဲ့ဆိုရင် ဟုတ်လဲဟုတ်တယ်။ မဟုတ်လဲ မဟုတ်ဘူးဆိုတာမျိုးပေါ့ ”

“ ဟုတ်တယ်။ အဲဒီအတိုင်းပဲ ”

ဟယ်လ်ဒင်က ပြန်ဖြေရင်း သူကွေ့ခိုင်းရမည့်လမ်းကို ကမန်းကတန်း ညွှန်ပြသည်။ နို၀ယ်ကလည်း အချိန်မီကလေး ကပ်ကွေ့လိုက်ရသည်။

“ ဒီအတိုင်းဆိုရင်တော့ အိုးဘတ်စ်ဟာလဲ ဂျီနီဗာအစီအစဉ်တွေရေးဆွဲခဲ့တဲ့ ကိုယ်တို့အဖေတွေလိုပဲပေါ့။ သူကလဲ သူ့နည်းသူ့ဟန်နဲ့ အမှားတွေကို ပြန်ပြင်နေတာပဲ မဟုတ်လား။ မင်းအနေနဲ့ အဲဒီလို မမြင်မိဘူးလား ”

“ ကျွန်မလဲ ဒီအတိုင်းပဲ မြင်ပါတယ် ”

“ ဒီအတိုင်းဆိုရင် ကိုယ်တို့အစီအစဉ်တွေ သူ့ကို ပြောပြချင်တဲ့စိတ် မင်းရင်ထဲမှာ ဖြစ်နေမှာပေါ့နော် ”

“ ဒီသဘောမျိုးတော့လဲ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ အသိမပေးဖို့ ကျွန်မကို ရှင်မှာထားတယ် မဟုတ်လား ”

နို၀ယ်က ဟယ်လ်ဒင်ကို လှည့်ကြည့်သည်။ ဟယ်လ်ဒင်က ကားရှေ့သို့သာ စူးစူးစိုက်စိုက်ကြည့်နေသည်။

အလွန်ပင်ပန်းနွမ်းနယ်နေပြီဖြစ်သောကြောင့် သူ့မျက်နှာလှလှကလေးမှာ သိသိသာသာကြီး ချောင်ကျနေသည်။ အသားရောင်က ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ မျက်လုံးအောက်မှလည်း မျက်ကွင်းကလေးများ ညိုနေသည်ကို သတိထားမိသည်။

ဟယ်လ်ဒင်သည် အဖော်ကင်းမဲ့သူ တစ်ယောက်လိုဖြစ်နေသည်။ အထီးကျန်တစ်ယောက်လို ဖြစ်နေသည်။ ထိုသို့သော မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၏ လွတ်လပ်မှုကို ဝင်ရောက်နှောင့်ယှက်ဖို့ မသင့်သည်မှာ မှန်ပါသည်။

သို့သော်လည်း ယနေ့ညသည် ကုန်ဆုံးလွန်မြောက်ခြင်းမရှိသေးပါ။ သူတို့နှစ်ယောက်စလုံးမှာ အပြန်အလှန် စကားပြောစရာတွေရှိနေသည်။ ဆုံးဖြတ်ချက်များ ချမှတ်စရာ ရှိနေသည်။

ဂျီနီဗာအစီအစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် ဝေလ်ဟမ်း ဗွန်တိုင်းဘို့လ်တ်၏ သမီးအငယ် ဟယ်လ်ဒင်ဗွန်တိုင်းဘို့လ်တ်ကိုပင် ရွေးချယ်ရတော့မည် ဖြစ်ကြောင်း နို၀ယ်က စဉ်းစားကြည့်နေမိသည်။

ဗွန်တိုင်းဘို့လ်တ်တို့ မိသားစု၏ ကိုယ်စားလှယ်အဖြစ် ဟယ်လ်ဒင်ကို ရွေးချယ်ရတော့မည်ဟု တွေးနေမိသည်။

" အေးအေးဆေးဆေး စကားပြောလို့ရတဲ့ တစ်နေရာရာကို သွားကြရအောင်လား။ ကိုယ်တို့နှစ်ယောက် တစ်ခုခုသောက်လိုက်ကြရင် ကောင်းမယ်"

" ဒီကနေ လေးငါးမိုင်လောက် ဝေးတဲ့နေရာမှာ စားသောက်ဆိုင်ကလေးတစ်ခုတော့ရှိတယ်။ လမ်းမကြီးရဲ့အတွင်းပိုင်းထဲမှာ၊ ကျွန်မတို့ကို ဘယ်သူမှ မမြင်နိုင်ဘူး "

ဟယ်လ်ဒင် ညွှန်ပြသည့်အတိုင်း လမ်းမကြီးမှ ဘေးသို့ ဖွဲ့ဆင်းခဲ့သည်။

ထိုသို့ ဖွဲ့ဆင်းလိုက်သည့်အချိန်မှာပင် နောက်ပိုင်းမှ မော်တော်ကားတစ်စီး၏မီးရောင်ကို နောက်ကြည့်မှန်ထဲတွင် နို၀ယ် မြင်တွေ့လိုက်ရလေသည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ မောင်းနေသည့် ကားဖြစ်သည်။

သို့သော်လည်း တစ်စုံတစ်ရာ အချက်ပြခြင်းမရှိသည်ကတော့ ထူးဆန်းသလို ဖြစ်နေသည်ဟု နို၀ယ်က ထင်သည်။

နောက်တစ်ကြောင်းကလည်း သူတို့လမ်းဘေးသို့ ဖွဲ့ဆင်းလာရာတွင် နောက်မှကားက မီးများမှိတ်ပြီး ခပ်ခွာခွာလိုက်လာသည်။ ထိုအပြုအမူကိုတော့ နို၀ယ် မသိလိုက်တော့ချေ။

\+ \+ \+

စားသောက်ဆိုင်ကလေးသည် ယခင်တုန်းက ယာတဲစောင့်သူများ နေထိုင်ခဲ့သည့် အိမ်ကလေးတစ်လုံး ဖြစ်ပုံရသည်။

ဆောက်လုပ်ထားပုံ၊ နေရာရွေးထားပုံ၊ ပြင်ဆင်မွမ်းမံထားပုံများ အားလုံးမှာ လယ်တဲကလေးတစ်ခုနှင့် ပိုမို တူညီနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ခန်းကလေးက ခပ်ကျဉ်းကျဉ်း ဖြစ်သည်။ တစ်ဘက်ခြမ်းတွင် ဘားကောင်တာရှိသည်။ အခန်းထဲမှာ မီးလင်းဖိုကြီးတစ်လုံးရှိရာ မီးထည့်ထားသည်။ မီးများက အရှိန်ကောင်းနေသောကြောင့် အခန်းထဲမှာ နွေးနွေးထွေးထွေး ရှိလှသည်။

သူတို့ထက်စောပြီး လူနှစ်ယောက်ရောက်နှင့်နေသည်ကို တွေ့ရသည်။ စားပွဲတစ်လုံးမှာ တိတ်ဆိတ်စွာ စားသောက်နေကြသည်။

ဆိုင်ရှင်က နိုဝယ်တို့နှစ်ယောက်ကို ထောင့်တစ်ထောင့်က စားပွဲမှာ နေရာချထားပေးသည်။ မြို့ပေါ်က စားသောက်ဆိုင်များလို လွန်ကျူးသည့် ဖော်ရွေပျူငှာခြင်းမျိုးကို မတွေ့ရ။

ဘရန်ဒီများ မှာလိုက်သည်။

မီးလင်းဖိုအရှိန်ကြောင့် နွေးထွေးသောနေရာမှာ သက်တောင့်သက်သာနားရပြီး ဘရန်ဒီ သောက်လိုက်ရသောကြောင့် နိုဝယ်မှာ အတော်ကလေး နေသာထိုင်သာရှိသွားလေသည်။

" အတော်ကောင်းတဲ့ နေရာကလေးပဲ။ မင်း ဘယ်လိုလုပ်ပြီး တွေ့ထားတာလဲ "

" ဟာအိုးဘတ်စ်ဆီကိုသွားတဲ့ လမ်းဘေးမှာရှိတယ်လေ။ ဒါကြောင့် သူငယ်ချင်းတွေနဲ့ အေးအေးဆေးဆေး စကားပြောချင်ရင် ဒီကိုပဲလာလေ့ရှိတယ်"

" ကိုယ်မေးခွန်း နည်းနည်းပါးပါးလောက်မေးရင် စိတ်ဆိုးမလား "

" မေးပါ "

" မင်း ဘယ်တုန်းက အင်္ဂလန်က ထွက်လာတာလဲ "

" သုံးလလောက်ရှိပြီ။ ကျွန်မ အလုပ်ရတဲ့အချိန်မှာ ထွက်လာတာ"

" လန်ဒန်တုန်းက တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ ရှာကြည့်တော့ ဟယ်လင်တင်နီဆန်ဆိုတဲ့ နာမည်တစ်ခုတွေ့တယ်။ အဲဒါ မင်းနာမည်ပဲလား"

" ဟုတ်ပါတယ်။ အင်္ဂလိပ်လူမျိုးတွေကြားထဲမှာ ဟယ်လ်ဒင်ဆိုတဲ့ နာမည်ကြီးက အထူးအဆန်းဖြစ်နေတယ်။ ခဏခဏအမေးခံရတယ်။ အမြဲရှင်းပြနေရတယ်။ ရှင်းရတာများလွန်းတော့ ကျွန်မလဲစိတ်ပျက်လာရော။ ပါရီမှာတော့ ဒီလိုမဟုတ်ဘူး။ ပြင်သစ်တွေက နာမည်နဲ့ပတ်သက်ပြီး သိပ်အလေးအနက် ထားကြတာမဟုတ်ဘူး "

" ဒါပေမယ့် မင်းကိုယ်မင်းတော့ ဗွန်တိုင်းဘို့လ်တ်ဆိုတဲ့ နာမည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွဲမသုံးဘူး မဟုတ်လား ”

ထိုမေးခွန်းကြောင့် အလိုမကျသည့် အမူအရာကလေးတစ်ခု ဟယ်လ်ဒင်၏ မျက်နှာပေါ်မှာ မသိမသာ ပေါ်လွင်သွားသည်ကို နို၀ယ်က သတိပြုမိလေသည်။

“ မသုံးပါဘူး ”

“ ဘာကြောင့် တင်နီဆန်ဆိုတဲ့နာမည် ဖြစ်လာရတာလဲ ”

“ ဒါလဲ ရှင်းပါတယ်။ ဗွန်တိုင်းဘို့လ်တ်ဆိုတဲ့ နာမည်က ဂျာမန်နာမည်စစ်စစ်ပဲ။ ဘရာဇီးလ်နိုင်ငံကနေ အင်္ဂလန်ကို ကျွန်မတို့ ပြောင်းလာကြတော့ နာမည်ပြောင်းဖို့လိုအပ်လာပြီလေ ”

“ နာမည်ပြောင်းလိုက်ရုံပဲလား။ လိုအပ်လို့ ပြောင်းတဲ့သဘောပဲလား။ တခြား ဘာအကြောင်းမှ မရှိဘူးလား ”

“ မရှိပါဘူး။ တခြား ဘာအကြောင်းမှ မရှိပါဘူး ”

ဟယ်လ်ဒင်က ဘရန်ဒီကိုငုံရင်း မီးလင်းဖိုကို လှမ်းကြည့်နေသည်။

နို၀ယ်ကလည်း သူ့မျက်နှာကိုကြည့်ပြီး အကဲခတ်နေသည်။ ဟယ်လ်ဒင်သည် ပိရိအောင်လိမ်ညာတတ်သူ မဟုတ်ချေ။

တစ်စုံတစ်ရာကို သူလျှို့ဝှက်ဖုံးကွယ်နေသည်။ ထိုအကြောင်းကို တည့်တည့်ဖွင့်မေးလိုက်လျှင် ရန်စခြင်းသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လိမ်ခွင့်ပေးထားလိုက်ရတော့သည်။

“ မင်းအဖေအကြောင်း မင်းဘာတွေသိသလဲ ”

ဟယ်လ်ဒင်က နို၀ယ်ကို ပြန်ကြည့်သည်။

“ နည်းနည်းပါးပါးပဲသိတယ်။ အမေကအဖေ့ကို သိပ်ချစ်တယ်။ အဖေဟာ သိပ်တော်တယ်လို့လဲ အမေက ပြောတယ်။ နာဇီခေါင်းဆောင်တွေကြားထဲမှာလဲ ထင်ရှားတယ်တဲ့။ စိတ်ကောင်းလဲရှိတယ်တဲ့ ”

“ မင်းအမေအကြောင်းလဲ ပြောပြပါဦး ”

“ အမေကတော့ အသက်ဘေးလွတ်မြောက်ခဲ့သူပါ။ ဂျာမနီနိုင်ငံထဲက ထွက်ပြေးရတော့ အမေ့မှာ ဘာမှမရှိဘူး။ မဖြစ်လောက်တဲ့ လက်ဝတ်လက်စားကလေး နည်းနည်းပါးပါး ပါလာတယ်။ ကလေးနှစ်ယောက်နဲ့ကိုယ်ဝန်ကြီးကလဲရှိနေသေးတယ်။ နောက်ပြီးတော့ အသက်မွေးဝမ်းကျောင်းပညာ ဘာမှမတတ်ဘူး။ အဲဒီကြားထဲက အမေဟာ အလုပ်ဖြစ်အောင်လုပ်နိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အမေဟာ သူ့ကိုယ်သူ ယုံကြည်စိတ် သိပ်ကြီးလို့ပဲ ”

“ ဘရာဇီးလ်နိုင်ငံကို ရောက်တော့ အထည်ဆိုင်တစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ အဲဒီအထည်ဆိုင်မှာ အထည်လာဝယ်တဲ့ လူတွေနဲ့အဆင်ပြေအောင်ပေါင်းတယ်။ နောက်တော့ အားလုံးနဲ့ ခင်သွားတော့တာပဲ။ အမေကိုယ်တိုင် ကိုယ်ပိုင်စီးပွားရေး လုပ်တဲ့အခါကျတော့ အဲဒီလူတွေဟာ အမေရဲ့ ဖောက်သည်တွေ ဖြစ်ကုန်တော့တာပေ့ါ။ အမေရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ သိပ်ကိုအောင်မြင်ခဲ့တယ်။ ကျွန်မတို့လဲ တင့်တောင့်တင့်တယ် နေနိုင်ခဲ့ကြတယ် ”

“ မင်းအစ်မကလဲ ကိုယ့်ကိုပြောပြလိုက်ပါတယ်။ အင်မတန် သာယာနေတဲ့ မိသားစုကလေးထဲကို ဂြိုဟ်ဆိုးတွေဝင်လာခဲ့တယ်တဲ့ ”

“ မမကလဲ ပြဿနာတစ်မျိုးပဲ။ စိတ်က သိပ်အညာလွယ်တယ်။ သူ့စိတ်နဲ့သူမို့ ဘာမှပြောစရာမရှိတာတော့ မှန်ပါတယ်။ ဒါပေမယ့်လဲ ကျွန်မတို့ မိသားစုကို အများတကာက အထင်သေး အမြင်သေးဖြစ်ကြမယ်ဆိုရင်ဖြစ်စရာအကြောင်းတစ်ခုက ရှိနေတယ် ”

“ ဘာကို ဆိုလိုတာလဲ ”

“ ကျွန်မတို့ အမေက သိပ်ကိုချောလွန်းတယ်လေ။ နှိုင်းယှဉ်မပြနိုင်လောက်အောင်ကို ချောတယ် ”

“ သူ့သမီး နှစ်ယောက်စလုံးလဲ အရမ်းချောတာပါပဲ ” ဟု နိုဝယ်က ပြောသည်။

“ ဟုတ်မှာပေ့ါလေ. . . ”

ဟယ်လ်ဒင်က ထိုစကားကို ပြောရိုးပြောစဉ် အနေမျိုးဖြင့် ပြန်ပြောသည်။

“ ဒါပေမယ့် ရုပ်ချောနေတာဟာ ကျွန်မအဖို့တော့ ဘာမှ မထူးခြားဘူး။ ကျွန်မရုပ်ကို ကျွန်မ ပြမစားဘူး။ ရုပ်ကို အသုံးမချဘူး။ ကျွန်မဘယ်လောက်ပဲ ချောနေနေပေ့ါလေ။ ဒါပေမယ့် အမေကတော့ သူ့ရုပ်ကို သူအသုံးချတယ် ”

“ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာလား ”

“ ဟုတ်တယ်။ ယောကျ်ားပေါင်းများစွာနဲ့ အဆက်အသွယ်လုပ်တယ်။ ယောကျ်ားတွေအားလုံးကို ကြိုးရှည်ရှည်နဲ့လှံ့ထားတယ်။ အဲဒီယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲ ကျွန်မတို့ စီးပွားတက်ခဲ့တာလို့ ဆိုနိုင်ပါတယ်။ မေမေ့ကြောင့် အိမ်ထောင်တော်တော်များများ ပျက်ကုန်ကြတယ်။ လင်မယားတွေ ကွာကြရှင်းကြနဲ့ ရှုပ်ကုန်ကြတယ်။ အမေ သေသွားပြီးတဲ့နောက်မှာ ပစ္စည်းတော်တော်ကျန်ခဲ့တယ်။ ကျွန်မတို့အဖို့ ဘာမှပူစရာမလိုတော့တဲ့ အခြေအနေမျိုးပါပဲ။ ဒါပေမယ့် ဂျာမန်လူမျိုး အသိုင်းအဝိုင်းကတော့ အမေ့ကို အထင်သေးအမြင်သေးဖြစ်တယ်။ အောက်တန်းစာအဖြစ် သတ်မှတ်ကြတယ်။ အမေ့ကို အဲဒီလို သတ်မှတ်ရာကနေပြီး အမေရဲ့သားသမီးတွေကိုပါ ဒီပုတ်ထဲကဒီပဲ ပဲလို့ သဘောထားလိုက်ကြတယ် ”

ထိုစကားကြောင့် နို၀ယ်က ပြုံးလိုက်မိသည်။

“မင်းအမေကတော့ အံ့သြစရာပဲ။ သူ ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ”

“ လူသတ်ခံရတာ။ ညဘက် တစ်ယောက်တည်း ကားမောင်းသွားရင်း သေနတ်နဲ့ ပစ်သတ်ခံရတာ ”

နို၀ယ်၏မျက်နှာပေါ်မှ အပြုံးပျောက်ကွယ်သွားလေသည်။ အတိတ်က မြင်ကွင်းများကို ပြန်လည်မြင်ယောင်လာသည်။

ရိုင်းယိုးဒီဂျနေးရိုးမြို့ တောင်ထိပ်ပေါ်တွင် သေနတ်နဲ့အပစ်ခံရသည့်အဖြစ်၊ မီးပွိုင့်တွင် သေနတ်နှင့် အပစ်ခံရသည့်အဖြစ်၊ မော်တော်ကားမှန်များ ကွဲကျကုန်သည့်အဖြစ်များကို မြင်ယောင်လာသည်။

မီးပွိုင့်တွင် သူ့ကို တည့်တည့်ထုတ်ချိန်လိုက်သော အသံတိတ် ကိရိယာတပ် သေနတ်ပြောင်း၀ကို ယခုထက်တိုင် ထင်ထင်ရှားရှား ပြန်လည်မြင်ယောင်နေမိသည်။

ထိုမြင်ကွင်းများကို ပြန်လည်မြင်ယောင်ရင်း စကားလုံးများကိုလည်း ပြန်လည် ကြားယောင်လာသည်။ သူတည်းနေသည့် ပေါ်တိုအလီဂါဟိုတယ် အောက်ထပ် စားသောက်ခန်းထဲမှာ ပြောခဲ့သည့် စကားလုံးများ။

ကာရာရာတို့ မောင်နှမနှစ်ယောက်ပြောခဲ့သည့် စကားလုံးများ။

ညီမဖြစ်သူ ဗွန်တိုင်းဘို့လ်တ်မိသားစုနှင့် အလွန်ရင်းနှီးကာ ဂျွန်တင်ဆန်နီနှင့်ရည်ငံနေပြီး လက်ထပ်ဖို့ပင် ပြင်ဆင်ထားသူ။

“ + + + ဂျိုဟန်းနဲ့ ကျွန်တော့်ညီမ လက်ထပ်ဖို့လဲ ရှိနေပါတယ်။ ဒါပေမယ့် သူတို့နှစ်ယောက် လက်ထပ်ဖို့ကို ဂျာမန်တွေက ခွင့်မပြုပါဘူး ”

“ သူတို့ ဘယ်လို လုပ်ထားနိုင်သလဲ ”



www.burmeseclassic.com

www.burmeseclassic.com



" ဘယ် ဂျာမန်လူမျိုးကမဆို တားနိုင်ပါတယ်ခင်ဗျာ။ ဂျိုဟန်းရဲ့ ခေါင်းထဲကို ကျည်ဆန်တစ်ထောင့်ထည့်ပေးလိုက်ရင် ပြီးတာပါပဲ "

ကာရာရာတို့ မောင်နှမ ပြောခဲ့သည့် ထိုစကားများကို ပြန်လည်ကြား ယောင်နေမိသည်။

ကာရာရာ. . .။

ဗွန်တိုင်းဘို့လ်တ်တို့မိသားစုနှင့် အလွန်ရင်းနှီးသူ။

ဟယ်လ်ဒင်တို့နှင့် ယခုလိုတွေ့ဆုံးနိုင်ရေးအတွက် ကာရာရာတို့ မောင်နှမက ကူညီလိုက်ခြင်းဖြစ်ကြောင်း ပြောပြလျှင် ဟယ်လ်ဒင်ထံမှ အကူ အညီကို ပိုမိုရရှိနိုင်မည်ဟု နိုဝယ် စဉ်းစားမိသည်။

ဗွန်တိုင်းဘို့လ်တ် မိသားစုအကြောင်း ပြောပြဖို့အတွက် ကာရာရာတို့ မည်မျှစွန့်စားခဲ့ရသည်ကို သူသဘောပေါက်ခဲ့သည်။ ထိုအကြောင်းများကို ဟယ်လ်ဒင်တို့လည်း သဘောပေါက်စေချင်သည်။ မိမိအပေါ်မှာလည်း ပိုမို ယုံကြည်လာစေချင်သည်။

" မင်းကို တစ်ခုတော့ ပြောပြရဦးမယ်။ ရိုင်းယိုးဒီဂျနေးရိုးတုန်းက ကာရာရာတို့ မောင်နှမနှစ်ယောက်က ကိုယ်နဲ့လာပြီး အဆက်အသွယ်လုပ် တယ်။ မင်းတို့ကို ဘယ်မှာရှာရမယ်ဆိုတာ သူတို့က ပြောပြလိုက်တာ။ တင်နီဆန်ဆိုတဲ့နာမည်ကို မင်းတို့ ပြောင်းထားကြောင်း ပြောပြတာလဲ သူတို့ပဲ"

" ဘယ်သူ. . . "

" မင်းတို့မိတ်ဆွေလေ. . . ကာရာရာ. . . မင်းအစ်ကိုရဲ့ရည်းစား"

" ကာရာရာ. . . ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ . . . "

" ဟုတ်တယ် "

" သူတို့အကြောင်း တစ်ခါမှ မကြားဖူးဘူး။ ကျွန်မတို့ အသိထဲမှာ ကာရာရာဆိုတာ တစ်ယောက်မှ မရှိဘူး "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၆ )

ထင်သလိုဖြစ်မလာသည့်အတွက် နိုဝယ် အကြီးအကျယ် စိတ်ပျက်သွားမိလေသည်။ ဟယ်လ်ဒင်က သူ့ကို လန့်သွားတော့မည်လော။ သူတို့မိသားစုအကြောင်းကို ဆက်မပြောပဲနေတော့မည်လောဟုလည်း စိုးရိမ်တကြီးတွေးမိသည်။

ကာရာရာဆိုသည်မှာ မည်သူတွေနည်း။

မမှန်သောစကားများကို ဘာကြောင့် လာပြောသွားသနည်း။

သူတို့ကို မည်သူက လွှတ်လိုက်သနည်း။

ဟယ်လ်ဒင်ကလည်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။ မိမိတို့၏ မိတ်ဆွေဟုပြောသည်။ အစ်ကိုနှင့်လက်ထပ်ဖို့ ရည်စူးထားသော မိန်းကလေး ဟု ပြောသည်။ သို့သော်လည်း သူတို့အသိထဲတွင် ကာရာရာဆိုသော နာမည်ကို ပင် ဟယ်လ်ဒင် စဉ်းစား၍မရ။

ယခုတော့ ကာရာရာတို့သည် သူတို့နှင့် မသိကျွမ်းပါပဲနှင့် ရင်းနှီးသူများဟု ပြောသွားချေပြီ။

ထိုစကားများကို နိုဝယ်က လုပ်ကြံပြောနေခြင်း မဟုတ်ကြောင်းတော့ ဟယ်လ်ဒင် ရိပ်စားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" သူတို့က ကိုယ့်ကို ကူညီချင်ကြတာပါ။ ဒါကိုတော့ သူတို့ လိမ်ညာပြောတာ ဟုတ်ပုံမပေါ်ဘူး။ မင်းတို့ တစ်မိသားစုလုံး အနှိမ်ခံနေရတယ်တဲ့။ ဂျာမန်အသိုင်းအဝိုင်းမှာ မျက်နှာငယ်နေရတယ်တဲ့။ ဒါကြောင့် သူတို့က မင်းတို့ကို ကူညီချင်တယ်တဲ့ "

" ဒါလဲဖြစ်နိုင်ပါတယ်။ ရိုင်းယိုးဒီဂျနေရီးမြို့ကြီးဟာ ကနေ့ထက်တိုင်အောင် စစ်တိုက်နေသူတွေနဲ့ ပြည့်ကျပ်နေတာ။ သစ္စာဖောက်လို့ သူတို့နာမည်ပေးထားတဲ့ လူတွေနောက်ကို ကနေ့ထက်တိုင်အောင် ခြေရာခံပြီး လိုက်နေကြတုန်းပဲ။ ဘယ်သူဟာ မိတ်ဆွေလဲ။ ဘယ်သူဟာ ရန်သူလဲဆိုတာ ဘယ်လိုလူကမှ သေသေချာချာ မပြောနိုင်ဘူး။ ဂျာမန်လူမျိုး အသိုက်အဝန်းထဲမှာ မိတ်ဆွေနဲ့ ရန်သူကို ဘယ်သူမှ မခွဲခြားတတ်ဘူး "

" မောရစ်ဂရပ်ဖ်ကို မင်းသိသလား "

" သိတာပေါ့။ သူဘယ်သူလဲဆိုတာ သိတာပေါ့။ သူ့ကို လူတိုင်းသိကြတာပဲ။ ကျွန်မကတော့ တစ်ခါမှမမြင်ဖူးဘူး "

" ကိုယ်နဲ့ တွေ့ခဲ့ရတယ်။ ဗွန်တိုင်းဘို့လ်တ်ဟာ သစ္စာဖောက်တွေပဲလို့ ကိုယ့်ကို သူကိုယ်တိုင် ပြောခဲ့တယ် "

" သူကတော့ ဒီလိုပဲပြောမှာပါပဲ။ ကျွန်မ သိပါတယ်။ ကျွန်မတို့က စိတ်ထားမသန့်တော့တဲ့ သဘောမျိုး ဖြစ်သွားပြီ မဟုတ်လား။ ဒါပေမယ့် အမျိုးသားရေးစိတ်ဓာတ်နဲ့ ပတ်သက်လို့တော့ ကျွန်မတို့ကို သူတို့ဘာမှပြောလို့ မရနိုင်ပါဘူး "

" ဒီလိုဆိုရင် ဘယ်စိတ်ဓာတ်မျိုးကို သူတို့က ပြောနေကြတာလဲ"

ဟယ်လ်ဒင်က အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ဘရန်ဒီခွက်ကို မြှောက်ပြီး တစ်ငုံငုံသည်။

" တခြားဟာတွေပါလေ "

" မင်းအမေနဲ့ ပတ်သက်တာလား "

" ဟုတ်ပါတယ်။ ကျွန်မအမေနဲ့ ပတ်သက်ပါတယ်။ ဂျာမန်အသိုက်အဝန်းက ကျွန်မအမေကို စက်ဆုပ်ရွံရှာခဲ့ကြတယ်လို့ စောစောက ကျွန်မပြောခဲ့ပြီးပြီ မဟုတ်လား "

အမှန်ကို အပြည့်အစုံမပြောပဲ တစ်ပိုင်းတစ်စပြောနေသည်ဟု နိုဝယ်၏စိတ်ထဲမှာ ခံစားလာရပြန်သည်။ ဘာတွေကို ဖုံးကွယ်ထားကြောင်း ယခုအထိ



www.burmeseclassic.com

www.burmeseclassic.com



သူအကဲခတ်၍ မရနိုင်သေးချေ။

မိမိအပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိလာပြီဆိုလျှင်တော့ နောက်ပိုင်းမှာ အမှန်အတိုင်းဖွင့်ပြောကောင်းပြောလိမ့်မည်ဟု နိုဝယ်တွေးမိသည်။ အမှန်တရားများကို ပြောပြသင့်သည်မှာလည်း အမှန်ပင်ဖြစ်သည်။

ဂျီနီဗာအစီအစဉ်နှင့် ပတ်သက်လာလျှင် အားလုံးပွင့်လင်းဖို့လိုသည်။ ယခုအခါတွင် အရာရာတို့သည် ဂျီနီဗာနှင့် သက်ဆိုင်လျက်ရှိနေကြပြီ။

" မင်းအမေဟာ သူများအိမ်ထောင်ရေးတွေ ပြိုကွဲအောင်လုပ်ခဲ့တယ်လို့ မင်းပြောခဲ့တယ်နော်။ မင်း အစ်မကလဲ အဲဒီစကားမျိုးကိုပဲ ပြောခဲ့တယ်။ သူ့ကို တခြားအရာရှိတွေနဲ့ အရာရှိကတော်တွေက သိပ်မကြည်ဖြူကြဘူးဆိုတဲ့ သဘောမျိုးကို ပြောခဲ့တယ် "

" ဒါတွေကို ရှင်စိတ်ဝင်စားနေတယ်ဆိုရင် ကျွန်မအနေနဲ့ မတားတော့ပါဘူး။ အစ်မက ကျွန်မထက် အသက်အများကြီးကိုကြီးတယ်။ အမေ့အကြောင်းတွေကို သူအနီးကပ် လေ့လာခဲ့ရတယ်။ အမေ တိုးတက်လာတာကို အနီးကပ် လေ့လာခွင့်ရခဲ့တယ်။ ဒါကြောင့် အမေလုပ်သလိုလုပ်တာမျိုးတွေ အမေတွေးသလို တွေးတာမျိုးတွေ အစ်မမှာ အများကြီးရှိတယ်။ အရွယ်နဲ့မလိုက်အောင်လဲ အတွေ့အကြုံတွေ ရင့်ကျက်ခဲ့တယ်။ ဂျာမနီနိုင်ငံထဲမှာဖြစ်ခဲ့တဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ အဖြစ်ဆိုးကြီးတွေကို မြင်တွေ့ခဲ့ရတယ်။ နောက်ပြီးတော့ သူ့အသက် ဆယ့်သုံးနှစ်သမီးအရွယ်မှာပဲ ဝမ်းရေးအတွက် ယောက်ျားတွေအလိုကို လိုက်ခဲ့ရတယ်။ ရှင်တို့ အမေရိကန်စစ်သားတွေရဲ့ အလိုကို လိုက်လျောခဲ့ရတယ် မစ္စတာဟိုးလ်ခရော့ဖ်တ် "

သည်လောက်ဆိုလျှင် ဂရက်ချန်ဗျူးမောင့်၏ အကြောင်းက လုံလောက်သွားပါပြီ။ ဂရက်ချန်ကို သူကလည်း သည်အတိုင်းပင် မြင်ထားခဲ့သည်။

အရွယ်မရောက်မီကတည်းက အကျင့်ပျက်ခဲ့သော မိန်းမ။ အရွယ်ရောက်ပြီးပြန်တော့လည်း ဆက်လက် အကျင့်ပျက်နေသည့် မိန်းမ။

သည်လို မိန်းမမျိုးကို ဂျီနီဗာအာမခံ ဘဏ်တိုက်ကြီးမှ ဒါရိုက်တာအဖွဲ့ဝင်များက မည်သည့်နည်းနှင့်မှ လက်ခံမည် မဟုတ်ပေ။

ဒေါ်လာ သန်းပေါင်း-၇၈၀-ကို ထုတ်ယူခွင့်ပြုလောက်အောင် အကျင့်စာရိတ္တကောင်းမွန်သူဟု မည်သည့်နည်းနှင့်မှ ယုံကြည်ကြမည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အန်ထော်နီဗျူးမောင့်ကို သူမုန်းတီးစက်ဆုပ်ပါသည်ဟု ပြောသည်။ သို့သော်လည်း အန်ထော်နီဗျူးမောင့်နှင့်ပင် အတူ ပေါင်းသင်းနေထိုင်လျက် ရှိသည်။

အန်ထော်နီဗျူးမောင့်သည် ဘရာဇီးလ်နိုင်ငံသို့ ရောက်အောင် သူ့နောက်မှ နောက်ယောင်ခံလိုက်ခဲ့သူဖြစ်သည်။

" သူ့ယောက်ျားကရော ဘယ်လိုလဲ "

" သူ့ယောက်ျားအကြောင်းကိုတော့ ကျွန်မ ကောင်းကောင်းမသိဘူး"

ဟယ်လ်ဒင်က နိုဝယ်နှင့်မျက်နှာလွှဲပြီး မီးလင်းဖိုကို ငေးစိုက်ကြည့်နေပြန်သည်။

သူတစ်ခုခုကိုကြောက်နေပြီ။ တစ်ခုခုကို စဉ်းစားနေပြီ။ သူပြောနေသည့်စကားလုံးများက အမှတ်မထင်ပြောနေသည့်ပုံမျိုးဖြစ်သည်။ သို့သော်လည်း ထိုသို့အမှတ်မထင် ပြောသည့်ပုံမျိုး ဖြစ်အောင် တမင် လေ့ကျင့်ထားပုံရသည်။

ဗျူးမောင့် အကြောင်းကို စကားစမိမှတော့ တခြားအကြောင်းသို့ စကားပြောင်းသွား၍လည်း မဖြစ်နိုင်တော့ချေ။ ဆုံးခန်းတိုင်ရောက်အောင်ပင် မေးမြန်းရပေတော့မည်ဟု နိုဝယ်က သဘောပေါက်သည်။

နောက်တစ်ကြောင်းကလည်း သူတို့ အကြောင်းများကို အပြည့်စုံဆုံး သိထားဖို့က အရေးကြီးနေသည်။

" သူ့အကြောင်း ဘယ်လောက်အထိများ သိထားသလဲ။ သူ ဘယ်က လာသလဲ။ ရေတပ်ထဲမှာ ဘာတွေလုပ်နေသလဲဆိုတာမျိုးတွေပေါ့ "

" မသိဘူး။ ဘာမှ ဟုတ္တိပတ္တိ မသိဘူး။ သူဟာ ရေတပ်သင်္ဘောတစ်စင်းမှာ ဦးစီးအရာရှိ လုပ်နေတယ်။ ဒါလောက်ပဲ ကျွန်မသိတယ် "

" သူဟာ ဒီထက်ပိုတယ်လို့ ကိုယ်ထင်တယ်။ နောက်ပြီးတော့ အဲဒီအကြောင်းတွေကိုလဲ မင်းသိနေတယ်လို့ ထင်တယ်။ ကျေးဇူးပြုပြီး ကိုယ့်ကို မမှန်တာတွေ မပြောပါနဲ့နော် "

ထိုစကားကြောင့် ဟယ်လ်ဒင်၏မျက်လုံးထဲမှာ ဒေါသအရောင်များ ဝင်းလက်သွားလေသည်။ သို့သော် ချက်ချင်းပင် သူ့ဒေါသစိတ်ကို သူ ချွန်းအုပ်လိုက်နိုင်ပုံရသည်။

" ရှင်ပြောလိုက်တာကြီးက တစ်မျိုးကြီးဖြစ်နေတယ်။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ရှင့်ကို လိမ်ရမှာလဲ ”

“ ကိုယ့်စိတ်ထဲမှာ တစ်ခုခုကိုသိချင်နေတယ်။ သူ့အကြောင်းကို မင်းသိပ်မသိပါဘူးလို့ ပြောတယ်။ ဒါပေမယ့် သူ့အကြောင်းကိုပြောရမှာ မင်းသေမလောက်ကြောက်နေတဲ့ အတိုင်းပဲ။ ကဲပါကွယ်. . . သိသလောက် အမှန်အတိုင်းပြောပြစမ်းပါ ”

“ ဘာကြောင့် အတင်းအဓမ္မ လာမေးနေတာလဲ ”

“ မင်းတစ်ခုခုသိနေတယ်ဆိုရင် ကိုယ့်ကို ပြောပြစေချင်ပါတယ်။ ဂျီနီဗာမှာရှိနေတဲ့ စာရွက်စာတမ်း အထောက်အထားတွေအကြောင်းကို အလျင်ကတည်းက မင်းသိခဲ့တယ်ဆိုရင် မင်းဘယ်လောက်အထိ သိထားကြောင်း၊ ဘယ်လောက်အထိ ကြားထားကြောင်း ကိုယ့်ကို ပြောပြစေချင်ပါတယ် ”

“ ကျွန်မ ဘာမှမသိဘူး။ ဘာမှ မကြားဖူးဘူး ”

“ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ဗျူးမောင့်ကို ကိုယ်တွေ့ခဲ့ရတယ်၊ နယူးယောက်မြို့ကနေ ရိုင်းယိုးမြို့ကိုအသွား ကိုယ်နဲ့ လေယာဉ်ပျံတစ်စင်းတည်း ပါလာတယ်။ ကိုယ့်ကို နောက်ယောင်ခံလိုက်နေတာ ”

ဟယ်လ်ဒင်၏မျက်လုံးထဲမှာ ကြောက်လန့်စိုးရိမ်သည့် အရိပ်အရောင်များ ပိုမိုကြီးမားလာလေသည်။

“ ရှင် မှားနေပြီထင်တယ်။ လူမှားနေပြီထင်တယ် ”

“ မမှားပါဘူး။ ပို့စ်မောက်က သူတို့အိပ်ခန်းထဲမှာ သူ့ဓာတ်ပုံကို ကိုယ်တွေ့ခဲ့ပြီးပြီ။ လေယာဉ်ပျံပေါ်မှာ ကိုယ်တွေ့ခဲ့ရတဲ့ လူပါပဲ။ အဲဒီဓာတ်ပုံကို ကိုယ်ခိုးခဲ့တယ်။ ကိုယ့်ဆီက တဆင့်ပြန်ပြီး ခိုးသွားတာကိုခံရတယ်။ အဲဒီဓာတ်ပုံ ပြန်ရဖို့ ကိုယ့်ကို ရိုက်လိုက်တာမှ ကံကောင်းလို့ မသေတာပေါ့ ”

“ ဖြစ်ရလေရှင်. . . အဲဒီဓာတ်ပုံအတွက် ရှင် အရိုက်ခံရတာလား”

“ ဟုတ်တယ်။ ကိုယ့်ဆီမှာရှိနေတဲ့ ပစ္စည်းတွေထဲက ဘာတစ်ခုမှ မပျောက်ဘူး။ နာရီတွေ၊ ပိုက်ဆံတွေအားလုံး ဒီအတိုင်းပဲ။ အဲဒီဓာတ်ပုံတစ်ပုံတည်း ပျောက်သွားတာ။ ဓာတ်ပုံ နောက်ကျောမှာ စာရေးထားတာ ရှိသေးတယ်”

“ ဘာတွေ ရေးထားသလဲ ”

“ ကိုယ် မသိဘူး။ ကိုယ်က ဂျာမန်စာမတတ်ဘူး။ အဲဒီမှာက ဂျာမန်စာနဲ့ ရေးထားတာလေ ”

“ စာလုံးတွေကိုရော ရှင် မှတ်မိသလား ”



www.burmeseclassic.com

www.burmeseclassic.com



" တစ်လုံးပဲ မှတ်မိတယ်။ နောက်ဆုံးအလုံး။ တီ-အို-ဒီ-လို့ ရေးထားတယ် "

" ကျွန်မဘဝဟာ မောင့်အပေါ်မှာ တည်ပါတယ်ဆိုတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် မင်းကို အသက်လောက်ချစ်ပါတယ်ဆိုတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့ "

" ကိုယ်တော့ နားမလည်ဘူး။ စဉ်းစားလို့လဲ မရဘူး "

" ဟုတ်ပါလိမ့်မယ်. . . အဲဒါမျိုး ဖြစ်မှာပါ "

" အင်္ဂလိပ် ထောက်လှမ်းရေးအရာရှိကလဲ ကိုယ့်ကို အဲဒီသဘောမျိုး ပြောလိုက်သေးတယ်။ ဒါပေမယ့် ကိုယ်တော့ မယုံဘူး။ ဗျူးမောင့်ဟာ ကိုယ်နဲ့ အတူတူ လေယာဉ်ပျံတစ်စင်းတည်း ပါလာတယ်။ အဲဒီဓာတ်ပုံကို ကိုယ့်ဆီက ပြန်လုသွားတယ်။ ဒါကြောင့် နောက်ကျောမှာ ရေးထားတဲ့ စာဟာ အချက်ပေးတာ တစ်ခုခုဖြစ်ရမယ်။ ဒုက္ခပါပဲကွာ. . . ဘာတွေများ ဖြစ်ကုန်တယ်ဆိုတာ မပြောတတ်တော့ပါဘူး "

" ကျွန်မလဲ မသိဘူး "

" ဒါပေမယ့် မင်း တစ်ခုခုတော့ သိနေပါတယ် "

နိုဝယ်က သူ့စိတ်ကို သူအတတ်နိုင်ဆုံး ထိန်းချုပ်ထားသည်။ သူတို့ ပြောနေသည့် လေသံများက တိုးလွန်းလှသည်။ အချင်းချင်းကြားလောက်ရုံ လေသံကလေးနှင့် ပြောနေကြခြင်းဖြစ်သည်။

စားပွဲပေါ်မှာတင်ထားသည့် ဟယ်လ်ဒင်၏လက်ကလေးကို နိုဝယ်က အုပ်ကိုင်ထားလိုက်လေသည်။

" မင်းကို တစ်ကြိမ်ထပ်မေးပါရစေဦး။ မင်း တစ်ခုခုကိုသိနေပါတယ်။ ကိုယ့်ကိုပြောပြပါ "

သူအုပ်ကိုင်ထားသည့် ဟယ်လ်ဒင်၏လက်ကလေး မသိမသာတုန်ယင်ကြောင်းကို သတိထားမိသည်။

" ကျွန်မ သိထားတာတွေက သိပ်ကို ရှုပ်ထွေးပါတယ်။ ဒါကြောင့် အဲဒါတွေကို ပြန်ပြောနေရမယ်ဆိုရင်လဲ ဘာအဓိပ္ပာယ်မှရှိမှာ မဟုတ်ပါဘူး။ နောက်တစ်ခုက ကျွန်မသိထားတာထက်ပိုပြီး ကျွန်မက ပုံကြီးချဲ့ချင်နေတယ်။ တကယ်ပြောတာပါ "

ဟယ်လ်ဒင်က စကားကို ခေတ္တရပ်သည်။ နိုဝယ်အုပ်ကိုင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကလေးကို ပြန်ရုန်းသွားသည်။

“ လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာတုန်းက အန်ထော်နီဗျူးမောင့်ဟာ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ သူ့ကို ကျွန်မ ကောင်းကောင်း မသိဘူး။ ကျွန်မတို့အိမ်ကို မကြာခဏလာလည်တာကို ပဲ မှတ်မိတယ်။ အဲဒီအချိန်တုန်းက သူ့မှာက အိမ်ထောင်ကြီးနဲ့။ ဒါပေမယ့် ကျွန်မအစ်မကို သူစိတ်ဝင်စားနေတယ်။ အပြောင်းအလဲ သဘောမျိုးလို့ ကျွန်မထင်ခဲ့တယ်။ ကျွန်မအမေက လိုလိုလားလားရှိခဲ့တယ်။ ဘာကြောင့်လဲ ဆိုတော့ သူက ရေတပ်အရာရှိကြီး မဟုတ်လား။ သူ့ဆီက အခွင့်အရေးတွေ ရနိုင်တယ်ပေါ့။ အစ်မကတော့ ခါးခါးသီးသီးပါပဲ။ အမေနဲ့လဲ သဘောထားချင်း ကွဲခဲ့တယ်။ ဗျူးမောင့်ကို သူသိပ်မုန်းတယ်။ အဲဒီနောက် သုံးလေးနှစ်ကြာတော့ ကျွန်မတို့ အင်္ဂလန်ကို ပြောင်းလာကြတယ်။ အစ်မလဲ ဗျူးမောင့်နဲ့ လက်ထပ် လိုက်တယ်။ ကျွန်မတော့ လုံးလုံးနားမလည်တော့ဘူး ”

နိုဝယ်က ကိုယ်ကို ရှေ့သို့ကိုင်းလိုက်သည်။ စိတ်သက်သာရာလည်း ရသွားသည်။

“ မင်းထင်ထားသလို သဘောပေါက်ဖို့ သိပ်မခက်ပါဘူးကွာ။ ဘဝ လုံခြုံမှုရလို့ လက်ထပ်လိုက်တဲ့အကြောင်း မင်းအစ်မက ကိုယ့်ကိုလဲ ပြောပြ လိုက်ပါတယ် ”

“ အဲဒီစကားကို ရှင်ယုံသလား ”

“ သူ့အမူအရာကို ကြည့်ရတာတော့ အမှန်အတိုင်း ပြောပြနေတဲ့ ပုံမျိုးပဲ ”

“ ဒီလိုဆိုရင် ကျွန်မအစ်မနဲ့ ရှင်တွေ့ခဲ့တယ်ဆိုတာ ကျွန်မ မယုံ တော့ဘူး ”

“ ကိုယ်တွေ့ခဲ့တာဟာ မင်းအစ်မ အစစ်ပါပဲ။ မင်းနဲ့လဲ ရုပ်ချင်းသိပ် ဆင်တယ်။ မင်းတို့နှစ်ယောက်စလုံး သိပ်လှကြတာပဲ ”

“ ကဲ. . . ရှင့်ကို မေးခွန်းထုတ်ဖို့ ကျွန်မအလှည့် . . . အဲဒီလိုလှပတဲ့ အမျိုးသမီးတစ်ယောက်ဟာ ရေတပ်အရာရှိတစ်ယောက်ရတဲ့လစာနဲ့ တင်းတိမ် ရောင့်ရဲနေနိုင်မယ်လို့ ရှင်ထင်သလား။ စည်းကမ်းတွေ တင်းကျပ်များပြားတဲ့ ရေတပ်အရာရှိကတော် ဘဝမှာ ပျော်မွေ့နေနိုင်မယ်လို့ ရှင်ထင်သလား။ ကျွန်မ ဆိုရင်တော့ မတင်းတိမ်နိုင်ဘူး။ မရောင့်ရဲနိုင်ဘူး။ အစ်မလဲ ကျေနပ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့ဘူး ”

“ ဒီလိုဆိုရင် မင်းက ဘယ်လိုထင်သလဲ ”

“ အန်ထော်နီနဲ့ လက်ထပ်ဖို့ အကျပ်ကိုင်ခံလိုက်ရတယ်လို့ပဲ ကျွန်မ ထင်တယ် ”

နိုဝယ်က ကုလားထိုင်နောက်မှီပေါ်မှာ ပြန်မှီသည်။ ဟယ်လ်ဒင်ပြောသည့်စကားများ မှန်မည်ဆိုလျှင် သူတို့၏ကွင်းဆက်များသည် ရိုင်းယိုးဒီဂျနေးရိုးမြို့နှင့်သာ သက်ဆိုင်ရပေမည်။ သူတို့အမေနှင့် ပတ်သက်နေသည့် အကြောင်းများသာ ဖြစ်ရပေမည်။ သူတို့အမေ အသတ်ခံရသည့်အကြောင်းများနှင့် ပတ်သက်ကောင်း ပတ်သက်နေရပေမည်။

“ ဗျူးမောင့်က သူနဲ့အတင်းအကျပ် လက်ထပ်ဖို့ ဘယ်လိုလုပ်ပြီး အကျပ်ကိုင်နိုင်မှာလဲ။ ပြီးတော့ ဘာကြောင့် အကျပ်ကိုင်ရမှာလဲ ”

“ အဲဒီမေးခွန်းနှစ်ခု ကျွန်မကိုယ် ကျွန်မ ပြန်မေးခဲ့တာ အကြိမ်ပေါင်းကို ရာနဲ့ချီရှိလောက်ပြီ။ ဘယ်တော့မှ အဖြေမရဘူး ”

“ မင်းအစ်ကိုရော မေးကြည့်ဖူးသလား ”

“ သူက ကျွန်မနဲ့ စကားမပြောဘူး ”

“ ရိုင်းယိုးမြို့မှာ မင်းအမေက ဘာဖြစ်တာလဲ ”

“ ကျွန်မပြောပြီးပြီလေ။ ယောကျ်ားတွေကို မြှူဆွယ်တယ်။ ခပ်ရိုင်းရိုင်းပြောရရင် ပိုင်းလုံးပေါ့ရှင်။ ဒါကြောင့် ဂျာမန်လူမျိုးတွေဟာ အမေ့ကိုရွံ့တယ်။ အကျင့်စာရိတ္တမကောင်းတဲ့ မိန်းမလို့ခေါ်ကြတယ်။ အဲဒီတုန်းက အကြောင်းတွေကို ပြန်စဉ်းစားကြည့်ရင် သူတို့သတ်မှတ်တာကို ငြင်းဖို့လဲ ခပ်ခက်ခက်ပဲ”

“ ဒါကြောင့် သူ သေနတ်နဲ့ အပစ်ခံရတာလား ”

“ ကျွန်မတော့ အဲဒါကြောင့်လို့ပဲ ထင်တယ်။ ဘယ်သူမှ တိတိကျကျ မသိဘူး။ လူသတ်သမားကိုလဲ လုံးလုံးဖမ်းမမိဘူး ”

“ ဒါပေမယ့် ဒီကိစ္စဟာ ပထမမေးခွန်းရဲ့ အဖြေဖြစ်နိုင်တာပေါ့။ မဟုတ်ဘူးလား။ မင်းအမေနဲ့ ပတ်သက်တဲ့အကြောင်းတစ်ခုခုကို ဗျူးမောင့်က သိထားမယ်ကွာ။ ဒီအကြောင်းကို ဖော်ထုတ်လိုက်ရင် မင်းတို့မိသားစု ဘဝပျက်သွားနိုင်တယ်။ အဲဒီအချက်ကို အခွင့်ကောင်းယူပြီး ဗျူးမောင့်က ဂရက်ချန်ကို အကျပ်ကိုင် အရယူလိုက်တာ ဖြစ်နိုင်တာပေါ့ ”

ဟယ်လ်ဒင်က သူ့လက်ဖဝါးကို ဖြန့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မတို့မိသားစု ဘဝပျက်သွားနိုင်လောက်အောင် ဘာရှိမှာလဲ။ ကျွန်မနဲ့ပတ်သက်ပြီး ကျွန်မပြောခဲ့တာတွေဟာ အမှန်တွေချည်းပဲ။ ပြဿနာဖြစ်ခြင်းဖြစ်ရင် အမေနဲ့သာ ဖြစ်မှာပေါ့။ ဘာကိစ္စ ဂရက်ချန်ကို အကျပ်ကိုင်ရမှာလဲ "

" ဒါကလဲ ပြဿနာအကြီးအသေးပေါ်မှာ မူတည်မှာပေါ့။ ပြဿနာအမျိုးအစားပေါ်မှာ မူတည်မှာပေါ့ "

" ပြဿနာဆိုရင်လဲ သူနဲ့ဘာဆိုင်လဲ။ သူက အင်္ဂလန်ကို ရောက်နေပြီ။ သူ့ဘဝကို သူထိန်းကျောင်းနိုင်နေပြီ။ ဘရာဇီးလ်နိုင်ငံနဲ့ကလဲ မိုင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်ဖြစ်နေပြီ။ ဂရက်ချန်နဲ့ ဘယ်လိုလုပ် သက်ဆိုင်နိုင် မှာလဲ"

" ကိုယ်လဲ မစဉ်းစားတတ်တော့ဘူး။ ကျိန်စာသင့်နေတဲ့ကလေးတွေဆိုတဲ့ စကားလုံးကို မင်းသုံးခဲ့ဖူးတယ် မဟုတ်လား။ မဟုတ်ဘူးလို့လဲ ပြောလို့ရတယ်။ ဟုတ်တယ်လို့လဲ ပြောလို့ရတယ်ဆိုတာလေ။ မင်းအစ်မ ပြဿနာကို အဲဒီနည်းမျိုးနဲ့ တွေးကြည့်ရင်ရော မဖြစ်နိုင်ဘူးလား "

" ဗျူးမောင့်က အဲဒီလိုဟာမျိုးတွေကို စိတ်ဝင်စားတဲ့ လူမျိုးမဟုတ်ဘူး၊ စိတ်ဝင်စားစရာလဲ သူ့မှာ အကြောင်းမရှိဘူး။ ဒါက တခြားပြဿနာသာ ဖြစ်ရမှာပါ "

" ဟုတ်ပါ့မလား။ အကျပ်ကိုင်ပြီး သူနဲ့လက်ထပ်ခိုင်းတယ်ဆိုတာက မင်းရဲ့အမြင်ပဲ။ တကယ်လို့ အဲဒါမဟုတ်ဘူးဆိုရင် တခြား ဘာဖြစ်နိုင်သလဲ"

ဟယ်လ်ဒင်က မျက်နှာလွှဲသွားသည်။ အလေးအနက်လည်း စဉ်းစားနေသည်။ သူ့မျက်နှာပေါ်တွင် လိမ်ညာပြောဆိုနေသည့် အမူအရာ လုံးဝမရှိပါ။

" အခုလတ်တစ်လော ကျွန်မတို့ ကြုံနေရတာတွေနဲ့များ ဆိုင်မလား မသိဘူးနော် "

" ဂျီနီဗာကိစ္စကို ပြောတာလား "

နိုဝယ်က ထိုသို့ပြန်မေးရင် မင်ဖရက်ဒီပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ဝံပုလွေတို့အကြောင်းကို အမှတ်ရမိသည်။

" ဂျီနီဗာအကြောင်း ရှင်ပြောပြတော့ ဂရက်ချန်ရဲ့ တုံ့ပြန်ပုံက ဘယ်လိုရှိသလဲ "

" ဘာမှ အရေးမကြီးသလိုပဲ "

" ဒီတော့ . . . "



www.burmeseclassic.com

www.burmeseclassic.com



“ အာရုံလွှဲပစ်လိုက်တာလဲ ဖြစ်နိုင်တယ်။ သူ့အမူအရာက သိပ်ကိုသာမန်ပုံစံမျိုးဖြစ်နေတယ်။ စောစောက ဗျူးမောင့်အကြောင်း မင်းကိုမေးခဲ့တယ် မဟုတ်လား။ အဲဒီတုန်းကလဲ မင်းရဲ့ အမူအရာဟာ သိပ်ကိုသာမန်ပုံစံမျိုး ဖြစ်နေတယ်။ ဘာမှမပတ်သက်သလိုမျိုး၊ ဂရက်ချန်ကလဲ ဒီအကြောင်းပေါ်လာမယ်ဆိုတာကို မျှော်လင့်ပြီးသား။ ဒီအကြောင်းထဲက ဘာတွေ နှိုက်ယူရမလဲဆိုတာကိုလဲ ပြင်ဆင်ထားပြီးသား ”

“ ဒါကတော့ ရှင်အတွေးခေါင်နေတာပါ ”

ယခုအချိန်သည် အချိန်ကောင်းကလေးဖြစ်ကြောင်း နိုဝယ်ယူဆလိုက်သည်။ ဟယ်လ်ဒင်၏ မျက်လုံးထဲမှာ အမူအရာတစ်မျိုးရှိနေသည်။ အဖြစ်မှန်အကုန်လုံးကို ဖွင့်မပြောမည့်ပုံစံမျိုးလည်း ဖြစ်သည်။

သည်အတိုင်းဆိုလျှင် ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်နှင့် ပတ်သက်နေပြီလော။

“ အတွေးခေါင်တာ မဟုတ်ပါဘူး။ မင်းအစ်မက ပြောတယ်။ သူ့မောင်ကပြောတယ်တဲ့။ ‘တစ်နေ့ကျရင် လူတစ်ယောက်ရောက်လာလိမ့်မယ်တဲ့။ ထူးဆန်းတဲ့အစီအစဉ်တစ်ခုအကြောင်းကို ပြောပြလိမ့်မယ်တဲ့။ အဲဒီလူကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတဲ့။ သူစိတ်တိုင်းကျပါစေတဲ့။ စိတ်ချမ်းသာမှုရှိပါစေတဲ့။ နောက်ပြီးတော့ သူပြောသမျှအားလုံး တစ်လုံးမကျန် မှတ်ထားပါတဲ့’ အဲဒီစကားလုံးအတိုင်း သူကပြန်ပြောပြလိုက်တယ် ”

ထိုသို့ ပြောရင်း နိုဝယ်က ဟယ်လ်ဒင်ကို မျက်တောင်မခတ်ပဲ စိုက်ကြည့်ပြီး အကဲခတ်နေသည်။ သို့သော် ဟယ်လ်ဒင် လုံးဝ အမူအရာမပျက်ပါ။ ကြောက်လန့်သည့်အမူအရာ မရှိပါ။

တစ်ခုခုတော့ရှိနေသည်ဟု နိုဝယ်ထင်သည်။ ထိုတစ်ခုခုသည် ဘာဖြစ်ကြောင်းကိုလည်း အဖြေမဖော်ထုတ်တတ်ပါ။

ဟယ်လ်ဒင်ကလည်း သူ့ကို ပြန်ကြည့်နေသည်။ သူပြောနေသည်များကို သဘောပေါက်နားလည်နိုင်အောင် ကြိုးစားနေသည်။ ထိုသို့ ကြည့်နေသော အမူအရာသည် အမှန်တကယ်ပင် ဘာကိုမှမသိသော မျက်နှာဖြစ်သည်။

သို့ကလို ဘာကိုမှမသိနားမလည်သည့် အမူအရာကလေးကိုပင် နိုဝယ်က သဘောမပေါက်နိုင်အောင် ဖြစ်နေလေသည်။

“ တစ်နေ့ကျရင် လူတစ်ယောက်ရောက်လာလိမ့်မယ်တဲ့လား။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုတာလဲ။ ကျွန်မတို့ သိချင်တာတွေနဲ့ မဆိုင်သေးဘူး ထင်တယ်"

" မင်း အစ်ကိုအကြောင်း ပြောပြပါဦး "

ဟယ်လ်ဒင်သည် စကားမပြန်ပဲ အကြာကြီး နှုတ်ပိတ်နေသည်။ စားပွဲခင်းကို စိုက်ကြည့်နေသည်။ နှုတ်ခမ်းအစုံက အံ့အားသင့်သလို ပွင့်အာသွားသည်။ ပြီးတော့မှ သူ့ကိုယ်သူ ထိန်းသိမ်းလိုက်နိုင်သည့် အမူအရာ ပေါ်လာသည်။

" ဂျိုဟန်းလား . . . သူနဲ့ပတ်သက်ပြီး ဘာပြောစရာရှိလို့လဲ "

" မင်းအစ်မက ပြောတယ်။ မင်းတို့ သုံးယောက်စလုံး ဘရာဇီးလ်နိုင်ငံထဲက ထွက်လာနိုင်အောင် ဂျိုဟန်းက ဆောင်ကြဉ်းပေးခဲ့တယ်တဲ့။ အဲဒီလိုလုပ်ရတာ တော်တော်ခက်ခဲသလား "

" ပြဿနာတွေ အများကြီးရှိခဲ့တယ်။ ကျွန်မတို့မှာ နိုင်ငံကူးလက်မှတ် မရှိဘူးလေ။ ကျွန်မတို့ လက်ထဲမှာ နိုင်ငံကူးလက်မှတ်မရှိအောင် လုပ်တဲ့သူတွေကလဲ လုပ်နေကြတယ် "

" မင်းတို့က တခြား နိုင်ငံကနေ ပြောင်းလာတာပဲ။ လက်ထဲမှာ နိုင်ငံကူးလက်မှတ်တော့ ရှိနေရမှာပေ့ါ။ မင်းက ဟိုရောက်မှမွေးလို့ ထားပါဦး။ အနည်းဆုံး မင်းအမေ၊ မင်းအစ်မနဲ့ မင်းအစ်ကိုတို့မှာတော့ ရှိရမှာပေ့ါ "

" အဲဒီခေတ်တုန်းက ဘာစာရွက်စာတမ်းမှ သိမ်းမထားဘူး။ ကိုယ်ရောက်ချင်တဲ့နိုင်ငံထဲကို ရောက်ပြီဆိုရင် နိုင်ငံကူးလက်မှတ်တို့ တခြားအထောက်အထားတို့ကို မီးရှို့ပစ်လိုက်ကြတာပဲ "

" ဘယ်သူတွေက မင်းတို့ကို ဘရာဇီးလ်နိုင်ငံထဲက ထွက်မသွားစေချင်တာလဲ "

" ဂျိုဟန်းကို ရုံးတင် တရားစွဲချင်တဲ့ လူတွေက "

" ဘာအတွက် တရားစွဲမှာလဲ "

" အမေ အသတ်ခံရပြီးတဲ့နောက်မှာ အမေရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးကို ဂျိုဟန်းက အုပ်ချုပ်တယ်။ အမေရှိနေတုန်းက ဂျိုဟန်းကို လုပ်ငန်းထဲ ဝင်စွက်ဖက်ခွင့် လုံးဝမပေးခဲ့ဘူး။ ဂျိုဟန်းဟာ မရိုးသားဘူးလို့ လူအတော်များများက ထင်ကြတယ်။ အမြတ်ငွေတွေ မမှန်မကန်ပြတာတို့ အမြတ်တော်ကြေးလိမ်တာတို့ လုပ်တယ်လို့ လူတွေက ပြောကြတယ်။ အဲဒါတွေ မှန်တယ်လို့ ကျွန်မကတော့ လုံးလုံး မထင်ပါဘူး။ သူဟာ ဘာလုပ်လုပ်သိပ်မြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တယ်။ လူတိုင်းလူတိုင်းထက် ပိုထက်မြက်တယ် ”

ထိုစကားကိုကြားရသောအခါ လန်ဒန်တုန်းက စုံထောက်နှစ်ယောက် ပြောခဲ့သည့်စကားများကို နိုဝယ်ပြန်သတိရသည်။

“ ဒီလိုလား . . . တရားစွဲမခံရအောင် သူဘယ်လိုလုပ်ရှောင်သလဲ။ ဘရာဇီးလ်နိုင်ငံအပြင်ဘက်ကို ရောက်အောင် ဘယ်လိုလုပ်ထွက်ကြသလဲ ”

“ ငွေပဲပေါ့ရှင်။ ငွေနဲ့ပဲပေါက်ရတာပေါ့။ လူတွေ တော်တော်များများ နဲ့ ညပေါင်းများစွာ ဆွေးနွေးခဲ့တယ်။ နေရာပေါင်းများစွာမှာ ဆွေးနွေးခဲ့တယ်။ ဘယ်သူတွေနဲ့ဆွေးနွေးနေတယ်ဆိုတာကိုတော့ သူကမပြောဘူး။ တစ်မနက်ကျ တော့ အိမ်ပြန်လာတယ်။ ခရီးတိုတစ်ခုသွားဖို့ တစ်ရက်စာအဝတ်အစားတွေ ထည့်ခိုင်းတယ်။ ဂရက်ချန်နဲ့ကျွန်မက သူပြောတဲ့အတိုင်း တစ်ရက်စာပြင်ဆင် ထုပ်ပိုးတယ်။ လေယာဉ်ပျံကွင်းကို ကျွန်မတို့သွားကြတယ်။ အဲဒီကနေ လေယာဉ်ပျံ သေးသေးကလေးတစ်စင်းနဲ့ တစ်နေရာကို ခရီးဆက်တယ်။ အဲဒီ နေရာကို ရောက်တော့ ကျွန်မတို့အားလုံးရဲ့ နာမည်တွေဟာ တင်နီဆန် ဖြစ် နေပြီ။ အဲဒီနေကပဲ လန်ဒန်ကို လေယာဉ်ပျံနဲ့ ထွက်လာကြတာပဲ ”

နိုဝယ်က အနီးကပ်ပြီး သေသေချာချာ အကဲခတ်သည်။ လိမ်ညာ ပြောနေသည့် အရိပ်အယောင် လုံးဝမရှိပါ။

“ တင်နီဆန်ဆိုတဲ့နာမည်နဲ့ ဘဝသစ်တစ်ခုကို စကြတာပေါ့လေ ”

ဟု သာမန်သဘောမျိုးဖြင့် မှတ်ချက်ချသည်။

“ ဟုတ်ပါတယ်။ တကယ့်ကို လုံးလုံးလျားလျားဘဝသစ်ပါပဲ။ ကျွန်မ တို့ချမ်းသာသမျှ ပစ္စည်းဥစ္စာတွေအားလုံး ဘရာဇီးလ်နိုင်ငံထဲမှာပဲ ထားခဲ့တယ်။ အဲဒီအကြောင်းတွေ တစ်ခါပြန်စဉ်းစားမိရင် အသက်တောင် မရှူနိုင်ဘူး ”

ဟယ်လ်ဒင်က ပြောရင်းပြုံးသည်။

“ ဂျိုဟန်းဟာ တကယ့်ကို လူတော်ပဲ။ ဘာကြောင့် သူနဲ့အဆက်အ သွယ် မလုပ်ပဲနေတာလဲ။ သူ့ကို မင်းမမုန်းတာတော့ ထင်ရှားပါတယ် ”

ဟယ်လ်ဒင်က မျက်မှောင်ကုပ်သည်။ ဘာပြန်ဖြေရမည်ကိုလည်း မသေချာသလို ဖြစ်သွားသည်။

“ သူ့ကို ကျွန်မ မမုန်းပါဘူး။ ဒါပေမယ့် မခံချိမခံသာတော့ ဖြစ်မိ တယ်။ အရာရာမှာ သိပ်ကိုတော်နေတဲ့ လူတွေဟာ အရာရာမှာ သူတို့ဩဇာ ကိုပဲ တည်ချင်ကြတယ် မဟုတ်လား။ ကျွန်မဘဝနဲ့ပတ်သက်ပြီးတော့လဲ သူက



www.burmeseclassic.com

www.burmeseclassic.com



ပဲ အစစအရာရာစီမံခန့်ခွဲချင်တယ်။ ကျွန်မကလဲ နည်းနည်းကလေးမှ လက်မခံနိုင်ဘူး ”

“ သူက ဘာဖြစ်လို့ သတင်းထောက်ရိုးရိုးဝင်လုပ်နေတာလဲ။ သူ့အကြောင်း ကိုယ်ကြားခဲ့ရတဲ့အတိုင်းဆိုရင် သတင်းစာတစ်တိုက်ထောင်နိုင်တဲ့ လူတစ်ယောက်ပဲ ”

“ တစ်နေ့ကျရင် သူကိုယ်ပိုင်သတင်းစာတိုက် ထောင်မှာပါ။ တကယ်လို့ သူကထောင်ချင်တယ်ဆိုရင်ပေါ့လေ။ ထောင်နိုင်တဲ့လူပါပဲ။ ဒါပေမယ့် ဂျိုဟန်းအကြောင်း ကျွန်မ ဉာဏ်မီသလောက်စဉ်းစားကြည့်တော့ နာမည်ကြီးသတင်းစာတစ်စောင်စောင်မှာ သတင်းထောက်ဝင်လုပ်ရင်း သူ့ကို လူသိများအောင် အလျှင်ဖန်တီးချင်တဲ့ သဘောမျိုးလို့ ထင်တယ်။ သူကိုယ်တိုင် နာမည်ကြီးလာအောင် အလျှင်လုပ်တဲ့ သဘောပေါ့လေ။ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်မှာ သူနာမည်ကြီးချင်တယ်။ နိုင်ငံရေးနဲ့ ပတ်သက်လာရင် သူ့အမြင်တွေကလဲ အင်မတန် ထက်ထက်မြက်မြက်ရှိတယ်။ သူမှန်တာတွေများခဲ့တယ် ”

“ ဟုတ်လား ”

“ ဟုတ်ပါတယ်။ သတင်းထောက်လုပ်ပြီး နှစ်နှစ် သုံးနှစ်လောက်အကြာမှာပဲ သူဟာ ဉရောပတိုက်မှာရှိတဲ့ အတော်ဆုံး သတင်းထောက်တွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေပြီလို့ သတ်မှတ်တာကို ခံခဲ့ရတယ် ”

သည်အတိုင်းဆိုလျှင်တော့ ဗြိတိသျှထောက်လှမ်းရေးအရာရှိများပြောခဲ့သည့်စကားများကို အရေးစိုက်နေစရာမလိုတော့ဟု နိုဝယ် သဘောရလာသည်။ ဂျီနီဗာလုပ်ငန်းကိစ္စတွင် သူ့ကိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပြီဟု ထင်မှတ်လာသည်။

နိုဝယ်က ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

“ သူ့ကိုတခြားနည်းနဲ့ သတ်မှတ်ထားတာလဲ ရှိသေးတယ်။ မောင့်မာထရာတုန်းက ကိုယ်ပြောမယ်လုပ်တော့ မင်းက နောက်မှပြောပါလို့ တားခဲ့တယ်လေ။ လန်ဒန်မှာ ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ်ငါးက အရာရှိနှစ်ယောက်နဲ့ ကိုယ်တွေ့ခဲ့တယ်။ သူတို့က ဂျိုဟန်းနဲ့ပတ်သက်ပြီး ကိုယ့်ကို မေးခွန်းတွေ ထုတ်ခဲ့တယ်။ ဒါပေမယ့် ဂျီနီဗာလုပ်ငန်းကိစ္စနဲ့ ဘာမှမဆိုင်ဘူး”

“ ဘာတွေ မေးတာလဲ ”

နိုဝယ်က ဟယ်လ်ဒင်၏မျက်လုံးများကို တည့်တည့်စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ သူတို့ တီနာမောလို့ခေါ်နေကြတဲ့ လူတစ်ယောက်အကြောင်းကို မင်းကြားဖူးသလား ”

“ လူသတ်သမားမဟုတ်လား။ သိပ်ကြားဖူးတာပေါ့။ မကြားဖူးတဲ့လူ ရော ရှိသေးလို့လား ”

နိုဝယ် သေသေချာချာ အကဲခတ်ကြည့်နေသော်လည်း ဟယ်လ်ဒင်၏ မျက်လုံးထဲမှာ ထူးခြားမှုတစ်စုံတစ်ရာကို မတွေ့ရပါ။ အနည်းငယ် စိတ်လှုပ်ရှားလာသည့် သဘောလောက်ကိုသာ မြင်ရလေသည်။

“ မသိတဲ့လူ ရှိသေးတယ်။ အဲဒီလူက ကိုယ်ပဲ။ လူသတ်သမားတွေ အကြောင်း ကြားဖူးတယ်။ ဖတ်ဖူးတယ်။ ဒါပေမယ့် တီနာမောဆိုတဲ့ နာမည်ကို တော့ တစ်ခါမှ မကြားဖူးဘူး ”

“ ရှင်က အမေရိကန်ကိုး . . . တီနာမောအကြောင်းကို ရှင်တို့ အမေရိကန်သတင်းစာတွေထက် ဥရောပတိုက်သတင်းစာတွေက ပိုပြီး ပြည့်ပြည့်စုံစုံရေးကြတယ်။ ထားပါတော့လေ. . . တီနာမောနဲ့ ကျွန်မ အစ်ကိုနဲ့ ဘာဆိုင်သလဲ ”

“ ဗြိတိသျှစုံထောက်တွေက တီနာမောဟာ မင်းအစ်ကိုပဲလို့ ထင်နေကြတယ် ”

ဟယ်လ်ဒင်၏ အမူအရာသည် တုန်လှုပ်ချောက်ချားသည့် အသွင်သို့ တမုဟုတ်ချင်းပြောင်းလဲသွားလေသည်။ နှုတ်ခမ်းအစုံမှာလည်း တဆတ်ဆတ် တုန်ယင်လာသည်။

“ တကယ်ပြောနေတာ မဟုတ်ပါဘူးနော် ”

“ တကယ်ပြောနေတာပါ။ ဗြိတိသျှစုံထောက်တွေက သူ့ကိုပဲ ထင်နေကြတယ် ”

“ ဒါကတော့ မတရားစွပ်စွဲတာပဲ။ ကျွန်မ ကြားဖူးသမျှတွေထဲမှာ အဆိုးဆုံးသတင်းတစ်ခုပဲ။ သူတို့က ဘာအထောက်အထားတွေနဲ့ စွပ်စွဲရတာလဲ”

ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိများ ပြောပြသည့်အကြောင်းများကို နိုဝယ်က ပြန်ပြောပြသည်။

“ ဘုရားသခင်. . . ဥရောပတိုက်မှာ သူတာဝန်ယူရတယ်။ သူသွားနေတဲ့ နေရာတွေကလဲ သူ့သဘောနဲ့သူ သွားတာမှမဟုတ်ပဲ။ အယ်ဒီတာလွှတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာ သွားရတာ။ အယ်ဒီတာ တာဝန်ပေးတာကို လုပ်ရတာ။ စုံထောက်တွေက ဂါဒီယန်သတင်းစာတိုက်ကို သွားစုံစမ်းရင်း အဲဒါတွေ ပေါ်လာမှာပေါ့။ ဒီလိုစွပ်စွဲတာတော့ လွန်လွန်းတယ် "

" သတင်းစာဆရာဆိုတာ စာဖတ်ပရိသတ် စိတ်ဝင်စားမယ့်သတင်းကို ရေးကြရတာပဲ။ အများစိတ်ဝင်စားမှ သတင်းစာရောင်းကောင်းမယ်။ ဒါကြောင့် အများစိတ်ဝင်စားတဲ့သတင်းရအောင် သူတို့ဟာ လွတ်လပ်စွာ လှည့်လည်သွားလာနေကြတယ်။ သတင်းဖြစ်တဲ့နေရာတွေ ဒါမှမဟုတ် သတင်းဖြစ်နိုင်တဲ့နေရာတွေကို လှည့်လည်သွားလာနေကြရတယ်။ မင်းအစ်ကိုအပေါ် မသင်္ကာကြတာလဲ ဒီအကြောင်းပဲ။ သူက နေရာအတော်များများကို မနားတမ်း လှည့်လည်သွားလာနေတဲ့လူ မဟုတ်လား "

" သူတို့ပြောတာကိုတော့ ရှင် ယုံဖို့မကောင်းဘူး "

" ဘာကို ယုံရမယ်ဆိုတာလဲ ကိုယ်မသိဘူး။ ကိုယ်သိနေတာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ မင်းအစ်ကိုကြောင့် ဂျီနီဗာလုပ်ငန်းအစီအစဉ် ပျက်သွားနိုင်တယ်။ လူသတ်မှုတွေနဲ့ ပတ်သက်ပြီး သင်္ကာမကင်း အဖြစ်ခံနေရတဲ့လူကို ဘဏ်တိုက်အုပ်ချုပ်သူတွေက အရည်အချင်းရှိသူအဖြစ် လက်ခံနိုင်ကြမှာ မဟုတ်ဘူး။ ဟိန်းနရစ်ကလော်ဆင်တို့ ထားခဲ့တဲ့ ငွေတွေနဲ့ ဒီလိုလူမျိုးကို အပတ်သက်ခံကြမှာ မဟုတ်ဘူး "

" ဒါပေမယ့် သူ့ကို စွပ်စွဲတယ်ဆိုတာက မတရားစွပ်စွဲနေတာပဲ "

" မင်း သေချာရဲ့လား "

နိုဝယ်၏မေးခွန်းကြောင့် ဟယ်လ်ဒင်၏မျက်လုံးထဲမှာ ဒေါသရောင်များ ဝင်ရောက်လာလေသည်။

" သေချာတာပေါ့။ သိပ်ကိုသေချာတာပေါ့။ ဂျိုဟန်းဟာ တခြားဖြစ်ချင်ရာတွေဖြစ်နိုင်တယ်။ ဒါပေမယ့် လူသတ်သမားတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ အမှန်တော့ အာဃာတတရားတွေကြောင့် ဒီလိုစွပ်စွဲတာ။ နာဇီရဲ့ သားသမီးဖြစ်လို့ မတရားစွပ်စွဲတာ "

ထိုစကားကိုကြားရပြန်တော့လည်း ဖြစ်နိုင်စရာရှိသည်ဟု နိုဝယ်က တွေးကြည့်နေမိပြန်သည်။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က နာဇီခေါင်းဆောင်များ ပြုလုပ်ခဲ့ကြသည့် လုပ်ငန်းများကို လူအတော်များများက မမေ့နိုင်ကြသေးချေ။ မမေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်းနှင့်အတူ အခဲမကျေဖြစ်နေသူများလည်း ရှိနေပါသေးသည်။

ထိုအကြောင်းကြောင့်သာ မတရားစွပ်စွဲခြင်း ဖြစ်နိုင်စရာရှိပါသည်။

" ဂျိုဟန်းက နိုင်ငံရေးကို စိတ်ဝင်စားသလား "

" သိပ် စိတ်ဝင်စားတယ်။ ဒါပေမယ့် အများသူငါလို မဟုတ်ဘူး။ နိုင်ငံရေး အယူဝါဒတစ်ခုခုကို လက်ခံယုံကြည်တာမျိုး မဟုတ်ဘူး။ နိုင်ငံရေး ပါတီတွေနဲ့ နိုင်ငံရေးလုပ်နေသူတွေကို စောင့်ကြည့်တယ်။ သူတို့ရဲ့အမှားတွေနဲ့ အားနည်းချက်တွေကို ဒိုးဒိုးဒေါက်ဒေါက် ထောက်ပြတတ်တယ်။ ဒါကြောင့် အစိုးရအဖွဲ့ဝင်အတော်များများက သူ့ကို မလိုလားကြတာ။ ဒါပေမယ့် သူဟာ လူသတ်သမားတော့ မဟုတ်ဘူး "

ဟယ်လ်ဒင်ပြောနေသည့် စကားများမှန်လျှင် ဂျီနီဗာလုပ်ငန်းအစီအစဉ်တွင် ဂျိုဟန်းကို စိတ်ချလက်ချအသုံးပြုနိုင်ပြီဟု နိုဝယ်က တွေးမိသည်။

နောက်တစ်ကြောင်းကလည်း ဂျိုဟန်းသာ လူသတ်သမားမဟုတ်ပါက ဖူးရစ်မြို့တွင် သူတို့ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းများတွင် ဂျိုဟန်းကို အများကြီး အားကိုးနိုင်ပေမည်။ သူ့အတွေ့အကြုံများကို အသုံးချနိုင်ပေမည်။

ဂျိုဟန်းသည် တီနာမောမဟုတ်ကြောင်း သက်သေယူပြနိုင်လျှင် ဘဏ်တိုက်အုပ်ချုပ်သူများအနေဖြင့် ဘာမှကန့်ကွက်နေစရာအကြောင်း မရှိတော့။

ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်၏ သမီးအကြီးကို ကိုယ်ကျင့်တရားကြောင့် သူတို့လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့် မပြုနိုင်။

ထို့ကြောင့် ဘာပြစ်ချက်မှမရှိသော ဂျိုဟန်းကို သမီးကြီးကိုယ်စားဆောင်ရွက်ခွင့်ပြုရတော့မည်သာ ဖြစ်သည်။

နိုဝယ်က ပြုံးမိသည်။

+ + + တစ်နေ့ကျရင် လူတစ်ယောက်ရောက်လာလိမ့်မယ်တဲ့။ ထူးဆန်းတဲ့အစီအစဉ် တစ်ခုအကြောင်းကို ပြောပြလိမ့်မယ်တဲ့ + + + + +

သည်အတိုင်းဆိုလျှင်တော့ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်. . . သို့မဟုတ် ဂွန်တင်နီဆန်က သူ့ကို စောင့်နေချေပြီ။

" ဘာကိုများ သဘောကျသွားတာလဲ "

သူ့ကို အကဲခတ်ကြည့်နေသော ဟယ်လ်ဒင်က သူပြုံးသည်ကို မြင်သဖြင့် လှမ်းမေးသည်။

" သူနဲ့ကိုယ် တွေ့မှဖြစ်မယ်။ မင်းစီစဉ်ပေးနိုင်မလား "



www.burmeseclassic.com

www.burmeseclassic.com



နို၀ယ်က ဟယ်လ်ဒင်၏ အမေးကို တိုက်ရိုက်မဖြေဘဲ သူလိုချင်သည်ကို ပြောသည်။

" ကျွန်မကလဲ အဲဒါကိုပဲ စဉ်းစားနေတာပါ။ သူနဲ့အဆက်အသွယ်ရဖို့ဆိုတာ လေးငါးရက်တော့ အချိန်ယူရလိမ့်မယ်။ သူဘယ်ရောက်နေတယ်ဆိုတာလဲ ကျွန်မ မသိဘူး။ ရှင်ကသူ့ကို ဘာပြောမှာလဲ "

" အမှန်အတိုင်းပဲ ပြောပြရမှာပေါ့ကွာ။ သူသဘောပေါက်ပါလိမ့်မယ်။ နောက်ပြီးတော့ ဂျီနီဗာအကြောင်း သူသေသေချာချာ သိထားတယ်ဆိုတာလဲ ကိုယ်အခိုင်အမာ ယုံကြည်သွားပြီ "

" ကိစ္စရှိရင်ဆက်ဖို့ ကျွန်မကိုတော့ ဖုန်းနံပါတ်တစ်ခုပေးထားတာရှိတယ်။ တစ်ခါမှတော့ ကျွန်မ မဆက်ဖူးဘူး "

" ဒီတစ်ခါ ဆက်လိုက်ပါ "

ဟယ်လ်ဒင်က ခေါင်းညိတ်ပြသည်။

အဖြေမရသေးသော မေးခွန်းများ ရှိနေသေးကြောင်း နို၀ယ် အမှတ်ရနေသည်။ အထူးသဖြင့် အန်ထော်နီဗျူးမောင့်အကြောင်း ဖြစ်သည်။

ရိုင်းယိုးဒီဂျနေးရိုးမြို့သို့ ဗျူးမောင့် လိုက်လာသည့်ကိစ္စကို ဟယ်လ်ဒင်က လုံး၀ လက်ခံဆွေးနွေးခြင်းမပြုပေ။ သူမသိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

သည်ကိစ္စကို ဂျွန်တင်နီဆန်ကတော့ သိကောင်းသိပေလိမ့်မည်။ သူသိထားသည့် အကြောင်းအရာတွေက သိပ်ကို များလွန်းနေလေသည်။

" မင်းအစ်ကိုက ဗျူးမောင့်နဲ့ ရင်းရင်းနှီးနှီးပေါင်းရဲ့လား "

" ဂျိုဟန်းက သူ့ကိုရွံတယ်။ ဂရက်ချန်နဲ့ လက်ထပ်ပွဲတုန်းကတောင် မလာဘူး "

သည်လိုဆိုလျှင် ဘာတွေဖြစ်ကုန်ပြီနည်း။

မျက်ခုံးမွေးထူထူနှင့် အန်ထော်နီဗျူးမောင့်သည် ဘာတွေလုပ်နေသနည်း။

နို၀ယ် စဉ်းစားနေမိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၇ )

စားသောက်ဆိုင်ကလေး၏ အပြင်ဘက် ကားရပ်သည့် ကွက်လပ် ထောင့်တစ်နေရာရှိ အမှောင်ရိပ်ထဲမှာ အနက်ရောင် ဆီဒင် ကားတစ်စီး ရပ်ထားလေသည်။

ကားရှေ့ပိုင်းတွင် လူနှစ်ယောက် ထိုင်နေကြသည်။

တစ်ယောက်က အင်္ဂလိပ်ရေတပ်အရာရှိ ယူနီဖေါင်း ဝတ်ထားပြီး ကျန်တစ်ယောက်က အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။

ရေတပ်အရာရှိက ကားမောင်းသူနေရာမှာ ထိုင်နေသည်။ သူ့အမူအရာက ခပ်တောင့်တောင့် ဖြစ်နေသည်။ အဖြူနှင့်အနက်ရောင်များ ရောနေသည့် ထူထဲသော မျက်ခုံးအစုံမှာ အကြောင်းအားလျော်စွာ မြင့်တက်သွားလိုက် ပြန်ကျလာလိုက် ဖြစ်နေသည်။

သူ့ဘေးနားမှာထိုင်နေသူက အသက်လေးဆယ်တွင်းအရွယ်ရှိပြီး၊ ကိုယ်လုံးကိုယ်ထည် ခပ်သွယ်သွယ်ဖြစ်သော်လည်း အလွန်ကျန်းမာ သန်စွမ်းပုံရသည်။ မျက်နှာကို ကြည့်ခြင်းအားဖြင့် တစ်စုံတစ်ရာကို ဆုံးဖြတ်ရာတွင် အလွန်ရဲတင်းကြောင်း၊ ပြတ်သားကြောင်း၊ ဆုံးဖြတ်ချက်ချရာတွင်လည်း တုံ့ဆိုင်းခြင်းမရှိတတ်ကြောင်း သိသာထင်ရှားလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာပင် ရန်သူကို အနံ့ခံရာတွင် တိကျကြောင်း၊ ရန်သူကို ချေမှုန်းရာတွင် လက်မြန်ကြောင်းများကိုလည်း အကဲခတ်၍ရသည်။

ဆံပင်များက ရွှေရောင်ဆံပင်များ ဖြစ်နေသည်။

ထိုသူကား ဂျိုဟန်းဗွန်တိုင်းဘို့လ်တ် ဖြစ်လေသည်။

သို့သော် လွန်ခဲ့သည့် ငါးနှစ်ခန့်မှစပြီး သူ့ကို ဂွန်တင်နီဆန်အဖြစ် အများက အသိအမှန်ပြု ခေါ်ခဲ့ကြလေသည်။

" ကျေနပ်ပြီ မဟုတ်လား။ သူတို့အနားမှာ တစ်ယောက်မှ မရှိဘူး"

ရေတပ်အရာရှိက ပြောသည်။ သူ့လေသံထဲတွင် စိုးရိမ်သံများ ပါဝင်နေသည်ကို အတိုင်းသား ကြားနေရသည်။

" သူတို့အနားမှာ လူတစ်ယောက်ရှိခဲ့ဖူးတယ်လေ။ မောင့်မာထရာ တုန်းက ဘာတွေဖြစ်ခဲ့သလဲ။ ပြန်စဉ်းစားစမ်းပါဦး။ ဟိုတုန်းက သူတို့အနားမှာ လူတစ်ယောက်ရှိခဲ့ပြီး အခုမရှိတော့တာ ဘာမှ အံ့သြစရာမဟုတ်ဘူး။ ဟယ်လ်ဒင်နဲ့ တခြားကလေးတွေ သိပ်ကို ခြေသွက်နေတယ် "ဟု ဂွန်တင်နီ ဆန်ခေါ် ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ပြန်ပြောသည်။

" အဲဒီကောင်တွေကတော့ အလကားကောင်တွေပဲ။ ရာခါဟာ တဖြည်းဖြည်း ပျက်စီးလာနေပြီ " ဟု ဗျူးမောင့်က ပြန်ပြောသည်။

" အချိန်ကျလာတော့လဲ ရာခါဟာ ရည်ရွယ်ချက် အထမြောက် အောင် တာဝန်ထမ်းဆောင်မှာပေါ့လေ။ ကျုပ်တို့ရဲ့ ရည်ရွယ်ချက်တွေ အထ မြောက်အောင် အကောင်အထည်ဖော်ပေးမှာပေါ့။ ဒါပေမယ့် အဲဒါတွေဟာ ရာခါနဲ့ ဘာမှမဆိုင်ဘူး။ ကျုပ်တစ်ခုပဲ သိချင်နေတယ်။ သူ့ကိုသတ်ဖို့ ဘယ်သူ က ကြိုးစားနေသလဲဆိုတာ။ ဟိန်းနရစ်ကလော်ဆင်ရဲ့သားကို သတ်ဖို့ ဘယ်သူ က ကြိုးစားနေတာလဲ "

ဂျိုဟန်းက ဒေါသတကြီးဖြင့် ပြောသည်။ လက်သီးကိုလည်း ကျစ် ကျစ်ပါအောင် ဆုပ်ထားသည်။

" ကျုပ်တို့ သိထားသမျှတွေအကုန်လုံး ခင်ဗျားကို ပြန်ပြောပြပြီးပြီပဲ။ အဲဒါတွေဟာ ကျုပ်တို့သိသမျှအကုန်ပဲ။ ထောင့်စုံအောင်လဲ ကျုပ်တို့ လေ့လာ ခဲ့ပါတယ်။ ကျုပ်တို့ ဘက်မှာတော့ ဘာတစ်ခုမှ အမှားမရှိခဲ့ပါဘူး "

" သူ့အသက်ဆုံးတော့မလို သီသီကလေးဖြစ်သွားတာဟာ အမှား တစ်ခု ရှိနေလို့ပေါ့ဗျ "



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းက ပြန်ပြောသည်။ သူ့အသံက တည်ငြိမ်သွားပြန်သည်။

" ဒီလိုဆိုရင် မင်ဖရက်ဒီပဲ ဖြစ်ရမယ်။ မင်ဖရက်ဒီရဲ့ လက်ချက်တွေပဲ ဖြစ်ရမယ်။ ဂျိုဟန်း . . . ကျုပ်တို့ထင် . . . "

" ကျုပ်နာမည် ဂွန် . . . မမေ့ပါနဲ့ "

" ဝမ်းနည်းပါတယ်။ ဂျီနီဗာတုန်းက ရထားပေါ်မှာ မင်ဖရက်ဒီက နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို ဘာတွေပြောခဲ့တယ်ဆိုတာ ကျုပ်တို့မသိဘူး။ ဒီအထဲမှာဝင်မရှုပ်ဖို့ နိုဝယ်ကို ပြောကောင်းပြောခဲ့ပေလိမ့်မယ်။ သူ့စကားကို နိုဝယ်က နားမထောင်တဲ့အခါမှာ အစဖျောက်ပစ်ဖို့ သူအမိန့်ပေးခဲ့တာဖြစ်ရမယ်။ ဘူတာရုံထဲမှာ သူတို့သတ်ဖို့ ကြိုးစားပေမယ့် မအောင်မြင်တာ ကျုပ်ကြောင့်ပဲ။ ဒါကိုတော့ ခင်ဗျားသတိရနေဖို့ လိုလိမ့်မယ် ထင်တယ် "

" ခင်ဗျားကလဲ ကျုပ်မမေ့နိုင်အောင် လုပ်ထားပါတယ်။ ခင်ဗျားပြောတာလဲ မှန်နိုင်တယ်။ ဖင်ဖရက်ဒီက သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်ဖို့ ကြိုးစားမှာ။ ဒါပေမယ့် ငွေတွေက ဒေါ်လာသန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ်တောင် ဖြစ်နေတယ်ဆိုတော့ သူ လုပ်ရကိုင်ရနည်းနည်း ခက်သွားပုံရတယ် "

" နောက်တစ်ကြောင်းက ဒီကိစ္စကို အကောင်အထည်ဖော်ပေးနိုင်ရင် ဒေါ်လာနှစ်သန်းပေးမယ်ဆိုတော့ နိုဝယ်ကလဲ မက်သွားပုံရတယ် " ဟု ဗျူးမောင့် ပြန်ပြောသည်။

" ငွေနှစ်သန်းဆိုတာကိုတော့ သူသိပ်စဉ်းစားမှာ မဟုတ်ပါဘူး။ အဓိကထားမှာမဟုတ်ပါဘူး။ ဒါပေမယ့် သူ့အသက်ကတော့ ကျုပ်တို့ လက်ထဲကို ရောက်နေပြီ "

" ဒီကိစ္စထဲမှာ မင်ဖရက်ဒီ ဝင်ရှုပ်တာဟာ တစ်ကိုယ်တော် ဝင်ရှုပ်တာပါ။ သူနဲ့အတူတူ ဘယ်သူမှပါပုံမရဘူး။ မင်ဖရက်ဒီကို လုပ်ကြံပြီးတဲ့အခါမှာ သူ့တပည့်တွေကို အမိန့်ပေးမယ့်သူ တစ်ယောက်မှ မရှိတော့ဘူး။ ဇူးရစ်မှာ သူနေခဲ့တဲ့ ဟိုတယ်ခန်းနားကိုလဲ ဘယ်သူမှကပ်တာ မတွေ့ရတော့ဘူး "

" ဟောဟိုမှာ ထွက်လာကြပြီ "

ဂွန်တင်နီဆန်က ကားရှေ့လေကာမှန်ကိုကျော်ပြီး စားသောက်ဆိုင်ကလေးဆီသို့ လက်ညှိုးထိုးပြသည်။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်နှင့်ဟယ်လ်ဒင်တင်နီဆန်တို့ နှစ်ယောက်ထွက်လာသည်ကို လှမ်းမြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟာအိုးဘတ်စ် စောင့်ရှောက်ထားတဲ့ ကလေးတွေဟာ ဒီနေရာမှာ မကြာခဏချိန်းတွေ့လေ့ရှိသလား " ဟု ဂျွန်က မေးသည်။

" တွေ့တယ်။ သူတို့နောက်ကိုလိုက်နေတဲ့ အိုဒက်ဇာအဖွဲ့ဝင် တစ်ယောက်ပြောတာ။ တစ်ည နောက်ယောင်ခံလိုက်ရင်း ဒီနေရာကို ရောက်လာတယ် "

ထိုစကားကြောင့် ဂျွန်က ရယ်သည်။

" တစ်နေ့ကျရင် အဲဒီ ကောင်တွေကိုလဲ ကျုပ်တို့ အသုံးပြုကြရမှာပဲလေ "

စိုက်ထရိုယင်ကား၏ စက်သံက ကျယ်လောင်စွာ မြည်ဟည်းသွားလေသည်။ ပြီးတော့ လမ်းကျဉ်းကလေးအတိုင်း မောင်းထွက်သွားသည်။

ဗျူးမောင့်ကလည်း ဆီဒင်ကား အနက်ကလေးကို စက်နှိုးလိုက်သည်။

" သူတို့နဲ့မလှမ်းမကမ်းက ကျုပ် မောင်းလိုက်မယ်။ သူတို့ မမြင်နိုင်ပါဘူး " ဟုလည်း ဂျွန်ကို ပြန်လှည့်ပြောသည်။

" လိုက်မနေပါနဲ့တော့လေ။ ဒုက္ခများပါတယ်။ ဒါလောက်ဆိုရင် ကျုပ်ကျေနပ်ပါပြီ။ လေဆိပ်ကိုသာ လိုက်ပို့တော့။ အစီအစဉ်တွေအားလုံး လုပ်ထားပြီးပြီ မဟုတ်လား "

ဂျွန်က လက်ကာပြရင်း မေးသည်။

" လုပ်ထားပြီးသားပါ။ အေသင်မြို့ကို ရောက်အောင် လေယာဉ်ပျံနဲ့ လိုက်ပို့ပေးမယ်။ အေသင်ရောက်ရင် ဂရိလူမျိုးတွေက ဆက်တာဝန်ယူပြီး ဘာရိန်းကိုရောက်အောင် ပို့ပေးပါလိမ့်မယ် "

" ကောင်းတယ် အန်ထော်နီ "

ရေတပ်အရာရှိက ပြုံးသည်။ ယခုလို ချီးကျူးခံရသောကြောင့် စိတ်ကြီးကလေး ဝင်လာမိသည်။ အမှောင်ရိပ်ထဲမှ မော်တော်ကားကို မောင်းထွက်ခဲ့လေသည်။

" ဘာရိန်းမှာ ခင်ဗျား ဘာလုပ်ဦးမလဲ "

" ရေနံမြေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲသတင်းယူမယ်။ ဘာရိန်းမှာရှိနေတဲ့ မင်းသားတစ်ယောက်ကလဲ လိုတာတွေအားလုံး ကူညီနေပါတယ်။ သူမကူညီလို့လဲ မရဘူးလေ။ မကူညီပဲမနေရဲဘူး။ တီနာမောရဲ့ အစီအစဉ်တွေကို သူလုပ်နေတာ မဟုတ်လား။ ဒီငတိက ထိတ်ထိတ်လန့်လန့်နဲ့ နေနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ ခင်ဗျားကတော့ တကယ့်ကို စံပါပဲဗျာ ” ဟု ရေတပ်အရာရှိက ပြောသည်။

“ ခင်ဗျားကလဲ အများကြီးကြိုးစားတာပါပဲ။ အမြဲတမ်း ခင်ဗျား စိတ်ပါလက်ပါ လုပ်ခဲ့တာကို တွေ့ရတယ် ”

“ ဘာရိန်းကပြီးရင် ဘာဆက်လုပ်ဦးမှာလဲ ”

ဂွန်တင်နီဆန်က ခေါင်းကို ကားကူရှင်နောက်မှီပေါ်သို့ မှေးတင်ထားလိုက်သည်။ မျက်လုံးများကိုလည်း မှိတ်ထားလိုက်သည်။

“ အေသင်ကို ပြန်မယ်။ ပြီးရင် ဘာလင်ကို ဆက်သွားမယ် ”

“ ဘာလင်ကို သွားတော့မလို့လား ”

“ ဟုတ်တယ်။ အခြေအနေတိုးတက်မှုတွေက သိပ်ကောင်းနေတယ်လေ။ နို၀ယ်ကလဲ ဒီကပြီးရင် ဘာလင်ကို သွားမှာပဲ။ ကက်စလာက သူ့ကို စောင့်နေပြီ ”

ထိုအခိုက် ရေဒီယိုမှ အသံတစ်ခုထွက်လာသည်။ ထိုအသံဆုံးသောအခါ သီချင်းညည်းသလိုလိုအသံလေးချက် ဆက်တိုက် ပေါ်ထွက်လာသည်။

တင်နီဆန်က မျက်လုံးများပြန်ဖွင့်သည်။ သီချင်ညည်းသံလေးချက်က ထပ်ပြန်တလဲလဲ ပေါ်နေသည်။

“ တစ်နေရာရာမှာ တယ်လီဖုန်းရုံရှိလိမ့်မယ်။ အဲဒီကို ပို့ပေးစမ်းပါ။ မြန်မြန်မောင်း ”

တင်နီဆန်က ကားမောင်းနေသော ဗျူးမောင့်ကို အမိန့်ပေးသည်။

ဗျူးမောင့်က လီဗာကို ဖိနင်းလိုက်သည်။ မော်တော်ကားက အရှိန်နှင့် ပြေးသွားသည်။ အိမ်မြှောင်လက်တံက မိုင်-၇၀-နေရာမှာ ညွှန်ပြနေသည်။

လမ်းဆုံတစ်ခုသို့ ရောက်လာသည်။

“ ကျုပ်သာ အမှတ်မမှားရင်တော့ ဟောဒီနားတစ်ဝိုက်မှာ ဓာတ်ဆီဆိုင် တစ်ဆိုင်ရှိတယ် ”

“ မြန်မြန်မောင်း ”

“ ဟုတ်ပြီ. . . သေချာပါပြီ ”

ဗျူးမောင့်က ဝမ်းသာအားရပြောသည်။ လမ်းဘေးမှာ ရှိနေသော ဓာတ်ဆီဆိုင်ကိုလှမ်းကြည့်သည်။ သူ့ထံမှ စိတ်ပျက်သံ ချက်ချင်းပေါ်လာလေသည်။

“ ဒုက္ခပါပဲ. . . ပိတ်ထားတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားက ဘယ်လိုရှိနေမယ်လို့များ မျှော်လင့်ထားလို့လဲ "
" ဖုန်းက အထဲမှာ ပိတ်မိနေပြီ "
" ဒါပေမယ့် အဲဒီအထဲမှာ ဖုန်းရှိတယ် မဟုတ်လား "
" ရှိတယ် "
" ကားရပ် "
ဗျူးမောင့်က ကျိုးနွံစွာ နာခံသည်။ လမ်းဘေးမှာ ကားထိုးရပ်ပေးသည်။ ရွှေရောင်ဆံပင်နှင့်လူက ကားပေါ်မှဆင်းပြီး ခါတ်ဆီဆိုင်ရှိရာသို့ လျှောက်သွားသည်။
ခါတ်ဆီဆိုင်အဝသို့ ရောက်သောအခါ အိတ်ထဲမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်ပြီး မှန်ချပ်ကို သေနတ်ဒင်ဖြင့် ရိုက်ခွဲပစ်လိုက်သည်။
ဆိုင်ထဲမှာရှိနေသော ခွေးတစ်ကောင်က ဆူညံစွာ ထဟောင်သည်။
ဂွန်တင်နီဆန်သည် အိတ်ထဲမှအသံတိတ်ကိရိယာကို ထုတ်ယူပြီး သေနတ်မှာတပ်သည်။ ပြီးတော့ တအားထိုးဟောင်နေသော ခွေးကို ပစ်သတ်လိုက်သည်။
ခွေးငြိမ်သွားသည်။ ကျန်နေသော မှန်ချပ်များကို သေနတ်ဒင်နှင့် ဆက်ရိုက်ခွဲသည်။ အတွင်းမှ ချက်ကိုဖြုတ်ပြီး တံခါးဖွင့်ဝင်သည်။
တယ်လီဖုန်းကို ကောက်ကိုင်သည်။ ပါရီမြို့မှာရှိသော ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြပြီး ထိုဖုန်းမှနေ၍ ဆက်နေခြင်းဖြစ်ကြောင်း အော်ပရေတာကို ပြောပြသည်။ ပြီးတော့ လန်ဒန်မြို့ရှိ ဖုန်းတစ်လုံးကိုဆက်သည်။
နောက် စက္ကန့်နှစ်ဆယ်ခန့်ကြာသောအခါ အသက်မရှုနိုင်လောက်အောင် အလောတကြီးပြောလိုက်သည့် အသံကိုကြားရလေသည်။
" အခုလို နှောင့်ယှက်ရတာ စိတ်မကောင်းပါဘူး ဂျိုဟန်း . . . ဒါပေမယ့် အရေးပေါ်ပြဿနာတစ်ခု ပေါ်လာတယ် "
" ဘယ်လိုအရေးပေါ်လဲ "
" ခါတ်ပုံပါသွားပြီ။ မမ တအားစိတ်ပူနေတယ် "
" ဘာခါတ်ပုံလဲ "
" အန်ထော်နီရဲ့ ခါတ်ပုံ "
" ဘယ်သူယူသွားတာလဲ "
" အမေရိကန် "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုရင် အန်ထော်နီကို အမေရိကန် မှတ်မိသွားပြီဆိုတဲ့ သဘော ပေါ့။ မောရစ်ဂရပ်ဖ်ပြောတာ မှန်နေပြီ။ ခင်ဗျားရဲ့ လင်တော်မောင်ကြီးက နည်းနည်းကလေးမှ ယုံကြည်လို့မရတော့ဘူး။ သူ သိပ် အတင့်ရဲလွန်းနေတယ်။ ပြောစကားကို နားမထောင်ဘူး။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်က သူ့ကို ဘယ်နေရာ မှာများ မြင်သွားသလဲ "

" လေယာဉ်ပျံပေါ်မှာ ဖြစ်မှာပေါ့။ ဒါမှ မဟုတ်ရင်လဲ တစ်ယောက် ယောက်က ပြောပြလိုက်တာလဲ ဖြစ်နိုင်တယ်။ ထားလိုက်ပါလေ။ ဒါတွေက အရေးမကြီးပါဘူး။ အဲဒီတော့ သူ့ကို ရှင်းလိုက်တော့ "

" ဟုတ်တယ်။ ရှင်းရမယ်။ ခင်ဗျားဆီမှာ ဘဏ်တိုက်က ငွေစာရင်း စာအုပ်ရှိနေတယ် မဟုတ်လား " ဟု ဂျွန်တင်နီဆန်က ပြန်မေးသည်။

" ရှိတယ် "

" သူ့စာရင်းထဲက ငွေပေါင်တစ်သောင်းထုတ်ယူပြီး စာရင်းပြောင်း ထားလိုက် "

" ကောင်းပြီ "

" နောက်အပတ်ထဲကျရင် ဘာလင်ကို ကျွန်တော် ရောက်နေမယ်။ အဲဒီကိုပဲလှမ်းပြီး အဆက်အသွယ်လုပ်ပါ "

" ဘာလင်ကို သွားတာ မြန်လှချည်လား "

" ဟုတ်တယ်. . . ကက်စလာက စောင့်နေပြီလေ။ ဒါပဲနော် မမ "

" ဒါပါပဲ မောင်လေး "

ဂျွန်တင်နီဆန်က ဖုန်းကိုပြန်တင်ပြီး ခွေးသေကောင်ကို အမှောင်ထဲ မှာ ငေးကြည့်နေမိသည်။ ထိုသို့ ငေးကြည့်ရင်း အန်ထော်နီဗျူးမောင့် အကြောင်းကို စဉ်းစားနေသည်။

ဗျူးမောင့်သည် အလွန်တရာမိုက်မဲသူဖြစ်သည်။ သူ အလွန်တရာ မိုက်မဲကြောင်း မှတ်ချက်နှင့်အကြောင်းကြားစာကို လွန်ခဲ့သည့် နှစ်ပေါင်း အတော်ကြာကတည်းက ဘရာဇီးလ်နိုင်ငံရှိ မောရစ်ဂရပ်ဖ်ထံမှ ရရှိခဲ့ပြီး ဖြစ် သည်။

သို့သော်လည်း ရေတပ်ထဲတွင် တာဝန်ပေးစရာတွေ ကျန်ရှိနေသော ကြောင့် သူ့ကို ထိန်းပြီး သုံးနေခဲ့ရသည်။

ထို့ပြင် 'မျိုးဆက်'တစ်ဦးအနေဖြင့် သူ့ကို အသက်ရှင်ခွင့် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့ခြင်းဖြစ်သည်။

ယခုတော့ အသက်ရှင်ခွင့် မပေးနိုင်တော့ပြီ။

သူ၏ဓာတ်ပုံခိုးယူခြင်းခံရသည့်အတွက် သူ့ကို အပြတ်ရှင်းရပေတော့မည်။ သူ့ဓာတ်ပုံအခိုးခံရခြင်းသည် သူ့အကြောင်းကို တစ်စွန်းတစ်စ သိသွားကြပြီဆိုသည့် သဘောမျိုးပင် ဖြစ်လေသည်။

သူ့အကြောင်းကို တစ်စွန်းတစ်စ သိသွားပြီဆိုလျှင် မိမိတို့ လုံခြုံရေးအတွက် စိုးရိမ်လာရသည်။ လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်လာနိုင်သည်။

အကယ်၍ နိုဝယ်ဟိုးလ်ခရော့ဖ်တ်က ဆွတ်ဇာလန်မှာရှိနေသော အခြားလူများအား ထိုဓာတ်ပုံလက်ဆင့်ကမ်းလိုက်လျှင် အစီအစဉ်အားလုံး ပျက်စီးသွားတော့မည်။ ဗျူးမောင့်ကိုပေးခဲ့ဖူးသည့် တာဝန်များအားလုံး မီးခိုးကြွက်လျှောက် ပေါ်ကုန်တော့မည်။

'မျိုးဆက်'များကို တစ်ကမ္ဘာလုံးတွင် ဖြန့်ထားခဲ့သည်။

ထိုသို့သော 'မျိုးဆက်'များ ရွေးချယ်ရသည်မှာ လွယ်ကူသော လုပ်ငန်းမဟုတ်။

သူတို့ကို မျိုးရိုးကောင်းမကောင်း၊ အစဉ်အလာကြီးမကြီး၊ သစ္စာဖောက်သည့် အမျိုးဟုတ်မဟုတ် ဘက်ပေါင်းစုံမှ စုံစမ်းစစ်ဆေးခဲ့ရသည်။

အဘက်ဘက်မှ စိတ်ချရပြီဆိုသောအခါကျမှ ထိုကလေးငယ်များကို ကမ္ဘာအရပ်ရပ်သို့ လေယာဉ်ပျံများဖြင့် လည်းကောင်း၊ သင်္ဘောများဖြင့် လည်းကောင်း၊ ရေငုပ်သင်္ဘောများဖြင့် လည်းကောင်း တိတ်တဆိတ်တင်ပို့ခဲ့ရသည်။

နိုင်ငံခြားတိုင်းပြည်များသို့ ရောက်သွားသောအခါ သူတို့၏ မျိုးရိုးဗီဇကို ဖျောက်ဖျက်ကာ ရောက်ရှိနေသည့် နိုင်ငံသားဖြစ်အောင် စာရွက်စာတမ်း အထောက်အထားများကို ပြုစုရသည်။

ထိုနိုင်ငံမှာ ထိုနိုင်ငံသားအဖြစ် ပညာသင်စေသည်။ ကြီးပြင်းစေသည်။ သူတို့ကိုစောင့်ကြည့်နေသည့် တာဝန်ခံများကိုလည်း တစ်ကမ္ဘာလုံးမှာ ဖြန့်ထားရသည်။ မျက်ခြည်မပြတ် စောင့်ကြည့်ရသည်။

အရွယ်ရောက်လာသောအခါ သူတို့ အရည်အသွေးကို စစ်ဆေးကြည့်ရသည်။ ခပ်ညံ့ညံ့ကလေးများကို သည်အတိုင်း မသိလိုက်မသိဘာသာ စွန့်ပစ်ထားလိုက်ရသည်။ သူ့ကိုယ်သူ သိနေသော နိုင်ငံသားအဖြစ်နှင့်လည်းကောင်း၊ လူမျိုးအဖြစ်နှင့်လည်းကောင်း ဆက်လက် နေထိုင်ခွင့်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ 'မျိုးဆက်'အစီအစဉ်တွင် လုံးဝမပါဝင်တော့။ ဘာတစ်ခုမှလည်း အသိမပေး။

ယခုအန်ထော်နီဗျူးမောင့်ကို အင်္ဂလန်နိုင်ငံသို့စစ်ပြီးခါနီးက တင်ပို့ခဲ့သည်။ အင်္ဂလိပ်လူမျိုးအဖြစ် နေစေသည်။ ပညာသင်စေသည်။ ကြီးပြင်းလာသောအခါ ရေတပ်သို့ဝင်စေသည်။

သူ့အရည်အချင်းကိုကြည့်ပြီး သက်ဆိုင်ရာတာဝန်ခံက သူ့ကိုချဉ်းကပ်သည်။ မျိုးရိုးအမှန်ကို ပြောပြသည်။ ရည်ရွယ်ချက်ကို ပြောပြသည်။ ထိုနည်းဖြင့် ပြန်လည်စည်းရုံးသည်။

နိုင်ငံတကာ အစိုးရအဖွဲ့ထဲတွင်လည်း ထိုကဲ့သို့သော 'မျိုးဆက်'များ စိပ်ဝင်ထိုးဖောက်နေကြသည်။

အရေးတော်ပုံကြီးဖော်ထုတ်ဖို့ အချိန်ကျရောက်သည်တွင် တစ်ကမ္ဘာလုံးမှာရှိနေသော မျိုးဆက်များက တစ်ပြိုင်တည်း စတင်လှုပ်ရှားကြရန်ဖြစ်သည်။

နိုင်ငံတကာသို့ သူတို့စေလွှတ်ကာ ရုပ်ဖျောက်၊ ဘဝဖျောက်ထားသည့် ကလေးပေါင်း ထောင်ပေါင်းများစွာရှိသည်။ မထက်မြက်သော ကလေးများကို ပယ်ရသည်။ ထက်မြက်သည့် လက်ကျန်ကလေးများ၏ အရေအတွက်မှာ သူတို့ရည်မှန်းချက်ကို အောင်မြင်စေနိုင်အောင် လုံလောက်သည့် အရေအတွက်ရှိသည်။

ထိုကလေးများဖြင့် 'စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီး'ကို ပြန်လည်တည်ဆောက်ကြဖို့ ဖြစ်သည်။

ယခုတော့ အမှားတစ်ခုပေါ်ပေါက်လာပြီ။ သည်အမှားကို ချက်ချင်းမပြုပြင်လျှင် သူတို့၏ အလွန်တရာ ကြီးမားသော စီမံကိန်းကြီး ပျက်ပြားသွားရတော့မည်။

ထိုအဖြစ်မျိုးကို လက်မခံနိုင်ပါ။

ယခုဆိုလျှင် နိုင်ငံတကာ အစိုးရအဖွဲ့ထဲမှာ နေရာကောင်းများရနေပြီဖြစ်သည့် 'မျိုးဆက်'များသည် အင်အားကောင်းသည်ထက် ကောင်းနေပြီ။

အချို့တိုင်းပြည်များတွင် အစိုးရအဖွဲ့ကိုပင် ကြိုးဆွဲနိုင်လောက်သည့် အင်အားရှိနေပြီ။

လိုအပ်သလို အသုံးပြုနိုင်ရန် ဒေါ်လာသန်းပေါင်း ၇၈၀သည်လည်း ဆွစ်ဇာလန်ဘဏ်တိုက်ထဲမှာ ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေများကို စတုတ္ထဂျာမနီနိုင်ငံတော်ကြီး ထူထောင်ရာတွင် ရန်ပုံငွေအဖြစ် သုံးစွဲရမည်။ နိုင်ငံတကာမှာ ရှိနေကြသည့် မျိုးဆက်များကလည်း လိုအပ်သလို ရန်ပုံငွေများကို လျှို့ဝှက်စုဆောင်းထားကြပြီး ဖြစ်သည်။

ဂွန်တင်နီဆန်က ပစ္စတိုသေနတ်ကို အိတ်ထဲသို့ ပြန်ထည့်သည်။

မော်တော်ကားဆီသို့ ပြန်လျှောက်သွားသည်။ ဒရိုင်ဘာဘက်ခြမ်းမှာ သွားရပ်သည်။

" ဘာလဲဟင်. . . ဘာများဖြစ်ကုန်လို့လဲ " ဟု အန်ထော်နီဗျူးမောင့်က ဆီးကြိုမေးသည်။

" ဘာမှ သတ်မှတ်လို့မရသေးဘူး။ ခင်ဗျား ဟိုဘက်ရွှေ့စမ်း။ ကျုပ်မောင်းမယ်။ လမ်းသာပြ "

" ဘယ်ကို သွားမှာလဲ "

" ဒီနားတစ်ဝိုက်မှာ ရေကန်ကြီးတစ်ကန်ရှိတယ်လို့ ကြားဖူးတယ်။ လေးငါးမိုင်လောက်ပဲ ဝေးမယ်လို့ဆိုတယ်။ အဲဒီနားကနေတဆင့် အဆက်အသွယ်ယူကြရအောင်။ ဟိုထဲကဖုန်းနဲ့ ပြောရတာ ကောင်းကောင်းမကြားရဘူး။ အသံတွေ ရောနေတယ် "

ဂွန်တင်နီဆန်က ပြောပြောဆိုဆို ကားထဲသို့ ဝင်သည်။ ဗျူးမောင့်က တစ်ဘက်သို့ တိုးပေးသည်။

" ရေကန်က ဒီနားတင်ရှိပါတယ်။ ရှစ်မိုင်လောက် ဝေးမယ် "

" အဲဒီရေကန်ကို ပြောတာဖြစ်မယ်။ သစ်တောရော ရှိသလား "

" ရှိတယ် "

" ဒါဆိုရင် ဟုတ်ပြီ။ အဲဒီကိုသွားမယ်။ ဘယ်လို မောင်းရမယ်ဆိုတာသာ လမ်းပြ။ ဟိုရောက်ရင် မီးနဲ့အချက်ပြပြီး အဆက်အသွယ်ယူမယ်။ မီးနဲ့အချက်ပြတာကို ကျုပ် ကောင်းကောင်း ကျွမ်းကျင်တယ် "

" ထူးတော့ထူးဆန်းတယ်နော် " ဟု ဗျူးမောင့်က နားမလည်သလို ပြန်ပြောသည်။

" မထူးဆန်းပါဘူး။ အခြေအနေ ရှုပ်ထွေးနေတာပါ။ ကဲ. . ပြော. . ဘယ်ဘက်ကို မောင်းရမလဲ"

" နောက်ပြန်လှည့်။ ဟောဟိုနားရောက်ရင် လမ်းခွဲရှိတယ်။ အဲဒီလမ်းခွဲကိုရောက်ရင် ဗယ်ဘက်ကိုချိုး "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပြီ. . . "

တင်နီဆန်က ကားစက်နှိုးသည်။

" ခုန ရေဒီယိုကပေါ်တဲ့အသံက ဘာသံလဲဗျ။ အရေးပေါ်အချက်ပြတာလား။ အလျှင်တုန်းက အဲဒါမျိုး တစ်ခါကြားဖူးတယ်။ အဲဒီတုန်းက အင်ဘက်ဘီလေဆိပ်မှာရှိနေတဲ့ ကျုပ်တို့ လူတွေက အချက်ပြတာ "

" အဲဒီကောင်တွေက ကျုပ်တို့ကောင်တွေ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့ရဲ့ ရုပ်သေးတွေသာဖြစ်ပါတယ် အန်ထော်နီ "

" ဟုတ်ပါတယ်လေ။ ရာခါအကြမ်းဖက်သမားတွေ၊ ဒါပေမယ့် အဲဒီငတိတွေက အခုအချိန်အထိ ကျုပ်တို့နဲ့ အဆက်အသွယ်ရှိနေတုန်းပဲ။ ကျုပ်ပြောတာကို ခင်ဗျား သဘောပေါက်တယ် မဟုတ်လား "

" အင်း . . . ပေါက်ပါတယ်။ ဒီနေရာမှာ ကွေ့ရမှာ မဟုတ်လား။ ဗယ်ဘက်ကိုလား "

" ဟုတ်တယ်။ နေစမ်းပါဦး။ ဘယ်လိုအခြေအနေတွေများ ပြောင်းလဲသွားလို့လဲ။ ကျုပ်တို့ စောစောက အစီအစဉ်အတိုင်း မဖြစ်တော့ဘူးလား "

တင်နီဆန်က ကားကိုထိန်းနေသည်။ အမြန်နှုန်းကိုလည်း မြှင့်နေသည်။

" အင်း . . . အခုကိစ္စက ခင်ဗျားနဲ့ ပတ်သက်နေပြီထင်တယ်။ ကျုပ်တို့ သေသေချာချာ မပြောနိုင်သေးဘူး။ ဒါပေမယ့် ဖြစ်နိုင်တဲ့ အလားအလာတွေတော့ ရှိနေတယ် "

" ကျုပ်နဲ့ ပတ်သက်တယ်. . . "

အန်ထော်နီဗျူးမောင့်ထံမှ အထိတ်တလန့်အသံ ပေါ်ထွက်လာလေသည်။

" ဟုတ်တယ်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်က ခင်ဗျားကိုများ မြင်သွားသေးသလား။ တစ်ကြိမ်ထက်ပိုပြီး မြင်သွားသေးသလား။ သူ့ကို ခင်ဗျား နောက်ယောင်ခံလိုက်နေတယ်ဆိုတာ ရိပ်မိသွားသလား "

" ကျုပ်ကို မြင်သွားတယ်. . . အောင်မယ်လေး . . . ဘယ်လိုနည်းနဲ့မှ မမြင်ပါဘူးဗျာ. . . လုံးဝကို မမြင်နိုင်ပါဘူး။ ကျုပ် ကျိန်ပြောရဲပါတယ် "

" ဂျီနီဗာတုန်းကရော. . . ပြန်စဉ်းစားကြည့်စမ်းပါဦး "

" လုံးဝ မမြင်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" နယူးယောက်မှာတုန်းကရော. . . သေသေချာချာ စဉ်းစားကြည့်ပါဦး "

" သူ့အနားကို တစ်မိုင်လောက်တောင် မကပ်မိပါဘူးဗျာ။ တစ်မိုင်ထက်ပိုဝေးတဲ့နေရာမှာ ရှိခဲ့တာပါ။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး "

" ရိုင်းယိုးဒီဂျနေးရိုးကို သွားတုန်းကရော လေယာဉ်ပျံပေါ်မှာ ခင်ဗျားကို သတိထားမိသွားတာမျိုး မဖြစ်ခဲ့ဘူးလား "

ထိုနေရာတွင် ဗျူးမောင့်က အနည်းငယ် တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။

" မဖြစ်ပါဘူး။ ခန်းဆီးကို မ,ပြီး ကျုပ်ထိုင်နေတဲ့အခန်းထဲကို သူဝင်လာတယ်။ အဲဒီအချိန်က သူသိပ် အရက်မူးနေတယ်။ ကျုပ်ကို လုံးလုံးမကြည့်ဘူး။ သတိထားမိပုံလဲ မပေါ်ဘူး။ လုံးဝသတိမထားပါဘူး။ ဟုတ်ပါတယ်။ သေချာပါတယ်။ ကျုပ်ကိုသူ မမြင်ဘူး။ သူ့ကိုသာ ကျုပ်က မြင်နေတာ "

သည်လောက်ဆိုလျှင် လုံလောက်သွားပြီဟု ဂွန်တင်နီဆန်က တွေးသည်။

ဗျူးမောင့်သည် ရန်သူဘက်က လှည့်မတွေး။ မိမိဘက်ကချည်းတွေးနေသည်။ မိမိလုပ်သမျှကို ရန်သူက သည်အတိုင်းငြိမ်ခံနေရမည်ဟု တွေးနေသည်။ မိမိလုပ်သမျှများကို ရန်သူက မျက်မမြင်တစ်ယောက်လို ခံနေရမည်ဟု တွေးနေသည်။

ထို့ကြောင့် သည်ပြဿနာကို သည်ထက်ပိုပြီး မေးမြန်းနေစရာမလိုတော့ပါ။ ဆက်လက် ဆွေးနွေးစရာ မလိုတော့ပါ။

" ဒီလိုဆိုရင် တစ်ခုခုမှားသွားတာနဲ့တူပါတယ် အန်ထော်နီ။ အလကား အချိန်ဖြုန်းသလို ဖြစ်သွားတယ်။ အခုန ကျုပ်ဆင်းပြီးတော့ ဖုန်းဆက်တာ ခင်ဗျားမိန်းမပဲ။ ကျုပ်အစ်မ ဂရက်ချန်ပဲ။ ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်လာရင် ခင်ဗျားဟာ သိပ်ကို ပိရိပါတယ်လို့ ဂရက်ချန်က ပြောတယ် "

"သူပြောတာ သိပ်မှန်တာပေါ့ဗျာ။ သူဟာ အမြဲတမ်း မှန်နေတဲ့ မိန်းမပဲ။ ခင်ဗျားလဲ သိပါတယ်လေ. . . သိပ်ကို ချီးကျူးစရာကောင်းလောက်အောင်တော်တဲ့ အမျိုးသမီး။ အမှန်တော့ ကျုပ်တို့ နှစ်ယောက်ဟာ ရိုးရိုးလင်မယားမဟုတ်ကြပါဘူး။ တကယ့်ကို ရဲဘော်ရဲဘက်တွေပါပဲ "

" သိပါတယ် အန်ထော်နီ. . . ဒါကြောင့် ကျုပ်လဲ စိတ်ချမ်းသာမိပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ရှေ့လမ်းခွဲကျရင် ညာဘက်ကိုချိုး။ မြောက်စူးစူးကိုမောင်း။ အဲဒါ ရေကန်ကို သွားတဲ့လမ်းပဲ "

သူတို့သည် တောထဲမှာ မော်တော်ကားကို ဖြတ်မောင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် အအေးဓာတ်က ကားတွင်းသို့ ဝင်ရောက်လာသည်။

မြေလမ်းကလေးဆုံးသောအခါ ကားကိုရပ်သည်။ ရေကန်ရှိရာသို့ လမ်းလျှောက်သွားကြသည်။ တင်နီဆန်၏ လက်ထဲမှာ လက်နှိပ်ဓာတ်မီး ပါလာသည်။ ဗျူးမောင့်၏လက်ထဲမှာ ခေါက်ဂေါ်ပြား ကိုင်လာသည်။

ထိုနေရာမှာ မီးလှုံဖို့ မြေကျင်းကလေးတူးမည်ဟု တင်နီဆန်က ပြောသည်။

" ကျုပ်တို့ ဒီနေရာမှာ ဒါလောက်ကြာကြာနေဖို့လိုသလား "ဟု ဗျူးမောင့်က မေးသည်။

" လိုတယ်။ တခြားကိစ္စတွေ ဆွေးနွေးစရာ ရှိသေးတယ်။ ခင်ဗျားဆီက အကြံဉာဏ်လဲတောင်းချင်တယ်။ ဒီနေရာဟာ ရေကန်ရဲ့အရှေ့ဘက်ခြမ်းလား"

" ဟုတ်ပါတယ်။ လျှို့ဝှက်ကိစ္စလုပ်ဖို့ သိပ်ကောင်းတဲ့နေရာတစ်နေရာပေါ့။ ဒီလိုအချိန်မျိုး ဒီနေရာကို ဘယ်သူမှ ရောက်မလာနိုင်ဘူး။ အထူးသဖြင့် ဒီလိုရာသီမျိုးမှာ ဘယ်သူမှမလာဘူး "

" ခင်ဗျား သင်္ဘောပေါ်ကို ဘယ်တော့ ပြန်တက်ရမလဲ "

" ခင်ဗျား မေ့သွားပြီထင်တယ်။ ဒီစနေ တနင်္ဂနွေမှာ ဂရက်ချန်နဲ့ ကျုပ် အတူတူနားဖို့လေ "

" ဒီလိုဆိုရင် တနင်္လာနေ့ ပြန်တက်ရမှာလား "

" အင်္ဂါနေ့မှ တက်ရင်လဲရတာပဲ။ ကျုပ်ရဲ့ ဒုတိယအရာရှိက သိပ်စိတ်ချရတယ်။ အလုပ်ကိစ္စအတွက် ကျုပ်သွားနေတယ်လို့ပဲ သူယုံကြည်နေတာ။ တစ်ရက်နှစ်ရက် နောက်ကျလို့များတော့ ဘယ်တော့မှ မေးလားစမ်းလား မလုပ်ဘူး "

" ဘာဖြစ်လို့ သူက ဒီလောက်တောင် ကောင်းနေတာလဲ။ သူလဲ ကျုပ်တို့ အဖွဲ့သားပဲလား "

" ဟုတ်တယ်။ တစ်ခုတော့ရှိတယ်။ ကင်းလှည့်နေတဲ့ သင်္ဘောကိုတော့ တစ်ပတ်ရိုက်လို့ မရဘူး "

" ဟုတ်တာပေါ့လေ။ ဒီနေရာမှာ တူးပါ အန်ထော်နီ. . . မီးပုံက



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ သိပ်နီးရင် မကောင်းဘူး။ ကျုပ် ကားဆီကို ပြန်သွားပြီး သူတို့အချက်ပြတာ စောင့်ကြည့်လိုက်ဦးမယ် ”

“ ကောင်းပြီ ”

“ ကျင်းကို ခပ်နက်နက်ကလေးတူးနော်။ တိမ်ရင် မီးတောက်က သိပ်ထောင်တက်နေလိမ့်မယ် ”

“ စိတ်ချ ”

ဂျွန်တင်နီဆန်အမည်ခံထားသော ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က မော်တော်ကားရပ်ထားရာသို့ ပြန်လာသည်။ မိနစ်အတော်ကြာအောင် စောင့်နေသည်။

စိတ်ကြိုက်အချိန်ကိုရသောအခါ အိတ်ထဲမှ ဓားမြှောင်ကို ထုတ်သည်။ စောစောတုန်းက မှန်ရိုက်ခွဲပြီး ခွေးကိုပစ်ခဲ့သည့် သေနတ်ကို အိတ်ထဲမှာ ပြန်ထည့်သည်။

ယခုနေရာသည် သေနတ်အသုံးပြုရမည့် နေရာမဟုတ်။

အမှားတစ်ခုက ပေါ်ပေါက်လာချေသည်။

ထိုအမှားကို မှန်သွားအောင် တီနာမောက ပြင်ဆင်ရပေမည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၈ )

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် ကော်ဖီသောက်ရင်း ပါရီမြို့၏ နံနက်ခင်းမြင်ကွင်းကို လှမ်းမျှော်ကြည့်လိုက်သည်။ နေရောင်နှင့် တောက်ပနေသည်။

ဟယ်လ်ဒင်နှင့် စတင်တွေ့ပြီး ဒုတိယမြောက် နံနက်ခင်းဖြစ်သည်။ သူ့အစ်ကို ဂျိုဟန်းနှင့်တွေ့ဖို့မှာ ယမန်နေ့က ကဲ့သို့ပင် ယနေ့အထိ ဘာမှ မသေချာ မရေရာသေး။

" သူ ကျွန်မကို ဖုန်းဆက်မှာပါ။ ကျွန်မသိတယ်။ သူဆက်ကိုဆက်မှာပါပဲ " ဟု စောစောကလေးကပင် ဟယ်လ်ဒင်နှင့် ဖုန်းဆက်စကားပြောရစဉ်က ဟယ်လ်ဒင်က သူ့ကိုပြောခဲ့လေသည်။

" ကိုယ်အပြင်ကို ခဏသွားမလားလို့ "

" သွားလေ. . . မပူပါနဲ့။ ရှင့်ကို ကျွန်မတွေ့အောင်ရှာပါ့မယ်။ ကိစ္စပေါ်လာရင်ပေါ့လေ "

ထိုအကြောင်းများကို ပြန်စဉ်းစားရင်း ထူးဆန်းသော သူတို့အဖြစ်ကိုလည်း နိုဝယ် ပြန်တွေးနေမိသည်။

ဟယ်လ်ဒင်နှင့် သူစတင်တွေ့သည်ညက သူငှားထားသည့် ဟိုတယ်မှာ သူတည်းခိုခြင်းမပြုခဲ့ရ။ ချောင်ကျလှသော အခြားဟိုတယ်ကလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



သို့ မထင်မရှားပြောင်းရွှေ့တည်းရသည်။

နာမည်ကလည်း နိုဝယ် မဟုတ်တော့။ ဖရက်စကာ ဖြစ်သွားသည်။

ထိုဟိုတယ် ဧည့်ကြိုဌာနမှာ သူ့ကို နှုတ်ဆက်ရင်း သူ့အစ်ကိုနှင့် အမြန်ဆုံး အဆက်အသွယ်ရအောင် လုပ်ပါမည်ဟု ပြောခဲ့သည်။

“ ကိုယ့်ကို တစ်ခုလောက်တော့ ရှင်းပြပါဦး ဟယ်လ်ဒင်. . . အခု ကိုယ်တို့လုပ်နေတာတွေဟာ ရူးကြောင်ကြောင် ဖြစ်မနေဘူးလား။ ဘာကြောင့် ကိုယ်က နာမည်ပြောင်းပြီး တခြားဟိုတယ်မှာ ပုန်းလျှိုးကွယ်လျှိုး တည်းနေရတာ လဲ။ ခပ်ပြောင်ပြောင်တင်းတင်းနေလို့ မရဘူးလား ” ဟု နိုဝယ်က မေးခဲ့သည်။

“ ရှင့်ကို ကျွန်မနဲ့အတူတူ သွားနေတာမြင်တဲ့ လူတွေက မြင်ကုန်ကြ ပြီလေ ” ဟု ပြန်ဖြေခဲ့သည်။

ဟယ်လ်ဒင်. . .

နာမည်က ဆန်းသည်။

လူကလည်း ဆန်းသည်။

သူလုပ်ပုံတွေ အားလုံးကလည်း ဆန်းသည်။

နိုဝယ် ဘာကိုမှ စဉ်းစား၍မရတော့။

အမှန်တော့ သူတို့ပြောခဲ့သလိုပင် သူတို့နောက်မှတကောက်ကောက်လိုက်နေသည့် အဖွဲ့တွေရှိသည်။ အကြမ်းဖက်အဖွဲ့တွေရှိသည်။ ထို အဖွဲ့များ၏ ဘေးအန္တရာယ်မှ လွတ်မြောက်အောင် သူတို့မနားတမ်း ပြေးလွှား နေကြရခြင်း ဖြစ်သည်။

ထိုသို့သော ဒုက္ခများမှ ကင်းဝေးအောင် ကယ်တင်နိုင်မည့်အရာ သည် ဂျီနီဗာလုပ်ငန်းအစီအစဉ်သာ ဖြစ်ချေသည်။ ဂျီနီဗာလုပ်ငန်းအစီအစဉ် များ အောင်မြင်ပြီဆိုလျှင် ဟယ်လ်ဒင်တို့ အားလုံးဘေးဒုက္ခအပေါင်းမှ ကင်း ဝေးကြရတော့မည်။ ဟယ်လ်ဒင်တို့ကဲ့သို့ အန္တရာယ်ကြုံနေကြရသူများ အေး အေးချမ်းချမ်း နေခွင့်ရကြတော့မည်။

ထို့ကြောင့်လည်း ထိုလုပ်ငန်းအစီအစဉ် အမြန်ဆုံးအောင်မြင်ရေးကို သာ မပြတ်အာရုံစိုက်ရတော့မည်။

ထိုသို့စဉ်းစားရင်း အန်ထော်နီဗျူးမောင့်အကြောင်း ခေါင်းထဲမှာ ပေါ် လာသည်။

အန်ထော်နီဗျူးမောင့်သည် မည်သူနည်း။ ဘာတွေလုပ်နေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မိမိနောက်သို့ နောက်ယောင်ခံလိုက်ခဲ့သနည်း။ သူတို့၏လုပ်ငန်းများကို နှောင့်ယှက်ဖို့ လိုက်နေခြင်းလော။

သည်အတိုင်းမှန်လျှင် ဝံပုလွေများက အန်ထော်နီဗျူးမောင့်ကို မတားပဲ ဘာကြောင့် လွှတ်ပေးထားကြသနည်း။

ရာခါ။

အိုဒက်ဇာ။

ဝံပုလွေ။

အားလုံး သူ့နည်းနှင့်သူ အကြမ်းဖက်နေကြသူများချည်း ဖြစ်လေသည်။ ပြီးတော့ သူတို့အချင်းချင်းလည်း မသင့်မြတ်။ ရန်သူများဖြစ်သည်။

သည်အတိုင်းဆိုလျှင် သူတို့၏ရည်ရွယ်ချက် အမှန်များသည် ဘာတွေဖြစ်မည်နည်း။

စစ်ကြီးပြီးခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ။ မည်သို့သော လှုပ်ရှားမှုများကိုမှ ဆက်လက်လုပ်ကိုင်နေဖို့ မလိုတော့။သမိုင်းတစ်ခေတ်ပြောင်းသွားပြီ။ သမိုင်းဟောင်းသည် လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်မှာ ကျန်နေရစ်ခဲ့ပြီ။

ယခုတော့ ဖြစ်သင့်သလိုဖြစ်မလာပါ။ စစ်ကြီးမပြီးသေးပါ။ သူ့နည်းသူ့ဟန်နှင့် စစ်ကြီးက ဆက်လက်ဖြစ်ပွားနေဆဲပင်။

တစ်ခုတော့ သေချာသည်။

စစ်ကြီးတကယ်ပြီးအောင် လုပ်မည့်သူများသည် ဝံပုလွေများဖြစ်သည်။ ဂျီနီဗာလုပ်ငန်း အစီအစဉ်ဖြစ်သည်။

ထို့ကြောင့် ရာခါနှင့်အိုဒက်ဇာသည် ဝံပုလွေများ၏ ရန်သူများ ဖြစ်ကြသလို ဝံပုလွေသည်လည်း ရာခါနှင့်အိုဒက်ဇာတို့၏ ရန်သူပင်ဖြစ်လေသည်။

သူ့ကိုလုပ်ကြံဖို့ ကြိုးစားခဲ့သော ဘရာဇီးလ်နိုင်ငံမှ မောရစ်ဂရပ်ဖ်သည် အိုဒက်ဇာ ဖြစ်ရမည်။

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်သည် ဂျီနီဗာလုပ်ငန်းအစီအစဉ်နှင့် ပတ်သက်ပြီး မည်မျှအထိ သိရှိထားသနည်း။

ဂျိုဟန်းကို အမြန်ဆုံးတွေ့ဖို့ လိုအပ်နေသည်။ ဂျိုဟန်းကိုတွေ့ပြီးလျှင် ဘာလင်မှာရှိနေသော ကက်စလာတို့ညီအစ်ကိုနှင့် ဆက်လက်တွေ့ရမည်။

သူတို့သုံးယောက်ဆုံမိပြီးလျှင် အဖေတို့ဖြစ်ချင်သည့် လုပ်ငန်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



စတင် အကောင်အထည် ဖော်ကြရတော့မည်။ အဖေတို့အိပ်မက်ကို အကောင်အထည်ဖော်ပေးရမည်။ အဖေတို့၏ ဂုဏ်သိက္ခာများကို ပြန်လည်အဖတ်ဆည်ပေးရမည်။

နိုဝယ်က ပြတင်းပေါက်နားမှ အခန်းတွင်းသို့ ပြန်ဝင်ခဲ့သည်။

ဟယ်လ်ဒင်ကို ဖုန်းဆက်ပြီး " မင်းတို့ တပြေးတည်းပြေးနေရတဲ့ဘဝက မကြာခင် လွတ်မြောက်ကြတော့မှာပါကွယ် " ဟု ပြောပြလိုက်ချင်သည်။ လူချင်းလည်း တွေ့ချင်သည်။

သို့သော်လည်း ဂါလီမတ် စာအုပ်ထုတ်ဝေရေးတိုက်သို့ လုံးဝ ဖုန်းမဆက်ပါနှင့်ဟု ဟယ်လ်ဒင်က အသေအချာ မှာထားသည်။ သူကလည်း ကတိပေးထားသည်။ ပေးထားပြီးသည့် ကတိကိုတော့ မဖျက်နိုင်ပြီ။

တယ်လီဖုန်းအကြောင်းကို စဉ်းစားမိတော့မှ အမေရိကန် ဆက်သွယ်ရေးရုံးကို သတိရသည်။ အကြောင်းရှိပါက မိမိကို ထိုရုံးမှတဆင့် အဆက်အသွယ် ပြုပါရန် ဆမ်နှင့်ဝီလီတို့နှစ်ယောက်ကို သူ မှာထားခဲ့သည်။

ထို့ကြောင့် အမေရိကန်ဆက်သွယ်ရေးရုံးသို့ ဖုန်းဆက်ပြီး မိမိအတွက် စာသော်လည်းကောင်း၊ ကြေးနန်းသော်လည်းကောင်း၊ တယ်လီဖုန်းသော်လည်းကောင်း ရောက်မရောက် မေးကြည့်သည်။

" ကြေးနန်းတွေရောက်ပါတယ်ခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ ဖုန်းနဲ့ပြောခွင့်မရှိပါဘူး။ ကိုယ်တိုင်လာပြီး လက်မှတ်ထိုးယူမှ ထုတ်ပေးခွင့်ရှိပါတယ် "

ကြေးနန်း . . . ။

ဘာကြေးနန်းတွေဖြစ်မည်နည်းဟု စဉ်းစားသည်။ ဘယ်သူရိုက်လိုက်သည့်ကြေးနန်း ဖြစ်မည်နည်း။

နောက်ဆုံးတော့ ကြေးနန်များလက်ခံရယူရန် ဟိုတယ်မှ ထွက်လာခဲ့ရလေတော့သည်။

\+ \+ \+

လေဟာပြင်နယ်ကြီးအတွင်းသို့ ကျရောက်သွားကာ လွင့်မျောသွားသည်ဟု နိုဝယ်က သူ့ကိုယ်သူ ထင်လိုက်မိလေသည်။

သူအသက်မရှူနိုင်တော့ပါ။ ဝမ်းဗိုက်ထဲမှာ တင်းကျပ်လာသည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုးအောင့်လာသည်။ မခံမရပ်နိုင်အောင်ဖြစ်လာသည်။

ဝမ်းနည်းမှု၊ ကြေကွဲမှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ ဒေါသဖြစ်မှုများအား လုံးကို တပြိုင်တည်း စုပြုံခံစားလိုက်ရသည်။

သူ့လက်ထဲမှာ ကိုင်ထားသည့် ကြေးနန်းကြောင့် ထိုသို့သော ခံစား ချက်များကို စုပြုံခံစားရလေရာ သူ့ကိုလည်း အပြစ်မဆိုသာပါ။

**သား အဖေ ဆုံးသွားသည်မှာ လေးရက်ရှိပြီ။ သားနှင့် မည်သို့မှ အဆက်အသွယ် လုပ်၍မရ။ ကျေးဇူးပြုပြီး ဘက်ဖို့ဒ်ဟေးလ် အိမ်သို့ ဖုန်းပြန်ဆက်ပါ။**

**မေမေ**

ထိုကြေးနန်း ပြီးတော့ နောက်ထပ် ကြေးနန်းတစ်စောင်ရှိသေးသည်။ စုံထောက်အရာရှိ လက်ဖတင်နင်မိုင်းလ်စ် ထံမှ ကြေးနန်းဖြစ်သည်။

**ရစ်ချတ်ဟိုးလ်ခရော့ဖ်တ် လောလောလတ်လတ် ကွယ်လွန်သွား သည့်အတွက် ခင်ဗျားအနေဖြင့် ကျွန်တော့်ကို အမြန်ဆုံး ဆက်သွယ် သင့်သည်မှာ ပိုမိုထင်ရှားသွားပြီ။ အခြား မည်သူ တစ်စုံတစ်ယောက် နှင့်မှ အဆက်အသွယ်မပြုလုပ်မီ ကျွန်တော်နှင့် အမြန်ဆုံး အဆက်အသွယ် ပြုလုပ်ရန် အကြံပေးပါသည်။**

နိုဝယ်သည်အပြင်သို့ ထွက်လာရင်း အတွေးပေါင်းစုံနှင့် ချာချာလည် နေတော့သည်။ လမ်းလျှောက်နေရင်းမှပင် လဲပြိုကျသွားတော့မလိုလည်း ဖြစ် နေလေသည်။

သူ့ဘဝတစ်လျှောက်လုံး သူသိခဲ့ရသော သူ၏တစ်ဦးတည်းသော အဖေ။

သူ၏ တရားဝင်အဖေ။

သူ့ဘဝတစ်လျှောက်လုံး မေတ္တာပေးခဲ့သူ၊ လုံခြုံမှုကိုပေးခဲ့သူ၊ ဘဝကို ပျိုးထောင်ပေးခဲ့သူ၊ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမခဲ့သူ အဖေ။



www.burmeseclassic.com

www.burmeseclassic.com



အိုး . . . ဘုရား . . . ဘုရား . . . အဖေ သေပါပေါ့ကလား။

နိုဝယ်၏မြင်ကွင်းများ ဝါးလာသည်။ မျက်လုံးထဲမှာ မျက်ရည်တွေ ဝိုင်းလာသည်။ ထို့ကြောင့် မလှမ်းမကမ်းမှာရှိသော ဂျော့ဟိုတယ်သို့ လျှောက်လာခဲ့သည်။ ယခင် နှစ်တုန်းက သည်ဟိုတယ်မှာ သူတည်းခဲ့ဖူးသည်။ လက်ထောက်မန်နေဂျာနှင့် ရင်းနှီးသည်။

ထို ဟိုတယ်သို့ဝင်ပြီး ဖုန်းဆက်ဖို့ဆုံးဖြတ်ကာ လျှောက်လာခြင်းဖြစ်သည်။ သူတည်းနေသည့် ဟိုတယ်မှဆက်လျှင် သူ မည်သည့် ဟိုတယ်တွင်ရှိနေကြောင်း ရန်သူများကသိသွားနိုင်သည်။

လက်ထောက်မန်နေဂျာနှင့် အဆင်သင့် တွေ့ရသည်။

" အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် နိုဝယ် . . . ဒါပေမယ့် ကျွန်တော့်ဟိုတယ်မှာ မတည်းတဲ့အတွက် စိတ်တော့ နည်းနည်းဆိုးချင်သလိုလိုပဲ။ ရပါတယ်လေ . . . ဟိုတယ်စရိတ်တွေကလဲ သိပ်ကြွတယ်ဆိုတော့ ကျွန်တော့်ဘက်က အပြစ်မဆိုသာတော့ပါဘူး။ ဖုန်းဆက်တာတော့ ကျွန်တော့် အခန်းထဲကပဲ ဆက်ပါ "

" ကျေးဇူးတင်ပါတယ်ဗျာ "

အချိန်မှာ ပါရီမြို့တွင် နံနက် ၁၀ နာရီ ၄၅ မိနစ်ရှိပြီး နယူးယောက်မြို့တွင် နံနက် ခြောက်နာရီထိုးဖို့ ဆယ်မိနစ်လိုနေသေးသည်။

စုံထောက်အရာရှိ လက်ဖတင်မိုင်းလ်စ်က သူ့ကို ဒါလောက်တောင် တွေ့ချင်နေသည်ဆိုလျှင် သည်အချိန်မှာပင် သူအိပ်ရာထမှ ထရတော့မည်။ သူ့ဒုက္ခနှင့်သူသာ ရှိပါစေတော့ဟု ဆုံးဖြတ်ပြီး နိုဝယ်က ဖုန်းခေါ်သည်။

နိုဝယ်က ကြေးနန်းနှစ်စောင်ကို စားပွဲပေါ်မှာ တင်ထားသည်။ ဖုန်းစောင့်နေရင်း ကြေးနန်းများကို တစ်ကြိမ်ဖတ်ကြည့်ပြန်သည်။

ရစ်ချတ်ဟိုးလ်ခရော့ဖ်တ် လောလောလတ်လတ် ကွယ်လွန်သွားသည့်အတွက် ခင်ဗျားအနေဖြင့် ကျွန်တော့်ကို အမြန်ဆုံးဆက်သွယ်သင့်သည်မှာ ပိုမိုထင်ရှား +++

စသည်ဖြင့် အခြားမည်သူနှင့်မှ အဆက်အသွယ်မလုပ်မီ သူ့ထံသို့ အလျင် ဖုန်းဆက်ရန်တိုက်တွန်းထားသည်။

'မည်သူနှင့်မျှ အဆက်အသွယ်မလုပ်မီ' ဆိုသော စကားလုံးသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကိုရည်ရွယ်ခြင်း ဖြစ်ရမည်ဟုလည်း တွေးမိသည်။

**သား အဖေ ဆုံးသွားသည်မှာ လေးရက်ရှိပြီ။ သားနှင့်မည်သို့မှ အဆက်အသွယ်လုပ်၍မရ။**

ထိုကြေးနန်းကိုဖတ်ရတော့ ပြစ်မှုတစ်ခုခုကို ကျူးလွန်ထားမိသလို စိတ်ထဲမှာခံစားလာရသည်။ အဖေကွယ်လွန်ရခြင်းနှင့် ပတ်သက်၍ သူ့မှာ တာဝန်ရှိသည်ဟုလည်း ထင်မြင်လာမိသည်။

တယ်လီဖုန်းမှာ တစ်ဘက်ကို ခေါ်နေသည်။

" စကားပြောနေတာ နိုဝယ်ဟိုးလ်ခရော့ဖ်တ်လား "

" ဟုတ်ပါတယ်။ ကျွန်တော်နဲ့ အဆက်အသွယ်ရဖို့ ခင်ဗျား ဒုက္ခခံပြီး ကြိုးစားနေရတာကို သိရတဲ့အတွက် ကျွန်တော် စိတ်မကောင်း . . . "

" အပိုတွေပြောပြီး အချိန်ဖြုန်းမနေပါနဲ့။ ခင်ဗျား ပြည်ထောင်စု ဥပဒေကို ချိုးဖောက်ခဲ့တဲ့အကြောင်းပဲပြောပါ "

လက်ဖတင်နင်မိုင်းလ်စ်က နိုဝယ်၏စကားကို ဆုံးအောင် စောင့်မနေတော့ပဲ ဖြတ်ဝင်ပြောသည်။

ထို့ကြောင့် နိုဝယ်က ဒေါသဖြစ်သွားသည်။

" နေစမ်းပါဦး။ ကျုပ်မှာ ဘာအပြစ်ရှိသလဲ။ ခင်ဗျား ကျုပ်ကို တွေ့နေရတာပဲ။ ကျုပ် ပုန်းနေတာ မဟုတ်ဘူး။ ဝရမ်းပြေးနေတာ မဟုတ်ဘူး "

" ခင်ဗျားကိုတွေ့ဖို့ တစ်ပတ်လုံးလုံး မနားမနေကြိုးစားရပြီးတော့မှ တွေ့တာကိုပဲ ပြောပါဦးဗျ။ ကျုပ်တို့ကို အသိမပေးဘဲ ခင်ဗျားမြို့ထဲက မြို့ပြင် ထွက်လို့မရဘူးဆိုတာ နားမလည်ဘူးလား "

" ကျုပ်မှာ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေရှိနေတယ်။ ဒီအကြောင်း ခင်ဗျားကို ပြောပြပြီးပြီပဲ "

" ဒီလိုဆိုရင် တည့်တည့်ပဲပြောတော့မယ်။ ဟုတ်ပြီလား "

" ဘာဗျ . . . "

" ခင်ဗျားဟာ ဗြိတိသျှလေကြောင်း ကုမ္ပဏီပိုင် ဂျက်လေယာဉ်ပျံရဲ့ ဘားခန်းထဲမှာ ရှိနေခဲ့တယ်။ ဒီအကြောင်းကို ခင်ဗျားရော ကျုပ်ရော သိတယ်။ ဒါကြောင့် ဘာတွေဖြစ်ခဲ့တယ် ဘာတွေမဖြစ်ခဲ့ဘူးဆိုတာ ကျုပ် ပြောပြရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာလား ”

“ ခင်ဗျား ဘာတွေပြောနေတာလဲ ”

“ အဆိပ်ခတ်ထားတဲ့ အရက်ခွက်ဟာ ခင်ဗျားဖို့လေဗျာ။ သွန်တန်အတွက် မဟုတ်ဘူး ”

သည်ဘူတာသို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း နိုဝယ် သဘောပေါက်သွားလေပြီ။ သို့သော်လည်း မိမိဘက်မှ တင်းခံထားဖို့ အရေးကြီးကြောင်း ဆင်ခြင်မိသည်။

“ ကျုပ် ကြားဖူးသမျှ စကားတွေထဲမှာတော့ ရူးကြောင်ကြောင် အနိုင်ဆုံးစကားပဲ ”

“ လုပ်မနေပါနဲ့ ကိုယ့်ဆရာ. . . ခင်ဗျား ငတုံး ငအကြီး မဟုတ်ဘူး။ ခင်ဗျားကိုယ်ခင်ဗျားသိတယ်။ ကျုပ်လဲသိတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ရက်တွေတုန်းက ခင်ဗျားဟာ အင်မတန်မိုက်မဲတဲ့ အပြုအမူတွေကို လုပ်ခဲ့တယ်။ ဘာတစ်ခုမှ ပွင့်ပွင့်လင်းလင်းမရှိခဲ့ဘူး ”

“ ခင်ဗျား ကျုပ်ကို သက်သက်စော်ကားနေတာပဲ။ အခုအချိန်အထိ ပြောစရာရှိတာကို တစ်ခွန်းမှ မပြောသေးဘူး။ ခင်ဗျား ကြေးနန်းထဲမှာ. . . ”

“ ကောင်းပြီ။ အဲဒီကိစ္စကိုပဲ ပြောတော့မယ်။ ခင်ဗျား ဘယ်ဘက်က ရပ်မယ်ဆိုတာ ကျုပ်သိချင်တယ်။ ကျုပ်တို့ချင်း ရန်ဖြစ်မနေချင်ဘူး။ ခင်ဗျား ကျုပ်တို့ကို ပူးပေါင်းဆောင်ရွက်စေချင်တယ် ”

နိုဝယ်၏စကားမဆုံးမီ စုံထောက်က အတင်း စကားဖြတ်ပြောသည်။

“ ကောင်းပြီ။ ပြောပါ ”

“ ခင်ဗျား ရိုင်းယိုးဒီဂျနေးရိုးမြို့ကိုသွားတာ ကျုပ်တို့သိပြီးပြီ။ ခင်ဗျား စကားပြော. . . ”

“ ဘာဖြစ်တယ်ဗျ . . . ”

နိုဝယ်က ပြန်အော်သည်။ ဆမ်ကများ သူ့အပေါ် သစ္စာဖေါက်ပြီး စုံထောက်ကို ပြောပြလိုက်ပြီလားဟု တွေးကြည့်သည်။

“ ဒီကိစ္စကလေးသိဖို့ ဘာမှမခက်ပါဘူး။ ခင်ဗျား မိတ်ဆွေ ဆမ်ကတော့ ဘာမှမသိရှာဘူး။ ခင်ဗျား ညာခိုင်းတဲ့အတိုင်း တောက်လျှောက်ဆက် ညာပေးနေတာပဲ။ ကူရာကောင်းကျွန်းမှာ သဘော်တစ်စင်းနဲ့ ခင်ဗျားရှိနေတယ်လို့ သူကပြောတယ်။ ဒါပေမယ့် နယ်သာလင် လူဝင်မှုကြီးကြပ်ရေးဌာနက



www.burmeseclassic.com

www.burmeseclassic.com



သူတို့တိုင်းပြည်ထဲကို ခင်ဗျားလုံးဝ ဝင်မလာဘူးလို့ပြောတယ်။ ခင်ဗျားဆက်တဲ့ ဖုန်းတွေကို ကျုပ်တို့လိုက်စစ်ကြည့်တယ်။ ခင်ဗျားဟာ နယူးယောက်မြို့က နေပြီး ဘရာဇီးလ်နိုင်ငံကိုသွားတာ တွေ့ရတယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့က ပေါ်တိုအလီဂါ ဟိုတယ်မှာ တည်းတယ် ”

နိုဝယ်သည် အပျော်ထမ်းသမားဖြစ်သည်။ မိုင်းလ်စ်သည် လေ့ကျင့်ပြီးသူဖြစ်သည်။ ထိုအလုပ်ဖြင့် အသက်မွေးနေသူဖြစ်သည်။ ထို့ကြောင့်လည်း မည်သို့မှ မယှဉ်နိုင်ပါလားဟု သဘောပေါက်သွားသည်။

“ ခင်ဗျား အကြိမ်ပေါင်းများစွာ ဖုန်းဆက်ကြောင်း ဆမ်က ပြောပါတယ်ဗျာ ”

နိုဝယ်က လေပြေထိုးသည်။

“ ဟုတ်တယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့ကနေပြီး ခင်ဗျား ဘယ်ကိုထွက်သွားတယ်ဆိုတာ ကျုပ်တို့ လိုက်စုံစမ်းနေရတယ်။ လန်ဒန်တုန်းက ကျုပ်အကြောင်းကြားတဲ့ ကြေးနန်း မဖတ်ရဘူးလား ”

“ မဖတ်ရဘူး ”

“ ဒီလိုဆိုရင် ကျုပ် ကြေးနန်း ပျောက်သွားပြီလို့ ယူဆရမှာပဲ ”

သည်အတိုင်းဆိုလျှင် ထိုကြေးနန်းကို မည်သူခိုးသွားသနည်း။ ရိုးရိုးပျောက်ခြင်းတော့မဟုတ်။ ဝံပုလွေများ ကြားဖြတ်ယူသွားခြင်းသာ ဖြစ်ရမည်ဟု နိုဝယ်က တွေးကြည့်လိုက်မိလေသည်။

“ ကျုပ်တို့ ဘာတွေလုပ်နေတယ်ဆိုတာ ခင်ဗျား မသိဘူး။ ရိုင်းယိုးမြို့ အမေရိကန်သံရုံးက အင်ဒါဆင်နဲ့ ကျုပ်တို့ အဆက်အသွယ်ရတယ်။ သူ့ကို ဇာတ်လမ်းကလေးတစ်ခုဆင်ပြီး ခင်ဗျားက ပြောပြကြောင်း ကျုပ်တို့ကို ပြောတယ်။ ခင်ဗျားကို ဘယ်လို ထောင်ချောက်အသွင်းခံရကြောင်း သေနတ်နဲ့ ဘယ်လိုလိုက်ပစ်ကြောင်းတွေပေါ့။ ခင်ဗျား ပြောတာတွေကို သူတစ်ခုမှ မယုံဘူး။ ခင်ဗျားဟာ ပြဿနာကောင်လို့ သူတို့ကယူဆတယ်။ ဒါကြောင့် ခင်ဗျားကို ဘရာဇီးလ်နိုင်ငံထဲက အမြန်ဆုံးထွက်သွားအောင် သူတို့ ပ,ထုတ်လိုက်ကြတာပဲ ”

“ ဟုတ်တယ်။ ကျုပ်ကို လေယာဉ်ပျံကွင်း လိုက်ပို့ပေးတာ သူ ”

“ အဲဒီအကြောင်း ကျုပ်ကို ပြောပြချင်သလား ” ဟု စုံထောက်အရာရှိက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က အုတ်နံရံကို ငေးကြည့်နေမိသည်။ အစိုးရအဖွဲ့အစည်းတစ်ခု၏ ကာကွယ်မှုကို ရယူလျှင် ကောင်းလေမည်လားဟု စဉ်းစားမိသည်။ သို့သော်လည်း သူတို့အကူအညီကို ရယူလျှင် အစီအစဉ်တွေ ကမောက်ကမ ဖြစ်ကုန်လိမ့်မည်။

" မလိုပါဘူး။ ခင်ဗျားတို့ ဘာမှမလုပ်နိုင်ဘူး။ အားလုံးဖြေရှင်းပြီး သွားပြီ "

" ပြီးသွားပြီလား "

" ပြီးသွားပြီ "

သူတို့နှစ်ယောက်စလုံး စက္ကန့်အတော်ကြာအောင် တိတ်နေမိကြသည်။

" ကောင်းပြီ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ခင်ဗျား စိတ်ပြောင်းသွားလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကို ကျုပ်ကူညီနိုင်လို့ပဲ။ ခင်ဗျား အကူအညီလိုနေပြီလို့လဲ ကျုပ်ထင်တယ်။ ဒါကြောင့် ခင်ဗျား နယူးယောက်မြို့ကို ချက်ချင်းပြန်လာဖို့ တရားဝင် မေတ္တာရပ်ခံပါတယ်။ ဖြစ်ခဲ့တဲ့ လူသတ်မှုမှာ ခင်ဗျားဟာ အဓိက သက်သေဖြစ်နေလို့ပဲ "

" ဝမ်းနည်းပါတယ်ဗျာ။ အခုတော့ ပြန်မလာပါရစေနဲ့ဦး "

" ခင်ဗျား ပြန်လာသင့်တယ်။ ဒီလိုဆိုရင် တရားမဝင်တဲ့စကား ပြောပါရစေ။ အခုကိစ္စက ခင်ဗျားအဖေနဲ့လဲ ပတ်သက်နေတယ် "

ထိုစကားကို ကြားရသောအခါ သူ့စိတ်ကိုသူ ထိန်းမထားနိုင်တော့ပါ။

" ကျွန်တော့်အဖေ အသတ်ခံလိုက်ရတာ မဟုတ်လား "

" အဲဒီလိုတော့ သတင်းမကြားဘူး။ တကယ်လို့ ကြားမယ်ဆိုရင်လဲ ကျုပ် အထက်အရာရှိကို တင်ပြမိမှာပဲ။ ခင်ဗျား တလွဲချော် တွေးနေတယ်ထင်တယ် "

" မိုင်းလ်စ်. . . လုပ်မနေစမ်းပါနဲ့ဗျာ။ ခင်ဗျားကြေးနန်းထဲမှာကို ပါနေပြီပဲ။ 'လောလောလတ်လတ် ကွယ်လွန်သွားသည့်အတွက်'ဆိုတာ ဘာစကားလဲ။ ဒီစကားလုံးကြီး ပါနေမှတော့ ကျုပ်က ဘယ်သူ့ကို မေးနေဖို့လိုသေးသလဲ"

တစ်ဘက်မှ ငြိမ်သွားသည်။ ခဏကြာမှ အသံပြန်ပေါ်လာသည်။

" ကောင်းပြီ။ ကျုပ် အရှုံးပေးတယ် "

" ကျုပ်အဖေ အသတ်ခံရတာ မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့လဲ ဒီလိုပဲ ယူဆတယ် "

" ကျုပ်အမေကို ခင်ဗျားတို့ ဘယ်လိုပြောပြလိုက်သလဲ "

" ဘာမှမပြောဘူး။ အဲဒီနေရာက ကျုပ်ကိုင်ရတဲ့ နယ်မြေမဟုတ်ဘူး။ ကျုပ်နာမည်ကိုတောင် ခင်ဗျားအမေ မသိဘူး။ နောက်မေးခွန်းတစ်ခု ဖြေပါဦး။ ခင်ဗျားအမေနဲ့ အခုအထိ စကားမပြောရသေးဘူး မဟုတ်လား "

" ဒါကတော့ ရှင်းပါတယ်ဗျာ။ ကဲ. . . ဘာဖြစ်တယ်ဆိုတာ ကျွန်တော့်ကိုပြောပြပါဦး "

" ခင်ဗျားအဖေဟာ ဘယ်လိုမှမဖြစ်နိုင်တဲ့ မတော်တဆမှုကြောင့် သေသွားရတယ်။ အဲဒီလို မတော်တဆမှုဖြစ်ပြီး တစ်နာရီလောက်အကြာမှာ သေတယ်။ ဆေးရုံရောက်ပြီးမှ ဒဏ်ရာကြောင့်သေတာ "

" ဘယ်လိုမတော်တဆမှုလဲ "

" အဘိုးကြီးတစ်ယောက် မောင်းလာတဲ့ကားတစ်စီးက ပလာဇာ ဟိုတယ်နားရောက်တော့ လူတွေလမ်းလျှောက်နေတဲ့ ပလက်ဖောင်းပေါ်ကို တက်သွားတယ်။ သုံးယောက်က ပွဲချင်းပြီးသေတယ်။ ခင်ဗျားအဖေက လွင့်ပါသွားပြီး အုတ်နံရံနဲ့ပါ ဆက်တိုက်မိတယ် "

" မော်တော်ကားက သူ့ကို ဦးတည်ပြီးတိုက်တာလို့ ဆိုလိုချင်တာလား "

" ပြောရခက်တယ်။ အဲဒီနေရာမှာ တခြားလူတွေလဲရှိနေတယ် "

" ဒီလိုဆိုရင် ခင်ဗျား ဘာစကား ပြောနေတာလဲ "

မိုင်းလ်စ်ဘက်မှ ခဏကြာအောင် တိတ်သွားပြန်သည်။

" ကားက သူ့ကို ဦးတည်တိုက်တာပဲ " ဟု အတော်ကြာတော့မှ လေသံမှန်မှန်နှင့် ပြန်ပြောသည်။

" ဒရိုင်ဘာက ဘယ်သူလဲ "

" အသက်ခုနစ်ဆယ့်နှစ်နှစ်ရှိတဲ့ အငြိမ်းစား စာရင်းကိုင်တစ်ယောက်၊ မိသားစုမရှိဘူး။ သူ့ယဉ်မောင်းလိုင်စင်က သက်တမ်းကုန်သွားတာ နှစ်ပေါင်းအတော်ကြာနေပြီ။ သူ့ကိုလဲ ဆေးရုံအပို့ လမ်းမှာတင် သေသွားတယ် "

" ကျုပ်အဖေနဲ့ ဘယ်လိုပတ်သက်နေသလဲ "

" အခုအချိန်အထိတော့ အဖြေအတိအကျ မပေးနိုင်သေးဘူး။ ဒါပေမယ့် ကျုပ်တို့မှာ သီဝရီတစ်ခုရှိတယ်။ ခင်ဗျား နားထောင်ချင်သလား "



www.burmeseclassic.com

www.burmeseclassic.com



" နားထောင်ချင်ပါတယ် "

" ခင်ဗျား နယူးယောက်ကို ပြန်လာမလား "

" ဒီလိုတော့ အကျပ်မကိုင်နဲ့ဗျာ။ ခင်ဗျားတို့ သီဝရီဆိုတာ ဘယ်လိုလဲ"

" ဒရိုင်ဘာအဘိုးကြီးက အသိမ်းအသွင်းခံရတာပဲ။ ကားထဲမှာ တခြားတစ်ယောက်ယောက် ရှိရဦးမယ်ထင်တယ်။ နောက်ခုံမှာပုန်းထိုင်ပြီး အဘိုးကြီးကို သေနတ်နဲ့ချိန်ထားမယ်။ ပလက်ဖောင်းပေါ်ကို တက်တိုက်ခိုင်းမယ်။ ပြီးတော့ ကားတိုက်မှုဖြစ်ပြီး ရုတ်ရုတ်သဲသဲဖြစ်နေတုန်း လူအုပ်ထဲမှာ ကိုယ်ရောင်ဖျောက်သွားမယ်။ ဒရိုင်ဘာအဘိုးကြီးက ၁၉၄၇-ခုနှစ်မှာ အမေရိကန်ပြည်ထဲဝင်လာတဲ့ ဂျူးလူမျိုး၊ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ဒက်ချောင်းသုံ့ပန်းစခန်းက လွတ်လာတာ။ ဒါပေမယ့် တကယ်ကတော့ သူ့မှာ ပိုက်ဆံရှိတယ်။ ဘဏ်တိုက်စာရင်းရှင်းတမ်းစာအုပ်တွေ တစ်ဒါဇင်လောက်တွေ့တယ်။ သူနေတဲ့ အိမ်ကလဲ ခံတပ်ကြီးကျနေတာပဲ။ ဂျာမနီနိုင်ငံကို ဆယ့်သုံးခေါက် ပြန်ခဲ့တယ်ဆိုတဲ့ မှတ်တမ်းတွေတွေ့ရတယ် "

နိုဝယ်၏နဖူးပေါ်မှ ချွေးသီးချွေးပေါက်များ ကြီးသည်ထက်ကြီးလာပြီ။

" ခင်ဗျား ဘာပြောချင်လို့ ဒါတွေ ပျိုးနေတာလဲ " ဟုလည်း ပြန်မေးသည်။

" ဒီအဘိုးကြီးဟာ ဒက်ချောင်းသုံ့ပန်းစခန်းနားကိုတော့ သိဖူးမယ်မထင်ဘူး။ သိဖူးမယ်ဆိုရင်လဲ သုံ့ပန်းမဖြစ်နိုင်ဘူး။ စခန်းကိုအုပ်ချုပ်တဲ့အပိုင်းကပဲဖြစ်မယ်။ သူဟာ နာဇီလို့ ကျုပ်ထင်တယ် "

" သူဟာ ကျုပ်အဖေနဲ့ ဘယ်လိုပတ်သက်နိုင်သလဲ "

" ခင်ဗျားကနေတဆင့် ပတ်သက်နေတာပဲ။ အခုအချိန်အထိတော့ တိတိကျကျ ကျုပ်မပြောနိုင်သေးဘူး။ ဒါပေမယ့် ခင်ဗျားကို အကြောင်းပြုပြီး ပတ်သက်တာပဲ ဖြစ်ရမယ် "

" ကျုပ်ကနေတဆင့် . . . "

နိုဝယ်မှာ နှလုံးသွေးအခုန်း ရပ်သွားပြီလားဟု ထင်မှတ်လိုက်ရသည်။

" ဟုတ်တယ်။ ရိုင်းယိုးဒီဂျနေးရိုးနဲ့ ပတ်သက်နေနိုင်တယ်။ ခင်ဗျားကိုသတ်ဖို့ ကြိုးစားတယ်ဆိုတဲ့ မောရစ်ဂရပ်ဖ်ဟာ နာဇီဖြစ်တယ်လို့ သံရုံးက အင်ဒါဆင်ကပြောပြတယ်။ အင်ဒါဆင်ကတော့ ခင်ဗျားကိုမယုံဘူး။ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကိုယုံတယ်။ ခင်ဗျား ပြောတာတွေကိုယုံတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ် ရှုံးပြီဗျာ။ အမှန်တော့ နားလည်မှုတွေ လွဲကုန်တာပဲ။ မောရစ် ဂရပ်ဖ်ဆိုတဲ့ အဘိုးကြီးက ဂျာမန်လူမျိုးပါ။ စိတ်တိုတယ်။ အာဃာတကြီးတယ်။ ကျုပ်နဲ့စကားပြော အဆင်မပြေတာနဲ့ ကျုပ်က သူ့ကိုနာဇီလို့ ခေါ်ခဲ့မိတာပါ။ သူအိမ်ပုံစံတွေနဲ့ ဗိသုကာလက်ရာတွေကို ကျုပ်က ပုံကြမ်းဆွဲ "

" ဟိုးလ်ခရော့ဖ်တ်. . . ခင်ဗျားကို ကျုပ် ယုံကြည်တယ်လို့ ပြောပြီး ပြီ။ ကျုပ်မှာ အကြောင်းရှိတယ် "

မိုင်းလ်စ်က နိုဝယ်၏စကားကို အဆက်မခံတော့ဘဲ ဖြတ်ပြောသည်။

" ဘယ်လိုအကြောင်းတွေပါလိမ့်ဗျာ "

ထိုသို့ပြန်မေးရင်း နိုဝယ် စိုးရိမ်လာသည်။ တဆက်တည်း ကြောက် စိတ်များ ဝင်လာသည်။ သူ့အဖေသေဆုံးရခြင်းသည် သတိပေးခြင်းဖြစ်သည်။ ရာခါကပေးခြင်းလော၊ အိုဒက်ဇာကပေးခြင်းလော၊ ဘယ်သူကပဲပေးပေး သတိ ပေးလိုက်ခြင်းပင် ဖြစ်သည်။

သည်အတိုင်းဆိုလျှင် အမေ့ကို အကာအကွယ်ပေးထားမှ ဖြစ်တော့ မည်။

တစ်ဘက်က မိုင်းလ်စ်က ဆက်ပြောနေသည်။ သူဘာတွေပြောနေ သည်ကို နိုဝယ်က မကြားတော့။ သူ့အတွေးနှင့်သူ ချာချာလည်နေသည်။

ခဏကြာတော့မှ အာရုံစိုက်ပြီး နားထောင်မိသည်။

" လေယာဉ်ပျံပေါ်မှာ ခင်ဗျားကို အဆိပ်ခတ်သတ်ဖို့ ကြိုးစားတဲ့လူ တွေဟာ ဂျာမန်တွေ၊ သူတို့ ကိုင်လာတဲ့နိုင်ငံကူးလက်မှတ်ဟာ လွန်ခဲ့တဲ့ငါးနှစ် လောက်က မြူးနစ်မြို့မှာ အသတ်ခံသွားရတဲ့ အမေရိကန်နှစ်ယောက်ရဲ့ နိုင်ငံ ကူးလက်မှတ်တွေ၊ ဒါပေမယ့် သူတို့နှစ်ယောက်စလုံး ဂျာမန်၊ ကျုပ်တို့အားလုံး စစ်ပြီးပြီ။ သူတို့နှစ်ယောက်လဲ အဲဒီညကပဲ အဲဒီလေဆိပ်ထဲက ဓာတ်ဆီတင် ကားပေါ်မှာ ပစ်အသတ်ခံလိုက်ကြရတယ်။ သူတို့ကိုပစ်တဲ့သေနတ်ကျည်ဆံကို စစ်ဆေးကြည့်တော့ ဂျာမန်လုပ်တဲ့သေနတ်ပဲ ဖြစ်နေပြန်တယ် "

" ဂျာမန်တေနတ်နဲ့ ဂျာမန်တွေလား "

" ဟုတ်တယ်။ နာဇီတွေဟာ အချင်းချင်းတိုက်နေကြတာ နှစ်ပေါင်း သုံးဆယ်ကျော်သွားပြီ။ အဲဒီတိုက်ပွဲတွေကြားထဲမှာ ခင်ဗျားရောက်နေတယ်။ ဘာကြောင့်လဲဆိုတာ ခင်ဗျားကို သိစေချင်တယ် "

နိုဝယ်၏ တစ်ကိုယ်လုံးမှာ သွေးများ ခြောက်ခန်းသွားလေပြီလားဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်မိလေသည်။

" ထားလိုက်ပါဗျာ။ ခင်ဗျားဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး "

" နောက်ထပ်တစ်ခုအတွက် အကာအကွယ်ပေးဖို့ ပြောနေတာဗျ။ ခင်ဗျား ဒါလောက်တောင် နားဝေးရသလား။ နောက်ထပ် လူသတ်မှုတစ်ခုထပ်ပေါ်ဦးမယ်။ နားလည်ရဲ့လား "

" ကျွန်တော်ပြောတာကိုလဲ ခင်ဗျား နားမလည်ဘူးထင်တယ်။ အခု အသတ်ခံရတာက ကျွန်တော်အဖေ၊ ဒီပြဿနာကို နယူးယောက်မြို့မှာ ဘယ်လိုမှဖြေရှင်းလို့ရမှာ မဟုတ်ဘူး။ ဒီမှာရှင်းမှရမယ်။ ဒါကြောင့် ကျုပ်ကို အချိန်ပေးပါ။ ခင်ဗျားဆီကို ကျုပ် ပြန်ရောက်လာမှာပဲဗျာ။ အချိန်ကလေးသာပေးပါ"

" ဘယ်လောက်ကြာမှာလဲ "

"တစ်လ "

" သိပ်များတယ်။ တစ်ဝက်ပဲလုပ်ပါ။ နှစ်ပတ်ပဲပေးမယ် "

" မိုင်းလ်စ် . . . ကျေးဇူးပြုပြီး . . . "

တစ်ဘက်မှတယ်လီဖုန်း ချသွားသည်။ သူတို့နှစ်ယောက်ကြားမှာ လုံးဝ အဆက်အသွယ် ပြတ်သွားကြတော့သည်။

နှစ်ပတ် . . .။

အို . . . ဘုရားသခင် . . . မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပါ။

ဂျီနီဗာလုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ရပါဦးမည်။ ထိုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် မိုင်းလ်စ်က ကန့်လန့်လုပ်မနေဖို့ အရေးကြီးသည်။ သူတို့လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ပေါ်ဖို့လိုသည်။

အိုဒက်ဇာကို ဖော်ထုတ်ရမည်။ ရာခါကို ဖျက်ဆီးချေမှုန်းပစ်ရမည်။

လောလောဆယ်အရေးအကြီးဆုံးမှာ အမေ့ကိစ္စဖြစ်သည်။ အကြမ်းဖက်သမားတို့သည် အဖေပြီးလျှင် အမေ့ဘက်သို့ လှည့်လာကြမည်မှာ သေချာသည်။ ထို့ကြောင့် အမေ့ကို အကာအကွယ်ပေးရမည်။

သို့သော် မည်သို့ ပေးမည်နည်း။

အမေ့ကို မည်သို့ပြောမည်နည်း။ သူပြောသည်ကိုရော အမေက ယုံကြည်ပါမည်လော။ အမေသည် သူတစ်ပါးပြောသည်ကို ယုံကြည်တတ်သူမဟုတ်။ ဖြစ်နိုင်သည်။ မဖြစ်နိုင်သည်ကို သူ၏ ကိုယ်ပိုင်ဦးနှောက်နှင့် စဉ်းစားချင့်ချိန်တတ်သော အမျိုးသမီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေယုံကြည်အောင် မည်သို့ ပြောရမည်နည်း။

“ ဟယ်လို. . . ဟယ်လို. . . မွန်ဇာ. . . နယူးယောက်မြို့ကို ဖုန်းခေါ်ထားတာ ရနေပြီလေ။ ပြောပါ ”

အော်ပရေတာ၏အသံ ပေါ်လာသည်။

နိုဝယ်က ဖုန်းကို ပြန်တင်ထားလိုက်သည်။ ယခုအချိန်တွင် အမေနှင့် စကားပြောနိုင်သည့်စွမ်းအား သူ့မှာမရှိသေးပါ။

ယခုအချိန်တွင် မပြောနိုင်သေးပါ။ ခဏတော့ စောင့်ရပါဦးမည်။ စဉ်းစားရပါဦးမည်။

သူ့မှာ စဉ်းစားစရာတွေ သိပ်များနေပြီ။ လုပ်စရာတွေ သိပ်များနေပြီ။

သူရှုံးပါတော့မည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၉ )

“ သူရှုံးတော့မယ် ”ဟု ရွှေရောင်ဆံပင်နှင့်လူက တယ်လီဖုန်းထဲသို့ ပြောနေသည်။ အေသင်မြို့ ဟယ်လင်နီကွန်လေဆိပ်တွင်းရှိ တယ်လီဖုန်းကို အသုံးပြုနေခြင်း ဖြစ်သည်။

“ အခုလောက်ဆိုရင် သူသတင်းကြားပြီး ဖြစ်နေလောက်ပြီ။ အတော်လဲ စိတ်ထိခိုက်နေရောပေါ့။ ဘာဆက်လုပ်ရမည်ဆိုတာ သူသိမှာမဟုတ်ဘူး။ နောက် နှစ်ဆယ့်လေးနာရီလုံးလုံး သူ့ကို မျက်ခြည်မပြတ်ခံဖို့ ပါရီမြို့မှာရှိနေတဲ့ ကျွန်တော်တို့လူကို ပြောထားပါ။ အမေရိကန်ကို သူပြန်သွားလို့မဖြစ်ဘူး”

“ မပြန်ပါဘူး ”

မိုင်ပေါင်းထောင်နှင့်ချီဝေးသော လန်ဒန်မြို့မှ ဂရက်ချန်ဗျူးမောင့်က ပြန်ပြောသည်။

“ အသေအချာ ပြောလို့မရဘူးလေ။ သူ့စိတ်ရှုပ်ထွေးအောင် တဖြည်းဖြည်းချင်း လုပ်နေရတာ မဟုတ်လား။ သူ့စိတ်ဓါတ်ကလဲ နူးညံ့လွန်းတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ကိုယ်လိုချင်တဲ့အဖြစ်မျိုးကို ရောက်အောင် မသိမသာကိုင်တွယ်ပေးသွားရမှာပဲ။ ကျွန်တော့်ကိုသူစောင့်နေတယ်။ သူကြုံတွေ့နေရတဲ့ ပြဿနာပေါင်းများစွာရဲ့အဖြေဟာ ကျွန်တော်ပဲလို့ သူသဘောပေါက်စ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေပြီ။ ဒါပေမယ့် လိုအပ်တဲ့ ကြိုးတွေကို ပိုပြီးခိုင်မြဲအောင် ချည်ရမယ်။ သူ့ကိုပထမဆုံး ဘာလင်မြို့ သွားစေချင်တယ်။ တစ်ရက်ဖြစ်ဖြစ် နှစ်ရက်ဖြစ်ဖြစ်ပေါ့။ ကက်စလာဆီကိုလေ ”

“ သူ့အမေကို အသုံးချမလား။ မမတို့လိုချင်တာကို သူ့အမေနဲ့ ဖန်တီးယူလို့လဲ ရနိုင်သားပဲ ”

“ မလုပ်နဲ့။ ဘယ်လိုအကြောင်းနဲ့မှ သူ့အမေကို မတို့နဲ့။ သွားတို့လိုက်ရင် အန္တရာယ်တွေ ပိုကြီးလာနိုင်တယ် ”

“ ဒီလိုဆိုရင် ဘာလင်နဲ့ပတ်သက်ပြီး ဘယ်လိုအကြံပေးမှာလဲ ”ဟု အင်္ဂလန်နိုင်ငံမှာရှိနေသော ဂရက်ချန်ဗျူးမောင့်က ပြန်မေးပြန်သည်။

“ ကျွန်တော် ဘာမှမလုပ်သေးဘူး။ နောက်ဆုံးအဲဒီအခြေကို ရောက်လာဖို့ ကျွန်တော်တို့ညီမလေးကို မသိမသာ ဆွဲဆောင်ခိုင်းရမယ်။ ကျွန်တော်တို့ညီမလေး ယုံကြည်အောင် လုပ်ရမယ်။ သူကလဲ ကျွန်တော်နဲ့အဆက်အသွယ်ရဖို့ ကြိုးစားနေတယ် ”ဟု အေသင်မြို့လေဆိပ်မှာရှိနေသော ဂွန်တင်နီဆန်က ပြန်ပြောသည်။

“ ညီမလေးနဲ့ ပတ်သက်လာရင်လဲ သတိထားနော် ဂျိုဟန်း ”

“ သတိထားပါ့မယ် ”

\+ + +

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် စိန်းမြစ်ကမ်းမှာ လမ်းလျှောက်နေသည်။ လမ်းလျှောက်နေရင်းလည်း သူ့စိတ်များ အကြီးအကျယ် ရှုပ်ထွေးနေလေသည်။

ခေါင်းထဲမှာ သည်အတိုင်း ရှုပ်ထွေးနေ၍မဖြစ်။ ကြည်ကြည်လင်လင်ရှိနေဖို့ အရေးကြီးသည်။ သို့မှသာ မှန်ကန်သော ဆုံးဖြတ်ချက်ချစရာတွေ များနေသည်။

ဟယ်လ်ဒင်၏ အစ်ကိုအပေါ်တွင် သူအားကိုးအားထားပြုနိုင်လိမ့်မည်ဟု လွန်ခဲ့သောတစ်နာရီလောက်တုန်းက ယုံကြည်ခဲ့သည်။ ယခုတော့ ထိုအချက်ကိုပင် သူပြန်ပြီး သံသယဖြစ်ချင်လာသည်။

ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေသည့် သူ့အဖေကို မော်တော်ကား ဝင်တိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့တွင် မြေအောက်ရထား မှောက်သည်။ လူတွေသေကုန်သည်။ ဖြစ်တောင့်ဖြစ်ခဲသော မတော်တဆမှုဖြစ်ပြီး လူငါးယောက်သေဆုံးခဲ့ရကြောင်း ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိများက သူ့ကို ပြောပြခဲ့သည်။

နယူးယောက်မြို့တွင် ပလက်ဖောင်းပေါ် ကားတက်တိုက်မှုနှင့် လန်ဒန်မြို့ မြေအောက်ရထားတိမ်းမှောက်မှုများ မည်သို့ဆက်စပ်နေပါသနည်း။

ဂျွန်တင်နီဆန်နှင့် တွေ့ဆုံခြင်းသည် အရာအားလုံးတို့၏အဖြေဟု စောစောက ထင်မှတ်ခဲ့သည်။ ယခုမူ ထိုယူဆချက်ကို ပြန်ပြောင်းရတော့မည့်ကဲ့သို့ ဖြစ်နေသည်။

တီနာမော၏ အရိပ်ကြီးက ပြန်ထိုးလာပြန်သည်။

တစ်နေ့နေ့တွင် လူတစ်ယောက်ရောက်လာပြီး ထူးဆန်းသော အစီအစဉ်များကို ပြောလိမ့်မည်ဟု တင်နီဆန်က ဂရက်ချန်ကို ကြိုတင်မှာထားသည်။

သည်အတိုင်းဆိုလျှင် တင်နီဆန်က သူ့ကိုစောင့်နေခဲ့သည်။ သူလာတော့မည်ကို ကြိုတင်သိနေသည်။ ဘာအကြောင်းနှင့် စောင့်နေသနည်း။ ဘာအတွက်စောင့်နေသနည်း ဆိုသည်ကိုသာ နိုဝယ် မစဉ်းစားတတ်ခြင်းဖြစ်သည်။

အမေ့အကြောင်းကို စဉ်းစားသည်။

ယခုလိုအချိန်မျိုးတွင် အမေ့မှာ အန္တရာယ်ရှိနေပြီ။ ထို့ကြောင့် တစ်နေရာရာမှာ အမေသွားပုန်းနေသင့်သည်။ သည်လိုမှမဟုတ်လျှင် အမေလည်း အဖေကဲ့သို့ပင် ရေတိမ်နစ်သွားနိုင်သည်။

အမေယုံအောင် မည်သို့ပြောမည်နည်း။

အမေသည် မင်ဖရက်ဒီကို ယုံကြည်လေးစားသူ ဖြစ်သည်။ ထို့ကြောင့် မင်ဖရက်ဒီကို နားချခိုင်းလျှင် ရနိုင်မည်။ သို့သော်လည်း မင်ဖရက်ဒီသည် သူနှင့်တွေ့ပြီး မကြာမီမှာပင် ဇူးရစ်မြို့ဟိုတယ်ပေါ်မှ အောက်သို့တွန်းချကာ လုပ်ကြံခြင်း ခံသွားရသည်။

ဘာပဲဖြစ်ဖြစ် မင်ဖရက်ဒီကို အကြောင်းပြုပြီး အမေ့ကို နားချဖို့ သူပိုင်းဖြတ်လိုက်သည်။

ဟိုတယ်ဘက်သို့ ပြန်လှည့်လာသည်။ ထိုသို့လှည့်လာရင်း နောက်ဘက်သို့ မသိမသာလှည့်ကြည့်မိသည်။ ယခုအခါတွင် သူလည်း ထိုအကျင့်ရနေလေပြီ။

အစိမ်းရင့်ရောင် ဖီးယက်ကားတစ်စီး ပလက်ဖောင်းနားမှာ အရှိန်



www.burmeseclassic.com

www.burmeseclassic.com



လျှော့လိုက်သည်ကို တွေ့ရသည်။

ဖြစ်နိုင်သည်။

ပိုပြီးမြန်မြန်လျှောက်သည်။ မျဉ်းကျားနေရာရောက်တော့ တစ်ဘက်ခြမ်းသို့ ကူးသည်။ တစ်ဘက်ခြမ်း ပလက်ဖောင်းပေါ်ရောက်သောအခါ နောက်ပိုင်းသို့ လှည့်ကြည့်မိပြန်သည်။

အစိမ်းရင့်ရောင် ဖီးယက်ကားကို တွေ့ရပြန်သည်။ သူနှင့် မလှမ်းမကမ်းမှနေပြီး ခပ်ဖြည်းဖြည်း မောင်းလိုက်လာနေသည်။

နိုဝယ်က တစ်နေရာတွင် ရုတ်တရက်ရပ်လိုက်သည်။ နောက်သို့ပြန်ကြည့်သည်။

ဖီးယက်ကားကလည်း ပလက်ဖောင်းဘေးမှာ ထိုးရပ်သည်။

ဒါလောက်ဆိုလျှင် သေချာသွားပြီ။ နိုဝယ်သည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အမေ့ထံသို့ ဖုန်းပြန်ဆက်ရန် ဟိုတယ်တွင်းသို့ တောက်လျှောက်ဝင်လာခဲ့လေတော့သည်။

နောက်ပြီးတော့ ဟယ်လ်ဒင်နှင့်လည်း တွေ့ရတော့မည်။

သူ့မှာ သေနတ်တစ်လက်ရှိဖို့ အရေးတကြီး လိုအပ်နေပြီ။

\+ \+ \+

ဂျိုဟန်းဗွန်းတိုင်းဘို့လ်တ်သည် လက်ထဲမှာ ကိုင်ထားသော တယ်လီဖုန်းကို စူးစိုက်ကြည့်နေသည်။ အေသင်လေဆိပ်ရှိ ပြည်သူသုံး တယ်လီဖုန်းရုံထဲမှာ ဖြစ်သည်။

“ မင်း ဘာပြောလိုက်တယ် . . . ” ဟုလည်း တယ်လီဖုန်းထဲသို့ မေးသည်။

“ ကျွန်မပြောတာ အမှန်ပဲ ဂျိုဟန်း . . . ရှင်ဟာ တီနာမောပဲလို့ ဗြိတိသျှစစ်ထောက်လှမ်းရေးက ထင်နေတယ်တဲ့ ”

ပါရီမြို့တွင်ရှိသော ဟယ်လ်ဒင်က ပြန်ပြောသည်။

“ အဓိပ္ပာယ်မရှိတာပဲကွ။ ဒါသက်သက်မဲ့ မတရားစွပ်စွဲတာပဲ ”

ရွှေရောင်ဆံပင်နှင့် ဂျွန်တင်နီဆန်က ပြန်ပြောသည်။

“ ကျွန်မကလဲ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို အဲဒီအတိုင်းပြန်ပြောပြလိုက်ပါတယ်။ လူစိတ်ဝင်စားမယ့် သတင်းတွေနောက်ကို အစ်ကိုလိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လို့ . . . ဘာကြောင့်လဲဆိုတော့ သတင်းထောက်ဖြစ်နေလို့ပဲလို့ . . . ကျွန်မက ပြန်ပြောလိုက်တယ် ”

“ အင်း . . . ”

ဂျွန်တင်နီဆန်က ထိုမျှသာပြန်ပြောနိုင်ပြီး တယ်လီဖုန်းလက်ကိုင်ကို တင်းကျပ်စွာ ကိုင်ထားရင်း အတွေးချဲ့နေမိသည်။ တွေးနေရင်းလည်း ဒေါသဖြစ်လာသည်။

တစ်နေရာမှာ တစ်ခုခုတော့ မှားသွားပြီ။ ထိုအမှားကို ပြန်လည်ပြင်ဆင်ရတော့မည်။

ထောက်လှမ်းရေးများက သူ့ကိုဘာကြောင့် မသင်္ကာဖြစ်ကြသနည်း။ သူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအားလုံး လုံလောက်သော အဖုံးအကွယ်များနှင့်ချည်း ဖြစ်သည်။

ထိုမျှမကသေး။ တီနာမောကိုလည်း သူ ဖော်ထုတ်ပေးနိုင်သည်။

နောက်ဆုံးတစ်နေ့တွင် တီနာမောကို ဖော်ထုတ်ပေးရန်လည်း သူ ဆုံးဖြတ်ထားသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သူသည် တီနာမောမဟုတ်ကြောင်း အကောင်းဆုံးသက်သေထူပြလိုက်ခြင်းဖြစ်ပေမည်။ ထိုနည်းထက်ကောင်းသော အခြားနည်း မရှိတော့ပြီ။

သူ့အပေါ် မသင်္ကာဖြစ်နေကြသူများအားလုံး သူ့ကို ယုံကြည်စိတ်ချလာကြမည်။

ယခုတော့ အချိန်မကျသေးခင်မှာပင် သူ့ကို တီနာမောအဖြစ် သင်္ကာမကင်းဖြစ်နေကြပြီ။ မည်သည့်နေရာတွင် မည်သို့ မှားသွားသနည်း။

“ ဂျိုဟန်း . . . ဖုန်းချသွားပြီလား ”

“ နားထောင်နေတယ်။ ဆောရီးပဲ ”

“ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး တွေ့လိုက်ပါ”

“ တွေ့မယ်။ ငါးရက်အတွင်း ပါရီမြို့မှာတွေ့ . . . ”

“ အဲဒီထက်စောပြီး မနေတွေ့နိုင်ဘူးလား။ သူသိပ်ကို စိတ်သောကရောက်နေတယ် ”

ဟယ်လ်ဒင်က သူ့အစ်ကိုကို စကားအဆက်မခံဘဲ ဖြတ်ပြောသည်။

“ အဲဒီလိုတော့ မဖြစ်နိုင်သေးဘူး ”

“ ရှင့်ကို ပြောပြစရာတွေ အများကြီးရှိနေတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်က ထိုသို့အစချီပြီး ဂျီနီဗာအာမခံဘဏ်တိုက်မှာရှိသည့် ငွေအကြောင်း။ ထိုငွေသည် ဖူးရစ်မြို့မှာ ကယ်ဆယ်ရေး ဇဂျင်စီတစ်ခုဖွင့်လှစ်ပြီး သုံးရမယ့်ငွေများ ဖြစ်ကြောင်း။ ထိုငွေများကို ဟိန်းနရစ်ကလော်ဆင်၏ သားအရင်းဖြစ်သော်လည်း အမေရိကန်လူမျိုးအသွင် ပြောင်းနေသော နို၀ယ် ဟိုးလ်ခရော့ဖ်တ်က ခေါင်းဆောင်ပြီး ဝေလ်ဟမ်းဗွန်းတိုင်းဘို့လ်တ်၏သား ဂျွန်တင်နီဆန်(ခေါ်) ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်နှင့် ကက်စလာ၏သား အားရစ် ကက်စလာတို့ သုံးဦး မျက်နှာစုံညီထုတ်ကြရမည်ဖြစ်ကြောင်းများကို ပြောပြသည်။

နောက်ဆုံးမေးခွန်းအဖြစ် တစ်နေ့တွင် လူတစ်ယောက်ရောက်လာပြီး ထူးဆန်းသော အစီအစဉ်များ ပြောပြလိမ့်မည်ဟု ဂရက်ချန်ကို ဂျိုဟန်းအနေနှင့် မှာထားဖူးသလားဟု မေးလိုက်မိသည်။

“ မှာထားတယ်။ မင်းကို မပြောပြရသေးတဲ့အကြောင်းတွေ အများကြီး ရှိတယ်။ ဘယ်အချိန်လောက်မှာ အခုလို ဖြစ်လာမယ်ဆိုတာကို ငါကြိုမသိခဲ့ဘူး။ ဘယ်လိုဖြစ်လာမယ်ဆိုတာလဲ မသိဘူး။ စောစောကပဲ ဂရက်ချန်နဲ့ငါ စကားပြောခဲ့ရသေးတယ်။ မင်းနဲ့မတွေ့ခင်တစ်ညက ဂရက်ချန်ကို ဟိုးလ်ခရော့ဖ်တ် သွားတွေ့တယ်တဲ့။ ဂရက်ချန်က ကောင်းကောင်းမွန်မွန် မဆက်ဆံလိုက်နိုင်ဘူး ထင်တယ်။ ငါတို့မှာ လုပ်စရာအလုပ်တွေ သိပ်များနေတယ်။ သမိုင်းနဲ့ ပတ်သက်တာတွေ ဖြစ်နေတယ်။ ပြန်ပြင်ရမယ့် ကိစ္စတွေက. . . ”

“ ဟိုးလ်ခရော့ဖ်တ်ကလဲ အဲဒီစကားတွေကိုပဲ ပြောတယ် ”

“ ဟုတ်တယ်။ သူလဲဒီစကားပဲ ပြောတယ် ”

“ သူ သိပ်ကို တုန်လှုပ်ချောက်ချားနေတယ်။ တုန်လှုပ်နေတာ မပေါ်အောင် သူကြိုးစားဟန်ဆောင်နေတယ်။ ဒါပေမယ့် မရဘူး ”

“ သူတုန်လှုပ်နေရမှာပဲ။ တာဝန်ကသိပ်ကြီးတယ် မဟုတ်လား။ ဒီကိစ္စ အကောင်အထည်ပေါ်အောင် သူ့ဘက်က ဘာတွေများ ကူညီနိုင်မလဲဆိုတာ ငါလေ့လာရဦးမယ် ”

“ ဒီလိုဆိုရင် အခုပဲ ပါရီမြို့ကို လာလိုက်ပါလား ”

“ မလာနိုင်သေးဘူး။ မကြာပါဘူး။ လေးငါးရက်ပါ ”

“ ကျွန်မတော့ စိတ်ပူနေတယ်။ နို၀ယ်ကပြောတာတွေကိုလဲ ကျွန်မ ယုံတယ်။ သူပြောနေတာတွေဟာ အမှန်တွေချည်းပဲ ”

“ နို၀ယ်. . . ဘယ်လို ”



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းက ပြန်မေးသည်။ ဟယ်လ်ဒင်၏ လေယူလေသိမ်းကြောင့် သူအနည်းငယ် အံ့အားသင့်သွားသည်။

“ သူ့ကို ကျွန်မ သဘောကျတယ် ဂျိုဟန်း ”

“ စိတ်ချမ်းသာသလိုသာ ဆက်လုပ်ပါ ”

“ နောက်ပြီးတော့ ရှင်တို့ သုံးယောက်ကို ဂျီနီဗာခေါ်သွားဖို့ သူ့တာဝန်လို့ပြောတယ်။ အဲဒါသာမှန်ရင် သူမရှိရင် ရှင်တို့ဘာမှ ဆက်လုပ်လို့ ရကြမှာ မဟုတ်ဘူးပေါ့ ”

“ အဲဒီတော့ . . . ”

“ ဒါကို တခြားလူတွေလဲ သိနေကြတယ်။ ဘဏ်တိုက်ထဲမှာ ငွေဘယ်လောက်ရှိနေတယ် ဆိုတာကိုတောင် သူတို့သိနေကြပြီလို့ ကျွန်မထင်တယ်။ အခြေအနေတော်တော်ဆိုးဆိုးရွားရွားတွေဖြစ်နေပြီ။ သူ့ကို ဟန့်တားဖို့ သူတို့ ကြိုးစားခဲ့ကြတယ် ”

“ ဘယ်သူတွေလဲ ”

“ ကျွန်မအထင်တော့ ရာခါဖြစ်မယ် ထင်တယ်။ ဒါမှမဟုတ်ရင်လဲ အိုဒက်ဇာပဲ ”

“ သိပ်ယုံနိုင်စရာအကြောင်း မရှိပါဘူးကွာ။ ဒါလောက်ကြီးကျယ်တဲ့ သတင်းမျိုးကို သူတို့နှစ်ဖွဲ့စလုံး ဖုံးဖိထားနိုင်တဲ့အစွမ်းအစမရှိပါဘူး။ ငါက သတင်းထောက်ပါ။ ငါပြောတာကို ယုံပါ ”

“ ရာခါက လူတွေသတ်နေသလို အိုဒက်ဇာကလဲ သတ်နေတာပဲ။ ဒါကြောင့် တစ်ယောက်ယောက်ကတော့ နိုဝယ်ကို သတ်ဖို့ကြိုးစားနေပြီ ”

ထိုစကားကြားရသောအခါ တင်နီဆန်က တစ်ကိုယ်တည်းပြုံးမိသည်။ အမှားတွေဖြစ်ခဲ့သည်မှာ မှန်သည်။ သို့သော်လည်း မူလအစီအစဉ်များအတိုင်းတော့ ဆက်လက်ဖြစ်ပေါ်လျက်ပင်ရှိကြောင်း သဘောပေါက်မိသည်။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို လေးဘက်လေးတန်မှ ဝိုင်းပြီးအကျပ်ကိုင်နေသည်။ အဘက်ဘက်မှ လှည့်လည်ခြိမ်းခြောက်နေသည်။

အားလုံးပြီးပြည့်စုံ၍ ဂျီနီဗာကိစ္စ အကောင်အထည်ဖော်ကြသောအခါတွင် နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် အကြီးအကျယ် ပင်ပန်းနွမ်းနယ်နေတော့မည်။ ဘာမှ မဆုံးဖြတ်နိုင်အောင်ဖြစ်တော့မည်။ ဆုံးဖြတ်နိုင်သည့် အခြေအနေမျိုးသို့လည်း ဆိုက်ရောက်တော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



“ ဒီလိုဆိုရင် သူ့အနေနဲ့ သိပ်ကိုသတိထားရတော့မှာပေါ့။ မင်းတတ်ထားတဲ့ ပညာတွေ သူ့ကိုသင်ပေးလိုက်ပါ ဟယ်လ်ဒင်. . . အစွမ်းကုန်သင်ပေးလိုက်ပါ။ ကိုယ်တို့လေ့လာထားတဲ့ လှည့်နည်းပတ်နည်းတွေရှိတယ် မဟုတ်လား”

“ အဲဒီလှည့်နည်းပတ်နည်းတွေကို သူလဲမြင်တန်သလောက် မြင်ပြီးနေပြီ။ အဲဒါမျိုးတွေကို သုံးရမှာ သူရွံ့လွန်းလို့တဲ့ ”

ဟယ်လ်ဒင်က လေပျော့ကလေးဖြင့် ပြန်ပြောသည်။ သူ့လေသံထဲတွင် ရယ်သံကလေးလည်း အနည်းငယ် ရောစွက်နေသည်။

“ အသတ်ခံရပြီး လမ်းဆုံးရောက်သွားတာနဲ့ စာရင်တော့ တော်သေးတာပေါ့ကွာ။ မဟုတ်ဘူးလား ”

ဂျိဟန်းက ထိုစကားကို ပုံမှန်လေသံမျိုးနှင့် ပြန်ပြောသည်။ စကားမဆက်ပဲ ခဏရပ်နေပြီးမှ ဆက်ပြောပြန်သည်။

“ ဂရက်ချန်က ဗျူးမောင့်ရဲ့ဓာတ်ပုံအကြောင်း ငါ့ကိုပြောပြသွားသေးတယ်။ အဲဒီဓာတ်ပုံကို ဟိုးလ်ခရော့ဖ်တ် ယူသွားတယ်လို့သူက ထင်နေတယ်”

“ ဟုတ်တယ်။ သူ ယူသွားတာအမှန်ပဲ။ နယူးယောက်ကနေ ရိုင်းယိုးဒီဂျနေးရိုးမြို့ကိုသွားတုန်းက လေယာဉ်ပျံပေါ်မှာ ဗျူးမောင့်ကို မြင်လိုက်တယ်လို့ နိုဝယ်က ယုံကြည်နေတယ်။ သူ့နောက်ကို နောက်ယောင်ခံလိုက်နေတယ်လို့လဲ ထင်တယ်။ ရှင်နဲ့တွေ့ရင် အဲဒီအကြောင်းတွေပါ ရှင့်ကို သူပြောပြလိမ့်မယ် ”

ထိုစကားကြောင့် လေယာဉ်ပျံပေါ်မှာ မှတ်မိသွားခြင်းဖြစ်ကြောင်း တင်နီဆန် အသေအချာ သိလိုက်ရလေတော့သည်။ ဗျူးမောင့်က သူ့ကိုယ်သူ တော်လှပြီထင်နေသည်။ သူ နောက်ယောင်ခံလိုက်နေသည်ကို နိုဝယ်ဟိုးလ်ခရော့ဖ်တ် မည်သည့်နည်းနှင့်မှ မရိပ်မိနိုင်ဟု ယုံကြည်နေသည်။

ယခုလို ဓာတ်ပုံပါသွားခြင်းသည် အန္တရာယ်တွေ ပိုများလာနိုင်သည်။ သူတို့အထဲမှာ ဗျူးမောင့် ပါဝင်နေသည့်အကြောင်း၊ ရေတပ်ဌာနအတွင်းမှာပါ ဗျူးမောင့်ကို သူတို့အသုံးပြုနေသည့်အကြောင်းများ ကွင်းဆက်ပေါ်ပေါက်လာနိုင်သည်။

ထို့ကြောင့် ဓာတ်ပုံကို ပြန်ရမှဖြစ်မည်။

“ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါဘာပြောရမှန်းတောင် မသိတော့ဘူး ဟယ်လ်ဒင်။ ဗျူးမောင့်ကို ဘယ်တုန်းကမှ ငါသဘောကျခဲ့တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှလဲ သူ့ကိုငါမယုံခဲ့ဘူး။ မြေထဲပင်လယ်ထဲမှာ သူတာဝန်ကျနေတာ လအတော်ကြာသွားပြီ။ သူ့သင်္ဘောပေါ်ကနေဆင်းပြီး ဘယ်လိုလုပ် နယူးယောက်ကထွက်တဲ့ လေယာဉ်ပျံပေါ်မှာ သူပါသွားနိုင်သလဲ။ ဟိုးလ်ခရော့ဖ်တ်လူများတာဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်ပေ့ါလေ ငါနဲ့တွေ့တဲ့အခါမှာ အဲဒီဓာတ်ပုံကို သူပြန်ယူလာပေးသင့်တယ်။ အဲဒီဓာတ်ပုံအိတ်ထဲထည့်ပြီး အရပ်တကာ သူလျှောက်သွားနေဖို့မတော်ဘူး။ နောက်ပြီးတော့ ဗျူးမောင့်အကြောင်းတွေလဲ ဟိုမှာဒီမှာ သူလျှောက်ပြောမနေသင့်ဘူး။ ဒီကိစ္စဟာ ဂရက်ချန်ကို ထိခိုက်စေနိုင်တယ်။ ငါတို့အားလုံး နာမည်ပျက်ကုန်နိုင်တယ်။ ဟုတ်တယ်။ အဲဒီဓာတ်ပုံ သူပြန်ယူလာပြီး ငါ့ကိုပေးလိုက်တာဟာ အကောင်းဆုံးပဲ ”

“ သူအဲဒီလို မလုပ်နိုင်တော့ဘူး။ သူ့လက်ထဲကတဆင့် ဓာတ်ပုံပြန်အခိုးခံသွားရတယ်လေ ”

ထိုစကားကြောင့် ဂျိုဟန်း၏တစ်ကိုယ်လုံး တောင့်သွားလေသည်။ မဖြစ်နိုင်ပါ။ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပါ။ သူ့လူများထဲမှ မည်သူကမှ ထိုဓာတ်ပုံကို ပြန်ယူခြင်း မရှိခဲ့ပါ။ မည်သူ့ကိုမှလည်း တာဝန်မပေးခဲ့ပါ။

သည်အတိုင်းဆိုလျှင် သူတို့အထဲမှမဟုတ်သော အခြား မည်သူယူသွားသနည်း။ ထိုအကြောင်းကို အရေးတကြီးသိဖို့ လိုနေသည်။

“ မင်းဘာပြောတယ်. . . သူဆီကဓာတ်ပုံ အခိုးခံရတယ်. . . ဟုတ်လား ”

“ ဟုတ်တယ်။ လူတစ်ယောက်က သူ့နောက်ကိုလိုက်လာတယ်တဲ့။ ပြီးတော့ သူသတိလစ်သွားအောင်ရိုက်ပြီး ဓာတ်ပုံကို ယူသွားတာ။ တခြားဘာပစ္စည်းမှ မယူဘူး။ အဲဒီဓာတ်ပုံတစ်ပုံတည်းကိုပဲ ယူသွားတယ်တဲ့ ”

“ ဘယ်သူလဲ. . . ဘာလုပ်တဲ့လူလဲ ”

“ သူမသိဘူး။ အဲဒီအချိန်က ညဖြစ်နေတယ်။ သူမမြင်ရဘူးတဲ့။ ပြီးတော့ ပို့စ်မောက်နဲ့အတော်ကလေးဝေးတဲ့ စားကျက်တစ်ခုထဲမှာ။ သူလဲနေရာက သတိပြန်ရလာတာပဲ သိတော့တယ်တဲ့ ”

“ ပို့စ်မောက်မှာ သူအတိုက်ခိုက်ခံရတာလား ”

“ ဂရက်ချန်တို့အိမ်နဲ့ တစ်မိုင်လောက်အကွာမှာ ဖြစ်တာလို့ ကျွန်မထင်တယ် ”

တစ်ခုခုတော့ မှားသွားပြီ။ ဆိုးဆိုးရွားရွားကြီးကို မှားယွင်းသွားလေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂျိုဟန်းက သိလိုက်သည်။

" ဟိုးလ်ခရော့ဖ်တ် လိမ်ပြောနေတာ မဟုတ်ဘူးဆိုတာတော့ မင်း သေချာပါတယ်နော် "

" ဘာကြောင့် သူက လိမ်ပြောရမှာလဲ "

" သူကမင်းကို ဘယ်လိုပြောပြတာလဲ။ ဘယ်လိုစကားလုံးမျိုးသုံးပြီး ပြောတာလဲ "

" ဆွယ်တာအင်္ကျီအနက် ဝတ်ထားတဲ့လူတစ်ယောက် သူ့နောက်ကို လိုက်လာတယ်တဲ့။ အဲဒီလူက တုံးတဲ့လက်နက်တစ်ခုခုနဲ့ သူ့ကိုရိုက်တယ်တဲ့။ သူသတိလစ်နေတုန်း သူ့အိတ်ထဲမှာရှိနေတဲ့ ခါတ်ပုံကို နှိုက်ယူတယ်တဲ့။ တခြား ဘာမှ မယူဘူးတဲ့။ ပိုက်ဆံတွေလဲ ဒီအတိုင်း ကျန်ခဲ့တယ်တဲ့ "

" ဒီလိုကိုး . . . "

ဂျိုဟန်းမှာ ထိုမျှပြောပြီး ရုတ်တရက် စကားမဆက်နိုင်ပဲ ဖြစ်နေသည်။ "ဒီလိုကိုး"ဟုသာ ပြောလိုက်ရသော်လည်း သူဘာကို နားလည်ရမှန်းမသိပါ။ သူ့အာရုံထဲမှာလည်း အကြောင်းအရာပေါင်းစုံဖြင့် ရှုပ်ထွေးနေလေပြီ။

စက္ကန့်အနည်းငယ် ကြာတော့မှ သူစကားပြန်ပြောနိုင်သည်။

" ဟယ်လ်ဒင်. . . ငါတို့အားလုံးအတွက် တစ်ခုလောက်လုပ်ပေးစေချင်တယ်။ မင်းအလုပ်က တစ်နေ့လောက် ခွင့်ယူလို့ ရနိုင်မယ် ထင်သလား"

" ရနိုင်တယ်ထင်တာပဲ။ ဘာဖြစ်လို့လဲ "

" ဟိုးလ်ခရော့ဖ်တ်ကို ဒါလောက်တောင် စိတ်ဝင်စားနေတဲ့လူဟာ ဘယ်သူလဲဆိုတာတော့ တို့ကြိုးစားပြီး ရှာကြည့်ရတော့မယ် ထင်တယ်။ မြို့ပြင် တစ်နေရာရာကို ထွက်လည်ရအောင်လို့ သူ့ကိုပြောပါ။ ဖောင်တိန် ဘလူးမြို့ကလေးကိုဖြစ်ဖြစ်၊ ဘာဘီဇုံမြို့ကလေးကို ဖြစ်ဖြစ်ပေါ့ "

" ဘာအတွက်လဲ "

" ပါရီမြို့မှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်။ သူက တစ်ခါတစ်လေ ငါ့အတွက် အလုပ်လုပ်ပေးတတ်တယ်။ သူ့ကိုမင်းတို့နောက် လိုက်ခိုင်းမယ်။ မင်းတို့မရိပ်မိအောင် တိတ်တိတ်လိုက်ခိုင်းမှာပေါ့လေ။ အဲဒီခရီးမှာ မင်းတို့နောက်ကို ဘယ်သူတွေ နောက်ယောင်ခံလိုက်နေသလဲဆိုတာ သိကောင်းသိနိုင်ပါလိမ့်မယ် "

" ဒီအလုပ်လောက်ကိုတော့ ကျွန်မတို့ လူတစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပေးလိုက်ရင်တောင် ဖြစ်နိုင်သားပဲ ”

“ မဖြစ်နိုင်ဘူး။ ငါမထင်ဘူး။ ဒီအထဲမှာ မင်းတို့လူတွေဝင်ပြီး ပါမလာပါစေနဲ့။ ဒီအထဲမှာ ဟာအိုးဘတ်စ် တစ်ပိုင်းတစ်ကဏ္ဍအနေနဲ့ ပါလာလို့ မဖြစ်ဘူး ”

“ ကောင်းပြီလေ. . . ကျွန်မတို့မနက်ဖြန်မနက် ဆယ်နာရီလောက် သူ့ဟိုတယ်ကနေထွက်မယ်။ ရှင် လွှတ်လိုက်တဲ့လူကို ကျွန်မ ဘယ်လိုလုပ်သိနိုင်မလဲ ”

“ မင်းသိမှာ မဟုတ်ဘူး။ သူ့နည်းနဲ့သူလိုက်လာလိမ့်မယ်။ ဟိုးလ်ခရော့ဖ်တ်ကို ဘာမှမပြောပါနဲ့။ သူသိသွားရင် ပိုပြီး ကြောက်သွားလိမ့်မယ်”

“ ကောင်းပါပြီ။ ရှင် ပါရီမြို့ကိုရောက်ရင် ကျွန်မကို ဖုန်းဆက်မှာလား ”

“ ရောက်ရောက်ချင်း ဆက်မယ်။ ဒါပဲနော် ”

“ ဟုတ်ကဲ့။ ဒါပါပဲ ”

တင်နီဆန်က ဖုန်းပြန်ချထားလိုက်သည်။ ဘာလင်မြို့သို့ပျံသန်းမည့် လေယာဉ်ပျံပေါ်မတက်မီ နောက်ဆုံးအကြိမ်အဖြစ် တစ်နေရာသို့ ဖုန်းဆက်ရန် ကျန်နေသေးသည်။

ဂရက်ချန်ထံသို့ မဟုတ်ပါ။

ယခုအချိန်တွင် ဂရက်ချန်ကို စကားမပြောချင်တော့ပါ။ သူတို့ကြောင့် အခြေအနေတွေက ရှုပ်ထွေးစပြုလာသည်။ သည်ထက်သည် ပိုမိုရှုပ်ထွေးလာမည်ဆိုလျှင် အစီအစဉ်တွေ အားလုံး ကမောက်ကမ ဖြစ်ကုန်နိုင်သည်။

ဂရက်ချန်သည် သူခိုင်းသည်များကို ကျိုးကျိုးနွံနွံ ထမ်းဆောင်ခဲ့သည်။ ဘဝတစ်လျှောက်လုံး သူ့ကိုကူညီခဲ့သည်။

သို့သော်လည်း ယခုတော့ သူတို့လင်မယားကြောင့် အခြေအနေတွေ ဆိုးရွားဖို့ လမ်းစပေါ်လာသည်။

မတတ်နိုင်တော့လျှင် ဂရက်ချန်ကိုလည်း သူတို့ လျှောက်လှမ်းရမည့် လမ်းကြောင်းမှ ဖယ်ရှားတန် ဖယ်ရှားတန် ဖယ်ရှားရပေတော့မည်။

+ + +

အယ်လ်သိန်း၏လေသံကို နိုဝယ်က နားထောင်နေသည်။ အလွန်



www.burmeseclassic.com

www.burmeseclassic.com



တရာ တည်ငြိမ်သည့်အသံကို ကြားရသောကြောင့် အံ့ဩနေမိသည်။

အဖေ့ကို မနေ့တုန်းကပင် သင်္ဂြိုဟ်ပြီးသွားပြီဟု ပြောသည်။

“ မင်းလုပ်ရမယ့်အလုပ်ကို မင်းလုပ်ပါလား။ လူသူတော်ကောင်းကြီး တစ်ယောက်တော့ အကြောင်းမဲ့ အသက်ဆုံးရှုံးသွားရပြီ။ အင်မတန်အဖြစ်ဆိုး ဆိုးနဲ့ သေသွားရပြီ။ ဒါပေမယ့် ဒါတွေဟာပြီးသွားပြီ။ သားရောမေမေပါ ဘာမှ မတတ်နိုင်တော့ဘူး။ သေသူကိုရှင်အောင် ပြန်လုပ်လို့ မရတော့ဘူး ”

“ ကျွန်တော့်အတွက် မေမေ လုပ်ပေးနိုင်တာတစ်ခု ရှိနေပါတယ်”

“ ဘာလဲ. . . ”

နိုဝယ်က မင်ဖရက်ဒီ သေဆုံးသွားသည့်အကြောင်း ပြောပြသည်။ ပြီးမှ . . .

“ ဂျီနီဗာမှာ ကျွန်တော်နဲ့ တွေ့ချင်တာဟာ သူရဲ့ နောက်ဆုံး ဆန္ဒပါ ပဲ မေမေ ” ဟု ပြောသည်။

ထိုစကားကိုကြားတော့ အယ်လ်သိန်းက အတော်ကြာအောင် ငြိမ်နေ သည်။ ပြီးတော့မှ ပြန်ပြောသည်။

“ အရေးကြီးတဲ့ သဘောတူညီချက်တစ်ခုကို သူဖြည့်ဆည်းပေးဖို့ရှိ နေတယ် ထင်တယ်။ အဲဒီကိစ္စ မင်းကို ပြောပြချင်လို့ဖြစ်မှာပဲ။ သားနဲ့တွေ့ မသွားရဘူးဆိုရင်တော့ တခြားလူတွေလက်ကို လွှဲအပ်ထားခဲ့လိမ့်မယ်လို့ မေမေ မထင်ဘူး ”

“ နောက်တစ်ခုလဲ ရှိပါသေးတယ် မေမေ။ အဲဒါကတော့ မေမေနဲ့ ဆိုင်ပါတယ်။ မေမေ နားလည်ပါတယ်လို့လဲ သူပြောသွားခဲ့ပါတယ် ”

နိုဝယ်က ထိုသို့ စကားအစချီပြီး ဟိန်းနရစ်ကလော်ဆင်ပြုလုပ်သည့် အလုပ်များအကြောင်း ပြောပြသည်။ ချန်သင့်သည်များကို ချန်သည်။ ဖွင့်သင့် သည်များကို ဖွင့်သည်။

“ မေမေ လုံခြုံရေးအတွက် အရေးကြီးတယ်လို့လဲ ပြောသွားပါတယ်။ နောက်ပြီးတော့ မေမေဟာ ခေါင်းမာတယ်တဲ့။ ဒါကြောင့် တော်ရုံနဲ့ပြောလို့ရ ရင် သူကိုယ်တိုင် မေမေ့ကို ရှင်းပြပါ့မယ်လို့လဲ ပြောသွားတယ်။ သူပြောရင် မေမေ နားထောင်မှာပဲလို့လဲ သူယုံကြည်နေတယ်။ အခုတော့ မေမေ့ကို သူ ကိုယ်တိုင် ရှင်းမပြနိုင်တော့ဘူး။ ကျွန်တော် ပြောနေတာတွေ မေမေ နားလည် ပါတယ်နော် ”



www.burmeseclassic.com

www.burmeseclassic.com



" နားလည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းကလဲ မေမေ့ကို သူပြောဖူးတယ်။ ဘာလင်မှာပြောတာ။ မေမေတို့ကို သူ စောင့်ရှောက်ပါ့မယ်တဲ့။ သူပြောတာမှန်တယ်။ အခုလဲထပ်မှန်ပြန်ပြီ။ ကမ္ဘာကြီးတစ်ခုလုံး အရှုးတွေနဲ့ပဲ ပြည့်နေတော့တာ မဟုတ်လား "

" မေမေ ဘယ်ကိုသွားမလဲ "

" ချက်ချင်းတော့ မပြောနိုင်သေးဘူး။ ခရီးထွက်ရမှာပဲပေါ့။ အခုလို သားရဲ့အဖေဆုံးပြီးစမှာ မေမေ ခရီးထွက်သွားတယ်ဆိုတော့ အကြောင်းပြလို့လဲ ကောင်းတယ်လေ။ စိတ်ပြေလက်ပျောက် ခရီးထွက်သွားတယ်ပေါ့ "

" ဘယ်သူမှ မမြင်နိုင်တဲ့ တစ်နေရာရာမှာ သွားနေစေချင်ပါတယ် မေမေ။ သုံးလေးပတ်လောက်ပေါ့ "

" လွယ်ပါတယ်။ မေမေ့မှာ အတွေ့အကြုံရှိခဲ့ပြီးသားပဲ။ ဟိုတုန်းကလဲ ရန်သူ့လက်က လွတ်အောင် မေမေရှောင်ခဲ့တိမ်းခဲ့ရတာပဲ။ ဒီတုန်းက သားက ငယ်သေးတယ်။ မေမေတို့ သားအမိကို ဘယ်သူမှမတွေ့အောင် ပုန်းခဲ့ဖူးသေးတာပဲ။ ဒီလိုမလုံခြုံတဲ့ဘဝကို သားရဲ့ဖေဖေ ရစ်ချတ်က အဆုံးသတ်ပေးလိုက်တယ်လေ။ လုံခြုံမှုကို ပေးခဲ့တယ်။ မေမေ ဘယ်ရောက်နေတယ်ဆိုတာ သားကို အသိပေးပါ့မယ် "

" ဘယ်လိုလုပ်ပေးမလဲ မေမေ "

အယ်လ်သိန်းက ခဏဆိုင်းသွားသည်။

" ကူရာကောင်းမှာ သားရဲ့သူငယ်ချင်း ဆမ်ရှိတယ် မဟုတ်လား။ သူ့ကို ပြောထားလိုက်မယ်လေ "

" ကောင်းတယ်မေမေ။ ဆမ်ကို ကျွန်တော် မေးကြည့်ပါ့မယ် "

နိုဝယ်က ဖုန်းကိုပြန်ချပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ လမ်းပေါ်သို့ ငုံ့ကြည့်သည်။ အစိမ်းရင့်ရောင် ဖီးယက်ကားသည် လမ်းဘေးမှာ ရပ်ထားဆဲ ဖြစ်ကြောင်း တွေ့ရသည်။

ဟယ်လ်ဒင် အကြောင်းကို စဉ်းစားမိသည်။

ညနေငါးနာရီထိုးလို့မှ ဖုန်းမဆက်လျှင် မိမိကပင် ဆက်ရတော့မည်ဟုလည်း ဆုံးဖြတ်လိုက်လေသည်။ သူ့ကို တွေ့မှဖြစ်မည်။

နောက်ပြီးတော့ သေနတ်တစ်လက်ရမှ ဖြစ်တော့မည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလေးငါးရက်လဲ. . . လေးငါးရက် ကိုယ်စောင့်မနေချင်ဘူး။ ဘယ်အရပ်မှာပဲဖြစ်ဖြစ် သူ့ကို ကိုယ်တွေ့မယ်။ အချိန်တွေ ဖြုန်းမနေနိုင်တော့ဘူး "

နိုဝယ်က ဒေါသတကြီးဖြင့် ဖုန်းထဲသို့ အော်ပြောနေမိသည်။

" အဲဒီရက်လောက်ကျမှ ပါရီမြို့ကို ပြန်ရောက်မယ်လို့ သူက ပြောသွားတယ်။ နောက်ပြီးတော့ အခုရက်ပိုင်းအတွင်း ဘာလင်မြို့ကို ရှင်သွားပါတဲ့။ တစ်ရက်နှစ်ရက်ပဲ ကြာမှာပဲ မဟုတ်လား " ဟု ဟယ်လ်ဒင်က ပြန်ပြောသည်။

" ကက်စလာအကြောင်း သူသိသလား "

" နာမည်ကိုတော့ မပြောဘူး။ ဒါပေမယ့် ဘာလင် အကြောင်းကိုတော့ သူသိတယ် "

" သူဘယ်မှာလဲ "

" အေသင်က လေဆိပ်မှာ "

ဘာရိန်းမြို့မှ သူပျောက်သွားသည်မှာ လေးရက်လောက်ရှိပြီဖြစ်ကြောင်း၊ အင်္ဂလိပ်စုံထောက်များ ပြောပြလိုက်သည်ကို သူပြန်သတိရသည်။ သူသည် တစ်နေရာတည်းမှာ ရက်ကြာကြာမနေပဲ အမြဲမပြတ် ခရီးသွားနေသူဖြစ်သည်။

" အင်္ဂလိပ်တွေအကြောင်း သူဘာပြောသေးသလဲ "

" သူအရမ်းစိတ်ဆိုးတယ်။ ဒီလို ဖြစ်တော့မှာပဲဆိုတာလဲ ကျွန်မကြိုတွေးထားပြီးသားပါ။ သူတို့ နိုင်ငံခြားရေးဌာနကလူတွေ အနေရအထိုင်ရခက်ကုန်အောင် သတင်းရေးလိမ့်မယ် ထင်တယ်။ သူ အရမ်းစိတ်ဆိုးနေတယ်"

" အဲဒီလိုတော့ မလုပ်သင့်ဘူး။ သတင်းရမယ်ဆိုရင်လဲ သတင်းအမှန်ကိုပဲ တို့ဖတ်ချင်ကြတယ် မဟုတ်လား။ သူ့ကို ပြန်ခေါ်မပေးနိုင်ဘူးလား။ ဒါမှမဟုတ်ရင် ကိုယ်ဖုန်းဆက်လို့ရမလား။ ဒီနေ့ည သူ လေယာဉ်ပျံနဲ့ ပြန်လာနိုင်တာပေါ့။ လေဆိပ်မှာ ကိုယ်သွားကြိုလိုက်မယ် "

" မဖြစ်နိုင်တော့ဘူးထင်တယ်။ သူလေယာဉ်ပျံနဲ့ထွက်သွားလောက်ပြီ။ ဘရပ်ဆယ်လ်မြို့က ဖုန်းနံပါတ်တစ်ခု ပေးသွားတယ်။ ကိစ္စရှိရင် အဲဒီကို ဆက်ပြောထားပါတဲ့။ နောက်နှစ်ရက်လောက်ကြာရင် သူ အဲဒီကိုရောက်မယ်လို့ပြောတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒုက္ခပါပဲ "

" ရှင် စိတ်သိပ်ပူနေပြီ "

" ကိုယ့်မှာ အချိန်လုလုပ်နေရတယ်ကွာ "

" နို၀ယ် . . . "

ဟယ်လ်ဒင်က တံ့ဆိုင်းဆိုင်းဖြင့်ခေါ်ပြီး ရပ်သွားသည်။ အတော်က လေးကြာတော့မှ သူ့အသံ ပြန်ပေါ်လာသည်။

" မနက်ဖြန် ကျွန်မမှာ ဘာအလုပ်မှမရှိဘူး။ ကျွန်မတို့နှစ်ယောက် တွေ့နိုင်မလား။ မြို့ပြင်တစ်နေရာရာကို ကားနဲ့လျှောက်လည်ရအောင်လေ. . ။ ရှင်နဲ့လဲစကားပြောချင်တယ် "

နို၀ယ်မှာ ထိုစကားကြောင့် အနည်းငယ် အထိတ်တလန့်ဖြစ်သွား သည်။ ဟယ်လ်ဒင်နှင့်သူကလည်း တွေ့ချင်ပါသည်။

" မနက်ဖြန်အထိ ဘာဖြစ်လို့စောင့်နေမှာလဲကွာ။ ဒီနေ့ညပဲ ကိုယ် တို့နှစ်ယောက် ညစာအတူတူစားကြရအောင်လေ "

" မဖြစ်ဘူး။ ဒီနေ့ည အစည်းအဝေးရှိနေတယ်။ မနက်ဖြန်မနက် ဆယ်နာရီကျရင် ရှင့်ဟိုတယ်ကို ကျွန်မ လာခဲ့မယ်။ မွန်းလွဲပိုင်းကျတော့ ဘာလင်မြို့ကို ရှင်လေယာဉ်ပျံနဲ့ ထွက်သွားနိုင်တာပေါ့ "

" မင်းသူငယ်ချင်းတွေနဲ့ မင်းတွေ့မလို့လား "

" ဟုတ်တယ် "

" ဟယ်လ်ဒင်. . . ကိုယ့်အတွက်တစ်ခုလုပ်ပေးပါ။ ဒီအကြောင်း ဘယ်သူ့ကိုမှတော့ မပြောစေချင်ဘူး။ ကိုယ်သေနတ်တစ်လက်လောက် လိုချင် တယ်။ ဘယ်လိုလုပ် ရှာရမယ်ဆိုတာ မသိဘူး။ ဥပဒေတွေ ဘယ်လိုရှိတယ်ဆို တာလဲ မသိဘူး "

" ကျွန်မ နားလည်ပါတယ်။ ယူလာခဲ့ပေးမယ်လေ။ မနက်ဖြန်မနက် ကျရင် ယူလာခဲ့မယ် "

" မနက်ဖြန်တွေ့မယ်နော် "

နို၀ယ်က ဖုန်းကိုပြန်တင်ပြီး သူ့လက်ကိုင်အိတ်ကို လှမ်းကြည့်မိသည်။ ဂျီနီဗာအစီအစဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ထိုအိတ်ထဲမှာ ရှိနေ သည်။

ထိုစာရွက်စာတမ်းများအကြောင်း သတိရသောအခါ ဝံပုလွေ၏ခြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မှုများကိုပါ ပြန်လည်အမှတ်ရမိလေသည်။ သူ့ဘဝသည် ဘယ်တုန်းက နှင့်မှ မတူတော့သော အဖြစ်မျိုးသို့ ပြောင်းသွားလိမ့်မည်ဟု ဝံပုလွေများက ပြောခဲ့သည်။

ကိုစတာရီကာမှာ အလုပ်လုပ်တုန်းက သေနတ်တစ်လက်ငှားပြီး ကိုင်ဆောင်ခဲ့ဖူးသည်။ ထိုစဉ်က သူ့ကိုသတ်ဖို့ကြိုးစားသူအား ငှားထားသည့် ထိုသေနတ်ဖြင့် သူ ပြန်ပစ်သတ်ခဲ့ရသည်။

ထိုအချိန်မှစပြီး သေနတ်ကိုင်လိုစိတ် သူ့မှာ မရှိတော့ပါ။ အသက် ရှင်နေသမျှကာလပတ်လုံး သေနတ်မကိုင်တော့ဟုလည်း ပိုင်းဖြတ်ခဲ့မိသည်။

ယခုတော့ အားလုံးပြောင်းလဲသွားပြီ။ အပြောင်းအလဲတွေက မြန် လွန်းလှသည်။ များလွန်းလှသည်။

သူမသိသော လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က သူ့အဖေဆို သူတစ်ယောက်၏ တမလွန်ဘဝမှ အော်ဟစ်တောင်းဆိုသံများသည် ကျယ် လောင်လွန်းလှချေသည်တကား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၂၀ )

" ကျောက်ငါးကြင်း ကြိုက်သလားဟင် "

ဟယ်လ်ဒင်က ကားရှေ့ခုံမှာ ထိုင်လိုက်လာရင်းက နိုဝယ်ကို ပစ္စတို သေနတ်ကလေးတစ်လက် လှမ်းပေးပြီးမေးသည်။

" ကျောက်ငါးကြင်း ကောင်းတာပေါ့။ ဟား. . . ဟား. . . "

နိုဝယ်က ပြန်ဖြေပြီး တစ်ဆက်တည်း ရယ်ချသည်။

" ဘာများ ရယ်စရာ ပါသွားလို့လဲ "

" မပြောတတ်ပါဘူးကွာ။ မင်းက ကိုယ့်ကို သေနတ်တစ်လက်လှမ်းပေးတယ်။ အမျိုးသမီးတစ်ယောက်က အမျိုးသားတစ်ယောက်ကို သေနတ်လှမ်းပေးတယ်ဆိုတာ တော်တော်ကို မဖြစ်သင့်တဲ့ ကိစ္စမျိုးပဲ။ အဲဒီတစ်ချိန်တည်းမှာပဲ နေ့လယ်စာစားဖို့ ဘာဟင်းကြိုက်သလဲလို့ မေးနေပြန်တယ် "

" တစ်ယောက်ရဲ့စိတ်ကူးဟာ တခြားတစ်ယောက်နဲ့တော့ မဆိုင်ဘူး။ ဒါပေမယ့် ဒီနေ့ ဒီလိုအချိန်မျိုးမှာ ရင်ကြုံတွေ့နေရတဲ့ ပြဿနာတွေ အကြောင်းကို ခဏဖြစ်ဖြစ် မေ့ထားလိုက်ဖို့ကောင်းတယ် "

" အဲဒီ အကြောင်းတွေနဲ့ ပတ်သက်ပြီး မင်းကစကားပြောချင်နေတယ်လို့ ကိုယ်က ထင်နေတာ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါတယ်။ ရှင့်အကြောင်းတွေကိုလဲ ပိုပြီးသိချင်နေပါတယ်။ ကျွန်မတို့နှစ်ယောက် စတွေ့တဲ့ညတုန်းက ရှင်ကချည်း မေးခွန်းတွေ မေးနေခဲ့တာ မဟုတ်လား "

" ကိုယ်ကမေးခွန်းတွေမမေးခင် မင်းကလဲကိုယ့်ကို တစ်ကြိမ်းတည်း ကြိမ်းနေခဲ့တာ မဟုတ်လား "

" ဟီး. . . ဟီး. . . အဲဒီအတွက် ကျွန်မဝမ်းနည်းပါတယ်။ ကျွန်မက အရမ်းစိတ်ဝင်စားနေတာကိုး. . . မဟုတ်ဘူးလား "

" စိတ်ဝင်စားတာ မဟုတ်ဘူး။ ရူးတာ။ နောက်ပြီးတော့ မင်းရယ်လိုက်ရင် သိပ်နားထောင်လို့ကောင်းတာပဲ။ မင်းရယ်တတ်တယ်ဆိုတာ ကိုယ်မသိဘူး"

" မကြာခဏ ရယ်ပါတယ် ရှင်ရယ်. . . တစ်လမှာ နှစ်ကြိမ်လောက်တော့ ရယ်ပါတယ်။ နာရီလက်တံလို မှန်မှန်ဆိုပါတော့ "

နိုဝယ်က ဟယ်လ်ဒင်ကို မသိမသာတစ်ချက်လှမ်းကြည့်သည်။

" ကိုယ် ပြောတော့မပြောသင့်ဘူး။ ဒါပေမယ့် ပြောရဦးမယ်။ မင်းမှာ ရယ်စရာတွေ သိပ်မတွေ့ခဲ့ရဘူးလို့ ကိုယ်ထင်တယ် "

ဟယ်လ်ဒင်ကလည်း သူ့ကိုပြန်ကြည့်သည်။ ဟယ်လ်ဒင်၏မျက်နှာပေါ်တွင် အပြုံးကလေးရှိနေဆဲပင်။

" ရှင် ထင်တာထက်တောင် ပိုဆိုးလိမ့်ဦးမယ်။ ကျွန်မက လူတစ်ဘက်သားအပေါ်မှာ အနိုင်ယူတတ်တဲ့လူမျိုးမဟုတ်ဘူး။ ကျွန်မဟာ မပျော်တတ်မရွှင်တတ်ပဲ မျက်နှာတည်တည်ကြီးနဲ့ အမြဲနေနေတတ်တဲ့ မိန်းကလေးလို့ ရှင်ထင်နေတယ်ဆိုတာ ကျွန်မသိပါတယ် "

" ဟိုနေ့ညတုန်းက ကိုယ်တို့နှစ်ယောက်ပြောခဲ့ကြတဲ့စကားတွေကလဲ ရယ်စရာတွေ မဟုတ်ဘူးလေ "

ဟယ်လ်ဒင်က သူ့ဒူးနှစ်လုံးကို လက်နှစ်ဘက်ဖြင့် ပြန်လည်သိုင်းဖက်ထားသည်။ ခဏကြာအောင် သူတို့တိတ်ဆိတ်နေကြသည်။

" သူတို့အကြောင်းကိုပဲ ရှင် အမြဲတမ်းစဉ်းစားနေသလား ဟင် "

" ဘယ်သူ့အကြောင်းလဲ "

" ရှင်နဲ့ကျွန်မတို့ မသိတဲ့အဖေတွေကိုလေ။ သူတို့လုပ်ခဲ့တာတွေဟာ မယုံကြည်နိုင်စရာပဲ။ သိပ်လဲ ရဲတင်းလွန်းတယ် "

" သူတို့လုပ်ခဲ့တာ တစ်ကြိမ်မဟုတ်ဘူး။ အကြိမ်ပေါင်းရာနဲ့ချီတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်နဲ့ချီတယ်။ တစ်ကြိမ်နဲ့တစ်ကြိမ် လုပ်ပုံကိုင်ပုံချင်း မတူဘူး။ အားလုံးက လဲ ပြဿနာပေါင်းစုံနဲ့ ရှုပ်နေတာပဲ။ လပေါင်းများစွာကြာတယ်။ သုံးနှစ်တောင် ကျော်တယ် ”

“ သူတို့ အသက်ရှင်နေခဲ့ကြတဲ့အချိန်ဟာ သေဘေးနဲ့နီးလိုက်တာ နော် ”

“ ဟုတ်တယ် ”

“ ဘာကြောင့် သူတို့ဒီအလုပ်တွေလုပ်ခဲ့ကြတာလဲဟင်. . . ”

“ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ဟိန်းနရစ်ကလော်ဆင်က ကိုယ့်ဆီ ကို စာတစ်စောင် ရေးထားခဲ့တယ်။ ဒီအချိန်တုန်းက သူတို့ကြုံတွေ့နေကြရတဲ့ ဒုက္ခတွေဟာ မယုံကြည်နိုင်စရာကောင်းလောက်အောင်ကို ကြီးမားပါတယ်။ သူတို့မြင်တွေ့နေရတာတွေကလဲ နည်းမမှန်လမ်းမမှန်အဖြစ်အပျက်တွေချည်း ပဲလေ။ ဒါကြောင့် အဲဒီအမှားတွေကိုပြင်ဖို့ သူတို့အသက်စွန့်ပြီး လုပ်ခဲ့ကြတာပဲ”

ဟယ်လ်ဒင်က သူ့လက်မောင်းကို လာကိုင်သည်။

“ ရှင်က သူ့ကို ဟိန်းနရစ်ကလော်ဆင်လို့ခေါ်တယ်နော်။ အဖေလို့ မခေါ်နိုင်ဘူးလား ”

“ ကိုယ့်မှာ အဖေရှိတယ်လေ။ အခုတော့ သေသွားပြီ။ လွန်ခဲ့တဲ့ ငါးရက်လောက်ကပဲ အသတ်ခံသွားရတယ် ”

ထိုစကားကို နိုဝယ်က တုံ့ဆိုင်းဆိုင်းဖြင့် ပြောသည်။ အဖေ့အကြောင်း ကို စဉ်းစားမိသောကြောင့်လည်း ရင်ထဲမှာ နာကျင်လာပြန်သည်။

“ အိုး . . . ဘုရားသခင်. . အသတ်ခံရတယ်. . . ဂျီနီဗာကိစ္စကြောင့် များလားဟင်. . . ”

ဟယ်လ်ဒင်က သူ့ကိုစိုက်ကြည့်ရင်းမေးသည်။ တကယ် စိတ်ထိခိုက် သွားသည်မှာလည်း ထင်ရှားလေသည်။

“ ကိုယ်မသိဘူး ”

“ ဒါပေမယ့် ထင်တော့ထင်တယ် မဟုတ်လား ”

“ ဟုတ်တယ် ”

နိုဝယ်က ကားလက်ကိုင်ကို တင်းတင်းကျပ်ကျပ် ကိုင်ထားသည်။

“ ကျွန်မ စိတ်မကောင်းပါဘူး နိုဝယ်။ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ရှင် စိတ်သက်သာရာရသွားအောင် တစ်နည်းနည်းနဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဖြေသိမ့်ပေးချင်ပါတယ်။ ဒါပေမယ့် ဘယ်လိုနည်းနဲ့ ဖြေသိမ့်ပေးရမယ်ဆိုတာကိုလဲ ကျွန်မ မသိဘူး ”

နိုဝယ်က လှည့်ကြည့်သည်။ ချစ်စရာကောင်းသော ဟယ်လ်ဒင်၏မျက်နှာနှင့် မျက်လုံးအစုံက အမှန်တကယ်ပြောနေခြင်းဖြစ်ကြောင်း ဖော်ပြနေကြလေသည်။

“ မင်းမှာလဲ မင်း ဒုက္ခတွေနဲ့ ပင်လယ်ဝေနေတာပါကွာ။ အခုလိုစကားမျိုးပြောတာနဲ့ပဲ လုံလောက်သွားပါပြီ။ မင်း တော်ပါတယ် ဟယ်လ်ဒင်။ မင်းလိုမိန်းကလေးမျိုး များများစားစား ကိုယ် မတွေ့ဖူးပါဘူး ”

“ ကျွန်မ ဒီစကားမျိုးကိုပဲ ပြောရလိမ့်မယ်ထင်တယ်။ ရှင်လဲ လူတော်တစ်ယောက်ပါပဲ ”

“ ကဲ. . . ကိုယ်တို့နှစ်ယောက် ပြောချင်တာတွေ ပြောခဲ့ကြပြီးပြီ။ ကျောက်ငါးကြင်းဟင်းနဲ့ ထမင်းစားဖို့အကြောင်း ပြောကြဦးစို့လေ။ ကိုယ်တို့ဘယ်ကိုသွားနေကြတယ်ဆိုတာလဲ မင်း ပြောမပြသေးပါလား ”

“ ဘာဘီဇုံကိုသွားနေတာ။ အဲဒီတောမြို့ကလေးရဲ့အလယ်မှာ ချစ်စရာကောင်းတဲ့ စားသောက်ဆိုင်ကလေးတစ်ခုရှိတယ်။ ဘာဘီဇုံကို ရောက်ဖူးသလားဟင် ”

“ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ ”

ထိုသို့ပြန်ပြောရင်း နောက်ကြည့်မှန်ကို အမှတ်မထင် ကြည့်လိုက်မိသည်။

အစိမ်းရင့်ရောင် ဖီးယက်ကားသည် သူတို့နောက်မှ လိုက်လာနေကြောင်း မြင်လိုက်ရသည်။ မနေ့တုန်းက မြင်ခဲ့ရသည့်ကား ဟုတ်မဟုတ် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

ထို့ကြောင့် ဟုတ်မဟုတ် စမ်းသပ်ကြည့်ချင်စိတ် ပေါက်လာသည်။ ထိုအကြောင်း ဟယ်လ်ဒင်ကို ပြောမပြဘဲထားဖို့ပါ ဆုံးဖြတ်လိုက်သည်။

ကားအရှိန်ကို သူက လျှော့ချလိုက်သည်။ ဖီးယက်ကား သူတို့နောက်သို့လိုက်နေခြင်း မဟုတ်ပါက ကျော်တတ်သွားပေလိမ့်မည်။

သို့သော် ထိုကားက သူတို့ကိုကျော်တတ်မသွား။ သူလိုပင် အရှိန်ကိုလျှော့ချသည်။ နောက်မှလိုက်လာသော ကားတစ်စီးက သူ့ကို ကျော်တတ်လာသည်။ ဖီးယက်ကားနှင့် သူတို့ကား ကြားထဲသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အရှိန်ကိုလျှော့ချမြဲချနေသည်။ ဖီးယက်ကားကလည်း ခပ်လှမ်းလှမ်းမှနေ၍ အရှိန်လျှော့ချနေသည်။

" ဘာဖြစ်လို့လဲဟင် "

ဟယ်လ်ဒင်က နားမလည်သလို မော့ကြည့်ပြီးမေးသည်။

" မနေ့က ငှားလာကတည်းက ဒီကား ဗွေဖောက်ချင်နေတာ။ ကာဗျူရက်တာကို နည်းနည်းပြင်ဖို့လိုနေတယ်။ လေပေါက်က မကြာခဏပိတ်ချင်တယ်။ လေမပိတ်ရင် ဆီအလိုက်မှန်ပြီး ကားက စက်မှန်နေရော။ လေပေါက်ပိတ်ရင် ဆီလိုက်မမှန်တော့ပဲ တစ်ချက်တစ်ချက်ထိုးရပ်ချင်တယ်။ လေပေါက်ဖွင့်သွားအောင် လီဗာကိုအဆုံးအထိ နင်းနင်းပေးရတတ်တယ် "

" ရှင်ပြောပုံက ကားနဲ့ပတ်သက်ပြီး သိပ်ကိုတတ်ကျွမ်းတဲ့ ပုံမျိုးပဲနော်"

" ကိုယ်ဟာ မက္ကင်းနစ် အသေးစားကလေးပေါ့။ မက်ဆီကိုလို နိုင်ငံမျိုးမှာ သွားအလုပ်လုပ်ရင် ကားအကြောင်း အထိုက်အလျောက်တော့ သိကျွမ်းထားရတယ် "

နိုဝယ်က နောက်သို့ပြန်ကြည့်ပြန်သည်။ ဖီးယက်ကားက သူနှင့်အမြန်နှုန်းချင်းညှိကာ မောင်းနေသည်ဟု ထင်ရသည်။

လီဗာကို နာနာဖိနင်းလိုက်သည်။ ယခုတစ်ကြိမ်နင်းခြင်းသည် ရိုးရိုးသားသားနင်းခြင်းဖြစ်သည်။ စက်သံမှန်မှန်ဖြင့် ကားက အရှိန်နှင့်ပြေးသည်။

" ဟော့ . . . လေပေါက်ပွင့်သွားပြီ " ဟုလည်း ဟယ်လ်ဒင်ကို လှည့်ပြောသည်။

နောက်မှကားကို ကြည့်သည်။ နောက်ကားကလည်း အရှိန်မြန်လာသည်။ သူတို့နောက်သို့ နောက်ယောင်ခံလိုက်နေသည်မှာ သေချာသွားပြီ။ ကားထဲမှာ ဘယ်သူတွေပါသနည်း။ မည်သည့်ရည်ရွယ်ချက်ဖြင့် နောက်ယောင်ခံလိုက်နေကြသနည်း။

နယူးယောက်မြို့မှာ အဖေ့ကိုကားနှင့်တိုက်ပြီး လုပ်ကြံခဲ့သည်။ ထိုအမှုနှင့် ယခု ဖီးယက်ကား မည်သို့ပတ်သက်သနည်း။

ပို၍သေချာအောင် စမ်းမှဖြစ်တော့မည်ဟု ဆုံးဖြတ်သည်။

" ကားကောင်းသွားပြီ။ လေပေါက်လဲပွင့်သွားပြီ။ ဘာဘီဇုံမှာ နေ့လည်စာသွားစားဖို့ စိတ်ကူးရတာဟာ အင်မတန်ကို ကောင်းတဲ့စိတ်ကူးပဲ။ ကိုယ်လမ်းတွေကို မှတ်မိသေးရဲ့လားဆိုတာ ကြည့်ရအောင် "



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောရင်း ကားဆက်မောင်းသည်။

သို့သော် သူလမ်းမများကို မမှတ်မိပါ။

တကယ်ကတော့ လမ်းများကို မမှတ်မိချင်ယောင်ဆောင်ပြီး တမင် လမ်းမှားနေခြင်းဖြစ်သည်။ ဟိုလမ်းဝင်လိုက်၊ ဟယ်လ်ဒင်က လမ်းမှားကြောင်း ပြောလိုက် ရယ်မောပြီး လမ်းမှန်ပေါ်သို့ ပြန်မောင်းတင်လိုက်ဖြင့် လုပ်လာသည်။

သူထိုသို့ လုပ်နေချိန်မှာလည်း ဖီးယက်ကားက သူတို့ကို ကျော်မ တက်ပဲ ခပ်ခွာခွာမှ မှန်မှန်လိုက်လာနေသည်။

ထိုအခိုက် လမ်းဘေးတစ်နေရာတွင် ကားတစ်စီးပျက်နေသည်ကို တွေ့ရသည်။ ယခုမှ အကွက်ကောင်းမိသည်ဟု တွေးမိကာ စိတ်ချမ်းသာသွား ပြီး ထိုကား ပျက်နားမှာ နိုဝယ်က ကားကိုရပ်သည်။

နောက်မှလိုက်လာသော ဖီးယက်ကားသည် မည်သို့မှ မတက်နိုင် တော့ဘဲ နိုဝယ်တို့၏ကားကို ဟန်မပျက် ကျော်တက်သွားရလေတော့သည်။

နိုဝယ်က ကားထဲကို လှမ်းကြည့်သည်။ မောင်းသူတစ်ယောက်ပါ သည်။ ဆံပင်အညိုရောင် ခပ်ပျော့ပျော့ဖြစ်သည်။

သို့သော်လည်း အလွန်ထင်ရှားသည့်အချက်များကို နိုဝယ် သတိထား လိုက်မိလေသည်။ ထိုသူ၏ ပါးပြင်နှစ်ဘက်ပေါ်တွင်ရှိသော ကျောက်ပေါက် မာလို အမှတ်များဖြစ်သည်။

ပျက်နေသည့် ဒရိုင်ဘာက ပြင်ပေးမည့်လူရောက်လာတော့မည်ဖြစ် ကြောင်း ရှင်းပြပြီး ကျေးဇူးတင်စကား ပြောသည်။ သူတို့လည်း ဟန်မပျက်ပင် ကားဆက်မောင်းလာကြသည်။

" လူတစ်ဘက်သားကို ဒီလိုအကူအညီပေးတတ်တာ သိပ်ကောင်းတာ ပဲ " ဟု ဟယ်လ်ဒင်က ပြောသည်။

" အမေရိကန် ကိုရှုပ်ဆိုးတွေဟာလဲ တစ်ခါတစ်လေကျတော့ အခုလို ကောင်းရာမွန်ရာကလေးတွေကို လုပ်တတ်ကြပါသေးတယ်ကွယ် "

နိုဝယ်က ထိုသို့ပြန်ဖြေရင်း သူ့ကားကို လမ်းမကြီးပေါ်သို့ မောင်း တင်လိုက်လေသည်။

❖

နိုဝယ်နှင့် ဟယ်လ်ဒင်တို့နှစ်ယောက် နေ့လယ်စာအတူစားကြသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ အလွန်တရာစိတ်ချမ်းသာစရာ ကောင်းလှပါသည်။

အထူးသဖြင့် ဟယ်လ်ဒင်က နိုဝယ်ကို ကယုကယင်လုပ်နေသောကြောင့် ပို၍စိတ်ချမ်းသာစရာကောင်းသည်ဟု နိုဝယ်ထင်လေသည်။

ရောက်တတ်ရာရာများကိုလည်း သူတို့ပြောဆိုဖြစ်ကြသည်။

" မင်းအစ်ကိုက ဗျူးမောင့်အကြောင်း ဘာမှမပြောဘူးလား " ဟု နိုဝယ်က မေးသည်။

" ပြောပါတယ်။ သူ့အကြောင်း ကျွန်မပြောပြလိုက်တော့ သူစိတ်ဆိုးတယ်။ လေယာဉ်ပျံပေါ်မှာ ရှင်တွေ့ခဲ့ရတဲ့လူဟာ ဗျူးမောင့် ဟုတ်ချင်မှဟုတ်မှာတဲ့။ ရှင်လူမှားတာလဲ ဖြစ်နိုင်တယ်တဲ့။ အစ်ကိုက သူနဲ့တွေ့ဖို့ရှင်လာရင် ဗျူးမောင့်ခါတ်ပုံကိုပါ တစ်ပါတည်း ယူလာစေချင်တယ်။ ရှင့်လက်ထဲမှာ အဲဒီခါတ်ပုံ မရှိတော့ဘူးလို့ ကျွန်မပြောပြလိုက်တယ်။ သူအကြီးအကျယ် ဒေါသဖြစ်ပြန်ရော "

" ခါတ်ပုံကြောင့်လား "

" ဟုတ်တယ်။ သူကပြောတယ်။ ဒီကိစ္စဟာ အန္တရာယ်ဖြစ်လာနိုင်တယ်တဲ့။ ဂရက်ချန်ကို လူတွေက တစ်မျိုးတစ်မည်ထင်သွားနိုင်တယ်။ အဲဒီလိုထင်သွားရင် ရှင်တို့ရဲ့ ဂျီနီဗာအစီအစဉ်ကြီးကို ထိခိုက်လာနိုင်တယ်တဲ့ "

" ကိုယ့်အိတ်ထဲက ခါတ်ပုံကိုပြန်ယူသွားတာနဲ့ပတ်သက်လို့တော့ အဖြေက ရှင်းပါတယ်။ ရေတပ်မတော်သားတွေ အချင်းချင်းဟာ သိပ်ကို စည်းလုံးညီညွတ်ကြတယ် မဟုတ်လား။ ဒါကြောင့် သူတို့လုပ်ဖော်ကိုင်ဖက် အရာရှိတစ်ယောက် ဂုဏ်သိက္ခာကျနိုင်တဲ့အဖြစ်မျိုးကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကိုယ့်ဆီက ခါတ်ပုံကို ပြန်ယူသွားတာ ဖြစ်မှာပါပဲ "

ထိုသို့ပြောရင်း နိုဝယ်က ဆိုင်အပြင်ဘက်သို့ လှမ်းကြည့်သည်။ ကမ္ဘာလှည့်ခရီးသည်တွေဖြင့် လမ်းပေါ်မှာ စည်ကားနေသည်။ ဆိုင်များထဲသို့ ဝင်သူထွက်သူ၊ အပြင်မှာ လမ်းလျှောက်သူများနှင့် လှုပ်လှုပ်ရွရွဖြစ်နေသည်။

ထိုအချိန်မှာပင် လမ်းဘေးတစ်နေရာတွင် ရပ်နေသော ဆံပင်အညိုရောင်ပျော့ပျော့နှင့်လူကို တွေ့ရသည်။ သေသေချာချာစိုက်ကြည့်သည်။ သူ လူမမှားနိုင်ပါ။

ထိုသူ၏မျက်နှာပေါ်မှ ကျောက်ပေါက်မများကို အထင်အရှား မြင်တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းဆိုလျှင်တော့ နောက်တစ်နည်း စမ်းသပ်ဦးမှဖြစ်မည်ဟု နို့ဝယ် စိတ်ကူးရလိုက်လေသည်။

" ကိုယ်ငယ်ငယ်တုန်းက ကျောင်းမှာ ပြင်သစ်နိုင်ငံအကြောင်း သင်ရတယ်။ ဟောဒီဘာဘင်ဇုံနားမှာ ကြီးမားတဲ့ ဘုရားရှိခိုးကျောင်းကြီးတစ်ခုရှိတယ်ဆိုတာ မှတ်မိတယ်။ ဖိတီဒဟိုင်းဗားဆိုလား . . . ကိုယ်ကောင်းကောင်း မမှတ်မိတော့ဘူး "

ထိုသို့ပြောပြီး ဟယ်လ်ဒင်ကို မသိမသာ အကဲခတ်သည်။

" ရှိတယ်။ ဖိတီဒဟိုင်းဗား . . . ဒီကနေ တောင်ဘက်ကို ခုနစ်မိုင်ရှစ်မိုင်လောက် ဝေးတယ် "

" ဒါဆိုရင် အတော်ပဲ။ သိပ်ဝေးတာလဲ မဟုတ်ဘူး။ ကိုယ်တို့ အဲဒီကို သွားကြည့်ကြရအောင်လား "

" သွားလေ. . . အဲဒီမှာလဲ စည်တာပါပဲ။ ပျော်စရာရွှင်စရာတွေလဲ ရှိတယ် "

" ကဲ. . . သွားစို့ "

\+ \+ \+

နေရောင်က အလွန်တောက်ပနေသည်။ နို့ဝယ်က ကားနောက်ကြည့်မှန်ထဲသို့ မပြတ်ကြည့်နေသည်။

အစိမ်းရင့်ရောင် ဖီးယက်ကားသည် သူတို့နှင့် ခပ်လှမ်းလှမ်းမှ လိုက်လာသည်။ အကွေ့များနှင့် အကွယ်များတွင် ပျောက်သွားလိုက် ပေါ်လာလိုက်ဖြင့် မြင်တွေ့နေရသည်။

သည်အတိုင်းဆိုလျှင်တော့ သူတို့နောက်သို့ နောက်ယောင်ခံလိုက်နေသည်မှာ သေချာသွားပြီဟု နို့ဝယ်က စိတ်တိုးတိုးချလိုက်လေသည်။

ဘုရားရှိခိုးကျောင်းဝင်းအတွင်းမှာ သူတို့ငှားလာသည့် မော်တော်ကားကို ရပ်ပစ်ခဲ့သည်။ ပြီးတော့ ဈေးဆိုင်များဖြင့် စည်ကားနေသည့် နေရာသို့ လက်ချင်းချိတ်ပြီး လျှောက်လာကြသည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လျှောက်ကြည့်သည်။

ဟယ်လ်ဒင်က ပတ်ဝန်းကျင်ကို စိတ်ဝင်စားသော်လည်း နို့ဝယ်ကတော့ ကျောက်ပေါက်မနှင့်လူကိုသာ ဂရုစိုက်ရှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် လူအုပ်တွင်းတစ်နေရာမှာ ရပ်နေသည်ကို မြင်ရသည်။ နိုဝယ်တို့နှင့် ခပ်စောင်းစောင်းနေရာယူထားသည်။

" မင်းဖို့ လက်ဆောင်ပစ္စည်းကလေးတစ်ခု ကိုယ်မြင်ထားတယ်။ သွားဝယ်လိုက်ဦးမယ်နော် "

" အို. . . အပိုအလုပ်တွေ. . . "

" ဒီနေရာက စောင့်နေ. . . ကိုယ်အခုချက်ချင်း ပြန်လာခဲ့မယ် "

" ဒီလိုဆိုရင် ကျွန်မ ဟောဟိုအနားက စောင့်နေမယ်။ ပန်းအိုးတွေပြထားတာ ကြည့်ရင်းနဲ့ စောင့်နေမယ် "

ဟယ်လ်ဒင်က တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

" ကောင်းတယ်။ ခဏနေမှ ပြန်တွေ့မယ်နော် "

နိုဝယ်က ဟယ်လ်ဒင်ကို ကျောခိုင်းခဲ့ပြီး လူအုပ်ကြားထဲသို့ တိုးဝင်ခဲ့သည်။ ကျောက်ပေါက်မနှင့်လူ ရပ်နေသည့်နေရာသို့ နောက်ကျောမှ တိုးဝှေ့လျှောက်သွားသည်။

သည်နေ့ကျမှ လူတွေကလည်း ကျပ်လွန်းလှသည်ဟု ထင်သည်။

ကျောက်ပေါက်မနှင့်လူသည် နိုဝယ်တို့စောစောက ရပ်နေသည့်နေရာသို့ အမှတ်မထင် လှမ်းကြည့်သည်။ နိုဝယ်တို့နှစ်ယောက်စလုံး ထိုနေရာတွင် မရှိတော့သဖြင့် ထိုသူ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်ကို မျက်တောင်မခတ် ကြည့်နေသော နိုဝယ်က ကောင်းကောင်း သတိပြုလိုက်မိလေသည်။

ကျောက်ပေါက်မနှင့်လူက ပတ်ဝန်းကျင်သို့ ကျီးကန်းတောင်းမှောက်ကြည့်သည်။ နိုဝယ်က သူ့ကိုမမြင်အောင် လူအုပ်ကြားထဲမှာ ကွယ်နေသည်။

မလှမ်းမကမ်းကနေရာတွင် ဟယ်လ်ဒင်ကို ထိုသူမြင်သွားသည်။ ထိုအခါကျမှပင် သက်ပြင်းချလိုက်ပြီး ပြန်လည်တည်ငြိမ်သွားသည်။

သည်အတိုင်းဆိုလျှင် မိမိတစ်ယောက်တည်းကို နောက်ယောင်ခံလိုက်နေခြင်း မဟုတ်ကြောင်း၊ မိမိတို့နှစ်ယောက်စလုံးကို နောက်ယောင်ခံလိုက်နေခြင်း ဖြစ်ကြောင်း၊ တစ်ယောက်မဟုတ်တစ်ယောက် သူ့မျက်စိအောက်မှာရှိနေလျှင် လုံလောက်ပြီဆိုသည့် သဘောမျိုးဖြစ်ကြောင်းကိုပါ နိုဝယ် တွေးမိသည်။

သူကြည့်သည့်နေရာသို့ လှမ်းကြည့်လိုက်သောအခါ ပန်းအိုးများရောင်းသည့်ဆိုင်ရှေ့တွင် ဟယ်လ်ဒင်လျှောက်ကြည့်နေသည်ကို နိုဝယ် မြင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သူ့အဖေ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကို ကားနှင့်တိုက်သတ်သည့် အကြောင်း စဉ်းစားမိသည်။ ဒရိုင်ဘာသည် သူ့သဘောနှင့်သူ တိုက်ခြင်း ဟုတ်ချင်မှဟုတ်မည်။ ကားထဲတွင် တစ်ယောက်ယောက်ပါလာပြီး ဒရိုင်ဘာကို သေနတ်နှင့်ချိန်ကာ ဝင်တိုက်ခိုင်းခြင်းဖြစ်နိုင်ကြောင်း စုံထောက်မိုင်းလ်စ်ပြော သည့်စကားကိုပါ ပြန်လည်ကြားယောင်မိသည်။

ထိုအခါကျမှပင် စောစောက ဟယ်လ်ဒင်ပေးထားသည့် ပစ္စတို သေနတ်ကလေးကို နိုဝယ် သတိရသည်။ အိတ်ထဲမှာ စမ်းကြည့်သည်။ သေနတ် ကို သွားစမ်းမိသည်။

ရှေ့သို့ ဆက်တိုးလာခဲ့သည်။

ထိုအခိုက် လူတစ်ယောက်က သူ့ရှေ့မှ ပိတ်ထားသည်။ ကျောက် ပေါက်မနှင့်လူ အနားသို့ရောက်ရန် ပေနှစ်ဆယ်လောက်သာ လိုတော့သည်။

ရှေ့မှလူ လုပ်နေပုံသည် တမင်လမ်းပိတ်ထားခြင်းဖြစ်ကြောင်း သိ သာထင်ရှားနေသည်။ အများတကာလို တိုးရင်းဝှေ့ရင်း မတော်တဆပိတ်မိနေ သည့် သဘောမျိုးမဟုတ်။

နိုဝယ်က ဗယ်ဘက်မှရှောင်သွားရန် ခြေလှမ်းပြင်လိုက်သည်။ ထိုသူ က ဗယ်ဘက်သို့ လိုက်ပိတ်သည်။ နိုဝယ်က ညာဘက်မှ ကွေ့သွားရန်တိုး သည်။ ထိုသူက ညာဘက်သို့ လိုက်ပိတ်သည်။

သူ့ကို လမ်းပိတ်နေသည်မှာ တမင်လုပ်နေခြင်းဖြစ်ကြောင်း နိုဝယ် အခိုင်အမာ ယုံကြည်သွားလေသည်။

“ ဟေ့လူ . . . ဖယ်စမ်း . . . ဘာကိစ္စ လမ်းလိုက်ပိတ်နေရတာလဲ”

နိုဝယ်က စိတ်တိုတိုဖြင့် အော်လိုက်သည်။ ထိုသူကိုလည်း ဆောင့် တွန်းမိသည်။

သူ၏ ဒေါသတကြီးအော်သံ၊ အင်္ဂလိပ်စကား ပြောသံတို့ကြောင့် ကျောက်ပေါက်မနှင့်လူက နောက်လှည့်ကြည့်သည်။ သူနှင့် မလှမ်းမကမ်းသို့ ရောက်နေပြီဖြစ်သော နိုဝယ်ကို တွေ့သွားသည်။ သူ့မျက်လုံးများ ပြူးကျယ် သွားသည်။ မျက်နှာပေါ်မှာ သွေးရောင်ကြောင့် နီသွားသည်။

ကျောက်ပေါက်မနှင့်လူက တစ်ဘက်သို့ ‘ချာ’ကနဲလှည့်ကာ လူအုပ် အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ် ပိုပြီး ဒေါသဖြစ်လာလေသည်။

“ ဟေ့လူ. . . ဖယ်လို့ပြောနေတာ မကြားဘူးလား ”

နိုဝယ်က ထိုသို့ပြောရင်း ဆောင့်အတိုးလိုက်တွင် အတိုးခံရသူ၏ လက်တစ်ဘက် လှုပ်ရှားသွားသည်။ နိုဝယ်၏ကိုယ်လုံးဆီသို့ လက်နက်တစ်ခုခု ‘လှစ်’ကနဲဝင်လာသည်ကို မြင်လိုက်ရသည်။

ကိုယ်ခံပညာ ပြည့်ဝပြီးဖြစ်သော နိုဝယ်က ထိုလက်ကို ဖမ်းချုပ်ရင်း သူ့ကိုယ်ကို လိမ်ပစ်လိုက်သည်။

ထိုကြားထဲကပင် သူ့ကုတ်အင်္ကျီအစမှာ တစ်စုံတစ်ရာနှင့်ထိမိပြီး အနည်းငယ်ပြဲသွားသည်။

အရောင်လက်နေသော ဓားမြှောင်။

နိုဝယ်က ထိုလက်ကို မလွှတ်ရဲတော့။ လက်ကောက်ဝတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အားကုန်လိမ်သည်။ ရန်သူ၏ကိုယ်လုံးကိုလည်း ပြောင်းပြန်လှည့်ပစ်လိုက်သည်။

ရန်သူ၏လက်ထဲမှ ဓားမြှောင် လွင့်စင်ထွက်သွားသည်။ သူတို့နှင့် မလှမ်းမကမ်းမှာ သွားကျသည်။

အနီးတဝိုက်ရှိလူများ ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ အော်သူက အော်သည်။ ပြေးသူက ပြေးသည်။ သို့သော်လည်း နိုဝယ်က ထိုအသံများကို ဂရုစိုက်မနေနိုင်ပါ။

သူ့ကိုလမ်းပိတ်ပြီး တိုက်ခိုက်သူကိုသာမဲနေသည်။ လက်ကို မလွှတ်တမ်းလိမ်ထားရင်း မြေပြင်ပေါ်သို့ ကိုင်ပေါက်ပစ်ဖို့ကြိုးစားသည်။ တိုက်ခိုက်သူသည် သူလောက် ကိုယ်ခံပညာမရှိကြောင်းကိုလည်း ရိပ်စားမိသွားပြီ။

ထိုအချိန်တွင်ပင် သူ၏ဇက်ပိုးပေါ်သို့ မာကျောသောပစ္စည်းတစ်ခု ပြင်းထန်စွာကျလာသည်။

မိုက်ကနဲဖြစ်သွားသည်။ ရှေ့သို့ ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားသည်။ လက်ထဲမှ ရန်သူလွတ်သွားသည်။ သတိလစ်မသွားအောင် ထိန်းနေရသည်။

အနီးတဝိုက်ရှိ ကမ္ဘာလှည့်ခရီးသည်များ၏ အော်ဟစ်သံက ပိုမိုကျယ်လောင်လာသည်။ ပြေးကြ၊ လွှားကြ၊ လဲကျ၊ ပြိုကြဖြင့် ဗရုန်းသုန်းကား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူပြန်ထိန်းပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။ သူ့ကိုနှစ်ယောက်က ဝိုင်းဝန်းတိုက်ခိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်သည်။

ယခု ထိုနှစ်ယောက်စလုံး မရှိတော့ပြီ။

စောစောက ရန်သူလက်ထဲမှ လွင့်စဉ်ကျသွားသော ဓားမြှောင်ကို လှမ်းကြည့်သည်။ ထိုနေရာတွင်လည်း ဓားမြှောင် မရှိတော့ပြီ။

ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ရန်သူကိုရှာသည်။

သည်တော့မှပင် သူနှင့်စတင်တိုက်ခိုက်သည့်အချိန်မတိုင်မီ လမ်းပိတ်ဆို့နေသည့်အချိန်ကတည်းက ရန်သူသည် သူ့ကို မျက်နှာမပြဘဲ အတတ်နိုင်ဆုံး တစ်ဘက်သို့က မျက်နှာလွှဲထားခဲ့ကြောင်း အမှတ်ရတော့သည်။

သူမမြင်လိုက်ရသည့်မျက်နှာကို သည်လောက်များပြားနေသည့် လူအုပ်ကြီးထဲတွင် မည်သို့တွေ့အောင် ရှာမည်နည်း။

တစ်ချိန်တည်းမှာပင် ဟယ်လ်ဒင်ကို သတိရသည်။

သူ့ကို ယခုတိုက်ခိုက်ပြီဆိုလျှင် ဟယ်လ်ဒင်၏ လုံခြုံရေးမှာလည်း စိတ်မချရတော့။ ဟယ်လ်ဒင် ဘယ်မှာနည်း။

စောစောတုန်းက ပန်းအိုးအရောင်းဆိုင်နားမှာလား . . ဘာဆိုလား . . . ရှိနေမည်ဟု ပြောသွားသည်။ မည်သည့်နေရာဆိုသည်ကိုလည်း သူမမှတ်မိတော့။

အရူးတစ်ယောက်လို ထိုနေရာမှ ပြေးထွက်ခဲ့သည်။ အရူးတစ်ယောက်ပြေးသည့်ပုံထက် သွေးရူးသွေးတမ်း ပြေးသည်ပုံမျိုး ပိုပေါ်နေသည်။

စောစောက ဟယ်လ်ဒင်ကိုမြင်ခဲ့ရသည့်နေရာသို့ ရောက်လာသည်။ ဘေးသို့ကြည့်သောအခါ ပန်းအိုးများရောင်းသည့်ဆိုင်ကို တွေ့ရသည်။

သို့သော် ဟယ်လ်ဒင်ကိုတော့ မတွေ့ရပါ။

ပတ်ဝန်းကျင်မှာ ကျီးကန်းတောင်းမှောက်ရှာသည်။ လူတွေကလည်း သူ့ကို ကျီးကြည့် ကြောင်ကြည့် ကြည့်နေကြသည်။

ပန်းအိုးများရောင်းနေသည့် အရောင်းစျေးသည်ရှိရာ ကောင်တာသို့ ပြေးသွားသည်။

အရောင်းစျေးသည်ကို သူက အော်ပြောသည်။

" ဘာပြောပါလိမ့်ရှင် . . . "

အရောင်းစျေးသည်က ပြင်သစ်လို မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



" အမျိုးသမီး . . . အမျိုးသမီး . . . ရွှေရောင်ဆံပင်နဲ့ စောစောက ဒီနေရာမှာရှိတယ်။ အခု ဘယ်ရောက်သွားသလဲ "

နိုဝယ်က ပြင်သစ်ဘာသာဖြင့် ပြန်ပြောသည်။

အရောင်းစျေးသည်က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး သူ့လက်သည်းကို သူပြန် ဆေးဆိုးရင်း မဆိုင်သလိုနေနေသည်။

" ဘယ်ရောက်သွားသလဲ "

နိုဝယ်က အော်ပြန်သည်။

" ကျွန်မတို့ . . . ဘယ်သိမလဲရှင့် . . . လူတွေအများကြီး . . . ရှင့်အမျိုးသမီးကို ဘယ်သူက စောင့်ကြည့်နေတာမှတ်လို့။ ပုလိပ်ကို သွားမေးပါလား "

အရောင်းစျေးသည်က အေးတိအေးစက်လေသံနှင့် ပြောသည်။

" အား . . . ရွှေရောင်ဆံပင်နဲ့ အမျိုးသမီး ခပ်ချောချောမဟုတ်လား . . . ဟောဟိုဘက်ကို လျှောက်သွားတာ တွေ့လိုက်တယ် "

ကြားမှလူတစ်ယောက်က ဝင်ပြောသည်။ နိုဝယ်၏ ဗယ်ဘက်ဆီသို့လည်း လက်ညှိုးညွှန်ပြလိုက်သေးသည်။

နိုဝယ်သည် ထိုသူလက်ညှိုးညွှန်ပြလိုက်သည့်ဘက်သို့ တဟုန်ထိုး ပြေးထွက်လာခဲ့တော့သည်။ သူပြေးလာရာဘက်တွင် ကြီးမားသည့် အဆောက်အအုံကြီးတစ်ခုရှိသည်။ ထိုအဆောက်အအုံကြီးနားသို့ ပြေးကပ်သည်။

" ဟယ်လ်ဒင်. . . "

အသံကုန် အော်ခေါ်သည်။ ပြန်ထူးသည့်အသံအစား အဆောက်အအုံကြီးကို ပဲ့တင်ရိုက်ပြီး ပြန်လွင့်လာသည့် သူ့အသံကိုသာ ကြားလိုက်ရသည်။

သူ့ရင်ထဲမှာ တင်းကျပ်လာပြီ။ ကြီးမားသော စိုးရိမ်စိတ်များကို ပြင်းထန်စွာ ခံစားလာရလေပြီ။

" ဟယ်လ်ဒင်. . . "

အသံကုန်တစ်ချက် အော်ခေါ်လိုက်ပြန်သည်။

ထိုအချိန်မှာပင် သူ့ဝမ်းဗိုက်အတွင်းသို့ လက်သီးတစ်လုံးဝင်လာပြီး တစ်ဆက်တည်း လက်တစ်ဘက်က သူ့ပခုံးကို လာဖက်သည်။

နိုဝယ်က ယိုင်သွားသော ကိုယ်ဟန်အနေအထားကို ဟန်ချက်ပြန်ပြင်ပြီး သူ့ကိုဖက်ထားသူ၏လက်ထဲမှ ရုန်းသည်။ ဖက်ထားသူက အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီသို့ ခပ်ကြမ်းကြမ်းဆွဲခေါ်နေကြောင်း သိရသည်။

ထိုသူ၏လက်ထဲမှ ဆောင့်ရုန်းထွက်လိုက်ပြီး လက်သီးတစ်လုံး ပြန်လွှတ်လိုက်သည်။ တစ်ချက်တည်းနှင့် ထိုလူပုံကျသွားသည်။

နိုဝယ်က ငုံ့ကြည့်သည်။

မြင်ကွင်းကြောင့် သူ့မျက်စိကို သူမယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။

သူ့လက်ချက်ဖြင့် လမ်းပေါ်မှာ လဲကျနေသူ၏နဖူးပေါ်တွင် အနာရွတ်ကလေးတစ်ခုကို မြင်တွေ့ရသည်။

ထိုသူသည် လန်ဒန်မှာတုန်းက သူ့ကို လာရောက်စစ်ဆေးသည့် ဗြိတိသျှစစ်ထောက်လှမ်းရေးအဖွဲ့ အမှတ်-၅မှ အရာရှိနှစ်ယောက်အနက် အငယ်ဖြစ်နေသည်ကို တွေ့ရသောကြောင့် သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

ဗြိတိသျှစုံထောက်က သူ့ကို ဘာကြောင့် ဝင်ရောက်တိုက်ခိုက်သနည်း။ နောက်ပြီးတော့ သည်နေရာသို့ ဘာကြောင့် ရောက်နေသနည်း။

ဘာပဲဖြစ်ဖြစ် ယခုလို တိုက်ခိုက်သည်ဆိုတော့ သူလည်း ရန်သူပင် ဖြစ်သည်။ အိုဒက်ဇာတို့လို ရာခါတို့လို ရန်သူပင် ဖြစ်သည်။

" ထစမ်း "

နိုဝယ်က ပြောပြောဆိုဆိုဖြင့် လမ်းပေါ်မှာလဲကျနေသည့် အင်္ဂလိပ်စုံထောက်ကို ဆွဲထူသည်။ ထိုသူက အလိုက်သင့်ပါလာသည်။

သို့သော်လည်း ထိုသို့ထူပေးလိုက်သည်မှာ မှားခြင်းကြီးမက မှားယွင်းသွားပါလေတော့သည်။

စုံထောက်က မတ်တတ်ရပ်မိသည်နှင့်တစ်ပြိုင်တည်း နိုဝယ်၏ဗိုက်ကို သေနတ်ပြောင်းနှင့် ထောက်ထားလိုက်လေသည်။ နိုဝယ်၏မျက်လုံးများ ဝေဝါးသွားကြလေပြီ။ သည်တစ်ချီတော့ မည်သည့်နည်းနှင့်မျှ လွတ်အောင် ရှောင်တိမ်းနိုင်တော့မည်မဟုတ်ကြောင်းလည်း အလိုလို သဘောပေါက်လာသည်။

ဟယ်လ်ဒင် ဘယ်မှာလဲ. . . ဟယ်လ်ဒင် ဘယ်ရောက်သွားပြီလဲ။ ထိုမေးခွန်းများကလည်း သူ့ရင်ထဲမှာ ဘလောင်ဆူလာသည်။ ထိုသို့ဘလောင်ဆူလေ သူ၏မျက်လုံးများ ပိုမိုဝေဝါးသွားလေဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျား ဒါလောက်တောင် မိုက်မဲရသလား။ ခင်ဗျား ဘာတွေလုပ်နေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ်ပြန်သိရဲ့လား။ ခင်ဗျားသေတော့မလို့ တည်းတည့်ကလေး ကျန်တော့တယ်။ နားလည်းရဲ့လား "

စုံထောက်ကပြောသည်။ အော်ဟစ်ခြင်းကား မဟုတ်။ လေသံမာမာနှင့်ပြောခြင်းမျှသာဖြစ်သည်။ ပြီးတော့ နိုဝယ်ကို နံရံဆီသို့ တွန်းယူသွားသည်။

" မင်း . . . ခွေးသားပဲ။ ငါ့ကိုသတ်မလို့ မင်းကြိုးစားနေ . . "

နိုဝယ်က ဒေါသတကြီး ပြန်ပြောသည်။ သို့သော်လည်း သူ့စကားမဆုံးမီမှာပင် စုံထောက်က ဖြတ်ပြောသည်။

" ဟိုးလ်ခရော့ဖ်တ် . . . ခင်ဗျား ဒါလောက်တောင် မိုက်တွင်းနက်ရသလား။ တီနာမောက ခင်ဗျားကို လက်ဖျားနဲ့တောင် မတို့ဘူး။ ခင်ဗျားကို ဒီနေရာကနေပြီး ကယ်ထုတ်ဖို့ ကျုပ် လာတာ "

" တီနာမောလား။ တီနာမော ဒီနားမှာ ရှိနေသလား "

" လာ . . . သွားစို့ . . . "

" မသွားဘူး။ ဟယ်လ်ဒင်ဘယ်မှာလဲ "

" ကျုပ်တို့နဲ့အတူမရှိဘူး။ ကျုပ်တို့ကို အရူးတွေလို့ထင်နေသလား ဟိုးလ်ခရော့ဖ်တ် "

နိုဝယ်က စုံထောက်၏မျက်နှာကိုပြန်ကြည့်သည်။ သူအမှန်ပြောနေခြင်းဖြစ်ကြောင်း သေချာသွားသည်။ အားလုံး ရှုပ်ထွေးကုန်ပြီ။

" တစ်ယောက်ယောက်က သူ့ကိုခေါ်သွားပြီ။ သူပါသွားပြီ " ဟု နိုဝယ်ကပြောသည်။

" သူပါသွားပြီဆိုရင် ကျေကျေနပ်နပ် လိုက်သွားတာ။ ခင်ဗျားကို ကျုပ်တို့သတိပေးခဲ့ဖူးတယ်။ ဒီအထဲမှာ ဝင်ပါမနေနဲ့တော့ " ဟု စုံထောက်က ပြောပြန်သည်။

" မဟုတ်ဘူး . . . ခင်ဗျားမှားနေပြီ။ လူတစ်ယောက်ရှိနေသေးတယ်။ မျက်နှာမှာ ကျောက်ပေါက်မနဲ့ "

" ဖီးယက်ကားနဲ့လူလား "

" ဟုတ်တယ် သူပဲ။ ကျုပ်တို့နောက်ကို သူလိုက်နေတာ။ ဒါကြောင့် သူ့ဆီကို ကျုပ်ကသွားတယ်။ အဲဒီအချိန်မှာ သူ့လူတွေက ကျုပ်ကို လမ်းကဖြတ်တိုက်တာပဲ။ ကျုပ်ကို သူတို့သတ်မလို့ "



www.burmeseclassic.com

www.burmeseclassic.com



“ ကျုပ်နဲ့လိုက်ခဲ့ ”

စုံထောက်က အမိန့်ပေးသံနှင့်ပြောရင်း တစ်ဆက်တည်း နိုဝယ်၏ လက်မောင်းတစ်ဘက်ကိုပါ ကြမ်းကြမ်းဆွဲခေါ်သည်။

အနည်းငယ်မှောင်နေသော အဆောက်အအုံနှစ်ခု၏ နောက်ဘေး လမ်းကြားထဲသို့ သူတို့နှစ်ယောက် ရောက်သွားကြသည်။ ထိုလမ်းကြားထဲသို့ နေရောင်မဝင်နိုင်ပါ။ အလင်းရောင်သာလျှင် ပြောက်တိပြောက်ကျား ထိုးကျ နေသည်။

အမှိုက်ပုံများကို တစ်ခုပြီးတစ်ခုတွေ့ရသည်။ တတိယမြောက် အမှိုက်ပုံ၏နောက်ဘက်တွင် ခြေထောက်နှစ်ချောင်းကို နိုဝယ်တွေ့ရသည်။ စုံထောက်က နိုဝယ်ကို ခြေထောက်နှစ်ချောင်းဆီသို့ ခပ်ကြမ်းကြမ်း တွန်းပို့ လိုက်သည်။

တစ်ချက်ကလေး မြင်လိုက်ရရုံဖြင့် ကျောက်ပေါက်မနှင့်လူဖြစ် ကြောင်း နိုဝယ် သိရသည်။ သူကိုယ်လုံးပေါ်မှာ ဝိုင်အရက်အနီတွေ စွန်းထင်း နေသည်ဟု ထင်သည်။

သေသေချာချာကြည့်တော့မှ သေနတ်ဒဏ်ရာဖြင့် အသက်ကုန်နေပြီ ဖြစ်ကြောင်း သိရတော့သည်။

“ ခင်ဗျားကို သတ်မယ့်လူဟာ သူပဲ။ ကဲ. . . ကျုပ်တို့ပြောတာကို နားထောင်မလား။ နယူးယောက်ကိုပြန်ပါ။ ခင်ဗျား ဘာတွေသိတယ်ဆိုတာ ကျုပ်တို့ကိုပြော။ ပြီးရင် ဒါတွေထဲမှာ လုံးလုံးဝင်မပါနဲ့တော့ ”

နိုဝယ်၏အသိအာရုံများ အားလုံးမှုန်ဝါးရှုပ်ထွေးကုန်လေတော့သည်။

သေခြင်းတရားတို့သည် သူ့ပတ်လည်မှာ ဝိုင်းရံနေကြပြီ။ လေယာဉ် ပျံပေါ်မှာသေသည်။ နယူးယောက်မှာ သေသည်။ ရိုင်းယိုးဒိဂျနေးရိုးမြို့မှာ သေ သည်။ ယခု သည်နေရာက တောရွာသေးသေးကလေးမှာ သေပြန်ပြီ။

ရာခါ. . . အိုဒက်ဇာ. . . ဝံပုလွေများ . . .

နိုဝယ်က စုံထောက်ဘက်ကို လှည့်သည်။ ပြီးတော့ လေသံကလေး ဖြင့်ပြောသည်။

“ ခင်ဗျား နားမလည်ဘူးလား။ ကျွန်တော် မတတ်နိုင်. . . ”

ထိုအခိုက် နောက်ဘေးလမ်းကြား၏ တစ်ဘက်စွန်းဆီမှ တိုးသံဖွဖွသံ များကို ကြားရသည်။ အသံကြားရာဆီသို့ သူတို့နှစ်ယောက်က ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သည်။

လူနှစ်ယောက်၏အရိပ်ကို တွေ့ရသည်။ ရုန်းကန်နေကြသည်။ တစ်ယောက်က အမိန့်ပေးနေသည်။

သို့သော်လည်း ဘာတွေအမိန့်ပေးနေသည်ကို သူတို့နားမလည်။

ပြီးတော့ 'ကယ်ပါ. . ကယ်ကြပါ'ဟူသော အော်သံလိုလိုကို ကြားရသည်ဟုထင်သည်။ အတိအကျကား မပြောနိုင်။

လူရိပ်နှစ်ခု တစ်ဘက်သို့ ရွေ့လျားပျောက်ကွယ်သွားသည်။

သည်တော့မှ အော်သံကို နိုဝယ် သဲသဲကွဲကွဲကြားလိုက်ရသည်။

" နိုဝယ်. . . နိုဝယ်. . . "

ဟယ်လ်ဒင်၏ အသံဖြစ်သည်။

နိုဝယ်သည် ဘာကိုမှ စဉ်းစားမနေတော့ပဲ ကျောက်ပေါက်မနှင့်လူ၏ အလောင်းကို 'လွှား'ကနဲ ခုန်ကျော်လိုက်ကာ အသံလာရာဆီသို့ တဟုန်ထိုး ပြေးတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၂၁ )

ကြောက်အားလန့်အားအော်သံကို ဆက်ကြားနေရသည်။ သို့သော်လည်း ဘယ်လောက်ဝေးသည်ကို နိုဝယ် မခန့်မှန်းတတ်ပါ။

ဓာတ်ပြားနှင့် ကက်ဆက်ရောင်းသည့် ဆိုင်များက တေးသီချင်းသံများ နားကွဲမတတ် ပေါ်ထွက်လာသည်။ လမ်းသွားလမ်းလာပေါင်းစုံကလည်း အသံမျိုးစုံဖြင့် ဆူညံနေကြသည်။

" နိုဝယ်. . . နိုဝယ်. . . "

တစ်ဘက်မှရှိသော အဆောက်အအုံထဲမှပေါ်ထွက်လာသည့်အသံဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။ ထို့ကြောင့် ထိုအဆောက်အအုံထဲသို့ ပြေးဝင်ခဲ့သည်။ အထဲမှာ ပိုပြီးမှောင်နေသည်။ အခန်းကျဉ်းကလေးများ ရှိနေသည်ကိုလည်း တွေ့ရသည်။

" နိုဝယ်. . . "

နိုဝယ်သည် တွေ့ရာတံခါးတစ်ချပ်ကို ကိုယ်လုံးနှင့်တအားဆောင့်တိုက်လိုက်သည်။ တံခါးရုတ်တရက် ပွင့်သွားသည်။ အထဲမှာ မှောင်နေသည်။

သည်တော့မှပင် သူ့အိတ်ထဲမှာ သေနတ်ရှိနေကြောင်း သတိရသည်။ သေနတ်ကို ဆွဲထုတ်သည်။ ကံအားလျော်စွာပင် ထိုသေနတ်သည် ယခင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တုန်းက သူကိုင်ခဲ့ဖူးသည့် ပစ္စတိုအမျိုးအစား ဖြစ်နေကြောင်း တွေ့ရသည်။

နောက်တစ်ခန်းသို့ ကူးခဲ့သည်။ တံခါးကို ကိုယ်လုံးနှင့်တိုက်ဖွင့်ပြန်သည်။ အတွင်းမှမျက်မမြင်အဘိုးကြီးတစ်ယောက် ထိုင်နေသည်ကိုတွေ့ရသည်။

နောက်တစ်ခန်း . . .

ပြီးတော့ နောက်တစ်ခန်း . . .

" နိုဝယ်. . . နိုဝယ်. . . "

အဆောက်အအုံ၏ တစ်ဘက်စွန်းမှ ဟယ်လ်ဒင်၏အော်သံများ ပေါ်ထွက်လာပြန်သည်။ ရှန်းသံကန်သံများကိုပါ ကြားရသည်။

နိုဝယ်သည် အသံကြားရာသို့ အသက်ပင် မရှူနိုင်တော့ပဲ တဟုန်ထိုးပြေးတော့သည်။ အဆောက်အအုံ၏ အပြင်စပ်သို့ရောက်လာသည်။ သို့သော်မည်သူ့ကိုမှ မမြင်ရ။

" နောက်ဆုတ်စမ်း "

သူ့နောက်မှ အမိန့်ပေးသံနှင့်အတူ သူ့ကိုဆောင့်ဆွဲလိုက်သည်ကိုပါ ခံစားလိုက်ရလေသည်။

အမိန့်ပေးပြီး ဆောင့်ဆွဲလိုက်သူမှာ အင်္ဂလိပ်စုံထောက်ဖြစ်နေသည်။

နောက်ဘက်သို့ နိုဝယ်ရောက်သွားသည်နှင့် တပြိုင်တည်းလိုမှာပင် သေနတ်သံနှင့်အတူ နိုဝယ်ရပ်သည့်နေရာမှ အုတ်နံရံကို ကျည်ဆံတစ်ခု လာရောက်ထိမှန်သည်။

နိုဝယ်က သမံတလင်းပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်မိသည်။

နောက်ထပ် သေနတ်သံများ ဆက်တိုက်ပေါ်ထွက်လာသည်။ သူတို့ရှိနေသည့်နေရာသို့ ကျည်ဆံများ လာမှန်သည်။

" နိုဝယ် "

ဟယ်လ်ဒင်၏အော်သံကြောင့် နိုဝယ်က ဝပ်နေရာမှထသည်။ စုံထောက်ကသူ့ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲသည်။

" ခင်ဗျားကို ထပ်ပြောမယ်။ ခင်ဗျား သောက်ရူး . . . ဘာဖြစ်လို့ ဒါလောက်မိုက်မဲတဲ့ အလုပ်တွေကို လုပ်နေရတာလဲ။ ခင်ဗျားကို ကျုပ်ကိုယ်တိုင် ပစ်သတ်မိတော့မယ် "

စုံထောက်က နိုဝယ်ကို ကျည်ကွယ်ရာနေရာမှာ ချုပ်ထားရင်း ကြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ ခင်ဗျားကို ကျုပ် မယုံဘူး။ ဘယ်သူ့ကိုမှ မယုံဘူး။ ကောင်းမလေး ဘယ်ရောက်သွားပြီလဲ ”

“ ခွေးသားတစ်ကောင်က လမ်းတစ်ဘက်ကို ဆွဲခေါ်ပြေးတယ်။ ကိုက်နှစ်ဆယ်လောက်ပဲဝေးမယ်။ သူ့မှာ ဝိုင်ယာလက်စက်ရှိနေပုံပဲ။ မော်တော်ကား လှမ်းခေါ်လိမ့်မယ်လို့ ကျုပ် ထင်တယ် ”

“ ကောင်မလေးကို သူတို့ သတ်ကြတော့မယ် ”

“ အခုမသတ်သေးဘူး။ ဘာကြောင့်လဲဆိုတာတော့ ကျုပ် မသိဘူး။ သတ်ချင်ရင် အခုလောက်ဆို သေတာကြာလှပြီ။ ကောင်မလေးဟာ တီနာမော ရဲ့ ညီမဖြစ်နေလို့ မသတ်သေးတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ် ”

“ထားလိုက်စမ်းပါဗျာ။ ဒါကို ယုံမနေစမ်းပါနဲ့။ ကောင်မလေးကို ကျုပ် ပြောပြပြီးပြီ။ ကောင်မလေးက သူ့အစ်ကိုကိုပြန်ပြောပြတယ်။သူဟာ တီနာမော မဟုတ်ဘူး။ ခင်ဗျားတို့သာ တီနာမောဖြစ်နေကြတာ။ခင်ဗျားတို့ အစိုးရ ရဲ့ နိုင်ငံခြားရေးဌာန အကြီးအကျယ် ဒုက္ခရောက်အောင် သူရေးတော့မယ် ”

အင်္ဂလိပ်စုံထောက်က နိုဝယ်ကို ငေးစိုက်ကြည့်နေသည်။ မယုံကြည်ခြင်း၊ အမှန်ပြောခြင်း ဟုတ်မဟုတ် စူးစမ်းခြင်းစသော အမူအရာများ ရောထွေးပါဝင်နေသည်။

“ သူဘာဖြစ်တယ်. . . ခင်ဗျား ဘာဖြစ်တယ်. . . ”

“ ကျုပ်ပြောတာ ခင်ဗျား ကြားပြီးပြီ ”

“ ဘုရားရေ. . . ခင်ဗျားဟာ ဘယ်သူလဲ။ ခင်ဗျားဘာလဲ။ ခင်ဗျား ကိုယ်တိုင် သူတို့အထဲမှာ ရောပါနေပြီလား ”

“ လန်ဒန်မှာတုန်းက ခင်ဗျားတို့ကို ကျုပ် ပြောပြီးပြီ။ ကျုပ် လိမ်ပြောနေတယ် ထင်သလား ”

နိုဝယ်က စုံထောက်၏လက်ထဲမှ ရုန်းထွက်သည်။

“ ခင်ဗျားညာနေတာကို ကျုပ်တို့သိနေတာပဲ။ ဘာကြောင့် ညာနေတယ်ဆိုတာကိုသာ မသိသေးတာ။ ဗွန်တိုင်းဘိုလ်တ်ကို ချည်းကပ်ချင်တဲ့လူ တစ်ယောက်ယောက်က ခင်ဗျားကို အသုံးချနေပြီလို့ ကျုပ်တို့ထင်နေတာ ”

“ ဘာဗျ. . . ”

“ ခင်ဗျားဟာ သူများခိုင်းတိုင်း လျှောက်လုပ်နေတယ်။ သူတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေ အမွေထားပစ်ခဲ့တယ်လို့ သူများပြောတာကို ယုံနေတယ်။ အမိုက်မဲဆုံး အလုပ်တွေကို လိုက်လုပ်နေတယ် ”

“ ဘာဗျ. . . ”

“ နောက်မှပြောမယ်။ ကောင်မလေးကို ခင်ဗျား ကယ်ချင်တယ် မဟုတ်လား။ ကျုပ်ကလဲ ကောင်မလေးကို ဖမ်းတဲ့လူဘယ်သူလဲဆိုတာ သိချင်တယ်။ ခင်ဗျား ကျုပ်ပြောတာကို နားထောင်။ အဲဒီသေနတ်ကို ဘယ်လိုပစ်ရမယ်ဆိုတာ နားလည်လား ”

စုံထောက်က နိုဝယ်၏လက်ထဲမှ ပစ္စတိုသေနတ်ကို မေးငေ့ါပြပြီး မေးသည်။

“ တစ်ခါတုန်းက ဒီလိုသေနတ်မျိုးကို ပစ်ဖူးတယ်။ ဒါပေမယ့် ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်တာတော့ မဟုတ်ဘူး ”

“ ကျွမ်းကျင်ဖို့မလိုဘူး။ ပစ်မှတ်အကြီးကြီးကို ပစ်ရမှာ။ ကျုပ်မှန်းထားတာမှန်ရင် အခုပဲ သူတို့ကား ဟောဒီနေရာကို ရောက်လာတော့မယ် ”

“ ခင်ဗျားမှာရော ကားမပါဘူးလား ”

“ မပါဘူး။ ကျုပ် တစ်ယောက်တည်းလာတာ။ ကဲ. . . နားထောင်။ ဟောဒီနေရာကို သူတို့ကား ရောက်လာရင် ဒီနေရာမှာ ရပ်ကိုရပ်ရမယ်။ အဲဒီလို ကားရောက်လာတာနဲ့တပြိုင်တည်း ကားဆီကို ကျုပ် ပြေးသွားမယ်။ ဒီအချိန်မှာ ခင်ဗျားက ကာပစ်တဲ့အနေနဲ့ မော်တော်ကားကို ပစ်ပေးဖို့ပဲ။ ပထမဆုံး ရှေ့မှန်ကိုပစ်။ ဘီးတွေကိုပစ်။ စက်ခေါင်းထဲကိုပစ်။ မော်တော်ကားပျက်စီးသွားအောင် အတတ်နိုင်ဆုံးပစ်။ ဒီအချိန်မှာ မဆိုင်သူတွေ လွတ်တဲ့နေရာ ရှောင်သွားကြပါစေလို့ပဲ ဆုတောင်းရတော့မယ် ”

“ မရှောင်ရင် ဘယ်လိုလုပ်မလဲ။ တစ်ယောက်ယောက်ကို ပစ်ရမှာလား ”

“ ငတုံး . . . ပစ်လို့ဖြစ်မလားဗျ။ သူတို့ကို လွတ်အောင်ရှောင်ပစ်။ မော်တော်ကားကိုပစ်တဲ့အခါမှာ ညာဘက်ကိုသာဖိပစ် ခင်ဗျားရဲ့ ညာဘက်ကို ပြောတာ ”

“ ကျုပ်ရဲ့ ညာဘက်ခြမ်းကို ပစ်ရမယ်. . . ”

“ ဟုတ်တယ်။ ကောင်မလေးကို မထိစေချင်ရင် ခင်ဗျားရဲ့ညာဘက်ခြမ်းကိုသာ ဖိပစ်။ ကျုပ်အတွက် ဘာမှမပူနဲ့။ ကောင်မလေးကို ဖမ်းတဲ့လူကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အရယူမယ် ”

စုံထောက်က အုတ်နံရံနှင့်မျက်နှာကိုကပ်ပြီး အပြင်သို့ ကဲကြည့်သည်။

ထိုအချိန်မှာပင် မော်တော်ကားတစ်စီး ခပ်ကြမ်းကြမ်း မောင်းလာသံ ကြားရသည်။

“ ကဲ. . . ပစ်တော့ ”

စုံထောက်က မော်တော်ကားဆီသို့ သူ့သေနတ်နှင့် စတင်ပစ်ခတ်ရင်း အကွယ်မှထွက်ကာ မော်တော်ကား မောင်းလာသည့်ဘက်သို့ တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

နိုဝယ်ကလည်း ယောင်ယောင်ကန်းကန်းဖြင့် မော်တော်ကားဆီသို့ နှစ်ချက်လှမ်းပစ်သည်။

အိပ်မက်တစ်ခုခု မက်နေသလားဟု သူထင်နေသည်။ သူ့လက်ထဲမှ သေနတ်က တုန်ခါသွားသည့်အသိကို ခံစားရသည်။

မော်တော်ကားက သူတို့နှင့် ပေငါးဆယ်ခန့်အကွာမှာ ထိုးရပ်သည်။

စုံထောက်ပြောသွားသည့်စကားများကို ပြန်ကြားသည်။ မော်တော်ကား ရှေ့မှန်၏ ညာဘက်သို့ချိန်ပြီး ခလုတ်ကို ဆွဲလိုက်သည်။ မှန်များကွဲသွားသည်ကို တွေ့ရသည်။

တစ်ဆက်တည်းဆိုသလိုပင် မော်တော်ကား ညာဘက်မှ ရှေ့တံခါး ပွင့်သွားပြီး မြေပြင်ပေါ်သို့ လူတစ်ယောက် ထိုးကျသွားသည်။ ထိုနေရာမှာပင် မလှုပ်တော့ဘဲ ပုံလျက်သားလဲနေသည်။ သူပစ်လိုက်သည့် သေနတ်ဒဏ်ရာကို ထိုသူ၏ကိုယ်ပေါ်မှာ မြင်တွေ့ရသဖြင့် ခဏကြာအောင် ကြောင်သွားမိသေးသည်။

လမ်းတစ်ဘက်ခြမ်းဆီသို့ ခါးကိုင်းပြီး ပြေးသွားနေသော စုံထောက်ကို မြင်ရသည်။ သူ့လက်ထဲမှာ သေနတ်ကိုင်ထားသည်။ ဘာကြောင့် မပစ်ပါလိမ့်ဟု နိုဝယ်က စဉ်းစားနေသည်။

ထိုအခိုက် အမိန့်ပေးသံ ကြားရသည်။

“ ကောင်မလေးကို လွှတ်လိုက်. . . မင်းတို့ဒီနေရာက ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူး ”

စုံထောက်၏အသံ ဖြစ်သည်။

“ မဆိုင်ရင် ဝင်မရှုပ်နဲ့ကွ ”



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှ ပြန်အော်သံ။

" ဒီလိုဆိုရင် မင်းတို့ရအောင် ခေါ်သွားစမ်း။ ကလေးမ ညာဘက်ကို နည်းနည်းတိမ်းလိုက်. . . အခုတိမ်း "

အော်သံဆုံးသည်နှင့် သေနတ်သံနှစ်ချက်ဆက်တိုက် ပေါ်ထွက်လာသည်။

အမျိုးသမီးတစ်ယောက်၏ ကြောက်အားလန့်အားအသံကုန်အော်သံကို နောက်ဆက်တွဲအဖြစ် ကြားရသည်။

နိုဝယ်၏ ခေါင်းကို မိုးကြိုးပစ်လိုက်သလားဟု ခံစားရလေသည်။ ဘာကိုမှ စဉ်းစားမနေနိုင်ဘဲ အပြင်သို့ ပြေးထွက်ခဲ့သည်။ မော်တော်ကားရှိရာသို့ တဟုန်ထိုးပြေးသည်။ သူဘာလုပ်နေမိသည်ကိုလည်း သူ့ကိုယ်သူမသိ။

ဟယ်လ်ဒင်သည် လမ်းပေါ်တွင် ဒူးထောက်လျက်ရှိနေပြီ။ တစ်ကိုယ်လုံး တဆက်ဆက်တုန်နေသည်။ သူ့ဘေးမှာလဲပြီး သေဆုံးနေသူကို ကြည့်နေသည်။ အသံမျိုးစုံဖြင့်လည်း အော်နေသည်။ ဘာတွေအော်နေကြောင်း နိုဝယ်နားမလည်ပါ။

သူ့ဘေးမှာ လဲနေသူကို နိုဝယ်က တစ်ချက်ကြည့်သည်။ စုံထောက်ဖြစ်နေသည်။ သို့သော်လည်း စောစောကထင်သလို မသေသေးပါ။ သေနတ်ဒဏ်ရာမှ သွေးများ ဒလဟော ထွက်နေသည်။

ကားဘက်သို့ လှမ်းကြည့်သည်။ နောက်ထပ် လူတစ်ယောက် သေနတ်ဒဏ်ရာဖြင့် အသက်ပျောက်နေသည်ကို တွေ့ရပြန်သည်။ ထိုသူမှာ နိုဝယ်ပစ်လိုက်သည့် ဒရိုင်ဘာမဟုတ်ပါ။ စုံထောက်ပစ်လိုက်သည့် သူသာ ဖြစ်ပေလိမ့်မည်။

နိုဝယ်က ဟယ်လ်ဒင်ဆီသို့ ပြေးသွားပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသော ဟယ်လ်ဒင်၏ ခေါင်းကလေးကို ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။

" သူ့ကို. . . သူ့ကို. . . မြန်မြန်. . . "

ဟယ်လ်ဒင်က နိုဝယ်ကို တွန်းထုတ်ပြီး လေသံနှင့်ပြောသည်။

" ဘာ. . . "

နိုဝယ်က ဟယ်လ်ဒင်ကြည့်သည့်ဘက်သို့ လိုက်ကြည့်သည်။

အင်္ဂလိပ်စုံထောက်သည် တစ်နေရာသို့ရွှေ့ဖို့ မြေပြင်ပေါ်မှာ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူစကားပြောနိုင်တော့ပုံ မပေါ်။

ဘေးတဝိုက်မှာလည်း လူများ ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြသည်။

“ သူ့ကိုထူပါ. . . မြန်မြန်ထူပါ. . . မြန်မြန် ”

“ ဟယ်လ်ဒင်က ထပ်ပြောပြန်သည်။

ဘာလုပ်ရမည်ကို ဟယ်လ်ဒင်က ချက်ချင်း သိသည်။ သိသည့် အတိုင်းလည်း ဆုံးဖြတ်ချက်ကို ချက်ချင်းချသည်။

ဘာလုပ်ရမှန်းမသိသူမှာ နို၀ယ်ဖြစ်သည်။ ဟယ်လ်ဒင်က ပြောနေသော်လည်း သူက ကြောင်ကန်းကန်း ဖြစ်နေသည်။

“ ကိုယ်တို့ဘာလုပ်ကြမလဲ. . . ကိုယ်တို့ဘယ်ကို သွားကြမလဲ။ ဘယ်ကိုပြေးကြမလဲ ” ဟူသော မေးခွန်းများကိုသာ မနားတမ်း မေးနေတော့သည်။

“ ဟောဟိုလမ်းတွေ. . . ဟောဟိုနောက်ဘေးလမ်းကြားတွေဟာ သူတို့နေရာတွေပဲ။ သူတို့လူတွေ ရှိနေသေးတယ်။ အဲဒီလူကို သူတို့နဲ့ လွတ်တဲ့ နေရာယူသွားမှဖြစ်မယ် ”

ဟယ်လ်ဒင်က ဒဏ်ရာနှင့်လဲနေသော စုံထောက်ကို လက်ညှိုးထိုးပြပြီး ပြောသည်။

“ ဘာဖြစ်လို့လဲ ”

နို၀ယ်က ခပ်ကြောင်ကြောင် ပြန်မေးပြန်သည်။

ဟယ်လ်ဒင်က သူ့ကို မီးတောက်လုခမန်းသော မျက်လုံးများဖြင့် စိမ်းစိမ်း၀ါး၀ါး ပြန်စိုက်ကြည့်သည်။

“ ကျွန်မ အသက်ကို သူကယ်လိုက်တာ။ ရှင့်အသက်ကို သူကယ် လိုက်တာ။ မြန်မြန်လုပ် ”

အမိန့်ပေးသည့်အတိုင်းသာ သူလိုက်နာရပါတော့သည်။ သို့သော် လည်း ဘာတွေပြောနေသည်ကို သူနားမလည်ပါ။ စဉ်းစားနိုင်သည့် အသိဉာဏ် များလည်း သူ့ခေါင်းထဲမှာ မရှိတော့ပါ။

ထို့ကြောင့် လဲနေသည့်စုံထောက်ဆီသို့ ပြေးသွားသည်။ ဆွဲထူကြည့် သည်။ ပါမလာပါ။ မျက်နှာချင်း ကပ်ကြည့်သောအခါ တစ်စုံတစ်ရာပြောဖို့ ကြိုးစားနေကြောင်း မြင်ရသည်။ သို့သော် ဘာသံမှ ပေါ်ထွက်မလာပါ။

သူ့ခြေထောက်ပေါ်မှာ သူမရပ်နိုင်ကြောင်း သိတော့မှ နို၀ယ်က



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကို ပွေ့ယူလိုက်လေသည်။ ပြီးတော့ စောစောက သူသေနတ်နှင့်ပစ်ခဲ့သည့် မော်တော်ကားဆီသို့ သယ်သွားသည်။

ကားစက်နိုးနေဆဲပင်။

" ကျွန်မမောင်းမယ်။ သူ့ကို နောက်ခုံမှာတင်လိုက် "

ကားပေါ်သို့ ရောက်နှင့်နေပြီဖြစ်သော ဟယ်လ်ဒင်က အမိန့်ပေးပြန်သည်။

" လေကာမှန်မရှိတော့ဘူး။ မင်းမြင်ရမှာ မဟုတ်ဘူး "

" ဝေးဝေးရောက်အောင် ရှင်သူ့ကို ဘယ်လိုလုပ် ထမ်းသွားနိုင်မှာလဲ"

ထိုနောက်ပိုင်း မိနစ်များကား ပြောင်းပြန် အဖြစ်အပျက်များ ဖြစ်ပွားလေတော့သည်။

ဟယ်လ်ဒင်က မော်တော်ကားကို လျှင်မြန်စွာ ဂ,ငယ်ကွေ့ကွေ့ပြီး တရကြမ်းမောင်းထွက်ခဲ့သည်။

နိုဝယ်က ပစ္စတိုသေနတ်ကြီးကို ခပ်ကြောင်ကြောင် ကိုင်ထားရင်း ဟယ်လ်ဒင်၏ဘေးမှာ ထိုင်လိုက်လာသည်။

နောက်ခုံပေါ်တွင် အင်္ဂလိပ်စုံထောက်က မှိန်းပြီး လိုက်ပါလာသည်။

ထိုအခြေအနေများကို မြင်တော့မှ နိုဝယ်မှာ သတိပြန်ဝင်လာသူလို ဖြစ်လာတော့သည်။

" တို့ကားရပ်ထားခဲ့တဲ့ ဘုရားရှိခိုးကျောင်းကို သွားလို့ဖြစ်ပါ့မလား" ဟု နိုဝယ်က မေးသည်။

သို့ကလို တည်တည်ငြိမ်ငြိမ် မေးလိုက်နိုင်သည့်အတွက် သူ့ကိုယ်သူပင် ပြန်လည်အံ့အားသင့်နေမိတော့သည်။

" ဖြစ်မယ်ထင်တယ်။ ဘာကြောင့်လဲ "

ဟယ်လ်ဒင်က သူ့ကို ကွက်ကနဲတစ်ချက်ပြန်ကြည့်ပြီး ဖြေသည်။

" ဒီကားကို ဒီအတိုင်းဆက်မောင်းနေလို့ မဖြစ်ဘူး။ လေကာမရှိဘဲ မောင်းလို့ရနိုင်ပေမယ့် ဟောဟိုမှာ ရေပိုက်ပေါက်သွားပြီ။ ဒီကားကို ကိုယ်ဖိပစ်ထားတာ။ ကြာကြာဆက်မောင်းလို့ရမှာ မဟုတ်ဘူး။ ကိုယ်တို့ကားကို ပြန်ယူကြမှဖြစ်မယ်။ ဘုရားရှိခိုးကျောင်းကိုသာ ရောက်အောင်မောင်းတော့ "

သူတို့မော်တော်ကား ရပ်ထားခဲ့သည့် ဘုရားရှိခိုးကျောင်းရှိရာဘက်သို့ ဟယ်လ်ဒင်က ဦးတည်မောင်းလာခဲ့သည်။ ကျောင်းဝင်းအတွင်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကားချင်းယှဉ်ရပ်သည်။

နိုဝယ်က နောက်ခုံသို့သွားပြီး စုံထောက်၏လက်ကို ကိုင်သည်။

" ကျုပ်တို့ ကားပြောင်းမယ်။ ခင်ဗျားကို ဆရာဝန်ဆီရောက်အောင် ပို့ပေးမယ်နော် "

" ကျုပ်ပြောတာကို အလျင်နားထောင်စမ်း ငတုံး "

စုံထောက်က လေသံနှင့်ပြောသည်။ ပြီးတော့ ဟယ်လ်ဒင်ကိုကြည့်ပြီး

" ဒီငတုံးကို ပြောစမ်းပါဦး " ဟု ဆက်ပြောသည်။

" နိုဝယ်. . . သူပြောတာကို အလျင်နားထောင်ပါ " ဟု ဟယ်လ်ဒင်ကလည်း နိုဝယ်ကို တဆက်တည်းပြောသည်။

" ဘာပြောမှာလဲ "

" ပေတန်ဂျုံး . . . ခင်ဗျားမှာ ဖုန်းနံပါတ်ရှိတယ်မဟုတ်လား "

အသက်ကြီးသော စုံထောက်ကို ပြောခြင်းဖြစ်ကြောင်း နိုဝယ်သတိရသည်။ လန်ဒန်မှာတုန်းက သူတို့နှစ်ယောက် သူတည်းနေသည့်ဟိုတယ်သို့ ရောက်လာခဲ့ကြဖူးသည်။ ထို့ကြောင့် ခေါင်းညိတ်ပြသည်။

" ရှိတယ် "

စုံထောက်က ချောင်းဆိုးသည်။

" သူ့ကို ဖုန်းဆက်ပါ။ ဒီမှာ ဘာဖြစ်တယ်ဆိုတာ အကုန်ပြောပြပါ"

" ခင်ဗျားကိုယ်တိုင်ပြောနိုင်သားပဲဗျာ " ဟု နိုဝယ်က ပြောသည်။

" ငတုံး . . . ပေတန်ဂျုံးကိုပြော။ ကျုပ်တို့မသိသေးတာတွေ ရှုပ်ထွေးနေတယ်လို့။ ကျုပ်တို့ ထင်နေတဲ့လူကို တီနာမောက လွှတ်လိုက်တာလို့. . . ဗွန်တိုင်းဘို့လ်တ်ရဲ့လူ. . . "

" ကျွန်မအစ်ကိုဟာ တီနာမော မဟုတ်ဘူး "

ဟယ်လ်ဒင်က ဝင်အော်သည်။

စုံထောက်က ဟယ်လ်ဒင်ကို ကြည့်သည်။ သို့သော်လည်း သူ့မျက်လုံးများကို မနည်းအားယူပြီး ဖွင့်နေရသည်။

" မင်းပြောတာ မှန်ချင်မှန်မယ် ကလေးမ။ အလျင်တုန်းက ကျုပ်ဒီလိုမထင်ခဲ့ဘူး။ ဒါပေမယ့် မင်းမှန်ချင်မှန်မယ်။ မင်းတို့နောက်ကို ဖီးယက်ကားနဲ့ နောက်ယောင်ခံလိုက်နေသူဟာ ဗွန်တိုင်းဘို့လ်တ်ရဲ့လူလို့ပဲ ကျုပ်ထင်တယ်"

" ကျွန်မတို့ကို အကာအကွယ်ပေးဖို့လိုက်နေတာပါ။ နိုဝယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ဘယ်သူတွေ နောက်ယောင်ခံလိုက်နေသလဲဆိုတာ သိရအောင် လိုက်လာတာပါ ”

နိုဝယ်က ဟယ်လ်ဒင်ဘက်သို့ ‘ဆက်’ခနဲ လှည့်ကြည့်သည်။

“ သူ့အကြောင်း မင်းသိသလား ”

“ သိတယ်။ ကျွန်မတို့နှစ်ယောက် ဒီနေ့အတူတူ နေ့လယ်စာစားတာဟာ ဂျိုဟန်းရဲ့ အကြံအစည်ပဲ ”

“ ကျေးဇူးအများကြီးတင်ပါတယ် ”

“ မငေါ့ပါနဲ့။ ဒါတွေကို ရှင်ဘာမှနားမလည်ဘူး။ ကျွန်မအစ်ကို နားလည်တယ်။ ကျွန်မ နားလည်တယ် ”

“ ဟယ်လ်ဒင် . . . အဲဒီလူကိုဖမ်းဖို့ ကိုယ် လိုက်ကြိုးစားတာ။ ဒါပေမယ့် သူအသတ်ခံသွားရပြီ ”

“ ဘာ . . . အို . . . ဘုရားသခင် . . . ”

စုံထောက်က သူတို့နှစ်ယောက်စကားကို ဝင်ဖြတ်ပြောသည်။

အဲဒါတွေ ရှုပ်ကုန်တာပဲ။ ဗွန်တိုင်းဘိုလ်တ်ဟာ တီနာမော မဟုတ်ဘူးဆိုရင် သူဟာ ဘာလဲ။ ဘာကြောင့် သူ့လူပစ်အသတ်ခံရတာလဲ။ ဟိုလူနှစ်ယောက်က ကလေးမကို ဘာဖြစ်လို့ ဖမ်းဖို့ကြိုးစားကြတာလဲ။ ခင်ဗျားကိုပါ သတ်ပစ်ဖို့ ဘာကြောင့် ကြိုးစားကြတာလဲ။ သူတို့ဘယ်သူတွေလဲ။ ဒီ မော်တော်ကားရော . . . ရအောင်စုံစမ်းပါ ”

အင်္ဂလိပ်စုံထောက်က စကားကို ရပ်ထားလိုက်သည်။ သူအတော် မောနေပြီ။ ထိုမျှသာ စကားများကိုပင် အတော်ကြိုးစားပြီး ပြောနေရခြင်း ဖြစ်သည်။

ထို့ကြောင့် နိုဝယ်က သူ့ကိုထူဖို့ ဟန်ပြင်လိုက်သည်။ စုံထောက်က ဝေးဝေးနေရန် လက်ပြန်ပြသည်။

“ နားထောင် . . . သူတို့ဘယ်သူတွေလဲဆိုတာ ရအောင်စုံစမ်းပါ။ ဒီကားကို ဘယ်သူပိုင်သလဲ။ ရှုပ်ထွေးကုန်တာတွေဟာ အဲဒါတွေပဲ ”

ထိုသို့ပြောပြီး စုံထောက်၏မျက်လုံးများ တဖြည်းဖြည်းမှိတ်သွားလေသည်။ သူဖွင့်ဖို့ ကြိုးစားသော်လည်း ပြည့်ပြည့်ဝဝ မဖွင့်တော့ချေ။

မိနစ်ပိုင်း သို့မဟုတ် စက္ကန့်ပိုင်းကလေးအတွင်းမှာပင် သူသေဆုံးတော့မည်ဖြစ်ကြောင်း နိုဝယ်က သိသည်။ ထို့ကြောင့် နိုဝယ်က သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်း ထိလုနီးပါးဖြစ်အောင် တိုးကပ်လိုက်သည်။

" ဒီရှုပ်ထွေးနေတယ်ဆိုတာတွေဟာ ပီတာဘော်လ်ဒွင်ဆိုတဲ့လူနဲ့ရော ပတ်သက်နေစရာအကြောင်း ရှိသလား "

နိုဝယ်က စုံထောက်ကိုမေးသည်။

ထိုမေးခွန်းကိုကြားရသောအခါ စုံထောက်၏ ကိုယ်လုံးမှာ ခတ်လိုက်သွားသူလို တွန့်ကနဲဖြစ်သွားလေသည်။ စောစောက မဖွင့်နိုင်သောမျက်လုံးများ ပြန်လည်ပြူးကျယ်လာကြလေသည်။

" ဘော်လ်ဒွင်. . . "

သူက လေသံကလေးဖြင့် ပြန်မေးသည်။

" နယူးယောက်မှာတုန်းက ကျွန်တော့်ကို သူဖုန်းဆက်တယ်။ ကျွန်တော်လုပ်နေတာတွေကို ဆက်မလုပ်ပါနဲ့တော့လို့ သူကပြောတယ်။ ဘာမှ ဝင်မပတ်သက်နဲ့တဲ့။ ဘယ်သူမှမသိတာတွေ သူသိတယ်တဲ့။ နောက် တစ်နာရီလောက်ကြာတော့ သူ အသတ်ခံသွားရတယ် "

" သူပြောတာတွေအမှန်ပဲ။ ဘော်လ်ဒွင်အမှန်တွေကို ပြောသွားတာ။ သူ့ကို ကျုပ်တို့ ဘယ်တုန်းကမှ မယုံကြည်ခဲ့မိဘူး။ သူလိမ်ပြောနေတယ်လို့ပဲ ကျုပ်တို့ ထင်ခဲ့တယ် "

" ဘာကို လိမ်ပြောတာလဲ "

စုံထောက်က နိုဝယ်ကိုကြည့်သည်။ ပြီးတော့ ဟယ်လ်ဒင်ကို မော့်ကြည့်သည်။

" အချိန်မရှိတော့ဘူး "

ထိုစကားကို အားယူပြောပြီး နိုဝယ်ကို မော့ကြည့်ပြန်သည်။

" ခင်ဗျားဟာ သန့်ရှင်းတယ်။ ဘာအပြစ်မှမရှိဘူး။ ခင်ဗျားတို့နှစ်ယောက်စလုံးကို ကျုပ်ယုံတယ်။ ပေတန်ဂျုံးကို မြန်နိုင်သမျှအမြန်ဆုံး အဆက်အသွယ်လုပ်ပါ။ ဘော်လ်ဒွင်ရဲ့ ကိုယ်ရေးဖိုင်တွေနဲ့သူ့စုံစမ်းရရှိချက်တွေကို ပြန်လေ့လာဖို့ပြောပါ။ လျှို့ဝှက်အမည်က ဝံပုလွေ. . . ဝံပုလွေ. . . "

စုံထောက်၏ခေါင်းမှာ တစ်ဘက်သို့စောင်းကျသွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၂၂ )

ပါရီအဝေးပြေးလမ်းမကြီးအတိုင်း မြောက်ဘက်သို့ သူတို့နှစ်ယောက် ကားမောင်းလာကြသည်။

မွန်းလွဲပိုင်းနေရောင်က လိမ္မော်ရောင် ဖြစ်နေသည်။ ထိုသို့ နေချို နေသည့်အတွက် နိုဝယ်က သဘောကျနေသည်။

'လျှို့ဝှက်အမည်က. . . ဝံပုလွေ. . . ဝံပုလွေ. . .'

အင်္ဂလိပ်စုံထောက် နောက်ဆုံးပြောသွားသည့် စကားများကို ပြန်လည်ကြားယောင်နေလေမိသည်။

သည်အတိုင်းဆိုလျှင် ပီတာဘော်လ်ဒွင်သည် ဂျီနီဗာအကြောင်းကို သိထားသူဖြစ်ရပေမည်။ ဗြိတိသျှစစ်စုံထောက်အဖွဲ့ အမှတ်-၅ကို ဘော်လ်ဒွင် က ထိုအကြောင်းများ ပြောပြခဲ့မည်။ သို့သော်လည်း သူတို့မယုံကြည်ကြ။

သူတို့ကို လိမ်ညာပြောနေသည်ဟု ထင်နေကြသည်။ ဘော်လ်ဒွင် သည် ဘာကြောင့် လိမ်ညာပြောနေသနည်း။ မည်သူ့အတွက် လိမ်ညာပေးနေ သနည်း။

ပီတာဘော်လ်ဒွင်သည် မည်သူနည်း။

ဗွန်တိုင်းဘို့လ်တ်. . . တင်နီဆန်ဆိုသူမှာ မည်သူနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဗွန်တိုင်းဘို့လ်တ်ဟာ တီနာမောမဟုတ်ဘူးဆိုရင် သူဟာဘာလဲ။ ဘာကြောင့် သူ့လူ ပစ်အသတ်ခံရတာလဲ။ဟိုလူနှစ်ယောက်က ကလေးမကို ဘာဖြစ်လို့ဖမ်းဖို့ ကြိုးစားကြတာလဲ။ ခင်ဗျားကိုပါ သတ်ပစ်ဖို့ ဘာကြောင့် ကြိုးစားကြတာလဲ" ဟု အင်္ဂလိပ်စုံထောက်က မေးခွန်းတွေ တသီးကြီးမေးသွားခဲ့သည်။

ဘာကြောင့်လဲ။

ပြဿနာကလေးတစ်ခုတော့ ရှင်းသလိုဖြစ်သွားသည်။ ဗွန်တင်နီဆန်သည် တီနာမောမဟုတ်။

သို့သော်လည်း ဂျီနီဗာအစီအစဉ်နှင့်ပတ်သက်၍ ဗွန်တိုင်းဘို့လ်တ်သည် အန္တရာယ်ရှိနေနိုင်သေးသည်။

သူသည် လူသတ်သမား မဟုတ်။

လူသတ်သမားမဟုတ်လျှင် သူဘာလဲ။

ဘာကြောင့် လူသတ်သမားများနှင့် ပတ်သက်နေရသလဲ။

ဘာကြောင့် နိုဝယ်နောက်သို့ လူတွေလိုက်လာရသလဲ။

နိုဝယ်နောက်ကိုသာမက ဗွန်တိုင်းဘို့လ်တ်၏ညီမ ဟယ်လ်ဒင်နောက်သို့ပါ လူတွေဘာကြောင့် လိုက်ကြသလဲ။

နိုဝယ်၏ခေါင်းထဲမှာ မေးခွန်းတွေ ပြည့်ကျပ်နေသည်။ သို့သော်လည်း မည်သည့်မေးခွန်းကိုမှ သူဖြေနိုင်စွမ်း မရှိပါ။

ယနေ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကြီးကြောင့် သူတုန်လှုပ်ချောက်ချားနေလေသည်။

လူသုံးယောက် သေဆုံးခဲ့ရသည်။ တစ်ယောက်က သူ၏လက်ချက်ဖြင့် သေဆုံးသွားခြင်းဖြစ်သည်။ ပြင်သစ်ပြည် ရွာကလေးတစ်ရွာ၏ လမ်းမပေါ်မှာ ပစ်ကြခတ်ကြဖြင့် လူသုံးယောက် သေခဲ့ရသည်။

အားလုံး ရှုးကုန်ကြလေပြီ။

"ဝံပုလွေဟာ ဘာအတွက် ရပ်တည်နေတယ်လို့ ထင်သလဲဟင်. ."

ဟယ်လ်ဒင်က မေးသည်။

"ထင်တာမဟုတ်ဘူး။ ဝံပုလွေဟာ ဘာအတွက်ရပ်တည်နေတယ်ဆိုတာအထိ ကိုယ်သိတယ်" ဟု နိုဝယ်က ပြန်ဖြေသည်။

ဟယ်လ်ဒင်က သူ့ကို အံ့သြတကြီး လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က ဝံပုလွေများအကြောင်းကို တစ်လုံးမကျန် ဖွင့်ပြောပြလိုက်လေတော့သည်။ ယခုအချိန်ရောက်မှတော့ ဖုံးကွယ်နေစရာလည်း အကြောင်းမရှိတော့ဟု သူနားလည်လိုက်ပြီဖြစ်သဖြင့် ပြောပြခြင်းဖြစ်သည်။

သူပြောပြပြီးသွားသောအခါ ဟယ်လ်ဒင်ဘက်မှ မည်သို့မှ တုံ့ပြန်လာခြင်းမရှိဘဲ အတိတ်ကြီး တိတ်နေတော့သည်။

မိမိပြောပြလိုက်သည်မှာ သိပ်ကိုများသွားပြီလားဟု နိုဝယ်က တွေးကြည့်မိသည်။

ဟယ်လ်ဒင်သည် ထိုသို့သော ဘေးအန္တရာယ်များကို လွန်မင်းစွာကြောက်နေသူဖြစ်သည်။ သူနှင့်တွေ့ဖို့ ချိန်းသည့် ပထမညတုန်းက သူပြောသည့် စည်းကမ်းများအတိုင်း မလိုက်နာနိုင်ပါက ထွက်ပြေးတော့မည်ဟု ဟယ်လ်ဒင်က ပြောခဲ့သည်။

ထွက်ပြေးသည်ဆိုရာတွင်လည်း ခဏမဟုတ်။ တစ်သက်လုံး ဘယ်တော့မှ ရှာမတွေ့နိုင်အောင် ပြေးတော့မည်ဟု ပြောခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းများကို နိုဝယ်က ပြန်လည်အမှတ်ရနေသည်။

ယခုလို ဟယ်လ်ဒင် ငြိမ်နေခြင်းသည် ဝံပုလွေအကြောင်းကိုပါ ထပ်မံသိရှိရသောကြောင့် ခြိမ်းခြောက်မှုများ ပိုမိုများပြားလာပြီဟု သဘောပေါက်နားလည်ကာ အကြောက်လွန်သွားသောကြောင့်လားဟု ကမန်းကတန်း စဉ်စားလိုက်မိလေသည်။

“ မင်းကြောက်သွားပြီလား ” ဟု နိုဝယ်က မေးသည်။

“ အတော် ရှုးကြောင်ကြောင်နိုင်တဲ့မေးခွန်းပဲ ”

“ ကိုယ် ဘာဆိုလိုတယ်ဆိုတာ မင်းသိတယ်ထင်လို့ ”

ဟယ်လ်ဒင်က ခေါင်းကိုနောက်မှီပေါ်သို့ မှီချလိုက်သည်။

“ သိပါတယ်။ ကျွန်မ ထွက်ပြေးတော့မှလား ဆိုတာကို ရှင်သိချင်တာမဟုတ်လား ”

“ ကိုယ်ကလဲ အဲဒီလိုပဲ မှန်းကြည့်နေတယ်။ မင်းထွက်ပြေးမှာလား”

ဟယ်လ်ဒင်သည် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြုဘဲ အကြာကြီး ငြိမ်နေလေသည်။ နိုဝယ်ကလည်းဖြေဖို့ ထပ်မံတိုက်တွန်းခြင်းမပြု။ သူပြန်ဖြေသောအခါ သူ့လေသံထဲမှာ ဝမ်းနည်းကြေကွဲသံများ ရောထွေးပါနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ရှင် ပြေးနိုင်သလို ကျွန်မ မပြေးနိုင်တော့ပါဘူးရှင်. . . စိတ်ဓါတ်ရေးရာတို့ ကြောက်လန့်တာတို့ကိုဘေးထား။ အဲဒါတွေက လက်တွေ့လဲမကျတော့ဘူး။ ကျွန်မတို့ကို သူတို့တွေ့သွားပြီလေ။ ကျွန်မတို့ကိုလဲ လိုက်သတ်နေပြီလေ "

" အခုဟာက နောက်ဆုံးအဆင့်ကို ရောက်လာပါပြီကွာ "

" အမှန်အတိုင်းပြောရမယ်ဆိုရင် အခုလို ပြေးလွှားနေရတာကိုလဲ ကျွန်မ စိတ်ကုန်လှပါပြီ။ ပြေးနိုင်တဲ့ခွန်အားလဲ ကျွန်မမှာ မရှိတော့ပါဘူး။ ရာခါ. . အိုဒက်ဇာ. . အခု ဝံပုလွေ. . သူတို့အဖွဲ့သုံးဖွဲ့ဟာ သူတို့အချင်းချင်း ရှာဖွေသတ်နေကြရုံမက ကျွန်မတို့ကိုပါ လိုက်သတ်နေတယ်လေ။ နောက်ဆုံးတော့ အားလုံးဇာတ်သိမ်းသွားကြတော့မှာပါပဲ။ ဟာအိုးဘတ်စ်ပြောတာတွေ မှန်နေပြီ "

" မနေ့ညတုန်းက ကိုယ်လဲ အဲဒီအတွေးမျိုး ဝင်ခဲ့မိပါတယ်။ ကိုယ့်အမေကိုသာ ငဲ့မနေရဘူးဆိုရင် ကိုယ်လဲမင်းလိုပဲ ထွက်ပြေးနေမိတော့မှာပဲ"

" ဟိန်းနရစ်ကလော်ဆင်ရဲ့သား "

ဟယ်လ်ဒင်က ထိုစကားကို အဓိပ္ပါယ်ပါပါနှင့် ပြောသည်။

" နောက် တစ်ယောက်ရဲ့သားလဲ ဖြစ်ပါတယ်ကွယ် "

ထို့နောက် သူတို့နှစ်ယောက် ငြိမ်သွားကြပြန်သည်။ အတော်ကလေးကြာတော့မှ နိုဝယ်က လှည့်ပြောသည်။

" ပေတန်ဂျိုးဆိုတဲ့လူနဲ့ ကိုယ်တို့ အဆက်အသွယ် မလုပ်ကြရင် ကောင်းမယ်ထင်တယ်။ မင်းဘယ်လိုသဘောရသလဲ "

" ကောင်းတယ် "

" သူတို့ ထောက်လှမ်းရေးက ကိုယ်တို့ကို စုံစမ်းတော့မယ်။ သူတို့မှာ တခြားလမ်းလဲ မရှိတော့ဘူးလေ။ ကိုယ်တို့နောက်ကို လွှတ်လိုက်တဲ့သူတို့ရဲ့ လူတစ်ယောက်ဟာ အသတ်ခံသွားရပြီဆိုတာ သူတို့သိကြတော့မှာပဲ။ ဒါကြောင့် စစ်လား ဆေးလား မေးလား မြန်းလား လုပ်ကြတော့မယ် "

" အဲဒါတွေကိုတော့ ကျွန်မတို့ ဖြေနိုင်မှာမဟုတ်ဘူး။ ကျွန်မတို့က နောက်ယောင်ခံပြီး အလိုက်ခံနေရတာပါ။ ကျွန်မတို့က လိုက်တာမဟုတ်ပါဘူး"

" သူတို့ဟာ ဘယ်သူတွေလဲလို့ ကိုယ် စဉ်းစားနေတယ်။ သိချင်နေတယ်။ ဟိုလူနှစ်ယောက်ဟာလေ "



www.burmeseclassic.com

www.burmeseclassic.com



" ရာခါပဲဖြစ်မှာပေ့ါ။ အခုလုပ်ပုံက ရာခါလုပ်နေကျပုံစံမျိုးပဲ "

" ဒါမှမဟုတ်ရင်လဲ အိုဒက်ဇာ ဖြစ်နိုင်တယ် "

" ဖြစ်နိုင်တာပဲ။ ဒါပေမယ့် ကျွန်မကို ဖမ်းတဲ့လူတစ်ယောက်က ဂျာမန်စကား ပြောတတ်တယ်။ သူပြောတဲ့ ဂျာမန်စကားက တစ်မျိုးဆန်းနေတယ်။ ဘာလင်မြို့သားလိုမဟုတ်ဘူး။ မြူးနစ်မြို့သားလိုလဲ မဟုတ်ဘူး။ နည်းနည်းရိုင်းချင်တယ်။ အဲဒါ တစ်ခုကတော့ ဆန်းနေတယ် "

" မင်း . . . ဘာကိုဆိုလိုတာလဲ "

" တောဆန်ချင်တယ်လို့ဆိုလိုတာပါ။ စကားပြောတာတော့ နူးညံ့ပါရဲ့။ တော်ဆန်ပြီး နည်းနည်းရိုင်းနေတာက တစ်မျိုးပဲ "

" ဒါကြောင့် သူတို့ဟာ ရာခါအဖွဲ့ဝင်တွေလို့ မင်းထင်တာလား "

" အဲဒါတွေလဲ အရေးမကြီးတော့ပါဘူးလေ။ သူတို့နှစ်ဖွဲ့စလုံးရဲ့ ရန်ကဝေးအောင် ကျွန်မတို့ ကိုယ်ကျွန်မတို့ ကာကွယ်ကြရတော့မှာ မဟုတ်လား။ ဘယ်သူကပဲ ကျွန်မတို့ကို တိုက်တိုက် ဘာမှမပြောင်းလဲပါဘူး။ အထူးသဖြင့် ကျွန်မအဖို့တော့ အကြောင်းမဟုတ်တော့ဘူး။ ရှင့်အတွက်ပဲ စိတ်မကောင်းဖြစ်မိတာပါ "

ဟယ်လ်ဒင်က ထိုသို့ပြောရင်း နိုဝယ်၏လက်မောင်းကို လာကိုင်သည်။

" ဘာဖြစ်လို့လဲ "

" ဘာဖြစ်လို့လဲဆိုတော့ အခုဆိုရင် ရှင်လဲ ကျွန်မတို့နဲ့အတူတူ ပြေးနေရပြီလေ။ ကျွန်မတို့လိုပဲပြေးနေရပြီ။ ကျွန်မတို့နဲ့ ဘဝတူဖြစ်သွားပြီ။ နောက်ပြီးတော့ ရှင့်မှာ လေ့ကျင့်ထားတာ ဘာမှမရှိသေးဘူး "

" ဒီလိုပဲပြေးရင်းလွှားရင်းနဲ့ အမြန်ဆုံး လေ့ကျင့်ပြီးသားဖြစ်သွားမှာနဲ့ တူပါတယ်ကွယ် "

ဟယ်လ်ဒင်က လက်ကိုပြန်ရုပ်လိုက်သည်။

" ရှင် ဘာလင်ကို သွားရတော့မယ် "

" သိတယ်။ ကိုယ်တို့မြန်မြန် လှုပ်ရှားကြရတော့မယ်။ ကက်စလာနဲ့ အမြန်ဆုံး အဆက်အသွယ်လုပ်ပြီး ကိုယ်တို့လုပ်ငန်းထဲကို ဆွဲသွင်းရတော့မယ်။ သူဟာ ကိုယ်တို့ ပြဿနာရဲ့ နောက်ဆုံးလူပဲ "

ထိုစကားကြောင့် ဟယ်လ်ဒင်က ကြေကွဲစွာ ပြုံးသည်။

" ရှင်နဲ့ ကျွန်မအစ်ကိုဟာ အသိဉာဏ်ကြီးကြပါတယ်။ ရှင်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး အဆင်သင့်ဖြစ်နေကြပြီပဲ။ ကက်စလာလဲ အဆင်သင့်ဖြစ်ရမှာပေါ့။ ရလာမယ့်အဖြေကတော့ အင်မတန်ကြီးကျယ်မှာပါပဲ။ ဖြေရှင်းဖို့ကလဲ ခက်ခဲမှာပါပဲ ”

နိုဝယ်က ဟယ်လ်ဒင်ကို လှည့်ကြည့်သည်။ စိတ်ထဲမှာ မည်သို့ခံစားနေရကြောင်းလည်း အလိုလိုသိနေသည်။

ယနေ့နေ့ခင်းတွင် သူတို့နှစ်ယောက် ကြုံတွေ့လိုက်ရသည့် အတွေ့အကြုံသည် အလွန်ကြီးကျယ်သော အတွေ့အကြုံဖြစ်ပါသည်။ ထို့ကြောင့် ဟယ်လ်ဒင်သည် သူ့ဘက်သို့ပါလာပြီဟု ယုံကြည်သည်။ သည်အတိုင်းဆိုလျှင် ဗွန်တိုင်းဘို့လ်တ် မိသားစုထဲမှ မဲသုံးပုံတစ်ပုံကို သူရလိုက်ခြင်းပင် ဖြစ်ပါသည်။

“ ကိုယ်တို့လုပ်ငန်းတွေပြီးသွားရင် မင်းတို့ပြေးလွှားနေရတဲ့ဘဝလဲ နိဂုံးချုပ်သွားမှာပါ။ ကိုယ်တို့အားလုံး အေးအေးချမ်းချမ်း နေနိုင်ကြပါပြီ ”

ဟယ်လ်ဒင်က တွေတွေကလေး ပြန်စိုက်ကြည့်နေသည်။ ပြီးတော့ သူ့ဘက်သို့တိုးကပ်လာသည်။ လက်မောင်းတစ်ဘက်ကို တင်းတင်းကလေး ကိုင်လိုက်သည်။ ခေါင်းကို သူ့ပခုံးပေါ်မှာ မှေးတင်ထားသည်။

ရွှေရောင်ဆံပင်များက နိုဝယ်၏ ကိုယ်တစ်ခြမ်းကို ဖုံးလွှမ်းထားလေသည်။

“ ကျွန်မခေါ်လို့ ဒီခရီးကို ရှင်လိုက်လာတယ်။ ကျွန်မတို့နှစ်ယောက်စလုံးက အသက်ဆုံးကြတော့မလို့ သီသီကလေးလိုတယ်။ ဟိုလူက ကျွန်မတို့အသက်ကိုကယ်တင်လိုက်တာပဲ ”

“ သူက ကြေးစားပါကွာ။ သူ့အလုပ်ကို သူလုပ်ရင်း မတော်တဆ ကိုယ်တို့ကို ကယ်မိသလိုဖြစ်သွားတာမဟုတ်လား။ သူ့ကို သတင်းပေးနိုင်မယ်ထင်တဲ့လူနောက်ကို သတင်းလိုချင်လို့ သူလိုက်နေတာပဲ ”

“ ကျွန်မသိပါတယ်။ သူတို့လိုလူမျိုးတွေကို ကျွန်မ အများကြီးမြင်ခဲ့ဖူးပါတယ်။ သူတို့လို လေ့ကျင့်ပြီးဖြစ်နေတဲ့ ကြေးစားတွေလေ။ ဒါပေမယ့် ဒီနေ့ နောက်ဆုံးတွေ့ရတဲ့ လူကတော့ အတော်ဆုံးပဲ။ သူလိုလူမျိုးရှားတယ်။ တခြားလူတွေကတော့ ဒီနေ့လိုအဖြစ်မျိုး ကြုံလာရင် တခြားလူကို စတေးမယ်”

“ မင်း ဘာကိုဆိုလိုတာလဲ ”

“ ရှင်ဟာ ဘာမှ အလေ့အကျင့်မရှိသေးဘူးလေ။ ဒါကြောင့် သူကသာ ခိုင်းမယ်ဆိုရင် ခိုင်းတဲ့အတိုင်း ရှင်လျှောက်လုပ်မှာပဲ။ ဒီတော့ ရှင့်ကို တည်ကြက်အဖြစ် သူ သုံးနိုင်တာပေါ့။ သူ့အသက်ကို ဘယ်စွန့်ဖို့လိုမလဲ။ နောက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အကာအကွယ်ယူပြီး သူလုပ်ချင်တာတွေလုပ်သွားမှာပေါ့။ ခုတော့ ဒီလိုမဟုတ်ဘူး။ ကျွန်မတို့ကို အသုံးမချဘဲ သူ့အသက်ကိုစွန့်ပြီး ကျွန်မတို့ နှစ်ယောက်စလုံးကို ကယ်တင်သွားတယ် ”

ဟယ်လ်ဒင်၏စကားကို နိုဝယ် စဉ်းစားကြည့်သည်။ မှန်ကြောင်း သဘောပေါက်သည်။

သူတို့နှစ်ယောက် တိတ်ဆိတ်သွားကြပြန်သည်။

အတန်ကြာတော့မှ နိုဝယ်က မေးသည်။

“ ပါရီမြို့ကိုရောက်ရင် ကိုယ်တို့ဘယ်ကိုသွားကြမလဲ ”

“ ပါရီကိုမသွားဘူး။ အာဂျင်တွေးကို သွားမယ်။ မြစ်ကမ်းပါးပေါ်မှာ ဟိုတယ်သေးသေးကလေးတစ်ခု ရှိတယ်။ ချစ်စရာကောင်းတယ် ”

နိုဝယ်က လက်ကိုင်ဘီးပေါ်မှ လက်ကိုမြှောက်လိုက်သည်။ ရွှေရောင်ဆံပင်များက ရွှေကြိုးမျှင်များကို ကြဲချလိုက်သလို လှုပ်ရှားသွားလေသည်။

“ မင်းလဲ ချစ်စရာကောင်းတာပါပဲ ”

“ ကျွန်မ ကြောက်တယ်။ ကြောက်စိတ်တွေ ပျောက်သွားအောင် လုပ်ရမယ် ”

“ အာဂျင်တွေးတဲ့လား။ အာဂျင်တွေးမှာရှိတဲ့ ဟိုတယ်သေးသေး ကလေး . . . ပြင်သစ်နိုင်ငံကို မင်းရောက်လာတာ ဘာမှ မကြာသေးပေမယ့် နေရာတွေအများကြီးကို မင်းသိတယ်နော် ”

“ တောင်မေး မြောက်မေး မလုပ်တတ်တဲ့နေရာတွေကို သိထားဖို့လို တယ်။ မကြာခင် ရှင်လဲသဘောပေါက်သွားတော့မှာပါ။ ရှေ့က လမ်းခွဲကျရင် ဝင်မယ်။ မြန်မြန်မောင်းပါကွယ် ”

\+ \+ \+

သူတို့ငှားလိုက်သည့်အခန်းကလေးမှာ လသာဆောင်သေးသေးကလေး တစ်ခုပါသည်။ လသာဆောင်ကလေးမှ ထွက်ကြည့်လိုက်လျှင် စိန်းမြစ်ကို အပေါ်မှ စီးမြင်နေရလေသည်။

တစ်ယောက်ခါးကို တစ်ယောက်ဖက်ရင်း လသာဆောင်မှာ ရပ်နေကြ သည်။ စိန်းမြစ်ကြီးကို စီးကြည့်နေကြသည်။

ထိုအခိုက် တံခါးခေါက်သံ ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်၏တစ်ကိုယ်လုံးတောင့်သွားသည်။ ထို့ကြောင့် နို၀ယ်က ပြုံးပြလိုက်ရလေသည်။

“ စိတ်အေးအေးထားပါကွယ်။ မင်းရေချိုးနေတုန်း ဘရန်ဒီတစ်လုံး ကိုယ်မှာထားလို့ လာပို့တာပါ ”

သည်တော့မှပင် ဟယ်လ်ဒင်မှာ အသက်ရှူနိုင်ပြီး မျက်နှာကလေး ပြုံးလာသည်။

“ ကျွန်မကို ပြောရောပေါ့ကွယ်။ မှာပေးမှာပေါ့။ ရှင်က ပြင်သစ် စကားမှ သိပ်မတတ်ဘဲ ”

“ ဘရန်ဒီလောက်တော့ မှာတတ်ပါတယ် ”

နို၀ယ်က တံခါးသွားဖွင့်ပေးသည်။ စားပွဲထိုးက ဘရန်ဒီပုလင်းနှင့် ဖန်ခွက်များကို စားပွဲပေါ်မှာ တင်ပေးသွားသည်။

ဟယ်လ်ဒင်က လသာဆောင်ကလေးမှ အတွင်းသို့ပြန်ဝင်လာသည်။ ဘရန်ဒီပုလင်းနှင့် ဖန်ခွက်များကို ကြည့်နေသည်။ ပြီးတော့ နို၀ယ်ကို တစ်လှည့် ကြည့်သည်။ နို၀ယ်က ခပ်ကြောင်ကြောင်ရပ်နေမိသည်။

စားပွဲထိုးကလေး ကြောင်နေပြီ “မမကို စားပွဲမှ ထိုင်ဖို့ခေါ်မသွား တော့ဘူးလားကွယ် ”

သည်တော့မှပင် နို၀ယ် လှုပ်ရှားလာသည်။

“ ဒီဘက်ကိုကြွပါခင်ဗျာ။ မမ ဘယ်စားပွဲမှာထိုင်မယ်မှန်းမသိလို့ အရိပ်အကဲကြည့်နေတာပါ။ လသာဆောင်မှာ ထိုင်မယ်ဆိုရင်လဲ သင့်လျော် ပါတယ်ခင်ဗျာ။ မြစ်ထဲမှာ မမရှုစားဖို့အသင့်ပြင်ထားတဲ့ လှေတော်သားတွေက မီးရှူးမီးပန်းတွေ ပစ်ဖောက်ဖို့ အသင့်ဖြစ်နေကြပါပြီ။ ဒီကုလားထိုင်မှာ မမ ထိုင်ပါနော်။ ကျွန်တော် ဘရန်ဒီ ထည့်ပေးပါ့မယ် ”

“ မမရဲ့ စားပွဲထိုးကလေးကရော ဘယ်နားမှာ ထိုင်မှာလဲကွယ် ”

နို၀ယ်က ကိုယ်ညွှတ်ပြီး အလေးပြုသည်။

“ ကျွန်တော်က မမရဲ့ခြေထောက်နားက ကြမ်းပြင်ပေါ်မှာ ထိုင်ရင်း ခစားပါ့မယ့်ခင်ဗျာ ”

သူတို့နှစ်ယောက် ပျော်ပျော်ပါးပါး ရယ်လိုက်ကြသည်

ချက်ချင်းဆိုသလိုပင် နို၀ယ်၏ရင်ခွင်ထဲသို့ ဟယ်လ်ဒင်ရောက်လာ သည်။ ဟယ်လ်ဒင်၏ တစ်ကိုယ်လုံး တစ်ဆက်ဆက်တုန်နေသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် နို၀ယ်မှာ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

" ဘာဖြစ်တာလဲဟင်. . . ဘာဖြစ်တာလဲ "

နို၀ယ်က စိုးရိမ်တကြီးမေးသည်။

" ကျွန်မရင်ထဲမှာ ကြောက်နေတယ်။ ကျွန်မဘ၀တစ်လျှောက်လုံး အဖော်မပါဘဲ တစ်ကိုယ်တည်း ဖြတ်သန်းခဲ့ရသလိုပဲ။ ဒါကြောင့် ကျွန်မရင်ထဲက ကြောက်စိတ်တွေ ပျောက်သွားအောင် လုပ်ပေးပါကွယ် "

" မင်းဟာ တစ်ယောက်တည်း မဟုတ်ပါဘူး ဟယ်လ်ဒင်. . . အဖော်မဲ့နေတဲ့ မိန်းကလေးမဟုတ်ပါဘူး။ ကိုယ်လဲပဲ မင်းလိုပါပဲ. . . အဖော်မရှိတဲ့ တစ်ကိုယ်တည်းသမား မဟုတ်တော့ပါဘူး "

\+ \+ \+

သူတို့နှစ်ယောက် ခုတင်ပေါ်မှာ ရှိနေကြသည်။ နို၀ယ်က ဟယ်လ်ဒင်၏ ရွှေရောင်ဆံပင်များကို ရှေ့ဘက်သို့ ဖြန့်ချနေသည်။

" ကျွန်မငယ်ငယ်တုန်းကလေ. . . သိပ်ပျော်ခဲ့တာ။ ကျွန်မဘ၀မှာ ပျော်ရွှင်ရတဲ့ အချိန်တွေဆိုလို့ အဲဒီကလေးဘ၀အချိန်ကလေးပဲ ရှိတယ်ကွယ်"

" ဘယ်လို ကလေးဘ၀လဲ "

" ဘာကိုမှ ပူပင်ရမှန်းမသိတဲ့အရွယ်။ ကြောက်ရလန့်ရမှန်းမသိတဲ့ အရွယ်ပေါ့။ ကလေးအရွယ်ပေါ့။ အဲဒီတုန်းက ကျွန်မတစ်ယောက်တည်းနေရတာများတယ်။ မေမေတို့က သူတို့လူကြီးဝိုင်းထဲကို အ၀င်မခံဘူး။ ကျွန်မကို သီးခြားအိပ်ခန်းထဲမှာ သိပ်တယ်။ မိသားစုထဲမှာ ကျွန်မက အငယ်ဆုံးဆိုတော့ သူတို့ထဲကို ၀င်မရှုပ်ရဘူးဆိုတဲ့ သဘောပေါ့လေ "

" ဒီလိုဆိုပြန်တော့လဲ မင်းမှာ အဖော်မဲ့နေရှာတော့မှာပေါ့ "

" အို. . . ဒီလိုလဲမဟုတ်ဘူးလေ။ အဖော်မဲ့မနေပါဘူး။ ကျွန်မမှာ အဖော်တွေအများကြီးရှိတယ်။ စိတ်ကူးထဲက အဖော်တွေ။ သူတို့က ကျွန်မ အိပ်ခန်းထဲကို ကျွန်မစိတ်ကူးတဲ့အချိန်တိုင်း ရောက်လာကြတယ်။ ခုတင်ပေါ်မှာ ထိုင်ကြတယ်။ ကုလားထိုင်မှာ ထိုင်ကြတယ်။ ကျွန်မနဲ့ စိတ်ကူးတည့်ရာတွေ စကားပြောကြတယ်။ ကျွန်မတို့ချင်း လျှို့၀ှက်ထားရမယ့်ကိစ္စကလေးတွေကို တောင် အပြန်အလှန် ဖွင့်ပြောကြတယ် "

ထိုစကားကိုကြားရသောအခါ နို၀ယ်မှာ ဟယ်လ်ဒင်ကို လွန်စွာ သနား



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။ ဟယ်လ်ဒင်၏ လှပသောနှုတ်ခမ်းကလေးကို ခပ်ရွရွ နမ်းသည်။

" မင်း ကျောင်းနေတုန်းကရော။ သိပ်ရင်းနှီးတဲ့သူငယ်ချင်းတွေ မရှိဘူးလားဟင်. . . "

ဟယ်လ်ဒင်သည် ခဏကြာအောင် တွေတွေကလေးစဉ်းစားနေ၏။

" နည်းနည်းပါးပါးတော့ ရှိပါတယ်။ အများကြီးမဟုတ်ပါဘူး။ အဲဒီတုန်းက အကြောင်းတွေ ပြန်စဉ်းစားကြည့်တော့ သူတို့ကိုလဲ ကျွန်မ အပြစ်မတင်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့အားလုံး အရွယ်မရောက်ကြသေးတဲ့ကလေးတွေပဲ မဟုတ်လား။ ကျွန်မတို့အားလုံး မိဘစကားကို နားထောင်ကြရတဲ့အရွယ်ပဲ။ ဒီလိုထိုင်ဆို ထိုင်ရတယ်။ ဒီလိုနေဆို နေရတယ်။ ဒီလိုပြောဆို ပြောရတယ်။ ဒါကြောင့် သူတို့က ကျွန်မကို ရင်းရင်းနှီးနှီး မပေါင်းတာဟာ သူတို့အပြစ်မဟုတ်ပါဘူး "

" သူတို့မိဘတွေက သူတို့ကို ဘာပြောထားလို့လဲ "

" ကျွန်မဟာ ဗွန်တိုင်းဘို့လ်တ်ဖြစ်တယ်လို့ မိဘတိုင်းက သူတို့သားသမီးတွေကို ပြောထားကြတယ်လေ။ ဗွန်တိုင်းဘို့လ်တ်ဆိုတာ အကျင့်ယုတ်တယ်ပေါ့။ ကျက်သရေ တုံးတယ်ပေါ့။ အောက်တန်းစား ဖြစ်တယ်ပေါ့။ အဲဒါတွေဟာ ကူးစက်ရောဂါလို ကူးစက်တတ်တယ်ပေါ့ "

ထိုစကားကြားရသောအခါ နို့ဝယ် ရင်နာသွားရပြန်သည်။ မိဘများ၏ မိုက်ပြစ်သည် သားသမီးများနှင့် မည်သို့မျှ မသက်ဆိုင်ပါ။

" မင်း ကြီးပြင်းလာတဲ့အခါကျတော့ အခြေအနေတွေ ကောင်းလာသလား။ ဘယ်လိုနေသလဲ "

" အထိုက်အလျောက်တော့ ကောင်းလာတယ်ဆိုရမှာပေါ့လေ။ အသက်ကလေးရလာတော့ အထိုက်အလျောက် အသိဉာဏ်ရှိလာတော့ ဆင်ခြင်တတ်လာတယ် မဟုတ်လား "

" သူငယ်ချင်းတွေ ပိုများလာသလား "

" ပြောပလောက်အောင် မဟုတ်ပါဘူး။ ကျွန်မကလဲ အများတကာနဲ့ ရောရောနှောနှော မနေတတ်တော့ဘူး။ ကလေးဘဝတုန်းကလဲ ကိုယ့်အိမ်သားတွေက ကိုယ့်ကိုသီးခြားထားတယ်။ ကျောင်းနေပြန်တော့လဲ တခြားကလေးတွေက ကိုယ့်ကို ကြဉ်တယ်ဆိုတော့ ကျွန်မဘာသာ တစ်ကိုယ်တည်း နေတတ်တဲ့အကျင့်က စွဲသလိုဖြစ်နေတယ်။ နောက်တစ်ကြောင်းကလဲ အဲဒီခေတ်အခါတုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဂျာမန်လူမျိုးတွေကို ဘရာဇီးလ်လူမျိုးတွေက နှစ်နှစ်ကာကာ လိုလားကြသေးတာ မဟုတ်ဘူးလေ ”

“ ဘာဖြစ်လို့လဲ. . . စစ်ပြီးနေပြီ မဟုတ်လား ”

“ စစ်ပြီးပေမယ့် သူတို့မျက်နှာပျက်ရတယ်ပေါ့။ ကျွန်မတို့လို စစ်ပြေးဂျာမန်တွေကြောင့် သူတို့မျက်နှာပျက်ရတယ်ပေါ့။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ စစ်ပြေးဂျာမန်တွေက တရားမဝင်တဲ့ငွေတွေ ယူသွင်းလာကြတယ်။ စစ်ရာဇဝတ်ကောင်တွေလဲ ဖြစ်နေတယ်။ အစ္စရေးတွေကလဲ ကျွန်မတို့နောက်ကို လိုက်နေတယ်. . . အဲဒါမျိုးတွေနဲ့ လုံးလည်ချာလပတ်လိုက်နေတာပါပဲလေ”

“ မင်းဟာ အင်မတန်ကို ချောမောလှပတဲ့မိန်းကလေးပဲကွယ်။ ဒီလိုမိန်းမချောကလေးတစ်ယောက်အနေနဲ့ အထီးကျန်ဘဝကို မရောက်သင့်ပါဘူး။ ကိုယ့်ကိုယ်ကို ထီးထီးကြီး ဖြစ်အောင်လဲ မလုပ်သင့်ပါဘူး ”

ဟယ်လ်ဒင်က နိုဝယ်ကို စိုက်ကြည့်သည်။ နိုဝယ် ဖွထားသည့် ရွှေရောင်ဆံပင်များကကို နောက်ဘက်သို့ သိမ်းပစ်လိုက်သည်။ ပြီးတော့ နိုဝယ်ကို ကြည့်ပြုံးသည်။

“ အဲဒီအချိန်တုန်းက ကျွန်မရုပ်ဟာ ဒီလိုမျိုးမဟုတ်ဘူး မောင်။ မျက်နှာထားကြီးက တည်တယ်။ ဆံပင်တွေက ဖြောင့်နေတယ်။ နောက်မှာကြိုးတစ်ချောင်းနဲ့ စုချည်ထားတယ်။ မျက်မှန်အကြီးကြီးတွေ တတ်တယ်။ အဝတ်အစားဆိုရင်လဲ ကိုယ်နဲ့မတော်တဲ့ ပွပွကြီးတွေကိုမှ ရှာဝတ်တယ်။ ကဒီတော့ ကျွန်မကို ဘယ်သူကမှ နှစ်ခါပြန်မကြည့်ဘူး။ ကျွန်မပြောတာယုံတယ် မဟုတ်လားဟင်. . . ”

“ ကိုယ်က အဲဒါကို စဉ်းစားနေတာ မဟုတ်ဘူး ”

“ ဒါဖြင့် ဘာကိုစဉ်းစားနေတာလဲ ”

“ အခုန ကိုယ့်ကို မောင်လို့ခေါ်လိုက်တယ်နော် ”

ဟယ်လ်ဒင်က နိုဝယ်ကို တည့်တည့်စိုက်ကြည့်သည်။

“ဟုတ်တယ်လေ. . . မောင်လို့ခေါ်လိုက်တာ မောင်အကြားပဲ။ ချစ်လွန်းလို့ မောင်လို့ခေါ်တာပါ။ ဒါဟာ သဘာဝပဲ။ ဘာလဲ. . . မောင် မကြိုက်ဘူးလား ”

ဟယ်လ်ဒင်ကို ဆွဲယူပွေ့လိုက်ခြင်းသည် နိုဝယ်၏ အဖြေပင် ဖြစ်ချေသည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်က စားပွဲစွန်းမှာ ထိုင်နေသည်။ ဘရန်ဒီကို တစ်ငုံချင်း သောက်နေသည်။ နိုဝယ်က ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။

“ မောင်ဟာ တကယ့်လူကြီးလူကောင်းပဲ။ ကျွန်မဘဝမှာ မောင်လို လူကြီးလူကောင်းမျိုး များများစားစား မတွေ့ခဲ့ဖူးဘူး ”

“ ဒီလိုဆိုရင် အခုတွေ့နေတဲ့ လူကြီးလူကောင်းနဲ့ တစ်သက်လုံး အတူနေလိုက်ပါတော့လား ”

“ အို့ . . ကျွန်မက အဲဒီသဘောမျိုးပြောတာ မဟုတ်ဘူး။ မောင်သိဖို့ ပြောထားရဦးမယ်။ ဟာအိုးဘတ်စ်ရဲ့ အသိုက်အဝန်းမှာရှိနေတဲ့လူတွေက ကျွန်မကို ‘ရေခဲတုံး’လို့ ခေါ်ကြတယ်။ ဘာပဲဖြစ်ဖြစ် အခုလို မောင်နဲ့တွေ့ရတော့ ကျွန်မစိတ်ချမ်းသာတာ အမှန်ပါပဲ။ မောင့်ကို ကျွန်မ အရမ်းချစ်မိနေပြီ။ ဒါပေမယ့် နိုဝယ်ဟိုးလ်ခရော့ဖ်တ် . . . ဒါဟာ ကောင်းတဲ့စိတ်ထားဟုတ်တယ် မဟုတ်ဘူးဆိုတာတော့ ကျွန်မ မသေချာဘူး ”

“ ဘာကြောင့်လဲ ”

“ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နှစ်ယောက် ‘ဂွဒ်ဘိုင်’လို့ပြောကြရတော့မယ်လေ။ ပြီးတော့ ကျွန်မက မောင့်ကို လွမ်းနေရော ”

သူ့မျက်နှာကို ကိုင်ထားသည့် ဟယ်လ်ဒင်၏လက်ကလေးနှစ်ဘက်ကို နိုဝယ်က စုပြီး ဆုပ်ကိုင်ထားလိုက်သည်။

“ ကိုယ်တို့နှစ်ယောက် အခုမှ ‘ဟယ်လို’လို့ ပြောခါစရှိသေးတယ်။ ဘာကြောင့် ‘ဂွဒ်ဘိုင်’ရမှာလဲ ”

“ မောင့်မှာ လုပ်စရာအလုပ်တွေရှိတယ်လေ။ ကျွန်မမှာလဲ လုပ်စရာ အလုပ်တွေ ရှိနေတယ် ”

“ ကိုယ်တို့နှစ်ယောက် ဖူးရစ်မြို့မှာ လုပ်စရာရှိတာတွေ အတူတူလုပ်ကြဦးမှာပဲ ”

“ မောင့်အလုပ်က ဖူးရစ်မြို့မှာရှိတယ်။ ကျွန်မဘဝက ပါရီမြို့မှာ ရှိနေတယ် ”

“ ဒါတွေနဲ့ဘာဆိုင်လို့လဲကွယ် ”

“ ဒါတွေကို မောင် မသိသေးပါဘူးကွယ်။ ကျွန်မအကြောင်းတွေကို မောင် ဘာမှမသိသေးပါဘူး။ ကျွန်မ ဘယ်မှာနေသလဲ . . . ဘယ်လိုနေနေသလဲ . . . ကဲ ပြောစမ်း ဒါလင် ”



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ့်အိပ်ခန်းထဲမှာ တစ်ယောက်တည်းအခန်းအောင်းနေတဲ့ ကောင်မလေးတစ်ယောက် အကြောင်းကိုတော့ ကိုယ်သိတယ်လေ "

" အဲဒီကောင်မလေးအကြောင်းကိုပဲ တွေးနေပါ မောင်။ အဲဒီ ကောင်မလေးဟာ မောင့်တစ်ဘဝလုံးအတွက် ကောင်မလေးဖြစ်ဖို့ သေချာပါတယ် "

နိုဝယ်က ဟယ်လ်ဒင်၏လက်ကို လွှတ်ပေးလိုက်သည်။

" ဘာစကားတွေလာပြောနေတာလဲဟင်. . . ချစ်စရာကောင်းတဲ့ ညနေခင်းကလေးကုန်ဆုံးမယ်တောင် မကြံသေးဘူး။ 'ဂွဒ်ဘိုင်'လို့ လာပြောနေရသလား "

" ဒီလိုတော့လဲ မဟုတ်ပါဘူး မောင်။ အခုချက်ချင်းကြီး 'ဂွဒ်ဘိုင်'လို့ ပြောဖို့ ဆိုလိုတာမဟုတ်ပါဘူး "

" ဒါဆိုရင် ဘာတွေပြောနေတာလဲ "

" ကျွန်မလဲ သေသေချာချာ မပြောတတ်တော့ဘူး။ ကျွန်မစဉ်းစားနေတာပေါ့လေ. . . ကျွန်မတို့မှာ ရက်တွေရှိတယ်. . . ရက်သတ္တပတ်တွေရှိတယ်. . . အဲဒီရက်တွေ အချိန်တွေကို မောင်က လိုချင်တယ်ဆိုရင်ပေါ့ "

" သိပ်ကိုလိုချင်တာပေါ့ကွာ "

" ဒါပေမယ့် ကတိတစ်ခုတော့ပေးရမယ်။ ကျွန်မ ဘယ်မှာနေတယ်ဆိုတာ ဘယ်တော့မှမမေးရဘူး။ ကျွန်မ ဘယ်မှာနေတယ်ဆိုတာ ဘယ်တော့မှ လိုက်မရှာရဘူး။ ကျွန်မကို မောင်ကစပြီး ဘယ်တော့မှ အဆက်အသွယ်မလုပ်ရဘူး။ အဆက်အသွယ်လုပ်စရာရှိတယ်ဆိုရင် ကျွန်မကပဲ မောင့်ကို ဆက်သွယ်မယ် "

" လက်စသတ်တော့ မင်းက လင်ကြီးငုတ်တုတ်နဲ့ကိုး . . . "

" ဟင်း . . . ဟင်း . . . မောင်ကလဲ မဟုတ်တာကြီး "

ဟယ်လ်ဒင်က နိုဝယ်၏စကားကို သဘောကျစွာ ရယ်သည်။

" ဒါဖြင့် တစ်ယောက်ယောက်နဲ့အတူတူ နေတယ်ပေါ့ "

" ဟုတ်တယ်။ ဒါပေမယ့် မောင်ထင်သလို မဟုတ်ဘူး။ မောင်တွေးကြည့်နေသလို မဟုတ်ဘူး "

နိုဝယ်က ဟယ်လ်ဒင်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းပြောတဲ့စကားနဲ့ပတ်သက်ပြီး ကိုယ်က ဘာပြန်ပြောရမှာလဲ"

" ကတိပေးပါတယ်လို့ပြော "

" နေစမ်းပါဦး။ မင်းပြောတာတွေ ပြန်ချုပ်ကြည့်ရအောင်။ မင်းဘယ်မှာနေတယ်ဆိုတာ မမေးရဘူး။ ဘယ်မှာနေတယ်ဆိုတာသိအောင် မလုပ်ရဘူး။ မင်းဆီကိုမလာရဘူး။ မင်းကို အဆက်အသွယ်မလုပ်ရဘူး။ မင်း ဘယ်လိုနေနေတယ်ဆိုတာလဲ မသိရဘူး။ ဒီလိုမဟုတ်လား "

" ဟုတ်ပါတယ် မောင်. . . ကျွန်မ သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းနံပါတ်တစ်ခု မောင့်ကိုပေးထားမယ်။ အရေးကြီးရင် သူ့ကိုဆက်။ သူက ကျွန်မကို အကြောင်းကြားပေးလိမ့်မယ် "

" ကိုယ်ကတော့ မင်းရဲ့သူငယ်ချင်း မဟုတ်ဘူးလား "

" ဟုတ်ပါတယ် မောင်။ ဒါပေမယ့် မတူဘူး။ စိတ်မဆိုးပါနဲ့ မောင်ရယ်. . . မောင်ရဲ့အသက်အန္တရာယ် လုံခြုံရေးအတွက် ဒီလိုပြောနေရတာပါ "

သူနှင့်တွေ့ဖို့ ပထမဆုံးအကြိမ် စတင်ချိန်းဆိုစဉ်က ဟယ်လ်ဒင်အကြီးအကျယ် ထိတ်လန့်နေခဲ့ပုံနှင့်သူ့ထံသို့ မမှန်သော လူများစေလွှတ်ခြင်းခံရမည်ကိုကြောက်နေပုံများ မျက်စိထဲမှာ ပြန်ပေါ်လာသည်။

" ဖူးရစ်က အစီအစဉ်တွေ ပြီးဆုံးသွားရင် မင်းရဲ့ဘဝ ပြောင်းလဲမသွားနိုင်ဘူးလား "

ဟယ်လ်ဒင်က ခဏကြာအောင် တုံ့ဆိုင်းဆိုင်းလုပ်နေသည်။

" ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လုပ်စရာတွေက အများကြီးရှိ. . . "

နီဝယ်က သူ့စကားကို အဆုံးအထိအဆက်မခံဘဲ ဖြတ်ပြောသည်။

" အချိန်ကလဲ နည်းနည်းပဲရှိတယ်။ ဒါပေမယ့် ဂျီနီဗာဘဏ်တိုက်က ငွေတွေ ထုတ်မယူမီ စည်းကမ်းချက်တွေနဲ့ညီအောင် ကိုယ်တို့က ဆောင်ရွက်ပေးရဦးမှာ မဟုတ်လား "

" ကျွန်မ သဘောပေါက်ပါတယ် မောင်။ ဒါတွေကို မောင်ရှင်းပြပြီးပြီပဲ။ ဂျိုဟန်းကလဲ ဒါတွေကို သိထားပြီးပြီဆိုတာ ကျွန်မ ပြောရဲပါတယ် "

" ကိုယ်ကတော့ မသေချာဘူး။ သူလုပ်နေတာတွေဟာ သူ့အခြေအနေကို ယိမ်းယိုင်သွားအောင် လုပ်သလိုဖြစ်နေတယ် "

" ဘယ်လို ယိမ်းယိုင်သွားအောင်လဲ "



www.burmeseclassic.com

www.burmeseclassic.com



“ ငွေထုတ်ပေးဖို့ အရည်အချင်းပြည့်မီသူ မဟုတ်ဘူးလို့ ဘဏ်တိုက်ဒါရိုက်တာအဖွဲ့က သတ်မှတ်သွားအောင် လုပ်နေတာမျိုးတွေကို ပြောတာ။ ကိုယ်တို့မှာ အချိန်သိပ်နည်းနေပြီ။ ဗျူးမောင့်အကြောင်းလဲပြောချင်သေးတယ်။ သူဘယ်သူလဲဆိုတာ ကိုယ်သိနေတယ်လို့ ထင်တယ်။ ဒါပေမယ့် အတည်ပြုနိုင်အောင်တော့ မင်းရဲ့အကူအညီကိုရမှ ဖြစ်မယ် ”

“ ကျွန်မ ဘယ်လိုကူညီနိုင်မလဲ မောင် ”

“ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ ဗျူးမောင့်ရှိနေတုန်းက မောရစ်ဂရပ်ဖ်နဲ့ အဆက်အသွယ်ရှိသလား ”

“ ကျွန်မ မသိဘူး ”

“ ဖြစ်နိုင်တဲ့နည်းလမ်းတွေ ရှာကြည့်ရအောင်လေ။ သူတို့နှစ်ယောက် အဆက်အသွယ်ရှိတာကို သိတဲ့လူ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ မရှိနိုင်ဘူးလား ”

“ ဒါလဲ ကျွန်မ မသိဘူး ”

“ ဒုက္ခပါပဲ။ သူ့အကြောင်းကို ကိုယ်တို့သိမှဖြစ်တော့မယ်။ သိနိုင်သမျှတွေ အကုန်လုံးသိအောင် လုပ်မှဖြစ်တော့မယ် ”

ဟယ်လ်ဒင်က မျက်မှောင်ကုပ်ပြီး စဉ်းစားနေသည်။

“ အဲဒါလဲ အတော်ခက်မှာပဲ ”

“ ဘာဖြစ်လို့လဲ ”

“ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဂရက်ချန်က သူနဲ့လက်ထပ်တော့မယ်လို့ပြောတဲ့အခါမှာ ကျွန်မအကြီးအကျယ် တုန်လှုပ်သွားခဲ့တယ်။ ကျွန်မပြောပြီးပါပြီနော်။ အဲဒီအချိန်တုန်းက လန်ဒန်မှာရှိတဲ့ သုတေသနသတင်းဌာနကလေးတစ်ခုမှာ ကျွန်မအလုပ်လုပ်နေတယ်။ ငွေငါးပေါင်ပေးရင် ကိုယ်သိချင်တဲ့ အကြောင်းအရာသတင်းတွေကို သိရမယ်လေ။ လူပုဂ္ဂိုလ်ဆိုင်ရာကိုလဲ အတ္ထုပ္ပတ္တိအကျဉ်းသိနိုင်တဲ့ သုတေသနသတင်းဌာန၊ အဲဒီဌာနအနေနဲ့ လူတွေစိတ်ပါဝင်စားနိုင်တဲ့ အကြောင်းအရာတွေ၊ သတင်းတွေ၊ လူပုဂ္ဂိုလ်တွေအကြောင်းကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် စုဆောင်းထားရတာပေါ့”

“ ဒီတော့ ဗျူးမောင့်အကြောင်းကို မင်း စုဆောင်းရောလား ”

“ ကျွန်မ ကြိုးစားကြည့်ခဲ့တယ်။ ဘာကြောင့် ကြိုးစားကြည့်မိတယ်ဆိုတာတော့ မသိဘူး။ ကြိုးစားမိတာတော့ အမှန်ပဲ။ သူတက္ကသိုလ်တက်ခဲ့တုန်းက မှတ်တမ်းတွေကို ကျွန်မ ပြန်စုံစမ်းတယ်။ ရေတပ်ထဲရောက်လာပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အဖြစ်အပျက်တွေကို တတ်နိုင်သမျှ စုဆောင်းတယ်။ သူ့မိသားစု အကြောင်းကို စုံစမ်းတယ်။ ဒီလိုစုံစမ်းတဲ့အခါမှာ ရှေ့နောက် မညီမညွတ်ဖြစ်နေတာတွေကို တွေ့ရတယ် ”

“ ဘယ်လိုရှေ့နောက် မညီတာလဲ ”

“ ဒီလိုလေ. . . ရေတပ်မှတ်တမ်းတွေအရ သူ့မိဘများဟာ တကယ့်ကို သာမန်အဆင့်အတန်းထဲကပဲ။ အဲဒီမှတ်တမ်းကိုမြင်ရတော့ သူတို့ဟာ လက်လုပ်လက်စားတွေထဲကပဲလို့ ကျွန်မယူဆခဲ့မိတယ်။ ဒါပေမယ့် သူကင်းဘရစ်တက္ကသိုလ်တတ်တဲ့မှတ်တမ်းတွေကိုကြည့်တော့ သူဟာ သာမန်ကျောင်းသားမဟုတ်တော့ဘူး ”

“ ဘယ်လို သာမန်ကျောင်းသာမဟုတ်တော့တာလဲ ”

“ ပညာသင်ထောက်ပံ့ကြေးမယူဘူးလေ။ ထောက်ပံ့ကြေးလျှောက်တယ်ဆိုတဲ့အထောက်အထားတွေ မတွေ့ရဘူး။ အဲဒါဟာ ထူးဆန်းမနေဘူးလား”

“ ဒါနဲ့ စကော့တလန်မှာရှိနေတဲ့ သူ့မိဘတွေကို ဆက်စုံစမ်းရောဆိုပါတော့။ ဘာတွေတွေ့ရသလဲ ”

“ ဒီနေရာမှာအချက်ပဲ။ ဘာမှရှာလို့ မတွေ့ရတော့ဘူး။ သူ့မိဘတွေ ပျောက်သွားပြီ။ ဘယ်ကိုပြောင်းတယ်ဆိုတာ မသိရဘူး။ လိပ်စာသစ် ပေးမသွားဘူး။ သူတို့ကို ဘယ်လိုမှ ဆက်သွယ်လို့မရတော့ဘူး။ အဲဒီမြို့မှာရှိတဲ့ စာတိုက်စာရေးကလေးဆီကို ကျွန်မစာတွေ အကြိမ်ကြိမ်ရေး စုံစမ်းတယ်။ တခြားသိနိုင်တဲ့လူတွေဆီကိုလဲ စာရေးစုံစမ်းတယ်။ အဲဒီလိုစုံစမ်းတော့မှ ထူးဆန်းတာ ထပ်တွေ့ရတယ် ”

“ ဘယ်လို ထူးဆန်းတာလဲ ”

“ ဗျူးမောင့်တို့မိသားစုဟာ အင်္ဂလန်လူမျိုးပဲ။ စစ်ကြီးပြီးလို့ မကြာခင်ကလေးမှာ စကော့တလန်ကို ရောက်လာကြတယ်။ သုံးလေးနှစ်လောက်နေပြီး စကော့တလန်ကနေ ထွက်သွားကြတယ်လို့ သိရတယ် ”

“ ဆုံးသွားကြတာရော မဖြစ်နိုင်ဘူးလား ”

“ မှတ်တမ်းတွေအရတော့ ဆုံးသွားတယ်လို့ မတွေ့ရဘူး။ ရေတပ်ဆိုတာ ကိုယ်ရေးမှတ်တမ်းတွေကို နောက်ဆုံးအဖြစ်အပျက်အထိ ပြည့်စုံအောင်ဖြည့်ထားစမြဲမဟုတ်လား။ သေရင်လဲ ဘယ်နေ့က ဘယ်နေရာမှာ ဘာရောဂါနဲ့သေတယ်ဆိုတာ ပါရမှာပေါ့။ ဒါပေမယ့် သူတို့တခြားပြောင်းသွားတဲ့ မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



လဲမတွေ့ဘူး။ စကော့တလန်က လိပ်စာနဲ့ပဲ ဒီအတိုင်းရှိနေတယ်။ ဟိုမှာသာ လူကမရှိတော့တာ ”

ယခုတစ်ကြိမ် မျက်မှောင်ကုပ်ရသူမှာ နိုဝယ်ဖြစ်လေသည်။

“ တော်တော်ရှုးကြောင်တဲ့ အဖြစ်မျိုးပဲ ”

“ နောက်တစ်ခုရှိသေးတယ်။ ဂရက်ချန်နဲ့ မင်္ဂလာဆောင်တော့ ဗျူးမောင့်ရဲ့သဘော်က အရာရှိတစ်ယောက် မင်္ဂလာဆောင်ကိုလာတယ်။ သူ့သဘော်က သူ့ရဲ့ဒုဦးစီးမှူး၊ သူ့ထက် တစ်နှစ်နှစ်နှစ်လောက် အသက်ငယ်မယ်။ သူတို့နှစ်ယောက် အပေးအယူမျှတပုံဟာ မိတ်ဆွေထက်လွန်တယ်။ လုပ်ဖော်ကိုင်ဖက်ထက်လွန်တယ်။ အရာရှိချင်းထက်လွန်တယ် ”

“ အပေးအယူ မျှတပုံဆိုတာ ဘာကိုဆိုလိုတာလဲ ”

“ သူတို့နှစ်ယောက် တွေးလိုက်ရင် တစ်ထပ်တည်းချည်းပဲ။ တစ်ယောက်က စကားတစ်ခွန်းပြောရင် နောက်တစ်ယောက်က အဲဒီစကားအတိုင်းပဲ အဆုံးသတ်ပေးတတ်တယ်။ တစ်ယောက်ကတစ်ခုကို စဉ်းစားပြီဆိုရင် နောက်တစ်ယောက်ကလဲ အဲဒါကိုပဲ စဉ်းစားပြီ။ ဆုံးဖြတ်ချက်ချပြန်တော့လဲ တစ်ထပ်တည်းချည်းပဲ။ ကျွန်မဆိုလိုတာကို မောင်သဘောပေါက်ပါတယ်နော်။ အဲဒီလူမျိုးကို မောင်မြင်ဖူးလား။ ယောကျ်ားနှစ်ယောက် နေရာတကာမှာ ထပ်တူဖြစ်နေကြတာ မောင်ကြားဖူးသလား ”

“ ညီအစ်ကိုတွေ . . . သိပ်ခင်တဲ့သူငယ်ချင်းတွေ . . . ချစ်သူတွေဟာ အဲဒီလို တစ်ထပ်တည်းဖြစ်ချင်ဖြစ်နေတတ်ပါတယ်။ အဲဒီလိုဖြစ်နေတော့ မင်းဘာဆက်လုပ်သလဲ ”

“ အဲဒီ သူ့ရဲ့ ဒုတိယစစ်ရေယာဉ်မှူးအကြောင်းကို စုံးစမ်းရပြန်တာပေါ့။ ဗျူးမောင့်ကို စုံစမ်းတဲ့နေရာတွေမှာပဲ စုံစမ်းတယ်။ တွေ့လာရတာတွေက ထူးဆန်းနေပြန်ရော။ သူတို့နှစ်ယောက် ဘဝချင်းက တူနေတယ်။ ရေတပ်မှတ်တမ်းတွေ ကျောင်းကမှတ်တမ်းတွေဟာ အားလုံးအတူတူလို ဖြစ်နေတယ်။ သူတို့နှစ်ယောက်စလုံး မတိကျတဲ့မြို့က ရောက်လာကြတယ်။ မိဘတွေကလဲ မထင်မရှားပဲ။ မှတ်တမ်းတွေအရ လက်လုပ်လက်စားထဲကချည်းပဲ။ နှစ်ယောက်စလုံး ထိပ်တန်းတက္ကသိုလ်တွေတက်ကြတယ်။ ပညာသင်ထောက်ပံ့ကြေးလုံးဝမယူဘူး။ နောက်ဆုံး ကျောင်းကထွက်ပြန်တော့လဲ နှစ်ယောက်စလုံး ရေတပ်ထဲကိုပဲ ဝင်ကြတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်က ပြောပြသည်များကို အခြေခံပြီး နိုဝယ်က စဉ်းစားသည်။ သည်အတိုင်းဆိုလျှင်တော့ ဗျူးမောင့်သည် အိုဒက်ဇာဂိုဏ်းသားဖြစ်ဖို့ သေချာသလောက်ဖြစ်နေသည်။

အိုဒက်ဇာဂိုဏ်းသားဖြစ်မည်ဆိုလျှင် ဂျီနီဗာကိစ္စတွင် သူတို့မိသားစုနှင့် များစွာသတိထားပြီး ဆက်ဆံရတော့မည်။

" ဒီလိုဆိုရင် မင်းအစ်ကိုအကြောင်းကို ပြန်စဉ်းစားကြဦးစို့။ ရိုင်းယိုးမြို့မှာ မင်းအစ်ကို ဘာဖြစ်ခဲ့တယ်ဆိုတာကို ပြန်ကြည့်ရမှာပဲ။ အဲဒီအကြောင်း ကိုယ့်ကို ပြောပြတော့မယ်လို့ စိတ်ကူးသလား "

ဟယ်လ်ဒင် မျက်လုံးပြူးသွားလေသည်။

" မောင်ပြောတာ ကျွန်မ နားမလည်ဘူး "

" ရိုင်းယိုးမြို့မှာ မင်းအစ်ကို သိခဲ့တာတွေရှိတယ်လေ။ မဟုတ်ဘူးလား။ မောရစ်ဂရပ်ဖ်ရဲ့ဘဝအမှန်ကို သူသိတယ်။ ဘရာဇီးလ်နိုင်ငံမှာရှိနေတဲ့ အိုဒက်ဇာအဆက်အသွယ်တွေကိုသိတယ်။ ဒါကြောင့် သူ့ကို ဘရာဇီးလ်နိုင်ငံထဲမှာ မနေနိုင်အောင် လုပ်ပစ်လိုက်တာပေါ့။ မင်းအမေရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ သူဝင်ချယ်လှယ်တာနဲ့ ဘာမှမဆိုင်ဘူး။ မောရစ်ဂရပ်ဖ်နဲ့ အိုဒက်ဇာကိစ္စတွေနဲ့ ဆိုင်တယ် "

ဟယ်လ်ဒင်က သက်ပြင်းကလေးတစ်ချက် မသိမသာချလိုက်သည်။

" အဲဒါတော့ ကျွန်မ မကြားမိဘူး မောင်။ ကျွန်မကို ယုံပါ "

" ဒီလိုဆိုရင် ဘာဖြစ်တာလဲ ဟယ်လ်ဒင်. . . ကိုယ့်ကိုပြောပြပါ"

ဟယ်လ်ဒင်၏မျက်လုံးအစုံက အသနားခံနေပုံမျိုး ဖြစ်သွားသည်။

" မောင့်ကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီးရှိပါတယ် မောင်ရယ်။ ဒီနည်းနဲ့တော့ ကျေးဇူးပြန်မဆပ်ခိုင်းပါနဲ့။ ရိုင်းယိုးမြို့မှာ ဂျိုဟန်း ဘာဖြစ်ခဲ့တယ်ဆိုတာ မောင်နဲ့ဘာမှမဆိုင်ပါဘူး။ မောင့်အတွက်လဲ အကျိုးမရှိပါဘူး။ ဂျီနီဗာကိစ္စနဲ့လဲ မပတ်သက်နိုင်ပါဘူး "

" ပတ်သက်မယ် မပတ်သက်ဘူးဆိုတာ မင်းလဲမသိဘူး။ ကိုယ်လဲမသိဘူး။ ကိုယ့်ကို မင်းပြောပြသင့်တယ်ဆိုတာပဲ ကိုယ်သိတယ်။ ကိုယ်ပြင်ဆင်ရမယ် ဟယ်လ်ဒင်။ ကိုယ်မသိသေးတာတွေ သိပ်ကိုများလွန်းနေတယ်။ ကိုယ်ပြောတာကို နားထောင်ပါကွယ်။ ဒီနေ့ ဗီတီဒဟိုင်းဗားမှာ မင်းကို လိုက်ရှာရင်း အခန်းတစ်ခန်းထဲကို ရောက်သွားတယ်။ အခန်းထဲမှာ မျက်မမြင်အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဘုရားဝတ်ပြုနေတာကိုတွေ့ရတယ်။ အဲဒီအချိန်မှာ ကိုယ် ဘယ်လောက် ကြောက်နေတယ်။ ဘယ်လောက်စိုးရိမ်နေတယ်ဆိုတာ မင်း မြင်စေချင်တယ်။ တကယ်ပဲ ကိုယ်ကြောက်နေတာပါ။ ဒါကြောင့် ကိုယ့်ကို မင်း ကူညီဖို့ လိုအပ်ပါတယ် ”

“ ကျွန်မ ကူညီချင်ပါတယ် မောင်ရယ်. . . မောင်သိပါတယ် ”

“ ဒီလိုဆိုရင် ရိုင်းယိုးမြို့မှာ ဘာဖြစ်ခဲ့သလဲဆိုတာ ပြောပြပါကွယ်။ မင်းအစ်ကို ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြောပြပါ ”

“ ဒီကိစ္စဟာ ဘာမှ အရေးမကြီးပါဘူး။ ဘာမှ အရေးမကြီးဘူးဆိုတာ လဲ ထင်ရှားနေပြီပဲ မောင် ”

နိုဝယ်က ထိုင်ရာမှထသည်။

“ အရာရာတိုင်းဟာ အရေးကြီးတာပေါ့ကွယ်။ ဒီနေ့ ကိုယ်အသတ်ခံ ရမယ့်ဘေးက ကပ်လွတ်ခဲ့တယ်။ ကိုယ့်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးခဲ့တဲ့ ကိုယ့်အဖေ ကားနဲ့တိုက်အသတ်ခံရတယ်။ အပြစ်မရှိဘဲ အသတ် ခံနေကြရတဲ့ လူတွေ မရေမတွက်နိုင်အောင်ရှိနေပြီ။ ဒီအဖြစ်ဆိုးတွေ အဆုံး သတ်ဖို့ ဂျီနီဗာဘဏ်တိုက်ထဲမှာရှိနေတဲ့ ဒေါ်လာသန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ် ကို ထုတ်ယူရတော့မယ်။ ဒီငွေကို ထုတ်ယူခွင့်ရှိသူကလဲ ကိုယ်တို့ သုံးယောက် ပဲလေ။ ဗွန်တိုင်းဘိုလ်တ်ရယ်. . . ကက်စလာရယ်. . . ဟိန်းနရစ်ကလော်ဆင် ရဲ့သားဖြစ်တဲ့ ကိုယ်ရယ်ပဲမဟုတ်လား။ ကဲ. . . ရိုင်းယိုးမြို့မှာ ဘာဖြစ်ခဲ့သလဲ ဟင်. . . ”

ဟယ်လ်ဒင်က နိုဝယ်၏အကျီမှ ဓားနှင့်အထိုးခံရသောကြောင့် စုပ်ပြဲ သွားသည့် နေရာကို ငေးကြည့်နေသည်။

“ ဂျိုဟန်းက လူတစ်ယောက်ကို သတ်ခဲ့တယ် ”

“ ဘယ်သူ့ကိုလဲ ”

“ ကျွန်မမသိဘူးမောင်. . . တကယ်ကို မသိတာပါ။ ဒါပေမယ့် အသတ်ခံရတဲ့လူဟာ အရေးကြီးတဲ့ လူတစ်ယောက်ပဲ ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၃ )

နိုဝယ်က ဟယ်လ်ဒင်ပြောပြသည်များကို အာရုံစိုက်နားထောင်နေသည်။ ထိုသို့နားထောင်ရင်းလည်း မျက်နှာအမူအရာကို သေသေချာချာ အကဲခတ်နေသည်။

ဟယ်လ်ဒင်သည် လိမ်ညာပြောဆိုနေခြင်းမဟုတ်ပါ။ သူသိသမျှများကို အပိုအလိုမပါ ပြန်လည်ပြောပြနေခြင်းဖြစ်ကြောင်း သိသာထင်ရှားပါသည်။

" ကျွန်မတို့ ဘရာဇီးလ်နိုင်ငံက ထွက်မလာခင် ခြောက်ပတ်လောက်အလိုတုန်းက ကျောင်းမှာ ဆွေးနွေးပွဲတစ်ခုရှိနေတာနဲ့ အပြန်နောက်ကျတယ်။ ညကျမှပြန်လာရတယ်။ အိမ်ရောက်တော့ အနက်ရောင်ကားတစ်စီးရပ်ထားတာ တွေ့ရတယ်။ ကျွန်မကားကို အဲဒီကားနောက်နားမှာကပ်ရပ်ခဲ့ပြီး အိမ်ပေါ်ကိုတက်ခဲ့တယ် "

" အိမ်ထဲက အော်ဟစ်ပြောဆိုသံကို ကြားရတယ်။ အတော် ပြင်းပြင်းထန်ထန်စကားများနေကြတာပဲ။ မျက်နှာစိမ်းတစ်ယောက်ကို တွေ့ရတယ်။ အော်ကြီးဟစ်ကျယ် ပြောနေတာသူပဲ။ ဒါပေမယ့် သူ့ကို ကျွန်မ မသိဘူး။ မြင်ဖူးသလား မမြင်ဖူးဘူးလားဆိုတာလဲ မသေချာဘူး။ အဲဒီလူက 'လူသတ်သမား. . . လူသတ်ကောင်. . . အဲဒါဟာမင်းပဲ'ဆိုတဲ့ စကားမျိုးတွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ”

“ ကျွန်မ အိမ်ပေါ်ကို ပြေးတက်သွားတော့ ဂျိုဟန်းက ကျွန်မကို လှမ်းမြင်သွားတယ်။ ဒါကြောင့် ဟိုလူကို ဘာမှဆက်မပြောတော့ဖို့ ပြောတယ်။ ဒါပေမယ့် မရဘူး။ ဟိုမျက်နှာစိမ်းက ဒေါသတကြီးနဲ့ ဆက်ပြောမြဲပြောနေတယ်။ အဲဒီလိုအော်ပြောနေတာနဲ့ ဂျိုဟန်းက မျက်နှာစိမ်းကို လက်မောင်းကဆွဲပြီး အိမ်ပြင်ကို တွန်းထုတ်တယ် ”

“ ဟိုလူကတော့ အော်နေတုန်းပဲ။ ဒီအမှုနဲ့ ဂျိုဟန်းကို ကြိုးစင်တင်ပြမယ့်အကြောင်း၊ ဂျိုဟန်း ကြိုးစင်မတက်ရရင် သူတို့ကိုယ်တိုင် သတ်ပစ်မယ့်အကြောင်းတွေ ပြောနေတယ်။ ပြီးတော့ သူ့ကားဆီကို ပြေးသွားတယ်။ ဂျိုဟန်းက နောက်ကလိုက်သွားတယ်။ တံခါးပေါက်ကနေ ဂျိုဟန်းက ငုံ့ကြည့်တဲ့အချိန်မှာပဲ ဟိုလူက ဂျိုဟန်းရဲ့ မျက်နှာကို တံတွေးနဲ့ထွေးလိုက်တယ်။ ပြီးတော့ ကားမောင်းထွက်သွားတယ် ”

“ ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းအစ်ကိုကို မေးကြည့်မိသေးသလား”

“ မေးတာပေါ့ မောင်ရယ်။ ဒါပေမယ့် ဂျိုဟန်းက ဒီအကြောင်း နောက်မမေးရဘူးတဲ့။ ဟိုလူဟာ ရူးနေတဲ့လူတဲ့။ စီးပွားရေးလုပ်ငန်းတွေမှာ မအောင်မြင်လို့ ရူးနေတယ်လို့ပြောတယ် ”

“ သူပြောတာကို မင်း မယုံဘူးမဟုတ်လား ”

“ ကျွန်မ ယုံချင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့မိသားစု ဆွေးနွေးတိုင်ပင်မှုတွေ မပြုတ်လုပ်ကြရတယ်။ ဂျိုဟန်းကတော့ အိမ်မှာရှိခဲ့တယ်။ တစ်ခါတစ်လေ မနက်မိုးလင်းခါနီးမှ ပြန်လာတယ်။ နောက်မကြာခင်မှာပဲ ကျွန်မတို့ ဘရာဇီးလ်နိုင်ငံထဲက အပြီးထွက်လာခဲ့ကြတယ်။ ဂျိုဟန်းသတ်တဲ့လူဟာ သိပ်ချမ်းသာပြီး သိပ်သြဇာကြီးတယ်ဆိုတာလောက်ပဲ သိရတယ်။ သူပေါင်းတဲ့လူတွေက အဲဒီလိုလူတွေမျိုး . . . ”

“ အဲဒီညတုန်းက မင်းတို့အိမ်ထဲရောက်နေတဲ့လူဟာ ဘယ်သူလဲဆိုတာ မင်း စဉ်းစားကြည့်လို့ မရနိုင်ဘူးလား ”

“ မရဘူး။ သူ့ကို ကျွန်မ မြင်တော့မြင်ဖူးသလိုလိုပဲ။ ဒါပေမယ့် ဘယ်မှာမြင်ဖူးခဲ့တယ်ဆိုတာ မမှတ်မိဘူး။ ဂျိုဟန်းကလဲ ကျွန်မကိုပြောမပြဘူး။ ဒီအကြောင်းကို နောက်ဘယ်တော့မှ စကားမစပ်ဖို့ ကျွန်မကို အမိန့်ပေးထားတယ်။ အဲဒီလိုပဲ ကျွန်မပြောခွင့်မရှိတဲ့ အခြားကိစ္စတွေရှိသေးတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" မင်းကလဲ သူပြောတာကို လက်ခံလိုက်တာပဲလား "

" လက်ခံလိုက်ရတာပေါ့။ သူ့အပေါ် နားလည်ဖို့ကိုလဲ ကြိုးစားရတာပေါ့။ ကျွန်မတို့က နာဇီခေါင်းဆောင်တွေရဲ့သားသမီးတွေ မဟုတ်လား။ ဒါကြောင့် တတ်နိုင်ရင် မကြာခဏမေးခွန်းထုတ်တာမျိုးတွေကို ရှောင်ကြဉ်ရတယ်။ တောင်စပ်စု မြောက်စပ်စုလုပ်တာမျိုးတွေကို ဆင်ခြင်ရတယ် "

" ဒါပေမယ့် ဘာဖြစ်တယ်ဆိုတာကိုတော့ မင်းသိခွင့်ရှိတာပေါ့ "

" အိုး . . . ဒီလိုမဟုတ်ဘူးလေ။ ကျွန်မတို့မှာ ငယ်ငယ်ကလေးကတည်းက အဲဒီလိုနေတတ်ဖို့ကို လေ့ကျင့်ခဲ့ရတာ။ ရန်သူဟာ ဘယ်သူဖြစ်မလဲဆိုတာ ကြည့်တတ်ခဲ့ရတာ။ ရန်သူကိုတွေ့ပြီဆိုရင် သူ့စက်ကွင်းထဲက လွတ်အောင် နည်းမျိုးစုံကြိုးစားခဲ့ရတာ။ အကွက်လှည့်နည်းမျိုးစုံကိုလဲ တတ်မြောက်အောင် သင်ခဲ့ကြရတာ "

နိုဝယ်က အံ့သြစိတ်ဖြင့် ခေါင်းကို တွင်တွင်ယမ်းခါနေသည်။

" မင်းတို့ လေ့လာဆည်းပူးခဲ့ရတဲ့ပညာတွေကလဲ ဆိုးလိုက်တာကွာ"

ဟယ်လ်ဒင်က နိုဝယ်၏လက်ကို လှမ်းကိုင်သည်။

" အဲဒီစကားလုံးကို လွန်ခဲ့တဲ့သုံးပတ်လောက်က မောင်ပြောခဲ့ဖို့ကောင်းတယ်။ အခုတော့ မပြောသင့်တော့ဘူး မောင်။ ဒီကနေ့ကစပြီး မောင်မသုံးနိုင်တော့ဘူး "

" ဘာကို ဆိုလိုတာလဲ "

" မောင်ဟာ ဘာမှလေ့ကျင့်ထားပြီးသာ မဟုတ်သေးလို့ မောင့်အတွက် စိတ်မကောင်းဖြစ်မိတယ်လို့ စောစောတုန်းက ကားထဲမှာ ကျွန်မပြောခဲ့တယ် မဟုတ်လား "

" ကိုယ်ကလဲ ဒီလိုပဲ ပြေးရင်းလွှားရင်း ရုန်းရင်းကန်ရင်းနဲ့ မကြာခင်မှာပဲ လေ့ကျင့်ပြီးသားဖြစ်သွားတော့မှာပါလို့ ပြောခဲ့တယ် မဟုတ်လား "

" ဒါပေမယ့် နည်းနည်းပဲတတ်မယ်။ သိပ်လဲ နောက်ကျနေပြီ။ ဂျီဟာန်းကပြောတယ်။ ကျွန်မ တတ်နိုင်သလောက် မောင့်ကိုသင်ပေးလိုက်ပါတဲ့။ ကျွန်မ ပြောတာတွေကို သေသေချာချာ နားထောင်စေချင်တယ် မောင်။ နောက်ပြီးတော့ ပြောသမျှအားလုံးကို မှတ်ထားစေချင်တယ် "

" ဘာတွေကိုလဲ "

နိုဝယ်၏ လက်ကို ကိုင်ထားသော ဟယ်လ်ဒင်က ခပ်သာသာကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်လိုက်သည်။

“ မောင် ဘာလင်ကိုသွားရတော့မယ်။ မောင့်ကိုပြန်လာစေချင်ပါတယ် မောင် ”

ထိုသို့အစပျိုးပြီး ဟယ်လ်ဒင်က ဆက်တိုက်ပြောလေတော့သည်။

မိန်းကလေးတန်မဲ့က ထိုစကားမျိုးပြောနေသောကြောင့် နို၀ယ် ပြုံးချင်ပါသည်။ ပြုံးရုံသာမဟုတ် အားပါးတရလည်း ရယ်ချလိုက်ချင်ပါသည်။

သို့သော် နို၀ယ် ဘာတစ်ခုမှမလုပ်ဖြစ်ပါ။ ဟယ်လ်ဒင်သည် စိတ်အားထက်သန်စွာဖြင့် ပြောနေခြင်းဖြစ်သည်။ နောက်ပြီးတော့ သူ့အတွက် အမှန်တကယ်ပင် စိုးရိမ်စိတ်ကြီးစွာဖြင့် ပြောနေခြင်းဖြစ်သည်။

နေ့ခင်းတုန်းက လူသုံးယောက်သေခဲ့ရသည်။ ဟယ်လ်ဒင်နှင့်သူလည်း ထိုသူများနှင့် အတူရောသေဖို့ ကြုံခဲ့သည်။ ထို့ကြောင့် ဟယ်လ်ဒင် ပြောသမျှများကို သူငြိမ်ငြိမ်ကလေး ထိုင်နားထောင်ပါသည်။ အားလုံးကိုလည်း မှတ်မိအောင် ကြိုးစားနေမိလေသည်။

“ အထောက်အထား စာရွက်စာတမ်း အတုတွေလုပ်ဖို့ အချိန်မရှိတော့ဘူး မောင်။ အဲဒါတွေလုပ်နေရင် သုံးလေးရက် အချိန်ပုပ်သွားဦးမယ်။ မောင့်မှာ ပိုက်ဆံရှိနေတာပဲ။ လေယာဥ်ပျံပေါ်မှာ ထိုင်ခုံတစ်ခုအပိုဝယ်ပါ။ မောင့်ဘေးမှာ ဘယ်သူမှ လာမထိုင်ပါစေနဲ့။ နောက်ပြီးတော့ မောင်နဲ့အတူယူသွားတာ မဟုတ်တဲ့ လေယာဥ်ပျံပေါ်က ကျွေးတာမွေးတာဆိုရင် ဘာမှ မစားပါနဲ့ ”

ဗြိတိသျှလေကြောင်း ကုမ္ပဏီပိုင်ဂျက်လေယာဥ်ပျံကြီးပေါ်တွင် အဆိပ်ခတ်ခံရသဖြင့် သွန်တန်ဆိုသော ခရီးသည်တစ်ယောက် သေဆုံးသွားရသည်ကို သတိရသည်။

“ အဲဒီ အကြံပေးချက်ကလေးကိုတော့ ကိုယ်ဘယ်တော့မှ မမေ့ပါဘူး ” ဟု ပြန်ပြောမိသည်။

“ မမေ့ပါနဲ့။ ရေကလေးတစ်ပေါက်တောင် မသောက်ပါနဲ့။ ကော်ဖီလေးတစ်ခွက်လောက် ပေးပါဆိုတာ အပြောလွယ်တယ် မဟုတ်လား ”

“ မတောင်းပါဘူး။ ဘာလင်မြို့ကိုရောက်ရင် ကိုယ် ဘာလုပ်ရမလဲ”

“ ပြည့်တန်ဆာလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ပြီး စည်ကားနေတဲ့ ရပ်ကွက်တစ်ခုမှာ ဟိုတယ်သေးသေးတစ်ခုရှာပါ။ အဲဒီရပ်ကွက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တန်ဆာလုပ်ငန်းတင် မဟုတ်ဘူး။ မူးယစ်ဆေးဝါးတို့ လူမိုက်ဂိုဏ်းတို့နဲ့ ရာဇဝတ်မှုတွေ ဖုံးလွှမ်းနေတဲ့ ရပ်ကွက်မျိုးဖြစ်ပါစေ။ အဲဒီလို နေရာမျိုးမှာရှိတဲ့ ဟိုတယ်ကိုသွားတည်းရင် မောင်ဘယ်သူလဲဆိုတာ သက်သေခံအထောက် အထားတွေ မေးနေတော့မှာမဟုတ်ဘူး။ ဘယ်လိုဟိုတယ်မျိုးမှာ တည်းရမယ်ဆို တာလဲ ကျွန်မ စုံစမ်းပေးမယ် ”

အဆက်မပြတ်ပြောနေသော ဟယ်လ်ဒင်၏စကားလုံးများသည် ချောင်းရေစီးသလို အတောမသက်ပေါ်ထွက်လာလေသည်။

နာမည်မှားများကိုသုံးရမည်။ နေ့စဉ်အခန်းပြောင်းရမည်။ တပတ်လျှင် အနည်းဆုံးနှစ်ကြိမ်ဟိုတယ်ပြောင်းရမည်။ တယ်လီဖုန်းဆက်လိုလျှင် ဟိုတယ်မှမဆက်ရ။ အပြင်မှာရှိနေသော အများသုံးဖုန်းကိုသာ အသုံးပြုရမည်။

အဝတ်အစားကို မကြာခဏလဲရမည်။ လဲသောအဝတ်အစားများ သည် မှတ်မိလွယ်သော၊ ထင်သာမြင်သာသော အဝတ်အစားများမဖြစ်စေရ။ အများထဲမှာ ဝင်ရပ်နေလိုက်လျှင် သူလိုကိုယ်လို ဖြစ်နေရမည်။

ဦးထုပ် ဆောင်းရမည်။ နေကာမျက်မှန် တပ်ရမည်။ နေကာမျက်မှန် ဆိုသည်မှာလည်း အကောင်းစား မဖြစ်စေရ။ သူလိုကိုယ်လို တပ်နိုင်သည့် အမျိုးအစားထဲက ဖြစ်ရမည်။

ရာဘာခုံစသော ဖိနပ်ကိုစီးရမည်။ ခြေသံလုံလုံဖြင့် လမ်းလျှောက်ရ မည်။ လိုအပ်လျှင် သွက်လက်စွာ လျှောက်ရမည်။

မေးခွန်းများအမေးခံရပြီဆိုလျှင် မောက်မာစွာမဖြေပါနှင့်။ လိမ္မာ ပါးနပ်စွာဖြေပြီး ရှောင်ထွက်တတ်ပါစေ။

တစ်နေရာမှတစ်နေရာသို့ လေယာဉ်ပျံဖြင့် ခရီးသွားပြီဆိုလျှင် သေနတ်ကို တစ်စစီဖြုတ်ထားပါ။ အကောက်ခွန်အရာရှိများက ထိုသို့ တစ်စစီ ဖြစ်နေသော သေနတ်ကိုမြင်လျှင် စိတ်ချစမြဲဖြစ်သည်။ သို့သော် သူတို့စစ်ဆေး ပြီးသည်နှင့်တပြိုင်တည်း နီးရာရေချိုးခန်းအတွင်းဝင်ကာ သေနတ်ကို ချက်ချင်း ပြန်လည်တပ်ဆင်ပါ။

“ မမေ့နဲ့နော်. . . မောင်က အပျော်တမ်းသမား၊ သူတို့က ကြေးစား၊ ကြေးစားတွေနဲ့မောင် ဉာဏ်ရည်ချင်း ပြိုင်ရမှာ အပျော်သမားရဲ့ ပညာကို သုံး။ အပျော်တမ်းသမားဆိုတာ စာအုပ်ကြီးအတိုင်းမလုပ်ဘူး။ သူ့စိတ်ထဲပေါ် လာတဲ့ စိတ်ကူးကို ချက်ချင်း အကောင်အထည်ဖော်တတ်တယ်။ ကြေးစားတွေ



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်တဲ့နေရာမျိုးကနေ လွတ်ထွက်သွားတတ်တယ်။ တစ်ခုခုကို မြန်မြန်ဆုံးဖြတ်ပါ။ ဆုံးဖြတ်ပြီးရင် ချက်ချင်းလုပ်ပါ။ ထိပ်တိုက်တွေ့ဖို့ဆိုတာ ရန်သူတွေ မလိုချင်ဆုံးအမှုပဲ။ မလွှဲသာတော့မှ ထိပ်တိုက်ရင်ဆိုင်တတ်ကြတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ပြီဆိုရင် လက်မနှေးပါနဲ့။ သေနတ်နဲ့ပစ်သာပစ်ပေတော့။ မောင့်သေနတ်အတွက် အသံတိတ်ကိရိယာလိုတယ်။ မနက်ဖြန်ကျတော့ ကျွန်မရှာပေးမယ်။ ဘယ်မှာရမယ်ဆိုတာ ကျွန်မသိတယ် ”

ထိုညက တစ်ညလုံး သူတို့စကားပြောကြသည်။ ဟယ်လ်ဒင်က သူ့ကို နည်းမျိုးစုံသင်ပေးသည်။ သတိထားရမည့်အချက်များ၊ ဆောင်ရန် ရှောင်ရန်များ စုံလှသည်။

“ မောင်ဟာ ရထားပေါ်ကို ရောက်နေပြီ ဆိုပါတော့။ အင်မတန်ကျဉ်းတဲ့ လူသွားစင်္ကြံကလေးထဲမှာ သွားနေတုန်း မောင်နဲ့မျက်နှာချင်းဆိုင်က လူတစ်ယောက်လာနေပြီဆိုပါတော့။ အဲဒီလူဟာ မောင့်လက်ထဲမှာရှိနေတဲ့ စာရွက်စာတမ်းတွေကို ယူမယ့်လူဆိုတာလဲ မောင် သိတယ်ဆိုပါတော့။ မောင့်နောက်ဘက်မှာလဲ တခြားလူတွေရှိနေတယ် ဆိုပါတော့။ မောင်ဘာလုပ်မလဲ”

“ အဲဒီလူက ရန်သူနော်. . . ကိုယ့်ကို ဒုက္ခပေးမှာနော် ”

“ မောင်မသိဘူး။ ဒီတော့ မောင်ဘာလုပ်မလဲ. . . မြန်မြန်ဖြေ ”

“ သတိထားပြီး ဟန်မပျက်ဆက်လျှောက်သွားမှာပေါ့ ”

“ ဘယ်ဟုတ်မလဲ မောင်ရယ်. . . မောင့်လက်ထဲမှာ စာရွက်စာတမ်းတွေ ပါနေတယ်။ အဲဒါတွေကို မောင်လုံခြုံအောင် ထိန်းသိမ်းကာကွယ်ရမယ်။ တစ်ချက်တည်း ချော်လဲချင်ယောင် ဆောင်ပစ်လိုက်။ ဘာဖြစ်လို့လဲသိလား. . . အနီးတစ်ဝိုက်မှာရှိနေတဲ့ လူတွေရဲ့အာရုံ မောင့်ဆီကို ရောက်လာအောင် ဆွဲယူရမယ်လေ။ အဲဒီလို လဲသွားတော့ မောင့်ကို အကူအညီပေးဖို့လူတွေလာကြမယ်။ အများရဲ့မျက်စိအောက်မှာ ရန်သူက မောင့်ကို ရန်ရှာလို့မလွယ်တော့ဘူး။ အာရုံလွှဲပြောင်းပစ်လိုက်တဲ့ သဘောပေါ့ ”

“ ကိုယ့်ဘာသာကိုယ် တမင် လှဲပစ်လိုက်ရမှာနော် ”

“ ဟုတ်တယ်. . . အဲဒီအတိုင်းပဲ ”

ဆရာမနှင့်ကျောင်းသားကလေး မောသွားသည်။ ဆရာမက ကျောင်းသားကလေး၏ လက်မောင်းပေါ်မှာ ခေါင်းအုံးပြီး အိပ်ပျော်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကလေးမှာသာ မောပင်မောသော်လည်း မအိပ်နိုင်သေးပဲ အတွေးနယ်ချဲ့နေမိလေသည်။

\+ \+ \+

နောက်တစ်နေ့တွင် နေအတော်မြင့်မှ အိပ်ရာနိုးကြလေရာ ဟယ်လ်ဒင်မှာ အလုပ်ချိန် နောက်ကျသွားလေပြီ။

ဟယ်လ်ဒင်က ဖုန်းကိုလှမ်းဆွဲသည်။

“ အလုပ်နောက်ကျသွားတာလဲ ခပ်ကောင်းကောင်းပဲ။ ကျွန်မတို့ ဈေးလျှောက်ဝယ်ကြရဦးမှာ မဟုတ်လား။ ကျွန်မ နှစ်ရက်ဆက်တိုက် ဖျားနေပါတယ်ဆိုရင် ကျွန်မ အထက်က အမျိုးသမီးက လက်ခံပါလိမ့်မယ်။ ကျွန်မကို သူ ချစ်နေတယ်ထင်တယ် ”

“ ကိုယ်လဲမင်းကို ချစ်နေတယ်ထင်တယ် ”

နိုဝယ်က ထိုသို့ပြောရင်း ဟယ်လ်ဒင်၏ လည်ပင်းကလေးကို အသာအယာ ကိုင်ကြည့်နေလေသည်။

“ မင်းဘယ်မှာ နေသလဲဟင်. . . ”

ထိုမေးခွန်းကြောင့် ဟယ်လ်ဒင်က သူ့ကိုလှည့်ကြည့်ပြီး ပြုံးသည်။ တစ်ဘက်မှ အော်ပရေတာကို ဖုန်းနံပါတ်ပြောပြနေသည်။ ပြီးမှ စကားပြောခွက်ကို လက်ကလေးနှင့်အုပ်ပြီး ပြန်လှည့်ပြောသည်။

“ ကျွန်မအလုပ်များနေတုန်း အလစ်မေးမယ် အကြံနဲ့နော်။ ကျွန်မက သေသေချာချာ လေ့ကျင့်ထားတာ။ သိတယ်မဟုတ်လား ”

ထိုသို့ပြောပြီး ပြုံးပြန်သည်။

ထိုအပြုံးကိုကြည့်ရင်း နိုဝယ်၏ရင်ထဲမှာ ရှူးရှူးမူးမူးစိတ်များ ဝင်ရောက်လာကြပြန်လေသည်။

“ ကိုယ်အတည်မေးနေတာပါ။ မင်းဘယ်မှာ နေသလဲ ”

အပြုံးကလေး ပျောက်သွားသည်။

“ ကျွန်မ မပြောနိုင်ဘူး မောင် ”

ဟယ်လ်ဒင်က စကားပြောခွက်ပေါ်မှ လက်ကိုဖယ်လိုက်ကာ တစ်ဘက်သို့ ခပ်မြန်မြန်ပြောနေသည်။ သူနေမကောင်းသေးသောကြောင့် ယနေ့လည်း အလုပ်မဆင်းနိုင်သေးကြောင်း ဂါလီမတ် စာအုပ်ထုတ်ဝေရေး



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီသို့ ပြောနေခြင်းဖြစ်သည်။

နောက်တစ်နာရီကြာသောအခါ သူတို့နှစ်ယောက် ဈေးဝယ်ထွက်ကြသည်။

နိုဝယ်အတွက် အဝတ်အစားဟောင်း သုံးစုံ၊ ဖိနပ်၊ ဦးထုပ်၊ နေကာမျက်မှန် လိုအပ်သည်များအားလုံးကို ဟယ်လ်ဒင်ကပင် စိတ်ကြိုက်ရွေးပြီး ဝယ်ပေးခြင်းဖြစ်သည်။

သေနတ်အတွက် အသံတိတ်ကိရိယာတစ်ခုလည်း ဟယ်လ်ဒင်ကပင် ရှာဝယ်လာသည်။

ထမင်းဆိုင်ကလေးတစ်ဆိုင်မှာ နေ့လယ်စာ ဝင်စားကြသည်။ အစားအသောက်များ မှာထားတုန်း ဟယ်လ်ဒင်က တစ်နေရာသို့ ဖုန်းဆက်သည်။ ဖုန်းဆက်ပြီးသောအခါ ဘာလင်မြို့ မည်သည့်ရပ်ကွက်၊ မည်သည့်ဟိုတယ်တွင် နိုဝယ်တည်းခိုရမည်ဖြစ်ကြောင်း အတိအကျ ပြောပြနိုင်လေပြီ။

နိုဝယ်က ထမင်းစားပြီးသည်နှင့် တပြိုင်တည်း တက္ကဆီတစ်စီးငှားကာ အော်လီလေဆိပ်သို့ တစ်ယောက်တည်း ထွက်ခွာသွားမည်ဖြစ်သည်။

" အစစအရာရာ သတိရှိပါ မောင်ရယ် "

" စိတ်ချပါ "

" ကျွန်မပြောခဲ့တာတွေကို မမေ့နဲ့နော်။ အဲဒီအချက်တွေက မောင့်ကို အများကြီး အထောက်အကူပြုပါလိမ့်မယ် "

" မမေ့ပါဘူး "

" အရေးအကြီးဆုံးအချက်ကတော့ ကိုယ်ဘာလုပ်နေတယ်ဆိုတာကို မမေ့ဖို့ပဲ။ တစ်ခါတစ်ခါမှာ မောင်ဟာ တွေဝေနေလိမ့်မယ်။ အဲဒီအချိန်မှာ ပြန်ဆင်ခြင်ပါ။ ငါဘယ်သူလဲ . . . ငါဘာလုပ်နေသလဲ . . . ဒါတွေကို ဘာကြောင့် လုပ်နေသလဲဆိုတာတွေ လုံးဝမစဉ်းစားနဲ့။ လုပ်စရာရှိတာကို ရဲရဲတင်းတင်းနဲ့ ပြတ်ပြတ်သားသားသာ လုပ်ပစ်လိုက် "

" ကောင်းပါပြီ . . . မောင့်ကိုယ်မောင်လဲ ဘယ်ဘဝရောက်နေပြီဆိုတာ သဘောပေါက်နေပါပြီ။ နောက်ပြီးတော့ မင်းကိုလဲ မောင်တွေ့နေပြီပဲ။ မောင်ပိုင်နေပြီလို့လဲ ဆိုနိုင်ပြီပဲ "

ဟယ်လ်ဒင်က တစ်ဘက်သို့ မျက်နှာလွှဲသွားသည်။ သို့သော်လည်း ချက်ချင်းဆိုသလိုပင် သူ့ဘက်သို့ ပြန်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘာလင်က မောင်တည်းရမယ့် ဟိုတယ်နားကိုရောက်ရင် လမ်းပေါ်မှာတွေ့တဲ့ ပြည့်တန်ဆာတစ်ယောက်ကို ခေါ်ပါ။ ရန်သူကို မျက်ခြည်ဖြတ်ဖို့ အကောင်းဆုံးနည်းလမ်းပဲ။ ကက်စလာနဲ့ အဆက်အသွယ်ယူပြီးတဲ့အထိ မောင့်အနားမှာ သူ့ကိုထားပါ "

\+ \+ \+

ပြင်သစ်လေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ်ပျံကြီး ကောင်းကင်ပေါ်သို့ ရောက်လာသည်။ ထိုင်ခုံနှစ်ခုံစာ ဝယ်လာခဲ့ခြင်းဖြစ်သောကြောင့် ဘေးမှာ မည်သူမှမရှိဘဲ နိုဝယ်တစ်ယောက်တည်း ထိုင်လိုက်လာသည်။

ယခုအချိန်တွင် အမေဘယ်ရောက်နေမည်နည်းဟုလည်း စဉ်းစားကြည့်မိသည်။ သူအကြံဉာဏ်ပေးသည့်အတိုင်း အမေလည်း တစ်နေရာသို့ သွားရောက်ရှောင်တိမ်းနေပေတော့မည်။

အချိန်အားရတော့မှ ဆမ်ကို ဖုန်းဆက်ကြည့်ရမည်။ အမေဘယ်ရောက်နေကြောင်း ဆမ်ကို ပြောထားမည်မှာ သေချာပါသည်။

ဘာလင်လေဆိပ်သို့ ရောက်သောအခါ အကောက်အရာရှိများက စစ်ဆေးသည်။ သို့သော်လည်း သူ့သေနတ်မှာ တစ်စစီဖြုတ်ထားသောကြောင့် အားလုံးက ချောချောရှုရှုခွင့်ပြုလိုက်သည်။

တက္ကဆီတစ်စီးငှားပြီး သူတည်းရမည့် ဟိုတယ်အမည်နှင့် ရပ်ကွက်အမည်ကို ပြောပြသည်။ ကားထွက်လာတုန်းက ဟယ်လ်ဒင်ဝယ်ပေးလိုက်သည့် ရိုးရိုးအဝတ်အစားများကို ခပ်မြန်မြန်လဲဝတ်သည်။

ဟိုတယ်နှင့် မလှမ်းမကမ်းမှာ ကားရပ်ခိုင်းသည်။ ကားပေါ်မှ ဆင်းခဲ့သည်။

မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက်ကို တွေ့သည်။ အပြင်အဆင်နှင့် အမူအရာကို ကြည့်လိုက်ရုံဖြင့်ပင် ဘယ်အစားထဲကဖြစ်ကြောင်း နိုဝယ်သိသွားသည်။ အသက်ကတော့ သိပ်မငယ်တော့ပါ။ သုံးဆယ့်ငါးနှစ်နှင့် လေးဆယ့်ရှစ်နှစ်ကြား ဖြစ်နိုင်သည်။

နိုဝယ်က မသိမသာ ချဉ်းကပ်သွားသည်။

" ကောင်းသော ညနေခင်းပါ။ မင်း အင်္ဂလိပ်စကား ပြောတတ်သလား"

အမျိုးသမီးက မော့ကြည့်သည်။ စစချင်းတွင်မူ သူ့အကြည့်က



www.burmeseclassic.com

www.burmeseclassic.com



အေးတိအေးစက် ဖြစ်သည်။ နိုဝယ်၏လက်ထဲမှ ခရီးဆောင်သားရေအိတ်ကို မြင်တော့မှ မျက်နှာထား ပျော့ပျောင်းလာသည်။

" အား . . . အမေရိကန် မိတ်ဆွေကြီး . . . ကောင်းကောင်းပြော တတ်တယ်။ ရှင် ပျော်လဲပျော်သွားမယ် "

" ကောင်းပါလေ့ဗျာ. . . ဘယ်လောက်ပေးရမှာလဲ "

" ဂျာမန်ငွေ နှစ်ဆယ့်ငါးမတ် "

" ဒါဆိုရင် ဈေးညှိနှိုင်းပွဲ ပြီးဆုံးသွားပါပြီ။ ကျုပ်နဲ့လိုက်ခဲ့နော် "

နိုဝယ်က အိတ်ထဲမှ ဆယ်တန်သုံးရွက်ကို ထုတ်သည်။ လိပ်ပြီး အမျိုးသမီးထံသို့ ကမ်းပေးလိုက်သည်။

" ရော့ ငွေသုံးဆယ်ယူ . . . ဟိုတယ်ကို သွားကြစို့ "

ဟိုတယ်ထဲသို့ဝင်ခဲ့ကြသည်။ သူတည်းရမည့်အခန်းကလေးသို့ ရောက်သည်။ ဈေးပေါသောဟိုတယ်များ၏ ထုံးစံအတိုင်း အခန်းပြင်ဆင်ထား ပုံမှာ ခပ်ညံ့ညံ့ဖြစ်သည်။ အသုံးဆောင်ပစ္စည်းများကလည်း အညံ့စားများပင်။

" ရှင့်ကို အချိန်နာရီ ဝက်ပဲပေးနိုင်မယ်နော်။ ပိုမပေးနိုင်ဘူး။ ရှင်တို့ အမေရိကန်တွေလိုပြောရရင် ကျွန်မက အလုပ်လုပ်နေတဲ့လူ။ အချိန်တန်ဖိုး ရှိတယ် "

" မှန်ပါ့ဗျာ. . . မှန်ပါ့. . . အဲဒီမှာ ခဏနား . . . ဖတ်ချင်ရာကောက် ဖတ်နေလိုက်ပါဦး။ ဆယ်မိနစ်လောက်ကြာရင် ဒီကထွက်မယ်။ မင်းကျုပ်နဲ့ အတူတူနေ။ တစ်နေရာကို ကျုပ်ဖုန်းဆက်စရာရှိတယ် "

နိုဝယ်က အမျိုးသမီးကို လှမ်းပြောရင်း သူ့လက်ကိုင်အိတ်ကိုဖွင့် သည်။ အားရစ်ကက်စလာ၏ အတ္ထုပ္ပတ္တိအကျဉ်းရေးထားသော စာရွက်ကို ထုတ်သည်။

" အိုး . . . ရှင် တယ်လီဖုန်း ဆက်တာကလေးကို စောင့်ဖို့အတွက် ကျွန်မကို ငွေသုံးဆယ်တောင် ပေးတာလား "

အမျိုးသမီးက မယုံကြည်နိုင်သလို မေးသည်။

" အဲဒီအတိုင်း အတိအကျပါပဲ "

အမျိုးသမီးက ဂျာမန်လို ပြန်ပြောသည်။

" ကျုပ် ဂျာမန်စကားမတတ်ဘူး။ ကျုပ်ဖုန်းဆက်တဲ့အခါမှာ တစ်ဘက်က ဂျာမန်လို ပြန်ပြောနေရင် မင်းရဲ့အကူအညီကို လိုချင်လို့ "

" ဒီလိုဆိုရင် ဘာဖြစ်လို့ ဒီမှာအချိန်ဖြုန်းနေမှာလဲ။ ဟောဟို လမ်း



www.burmeseclassic.com

www.burmeseclassic.com



ထောင့်မှာ ဖုန်းရှိတယ် ”

အမျိုးသမီးက ဖုန်းရှိရာအရပ်ကို လက်ညှိုးထိုးပြသည်။

“ အဝတ်အစားကလေး လဲလိုက်ပါရစေဦးဗျာ ”

တစ်နေ့လျှင် အနည်းဆုံး အဝတ်သုံးခါလဲရမည်ဆိုသော ဟယ်လ်ဒင်၏ သွန်သင်ညွှန်ကြားချက်ကို လိုက်နာသည့်အနေဖြင့် နိုဝယ်က နောက်ထပ်အဝတ်ဟောင်းတစ်စုံကို လဲဝတ်သည်။

“ ကျွန်မအချိန်က သိပ်တန်ဖိုးရှိတယ်နော်. . . မြန်မြန်လုပ်ပါ ”

ထိုစကားကြောင့် နိုဝယ်က ပြုံးမိပြန်သည်။

“ သဘောပေါက်ပါတယ်ဗျာ. . . သဘောပေါက်ပါတယ်။ မကြာစေရပါဘူး။ အခုပြီးတော့မှာပါ ”

နိုဝယ်က အားရစ်ကက်စလာအကြောင်းကို စဖတ်ကြည့်သည်။

အားရစ်ကက်စလာ။ သမိုင်းပါမောက္ခ။ ဒါးလန်းတက္ကသိုလ်။ အင်္ဂလိပ်စကားကို သွက်လက်စွာပြောနိုင်သည်။ ဆက်သွယ်ရန်ဖုန်း-၇၃၁-၄၂၆။ နေအိမ်ဖုန်း-၈၂၄-၁၁၄။ ဟန်းစ်အမည်ရှိ ညီတစ်ယောက်ရှိသည်။ ဆရာဝန်ဖြစ်သည်။ မြူးနစ်မြို့မှာနေသည်။

ကက်စလာ၏ပညာရေးနှင့်ပတ်သက်သော အကြောင်းများကို အကျဉ်းချုပ် ဆက်လက်ရေးထားသည်။

သူ့ထံသို့ဖုန်းဆက်လျှင် လုံးဝအဆက်အသွယ်မရှိသော အမေရိကန်လူမျိုးတစ်ယောက် အချိန်းအချက်မရှိ ဖုန်းဆက်ခြင်းဖြစ်မည်ဆိုကာ ပါမောက္ခ အားရစ်ကက်စလာက မည်သို့များ တုံ့ပြန်လေမည်နည်းဟု နိုဝယ်က တွေးနေသည်။

“ ကျွန်မ အချိန်က သိပ်တန်ဖိုးရှိတယ်နော် . . . ”

“ ပြီးပါပြီဗျာ. . . ပြီးပါပြီ. . . ကဲ- သွားစို့ ”

\+ \+ \+

လမ်းဘေးရှိတယ်လီဖုန်းရုံထဲ နိုဝယ်ဝင်ပြီး ဖုန်းဆက်နေခိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အပြင်မှရပ်စောင့်နေသည်။

တစ်ဘက်မှ ဖုန်းပြန်ထူးမည်ကိုစောင့်နေရင်း ဟယ်လ်ဒင်နှင့် အမေ့အကြောင်းကို သူတွေးနေမိသည်။

သူတို့လုပ်ငန်း အောင်မြင်ပြီး ရာခါ၊ အိုဒက်ဇာများ ပြိုကွဲသွားပြီဆိုလျှင် အမေနှင့်ဟယ်လ်ဒင်တို့လည်း ယခုလိုပြေးလွှားရှောင်တိမ်းပုန်းအောင်းနေကြရတော့မည်မဟုတ်။

ထိုအခိုက် တစ်ဘက်မှယောကျ်ားသံတစ်ခုပြန်ထူးသည်။ နူးညံ့ပျော့ပျောင်းသော လေသံဖြစ်သည်။

" မစ္စတာကက်စလာလားခင်ဗျာ. . . ဒေါက်တာကက်စလာပါလား"

" ဘွဲ့ထူးကတော့ မှန်သွားပြီ။ ဒါပေမယ့် ဘာရောဂါကိုမှ ပျောက်အောင်ကုတတ်တဲ့ ဒေါက်တာ မဟုတ်ဘူးနော်။ ကဲ. . . လူကြီးမင်းအတွက် ဘာများ ဆောင်ရွက်ပေးနိုင်ပါမလဲ "

တစ်ဘက်မှ ရွှတ်နောက်နောက် ပြန်ပြောသည်။ လေသံကလည်း ပျော်ရွှင်ချမ်းမြေ့နေသည့် လေသံမျိုးဖြစ်လေသည်။

" ကျွန်တော့်နာမည် ဟိုးလ်ခရော့ဖ်တ်ပါ. . . နိုဝယ်ဟိုးလ်ခရော့ဖ်တ်။ ကျွန်တော် နယူးယောက်မြို့ကပါ။ ဗိသုကာတစ်ယောက် ဖြစ်ပါတယ် "

" ဟိုးလ်ခရော့ဖ်တ်. . . ကျုပ်မှာ အမေရိကန်မိတ်ဆွေတွေရှိပါတယ်။ တက္ကသိုလ်အသိုင်းအဝိုင်းမှာလဲ စာချင်းအဆက်အသွယ်လုပ်နေတဲ့ သူငယ်ချင်းတွေ ရှိပါတယ်။ ဒါပေမယ့် ခင်ဗျားနာမည်မျိုးတော့ လုံးဝမမှတ်မိပါဘူးဗျာ"

" ဒေါက်တာအနေနဲ့ မှတ်မိနိုင်စရာအကြောင်းလဲ မရှိပါဘူးဗျာ။ ကျွန်တော့်ကိုမှ ခင်ဗျားမသိပဲကိုး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်တော် ဘာလင်ကိုလာရတဲ့အကြောင်းကတော့ ခင်ဗျားနဲ့ တွေ့ဖို့သက်သက်ပါပဲ။ ကျွန်တော်တို့နှစ်ယောက်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ကိစ္စတစ်ခုကို ဆွေးနွေးဖို့လာတာပါ။ ကိစ္စကတော့ လျှို့ဝှက်ကိစ္စပါပဲ "

" လျှို့ဝှက်ကိစ္စ. . . "

" မိသားစုကိစ္စလို့ ဆိုကြပါစို့ခင်ဗျာ "

" ဟန်းစ်လား . . . ဒီငတိ တစ်ခုခုဖြစ်ပြန်ပြီလား "

" မဟုတ်ပါဘူး "

" ဒီလိုဆိုရင် ကျုပ်မှာ မိသားစုမရှိဘူး။ မစ္စတာဟိုးလ်ခရော့ဖ်တ် "



www.burmeseclassic.com

www.burmeseclassic.com



" လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အကြောင်းနဲ့ဆိုင်ပါတယ်။ တယ်လီဖုန်းထဲကနေပြီး ဒီထက်ပိုပြောလို့ မကောင်းပါဘူးခင်ဗျာ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို ယုံကြည်ပါ။ သိပ်အလျင်လိုနေလို့ပါ။ ကျွန်တော်တို့ ဒီနေ့ညများ တွေ့နိုင်မလား "

" ဒီနေ့ည. . . ခင်ဗျား ဘာလင်ကို ဒီနေ့မှရောက်တာလား "

" အခုနလေးကပဲရောက်ပါတယ် "

" အခုနလေးကရောက်ပြီး ခင်ဗျားက ကျွန်တော်နဲ့ဒီနေ့ညတွေ့ချင်တယ်။ ဒီအတိုင်းဆိုရင်တော့ ခင်ဗျားပြောတဲ့ကိစ္စဟာ တကယ့်ကိုပဲ အလျင်စလိုဖြစ်နေပြီ။ ကျုပ်ရုံးကို ဒီနေ့ညဦးပိုင်းမှာ ခဏပြန်သွားစရာ ရှိနေသေးတယ်။ တစ်နာရီလောက်ပဲ ကြာမှာပါ။ ဒီနေ့ည ကိုးနာရီဆိုရင် ခင်ဗျားဘက်က ကျေနပ်နိုင်ပါ့မလား "

ထိုစကားကြောင့် နို၀ယ်၏ရင်ထဲမှ အလုံးကြီးကျသွားသည်။

" ကောင်းပါတယ် ခင်ဗျာ။ အင်မတန်ကို ကျေနပ်စရာကောင်းပါတယ်။ ဘယ်နေရာမှာများ တွေ့ချင်ပါသလဲ "

" အမှန်ကတော့ ကျုပ်အနေနဲ့ ကျုပ်အိမ်ကို ဖိတ်သင့်တာပေါ့ဗျာ။ ဒါပေမယ့် အိမ်မှာက ဧည့်သည်တွေရောက်နေတယ်။ အဲဒီတော့ ကူဖာစတင်းမ်လမ်းက ဟိုတယ်တစ်ခုမှာပဲ တွေ့ကြတာပေါ့။ နောက်ဘက်မှာ အေးအေးဆေးဆေး စကားပြောလို့ရနိုင်တဲ့ အခန်းကလေးတွေရှိပါတယ်။ မန်နေဂျာကလဲ ကျုပ်ကိုသိတယ် "

" ဒါဆိုရင် သိပ်ကိုဟန်ကျသွားပြီပဲ "

ကက်စလာက ဟိုတယ်အမည်နှင့် မန်နေဂျာနာမည်များကို ပြောပြသည်။

" ကျွန်တော်မှာထားတဲ့ စားပွဲလို့ မေးပြီးလာခဲ့ပါ "

" လာခဲ့ပါ့မယ်ခင်ဗျာ။ သိပ်ကို ကျေးဇူးတင်ပါတယ် "

" ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေပါတယ်။ တစ်ခုတော့ ကြိုပြီး အသိပေးထားရဦးမယ်။ အကောင်းဆုံး အစားအစာလုပ်ထားဖို့ မန်နေဂျာကို ကြိုပြောထားပါ့မယ်။ သူက သဘော အင်မတန်ကောင်းပါတယ်။ ကဲ. . . ကိုးနာရီမှာ တွေ့ကြမယ် "

" ကျွန်တော်လာခဲ့ပါ့မယ် ခင်ဗျာ။ ကျေးဇူးအထူးတင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က ဖုန်းကိုပြန်ချသည်။ ကက်စလာသည် အရွတ်အနောက်များ ပြောလေ့ရှိပြီး ခပ်ပျော်ပျော်နေတတ်သည့် ပညာတတ်တစ်ယောက် ဖြစ်ရမည်ဟုလည်း ခန့်မှန်းကြည့်လိုက်မိလေသည်။

အပြင်မှာစောင့်နေသော အမျိုးသမီးကို ပြုံးပြသည်။

" ကျေးဇူးတင်ပါတယ် "

နိုဝယ်က နောက်ထပ်ငွေတစ်ဆယ် ထုတ်ပေးသည်။ အမျိုးသမီးက ပိုက်ဆံကိုဆွဲယူပြီး တစ်ဘက်သို့လှည့်ထွက်သွားသည်။

နိုဝယ်က တစ်ဘက်သို့ လျှောက်ခဲ့သည်။ ထိုသို့လျှောက်ရင်း ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး အကဲခတ်သည်။

ထိုသို့အကဲခတ်လိုက်သည့်အချိန်မှာပင် သားရေဂျာကင်နှင့်လူတစ်ယောက် မလှမ်းမကမ်းရှိစာအုပ်ဆိုင်များ ရှေ့မှာ မယောင်မလည်လုပ်နေသည်ကို တွေ့ရသည်။

ထိုသူသည် စာအုပ်ဆိုင်ရှေ့တွင် ရပ်နေသော်လည်း စာအုပ်များကို စိတ်ဝင်စားပုံမရ။ နိုဝယ်ရှိနေသည့်ဘက်သို့သာ မမှိတ်မသုန် စိုက်ကြည့်သည်။ နိုဝယ်နှင့် မျက်လုံးချင်းဆိုင်မိသောအခါ တစ်ဘက်သို့ ကမန်းကတန်း မျက်နှာလွှဲသွားသည်။

သည်အတိုင်းဆိုလျှင် ထိုသူသည် မိမိ၏ရန်သူဖြစ်နေပြီလော။

ရာခါ အရှူးလော။

အိုဒက်ဇာ အရှူးလော။

သည်လိုမှမဟုတ်လျှင်လည်း မိမိ၏လုံခြုံရေးအတွက် ဝံပုလွေက တာဝန်ပေးထားသည့် တစ်ယောက်ယောက်ဖြစ်နေမည်လောဟု စဉ်းစားနေသည်။

ထိပ်တိုက်တိုးဖို့ကို သူတို့မလိုလားဆုံး ဖြစ်သည်။ ထိပ်တိုက်တိုးပြီဆိုလျှင် ထိုသူမည်သူဖြစ်ကြောင်း ချက်ချင်းသိရမည်။ ပစ်ပေတော့. . . ဟူသော ဟယ်လ်ဒင်၏ သင်တန်းမှ ပို့ချချက်များကို သတိရသည်။

ဟယ်လ်ဒင် ပို့ချလိုက်သည့် သင်ခန်းစာများကို ယခုလက်တွေ့ကျင့်သုံးရပေတော့မည်ဟုလည်း နားလည်လိုက်လေသည်။

အင်္ကျီအိတ်ကို အသာစမ်းကြည့်သည်။ ပစ္စတိုသေနတ်နှင့် အသံတိတ်ကိရိယာကို စမ်းမိသည်။ အသံတိတ်ကိရိယာကို အဆင့်သင့်တပ်ဆင်ထားခြင်း



www.burmeseclassic.com

www.burmeseclassic.com



တော့မရှိ။

ဦးထုပ်ကို ရှေ့သို့ အနည်းငယ်ငိုက်သွားအောင် ဆွဲချပြီး လက်ကိုင်အိတ်ကို မာန်ပါပါကိုင်ကာ သားရေဂျာကင်ဝတ်ထားသောသူနှင့် ဝေးရာသို့ ခပ်တည်တည် လျှောက်ထွက်လာခဲ့သည်။

သူ့လက်ကိုင်အိတ်ထဲမှာ ဘဏ်တိုက်မှထုတ်ပေးထားသော သက်သေခံ အထောက်အထားများပါသည်။ အားရစ်ကက်စလာနှင့် တွေ့သောအခါ ခိုင်လုံအောင်ထုတ်ပြဖို့ အသင့်ယူလာခဲ့ခြင်းဖြစ်သည်။

ထိုစာရွက်စာတမ်းအထောက်အထားများကို လူနှင့်အတူ သယ်ဆောင်မသွားဖို့ ဟယ်လ်ဒင်ကတော့ သတိပေးလိုက်သည်။ သို့သော်လည်း မတတ်နိုင်ပါ။ ကက်စလာကို ထုတ်မပြဘဲအလွတ်ပြောနေလျှင် မိမိကို အရှူးထင်တော့မည်ဟု နီဝယ်က တွေးမိပြီး သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

နောက်သို့ မသိမသာ ပြန်ကြည့်သည်။

သားရေဂျာကင်နှင့်လူက သူ လျှောက်သွားရာနောက်သို့ နည်းနည်းခွာပြီး လိုက်လာသည်။

လမ်းကြောင်းပြောင်းပြီး လျှောက်သည်။ နောက်လူကလည်း လမ်းကြောင်းပြောင်းပြီးလိုက်သည်။

လမ်းတစ်ဘက်ခြမ်းသို့ကူးသည်။ နောက်လူက လမ်းတစ်ဘက်ခြမ်းသို့ မသိမသာကူးလိုက်လာသည်။

ဒါလောက်ဆိုလျှင် လုံလောက်သွားပြီ။

“ လမ်းလျှောက်ရင် မော်တော်ကားလမ်းဘက် ပလက်ဖောင်းအစွန်းကကပ်လျှောက်။ ဒါမှ အရေးအကြောင်းပေါ်လာရင် မော်တော်ကားတွေကြားထဲကို ဆင်းပြေးသွားပြီး ရှောင်လို့တိမ်းလို့ရမယ် ” ဟု ဟယ်လ်ဒင်က သင်ခန်းစာတစ်ခုကို ပို့ချလိုက်သေးသည်။

ထို့ကြောင့် ကားလမ်းနှင့်ကပ်နေသော ပလက်ဖောင်းအစွန်းမှကပ်ပြီး လျှောက်ခဲ့သည်။

“ လမ်းလျှောက်ရင် ခပ်သုတ်သုတ်လျှောက် ” ဟု ဟယ်လ်ဒင်၏ သင်ခန်းစာတစ်ခုတွင် ဆိုပြန်သည်။

ထို့ကြောင့် ခပ်သုတ်သုတ်လျှောက်လာသည်။ နောက်လူကလည်း ခပ်သုတ်သုတ်လျှောက်လိုက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်မှာ လက်ထဲရှိစာရွက်စာတမ်းများ ဖြစ်သည်။ ဟယ်လ်ဒင်ပြောသကဲ့သို့ပင် စာရွက်စာတမ်းများကိုကိုင်ပြီး လမ်းမပေါ်မှာ ကိုးကုန်းကိုးကျင်းလျှောက်သွားနေ၍မဖြစ်။

သို့ဆိုလျှင် ထိုစာရွက်စာတမ်းများကို မည်သည့်နေရာမှာ သွားထားမည်နည်း။

လုံခြုံစိတ်ချရဖို့ အရေးကြီးသည်။ ယခုရောက်နေသောမြို့သည် သူကျွမ်းကျင်သောမြို့ မဟုတ်။

ထိုအချက်ကိုစဉ်းစားလိုက်မိသောအခါကျမှ အားရစ်ကက်စလာပြောသည့် ကူဖားစတင်းမ်လမ်းမပေါ်မှ စားသောက်ဆိုင်အကြောင်းကို သတိရသည်။

စားသောက်ဆိုင်က မန်နေဂျာကို သွားအပ်ထားလျှင် ဖြစ်နိုင်သည်။

နိုဝယ်က တက္ကစီတစ်စီးကို ဖမ်းတားသည်။ နောက်ခုံမှာဝင်ထိုင်ပြီး သွားရမည့်နေရာကို ပြောပြသည်။

ကားစထွက်လာသည်။

နိုဝယ်က နောက်ဘက်သို့လှည့်ကြည့်သည်။

သားရေဂျာကင်နှင့်လူသည် လမ်းဘေးမှာ အသင့်ရပ်ထားသောမော်တော်ဆိုင်ကယ်တစ်စီးပေါ်တက်ပြီး စက်နှိုးနေသည်။ ထိုသို့စက်နှိုးနေရင်းလည်း ပလက်ဖောင်းပေါ်မှ လမ်းသွားလမ်းလာများကို စကားပြောချင်ယောင်ဆောင်နေသည်။

သူ အယောင်ဆောင်သည်မှာ သိသာလွန်းလှပါသည်။ လမ်းသွားလမ်းလာများထဲမှ မည်သူကမှ သူ့ကို လှည့်စကားမပြော။

ပြင်သစ်နိုင်ငံတုန်းက ဖီးယက်ကားအစိမ်းရင့်ရောင်ကလေးကို သတိရမိသည်။

သည်နေရာတွင် ကားနှင့်လိုက်နေမည်ဆိုပါက သားကောင်ကို မျက်ခြည်ပြတ်သွားနိုင်သည်။ ကားသွားကားလာက များသောကြောင့် မော်တော်ဆိုင်ကယ်နှင့် လိုက်နေခြင်းသည်သာလျှင် ချောင်ကြိုချောင်ကြား ထင်သလိုဝင်ထွက်သွားလာနိုင်သည်။

နောက်ပြန်လှည့်ကြည့်မိပြန်သည်။ သားရေဂျာကင်ဝတ်ထားသူ၏ မော်တော်ဆိုင်ကယ်သည် ခပ်ခွာခွာမှလိုက်နေသည်။

နောက်ယောင်ခံလိုက်သူသည် မလွှဲမရှောင်သာသည့် အခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျမှ ထိပ်တိုက်တိုးကြောင်း ဟယ်လ်ဒင် ပြောလိုက်သည့်စကားကို ပြန်လည်ကြားယောင်မိသည်။

ထို့ကြောင့် နိုဝယ်က နောက်သို့ပြန်လှည့်ကြည့်မနေတော့ဘဲ ကားရှေ့ပိုင်းသို့ လှည့်ကာ တည့်တည့် ထိုင်လိုက်လာလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၄ )

နိုဝယ်က တက္ကဆီခကျသင့်ငွေထုတ်ပေးပြီး ကားပေါ်မှဆင်းသည်။ နောက်ဘက်သို့ မသိမသာပြန်ကြည့်သည်။

သားရေဂျာကင်နှင့်လူ၏ မော်တော်ဆိုင်ကယ်သည် နောက်ဘက် တစ်ပြလောက်အကွာ လမ်းဘေးမှာ ထိုးရပ်သည်ကို မြင်ရသည်။

နိုဝယ်က စားသောက်ဆိုင်ဆီသို့ ခပ်တည်တည်ပင် ဆက်လျှောက် လာခဲ့သည်။ ဆိုင်ထဲမှ လူတစ်ဝက်လောက် ရှိနေသည်။ နောက်ပိုင်းသို့ လှည့် ကြည့်သောအခါ သီးသန့်ခန်းကလေးများရှိနေသည်ကို တွေ့ရသည်။

သည်အတိုင်းဆိုလျှင် ကက်စလာပြောလိုက်သည့်ဆိုင်ဖြစ်သည်မှာ မည်သည့်နည်းနှင့်မှ မလွဲနိုင်တော့ချေ။

စားပွဲတစ်လုံး၏နောက်မှာ ထိုင်ပြီး ကြိုတင်မှာသည့်နေရာစာရင်းများ လုပ်နေသူတစ်ယောက်ထံသို့ လျှောက်သွားသည်။

" တဆိတ်လောက်ဗျာ. . . အင်္ဂလိပ်စကားများ ပြောတတ်ပါသလား"

စားပွဲမှာ ထိုင်အလုပ်လုပ်နေသူက မော့ကြည့်သည်။

" ဘာလင်မြို့ကြီးမှာ အင်္ဂလိပ်စကား မပြောတတ်တဲ့ စားသောက်ဆိုင် အလုပ်သမားများ ရှိပါသလားဗျာ "



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏စကားကြောင့် နိုဝယ် ပြုံးမိသည်။

" ကောင်းပါလေ့ဗျာ။ ကျွန်တော် မန်နေဂျာကို လိုက်ရှာနေတာပါ"

" ဒီလိုဆိုရင်တော့ လူကြီးမင်းရှာနေတဲ့ မန်နေဂျာကို အခုတွေ့နေပါပြီခင်ဗျား . . . ကျွန်တော် ဘာများဆောင်ရွက်ပေးနိုင်ပါသလဲ။ သီးသန့်စားပွဲများ လိုချင်လို့ပါလား ခင်ဗျား "

" စားပွဲတစ်လုံးတော့ သီးသန့်ထားဖို့ မှာထားပြီးပြီထင်ပါတယ်။ ကက်စလာဆိုတဲ့ နာမည်နဲ့လေ "

အမှတ်ရသွားသည့်အမူအရာမျိုး မန်နေဂျာ၏ မျက်နှာပေါ်မှာ ချက်ချင်းပေါ်လာသည်။

" အိုး . . . မှန်ပါတယ် ခင်ဗျာ။ လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်ကပဲ ဖုန်းဆက်ပြီး စားပွဲတစ်လုံး သီးသန့်ချန်ထားပေးဖို့ ပြောပါတယ်။ ဒါပေမယ့် သူမှာတဲ့အချိန်က ညကိုးနာရီကျမှပါ။ အခုအချိန် . . . "

သူ့စကားကို အဆက်မခံတော့ပဲ နိုဝယ်က ဖြတ်ပြောသည်။

" ကျွန်တော်သိပါတယ်။ ကျွန်တော်က စောနေပါတယ်။ ဒါကြောင့် ခင်ဗျားကို တစ်ခုလောက်အကူအညီတောင်းချင်လို့ပါ "

မန်နေဂျာက ရုတ်တရက်သဘောမပေါက်သလို ပြန်မော့ကြည့်နေသည်။ နိုဝယ်က သူကိုင်လာသည့် လက်ကိုင်အိတ်ကို စားပွဲပေါ်သို့ တင်ပေးသည်။

" ပရော်ဖက်ဆာကက်စလာအတွက် ဒီအိတ်ကို ကျွန်တော်ယူလာတာပါ။ ဒီအထဲမှာ သမိုင်းဘာသာရပ်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေပါပါတယ်။ ကျွန်တော် ကျောင်းဆရာလုပ်နေတဲ့ အမေရိကန်ပြည် တက္ကသိုလ်တစ်ခုက သူ့အတွက် ခဏငှားလိုက်တဲ့ စာရွက်စာတမ်းတွေပါ။ ကျွန်တော် ချိန်းထားတာကလေးရှိနေလို့ ဒီအိတ်ကို ဒီမှာ အပ်ထားခဲ့ချင်ပါတယ်။ ဖြစ်နိုင်မလား "

" သိပ်ကို ဖြစ်နိုင်ပါတယ် ခင်ဗျာ "

မန်နေဂျာက လက်ကိုင်အိတ်ကို လှမ်းယူသည်။

" ခင်ဗျား သဘောပေါက်ပါတယ်နော်။ ဒီထဲက စာရွက်စာတမ်းတွေက သိပ်ကို တန်ဖိုးကြီးပါတယ်။ ငွေကြေးတန်ဖိုးကို ကျွန်တော်ပြောတာမဟုတ်ဘူး။ ပညာရပ်နဲ့ ပတ်သက်တဲ့တန်ဖိုးကို ပြောတာပါ "

" ကျွန်တော့်ရုံးခန်းထဲမှာ သေသေချာချာ သော့ခတ်ပြီး သိမ်းထားပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ် ခင်ဗျာ ”

“ အမျှားကြီး ကျေးဇူးတင်ပါတယ် ”

“ ရပါတယ်ခင်ဗျာ။ လူကြီးမင်းရဲ့ နာမည်ကလေး တစ်ဆိတ်လောက် ပြောပြပေးသွားပါဦး ”

“ ဟိုးလ်ခရော့ဖ်တ် ”

“ ကျေးဇူးတင်ပါတယ် ဟာဟိုးလ်ခရော့ဖ်တ်. . . လူကြီးမင်းအတွက် စားပွဲ ညကိုးနာရီတိတိမှာ အဆင်သင့် ဖြစ်နေရပါစေ့မယ် ”

မန်နေဂျာက နိုဝယ်ပေးသည့် လက်ကိုင်အိတ်ကို ယူပြီး သော့ခတ်ထားသော ရုံးခန်းတစ်ခုဆီသို့ ဦးတည်လျှောက်သွားလေသည်။

နိုဝယ်က စားသောက်ဆိုင်တွင်းသို့ မသိမသာ အကဲခတ်ကြည့်သည်။

သာရေဂျာကင်နှင့်လူကို မတွေ့ပါ။ မန်နေဂျာနှင့် သူစကားပြောနေခိုက် ဆိုင်တွင်းသို့ဝင်လာသူတစ်ယောက်မှ မရှိချေ။

သည်အတိုင်းဆိုလျှင် သူ့ကိုနောက်ယောင်ခံလိုက်နေသူသည် ဆိုင်ထဲသို့ ဝင်မလာဘဲ အပြင်မှနေပြီး အရိပ်အကဲကြည့်နေပုံရသည်။

ဘေးပေါက်မှ ခပ်တည်တည်ထွက်ခဲ့သည်။

ထိုသို့ထွက်လာရင်း ကြီးမားသော အမှားကြီးတစ်ခုကို ကျူးလွန်လိုက်မိပြီဟု ရုတ်တရက် သဘောပေါက်သွားကာ သူ့ကိုယ်သူခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်သွားမိလေသည်။

လူတစ်ယောက် နောက်ယောင်ခံလိုက်နေပြီကို အသေအချာသိပါလျက်နှင့် ကက်စလာနှင့် သူ အမှန်တကယ်တွေ့ဆုံရန် ချိန်းထားသောနေရာသို့ ဘာကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် လာမိသနည်း။

အကြီးမားဆုံး အမှားတစ်ခု။

အမှန်တကယ်ချိန်းဆိုထားသည့်နေရာသို့ သူခိုးလမ်းပြအဖြစ် လာရုံမျှမကသေးပဲ မိမိ၏ နာမည်အမှန်ကိုပါ မန်နေဂျာကို ဘာကြောင့် ပြောလိုက်မိသနည်း။

ကြီးမားသော နောက်ထပ်အမှားတစ်ခု။

အရာရာတွင် သတိထားရဦးမည်ဟု စဉ်းစားရင်း ဆက်လျှောက်လာခဲ့သည်။ ရင်ထဲမှာတော့ အတော်ကလေး ဘလောင်ဆူသွားသည်။

ဟယ်လ်ဒင်၏ သင်ကြားပို့ချချက်အရ မော်တော်ကားလမ်းဘက်



www.burmeseclassic.com

www.burmeseclassic.com



အစွန်ပလက်ဖောင်းကိုရွေးပြီး ခပ်သွက်သွက် လျှောက်သည်။

ဆောင်းရာသီမို့ အပြင်မှာ အတော်ကလေးအေးနေပြီ။ အပေါ်ရုံကုတ်အင်္ကျီ ဝတ်လာခဲ့မိသဖြင့် အထိုက်အလျောက် အချမ်းပြေနေသည်။ ဒါလည်း ဟယ်လ်ဒင်၏ ကျေးဇူးပင်ဖြစ်ပါသည်။

နောက်ကလူက အနည်းငယ်ခွာပြီး လိုက်မြဲလိုက်နေသည်။

နှစ်ပြသုံးပြလောက် ဆက်လျှောက်သွားသည်။ သို့သော်လည်း နောက်မှလူသည် လိုက်မြဲလိုက်နေသည်။ မျက်ခြည်ပြတ်မခံဘဲ တန်းတန်းမတ်မတ် လိုက်နေခြင်းဖြစ်သည်။

"++++ မောင်က အပျော်သမား။ သူတို့က ကြေးစား။ ကြေးစားတွေနဲ့ မောင် ဉာဏ်ရည်ချင်းပြိုင်ရမှာ။ အပျော်သမားတွေရဲ့ ပညာတွေကိုသုံး။ အပျော်သမားဆိုတာ စာအုပ်ကြီးအတိုင်း မလုပ်ဘူး။ သူ့စိတ်ထဲမှာ ပေါ်လာတဲ့ စိတ်ကူးကို ချက်ချင်း အကောင်အထည် ဖော်တတ်တယ်။ ကြေးစားတွေ မထင်မှတ်တဲ့ နေရာမျိုးကနေ လွတ်ထွက်သွားတတ်တယ်။ တစ်ခုခုကို မြန်မြန် ဆုံးဖြတ်ပါ။ ဆုံးဖြတ်ပြီးရင် ချက်ချင်းလုပ်ပါ+++"

ဟယ်လ်ဒင်သည် ယခုပင် သူ့အနားမှာပါလာပြီး ပြောပြနေသကဲ့သို့ နားထဲမှာ ပြန်လည် ကြားယောင်နေမိသည်။

ရှေ့နားမှာ နောက်ဘေးလမ်းကြားသို့ ဝင်သည့်အပေါက်တစ်ခုတွေ့သည်။

နိုဝယ်သည် ထိုအပေါက်တွင်းသို့ ရုတ်တရက် ချိုးကွေ့ကာ ပြေးဝင်သွားမိလေတော့သည်။

အတွင်းသို့ ဆက်တိုက်ဝင်သွားသည်။ အမှိုက်ပုံးများကို တွေ့ရသည်။ အနံ့အသက်များက ဆိုးရွားလွန်းလှသည်။ သို့သော် မတတ်နိုင်ပါ။

အတော်ကလေး သွားမိသောအခါ အမှောင်ရိပ်ထဲသို့ ရောက်သွားသည်။ အမှိုက်ပုံးတစ်ခု၏ နောက်ကွယ်မှာ နေရာဝင်ယူသည်။

အဝင်ပေါက်ဘက်သို့ ပြန်လှည့်ကြည့်သည်။

သူထင်သည့်အတိုင်းပင် လူတစ်ယောက်ပြေးဝင်လိုက်လာသည်။ သားရေဂျာကင်နှင့်လူမှတစ်ပါး အခြားမည်သူမှမဖြစ်နိုင်ပါ။

အမှိုက်ပုံးနောက်ကွယ်မှာ အသာကလေးငြိမ်နေလိုက်သည်။ လက်တစ်ဘက်ကို အပေါ်ရုံကုတ်အင်္ကျီရှည်အိတ်ထဲသို့ထည့်ပြီး သေနတ်ဒင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ထိုသူက နောက်ဘေးလမ်းကြားထဲမှာ အပြေးလိုက်လာသည်။ နိုဝယ် ပုန်းနေသည့် အမှိုက်ပုံးအနီးသို့ရောက်လာသည်။

နိုဝယ်က အမှိုက်ပုံးအပြင်သို့ ရုတ်တရက်ထွက်ရပ်လိုက်သည်။

“ မင်းကိုငါစောင့်နေတာကွ။ အဲဒီနေရာမှာရပ်နေ။ မလှုပ်နဲ့။ ငါ့လက်ထဲမှာ သေနတ်ရှိနေတယ်။ သေနတ်ကိုတော့ မသုံးချင်ပါဘူး။ ဒါပေမယ့် မင်းထွက်ပြေးဖို့ ကြိုးစားမယ်ဆိုရင်တော့ မလွှဲမရှောင်သာပဲ သုံးရလိမ့်မယ် ”

နိုဝယ်က အသံခပ်မာမာဖြစ်အောင် ကြိုးစားပြီးပြောသည်။ သို့သော်လည်း သူ့အသံကို သူပြန်ကြားပြီး လန့်သွားကာ ရင်ခုန်နေသေးသည်။

“ ဟိုနေ့က ပြင်သစ်နိုင်ငံမှာတုန်းကတော့ မင်းသေနတ်ကိုသုံးဖို့ တုံ့ဆိုင်းဆိုင်းလုပ်မနေခဲ့ပါလားကွ။ အခုတော့မှ မင်းသေနတ်ကိုမသုံးဘူးလို့ ငါကဘာကြောင့် မျှော်လင့်နေရမှာလဲ။ မင်းဟာ ဝက်. . . ဝက်မျိုး . . . ငါ့ကို မင်းသတ်လိုက်ပါ။ ဒါပေမယ့် မင်းအစီအစဉ်ပျက်အောင် ငါတို့ကတော့ ဆက်လုပ်နေမှာပဲ ”

သားရေဂျာကင်နှင့်လူကပြောသည်။ သူ့အသံက ဝဲလွန်းလှသည်။ တည်ငြိမ်မှုကတော့ အပြည့်အဝရှိနေသည်ကို နိုဝယ် သတိထားမိသည်။

“ မင်းဘယ်သူလဲ ”

“ ငါဘယ်သူလဲဆိုတာ ဘာအရေးကြီးမှာလဲ။ မင်းလုပ်ငန်းစဉ်တွေ ရပ်သွားအောင်လုပ်မယ်ဆိုတာ သိရရင် တော်ရောပေါ့ ”

“ မင်း ရာခါလား။ ဟုတ်သလား ”

အလင်းရောင် အားနည်းနေသော်လည်း ထိုသူ၏မျက်နှာပေါ်တွင် ရွံရှာမုန်းတီးသည့်အမူအရာ ပေါ်လွင်သွားသည်ကို နိုဝယ် မြင်လိုက်ရလေသည်။

“ ဘာ ရာခါလဲ. . . အလကားကောင်တွေ. . . ဘာရည်ရွယ်ချက်မှ မရှိဘဲ သက်သက်မဲ့ အကြမ်းဖက်နေတဲ့ အကောင်တွေ။ ငါတို့ ဒါမျိုးမလိုချင်ဘူး။ အလကား လူသတ်သမားတွေ. . . ရာခါနဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး ”

“ ဒီလိုဆိုရင် မင်း အိုဒက်ဇာလား ”

“ မင်းက သိပ် သဘောကျနေတယ် မဟုတ်လား ”

ထိုသူ ပြန်မေးသောစကားကို နိုဝယ်နားမလည်နိုင်အောင် ဖြစ်သွားသည်။

“ မင်း ဘာကိုဆိုလိုတာ ”



www.burmeseclassic.com

www.burmeseclassic.com



" အချိန်ကျလာတဲ့အခါမှာ အိုဒက်ဇာကို မင်းအသုံးချမှာပဲ မဟုတ်လား။ အပြစ်ပုံချလို့ သိပ်ကောင်းတာပေါ့ကွာ။ မင်းတို့က အိုဒက်ဇာတွေကို ဓားစာခံလုပ်ကြမှာ မဟုတ်လား။ မျက်နှာဖုံးခွာချကြမှာ မဟုတ်လား။ အိုဒက်ဇာတွေကို ငါတို့အပြတ်ရှင်းနေသလို မင်းလဲရှင်းမှာပဲ။ လူပြက်နဲ့လူသတ်သမားတွေ ဘယ်လိုကွာခြားတယ်ဆိုတာ တို့သိတယ်ကွ။ ငါပြောတာကို မင်းယုံ. . . မင်းလုပ်ငန်းစဉ်ပျက်သွားအောင် ငါတို့ကတော့ မဖြစ်မနေ မင်းကိုတားမှာပဲ"

" မင်းပြောနေတာကို ငါနားမလည်ဘူး။ မင်းဟာ ဝံပုလွေထဲကလဲ မဖြစ်နိုင်ဘူး "

ထိုနေရာတွင် ဂျာကင်နှင့်လူက အသံကိုအနည်းငယ်နှိမ့်ချပြီး ပြန်ပြောသည်။

" တို့ဟာ ဝံပုလွေရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့တော့ တို့ဟာ ဝံပုလွေတစ်စိတ်တစ်ပိုင်းပဲ "

ထိုသူ၏မျက်လုံးများ အရောင်တောက်လာသည်။

နိုဝယ် ဘာမှနားမလည်တော့ဘဲ ငေးစိုက်ကြည့်နေမိသည်။

" မင်းကိုငါထပ်ပြောဦးမယ်။ ငါ့ကိုမင်း ပစ်သတ်လိုက်ပါ။ နောက်တစ်ယောက်က ငါ့နေရာဝင်ယူမှာပဲ။ အဲဒီနောက်တစ်ယောက်ကိုလဲ မင်းပစ်သတ်လိုက်ဦး။ နောက်ထပ်တစ်ယောက်က အဲဒီနေရာကို ဝင်ယူမယ်။ မင်းကိုမရရအောင် တို့တားမယ်။ ကဲ. . . ဟာကလော်ဆင်. . . ငါ့ကိုပစ်လိုက်စမ်း။ ဒါမှမဟုတ်ရင် နာဇီခေါင်းဆောင်ကြီး ဟိန်းနရစ်ကလော်ဆင်ရဲ့သားလို့ ခေါ်ရမလား . . . ကဲ. . . ပစ်လေကွာ. . . ပစ်လိုက်စမ်းပါကွ "

" မင်း ဘာစကားတွေ လာပြောနေတာလဲ။ မင်းကိုငါ မသတ်ချင်ဘူး။ ငါဘယ်သူ့ကိုမှ မသတ်ချင်ဘူး "

" ပြင်သစ်နိုင်ငံမှာ မင်းလူသတ်ခဲ့ပြီပဲ "

" လူတစ်ယောက်ကို ငါသတ်တယ်ဆိုရင် အဲဒီလူဟာ ငါ့ကိုသတ်ဖို့ကြိုးစားတဲ့လူလို့ပဲမှတ် "

" အတော်လာတဲ့ ဟာကလော်ဆင် "

" မင်းငါ့ကို အဲဒီနာမည်ခေါ်မနေနဲ့ "

" ဘာကြောင့် မခေါ်ရမှာလဲ။ ဒါဟာ မင်းရဲ့နာမည်ပဲ "

" မဟုတ်ဘူး။ ငါ့နာမည် ဟိုးလ်ခရော့ဖ်တ် "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေကွာ။ ဒါဟာ မင်းတို့ အစီအစဉ်ရဲ့ အစိတ်အပိုင်း တစ်ခုပဲ။ လေးစားစရာကောင်းတဲ့ အမေရိကန်လူမျိုးကို ဒီနေရာမှာသုံးလိုက်တော့ နောက်ပိုင်းက ကွင်းဆက်တွေနဲ့ ပြတ်သွားတော့တာပေါ့။ ကျန်တဲ့လူတွေ မျက်ခြည်ပြတ်သွားအောင် လှည့်ကွက်ကလေးတစ်ခု လုပ်လိုက်တာပေါ့။ တစ်ယောက်ယောက်က ရိပ်မိသွားတဲ့အခါမှာ အချိန်ကသိပ်နောက်ကျသွားပြီပေါ့။ ဒါမျိုးဖြစ်အောင် မင်းတို့က တမင်လှည့်ကွက်လုပ်ထားတာ မဟုတ်လား။ ဟုတ်လိုက်လေကွာ"

"ဘာအတွက် အချိန်သိပ်နောက်ကျသွားရမှာလဲ။ မင်းဘယ်သူလဲ။ ဘယ်သူက မင်းကို လွှတ်လိုက်တာလဲ"

"မင်းငါ့ကို အကျပ်ကိုင်မေးမနေနဲ့။ တို့ဟာ မင်းအစီအစဉ်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး။"

နိုဝယ်က အိတ်ထဲကသေနတ်ကို ထုတ်ကိုင်လိုက်ပြီး ရှေ့သို့တိုးသွားသည်။ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ဘာအစီအစဉ်လဲ"

နိုဝယ်က ခပ်ဆတ်ဆတ်မေးသည်။ တစ်ခုခုတော့ ကြားရလိမ့်မည်ဟုလည်း မျှော်လင့်ထားမိလေသည်။

"ဂျီနီဗာ"

"ဂျီနီဗာ ဘာဖြစ်လဲ။ ဆွစ်ဇာလန်နိုင်ငံရဲ့မြို့တော်ပဲ"

"တို့အားလုံးသိတယ်။ ဒါတွေအားလုံး ပြီးသွားပြီ။ ငါတို့လို လင်းယုန်တွေကို မင်းတို့တားလို့မရဘူးမှတ်။ ဒီအချိန်မှာတားလို့ မရတော့ဘူးမှတ်။ ငါတို့ကသာ မင်းကိုတားရမယ်"

"လင်းယုန်. . . ဘာလင်းယုန်လဲ. . . မင်းတို့ဆိုတာ ဘယ်သူတွေလဲ။ ငါတို့ဆိုတာ ဘယ်သူတွေလဲ"

"ဘယ်တော့မှမပြောဘူး။ မင်းသေနတ်မောင်းဖြုတ်လိုက်။ မင်းကိုငါ မပြောဘူး။ တို့ကိုမင်း ဘယ်နည်းနဲ့မှ ခြေရာကောက်လို့မရဘူး"

အလွန်ချမ်းအေးသည့် ဆောင်းရာသီကြီးဖြစ်သော်လည်း နိုဝယ်၏ တစ်ကိုယ်လုံးမှာ ချွေးစေးများဖြင့် ရွှဲနစ်ချေပြီ။

ရန်သူပြောနေသည့်စကားလုံးများကို သူတစ်လုံးမှ နားမလည်ချေ။ တစ်ခုခုတော့ မှားကုန်ကြပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ရပ်နေသောသူသည် သေဖို့ပြင်ဆင်ထားပြီး ဖြစ်သည်မှာ သေချာသည်။ သို့သော်သူသည် အရူးတစ်ယောက်မဟုတ်။ သူ့မျက်လုံးများကို ကြည့်ခြင်းအားဖြင့် သူ့မှာ အသိဉာဏ်ရှိကြောင်း အထင်အရှားသိသာနိုင်သည်။

" မင်းဟာ ရာခါလဲမဟုတ်ဘူး။ အိုဒက်ဇာလဲ မဟုတ်ဘူး။ ဘာကိစ္စ ဂျီနီဗာအစီအစဉ်ကို ဖျက်ဆီးချင်ရတာလဲ။ ဝံပုလွေဟာ ဒီအစီအစဉ်ကို အပျက် မခံနိုင်ဘူးကွ။ မင်းအဲဒါကို သေသေချာချာ နားလည်ထား "

" မင်းတို့ရဲ့ ဝံပုလွေ မဟုတ်ဘူး။ အဲဒီငွေတွေကို အကျိုးအရှိဆုံးဖြစ် အောင် သုံးနိုင်တာဟာ ငါတို့ပဲ "

ထိုစကားကြောင့် နိုဝယ် တုန်လှုပ်သွားသည်။

" မင်း ဝင်မရှုပ်နဲ့။ မင်း ဝင်ရှုပ်ရင် ငွေတွေ တစ်ပြားမှရတော့မှာ မဟုတ်ဘူး။ မင်း ဘယ်တော့မှ အဲဒီပိုက်ဆံကို မရဘူး "

" ဒီလိုမဖြစ်သင့်ဘူးဆိုတာ မင်းရောငါပါ နားလည်ထားတယ် "ဟု ရန်သူကပြောပြန်သည်။

" မင်းမှားတယ်။ အဲဒီငွေဟာ နောက်ထပ်နှစ်ပေါင်းသုံးဆယ် ကြာအောင် အချိန်ရွှေ့သွားလိမ့်ဦးမယ် "

အမျိုးအမည်မသိရသောသူသည် အမှောင်ရိပ်တွင်းသို့ တဖြည်းဖြည်း ရွှေ့သွားသည်။

" တို့ ဒါလောက်စကားပြောရရင် လုံလောက်ပြီ။ မင်းကြိုက်တာ လုပ်နိုင်တယ်။ မင်းလက်ထဲမှာ သေနတ်ကိုင်ထားတယ်။ ငါ့ကို သတ်လိုက်ပါ။ ငါ့ကိုသတ်လို့လဲ မင်းတို့အတွက် ဘာမှပိုကောင်းလာတော့မှာ မဟုတ်ဘူး။ တို့လက်ထဲမှာ ခာတ်ပုံရှိနေပြီ။ အဖြစ်မှန်တွေကို တို့နားလည်စပြုနေပြီ "

" ခာတ်ပုံ. . . ပို့စ်မောက်. . . မင်း . . . "

နိုဝယ်မှာ ဘာကိုမှ နားမလည်နိုင်တော့ပါ။

" သိပ်ကို လေးစားခြင်းခံနေရတဲ့ ဘုရင့်ရေတပ်မတော်က ဒုတိယ ဗိုလ်မှူးကြီးပေါ့ကွာ။ အဲဒီခာတ်ပုံကို မင်းက ယူသွားတယ်ဆိုတော့ ပိုပြီး စိတ်ဝင် စားစရာ ကောင်းလာတော့တာပေါ့ "

" ဘုရားရေ. . . မင်းဘယ်သူလဲ "

" မင်းတို့ကို လိုက်တိုက်နေတဲ့လူတွေထဲက တစ်ယောက်ပေါ့။ ဟိန်းနရစ်ကလော်ဆင်ရဲ့သားရယ် "



www.burmeseclassic.com

www.burmeseclassic.com



" မင်းကို ငါပြောပြီး . . . "

" ငါသိတယ်။ မင်းကို ငါဘာမှ ဆက်ပြောနေစရာမလိုတော့ဘူး။ နောက်ဘက်ကိုပြန်လှည့်ပြီး ဟောဒီနောက်ဘေးလမ်းကြားအတိုင်း ငါလျှောက်သွားမယ်။ ငါ့ကို ပစ်လိုက်။ မင်းပစ်ရမယ်ဆိုရင် ပစ်လိုက် . . . ငါကို သေဖို့ ဆုံးဖြတ်ပြီးသား။ ပြင်ဆင်ပြီးသား။ ငါတို့အားလုံး ပြင်ဆင်ပြီးသား "

ထိုသူက နောက်ဘက်သို့ ဖြည်းဖြည်းချင်းလှည့်ကာ စတင်ခြေလှမ်းနေလေပြီ။

နိုဝယ်သည် ထိုအတိုင်းမနေနိုင်တော့။

" ရပ် "

နိုဝယ်က အော်ဟစ်အမိန့်ပေးရင်း ဂျာမန်နောက်သို့ ပြေးလိုက်သွားသည်။ ပြီးတော့ ထိုသူ၏ ဗယ်ဘက်လက်ကို ဆောင့်ဆွဲကာ နောက်ဘက်သို့ လှည့်ယူလိုက်သည်။

ထိုသူကလည်း နောက်ဘက်သို့ ဆတ်ကနဲ လှည့်သည်။

" ငါတို့ စကားဆက်ပြောစရာ အကြောင်းမရှိတော့ဘူး " ဟုလည်း နိုဝယ်ကို စိုက်ကြည့်ပြီးပြောသည်။

" ရှိတယ်။ ဆက်ပြောစရာရှိတယ်။ ပြောဖို့လိုအပ်မယ်ဆိုရင် တို့ ဒီနေရာမှာ တစ်ညလုံးရပ်ပြီးပြောမယ်။ မင်းဘယ်သူလဲဆိုတာ ငါ့ကိုပြောရမယ်။ မင်း ဘယ်ကလာတယ်ဆိုတာ ငါ့ကိုပြောရမယ်။ ဂျီနီဗာကိစ္စနဲ့ ဗျူးမောင့် အကြောင်း မင်းဘယ်လောက်သိ . . . "

သားရေဂျာကင်နှင့်ဂျာမန်က လှစ်ကနဲ လှုပ်ရှားလိုက်သည်။ သေနတ်ကိုင်ထားသော နိုဝယ်၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်ပြီးဖြစ်သွားသည်။

တစ်ဆက်တည်း ထိုလက်ကိုလိမ်ချိုးသည်။ နိုဝယ်၏ ပေါင်နှစ်လုံးကြားသို့ ဒူးတစ်လုံးဝင်လာသည်။

ထိုဒူးချက်ကြောင့် နိုဝယ်၏ ကိုယ်လုံး ကိုင်းကျသွားသည်။ ထိုသို့ကိုင်းကျသွားချိန်မှာပင် နောက်စေ့ပေါ်သို့ ပြင်းထန်သည့် လက်သီးတစ်လုံး ကျလာသည်။

နိုဝယ် မိုက်ကနဲ ဖြစ်သွားသည်။

သို့သော်လည်း လက်ထဲမှ သေနတ်ကိုတော့ လုံးဝမလွှတ်လိုက်ဘဲ ရန်သူလိမ်မချိုးနိုင်အောင် တောင့်ခံထားသည်။

ဗယ်ဘက်ပခုံးကို စောင်းပြီး ရန်သူ၏ ခါးလယ်သို့ ဆောင့်တိုက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တစ်ဆက်တည်းမှာပင် သေနတ်ကိုင်ထားသည့် ညာဘက်ကိုလည်း ဆောင့်ရုန်းလိုက်သည်။

သေနတ်သံတစ်ချက် မြည်ဟည်းသွားသည်။

ကျည်ဆန်က နိုဝယ်၏မျက်နှာနားမှ ကပ်ထွက်သွားသည်။

သူ့လက်ကို ချုပ်ကိုင်ထားသော ရန်သူ၏လက်ပြေလျော့သွားသည်။ ရန်သူတစ်ဘက်သို့စောင်းသွားသည်။ ကြည့်နေဆဲမှာပင် ရန်သူ၏လက်တစ်ဘက် အောက်သို့ တွဲလောင်းကျသွားသည်။ ကျန်လက်တစ်ဘက်ဖြင့် ထိုပခုံးနေရာကို ကိုင်ထားသည်။ သွေးများထွက်လာသည်ကို မြင်ရသည်။

နိုဝယ် သဘောပေါက်သွားပါပြီ။

“ မင်းလုပ်ငန်းတွေ မရပ်ရပ်အောင် တို့လုပ်မယ်။ မင်းကို မရရတဲ့နည်းနဲ့တားမယ်။ တို့လမ်းစဉ်ကို တို့လုပ်မယ်။ ဂျီနီဗာဘဏ်တိုက်ထဲမှာရှိနေတဲ့ ငွေတွေအားလုံးကို တို့ယူမယ် ”

ဒဏ်ရာနှင့်ရန်သူသည် ယိမ်းထိုးနေသည်။ သူ့ကိုယ်ကို ဟန်နိုင်အောင် အုတ်နံရံအား လက်တစ်ဘက်ဖြင့် ထိန်းထားသည်။

အော်သံဟစ်သံများ ကြားရသည်။

နိုဝယ်က လှည့်ကြည့်သည်။ နောက်ဘေးလမ်းကြားထဲသို့ ပြေးဝင်လာသည့် လူရိပ်များကို တွေ့ရသည်။ ပုလိပ်ခရာတွတ်သံများကို အဆက်မပြတ်ကြားနေရသည်။

သူ ပြေးပေါက်မရှိတော့ပြီ။

သည်နေရာမှာ အဖမ်းခံ၍ မဖြစ်ပါ။ သူ့ကို ကက်စလာစောင့်နေသည်။ ဂျီနီဗာအစီအစဉ်တွေက စောင့်နေသည်။ သည်လိုအချိန်မျိုးတွင် မည်သည့်နည်းနှင့်မှ အဖမ်းခံ၍ မဖြစ်နိုင်ပါ။

နိုဝယ်သည် ပစ္စတိုကို အိတ်ထဲသို့ ထိုးထည့်ကာ နောက်ဘေးလမ်းကြားထွက်ပေါက်ဆီသို့ ပြန်ပြေးခဲ့သည်။

ထွက်ပေါက်က အခြားမရှိ။ ထိုတစ်ပေါက်သာ ရှိသည်။ ထိုတစ်ပေါက်မှ လူတွေစုပြုံဝင်လာနေကြသည်။ သူတို့ထဲမှာ ပုလိပ်များလည်းပါသည်။

ဟယ်လ်ဒင်၏စကားများကို ပြန်လည်ကြားယောင်လာသည်။ ကြည့်ကောင်းအောင် လိမ်ညာပြောရတော့မည်။ မိမိလွတ်ရာလွတ်ကြောင်းအတွက် အကောင်းဆုံးနှင့် အပိရိဆုံးဖြစ်အောင် လိမ်ညာပြောရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ဝင်လာသော လူအုပ်ကြီးနှင့် ပက်ပင်းသွားတိုးသည်။

" ကျွန်တော် အမေရိကန်လူမျိုးပါ။ ခင်ဗျားတို့အထဲမှာ အင်္ဂလိပ်စကားပြောတတ်တဲ့ လူများပါသလား "

နိုဝယ်က လူအုပ်ကြီးကိုကြည့်ပြီး အသံကုန်အော်မေးသည်။

လူအုပ်ထဲမှ တစ်ယောက်က ပြန်အော်သည်။

" ကျုပ်ပြောတတ်တယ်။ ဘာဖြစ်တာလဲ "

" ကျွန်တော် ဟောဒီအနားမှာ လမ်းလျှောက်နေတုန်း သေနတ်ကိုင်ထားတဲ့ လူတစ်ယောက်က ကျွန်တော့်ကို ဟောဒီနောက်ဘေးလမ်းကြားထဲ ဆွဲသွင်းတယ်။ ပြီးတော့ ကျွန်တော်ကိုလုဖို့ ကြိုးစားတယ်။ သူ့လက်ထဲက သေနတ်ကို ကျွန်တော် ပုတ်ထုတ်လိုက်တဲ့ အချိန်မှာ သေနတ်ကျည်ဆန် ထွက်သွားတယ် "

အင်္ဂလိပ်စကားတတ်သည်ဆိုသူက ပုလိပ်အရာရှိကို ဘာသာပြန်ပြောပြနေသည်။

" သူ ဘယ်ရောက်သွားပြီလဲ " ဟုမေးသည်။

" သူ ဒီအခန်းထဲမှာပဲ ရှိနေသေးတယ်လို့ ကျွန်တော်ထင်ပါတယ်။ တံခါးပေါက်တစ်ခုနားမှာ သူကျန်နေရစ်ခဲ့တယ်။ အောင်မယ်လေး . . . မောလိုက်တာဗျာ. . . ခဏလောက် ထိုက်ပါရစေ "

BURMESE CLASSIC .com

အင်္ဂလိပ်စကားတတ်သူက နိုဝယ်၏ပခုံးကို တို့သည်။

" လာ "

ထိုသူက လူအုပ်ကိုဖယ်ရှားပြီး အပြင်ဘက်သို့ ထွက်သွားသည်။ နိုဝယ်ကက သူ့နောက်မှ လိုက်သွားသည်။ အပြင် ပလက်ဖောင်းဘေးသို့ ရောက်လာသည်။

ပုလိပ်တစ်ယောက်က နောက်ဘေးလမ်းကြားထဲသို့ လှမ်းအော်သည်။ တုံ့ပြန်သည့်အသံ ဘာမှမကြားရ။

အမျိုးအမည်မသိရသောရန်သူသည် တစ်နည်းနည်းဖြင့် လွတ်မြောက်သွားပြီနှင့်တူသည်။

ယူနီဖောင်းဝတ်ပုလိပ်များက သေနတ်များကို ထုတ်ကိုင်ကာ နောက်ဘေးလမ်းကြားထဲသို့ သတိထားပြီး ဖြည်းဖြည်းချင်း ဝင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။ ကျွန်တော် လေစိမ်းကလေး နည်းနည်းလောက် ရှူလိုက်ပါရစေ။ စိတ်ကလေးနည်းနည်း တည်ငြိမ်သွား အောင်ပါ။ ကြောက်လိုက်တာဗျာ. . . မပြောပါနဲ့တော့။ ကျွန်တော်ဆိုလိုတဲ့ သဘောကို ဆရာသဘောပေါက်ပါတယ်နော် "

နိုဝယ်က အင်္ဂလိပ်စကား ပြောတတ်သူကိုပြောသည်။

" သဘောပေါက်ပါတယ်။ ခင်ဗျားကြုံလိုက်ရတဲ့အဖြစ်ကလဲ သိပ်ဆိုး တာကိုး "

" ဟော. . . လူဆိုးကို သူတို့မိသွားကြပြီထင်တယ် "

နိုဝယ်က အထိတ်တလန့် အော်ပြောရင်း နောက်ဘေးလမ်းကြားထဲသို့ ကမန်းကတန်း လှည့်ကြည့်သည်။

အင်္ဂလိပ်စကားပြောတတ်သူကလည်း လှည့်ကြည့်သည်။

နိုဝယ်သည် ထိုအချိန်ကောင်းကလေးကို အရအမိယူကာ မော်တော် ကားလမ်းပေါ်သို့ ရုတ်တရက် ဆင်းလိုက်သည်။ ပျားပန်းခတ်မျှ ရှုပ်ထွေးစွာ သွားလာနေကြသော မော်တော်ကားများကြားသို့ သတိထားပြီးဝင်သည်။ ပြီးတော့ တစ်ဘက်ခြမ်းသို့ တဟုန်ထိုးကူးခဲ့သည်။

ဟယ်လ်ဒင်၏စကားများကို ပြန်လည်ကြားယောင်နေမိသည်။

အရေးဟဲ့ အကြောင်းဟဲ့ဆိုလျှင် ရှုပ်ထွေးနေသော မော်တော်ကားများ ကြားထဲသို့ ဝင်ရောက်ပြီး ကိုယ်ရောင်ဖျောက်ရမည်ဆိုသည့်အကြောင်း။

လမ်းတစ်ဘက်ခြမ်းမှ ပလက်ဖောင်းပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ခြေဦးတည့်ရာသို့ သုတ်ခြေတင်ပြေးခဲ့လေတော့သည်။

\+ \+

အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ။ နောက်ပြီးတော့ အောင်မြင်စွာ လည်း ရှောင်တိမ်းနိုင်ခဲ့ပြီးဖြစ်ကြောင်း နိုဝယ်က ပြန်တွေးကြည့်နေသည်။

လမ်းဘေးတစ်နေရာမှ ခုံတန်းရှည်ကလေးပေါ်တွင် သူတစ်ယောက် တည်း ထိုင်နေသည်။ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်နေသည်။ သို့သော်လည်း သူ့ကိုနောက်ယောင်ခံနေသည့် လူတစ်စုံတစ်ယောက်မှ မရှိ တော့ပါ။

သူ့ခေါင်းပေါ်မှာ ဦးထုပ်မရှိတော့ပါ။ သူ့ကိုယ်ပေါ်မှာ အပေါ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီကြီး မရှိတော့ပါ။

နောက်ဘေးလမ်းကြားတိုက်ပွဲတွင် ဆုံးရှုံးခဲ့ပြီ။

ထို့ကြောင့် ဘာလင်မြို့၏ချမ်းအေးလှသော ဆောင်းညတွင် သူ ခိုက်ခိုက်တုန်နေတော့သည်။

သည်လို ခိုက်ခိုက်တုန်နေသည့်အတွက်လည်း တစ်ခုတော့ကောင်းသည်။

သားရေဂျာကင်နှင့်လူ၏ လက်ချက်ကြောင့် သူ့ပေါင်ကြားနှင့် နောက်စေ့နာကျင်နေရာ လေအေးအေးကလေး အတိုက်ခံနေရသဖြင့် အထိုက် အလျောက် သက်သာသလိုတော့ ရှိလာသည်။

ဂျီနီဗာလုပ်ငန်းအတွက် ရန်သူတွေများလာပြီကိုလည်း သူသဘောပေါက် နားလည်လာသည်။

ရာခါသာ မဟုတ်တော့ပါ။ အိုဒက်ဇာသာ မဟုတ်တော့ပါ။ ယခု အမျိုးအမည်မသိရသော ရန်သူတစ်မျိုး ပေါ်လာပြန်သည်။ မည်သူကို ကိုယ်စားပြုသနည်း။ မည်သည့်ရည်ရွယ်ချက်ရှိသနည်း သူမသိပါ။

ယခုရန်သူက ရာခါနှင့် အိုဒက်ဇာများကိုလည်း မုန်းတီးစက်ဆုပ် သည်။ 'လူသတ်သမားများနှင့် လူပြက်များ'ဟု ခေါ်သွားသည်။ ထိုလူသတ်သမား များနှင့် လူပြက်များကြားမှာ ရောရောထွေးထွေး လုပ်လိုဟန်မတူ။

လက်ပတ်နာရီကို မြှောက်ကြည့်သည်။

BURMESE CLASSIC .com

သည်နေရာ လေတိုက်ထဲတွင် သူထိုင်နေသည်မှာ တစ်နာရီနီးပါး ကြာမြင့်သွားပြီဖြစ်ကြောင်း တွေ့ရသည်။ ကိုးနာရီလည်း ထိုးတော့မည်။

ကက်စလာနှင့်တွေ့ဖို့ သွားမှလျော်တော့မည်။ နောက်ဘေးလမ်းကြား ထဲမှာ သူ့သေနတ်ဒဏ်ရာဖြင့် ကျန်ခဲ့သူသည် ပုလိပ်များဖမ်းမိသွားပြီလော။ သို့တည်းမဟုတ် လွတ်မြောက်သွားသလော သူမသိပါ။

အကယ်၍ လွတ်မြောက်သွားသည်ဆိုလျှင်လည်း ရက်အတော်ကြာ အနားယူနေရလိမ့်ဦးမည်။ သေနတ်ဒဏ်ရာ ပျောက်ကင်းအောင် ကုသနေရဦး မည်။ သည်လိုဆိုလျှင် သူတို့ကို ဆက်လက်နှောင့်ယှက်နိုင်ဦးမည်မဟုတ်။

နိုဝယ်က ထိုင်နေရာမှ ထသည်။

ဂျီနီဗာလုပ်ငန်းစဉ်၏ တတိယမြောက် သော့တစ်ချောင်းဖြစ်သော အားရစ်ကက်စလာနှင့် တွေ့ရဦးမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

( ၂၅ )

နိုဝယ်မျှော်မှန်းထားသကဲ့သို့ စားသောက်ဆိုင်၏ ဘားခန်းထဲမှာ လူတွေကျပ်ခဲနေလေပြီ။

မန်နေဂျာက သူ့ကို ပြုံးပြုံးရွှင်ရွှင်နှင့် ဆီးကြိုသည်။ သို့သော်လည်း သူ့ကိုမြင်ပြီး မျက်နှာအမူအရာက တစ်မျိုးဖြစ်သွားသည်။ မည်သည့်အကြောင်းကြောင့် အမူအရာပြောင်းသွားကြောင်းကို နိုဝယ် မခန့်မှန်းတတ်ပါ။

ထို့ကြောင့် မန်နေဂျာ၏မျက်နှာကို တစ်ကြိမ်ပြန်ကြည့်သည်။ မန်နေဂျာက သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။

နောက်ဘေးလမ်းကြားထဲမှာ တိုက်ပွဲဖြစ်ပွားခဲ့စဉ်က သူ့မျက်နှာကို ကုပ်မိခြစ်မိလေသလား။ ထိုကုတ်ရာခြစ်ရာကို မြင်သောကြောင့် မန်နဂျာ အမူအရာပြောင်းသွားသလားဟု နိုဝယ်က စဉ်းစားကြည့်သည်။

“ မျက်နှာလေး သစ်လိုက်ချင်တယ်ဗျာ။ ချော်လဲလာလို့ ”

နိုဝယ်က ရှောင်သာတိမ်းသာအောင် ပြောလိုက်သည်။

“ ရပါတယ်ခင်ဗျာ။ ဟောဟိုမှာ ရေချိုးခန်းရှိပါတယ်။ ပရော်ဖက်ဆာကက်စလာလဲ ရောက်နေပါပြီ။ အခန်းထဲမှာ စောင့်နေပါတယ်။ လူကြီးမင်းပေးခဲ့တဲ့ လက်ကိုင်အိတ် သူ့ကိုပေးလိုက်ပါတယ် ”



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ရေချိုးခန်းရှိရာသို့ လက်ညှိုးထိုးပြရင်း တစ်ဆက်တည်း ဆက်ရှင်းပြသည်။

" ကျေးဇူးတင်ပါတယ် "

ရေချိုးခန်းထဲသို့ နိုဝယ်ဝင်လာသည်။ မှန်ထဲမှာကြည့်သည်။ ကုတ်ရာခြစ်ရာ တစ်စုံတစ်ရာမရှိပါ။ သို့သော်လည်း သူ့မျက်နှာတွင် နာကျင်ခြင်း၊ ကြောက်လန့်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများ ရောထွေးနေသည်ကို အထင်းသား မြင်တွေ့နေရလေသည်။

ရေအေးနှင့် ရေနွေးစပ်ပြီး အားပါးတရ မျက်နှာသစ်ပစ်လိုက်သည်။ အတော်ကလေး လန်းသွားသည်။

မန်နေဂျာက ဆိုင်နောက်ဘက်ရှိ အခန်းကလေးတစ်ခုသို့ ခေါ်သွားသည်။ အခန်းကလေးကို အနီရောင်ခန်းဆီးနှင့် ကာထားသည်။ မန်နေဂျာက ခန်းဆီးကို ဘေးသို့ဆွဲဖယ်ပေးကာ နိုဝယ် ဝင်သွားအောင် လမ်းဖယ်ပေးသည်။

အခန်းထဲရှိစားပွဲတွင် အသက် ၄၅-နှစ်ခန့်ရှိ ယောကျ်ားတစ်ယောက် ထိုင်နေသည်။ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတိုတိုကလေးများရှိသည်။ ကိုယ်လုံးကိုယ်ထည် ခပ်ထွားထွားဖြစ်သည်။ မျက်နှာအမူအရာက နူးညံ့သိမ်မွေ့သည်။ ပျော်ပျော်နေတတ်သည့် လူစားမျိုးဖြစ်ကြောင်း မြင်ရုံနှင့် သိသာသည်။

" မစ္စတာ ဟိုးလ်ခရော့ဖ်တ်. . . "

" ဒေါက်တာ ကက်စလာ. . . "

" ထိုင်ပါ. . . ထိုင်ပါ "

ကက်စလာက ထိုင်ရာမှထဖို့ပြင်သည်။ သို့သော်လည်း သူ၏ ဝမ်းဗိုက်ပူကြီးနှင့် စားပွဲစွန်းငြိနေသောကြောင့် ရုတ်တရက်ထ၍မရ။ သူ့ကိုယ်သူ သဘောကျပြီး တစ်ချက်ရယ်ကာ ထဖို့မကြိုးစားတော့ဘဲ ပြန်ထိုင်နေသည်။

" ရှူဒီ. . . ဒါဟာ အမေရိကားက ကျုပ်ရဲ့ မိတ်ဆွေသစ်ပဲ။ မစ္စတာ ဟိုးလ်ခရော့ဖ်တ် "

" ကျွန်တော်တို့ စောစောကတွေ့ပြီးပါပြီ ပရော်ဖက်ဆာ "

မန်နေဂျာရှူဒီက ပြန်ပြောသည်။

" ဟုတ်သားပဲ။ ဒီလက်ကိုင်အိတ်တောင် ကျွန်တော့်အတွက် ခင်ဗျား လက်ခံထားလိုက်သေးတာပဲ။ ကဲ. . . ကျွန်တော်တော့ ဝီစကီသောက်နေတယ်။ ဘာသုံးဆောင်လိုပါသလဲ မစ္စတာဟိုးလ်ခရော့ဖ်တ် "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်လဲ ဝီစကီပဲ သောက်တာပေါ့ "

မန်နေဂျာက ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားသည်။ ခန်းဆီးကို နေထားတကျဖြစ်အောင် ပြန်ပိတ်ပေးသွားသည်။

နိုဝယ်က ကက်စလာကို လှမ်းကြည့်သည်။ သဘောကောင်းမည့်ပုံမျိုး ဖြစ်သည်။ ကျောင်းဆရာပီပီ အပြောအဆို အနေအထိုင် နူးညံ့သိမ်မွေ့သည်ကို တွေ့ရသည်။

" ကျွန်တော့်ကို အခုလိုလက်ခံတွေ့တဲ့အတွက် အများကြီးကျေးဇူး တင်ပါတယ်ဗျာ။ ခင်ဗျားကို ပြောပြစရာတွေ ကျွန်တော့်မှာ အများကြီးရှိနေ တယ် "

" ဘာမှမပြောခင် အလျှင်ဆုံး အမောဖြေလိုက်ပါဦးလေ။ ဝီစကီ ကလေးသောက်ရင်း ခင်ဗျား စိတ်ငြိမ်သွားအောင် လုပ်လိုက်ပါဦး "

" ဗျာ. . . "

" ခင်ဗျား အခက်အခဲတစ်ခု ကြုံခဲ့ရတယ်နဲ့တူတယ်။ ခင်ဗျား မျက်နှာ ပေါ်မှာ ထင်းထင်းကြီး ပေါ်နေတယ် "

" ဒါလောက်တောင် သိသာနေသလား "

" ခင်ဗျား စိတ်ရှုပ်ထွေးနေတဲ့ အမူအရာဟာ သိပ်ကိုထင်ရှားနေတယ် မစ္စတာ ဟိုးလ်ခရော့ဖ်တ် "

" ကျေးဇူးပြုပြီး ကျွန်တော့်ကို နိုဝယ်လို့ပဲ ခေါ်ပါဗျာ။ ကျွန်တော်တို့ နှစ်ယောက် ရင်းရင်းနှီးနှီး ပေါင်းကြရတော့မှာပါ "

" ကောင်းပါလေ့ဗျာ။ ကျွန်တော့်ကိုလဲ အားရစ်လို့ပဲခေါ်ပါ။ ဒီနေ့ည အပြင်မှာ သိပ်အေးတယ်။ အပေါ်ရုံကုတ်အင်္ကျီမပါဘဲ အပြင်ထွက်ဖို့ မကောင်းဘူး။ ခင်ဗျား ယူမလာမိဘူး ထင်တယ် "

" ကျွန်တော် စောစောကပဲ ဝတ်ထားပါသေးတယ်ဗျာ။ ဒါပေမယ့် အခုမရှိတော့ဘူး။ ကျွန်တော် ရှင်းပြပါ့မယ် "

" မလိုပါဘူးလေ။ ဒုက္ခခံ ရှင်းပြမနေပါနဲ့တော့ "

" ကျွန်တော်လဲ ရှင်းမပြချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်ပြောပြမယ့် ဇာတ်လမ်းထဲမှာ ဒီအကြောင်းလဲ တစ်ခုပါနေပါတယ် "

" ဒီလိုလား . . . ဟောဟိုမှာ ခင်ဗျားဖို့ ဝီစကီရောက်ပြီ "

စားပွဲထိုးက ဖန်ခွက်များ လာချပေးသောကြောင့် သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စကားပြတ်သွားကြသည်။ စားပွဲထိုးက အနီရောင်ခန်းဆီးကို ဆွဲပိတ်ပေးပြီး ပြန်ထွက်သွားသည်။

နိုဝယ်က ဝီစကီ သောက်သည်။

" ကျွန်တော် ပြောသလိုပဲ. . . အင်္ကျီမရှိတော့တာဟာလဲ ကျွန်တော့် ဇာတ်လမ်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ "

" ဖြည်းဖြည်းပေါ့လေ။ နားပါဦး။ သိပ်အလျင်လိုဖို့မလိုပါဘူး "

" ခင်ဗျားအိမ်မှာ ဧည့်သည်တွေ ရှိနေတယ်ဆို "

" တစ်ယောက်တည်းပါဗျာ။ မြူးနစ်မြို့က ကျွန်တော့်ညီရဲ့ သူငယ်ချင်း၊ ပျော်ပျော်နေတတ်တဲ့လူပါပဲ။ ဒါပေမယ့် စကားအလွန်များတယ်။ ဒီနေ့ညတော့ ကျွန်တော့်ကို ခင်ဗျား ကယ်တင်လိုက်တာပဲ "

" ခင်ဗျားမိန်းမတော့ အတော်စိတ်တိုနေရောပေါ့ "

" ကျွန်တော့်မှာ မိန်းမမရှိပါဘူး။ ဟိုတုန်းကကတော့ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လို တက္ကသိုလ်ကျောင်းဆရာဘဝကို သူ ခံတွင်းတွေ့ပုံ မပေါ်ဘူး "

" ကြားရတာ စိတ်မကောင်းစရာဗျာ "

" သူကတော့ စိတ်မကောင်းဖြစ်မှာမဟုတ်ပါဘူး။ ကောင်းကင်ကြိုးတန်း လျှောက်တဲ့လူနဲ့ အိမ်ထောင်ပြုသွားတယ်လေ။ ခင်ဗျား စဉ်းစားကြည့်စမ်း။ တက္ကသိုလ်ကျောင်းဆရာဘဝကနေပြီး ကောင်းကင်ကြိုးတန်းလျှောက်သူကတော် လုပ်သွားတာ။ အတော်တော့ ရယ်စရာကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက် ရင်းနှီးတဲ့ မိတ်ဆွေများအဖြစ် မိတ်မပျက် ဆက်ဆံနေကြပါတယ်"

" ခင်ဗျားလိုလူမျိုးနဲ့ မိတ်ပျက်ဖို့ဆိုတာတော့ အတော့်ကို ခက်ခဲလိမ့်မယ်ထင်တယ်ဗျို့ "

" ဒါပေမယ့် ကျွန်တော်က စာသင်ခန်းထဲမှာတော့ ကြမ်းတယ်နော်။ မကြာခဏ ခြင်္သေ့ကြီးဖြစ်ဖြစ်သွားတတ်တယ် "

" ဟိန်းရုံဟိန်းပြီး မကိုက်တတ်တဲ့ ခြင်္သေ့ပေါ့ဗျာ "

" ဘယ်လိုဗျ. . . "

ကက်စလာက နားမလည်သလို ပြန်မေးသည်။

" ဘာမှ မဟုတ်ပါဘူး။ မနေ့ညက တခြားတစ်ယောက်နဲ့ စကားပြောခဲ့တာကို သွားသတိရလိုက်လို့ပါ "



www.burmeseclassic.com

www.burmeseclassic.com



" အခု နေသာထိုင်သာရှိသွားပြီလား "

" အတော်တော့ ပျော်စရာကောင်းတယ်ဗျ "

နိုဝယ်၏စကားကြောင့် ကက်စလာမှာ နားရှုပ်ထွေးသွားပြီး မျက်မှောင်ကုပ်သွားပြန်လေသည်။

" ဘာပြောတယ်. . . "

" သြော်. . . မနေ့ညတုန်းက ပြောပါတယ်. . . ပျော်စရာကောင်းတယ်လို့ "

" ဟို တခြားတစ်ယောက်နဲ့လား။ အဲဒီအကြောင်းကြောင့်လားမသိဘူး . . . ခင်ဗျား အတော်ကို နေသာထိုင်သာရှိသွားပုံရတယ် " ဟု ကက်စလာက ပြုံးရင်းပြောသည်။

" ဒီထက်သာ နေသာထိုင်သာရှိရင် ခက်ရချည်ရဲ့ဗျို့ . . . "

" အစားတစ်ခုခု မှာစားတော့မလား "

" နေပါဦး။ ကျွန်တော်ပြောစရာတွေ စပြောချင်ပြီ။ ခင်ဗျားကို ပြောပြစရာတွေအများကြီးရှိနေတယ်။ ခင်ဗျား အနေနဲ့လဲ မေးခွန်းတွေအများကြီး ပြန်မေးဖို့ ရှိလာလိမ့်မယ် "

" ဒီလိုဆိုရင် ဂရုတစိုက်နားထောင်ပါ့မယ်ဗျာ။ အိုး . . . ကျွန်တော်မေ့နေတယ်။ ခင်ဗျားရဲ့ လက်ကိုင်အိတ် "

ကက်စလာက ဘေးမှာချထားသော လက်ကိုင်အိတ်ကိုယူပြီး နိုဝယ်ကို လှမ်းပေးသည်။ နိုဝယ်က လက်ကိုင်အိတ်ကို သော့ဖွင့်သည်။ သို့သော် အဖုံးကိုကားမဖွင့်။ သူ့ဘေးမှာ သည်အတိုင်း တင်ထားသည်။

" ဟောဒီအထဲမှာ ခင်ဗျားကြည့်ချင်မယ့် စာရွက်စာတမ်းတွေရှိတယ်။ အားလုံးအပြည့်အစုံတော့မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော်ပြောပြမှာတွေ မှန်ကန်ကြောင်း လုံလောက်တဲ့ အထောက်အထားတွေပါပဲ "

" ခင်ဗျား ပြောပြမှာတွေ မှန်ကန်ကြောင်း . . . ဒီအတိုင်းဆိုရင်တော့ ခင်ဗျားပြောပြမယ့် အကြောင်းအရာတွေဟာ သာမန်အားဖြင့် ကျွန်တော့်အနေနဲ့ လက်ခံဖို့ ခက်ခဲတဲ့အကြောင်းအရာဖြစ်ဖို့ သေချာသွားပြီ "

ထိုစကားကို ကြားရသောအခါ နိုဝယ်က ကက်စလာအတွက် စိတ်မကောင်းဖြစ်မိလေသည်။ ငြိမ်းချမ်းသော ကျောင်းဆရာဘဝကလေးသည် ဂျီနီဗာအစီအစဉ်ကြီးကြောင့် ပျက်ပြားရှာတော့မည်ဟုတွေးမိရင်း ကရုဏာပါ



www.burmeseclassic.com

www.burmeseclassic.com



သက်သွားမိလေသည်။

" ဖြစ်နိုင်ပါတယ်။ ကျွန်တော်ပြောပြမယ့်အကြောင်းအရာတွေဟာ ခင်ဗျားဘဝကို အနှောင့်အယှက်လဲဖြစ်စေနိုင်ပါလိမ့်မယ်။ ကျွန်တော့်ဘဝ အနှောင့်အယှက်ဖြစ်ခဲ့ရသလိုပေါ့။ ဒါပေမယ့် ဒါကို ကျွန်တော်တို့ ရှောင်လွှဲလို့ မရနိုင်ဘူးလို့ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်တော့်အနေနဲ့တော့ ရှောင်လို့တိမ်းလို့မရတော့ဘူး။ ဒါကြီးကို ကျော်ခိုင်းမသွားနိုင်တော့ဘူး "

" ဒီလို ကျော်ခိုင်းမသွားနိုင်တဲ့ အချက်ထဲမှာ ငွေတွေအမြောက်အမြား နဲ့လဲ ပတ်သက်ပါတယ်။ ကိုယ်ကျိုးကြည့်မိတယ်ဆိုရင် မမှားဘူးပေါ့ဗျာ။ ဒီငွေတွေဟာ ကျွန်တော်နဲ့ဆိုင်သလို ခင်ဗျားနဲ့လဲဆိုင်နေပါတယ်။ ဒါပေမယ့် ဒီထက်ပိုပြီးအရေးကြီးတဲ့ အခြားအကြောင်းအရာတွေလဲ ပါဝင်နေပါတယ်။ ကျွန်တော်ဟာ ဒီပြဿနာကြီးထဲက ထွက်ပြေးဖို့ကောင်းနေပြီ။ ဒါပေမယ့် မပြေးနိုင်ဘူး။ ကျွန်တော့်မှာ အန္တရာယ်တွေ ဝိုင်းနေပြီ။ ဒီလုပ်ငန်းစဉ်ကြီး ဆက်မလုပ်ဖြစ်အောင် ကျွန်တော့်ကို အပြင်းအထန်တားဆီးနေကြပြီ။ ကျွန်တော် အင်မတန်ချစ်ခင်လေးစားတဲ့အဖေ အသတ်ခံလိုက်ရပြီ။ နောက် တစ်ယောက်ကိုလဲ သူတို့သတ်ဖို့ကြိုးစားနေကြပြီ။ စိတ်မရှိပါနဲ့ဗျာ။ ခင်ဗျား ထိတ်လန့်တုန်လှုပ်သွားအောင် ကျွန်တော် ပြောနေတာ မဟုတ်ပါဘူး "

ကက်စလာက နိုဝယ်၏ပခုံးတစ်ဘက်ကို ကိုင်လိုက်သည်။

" ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားတာက အရေးမကြီးပါဘူး။ ခင်ဗျား သိပ်ကိုစိတ်လှုပ်ရှားနေပြီ။ နည်းနည်းကလေး စိတ်ငြိမ်သွားအောင် ထိန်းလိုက်ဦး။ ခပ်ဖြည်းဖြည်းပြောကြတာပေါ့ "

နိုဝယ်က ဝီစကီကို ဆက်တိုက်သောက်ချလိုက်သည်။ ပေါင်ကြားနှင့် နောက်စေ့မှ နာကျင်မှုဝေဒနာထက် ရင်ထဲမှ နာကျင်မှုဝေဒနာက ပိုမိုကြီးမား နေကြောင်းလည်း သူ့ကိုယ်သူ သဘောပေါက်သည်။

" ကျွန်တော် ညာမပြောပါဘူး။ အခုလို အရင်းအဖျားမရှိ ပြောနေ တာမျိုးကိုလဲ ကျွန်တော် မကြိုက်ပါဘူး "

ကက်စလာက နိုဝယ်၏ပခုံးပေါ်မှလက်ကို ပြန်ရုပ်လိုက်သည်။

" တစ်ခုတော့ပြောပါရစေဦး။ ခင်ဗျားနဲ့ကျွန်တော် စတွေ့ပြီးစတွေ့ ကြတာ ငါးမိနစ်လောက်ပဲ ရှိပါသေးတယ် နိုဝယ်။ ဒါပေမယ့် ခင်ဗျားဟာ အင်မတန်ရိုးသားကြောင်းနဲ့ မမှန်ရာကို လုပ်မယ့်လူမဟုတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချက်ချင်းအကဲခတ်လိုက်မိပါတယ်။ ခင်ဗျားဟာ သိပ်ကို ရိုးသားတဲ့ လူဖြစ်ကြောင်း ကျွန်တော် အသေအချာ သိပါတယ်။ နောက်ပြီးတော့ ခင်ဗျား မှာ အာရုံတွေလဲ သိပ်ကိုထွေပြားနေပုံရတယ်။ ဒါကြောင့် ခင်ဗျား ပြောတတ် သလိုသာ စိတ်အေးအေးထားပြီး ပြောပါ။ ကျွန်တော် စိတ်ရှည်လက်ရှည် နားထောင်ပါ့မယ်။ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ ”

နိုဝယ်က ဝီစကီခွက်ကို ပြန်ချသည်။

“ ကောင်းပါပြီ။ ဗွန်တိုင်းဘို့လ်တ်နဲ့ ကလော်ဆင်ဆိုတဲ့နာမည်တွေ ခင်ဗျား ကြားဖူးသလားဆိုတဲ့ မေးခွန်းကစပြီး မေးလိုပါတယ် ”

ကက်စလာက နိုဝယ်ကို ခဏကြာအောင် စိုက်ကြည့်နေသည်။

“ ကြားဖူးပါတယ်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ။ ကျွန်တော် ကလေး အရွယ်တုန်းက အကြောင်းတွေပဲ။ ဒါပေမယ့် အဲဒီနာမည်တွေကို မှတ်မိနေ တယ်။ ကလော်ဆင်နဲ့ ဗွန်တိုင်းဘို့လ်တ်တို့ဟာ ကျွန်တော့်အဖေရဲ့ မိတ်ဆွေ တွေပဲ။ သူတို့ချင်းသိပ်ကို ရင်းနှီးကြတယ်။ ဒီတုန်းက ကျွန်တော်သိပ်ငယ်သေး တယ်။ ဆယ်နှစ်သား ဆယ့်တစ်နှစ်သားလောက်ပဲ ရှိသေးတယ်။ သူတို့ နှစ်ယောက်စလုံး ကျွန်တော်တို့ အိမ်ကို မကြာခဏအလည်လာလေ့ရှိတယ်။ ကျွန်တော် မှတ်မိသလောက်ဆိုရင် စစ်ပြီးခါနီးအချိန်ကပေါ့။ ကလော်ဆင်ကို ကျွန်တော် မှတ်မိပါတယ်။ အရပ်ရှည်ရှည် . . . လူတစ်ဘက်သားကို အင်မတန် ဆွဲဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးပဲ ”

“ ကျွန်တော့်ကို သူ့အကြောင်း ပြောပြစမ်းပါ ”

“ ကျွန်တော် မှတ်မိတာ သိပ်များများစားစား မရှိပါဘူး ”

“ မှတ်မိသလောက်ပေါ့ဗျာ ”

“ ဘာတွေပြောရမယ်တောင် မသိတော့ပါဘူးဗျာ။ ကလော်ဆင်ဟာ လူတွေနဲ့စုပြီး စကားပြောပြီဆိုရင် ကျန်တဲ့လူတွေအားလုံး ငေးနေအောင်ပြော နိုင်တယ်။ သူပြောတာကိုပဲ အားလုံးက အာရုံစိုက်ကြည့်ရတော့တယ်။ စကားပြောရင်လဲ ဘယ်တော့မှ ကျယ်ကျယ်လောင်လောင်ပြောလေ့မရှိဘူး။ လေပျော့ကလေးနဲ့ သာယာညင်းပျောင်းစွာ ပြောတတ်တယ်။ တစ်ခုမှတ်မိနေ တာရှိသေးတယ်။ အဲဒီအချိန်တုန်းက သူဟာ တစ်စုံတစ်ရာအတွက် စိတ်ညစ် နေရတယ် ထင်တယ်။ ကျွန်တော့်အသက်က ငယ်သေးတယ်နော်။ ကလေး တစ်ယောက်အနေနဲ့ ကလေးတွေးတွေးတာ ”



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လို စိတ်ညစ်နေပုံမျိုးလဲ "

" ကျွန်တော်တော့ မပြောတတ်ဘူး။ တွေးလဲမကြည့်တတ်ဘူး။ ဒီတုန်းက အသက်သိပ်ငယ်သေးတယ် မဟုတ်လားဗျာ။ အဲဒီအရွယ်ဟာ ကျွန်တော်မြင်တာခံစားရတာကို ပြောပြတာပါ။ သူဟာ တစ်ယောက်ယောက်နဲ့ တွေ့ပြီဆိုရင်လဲ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ အဲဒီလူကို သူသိပ်ဂရုစိုက်တယ်။ လေးလေးစားစားဆက်ဆံတယ်။ အဆင့်အတန်း မခွဲခြားတတ်ဘူး။ ဒါကြောင့်သူ့ကိုလူတိုင်းက ချစ်ခင်လေးစားကြတယ်။ အဲဒီအချိန်တုန်းက အကြောင်းတွေကို ပြန်စဉ်းစားလိုက်ရင် ကလော်ဆင်အကြောင်းက ပထမဆုံး ပေါ်လာတော့တာပဲ။ ကျွန်တော့်အဖေထက် သူ့ကိုပိုမှတ်မိနေတယ်။ ဗွန်တိုင်းဘိုလ်တ်ထက်လဲ ပိုမှတ်မိတယ်။ နေစမ်းပါဦး . . . ခင်ဗျားက ဘာဖြစ်လို့ သူ့အကြောင်းကို စိတ်ဝင်စားနေရတာလဲ "

" သူဟာ ကျွန်တော့်အဖေပဲ "

ကက်စလာမှာ အံ့သြလွန်းသောကြောင့် ပါးစပ်ဟောင်းလောင်း ပွင့်သွားလေတော့သည်။

" ဟောဗျာ. . . ခင်ဗျားဟာ ကလော်ဆင်ရဲ့သားလား "

နိုဝယ်က ခေါင်းညိတ်ပြသည်။

" ကျွန်တော်ရဲ့ အဖေအရင်းပါပဲ။ ဒါပေမယ့် ကျွန်တော်သိလိုက်ရတဲ့ အဖေတော့ မဟုတ်ဘူး "

" ဒီလိုဆိုရင် ခင်ဗျားအမေက . . . "

ကက်စလာက ဆက်မပြောဘဲ ရပ်ထားသည်။

" အယ်လ်သိန်းကလော်ဆင်ပါ။ ကျွန်တော့အမေအကြောင်း တစ်ယောက်ယောက်က ပြောတာများ ကြားဖူးပါသလား "

" နာမည်တပ်ပြီး ပြောတာမျိုးတော့ မကြားဖူးပါဘူး။ ကလော်ဆင်ရဲ့ ရှေ့မှာ ပြောတာလဲမကြားဖူးပါဘူး။ ခင်ဗျားအမေဟာ စကားပြောသိပ်နူးညံ့ညင်သာတာပဲ။ အင်မတန် စိတ်နှလုံးထားကောင်းတဲ့ ခေါင်းဆောင်ကြီးကို သူပစ်ပြေးသွားတယ်လေ။ သူဟာ ကျွန်တော်တို့ရဲ့ ရန်သူ အမေရိကန်ပဲ။ ကျွန်တော်တို့ရဲ့ အဖနိုင်ငံတော်ကြီးကို ကျောခိုင်းစွန့်ခွာပြီး သူတို့ရဲ့သားတစ်ယောက်. . . အဲ. . . ခင်ဗျားပေ့ါလေ. . . ကလေးပီပီ ကလေးသာရှိသေးတဲ့ ခင်ဗျားကိုခင်ဗျားအဖေရဲ့ ရင်ခွင်ထဲကနေ ဆွဲထုတ်ယူပြေးသွားတယ် "



www.burmeseclassic.com

www.burmeseclassic.com



" အမေပြောတဲ့စကားအတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော့် အဖေနဲ့ ဝေးရာအရပ်မှာ ကျွန်တော့်ကို ထိန်းသိမ်းစောင့်ရှောက်ထားတယ်လို့ ပြောရမှာပါပဲ "

" သူ အသက်ရှင်နေလျက်ပဲနော် "

" ရှင်လျက်ပါပဲဗျာ "

" ခင်ဗျားအမေဟာ သိပ်ကို အံ့သြစရာကောင်းတဲ့ အမျိုးသမီးကြီး တစ်ယောက်ပေပဲ။ ဒါလောက်တောင် နှစ်ပေါင်းများစွာကြာပေမယ့် ခင်ဗျားရဲ့ အဖေကိုတော့ ကျွန်တော် ထင်ထင်ရှားရှားကြီးကို မှတ်မိနေသေးတယ်။ တကယ့် ကိုထူးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါဗျာ "

" သူတို့အားလုံး ထူးတဲ့ပုဂ္ဂိုလ်တွေချည်းပါပဲ "

နိုဝယ်ပြောသည့်စကားကို ကက်စလာ နားလည်ပုံမပေါ်ပေ။ ထို့ကြောင့် သူက ပြန်မေးသည်။

" ဘယ်သူတွေလဲ "

" သူတို့သုံးယောက်လေဗျာ။ ကလော်ဆင်ရယ်၊ ဗွန်တိုင်းဘိုလ်တ် ရယ်၊ ကက်စလာရယ်ပေါ့။ တစ်ခုပြောပါဦး။ ခင်ဗျား အဖေဘယ်လို ဆုံးသွား တယ်ဆိုတာများ ခင်ဗျား သိပါသလား "

" သူ့ကိုယ်သူ သတ်သေလိုက်တယ်လေ။ အဲဒီတုန်းကတော့ ဒါမျိုး တွေဟာ မထူးဆန်းပါဘူး။ တတိယဂျာမနီနိုင်ငံတော်ကြီး ပြိုကွဲသွားတဲ့အချိန်မှာ လူပေါင်းအတော်များများ ကိုယ့်ကိုယ်ကို သတ်သေလိုက်ကြတာပဲ။ သူတို့ တော်တော်များများအတွက်တော့ ဒီလမ်းဟာ အသက်သာဆုံးလမ်းပါပဲဗျာ "

" နောက်ရည်ရွယ်ချက်တစ်ခုအတွက်လဲ အကောင်းဆုံးပါပဲ " ဟု နိုဝယ်ပြန်ပြောသည်။

" နူရင်းဘတ် တရားရုံးလား "

" မဟုတ်ဘူး။ ဂျီနီဗာ. . . ဂျီနီဗာကိစ္စ ကာကွယ်ဖို့ "

" ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး "

" နားလည်ရပါစေ့မယ်ဗျာ "

နိုဝယ်က ထိုသို့ပြောရင်း လက်ကိုင်အိတ်အဖုံးကို ဖွင့်ကာ ဂျီနီဗာ လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများ ထုတ်ပြီး ကက်စလာကို ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါတွေဟာ ဂျီနီဗာအာမခံဘဏ်တိုက်မှာ ရှိနေတဲ့ငွေသန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းအထောက်အထားတွေပါပဲ" ဟု အစချီပြီး ဇာတ်လမ်းအစုံကို ရှေးယခင်အတိုင်း အပြည့်အစုံ ရှင်းပြလေတော့သည်။

" အဲဒီလိုနည်းမျိုးစုံနဲ့ ရလာတဲ့ငွေတွေကို ဂျီနီဗာအာမခံဘဏ်တိုက်ထဲမှာ မင်ဖရက်ဒီရဲ့ အကူအညီနဲ့ အပ်ထားခဲ့တာပါပဲ" ဟု နိဂုံးချုပ်လိုက် သည်။

" မင်ဖရက်ဒီ. . . အဲဒီနာမည်ကိုတော့ ကျွန်တော် မှတ်မိနေသေးတယ် "

" အံ့သြစရာတော့ မရှိပါဘူးလေ။ ဘယ်မှာ ကြားဖူးခဲ့တာလဲ "

" ဘယ်မှာကြားဖူးတယ်ဆိုတာတော့ မမှတ်မိဘူး။ စစ်အပြီးမှာ ကြားဖူးခဲ့တာပဲ "

" ခင်ဗျားအမေက ပြောလို့လား "

" မဟုတ်ဘူး ထင်တယ်။ အမေက လေးဆယ့်ငါး ခုနှစ်၊ ဂျူလိုင်လထဲမှာ ဆုံးတယ်။ မဆုံးခင်ကလဲ ဆေးရုံကနေ အိမ်ပြန်ရတယ်ကို မရှိဘူး။ တစ်ယောက်ယောက်ဆီက ကြားခဲ့တာပါပဲ။ ဘယ်သူဆိုတာတော့ မမှတ်မိတော့ဘူး "

" ခင်ဗျားမိဘတွေဆုံးပြီးတဲ့နောက်ပိုင်း ခင်ဗျားဘယ်မှာနေခဲ့သလဲ"

" အမေရဲ့အစ်ကိုကြီးနဲ့အတူတူ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်စလုံး သွားနေတယ်။ ဦးကြီးက အသက်ကြီးလှပြီ။ နာဇီအကြောင်းလဲ စိတ်ဝင်စားတာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ကံကောင်းသွားကြတာပေါ့။ မဟာမိတ်တပ်တွေက သူ့ကို အင်မတန် ဦးစားပေးကြတယ်လေ "

နိုဝယ်က ကျန်သည့်ဇာတ်လမ်းများကို ဆက်ပြောပြသည်။ ဗွန်တိုင်းဘို့လ်တ်၏ မိသားစုအကြောင်းကိုလည်း သူသိထားသည့် နောက်ဆုံးအခြေအနေအထိ ပြောပြသည်။

" တင်နီဆန်ဆိုတဲ့နာမည်ကို သူတို့ယူလိုက်ကြတယ်။ အင်္ဂလန်ကို ပြောင်းလာတယ်။ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ဂွန်တင်နီဆန်ဆိုတဲ့နာမည်နဲ့ ဂါဒီယန်သတင်းစာတိုက်မှာ သတင်းထောက်ဝင်လုပ်နေတယ်။ ဂရက်ချန်က ဘုရင့်ရေတပ်မတော်က ဒုတိယဗိုလ်မှူးကြီး အန်ထော်နီဗျူးမောင့်နဲ့ အိမ်ထောင်ကျတယ်။ အငယ်ဆုံး ဟယ်လ်ဒင်ကတော့ ပါရီမြို့ကို လွန်ခဲ့တဲ့ နှစ်လသုံးလ



www.burmeseclassic.com

www.burmeseclassic.com



လောက်က ပြောင်းသွားပြီး ဂါလီမတ်စာအုပ်ထုတ်ဝေရေးတိုက်မှာ အလုပ်ဝင်လုပ်နေတယ်။ ဂျွန်တင်နီဆန်နဲ့ မတွေ့ရသေးဘူး။ ဟယ်လ်ဒင်နဲ့တော့ ရင်းနှီးသွားပြီး ဒီမိန်းကလေးကတော့ အင်မတန် ခင်မင်စရာကောင်းပါတယ် ”

“ တခြားတစ်ယောက်နဲ့လို့ စောစောတုန်းက ပြောခဲ့တာ သူ့ကိုပြောတာလား ” ဟု ကက်စလာက မေးသည်။

“ ဟုတ်တယ်။ သူတို့ဘဝကလဲ မလွယ်ပါဘူး။ ရန်သူတွေ ဝိုင်းနေတယ်။ ရာခါကိုကြောက်ရ အိုဒက်ဇာရဲ့ အန္တရာယ်ကိုလဲ လွတ်အောင်ရှောင်ရနဲ့ အင်မတန် ကြမ်းတမ်းတဲ့ဘဝမှာ ကျင်လည်နေရတယ် ”

“ ဟုတ်တာပေါ့။ အဲဒီအဖွဲ့တွေဟာ ဂျာမနီနိုင်ငံထဲမှာလဲ သူတို့အစွမ်းအစနဲ့ သူတို့ လှုပ်ရှားနိုင်ကြတာ မဟုတ်ဘူး။ ဂျာမနီနိုင်ငံကလဲ သူတို့ကိုလက်မခံဘူး။ ဂျာမန်လူမျိုးတွေကလဲ သူတို့ကို မကျေနပ်ဘူး။ ဒါကြောင့် တခြားတိုင်းပြည်တွေမှာသွားပြီး ထင်ရာစိုင်းနေကြတာ။ တစ်နေ့မှာ ဂျမနီနိုင်ငံကိုပြန်ပြီး အာဏာသိမ်းယူနိုင်မယ့် အချိန်ကောင်းကို စောင့်နေကြတာ ”

ထိုစကားကြောင့် နိုဝယ် အံ့အားသင့်သွားသည်။

“ သူတို့အာဏာပြန်သိမ်းဦးမလို့လား ”

“ မပူပါနဲ့လေ။ သူတို့ ဘယ်နည်းနဲ့မှ အာဏာပြန်မရနိုင်ပါဘူး။ သူတို့ဟာ အကြမ်းဖက်ဝါဒီတွေ သက်သက်ဖြစ်ကုန်ပြီ။ အိုဒက်ဇာကလဲ နာဇီဝါဒကို ပြန်အသက်သွင်းဖို့ ကြိုးစားနေတာ။ သူတို့ ဘယ်လိုလုပ် အောင်မြင်နိုင်မှာလဲ ”

“ ဒါပေမယ့် စစ်ပြီးစတုန်းက နိုင်ငံတကာကို လျှို့ဝှက်တင်ပို့လိုက်တဲ့ကလေးတွေနောက်ကို သူတို့လိုက်နေကြတယ်။ ဒီကလေးတွေကို နည်းမျိုးစုံနဲ့နှောင့်ယှက်နေကြတယ်။ ဒီအလုပ်တွေရပ်ဖို့ ကောင်းပါပြီဗျာ။ ဒါကြောင့်ဂျီနီဗာဘဏ်တိုက်ထဲက ငွေတွေထုတ်ပြီး ကျုပ်တို့လုပ်ငန်းစဉ်တွေ အောင်မြင်ပြီဆိုရင် အိုဒက်ဇာရော ရာခါရော ဘဝချုပ်ငြိမ်းသွားကြတော့မှာ မဟုတ်လား”

“ အင်း . . . ခင်ဗျားပြောတာကို ကျွန်တော့အနေနဲ့ ဘာမှငြင်းစရာမမြင်ပါဘူး ”

“ ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ။ ကဲ . . . ဂျီနီဗာကိစ္စပြန်ဆက်ကြဦးစို့ ” ဟု နိုဝယ်က ပြောသည်။

ဂျီနီဗာတွင် မင်ဖရက်ဒီနှင့်တွေ့ပုံ၊ နယူးယောက်မြို့သို့ ပြန်ရောက်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှစစ်ထောက်လှမ်းရေးမှ ပီတာဘော်လ်ဒွင်ဆိုသူက ဖုန်းဆက်ပြီး ဝံပုလွေများအကြောင်းပြောပုံ၊ ထို့နောက် အသတ်ခံရပုံ၊ ရိုင်းယိုးဒီဂျနေးရိုးမြို့သို့ သွားသောအခါ မျက်ခုံးမွေးထူထူနှင့်လူက သူ့ကို နောက်ယောင်ခံလိုက်နေပုံ၊ မောရစ်ဂရပ်ဖ်က သူ့ကိုလုပ်ကြံဖို့ ကြိုးစားပုံများမှအစ လန်ဒန်တွင် စုံထောက်နှစ်ယောက်နှင့် တွေ့ဆုံသည်အထိ အသေးစိတ်ရှင်းပြသည်။

" အင်္ဂလိပ်စုံထောက်တွေက ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်ကို တီနာမောလို့ ယုံကြည်နေကြတယ် "

ထိုစကားကိုကြားရသောအခါ ကက်စလာမှာ တစ်ကိုယ်လုံးတောင့်သွားလေသည်။ မျက်နှာပေါ်မှာလည်း ချက်ချင်း သွေးရောင်လွှမ်းလာသည်။

" တီနာမော . . . "

" ဟုတ်တယ်။ သူ့အကြောင်းကို တစ်ခုခုများ ခင်ဗျားသိသလား "

" သတင်းစာတွေထဲမှာ ဖတ်ဖူးတာလောက်ပါပဲ "

" လူသတ်မှုတော်တော်များများကို တီနာမောက ကျူးလွန်ခဲ့တယ်လို့ ပြောကြတယ် "

" အင်္ဂလိပ်တွေက ဂျိုဟန်းကို တီနာမောလို့ ထင်နေကြသလား "

" ဟုတ်တယ်။ ဒါပေမယ့် သူတို့မှားသွားပြီ။ အခုဆိုရင် သူတို့မှားကြောင်း သိနေလောက်ပြီ။ မနေ့က နေ့ခင်းမှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်က သူတို့မှားကြောင်း သက်သေထူပြလိုက်သလို ဖြစ်သွားတာပဲ။ ကျွန်တော်ရှင်းပြလို့ဆုံးသွားရင် ခင်ဗျားလဲ နားလည်သွားမှာပါ "

" ဆက်ပြောပါဦး "

နိုဝယ်က ဘာဘီဖုံသို့ သူနှင့် ဟယ်လ်ဒင်သွားစဉ် ဖီးယက်ကားအစိမ်းကလေး နောက်ယောင်ခံလိုက်လာရာမှ နောက်ဆုံး ဖိတီဒဟိုင်းဗားတွင် ပစ်ကြရ ခတ်ကြရပြီး ဂျိုဟန်းလွှတ်လိုက်သူအပြင် အင်္ဂလိပ်စုံထောက်နှင့် အမျိုးအမည်ခွဲခြားမရသော ရန်သူနှစ်ယောက်တို့ သေဆုံးရသည့်အကြောင်းများကို ရှင်းပြသည်။

" ဒါကြောင့် အင်္ဂလိပ်စုံထောက်တွေက ဂျိုဟန်းကို တီနာမောလို့ ထင်နေတာမှားကြောင်း သဘောပေါက်နေလောက်ပြီလို့ပြောတာ " ဟု နိုဝယ်က ရှင်းပြသည်။

" ဂျိုဟန်းသာ တီနာမောဖြစ်နေတယ်ဆိုရင် သူ့လူကိုသူ ဘယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သတ်မလဲ။ မဟုတ်ဘူးလား ” ဟု ကက်စလာက ပြောသည်။

“ သိပ်မှန်တာပေါ့။ ဒီကြားထဲမှာ အန်ထော်နီဗျူးမောင့်ကို ကျွန်တော် မသင်္ကာနေတာလဲရှိတယ်။ သူဟာ ဘာကြောင့် ကျွန်တော့်နောက်ကို နောက်ယောင်ခံလိုက်ရတာလဲ။ ရိုင်းယိုးဒီဂျနေးရိုးမှာ ဂရပ်ဖ်က ကျွန်တော့်ကို ဘာကြောင့် သေနတ်နဲ့လိုက်ပစ်သတ်ခိုင်းရတာလဲ။ ကျွန်တော်ကတော့ ဗျူးမောင့်ဟာ အိုဒက်ဇာဂိုဏ်းသား ဖြစ်နေတယ်ထင်တယ် ”

“ ဗျူးမောင့်လောက်တော့ ဖယ်ထုတ်ပစ်လိုက်လို့ ရပါတယ် ” ဟု ကက်စလောက ပြောသည်။

“ ဘယ်လိုလုပ် ဖယ်မလဲ ”

“ အိုဒက်ဇာကို ဂျာမန်လူမျိုးတွေက အကြီးအကျယ် စက်ဆုပ်နေတာပါ။ ဒါကြောင့် ဗျူးမောင့်ဟာ အိုဒက်ဇာဖြစ်ကြောင်း သူတို့ကို စကားထည့်ပေးလိုက်ရင် ပြီးသွားတာပေါ့ ”

“ ဘယ်လိုပြီးနိုင်မလဲ ”

“ ဂျာမန်တွေက ဗြိတိသျှနိုင်ငံခြားရေးရုံးကို ပြောမယ်။ ဗြိတိသျှနိုင်ငံခြားရေးရုံးက သူတို့ရဲတပ်ကို ပြောမယ်။ ဒါဆိုရင်ပြီးသွားပြီပဲ။ အဲဒီလိုဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ ကျွန်တော့်အသိအကျွမ်းတွေ ရှိပါတယ် ”

ထိုစကားကိုကြားရသဖြင့် နိုဝယ်မှာ အတော်ကလေး စိတ်ချမ်းသာသွားလေသည်။ နေသာထိုင်သာလည်း ရှိသွားသည်။

“ အဲဒီလိုကနေ ဒီနေ့ည ပြဿနာတစ်ခုရဲ့ ထပ်ကြုံပြန်ရော ” ဟု နိုဝယ်က စကားပြန်ဆက်သည်။

“ ဒီနေ့ည . . . ”

“ဟုတ်တယ်။ အတိအကျပြောရရင် လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပေါ့”

“ ဘာဖြစ်သလဲ. . . လွန်ခဲ့တဲ့နှစ်နာရီလောက်က ဘာဖြစ်သလဲ ”

ကက်စလာက စိတ်မရှည်နိုင်သလို မေးသည်။

“ ရာခါနဲ့ အိုဒက်ဇာအကြောင်းကို ကျွန်တော်တို့သိကြပြီ။ ဒါပေမယ့် ဂျီနီဗာအစီအစဉ်နဲ့ ပတ်သက်ပြီး သူတို့ဘယ်လောက်အထိ သိထားတယ်ဆိုတာကို ကျွန်တော်တို့ မသိရသေးဘူးနော်။ သူတို့သာ သိထားပြီးသားဆိုရင် ဒါကို တစ်နည်းနည်းနဲ့ နှောင့်ယှက်မှာ သေချာတယ်။ ဒီနေ့ည ကျွန်တော်တွေ့လိုက်ရတာက အင်မတန်အာဏာကြီးတဲ့ . . . ဒါမှမဟုတ်ရင် အစွမ်းထက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အုပ်စုတစ်ခုဖြစ်နေတယ်လို့ ပြောရမယ် ”

“ ခင်ဗျား ဘာတွေပြောနေတာလဲ ”

ကက်စလာက နားမလည်နိုင်တော့သဖြင့် ဝင်ဖြတ်မေးသည်။

နိုဝယ်က ယနေ့ညဦးပိုင်း သူကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြန်ပြောပြသည်။ သားရေဂျာကင်နှင့်လူက အိုဒက်ဇာနှင့်ရာခါကို ‘လူပြက်များနှင့် လူသတ်သမားများ’ ဟု ခေါ်ဆိုသွားသည့်အကြောင်းကိုပါ ပြောပြသည်။

နောက်ဘေးလမ်းကြားထဲမှာ သူတို့နှစ်ယောက် အပြန်အလှန်ပြောကြသည့်စကားများကို ကက်စလာက ထပ်ခါတလဲလဲ ပြန်မေးသည်။ နိုဝယ်က ထပ်ခါတလဲလဲ ပြန်ပြောပြသည်။ ကက်စလာသည် ထိုအကြောင်းများကို အသက်ပင်မရှူနိုင်ဘဲ အံ့သြတကြီး နားထောင်နေလေသည်။

“ အဲဒီတော့ ဂျိနီဗာအစီအစဉ်အကြောင်းကို သိနေတဲ့လူရှိနေတယ်။ ဒီနေ့ည ကျွန်တော်နဲ့တွေ့တဲ့လူဟာ ဘယ်သူဖြစ်မလဲ။ ‘သူတို့’ဆိုတာက ဘယ်သူတွေဖြစ်မလဲ ”

“ အင်း . . . ဖြစ်နိုင်တာတွေတော့ အများကြီးပဲ။ နာဇီတွေဖြစ်နိုင်တယ်။ ပိုပြီး တိကျအောင်ပြောရရင် နာဇီလက်သစ်တွေ ဖြစ်နိုင်တယ်။ နာဇီပါတီကွဲသွားပြီးတဲ့နောက်ပိုင်းမှာ အစိတ်အပိုင်းတစ်ခုခုက ဆင်းသက်လာတဲ့ မျိုးဆက်တွေလဲ ဖြစ်နိုင်တယ် ”

“ ဒါပေမယ့် သူတို့က ဂျိနီဗာအစီအစဉ်ကို ဘယ်လိုလုပ်ပြီးသိမလဲ” ဟု နိုဝယ်က ပြန်မေးသည်။

“ အဖေတို့တတွေဟာ ဌာနပေါင်းများစွာက ငွေတွေကို ခိုးယူခဲ့ကြတယ်လို့ စောစောက ခင်ဗျားပြောခဲ့တယ် မဟုတ်လား။ ဌာနပေါင်းစုံက သန်းပေါင်းများစွာသောငွေတွေကို ခိုးတယ်ဆိုတော့ တစ်ယောက်မသိ တစ်ယောက်တော့ သိကုန်ကြမှာ နည်းလမ်းကျပါတယ် ”

“ ဒါပေမယ့် ဒီငွေဟာ သူတို့နဲ့မဆိုင်ဘူး။ သူတို့ထုတ်ယူလို့လဲ မရဘူး။ ဒီကိစ္စကို လူသိရှင်ကြားလုပ်မယ်ဆိုရင် တရားရုံးကိုရောက်သွားပြီး ပိုဆိုးကုန်မှာပဲ မဟုတ်လား ”

ထိုအခိုက် အပြင်ဘက်ဆီမှ ရုတ်ရုတ်သဲသဲဖြစ်သံကို ကြားလိုက်ရသည်။ တစ်ဆက်တည်း အမျိုးသမီး၏ ကြောက်လန့်တကြားအော်သံများ ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်နှင့်ကက်စလာတို့ ထိုင်နေသည့်အခန်း၏အနီရောင်ခန်းဆီး ဖြန်းကနဲ ပွင့်ထွက်သွားသည်။

သူတို့အခန်းထဲသို့ လူတစ်ယောက်ရောက်လာပြီး သူတို့စားပွဲပေါ်သို့ ထိုးကျသွားသည်။ မျက်လုံးများက ပြူးကျယ်နေသည်။

သူ့လည်ပင်းတွင် မြင်မကောင်းရှုမကောင်းအောင် ဒဏ်ရာရနေသည်။

နိုဝယ်နှင့် ကက်စလာတို့၏ စားပွဲစွန်းနှစ်ဘက်ကို လက်နှစ်ဘက်နှင့် တင်းကျပ်စွာကိုင်ထားပြီး လေသံကလေးနှင့်ပြောသည်။

" ဝံပုလွေ. . . ဝံပုလွေကွ "

ထိုမျှပြောပြီး ခေါင်းလည်ကျသွားသည်။ နိုဝယ်နှင့်ကက်စလာ၏ ရှေ့မှာပင် အသက်ကုန်သွားတော့သည်။

သားရေဂျာကင်နှင့်လူသည် သူတို့နှစ်ယောက်ကြားမှာ လာရောက် အသက်ကုန်သွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၆ )

နိုဝယ်နှင့်ကက်စလာတို့နှစ်ယောက် ကြက်သေသေသွားသည်။ အပြင်ဘက်မှအော်သံများ အဆက်မပြတ် ပေါ်လာတော့မှ သတိပြန်ဝင်လာသည်။

သူတို့အလယ်ရှိ စားပွဲပေါ်မှ သားရေဂျာကင်နှင့်လူသည် ကြမ်းပြင်ပေါ်သို့ လျှောကျသွားပြီး ငြိမ်သက်နေတော့သည်။

" ရူဒီ . . . ရူဒီ . . . "

ကက်စလာက မန်နေဂျာကို အော်ခေါ်သည်။ မန်နေဂျာ ချက်ချင်းရောက်လာသည်။

" ဟာ ကက်စလာ. . . ကျွန်တော်နဲ့အတူတူ လိုက်ခဲ့ပါ "

" မြန်မြန်လုပ် " ဟု ကက်စလာက ပြောသည်။

" ဘာ . . . "

နိုဝယ်က ကြောင်နေသည်။

" ဒီလမ်းက လိုက်ခဲ့ပါ " ဟု ရူဒီက ပြောသည်။

" ဒါပေမယ့် ဟောဒီလူပဲ " ဟု နိုဝယ်က ကြမ်းပြင်ပေါ်မှာ အသက်ပျောက်နေသည့် လူကို လက်ညှိုးထိုးပြပြီး ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဘာမှမပြောနဲ့ နိုဝယ်. . . လာ . . ကျုပ်လက်ကို ကိုင်လိုက်ခဲ့ ”
“ ဘာ. . . ဘယ်ကိုသွားမှာလဲ ”
“ ခင်ဗျား လက်ကိုင်အိတ်နဲ့ စာရွက်တွေ ပြန်ထည့်ဦး ”
သည်တော့မှပင် နိုဝယ်က စားပွဲပေါ်မှ စာရွက်များကို လက်ကိုင်အိတ်ထဲသို့ ထိုးကြိတ်ထည့်လိုက်သည်။
ကက်စလာကို မန်နေဂျာရူဒီက ဆွဲခေါ်သွားသည်။ ကက်စလာက နိုဝယ်ကို ဆွဲခေါ်သွားသည်။ အခန်းကလေးတစ်ခုရှေ့သို့ရောက်သောအခါ မန်နေဂျာက သော့ဖွင့်သည်။ အခန်းတွင်းသို့ဝင်ပြီး တံခါးကိုပြန်ပိတ်သည်။
“ ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ။ အရက်မူးပြီး ရန်ဖြစ်ကြရာကနေ အခုလိုမဖြစ်သင့်တာတွေ ဖြစ်ကုန်ရတာပါပဲ ” ဟု ရူဒီက တောင်းပန်စကားပြောသည်။
“ ဟုတ်ပါတယ် ရူဒီ. . . ခင်ဗျားကို ကျေးဇူးတင်ပါတယ် ” ဟု ကက်စလာက ပြန်ပြောသည်။
“ ရပါတယ် ခင်ဗျာ။ ပရော်ဖက်ဆာလို ပုဂ္ဂိုလ်ကြီးတစ်ယောက်အနေနဲ့ ဒီနေရာမျိုးမှာ ရှိမနေသင့်ပါဘူး။ ဟောဒီအပေါက်ကနေ ထွက်သွားပါ။ လမ်းတစ်ဘက်ဘေးကို ရောက်သွားပါလိမ့်မယ်။ ဒါဟာ ကျွန်တော် အရေးပေါ်ရင် သုံးဖို့လုပ်ထားတဲ့ မလွယ်ပေါက်ပါပဲ ”
နိုဝယ်နှင့် ကက်စလာတို့နှစ်ယောက်သည် မလွယ်ပေါက်မှ ကသုတ်ကရက် ထွက်လာခဲ့ကြသည်။ အပေါက်မှထွက်လိုက်သည်နှင့်တစ်ပြိုင်တည်း လမ်းမပေါ်သို့ ရောက်သွားသည်။ မလှမ်းမကမ်းမှာရပ်ထားသော ကက်စလာ၏ မော်တော်ကားကို လှမ်းတွေ့ရလေသည်။ ကက်စလာက ကားဆီသို့ နိုဝယ်ကို ခေါ်သွားသည်။
“ မြန်မြန်လာ ” ဟုလည်း ကက်စလာက လောဆော်သည်။
ကားက မာစီဒီးကားဖြစ်သည်။ သူတို့နှစ်ယောက် ကားပေါ်သို့ သွက်သွက်တက်ကြသည်။ ကက်စလာသည် နည်းနည်းကလေးမျှ တွေဝေနေခြင်း မရှိပါ။ ကားစက်နှိုးပြီး တရကြမ်းမောင်းထွက်လာခဲ့လေသည်။
“ အဲဒီလူပဲ. . . သားရဂျာကင်အင်္ကျီနဲ့လူပဲ။ ကျွန်တော်နောက်ကို လိုက်လာတာ သူပဲ ” ဟု နိုဝယ်က လေသံနှင့်ပြောသည်။
“ ကျွန်တော် ထင်သလောက်ပြောရမယ်ဆိုရင် နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



သူလာရမယ့်လမ်းကို သူပြန်လာတာပါပဲ ”

“ ဒုက္ခပဲ. . . ကျွန်တော် ဘာများလုပ်ခဲ့မိပါလိမ့် ” ဟု နိုဝယ်က တုန်လှုပ်ချောက်ချားစွာ ပြောသည်။

“ သူ့ကို ခင်ဗျား သတ်ပစ်တာ မဟုတ်ဘူးလေဗျာ။ အဲဒီအတွက် ခင်ဗျား ကယောင်ချောက်ချားဖြစ်နေတာဆိုရင်တော့ ဘာမှဖြစ်မနေနဲ့။ စိတ်အေးအေးထား ”

“ ဘာ. . . ”

နိုဝယ်က ကက်စလာကို ပြန်စိုက်ကြည့်နေသည်။

“ အဲဒီလူကို ခင်ဗျားသတ်ပစ်လိုက်တာ မဟုတ်ဘူး ”

“ ကျွန်တော့်သေနတ် ကျည်ဆန်ထွက်သွားတာပဲ။ သူ့ကို သေသေချာချာ မှန်တာပဲ။ ကျွန်တော် မြင်ခဲ့တယ် ”

“ ကျွန်တော် မထင်ဘူး။ ကျည်ဆန်ကြောင့် သူသေတာမဟုတ်ဘူး”

“ ဒီလိုဆိုရင် ဘာကြောင့် သူသေသွားတာလဲ ”

“ သူ့လည်ပင်းကိုကြည့်ရင် သိသာပါတယ်ဗျာ။ သေနတ်ဒဏ်ရာမှ မဟုတ်ပဲ ”

“ ပီတာဘော်လ်ဒွင် နယူးယောက်မြို့မှာ အသတ်ခံရတုန်းကလဲ အဲဒီဒဏ်ရာမျိုးပဲ ” ဟု နိုဝယ်က ပြောသည်။

“ ဒီလိုဆိုရင် ဒီကိုလဲ ဝံပုလွေရောက်နေပြီ။ တစ်ယောက်ယောက်က ကျွန်တော်တို့နားအထိ သူ့ကိုခေါ်လာပြီး လုပ်ကြံလိုက်တာပဲဖြစ်မယ်။ ပြီးတော့မှ ကျွန်တော်တို့အခန်းထဲကို တွန်းသွင်းလိုက်တာ ”

“ အိုး . . . ဘုရားသခင်. . . ဒီလိုဆိုရင်လဲ အဲဒီလူဟာ ဘယ်သူများဖြစ်မလဲနော် ”

နိုဝယ်၏ရင်ထဲမှာ ဆို့ကျပ်လာသည်။ အန်ချင်သလိုလိုလည်း ဖြစ်လာလေသည်။

“ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီအခြေအနေကိုရောက်လာမှတော့ ကျုပ်လဲ ဂျီနီဗာအစီအစဉ်နဲ့ ပတ်သက်သွားပြီ။ အစိတ်အပိုင်းတစ်ခုဖြစ်သွားပြီ။ တခြားလမ်း ရွေးစရာမရှိတော့ဘူး။ ကျွန်တော် ခင်ဗျားနဲ့အတူတူဖြစ်သွားပြီ ”

“ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျား တခြားလမ်းရွေးခွင့်ရစေချင်ပါတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားစိတ်ရင်းကို သိပါတယ်။ အဲဒီအတွက် ကျေးဇူးတင်ပါတယ် နိုဝယ်။ စည်းကမ်းချက်တစ်ခုကိုတော့ တောင်းဆိုရလိမ့်မယ် "

" ဘာများပါလိမ့် . . . "

" မြူးနစ်မြို့မှာ ကျွန်တော့်ညီ ဟန်းစ် ရှိတယ်။ သူ့ကိုလဲ ကျွန်တော်တို့ အစီအစဉ်ထဲမှာ တစ်ယောက်အဖြစ်ပါဝင်ခွင့်ပြုဖို့ လိုလိမ့်မယ် "

မင်ဖရက်ဒီပြောခဲ့သည့်စကားများကို နိုဝယ် ပြန်အမှတ်ရမိသည်။ စည်းကမ်းချက်ထဲတွင် ညီဖြစ်သူ၊ ညီမဖြစ်သူ မပါရဟု သတ်မှတ်မထား။ သို့သော်လည်း မဲပေးခွင့်တွင်မူ တစ်မိသားစုလျှင် တစ်မဲသာဖြစ်သည်။ ထိုအကြောင်းကို မင်ဖရက်ဒီက အတည့်အလင်းပြောပြခဲ့ပြီးဖြစ်သည်။

" သူက ပါလိုသပဆိုရင် ကျွန်တော်တို့မှာ တားခွင့်မရှိပါဘူးဗျာ "

" သူပါချင်မှာပါ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ဟာ အရာရာမှာ စိတ်တူကိုယ်တူရှိကြပါတယ်။ သူ့ကို ခင်ဗျား သဘောကျသွားမှာပါ။ သူလဲ ဆရာဝန်လူတော်တစ်ယောက်ပဲလေ။ အင်း . . . ဘယ်တွေ လျှောက်မောင်းနေပါလိမ့်။ အခုလိုအချိန်မျိုးမှာ ခင်ဗျားကို ကျွန်တော့်အိမ် ခေါ်သွားသင့်တယ်။ ဒါပေမယ့် အခြေအနေအရပ်ရပ်ကြောင့် မခေါ်သင့်တော့ဘူး "

" တော်လောက်ပါပြီဗျာ။ ခင်ဗျားကို ဒုက္ခပေးတာတွေများသွားပါပြီ။ ဒါပေမယ့် ဒီည အဲဒီဆိုင်ကို ခင်ဗျားပြန်သွားကြည့်သင့်တယ်။ ဘာတွေ ဆက်ဖြစ်သလဲ သိရတာပေါ့ "

" ဘာဖြစ်လို့လဲ "

" ကျွန်တော်တို့ ကံကောင်းသွားတယ်လေဗျာ။ ကျွန်တော်တို့ကို ဘယ်သူမှ မမြင်လိုက်ဘူး။ ဒါကြောင့် ကျွန်တော်တို့နာမည်ကို ပုလိပ်ကလဲ သိမှာမဟုတ်ဘူး။ စားပွဲထိုးတစ်ယောက်ယောက်က ခင်ဗျားကို မြင်လိုက်တယ်ဆိုရင်တော့ ခင်ဗျားအပြင်ထွက်လာတုန်း အဲဒါတွေဖြစ်တာ မသိဘူးပြောလိုက်ရုံပေါ့ "

" အေး . . . ကျွန်တော် အတော်တုံးသေးတာပဲ။ အဲဒီအတွေးမျိုး ခေါင်းထဲ ဝင်မလာဘူး "

" လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်လောက်တုန်းက ကျွန်တော်လဲ ဒါမျိုး ကြုံရမယ်ဆိုရင် ဒီလိုစဉ်းစားမိမှာ မဟုတ်ပါဘူးဗျာ။ ကဲ . . . ကျွန်တော့်ကို တက္ကဆီဂိတ်မှာသာချပေး။ ဟိုတယ်ကိုသွားပြီး ကျွန်တော့်အဝတ်အစားသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်မယ် ”

“ မဟုတ်တာဗျာ။ ကျွန်တော် လိုက်ပို့ပေးမှာပေါ့ ”

“ ကျွန်တော်တို့နှစ်ယောက် အတူဆက်ရှိနေတာကို တခြားလူတွေ ဘာဖြစ်လို့ အမြင်ခံတော့မှာလဲ။ အခြေအနေတွေ ရှုပ်ထွေးကုန်အောင် ဖန်တီးတာနဲ့ အတူတူဖြစ်သွားမှာပေါ့ ”

“ အင်း . . . ခင်ဗျား ပြောတဲ့စကားတွေကို ကောင်းကောင်းနားထောင်တတ်ဖို့ လေ့ကျင့်ရဦးမယ်။ ဒီလိုဆိုရင် ကျွန်တော်တို့နှစ်ယောက် ဘယ်တော့ ပြန်တွေ့ကြရမှာလဲ ”

“ ပါရီမြို့ကနေ ကျွန်တော် ဖုန်းဆက်မယ်။ ဒီတစ်ရက်နှစ်ရက်အတွင်း ဗွန်တိုင်းဘို့လ်တ်နဲ့ ကျွန်တော်တွေ့မှာပဲ။ ပြီးရင် ကျွန်တော်တို့သုံးယောက် ဂျီနီဗာကို သွားကြတာပေါ့။ အချိန်ကတော့ သိပ်ကိုနည်းနေပြီ ”

“ နယူးယောက်မှာရှိနေတဲ့ စုံထောက်မိုင်းလ်စ်ဆိုတဲ့လူကိစ္စ ဘယ်လိုလုပ်မလဲ ”

“ မတတ်နိုင်ဘူးဗျာ။ ပြဿနာတွေက အများကြီးပဲ။ ခင်ဗျားနဲ့ ထပ်တွေ့တော့မှ ရှင်းပြမယ်။ ဟောဟိုမှာ တက္ကဆီ ”

“ အခုခင်ဗျားဘာလုပ်မလဲ။ ဒီအချိန်မှာ ဘာလေယာဉ်ပျံမှရှိမယ် မထင်ဘူး ”

“ မရှိရင်လဲ လေယာဉ်ပျံကွင်းမှာ ထိုင်စောင့်တော့မယ်ဗျာ။ ဟိုတယ်ခန်းထဲမှာ တစ်ယောက်တည်းမနေချင်ဘူး။ ကျေးဇူးတင်ပါတယ် အားရစ်. . . ပြီးတော့ ခင်ဗျားအတွက်လဲ စိတ်မကောင်းပါဘူးဗျာ ”

“ စိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းနိုဝယ်. . . ဖုန်းဆက်နော်”

❖

ရွှေရောင်ဆံပင်နှင့်လူသည် အားရစ်ကက်စလာ၏ စာကြည့်ခန်းထဲရှိ စားပွဲနောက်က ကုလားထိုင်မှာ တောင့်တောင့်ကြီးထိုင်နေသည်။ သူ့မျက်လုံးများကလည်း ဒေါသရောင်ဖြင့် ဖိတ်ဖိတ်လက်နေသည်။

“ ပြန်ပြောစမ်း။ စကားလုံးတိုင်းကို ပြန်ပြော။ တစ်လုံးမှမကျန်စေနဲ့”

မျက်နှာချင်းဆိုင်မှာရှိနေသော အာရစ်ကက်စလာကို သူကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံကလည်း တင်းမာနေသည်။

" ဟ. . . ဘာထူးမှာလဲ။ ဒီအကြောင်း တို့ပြန်ပြောနေတာ ဆယ်ကြိမ်တောင် မကနိုင်တော့ဘူး။ အကုန်လုံးကို ငါမှတ်မိနေတာပဲ "

ကက်စလာက ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်ကို ပြန်ပြောသည်။

" ဆယ်ကြိမ်မကတော့ရင် နောက်ထပ်ဆယ်ကြိမ် ထပ်ပြောမယ်ကွာ။ အကြိမ်သုံးဆယ်ကွာ။ အကြိမ်လေးဆယ်ကွာ။ သူဘယ်သူလဲ။ သူဘယ်ကလာတာလဲ။ ဖီတီဒဟိုင်းဗားမှာ လိုက်နှောင့်ယှက်တဲ့နှစ်ယောက်က ဘယ်သူတွေလဲ။ သူတို့ချင်း ဆက်စပ်နေတယ်။ သူတို့သုံးယောက် ဘယ်ကရောက်လာကြတာလဲ"

ဂျိုဟန်းက ပြန်အော်သည်။

" တို့လဲ မသိဘူးလေကွာ။ ဘယ်လိုလုပ်ပြောနိုင်မှာလဲ "

" သိနိုင်တဲ့နည်းရှိနေပြီလေကွာ။ နောက်ဘေးလမ်းကြားထဲမှာ အဲဒီကောင်က နို့ဝယ်ကိုပြောတဲ့စကားတွေပြန်စဉ်းစားကြည့်စမ်း။ အဲဒီစကားတွေထဲမှာ အဖြေပါနေတယ်ကွ။ ဒီစကားမျိုး ငါကြားခဲ့ဖူးတယ် "

" ဘုရားရေ. . . မင်းဘာစကားတွေ လျှောက်ပြောနေတာလဲ ဂျိုဟန်း။ သားရေဂျာကင်နဲ့ကောင် မင်းလက်ထဲရောက်ခဲ့တာပဲ။ မင်းကိုယ်တိုင်သူ့ကို ဖမ်းပြီးစစ်ခဲ့တာပဲ။ သူ့ဆီက တိုက်ရိုက်မှမသိရရင် တစ်ဆင့်ခံဖြစ်တဲ့ နို့ဝယ်ကို ပြောတဲ့စကားတွေက ဘာအဓိပ္ပါယ်ရှိမှာလဲ။ အဲဒီကောင် ဖွင့်မပြော ပြောအောင် မင်းအပြတ်လုပ်ခဲ့ရမှာပေါ့ "

" လုပ်တာပဲကွ။ ဒီကောင်နှုတ်လုံလွန်းတယ် "

" ဒါကြောင့် သူ့လည်ပင်းကိုဖောက်ပြီး တို့အခန်းထဲ မင်းတွန်းသွင်းသွားတာ မဟုတ်လား။ နို့ဝယ်ရဲ့ရှေ့ကို မင်းတွန်းပို့လိုက်တာ မဟုတ်လား။ သက်သက်မဲ့ မင်းအရှုံးထတာ "

" အရှုံးထတာ မဟုတ်ပါဘူးကွာ။ ရှေ့နောက်ကွင်းဆက်တွေညီအောင် လုပ်နေရတာပါ။ ဝံပုလွေဟာ နေရာတကာမှာရှိနေတယ်ဆိုတာ နို့ဝယ် ယုံသွားအောင်လုပ်ရမယ်။ အသည်းစွဲယုံသွားအောင် လုပ်ရမယ်။ ဝံပုလွေဟာ သူ့ကို ခြိမ်းခြောက်နေတယ်။ နောက်ပြီးတော့ သူ့ကိုလဲ အကာအကွယ်ပေးနေတယ်ဆိုတာ သူယုံသွားအောင်လုပ်ရမှာ. . . ကဲပါကွာ။ စောစောက စကားလုံးတွေ ပြန်ပြောကြဦးစို့။ အဲဒီကောင်က နို့ဝယ်ကို ဘယ်လိုပြောတယ်. . . 'ငါကသေဖို့ပြင်ဆင်ပြီးသား။ ငါတို့အားလုံး ပြင်ဆင်ပြီးသာ။ မင်းကိုမရရအောင်



www.burmeseclassic.com

www.burmeseclassic.com



တားမယ်။ ဂျီနီဗာလုပ်ငန်းစဉ် မအောင်မြင်အောင် တားမယ်။ ငါ့ကို မင်းသတ်ရင် ငါ့နေရာကို နောက်တစ်ယောက်က ဝင်ယူလိမ့်မယ်။ သူ့ကိုသတ်ပစ်ရင် နောက်ထပ်တစ်ယောက်က သူ့နေရာကို ဝင်ယူလိမ့်မယ်။ စကားလုံးတွေကတော့ ရှုးကြောင်ကြောင်တွေပဲကွ။ ဒါပေမယ့် အဲဒီကောင်ကတော့ အရူးမဟုတ်ဘူး။ ငါကိုယ်တိုင် သူ့ကိုစစ်တာပဲ။ ဒီကောင် အိုဒက်ဇာမဟုတ်ဘူး။ ရာခါလဲမဟုတ်ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ နောက်တစ်ဖွဲ့ဖွဲ့ဖြစ်ရမယ်လို့ နိုဝယ် ပြောသွားတယ်ဆိုတာ မှန်တယ်ကွ ”

“ ဒါဆိုရင် လမ်းဆုံးသွားပြီပဲ ” ဟု ကက်စလာက ပြန်ပြောသည်။

“ လုံးဝ လမ်းပိတ်သွားတာမျိုးတော့ မဟုတ်သေးပါဘူး။ ပါရီမြို့မှာ ငါ့လူတစ်ယောက်ရှိတယ်။ ဖီတီဒဟိုင်းဗားမှာ သေသွားတဲ့အကောင်နှစ်ကောင်ရဲ့ ခန္ဓာကိုယ်ကို သေသေချာချာစစ်ဆေးခိုင်းထားတယ် ”

“ ပုလိပ်အဖွဲ့ကလား ”

“ ဟုတ်တယ်။ ဒီအကောင် အတော်ဆုံးပဲ။ အတော်တော့ အံ့သြစရာကောင်းတာပဲ။ နှစ်ပေါင်းသုံးဆယ်ကျော်လုံးလုံး ဘာကောင်မှပေါ်မလာဘဲ အခုတို့လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ပြင်တော့မှ ဒီကောင်တွေ ဘယ်ကထွက်လာတယ်မသိဘူး။ နှစ်ပေါင်းသုံးဆယ်ကျော်လုံးလုံး ဘာမှမလုပ်ဘဲ တို့လှုပ်ရှားမယ့်အချိန်ကို ငြိမ်ပြီးစောင့်နေကြတဲ့အတိုင်းပဲ။ အခုပေါ်လာပြန်တော့လည်း ပြောင်ပြောင်တင်းတင်း ပေါ်လာတာမဟုတ်ဘူးကွ။ ဒါဟာ ဘာသဘောလဲ. . . ဘာကြောင့် ဒီလုပ်လုပ်တာလဲ ”

“ ဒီကောင်က နိုဝယ်ကို နောက်ဘေးလမ်းကြားထဲတုန်းက ‘ဂျီနီဗာဘဏ်တိုက်ထဲမှာ ရှိတဲ့ငွေတွေအားလုံး တို့ယူမယ်’လို့ ပြောသွားသေးတယ်လေကွာ။ ဒီတော့ ပြောင်ပြောင်တင်းတင်းထလုပ်ရင် ဘဏ်တိုက်ထဲကငွေတွေ သူတို့ဘယ်ရနိုင်တော့မှာလဲ ”

“ ရိုးရိုးတော့ရိုးရိုးလေးပဲကွ။ ဘဏ်မှာရှိတဲ့ငွေတွေက သိပ်များတယ်။ သန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ်။ သူတို့ ဝေစုကို တောင်းလိုသပဆိုရင် တို့ခွဲပေးရမှာပဲ။ သူတို့နှစ်ဖွဲ့က သုံးပုံနှစ်ပုံရသွားမယ်။ တို့ကတစ်ပုံရမယ်။ အခု အဲဒီလို တောင်းတာလဲမဟုတ်ဘူး။ တို့ကို သက်သက် နှောင့်ယှက်တာဆိုတော့ အိုဒက်ဇာမဟုတ်ဘူး။ ရာခါမဟုတ်ဘူး။ နောက်ပြီးတော့ ငွေကိစ္စတစ်ခုတည်းအတွက် နှောင့်ယှက်တာမဟုတ်ဘူး။ ငွေထက် ပိုအရေးကြီးတဲ့ကိစ္စတစ်ခုခုရှိနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်။ ဟုတ်တယ် အားရစ်. . . ဒီအဖြေကိုရအောင် တို့ရှာရမယ် ”

“ တခြားပြဿနာတစ်ခုကိုလဲ တို့ကြည့်ရဦးမယ်။ ဖြေရှင်းရဦးမယ် ဂျိုဟန်း။ ဒီည တွေ့တဲ့အကောင်နဲ့ ဖိတီဒဟိုင်းဗားမှာတွေ့တဲ့နှစ်ကောင် ပြဿနာက တို့မလွဲမသွေ ရင်ဆိုင်ဖြေရှင်းရတော့မှာပဲ။ ဒါပေမယ့် ဒါက ဒုတိယပိုင်းမှာထားပြီး လုပ်ရမှာ။ ဒုတိယဦးစားပေးလုပ်ငန်း။ ပထမဦးစားပေး လုပ်ရမှာက မင်းကိစ္စပဲ။ အင်္ဂလိပ်စုံထောက်တွေက မင်းကို တီနာမောဆိုတာ သိနေကြပြီ။ ဒီကိစ္စကို သိပ်အကြာကြီးရှောင်တိမ်းနေလို့ မရတော့ဘူး။ မင်းဟာ တီနာမောပဲလို့ သူတို့သိနေကြပြီ ”

“ မင်းစကားကို ပြင်မယ်။ ငါဟာ တီနာမောပဲလို့ သူတို့ သင်္ကာမကင်း ဖြစ်နေကြတယ်။ သူတို့သိတာမဟုတ်ဘူး။ နောက်ပြီး နို့ဝယ်တို့ကြုံခဲ့တဲ့ အဖြစ်အပျက်ကြောင့် သူတို့ရဲ့ မသင်္ကာစိတ်ကို သူတို့ဘာသာသူတို့ ပြန်ဖျက် လိမ့်မယ်။ ငါဟာ တီနာမောဆိုရင် ငါ့လူကို ငါ ပြန်သတ်မလားကွ။ အခုလောက် ဆိုရင် ငါဟာ တီနာမောမဟုတ်ကြောင်း သူတို့ယုံကြည်နေကြပြီ ”

“ မင်း အရူးပဲ။ မင်းကြောင့် အစီအစဉ်တွေအားလုံး ပျက်စီးကုန် တော့မယ် ”

အားရစ်ကက်စလာက အသံကုန် ပြန်အော်သည်။

“ မဆိုင်ပါဘူးကွာ။ မင်းပြောတာနဲ့ ပြောင်းပြန်ကြီးပါ။ ငါက အားလုံး နေသားတကျနဲ့ ချောချောမောမောဖြစ်အောင် လုပ်နေတဲ့အကောင်ပါကွ။ သူတို့ ထောက်လှမ်းရေးအဖွဲ့ထဲမှာ တို့လူတွေရှိနေတာပဲ။ အဲဒီကောင်တွေနဲ့ ပြန်သုံး ရမှာပေါ့ ”

“ မင်း ဘာစကားတွေလျှောက်ပြောနေတာလဲ ”

သည်တစ်ကြိမ်တွင်မူ ကက်စလာက အော်ရုံသာမကတော့ ထိုင်ရာမှ ပါ ရုတ်တရက်ထလိုက်လေသည်။ သူ့တစ်ကိုယ်လုံးတွင်လည်း ဇောချွေးပြန်နေ လေပြီ။

“ ထိုင်ပါ အားရစ် ”

“ မထိုင်ဘူး ”

“ ထိုင်ပါ ”

အားရစ်ကက်စလာက ပြန်ထိုင်သည်။

“ ဒါကိုတော့ ငါလက်မခံနိုင်ဘူး ဂျိုဟန်း . . . သူတို့ကို သွားဆွပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ဖြစ်သွားလိမ့်မယ် ”

“ ဆွပေးတာမဟုတ်ပါဘူးကွာ။ ငါပြောတာကို သေသေချာချာ နားထောင်ပါ။ ခဏလေးပါ။ မကြာပါဘူး။ တို့ရဲ့ အခန်းကဏ္ဍတွေကို ပြောင်းပြန်လှန်ပစ်လိုက်ရမှာပေါ့ကွ ”

“ ငါ့ကို အကျပ်မကိုင်ပါနဲ့။ တို့ထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ လူကိုပဲ တို့ကိုင်တွယ်လို့ရမယ်။ ဟိုက ထောက်လှမ်းရေးတွေကို သွားမရှုပ်ပါနဲ့။ အားလုံး ပြဿနာပေါ်ကုန်မယ်။ နားလည်ရဲ့လား ”

“ ဒီလိုလဲ မဟုတ်သေးပါဘူးကွာ။ ငါတစ်ခုခုဖြစ်သွားမယ်ဆိုရင် တစ်ကမ္ဘာလုံးမှာရှိနေတဲ့ ငါတို့လူတွေရဲ့စာရင်း တို့လက်ထဲမှာရှိနေတာပဲ။ အဲဒီ လူတွေထဲမှာ ခေါင်းဆောင်လုပ်နိုင်မယ့် လူတစ်ယောက်ယောက် တွေ့အောင် ရှာရမှာပေါ့။ ငါတို့တည်ဆောက်မယ့် စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီး အတွက် ခေါင်းဆောင်ရှိမှဖြစ်မယ်။ ဘာပဲလုပ်လုပ် ခေါင်းဆောင်တင်ပြီးမှ လုပ်လို့ရမယ်။ ဒါပေမယ့် ငါဘာမှမဖြစ်နိုင်ဘူး။ ဖြစ်ခဲ့ရင် မင်းတို့ဆက်လုပ် ဖို့ ပြောနေတာ။ ဒါပေမယ့် ငါဘာမှမဖြစ်နိုင်ဘူးဆိုတာ ယုံပါ။ တီနာမောဆိုတာ ငါရဲ့ မျက်နှာဖုံးပဲ။ ငါ့ရဲ့ဒိုင်းပဲ။ ငါရဲ့အကာအကွယ်ပဲ။ တီနာမောကို ဖမ်းပေး နိုင်ရင် ငါ့ပေါ်မှာရှိနေတဲ့ သံသယတွေ ပျောက်ကုန်ရုံတင်မကဘူး။ ငါ့ကိုပါ အကြီးအကျယ် လေးစားသွားကြမယ် ”

“ မင်း ဦးနှောက်ပျက်သွားပြီ။ မင်းမှာ ခေါင်းမရှိတော့ဘူး။ မင်းဟာ တီနာမောပဲ ”

ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်သည် ကုလားထိုင်နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်ရင်း ကက်စလာကိုကြည့်ပြီး ပြုံးသည်။

“ တို့ရဲ့ လူသတ်သမားကို ပြန်ပြီးသုံးသပ်ကြည့်ရအောင်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက အဲဒီ တီနာမောဆိုတဲ့ လူသတ်သမားတစ်ယောက်ကို ငါဖန်တီးတော့ ဒါဟာအကောင်းဆုံးဖန်တီးချက်ပဲလို့ မင်းသဘောတူခဲ့တယ် လေကွာ။ တီနာမောဟာ ငါတို့ရဲ့ အရေးအကြီးဆုံး လက်နက်ကြီးတစ်ခု ဖြစ်တယ်လို့တောင် မင်း ပြောခဲ့သေးတယ်မဟုတ်လား အားရစ် ”

“ မှုအရကွ. . . မှုအရသာ ငါပြောတာ ”

“ ဟုတ်ပါပြီလေ။ ငါပြောတာကို နားထောင်ပါဦး။ တို့မှာရှိနေတဲ့ငွေက သန်းရှစ်ရာတောင် မပြည့်ဘူး။ ဒီငွေနဲ့ စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တညဆောက်လို့မရဘူး။ ဒီတော့ အစိုးရအဖွဲ့တွေကို တို့ကိုင်ရမယ်။ တို့လူတွေလဲ အစိုးရအဖွဲ့တိုင်းလိုလိုမှာ ရှိနေပြီ။ အစိုးရအဖွဲ့ဝင်တွေက သူတို့အချင်းချင်းစာရင်းရှင်းချင်တဲ့လူတွေရှိလာတိုင်း တီနာမောကို ငှားပြီး ရှင်းခိုင်းခဲ့တယ် မဟုတ်လား။ တီနာမောကို ငွေပေးငှားခဲ့ကြတယ် မဟုတ်လား။ ဒါတွေဟာ တို့အကျပ်ကိုင်နိုင်တဲ့ အချက်တွေပေါ့ကွ။ တီနာမောကို အာခံလို့မရဘူး။ တီနာမောဟာ ငါတို့ရဲ့ ချူကလီးယားဗုံးပဲ ”

“ နောက်ပြီးတော့ တို့အစီအစဉ်တွေအားလုံး ပျက်စီးသွားအောင်လဲ လုပ်ပစ်နိုင်တဲ့ အဖျက်သမားပဲ ”

“ ဟုတ်တယ်။ သူတတ်နိုင်တယ်။ ဒါပေမယ့် သူမလုပ်ဘူး။ ဒီမှာ အားရစ်. . . မင်းနဲ့ငါ့ကြားမှာ ဘာလျှို့ဝှက်ချက်မှမထားဘဲ အိတ်သွန်ဖာမှောက် အသိပေးပြီး အလုပ်လုပ်ခဲ့ကြတာ နှစ်ပေါင်း မရေနိုင်တော့ဘူး။ နောက်ပြီးတော့ ငါ့ဘက်က ဘာမဆိုလိုက်လျောခဲ့တယ်။ အေး . . . တစ်ခုပဲရှိတယ်။ ငါဟာ ဘယ်တော့မှ တောင်းပန်စကားမပြောဘူး။ ဒါဟာ ရာထူးအဆင့်အတန်းနဲ့ တာဝန်ပိုင်းဆိုင်ရာပဲ။ ငါဟာ ခေါင်းဆောင်ဖြစ်တဲ့အတွက် တောင်းပန်တယ်ဆိုတာ မရှိဘူး။ ဘယ်သူ့ကိုမှ မတောင်းပန်ဘူး ”

“ ဒါနဲ့ ဘာဆိုင်သလဲ ” ဟု ကက်စလာက ပြန်မေးသည်။

“ အရေးအကြီးဆုံးနဲ့ အစွမ်းအထက်ဆုံး လက်နက်တစ်ခုပေးပါလို့ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မင်းပြောခဲ့တယ် ”

“ အဲဒါဘာဖြစ်သလဲ ”

“ အခုတုန်းကတော့ မင်းဟာ ပုံစံတစ်မျိုးပြောင်းသွားတယ်။ ငါဟာ တီနာမောဖြစ်ကြောင်း မင်း အသံကုန်အော်ပြောခဲ့တယ် ”

“ မင်း တီနာမောပဲ ”

“ ငါမဟုတ်ဘူး ”

“ ဘာမဟုတ်ရမှာလဲ ”

“ ငါဟာ တီနာမောတစ်ပိုင်းပဲ။ ပိုသေချာအောင်ပြောမယ်။ အကောင်းဆုံးတစ်ပိုင်းဟာ ငါ့အပိုင်းပဲ။ နှစ်ပေါင်းများစွာကြာအောင် တခြားတစ်ယောက်ကို ငါလေ့ကျင့်ပေးခဲ့တယ်။ ဒါကြောင့် အခါအားလျော်စွာ ငါ့နယ်ထဲမှာ သူ့ကိုထည့်သုံးခဲ့တယ်။ အစားထိုးခဲ့တယ်။ သူဟာ တစ်ဘက်ကမ်းခပ်လာတယ်။ တီနာမောအစစ်ပြီးရင် အတော်ဆုံးဖြစ်လာတယ်။ တီနာမောအစစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် ကမ္ဘာပေါ်မှာ အတော်ဆုံးပဲ ”

ကက်စလာက ဂွန်တင်နီဆန်ခေါ် ဂျီဟန်းဘို့လ်တ်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ပြီးတော့မှ မေးသည်။

“ သူဟာ တို့လို ‘မျိုးဆက်’ တွေထဲကလား ”

“ မဟုတ်ဘူး။ လုံးလုံးမဟုတ်ဘူး။ ကြေးစားလူသတ်သမားပဲ။ သူဘာမှနားမလည်ဘူး။ ငွေများများလိုချင်တယ်။ ကောင်းကောင်းနေချင်တယ်။ ဒါပဲသိတယ်။ သူဟာ ကြေးစားသက်သက်ပဲ ”

ကက်စလာက ကုလားထိုင်နောက်မှီပေါ်သို့ မှီချလိုက်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်သည်။

“ မင်းကတော့ ငါအမြဲအံ့သြတကြီး ဖြစ်နေအောင် လုပ်နေတော့မှာပါပဲကွာ ”

“ ငါ့စကားမဆုံးသေးဘူး။ နိုင်ငံအတော်များများက နိုင်ငံအကြီးအကဲတွေ မကြာခင် လန်ဒန်မြို့မှာ ဆုံကြတော့မယ်။ ဒီအချိန်ဟာ အကောင်းဆုံးအခွင့်အရေးပဲ။ အဲဒီနေရာမှာ တီနာမောကို ဖမ်းမိရမယ် ”

“ သူ ဘာဖြစ်မယ်ကွ ”

တင်နီဆန်က ပြုံးသည်။

“ ငါပြောတာ မင်းသေသေချာချာ ကြားပါတယ်ကွာ။ သေနတ်တန်းလန်းနဲ့ တီနာမောကို ဖမ်းမိစေရမယ်။ သူ့လက်ထဲက သေနတ်ဟာ စောစောပိုင်း သူကျူးလွန်ခဲ့တဲ့ လုပ်ကြံသတ်ဖြတ်မှုတွေမှာ အသုံးပြုခဲ့တဲ့ သေနတ်ပဲ။ သူ့ကို ဖမ်းပေးတဲ့လူကတော့ သူ့ကို ခြေရာခံပြီး ခြောက်နှစ်လုံးလုံး မနားမနေလိုက်နေတဲ့လူပဲ။ အဲဒီလို ဖမ်းပေးတဲ့လူက အခုလိုဖမ်းပေးတာဟာ ဘာဆုလာဘ်ကိုမှ မျှော်ကိုးလို့မဟုတ်ဘူး။ သူလိုချင်တာကတော့ သူခိုလှုံပြီး နေနေတဲ့တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ဆည်တင်ပေးခွင့်တစ်ခုပဲ။ အဲဒီလူဟာ ဘယ်သူလဲ သိရဲ့လား။ ဂွန်တင်နီဆန်တဲ့။ ဂါဒီယန်သတင်းစာရဲ့ ဥရောပတိုက်အထူးသတင်းထောက် ”

“ ဘုရားရေ့ . . မင်းဘယ်လိုလုပ်မှာလဲ ဂျီဟန်း ” ဟု ကက်စလာက လေသံကလေးဖြင့် ပြန်မေးလိုက်လေသည်။

“ တီနာမောကိုသာ မိတယ်။ တီနာမောနဲ့ပတ်သက်တဲ့မှတ်တမ်းမှတ်ရာတွေ မရှိတော့ဘူး။ အဲဒါတွေ အခိုးခံသွားရပြီ။ ခိုးတဲ့လူကတော့ တို့ကိုယ်တိုင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဖြစ်ဖို့အတွက် အင်္ဂလိပ်စုံထောက်အဖွဲ့ထဲက တို့လူတွေကို အသုံးချရမယ်။ ဒါလောက်ဆိုရင် မင်းနည်းနည်းပါးပါး သဘောပေါက်ပြီမဟုတ်လား။ ကဲ. . . တို့မသိသေးတဲ့ ရန်သူအကြောင်း ပြန်ပြောကြရအောင်။ နောက်ဘေးလမ်းကြားထဲတုန်းက နိုဝယ်ကို သူပြောခဲ့တဲ့စကားတွေ ပြန်ပြောပါဦး ”

“ ဒါကိုပဲ ထပ်ပြန်တလဲလဲကွာ. . . မမောသေးဘူးလား ”

“ အခုမှ အစရှိပါသေးတယ်ကွ။ ကဲ. . . အစအဆုံး ပြန်ပြောကွာ။ မင်းမှတ်မိတာတွေ အကုန်ပြော။ တစ်လုံးမှမချန်နဲ့။ ငါစာရွက်နဲ့ လိုက်ကူးရေးမယ် ”

ဂျိုဟန်းက စာရွက်နှင့်ခဲတံကို လှမ်းဆွဲယူလိုက်ပြီး ကက်စလာပြောမည့်စကားများကို လိုက်ရေးရန် အသင့်ပြင်နှင့်နေလေသည်။

ကက်စလာက သက်ပြင်းချသည်။

“ နိုဝယ်ပြန်ပြောသွားတဲ့ စကားလုံးတွေကို အစပြန်ပြောရမယ်ဆိုရင် သူက ပြင်သစ်မှာသတ်တဲ့ အကြောင်းကို အလျှင်ဆုံးပြောတယ်။ နိုဝယ်က သေနတ်နဲ့ပစ်ဖို့ တုံ့ဆိုင်းဆိုင်းဖြစ်နေတဲ့အချိန်မှာ သူက မင်းပြင်သစ်မှာတုန်းကတော့ မတုံ့ဆိုင်းခဲ့ပါလားကွလို့ ပြောတယ် ”

ကက်စလာက မှတ်မိသမျှများကို တစ်လုံးမကျန်ပြန်ပြောသည်။ ဂျိုဟန်းကလည်း တစ်လုံးမကျန် လိုက်ကူးရေးသည်။

“ အားလုံးဒါပဲ။ ငါမှတ်မိသမျှ ဒါအကုန်ပဲ ” ဟု ကက်စလာက ပြောသည်။

“ ထပ်ပြောဦးမယ်ကွာ။ လင်းယုန်အကြောင်း . . . လင်းယုန်အကြောင်း သူပြောတဲ့စကားလုံး အတိအကျကို ပြန်ရွတ်ပြစမ်းပါဦး ”

“ လင်းယုန်လား . . . ‘ငါတို့လို လင်းယုန်တွေကို မင်းတို့တားလို့မရဘူးမှတ်။ ဒီအချိန်မှာ တားလို့မရတော့ဘူးမှတ်’ အဲဒီလိုပြောတယ်လို့ နိုဝယ်က ပြန်ပြောတယ်။ သူဘာကိုဆိုလိုတာလဲကွ။ လုဖ်ဝဖ်ကိုပြောတာလား။ ဒါမှမဟုတ် ဝါးမက်ကို ပြောတာလား ” ဟု ကက်စလာက ဂျိုဟန်းကို မေးသည်။

“ မဖြစ်နိုင်ဘူး။ နောက်ပြီးတော့ ဝံပုလွေအကြောင်းကိုလဲ ပြောသွားသေးတယ်။ သူပြောတဲ့ ဝံပုလွေကတော့ တို့ဝံပုလွေကို ပြောတာပဲဖြစ်မယ်”

ဂျိုဟန်းက စာရွက်ပေါ်မှာရေးချထားသည့် စာလုံးများကိုကြည့်ပြီး ပါးစပ်မှ တတွတ်တွတ်ရွတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းဘာကြောင်တာလဲ. . . ဝံပုလွေဟာ တို့ပဲပေါ့။ တခြား ဘယ်သူဖြစ်နိုင်မှာလဲ " ဟု ကက်စလာကပြောသည်။

သို့သော်လည်း ဂျိုဟန်းက ကက်စလာကို လုံးဝမော့မကြည့်ဘဲ စာရွက်ပေါ်မှာသာ နာမည်များကို တစ်လုံးပြီးတစ်လုံးရေးရင်း ပါးစပ်မှ တတွတ်တွတ် ရွတ်မြွရွတ်နေသည်။

" ဗွန်စတော်ဖင်ဘတ်၊ အောလ်ဘရစ်၊ ဗွန်ဖော်ကင်ဟော်ဆန်၊ ဟော့ပ်နာ . . . အဲဒီလူတွေအားလုံးဟာ လင်းယုန်အစစ်တွေဖြစ်တယ်လို့ ရွမ်းမဲလ်ကိုယ်တိုင် ပြောခဲ့တယ်။ ဂျာမနီနိုင်ငံရဲ့ လင်းယုန်အစစ်တွေပဲတဲ့။ သူတို့က ဟစ်တလာကို လုပ်ကြံဖို့ကြိုးစားခဲ့ကြတယ်။ သူတို့အားလုံးကို ပစ်သတ်ခဲ့တယ်။ တစ်ယောက်မှ မကျန်ဘူး။ ဒီတော့ ဒီကောင်က ဘာကြောင့် လင်းယုန်လို့ ပြောသွားရတာလဲ "

ဂျိုဟန်းသည် စာရွက်လွတ်များ တစ်ရွက်ပြီးတစ်ရွက်ဆွဲကာ ဆက်ရေးပြန်သည်။ သူ့ဘေးမှာ ရေးပြီးသားစာရွက်တွေ ပုံနေပြီ။

" လင်းယုန်တွေကို မင်းတို့တားလို့ မရဘူးမှတ်။ ဒီအချိန်မှာ တားလို့ မရတော့ဘူးမှတ်။ ဒါ ဘာစကားလဲ "

စာရွက်ပေါ်မှာ အဝိုင်းကလေးတွေလုပ်သည်။ လေးထောင့်ကလေးတွေ ဆွဲသည်။ နာမည်တွေ ထပ်ရေးပြန်သည်။

" လူသတ်သမားတွေနဲ့ လူပြက်တွေ . . . "

" မင်းတို့ရဲ့ ဝံပုလွေတွေမဟုတ်ဘူး။ အဲဒီငွေတွေကို အကျိုးအရှိဆုံးဖြစ်အောင် သုံးနိုင်တာဟာ ငါတို့ပဲ "

" မင်း ဝင်မရှုပ်နဲ့။ မင်း ဝင်ရှုပ်ရင် ငွေတွေတစ်ပြားမှရတော့မှာ မဟုတ်ဘူး။ မင်း ဘယ်တော့မှ အဲဒီပိုက်ဆံကို မရဘူး "

" ဒီလို မဖြစ်သင့်ဘူးဆိုတာ မင်းရောငါပါ နားလည်ထားတယ် "

ဂျိုဟန်းသည် ပါးစပ်မှရွတ်သလို လက်မှလည်း တောင်ခြစ်မြောက်ခြစ် လုပ်နေသည်။ သူ၏နဖူးကြောကြီးများ ထောင်ထနေသည်။

ကက်စလာက သူ့ကို မည်သို့မှ နားမလည်နိုင်သလို ငေးကြည့်နေသည်။

" ဟုတ်ပြီ "

ဂျိုဟန်းက ကျယ်လောင်သောအသံကြီးဖြင့် အလန့်တကြားထအော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ့အော်သံကြောင့် ကက်စလာပင် နောက်သို့တွန့်သွားလေသည်။

" ဘာ ဟုတ်တာလဲကွ "

" ဟုတ်ပြီ. . . နာခရိုက်တင်းဒိုက်. . . "

ဂျိုဟန်းက သူရေးထားသည့် စာရွက်ပေါ်မှ မျက်လုံးမခွာဘဲ အော်ပြောပြန်သည်။ ကက်စလာ၏ မျက်လုံးများ ပိုမိုပြူးကျယ်လာသည်။

" ဟုတ်ပြီကွ. . . နာခရိုက်တင်းဒိုက်. . . ဟုတ်ပြီကွ "

" ဘာလဲကွ. . . နာခရိုက်တင်းဒိုက်ဆိုတာ . . . မင်းဟာကအရင်းမရှိ အဖျားမရှိနဲ့ "

" ဝံပုလွေမှရှိခဲ့တဲ့ ထောက်လှမ်းရေးအဖွဲ့ကလေးတစ်ခုရဲ့ နာမည်။ အဲဒီကောင်တွေလွတ်သွားတယ်။ ဝံပုလွေတွေရဲ့ ဂျီနီဗာအစီအစဉ်ကို ဒီကောင်တွေ သိတယ်။ ဟုတ်ပြီ. . . နာခရိုက်တင်းဒိုက်။ စတုတ္ထ ဂျာမနီနိုင်ငံတော်ကြီး တည်ထောင်ဖို့ကို တစ်လျှောက်လုံး ကပျက်ယပျက်လုပ်လာတဲ့ အကောင်တွေပဲ။ သေချာပြီ. . . သေချာပြီ . . . "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၂၉ )

နိုဝယ်သည် ပါရီမြို့၏ မီးရောင်စုံများကို ကြည့်ရှုငေးမောရင်း ဟယ်လ်ဒင်ကို တံတားပေါ်မှ စောင့်နေသည်။

ဂါလီမတ်စာအုပ်ထုတ်ဝေရေးတိုက်သို့ ဖုန်းဆက်ပြီး ဟယ်လ်ဒင်နှင့် ချိန်းခဲ့သည်။ သူတို့သွားခဲ့ဖူးသော တောပိုင်း အာဂျင်တွေးမှ ဟိုတယ်ကလေးသို့ သွားရန် နိုဝယ်က ပြောသော်လည်း ဟယ်လ်ဒင်က လက်မခံ။

ထို့ကြောင့် တံတားပေါ်မှ လာရောက်စောင့်ဆိုင်းနေရခြင်း ဖြစ်လေသည်။

ပါရီမြို့မှာ ဆောင်းဝင်ပြီ။ မြစ်ပြင်ကို ဖြတ်တိုက်လာသော လေက အအေးလွန်ကဲနေလေသည်။

ဟယ်လ်ဒင်အလာကို စောင့်ရင်း လူပျိုပေါက်ကလေးတစ်ယောက်လို သူ့ရင်ထဲမှာ လှုပ်ရှားနေချေသည်။

ထိုအခိုက် အနက်ရောင်မိုးကာဝတ်ပြီး သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာနေသော ဟယ်လ်ဒင်ကို လှမ်းတွေ့ရသည်။ ဟယ်လ်ဒင်ကလည်း သူ့ကို ချက်ချင်းမြင်သွားလေသည်။ နိုဝယ်က ပြေးသွားသည်။ ဟယ်လ်ဒင်က သူ့ရင်ခွင်ထဲသို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းကို လွမ်းလိုက်ရတာကွယ်။ အတော်ဆိုးတဲ့ဝေဒနာပဲ "

နီဝယ်က စပြောသည်။

" နောက် ဒါမျိုးတွေ အများကြီးကြုံရဦးမယ်။ ဘာလင် အခြေအနေ ဘယ်လိုလဲ "

နီဝယ်က ဟယ်လ်ဒင်၏ပခုံးကိုဖက်ပြီး ကမ်းဘက်ဆီသို့ ပြန်လျှောက်လာသည်။

" မင်းကို ပြောစရာတွေအများကြီးပဲ။ ကောင်းတာတွေလဲပါတယ်။ ဆိုးတာတွေလဲ ပါတယ်။ ဒါပေမယ့် တိုးတက်မှုတွေတော့ အများကြီးရှိပါတယ်။ ကိုယ်တို့ အစီအစဉ်တွေအတွက် ရှေ့ကို ခြေလှမ်းနှစ်လှမ်းလောက် တိုးသွားတယ်ထင်တယ်။ မင်း အစ်ကိုကရော သတင်းကြားရပြီလား "

" ကြားပြီ။ နေ့ခင်းကပဲ ကြားတယ်။ မောင်ဖုန်းဆက်ပြီး တစ်နာရီလောက်ကြာတော့ သူဆက်တာပဲ။ သူ့အစီအစဉ်တွေ ပြောင်းသွားတယ်။ မနက်ဖြန် ပါရီမြို့ကို သူရောက်မယ်တဲ့ "

" ကောင်းလိုက်တဲ့ သတင်းကွာ။ မနက်ဖြန်ကျတော့မှ အကျိုးအကြောင်း ပြောပြမယ်နော် "

သူတို့နှစ်ယောက် တံတားထိပ်ဆီသို့ ဆက်လျှောက်လာကြသည်။ ကမ်းပေါ်သို့ရောက်သောအခါ လမ်းမအတိုင်း ဗယ်ဘက်သို့ ဆက်လျှောက်သွားကြသည်။

" ကိုယ့်ကိုရော မင်း မလွမ်းဘူးလား ဟင်. . . "

" နီဝယ်. . . မောင်တော့ ရှုးပြီ။ မနေ့ညနေပိုင်းကမှ မောင် ထွက်သွားတာလေ။ အိမ်ပြန်ပြီး ရေကလေးတစ်ပေါက်လောက် ချိုးဖို့တောင် အချိန်လုလုပ်လိုက်ရတာ။ ပြီးတော့ အိပ်ချိန်ရောက်။ ဒီနေ့ အလုပ်သွား။ ဘယ်မှာ အချိန်ရှိလို့လဲကွယ် "

" မင်း အိမ်ကို ပြန်သလား . . . မင်း အိပ်ခန်းကိုလား "

" မဟုတ်ဘူး။ ကျွန်မ . . . "

ဟယ်လ်ဒင်က စကားကိုချက်ချင်း ရပစ်ပစ်လိုက်ပြီး နီဝယ်ကို မော့ကြည့်သည်။ ပြီးတော့မှ ပြုံးသည်။

" သိပ်ကောင်းတဲ့ မေးခွန်းပဲ နီဝယ်ဟိုးလ်ခရော့ဖ်တ်. . . လူသစ်ကြီး၊ တပ်သားသစ်ကြီး၊ အလစ်မှာ သာမန်မေးခွန်းမျိုးတွေတောင် မေးတတ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လား ”

“ ကိုယ့်စိတ်ထဲမှာတော့ သာမန်မေးမိတယ်လို့ မခံစားရပါဘူး ”

“ ဒီမေးခွန်းကို မမေးပါဘူးလို့ မောင် ကတိပေးထားတယ်လေကွယ်”

“ ဒီသဘောမျိုးလဲ မဟုတ်ပါဘူးကွာ။ မင်းအိမ်ထောင်ရှိသလားလို့ မေးတယ်။ ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့ အတူတူနေသလားလို့ မေးတယ်။ ပထမမေးခွန်းကိုတော့ သဲသဲကွဲကွဲ အဖြေရပါရဲ့။ ဒုတိယမေးခွန်းကျတော့ မင်းဖြေတာက ဝေ့လည်ချောင်ပတ်ကြီး။ ဒါပေမယ့် မင်းဘယ်မှာနေတယ်ဆိုတာကို သိအောင် မကြိုးစားပါဘူးလို့ ကိုယ် ကတိလုံးဝမပေးခဲ့ဖူးပါဘူး ”

“ တစ်နေ့တော့ မောင့်ကို ပြောပြပါ့မယ် ”

“ ကိုယ်က မင်းကို ချစ်နေပြီလေ။ ဒါကြောင့် ကိုယ့်ချစ်သူ ဘယ်မှာနေတယ်ဆိုတာတော့ သိချင်တာပေါ့ ”

ဟယ်လ်ဒင်၏ နှုတ်ခမ်းပေါ်မှ စောစောက အပြုံးကလေး ပျောက်ကွယ်သွားလေသည်။

“ မောင်ဟာ ကလေးလေးတစ်ယောက်လိုပဲနော်။ စကားလုံးကလေး အသစ်တစ်ခုရရင် ဒါလေးကိုပဲ ထပ်တလဲလဲ ရွတ်သလို ရွတ်နေတော့တာပဲ”

“ ကိုယ့်ကို မင်း နည်းနည်းလေးလောက် မချစ်ဘူးလား ”

“ နည်းနည်းလေးထက် ပိုပါတယ် မောင်ရယ် ”

“ ဒါဆိုရင် တော်သေးတာပေါ့ကွာ ”

နိုဝယ်က ထိုသို့ပြောရင်း အားပါးတရ ရယ်လေသည်။

စားသောက်ဆိုင်ကလေးတစ်ခုအတွင်းသို့ သူတို့ဝင်ခဲ့ကြသည်။ အဝင်ပေါက်မှ ရုတ်တရက်လှမ်းမမြင်နိုင်တော့သည့် အတွင်းပိုင်းရှိ စားပွဲတစ်လုံးမှာ နေရာယူကြသည်။ ဝိစကီနှင့် အစားအစာများ မှာသည်။

ဆိုင်ရှင်က နိုဝယ်ကို အကဲခတ်ကြည့်သည်။ ခပ်ညံ့ညံ့အဝတ်အစားများကို ဝတ်ထားသူတစ်ယောက်က အလွန်တရာချောမောလှပသည့် မိန်းမပျိုကလေးတစ်ယောက်နှင့် တွဲလာပြီး အကောင်းစား ဝိစကီကို မှာသောကြောင့် အမူအရာတစ်မျိုး ပြောင်းသွားလေသည်။ နိုဝယ်ကလည်း သတိထားလိုက်မိသည်။

“ ကိုယ့်ကို သိပ်ပြီး သဘောကျပုံမပေါ်ဘူး ” ဟု နိုဝယ်ကပြောသည်။

“ မောင့်အဝတ်အစားတွေက အပေါစားတွေ။ မှာတော့ ဝိစကီ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းစားကိုမှာလို့ သူ သဘောကျသွားတာပါ။ တစ်ချက်ပြုံးလိုက်တာ မောင် သတိမထားလိုက်မိဘူးလား ”

“ ဒါပေမယ့် မင်းဝယ်ပေးလိုက်တဲ့ အပေါ်ရုံကုတ်အကျီကြီးထက်တော့ ဒါတွေက သာပါသေးတယ်ကွာ ”

“ ဟား . . . ဟား . . . မောင်ကလဲ အဲဒါက အကြောင်းရှိလို့ ဝယ်ပေးရတာပဲဟာ။ ဘာလင်မှာ ဝတ်ရောဝတ်ရဲ့လား ”

“ ဝတ်ပါတယ်ဗျာ။ အဲဒါကြီးဝတ်ပြီး ပြည့်တန်ဆာတစ်ယောက်ခေါ်တယ်လေ။ မင်း မနာလိုမဖြစ်ဘူးလား ”

“ အဲဒီလောက်ညံ့တဲ့ အဝတ်အစားနဲ့လူကို ဘယ်ကြေးစားကမှ လက်ခံမှာ မဟုတ်ပါဘူးရှင် ”

“ အဲဒီကောင်မလေးက သိပ်ကို ချစ်စရာကောင်းတယ်ကွ ”

“ ဒီလိုဆိုရင် မောင် ကံကောင်းတယ်ဆိုရမှာပေ့ါ။ အဲဒီကောင်မလေးဟာ အိုဒက်ဇာရဲ့ သူလျှိုဖြစ်နိုင်တယ်။ မောင် ရောဂါရအောင် တမင်ထောင်ဖမ်းတာ။ ကျွန်မနဲ့တွေ့မယ်ဆိုရင် အလျှင်ဆုံး ဆရာဝန်နဲ့သွားပြီး ဆေးစစ်ပါ”

နိုဝယ်က ဟယ်လ်ဒင်၏လက်တစ်ဘက်ကို ကောက်ကိုင်သည်။ သူ့မျက်နှာအမူအရာမှာ ပြောင်ချော်ချော် မဟုတ်တော့။ စကားပြောတော့လည်း တည်တည်ကြီးဖြစ်နေလေသည်။

“ ကိုယ်တို့ အစီအစဉ်တွေနဲ့ အိုဒက်ဇာ ဘာမှမဆိုင်ဘူး။ ရာခါလဲ မဟုတ်ဘူး။ ကိုယ် ဘာလင်ကို သွားလိုက်တဲ့အတွက် အဲဒီအကြောင်းတွေ သိခွင့်ရလာတယ်။ ဂျီနီဗာအစီအစဉ်အကြောင်းကို သူတို့နှစ်ဖွဲ့စလုံး သိပုံမပေါ်ဘူး”

ထိုစကားကြောင့် ဟယ်လ်ဒင်၏ မျက်နှာအမူအရာသည်လည်း တည်တည်ကြီးဖြစ်သွားလေသည်။

“ ဒီလိုဆိုရင် ဗျူးမောင့်က ဘာလဲ။ သူဟာ အိုဒက်ဇာပဲလို့ မောင် ပြောတယ် မဟုတ်လား။ ဘရာဇီးလ်နိုင်ငံကို မောင်သွားတော့ မောင့်နောက်ကို နောက်ယောင်ခံလိုက်ခဲ့တယ်ဆို ”

“ သူဟာ အိုဒက်ဇာပဲလို့ ကိုယ်ထင်တာပါ။ ကိုယ့်ကို နောက်ယောင်ခံလိုက်တာလဲ အမှန်ပဲ။ ဒါပေမယ့် ဂျီနီဗာအစီအစဉ်ကြောင့် လိုက်တာမဟုတ်ဘူး။ သူဟာ မောရစ်ဂရပ်ဖ်နဲ့ပတ်သက်နေတယ်။ ဘာပဲဖြစ်ဖြစ် ဗွန်တိုင်းဘို့လ်တ်မိသားစုကို လိုက်ရှာနေတယ်ဆိုတာကိုတော့ သူသိသွားတယ်။ အဲဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နောက်ယောင်ခံလိုက်တာပဲ။ ဂျီနီဗာကိစ္စအတွက် မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်လေ. . . ဗျူးမောင့် ပြဿနာကတော့ ရက်ပိုင်းအတွင်း ရှင်းသွားတော့မှာပါ။ ကက်စလာက သူ ဆောင်ရွက်ပေးမယ်တဲ့။ ဘွန်း အစိုးရကို ဖုန်းဆက်ပြီး သူပြောလိုက်မယ်လို့ ပြောတယ် ”

“ ဒါလောက် လွယ်သလား ”

“ ဒါလောက် ခက်တဲ့ကိစ္စ မဟုတ်ပါဘူး။ စစ်တပ်ထဲမှာ အိုဒက်ဇာ တစ်ယောက် ဝင်နေတယ်ဆိုရင် သူတို့ပြဿနာကို သူတို့ဘာသာ ရှင်းသွားကြမှာပါ ”

“ အိုဒက်ဇာနဲ့ရာခါတွေက မောင်တို့ အစီအစဉ်ကို မသိဘူးဆိုရင် ဘယ်သူက သိသွားတာလဲ မောင် ”

“ အဲဒီအကြောင်းကိုပဲ အဓိကထားပြီးပြောရမှာပဲ။ ကိုယ့် ကုတ်အင်္ကျီနဲ့ ဦးထုပ် ဆုံးသွားတယ်လေ ”

“ အိုး . . . ”

ဟယ်လ်ဒင်မှာ ဘာကိုမှနားမလည်နိုင်တော့ဘဲ နားရှုပ်ထွေးသွားသဖြင့် မျက်မှောင်ကလေး ကုပ်လိုက်လေသည်။

နိုဝယ်က နောက်ဘေးလမ်းကြားထဲတွင် သားရေဂျာကင်ဝတ်ထားသူနှင့် ကြုံတွေ့ခဲ့ရသည်များကို အစမှအဆုံးတိုင်အောင် တစ်လုံးမကျန် အသေးစိတ် ပြန်ပြောပြသည်။ သူတို့ချင်း ပြောခဲ့ကြသည့်စကားလုံးများကိုပါ ပြောပြသည်။

“ အဖြစ်ဆိုးလိုက်တာ မောင်ရယ်။ ကက်စလာကရော ဘယ်လိုထင်သလဲ။ ဘယ်သူဖြစ်မယ်လို့ ထင်သလဲ။ ဘယ်သူလွှတ်လိုက်တာလို့ ထင်သလဲ”

“ မပြောနိုင်ဘူး။ ကိုယ်တို့ချင်းပြောခဲ့ကြတဲ့စကားတွေကို အပြန်ပြန် အလှန်လှန် ပြန်ရွတ်ကြည့်ကြသေးတယ်။ အဖြေပေါ်အောင် နည်းမျိုးစုံနဲ့ ကြိုးစားကြည့်ကြသေးတယ်။ ဒါပေမယ့် တိတိကျကျမပေါ်ဘူး။ ကက်စလာကတော့ နာဇီလက်သစ်အုပ်စုထဲက ဖြစ်မယ်လို့ ထင်တဲ့အကြောင်းပြောတယ်။ ပါတီတွင်းမှာ အုပ်စုတွေ ကွဲသွားတော့ ဒီအကြောင်းသိတဲ့လူ တခြားအုပ်စုထဲမှာ ပါချင်ပါသွားနိုင်တယ်တဲ့ ”

“ ဒါပေမယ့် ဂျီနီဗာဘဏ်တိုက်ထဲမှာ ငွေတွေအပ်ထားတယ်ဆိုတာကိုတော့ သူတို့ ဘယ်လိုလုပ်သိနိုင်မလဲ မောင် ”

“ အဲဒီအတိုင်းပဲ ကက်စလာကို ကိုယ် မေးခဲ့သေးတယ်။ သူကပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီတုန်းက ငွေတွေအမြောက်အမြား လိမ်ထုတ်ယူနေကြတဲ့အဖြစ်ဟာ ဘယ်လိုလုပ်ပြီး မပေါက်ကြားအောင် ဖုံးဖိထားလို့ရမလဲတဲ့။ တစ်ယောက်မဟုတ် တစ်ယောက်တော့ သိကြတော့မှာပဲတဲ့။ လုပ်နေကြတာက သိပ်ကြီးကျယ်တယ် မဟုတ်လား ”

“ ငွေတွေ ထုတ်ယူတာတော့ ထားပါတော့။ ဒါပေမယ့် ဂျီနီဗာကိစ္စက သူတို့ အကြီးအကျယ် လျှို့ဝှက်ထားခဲ့ကြတဲ့ ကိစ္စပဲ ”

“ လျှို့ဝှက်တယ်ဆိုတာမှာလဲ ဘယ်လောက်အတိုင်းအတာအထိ ပိရိသေချာသလဲဆိုတာပေါ်မှာ မူတည်တာပေါ့ကွယ်။ တစ်ယောက်ယောက်က ဒါကို သိသွားလို့ ကိုယ်တို့ကိုတားဖို့ ကြိုးစားနေတာပေါ့။ ဒီငွေတွေကို ကိုယ်တို့ ထုတ်မယူနိုင်အောင်လုပ်ပြီး သူတို့ကိုယ်တိုင်ထုတ်ယူဖို့ ကြိုးစားနေကြတာဖြစ်မှာပေါ့။ ဒါကြောင့် သူတို့က ဒါကို လူသိရှင်ကြား ဖြစ်မသွားအောင် ဖုံးနေတာ”

“ ဒါပေမယ့် သူတို့ အဲဒီလောက်အထိ သိထားရင် ဒီငွေကို သူတို့ ထုတ်ယူလို့ မရနိုင်ဘူးဆိုတာကိုလဲ သိထားရမှာပေါ့ ”

“ နောက်ဘေးလမ်းကြားထဲမှာ သူနဲ့ကိုယ် စကားပြောနေကြတဲ့ အချိန်ကတည်းက သူပြောတာတွေကို မယုံပါဘူး။ တကယ်လို့ ယုံတယ်ဆိုရင်လဲ ဒီအခြေအနေနဲ့ ဒီအချိန်အခါမျိုးကို ရောက်လာမှတော့ ဘာမှအကြောင်းမထူးတော့ပါဘူး ”

“ မောင်တို့မှာ အန္တရာယ်တော့ များလာတာအမှန်ပဲ။ မောင်တို့ အစီအစဉ်ကို မပျက်ပျက်အောင် လိုက်နှောင့်ယှက်နေကြပြီ။ ဘယ်သူတွေက နှောင့်ယှက်တယ်ဆိုတာလဲ မသိရဘူး ”

“ သူတို့နောက်ကွယ်မှာ ဘာတွေရှိနေတယ်ဆိုတာ အမှန်အတိုင်း သိရဖို့အရေးကြီးနေပြီ။ ဒါကြောင့်လဲ မင်းအစ်ကိုနဲ့သိပ်တွေ့ချင်နေတာ ”

“ ဂျိုဟန်းကရော မောင့်ကို ဘာပြောပြနိုင်မှာတဲ့လဲ ”

“ သူဘာတွေသိထားသလဲဆိုတာ မေးရမှာပေါ့။ နောက်ပြီးတော့ ရိုင်းယိုးဒီဂျနေးရိုးတုန်းက သူဘယ်သူ့ကို သတ်ခဲ့သလဲဆိုတာပါ သိဖို့လိုတယ်။ အခုဆိုရင် ကိုယ်တို့ဟာ လမ်းအလယ်ကို ရောက်နေကြပြီ။ နောက်ပိုင်း ပြန်ဆုတ်လို့လဲမရနိုင်တော့ဘူး ”

“ ဂျိုဟန်းက အဲဒီအကြောင်းတော့ ပြောမပြမှာသေချာတယ်မောင်”

“ သူပြောမှဖြစ်မယ်။ ကိုယ်ကလဲ သိမှဖြစ်မယ် ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဟာ ဂျီနီဗာလုပ်ငန်းနဲ့ ဘာမှမဆိုင်တာမဟုတ်ဘူးလေ။ ဒါကြောင့် သူက ပြောမှာမဟုတ်ဘူး "

"ဒီလိုဆိုရင်လဲ သူယုံကြည်လာအောင် လုပ်ရတော့မှာပေါ့။ သူ့ကြောင့် အစီအစဉ်တွေ ပျက်သွားနိုင်တယ် "

"ဘာကိုပြောတာလဲ မောင်။ ဘယ်လိုအစီအစဉ် ပျက်သွားနိုင်တာလဲ"

" ဂျီနီဗာယဘဏ်တိုက်ထဲက ငွေထုတ်တဲ့သူဟာ အဘက်ဘက်က အပြစ်ကင်းရမယ်ဆိုတဲ့ စည်းကမ်းချက်တစ်ခု ပါတယ်။ မင်းပြောသလိုဆိုရင် ဘရားဇီးလ်နိုင်ငံတုန်းက သူလူတစ်ယောက်ကို သတ်ခဲ့တယ်။ အဲဒီလူဟာဩဇာကြီးတယ်။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတယ်။ သူသတ်ခဲ့တဲ့အတွက် လူတစ်ယောက်က သူ့ကို ကြိုးစင်တင်မယ်လို့တောင် ခြိမ်းခြောက်ခဲ့သေးတယ် မဟုတ်လား။ မင်းကိုယ်တိုင် ကြားခဲ့တယ်မဟုတ်လား။ သူ့ကိုကြိုးစင်တင်လို့မရရင် သူတို့ကိုယ်တိုင် မင်းအစ်ကိုကို လက်စားချေမယ်လို့ ပြောသွားတယ် မဟုတ်လား။ အမှန်ကတော့ သူနဲ့မောရစ်ဂရပ်ဖ်တို့ ပြဿနာပေါ်ခဲ့ကြတာပဲ ဖြစ်မယ်။ မောရစ်ဂရပ်ဖ်ဟာ အိုဒက်ဇာဖြစ်နေတယ်။ ဒါကြောင့် သူဟိုမှာ မနေနိုင်ဘဲ မင်းတို့ညီအစ်မနှစ်ယောက်ကိုပါခေါ်ပြီး အင်္ဂလန်ကို ထွက်ပြေးလာရတာ။ သူ့အပြစ်ကြီးကို အိုဒက်ဇာတွေက ဖော်ထုတ်နိုင်တယ်။ ဒီလိုဖော်ထုတ်ရင် ဂျီနီဗာအစီအစဉ်ကြီး ပျက်သွားပြီ "

" ဘဏ်တိုက်ကလူတွေ မသိအောင် ဖုံးဖိထားရမှာပေါ့ "

" ကိုယ်တို့ ဖုန်းရုံနဲ့ ဘယ်လုံနိုင်ပါ့မလဲ။ သူလူသတ်ခဲ့တာကို အိုဒက်ဇာတွေ သိနေကြပြီလေ။ သူတို့က ဘဏ်တိုက်ကို တို့မီးရှို့မီးလုပ်ကြတော့မှာပေါ့။ ငွေထုတ်ယူမယ့်လူ သုံးယောက်စလုံးဟာ စင်းလုံးချော ဖြစ်ဖို့အရေးကြီးတယ်။ ဒါကြောင့် တကယ်လို့ မင်းအစ်ကိုမှာ အပြစ်တွေရှိနေတယ်ဆိုရင် သူ့နေရာမှာ မင်းနဲ့အစားထိုးဖို့ပါ ကိုယ်စဉ်းစားထားတယ် "

ထိုစကားကြောင့် ဟယ်လ်ဒင်က နိုဝယ်ကို အကြာကြီး ေးစိုက်ကြည့်နေသည်။

" အဲဒါကိုတော့ ကျွန်မ လက်မခံနိုင်ဘူး မောင်။ ကျွန်မတို့မိသားစုရဲ့ အကြီးအကဲဟာ ဂျိုဟန်းပဲဖြစ်ရမယ်။ ကျွန်မတို့မိသားစုအရေးအခင်းတွေ အားလုံးကို သူကပဲ တစ်သက်လုံး အဆုံးအဖြတ်ပေးခဲ့တာ။ အရာရာကို သူကပဲ စီမံခန့်ခွဲခဲ့တာ။ ကိစ္စမှာလဲ သူပဲ တာဝန်ယူရမှာပါ။ သူနဲ့ပဲ ထိုက်တန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



" သူ့ကြောင့်တော့ ကိုယ်တို့အစီအစဉ် အပျက်မခံနိုင်ဘူး။ ကောင်းပြီလေ။ သူနဲ့ တွေ့ပြီးတော့မှ ကိုယ်တို့ ထပ်ဆွေးနွေးကြသေးတာပေါ့ "

ဟယ်လ်ဒင်က နိုဝယ်ကို စိုက်ကြည့်နေသည်။ ထို့ကြောင့် နိုဝယ်မှာ အနေရ အထိုင်ရခက်သလို ဖြစ်လာသည်။

" မောင်ဟာ တကယ့်စည်းကမ်းသမားတစ်ယောက်ပဲနော် "

" ဒီသဘောမျိုးလဲ မဟုတ်ပါဘူးကွာ။ အခုဟာက မူလကတည်းက သတ်မှတ်ထားတဲ့စည်းကမ်းကို လိုက်နာနိုင်ဖို့ ပြောနေရတာပါ "

ထို့နောက်ပိုင်းတွင် အတွေးကိုယ်စီဖြင့် သူတို့နှစ်ယောက် အတန်ကြာ ငြိမ်သက်သွားကြလေသည်။

နိုဝယ်က ရှေ့သို့ကိုင်းပြီး ဟယ်လ်ဒင်၏ ပခုံးကိုကိုင်သည်။

" ကိုယ့်ကို နည်းနည်းလောက် ချစ်ပါနော် "

" နည်းနည်းထက် ပိုပါတယ် မောင် "

" ဒီလိုဆိုရင် ဒီနေ့ည ကိုယ်နဲ့အတူတူနေပါ။ မပြန်ပါနဲ့တော့ "

" ကျွန်မကလဲ ရည်စူးထားပါတယ် မောင်ရယ်။ မောင့် ဟိုတယ်မှာလား "

" အခုတည်းနေတဲ့ ဟိုတယ်မှာမဟုတ်ဘူး။ ဂျော့စင့်ဟိုတယ်မှာ ပြောင်းတည်းမယ်။ နာမည်ကိုလဲ မစ္စတာဖရက်စကာလို့ ပြောင်းရမယ်။ ရန်သူတွေ ခြေရာမခံနိုင်အောင်ပေါ့ "

" ကောင်းတယ်။ ဒါပေမယ့် အဲဒီဟိုတယ်က အဆင့်အတန်း မမြင့်လွန်းဘူးလား မောင် "

" အဆင့်အတန်းမြင့်ရမှာပေါ့။ ကိုယ့်ချစ်သူကလဲ အဆင့်အတန်းမြင့်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတယ် မဟုတ်လား။ ဒီတော့ ကိုယ့်ချစ်သူနဲ့ လိုက်ဖက်အောင် အဆင့်အတန်းအမြင့်ဆုံးဟိုတယ်မှာပဲ တည်းရမှာပေါ့။ နောက်တစ်ကြောင်းက နောက်တစ်နေ့မှာ ဘာတွေဖြစ်တော့မယ်ဆိုတာကိုလဲ ကိုယ်တို့သိကြတာမဟုတ်ဘူးလေ။ စကားမစပ်ပြောရဦးမယ်။ အာဂျင်တွေးက ဟိုတယ်သေးသေးကလေးကို ကိုယ်တို့ ဘာကြောင့် သွားလို့မဖြစ်တာလဲ။ နေ့ခင်းက ဖုန်းဆက်တုန်းက နောက်မှပြောပြမယ်ဆို "

" ကျွန်မတို့နှစ်ယောက် အဲဒီမှာ သွားတည်းတာ မြင်တဲ့လူက မြင်သွားပြီလေ မောင်ရဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ . . . ဘယ်သူက မြင်သွားတာလဲ "

" လူတစ်ယောက်ယောက်က ကျွန်မတို့ကိုမြင်သွားတယ်။ မောင့်ကို မြင်သွားတယ်။ တကယ်ပြောတာပါ မောင်။ သူ့နာမည်ကို ကျွန်မတို့မသိဘူး။ ဒါပေမယ့် သူဟာ နိုင်ငံတကာပုလိပ်အဖွဲ့က ဆိုတာကိုတော့ ကျွန်မတို့လူတွေက သိကြတယ်။ သူတို့အဖွဲ့ထဲမှာ ကျွန်မတို့အဆက်အသွယ်တွေ ရှိတယ်လေ။ မောင့် ပုံပန်းသဏ္ဌာန်ကို ဖော်ပြတဲ့ ညွှန်ကြားချက်တစ်စောင် ပါရီမြို့မှာရှိတဲ့ နိုင်ငံတကာပုလိပ်အဖွဲ့ဌာနချုပ်က လက်အောက်ခံအဖွဲ့အစည်းတွေ အားလုံးကို ထုတ်ပေးထားတယ်။ နယူးယောက်မြို့မှာရှိနေတဲ့ စုံထောက်အရာရှိက မောင် ဘယ်မှာနေတယ်ဆိုတာ စုံစမ်းပေးဖို့ မေတ္တာရပ်ခံလိုက်လို့တဲ့ "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၂၈ )

ခရီးသွားများ ပြည့်ကျပ်နေသော ဟိသရိုးလေဆိပ်ထဲမှ ဂျွန်တင်နီဆန် ထွက်လာလေသည်။ အနက်ရောင်ဂျက်ဂွာဆီဒင်ကား ရပ်ထားသည့်နေရာသို့ လျှောက်သွားသည်။

ကားထဲမှာ စာအုပ်တစ်အုပ်ထိုင်ဖတ်ရင်း စီးကရက်သောက်နေသည့် ဒရိုင်ဘာက လှမ်းမြင်သည်။ ထို့ကြောင့် ကားပေါ်မှဆင်းပြီး ဂျွန်တင်နီဆန်ကို ကြိုနှုတ်သည်။

" မင်္ဂလာပါ မစ္စတာတင်နီဆန် " ဟု သူက ဆီးကြိုနှုတ်ဆက်သည်။ သူ့လေသံက ဝေလနယ်သားသံ ဝဲလှသည်။

" စောင့်နေရတာကြာပြီလား "

ဂျွန်တင်နီဆန်က သိပ်စိတ်မဝင်စားသည့် အမူအရာနှင့်ပြန်မေးသည်။

တင်နီဆန်သယ်လာသည့် အဝတ်အစားအိတ်နှင့်လက်ကိုင်အိတ်ကို ဒရိုင်ဘာက ဆီးကြိုယူသည်။

" သိပ် မကြာသေးပါဘူး။ မော်တော်ကားကို ခင်ဗျားကိုယ်တိုင် မောင်းမယ် မဟုတ်လား "

" မောင်းမယ်။ မင်းကို လမ်းတစ်နေရာရာမှာ ချထားပေးခဲ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေတဆင့် တက္ကဆီနဲ့ပြန်တာပေါ့ ”

“ ကျွန်တော် ဒီကပဲ ငှားသွားလိုက်မယ်လေ ”

“ လိုက်ခဲ့ဦး။ လေးငါးမိနစ်လောက် စကားနည်းနည်းပြောချင်တယ်။ ပြီးတော့မှ ကားငှားသွား ”

တင်နီဆန်က မောင်းသည့်နေရာမှာ ဝင်ထိုင်သည်။ ဝေလနယ်သားက ကားနောက်တံခါးကိုဖွင့်ပြီး ပစ္စည်းများ တင်သည်။

မိနစ်ပိုင်းအတွင်းမှာပင် လေဆိပ်ကိုကျောခိုင်းပြီး သူတို့မော်တော်ကားကလေး မောင်းထွက်သွားလေသည်။

“ ဒီတစ်ခါ ခရီးသွားရတာ အဆင်ပြေပါတယ်နော် ” ဟု ဝေလနယ်သားက လှည့်မေးသည်။

“ အလုပ်သိပ်များတယ် ”

“ ဘာရိန်းအကြောင်း ရေးထားတဲ့ ခင်ဗျားသတင်းကို ဖတ်ရတယ်။ အတော်ရယ်ရတဲ့သတင်းပဲ။ အဲဒီက စော်ဘွားတွေက ခင်ဗျားအပေါ် ကောင်းကြပါတယ်နော်။ ဂရုစိုက်ကြတယ်မဟုတ်လား ”

“ ကောင်းကြပါတယ်။ ကောင်းမှာပေါ့လေ။ မကောင်းလို့မှ မဖြစ်တာပဲ။ မဟုတ်ဘူးလား။ မြေထဲပင်လယ်သတင်း ဘယ်လိုလဲ။ ဗျူးမောင့်ရဲ့ စစ်သင်္ဘောပေါ်မှာရှိနေတဲ့ မင်းအစ်ကိုနဲ့ အဆက်အသွယ်မပြတ် ရနေတယ်မဟုတ်လား ”

“ မပြတ်ရနေပါတယ်။ ရေဒီယိုနဲ့ပဲ ကျွန်တော်တို့ အဆက်အသွယ်လုပ်နေကြပါတယ်။ စီစဉ်ထားတဲ့အတိုင်း အားလုံး တသဝေမတိမ်းဖြစ်နေပါတယ်။ စစ်ရေယာဉ်မှူး ဒုဗိုလ်မှူးကြီးဗျူးမောင့်ဟာ စိန့်ထရိုပက်က အမျိုးသမီးတစ်ယောက်ကိုခေါ်ပြီး လှေငယ်ကလေးတစ်စင်းနဲ့ လှော်သွားကြောင်း၊ လှေရောလူရော ပျောက်နေတာ လေးဆယ့်ရှစ်နာရီ ကြာသွားပြီဖြစ်ကြောင်း၊ ပင်လယ်ထဲမှာလဲ မုန်တိုင်းကျနေကြောင်း ကောလာဟလသတင်းတွေကို ကျွန်တော်တို့ လွှင့်ထားလိုက်ပါတယ်။ ထင်ထားတဲ့အတိုင်း သတင်းက ချက်ချင်းပြန့်သွားတယ်။ အားလုံးကလဲ ယုံကြည်ကြပါတယ်။ မနက်ဖြန်မှာ အဲဒီသတင်းကို ကျွန်တော့်အစ်ကိုက အထက်ကို အစီရင်ခံပါတော့မယ်။ သင်္ဘောဦးစီးမှူးအဖြစ်နဲ့ သူပဲ ပူးတွဲတာဝန်ယူရဖို့ သေချာသလောက်ပါပဲ ”

“ ဒါပေါ့လေ။ ဒီအတိုင်းဆိုရင် ဗျူးမောင့်သေသွားတာနဲ့ပတ်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြဿနာမပေါ်တော့ဘူးပေါ့။ ပင်လယ်ထဲမှာ မုန်တိုင်းထန်နေတဲ့အတွက် သဘာဝဘေးအန္တရာယ်ကြောင့် သေသွားတယ်ပေါ့။ ဒီဇာတ်လမ်းကို ဘယ်သူကမှ စုံစမ်းနေတော့မှာမဟုတ်ဘူး ”

“ တကယ်ဖြစ်နေတာတွေက ဘာတွေလဲဆိုတာ ကျွန်တော့်ကိုရော ပြောပြနိုင်ပါ့မလား ” ဟု ဝေလနယ်သားက မေးသည်။

“ အသေးစိတ်ပြောပြနေရင် မင်းခေါင်းရှုပ်ရုံရှိမှာပါကွာ။ ဒါကြောင့် အခြေခံလောက်ပဲ ပြောမယ်။ ဗျူးမောင့်က နည်းနည်းကလေး အတင့်ရဲလာတယ်။ ခြေလွန်လက်လွန်တွေ လုပ်လာပြီ။ မမှန်တဲ့နေရာမှာ မမှန်တဲ့လူတွေက သူ့ကိုမြင်သွားကြပြီ။ ဒါကြောင့် ငါတို့ရဲ့ အလားအလာသိပ်ကောင်းနေတဲ့ ရေတပ်အရာရှိကြီးဟာ အိုဒက်ဇာတွေနဲ့ အဆက်အသွယ်လုပ်နေတယ်လို့ ခန့်မှန်းနေကြပြီ ”

ထိုစကားကြောင့် ဝေလနယ်သား၏ မျက်နှာပေါ်တွင် ဒေါသရောင် ချက်ချင်းပေါ်လာသည်။

“ ဒါဟာ အန္တရာယ်ပဲ. . . အတော်မိုက်မဲတဲ့ သတ္တဝါ. . . တောက်” ဟုလည်း ပြောရင်း တောက်ခေါက်သည်။

“ နောက်တစ်ခု မင်းကိုပြောပြစရာရှိသေးတယ်။ အခုငါတို့ အချိန်ကျပြီ ”

တင်နီဆန်၏စကားကြောင့် ဝေလနယ်သား ခေါင်းထောင်သွားပြန်သည်။

“ ဒီလိုဆိုရင် အားလုံး ဖြစ်လာပြီပေါ့ ”

“ နှစ်ပတ်အတွင်း ဖြစ်မယ်လို့ ငါထင်တယ် ”

“ ကျွန်တော်ဖြင့် မယုံကြည်နိုင်အောင်တောင် ဖြစ်သွားမိတယ်ဗျာ”

“ ဘာကြောင့် မယုံကြည်နိုင်အောင်ဖြစ်ရတာလဲ။ အားလုံး ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဖြစ်မှာပဲ။ ကြေးနန်းတွေ ထွက်သွားမယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာတကာကို ရောက်သွားမယ် ”

“ တစ်ကမ္ဘာလုံးက နေရာတကာ. . . ”

တင်နီဆန်၏စကားကို ဝေလနယ်သားက လိုက်ရွတ်ကြည့်နေသည်။

“ လျှို့ဝှက်စကားလုံးက ဝံပုလွေ ”

“ ဝံပုလွေ. . . ဘုရားရေ. . . အားလုံးရောက်လာပြီပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာရှိနေပြီ။ ခရိုင်ခေါင်းဆောင်တွေအားလုံးရဲ့ နောက်ဆုံးစာရင်း အပြည့်အစုံ၊ မိတ္တူပွားမရှိဘူး။ တစ်စောင်ပဲရှိတယ်။ မိုက်ကရိုဖလင်နဲ့ကူးထားတာ။ နိုင်ငံတိုင်း မြို့တိုင်းမှာရှိနေတဲ့ သူတို့စာရင်း . . . သူတို့အကြောင်း . . . သူတို့လိပ်စာ. . . သူတို့တာဝန်ယူနေကြရတဲ့ နိုင်ငံရေးတာဝန်. . . သူတို့ရထားတဲ့ နိုင်ငံရေးအဆက်အသွယ်. . . အားလုံး သံမဏိဗူးထဲမှာရှိတယ်။ မင်းခဏသိမ်းထား။ ဒီနေ့ကစပြီး တစ်ပတ်တိတိပြည့်တဲ့နေ့ . . . ဗုဒ္ဓဟူးနေ့မှာ ငါ့ဆီကိုပြန်ယူလာပေး . . . ကက်စင်တန်မှာရှိတဲ့ ငါ့အိမ်အပြင်ဘက်မှာတွေ့မယ်။ ညရှစ်နာရီတိတိ "

" ဒီနေ့ကစပြီး တစ်ပတ်တိတိပြည့်တဲ့နေ့ . . . ဗုဒ္ဓဟူးနေ့ . . . ညရှစ်နာရီတိတိ. . . သံမဏိဗူးပြန်ယူလာပေးရမယ် "

ဝေလနယ်သားက မှတ်မိစေရန် အသံထွက်ပြီ ပြန်ရွတ်ကြည့်နေသည်။

" ကောင်းပါပြီခင်ဗျာ. . . ဩော်. . . အခုတော့ ရည်မှန်းချက်ကြီး တကယ် အကောင်အထည်ပေါ်လာတော့မှာကိုး "

" မပြောပလောက်တဲ့ အခက်အခဲကလေးတစ်ခုတော့ ကြုံနေရတယ် ပေါ့ကွာ။ ဒါပေမယ့် တို့ကျော်လွှားနိုင်မှာပါပဲ "

" ကျွန်တော် ကူညီနိုင်ပါသလားခင်ဗျာ။ ဘာမဆို ကျွန်တော် လုပ်ပါ့မယ် "

" မင်းလုပ်မယ်ဆိုတာ ငါသိပါတယ် အီယန်. . . မင်းဟာ အတော်ဆုံးလူတွေထဲမှာ တစ်ယောက်အပါအဝင်ပဲ။ နောက်အပတ်ကျတော့ ငါပြောမယ်"

" ကောင်းပါပြီခင်ဗျာ။ ကြိုက်တဲ့တာဝန်ပေးပါ "

တင်နီဆန်က ကားကိုအရှိန်သတ်ပြီး လမ်းဘေးမှာ ရပ်ပေးသည်။

" မင်းကို မြို့ထဲအထိ လိုက်ပို့ပေးဖို့တော့ ကောင်းတယ်။ ဒါပေမယ့် ငါ့ မာဂိတ်ဘက်ကို သွားမှာဆိုတော့ တစ်လမ်းစီဖြစ်နေတယ်။ ဟိုကိုလဲ အမြန်ဆုံးရောက်ဖို့ လိုနေတယ် "

" ကျွန်တော့်အတွက် မပူပါနဲ့ခင်ဗျာ။ ခင်ဗျားမှာ တာဝန်ကကြီး အလုပ်တွေကလဲများဆိုတော့ ကျွန်တော့်အတွက် အနှောင့်အယှက်ဖြစ်နေပါ့မယ် "

တင်နီဆန်က ပြုံးသည်။

" ကျေးဇူးတင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒီနေရာမှာပဲ ကျွန်တော့်ကို ချထားခဲ့ပါ။ တက္ကဆီတစ်စီးငှားပြီး မြို့ထဲကို ကျွန်တော်ပြန်ပါ့မယ်။ မာဂိတ်မှာလဲ ကျွန်တော်တို့လူတွေ ရှိနေတယ်ဆိုတာ ကျွန်တော် လုံးလုံးမသိခဲ့ဘူး ခင်ဗျာ "

" တို့လူတွေ နေရာတိုင်းမှာ ရှိတယ်လေကွာ။ နေရာတကာမှာ ရှိနေတယ် " ဟု ပြောရင်း တင်နီဆန်က ကားရပ်ပေးလိုက်လေသည်။

\+ \+ \+

ပို့စ်မောက်သို့ မော်တော်ကား ဆက်မောင်းလာရင်း တင်နီဆန်က လက်ပတ်နာရီကို မြှောက်ကြည့်သည်။

သည်အတိုင်းဆိုလျှင်တော့ သူ့အစ်မ ဂရက်ချန်၏နေအိမ်သို့ ရှစ်နာရီမထိုးမီ ရောက်သွားပေမည်။ ဂရက်ချန်က သူကိုးနာရီလောက်မှ ရောက်မည်ဟု ထင်နေပေလိမ့်မည်။ စောစောရောက်ပြီး စောစောအလုပ်ပြီးစီးဖို့သာ အရေးကြီးနေသည်။

တစ်ခုပဲရှိသည်။ သူရောက်သွားသည့်အချိန်တွင် ဂရက်ချန်၏အိမ်မှာ ဧည့်သည်ရှိမနေဖို့ပင်။

ဂရက်ချန်အကြောင်းကို စဉ်းစားရင်း သူတို့လုပ်ငန်းစဉ်ကြီးတစ်ခုကိုပါ ပြန်လည်သုံးသပ်နေမိသည်။

ဂျီနီဗာလုပ်ငန်းစဉ်ကို နှောင့်ယှက်လာသူမှန်သမျှကို ပြီးပြတ်အောင် ရှင်းပစ်ရပေမည်။ မည်သည့်နည်းနှင့်မှ ဂျီနီဗာလုပ်ငန်းစဉ်ကို အထိခိုက်မခံနိုင်။

ယင်းသို့သော အနှောင့်အယှက်များထဲတွင် ဂရက်ချန်တစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။

ဂရက်ချန်သိထားသည့်အကြောင်းအရာများမှာ များပြားလွန်းနေသည်။ လိုအပ်သည်ထက် ပိုမိုများပြားနေသည်။

သူတို့လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နာခရိုက်တင်းဒိုက် မသိသော အချက်သုံးချက်ရှိသည်။

ပထမအချက်မှာ သူတို့သတ်မှတ်ထားသည့်အချိန်ဖြစ်သည်။ ဒုတိယအချက်မှာ သန်းပေါင်းများစွာသော ငွေများကို မည်သည့်နည်းဖြင့် ခွဲဝေသုံးစွဲမည်နည်းဆိုသည့်အချက်ဖြစ်ပြီး တတိယအချက်မှာ တစ်ကမ္ဘာလုံးတွင် ဖြန့်ထားသော သူတို့လူစာရင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရက်ချန်က သူတို့သတ်မှတ်ထားသည့် အချိန်ကိုသိသည်။ ငွေတွေကို မည်နည်းမည်ပုံခွဲဝေသုံးစွဲမည်ဆိုသည့်အကြောင်းကို သိသည်။ မိမိတို့၏ လူစာရင်းများကို မည်သို့ရှာဖွေလျှင် ရမည်ဆိုသည့်အကြောင်းကိုလည်းသိသည်။

ထို့ကြောင့် သူသိထားသည့်အချက်များက များပြားလွန်းနေသည်။

ဆူးငြောင့်ခလုတ်ဖြစ်လာပြီဆိုလျှင် အန္တရာယ်ကြီးကြီးမားမား မပေးမီက ရှင်းလိုက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်လေသည်။

အရေးကြီးသော ထိုအချက်သုံးချက်ကို မည်သူကိုမှ သိခွင့်မပေးနိုင်။ ကက်စလာနှင့် နိုဝယ်ဟိုးလ်ခရော့ဖ်တ်တို့ကိုလည်း အသိမပေးနိုင်။ ကမ္ဘာပေါ်တွင် အသက်ရှင်နေသည့် မည်သူ့ကိုမျှ အသိမပေးနိုင်။

စာရင်းများထည့်ထားသော ချိတ်ပိတ်သံမဏိဗူးကို ယာယီသိမ်းဆည်းပေးထားရသူ ဝေလနယ်သား အီယန်ကိုလည်း သံမဏိဗူး လွှဲပြောင်းရယူပြီးသည်နှင့် တစ်ပြိုင်တည်း နှုတ်ပိတ်ရမည်ဖြစ်သည်။

'မျိုးဆက်'များ စာရင်းကို ထိုဗူးထဲမှာ ထည့်ထားသည်။ မည်သူသည် မည်သည့်တိုင်းပြည်တွင် မည်သည့်နာမည်ဖြင့် မည်သည့်အလုပ်လုပ်နေသည်ဆိုခြင်းကို ထိုစာရင်းတစ်ခုတည်းကသာလျှင် ဖော်ပြနိုင်သည်။

တစ်ကမ္ဘာလုံးတွင် သူတို့ဖြန့်ထားသောလူတွေက ထောင်ပေါင်းများစွာရှိလေရာ မည်သည့်နည်းနှင့်မျှ စိတ်နှင့်မှတ်၍ မရနိုင်ချေ။

သူတို့သတ်မှတ်ထားသည့်အချိန်သို့ ကျရောက်သည်နှင့်တစ်ပြိုင်တည်း ဂျီနီဗာဘဏ်တိုက်ထဲမှ ငွေများကို အသုံးပြုပြီး တစ်ကမ္ဘာလုံးမှာရှိနေသော မျိုးဆက်များဖြင့် စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီးကို ဖန်ဆင်းတည်ထောင်ရမည် ဖြစ်သည်။

ဂရက်ချန်တို့၏ အိမ်ထဲသို့ ကားမောင်းဝင်လာခဲ့သည်။ ဂရက်ချန်က ဝမ်းသာအားရ ဆီးကြိုသည်။

" တို့မောင်နှမနှစ်ယောက် မတွေ့ရတာလဲ အချိန်ကိုမနည်းတော့ဘူး " ဟု ပြောရင်း ဧည့်ခန်းသို့ ခေါ်သွားသည်။

" ကျွန်တော် အေးအေးဆေးဆေးနေမှာပါ။ မနက်ခြောက်နာရီလောက်မှ ဒီကနေ ဟိသရိုးလေဆိပ်ကို တိုက်ရိုက်သွားမယ်။ အဲဒီကနေတဆင့် ပါရီမြို့ကို သွားမယ်။ ဒါကြောင့် ပထမဆုံး ကျွန်တော်တို့ကိစ္စကလေးတွေ ရှင်းသွားအောင် အလျှင်ဆုံးစကားပြောကြရအောင် "



www.burmeseclassic.com

www.burmeseclassic.com



တင်နီဆန်က ကုလားထိုင်မှာ ဝင်ထိုင်ရင်း ရှင်းပြသည်။ ပြီးတော့ သူကပင် တစ်ဆက်တည်း မေးခွန်းထုတ်လေသည်။

" အမေရိကန်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို အသေးစိတ် ပြောမပြရသေးဘူး။ ဒီအိမ်မှာ ခင်ဗျားကို နိုဝယ်ဟိုးလ်ခရော့ဖ်တ်မြင်တော့ နယူးယောက်မြို့တုန်းက သူနဲ့မျက်နှာချင်းဆိုင် အဆောက်အအုံထဲက အိမ်ခန်း တစ်ခန်းမှာ သူမြင်ခဲ့ရတဲ့ ရွှေရောင်ဆံပင်နဲ့မိန်းမဟာ ခင်ဗျားပဲဆိုတာ သူလုံးလုံး မသိပါဘူးနော် "

" လုံးလုံး မရိပ်မိပါဘူး။ သူနဲ့ မျက်နှာချင်းဆိုင်အိမ်က သေသွားတဲ့ မိန်းမက စီးကရက် သိပ်သောက်တယ်။ မမက သူ့ရှေ့မှာ တစ်လိပ်မှာ သောက် မပြလိုက်ဘူးလေ။ နောက်ပြီးတော့ မမ ဘယ်ကိုမှခရီးမသွားဘဲနေတာကြာလှပြီ လို့လဲ ပြောလိုက်သေးတယ်။ သူက စစ်လားဆေးလား လုပ်လာရင်လဲ မမမှာ ပြစရာ အထောက်အထားတွေ ရှိပါတယ် "

" ဒီအတိုင်းဆိုရင် ဒီအိမ်က သူပြန်သွားတဲ့အချိန်အထိ ခင်ဗျားဟာ နယူးယောက်က အိမ်ခန်းတစ်ခုရဲ့ခန်းဆီးနောက်ကွယ်မှာ သူတွေ့ခဲ့ရတဲ့ အမျိုးသမီးနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူးလို့ပဲ နားလည်သွားတယ်ပေါ့ "

" မသိပါဘူး။ နောက်ပြီးတော့ ဒီအိမ်ကနေ လူရိုးရိုးပြန်သွားတာ မဟုတ်ပါဘူး။ ဟား . . . ဟား . . . ကြောက်အားလန့်အားနဲ့ထွက်ပြေးသွား တာ။ မင်းနဲ့ မမနဲ့ ကြိုပြီး စီစဉ်ထားတဲ့အတိုင်း လုပ်လိုက်တယ်လေ။ ဘယ်လောက် ကြောက်သွားမယ်ဆိုတာတော့ စဉ်းစားသာကြည့်ပေတော့။ ဗျူးမောင့်ရဲ့ ဓာတ်ပုံ ကိုလဲ သူယူသွားတယ်။ အဲဒါကတော့ မမတို့ စီစဉ်ထားတာမဟုတ်ဘူး။ မတော်တဆ ဖြစ်သွားတာ။ ဓာတ်ပုံကိုတော့ မင်း ပြန်ရပြီးရောပေါ့နော်။ ရပြီးပြီ လို့ ထင်တယ် "

" ပြန်ရပြီးပြီပါ " ဟု ဖြေရင်း တင်နီဆန်က ခေါင်းညိတ်ပြသည်။

" နိုဝယ်နဲ့တွေ့ရင် မင်းဘာတွေပြောမယ် စိတ်ကူးထားသလဲ "

" ဗျူးမောင့်ဟာ အိုဒက်ဇာပဲလို့ ယုံနေတယ်။ အဲဒီအတိုင်းယုံအောင် ကျွန်တော်ပဲ ဖန်တီးပေးထားတာလေ။ ဘရာဇီးလ်နိုင်ငံက မောရစ်ဂရပ်ဖ်ဟာလဲ အိုဒက်ဇာဖြစ်တယ်လို့ယုံအောင် ဖန်တီးထားတယ်။ ဂရပ်ဖ်ရဲ့ဘေးရန်ကို ကြောက်လို့ ကျွန်တော်တို့အားလုံး ဘရာဇီးလ်နိုင်ငံထဲက ထွက်ပြေးလာကြရ တယ်လို့ ယုံအောင်လုပ်ထားတယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သတ်ခဲ့တယ်ဆိုတာကလွဲပြီး တခြားဘာမှသူမသိဘူး။ အဲဒီကိစ္စအတွက် သူအကြီးအကျယ် စိတ်ပူနေတယ်။ ဒါကလဲ အရေးမကြီးပါဘူး။ ကျွန်တော်တို့ ကျော်လွှားလို့ရပါတယ်။ အရေးကြီးတာက သူအမြဲတမ်း တုန်လှုပ်ချောက်ချားနေဖို့ပဲ။ အန္တရာယ်ပေါင်းစုံ ငါ့ကို ဝိုင်းနေပါလားဆိုတာ သူ့စိတ်ထဲမှာ အမြဲရှိနေဖို့ပဲ ”

“ မင်း စိတ်ကူးတွေက ကောင်းလိုက်တာကွယ်။ လုပ်ပုံကိုင်ပုံတွေကလဲ သိပ်ကိုပိရိတာပဲ ”

“ နောက်ပြီးတော့ ကျွန်တော်ဟာ ဂျီနီဗာက ငွေတွေကို သူတို့နဲ့အတူတူ တာဝန်ယူထုတ်ယူဖို့ အရည်အချင်းရှိသူဖြစ်ကြောင်း သူယုံကြည်အောင်လဲ စီစဉ်ထားတယ်။ ဒီလိုမှမဟုတ်ရင် ကျွန်တော့်ကို သူလက်ခံမှာမဟုတ်ဘူး။ ကျွန်တော်ဟာ ခြောက်ပစ်ကင်းသဲလဲစင်ဖြစ်ကြောင်း သူယုံကြည်မှ ဖြစ်မှာ။ ဟယ်လ်ဒင်နဲ့ကျွန်တော်တွေ့ပြီးရင် ဘာဆက်လုပ်ရမယ်ဆိုတာ ပိုပြီး ထင်ရှားလာမှာပါ ”

“ ဒီလိုဆိုရင် နိုဝယ်နဲ့မတွေ့ခင် ဟယ်လ်ဒင်ကို မင်းတွေ့မှာပေါ့ ”

“ ဟုတ်တယ်။ ဖုန်းလှမ်းဆက်ပြီး သူနဲ့ချက်ချင်းတွေ့ချင်တဲ့အကြောင်း ပြောရမယ်။ ဆုံးဖြတ်ချက်တစ်ခုခုချဖို့အတွက် ကျွန်တော်ဟာလဲ ချောက်ချားတတ်တဲ့လူ ဖြစ်ကြောင်း သူ ထင်ယောင်ထင်မှား ဖြစ်သွားရမယ် ”

“ ကောင်းလိုက်တဲ့အစီအစဉ်ကွယ်။ သူကလဲ တတိယဂျာမနီနိုင်ငံတော်ကြီးလက်ထပ်မှာ လူဖြစ်ခဲ့တာ မဟုတ်တော့ အတွေ့အကြုံက နည်းနေတယ် မဟုတ်လား ”

ထိုစကားကြောင့် တင်နီဆန်က ရယ်သည်။

“ ဟား . . . ဟား . . . ဟား . . . သူအခု အတွေ့အကြုံတွေ ဆည်းပူးနေပါပြီဗျာ။ ဘယ်သူ့ဆီမှာ ဆည်းပူးနေတယ် ထင်သလဲ။ ဂီလာန အဘိုးကြီး ဟာအိုးဘတ်စ်ဆီမှာလေဗျာ။အဘိုးကြီးအိမ်မှာ အဘိုးကြီးနဲ့အတူတူ သွားနေတယ်။ အဘိုးကြီးကို ခြေဆုပ်လက်နယ်ပြုစုရင်း ပညာယူနေလေရဲ့။ ညနေတိုင်း ကားနှစ်တန်ပြောင်းစီးပြီး သွားတယ်။ ရာခါနဲ့အိုဒက်ဇာတွေ ခြေရာမခံမိအောင် လမ်းစဖျောက်နေတာလေ ”

“ ဒီကောင်မလေး ဒါလောက်မိုက်မဲတာတော့ မဟုတ်ဘူးနော်။ ဘဏ်တိုက်က ငွေတွေထုတ်ပြီးရင် သူ့ကိုလဲ တစ်နည်းနည်းနဲ့ အသုံးချဖို့ စဉ်းစားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒါကြောင့် ဒီကြားထဲမှာ ဟိုကောင်တွေရဲ့လက်ချက်နဲ့ အသက်ပါမသွားဖို့ အရေးကြီးတယ် ”

“ အသက်ပါမသွားဖို့ဆိုလို့ နိုဝယ် ဒီရောက်လာတုန်းက ပီတာဘော်လ်ဒွင်အကြောင်း ဘာပြောသွားသေးသလဲ ”

“ ဘာမှမပြောဘူး။ မမဘက်က စီစဉ်ထားတဲ့အတိုင်း အကွက်ဝင်အောင် လုပ်နေတော့ သူလဲ ပြောချိန်မရတော့ပါဘူး။ အိမ်ထောင်ရေးကြောင့် မမစိတ်မချမ်းမသာ ဖြစ်နေရကြောင်း ပြောပြလိုက်တယ်။ ဒါကြောင့် စိတ်ဆင်းရဲနေတဲ့ အမျိုးသမီးကို ဂျီနီဗာအစီအစဉ်နဲ့ပတ်သက်တဲ့ အခက်အခဲတွေပြောပြရင် ပိုပြီးအန္တရာယ်အယှက်ဖြစ်မယ်လို့ သူထင်သွားပုံရတယ် ”

တင်နီဆန်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူတို့စီစဉ်ထားသည်များအားလုံး တိတိကျကျနှင့် ချောချောမောမောဖြစ်သွားကြောင်း သဘောပေါက်သဖြင့် စိတ်သက်သာရာရသွားလေသည်။

“ ကျွန်တော့်အကြောင်းကိုပြောပြတော့ သူ့ရဲ့တုံ့ပြန်ပုံက ဘယ်လိုရှိသလဲ ”

“ အဲဒီနေရာမှာလဲ သူဘာမှမတုံ့ပြန်နိုင်အောင် မမ လုပ်ထားတယ်။ ရိုးရိုးလေးပဲ ပြောပြလိုက်တယ်လေ။ ဗွန်တိုင်းဘိုလ်တ်မိသားစုရဲ့ကိစ္စအဝဝကို မင်းကပဲ ကိုင်တွယ်ဖြေရှင်းပါတယ်လို့ . . . ဒါထက် ဘော်လ်ဒွင်က နယူးယောက်မှာ ဘာကြောင့်သူ့ကို ကန့်ကွက်ရတာလဲ။ မင်းများသိမလား ”

“ ကျွန်တော်လဲ အစကလေးတွေ ဆက်စပ်ယူပြီး စဉ်းစားကြည့်ရတာပဲ။ ဘော်လ်ဒွင်ဟာ သူရတဲ့သတင်းတွေကို တဆင့်ပြန်ရောင်းစားနေတယ်လို့ အဆိုရှိတယ်။ အဲဒါကို သူတို့ထောက်လှမ်းရေးအဖွဲ့က သိသွားတယ်။ ဒါကြောင့် သူ့ကို အလုပ်ကထုတ်ပစ်လိုက်တယ်။ ဥပဒေချိုးဖောက်မှုနဲ့တော့ တရားမစွဲပါဘူး။ ဘာကြောင့်လဲဆိုတော့ နှစ်ဘက်လှလုပ်နေတယ်ဆိုတာကို အတိအကျဖော်ထုတ်မပြနိုင်ဘူးလေ။ အင်္ဂလိပ်တွေရဲ့ ဥရောပအဆက်အသွယ်တွေအားလုံးကိုလဲ သူ သိထားတယ်။ ဒါကြောင့် သူ့ကို တရားစွဲလိုက်ရင် သူတို့အဆက်အသွယ်တွေပါ ပေါ်ကုန်မှာစိုးလို့ မစွဲတာလဲဖြစ်မယ် ”

“ အဲဒီတော့ သူက ဘာကြောင့် နိုဝယ်ကို တားရတာလဲ ”

“ သူဟာ သိပ်တော်တယ်။ ဥရောပတိုက်မှာ သူတာဝန်ကျနေတုန်းက သူထောက်လှမ်ခဲ့တဲ့ အမှုအခင်းတွေ အများကြီးပဲ။ အဲဒီလိုစုံစမ်းရင်း ဟိန်းနရစ်



www.burmeseclassic.com

www.burmeseclassic.com



ကလော်ဆင် အကြောင်းကိုပါ သူကြားသွားနိုင်တယ်။ ဟိန်းနရစ်ကလော်ဆင်ဟာ ဟစ်တလာရဲ့ တတိယဂျာမနီနိုင်ငံတော်ကြီးမှာ အတော်ဆုံးစီးပွားရေးပါရဂူဆိုတာကို သိသွားနိုင်တယ်။ ဒီလိုသိသွားပြီဆိုရင် ဘော်လ်ဒွင်လို စုံထောက်ကောင်းတစ်ယောက်ဟာ ရေဆုံးရေဖျား လိုက်တော့မှာသေချာတယ်"

" ဟိုတုန်းကငွေတွေ သယ်ပို့ပေးနေခဲ့တဲ့ မှတ်တမ်းတွေကိုများ သူရှာတွေ့သွားသလား မသိဘူးနော် "

" တွေ့တယ်။ ဟိုတုန်းက ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ဆက်သွယ်ခဲ့သမျှတွေကို သူလိုက်စုံစမ်းတော့တာပဲ။ အဲဒီလို စုံစမ်းရင်း မင်ဖရက်ဒီရဲ့နာမည်ကိုပါ သွားတွေ့တယ်။ ဒါကြောင့် မင်ဖရက်ဒီဆီမှာ ဆက်စုံစမ်းပြန်တယ်။ ဒီလိုစုံစမ်းတော့ မင်ဖရက်ဒီက နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို အဆက်အသွယ်လုပ်နေတာ တွေ့သွားတယ်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို စုံစမ်းရင်း သူ့အမေ ဘယ်သူလဲ ဆိုတာ သိသွားတော့တယ် "

" သူ့အမေက မင်ဖရက်ဒီရဲ့ မဟာဗျူဟာပဲ မဟုတ်လား " ဟု ဂရက်ချန်က ကြားဖြတ်မေးသည်။

" စောစောပိုင်းကတည်းက သူစီစဉ်ခဲ့တာ။ သူ့ရဲ့ မဟာဗျူဟာအဖြစ် ဖန်တီးထားခဲ့တာ။ အယ်လ်သိန်းကလော်ဆင်ဟာ ဂျာမနီနိုင်ငံထဲက ထွက်ခွာသွားသင့်ကြောင်း ကလော်ဆင်ကို ယုံအောင် သူပြောနိုင်ခဲ့တယ်။ အယ်လ်သိန်းမှာ ပိုက်ဆံရှိတယ်။ ပိုက်ဆံရှိတဲ့အသိုင်းအဝိုင်းထဲကို အသာကလေးရောဝင်သွားနိုင်တယ်။ အမေရိကမှာထားရင် အယ်လ်သိန်းဟာ သူတို့အားလုံးအတွက် သိပ်ကို အသုံးဝင်နိုင်မယ်ဆိုတာလဲ သူတို့သဘောပေါက်ပြီး ဖြစ်နေကြပြီ။ နောက်ဆုံးကျတော့ အယ်လ်သိန်းကလဲ ဒါကိုလက်ခံလိုက်တယ်။ ဒါကြောင့် သူဟာ မင်ဖရက်ဒီရဲ့ မဟာဗျူဟာပဲ "

" ဒါကို ဘော်လ်ဒွင် ဘာကြောင့် သိသွားရတာလဲ "

" ဘော်လ်ဒွင်က သတင်းလိုချင်တယ်။ မင်ဖရက်ဒီက အာဏာလိုချင်တယ်။ ဘဏ်တိုက်က ငွေတွေထုတ်ပြီး ဖူးရစ်မှာ ဧဂျင်စီဖွင့်ရင် သူက အစစအရာရာကြိုးကိုင်ချင်တယ်။ သူ့ကို လူတွေသိလာမယ်။ ကုသိုလ်ရေးလုပ်ငန်းတွေလုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်အနေနဲ့ သူနာမည်ကြီးလာမယ်။ သူလိုချင်တာက ဒါပဲ။ ဒါကြောင့် ကျွန်တော်တို့ သူ့ကို အပြတ်ရှင်းပစ်လိုက်ရတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဒီအကြောင်းတွေကို ဘော်လ်ဒွင် ဘယ်လောက်အထိသိသွားသလဲ"

" ကျွန်တော်တို့ ဘယ်နည်းနဲ့မှ သိနိုင်တော့မှာ မဟုတ်ဘူး။ ဒါပေမယ့် တော်တော်များများ သူသိသွားတယ်လို့ထင်တယ်။ ကျွန်တော်ရှိနေရင် မင်ဖရက်ဒီ လုပ်ချင်တာလုပ်လို့ မရဘူး။ နီဝယ်ကို သူကြိုးကိုင်ချင်သလို ကိုင်လို့မရဘူး။ ကျွန်တော်မရှိမှ သူတို့ကြိုက်သလို ကြိုးကိုင်မယ်လို့ မင်ဖရက်ဒီက စိတ်ကူးထားတယ်။ ဒါကို ဘော်လ်ဒွင်က ဝိုင်းဝန်းပြီး အကောင်အထည်ဖော်ပေးတာပဲ။ အချိန်ဆွဲတဲ့အနေနဲ့ နီဝယ်ကို ဖမ်းထားတာ။ ပီတာဘော်လ်ဒွင်ကို ခင်ဗျား ယောက်ျား လုပ်ကြံတဲ့အချိန်က ခင်ဗျားယောက်ျားအဖမ်းခံရမယ်ဆိုရင် ပြဿနာတွေက ပိုရှုပ်သွားနိုင်တယ် "

" သတိရတုန်း ပြောရဦးမယ်။ မောရစ်ဂရပ်ဖ်ဆီက လျှို့ဝှက်အကြောင်းကြားချက်တစ်ခု ရောက်လာတယ်။ အဘိုးကြီး ဒေါသူပုန်ထနေပြန်ပြီ။ သူ့ကိုဘာမှ အကြောင်းမကြားကြလို့တဲ့ "

" သူငယ်ပြန်ပြီဆိုတာပြတာပေါ့ဗျာ။ သူလဲသူ့ရည်မှန်းချက်တွေအတွက် လုပ်နေတာပဲ။ ဒါပေမယ့် အသက်ကကြီးလာတော့ မပိမရိတွေဖြစ်လာပြီ။ အဖုံးအဖိတွေ မတိကျတော့ဘူး။ သူ့ဘဝအဆုံးသတ်ဖို့ အချိန်ကနေပြီ"

" ဘာလဲ. . . မင်း အမိန့်ပေးတော့မလို့လား "

" မနက်ဖြန် မနက်ကျရင် အကြောင်းကြားလိုက်တော့မယ်။ အိုဒက်ဇာ ခေါင်းဆောင်ကြီးတစ်ယောက် သွားပြန်ပြီပေါ့ဗျာ။ ကျွန်တော်လုပ်တာကိုင်တာတွေ ပိရိသေသပ်အောင် ကောင်းကောင်း သင်တန်းပေးခဲ့တာ သူပဲလေ။ အခုတော့ သူ့နည်းတွေကိုပဲ သူ့အတွက် ပြန်သုံးရတော့မှာပေါ့။ ကဲ. . . ကျွန်တော်တို့ ပြောစရာတွေကတော့ ဒါပါပဲ "

\+ \+ \+

လမ်းတွေက ရှုပ်ပွနေသည်။ သစ်တောထဲမှာဖြစ်နေသောကြောင့် ပိုပြီးအမှတ်ရခက်ခဲနေသည်။

သို့သော်လည်း တင်နီဆန်အဖို့တော့ အခက်အခဲလုံးဝမရှိပါ။ ဟာအိုးဘတ်စ် ပုန်းအောင်းနေသော အိမ်ကလေးသို့ သွားရာလမ်းကို သူကောင်းကောင်းကြီး သိပါသည်။

သစ္စာဖောက်ကြီး ဟာအိုးဘတ်စ်သည် အမှန်တော့ ဟာအိုးဘတ်စ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကာနယ်မဟုတ်။ ဂျင်နရယ်ကြီးတစ်ဦးဖြစ်သည်။ နာမည်ရင်းမှာ ဂျင်နရယ် ကလော့စ်ဖော်လ်ကင်ဟိမ်း ဖြစ်သည်။ ခေါင်းဆောင်ကြီး ဟစ်တလာ ကိုယ်တိုင်ယုံကြည်အားကိုးခြင်း ခံခဲ့ရသူ ဖြစ်သည်။ စစ်တပ်တွင် သူ့အဆင့်က နံပါတ် ၄ ဖြစ်သည်။

ထိုသို့သော အဆင့်ရှိသူတစ်ဦးကိုယ်တိုင်က တတိယမြောက်အမိဂျာမနီနိုင်ငံတော်ကြီးကို ပြန်လည်သစ္စာဖောက်ခဲ့သည်။

ပြီးတော့ ပြင်သစ်နိုင်ငံရှိ တောထဲမှာ လာရောက်ပုန်းအောင်းနေသည်။ နောက်ထပ် မျိုးဆက်သစ်ကလေးများကို ထူထောင်နေသည်။

ထိုမျိုးဆက်ကလေးများကို စည်းရုံးရာတွင် ဟယ်လ်ဒင်တို့လည်း ပါဝင်သွားလေသည်။

ယခုကိစ္စတွင် သူ့ကို ဟယ်လ်ဒင်က မည်သည့်အတိုင်းအတာအထိ ကူညီလေမည်နည်းဟု သူတွေးကြည့်ခဲ့မိသည်။

ဟယ်လ်ဒင်ကိုဖုန်းဆက်ပြီး ဟာအိုးဘတ်စ်နှင့်တွေ့လိုကြောင်း ပြောခဲ့သည်။ ဟယ်လ်ဒင်သည် ဟာအိုးဘတ်စ်နှင့်အတူ တောတွင်းတစ်နေရာမှာ လျှို့ဝှက်နေကြသည်ကို မိမိသိကြောင်း၊ ထိုနေရာကိုလည်းသိကြောင်း ပြောပြခဲ့သည်။

ရုတ်တရက်တော့ ဟယ်လ်ဒင်က အင်တင်တင်လုပ်နေသေးသည်။

“ ငါဟာ သတင်းစာဆရာတစ်ယောက်ပါ ဟယ်လ်ဒင် . . . ငါ့မှာ သိပ်ကိုအားကိုးရတဲ့ သတင်းပေးတွေ မရှိဘူးဆိုရင် ဒါလောက်နာမည်ကြီးတဲ့ သတင်းစာဆရာတစ်ယောက် ဖြစ်မနေဘူး ”

ဟယ်လ်ဒင် ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

“ ဒါကြောင့် နေ့ခင်းပိုင်း နိုဝယ်နဲ့မတွေ့ခင် ဟာအိုးဘတ်စ်နဲ့ ငါတွေ့ချင်တယ်။ မင်းနဲ့ ဟာအိုးဘတ်စ်ကို မတွေ့ရသေးပဲနဲ့တော့ ဟာအိုးဘတ်စ်က ပြောပြနိုင်မယ်လို့ ငါယုံကြည်ထားတယ် ” ဟု ဖုန်းနှင့် ပြောပြခဲ့ရသည်။

မြေလမ်းကလေးအဆုံးသို့ တင်နီဆန်ရောက်လာသည်။ ဟာအိုးဘတ်စ်၏အိမ်ကို လူသွားလမ်းကလေးမှာ မြင်နေရသည်။

အိမ်ဝမှာသွားရပ်လိုက်သည်နှင့်တစ်ပြိုင်တည်း အိမ်တံခါးကို ဟယ်လ်ဒင်က ဆီးကြိုဖွင့်ပေးသည်။

သူ့ညီမသည်လည်း သူ့အစ်မကဲ့သို့ပင် အလွန်တရာချောမောလှပ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သတိပြုမိလေသည်။ သူတို့နှစ်ယောက်မတွေ့သည်မှာ ကာလ အတန်ကြာမြင့်သွားချေပြီ။

အပြန်အလှန်နှုတ်ဆက်ပြီး ဟယ်လ်ဒင်ကပင် သူ့အစ်ကိုကို အိမ်ထဲသို့ ဦးဆောင်ခေါ်သွားသည်။ ဟာအိုးဘတ်စ်သည် မီးလင်းဖိုဘေးမှာ ထိုင်နေသည်။ ဟယ်လ်ဒင်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

" ကျွန်တော့်ဘဝတစ်လျှောက်လုံး ဒီအချိန်ကလေးဟာ ဂုဏ်ယူစရာအကောင်းဆုံး အချိန်လို့ ယူဆပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ဂျာမန်လူမျိုးတွေကို ပြုစုပျိုးထောင်ပေးနေတဲ့ ဂျင်နရယ်နဲ့ အခုလိုတွေ့ရတဲ့အတွက် ဝမ်းသာလို့လဲမဆုံးဖြစ်မိပါတယ်။ တကယ်လို့များ ကျွန်တော့်ကို ခိုင်းစရာရှိမယ်ဆိုရင် ဟယ်လ်ဒင်နဲ့သာ မှာလိုက်ပါ။ ဘယ်လိုအလုပ်မျိုးကိုမဆို ကျွန်တော် မဆိုင်းမတွ ဆောင်ရွက်ပေးပါ့မယ် "

တင်နီဆန်က လှိုက်လှဲသောလေသံနှင့် ပြောသည်။

" မောင်ရဲ့စိတ်ထား အန်မတန်မွန်မြတ်ပါပေတယ် ဟာဗွန်တိုင်းဘိုလ်တ် . . . ဒါပေမယ့် မောင့်ညီမပြောစကားအရ ကျုပ်သိထားရတာကတော့ ကျုပ်ဆီက မောင် တစ်ခုခုလိုချင်တယ်ဆိုတာပဲ။ ဘာများလဲဆိုတာ ဘယ်လိုမှ စဉ်းစားကြည့်လို့မရခဲ့ဘူး။ မောင့်ကို ကျုပ် ဘယ်လိုကူညီနိုင်မလဲဆိုတာ သိပါရစေ"

" ကျွန်တော့်ပြဿနာက အမေရိကန်လူမျိုး နိုဝယ်ဟိုးလ်ခရော့ဖ်တ်ရဲ့ ပြဿနာပါပဲ ခင်ဗျာ "

" ဘယ်လို သူ့ပြဿနာလဲ " ဟု ဟယ်လ်ဒင်က ဝင်မေးသည်။

" လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်တုန်းက အင်မတန်အံ့ချီးမကုန်နိုင်တဲ့ လုပ်ငန်းကြီးတစ်ခုကို လုပ်ခဲ့ကြပါတယ်။ ဒီလုပ်ငန်းကြီးကို လုပ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကတော့ သာမန်လူတွေထက်ပိုပြီး ထူးခြားတဲ့ပုဂ္ဂိုလ်သုံးယောက်ပဲ ဖြစ်ပါတယ်။ သူတို့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဟာ လူရူးတွေ လူမိုက်တွေ မှားခဲ့တဲ့အမှားကြီးတွေကို ပြန်လည်ပြင်ဆင်ဖို့ပါပဲ။ အဲဒီလုပ်ငန်းနဲ့ပတ်သက်ပြီး နိုဝယ်ဟိုးလ်ခရော့ဖ်တ် ဟာ အဓိက သော့ချက်ဖြစ်နေပါတယ်။ ငွေသန်းပေါင်းများစွာကို အသုံးချဖို့ကိစ္စမှာ သူဟာ အရေးကြီးဆုံးဖြစ်နေပါတယ်။ အခုဆိုရင် သူနဲ့တွေ့ဖို့ ကျွန်တော့်ကို ပြောနေပြီ။ သူနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော့်ကို ပြောနေပြီ "

တင်နီဆန်က စကားကို ရပ်လိုက်သည်။ ဘာဆက်ပြောရမည်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိယောင်ဆောင်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဟာအိုးဘတ်စ်ကို အကဲခတ်ကြည့်သည်။

" အဲဒီတော့ . . . "

ဟာအိုးဘတ်စ်က စကားထောက်ပေးရင်း ရှေ့သို့တိုးလာသည်။

" သူ့ကို ကျွန်တော် မယုံပါဘူးခင်ဗျာ။ သူဟာ နာဇီတွေနဲ့ချည်းလျှောက်တွေ့နေပါတယ်။ သူတွေ့နေတဲ့ လူတွေအားလုံးဟာ ဟယ်လ်ဒင်တို့ကျွန်တော်တို့ကို သတ်ဖို့ကြိုးစားနေကြတဲ့ လူတွေချည်းပါပဲ။ ဘရာဇီးလ်နိုင်ငံမှာရှိနေတဲ့ မောရစ်ဂရပ်ဖ်တို့လို လူမျိုးတွေနဲ့ လိုက်တွေ့နေပါတယ် "

" မောင် ဘာကိုဆိုလိုတာလဲ "

" မျိုးဆက်တွေဟာ ပြန်ပေါ်လာပါတယ်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ်ဟာ နာဇီဖြစ်နေပါတယ် ခင်ဗျာ "

ဟယ်လ်ဒင်၏မျက်နှာ အကြီးအကျယ်ပျက်သွားလေသည်။ ဘယ်လောက်တုန်လှုပ်ချောက်ချားသွားကြောင်း အထင်အရှားမြင်နိုင်လေသည်။

" ဒါမဖြစ်နိုင်တာပဲ ဂျိုဟန်း . . . အင်မတန်ကို ရှုးကြောင်ကြောင်နိုင်တဲ့ အတွေးအခေါ်ဖြစ်နေတယ် "

" ဟုတ်လား . . . ငါတော့ ဒီလိုမထင်ဘူး "

❖

နိုဝယ်သည် ဟယ်လ်ဒင်ထွက်သွားသည်အထိ စောင့်နေသည်။ ဟယ်လ်ဒင်ထွက်သွားတော့မှပင် နယူးယောက်မှာရှိနေသော စုံထောက်မိုင်းလ်စ်ကို ဖုန်းလှမ်းဆက်သည်။

" အော်ပရေတာ . . . လက်ဖတင်နင်မိုင်းလ်စ်ကို ဆက်ပေးစမ်းပါ။ မစ္စတာ ဖရက်စကာ ပြောနေတာပါ "

နိုဝယ်က အော်ပရေတာကို လှမ်းပြောသည်။

'ဖရက်စကာ'ဟူသော အမည်ဝှက်နှင့် ဟိုတယ်မှာတည်းနေသည်။

" ကျုပ်ထင်တယ် . . . အခု စကားပြောနေတာ ခင်ဗျားပဲမဟုတ်လား။ နိုင်ငံတကာပုလိပ်အဖွဲ့က ခင်ဗျားနဲ့ လာတွေ့သွားပြီလား "

ခဏကြာမှပင် တစ်ဘက်မှ လက်ဖတင်နင်မိုင်းလ်စ်၏အသံ ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

" ကျုပ်နဲ့ လာတွေ့ရမယ်. . . ဟုတ်လား. . . ကျုပ်ကို နောက်ယောင်ခံလိုက်နေတဲ့လူတွေ အများကြီးရှိနေတယ်။ အဲဒီလူတွေကို ဆိုလိုတာလား။ ဒါတွေဟာ ခင်ဗျားတာဝန်ပေးထားတာတွေလို့ ကျုပ်ထင်တယ် "

" သိပ်မှန်တာပေါ့ "

" ခင်ဗျား ကျုပ်ကို အချိန်နှစ်ပတ်ပေးထားတယ် မဟုတ်လား။ ခင်ဗျား ဘာအပေါက်တွေလျှောက်ချိုးနေတာလဲ "

နိုဝယ်က ဒေါသတကြီးနှင့် ဖုန်းထဲသို့ အော်ထည့်နေသည်။

" ခင်ဗျားကိုတွေ့ဖို့ ကြိုးစားနေတာပါဗျာ။ ခင်ဗျားသိသင့်တဲ့ သတင်းတစ်ခုပေးချင်လို့ ကြိုးစားနေတာပါဗျာ။ အဲဒီသတင်းက ခင်ဗျားအမေနဲ့ ဆိုင်ပါတယ် "

နိုဝယ် ဒေါသကြီးသော်လည်း မိုင်းလ်စ်က လေအေးကလေးနှင့် ပြန်ပြောသည်။

နိုဝယ်၏ရင်ထဲမှာ စစ်ကနဲ ဖြစ်သွားသည်။

" ကျွန်တော့်အမေ ဘာဖြစ်လို့လဲ "

" ခင်ဗျားအမေ ထွက်ပြေးသွားပြီလေ။ ဒါပေမယ့် သူ့ကိုတော့ ကျွန်တော် ချီးကျူးမိပါတယ်။ ခြေရာဖျောက်သွားတဲ့နေရာမှာ အင်မတန်တော်တာပဲ။ မက်ဆီကိုဘက်ကနေ လှည့်ထွက်သွားတယ်။ လစ္စဘွန်းကို သွားတယ်။ နာမည်အသစ်၊ နိုင်ငံကူးလက်မှတ်က အသစ်နဲ့ဗျာ။ ဒါပေမယ့် သူကံဆိုးသွားတာက အဲဒီနည်းတွေဟာ ခေတ်ကုန်နေပြီဆိုတာ သူမသိရှာဘူး။ အားလုံးရိုးနေပြီ။ ဒါမျိုးတွေ ကျုပ်တို့က သိပ်ကို အံ့တိုနေပြီ "

" ခင်ဗျားတို့ လိုက်နှောင့်ယှက်နေလို့ အခုလိုထွက်ပြေးရတာ ဖြစ်ချင်ဖြစ်မှာပေါ့ဗျ။ သူမနေနိုင်အောင် ခင်ဗျားတို့က ဘယ်လို နှောင့်ယှက်နေမှန်းမှ မသိတာ "

" မနှောင့်ယှက်ရပါဘူးဗျာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ခင်ဗျားအမေဟာ သူ့နောက်ကို လူတစ်ယောက်က သဲကြီးမဲကြီးလိုက်နေတယ်ဆိုတာကိုတော့ သိဖို့ကောင်းတာပေါ့။ မဟုတ်ဘူးလား "

" ခင်ဗျား ကျုပ်ကို ဘာစကားတွေ လာပြောနေတာလဲ "

" သူ့နောက်ကို လူတစ်ယောက်က သဲကြီးမဲကြီးလိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုင်ထားတဲ့သက်သေခံစာရွက်စာတမ်း အထောက်အထားတွေအားလုံး အတုတွေချည်းပဲ။ သူဘယ်သူလဲဆိုတာ ကျုပ်တို့ ဘယ်လိုမှ ခြေရာခံလို့ မရဘူး။ မက်ဆီကိုလေဆိပ်ထဲမှာ သူ့ကို ကျုပ် ဖမ်းမိတယ်။ သူ့ကို ဘယ်သူကမှ ဘာမှ မမေးရသေးခင် ဝှက်ယူလာတဲ့ အဆိပ်သောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားတယ် ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၉ )

သူတို့တွေ့ရမည့်နေရာကို ရွေးချယ်သတ်မှတ်လိုက်ကြသည်။ မောင့်မာထရာ ရှိ အဆောင်အအုံတစ်ခု၏ အပေါ်ဆုံးထပ်ပေါ်မှာဖြစ်သည်။ ပန်းချီဆရာတစ်ယောက်ပိုင်သော အခန်းဖြစ်သည်။

ဟယ်လ်ဒင်က နိုဝယ်ကို ဖုန်းဆက်ပြီး နေရာနှင့်အချိန်ကို ပြောပြသည်။ နိုဝယ်နှင့်ဂျိုဟန်းတို့နှစ်ယောက်ကို မိတ်ဆက်ပေးဖို့အတွက် သူလည်းရှိနေမည်။ သို့သော် မိတ်ဆက်ပေးပြီးလျှင် သူပြန်မည်ဟု ပြောသည်။

နိုဝယ်သည် နောက်ဆုံးလှေကားထစ်ကို တက်သွားပြီး တံခါးခေါက်လိုက်သည်။

အပြေးအလွှားလျှောက်လာသောခြေသံများကို ကြားလိုက်ရသည်။ တံခါးပွင့်သွားသည်။ ဟယ်လဒင်ကို မြင်လိုက်ရသည်။

" ဟယ်လို ဒါလင် . . . "

" ဟယ်လို ဟယ်လ်ဒင် . . . "

သူတို့နှုတ်ခမ်းချင်း ထိကပ်သွားကြသော်လည်း နိုဝယ်က ဟယ်လ်ဒင်၏ နောက်ကျောကိုကျော်ပြီး အတွင်းဘက်သို့ ကြည့်နေသည်။

" ဂျိုဟန်း အပြင်လသာဆောင်မှာ ရှိတယ်။ ဒီလိုတစ်ခါလောက်



www.burmeseclassic.com

www.burmeseclassic.com



နမ်းတာကိုတော့ ဘယ်အချိန်မျိုးမှာဖြစ်ဖြစ် သူခွင့်ပြုပါတယ်။ မောင့်ကို ကျွန်မ ဘယ်လောက်ချစ်ကြောင်းလဲ သူ့ကို ပြောပြလိုက်ပြီလေ ”

“ ဒါလိုအပ်တဲ့ ကိစ္စမို့လို့လားကွာ ”

“ ထူးထူးဆန်းဆန်းကြီးကို လိုအပ်တာပေါ့။ ဒီလိုဖွင့်ပြောလိုက်ရတဲ့ အတွက် ကျွန်မ ပျော်သွားတယ်။ စိတ်လဲချမ်းသာသွားတယ် ”

ဟယ်လ်ဒင်က နိုဝယ်ကို အိမ်ခန်းထဲသို့ဆွဲသွင်းပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ နိုဝယ်၏လက်မောင်းကို ဖက်တွယ်ထားသည်။

“ သူ့အကြောင်း ကျွန်မလဲ ရှင်းမပြတတ်တော့ဘူး။ သူနဲ့ကျွန်မ မတွေ့တာ တစ်နှစ်ကျော်သွားပြီ။ သူပြောင်းလဲသွားတယ်။ ဂျိနီဗာပြဿနာဟာ သူ့ကိုလဲ ရစ်ပတ်နေပြီ။ သူ့အမူအရာတွေကို ကျွန်မတောင် နားမလည်တော့ ဘူး။ ဟိုလေ. . . ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ သူဟာ အရမ်း စဉ်းစားနေတဲ့ပုံမျိုးပဲ။ ဟိုတုန်းက ဒီလိုမဟုတ်ဘူး ”

“ သူ့ကို ကိုယ်မေးစရာမေးခွန်းတွေ အများကြီးရှိနေတုန်းပဲ ဟယ်လ်ဒင် ”

“ သူ့မှာလဲ ဒီအတိုင်းပဲ။ မောင့်အကြောင်းတွေ သူမေးစရာအများကြီး ရှိနေတယ် ”

“ တကယ်. . . ”

“ အချက်တစ်ချက်ကို ပြောရမယ်ဆိုရင် ဒီနေ့မနက်ပိုင်းအထိ မောင့် ကို သူမတွေ့ချင်ဘူး။ မောင့်ကို သူမယုံဘူး။ ဂျိနီဗာအစီအစဉ်ကို ဖျက်ဆီးဖို့ တစ်စုံတစ်ယောက်က မောင့်ကို ငွေပေးပြီး ခိုင်းလိုက်တယ်လို့ သူ ထင်နေတယ် ”

“ ကိုယ့်ကို . . . ”

“ မောင်စဉ်းစားကြည့်လေ . . .၊ ဘာရာဇီးလ်နိုင်ငံကို ရောက်တုန်းက မောရစ်ဂရပ်ဖ်နဲ့ မောင်တွေ့ခဲ့တဲ့အကြောင်းကို ရိုင်းယိုးဒီဂျနေးရိုးမြို့မှာရှိနေတဲ့ သူ့မိတ်ဆွေတွေဆီက သူကြားတယ်။ အဲဒီကနေပြီး လန်ဒန်ကို မောင် တိုက်ရိုက်သွားတယ်။ အန်ထော်နီဗျူးမောင့်ကိုတွေ့ဖို့ မောင်သွားတာ။ စောစော က မောင်ပြောခဲ့တာ မှန်တယ်။ ဗျူးမောင့်ဟာ အိုဒက်ဇာပဲ။ နောက်ပြီးတော့ ဂျိုဟန်းက ပြောသေးတယ် . . . ”

ဟယ်လ်ဒင်က စကားကိုမဆက်သေးဘဲ ဖြတ်ထားပြီး နိုဝယ်ကို အကဲခတ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဂျိုဟန်းကပြောတယ်. . . ဂရက်ချန်နဲ့အတူတူ မောင်တစ်ညအိပ်ခဲ့တယ်တဲ့ "

" ခဏနေပါဦး "

နိုဝယ်က ကမန်းကတန်း ပြောသည်။

" မနေနိုင်ဘူးမောင်. . . ဒါဟာ အရေးမကြီးပါဘူး။ ကျွန်မအစ်မအကြောင်းကို ကျွန်မကောင်းကောင်း သိပါတယ်လို့ မောင့်ကို ပြောခဲ့ဖူးတယ်မဟုတ်လား။ မောင်ဟာ အိုဒက်ဇာတွေနဲ့တွေ့ခဲ့တယ်။ အိုဒက်ဇာမယားနဲ့အတူတူအိပ်တယ်။ ခရီးရှည်ကြီးကို မနားတမ်းလာတယ်။ သိပ်ကို ပင်ပန်းလာတယ်။ ဒီတော့ အပန်းဖြေချင်မှာပေါ့။ အိုဒက်ဇာတွေရဲ့ မယားတွေဟာ သူတို့အဖွဲ့သားတွေ အပန်းတော်ပြေစေဖို့ပဲ မဟုတ်လား မောင် "

" အတော်ရိုင်းစိုင်းတဲ့ အတွေးအခေါ်ပဲ "

ဂျိုဟန်းက မောင့်ကို အဲဒီလိုပဲ မြင်နေတယ် မောင် "

" သူမှားတာပေါ့ "

" အခုတော့ သူမှားကြောင်း သိသွားပါပြီ။ သူသိသွားပြီလို့ ကျွန်မထင်တယ်လေ။ မောင်နဲ့ကျွန်မ ဘာတွေကြုံခဲ့ရတယ်ဆိုတာလဲ သူ့ကို ပြောပြလိုက်ပါတယ်။ ကျွန်မတို့နှစ်ယောက်စလုံး အသက်ဘေးက သီသီကလေးလွတ်ခဲ့ရတဲ့အကြောင်းတွေကို ပြောပြလိုက်ပါတယ်။ အဲဒီအကြောင်းတွေပြောပြလိုက်တော့ သူအံ့အားသင့်နေတယ်။ မောင့်ကို မေးဖို့ မေးခွန်းတွေ သူ့မှာရှိနေနိုင်သေးတယ်။ ဒါပေမယ့် မောင့်ကိုတော့ သူယုံကြည်သွားပြီလို့ ကျွန်မ ထင်တယ်"

နိုဝယ်သည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို တွင်တွင်ယမ်းခါနေလေသည်။ ဘာတစ်ခုကိုမှ အတည့်တွေး၍ မရနိုင်ပါလားဟုလည်း သဘောပေါက်လိုက်မိသည်။

" ဒါတွေကို ကိုယ်ရှင်းမယ်။ ပြီးရင် မင်းနဲ့တွေ့ရမလား "

" တွေ့မှာပေါ့ မောင်ရယ် "

" မင်းအလုပ်ပြန်သွားမှာလား "

" ကျွန်မ အလုပ်မသွားဘူးလေ။ ခွင့်ယူထားတယ် "

" ကိုယ်မေ့သွားတယ်။ မင်းအစကပြောတော့ မင်းအစ်ကိုနဲ့တွေ့ပြီးရင် အလုပ်ပြန်သွားမယ်ဆိုသလားလို့ "

" လိုအပ်တယ်ထင်လို့ လိမ်ပြောခဲ့တာပါ မောင်ရယ် "



www.burmeseclassic.com

www.burmeseclassic.com



" အားလုံးလိုအပ်နေတာချည်းပဲ မဟုတ်လား ဟယ်လ်ဒင် "

" မောင့်ဆီကို ဂျွန်မပြန်လာခဲ့ပါ့မယ် မောင်. . . နှစ်နာရီလောက် အတွင်း ဆိုပါတော့။ ပြန်လာခဲ့ရမလားဟင် . . . "

နို၀ယ်က စဉ်းစားနေသည်။ စောစောတုန်းက နယူးယောက်မြို့ရှိ စုံထောက်အရာရှိ လက်ဖတင်နင်မိုင်းလ်စ်နှင့်ပြောခဲ့သည့်စကားများကို ပြန်လည် ကြားယောင်နေသည်။

မိုင်းလ်စ်နှင့်စကားပြောပြီး ကူရာကောင်းမှာရှိသော ဆမ်ထံသို့ ဖုန်း လှမ်းဆက်သည်။ သို့သော်လည်း ဆမ်သည် လုပ်ကွက်တွင်း ဆင်းနေသည်ဆို သောကြောင့် စကားမပြောခဲ့ရချေ။

" အဲဒီလိုဆိုရင် ကိုယ့်အတွက် တစ်ခုလောက်လုပ်ပေးပါလား။ ဆမ် အကြောင်း မင်းကို ပြောပြဖူးတယ်နော်။ ဟိုတယ်ကနေပြီး ဆမ်ဆီကို ကိုယ် ဖုန်းဆက်တယ်။ မတွေ့ခဲ့ရဘူး။ ပြန်ဆက်ခိုင်းထားတယ်။ ဒီကိုလာတဲ့အထိ သူမဆက်ဘူး။ ဒါကြောင့် ကိုယ့်အခန်းကိုသွားပြီး ဖုန်းစောင့်ပေးစမ်းပါ။ သူများ ပြန်ဆက်နေမလား မသိဘူး။ သိပ်ကို အရေးကြီးလို့ပါ။ အရေးမကြီးရင် မင်းကို ကိုယ်မခိုင်းပါဘူး။ တစ်ခုခုဖြစ်နေတယ်။ နောက်တော့မှ ပြောပြမယ်။ ဘယ်လို လဲ . . . လုပ်ပေးမလား "

" သိပ်လုပ်ပေးတာပေါ့ မောင်ရယ်. . . တကယ်လို့ ဆမ်ဖုန်းဆက်ရင် ဘာပြောပေးရမလဲ "

" နှစ်နာရီ သုံးနာရီလောက်ကြာရင် ဖုန်းပြန်ဆက်ပါလို့. ဒါမှမဟုတ် ရင် သူ့ကို ဘယ်ဆက်ရမလဲလို့။ ပါရီစံတော်ချိန် ညခြောက်နာရီနဲ့ ရှစ်နာရီ ကြား ဆက်မယ်လို့ သိပ်အရေးကြီးတယ်လို့ ပြောပြလိုက်ပါကွယ်။ ရော့. . . ဟောဒီမှာ အခန်းသော့ . . . ကိုယ့်နာမည် ဖရက်စကာဆိုတာ မှတ်မိတယ်နော်"

ဟယ်လ်ဒင်က သော့လှမ်းယူပြီး သူ့လက်မောင်းကိုဆွဲကာ ပန်းချီဆွဲ သည့် စတူဒီယိုခန်းထဲသို့ ခေါ်သွားသည်။

" ဂျွန်မအစ်ကိုရဲ့နာမည်က ဂျွန်တင်နီဆန်ဆိုတာ မောင် မှတ်မိ တယ်နော် "

လသာဆောင်မှာရှိနေသော ဂျွန်တင်နီဆန်ကို မှန်တံခါးကျော်ပြီး နို၀ယ်လှမ်းမြင်လိုက်ရလေသည်။ အနက်အစင်းကလေးများပါသော ၀တ်စုံကို သပ်ရပ်စွာ ၀တ်ထားသည်။ အရပ်ကထောင်ထောင်မောင်းမောင်း။ ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွယ်သွယ်နှင့် အားကစားသမားတစ်ဦးလို ကြံ့ခိုင်တောင့်တင်းသူ ဖြစ်လေသည်။

ပါရီမြို့ကြီးကို အပေါ်မှစီးကြည့်နေသည်။ ပြီးတော့ နောက်ဘက်သို့ တဖြည်းဖြည်းလှည့်လာသည်။ သူ့မျက်နှာပေါက်သည် နိုဝယ်မြင်ဖူးသည့် ယောက်ျားများထဲတွင် အချောမောအလှပဆုံး ယောက်ျားတစ်ယောက် ဖြစ်မည်လောဟု ထင်မိသည်။

ဆံပင်များက ရွှေရောင်ဖြစ်လေရာ သူ့မျက်နှာနှင့် အလွန်လိုက်ဖက်နေလေသည်။

နောက်ဘက်သို့ လှည့်လာရင်း နိုဝယ်ကို မြင်သွားသည်။ အပြန်အလှန် မျက်လုံးချင်းဆိုင် ကြည့်နေကြသည်။ သူ့မျက်လုံးများက အသက်ဝင်နေသည်။ အကြည့်ကလည်း စူးစူးရဲရဲရှိုင်သည်။ ပြီးတော့ မှန်တံခါးကို တွန်းပြီး အခန်းတွင်းသို့ ဝင်လာလေသည်။

နိုဝယ်ဆီသို့ လက်တစ်ဘက် ဆန့်တန်းပေးသည်။

" ကျွန်တော် ဝေလ်ပာမ်းဗွန်တိုင်းဘို့လ်တ်ရဲ့သား ဖြစ်ပါတယ် "

" ကျွန်တော် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ပါ။ ကျွန်တော့်အဖေဟာ ဟိန်းနရစ်ကလော်ဆင် ဖြစ်ပါတယ် "

" ကျွန်တော် သိပါတယ်။ ခင်ဗျားအကြောင်းတွေကို ဟယ်လ်ဒင်က အများကြီးပြောပြထားပါတယ်။ ခင်ဗျားလဲ အန္တရာယ်ပေါင်းစုံနဲ့ကြုံခဲ့ရပြီပဲ "

" ကျွန်တော်တို့နှစ်ယောက်စလုံး ကြုံခဲ့ကြရတာပါ။ ဟိုလေ. . . ဟယ်လ်ဒင်နဲ့ကျွန်တော် ကြုံခဲ့ရတာကို ပြောတာပါ။ ခင်ဗျားလဲ ကျွန်တော်တို့လိုပဲ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရမယ်လို့ ကျွန်တော် ခန့်မှန်းကြည့်ပြီးပါပြီ"

ထိုစကားကြောင့် ဂျွန်တင်နီဆန်က ပြုံးသည်။

" မလွှဲသာ မရှောင်သာ ကြုံကြရတာပေါ့လေ။ ကျွန်တော်တို့ နှစ်ယောက် အခုလိုဆုံကြတာ နည်းနည်းတော့ ခွကျသလိုဖြစ်မနေဘူးလား"

" မဖြစ်ပါဘူးဗျာ။ ကျွန်တော့်အဖို့ အဆင်ပြေပါတယ် "

" ကဲ. . . ကျွန်မ စကားတစ်ခွန်းတောင် ပြောစရာမလိုတော့ဘူး။ ရှင်တို့နှစ်ယောက် အချင်းချင်းမိတ်ဆက်ပြီးနေကြပြီပဲ။ ကျွန်မသွားတော့မယ်"

ဘေးမှာရပ်နေသော ဟယ်လ်ဒင်က ဝင်ပြောသည်။

" သွားဖို့မလိုပါဘူးလေ။ တို့နှစ်ယောက် ပြောကြမယ့်စကားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့လဲ ဆိုနေတာပဲလို့ ငါထင်တယ် ” ဟု တင်နီဆန်က ပြန်ပြောသည်။

“ ကျွန်မတော့ တယ်မထင်ဘူး။ နောက်ပြီးတော့ ကျွန်မမှာ လုပ်စရာ အလုပ်တစ်ခု ရှိနေသေးတယ်။ ရှင်တို့နှစ်ယောက် အခုလိုတွေ့ကြတာဟာ အင်မတန် အရေးကြီးပါတယ်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ယုံကြည်မှုရှိကြလိမ့်မယ်လို့လဲ ကျွန်မထင်ပါတယ် ”

ဟယ်လ်ဒင်က ထိုမျှပြောပြီး တံခါးဖွင့်ကာ အပြင်သို့ထွက်သွားသည်။

နိုဝယ်တို့နှစ်ယောက်သည် အချိန်အတော်ကြာအောင် စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။ ဟယ်လ်ဒင် ရပ်သွားသည့်နေရာကို မျက်တောင်မခတ် စူးစိုက်ကြည့်နေကြသည်။

“ အင်မတန် ချစ်စရာကောင်းတဲ့ကလေး။ သူ့ကို ကျွန်တော် သိပ်ချစ်တယ် ” ဟု တင်နီဆန်က စပြောသည်။

နိုဝယ်က တင်နီဆန်ဘက်ကို လှည့်ကြည့်သည်။

“ ကျွန်တော်လဲ ချစ်တာပါပဲ ”

တင်နီဆန်က နိုဝယ်ပြောသည်ကို အသိအမှန်ပြုသည့်ပုံမျိုးဖြင့် လှည့်ကြည့်သည်။

“ ဒီအတွက်တော့ ခင်ဗျားမှာ ပြဿနာမပေါ်နိုင်ကောင်းပါဘူးလို့ ကျွန်တော် ထင်တယ် ”

“ ကျွန်တော့်ဘက်ကတော့ ပြဿနာ မပေါ်နိုင်ပါဘူး။ သူ့ဘက်က သာ ဘယ်လိုရှိမယ် မသိနိုင်တာပါ ”

တင်နီဆန်က ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

“ ကျွန်တော်ကတော့ ဘယ်လိုထင်မြင်ချက်မှ မပေးနိုင်ဘူးဗျာ။ ဘာကြောင့်လဲဆိုတော့ ဟယ်လ်ဒင်နဲ့ကျွန်တော်ဟာ သိပ်ကို အနေဝေးခဲ့တယ်။ အနေနီးရင်တောင်မှ ခင်ဗျားတို့နှစ်ယောက်ကြားထဲမှာ ကျွန်တော် ဝင်မပါချင်ဘူး ”

“ ဒီလို ပွင့်ပွင့်လင်းလင်းပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ”

တင်နီဆန်က နိုဝယ်ဘက်သို့ ပြန်လှည့်လာသည်။

“ ဟုတ်တယ်။ ကျွန်တော်ကတော့ ဘွင်းဘွင်းသမားပဲ။ ခင်ဗျားကို ကျွန်တော် မသိဘူး။ ဟယ်လ်ဒင်က ခင်ဗျားအကြောင်းတွေ ပြောပြတာတော့ ရှိတာပေါ့လေ။ အဲဒါတွေကလဲ သူ့ကိုခင်ဗျားပြောပြထားတာတွေ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပြောပြတာတွေကို သူက သူနားလည်သလို ကျွန်တော့်ကို ပြန်ပြောတာပဲ ဖြစ်တယ်။ ဒီလိုပြန်ပြောပြတဲ့နေရာမှာ သူ့ခံစားချက်တွေလဲပါလိမ့်မယ်။ သူ နားလည်သလို ပြန်ပြောတာတွေလဲပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့တော့ ခင်ဗျားအကြောင်းကို ရှင်းရှင်းလင်းလင်း ဘာမှမသိရသေးဘူး ”

“ ခင်ဗျားမှာရော ကျွန်တော့်မှာပါ မေးခွန်းတွေ အပြည့်ရှိနေကြတယ်။ ခင်ဗျား အလျင်စမေးချင်သလား ” ဟု နိုဝယ်က မေးသည်။

“ ဒါက သိပ်အရေးမကြီးပါဘူးလေ။ အရေးကြီးတယ်ထင်သလား။ ကျွန်တော့်မှာက မေးစရာနည်းနည်းပါးပါးပဲ ရှိပါတယ်။ ပြီးတော့ ပြောင်ပြောင်နဲ့ တိုက်ရိုက်မေးမှာပဲ။ မောရစ်ဂရပ်ဖ်နဲ့ခင်ဗျား ဘာလုပ်ကြတာလဲ ”

ထိုသို့မေးလိုက်သော တင်နီဆန်၏လေသံက စောစောကနှင့်မတူ တော့ဘဲ ချက်ချင်း မာသွားလေသည်။

“ ခင်ဗျားကို ဟယ်လ်ဒင် ပြောပြပြီးပြီလို့ ကျွန်တော်ထင်တယ် ”

“ ဒါကလဲ ခင်ဗျားပြောပြတာကိုပဲ သူပြန်ပြောပြတာလေ။ ကဲ. . . ပြောစမ်းပါဦး။ ကျွန်တော်က ကျွန်တော့်ညီမထက်ပိုပြီး အတွေ့အကြုံရင့်ကျက် ပါတယ်။ ခင်ဗျား ပြောစကားကြားရရုံနဲ့ အလွယ်တကူလက်ခံမှာတော့ မဟုတ် ဘူးနော်။ အလွယ်တကူလက်မခံဖို့ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရတဲ့ အတွေ့ အကြုံတွေက ကျွန်တော့်ကို ကောင်းကောင်း သင်ပေးထားပြီ။ မောရစ်ဂရပ်ဖ်ကို ခင်ဗျား ဘာကြောင့် သွားတွေ့တာလဲ ”

“ ခင်ဗျားကို သွားရှာတာ ”

“ ကျွန်တော့်ကိုလား ”

“အတိအကျပြောရရင် ခင်ဗျားကိုရှာရတာရယ်လို့တော့ မဟုတ်ဘူး ပေါ့လေ။ ဗွန်တိုင်းဘို့လ်တ် မိသားစုကို ရှာတာပဲ။ ခင်ဗျားတို့မိသားစုထဲက ဘယ်သူ့အကြောင်းပဲ သိရသိရဆိုတဲ့သဘောပါ ”

“ ဘာကြောင့် ဂရပ်ဖ်ဆီကိုမှ ရွေးပြီးသွားရတာလဲ ”

“ သူ့နာမည်ကို ပြောလိုက်လို့ ”

“ ဘယ်သူက ပြောလိုက်တာလဲ ”

“ ကျွန်တော် မမှတ်မိတော့ဘူး ”

“ ခင်ဗျား မမှတ်မိတော့ဘူးလား။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ လူတွေ မရေတွက်နိုင်အောင် နေနေကြတယ်။ အဲဒီအထဲက ဂရပ်ဖ်ရဲ့နာမည်ကိုမှရွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ယောက်ယောက်က ပြောတယ်ဆိုတာ စဉ်းစားစရာဖြစ်မနေဘူးလား"

" ကျွန်တော် အမှန်အတိုင်းပြောတာပါ "

" အတော်တော့ အံ့ဩစရာကောင်းတယ် "

နိုဝယ်က ပြန်စဉ်းစားသည်။

" နေဦးဗျ။ ဒီကိစ္စဟာ နယူးယောက်မြို့က စခဲ့တာပဲ "

" ဘယ်လိုစတယ်. . . ဂရပ်ဖ်က နယူးယောက်ကိုရောက်သွားလို့လား"

" ဒီလို မဟုတ်ပါဘူး။ ဘရာဇီးလ်နိုင်ငံ ကောင်စစ်ဝန်နဲ့ ကျွန်တော် သွားတွေ့တယ်။ ၁၉၄၀-ခုနှစ်နောက်ပိုင်းလောက်မှာ ဘရာဇီးလ်နိုင်ငံထဲကို ဝင်လာတဲ့ မိသားစုတစ်စုကို ရှာချင်ကြောင်းပြောပြတယ်။ ကောင်စစ်ဝန်က ဘရာဇီးလ်နိုင်ငံထဲမှာ ဂျာမန်လူမျိုးတစ်ယောက်ကို ရှာဖို့ဆိုတာ မလွယ်ကြောင်း နဲ့ အန္တရာယ်ကြီးနိုင်ကြောင်း ပြောပြတယ် "

"အင်း. . . ကျုပ် သဘောပေါက်ပြီ. . . ဆက်ပြောပါဦး"

" ဒါပေမယ့် ဩဇာကြီးနေတဲ့ ဂျာမန်လူမျိုးတွေရှိနေတယ်တဲ့။ ဂျာမန်ပြည်ပြေးတွေကို သူတို့ကပဲ အုပ်ချုပ်နေတယ်လို့ပြောတယ်။ ပျောက်နေတဲ့ ဂျာမန်မိသားစုကို ရှာမယ်ဆိုရင် အန္တရာယ်ပိုကြီးနိုင်ကြောင်းလဲ ပြောတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သူ့ကို ခင်ဗျားတို့နာမည် လုံးဝပြောမပြ ဘဲကိုး "

" ဒီလို မပြောတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ "

" ကျွန်တော် ရိုင်းယိုးမြို့ကို ရောက်သွားတော့ လူဝင်မှုကြီးကြပ်ရေး ဌာနနဲ့ဆက်တယ်။ မှတ်တမ်းတွေကို သွားကြည့်တယ်။ ဒါပေမယ့် မှတ်တမ်းတွေ က ဖျက်ချင်တိုင်းဖျက် ပြင်ချင်တိုင်းပြင်ထားတဲ့ မှတ်တမ်းတွေ ဖြစ်နေတယ်"

" ကျွန်တော်တို့ဘဝ လုံခြုံမှုအတွက် အဲဒါတွေလုပ်ရတာပါဗျာ။ ဒီလိုလုပ်ရမှာလဲ အကောင်ကြီးလေ ငွေကုန်ကြေးကျ များလေပဲ "

" အဲဒီလို သဲလွန်စမရတော့ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိ အောင် ဖြစ်သွားတယ်။ ဒီအချိန်မှာ ဂျာမန်လူမျိုးတွေကို ဩဇာကြီးတဲ့ ဂျာမန် လူမျိုးတွေကပဲ ပြန်အုပ်ချုပ်နေကြောင်း ကောင်စစ်ဝန်ပြောလိုက်တဲ့ စကားကို သွားသတိရတယ်။ ဒါကြောင့် ဂျာမန်စာအုပ်ဆိုင်တစ်ဆိုင်ကို သွားပြီး ဂျာမန် နေအိမ်တွေအကြောင်း အရောင်းဈေးသည်ဆီမှာ စုံစမ်းကြည့်တယ်။ အိမ်ကြီး အိမ်ကောင်းတွေကို ကြည့်ချင်တဲ့အကြောင်းပေါ့ဗျာ။ ကျွန်တော်ဟာ ဗိသုကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်တဲ့အတွက် အိမ်ပုံစံတွေကို လေ့လာချင်တဲ့အကြောင်း ပြောပြရတယ်။ အိမ်ကြီးအိမ်ကောင်းတွေကိုမေးမှ ဩဇာကြီးတဲ့ ဂျာမန်ခေါင်းဆောင်တစ်ယောက်ယောက်ရဲ့ အိမ်ကို ရောက်မှာမဟုတ်လား ”

“ ကျွန်တော် သဘောပေါက်ပါပြီ။ ခေါင်းဆောင်ဆိုကတည်းက အိမ်ကြီးအိမ်ကောင်းနဲ့ ဖြစ်ရတော့မှာ မဟုတ်လား ”

“ ဟုတ်ပါတယ်။ အရောင်းစာရေးက လူနှစ်ယောက်ရဲ့နာမည်ပေးလိုက်တယ်။ တစ်ယောက်က ဂျူးဖြစ်နေတယ်။ နောက်တစ်ယောက်က မောရစ်ဂရပ်ဖ်ပဲ။ ဂရပ်ဖ်ရဲ့ အိမ်နဲ့ဝင်းဟာ ဘရာဇီးလ်နိုင်ငံမှာ အကောင်းဆုံးထဲမှာ တစ်ခုအပါအဝင်ပဲလို့လဲ သူက ပြောလိုက်သေးတယ် ”

“ ဒါအမှန်ပဲ ”

“ ဟုတ်တယ်။ ကျွန်တော် ဂရပ်ဖ်ဆီကို ရောက်သွားပုံ သွားနည်းကတော့ အဲဒါပဲ ”

တင်နီဆန်က မတုန်မလှုပ်ရပ်နေသည်။ သူ့အမူအရာက မည်သို့မှ ဆုံးဖြတ်ချက်မချသည့် အမူအရာမျိုး ဖြစ်နေသည်။

“ အကြောင်းပြချက်ကတော့ မဆိုးပါဘူး ”

“ ခင်ဗျား ဒီလိုထင်တဲ့အတွက် ဝမ်းသာပါတယ်ဗျာ ” ဟု နိုဝယ်က ပြန်ပြောသည်။

“ အကြောင်းပြချက် မဆိုးဘူးလို့သာ ကျွန်တော်ပြောတာနော်။ ခင်ဗျားပြောတာတွေကို ယုံကြည်ပါပြီလို့ ပြောသေးတာမဟုတ်ဘူး ”

“ ခင်ဗျားကို ညာပြောနေစရာ ကျွန်တော့်မှာ ဘာအကြောင်းမှ မရှိဘူး ”

“ ခင်ဗျား ညာပြောမယ်ဆိုရင်လဲ ညာပြောတဲ့ပညာ ခင်ဗျားမှာ မရှိဘူး။ လိမ်ညာပြောတာတွေနဲ့ ပတ်သက်လို့တော့ ကျုပ်ဟာ သိပ်ကို လူကဲခတ်ကောင်းတဲ့ လူတစ်ယောက်ပေါ့ဗျာ ”

ထိုစကားကို နိုဝယ် ချက်ချင်း သဘောပေါက်သွားသည်။

“ ဟယ်လ်ဒင်နဲ့ကျွန်တော် စတွေ့တဲ့ညတုန်းက ဟယ်လ်ဒင်ကလဲ ဒီအတိုင်းပဲ ပြောခဲ့သေးတယ်ဗျ ”

“ သူ့ကို ကျွန်တော် လေ့ကျင့်ပေးထားခဲ့တယ်လေ။ ညာတယ်ဆိုတာဟာလဲ ပညာတစ်ရပ်ပဲ။ ပိုပြီး ကျွမ်းကျင်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခင်ဗျားမှာ ဒါမျိုးတွေရှိပုံမရဘူး ”

“ ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ ”

နို၀ယ်က နားရှုပ်သွားသောကြောင့် ပြန်မေးသည်။

“ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို အင်မတန် ယုံကြည်နေတဲ့အပျော်ထမ်း သမား တစ်ယောက်ပဲ။ ခင်ဗျား ဇာတ်လမ်းကလေးကို ခင်ဗျား သေသေချာချာ တည်ဆောက်ထားတယ်။ ဒါပေမယ့် အဲဒါဟာ ကျွန်တော်တို့လို ကောင်းစွာ လေ့ကျင့်ပြီးသားဖြစ်နေတဲ့ ကြေးစားတွေအတွက်တော့ မလုံလောက်သေးဘူး။ ခင်ဗျားရဲ့ ဘ၀အမှန်ဟာ ဗိသုကာ. . . အခုတော့ ဗိသုကာရဲ့အခန်းကဏ္ဍ ပျောက်နေတယ်။ ကျွန်တော်ပြောတာကို ခင်ဗျား နားလည်မယ်လို့ ထင်ပါတယ်”

“ ဘာမှနားမလည်ဘူး။ ဘာကို ဆိုလိုတာလဲ ”

“ ဒီလိုဆိုလဲ ရှင်းသွားတာပေါ့လေ။ ဗွန်တိုင်းဘို့လ်တ်ဆိုတဲ့ နာမည် ကိုပဲသိပြီး ဘရာဇီးလ်နိုင်ငံထဲက ခင်ဗျားထွက်လာခဲ့တယ်။ ဆယ့်နှစ်နာရီ လောက်အတွင်း အင်္ဂလန်ကို ခင်ဗျားရောက်လာတယ်။ ပြီးတော့ ပို့စ်မောက်မှာ ရှိတဲ့ ကျွန်တော့်အစ်မအိမ်ကို ခင်ဗျား တောက်လျှောက်ရောက်သွားတယ်။ ကျွန်တော့်အစ်မနဲ့ခင်ဗျား အတူတူအိပ်တယ်။ တင်နီဆန်ဆိုတဲ့နာမည်ကို ခင်ဗျား လုံးလုံး မသိသေးဘူး။ ဘာကြောင့် ဗျူးမောင့်ရဲ့နာမည်ကို ခင်ဗျား သိသွားသလဲ။ ဘယ်လိုလုပ် သိနိုင်သလဲ ”

“ ဟ. . . တင်နီဆန်ရဲ့နာမည်ကို ကျွန်တော် ရပြီးပြီလေဗျာ ”

“ ဘယ်လိုလဲ . . . ဘယ်လိုလုပ်ရသလဲ ”

“ ဟယ်လ်ဒင်ကို ကျွန်တော်ပြောပြပြီးပြီပဲဗျ။ ကာရာရာဆိုတဲ့ မောင်နှမနှစ်ယောက်က ကျွန်တော်တည်းနေတဲ့ ဟိုတယ်မှာ ကျွန်တော့်ကို လာတွေ့တယ်လေ ”

“ အိုး . . . ဟုတ်ပြီ . . . ကာရာရာ . . . ဘရာဇီးလ်နိုင်ငံမှာတော့ လူတကာမှည့်ကြတဲ့နာမည်ပဲ။ အဲဒါကိုရော ခင်ဗျား သိသလား ”

“ မသိဘူး ”

“ ဒီလိုဆိုတော့ ခင်ဗျားပြောတဲ့ ကာရာရာဆိုတဲ့ မောင်နှမနှစ်ယောက် ခင်ဗျားကို လာတွေ့တယ်။ ဘယ်ကမှန်းမသိဘူး။ သူတို့ဟာ ကျွန်တော်တို့နဲ့ အင်မတန်ကို ရင်းနှီးတဲ့မိတ်ဆွေတွေပါလို့ ခင်ဗျားကို ပြောပြတယ်။ သူတို့ နာမည်တွေကို ကျွန်တော်တို့ လုံး၀မကြားဖူးကြောင်း ဟယ်လ်ဒင်က ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပြီးပြီ မဟုတ်လား။ ကဲ . . . မစ္စတာဟိုးလ်ခရော့ဖ်တ် . . ခင်ဗျားမှန်တဲ့ အတိုင်း ဖွင့်ပြောပြဖို့ကောင်းပြီ။ ဗျူးမောင့်ရဲ့နာမည်ကို ဂရပ်ဖ်က ပြောပြလိုက်တာ မဟုတ်လား။ အိုဒက်ဇာက အိုဒက်ဇာတစ်ယာက်ရဲ့သတင်းကို ပြောပြတာလေဗျာ ”

“ မဟုတ်ဘူး။ ဂရပ်ဖ်ဘာမှ မသိဘူး။ ခင်ဗျားတို့ ဘရာဇီးလ်နိုင်ငံထဲမှာပဲ ပုန်းနေသေးတယ်လို့ သူထင်နေတယ် ”

“ သူက အဲဒီအတိုင်း ပြောသလား ”

“ အဲဒီသဘောမျိုးပြောတယ်။ ကာရာရာတို့မောင်နှမနှစ်ယောက်ကလဲ ခင်ဗျားတို့ ပုန်းနေခဲ့ဖူးတဲ့နေရာကို ပြောပြတယ်။ ဘရာဇီးလ်နိုင်ငံတောင်ဘက်ပိုင်းမှာလို့ဆိုတယ်။ ကာတာရီနာဆိုလား . . . ဘာလား . . . အဲဒါမျိုးပေ့ါ။ ကျွန်တော် ကောင်းကောင်း မမှတ်မိဘူး။ ဂျာမန်လူမျိုးတွေ အခြေချနေထိုင်ကြတဲ့ တောင်ပေါ်ဒေသတစ်ခုပဲဗျာ ”

“ ခင်ဗျားဇာတ်လမ်းကလေးကို ခင်ဗျား သေသေချာချာပြင်ဆင်လာတာပဲ။ စန်တာကာတာရီနာဆိုတာ ဂျာမန်လူမျိုးတွေ အခြေချနေထိုင်တဲ့ အရပ်အမှန်ပဲ။ ကဲ . . . အဲဒီတော့ ကာရာရာတို့အကြောင်းကို ပြန်ပြောကြဦးစို့ ”

ရိုင်းယိုးမြို့မှာ တွေ့ခဲ့စဉ်က ကာရာရာတို့မောင်နှမ၏ ကြောက်ကြောက်လန့်လန့်ဖြစ်နေသော မျက်နှာများကို နိုဝယ် ပြန်လည်မြင်ယောင်လာလေသည်။

“ ခင်ဗျားကတော့ သူတို့ကို သိချင်မှသိမယ်။ ဒါပေမယ့် ကျွန်တော့်ကို လာတွေ့သွားတာတော့ အမှန်ပဲ။ ဟယ်လ်ဒင်အကြောင်းကိုတော့ သူတို့သိပ်မသိဘူးတဲ့။ ဒါပေမယ့် ခင်ဗျားကိုတော့ ကောင်းကောင်းသိတယ်။ ကျွန်တော့်ကို လာတွေ့ရတာဟာ သူတို့အသက်စွန့်ပြီး လာတွေ့ကြရတာ။ သူတို့က ပေါ်တူဂီဂျူးလို့ပြော . . . ”

“ ပေါ်တူဂီ . . . ”

တင်နီဆန်က နိုဝယ်၏စကားကို ဖြတ်လိုက်သည်။ သူ့အမူအရာမှာလည်း ချက်ချင်းလှုပ်ရှားလာသည်။

“ အိုး . . . ဘုရားသခင် . . . သူတို့က ကာရာရာနာမည်ကိုသုံးလိုက်ကြတာကိုး . . . သူတို့ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါဦး ”

နိုဝယ်က သူမှတ်မိသလောက် ကာရာရာတို့ မောင်နှမနှစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို ပြောပြသည်။ စကားဆုံးသွားသောအခါ တင်နီဆန်က လေသံ



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြင့် ပြန်ပြောသည်။

" အတိတ်ကအကြောင်းတွေ. . . အတိတ်ကအကြောင်းတွေပဲ မစ္စတာဟိုးလ်ခရော့ဖ်တ်။ ဒါဟာ အယောင်ဆောင်တာပဲ။ ကာရာရာရဲ့နာမည်ကိုသုံးပြီး ခင်ဗျားနဲ့လာတွေ့တာပဲ။ ပေါ်တူဂီချူး . . . စန်တာကာတာရီနာ. . သူတို့ ရိုင်းယိုးဒီဂျနေးရိုးမြို့ကို ပြန်ရောက်လာတာကိုး "

" ဘယ်သူတွေ ပြန်ရောက်လာကြတာလဲ "

" မွန်တီလီဂါ . . . သူတို့နာမည်အမှန်က အဲဒါပဲ။ မွန်တီလီဂါ. . ဆယ်နှစ် ဆယ့်နှစ်နှစ်လောက်တော့ ရှိသွားပြီ။ ခင်ဗျားကို သူတို့ပြောတာဟာ လိမ်ပြောတာ။ သူတို့ဘယ်သူမှန်း ခြေရာခံမရအောင် ပြောတာ "

" လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ဘာတွေဖြစ်ခဲ့သလဲ "

" အသေးစိတ် အချက်အလက်တွေကတော့ အရေးမကြီးပါဘူးဗျာ။ ဒါပေမယ့် သူတို့ကို ရိုင်းယိုးမြို့ထဲက မောင်းထုတ်မှုဖြစ်မယ့် အခြေအနေမျိုးတွေ ပေါ်ခဲ့တယ်။ ဒါကြောင့် စန်တာကာတာရီနာကို ပို့ပစ်လိုက်ရတယ်။ သူတို့မိဘတွေက အစ္စရေးလ်တွေကို အကူအညီပေးတယ်။ ဒါကြောင့် အသတ်ခံလိုက်ကြရတယ်။ သားနဲ့သမီး လွတ်သွားတယ်။ သူတို့ကို အပြင်းအထန် လိုက်ရှာတယ်။ တွေ့ရင်တွေ့တဲ့နေရာမှာ အသေသတ်မှာပဲ။ သူတို့ တောင်ဘက်ပိုင်းကို ထွက်ပြေးသွားကြတာပဲ ဖြစ်ရမယ် "

" ဒီလိုဆိုရင် ခင်ဗျားတို့အကြောင်းကို သိတဲ့လူတွေ ကာတာရီနာမှာ ရှိနေမှာပေါ့ "

" ရှိတယ်။ ဒါပေမယ့် နည်းနည်းပါးပါးပါပဲ။ ကျွန်တော်တို့လုပ်ငန်းတွေရဲ့ အခြေခံစခန်းဟာ ကာတာရီနာပဲလေ။ ရိုင်းယိုးမြို့က အန္တရာယ်များတယ် "

" ဘာလုပ်ငန်းတွေလဲ။ ကျွန်တော်တို့ ဆိုတာက ဘယ်သူတွေလဲ"

" ဘရာဇီးလ်နိုင်ငံထဲမှာနေပြီး အိုဒက်ဇာတွေကို တိုက်နေတဲ့ ကျွန်တော်တို့လူစုတွေ။ ဒီအတိုင်းဆိုရင်တော့ ခင်ဗျားကို တောင်းပန်ရတော့မှာပဲဗျာ။ ဟယ်လ်ဒင်ပြောတာ မှန်နေပြီ။ ခင်ဗျားကိုကျွန်တော် အထင်မှားနေတာပဲ။ ခင်ဗျား အမှန်တွေကို ပြောခဲ့တာပဲ "

နိုဝယ်မှာ ယခုမှပင် နေသာထိုင်သာရှိသွားလေသည်။ စောစောတုန်းကတော့ မိမိတွင် အပြစ်တစ်ခုခုရှိနေသလို ထင်ခဲ့သည်။ ထိုအပြစ်များမှ



www.burmeseclassic.com

www.burmeseclassic.com



ကင်းလွတ်အောင် ထုချေလျှောက်လဲခဲ့ရသည်။

“ ကဲ. . . ကျွန်တော် မေးရတော့မယ့် အလှည့်ပဲ။ ခင်ဗျား မေးခွန်းထုတ်တာ တော်တော်မြန်တာပဲ။ ခင်ဗျားပြောတာတွေထဲမှာ ကျွန်တော်မကြားဖူးတာတွေလဲ အများကြီးပါတယ် ” ဟု နိုဝယ်က ပြောသည်။

“ ခင်ဗျားမေးခွန်းတွေထဲမှာ တီနာမောနဲ့ပတ်သက်တာပါလာရင်တော့ ကျွန်တော် ဘယ်နည်းနဲ့မှ ဖြေမှာမဟုတ်ဘူး။ ဒီအတွက်တော့ ဝမ်းနည်းပါတယ်။ အဲဒီအကြောင်း ခင်ဗျားနဲ့ မဆွေးနွေးနိုင်ဘူး ”

ထိုစကားကြောင့် နိုဝယ်မှာ ခပ်အန်းအန်းဖြစ်သွားလေသည်။

“ ခင်ဗျား ဘာဖြစ်တယ် . . . ”

“ ကျွန်တော်ပြောတာ ခင်ဗျား အကုန်ကြားပါတယ်လေ။ တီနာမောနဲ့ ပတ်သက်လာရင် ကျွန်တော် လုံးဝ မဆွေးနွေးဘူး။ ဒီကိစ္စဟာ ခင်ဗျားနဲ့ ဘာမှ မဆိုင်ဘူး ”

“ ဒီကိစ္စဟာ အရေးကြီးတယ်လို့ ကျွန်တော်ထင်တယ်။ တီနာမော အကြောင်း ခင်ဗျားက ဘာမှမပြောနိုင်ဘူး မဆွေးနွေးနိုင်ဘူးဆိုရင် ကျွန်တော်တို့နှစ်ယောက် ဆက်ဆွေးနွေးစရာ ဘာမှ မရှိတော့ဘူး ”

နိုဝယ်၏စကားကြောင့် တင်နီဆန်မှာ အနည်းငယ် တုန်လှုပ်သွားလေသည်။

“ ဒီစကားကို ခင်ဗျား အလေးအနက်ပြောတာလား ”

“ သိပ်ကို အလေးအနက်ကြီး ပြောလိုက်တာပေါ့ဗျာ ”

“ ဒီလိုဆိုရင် ကျွန်တော်သဘောပေါက် နားလည်အောင် ရှင်းပြစမ်းပါဦး။ အခုအချိန်မှာ ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် နားလည်မှုရှိဖို့ သိပ်ကို အရေးကြီးနေတယ်နော်။ စကားတစ်လုံးမှားသွားရင် . . . အဲဒီစကားဟာ အန္တရာယ်ပေးနိုင်တဲ့လူဆီကို ရောက်သွားရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်ကုန်နိုင်တယ်။ ကျွန်တော် လုပ်နေတာတွေ. . . ကျွန်တော်တွေးနေတာတွေ မှန်မယ်ဆိုရင် ခင်ဗျားလိုချင်တဲ့အဖြေ ရက်ပိုင်းအတွင်း ရနိုင်တယ် ”

“ ဒါလောက်နဲ့တော့ ကျွန်တော် လက်မခံနိုင်သေးဘူး ” ဟု နိုဝယ်က အဖြေပြန်ပေးသည်။

“ ဒီလိုဆိုရင် နောက်တစ်ဆင့်တိုးပြောမယ်။ တီနာမောဟာ ဘရာဇီးလ်နိုင်ငံထဲမှာ လေ့ကျင့်ခဲ့တယ်။ သူ့ကို လေ့ကျင့်ပေးသူတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အိုဒက်ဇာတွေပဲ။ သူ့ကို ကျွန်တော်အသေးစိတ်လေ့လာခဲ့တယ်။ သူ့နောက်ကို ခြေရာခံပြီး လိုက်နေတာ ခြောက်နှစ်ကျော်ကြာသွားပြီ ”

နိုဝယ်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေသည်။ စက္ကန့်အတော်ကြာတော့မှ သူ့အသံထွက်လာသည်။

“ ခင်ဗျား လိုက်နေတာ ခြောက်နှစ်တောင် ကျော်သွားပြီလား ”

“ ဟုတ်တယ်။ အခုအချိန်ဟာ တီနာမောကို အပြတ်တွယ်ရမယ့် အချိန်ပဲ။ မကြာခင်မှာ နောက်ထပ်လုပ်ကြံမှုကြီးတစ်ခုပေါ်ဦးမယ်။ ဒါကြောင့် အင်္ဂလိပ်စုံထောက်တွေက ခင်ဗျားနဲ့ အဆက်အသွယ်ယူဖို့ ကြိုးစားနေကြတာ”

“ ခင်ဗျား ဘာဖြစ်လို့ အင်္ဂလိပ်စုံထောက်တွေနဲ့ လက်တွဲပြီး မလုပ်တာလဲ။ ပြီးတော့ သူတို့ ဘာထင်နေတယ်ဆိုတာကိုရော ခင်ဗျားသိသလား”

“ သူတို့ဘယ်လိုထင်အောင် တစ်ယောက်ယောက်က လုပ်ပေးနေတယ်ဆိုတာကို ကျွန်တော်သိတယ်။ ဒါကြောင့်မို့လို့ သူတို့နဲ့ကျွန်တော် လက်တွဲပြီး မလုပ်နိုင်တာပဲ။ တီနာမောရဲ့အဆက်အသွယ်တွေ နေရာတကာမှာရှိတယ်။ တီနာမောအကြောင်းကို သူတို့မသိကြဘူး။ ဒါပေမယ့် တီနာမောကတော့ သူတို့ကို အသုံးချနေတယ် ”

“ ရက်ပိုင်းအတွင်း သိရမယ်လို့ ခင်ဗျား ပြောတယ်နော် ”

“ တကယ်လို့ ကျွန်တော်တွက်တာ မှားသွားမယ်ဆိုရင် ခင်ဗျားကို အကုန်လုံးဖွင့်ပြောမယ်။ ဖွင့်ပြောရုံမကဘူး။ ခင်ဗျားနဲ့အတူတူ အင်္ဂလိပ်စုံထောက်တွေဆီကို လိုက်မယ်။ သူတို့နဲ့ပေါင်းလုပ်မယ် ”

“ ရက်ပိုင်းအတွင်း . . . ကောင်းပြီ။ ဒီလိုဆိုရင် တီနာမောအကြောင်း ကျွန်တော်တို့ မပြောတော့ဘူး။ ရက်ပိုင်းအတွင်းနော် ”

“ ဒီအကြောင်းကလွဲပြီး ခင်ဗျားကို ပြောပြနိုင်တာမှန်သမျှအားလုံး ပြောပြမယ်။ ဖုံးကွယ်ထားစရာ ကျွန်တော့်မှာ ဘာမှမရှိဘူး ” ဟု တင်နီဆန်က ပြန်ဖြေသည်။

“ ရိုင်းယိုးမြို့ကို ဗျူးမောင့် ရောက်သွားတာ ခင်ဗျားသိတယ်။ ဗျူးမောင့်ဟာ အိုဒက်ဇာဖြစ်ကြောင်းလဲ ခင်ဗျားသိတယ်။ သူ့နာမည်ကို မောရစ်ဂရပ်ဖ်ဆီက ကျွန်တော်ကြားခဲ့တာ ဖြစ်တယ်လို့လဲ ခင်ဗျား စွပ်စွဲတယ်။ ကောင်းပြီ။ အဲဒီအကြောင်းကိုပဲ ကောက်ချက်ချကြည့်မယ်။ ဗျူးမောင့်က ခင်ဗျားအစ်မနဲ့လက်ထပ်လိုက်တယ်။ အိုဒက်ဇာက အိုဒက်ဇာတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်တာလား။ ခင်ဗျားလဲ သူတို့အုပ်စုထဲက တစ်ယောက်ပဲလား”

ထိုမေးခွန်းနှင့်ပတ်သက်၍ တင်နီဆန်က နည်းနည်းကလေးမျှ တွေဝေနေခြင်း မရှိချေ။

“ ဒါက ရိုးရိုးကလေးပါ။ စီမံကိန်းချပြီး လုပ်ကြတာပဲ။ ကျွန်တော့် အစ်မ ဂရက်ချန်ဟာ အလျင်တုန်းကလို မဟုတ်တော့တာမှန်တယ်။ ဒါပေမယ့် နာဇီတွေအပေါ် မုန်းတီးတဲ့စိတ်ကတော့ နည်းနည်းကလေးမှ လျော့ပါးမသွားသေးဘူး။ သူစွန့်လွှတ်ခဲ့ရတာတွေဟာ ကျွန်တော်တို့ထက် အဆပေါင်းများစွာ ပိုများတယ်။ ဗျူးမောင့်ရဲ့ လှုပ်ရှားမှုတိုင်းကို ကျွန်တော်တို့သိတယ် ”

“ ဒါပေမယ့် ခင်ဗျားတို့ဟာ ဗွန်တိုင်းဘို့လ်တ်မိသားစုဖြစ်ကြောင်းလဲ သူ သိနေတာပဲ။ ဘာဖြစ်လို့ ဂရပ်ဖ်ကို ဒီအကြောင်း သူပြောမပြတာလဲ ”

“ခင်ဗျား သိချင်ရင် သူ့ကို မေးကြည့်ပါလား။ သူပြောကောင်းပြောပြပါလိမ့်မယ် ”

“ ခင်ဗျား ပြောပါ ” ဟု နိုဝယ်က ပြန်ပြောသည်။

“ သူမပြောရဲဘူး။ ဗျူးမောင့်ဟာ ဝက်ပဲ။ သူလုပ်တာတွေလဲ ရှုပ်ထွေးလာတယ်။ လုပ်ပုံကိုင်ပုံကလဲ သိပ်မသန့်တော့ဘူး။ အိုဒက်ဇာတွေအတွက် သူတာဝန်ယူလုပ်ပေးတာလဲ နည်းပါးသည်ထက် နည်းပါးလာတယ်။ အိုဒက်ဇာတွေက သူ့ကို ခြိမ်းခြောက်တဲ့အခါလောက်မှသာ လုပ်ပေးတော့တဲ့သဘော ရှိတယ် ”

“ ခင်ဗျားပြောတာတွေ ကျွန်တော် နားမလည်ဘူး ”

“ ဂရက်ချန်မှာ အရည်အချင်းတစ်ခုရှိတယ်။ ပြောပါရစေတော့ဗျာ. . ဆွဲဆောင်နိုင်အား အင်မတန်ကောင်းတယ်။ ခင်ဗျား သတိထားမိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါတွေအပြင် ဗျူးမောင့်ရဲ့ ဘဏ်စာရင်းထဲကို ငွေတွေ အမြောက်အမြားရောက်လာအောင်လဲ လုပ်တတ်တယ်။ ဒါပေမယ့် ဘယ်က ရောက်လာတယ်ဆိုတာတော့ ဘယ်သူမှ အစရှာနိုင်ကြမှာမဟုတ်ဘူး။ ဒါတွေကို ဂရပ်ဖ်က ဖော်ထုတ်ပစ်လိုက်မှာကိုလဲ သူကြောက်နေရတယ်။ ကျွန်တော်က ဖော်ထုတ်လိုက်မှာကိုလဲ ကြောက်နေရပြန်တယ်။ ဒါကြောင့် သူဟာ ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် အသုံးဝင်နေတယ်။ ဂရပ်ဖ်နဲ့အရင် ကျွန်တော့်အတွက်က ပိုအသုံးဝင်နေတယ်။ တစ်ဘက်လူတစ်ယောက်ယောက်ကို ခွေချင်ရင် ကျွန်တော် သူ့ကို အသုံးချပြီး ခွေလိုက်တာပဲ ”



www.burmeseclassic.com

www.burmeseclassic.com



" သူလုပ်ရှားတာတွေမှန်သမျှ တစ်ခုမကျန် ခင်ဗျား သိနေတယ်ဆိုရင် ရိုင်းယိုးကိုသွားတဲ့ လေယာဉ်ပျံပေါ်မှာ သူပါလာတာကိုလဲ ခင်ဗျား သိရမှာပေါ့။ ကျွန်တော့်ကို နောက်ယောင်ခံလိုက်နေတာ ခင်ဗျားသိရမှာပေါ့ "

" ဒါကိုတော့ ကျွန်တော် ဘယ်လိုလုပ်သိနိုင်မလဲ။ ခင်ဗျားကိုမှ ကျွန်တော် မသိဘဲ "

" ကျွန်တော်စီးသွားတဲ့ လေယာဉ်ပျံပေါ်မှာ သူပါလာတယ်။ တစ်ယောက်ယောက်က လွှတ်လိုက်တာပဲ "

" ဟယ်လ်ဒင်က ဒီအကြောင်းပြောပြတဲ့အခါမှာ ဘယ်သူကများ သူ့ကို ခိုင်းလိုက်သလဲဆိုတာ သိဖို့ ကျွန်တော်ကြိုးစားခဲ့ပါတယ်။ ကျွန်တော် သိရတာက နည်းနည်းကလေးပဲရှိမယ်။ ဒါပေမယ့် ကျွန်တော့်ကို သတိပေးလိုက်သလို ဖြစ်သွားပြီ။ ကျွန်တော် ခန့်မှန်းကြည့်တာတော့ ကျွန်တော်တို့ရဲ့ ခွေကောင် ဗျူးမောင့်ကို တတိယလူတစ်ယောက်ယောက်က ချဉ်းကပ်မိသွားပြီ။ အိုဒက်ဇာတွေနဲ့ သူအဆက်အသွယ်ရှိကြောင်း သူကိုယ်တိုင် အိုဒက်ဇာ ဖြစ်နေကြောင်းတွေကို တစ်ယောက်ယောက်က သိသွားပြီ။ ဒါကြောင့် မောရစ်ဂရပ်ဖ်က သူ့ကို အသုံးချသလို အဲဒီ တတိယလူကလဲ သူ့ကို အသုံးချတာပဲ ဖြစ်ရမယ်။ ကျွန်တော်က သူ့ကို အသုံးချခဲ့သလို အသုံးချတာပဲ ဖြစ်ရမယ် "

" ဘယ်သူလဲ "

" ဒါကို ကျွန်တော်ကလဲ အရမ်းသိချင်နေတယ်။ မြေထဲပင်လယ်ထဲမှာရှိနေတဲ့သူ့သင်္ဘောပေါ်ကနေ သူ့ကိုအရေးပေါ်ခွင့်ပေးလိုက်တယ်။ အဲဒီလို အရေးပေါ်ခွင့်လဲရရော ဂျီနီဗာကို သူသွားတယ် "

" ဂျီနီဗာ. . . "

နိုဝယ်က အလန့်တကြား အော်မိသည်။ သူ့မှတ်ဉာဏ်များ တဖြည်းဖြည်း ကြည်လင်လာသည်။ ဂျီနီဗာဘူတာရုံထဲက ရှုတ်ရှုတ်သဲသဲဖြစ်သည့် အကြောင်းများ ပြန်ပေါ်လာသည်။ ပလက်ဖောင်းပေါ်တွင် လူနှစ်ယောက် လုပ်ကြံခံရသည်ကို ပြန်အမှတ်ရလာသည်။

တစ်ဆက်တည်း လှေကားပေါ်တွင် သူ့ကိုဝင်တိုးပြီး သုတ်ခြေတင်ထွက်သွားသော ယောကျ်ားတစ်ယောက်။

မျက်ခုံးမွှေးထူထူနှင့် ယောကျ်ားတစ်ယောက်။

မျက်ခုံးမွှေးအဖြူနှင့်အမည်းရောင်များရောနေသော လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါပဲ. . . အခုမှ သတိရတော့တယ်။ ဂျီနီဗာမှာ ဗျူးမောင့်ရှိနေတာကိုး"

နိုဝယ်သည် အထိန်တလန့်ဖြစ်သွားကာ တတွတ်တွတ်ရေရွတ်နေမိလေတော့သည်။

" ဂျီနီဗာကို သူအရေးပေါ် ခွင့်ယူပြီးသွားတယ်လို့ အခုပဲ ခင်ဗျားကို ကျွန်တော် ပြောပြပြီးပြီလေ "

" အဲဒီမှာ သူ့ကို ကျွန်တော်တွေ့ခဲ့တာပဲ။ အစပိုင်းတုန်းကတော့ ဒီလူကို ဘယ်မှာမြင်ဖူးခဲ့တယ်ဆိုတာ လုံးလုံးမသိဘူး။ လုံးလုံးအစဖော်လို့ မရခဲ့ဘူး။ ဂျီနီဗာကစပြီး ကျွန်တော့်နောက်ကို သူတောက်လျှောက်လိုက်လာခဲ့တာကိုး . . . "

" ခင်ဗျားဘာတွေ ပြောနေတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းနားမလည်ဘူး နိုဝယ် "

" ဗျူးမောင့် အခုဘယ်မှာလဲ " ဟု နိုဝယ်က ပြန်မေးသည်။

" သူ့သင်္ဘောပေါ်ကို ပြန်ရောက်နေပြီ။ သူ့နောက်ကို ဂရက်ချန်လိုက်သွားတာပဲ ရက်အတော်ကြာသွားပြီလေ။ စိန့်ထရိုပက်မှာရှိမယ်လို့ ကျွန်တော်ထင်တယ် "

နောက်နေ့တွင် မြေထဲပင်လယ်သို့ သွားရမည့်အကြောင်း သူစက်ဆုပ်ရွံရှာသော ယောက်ျားတစ်ယောက်ဆီသို့ လိုက်သွားရမည့်အကြောင်း ဂရက်ချန်ပြောခဲ့သည်များကို နိုဝယ် ပြန်လည်ကြားယောင်နေမိလေသည်။

" ဒီအတိုင်းဆိုရင်တော့ ကျွန်တော့်နောက်ကို ဘယ်သူကလိုက်ခိုင်းနေတာလဲဆိုတာ ကျွန်တော်တို့ သိအောင်လုပ်ကြရတော့မယ် "

နိုဝယ်က ထိုသို့ပြောရင်း ဘာလင်မှာ သူ့နောက်လိုက်သည့် သားရေဂျာကင်နှင့်လူ အကြောင်းကိုပါ ပြန်တွေးကြည့်သည်။ သည်အတိုင်းဆိုလျှင်တော့ တင်နီဆန်ပြောသည်မှာ မှန်ပြီ။ ဗျူးမောင့်ကို တတိယ လူတစ်ယောက်ယောက်က နိုင်ပေါက်ကိုင်မိသွားပြီ။ ထိုသူက မိမိနောက်သို့ နောက်ယောင်ခံလိုက်ရန် ဗျူးမောင့်အား တာဝန်ပေးထားခြင်းသာ ဖြစ်ရပေမည်ဟု သဘောပေါက်လာသည်။

နောက်ထပ်တစ်ယောက် ရှိရပေဦးမည်။

" ခင်ဗျားပြောတာကို ကျွန်တော်လဲ သဘောတူတယ်။ ဒီလိုဆိုရင် ဗျူးမောင့်ဆီကို ကျွန်တော်တို့နှစ်ယောက် အတူတူသွားကြမလား " ဟု တင်နီဆန်



www.burmeseclassic.com

www.burmeseclassic.com



က မေးသည်။

နိုဝယ်မှာ စိတ်အားတက်ကြွလာသည်။ သို့သော်လည်း သူဘာမှ မဆုံးဖြတ်နိုင်သေး။ အဖြေအပေါ်သည့်အချက်များ ကျန်နေသေးသည်။ ထို အချက်များကို ဆက်လက်မေးမြန်းရဦးမည်။ သိအောင် ကြိုးစားရဦးမည်။

" သွားဖို့လိုအပ်ရင်လဲ သွားကြတာပေါ့လေ။ ခင်ဗျားကို မေးချင်တဲ့ အချက်နှစ်ချက် ကျန်သေးတယ်။ ဒါပေမယ့် မမေးခင် ခင်ဗျားကို တစ်ခုသတိ ပေးထားရဦးမယ်။ အဖြေကို အခုချက်ချင်း လိုချင်တယ်။ ရက်ပိုင်းအတွင်း ပေးပါ့မယ်ဆိုတာမျိုး မလိုချင်ဘူး "

" ကောင်းပြီ "

" ရိုင်းယိုးဒီဂျနေးရိုးမြို့တုန်းက လူတစ်ယောက်ကို ခင်ဗျား သတ် ခဲ့တယ် "

ထိုမေးခွန်းကြောင့် တင်နီဆန်၏မျက်လုံးများ ကျဉ်းသွားသည်။

" ဟယ်လ်ဒင်က ခင်ဗျားကို ပြောပြပြီကိုး "

" ဒါကို ကျွန်တော်သိဖို့ လိုတယ်။ ဟယ်လ်ဒင်လဲ သဘောပေါက် တယ်။ ဂျီနီဗာကိစ္စမှာ စည်းကမ်းချက်တွေရှိတယ်။ ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ရင် လက်မခံဘူး။ ငွေထုတ်ဖို့ အားလုံးပြင်ဆင်ပြီးမှ မမျှော်လင့်တာတွေ ပေါ်လာရင် အစီအစဉ်တွေ အားလုံး ပျက်ကုန်လိမ့်မယ်။ ဒါမျိုးတော့ အဖြစ် မခံနိုင်ဘူး။ ခင်ဗျားကို အကျပ်ကိုင်တာတွေ ဖြစ်လာနိုင်တယ်။ အဲဒါမျိုး အဖြစ် မခံနိုင်ဘူး "

" ဟုတ်တာပေါ့လေ "

တင်နီဆန်က ခေါင်းညိတ်ပြရင်း ပြန်ပြောသည်။

" အဲဒီလူဟာ ဘယ်သူလဲ။ ဘယ်သူ့ကို ခင်ဗျား သတ်ခဲ့တာလဲ "

" ဒီကိစ္စကို ကျုပ်ဖုံးထားတာနဲ့ပတ်သက်ပြီး ခင်ဗျားအတွက် မှားနေပြီ။ ခင်ဗျားကို ပြောပြနိုင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စကို အကြောင်းပြုပြီး ကျွန်တော့် ကို အကျပ်ကိုင်နိုင်တယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါကို သေချာပေါက် ခင်ဗျား ဘယ်လိုလုပ် ပြောနိုင်မလဲ "

" ခင်ဗျားသတ်ခဲ့တဲ့လူရဲ့ နာမည်က စပြောကြရအောင် "

" မယ်ညှူယယ် ကာရာရာ "

" ကာရာရာ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်။ မယ်ညျူယယ်ကာရာရာ. . . ဒါကြောင့် ခင်ဗျားကို လာတွေ့တဲ့ မောင်နှမက ကာရာရာဆိုတဲ့နာမည်ကိုသုံးသွားကြတာပေါ့။ ကျွန်တော့်မှာ နိုင်ငံရေးနဲ့ပတ်သက်နေတာရှိကြောင်း သူတို့သိကြတယ်။ ကာရာရာဟာ ပါလီမန်အမတ်ခေါင်းဆောင်၊ သူတို့တိုင်းပြည်မှာ သိပ်ကို ဩဇာကြီးတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ပေါ့။ ဒါပေမယ့် သူ့တိုင်းပြည်အပေါ်မှာ သစ္စာမခံဘူး။ ဘရာဇီးလ်နိုင်ငံကို သစ္စာမခံဘူး။ မောရစ်ဂရပ်ဖ်ကို သစ္စာခံနေတယ်။ အိုဒက်ဇာကို သစ္စာခံနေတယ်။ သူ့ကို ကျွန်တော် သတ်ပစ်ခဲ့တာ ခုနစ်နှစ်ရှိသွားပြီ။ ဒီလိုလူမျိုး အခုတွေ့ရင်လဲ သတ်ဦးမှာပဲ။ မနက်ဖြန်တွေ့ရင်လဲ သတ်ဦးမှာပဲ "

နိုဝယ်က တင်နီဆန်၏ မျက်နှာကို အကဲခတ်ကြည့်နေသည်။ ပြီးတော့မှ ကောက်ကာငင်ကာ မေးချလိုက်သည်။

" ဒီအကြောင်း ဘယ်သူသိသလဲ "

" အဘိုးကြီးသုံးယောက်လောက်ပဲသိတယ်။ တစ်ယောက်ပဲ ကျန်တော့တယ်။ အားလုံးဆုံးကုန်ပြီ။ ခင်ဗျား သိချင်တယ်ဆိုရင် သူ့နာမည်ကို ပြောပြပါ့မယ်။ အဲဒီလူသတ်မှုနဲ့ပတ်သက်လို့ ဘယ်တော့မှ သူထုတ်ပြောမှာ မဟုတ်ဘူး "

" ဘာကြောင့် မပြောမှာလဲ "

" သူတို့စကားနဲ့ ပြောရမယ်ဆိုရင် ကိုယ့်ဖိနပ်က သူများခြေထောက်ထဲ ရောက်သွားတယ်လို့ ပြောရမှာပေါ့။ ရိုင်းယိုးဒီဂျနေးရိုးက ကျွန်တော်ထွက်မလာခင် သူတို့နဲ့တွေ့ခဲ့တယ်။ သူတို့ကို ကျွန်တော် ပြန်ခြိမ်းခြောက်တာကလဲ ရှင်းရှင်းလေးပဲလေ။ ကျုပ်နောက်ကိုလိုက်ပြီး အန္တရာယ်ပေးနေမယ်ဆိုရင် တိုင်းပြည်အပေါ် ကာရာရာသစ္စာဖောက်တာတွေကို ဖွင့်ချပစ်မယ်လို့ ပြောခဲ့တယ်။ ဒီလိုသာ ဖွင့်ချလိုက်ရင် သူတို့ရဲ့နိုင်ငံရေးပါတီ ပြိုကွဲသွားမှာ သေချာတယ်။ ဒီလိုလုပ်ငန်းမျိုးကို ဘရာဇီးလ်နိုင်ငံက နည်းနည်းကလေးမှ လက်ခံတာ မဟုတ်ဘူး။ တိုင်းပြည်အပေါ် သစ္စာဖောက်တာကို ပြောတာပါ "

" အဲဒီလူရဲ့နာမည်ကို ကျွန်တော် လိုချင်တယ် "

" စာရွက်ပေါ်မှာ ချရေးပေးပါ့မယ်။ သူ့ဆီကို ခင်ဗျား ဖုန်းလှမ်းဆက်လို့ ရပါတယ်။ ဘာမှမခက်ပါဘူး "

" ကျွန်တော်ဆက်ကြည့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီလိုဆက္ၾကည့္တဲ့အခါမွာ အခု ကြၽန္ေတာ္ေျပာတာေတြ အားလုံးမွန္ကန္ေၾကာင္း သူက ေထာက္ခံခ်က္ ေပးပါလိမ့္မယ္ "

နိုဝယ္နွင့္တင္နီဆန္သည္ တစ္ေယာက္ကိုတစ္ေယာက္ စိုက္ၾကည့္ ေနၾကျပန္သည္။ သူတို႔နွစ္ေယာက္မွာ ေပအနည္းငယ္သာ ကြာေဝးေလသည္။

" လန္ဒန္မွာ ေျမေအာက္ရထား ေမွာက္ခဲ့တာတစ္ခုရွိတယ္။ လူေတြ ေသခဲ့တယ္။ ေသတဲ့လူေတြထဲမွာ ဂါဒီယန္သတင္းစာတိုက္က လူတစ္ေယာက္ ပါသြားတယ္။ အဲဒီလူဟာ ခင္ဗ်ားကို ဂါဒီယန္သတင္းစာတိုက္မွာ အလုပ္ခန္႔ခဲ့ တဲ့လူပဲ။ အလုပ္မခန္႔ခင္ ခင္ဗ်ားကို လူေတြ႔စစ္ေဆးခဲ့တဲ့လူပဲ။ ခင္ဗ်ားကို ဘာေၾကာင့္ အလုပ္ခန္႔သင့္ေၾကာင္း ဆုံးျဖတ္ခဲ့တဲ့လူပဲ "

ထိုေမးခြန္းေၾကာင့္ တင္နီဆန္၏မ်က္လုံးအစုံမွာ ခ်က္ခ်င္း ေအးစက္ မာေက်ာသြားေလသည္။

" ဒီဥစၥာကေတာ့ ေၾကာက္စရာပါပဲလား။ က်ဳပ္ေတာ့ ေတာ္ေတာ္နဲ႔ အေၾကာက္ေျပေတာ့မွာေတာင္ မဟုတ္ဘူး။ ခင္ဗ်ား ေမးခြန္းက ဘာလဲ "

" ေနာက္ထပ္မေတာ္တဆမႈ တစ္ခုရွိေသးတယ္။ နယူးေယာက္ၿမိဳ႕မွာ ျဖစ္သြားတာ။ ရက္ပိုင္းကေလးပဲ ရွိေသးတယ္။ အျပစ္မဲ့တဲ့လူေတြ ေသကုန္ၾက ရတယ္။ အမွန္ကေတာ့ သူတို႔လိုခ်င္တာ တစ္ေယာက္ပဲ။ အဲဒီတစ္ေယာက္ ဟာ ကြၽန္ေတာ္သိပ္ခ်စ္တဲ့ လူျဖစ္ေနတယ္ "

" ခင္ဗ်ားကို ထပ္ေမးဦးမယ္ နိုဝယ္. . . ခင္ဗ်ားဆိုလိုခ်င္တာ ဘာလဲ"

" အျဖစ္အပ်က္နွစ္ခုဟာ တူေနတယ္။ နယူးေယာက္ၿမိဳ႕မွာျဖစ္သြား တဲ့ ကိစၥကို အဂၤလိပ္စုံေထာက္ေတြ မသိေသးဘူး။ အဲဒီအျဖစ္အပ်က္နွစ္ခု တူေနတာနဲ႔ပတ္သက္ၿပီး ကြၽန္ေတာ့္စိတ္ကို အေႏွာင့္အယွက္ျဖစ္ေစတယ္။ လြန္ခဲ့တဲ့ ငါးနွစ္ေလာက္တုန္းက လန္ဒန္မွာ ေျမေအာက္ရထားေမွာက္တာနဲ႔ ပတ္သက္ၿပီး ခင္ဗ်ား ဘာသိထားသလဲ ဂြၽန္ "

ဂြၽန္တင္နီဆန္၏တစ္ကိုယ္လုံးမွာ ေတာင့္ေတာင့္ႀကီးျဖစ္သြားေလ သည္။

" ခင္ဗ်ား စကားေျပာတာ ဆင္ျခင္ေျပာပါ။ အဂၤလိပ္စုံေထာက္ေတြ အျပစ္ရွာခ်င္တာ သိပ္လြန္လြန္းသြားၿပီ။ ခင္ဗ်ားက ကြၽန္ေတာ့္ဆီက ဘာသိခ်င္ တာလဲ။ ဂ်ီနီဗာအစီအစဥ္မွာ က်ဳပ္ဘာမွ သုံးလို႔မရေတာ့ေအာင္ ဘယ္ေလာက္ အထိ က်ဳပ္ တန္ဖိုးကို ခင္ဗ်ားခ်ပစ္ေနမွာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" အဓိပ္ပာယ်မရှိတဲ့စကားတွေပြောမနေစမ်းပါနဲ့ဗျာ။ မြေအောက်ရထား ဘာဖြစ်သလဲ "

နိုဝယ်ကလည်း ခပ်ပြတ်ပြတ်ပင် ပြန်မေးသည်။

" ကျုပ်ကိုယ်တိုင် အဲဒီမှာရှိနေခဲ့တယ် "

ဂျွန်တင်နီဆန်က ဒေါသတကြီးဖြင့် သူ့အင်္ကျီရင်ဘတ်ရှိ ဇစ်ကို ဆွဲဖြုတ်လိုက်သည်။ ရင်ဘတ်ပေါ်လာသည်။ လည်ပင်းအောက်နားမှ နို့အုံ အထိ ရှည်လျားသော အမာရွတ်ကြီးတစ်ခုကို တွေ့ရလေသည်။

" နယူးယောက်မှာ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ဘာဖြစ်သွားတယ် ဆိုတာကိုတော့ ကျုပ်မသိဘူး။ ဒါပေမယ့် လန်ဒန်မြို့မှာ မြေအောက်ရထား မှောက်ခဲ့တဲ့ကိစ္စကတော့ ကျုပ်ကို အတွေ့အကြုံတွေ အများကြီးရစေတယ်။ ဟောဒီမှာကြည့်ပါ။ အဲဒီမြေအောက်ရထားမှောက်တုန်းက ရခဲ့တဲ့ဒဏ်ရာတွေ၊ လေးဆယ့်ခုနစ်ချက် ချုပ်ရတယ်။ ကျုပ်ကို အလုပ်ခန့်ခဲ့တယ်ဆိုတဲ့လူဟာ လန်ဒန်မှာ ကျုပ်နဲ့သိပ်ရင်းနှီးတဲ့လူ။ ဘရာဇီးလ်နိုင်ငံထဲက ကျုပ် ထွက်ပြေး နိုင်အောင် ကူညီခဲ့တဲ့လူ။ တကယ်လို့တစ်ယောက်ယောက်က ရထားမှောက် အောင်လုပ်ပြီး သူ့ကိုလုပ်ကြံဖို့ ကြိုးစားတာဖြစ်တယ်ဆိုရင် ကျုပ်ကိုပါ သေ ကြောင်းကြံစည်တာသာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ရထားမှောက်တဲ့ အချိန်မှာ ကျုပ်တို့နှစ်ယောက် အတူတူ ထိုင်နေခဲ့ကြတယ် "

" ဒါကိုတော့ ကျွန်တော်မသိဘူး . . . အင်္ဂလိပ်စုံထောက်တွေကလဲ ကျွန်တော့်ကို ဒီအကြောင်း ဘာမှမပြောဘူး။ ခင်ဗျားပါ ရထားပေါ်မှာ ရှိနေ တယ်ဆိုတာကို သူတို့မသိကြဘူး "

" ဒီလိုဆိုရင် ကျုပ်အကြံတစ်ခုထပ်ပေးဦးမယ်။ ဆေးရုံမှတ်တမ်းတွေ ကို သွားရှာကြည့်ပါ။ ဘယ်လောက်မှ ခက်ခက်ခဲခဲ ရှာစရာမလိုပါဘူး။ ဝမ်းနည်း ပါတယ်ဗျာ။ ကျွန်တော် ခင်ဗျားကို စိတ်ဆိုးသွားမိတယ်။ အမှန်ကတော့ အင်္ဂလိပ်စုံထောက်တွေ ဆင်ပေးလိုက်တဲ့အကွက်ပါ။ အဲဒီအကွက်ထဲကို ခင်ဗျား ဝင်သွားတာပဲ "

" သူတို့ တကယ်ကို မသိတာဖြစ်နိုင်ပါတယ် " ဟု နိုဝယ်က ထပ် ပြောသည်။

" ကျွန်တော်လဲ ဒီလိုပဲ သဘောထားရတော့မှာပေါ့လေ။ ဘာကြောင့် လဲဆိုတော့ ဒဏ်ရာရကြတဲ့ လူနာတွေက အများကြီးမဟုတ်လား။ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ရုံကို ခွဲပို့လိုက်ရတယ်။ လူနာတွေကလဲ ရထားမှောက်ပြီး ဒဏ်ရာရကြတဲ့ လူတွေဆိုတော့ အားလုံး အရေးပေါ်လူနာတွေချည်း ဖြစ်နေတယ်။ ဘယ်သူကမှ လူနာရဲ့နာမည်ကို ဂရုစိုက်နေနိုင်ကြတာ မဟုတ်ဘူး။ အသက်ကယ်နိုင်ဖို့ကိုသာ လုံးပန်းနေကြတာ မဟုတ်လား။ ဆေးရုံပေါ်မှာ ကျွန်တော် ရက်ပေါင်းအတော်ကြာအောင် နေခဲ့ရပါတယ်။ နေစမ်းပါဦး . . . ရက်ပိုင်းအတွင်းက ခင်ဗျား သိပ်ချစ်တဲ့လူတစ်ယောက် နယူးယောက်မြို့မှာ မတော်တဆမှုတစ်ခုနဲ့ ကြုံခဲ့ရတယ်လို့ အခုနပြောသွားတယ်။ ဘာဖြစ်တာလဲ။ ဘယ်သူလဲ ”

တင်နီဆန်က သူ့အကြောင်း ရှင်းပြနေရာမှ ရုတ်တရက်စကားပြောင်းပြီး နိုဝယ်ကို ပြန်မေးသည်။

နိုဝယ်က သူ့ပထွေး ရစ်ချတ်ဟိုးလ်ခရော့ဖ်တ် ကားတိုက်ခံရပြီး သေဆုံးခဲ့ရသည့်အကြောင်းကို ရှင်းပြသည်။ ထိုသို့ ရှင်းပြရာတွင်လည်း လက်ဖတင်နင်မိုင်းလ်စ် ကောက်ချက်ဆွဲသကဲ့သို့ပင် လူတစ်ယောက်ကို သေနတ်နှင့်တေ့ပြီး ကားမောင်းခိုင်းကာ ပလက်ဖောင်းပေါ် တမင်တက်တိုက်ခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

သူတို့အားလုံး အပြန်အလှန် ရှင်းလင်းစရာများ ကုန်သွားလေပြီ။ မတင်မကျ ဖြစ်နေသည်များ ပြီးပြေသွားလေပြီ။

သူတို့လိုရာ အသုံးပြုနိုင်ရန် ‘ခွေကောင်’ အဖြစ် သတ်မှတ်ထားသော ဗျူးမောင့်ကို တတိယ တစ်ယောက်ယောက်က ချဉ်းကပ်မိသွားပြီ။

မည်သူ ဖြစ်မည်နည်း။

တင်နီဆန်ကလည်း အသိချင်ဆုံး မေးခွန်းတစ်ခုဖြစ်ပါသည်ဟု ပြောသွားသည်။

သည်အတိုင်းဆိုလျှင် နောက်ထပ်တစ်ယောက်ရှိနေသေးသည်။

ဘာလင်မှာတုန်းက သားရေဂျာကင်နှင့်လူကို တွေ့ခဲ့ရသည်။ သူ့ကို ပစ်သတ်လိုက်စမ်းပါဟု ပြောသည်။ သူ့ကိုသတ်လျှင် သူ့နေရာမှာ နောက်တစ်ယောက်က နေရာဝင်ယူမည်။ ထိုသူကိုသတ်လျှင် ထိုသူ၏နေရာမှာ နောက်ထပ်တစ်ယောက်က နေရာဝင်ယူဦးမည်ဟု ပြောခဲ့သည်။

ရာခါတို့ အိုဒက်ဇာတို့ထက် ပိုမိုအင်အားကြီးသော အဖွဲ့ဖြစ်နိုင်သည်။ အတွင်းရေးများကို ပိုသိသောအဖွဲ့ ဖြစ်နိုင်သည်။

နိုဝယ်သည် သူ သိထားသမျှအားလုံး၊ သူကြုံတွေ့ခဲ့ရသမျှအားလုံး၊



www.burmeseclassic.com

www.burmeseclassic.com



သူခံစားနေရသမျှအားလုံး၊ သူတွေးထင်ချက်အားလုံး တင်နီဆန်ကို အိတ်သွန် ဖာမှောက် ပြောချပြလိုက်လေသည်။

ထိုသို့ပြောပြနေသည့်အချိန်တစ်လျှောက်လုံး တင်နီဆန်က နိုဝယ်ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ စိတ်ဝင်စားစွာဖြင့်လည်း နားထောင်နေသည်။

အားလုံးရှင်းပြပြီး သွားသောအခါ နိုဝယ် အတော်မောသွားပုံရသည်။

" ကျွန်တော် သိထားသမျှတွေကတော့ အဲဒါအကုန်ပဲ "

တင်နီဆန်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။

" နောက်ဆုံးမှာတော့ ကျွန်တော်တို့နှစ်ယောက်စလုံး အပြန်အလှန် သဘောပေါက်သွားကြပြီ မဟုတ်လား။ ကျွန်တော်တို့စိတ်ထဲမှာ ရှိနေတာတွေကို အကုန်လုံး မချွင်းမချန် ဖွင့်ပြောပြီးကြပြီ။ စောစောပိုင်းတုန်းကတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ရန်သူလို့ထင်ခဲ့ကြတယ်။ ဒီလိုထင်တာဟာ ကျွန်တော်တို့နှစ်ယောက်စလုံး မှားခဲ့ကြတယ်။ အခုတော့ ကျွန်တော်တို့နှစ်ယောက် အတူတူလက်တွဲပြီး အလုပ်လုပ်ကြရတော့မယ် " ဟု တင်နီဆန်က ပြောသည်။

" ဂျီနီဗာအကြောင်းကို ခင်ဗျားသိနေတာ ဘယ်လောက်ကြာသွားပြီလဲ။ ဂရက်ချန်က ပြောတယ်။ တစ်နေ့ကျရင် လူတစ်ယောက် ရောက်လာပြီး ထူးဆန်းတဲ့အစီအစဉ်တွေ ပြောပြလိမ့်မယ်. . . သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံလိုက်ပါလို့ ခင်ဗျားက မှာထားတယ်တဲ့ "

" ကျွန်တော် ကလေးအရွယ်ကတည်းက သိခဲ့တာပါ။ ကျွန်တော့် အမေက ပြောပြတယ်လေ။ အင်မတန်များတဲ့ငွေတွေရှိတယ်တဲ့။ အဲဒီငွေတွေနဲ့ သိပ်ကိုကြီးကျယ်မွန်မြတ်တဲ့ အလုပ်တွေလုပ်ရမယ်တဲ့။ မှားယွင်းသွားတာတွေကို ပြန်ပြင်ပေးရမယ်တဲ့။ မှားယွင်းသွားတယ်ဆိုတာလဲ ဂျာမန်အစစ် မဟုတ်သူတွေက ဂျာမန်နိုင်ငံတော်ကြီးရဲ့အမည်ကို အလွဲသုံးစားပြုပြီး ကျူးလွန်သွားကြတာ ဖြစ်တယ်တဲ့။ အမေပြောသွားတာကတော့ အဲဒီသဘောလောက်ပါပဲ။ အသေးစိတ် အချက်အလက်တွေ မပါဘူး "

" ဒီလိုဆိုရင် အားရစ်ကက်စလာကို ခင်ဗျား မသိသေးဘူးပေါ့ " ဟု နိုဝယ်က ဖြတ်မေးသည်။

" နာမည်ကိုတော့ ကျွန်တော်မှတ်မိနေတယ်။ ဒါပေမယ့် ဝိုးတိုးဝါးတား ပဲ။ ကျွန်တော်က သိပ်ငယ်သေးတယ် မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



" တွေ့ရင် သူ့ကို ခင်ဗျား သဘောကျသွားမှာပါ "

" ခင်ဗျား ပြောပြတဲ့အကြောင်းကို နားထောင်ရတာနဲ့ပဲ ကျွန်တော် တွေ့ရင် သဘောကျမယ်ဆိုတာ သေချာသွားပါပြီ။ ဂျီနီဗာ အစီအစဉ်ထဲကို သူ့ညီကိုပါ ဆွဲထည့်မယ်လို့ စောစောက ခင်ဗျားပြောခဲ့တယ်နော်။ အဲဒါက ရော လက်ခံလို့ဖြစ်မလား "

" ဖြစ်တယ်။ စည်းကမ်းချက်ထဲမှာ လက်မခံရဘူးလို့ မပါဘူး။ ကျွန်တော် သူ့ကိုဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်းပြောပြလိုက်မယ်။ ရက် ချိန်းလဲပေးလိုက်မယ် "

" မနက်ဖြန်တို့ သဘက်ခါတို့အထိ ဘာကြောင့် စောင့်နေတော့မှာ လဲ။ စိန့်ထရိုပက်ကနေပြီး သူ့ကို ဖုန်းလှမ်းဆက်လိုက်ပါလား "

" ဗျူးမောင့်ကို သွားတွေ့ရင်းနဲ့လား "

နိုဝယ်က တင်နီဆန်ကို ပြန်ကြည့်ပြီးမေးသည်။

" ဟုတ်တယ်. . . ဗျူးမောင့်ကို သွားတွေ့ကြရင်း စိန့်ထရိုပက်ကနေ လှမ်းဆက်လိုက်တာပေါ့။ ဟုတ်တယ်. . . ကျွန်တော်တို့ရဲ့ ခွေကောင်ကိုတော့ သွားတွေ့မှဖြစ်တော့မယ်။ ကျွန်တော်တို့ကိုပြောပြစရာ သူ့မှာ တစ်ခုခုရှိနေ ပါတယ်။ အထူးသဖြင့် သူ့ကိုနောက်ဆုံး ကြိုးကိုင်နေသူဟာ ဘယ်သူလဲဆိုတာ ကိုတော့ ဖွင့်ပြောနိုင်ရမှာပေါ့။ ဂျီနီဗာ ဘူတာရုံကို ဘယ်သူက သူ့ကိုလွှတ်လိုက် သလဲ။ ဘယ်သူက သူ့ကိုငွေပေးပြီး ခိုင်းနေသလဲ. . . ဒါမှမဟုတ် သူ့ကို ဘယ်သူက အကျပ်ကိုင်ထားသလဲ. . . နိုင်ကွက်ကိုင်ထားသလဲ. . နယူးယောက် အထိ ခင်ဗျား နောက်ကို ဘာကြောင့်လုက်သလဲ. . . ဘယ်သူက လိုက်ခိုင်း သလဲ. . . ရိုင်းယိုးဒီဂျနေးရိုးအထိ လိုက်တဲ့အကြောင်းတွေပါ ပြည့်စုံအောင် မေးရတော့မှာပဲ။ အဲဒီအကြောင်းတွေ အားလုံးသိပြီဆိုရင် အဖြေကို ကျွန်တော် တို့သိပြီ။ ဘာလင်မှာ ခင်ဗျားနောက်ကို လိုက်လာတဲ့ သားရေဂျာကင်နဲ့လူ ဘယ်ကလာသလဲဆိုတာ ကျွန်တော်တို့သိပြီ "

အခြားတစ်ယောက်ယောက်ဖြစ်ရမည်။ အခြားတစ်ဖွဲ့ဖွဲ့က ခြေဝင် ရှုပ်နေပြီ။

နိုဝယ်က လက်ပတ်နာရီကို မြှောက်ကြည့်သည်။ ခြောက်နာရီထိုး တော့မည်။ သူတို့နှစ်ယောက် စကားပြောခဲ့ကြသည်မှာ အချိန်နှစ်နာရီကျော် သွားလေပြီ။ သို့သော်လည်း ပြောစရာတွေက အများကြီးကျန်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဒီနေ့ညစာကို ခင်ဗျားညီမနဲ့ကျွန်တော် အတူတူစားမလို့။ခင်ဗျား ပါလိုက်စားပါလား ” ဟု နိုဝယ်က မေးသည်။

တင်နီဆန်က ပြုံးသည်။

“ လိုက်မစားတော့ပါဘူး သူငယ်ချင်းရယ်. . . ကျွန်တော့်မှာ လုပ်စရာ အလုပ်တွေအများကြီးရှိနေသေးတယ်။ သတင်းစာတိုက်ကိုလဲ ပြန်ပြီး သတင်း တွေ ပို့ရဦးမယ်။ ကျွန်တော်ဟာ သတင်းစာဆရာတစ်ယောက်ဖြစ်ကြောင်း မေ့ပစ်လို့ မဖြစ်သေးဘူးလေ။ ဒါထက် ခင်ဗျား ဘယ်မှာတည်းနေသလဲ ”

“ ဂျော့စင်ဟိုတယ်မှာ ဖရက်စကာဆိုတဲ့နာမည်နဲ့ တည်းနေတယ်”

“ ဒီနေ့ညပိုင်း ကျွန်တော်ဖုန်းလှမ်းဆက်လိုက်မယ်။ မနက်ဖြန်ကျမှ ခရီးအတူတူ ထွက်ကြတာပေ့ါ ”

တင်နီဆန်က ထိုသို့ပြောရင်း နိုဝယ်ဆီသို့ လက်တစ်ဘက်ကို ဆန့်တန်းပေးလိုက်လေသည်။ နိုဝယ်က ဆွဲယူနှုတ်ဆက်သည်။

“ မနက်ဖြန်မှ တွေ့ကြမယ် ”

\+ \+ \+

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က လသာဆောင်မှာ ရပ်နေသည်။ ညနေခင်း ၏ လေက အေးလွန်းလှလေသည်။

အောက်သို့ ငုံ့ကြည့်လိုက်သောအခါ အဆောက်အအုံထဲမှထွက်ပြီး လမ်းဘေးတစ်လျှောက် အရှေ့ဘက်သို့ ဦးတည်လျှောက်သွားနေသော နိုဝယ် ကို မြင်ရသည်။

အားလုံး ချောမောလွယ်ကူစွာ ပြီးစီးသွားလေပြီ။

မုသားများသုံးခြင်း၊ တစ်ဝက်မှန်များကိုသုံးခြင်း၊ လုံးဝအမှန်များကို သုံးခြင်း၊ ဒေါသပေါက်ကွဲပြခြင်း၊ ခြိမ်းခြောက်ပြခြင်းများဖြင့် သူလိုချင်သည့် ကျုံးတွင်းသို့ နိုဝယ်ဟိုးလ်ခရော့ဖ်တ်အား သိမ်းသွင်းယူလိုက်ပြီးပြီဖြစ်ကြောင်း သူသဘောပေါက်သွားလေသည်။

ရိုင်းယိုးဒီဂျနေးရိုးမြို့မှာရှိနေသော အဘိုးကြီးကို ကြိုတင်အကြောင်း ကြားထားရမည်။ နိုဝယ်ဟိုးလ်ခရော့ဖ်တ် ဖုန်းဆက်မေးလာပါက မင်ညျူယယ် ကာရာရာဆိုသူကို တင်နီဆန်သတ်သည့်အကြောင်း သိသူမရှိတော့ဟု ပြောခိုင်း ရမည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ဆေးရုံတစ်ခုတွင် ဆေးမှတ်တမ်းတစ်ခု အချိန်မီထားရမည်။ လွန်ခဲ့သော ငါးနှစ်က မြေအောက်မီးရထားမှောက်ရာတွင် ဂျွန်တင်နီဆန် ရင်ဘတ်မှာ ဒဏ်ရာရပြီး ရက်ပေါင်းများစွာ တက်ရောက်ကုသခဲ့သည်ဆိုသည့် ဆေးမှတ်တမ်းများ ဖြစ်ရမည်။

သူ စီစဉ်ထားသည့်အတိုင်း အားလုံးတသဝေမတိမ်းဖြစ်မည်ဆိုလျှင် ယနေ့ညနေထုတ် သတင်းစာများမှာပင် ကြေကွဲဖွယ်သတင်းတစ်ပုဒ် ပါရှိလာပေလိမ့်ဦးမည်။

ရေတပ်အရာရှိကြီးနှင့် ဇနီးဖြစ်သူတို့သည် အပျော်စီးလှေကလေး တစ်စင်းနှင့် ပင်လယ်တွင်းမှာ ပျောက်ဆုံးနေသည်ဆိုသည့် သတင်း။

ဗွန်တိုင်းဘို့လ်တ်က ပြုံးလိုက်သည်။

နှစ်ပေါင်း သုံးဆယ်ကျော်ကတည်းက ကြိုတင်ပြင်ဆင်ထားခဲ့သည်များသည် တစ်ပိုင်းပြီးတစ်ပိုင်း သေသပ်ပိရိစွာ အကောင်အထည်ပေါ်နေလေပြီ။

နာခရိုက်တင်းဒိုက်များသည်ပင်လျှင် ယခုအချိန်တွင် သူ့ကို ဟန့်တားနိုင်စွမ်း မရှိတော့ပါ။ ရက်ပိုင်းအတွင်း နာခရိုက်တင်းဒိုက်များအားလုံးကို အပြတ်ရှင်းပစ်ရတော့မည်။

ယခုအချိန်ကား တီနာမောအတွက် အချိန်ပင်ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၀ )

ဂျော့စင်ဟိုတယ် ဧည့်ကြိုဌာနကိုဖြတ်ပြီး နိုဝယ်က ခပ်သုတ်သုတ် လျှောက်သွားသည်။ သူ့အခန်းအတွင်းသို့ သူအမြန်ဆုံး ပြန်ရောက်ချင်နေပြီ။ သူ့အခန်းထဲမှာ ဟယ်လ်ဒင် စောင့်နေသည်။

ဂျီနီဗာကိစ္စသည် အလွန်တရာ အချိန်နီးကပ်နေပြီ။ စိန့်ထရိုပက်သို့ သွားပြီး အန်ထော်နီဗျူးမောင့်နှင့် တွေ့ရမည်။ သူ့ဆီက အဖြစ်မှန်များကို အကျပ်ကိုင်ပြီး မေးရမည်။

နောက်တစ်ကြောင်းကလည်း ကူရာကောင်းမှာရှိနေသည့် ဆမ်ထံမှ မည်သို့များ အကြောင်းပြန်သနည်းဆိုသည်ကို သိချင်နေသည်။

အမေသည် တိတ်တိတ်ကလေး နယူးယောက်မြို့မှ ထွက်သွားသည်။ မက်ဆီကိုဘက်မှ လှည့်ထွက်သည်။ ဘာကြောင့် မက်ဆီကိုဘက်မှ လှည့်ထွက် သနည်း။

လစ္စဘွန်းသို့ရောက်သွားသည်။ ဘာကြောင့် လစ္စဘွန်းသို့ ရောက် သွားသနည်း။

ယခု အမေ ဘယ်ရောက်နေပြီနည်း။

ထိုအကြောင်းများကို အဖြေပေးနိုင်သူမှာ ဆမ်တစ်ယောက်သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဟု သူ မှန်းဆထားမိလေသည်။

ဘာလင်မှာတွေ့ခဲ့သော သားရေဂျာကင်နှင့်လူကို ပြန်လည်မြင်ယောင်မိသည်။ ထိုသူက သူ့ကို ဣန္ဒြေရရ စိုက်ကြည့်ခဲ့သည်။ သူသေလျှင် နောက်တစ်ယောက်လာမည်ဟု ဆိုသည်။ ထို နောက်တစ်ယောက်သေလျှင် နောက်တစ်ယောက်ထပ်လာဦးမည်ဟု ဆိုသည်။

ဓာတ်လှေကားထဲမှ မည်သူမှမရှိသောကြောင့် သူနေသည့်အထပ်သို့ တက်လာခဲ့သည်။

ဓာတ်လှေကားထဲမှ ထွက်လာသောအခါ သူ့အခန်းရှေ့မှာ လူတစ်ယောက်ကိုတွေ့ရသည်။ ဟယ်လ်ဒင်နှင့် ပထမဆုံးအကြိမ် ချိန်းတွေ့ကြတုန်းက မောင့်မာထရာရှိ ဘုရားရှိခိုးကျောင်းထဲမှာ သူ့ကိုလာကြိုရင်း သူ့ကိုယ်ပေါ်တွင် လက်နက်ပါမပါ ရှာဖွေခဲ့သူ ဖြစ်လေသည်။

" ကောင်းသော ညနေခင်းပါ မွန်ဇာ. . . "

ထိုသူကပင် ဆီးကြိုနှုတ်ဆက်သည်။

" ကိုယ့်လူ. . . ဒီမှာ ဘာလာလုပ်နေတာလဲ. . . ဟယ်လ်ဒင် ဘာဖြစ်နေသလဲ "

" အဲဒီမေးခွန်းကိုတော့ သူကိုယ်တိုင် ဖြေပါလိမ့်မယ်ဗျာ "

" သူ ဖြေနိုင်ရင် ကိုယ့်လူလဲ ဖြေနိုင်ရမှာပေါ့ "

နိုဝယ်က ပြောပြောဆိုဆို ထိုသူ၏လက်မောင်းတစ်ဘက်ကို ခပ်ကြမ်းကြမ်းဆွဲပြီး တံခါးပေါက်ဆီသို့ ခေါ်သွားသည်။

" ခင်ဗျား ကျုပ်ကို လွှတ်ပါ "

" ဟယ်လ်ဒင်က လွှတ်ခိုင်းမှလွှတ်မယ်။ လာ လိုက်ခဲ့ "

နိုဝယ်က ခပ်ကြမ်းကြမ်းဆွဲခေါ်သွားရင်း တံခါးခေါက်သည်။

စက္ကန့်ပိုင်းကလေးအတွင်း တံခါးပွင့်သွားသည်။ အပေါက်ဝမှာ ဟယ်လ်ဒင် ရပ်နေသည်။ နိုဝယ်တို့နှစ်ယောက်၏အဖြစ်ကို မြင်လိုက်ရသောကြောင့် ထိတ်လန့်တုန်လှုပ်သွားပုံရသည်။

လက်ထဲမှာ သတင်းစာတစ်စောင်ကို ခေါက်ကိုင်ထားသည်။ မျက်လုံးများကို စိုက်ကြည့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်ခြင်းထက် ကြေကွဲဝမ်းနည်းခြင်း အရိပ်အရောင်များက ပိုလွှမ်းနေကြောင်း နိုဝယ် သတိထားမိသည်။

" ဘာဖြစ်တာလဲဟင်. . . " ဟု ဟယ်လ်ဒင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်သိချင်တာလဲ အဲဒါပဲ။ ဒါပေမယ့် ဒီငတိကိုမေးလို့ မရဘူး။ ဘာမှမပြောဘူး "

နိုဝယ်က ပြောပြောဆိုဆို သူချုပ်ထားသူကို အခန်းတွင်းသို့ တွန်းသွင်းလိုက်သည်။

" နိုဝယ်. . . မလုပ်ပါနဲ့မောင်ရယ်. . . သူက ကျွန်မတို့လူပါ "

" ဘာကြောင့် သူ ဒီကိုရောက်နေသလဲဆိုတာ သိချင်တယ် "

" ကျွန်မ လှမ်းခေါ်လိုက်တာပါ။ ကျွန်မ ဘယ်နေရာကိုရောက်နေတယ်ဆိုတာ သူအမြဲသိနေတယ်လေ။ ကျွန်မကို သူတွေ့မှဖြစ်မယ်။ သိပ်ကို စိတ်ထိခိုက်စရာကောင်းတဲ့ သတင်းကြီးတစ်ခု ကျွန်မကို သူပြောပြစရာရှိတယ်။ ဒါကြောင့် ကျွန်မက ဒီကိုလာဖို့ ခေါ်လိုက်တာပါ "

" ဘာ. . . "

နိုဝယ်က နားမလည်နိုင်ဘဲ ပြန်မေးသည်။

" သတင်းစာတွေ ဖတ်ကြည့်။ အင်္ဂလိပ်သတင်းစာရော ပြင်သစ်သတင်းစာရော အဲဒီမှာရှိတယ် "

နိုဝယ် ဆွဲသွင်းလာသည့် ယောကျ်ားက ပြောသည်။

စားပွဲပေါ်မှာရှိနေသော အင်္ဂလိပ်သတင်းစာ တစ်စောင်ကို နိုဝယ်က လှမ်းဆွဲယူလိုက်လေသည်။

" စာမျက်နှာ နှစ်. . . ဘယ်ဘက်အစွန် ကော်လံထိပ်ဆုံး " ဟု ထိုသူကပင် ဆက်ပြောသည်။

နိုဝယ်က သူပြောသည့်အတိုင်း စာမျက်နှာ ၂ ကို လှန်သည်။ သတင်းကို ဖတ်ကြည့်သည်။

ရင်ထဲမှာ ဒေါသစိတ်များ ကြီးစိုးလာသည်။ ပြီးတော့ ကြောက်စိတ်များ ဖုံးလွှမ်းလာသည်။ နောက်ဆုံးတော့ ကြောက်စိတ်နှင့် ဒေါသစိတ်များက သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားလေသည်။

**'ရေတပ်အရာရှိနှင့်ဇနီး မြေထဲပင်လယ်တွင်း၌**
**ပျောက်ဆုံးနေခြင်း'**

စိန့်ထရိုပက်။ ။ ကာဂိုကင်းထောက် စစ်ရေယာဉ်မှူး ဒုတိယ ဗိုလ်မှူးကြီး အန်ထော်နီဗျူးမောင့်နှင့်ဇနီးတို့သည် မိုးသက်လေပြင်း

**ရေတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ကျနေသော ကမ်းလွန်တစ်နေရာတွင် အပျော်စီးလှေကလေးတစ်စီး မှောက်ရာ၌ ပါသွားပြီး အလောင်းရှာမရသေးဘဲ ပျောက်ဆုံးနေသည်။ ဒုတိယဗိုလ်မှူးကြီး ဗျူးမောင့်သည် ဘုရင့်ရေတပ်မတော်တွင် အစဉ်အလာကြီးပြီး အများလေးစားသော ဘွဲ့ထူး၊ ဂုဏ်ထူးအမြောက်အမြား ချီးမြှင့်ခြင်းခံရသော အရာရှိကြီးတစ်ယောက် ဖြစ်သည်။

မစ္စဗျူးမောင့်က သူ့ခင်ပွန်းနှင့်အတူ အနားယူရန် စိန့်ပရိုပက်သို့ လိုက်လာပြီး လှေကလေးတစ်စင်းနှင့်အတူ လှော်သွားကြရာမှ မုန်တိုင်းကျကာ ပျောက်ဆုံးနေခြင်း ဖြစ်သည်။

ကာဂိုကင်းထောက် စစ်ရေယာဉ်၏ ဒုတိယစစ်ရေယာဉ်မှူးက အလောင်းရှာဖွေရေးအမိန့်ထုတ်ပေးထားသည်။

ဒုတိယဗိုလ်မှူးကြီးဗျူးမောင့်တို့ဇနီးမောင်နှံသည် မုန်တိုင်း-အတွင်းမှာ ရေနစ်သေဆုံးသွားခြင်း ဖြစ်သည်ဟု ရေတပ်ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ပေးသည်။

သူတို့ဇနီးမောင်နှံတွင် သားသမီးထွန်းကားခြင်းမရှိပေ။

" အိုး . . . ဘုရားသခင် ကယ်တော်မူပါ. . . ။ မင်းအစ်ကိုက မင်းကို ဘာမှ ပြောမပြဘူးလား "

သတင်းဖတ်၍ဆုံးသွားသောအခါ နိုဝယ်က ဘုရားတလိုက်ရင်း ဟယ်လ်ဒင်ကို လှည့်မေးသည်။

" ဂရက်ချန်အကြောင်းကိုလား။ ပြောပြပါတယ်။ သူဟာ စိတ်ဒုက္ခရောက်နေကြောင်း. . ၊ နောက်ပြီးတော့ သိပ်ကိုလဲ အလုပ်လုပ်နေရကြောင်း ပြောပြပါတယ်။ ကျွန်မနဲ့လဲ အဆင်ပြေတာ မဟုတ်ဘူးလေ။ သူ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မကို အသိမပေးဘူး။ ဗျူးမောင့်နဲ့ ဘာကြောင့် လပ်ထပ်တယ်ဆိုတာလဲ ကျွန်မကို မပြောဘူး. . ။ အမှန်တရားတွေကို ကျွန်မ အနံ့ခံမိသွားမှာ သူ သိပ်စိုးရိမ်နေခဲ့တယ် "

" ခင်ဗျားပြောတာ မှန်နေပြီ။ ဗျူးမောင့်ဟာ အိုဒက်ဇာပဲ။ သတင်းစာကရေးတဲ့သတင်းကို ကျွန်တော်တို့ မယုံကြပါဘူး " ဟု အမျိုးသားက ဝင်ပြောသည်။

" ဘာလင်မှာရှိနေတဲ့ မောင့်မိတ်ဆွေအကြောင်းကို သူပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗျူးမောင့်ဟာ အိုဒက်ဇာဖြစ်ကြောင်း သူတို့ နိုင်ငံခြားရေးဌာနကနေတဆင့် ဗြိတိသျှအစိုးရကို အကြောင်းကြားပေးမယ်ဆိုတာ သူ့ကို ကျွန်မ ပြောပြထားတယ် မောင် ”

နီဝယ် သဘောပေါက်သွားပါသည်။ ထိုအကြောင်းကို ပြောပြသော်လည်း ဂျီနီဗာကိစ္စကိုမူ တစ်စုံတစ်ရာပြောမည်မဟုတ်ကြောင်း နီဝယ် သိပါသည်။ နီဝယ်က အမျိုးသားဘက်သို့ လှည့်မေးသည်။

“ ဘာဖြစ်တယ်လို့ ခင်ဗျားထင်သလဲ ”

“ အင်္ဂလိပ်တွေအနေနဲ့ သူတို့ရေတပ်မတော်ထဲမှာ ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိတဲ့ လူတစ်ယောက်ဟာ အိုဒက်ဇာဖြစ်နေတာကို တွေ့ရရင် ဘယ်နည်းနဲ့မှ ဒီအတိုင်း ထိုင်ကြည့်နေမှာ မဟုတ်ဘူး။ အမြန်ဆုံး အပျောက်ဖျောက်ပစ်လိုက်မှာပဲ ”

“ ဒါလောက်တော့ ပြင်းပြင်းထန်ထန်မလုပ်ဘူး ထင်တယ် ” ဟု နီဝယ်က ပြန်ပြောသည်။

“ ဒီလို အန္တရာယ်မျိုးကို တာရှည်ဘယ်မွေးထားပါ့မလဲ. . . ”

“ အပြစ်ကင်းမဲ့တဲ့ မိန်းမသားတစ်ယောက်ကို ရက်ရက်စက်စက် သတ်ပစ်ပါ့မလားဗျ ”

“ သူဟာ အပြစ်ကင်းမဲ့တဲ့မိန်းမသား ဟုတ်မဟုတ်ဆိုတာ နှစ်ခါ ပြန်စဉ်းစားဖို့တောင် မလိုပါဘူးဗျာ. . .။ အိုဒက်ဇာတစ်ယောက်ရဲ့ မိန်းမဟာ ဘာဖြစ်မယ်ဆိုတာ ရှင်းနေတာပဲ မဟုတ်လား ”

နီဝယ်သည် စိတ်ပျက်လက်ပျက်ဖြင့် နောက်ဘက်သို့ ပြန်လှည့်သည်။ စိတ်ထိခိုက်နေသော ဟယ်လ်ဒင်ဘက်သို့ လျှောက်သွားပြီး ကိုယ်လုံးကလေးကို လက်နှင့်သိုင်းဖက်ထားလိုက်သည်။

“ ကိုယ် စိတ်မကောင်းပါဘူးကွယ်။ မင်း ဘယ်လိုခံစားနေရမယ်ဆိုတာ ကိုယ် သိပါတယ်။ မင်းအတွက် တစ်ခုခုလုပ်ပေးနိုင်ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးမိပါတယ်။ ဒါပေမယ့် ကိုယ် ဘာမှမတတ်နိုင်ဘူးကွယ်”

“ ဂျိုဟန်းနဲ့မောင်နဲ့တွေ့တာ ဘယ်လိုနေသလဲ။ မောင်တို့ တစ်ယောက်ကိုတစ်ယောက် ယုံကြည်ကြရဲ့လား ”

ဟယ်လ်ဒင်က နီဝယ်၏မျက်နှာအရိပ်အကဲကို ပြန်ကြည့်ပြီး မေးသည်။

“ သိပ်ကို ယုံကြည်မှုရှိသွားပြီ။ ကိုယ်တို့နှစ်ယောက် အလုပ်အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြပြီ ”

“ ဒီအတိုင်းဆိုရင် ဂရက်ချန်အတွက် ဝမ်းနည်းပူဆွေးနေဖို့ အချိန်မရှိတော့ဘူးနော်။ ကျွန်မ ဒီနေ့ည ဒီမှာပဲ အိပ်တော့မယ် . . ။ ကျွန်မလုံခြုံရေးအတွက် တာဝန်ယူပေးနိုင်မလား . . . ”

ဟယ်လ်ဒင်က နိုဝယ်ကိုပြောရင်း ဘေးက အမျိုးသားကိုပါ တဆက်တည်း လှည့်မေးလေသည်။

“ ဖြစ်ပါတယ်။ ကျွန်တော် စီစဉ်လိုက်မယ် ”

“ ကျေးဇူးတင်ပါတယ်။ ရှင်ဟာ တကယ့်မိတ်ဆွေကောင်းတစ်ယောက်ပါပဲ ”

ထိုသူက ပြုံးသည်။

“ ဒီစကားကို မစ္စတာဟိုးလ်ခရော့ဖ်တ်ကတော့ ယုံကြည်မယ် မထင်ဘူး။ သူ လေ့လာစရာတွေ အများကြီးကျန်သေးတယ် . . ။ ကျွန်တော်တို့လုပ်ပုံကိုင်ပုံတွေဟာ ခင်ဗျားအဖို့ နားလည်ရခက်နေမယ်ဆိုရင် တောင်းပန်ပါတယ်ဗျာ . . ။ ဟယ်လ်ဒင်နဲ့ခင်ဗျားရဲ့ ဆက်ဆံရေးဟာလဲ ကျွန်တော့်အဖို့တော့ နားလည်ရခက်တဲ့ ဆက်ဆံရေးမျိုးပါပဲ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဘာတစ်ခုကိုမှ မစပ်စုပါဘူး။ ခင်ဗျားကို ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်ရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်မယ်ကြံရင်တော့ ခင်ဗျားကို ကျွန်တော်တို့ သတ်ရမယ်။ ဒါလောက်တော့ ခင်ဗျား သဘောပေါက်မယ်လို့ ထင်တယ် ”

ထိုသူက ထိုသို့ပြောရင်း အခန်းအပြင်ဘက်သို့ ထွက်သွားသည်။ နိုဝယ်က သူ့နောက်သို့ လိုက်သွားရန် ခြေလှမ်းပြင်သည်။ ဟယ်လ်ဒင်က ဖမ်းဆွဲထားလိုက်သည်။

“ သွားပါစေ မောင်ရယ်။ သူလဲ လေ့လာစရာတွေအများကြီးရှိပါသေးတယ်။ ဒါပေမယ့် ကျွန်မအဖို့ အားကိုးရတယ် ”

“ ဝမ်းနည်းပါတယ်ကွယ်။ မင်းစိတ်ထိခိုက်နေတဲ့အချိန်မှာ ကိုယ့်အနေနဲ့ အစစအရာရာ ဆင်ခြင်ဖို့ကောင်းပါတယ် ”

“ ကျွန်မတို့မှာ စိတ်ထိခိုက်နေစရာလဲ အချိန်မရှိတော့ဘူးလေ။ မောင့်သူငယ်ချင်း ဆမ် ဖုန်းဆက်တယ်။ သူ့ကိုပြန်ဆက်ဖို့ ဖုန်းနံပါတ်ပေးသွားတယ်။ ဟောဒီမှာ ”



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေးမှာရှိသော ဖုန်းဆီသို့ နိုဝယ်လျှောက်သွားသည်။ ဟယ်လ်ဒင် မှတ်ထားသည့် ဖုန်းနံပါတ်အတိုင်း ခေါ်သည်။ ဖုန်းစောင့်နေရင်း ဟယ်လ်ဒင်ကို လှည့်ပြောသည်။

" မနက်ဖြန်ကျရင် မင်းအစ်ကိုနဲ့ကိုယ်နဲ့ စိန့်ထရိုပက်ကိုသွားဖို့ တိုင်ပင်ထားတယ်။ ဗျူးမောင့် ဘာတွေသိထားသလဲဆိုတာ မေးဖို့ပဲ။ အခုသတင်းကို ကြားလိုက်ရရင်တော့ မင်းအစ်ကိုလဲ တော်တော် စိတ်ထိခိုက်သွားလိမ့်မယ် ထင်တယ် "

" သူ့ဆီကို ကျွန်မ ဖုန်းလှမ်းဆက်လိုက်ရင် ကောင်းမယ်ထင်တယ်။ သူနဲ့ ဂရက်ချန်က ပိုချစ်ကြတယ်။ ငယ်ငယ်ကတည်းက သူတို့နှစ်ယောက်ကို ခွဲထားလို့ရတာမဟုတ်ဘူး။ သူဘယ်မှာ ရှိနေမလဲဟင် "

" ကိုယ် မသိဘူး။ သူဘယ်မှာရှိနေမယ်ဆိုတာ ပြောမသွားဘူး။ ညဥ့်နက်ပိုင်းကျရင် ကိုယ့်ကို ဖုန်းလှမ်းဆက်မယ်လို့ပဲ ပြောသွားတယ် "

" သူ ဖုန်းဆက်ရင် ကျွန်မလဲ စကားပြောမယ်နော် "

ဟယ်လ်ဒင်က ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

တစ်မိနစ်မပြည့်မီမှာပင် နယ်သာလင်နိုင်ငံ ကူရာကောင်းကျွန်းနှင့် ဖုန်းအဆက်အသွယ် ရလေသည်။

" နိုဝယ်. . . မင်းဟာ သေနတ်ကျည်ဆန်ကျနေတာပဲ။ အဖမ်းရခက်လိုက်တာကွာ။ တစ်ကမ္ဘာလုံးကိုများ လျှောက်ပတ်နေသလား ထင်ရတယ် " ဟု ဆမ်က ဆီးပြောသည်။

" အဲဒီထက်တောင်ပိုပြီး ပြေးရလွှားရဦးမယ်ထင်တယ် ဆမ်။ ကျွန်တော့်အမေ ခင်ဗျားကို ဖုန်းဆက်သေးသလား "

" ဆက်တယ်။ တစ်ပတ်အတွင်း မင်းနဲ့ဂျီနီဗာမှာတွေ့မယ်ဆိုတဲ့ အကြောင်း မင်းကို ပြောပေးပါလို့ မှာသွားတယ်။ ဂျီနီဗာကိုရောက်ရင် ဟိုတည်ဒကော့မှတည်းပါတဲ့။ ဒါပေမယ့် ဘယ်သူကိုမှ ဘာစကားမှ မပြောပါနဲ့တဲ့ "

" ဂျီနီဗာ. . . သူဂျီနီဗာကို သွားနေပြီလား . . . ဘာကိစ္စ အမေရိကန်က သူ ထွက်သွားရတာလဲဗျာ "

" အရေးပေါ်ကိစ္စလို့တော့ သူက ပြောတာပဲ။ တစ်ပတ်အတွင်း ဂျီနီဗာမှာ မင်းနဲ့တွေ့ရင် သူ အကျိုးအကြောင်းပြောမယ်တဲ့။ အခုလောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ နှုတ်လုံပါတဲ့။ ရေငုံထားပါတဲ့။ သူနဲ့မတွေ့မချင်း ဘာကိုမှမပြောဖို့ သေသေချာချာမှာသွားတယ်။ သူလဲ စိတ်လှုပ်ရှားနေတယ် ”

“ သူ့ကို ကျွန်တော်တားမှဖြစ်မယ် ဆမ်။ သူ့ကိုဆက်လို့ရနိုင်တဲ့ ဖုန်းနံပါတ်များ ခင်ဗျားကို ပေးသွားသေးသလား။ ဒါမှမဟုတ် လိပ်စာများ ပေးသွားသလား။ ကျွန်တော် ဘယ်လို အဆက်အသွယ် လုပ်ရမလဲ ”

“ ဘာမှ ပြောမသွားဘူး သူငယ်ချင်း။ စကားပြောချိန်ကောင်းကောင်း မရလိုက်ပါဘူး။ တယ်လီဖုန်းလိုင်းကလဲ မကောင်းဘူးကွ။ မင်းတို့ ဘာတွေများ ဖြစ်နေကြတာလဲကွာ။ ငါ့ကို တစ်ခုခုများ ပြောမပြနိုင်ဘူးလား ”

နိုဝယ်က ဆမ်နှင့်သူ မျက်နှာချင်းဆိုင် စကားပြောနေသည်ဟု ထင်မှတ်ပြီး ခေါင်းယမ်းပြလိုက်သည်။ ပြီးတော့မှ သတိရကာ ပြန်ပြောသည်။

“ ဝမ်းနည်းပါတယ် ဆမ်. . . တစ်နေ့ကျမှပဲ ရှင်းပြပါရစေတော့။ ခင်ဗျားကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ သိပ်များနေပြီဗျာ ”

နိုဝယ်က ဖုန်းကိုပြန်တင်ထားလိုက်သည်။ ဆမ်သည် အလွန်အားကိုး ရသော မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ကြောင်း သူ ကောင်းကောင်း သဘော ပေါက်ထားပါသည်။

“ ကိုယ့်အမေ ဂျီနီဗာကို သွားနေတယ်တဲ့ ”

နိုဝယ်က ဟယ်လ်ဒင်ကို လှမ်းပြောသည်။

“ မောင်ပြောနေတာ ကြားလိုက်ရတယ်။ မောင် တော်တော် စိတ် လှုပ်ရှားသွားတာပါ သတိထားလိုက်မိတယ် ”

“ ဟုတ်တယ်။ စိတ်လှုပ်ရှားတာထက် စိတ်ပူသွားတယ်။ မက်ဆီကို မှာ သူ့နောက်ကို လူတစ်ယောက်က နောက်ယောင်ခံလိုက်နေတယ်တဲ့။ စုံထောက်မိုင်းလ်စ်က အဲဒီလူကို ဖမ်းမိတယ်။ ဒါပေမယ့် သူတို့ဘာမှမမေးရ သေးခင် အဲဒီလူက အသင့်ဗျက်ယူလာတဲ့အဆိပ်ကို သောက်ပြီး သတ်သေသွား တယ်။ ဘယ်သူမှန်း ဘယ်ကမှန်း မသိလိုက်ကြရဘူး ”

“ ငါ့ကို သတ်ရင် နောက်တစ်ယောက်က ငါ့နေရာကိုယူမယ်။ အဲဒီ နောက်တစ်ယောက်ကိုသတ်ရင် နောက်ထပ်တစ်ယောက်က သူ့နေရာကို ထပ် ယူသွားဦးမယ်လို့ သားရေဂျာကင်နဲ့လူက မောင့်ကို ပြောသွားတယ်မဟုတ်လား”

“ ဟုတ်တယ်။ ဒီကိုပြန်လာရင်း လမ်းမှာ သူတို့အကြောင်းတွေ မောင် စဉ်းစားလာခဲ့သေးတယ် ”



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီအကြောင်းကို ဂျိုဟန်းရော သိသလား "

" ကိုယ်အားလုံး ဖွင့်ပြောပြလိုက်တယ် "

" သူက ဘယ်လိုထင်သလဲ "

" သူလဲ ဘာထင်ရမှန်းမသိတော့ဘူး။ ဒါတွေအားလုံးကို သိနိုင်တဲ့ သော့ချက်က ဗျူးမောင့်ပဲ။ အခုတော့ ကိုယ်တို့ ဘာဆက်လုပ်ကြမယ်ဆိုတာကို မသိနိုင်တော့ဘူး။ ဂျီနီဗာကိုပဲ ဆက်သွားကြရတော့မယ် ထင်တယ်။ ကိုယ်တို့ကို ဘယ်သူကမှ မတားရင်ပေါ့လေ "

ဟယ်လ်ဒင်က နိုဝယ်ဆီသို့ ပြန်လှောက်လာသည်။

" ကျွန်မကို တစ်ခုခုပြောပြစမ်းပါဦး မောင်။ သူတို့ဘာလုပ်နိုင်မှာလဲ။ မောင်တို့သုံးယောက်ဆုံပြီး ဂျီနီဗာကို သွားရုံပဲမဟုတ်လား။ အားလုံး သဘောတူညီထားကြတဲ့အတိုင်း မောင်တို့ ထုတ်ရမယ့်ငွေကို ထုတ်ယူလိုက်ရုံပဲ မဟုတ်လား။ ဒါဆို ပြီးသွားပြီလေ။ သူတို့ ဘာလုပ်နိုင်တော့မှာလဲ "

" မနေ့ညတုန်းက မင်း ပြောခဲ့ပြီလေ "

" ဘာကိုလဲ "

" ကိုယ်တို့သုံးယောက်ကို သူတို့ သတ်ပစ်နိုင်တယ်ဆိုတာ "

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းမြည်သည်။ နိုဝယ်က သွားကောက်ကိုင်သည်။

" ပြောပါ. . . "

" ဂွန်တင်နီဆန် စကားပြောနေပါတယ် "

တစ်ဘက်မှ ပေါ်လာသောအသံက အတော်ကလေး ထိန်းပြောနေရသည့်အသံမျိုး ဖြစ်လေသည်။

" ခင်ဗျား ညီမက စကားပြောချင်လို့တဲ့ " ဟု နိုဝယ်က ပြန်ပြောသည်။

" ခဏလေး စောင့်ပါဦး။ ကျုပ်တို့နှစ်ယောက် အလျင်ပြောမှဖြစ်မယ်။ ဟယ်လ်ဒင် သိသွားပြီလား "

" သိတယ်။ ဘယ်ဖုံးလို့ရမှာလဲ "

" ကျွန်တော့်သတင်းစာတိုက်က ဖုန်းဆက်ပြီး အဲဒီသတင်းပြောပြတယ်။ ဂရချန်နဲ့ ကျွန်တော် ဘယ်လောက်သံယောဇဉ်ကြီးတယ်ဆိုတာ အယ်ဒီတာတွေက သိကြတယ်။ အဖြစ်ကဆိုးလိုက်တာဗျာ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျား စိတ်သက်သာရာရအောင် ကျွန်တော် တစ်ခုခုပြောလိုက်ချင်ပါတယ်ဗျာ. . . ဒါပေမယ့်. . . "

" ခင်ဗျားရဲ့ပထွေး လုပ်ကြံခံရတဲ့အကြောင်း ခင်ဗျားပြောပြတုန်းက ကျွန်တော်လဲ ဘာမှမကူညီနိုင်ခဲ့ဘူးလေ. . .။ ကျွန်တော်တို့အားလုံး ဒါတွေနဲ့ပဲ ကြုံတွေ့နေကြရတော့မှာပဲ။ ဒါမျိုးဖြစ်လာရင် တောင်မင်းကို မြောက်မင်း မကယ်နိုင်သလိုပဲ။ ဘာစကားမှလဲ မပြောနိုင်တော့ဘူး။ ဟယ်လ်ဒင် နားလည်ပါတယ်လေ "

" ဒီလိုဆိုရင် သတင်းစာကရေးတဲ့အကြောင်းပြချက်ကို ခင်ဗျား မယုံကြည်ဘူးပေ့ါ။ လှေနဲ့သွားရင်း မုန်တိုင်းမိသွားတယ်ဆိုတာလေ "

" လှေနဲ့ထွက်သွားပြီး လုံးဝပြန်ရောက်မလာတော့ဘူးဆိုတာကိုလား။ အဲဒါကို ယုံတယ်. . .။ ဒါပေမယ့် ဒီကိစ္စမှာ ဗျူးမောင့် တာဝန်ရှိတယ်. . . ဗျူးမောင့် အသုံးမကျလို့ သေရတယ်ဆိုတာကိုတော့ မယုံဘူး။ ဗျူးမောင့်ဟာ အင်မတန်တော်တဲ့ ရေတပ်အရာရှိတစ်ယောက်၊ မုန်တိုင်းကို မိုင်နှစ်ဆယ် လောက်ကနေပြီး ကြိုတင်အနံ့ခံနိုင်တဲ့လူ. . .။ သူ့မှာ လှေကလေးတစ်စင်း လောက်များ ရှိနေလို့ကတော့ အဲဒီမုန်တိုင်းမလာခင် ကမ်းကိုရောက်အောင် သွားနိုင်တဲ့လူ "

" ဒီလိုဆိုရင် သူတို့သေရတာ ဘယ်သူ့မှာ တာဝန်ရှိနေသလဲ. . . "

" အပိုတွေ မေးမနေပါနဲ့တော့ သူငယ်ချင်းရယ်. . .။ အဲဒီအဖြေကို ကျွန်တော်တို့နှစ်ယောက်စလုံး သိနေကြပြီပဲ. . .။ ဗျူးမောင့်ကို ငှားတဲ့လူက ဗျူးမောင့်ကို ပြန်သတ်ပစ်လိုက်တာပေ့ါဗျာ။ သူ့ကိုငှားတဲ့လူတွေကပဲ ခင်ဗျား နောက်ကို နောက်ယောင်ခံလိုက်ဖို့ သူ့ကို တာဝန်ပေးတယ်. .။ ဒီလို နောက် ယောင်ခံလိုက်လာတာကို ခင်ဗျားက ရိပ်မိသွားတယ်။ ဒီတော့ သူအသုံးဝင်တဲ့ အခန်းကဏ္ဍဟာ ကုန်ဆုံးသွားပြီပေ့ါ။ သူနဲ့တွေ့ရအောင် ခင်ဗျားနဲ့ကျွန်တော် စိန့်ထရိုပက်ကို လိုက်သွားကြတော့မယ်ဆိုတာကိုတောင် သိများသွားကြလေ သလား မပြောတတ်ဘူး။ ဂရက်ချန်ကိုပါ သတ်သွားတာတော့ နည်းနည်းကလေး မှ ခွင့်လွှတ်နိုင်တဲ့ အပြုအမူမျိုးပဲ "

" ကျွန်တော် စိတ်မကောင်းပါဘူး ဂျွန်. . .။ ကျွန်တော့မှာ တာဝန် မကင်းဖြစ်နေတယ်လို့ စိတ်ထဲမှာ ခံစားနေရတယ်ဗျာ. . . "

" ဒီကိစ္စက ခင်ဗျားနဲ့ လုံးလုံးမပတ်သက်ပါဘူးလေ "



www.burmeseclassic.com

www.burmeseclassic.com



" သူတို့ကို သတ်ပစ်လိုက်သူဟာ အင်္ဂလိပ်တွေများ ဖြစ်နိုင်မလား။ သူ့အကြောင်း ကက်စလာကို ကျွန်တော်ပြောပြခဲ့တယ်လေ။ ကက်စလာက နိုင်ငံခြားရေးဌာနကို ဖော်ပြောလိုက်ရင် ဗျူးမောင့်ကို ဘုရင့်ရေတပ်က ချက်ချင်း ဖယ်ရှားပစ်မှာ သေချာတယ်လို့ ကျွန်တော့်ကို ပြောပြလိုက်တယ် "

" ဖယ်ရှားပစ်ဖို့တော့ ပြင်ဆင်ကြမှာပဲ. . .။ ဒါပေမယ့် အင်္ဂလိပ် ထောက်လှမ်းရေးက ဒါမျိုးမဟုတ်ဘူး။ ဘယ်နည်းနဲ့မှ မသတ်ဘူး။ ဗျူးမောင့် ဟာ သူတို့လက်ခုပ်ထဲက ရေပဲ။ ဘာဖြစ်လို့သတ်မလဲ။ သတ်ရင် ပြဿနာတွေ ပိုရှုပ်လာနိုင်သေးတာပေါ့။ ဗျူးမောင့်နဲ့ ဂရက်ချန်ကြောင့် လုပ်ငန်းတွေထိခိုက် လာနိုင်တဲ့ အုပ်စုတစ်ခုခုက သတ်သွားတာပဲ ဖြစ်ရမယ် "

တင်နီဆန် ပြောပြသည်မှာ နည်းလမ်းတကျဖြစ်ကြောင်း နိုဝယ်က သဘောပေါက်သွားလေသည်။

" ဟုတ်တယ်။ ခင်ဗျားပြောတာ မှန်တယ်။ အင်္ဂလိပ်တွေအနေနဲ့ ပြဿနာအရှုပ်ခံပြီး သတ်နေစရာမလိုဘူး။ သူတို့လက်ခုပ်ထဲက ရေပဲ "

" လူသတ်တယ်ဆိုတာ ဗြိတိသျှစစ်ထောက်လှမ်းရေးရဲ့စရိုက် မဟုတ်ဘူး။ ဒါမျိုးကို သူတို့ ဘယ်တော့မှ မလုပ်ဘူး။ သူတို့ရဲ့ ဂုဏ်သိက္ခာကိုလဲ ထိန်းသိမ်းဖို့ အရေးကြီးတယ်မဟုတ်လား။ သူတို့က အစိုးရပဲ။ လူသတ်ဂိုဏ်းမှ မဟုတ်ပဲ။ ဖြစ်နိုင်ရင် သူတို့ဂုဏ်ပိုတက်အောင်သာ လုပ်ကြရမှာပါ. . .။ ဒါကြောင့် ကျွန်တော် တွက်ထားတာတွေ မှန်ပါစေလို့ပဲ ဆုတောင်းရတော့တယ်"

" ဘာကို ဆိုလိုတာလဲ "

" ဒီနေ့ည လေယာဉ်ပျံနဲ့ ကျွန်တော် လန်ဒန်ကိုလိုက်သွားမယ်။ မနက်ဖြန်ကျရင် ပေတန်ဂျုံးနဲ့ အဆက်အသွယ်လုပ်မယ်။ ဗြိတိသျှစစ်ထောက် လှမ်းရေး အမှတ်ငါးက အရာရှိလေ။ သူတို့နဲ့ အလဲအလှယ် လုပ်စရာကလေး တစ်ခု ကျွန်တော့်မှာ ရှိနေတယ်။ သူတို့မငြင်းနိုင်ဘူးလို့တော့ ကျွန်တော် ထင်ထားတာပဲ။ မြေဝပ်ငှက်လို တစ်နေရာကနေ တစ်နေရာကို ချက်ချင်း ကူးပြောင်း ပျံသန်းသွားနိုင်တဲ့ တီနာမောကို သူတို့လက် အပ်တော့မယ်လေ "

နိုဝယ်မှာ ထိုစကားကြောင့် အံ့အားသင့်သွားလေသည်။ ပြီးတော့ တုန်လှုပ်ချောက်ချားသွားလေသည်။

" သူတို့နဲ့ ခင်ဗျား အလုပ်အတူတူတွဲပြီး မလုပ်နိုင်ဘူးလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောထားဖူးတယ် မဟုတ်လား ”

“ သူတို့နဲ့တွဲလုပ်မှာ မဟုတ်ဘူးလေ။ ပေတန်ဂျုံးနဲ့ တွဲလုပ်မှာ။ တခြားလူ မပါဘူး။ လုံလောက်တဲ့ အာမခံချက်တွေတော့ သူ့ဘက်က ပေးရမှာပေါ့ဗျာ။ ဒီလိုမှ အာမခံချက်မပေးရင် ဘာမှဆက်ဆွေးနွေးနေစရာတောင် မလိုတော့ဘူး ”

“ သူ သဘောတူမယ်လို့ ခင်ဗျားထင်သလား ”

“ သူ့မှာ ရွေးစရာ တခြားနည်းလမ်း မရှိတော့ဘူးလေ။ တီနာမေဟာ သူတို့အတွက် အကြီးဆုံး အမှောင့်ပရောဂဖြစ်လာနေပြီလေ ”

“ ခင်ဗျားက အဲဒီလိုကူညီတဲ့အတွက် သူတို့ဆီက ဘယ်လို တုံ့ပြန်မှုမျိုးကို ရမှာလဲ ”

“ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ အကျပ်အတည်းက လွတ်မြောက်နိုင်ဖို့ လမ်းစကို သူတို့ဆီက ရနိုင်တယ်။ အင်္ဂလိပ်ထောက်လှမ်းရေးတွေ လက်မှာ လျှို့ဝှက်ဖိုင်တွေ ထောင်ပေါင်းများစွာ ရှိတယ်။ တစ်ယောက်ချင်းအကြောင်းတွေရှိတယ်။ တစ်အုပ်စုချင်း အကြောင်းတွေရှိတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်တုန်းက တတိယမြောက် ဂျာမနီနိုင်ငံတော်ကြီးရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ခဲ့ရသူတွေရဲ့ ဖိုင်တွဲတွေရှိတယ်။ ဒါမှမဟုတ် ခင်ဗျားတို့ ကျွန်တော်တို့ အဖေတွေနဲ့ဆက်သွယ်ခဲ့သူတွေရဲ့ ဖိုင်တွဲတွေရှိတယ်။ ကျွန်တော်တို့ အဖေတွေက ဘယ်သူတွေအပေါ် ယုံကြည်ခဲ့သလဲ. . . ဘယ်လိုတာဝန်မျိုးတွေ ပေးခဲ့သလဲဆိုတာတွေ အဲဒီမှာ တွေ့နိုင်မယ် ”

“ ထောင်ပေါင်းများစွာရှိတဲ့ ဖိုင်တွဲတွေထဲမှာ ခင်ဗျားလိုချင်တာကို ရှာဖို့ဆိုတာ ဘယ်လွယ်မလဲ။ လိုချင်တာလဲရှိချင်မှရှိမယ်။ ရှိဦးတော့ အဲဒီဖိုင်တွဲကို တွေ့အောင်ရှာဖို့ဆိုတာ လပေါင်းများစွာ အချိန်ယူရမယ် ”

“ ဒါလောက်လဲမဟုတ်ပါဘူးလေ။ ဘယ်လိုရှာရမယ်ဆိုတာ ကျွန်တော်ကောင်းကောင်း သိပါတယ်။ ကျွန်တော်တို့အဖေတွေနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့ကြတဲ့ လူတွေကို ရှာရုံပဲပေါ့ ”

ဂွန်တင်နီဆန်က စကားကိုမြန်မြန်ပြောနေသည်။ အကြောင်းအရာကိုလည်း တောက်လျှောက် ပြောချလိုက်ခြင်းဖြစ်သည်။

“ ခင်ဗျားလိုချင်တဲ့ သဲလွန်စဟာ အင်္ဂလိပ်ထောက်လှမ်းရေးတွေရဲ့ ဖိုင်တွဲထဲမှာရှိနေရမယ်လို့ ဘာကြောင့်ထင်တာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



“ ဘာကြောင့်လဲဆိုတော့ သူတို့ဆီမှာ ရှိကိုရှိနေနိုင်လို့ပဲ။ ဒီနေ့ညနေ ခင်ဗျားပြောတာတွေကို နားထောင်ရပြီးတဲ့နောက်မှာ ကျွန်တော့်အနေနဲ့ ပိုပြီး အမြင်ကြည်လင်လာတယ်။ နယူးယောက်မှာတုန်းက လူတစ်ယောက်က ခင်ဗျားကို ဖုန်းဆက်တယ် မဟုတ်လား။ ဖုန်းဆက်ရင်း တန်းလန်း အသတ်ခံ သွားရတယ်လေ. . . ”

“ ပီတာဘော်လ်ဒွင်ကိုပြောတာလား ”

“ ဟုတ်တယ်။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အမှတ်ခြောက်ကလူ။ ဂျီနီဗာအစီအစဉ်အကြောင်းကို သူသိတယ်။ ကျွန်တော်တို့ သူကနေစပြီး သဲလွန်စရှာရမှာပဲ။ အခုအချိန်မှာ သူဟာ ကျွန်တော်တို့ရဲ့ အဓိက သော့ချက် ဖြစ်သွားပြီ ”

“ ဒီလိုဆိုရင် ‘ဝံပုလွေ’ဆိုတဲ့ ဖိုင်ကိုရှာပါ။ လျှို့ဝှက်စကားလုံး ‘ဝံပုလွေ’ တဲ့။ အဲဒါဖြစ်နိုင်တယ် ” ဟု နိုဝယ်က ပြောပြလိုက်သည်။

တင်နီဆန်က ရုတ်တရက် စကားမပြန်။ စဉ်းစားနေခြင်းလား. . . သို့တည်းမဟုတ် ထိတ်လန့်တုန်လှုပ်သွားခြင်းလား ဆိုသည်ကို နိုဝယ် မပြော နိုင်ပါ။ အတော်ကလေးကြာတော့မှ တင်နီဆန်၏အသံကို ကြားရလေသည်။

“ အဲဒီနာမည်ကို ခင်ဗျား ဘယ်မှာကြားခဲ့ရတာလဲ။ ဒါနဲ့ပတ်သက်ပြီး ခင်ဗျား လုံးဝ မပြောဖူးဘူး။ ဟယ်လ်ဒင်ကလဲ မပြောဖူးဘူး ”

“ ဒီလိုဆိုရင် ကျွန်တော်တို့နှစ်ယောက်စလုံး မေ့နေကြလို့ပဲ ဖြစ်ပါ လိမ့်မယ် ”

နိုဝယ်က အေးအေးဆေးဆေးပင် ပြန်ပြောသည်။

“ ကျွန်တော်တို့နှစ်ယောက်စလုံး သတိရတော့မယ်။ ဝံပုလွေဆိုတဲ့ စကားလုံးဟာ ဂျီနီဗာအစီအစဉ်နဲ့ပတ်သက်နေပြီဆိုရင် ကျွန်တော်တို့ အကြီး အကျယ်သတိထားကြရတော့မယ်။ အင်္ဂလိပ်တွေအနေနဲ့ ဂျီနီဗာအကြောင်းကို သိသွားလို့ မဖြစ်ဘူး။ သူတို့သိသွားရင် ကျွန်တော်တို့ အစီအစဉ်တွေ အားလုံး ပျက်သွားတော့မယ် ”

“ ကျွန်တော်လဲ သဘောတူပါတယ်။ ဒါပေမယ့် သူတို့ရဲ့ လျှို့ဝှက် ဖိုင်တွဲတွေကို ခင်ဗျား ကြည့်ချင်တယ်ဆိုရင် လုံလောက်တဲ့အကြောင်းပြချက် တစ်ခုခုတော့ ပေတန်ဂျုံးကို ခင်ဗျား ပြရတော့မှာပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



" အမှန်တစ်ဝက် မုသားတစ်ဝက်ပေါ့ဗျာ။ ဂရက်ချန်ကို သတ်တဲ့ လူသတ်သမားကို ခြေရာခံချင်လို့ပါလို့ ပြောရတော့မှာပေါ့ "

" နောက်ပြီးတော့ ခင်ဗျား ခြောက်နှစ်လုံးလုံး အပင်ပန်းခံပြီး ခြေရာခံလာတဲ့ တီနာမောကို အဲဒီအကြောင်းနဲ့ စွန့်လွှတ်လိုက်တော့မှာလား "

" ဂျီနီဗာအစီအစဉ်အောင်မြင်ဖို့အတွက် စွန့်လွှတ်ရတော့မှာပဲ။ ဂျီနီဗာအစီအစဉ် အောင်မြင်ဖို့အတွက်ဆိုရင် ဘာကိုမဆို စွန့်လွှတ်ရတော့မှာပဲ "

ထိုစကားကိုကြားရသဖြင့် နိုဝယ် စိတ်ချမ်းသာသွားသည်။

" ပေတန်ဂျုံးကို ကျွန်တော်ဖုန်းလှမ်းဆက်ပေးဖို့လိုသလား "

" မလိုဘူး "

တင်နီဆန်က အသံကုန်အော်လိုက်သည်။ ပြီးမှ သူ့အသံကို ပြန်နှိမ့်သည်။

" ဒီလိုပါ. . . သိပ်ကို အန္တရာယ်ကြီးသွားနိုင်တယ်။ ကျွန်တော်ပြောတာကို ယုံပါ။ ကျွန်တော့်ကိုလဲယုံပါ။ ဒါကြောင့် ကျေးဇူးပြုပြီး ကျွန်တော်ပြောတာကို နားထောင်ပါဗျာ။ ခင်ဗျားနဲ့ ဟယ်လ်ဒင်တို့နှစ်ယောက် လူမြင်မခံဘဲ ကိုယ်ရောင်ဖျောက်နေကြဖို့လိုပါတယ်။ လုံးဝ ကိုယ်ယောင်ဖျောက်လိုက်ပါ။ ခင်ဗျားကို ကျွန်တော် အဆက်အသွယ်မလုပ်သမျှ ကာလပတ်လုံး ဟယ်လ်ဒင်ကို အလုပ်ပြန်မဆင်းခိုင်းပါနဲ့။ သူဟာ ခင်ဗျားနဲ့ပဲ အတူနေနေမှဖြစ်မယ်။ ပြီးတော့ ခင်ဗျားတို့နှစ်ယောက်စလုံးကို ဘယ်သူမှ မမြင်ပါစေနဲ့ "

နိုဝယ်က ဟယ်လ်ဒင်ကို လှမ်းကြည့်သည်။

" သူသဘောတူပါ့မလား မသိဘူး "

" သူ လက်ခံလာအောင် ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ နှစ်ယောက် ပြောစရာကုန်ပြီ။ သူနဲ့စကားပြောတော့မယ် "

" ကျွန်တော့်တို့ ခင်ဗျား ဖုန်းပြန်ဆက်မှာမဟုတ်လား ဂျွန်. . . "

" သုံးလေးငါးရက်အတွင်း ဆက်မယ်။ ခင်ဗျား တခြားဟိုတယ်ကို ပြောင်းသွားရင် မစ္စတာဖရက်စကာကို ဘယ်မှာအဆက်အသွယ်လုပ်နိုင်ကြောင်း နောက်ဆုံးတည်းတဲ့ဟိုတယ်မှာ သတင်းပေးသွားပါ။ ကဲ. . . ကျွန်တော် ဟယ်လ်ဒင်နဲ့ စကားပြောတော့မယ်။ ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ မတူတဲ့ အချက်တွေ ရှိနေသေးတာမှန်ပေမယ့် အခုအချိန်ကစပြီး ကျွန်တော်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်ကုန်ကြပြီ။ ဒီမှာ. . . နို၀ယ်. . . ”

“ ပြောပါ ”

“ ကျွန်တော့်ညီမကလေးကို ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ ဆက်ဆံပါဗျာ။ အတတ်နိုင်ဆုံးလဲ ယုယလိုက်ပါ။ သူ့ဘ၀မှာ ခင်ဗျားရှိနေမှ ဖြစ်မယ့် အခြေအနေမျိုးကို ရောက်နေပြီ ”

နို၀ယ်က ဟယ်လ်ဒင်အား ဖုန်းလှမ်းပေးလိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၁ )

‘ လျှို့ဝှက်စကားလုံး ဝံပုလွေ ’

ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်သည် သူ့လက်ဝါးကိုဖြန့်ပြီး လက်သီးနှင့် ခပ်ပြင်းပြင်း ထိုးပစ်လိုက်လေသည်။

ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ် ၆မှ ပီတာဘော်လ်ဒွင်ကို ထိုအကြောင်းဖွင့်ပြောသူမှာ မင်ဖရက်ဒီသာလျှင် ဖြစ်ရမည်။ သို့သော် ဂျီနီဗာ အစီအစဉ်များအကြောင်းကိုတော့ ဖွင့်ပြောလိမ့်မည်မထင်။

‘ လျှို့ဝှက်စကားလုံး ဝံပုလွေ ’ သည် သာမန်လူမျိုးများအတွက်တော့ မည်သို့မှ ထူးခြားလိမ့်မည် မဟုတ်ပေ။

သို့သော် နိုင်ငံပေါင်းများစွာမှာ သူတို့လျှို့ဝှက်ပို့ထားသည့် ခေါင်းဆောင်ငယ်များ အားလုံးအတွက်တော့ အရေးကြီးဆုံး စကားလုံးဖြစ်သည်။

ထိုစကားလုံးကို ကြားလိုက်သည်နှင့်တစ်ပြိုင်တည်း ‘စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီး’ကို စတင်ထူထောင်ကြဖို့ အချက်ပေးလိုက်ခြင်းဖြစ်ကြောင်း အားလုံးက သဘောပေါက်ကြရမည်ဖြစ်သည်။

တိုတောင်းသည့် အချိန်အနည်းငယ်အတွင်း မြောက်မြားစွာသော ငွေများသည် နိုင်ငံတကာမှာရှိနေကြသည့် သူတို့မျိုးဆက်သစ်များ လက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့မည်။ ထိုငွေများကို အသုံးပြုပြီး ပြိုကွဲသွားသော ဂျာမနီနိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်ကြရမည်ဖြစ်သည်။

အဖေတို့ထားခဲ့သည့်ငွေများသည် သူတို့နိုင်ငံသစ်ထူထောင်ရေးအတွက် ရန်ပုံငွေဖြစ်လေသည်။

အဖေတို့ကမူ သူတို့၏အမှားများကို ပြန်လည်ပြင်ဆင်သည့်အနေဖြင့် ပျက်စီးသွားသော သူတို့၏ဂုဏ်သိက္ခာများကို ပြန်လည်ပြင်ဆင်အဖတ်ဆည်သည့်အနေဖြင့် လူမှုရေးလုပ်ငန်းများလုပ်ပေးရန် ရည်ရွယ်သည်။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် အဖေတို့ ရည်စူးထားသည့်အတိုင်း အကောင်အထည်ဖော်မည့်သူ ဖြစ်သည်။

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က သဘောမတူနိုင်။ သို့သော်လည်း သူတို့၏ ရည်ရွယ်ချက်အမှန်ကို ဖွင့်ပြောလျှင် နိုဝယ်က လက်မခံဘဲ ငြင်းဆန်လိမ့်မည်။ ထိုသို့ ငြင်းဆန်ခဲ့သော် ဘဏ်တိုက်ထဲမှငွေများကို ထုတ်ယူ၍မရဘဲ နောက်ထပ် နှစ်ပေါင်းသုံးဆယ်ကြာအောင် မျိုးဆက်သစ်တစ်ဆက်ကို စောင့်ဆိုင်းကြရပေလိမ့်မည်။

သည်လောက်အချိန်ကာလများကို ဗွန်တိုင်းဘို့လ်တ် မစောင့်နိုင်ပါ။

စစ်ပြီးခါနီးနှင့် စစ်ပြီးစတုန်းက 'မျိုးဆက်'များကို ကမ္ဘာအရပ်ရပ်သို့ လျှို့ဝှက်ပေးပို့ထားခဲ့သည်။ ယခုအခါတွင် ထိုကလေးများအားလုံး လူလားမြောက်ကုန်ကြပြီ။

ထိုကလေးများဖြင့် 'စတုတ္ထဂျာမနီနိုင်ငံတော်ကြီး'ကို တည်ထောင်ရမည်။

ထိုအကြောင်းများကို ရိပ်စားမိသူသည် 'နာခရိုက်တင်းဒိုက်'များသာဖြစ်သည်။ ထို့ကြောင့် သူတို့အစီအစဉ်ကိုဖျက်မည့်သူမှာ နာခရိုက်တင်းဒိုက်များသာ ဖြစ်ရမည်။

နာခရိုက်တင်းဒိုက်များကို ဖြိုခွဲလိုက်နိုင်လျှင် သူတို့ကို နှောင့်ယှက်မည့်သူ ပြောပလောက်အောင် မရှိတော့ပြီ။

နာခရိုက်တင်းဒိုက်တို့အကြောင်း ဖိုင်တွဲများသည် အင်္ဂလိပ်ထောက်လှမ်းရေးအဖွဲ့တွင် ရှိကိုရှိနေရမည်ဟုလည်း ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က အခိုင်အမာယုံကြည်ထားလေသည်။

ထို့ကြောင့် အင်္ဂလိပ်ထောက်လှမ်းရေးများ အလွန်စိတ်ဝင်စားနေသော



www.burmeseclassic.com

www.burmeseclassic.com



တီနာမောနှင့်အလဲအလှယ်လုပ်လျှင် ဘာကြောင့် မရရမည်နည်းဟု သူ အပိုင်တွက်ထားခြင်းဖြစ်သည်။

❖

လန်ဒန်မြို့ရှိ 'ဂါဒီယန် သတင်းစာတိုက်'ထဲသို့ ဂျွန်တင်နီဆန် ဝင်လာသည်။ စားပွဲတိုင်းမှာ ရှိနေသူများက သူ့ကို ရင်းရင်းနှီးနှီး ဆီးကြိုနှုတ်ဆက်ကြသည်။

အထူးသဖြင့် အမျိုးသမီးများက လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ကြသည်။ သူတို့ကို တင်နီဆန်လည်း စိတ်ဝင်စားပါသည်။ သို့သော် သူ အချိန်မပေးနိုင်သေး။ ထို့ကြောင့် ဝတ္တရားမပျက် ပြန်လည်နှုတ်ဆက်ရင်း အယ်ဒီတာအခန်းထဲသို့ ဝင်လာခဲ့လေသည်။

" ဂျွန်. . . တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ဘွန်းကရေးလိုက်တဲ့ ခင်ဗျားသတင်း မနက်ဖြန်ပါမယ်။ သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းပဲ "

အခန်းထဲမှာရှိနေသော အယ်ဒီတာက သူ့ကို ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်သည်။ တင်နီဆန်က မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

" နောက်ပြဿနာတစ်ခု ပေါ်လာပြန်ပြီဗျ။ ကျွန်တော် သတင်းရတဲ့နေရာတွေက သေချာမယ်ဆိုရင်ပေါ့ဗျာ . . .။ ဒါပေမယ့် သေချာပါတယ်။ သိပ်ကို သေချာပါတယ်။ လုပ်ကြံမှုကြီးတွေ ပေါ်လာဦးမယ်။ အဲဒီ လုပ်ကြံမှုကြီးတွေကြောင့် ကမ္ဘာ့နိုင်ငံအချင်းချင်း ဆက်ဆံရေးတွေ အကြီးအကျယ် ဒုက္ခရောက်ကြရတော့မယ် "

" အောင်မယ်လေး. . . ကြောက်စရာပါလား။ ဒီလိုဆိုရင် အဲဒီသတင်းကို ဖွင့်ချလိုက်ပါလား " ဟု အယ်ဒီတာလုပ်သူက အထိတ်တလန့်ပြောသည်။

" မဖြစ်ဘူး။ ရေးလို့မဖြစ်သေးဘူး။ တာဝန်သိတတ်တဲ့သတင်းစာတိုင်းက ဒီသတင်းကို ကြိုမရေးသင့်ဘူးလို့ ကျွန်တော် ထင်တယ် "

အယ်ဒီတာ၏ကိုယ်က ရှေ့သို့ ကိုင်းလာသည်။

" ဘာသတင်းမို့လို့လဲ ဂျွန်. . . "

" နောက်အင်္ဂါနေ့မှာ စီးပွားရေးနဲ့ပတ်သက်ပြီး ထိပ်သီးအစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ ရှိနေတယ်လေ ”

“ ဟုတ်တယ်လေ။ ဒီလန်ဒန်မြို့မှာ လုပ်မှာပဲ။ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုက နိုင်ငံအကြီးအကဲတွေ တက်ကြလိမ့်မယ် ”

“ အဲဒါ ချက်ပဲပေါ့ဗျာ။ အရှေ့အုပ်စုနဲ့အနောက်အုပ်စုဆိုတာလေ. . ။ အရှေ့အုပ်စုနဲ့အနောက်အုပ်စုက ခေါင်းဆောင်တွေ ရောက်လာကြမယ်။ သူတို့တွေဟာ ကမ္ဘာပေါ်မှာ ဩဇာအာဏာ အကြီးဆုံးခေါင်းဆောင်တွေ ”

တင်နီဆန် စကားကို မဆက်သေးဘဲ ဖြတ်ထားလိုက်သည်။ အယ်ဒီတာက ပိုစိတ်ဝင်စားလာသည်။

“ အဲဒီတော့. . . ”

“ ခေါင်းဆောင်နှစ်ယောက်ကို လုပ်ကြံလိမ့်မယ် ”

“ ဘာ. . . ”

“ ထိပ်သီးညီလာခံ တက်လာကတဲ့အထဲက ခေါင်းဆောင်နှစ်ယောက်ကို လုပ်ကြံကြလိမ့်မယ်။ အရှေ့အုပ်စုဘက်က နိုင်ငံအကြီးအကဲတစ်ယောက်၊ အနောက်အုပ်စုထဲက နိုင်ငံအကြီးအကဲတစ်ယောက်၊ ဒီလိုလုပ်ကြံလိုက်ရင် ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးတွေအချင်းချင်း ဆက်ဆံရေးဟာ ဘယ်အခြေအနေကို ရောက်သွားမလဲ။ သိပ်ကို တင်းမာသွားတော့မယ်မဟုတ်လား ”

“ မဖြစ်နိုင်ဘူး။ လုံခြုံရေးအစီအမံတွေကို တင်းကျပ်အောင်လုပ်ထားတာပဲ ” ဟု အယ်ဒီတာက ပြန်ပြောသည်။

“ လုံခြုံရေးအစီအမံဆိုတာ ဒါလောက်သေချာတိကျအောင် လုပ်လို့ မရနိုင်ပါဘူးလေ။ လူအုပ်ကြီးရှိနေမယ်ဗျာ။ စီတန်းလှည့်လည်တာတွေရှိမယ်ဗျာ။ ထမင်းစားပွဲကြီးတွေ ရှိမယ်ဗျာ။ ဒီလိုလှုပ်ရှားနေကြရတာ ဘယ်မှာသွားပြီး လုံခြုံရေးအတွက် အပြည့်အဝ အာမခံချက် ပေးနိုင်မှာလဲ ”

“ အာမခံချက်ရှိအောင် လုပ်ရမှာပေါ့ ”

“ တီနာမောလို လူတစ်ယောက်အတွက် အာမခံချက်အပြည့်အဝရှိတဲ့ လုံခြုံရေးအစီအမံဆိုတာ မရှိနိုင်ပါဘူးဗျာ ”

“ တီနာမော. . . ”

“ ကြေးစားလူသတ်သမား သမိုင်းတစ်လျှောက်မှာ အမြင့်ဆုံးကြေးကို လက်ခံလိုက်ပြီလေဗျာ ”

“ ဘုရား. . . ဘုရား. . . ဘယ်သူ့ဆီက လက်ခံလိုက်တာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



" နာခရိုက်တင်းဒိုက်ဆိုတဲ့ အဖွဲ့အစည်းတစ်ခုဆီကပဲဗျ "

❖

ဟာရိုးပေတန်ဂျုံးသည် စားပွဲခြားပြီး မျက်နှာချင်းဆိုင်မှာ ထိုင်နေသော ဂွန်တင်နီဆန်ကို မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေသည်။

သူတို့နှစ်ယောက်သည် ဗြိတိသျှစစ်ထောက်လှမ်းရေး အမှတ် ၅ ရုံး တစ်ရုံးတွင် လျှို့ဝှက်တွေ့ဆုံနေကြခြင်းဖြစ်လေသည်။

" ကျွန်တော်ထပ်ပြောဦးမယ်။ အခု ခင်ဗျား ပြောနေတာတွေကို ကျွန်တော်က လက်ခံမယ်ဆိုရင် ခင်ဗျားကြည့်ချင်တဲ့ လျှို့ဝှက်ဖိုင်တွေ ခင်ဗျားကို ကျွန်တော်တို့က ပြရမယ်ပေါ့ ဟုတ်လား။ ဒါဟာ စည်းကမ်းနည်းလမ်းနဲ့ နည်းနည်းကလေးမှ မကိုက်ညီတဲ့ တောင်းဆိုချက်ပဲဗျ "

ပေတန်ဂျုံးက တင်နီဆန်ကို စိုက်ကြည့်ရင်းပြောသည်။

" ကျွန်တော့်မှာ သက်သေခံအထောက်အထားရဖို့က အဲဒီလျှို့ဝှက်ဖိုင်တွေပဲ ကျန်တော့တယ်ဗျာ။ ခင်ဗျားကို ကျွန်တော်ပြောခဲ့တာတွေအားလုံးဟာ အမှန်တွေချည်းပါပဲ။ ကျွန်တော်တို့နှစ်ယောက်ဟာ အချင်းချင်း ရန်ထောင်နေကြဖို့အချိန် မဟုတ်တော့ဘူး။ စက္ကန့်တိုင်းမိနစ်တိုင်းဟာ သိပ်ကို တန်ဖိုးကြီးနေပြီ "

တင်နီဆန်ကလည်း အေးဆေးစွာ ပြန်လည်ရှင်းပြသည်။

" ခင်ဗျားဟာ အင်မတန်တော်တဲ့ သတင်းစာဆရာတစ်ယောက် ဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမယ့် ခင်ဗျားဟာ လူလိမ်ပဲ "

ပေတန်ဂျုံးကလည်း သူတို့၏နည်းပရိယာယ်တစ်မျိုးဖြစ်သော လူတစ်ဘက်သားကို စော်ကားသည့်နည်းဖြင့် ပြန်ပြောသည်။

" လူလိမ်ဆိုရင် ဘာကြောင့်ဒီနေရာကို ကျွန်တော်ရောက်နေမှာလဲ။ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ။ အခုပြောတာဟာ နောက်ဆုံးပြောပြခြင်းပဲ။ ဒါကိုမှ ခင်ဗျား လက်မခံနိုင်ရင် ကျွန်တော့်ဘက်က ဝတ္တရားကုန်ပြီ။ တီနာမောကို အိုဒက်ဇာတွေက လေ့ကျင့်ပေးခဲ့တာ။ ဘရာဇီးလ်နိုင်ငံထဲမှာရှိတဲ့ တောင်တန်းဒေသတစ်ခုမှာ သေသေချာချာလေ့ကျင့်ပေးခဲ့တာ။ ကျွန်တော့်ဘဝ တစ်လျှောက်လုံး တီနာမောကို တိုက်ခဲ့တယ်။ ဒါတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလို့မရနိုင်တဲ့အဖြစ်မှန်တွေပဲ။ အားလုံးသိတယ်။ ခင်ဗျားလဲသိတယ်။ ဒါကြောင့် အိုဒက်ဇာက ကျွန်တော်တို့အားလုံး ဘရာဇီးလ်နိုင်ငံထဲမှာ မနေနိုင်အောင် လုပ်ခဲ့တယ်။ ကျွန်တော်တို့ဟာ ဘာပစ္စည်းမှမယူနိုင်ဘဲ ဘရာဇီးလ်နိုင်ငံထဲက မောင်နှမသုံးယောက်လုံး ကိုယ်လွတ်ရုန်းပြေးခဲ့ရတယ်။ ရှိသမျှပစ္စည်းဥစ္စာတွေကို ဒီအတိုင်း စွန့်ပစ်ခဲ့ရတယ်။ ဒါကြောင့် တီနာမောကို ကျွန်တော် ကလဲ့စားချေချင်တယ် ”

ပေတန်ဂျုံးက တင်နီဆန်ကို အကဲခတ်နေပြန်သည်။

“ ကောင်းပြီ မစ္စတာတင်နီဆန်။ ကျွန်တော်တို့နှစ်ယာက် ရန်ဖြစ်နေတာကို အဆုံးသတ်လိုက်ကြရအောင်။ ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ်”

“ တောင်းပန်တယ်ဆိုရာမှာ တစ်ဘက်သက်ချည်းမဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဘက်ကလဲ တောင်းပန်ရမှာပါ။ ခင်ဗျားတို့နဲ့ကျွန်တော် ပူးပေါင်းလုပ်နေတယ်ဆိုတာ လျှို့ဝှက်ပေးထားစေလိုပါတယ်။ ဒါသာပေါ်သွားရင် ကျွန်တော့်ဘဝဟာ တစ်ခုလုံးပျက်ပြီ။ သတင်းစာဆရာစစ်စစ် မဟုတ်ဘဲ ပုလိပ်သတင်းပေး လုပ်နေတယ်ဆိုပြီး ကျွန်တော့်ကို ဝိုင်းဝန်းရှုတ်ချကြတော့မယ်။ ကျွန်တော့်အစွမ်းအစတွေအားလုံးဟာ ဘာမှုထိရောက်တော့မှာ မဟုတ်ဘူး ”

“ ဒါလောက်တော့ လုပ်ပေးရမှာပေါ့ဗျာ ” ဟု ပေတန်ဂျုံးက သဘောတူသည်။

“ ကျွန်တော့်အတွက်လဲ သိပ်ကို အန္တရာယ်ကြီးတဲ့အချိန် ဖြစ်နေတယ်။ တီနာမောလွတ်များသွားမလားလို့လဲ ကျွန်တော် စိုးရိမ်နေတယ် ”

“ ကျွန်တော်တို့က သူ့ကို အခုမိမှ မထားသေးဘဲလေဗျာ ”

“ သူ့ကိုမိဖို့ သိပ်နီးကပ်နေပြီ။ ရက်ပိုင်းလေးပဲ လိုတော့တယ်။ ကျွန်တော်တို့ အပင်ပန်းခံပြီး လုပ်ကြရတော့မယ်။ ခေါင်းဆောင်ကြီးတွေ ဘယ်လမ်းက ပြန်ကြမလဲ. . . ဘယ်နေရာမှာ ဘယ်အချိန် အစည်းအဝေးလုပ်ကြမလဲ. . . ဘယ်နေရာမှာ ညစာစားပွဲကြီးတွေလုပ်ကြမလဲ. . . အဲဒါတွေ အားလုံးကို အသေးစိတ် လေ့လာကြရတော့မယ်။ ဒီအခွင့်အရေးမျိုး နောက်တစ်ကြိမ်ပြန်ရဖို့မလွယ်ဘူး။ တီနာမောဟာ ဒီကို ရောက်လာနေပြီ ”

“ ခင်ဗျားရတဲ့သတင်းဌာနကို ဒီလောက်တောင် ယုံကြည်နေသလား”

“ ကျွန်တော့်တစ်သက်မှာ ဒါလောက်ယုံကြည်စိတ်ချတာ တစ်ခါမှ မဖြစ်ဖူးသေးဘူး။ ဘာလင်အရက်ဆိုင်ထဲမှာ တွေ့ခဲ့ရတဲ့သူဟာ ဆက်သားပဲ။



www.burmeseclassic.com

www.burmeseclassic.com



တီနာမောဆီကို လွှတ်လိုက်တဲ့ ဆက်သားတိုင်း တီနာမောနဲ့ တွေ့ပြီးတာနဲ့ တစ်ပြိုင်တည်း အသတ်ခံရစမြဲပဲ။ တီနာမောကိုပေးရမယ့် သတင်းပေးပြီးတာနဲ့ တစ်ပြိုင်တည်း နှုတ်ပိတ်ခံရစမြဲပဲ။ သူနောက်ဆုံးပြောသွားတဲ့စကားလုံးတွေက 'လန်ဒန်. . နောက်အပတ်. . ထိပ်သီးညီလာခံ. . တစ်အုပ်စုက ခေါင်းဆောင်တစ်ယောက်စီ. . လက်ခံပေါ်မှာ နှင်းဆီပန်းပုံ ဆေးမင်ကြောင်ထိုးထားတဲ့လူ. . နာခရိုက်တင်းဒိုက်. . ဆိုတာတွေပဲ ”

ပေတန်ဂျုံးက ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

“ ကျွန်တော်တို့ ဘာလင်ကို စုံစမ်းကြည့်မယ်လေဗျာ။ အဲဒီလူဟာ ဘယ်သူလဲဆိုတာ စုံစမ်းကြည့်မယ် ”

“ ခင်ဗျား ဘာမှရမယ် မထင်ဘူး။ နာခရိုက်တင်းဒိုက်အကြောင်းသိရဖို့ဆိုတာ အင်မတန် မလွယ်တဲ့ကိစ္စပဲ ”

“ နူရင်းဘတ်ခုံရုံးမှာတုန်းက တရားလိုဘက်ကို နာခရိုက်တင်းဒိုက်တွေက အများကြီးကူညီခဲ့တာပဲဗျ ”

“ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါဦး။ အဲဒီခုံရုံးတုန်းက တရားလိုတွေကို နာခရိုက်တင်းဒိုက်က သတင်းပေးခဲ့တာတွေရှိပါတယ်။ ဒါပေမယ့် နာခရိုက်တင်းဒိုက်ပြောချင်တဲ့အချက်ကိုပဲ တရားလိုတွေကြားခဲ့ကြရတာပါ။ သူတို့လက်ထဲမှာ ဘာတွေ ဖုံးကွယ်ထားတယ်။ ဘာတွေ ထိန်ချန်ထားတယ်ဆိုတာ ဘယ်သူမှ သိရတာ မဟုတ်ဘူး ”

တင်နီဆန်၏စကားကြောင့် ပေတန်ဂျုံးက ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။ ထို့ကြောင့် တင်နီဆန်ကပင် ဆက်မေးသည်။

“ ခင်ဗျားတို့ ထောက်လှမ်းရေးအဖွဲ့က နာခရိုက်တင်းဒိုက်တွေနဲ့ တိုက်ရိုက်ဆက်ဆံခဲ့တာများ ရှိဖူးသလား။ စစ်ပြီးစအချိန်က စပြီးတော့ပေါ့ဗျာ”

“ အိုး. . ရှိတာပေါ့။ ကျုပ်တို့ဆက်ဆံခဲ့တဲ့ လူတွေနဲ့ပတ်သက်ပြီး ရနိုင်သမျှ အထောက်အထားတွေကို စုဆောင်းထားခဲ့တာပဲ ”

“ သူတို့အထဲက ဒီကနေ့အထိ အသက်ရှင်နေသေးတဲ့လူများ ရှိသေးသလား ”

တင်နီဆန်က အလွန်အမင်း စိတ်ဝင်စားသွားခြင်းကို မပေါ်အောင် ဖုံးဖိပြီး ရိုးရိုးမေးသည့်အနေဖြင့် မေးသည်။

“ ရှိနိုင်တယ်။ ကျွန်တော်တို့မှာရှိတဲ့ လျှို့ဝှက်ဖိုင်တွေထဲမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်ပေးမယ် ”

“ အသက်ရှင်တဲ့လူတွေ ရှိနေသေးတယ်ဆိုရင် အဲဒီလူတွေ စာရင်း ကျွန်တော့်ကို ပေးနိုင်မလား ”

ပေတန်ဂျုံးက ကုလားထိုင်နောက်မှီပေါ်သို့ ကိုယ်ကိုပြန်မှီချလိုက်သည်။

“ ခင်ဗျားလိုချင်တဲ့ စည်းကမ်းချက်တွေထဲမှာ ဒါလဲတစ်ခုအပါအဝင်ပဲလား မစ္စတာတင်နီဆန် ”

“ ဒီသဘောမျိုးတော့ မဟုတ်ပါဘူးဗျာ။ ကျွန်တော်က အတင်းအဓမ္မ အကျပ်ကိုင်တောင်းနေတဲ့ သဘောမျိုးမဟုတ်ပါဘူး။ ပေးချင်မှလဲပေးပါ ”

ပေတန်ဂျုံးက စိုက်ကြည့်နေပြန်သည်။ ခဏကြာတော့မှ ပြန်ပြောသည်။

“ ခင်ဗျားအတွက် သိပ်အရေးကြီးသလား ”

“ ဟာ. . . အရေးမကြီးရင် တောင်းပါ့မလားဗျာ။ ကျွန်တော်ဟာ တီနာမောနဲ့ပတ်သက်လာရင် ပါရဂူလို့ဆိုရင်တောင် ဆိုနိုင်တဲ့ အဆင့်မှာရှိပါတယ်။ ဒါကြောင့် အဲဒီစာရင်းရရင် ဘာကြောင့် သူတို့ခိုင်းသလဲ။ ဘယ်လိုခိုင်းသလဲ။ ဘယ်လိုလုပ်မှာလဲဆိုတာတွေ ပိုပြီးတိကျအောင် ခန့်မှန်းနိုင်တာပေါ့”

“ ကောင်းပြီ. . . ပေးမယ် ”

“ နောက်တစ်ခုက တီနာမောကို ဖမ်းမိတဲ့အကြောင်း တခြားသတင်းစာတိုက်တွေကို ငါးနာရီနောက်ကျပြီး ထုတ်ပြန်ပေးရမယ်။ ကျွန်တော့်သတင်းစာတိုက်ကို ငါးနာရီစောပြီး ပေးရမယ်။ ဒါက ကျွန်တော့်ဘဝအတွက်လဲ ပါတယ်။ ကျွန်တော့် အလုပ်ရှင်ကျေနပ်ဖို့လဲ ပါတယ် ”

“ ကောင်းပြီ။ ဒါလဲ သဘောတူတယ်။ တခြားဘာကျန်သေးသလဲ” ဟု ပေတန်ဂျုံးက မေးသည်။

“ ခင်ဗျားတို့ ကျွန်တော့်ကို အထင်မှားခဲ့ကြတယ်။ ဒါကြောင့် ခင်ဗျားတို့ဆီမှာရှိနေတဲ့ ကျွန်တော်နဲ့ပတ်သက်တဲ့ ဖိုင်တွဲထဲမှာ မဆိုင်တာတွေပါနေရင် ဖြုတ်ပေးပါ။ ကျွန်တော့်အကြောင်း ရိုးရိုးပဲ မှတ်တမ်းတင်ထားပါ ”

“ ဒါက မလိုပါဘူးဗျာ။ တီနာမောကိုသာ ခင်ဗျား အကူအညီနဲ့မိလို့ များတော့ တစ်ကမ္ဘာလုံးမှာ ရှိနေကြတဲ့ အစိုးရတိုင်းက ခင်ဗျားကို ဝိုင်းချီးကျူးကြမှာပါ။ ဒါကြောင့် ခင်ဗျားရဲ့ အလျှင်မှတ်တမ်းတွေဟာ အလိုလို ပျက်ပြယ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့ ”

“ ကျွန်တော့်အတွက်တော့ လိုတယ်ဗျာ။ သိပ်လဲအရေးကြီးတယ်။ နောက်ဆုံးတစ်ချက် တောင်းဆိုချင်တာကတော့ ဒီကိစ္စကြီးတစ်ခုလုံးနဲ့ပတ်သက်ပြီး ကျွန်တော့်နာမည်ကို လုံးဝ ဖော်မပြဖို့ပဲ။ တီနာမောကို ဖမ်းမိရာမှာ ကျွန်တော် ဘယ်လိုမှ မပတ်သက်ကြောင်း လုပ်ပေးထားဖို့ပဲ ”

“ ဟ. . . ခင်ဗျားဟာက အထူးအဆန်းပါလား ” ဟု ပြောရင်း ပေတန်ဂျုံးမှာ မယုံကြည်နိုင်သလို တင်နီဆန်ကို ကြည့်နေသည်။

“ ကျွန်တော်ရဲ့ သတင်းစာဆရာလုပ်ငန်းကို ထိခိုက်လာနိုင်ပါတယ်။ ကျွန်တော့် ဂုဏ်သိက္ခာကို ထိခိုက်လာနိုင်ပါတယ် ”

“ ကောင်းပြီလေ. . . လျှို့ဝှက်ထားပေးပါ့မယ် ”

“ နောက်တစ်ခု တောင်းဆိုချင်သေးတယ်ဗျာ။ တီနာမောကို ဖမ်းမယ့် ခင်ဗျားတို့အဖွဲ့ထဲမှာ ကျွန်တော်လဲ အဖွဲ့သားတစ်ယောက်အဖြစ် ဝင်ပါချင်ပါတယ် ”

ထိုစကားကိုကြားရသောအခါ ပေတန်ဂျုံးက ခေါင်းထောင်သွားသည်။

“ ဟ. . . ဒီတောင်းဆိုချက်ကိုသာ လက်မခံဘူးဆိုရင် ကျုပ်ထက် မိုက်မဲတဲ့လူ ရှိနိုင်ပါဦးမလား။ ဝမ်းသာအားရ လက်ခံပါတယ်။ ကဲ. . . ခင်ဗျား တောင်းဆိုချက်တွေက နောက်ဆုံး. . . နောက်ဆုံးဆိုပြီး မဆုံးနိုင်ပါလား။ နောက်ထပ် ဘာရှိသေးသလဲ. . . ပြော ”

တင်နီဆန်က ထိုင်ရာမှထသည်။

“ ကုန်ပါပြီဗျာ။ တီနာမောအကြောင်းကို လေ့လာဖို့ပဲ ကျန်ပါတော့တယ်။ ကျွန်တော်ဟာ တီနာမောကို နှစ်ပေါင်းများစွာ မျက်ခြည်ပြတ်မခံဘဲ ခြေရာခံလိုက်နေတဲ့လူ ဖြစ်တဲ့အတွက် ဒီကမ္ဘာပေါ်မှာ တီနာမောနဲ့ပတ်သက်ရင် ကျွန်တော်လောက် သိကျွမ်းတဲ့လူ မရှိနိုင်တော့ပါဘူး။ သူသတ်ပုံသတ်နည်းတွေ. . . သူလှုပ်ရှားပုံလှုပ်ရှားနည်းတွေကို ကျွန်တော် ကောင်းကောင်းကျွမ်းနေပြီ ”

“ ဟုတ်ပါပြီ။ အဲဒီအချက်ကိုလဲ သဘောတူပါတယ် ”

“ ဒါကြောင့် လုပ်ကြံမှုကြီးတစ်ခုခုကို ကျူးလွန်တော့မယ်ဆိုရင် တီနာမောဟာ လုပကြံဖို့နေရာ အများအပြားကို ရွေးချယ်သတ်မှတ်ထားလေ့ ရှိပါတယ်။ ဆယ်နေရာ ဆယ့်နှစ်နေရာဆိုပါတော့ ”



www.burmeseclassic.com

www.burmeseclassic.com



ပေတန်ဂျုံးက မျက်မှောင်ကုပ်ပြီး စဉ်းစားနေသည်။

“ ခင်ဗျားပြောတာ ကျွန်တော် ကောင်းကောင်း သဘောမပေါက်ဘူး။ ဘာကို ဆိုလိုတာလဲ ”

“ ဒီလိုလေဗျာ. . . မက်ဒရစ်မြို့မှာ ဝန်ကြီးတစ်ယောက်ကို သူလုပ်ကြံခဲ့ပါရောလား။ အဲဒီတုန်းက သူလုပ်ကြံတဲ့နေရာဟာ အစိုးရအဆောက်အအုံတစ်ခုပေါ်က ဖြစ်နေတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူဟာ အတွင်းစည်းထဲကို ထိုးဖောက်ဝင်ရောက်လာတတ်တယ်ဆိုတဲ့ သဘောကို ပြနေတယ်။ အဲဒီတုန်းက သူ ပြင်ဆင်ထားတဲ့နေရာတွေ အများအပြားတွေ့ရတယ်။ လက်နက်တွေကို စနစ်တကျ ဝှက်ထားတယ်။ ဒါက ဘာကိုပြသလဲဆိုတော့ စီစဉ်ထားတဲ့ တစ်နေရာက အဆင်မပြေရင် နောက်တစ်နေရာကို ပြောင်းပြီး နေရာယူဖို့ပဲ”

“ အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ” ဟု ပေတန်ဂျုံးက မေးသည်။

“ နိုင်ငံအကြီးအကဲတွေ လာမယ့်လမ်းကို ကြေငြာပါ။ ပြီးတော့ အဲဒီလမ်းကြောင်းအတိုင်း တကယ်လာပါစေ ”

“ ဒါကတော့ တော်တော်အန္တရာယ်ကြီးမယ်ထင်တယ်။ သူ့ပစ်ကွင်းထဲကို ကိုယ်က ဇွတ်ဝင်ရာ မရောက်ဘူးလား ”

ပေတန်ဂျုံးက မျက်မှောင်ကုပ်ပြီး ပြန်မေးပြန်သည်။

“ တီနာမောကို ဖမ်းမိချင်ရင် ဒီနည်းလမ်းကိုပဲ လိုက်နာရမယ်။ လာမယ့်လမ်းကြောင်းကိုသိမှ လက်နက်တွေကို သူကြိုတင်ပြင်ဆင်ပြီး နေရာချထားလိမ့်မယ်။ အဲဒီတော့မှ လက်နက်တွေကို ကျွန်တော်တို့ ရှာဖွေဖော်ထုတ်နိုင်မယ် ”

“ ဒီလိုကိုး . . . ”

“ ဒါကြောင့် သူ့လက်နက်တွေ နေရာချထားနိုင်အောင် တစ်ရက်လောက် အချိန်ပေးလိုက်မယ်။ ပြီးရင် ကျွန်တော်တို့လုပ်ငန်းစမယ်။ ကျွန်တော့်ကို တစ်ခုတော့ လုပ်ပေးရလိမ့်မယ်။ အဆောက်အအုံတွေကို လိုက်လံစစ်ဆေးတဲ့ စုံထောက်အရာရှိအဖြစ် သဘောလောက် ခန့်ပေးပါ။ ကတ်ပြားထုတ်ပေးထားတဲ့ သဘောပဲပေါ့ဗျာ။ နောက်ပြီးတော့ ယူနီဖောင်းလဲထုတ်ပေးပါ။ ဒါမှ ခင်ဗျားတို့စုံထောက်တွေကြားမှာ ကျွန်တော် လွတ်လွတ်လပ်လပ် လှည့်လည်သွားလို့ရမယ်မဟုတ်လား ”

“ အင်မတန်ကောင်းတဲ့အကြံအစည်ပဲ။ ခင်ဗျားရဲ့ကိုယ်ရေးအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်တွဲထဲမှာ ခင်ဗျားဓာတ်ပုံရှိတယ်။ သက်သေခံ ကတ်ပြားမှာ အဲဒီဓာတ်ပုံကိုပဲ ကပ်လိုက်မယ်။ သဘောတူရဲ့လား ”

“ ဖြစ်ပါပြီ ”

“ နောက်ထပ် ဘာလိုသေးသလဲ ”

“ ကျွန်တော် ဘရာဇီးလ်နိုင်ငံက ထွက်လာတဲ့အချိန်ကစပြီး သေနတ်ကို လုံးဝမကိုင်တော့ဘူး။ လက်နက်ကိုင်ဆောင်ခွင့် ရှိမရှိလဲ ကျွန်တော် မသိဘူးလေ။ ဒါကြောင့် ဝယ်မကိုင်တာပါပဲ။ အခုလိုအချိန်မျိုးမှာတော့ ကျွန်တော့်လက်ထဲမှာ သေနတ်တစ်လက်လောက် ရှိနေဖို့ လိုနေပြီ။ ထိပ်သီးအစည်းအဝေး လုပ်နေတဲ့ အချိန်ကလေးမှာသာ ကိုင်မှာပါ ”

“ ဒါလဲ ဖြစ်ပါတယ်။ ခင်ဗျားအတွက် သေနတ်တစ်လက် ကျွန်တော် ထုတ်ပေးမယ် ”

“ စုံထောက်အဖွဲ့က ထုတ်ယူရမယ်ဆိုရင် ကျွန်တော့်လက်မှတ်ထိုး ထုတ်မှ ဖြစ်မှာပေါ့။ မဟုတ်ဘူးလား ”

“ ဟုတ်ပါတယ် ”

“ ဒီလိုဆိုရင် မဖြစ်နိုင်သေးဘူးဗျ။ ဒီကိစ္စကြီးထဲမှာ ကျွန်တော်ပါဝင်ပတ်သက်နေတယ်ဆိုတဲ့ အထောက်အထားတစ်ခုမှ မကျန်ရစ်ဖို့ အရေးကြီးပါတယ်။ ကျွန်တော်နဲ့ပတ်သက်တာတွေ အားလုံးဟာ အတုတွေချည်း ဖြစ်ရမယ်။ စုံထောက်အရာရှိအတု ဖြစ်ရမယ်။ ကတ်ပြားအတု ဖြစ်ရမယ်။ နာမည်အတု ဖြစ်ရမယ်။ နာခရိုက်တင်းဒိုက်တွေက ကျွန်တော်နဲ့ပတ်သက်ပြီး အနံ့ရသွားရင် တီနာမောကို ကျွန်တော်တို့ လက်လွှတ်သွားတော့မှာပေါ့ ”

“ ဒီလိုလား . . . ”

ပေတန်ဂျိုးက အံကြိုအိတ်ထဲနှိုက်သည်။ ပြီးတော့ သေနတ်တစ်လက်ကို ဆွဲထုတ်သည်။

“ ဒီသေနတ်ဆိုရင် ခင်ဗျားအဖို့ လုံလောက်ပြီထင်ပါတယ်။ကျွန်တော်ကိုင်နေကျ သေနတ်ပဲ။ ပျက်လို့ပြင်ထားတယ်ဆိုပြီး အစားတစ်လက် ကျွန်တော့်ဘာသာ ကျွန်တော်လက်မှတ်ထိုး ထုတ်ယူလိုက်မယ်။ ဒါဆို ဖြစ်တယ်မဟုတ်လား ”

“ ဖြစ်ပါပြီဗျာ။ ကျေးဇူးတင်ပါတယ် ”

တင်နီဆန်က ပေတန်ဂျိုး လှမ်းပေးသည့်သေနတ်ကို မကိုင်တွယ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သော၊ မမြင်ဖူးသော အထူးအဆန်းပစ္စည်းတစ်ခုပမာ ကိုင်တွယ်ကြည့်ကာ အိတ်ထဲထည့်လိုက်လေသည်။

\+ \+ \+

ဆိုဟိုစကွဲယားအနီးရှိ လူတွေကျပ်နေသော ဘီယာဆိုင်အတွင်းသို့ တင်နီဆန် ဝင်လာသည်။ ဆိုင်တွင်းမှာ မသိမသာ မျက်စိကစားကြည့်သည်။

သူတွေ့ချင်သည့်လူကို ခဏချင်းမှာပင် မြင်တွေ့လိုက်ရပါသည်။

ထောင့်တစ်ထောင့်ရှိ စားပွဲတစ်လုံးမှာ လူတစ်ယောက်ထိုင်နေသည်။ ထိုသူက တင်နီဆန်ကို မသိမသာ လက်မြှောက်ပြသည်။ သူ့ကိုယ်ပေါ်မှာ အညိုရောင်မိုးကာ ခြုံထားသည်။ သူ့မိုးကာသည် အခြားမိုးကာများနှင့် မည်သို့မှ ခြားနားခြင်းမရှိပါ။

သို့သော်လည်း သူ့မိုးကာမှာရှိသည့် အိတ်များကမူ သေနတ်များ၊ အသံတိတ်ကိရိယာများ၊ ပေါက်ကွဲစေတတ်သော ယမ်းဘီလူးများဖြင့် ပြည့်နေတတ်သည်။

သူ့ကို တီနာမောက ကောင်းစွာ လေ့ကျင့်ပေးထားသည်။ တီနာမော ကိုယ်တိုင် တာဝန်ယူရန် အကြောင်းမညီညွတ်သောအခါများတွင် သူက တီနာမောကိုယ်စား လုပ်ကြံမှုများကို ပြုလုပ်ပေးခဲ့ရသည်။

သူ နောက်ဆုံးယူခဲ့သည့်တာဝန်သည် နယူးယောက်မြို့ ကနေဒီလေဆိပ်မှာ ဖြစ်သည်။ ထိုနေ့ညက မိုးသည်းထန်စွာ ရွာနေသည်။ ဗြိတိသျှလေကြောင်း ကုမ္ပဏီပိုင် ၇၄၇-ဂျက်လေယာဉ်ပျံကြီးကို မီးမောင်းများ ဝိုင်းထိုးပေးထားသည်။ ပတ်လည်တွင်လည်း အစောင့်များ ထူထပ်စွာ ချထားသည်။

ထိုကြားထဲမှ ဓာတ်ဆီတင်ကားပေါ်ရှိ လူနှစ်ယောက်ကို အသံတိတ်ကိရိယာတပ် သေနတ်ဖြင့် သူ ပိရိအောင်မြင်စွာ နှုတ်ပိတ်ခဲ့လေသည်။

တင်နီဆန်သည် အရက်တစ်ပုလင်းကိုဆွဲပြီး အညိုရောင်မိုးကာနှင့်လူ ထိုင်နေသော စားပွဲဆီသို့ လျှောက်သွားသည်။ စားပွဲမှာ ဝင်ထိုင်သည်။ သူတို့ နှစ်ယောက် ခေါင်းချင်းထိလုမတတ် ဖြစ်နေသည်။ သူတို့ပြောနေကြသည့် အသံကလည်း တိုးလွန်းလှသည်။

" လက်နက်တွေအားလုံး နေရာချထားပြီးပြီလား " ဟု တင်နီဆန်က လေသံကလေးနှင့်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ပြီးပါပြီ။ ခေါင်းဆောင်ကြီးတွေလာမယ့် လမ်းတစ်လျှောက်မှာ ချထားပါတယ် " ဟု မိုးကာနှင့်လူက ပြန်ဖြေသည်။

" လက်နက်ဝှက်ထားတဲ့နေရာတွေ ပြောစမ်း "

" ကမ်းနားလမ်းတစ်လျှောက် အရှေ့ကနေအနောက်ဘက်ကို အစဉ်လိုက်ချသွားပါတယ်။ ကမ်းနားလမ်းဟိုတယ် တတိယထပ် အခန်းနံပါတ်သုံးရာ့ခြောက်. . . ပြတင်းပေါက်နဲ့ အနီးဆုံး ခုတင်မွေ့ရာထဲမှာ မောင်းပြန်သေနတ်နဲ့ မှန်ပြောင်းထည့်ထားပါတယ်။ အနောက်ဘက် တစ်ပြအကွာအဆောက်အအုံလေးထပ်မှာရှိတဲ့ ရေချိုးခန်း . . . မျက်နှာကြက်မှာရှိတဲ့ မီးချောင်းအပေါ်တည့်တည့် မျက်နှာကြက်ထဲမှာ ထည့်ထားပါတယ်။ အဲဒီအဆောက်အအုံနဲ့ မျက်နှာချင်းဆိုင်. . . လေးထပ်မှာပဲ။ မိတ္တူကူစက်ရဲ့အောက်ခံခုံထဲမှာ ရိုင်ဖယ်နဲ့ မှန်ပြောင်းထည့်ထားပါတယ်. . . "

မိုးကာနှင့်လူက လက်နက်ဝှက်ထားသည့်နေရာများကို တစ်ခုချင်းဖော်ပြောပြနေသည်။ တင်နီဆန်က အားလုံးကို မှတ်မိအောင် အာရုံစိုက်ပြီးနားထောင်နေသည်။

" ကောင်းတယ်။ မင်းရွေးထားတဲ့နေရာတွေ သိပ်ကောင်းတယ် "

" ဒီတစ်ခါ ကျွန်တော်တာဝန် မယူရဘူးလား ခင်ဗျာ "

" မယူရဘူး။ ဒီတစ်ချီဟာ သိပ်အရေးကြီးတယ်။ ထိပ်သီးခေါင်းဆောင်ကြီးနှစ်ယောက်ကို လုပ်ကြံရမှာဖြစ်တယ်။ အရှေ့အုပ်စုကတစ်ယောက်. . . အနောက်အုပ်စုကတစ်ယောက်. . . ဒါကြောင့် အလွဲမခံနိုင်ဘူး။ တစ်ချက်ကလေးလွဲသွားရင် အားလုံးပျက်ကုန်မယ်။ ဒါကြောင့် ငါကိုယ်တိုင် တာဝန်ယူမယ် "

တင်နီဆန်၏စကားကြောင့် မိုးကာနှင့်လူမှာ စိတ်ပျက်သွားပုံရသည်။

" ဒါပေမယ့် ကျွန်တော် ဘယ်လောက်လက်တည့်တယ်ဆိုတာခင်ဗျားသိပါတယ်။ ကျွန်တော့်ကို ခင်ဗျားကိုယ်တိုင် စိတ်တိုင်းကျ လေ့ကျင့်ပေးထားခဲ့တာပဲ။ ဒီတစ်ပွဲတော့ ကျွန်တော်ပါဝင်ပြီး တာဝန်ထမ်းဆောင် လိုက်ချင်ပါတယ်။ မလွဲမချော်ရအောင် ကျွန်တော် တာဝန်ယူပါ့မယ် "

တင်နီဆန်က သူပြောသည့်စကားကို အတန်ကြာအောင် စဉ်းစားနေသည်။ မိုးကာနှင့်လူကလည်း စိတ်အားထက်သန်စွာဖြင့် အဖြေကို စောင့်မျှော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့မှ တင်နီဆန်က ပြုံးသည်။

" မင်းပြောတာ မှန်ပါတယ်။ ကဲ. . . သဘောတူပြီကွာ။ မင်း လက်နက်ဝှက်ထားတဲ့ နံပါတ်ရှစ်နေရာမှာ မင်းတာဝန်ယူ။ လှုပ်ရှားတာဝန်ကို ငါယူမယ်"

" ကောင်းပါပြီခင်ဗျာ။ ကျေးဇူးတင်ပါတယ် "

မိုးကာနှင့်လူက ပြောပြောဆိုဆို နှုတ်ခမ်းမှာ ပေကျံနေသော ဘီယာမြှုပ်များကို လက်ခုံနှင့် သုတ်လိုက်သည်။

သူ၏ညာဘက်လက်ခုံပေါ်တွင် ဆေးမင်ကြောင် ထိုးထားသည့် နှင်းဆီပန်းပွင့်ကို တင်နီဆန် သတိထားလိုက်မိသည်။

" မင်းကို အကြံတစ်ခုလောက် ငါပေးရမလား " ဟု တင်နီဆန်က မေးသည်။

" ပေးပါ ခင်ဗျာ. . . ဘာများပါလိမ့် "

" လက်အိတ်စွတ်ထား " ဟု တီနာမောက ပြန်ပြောလိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၂ )

ရွှေရောင်ဆံပင်နှင့်လူသည် အခန်းတံခါးကိုဖွင့်ဝင်ပြီး နံရံပေါ်ရှိ မီးခလုတ်ကိုဖွင့်လိုက်လေသည်။ ဟိုတယ်အခန်းအမှတ် ၃၀၆ အတွင်းရှိ စားပွဲတင်မီးပွင့်နှစ်လုံး လင်းသွားလေသည်။

မီးလင်းသွားသောအခါ သူ့နောက်မှလူကို သူနှင့်အတူ အခန်းတွင်းသို့ ဝင်လိုက်လာရန် အမူအရာဖြင့် ပြသည်။

“ စိတ်မပူပါနဲ့ဗျာ။ ဒီအခန်းကို တစ်ယောက်ယောက်က စောင့်ကြည့်နေတယ်ဆိုရင်တောင် ခန်းဆီးတွေချထားတာပဲ။ အိပ်ရာကိုလဲ ဟိုတယ်အလုပ်သမားက ပြင်ဆင်ခင်းထားပြီးသားဆိုတော့ ဘယ်သူကမှ မယုံသင်္ကာဖြစ်နိုင်စရာအကြောင်း မရှိပါဘူး ”

ဂျွန်တင်နီဆန်က သူ့နောက်မှာရှိနေသော စုံထောက် အရာရှိပေတန်ဂျုံးကို လှည့်ပြောသည်။

သို့သော်လည်း ပေတန်ဂျုံးက မဝံ့မရဲဖြစ်နေသည်။

တင်နီဆန်က အိတ်ထဲရှိ လက်နက်ရှာဖွေသည့် ကိရိယာကိုဆွဲထုတ်ပြီး ခလုတ်ဖွင့်ကာ အခန်းထဲမှာ လျှောက်ရှာသည်။

ခုတင်နားသို့ရောက်သောအခါ လက်နက်ရှာသည့်ကိရိယာမှ



www.burmeseclassic.com

www.burmeseclassic.com



မြည်သံက ပိုမိုကျယ်လောင်လာသည်။ မီတာပြသည့် အိမ်မြှောင်လက်တံကလည်း ဘယ်ညာလှုပ်ယမ်းနေသည်။

ထို့ကြောင့် တင်နီဆန်က အိပ်ရာပေါ်ရှိ စောင်နှင့်အိပ်ရာခင်းများကို သတိကြီးစွာထားပြီး ဖယ်သည်။

" ဟောဒီမှာ. . . ခင်ဗျားလက်နဲ့စမ်းကြည့်ရင် တွေ့လိမ့်မယ် "

တင်နီဆန်က မွေ့ရာပေါ်သို့ လက်ချောင်းကလေးများနှင့်ဖိပြရင်း ပေတန်ဂျိုးကို ပြန်လှည့်ပြောပြန်သည်။

" စံတင်လောက်ပါပေတယ်ဗျာ။ ဒီအခန်းကို ငှားထားတာ ဆယ်ရက်လောက်ရှိသွားပြီနော် " ဟု ပေတန်ဂျိုးက တင်နီဆန်ကို ပြန်မေးသည်။

" ကြေးနန်းရိုက်ပြီး ငှားတာ။ ငွေကိုလဲ စာတိုက်ငွေပို့လွှာနဲ့ပို့ပေးတယ်။ ပါရီမြို့ကနေ ပို့လိုက်တာ။ ငှားသူရဲ့နာမည်က လီဖာဗာတဲ့။ ဘာအဓိပ္ပာယ်မှမရှိတဲ့ နာမည်ဝှက်တစ်ခုပါပဲ။ ငှားတဲ့အချိန်ကစပြီး ဒီအခန်းထဲမှာ ဘယ်သူမှ မတည်းသေးဘူး "

" သူတို့အနေနဲ့တော့ ဟုတ်လှပြီပေါ့ဗျာ "

ပေတန်ဂျိုးက မွေ့ရာကို စမ်းကြည့်နေရာမှ လက်ပြန်ရုပ်သည်။

" ကျွန်တော်စမ်းလို့ တွေ့တာတော့ ရိုင်ဖယ်သေနတ်ပဲ။ ဒါပေမယ့် တစ်ခုရှိနေသေးတယ်ဗျ။ အဲဒါက ဘာများပါလိမ့် " ဟု တင်နီဆန်က နားမလည်နိုင်သလို လှည့်မေးသည်။

" သေနတ်မှာတပ်တဲ့ တယ်လီဗျ. . . ဒါတွေအားလုံးကို ဒီအတိုင်း ခြေရာမပျက် လက်ရာမပျက် ထားခဲ့မယ်။ အပြင်စင်္ကြံမှာ ကျွန်တော်တို့ အစောင့်ချထားမယ် " ဟု ဗြိတိသျှထောက်လှမ်းရေးအမှတ် ၅ မှ အရာရှိ ပေတန်ဂျိုးက ပြန်ပြောသည်။

" နောက်တစ်နေရာက လမ်းရဲ့ဟောဟိုအောက်ဘက်နားမှာ။ အဲဒီအဆောက်အအုံ စတုတ္ထထပ် ယောကျ်ားအိမ်သာထဲမှာ ဝှက်ထားတယ်။ မီးချောင်းအပေါ်တည့်တည့် မျက်နှာကြက်ထဲမှာ။ ဘီတင်ပြားနေရာကနေ ဖောက်ပြီး ထည့်ထားတယ်လို့ဆိုတယ် "

" ဒါဖြင့် အဲဒီကိုသွားကြစို့ "

ပေတန်ဂျိုးက အလျင်စလို ပြောသည်။

နောက်တစ်နာရီနှင့် လေးဆယ့်ငါးမိနစ်ကြာသောအခါ တင်နီဆန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေတန်ဂျုံးတို့ နှစ်ယောက်သည် ထရာဖာလ်ဂါပန်းခြံကြီးတစ်ခုလုံးကို စီးမြင်နေရသည့် အဆောက်အအုံတစ်ခု၏ အမိုးပေါ်သို့ ရောက်နေကြလေသည်။

သူတို့အောက်တွင် ထိပ်သီးအစည်းအဝေးတက်ရန် နိုင်ငံအကြီးအကဲများ မော်တော်ကားဖြင့် လာကြမည့် လမ်းမကြီးကို အထင်သားမြင်တွေ့နေရသည်။ သူတို့နှစ်ယောက် ခေါင်မိုးပေါ်တွင် ဒူးထောက်ထိုင်ကာ ပတ်ဝန်းကျင်အခြေအနေများကို သေသေချာချာစူးစမ်းလေ့လာကြည့်နေကြသည်။

" တီနာမောဟာ ဟောဒီနေရာမှာလဲ လက်နက်ကိုဝှက်ထားလိမ့်မယ်။ ကျွန်တော်ကတော့ ပုလိပ်ယူနီဖောင်းဝတ်ပြီး ဒီနေရာကို တက်လာလိမ့်မယ်လို့ ထင်နေမိတယ်ဗျာ " ဟု တင်နီဆန်က ပြောသည်။

" ခင်ဗျားပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော်တို့ တာဝန်ချထားမယ့် စုံထောက်ကလဲ ဒီနေရာကို ပုလိပ်တစ်ယောက်တက်လာတဲ့အတွက် အထူးတလည် သင်္ကာမကင်းဖြစ်နေမှာ မဟုတ်ဘူး "

" သိပ်မှန်တာပေါ့။ အဲဒီလို သင်္ကာမကင်းမဖြစ်တဲ့အခါကျတော့မှ ခင်ဗျားတို့လူကို တီနာမောက အပြတ်ရှင်းပစ်ပြီး သူ့နေရာမှာ ခပ်တည်တည်နေရာအစားဝင်ယူတော့မှာ "

" ဒီလိုလုပ်ရင် သူတစ်ယောက်တည်း ဒီနေရာမှာ ထီးထီးကြီးဖြစ်နေတော့မှာပေါ့။ ကျွန်တော်တို့ လူတွေကြားထဲမှာ ပိတ်မိနေတော့မှာပေါ့။ သူ့မှာ ထွက်ပေါက်ရှိတော့မှာ မဟုတ်ဘူး "

" တီနာမောလို ထိပ်တန်းလူသတ်သမားတစ်ယောက်အဖို့ ထူးထူးခြားခြား ထွက်ပေါက်ရှာနေဖို့ မလိုဘူးထင်တယ်။ ကြိုးတစ်ချောင်းရှိရင် ပြီးတာပဲ။ နောက်ဘေးလမ်းကြားထဲကို အလွယ်တကူ ဆင်းသွားနိုင်တယ်။ အောက်မှာရှိနေတဲ့ လူအုပ်ကြီးကလဲ ဗရုန်းသုန်းကားဖြစ်နေကြတာ မဟုတ်လား။ နေရာတကာမှာ လူတွေပြည့်ကျပ်နေနိုင်တယ်။ ဒါကြောင့် ဘယ်သူမှမသိလိုက်ဘဲ သူ အသာကလေးလွတ်သွားနိုင်တယ်။ သူဟာ ဒီလိုအခွင့်ကောင်းယူတတ်တဲ့နေရာမှာလဲ အင်မတန်တော်တယ်ဗျ။ မက်ဒရစ်မြို့မှာတုန်းက လုပ်ကြံမှုဖြစ်လို့ ရုန်းရင်းဆန်ခတ်ဖြစ်နေကြတုန်းမှာ သူက စုံထောက်ယောင်ဆောင်ပြီး မသ်ကာတဲ့လူတွေကို စစ်ဆေးနေတယ်။ အဲဒီနည်းနဲ့ သူလွတ်သွားတာပဲ " ဟု တင်နီဆန်က ပြန်ရှင်းပြသည်။

" ဒီလိုဆိုရင် ဒီနေရာမှာ လူနှစ်ယောက်ကို တာဝန်ချထားရမယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ပုန်းခိုင်းထားရမယ်။ နောက်ပြီးတော့ မျက်နှာချင်းဆိုင် ခေါင်မိုးပေါ်မှာ အမြန်ပစ်လက်ဖြောင့်တပ်သားလေးယောက်ကို အသင့်နေရာယူခိုင်းထားမယ် ”

ပေတန်ဂျူးက အုတ်နံရံနားမှ လေးဘက်ထောက်ပြီး ထွက်လာသည်။ ရွှေရောင်ဆံပင်နှင့်လူကလည်း သူ့နောက်မှလေးဘက်ထောက်ပြီး လိုက်သွားသည်။

“ ခင်ဗျားရဲ့ စွမ်းဆောင်ချက်ကတော့ အံ့မခန်းပါပဲ တင်နီဆန်. . . သုံးဆယ့်ခြောက်နာရီကျော်ကျော်ကလေးအတွင်းမှာ ရန်သူဝှက်ထားတဲ့ လက်နက်တွေကို ငါးနေရာမှာ ဖော်ထုတ်ပေးနိုင်တယ်။ ဒါဟာ အားလုံးကုန်ပြီလို့ ခင်ဗျား ထင်သလား။ ကျေနပ်မှုရှိပြီလား ”

“ မထင်သေးဘူးဗျာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . အရေးကြီးတဲ့နေရာတွေမှာ ဖော်ထုတ်လိုက်နိုင်တဲ့အတွက်တော့ ကျွန်တော် ကျေနပ်ပါတယ်။ ဒါပေမယ့် ခေါင်းဆောင်တွေသွားရမယ့်လမ်းက အရှည်ကြီး။ ဒီလမ်းတစ်လျှောက် နေရာအတော်များများမှာ လိုသလိုအသုံးပြုနိုင်အောင် လက်နက်တွေ ဝှက်ထားမှာ သေချာတယ်။ ဒါကြောင့် ဧည့်သည်တော်ကြီးတွေ အားလုံးဒီနေရာက လွန်သွားတော့မှာပဲ ကျွန်တော်တော့ အသက်ရှူနိုင်တော့မှာပဲ။ ကိုယ်စားလှယ်အဖွဲ့တွေကိုရော အသိပေးထားပြီးပြီလား ”

“ ပေးထားပြီးပါပြီ။ နိုင်ငံခေါင်းဆောင်အားလုံး ကျည်ကာအင်္ကျီတွေဝတ်ဖို့ မေတ္တာရပ်ခံထားတယ်။ အမေရိကန်သမ္မတကတော့ ဦးထုပ်မဆောင်းချင်ဘူး ပြောနေတယ်ဗျာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဒါလောက်ဆိုရင် အတော်ကလေး လုံခြုံသွားပြီလို့ ဆိုနိုင်ပါတယ် ”

ထိုစကားကြောင့် တင်နီဆန်က ပေတန်ဂျူးကို ပြန်လှည့်ကြည့်သည်။

“ လုံခြုံနေပြီလို့ ခင်ဗျား တကယ် ယုံကြည်တာလား ” ဟုလည်း မေးသည်။

“ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲ ”

“ ဒီအတိုင်း ယုံကြည်နေရင်တော့ ခင်ဗျား မှားပြီလို့ ကျွန်တော်ထင်တယ်။ တီနာမောဟာ ဘယ်သူမှ မယှဉ်သာတဲ့လက်ဖြောင့်သေနတ်သမားပဲ။ အမြန်ဆုံးလဲပစ်နိုင်တယ်။ အသေချာဆုံးလဲ ပစ်နိုင်တယ်။ ကိုက်ငါးရာ အကွာလောက်ကနေပြီး ဆံပင်ချည်ကလေးကိုတောင် ထက်ခြမ်းဖြစ်အောင် ပစ်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူနော်။ ဒါကြောင့် ကျည်ကာအင်္ကျီဝတ်ထားပေမယ့် လပ်နေတဲ့နေရာကတော့ သေချာပေါက်ရှိနေသေးတယ် မဟုတ်လား။ လည်ပင်းလိုနေရာမျိုး၊ မျက်နှာလို နေရာမျိုး၊ ဂုတ်ပိုးလိုနေရာမျိုး၊ အဲဒီလိုပေါ်နေတဲ့နေရာတွေကို မလွဲတမ်းပစ်နိုင် တဲ့အစွမ်းရှိတယ် ”

ပေတန်ဂျိုးက တင်နီဆန်ကို ပြန်ငေးကြည့်နေသည်။ ပြီးမှ ခပ်လေးလေး ပြန်ဖြေသည်။

“ အတော်ကြီးတော့ စွန့်စားရတဲ့အလုပ်ပဲဗျာ။ လုပ်ကြံမှုစဖြစ်ပြီဆိုရင် နိုင်ငံခေါင်းဆောင်တွေကို အနီးကပ်လုံခြုံရေးတပ်ဖွဲ့တွေက ကိုယ်လုံးနဲ့ ဝိုင်းကာ ထားပေးဖို့လဲ စီစဉ်ထားတယ်။ အခုလက်နက်ဝှက်ထားတဲ့နေရာငါးနေရာကို ခင်ဗျား ရှာပေးပြီးပြီ။ သူ ဆယ်နေရာမှာ ဝှက်ထားတယ် ဆိုပါစို့. . . အခု ငါးနေရာဖော်ထုတ်ပြီးပြီဆိုတော့ အန္တရာယ်တစ်ဝက်လျော့ပါးသွားပြီလို့ဆိုရ မှာပဲ။ ကျန်တဲ့နေရာကနေလုပ်ကြံဖို့ ကြိုးစားရင် ကျွန်တော်တို့ သူ့ကိုမိအောင် ဖမ်းနိုင်တော့မှာပါ။ ဒီတစ်ခါတော့ တီနာမော မလွတ်နိုင်တော့ပါဘူး ”

“ သူ့ကို ဖမ်းမိတာဟာ ခင်ဗျားတို့အတွက် အင်မတန်ကြီးကျယ်တဲ့ အောင်ပွဲပါပဲ။ မဟုတ်ဘူးလား ”

“ ခင်ဗျားအဖို့လဲ ကြီးမားတဲ့အောင်ပွဲပါပဲ မစ္စတာတင်နီဆန်. . . သူ့ကို ဖော်ထုတ်နိုင်ဖို့ ခင်ဗျား အကြီးအကျယ် ကြိုးစားခဲ့ရတာ မဟုတ်လား”

ရွှေရောင်ဆံပင်နှင့်လူက ခေါင်းတညိတ်ညိတ်လုပ်နေသည်။

“ ဟုတ်ပါတယ်။ ကျွန်တော့်အပေါ်မှာ ဒီတိုင်းပြည်ရဲ့ ကျေးဇူးတွေ အများကြီးရှိနေတယ်။ ဒါကြောင့် ဒီတိုင်းပြည်အတွက် ကျွန်တော် ကူညီနိုင်တာ ဆိုရင် ဘာမဆို ကူညီမှာပါပဲ။ ဒီတိုင်းပြည်ကိုရောက်လာကြမယ့် နိုင်ငံ့ ခေါင်းဆောင်တွေ လုံခြုံတဲ့နေရာကို ရောက်သွားကြတော့မှပဲ ကျွန်တော်လဲ အသက်ရှူနိုင်တော့မှာပါဗျာ ”

\+ \+ \+

အင်္ဂါနေ့နံနက် သုံးနာရီအချိန်တွင် လက်နက်ဝှက်ထားသည့်နေရာ နှစ်ခုကို တင်နီဆန်က ထပ်မံဖော်ထုတ်ပေးလိုက်နိုင်ပြန်သည်။

ယခုဆိုလျှင် စုစုပေါင်း ခုနစ်နေရာရှိသွားလေပြီ။

သို့သော်လည်း တင်နီဆန်က မကျေနပ်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



" တစ်ခုခုတော့ မှားနေသေးတယ်ဗျာ။ ဘာမှားနေတယ်ဆိုတာ ကျွန်တော်လဲ မပြောတတ်တော့ဘူး။ ဒါပေမယ့် တစ်ခုခုလိုနေသေးတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရတယ် "

တင်နီဆန်က ပေတန်ဂျုံးအား ထိုစကားကိုပင် ထပ်ခါတလဲလဲ ပြောနေလေသည်။

" ခင်ဗျား သိပ်ပင်ပန်းနေလို့ပါ။ နောက်ပြီးတော့ စိတ်သောကလဲ သိပ်များနေလို့ အဲဒီလို ခံစားနေရတာဖြစ်ပါလိမ့်မယ်။ အခုအထိ ခင်ဗျား ဆောင်ရွက်ခဲ့တဲ့အချက်တွေဟာ မယုံကြည်နိုင်စရာကောင်းလောက်အောင်ကို အောင်မြင်နေပြီပဲ " ဟု ပေတန်ဂျုံးက နှစ်သိမ့်စကား ပြောသည်။

" ကျေနပ်စရာကောင်းအောင် မအောင်မြင်သေးဘူး။ ပြည့်စုံပြီလို့ ကျွန်တော် မထင်သေးဘူး။ တစ်ခုခုတော့ မှားနေတုန်းပဲ။ တစ်ခုခုတော့ လိုနေတုန်းပဲ။ ဒါပေမယ့် ဘာလိုနေပြီး ဘာမှားနေတယ်ဆိုတာ ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်နေတယ် "

" စိတ်အေးအေးထားပါလေ။ အခု ခင်ဗျား ဖော်ထုတ်လိုက်တာတွေကို ပြန်ကြည့်ပါဦး။ နေရာပေါင်း ခုနစ်နေရာက လက်နက်တွေကို ဖော်ထုတ်ပြီးပြီ။ သူ နေရာဘယ်လောက်များများမှာ ဝှက်ထားနိုင်မှာလဲ။ ဟိုနေ့ကျရင် ဒီနေရာတွေကိုပဲ တန်းတန်းမတ်မတ် သူ ချဉ်းကပ်မလာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ သူ့လက်နက်တွေကို ကျွန်တော်တို့ တွေ့သွားပြီးပြီဆိုတာ သူဘယ်လိုလုပ် သိနိုင်မှာလဲ။ ဒါကြောင့် သူစီစဉ်ထားတဲ့နေရာကို ချဉ်းကပ်လာတာနဲ့ တစ်ပြိုင်တည်း သူ့ကို ကျွန်တော်တို့ ကွိကနဲ ဖမ်းလိုက်ရုံပေါ့ဗျာ။ ကျွန်တော်တို့လက်ထဲကို သူရောက်နေပါပြီ။ စိတ်အေးအေးထားပါ။ ကျွန်တော်တို့ အစောင့်တွေကိုလဲ ဒီနေရာတွေမှာ နေရာလပ်မကျန်အောင် ချထားမှာပဲ "

" ဒါပေမယ့် တစ်ခုခုတော့ မှားနေသေးတယ်ဗျာ "

တင်နီဆန်ကလည်း ထိုစကားကိုပင် အခိုင်အမာ ပြောလျက်သာ ရှိနေလေသည်။

\+ \+ \+

ကမ်းနားလမ်းတစ်လျှောက်တွင် လူတွေကျိတ်ကျိတ်တိုးနေသည်။ အိမ်ပေါက်ဝများ၊ စတိုးဆိုင်များ၊ လမ်းကြားများမှာလည်း လူတွေကြက်ပျံမကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

လမ်းမကြီးပေါ်သို့ အာရုံစိုက်နေကြသည့် လူအုပ်ကြီးကို ပုလိပ်များက နိုင်နင်းအောင် အပြင်းအထန် ထိန်းသိမ်းပေးနေရလေသည်။ လန်ဒန်မြို့တော် ပုလိပ်တိုင်း၏လက်ထဲမှာ နံပါတ်တုတ်များ ကိုယ်စီကိုင်ထားကြသည်။

ထိုသို့သော နံပါတ်တုတ်ကိုင် ပုလိပ်များအပြင် ဗြိတိသျှစုံထောက်အဖွဲ့ဝင်ပေါင်း မြောက်မြားစွာကိုလည်း တာဝန်ချထားလေသည်။ ၎င်းတို့အနက် အများစုမှာ နိုင်ငံရပ်ခြား တိုင်းပြည်များတွင် တာဝန်ထမ်းဆောင်နေသူများဖြစ်ပြီး အရေးပေါ် ပြန်လည်ခေါ်ယူကာ အထူးတာဝန်ပေးခြင်းဖြစ်လေသည်။

တီနာမောသည် နာမည်ကြီးလူသတ်သမားဖြစ်သောကြောင့် စုံထောက်အရာရှိ ပေတန်ဂျုံးက ဟာကွက်တစ်ခုမှ မရှိရလေအောင် လုံခြုံရေးအစီအမံများကို စနစ်တကျ ပြုလုပ်ထားသည်။

စုံထောက်အဖွဲ့ဝင်အားလုံး လမ်းလျှောက်စကားပြောစက်များ ကိုယ်စီကိုင်ထားကြသည်။ အခြား လေလှိုင်းများဖြင့် ဝင်ရောက်ဖျက်ဆီးခြင်း မပြုနိုင်အောင် အားကောင်းသည့် လမ်းလျှောက်စကားပြောစက်များ ဖြစ်သည်။

ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို ဆပ္ပိုင်းအဆောက်အအုံတွင် ဖွင့်လှစ်ထားသည်။ စစ်ဆင်ရေးဌာနချုပ်တွင်ရှိနေကြသူအားလုံး၏ အမူအရာမှာ တင်းမာနေသည်။ တစ်ချက်မှ သတိမလစ်အောင် အာရုံစိုက်နေကြသည်။

သူတို့အားလုံးသည် သက်ဆိုင်ရာ လုပ်ငန်းများတွင် အထူးကျွမ်းကျင်သူများဖြစ်သည်။ ထိုသို့ ကျွမ်းကျင်သူများကို ကွန်ပျူတာများဖြင့်လည်း အထောက်အကူ ပြုထားသေးသည်။

အချိန်အလွန်တရာ နီးကပ်လာလေပြီ။ နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများကို တင်ဆောင်လာသည့် မော်တော်ယာဉ်တန်းကလည်း တဖြည်းဖြည်း နီးကပ်လာလေပြီ။

ဂျွန်တင်နီဆန်က လမ်းလျှောက်စကားပြောစက်ကလေးကို အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။

" ကျွန်တော် လမ်းမပေါ်ကို ပြန်ဆင်းတော့မယ်။ အသံဖမ်းတော့မယ်ဆိုရင် မြားအစိမ်းကလေးကို အသံဖမ်းတဲ့နေရာမှာ ထားရမယ်နော်. . . မှန်ရဲ့လား " ဟု တင်နီဆန်က လမ်းလျှောက်စကားပြောစက်ကလေးကို မြှောက်ပြရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ မှန်ပါတယ်။ ဒါပေမယ့် သိပ်ကိုအရေးကြီးတယ်လို့မထင်ဘဲ ဘာသတင်းကိုမှ အသံလွှင့်ပြီး မပို့ပါနဲ့။ မော်တော်ယာဉ်တန်း ဝါတာလူးတံတားနားကို ရောက်နေပြီဆိုရင် ငါးစက္ကန့်တစ်ကြိမ် သတင်းပို့ပါ။ ကိုက်ငါးဆယ်ကွာမှာ တစ်ခါနားပါ။ သိပ်အရေးကြီးရင်တော့ ပို့နိုင်ပါတယ်။ အသံဖမ်းယူတဲ့လိုင်းကို အမြဲတမ်း အသင့်ဖွင့်ထားပါ ” ဟု ပေတန်ဂျုံးက ပြောသည်။

“ ဝါတာလူးတံတားနားကို မော်တော်ယာဉ်တန်း ရောက်လာရင် တစ်နာရီကိုရှစ်မိုင်နှုန်းပဲ မောင်းပါလိမ့်မယ်ခင်ဗျာ ” ဟု ဘေးမှာထိုင်နေသော စုံထောက်အရာရှိတစ်ယောက်ကလည်း ဝင်ပြောသည်။

ရွှေရောင်ဆံပင်နှင့်လူသည် အခန်းတွင်းမှ ခပ်သုတ်သုတ်ထွက်လားခဲ့သည်။

နာခရိုက်တင်းဒိုက်ကို အပြီးသတ်ချေမှုန်းရန်အတွက် အမြန်ဆုံးလှုပ်ရှားရတော့မည့်အချိန် ဖြစ်သည်။

ဝံပုလွေ၏ပဋိညာဉ်ခံလုပ်ငန်းများ အခြေခိုင်အောင် အုပ်မြစ်ချဖို့ အရေးအကြီးဆုံးအချိန် ဖြစ်သည်။

တင်နီဆန်သည် ကမ်းနားလမ်းမကြီးပေါ်သို့ ဆင်းလာရင်း လက်ပတ်နာရီကို မြှောက်ကြည့်သည်။

စက္ကန့်သုံးဆယ်အတွင်း အညိုရောင်မိုးကာနှင့်လူသည် ကမ်းနားလမ်း ဟိုတယ် ဒုတိယထပ်ရှိ ပြတင်းပေါက်တစ်ခုမှ မသိမသာ လူလုံးပြတော့မည်။ ထိုအခန်းသည် အခန်းနံပါတ် ၂၀၆ ဖြစ်သည်။ သူတို့လက်နက်ရှာဖွေ ဖော်ထုတ်ခဲ့သည့် အခန်းနံပါတ် ၃၀၆ ၏ အောက်တည့်တည့်မှာရှိသော အခန်း ဖြစ်သည်။

ထိုသို့ လူလုံးပြခြင်းသည် သူတို့၏ ပထမဆုံးစတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ပင် ဖြစ်လေသည်။

ပတ်ဝန်းကျင်တွင်ရှိနေကြသော ပေတန်ဂျုံး၏စုံထောက်များကို တင်နီဆန်က မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

သူတို့ကို ရှာဖွေရသည်မှာ အလွန်လွယ်ကူပါသည်။ အားလုံး လမ်းလျှောက်စကားပြောစက် အသေးကလေးများ ကိုယ်စီကိုင်ထားကြသောကြောင့် ခက်ခက်ခဲခဲ ရှာဖွေနေဖို့ မလိုပါ။ သူတို့ကိုင်ထားသော လမ်းလျှောက်စကားပြောစက်က သူတို့မည်သူမည်ဝါဖြစ်ကြောင်း ဆိုင်းဘုတ်ချိတ်ကာ ဖော်ပြသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။

စတိုးဆိုင်တစ်ခုရှေ့မှာနေရာယူထားသော စုံထောက်တစ်ယောက် အနီးသို့ တင်နီဆန်ကချဉ်းကပ်လိုက်သည်။ တမင်ရည်စူးပြီး ချဉ်းကပ်သွားခြင်း ဖြစ်လေသည်။

" ဟယ်လို. . . အခြေအနေ ဘယ်လိုနေသလဲ "

" ဘာပြောတယ်. . . အိုး. . . ဆရာကိုး. . . စိတ်မရှိပါနဲ့ ခင်ဗျာ "

စုံထောက်က တင်နီဆန်ကို နားမလည်သလို ပြန်မေးပြီးမှ တင်နီဆန်၏ လက်ထဲမှာကိုင်ထားသော လမ်းလျှောက်စကားပြောစက်ကလေးကိုမြင်ပြီး ကမန်းကတန်း တောင်းပန်စကားပြောသည်။

သို့သော်လည်း တင်နီဆန်ကို ပြန်ပြီး ကြာကြာကြည့်မနေနိုင်ပါ။ သူ တာဝန်ကျရာအကွက်ကို မျက်တောင်မခတ် ကြည့်နေသည်။

ကမ်းနားလမ်းတစ်လျှောက်မှာ လူတွေ ပြည့်ကြပ်နေသည်။ နိုင်ငံပေါင်းစုံမှ ခေါင်းဆောင်ကြီးများကို ကြိုဆိုနေခြင်းဖြစ်သောကြောင့် သက်ဆိုင်ရာ နိုင်ငံများ၏ အလံကလေးများကိုလည်း ကိုယ်စီကိုင်ထားကြလေသည်။ ပုလိပ်များက လက်ချင်းယှက်ကာ လူအုပ်ကြီး လမ်းပေါ်သို့ ပြုံဆင်းမလာအောင် တားထားကြလေသည်။

ဝါတာလူးတံတားဘက်မှ လူအုပ်ကြီး၏ အော်ဟစ်နှုတ်ဆက်သံများ ဝေါကနဲ ပြန်လွင့်လာလေသည်။

" ဟိုမှာကြည့်စမ်း . . . ဟိုအပေါ်မှာ ကြည့်စမ်း "

တင်နီဆန်က စုံထောက်၏လက်မောင်းကို တင်းတင်းကိုင်ပြီး ရုတ်တရက် ပြောလိုက်သည်။

" ဘာ. . . ဘယ်လို. . . "

" ဟောဟိုက ပြတင်းပေါက်. . . အခုန စက္ကန့်ပိုင်းလောက်ကလေး တုန်းက အဲဒီပြတင်းပေါက် ပိတ်ထားတာတွေ့တယ် "

အညိုရောင်မိုးကာနှင့်လူကို သူတို့ထင်ထင်ရှားရှား မမြင်တွေ့နိုင်ပါ။ သို့သော်လည်း လူတစ်ယောက်ရပ်နေသည့် အရိပ်ကိုမူ ပြတင်းပေါက်မှ ဖောက်ထွင်းမြင်တွေ့နေရလေသည်။

စုံထောက်က လက်ထဲမှ လမ်းလျှောက်စကားပြောစက်ကို မြှောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မသင်္ကာစရာ တွေ့နေတယ်။ အကွက်နံပါတ် တစ်. . . ကမ်းနား လမ်းဟိုတယ်. . . ဒုတိယထပ်. . . တောင်ဘက်ထောင့်က တတိယမြောက် ပြတင်းပေါက် . . . "

တစ်ဘက်မှ ဖမ်းယူရရှိကြောင်း အကြောင်းပြန်သည်။

" အခန်းနံပါတ် သုံးရာ့ခြောက်ရဲ့ အောက်တည့်တည့်က အခန်း ဖြစ်ပါတယ်။ လုံခြုံရေး တာဝန်ခံများ အမြန်ဆုံး စစ်ဆေးကြည့်ပါ "

ပြတင်းပေါက်မှ လူရိပ်ပျောက်ကွယ်သွားသည်။

" ဟိုလူပျောက်သွားပြီ "

စုံထောက်က အလောတကြီး ပြောသည်။

နောက် ငါးစက္ကန့်ကြာသောအခါ လမ်းလျှောက်စကားပြောစက်မှ အခြားအသံတစ်ခု ပေါ်ထွက်လာသည်။

" ဒီမှာ ဘယ်သူမှမရှိဘူး။ အခန်းထဲမှာ လူတစ်ယောက်မှမရှိဘူး"

" ဆောရီးဗျာ "

ရွှေရောင်ဆံပင်နှင့်လူက စုံထောက်ကိုလှည့်ပြောသည်။

" ရပါတယ် ခင်ဗျာ။ ပိုပြီး စိတ်ချသွားရတာပေါ့ " ဟု စုံထောက်က ပြန်ပြောသည်။

တင်နီဆန်က ထိုနေရာမှ ခွာထွက်လာခဲ့သည်။ လူအုပ်ကြားသို့ တိုးဝင်ခဲ့သည်။ လက်ပတ်နာရီကို မြှောက်ကြည့်ပြန်သည်။ ဆက်လက် ဆောင်ရွက်ဖို့ အချိန် စက္ကန့်နှစ်ဆယ်လောက် ရနေသေးသည်။

လမ်းလျှောက်စကားပြောစက် ကိုင်ထားသည့် စုံထောက်တစ်ယောက် အနားသို့ ချဉ်းကပ်လိုက်သည်။ သူ့လက်ထဲမှ စကားပြောစက်ကို မြင်သာ အောင် ကိုင်ပြသည်။

" ကျုပ်လဲ တာဝန်ထမ်းဆောင်နေတဲ့လူပဲ။ အားလုံးအဆင်ပြေနေ တယ် မဟုတ်လား "

တင်နီဆန်က အသံကိုမြှင့်ပြောသည်။ စုံထောက်က သူနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

" ဘာပြောတယ်. . . "

ထိုသို့ပြန်မေးရင်း တင်နီဆန်၏လက်ထဲမှ စကားပြောစက်ကို မြင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" အိုး. . . ခင်ဗျားကိုး. . . မနက်တုန်းက ရှင်းလင်းပွဲမှာ ခင်ဗျားလဲ တက်ခဲ့သေးတာပဲ။ အခြေအနေတွေ အားလုံးကောင်းနေပါတယ် ခင်ဗျာ "

" ဟောဟို တံခါးပေါက်မှာ . . . "

တင်နီဆန်က ပြောပြောဆိုဆို စုံထောက်၏ပခုံးပေါ်သို့ လက်တစ်ဘက် တင်ရင်း လမ်းတစ်ဘက်ခြမ်းရှိ ဝင်ပေါက်တစ်ခုကို လက်ညှိုးထိုးပြသည်။

" လမ်းတစ်ဘက်ခြမ်းမှာ. . . ဖွင့်ထားတဲ့ တံခါးပေါက်ကြီး မြင်တယ် မဟုတ်လား။ လူအုပ်ကြီးရဲ့ ခေါင်းပေါ်ကို ကြည့်လိုက်။ အပေါ်တက်သွားတဲ့ လှေကားတစ်ခုကို တွေ့လိမ့်မယ်။ ဟောဟို တံခါးပေါက်ပဲ "

" အဲဒါ. . ဘာဖြစ်သလဲ. . . လှေကားပေါ်မှာ လူတစ်ယောက်ရှိတယ် လေ. . . အပေါ်ပြေးတက်နေတဲ့လူကို ပြောတာလား " ဟု စုံထောက်က ပြန် မေးသည်။

" ဟုတ်တယ်။ အဲဒီလူပဲ. . . တစ်ယောက်တည်းပဲ "

" ဘယ်သူလဲ. . . ခင်ဗျား ဘာတွေပြောနေတာလဲ "

" ဟိုတယ်ခန်းထဲမှာ. . အခုနလေးတင်. . အဲဒီလူပဲ။ တစ်ယောက်တည်း ပဲ။ ကျုပ်သိတယ်။ သူ့လက်ထဲမှာ လက်ကိုင်အိတ်တစ်လုံး ကိုင်ထားတယ်"

စုံထောက်သည် အချိန်ဆိုင်းမနေတော့ဘဲ လမ်းလျှောက်စကားပြော စက်ကို မြှောက်လိုက်လေသည်။

" လုံခြုံရေးတာဝန်ခံတွေ စစ်ဆေးပေးဖို့ မေတ္တာရပ်ခံပါတယ်။ အနောက်ဘက်ခြမ်း အကွက်နံပါတ်လေး . . ရတနာဆိုင်နဲ့မျက်နှာချင်းဆိုင်. . လက်ကိုင်အိတ်နဲ့လူတစ်ယောက်. . လှေကားပေါ်ကို ပြေးတက်နေတယ် "

" ဆက်လုပ်နေပြီ " ဟု တစ်ဘက်မှ ချက်ချင်းပြန်ဖြေသည်။

လမ်းတစ်ဘက်ခြမ်းရှိ ဝင်ပေါက်ကြီးမှ လှေကားပေါ်သို့ လူနှစ်ယောက် အပြေးအလွှား တက်သွားသည်ကို တင်နီဆန် လှမ်းမြင်လိုက်ရလေသည်။

တင်နီဆန်က ဘယ်ဘက်သို့ မသိမသာ လှည့်ကြည့်သည်။

အညိုရောင်မိုးကာနှင့်လူသည် ရတနာဆိုင်ထဲမှ ထွက်လာပြီး လမ်း ဘေးရှိ လူအုပ်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

သူ ဦးတည်သွားသည့်နေရာသည် အဆောက်အအုံနှစ်ခုကို ဆက်သွယ် ထားသည့် တံခါးပေါက်ရှိရာ တည့်တည့်ဆီသို့ဖြစ်သည်။ ထိုတံခါးပေါက်ကို အခါတိုင်း သော့ခတ်ထားနေကျဖြစ်သည်။ ယခုလည်း သော့ခတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အညိုရောင်မိုးကာနှင့်လူအဖို့ မည်သည့်အခက်အခဲမှ မတွေ့နိုင်ပါ။

စကားပြောစက်မှ အသံပေါ်လာသည်။

" ဒုတိယထပ်က ငါးထပ်အထိ လူတစ်ယောက်မှ မတွေ့ရဘူး။ ခေါင်မိုးပေါ်ကိုတက်ပြီး စစ်ဆေးကြည့်ဦးမယ် "

" ဒုက္ခခံမနေနဲ့။ ကျုပ်တို့ ခေါင်မိုးပေါ်မှာ ရှိနေတယ်။ ဒီမှာ မသင်္ကာစရာ တစ်ယောက်မှ မရှိဘူး " ဟု အခြား အသံတစ်ခုမှ တစ်ဆက်တည်း ဝင်ပြောသည်။

တင်နီဆန်က ပခုံးကိုတွန့်ပြလိုက်ပြီး အခြားတစ်ဘက်သို့ ထွက်လာလေသည်။

ကမ်းနားလမ်းမကြီးပေါ်သို့ နိုင်ငံတကာ ခေါင်းဆောင်ကြီးများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်း ရောက်မလာမီ သုံးကြိမ်လှန့်ပေးရန် တင်နီဆန် စီစဉ်ထားပြီး ဖြစ်သည်။

နောက်ဆုံးအကြိမ်လှန့်ခြင်းကမူ အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် အလွန်တိကျဖို့လိုသည်။

အညိုရောင်မိုးကာနှင့်လူသည် စီစဉ်ထားသည့်အတိုင်း စီစဉ်ထားသည့်နေရာသို့ ဦးတည်သွားနေပြီ။

နံပါတ်တစ်လှန့်လုံး။

တင်နီဆန်က စုံထောက်တစ်ယောက်အနားသို့ကပ်သွားပြီးလက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

" ငြမ်းတွေပေါ်မှာ. . . ဟောဟို ငြမ်းတွေပေါ်မှာ. . . "

" ဘယ်မှာ. . . "

မလှမ်းမကမ်းမှ အဆောက်အအုံတစ်ခုကို ပြန်လည်ပြင်ဆင်ဆောက်လုပ်နေရာ ပိုက်လုံးများဖြင့် ငြမ်းဆင်ထားသည်။ ထိုငြမ်းစင်ပေါ်တွင် လူများ ပဒေသာပင်လို ပြွတ်ခဲနေသည်။ ကိုယ်စားလှယ်တော်ကြီးများ၏ မော်တော်ယာဉ်တန်း ရောက်လာမည့်ဘက်သို့လည်း ဆန့်မျှော်ရင်း အော်ဟစ်ဆူညံနေကြသည်။

" ညာဘက်ကိုကြည့်. . . ညာဘက်ကိုကြည့်. . . သုံးထပ်သားပြားတွေ နောက်ဘက်ကို ဆင်းသွားပြီ " ဟု တင်နီဆန်က ဆက်ပြောသည်။

" ဘယ်သူလဲ ခင်ဗျာ "



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်ထဲမှာ တွေ့လိုက်ရတဲ့လူ. . ဟိုဘက်လှေကားပေါ်ပြေးတက်သွားတဲ့လူ. . . လက်ကိုင်အိတ် ကိုင်ထားတဲ့လူ. . . "

" လုံခြုံရေးတာဝန်ခံများ စစ်ဆေးပါ။ အကွက်နံပါတ် ခုနစ်. . . ဆောင်နေဆဲတိုက်မှာ ဆင်ထားတဲ့ ပြမ်းစင်ပေါ်မှာ. . . လက်ကိုင်အိတ် ကိုင်ထားတယ် "

စကားပြောစက်ထဲမှာ အသံများ ရှုပ်ထွေးနေသည်။

" ပြမ်းစင်ပေါ်မှာ ကျုပ်တို့ အနံ့အပြားနေရာယူထားတယ်။ ဘာမှ မတွေ့ရဘူး "

" လက်ကိုင်အိတ်ကိုင်ထားတဲ့လူ ဒီနားမှာ တစ်ယောက်မှမရှိဘူး "

"ကင်မရာတွေ အများကြီးနဲ့ လူတစ်ယောက်ရှိတယ်။ လက်ကိုင်အိတ် မပါဘူး။ ဘာအိတ်မှ ကိုင်ထားတာ မတွေ့ဘူး "

" ပြမ်းစင် ဒုတိယအဆင့်က သုံးထပ်သားပေါ်မှာ သူရှိနေတယ် "

" ကင်မရာထဲက ဖလင်ကိုထုတ်ပြီး အသစ်ထည့်နေတယ်။ အခုအောက်ကို သူပြန်ဆင်းသွားပြီ။ မသင်္ကာစရာ တစ်ယောက်မှ မတွေ့ဘူး "

" ဝမ်းနည်းပါတယ်ဗျာ "ဟု တင်နီဆန်က ပြောသည်။

" ရပါတယ်ဗျာ. . . ကျွန်တော်တို့အားလုံး ပိုပြီးမျက်စိကျယ်သွားတာပေါ့ "

" တောင်းပန်ပါတယ်နော် "

တင်နီဆန်က စုံထောက်ကို တောင်းပန်စကားပြောပြီး ဝေးရာသို့ လှည့်ထွက်ခဲ့လေသည်။

နံပါတ်နှစ်လှန့်လုံး။

ထရာဖာလ်ဂါပန်းခြံအဝမှာရှိနေသော လက်နက်ကိုင်အစောင့်တစ်ယောက်ကို တင်နီဆန်က သူ၏ပြင်သစ်ထောက်လှမ်းရေးအရာရှိသက်သေခံကတ်ပြားကို ထုတ်ပြသည်။ ပြီးတော့ ပန်းခြံအတွင်းသို့ ဒရောသောပါး ဝင်ခဲ့သည်။

" ခြင်္သေ့တွေ. . . ဒုက္ခပါပဲ. . . ခြင်္သေ့တွေ "

တင်နီဆန်၏အသံကြောင့် ပန်းခြံတွင်းမှာ တာဝန်ကျနေသော စုံထောက်က လော့ဒ်နယ်လ်ဆင် ကျောက်ရုပ်အောက်ခြေရှိ ခြင်္သေ့ရုပ်များကို ငေးစိုက်ကြည့်နေသည်။ နိုင်ငံခြားဧည့်သည်တော်များကို စောင့်နေသူများက



www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ရုပ်များပေါ်တွင် ကပ်ကပ်သပ်သပ် နေရာယူထားကြလေသည်။

" ဘာပြောတာလဲ ခင်ဗျာ " ဟု စံထောက်က တင်နီဆန်ကို ပြန်မေးသည်။

" သူ ဒီနေရာကို ရောက်လာပြန်ပြီ။ စောစောတုန်းက ငြမ်းစင်ပေါ်မှာ ရှိနေခဲ့တဲ့လူ "

" အဲဒီသတင်းကို အခုနကလေးတင် ကျွန်တော် ကြားလိုက်ရပါသေးတယ်။ အခု သူဘယ်မှာလဲ " ဟု စံထောက်က ပြန်မေးသည်။

" ဟောဟို ညာဘက်က ခြသေ့်ရုပ်ရဲ့နောက်ကို ဝင်သွားတယ်။ သူ့လက်ထဲမှာ ကိုင်ထားတာ လက်ကိုင်အိတ်မဟုတ်ဘူး။ သားရေအိတ်. . . ဒါပေမယ့် ကင်မရာထည့်တဲ့ သားရေအိတ်အရွယ်ထက် အများကြီးပိုကြီးနေတယ်။ ခင်ဗျား မမြင်ဘူးလား။ သားရေအိတ်ကြီးက သိပ်ကို ကြီးလွန်းနေတယ်"

စံထောက်သည် နည်းနည်းကလေးမှ တုံ့ဆိုင်းနေခြင်းမရှိ၊ လမ်းလျှောက်စကားပြောစက်ကို ပါးစပ်နားသို့ ကပ်လိုက်သည်။

" လုံခြုံရေး. . . လုံခြုံရေး. . . အကွက်နံပါတ်ကိုး . . . မြောက်ဘက်ခြမ်း . . . သားရေအိတ်ကြီးကြီးနဲ့လူတစ်ယောက်. . . "

တစ်ဘက်မှ ချက်ချင်း တုံ့ပြန်လာသည်။ အသံနှစ်သံဆက်တိုက်ဆိုသလို ပေါ်ထွက်လာသည်။

" ကင်မရာနှစ်လုံးနဲ့လူတစ်ယောက်တွေ့တယ်။ ကင်မရာအကြီးကို သူ့ခြေထောက်နားမှာ ချထားတယ် "

" ကင်မရာနဲ့လူက အလင်းအမှောင်ကို တိုင်းကြည့်နေတယ်။ အန္တရာယ်ပေးမယ့်ပုံမပေါ်ဘူး။ ဒီနေရာမှာ မသင်္ကာစရာတစ်ခုမှ မရှိဘူး "

" ကင်မရာနဲ့လူ အောက်ကို ဆင်းသွားပြီ။ သူ့လက်ထဲက ကင်မရာနဲ့ ချိန်နေတယ်။ အန္တရာယ်ပေးမယ့်ပုံမျိုး မဟုတ်ဘူး "

စံထောက်က တင်နီဆန်ကို တစ်ချက် မော့ကြည့်သည်။ ပြီးတော့ မျက်နှာလွှဲပြီး လူအုပ်ကြီးဘက်သို့ လှမ်းကြည့်နေသည်။

အချိန်ကျလာပြီ။ နောက်ဆုံးလှန့်လုံးကို ပြုလုပ်ရပေတော့မည်။ နာခရိုက်တင်းဒိုက်၏ ဇာတ်သိမ်းခန်းအစကို စတင်ရပေတော့မည်။

သည်အချိန်ကလေးကို အမိအရ ကိုင်ဖမ်းရပေတော့မည်။

" ခင်ဗျားတို့ မှားကုန်ပြီ. . . ခင်ဗျားတို့ အားလုံး မှားကုန်ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့အားလုံး တစ်ယောက်မကျန် မှားကုန်ပြီ ”

တင်နီဆန်က ဒေါသတကြီး အော်ပြောသည်။

“ ဘာဗျ ”

တင်နီဆန်သည် မြန်နိုင်သမျှ အမြန်ဆုံးအဟုန်ဖြင့် ပြေးသည်။ လူအုပ်ကြားထဲသို့ အတင်းတိုးဝင်သည်။ စကားပြောခွက်ကို သူ့နားမှာကပ်ထားသည်။ ထို့ကြောင့် သူ၏ဒေါသတကြီး အော်ဟစ်ပြောသံကို တုံ့ပြန်သည့် စိုးရိမ်ပူပန်သော အသံမျိုးစုံတို့ကို ကြားနေရလေသည်။

“ ဒီလူရှုးသွားပြီ ”

“ ကျွန်တော်တို့ မှားတယ်လို့ သူပြောနေတယ် ”

“ ဘာကိုလဲ. . . ”

“ မပြောတတ်ဘူး ”

“ သူပြေးပြီ ”

“ ဘယ်ကိုလဲ ”

“ ကျွန်တော်မသိဘူး. . . သူ့ကို ကျွန်တော် မမြင်ရတော့ဘူး ”

လော့ဒ်နယ်လ်ဆင် ကျောက်ရုပ်ကို ဝိုင်းပတ်ကာရံထားသည့် ခြံစည်းရိုးနားသို့ တင်နီဆန်ရောက်လာသည်။

သူ၏အပေါင်းအသင်း တီနာမောအလုပ်သင်ကို သူလှမ်းမြင်လိုက်ရသည်။ တီနာမောအလုပ်သင်သည် လမ်းတစ်ဘက်ခြမ်းသို့ ခပ်သုတ်သုတ် ကူးနေသည်။ သူ့ကိုယ်ပေါ်မှာ အညိုရောင်မိုးကာ ဝတ်ထားဆဲဖြစ်သည်။ လက်ထဲမှာ အနက်ရောင် ပလတ်စတစ်အိတ် သေးသေးတစ်လုံး ကိုင်ထားသည်။

တင်နီဆန်၏အိတ်ထဲမှာရှိနေသော ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိကတ်ပြားမျိုးတစ်ခုလည်း သူ့အိတ်ထဲမှာရှိနေသည်။ အတားအဆီးတစ်စုံတစ်ရာ ကြုံတွေ့လာလျှင် ထိုကတ်ပြားအတုကို ထုတ်ပြပြီး သူ တာဝန်ထမ်းဆောင်ရမည့်နေရာသို့ ဣန္ဒြေရရ ဆက်လက်ချီတက်သွားရန်ပင် ဖြစ်သည်။

အချိန်ကျပါပြီ။

ရွှေရောင်ဆံပင်နှင့်လူသည် လက်ထဲမှ လမ်းလျှောက်စကားပြောစက်၏ခလုတ်ကို ဖိချလိုက်ပြီး ခပ်ကျယ်ကျယ် အော်ပြောလိုက်လေတော့သည်။

“ သူပဲ. . . ကျုပ် သေသေချာချာ သိတယ် ”

“ ဘယ်သူလဲ ”



www.burmeseclassic.com

www.burmeseclassic.com



" အားလုံး အသင့်အနေအထားမှာ နေပါ "

" အကွက်နံပါတ်တစ်ဆယ်က သတင်းပို့နေပါတယ် "

"ကျုပ်အခုနားလည်ပြီ။ စောစောကတည်းက တစ်ခုခုမှားနေပြီဆိုတာ အခုမှ အဖြေကို ကျုပ်သိပြီ "

" အခုပြောနေတာ တင်နီဆန်လား "

စကားပြောစက်ပေါ်မှ ပေတန်ဂျုံး၏အသံ ပေါ်ထွက်လာသည်။

" ဟုတ်တယ် "

" ခင်ဗျား ဘယ်မှာလဲ "

" ဒါပဲ. . . ကျုပ် သဘောပေါက်ပြီ. . . အခုသိပြီ "

" ဘာကိုသိတာလဲ. . . တင်နီဆန်. . . အခု စကားပြောနေတာ ခင်ဗျားလား။ ဘာဖြစ်နေတာလဲ. . . ချက်ချင်း အကြောင်းပြန်ပါ "

" အခုတော့ အားလုံးရှင်းသွားပြီ။ ဒါကြောင့် ကျွန်တော်တို့ မှားခဲ့ကြတာပဲ။ စောစောက ဒီလိုသာ စဉ်းစားမိမယ်ဆိုရင် ဒီအမှားမျိုးကို ကျွန်တော်တို့ လုပ်မိခဲ့မယ်မထင်ဘူးဗျာ။ စောစောကတည်းက တစ်ခုခုတော့မှားနေပြီလို့ ကျွန်တော်ထင်နေခဲ့တာ "

" တင်နီဆန်. . . ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ. . . ခင်ဗျား အခု ဘယ်နေရာရောက်နေသလဲ "

" ကျွန်တော်တို့ မှားကုန်ပြီ။ ခင်ဗျား သဘောမပေါက်သေးဘူးလား. . လက်နက်တွေလေဗျာ. . နေရာပေါင်း ခုနစ်နေရာမှာ တွေ့ခဲ့တဲ့ လက်နက်တွေလေဗျာ. . . အဲဒါတွေကို ကျွန်တော်တို့တွေ့အောင် သူတို့ဘက်က တမင်စီစဉ်ထားတာဗျ. . . အဲဒါတွေအားလုံး မှားကုန်တော့တာပေါ့ "

" ဘာ. . . တင်နီဆန်. . . ခလုပ်အနီကို နှိပ်လိုက်ပါ. . . တခြားလိုင်းတွေ ဘာမှ ဝင်မပြောနဲ့. . . တင်နီဆန်. . . ဘာတွေ မှားကုန်တာလဲ "

" ဝှက်ထားတဲ့ လက်နက်တွေလေဗျာ. . . ဒါဟာ မဟုတ်သေးဘူး. . မမှန်သေးဘူး။ အဲဒီလက်နက်တွေကို ကျွန်တော်တို့ အလွယ်တကူ တွေ့ခဲ့ကြရတယ် မဟုတ်လား "

" ဒုက္ခပါပဲ. . . ခင်ဗျား ဘာတွေပြောနေတာလဲ. . . ဘာကို ဆိုလိုတာလဲ. . . "

တင်နီဆန်က အသင့်ဖွင့်ထားသည့် တံခါးမကြီးဆီသို့ ခြေလှမ်းကျဲကျဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများဖြင့် ခပ်သုတ်သုတ် ဆက်လျှောက်နေသည်။

" ကျွန်တော်လဲ တိတိကျကျ မသိသေးဘူး. . ကျွန်တော်တို့တွေ့တဲ့ လက်နက်တွေဟာ ကျွန်တော်တို့ မတွေ့တွေ့အောင် တမင်ဝှက်ထားတာဆိုတာ လောက်ပဲ ကျွန်တော်သိသေးတယ်။ လက်နက်တွေကို အစီအစဉ်လိုက် စနစ်တကျ ချထားတာပဲ "

တင်နီဆန်က လမ်းလျှောက်နေရင်းမှ ပြန်ပြောသည်။

" ဘယ်လို အစီအစဉ်လိုက် စနစ်တကျ ချထားတာလဲ. . . ခလုတ်အနီကို နှိပ်လိုက်ပါ။ တင်နီဆန်. . . ခင်ဗျား အခု ဘယ်နေရာရောက်နေသလဲ"

" အကွက်နံပါတ် တစ်ဆယ်နဲ့ကိုးကြားမှာ ရောက်နေပါတယ်။ ထရာဖာလ်ဂါပန်းခြံ အနောက်ဘက်ခြမ်းကို ရောက်နေပါတယ် " ဟု အခြား အသံတစ်ခုက ဝင်ပြောသည်။

" ဝှက်ထားတဲ့ လက်နက်တစ်ခုကိုတွေ့ရင် နောက်တစ်ခုကိုပါ ဆက်တိုက်တွေ့သွားအောင် အစီအစဉ်လိုက် စနစ်တကျချထားတာ။ အရှေ့ကနေအနောက်ကို သွားတယ်မဟုတ်လား။ လက်နက်တွေကိုလဲ အရှေ့ကနေ အနောက်ဘက်ကို တန်းစီပြီး ဝှက်ထားတယ် မဟုတ်လား။ ဒါကို ကျွန်တော် မကြိုက်ဘူး။ ကျွန်တော်တို့ အစီအစဉ်ပြောင်းမှ ဖြစ်တော့မယ်။ မော်တော်ကားတွေကလဲ မိုးဖွင့်ကားတွေ မဟုတ်လား "

တင်နီဆန်က မနားတမ်း အော်ပြောနေသည်။

" ခင်ဗျား ဘာတွေပြောနေတာလဲ "

" မော်တော်ယာဉ်တန်းကို ရပ်ခိုင်းလိုက်ပါ။ ချက်ချင်းရပ်ခိုင်းပါ "

" မော်တော်ယာဉ်တန်းကို ရပ်ခိုင်းရမယ်. . ဟုတ်လား. . သတင်းဆက်ပို့ပါ။ ခင်ဗျား အခု ဘယ်နေရာရောက်နေသလဲ "

မလှမ်းမကမ်းတွင် စုံထောက်နှစ်ယောက်ကို တင်နီဆန် လှမ်းမြင်ရသည်။ ထို့ကြောင့် သူတို့မမြင်မီ လူအုပ်ကြားထဲမှာ ခါးကုန်းပြီး ကွယ်လိုက်သည်။

" သူရှိနေတဲ့နေရာကို ကျွန်တော်တို့ သိထားပြီလို့ ထင်တယ်။ ကျွန်တော်ထင်တဲ့နေရာမှာ သူရှိနေပြီနဲ့တူတယ်။ မြမ်းစင်ပေါ်မှာ တွေ့ခဲ့တဲ့လူပဲ။ ဟိုတယ်ပြတင်းပေါက်မှာ တွေ့ခဲ့တဲ့လူပဲ။ လှေကားပေါ်ကို ပြေးတက်သွားတဲ့လူပဲ။ သူ လူအုပ်ကြားထဲမှာ ခါးကုန်းထားတယ်။ ဟော. . ပြေးပြီ. . ပြေးပြီ. .



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ။ ကျွန်တော်ထင်တာ သူပဲ ”

“ ပုံသဏ္ဌာန်ကိုပြောပါ။ ဒုက္ခပါပဲဗျာ. . ပုံသဏ္ဌာန်ကို မြန်မြန်ပြောပါ”

“ ဂျာကင်အင်္ကျီ ဝတ်ထားတယ်. . . အညိုရောင် ဂျာကင်အင်္ကျီ. . ”

“ အားလုံးအသင့်ပြင်. . အညိုရောင်ဂျာကင်အင်္ကျီနဲ့လူကို မိအောင်ဖမ်း။ မြောက်ဘက်ကို ပြေးနေတယ်။ အကွက်နံပါတ် ကိုး. . ရှစ်. . ခုနစ်တွေကို ဖြတ်သွားနေတယ် ”

“ သူတစ်နေရာမှာ လက်နက်ဝှက်ထားတာ ဖြစ်ရမယ်။ ကျွန်တော်တို့ ရှာမတွေ့တဲ့နေရာမှာ လက်နက်ရှိနေသေးတယ်။ နောက်ပိုင်းကနေပြီး သူလုပ်ကြံတော့မယ်နဲ့တူတယ်။ ပစ်မှတ်နဲ့ဝေးတာ သူ့အဖို့ အကြောင်းမဟုတ်ဘူး။ ဘယ်လောက်ဝေးဝေး သူ ဂရုမစိုက်ဘူး။ သူ့လက်ကို သူ သိပ်စိတ်ချတယ်။ ဒါကြောင့် ယာဉ်တန်းကို ဆက်မောင်းခိုင်းပါ။ မြန်မြန်လုပ်ပါ။ သူနဲ့ဝေးသွားအောင် မြန်မြန်မောင်းခိုင်းပါ ”

“ ယာဉ်အမှတ် တစ်. . ဆက်ထွက်. . နောက်ကယာဉ်တွေ အကုန်ဆက်လိုက်. . အနီးကပ် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ. . နောက်ပိုင်းက ကာပါ။ နောက်ပိုင်းကို ပစ်မှတ်အဖြစ် ရွေးလိမ့်မယ်။ ခေါင်းဆောင်ကြီးတွေရဲ့ နောက်ပိုင်းကို လူအုပ်နဲ့ဝိုင်းကာထားပါ ”

“ သူရပ်သွားပြီ ”

“ တင်နီဆန် ခင်ဗျား ဘယ်ရောက်နေသလဲ။ ခင်ဗျား ဘယ်နေရာရောက်တယ်ဆိုတာ ပြောပါ ”

“ အကွက်နံပါတ် ကိုးနဲ့တစ်ဆယ်ကြားမှာပဲ ရှိနေပါသေးတယ် ခင်ဗျား” ဟု ကြားသံတစ်ခု ဝင်ဖြေသည်။

“ သူ့ကိုယ်ပေါ်မှာ ဂျာကင်အင်္ကျီမရှိတော့ဘူး။ ချွတ်ပစ်လိုက်ပြီ။ ဒါပေမယ့် သူပဲ။ ဒီတစ်ယောက်တည်းပဲ။ ကမ်းနားလမ်းကို ဖြတ်ပြေးနေပြီ”

“ ဘယ်ဘက်ကို ပြေးတာလဲ ”

“ အကွက်နံပါတ်ရှစ်မှာ လမ်းဖြတ်ပြေးတဲ့လူတစ်ယောက်မှ မရှိပါဘူး”

“ အကွက်နံပါတ်ကိုးမှာရော ”

“ ကိုးမှာလဲ တစ်ယောက်မှမရှိပါဘူး ခင်ဗျာ ”

“ နောက်ပိုင်း အတော်ဝေးဝေးကိုရောက်အောင် ပြေးသွားပြီ။ မော်တော်ယာဉ်တန်းရဲ့ နောက်ပိုင်းကိုရောက်အောင် ပြေးသွားပြီ ” ဟု



www.burmeseclassic.com

www.burmeseclassic.com



တင်နီဆန်က ပြောသည်။

“ အကွက်နံပါတ်ငါးက သတင်းပို့ပါတယ်။ ပုလိပ်တွေက လူအုပ်ကို ဖွင့်ပေးလိုက်ပါတယ် ”

“ မဖွင့်စေနဲ့. . ပြန်ပိတ်ထား. . လမ်းပေါ်မှာ အပြင်လူတစ်ယောက်မှ မရှိစေနဲ့။ တင်နီဆန်. . သူဘာဝတ်ထားသလဲ. . သူ့ပုံသဏ္ဌာန်ကို ပြောပါ ”

တင်နီဆန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ တိတ်နေသည်။ ပန်းခြံကိုဖြတ်ပြီး ကိုက်နှစ်ဆယ်မျှအဝေးသို့ သုတ်သုတ်လျှောက်သွားသည်။

အချိန်ကျပြီ။

စကားပြောခွက်ကို ပါးစပ်နားသို့ ကပ်လိုက်သည်။

“ အညိုရောင်မိုးကာဝတ်ထားတယ်။ ထရာဖာလ်ဂါပန်းခြံဘက်ကို ပြန်လျှောက်လာနေတယ် ”

“ အကွက်နံပါတ်ရှစ်က သတင်းပို့နေပါတယ် . . . ”

တင်နီဆန်က သူ၏စကားပြောစက်ကို ခလုတ်ပိတ်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ခြံစည်းရိုးဆီသို့ ပြန်ပြေးသွားသည်။ မော်တော်ယာဉ်တန်းသည် သူရှိနေသည့်နေရာနှင့် ကိုက်လေးရာမျှသာ ကွာဝေးတော့သည်။

အချိန်ကအလွန် တိကျလေသည်။

တီနာမောတို့ စီစဉ်လိုက်ပြီဆိုလျှင် ယခုလိုပင် အမြဲတမ်း အချိန် တိကျစမြဲ ဖြစ်လေသည်။

\+ \+ \+

အညိုရောင်မိုးကာဝတ်ထားသောလူသည် အစိုးရအဆောက်အအုံတွင်းရှိ အခန်းတစ်ခန်းထဲမှာ နေရာယူထားသည်။

သူ့လက်ထဲမှာ စုံထောက်အရာရှိကတ်ပြားအတု တစ်ခုရှိသည်။ အစစ်အဆေးတစ်ခုပေါ်လာလျှင် ထိုကတ်ပြားအတုကို ထုပ်ပြရုံဖြစ်သည်။

နောက်တစ်ကြောင်းကလည်း သူနေရာယူထားသည့်အခန်းသည် ပစ်မှတ်နှင့်အတန်ငယ် အလှမ်းဝေးလေရာ စုံထောက်အရာရှိများက ထိုအခန်းကို သိပ်ပြီး အာရုံမစိုက်ဖြစ်ကြချေ။

သို့သော် တီနာမောကိုယ်တိုင် ကောင်းစွာလေ့ကျင့်ပေးထားသူတစ်ယောက်အဖို့ ပစ်မှတ်နှင့်ကွာဝေးခြင်းသည် မည်သို့မှ အရေးကြီးသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မပဟုတ်ချေ။

\+ + +

တင်နီဆန်သည် ခြံစည်းရိုးကိုကျော်တက်ပြီး အစိုးရအဆောက်အအုံရှိရာသို့ ထောင့်ဖြတ်ပြေးသည်။

လမ်းခုလတ်မှာတွေ့ရသော ပုလိပ်နှစ်ယောက်က နံပါတ်တုတ်များ မြှောက်ရွယ်ပြီး သူ့ကို ဖမ်းတားထားသည်။

တင်နီဆန်က သက်သေခံကတ်ပြားကို ထုတ်ပြရင်း ပြန်အော်သည်။

" အရေးပေါ်ကိစ္စကွ . . . မင်းတို့ နားမလည်ဘူးလား။ အစိုးရအဆောက်အအုံထဲကို ငါ အမြန်ဆုံးရောက်မှဖြစ်မယ် "

ပုလိပ်နှစ်ယောက် နောက်တွန့်သွားသည်။

အဆောက်အအုံတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်တည်း တင်နီဆန်က စကားပြောစက်ခလုတ်ကိုထုတ်ပြီး ခလုတ်ဖွင့်သည်။

" မော်တော်ယာဉ်တန်းကို ချက်ချင်းရပ်ခိုင်းလိုက်ပါ။ သူသစ်ပင်တွေကြားထဲကို ရောက်သွားပြီ။ သစ်ပင်တွေပေါ်ကို တက်လိမ့်မယ် ထင်တယ် "

" တင်နီဆန်. . ခင်ဗျား ဘယ်ရောက်နေသလဲ ပြောပါ "

" အကွက်နံပါတ် ဆယ့်နှစ်က သတင်းပို့နေပါတယ်။ သူအကွက်ဆယ့်နှစ်ထဲကို ရောက်နေပါတယ်။ အရှေ့ဘက်ခြမ်း . . . "

" သူ့ညွှန်ကြားချက်ကိုဆက် သတင်းပို့ပါ။ မြန်မြန်လုပ်. . . ဒုက္ခပါပဲ။ မြန်မြန်လုပ် "

တင်နီဆန်က စကားပြောခလုတ်ပိတ်ပြီး အိတ်ထဲသို့ထည့်သည်။ ပြီးတော့ လူအုပ်ကြားထဲသို့ တိုးဝင်သွားလေသည်။ အစိုးရအဆောက်အအုံအတွင်းသို့ ဝင်သောအခါ အစောင့်နှစ်ယောက်က သူ့ကို ဆီးတားသည်။ ကတ်ပြားကို ထုတ်ပြရပြန်သည်။

" အိုး. . ဟုတ်ပါပြီခင်ဗျာ. . ဒုတိယထပ်မှာ ဆရာတို့အဖွဲ့ရှိနေပါတယ်။ ဘယ်အခန်းဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး "

" ကျုပ်သိတယ် "

တင်နီဆန်က ပြောပြောဆိုဆို လှေကားဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။ အပြင်ပန်းခြံဘက်မှ လူအုပ်ကြီး၏ ဝမ်းသာအားရ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



သံများ ဝေါကနဲပေါ်ထွက်လာသည်။

လှေကားထစ်များကို သုံးထစ်ကျော်ခုန်တက်လာသည်။ ထိုသို့ တက်လာရင်းလည်း ချိုင်းအောက်မှာ ချိတ်ထားသော ပစ္စတိုသေနတ်ကို ထုတ်ယူပြီး ခါးမှာ အသင့်ပြောင်းထိုးသည်။

သူ ရောက်လိုသည့် အခန်း၀သို့ရောက်ပြီ။ အခန်းတံခါးကို သော့ခတ်ထားသည်မှာ သေချာသည်။ အသံမပေးဘဲ ဖျက်ဝင်လျှင် အတွင်းမှ ကျည်ဆန်က ဆီးကြိုနှုတ်ဆက်မည်။ ထို့ကြောင့် တင်နီဆန်က အသံပေးလိုက်သည်။

" ဗွန်တိုင်းဘို့လ်တ်ပါ. . . "

" ဝင်ခဲ့ပါ "

တင်နီဆန်က တံခါးရွက်ကို ကိုယ်လုံးနှင့် စောင်းတိုက်ပစ်လိုက်သည်။ သော့ပြုတ်ပြီး ပွင့်သွားသည်။

အညိုရောင်မိုးကာနှင့်လူသည် ပြတင်းပေါက်နားမှာ အသင့်နေရာယူထားပြီး အပြင်ဘက်သို့ တယ်လီစကုပ် တပ်ဆင်ထားသော ရိုင်ဖယ်သေနတ်နှင့် ချိန်ထားသည်။ လက်နှစ်ဖက်ကို လက်အိတ်များ စွပ်ထားသည်။

" သူတို့အားလုံးကို တွေ့သွားပြီ။ လက်နက်အားလုံးကို တွေ့သွားပြီ။ ၀ှက်ထားတဲ့နေရာတိုင်းကို တွေ့သွားပြီ "

တင်နီဆန်က အညိုရောင်မိုးကာနှင့်လူကို လှမ်းပြောသည်။

" မဖြစ်နိုင်ဘူး။ တစ်ခုနှစ်ခုလောက် တွေ့သွားတယ်ဆိုရင် ဖြစ်နိုင်တယ်။ အကုန်လုံးတွေ့တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး " ဟု မိုးကာနှင့်လူက ပြန်ပြောသည်။

" တစ်ခုမကျန် အားလုံးတွေ့သွားပြီ "

တင်နီဆန်က ပြောပြောဆိုဆို မိုးကာနှင့်လူ၏ ဘေးမှာ ဒူးထောက်ထိုင်ချပြီး လမ်းပေါ်သို့ ငုံ့ကြည့်သည်။ ရှေ့ပြေးလုံခြုံရေး မော်တော်ကား ဖြတ်မောင်းသွားသည်ကို တွေ့ရသည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ကိုယ်စားလှယ်တော်များ၏ မော်တော်ကားများ ရောက်ရှိလာပေတော့မည်။

လမ်းဘေးနှစ်ဘက်တွင် ဆီးကြိုနေကြသော ပရိသတ်၏အော်ဟစ်နှုတ်ဆက်ကြသည့် အသံများ လွင့်တက်လာသည်။

" မင်း ရိုင်ဖယ်ပေးစမ်း. . တယ်လီနဲ့ သေသေချာချာ ချိန်ကိုက်ထားပြီးသားလား "



www.burmeseclassic.com

www.burmeseclassic.com



တင်နီဆန်က အညိုရောင်မိုးကာနှင့်လူထံမှ သေနတ်ကို လှမ်းတောင်းသည်။

" အားလုံး ချိန်ပြီးသားပါ "

မိုးကာနှင့်လူက သေနတ်ကို ကမ်းပေးသည်။

တင်နီဆန်က သေနတ်ကို ပြတင်းပေါက်ဘောင်ပေါ်မှာ တင်သည်။ တယ်လီစကုပ်မှတဆင့် ပစ်မှတ်ကို ချိန်သည်။

ပထမဆုံးမော်တော်ယာဉ်သည် သူ၏ပစ်ကွင်းထဲမှာ ပေါ်လာသည်။ ဗြိတိသျှနိုင်ငံဝန်ကြီးချုပ်က လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ပရိသတ်ကို လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်နေသည်။

သူပစ်မည်ဆိုလျှင် စိတ်တိုင်းကျပစ်ခတ်နိုင်ပေသည်။ သို့သော် သူမပစ်။

ဒုတိယမော်တော်ကားဝင်လာသည်။ အမေရိကန်သမ္မတ၏မျက်နှာပြုံးပြုံးကြီးပေါ်လာသည်။

သူစိတ်တိုင်းကျ ပစ်ခတ်နိုင်ပါသည်။ သို့သော် မပစ်။

အရှေ့အုပ်စုမှ နိုင်ငံအကြီးအကဲ၏မျက်နှာ ပေါ်လာသည်။

" ခင်ဗျား ဘာကိုစောင့်နေတာလဲ. . . ပစ်တော့လေဗျာ "

မိုးကာနှင့်လူက စိတ်မရှည်နိုင်သလို ပြောသည်။

တင်နီဆန်က သူ၏ဆုံးဖြတ်ချက်ကို ပြင်လိုက်သည်။

ယခုအချိန်တွင် သူလုပ်ကြံလိုပါသည်ဆိုလျှင် ခေါင်းဆောင်အားလုံးနီးပါးလောက်ကို အလွယ်တကူ လုပ်ကြံနိုင်ပေသည်။

သို့သော် ခေါင်းဆောင်များကို လုပ်ကြံခြင်းသည် သူ၏လောလောဆယ် လုပ်ငန်းမဟုတ်သေး။ ထိုထက် ပိုအရေးကြီးသည့်လုပ်ငန်းကို ဆောင်ရွက်ရဦးမည်။

အရေးကြီးသည်မှာ နာခရိုက်တင်းဒိုက်များကို ဖော်ထုတ်ရန်ဖြစ်သည်။ ဝံပုလွေပင်မှိုညာဉ်ခံကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

ဝံပုလွေပင်မှိုညာဉ်ခံကို အကောင်အထည်ဖော်ရန်အတွက် တီနာမောကို ဖော်ထုတ်ပေးရမည်။ တီနာမောကို ဖော်ထုတ်ပေးမှ သူ့အပေါ် သင်္ကာမကင်းဖြစ်နေသည်များ ပြေလည်သွားမည်။ ရှင်းလင်းသွားမည်။

သူနှင့်ရာဇဝတ်မှုများ ကင်းရှင်းသွားမှ ဂျီနီဗာဘဏ်တိုက်မှာရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ သန်းပေါင်း ၇၈၀ ကို အောင်မြင်စွာ ထုတ်ယူနိုင်ပေမည်။

မော်တော်ယာဉ်တန်းကြီး ရပ်သွားသည်။ သူ ညွှန်ကြားခဲ့သည့်အတိုင်း ပေတန်ဂျုံးက ထပ်ဆင့်အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ စုံထောက်အားလုံးလိုလို သေနတ်ကိုယ်စီ ကိုင်ထားကြပြီး မော်တော်ယာဉ်တန်း၏ နောက်ဘက်မှရှိသော သစ်ပင်များပေါ်သို့ မော့ကြည့်နေကြသည်။

တင်နီဆန်က ပခုံးမှာထောင်ထားသည့် ရိုင်ဖယ်သေနတ်ကို ဘေးသို့ ဖယ်ပစ်လိုက်လေသည်။

" ဘယ်လိုလဲ. . . အခုအချိန်လုပ်မှပေါ့ဗျ။ ဒီအခွင့်အရေးကြီးကို ခင်ဗျား လက်လွှတ်သွားတော့မယ် "

မိုးကာနှင့်လူက စိတ်မရှည်နိုင်သလို ပြောပြန်သည်။

" ဟုတ်တယ်. . . အခုအချိန်မှာ လုပ်မှဖြစ်မယ်. . . ငါ့အနေနဲ့ ဘာ အခွင့်အရေးမှ ဆုံးရှုံးစရာ မရှိပါဘူးကွာ "

ခါးကြားထဲမှ သေနတ်ကို တင်နီဆန်က ထုတ်ယူသည်။ ပြီးတော့ သေနတ်မြည်သံဟိန်းသွားသည်။

မိုးကာနှင့်လူသည် တစ်ဘက်သို့ လည်ကျသွားသည်။ သူ့မျက်နှာ ပေါ်မှ အံသြသည့်အမူအရာ၊ နားမလည်သည့် အမူအရာကလေးသည် ပျောက် ပျက်မသွားဘဲ သည်အတိုင်း ကျန်ရှိနေလေသည်။

ပစ္စတိုသေနတ် မြည်ဟည်းသွားသည်မှာ မှန်သော်လည်း အပြင်ဘက် တွင် ထောင်မက သောင်းမကသော လူအုပ်ကြီးက ကျွတ်ကျွတ်ညံ့နေကြသော ကြောင့် သေနတ်သံကို မည်သူမှ မကြားလိုက်ကြရပေ။

တင်နီဆန်က ရိုင်ဖယ်သေနတ်ပေါ်ရှိ သူ၏လက်ဗွေများကို သေသေ ချာချာ ဂရုတစိုက်သုတ်ပစ်သည်။ မိုးကာနှင့်လူ၏ လက်ထဲသို့ ပြန်ထည့်သည်။ သေနတ်ပြောင်းကို ပြတင်းပေါက်ဘောင်ပေါ်မှာ ပြန်တင်သည်။ ထိုသူ၏လက် နှစ်ဘက်ရှိ လက်အိတ်များကို ဆွဲချွတ်လိုက်သည်။ နှင်းဆီပန်းပွင့်ပုံ ဆေးမင် ကြောင်ထိုးထားသည့်လက် ထင်ရှားစွာ ပေါ်လွင်လာသည်။

အချိန်ကျလေပြီ။

တင်နီဆန်က အိတ်ထဲမှ လမ်းလျှောက်စကားပြောစက်ကို ထုတ်ယူ သည်။ ပြတင်းပေါက်ကိုကျော်ပြီး အပြင်သို့ တစ်ချက်ကြည့်လိုက်သေးသည်။

" သူ့ကို ကျွန်တော် တွေ့ထားပြီလို့ထင်တယ်။ မက်ဒရစ်မြို့မှာတုန်း



www.burmeseclassic.com

www.burmeseclassic.com



က အတိုင်းပဲ။ ဟုတ်တယ်။ မက်ဒရစ်မြို့မှာတုန်းက အတိုင်းပဲ ”

“ မက်ဒရစ် . . . တင်နီဆန် . . . ခင်ဗျား ဘယ်မှာလဲ ”

“ အကွက်နံပါတ် ဆယ့်သုံးထဲမှာပါခင်ဗျာ။ အရှေ့ဘက်ခြမ်းမှာရှိပါတယ် ” ဟု ကြားသံတစ်ခုက ဖြတ်ဝင်ပြောသည်။

“ မက်ဒရစ် . . . မက်ဒရစ်ဆိုတာ ဘာလဲ ”

တင်နီဆန်က ပြတင်းပေါက်နားမှပြန်ခွာခဲ့သည်။ အချိန်က စက္ကန့်ပိုင်းကလေးသာရတော့သည်။ ထိုစက္ကန့်ပိုင်းအချိန်ကလေးအတွင်းမှာ အားလုံး တိကျသေချာအောင် ဆောင်ရွက်တော့မည်။

တင်နီဆန်က စကားပြောစက်ကိုဖွင့်လျက်သား ကြမ်းပြင်ပေါ်သို့ချသည်။ မိုးကာနှင့်လူ၏ လက်ညှိုးကိုယူကာ ရိုင်ဖယ်သေနတ်မောင်းပေါ်သို့ တင်သည်။ စကားပြောစက်မှ စိတ်လှုပ်ရှားစွာ အော်ဟစ်နေသံများ ပေါ်ထွက်နေသည်။

“ အကွက်နံပါတ်ဆယ့်သုံး . . အရှေ့ဘက်ခြမ်း . . . ”

“ တာဝန်ကျသူအားလုံး အကွက်နံပါတ်ဆယ့်သုံးကို ဝိုင်းပါ။ လူဖြန့်ပြီး ဝိုင်းပါ ”

“ အားလုံး ဖြန့်ထားပြီးပါပြီခင်ဗျာ. . . အကွက်နံပါတ်. . . ”

“ မက်ဒရစ် . . . အစိုးရအဆောက်အအုံ . . . ဟုတ်ပြီ . . . အစိုးရအဆောက်အအုံကို ပြောတာပဲ ”

သည်အချိန်ကလေးသည် တင်နီဆန် လိုချင်သောအချိန် အတိအကျဖြစ်ပါသည်။

မိုးကာနှင့်လူ၏လက်ညှိုးနှင့် ရိုက်ဖယ်သေနတ်မောင်းကို ဖိညှစ်လိုက်သည်။ သေနစ်ကျည်ဆန်က ပြတင်းပေါက်ကိုကျော်ပြီး အပြင်သို့ ထွက်သွားသည်။ လေးချက်တိတိ ဆက်ဆွဲလိုက်သည်။

အပြင်မှာ ဆူညံနေသော လူအုပ်ကြီး ဖရိုဖရဲ ဖြစ်သွားသည်။ မော်တော်ယာဉ်တန်းက တရကြမ်း မောင်းပြေးသွားသည်။ လမ်းပေါ်တွင် လဲသူလဲ ပြိုသူပြို ဖြစ်ကုန်သည်။

တင်နီဆန်က သူ၏လက်ထဲမှာရှိနေသော ပစ္စတိုနှင့်အသက်ပျောက်နေသည့် မိုးကာနှင့်လူကို ချိန်သည်။ ရှိသမျှ ကျည်ဆန်အကုန်ပစ်ထုတ်လိုက်သည်။ ခလုတ်ဖွင့်ထားသော စကားပြောစက်အတွင်းသို့ သူ၏ပစ္စတိုသေနတ်



www.burmeseclassic.com

www.burmeseclassic.com



သံများ ဝင်သွားသည်မှာ သေချာသည်။

သူတို့ရှိနေသည့် အခန်းဆီသို့ ပြေးလာသောခြေသံများကို ကြားလာရသည်။

တင်နီဆန်က နံရံနားမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အလွန်တရာ နွမ်းနယ်သွားသည့်ပုံစံမျိုး။ မလုပ်ဖူးသည့် အလုပ်ကြီးတစ်ခုကို စွန့်စွန့်စားစားလုပ်လိုက်ရသည့်ပုံမျိုး။

သူ၏ဆောင်ရွက်မှုကြီး။ တစ်နည်းဆိုရလျှင် သူ၏အကောင်အထည်ဖော်မှုကြီး ဆုံးခန်းတိုင် ရောက်သွားပါပြီ။

တီနာမောကို အသေဖမ်းမိလိုက်လေပြီ။

တီနာမော အစစ်ကိုယ်တိုင်က ဖမ်းဆီးပေးလိုက်ခြင်း ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၃ )

တီနာမောဟု ယူဆရသည့် အမျိုးအမည်မသိ လူတစ်ယောက်ကို အသေဖမ်းဆီးရမိပြီးနောက် နှစ်ဆယ့်ခုနစ်နာရီကြာမြင့်သောအခါ ဂွန်တင်နီဆန်နှင့် ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိ ပေတန်ဂျုံးတို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြသည်။

တီနာမောကို အသေဖမ်းဆီးရမိသည့်သတင်း ဂါဒီယန်သတင်းစာမှာ အစောဆုံးပါလာသည်။ ဂါဒီယန်သတင်းစာထွက်ပြီးသည်နှင့် တစ်ပြိုင်တည်း ထိုသတင်းအမှန်ဖြစ်ကြောင်း ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ် အိမ်တော်မှ အတည်ပြုချက် ထုတ်ပြန်ပေးသည်။

သို့သော်လည်း တီနာမောကို ဖမ်းမိအောင် သတင်းပေးသည့်ဌာနနှင့် လူပုဂ္ဂိုလ်ကိုကား ထုတ်ဖော်ပြောဆိုခြင်းမရှိချေ။

ပေတန်ဂျုံးက အိတ်ထဲမှစာအိတ်နှစ်လုံးထုတ်ပြီး တင်နီဆန်ကို လှမ်းပေးသည်။

“ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ခင်ဗျား ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ။ ခင်ဗျားရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ တီနာမောကို ဖော်ထုတ်ပေးမှုဟာ အင်မတန်ကြီးမားတဲ့ အကူအညီကြီးပါပဲ။ တကယ်တမ်း ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဒီကျေးဇူးတွေကို ငွေကြေးနဲ့တောင် ဆပ်လို့မကုန်နိုင်ပါဘူး ” ဟု ပေတန်ဂျုံးကပြောသည်။

“ ကျွန်တော် ငွေကြေးမလိုချင်ပါဘူး ခင်ဗျာ။ တီနာမောကို အပြတ်ရှင်းလိုက်နိုင်ပြီဆိုရင် ကျေနပ်လှပါပြီ။ နောက်ပြီးတော့ ကျွန်တော်လိုချင်တဲ့ နာခရိုက်တင်းဒိုက်တွေရဲ့ နာမည်စာရင်းရရင် တော်ပါပြီ ”

“ ခင်ဗျား လိုချင်တဲ့စာရင်းတွေ အဲဒီစာအိတ်ထဲမှာ အစုံပါတယ်”

“ တီနာမောစစ်ဆင်ရေးမှာ ကျွန်တော် မပါဝင်ကြောင်းလဲ သေချာအောင် လုပ်ထားပြီးပြီ မဟုတ်ပါလား။ ကျွန်တော့်နာမည်ကို ဖယ်ထုတ်လိုက်ပါပြီနော် ”

တင်နီဆန်က ပေတန်ဂျုံးကို တည့်တည့်ပြန်စိုက်ကြည့်ပြီး မေးသည်။

“ စိတ်ချပါ။ တစ်စွန်းတစ်စကလေးတောင် မပေါ်စေရပါဘူး။ အားလုံး ကျွန်တော်ကိုယ်တိုင် စီစဉ်ထားတာပါ ”

“စစ်ဆင်ရေးလုပ်နေတဲ့ အချိန်တုန်းက လမ်းလျှောက်စကားပြောစက်ကနေ ကျွန်တော့်နာမည်ခေါ်ပြောနေတာတွေကရော သဲလွန်စ ဖြစ်မသွားနိုင်ဘူးလား ”

“ ထိပ်တန်း လျှို့ဝှက်အက်ဥပဒေအရ ဒီအကြောင်းကို ဘယ်သူကမှ ထုတ်ဖော်ပြောခွင့်မရှိပါဘူး။ နောက်တစ်ကြောင်းကလဲ ကျွန်တော်တို့ စုံထောက်အဖွဲ့ထဲမှာ ‘တင်နီဆန်’ဆိုတဲ့ လူတွေ တစ်ဒါဇင်လောက်ရှိနေတာပါ။ ဒါကြောင့် အခု စစ်ဆင်ရေးမှာ အဲဒီ တင်နီဆန်တွေထဲက တစ်ယောက်ဖြစ်နိုင်တာပဲ။ ခင်ဗျားပဲဆိုတာ ဘယ်သူ သိနိုင်မှာလဲ ”

“ ဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းကြီးအဆုံးသတ်သွားပြီလို့ ဆိုရတော့မှာပေါ့နော် ” ဟု တင်နီဆန်က ပြောသည်။

“ ကျွန်တော်လဲဒီလိုပဲ ထင်ပါတယ်။ အခု ခင်ဗျား ဘာလုပ်မလဲ ”

ပေတန်ဂျုံးက တင်နီဆန်ကို ပြန်မေးသည်။

“ ကျွန်တော့်အလုပ် ကျွန်တော်ပြန်လုပ်ရမှာပေါ့ ခင်ဗျာ။ ကျွန်တော်ဟာ သတင်းစာဆရာပဲ။ တစ်ပတ်နှစ်ပတ်လောက်တော့ ခွင့်ယူမယ် စိတ်ကူးတယ်။ ကျွန်တော့်အစ်မဆုံးသွားတာလဲ ပူပူနွေးနွေးကလေးပဲ ရှိသေးတယ် မဟုတ်လား။ ဒါကြောင့် ဆွစ်ဇာလန်နိုင်ငံမှာသွားပြီး အနားယူမလားလို့ဗျာ. . . ရေခဲပြင်လျှောစီးရင်းပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းပါတယ်။ အခုအချိန်ဟာ ရေခဲပြင် လျှောစီးတဲ့ရာသီပဲ "

" အခုအချိန်ကစပြီး ကျွန်တော့်နောက်ကို ခင်ဗျားတို့စုံထောက်တွေ နောက်ယောင်ခံလိုက်နေဖို့ မလိုတော့ဘူးလို့လဲ ကျွန်တော် ထင်ပါတယ် " ဟု ပြောရင်း တင်နီဆန်က ပေတန်ဂျုံးကို မသိမသာ အကဲခတ်သည်။

" မလိုတော့ပါဘူးဗျာ။ ခင်ဗျားကိုယ်တိုင် မေတ္တာရပ်ခံမှပဲ ကျွန်တော့် လူတွေက ခင်ဗျားနောက်ကို လိုက်ကြတော့မှာပါ "

" ဘယ်လိုဗျ. . . ဘယ်လို မေတ္တာရပ်ခံမှာလဲ "

" ခင်ဗျားတို့ကို အကာအကွယ်ပေးဖို့ မေတ္တာရပ်ခံရတာကိုပြောတာ ပါ။ အဲဒီလိုအခါမျိုးမှာသာ ခင်ဗျားတို့ကို အကာအကွယ်ပေးဖို့ ကျွန်တော်တို့ လူတွေကို လွှတ်ပါတော့မယ်။ တီနာမောလဲ ဇာတ်သိမ်းသွားပြီ မဟုတ်လား။ တီနာမောကတော့ တကယ့်ကို ကြေးစားလူသတ်သမားပါပဲဗျာ။ အခုကိစ္စမှာလဲ သူ့ကို ဒေါ်လာသန်းပေါင်းများစွာ ပုံပေးတာပဲ "

" နာခရိုက်တင်းဒိုက်တွေရဲ့ လက်ထဲမှာ ဒါလောက်များများ ငွေတွေရှိ နေတယ်ဆိုတာတော့ အတော်အံ့သြစရာကောင်းတာပဲ။ အံ့သြစရာကောင်းတာ ထက် တုန်လှုပ်စရာကောင်းတယ်ဆိုရင် ပိုမှန်မယ်ထင်တယ် "

" အဲဒီလောက်များပြားတဲ့ငွေတွေကို သူတို့ ဘယ်လိုအသုံးချနေတယ်။ ဘာအတွက်အသုံးချနေတယ်ဆိုတာ သိရရင် ပိုပြီး တုန်လှုပ်ချောက်ချားစရာ ကောင်းဦးမယ် " ဟု ပေတန်ဂျုံးက ပြန်ပြောသည်။

" အေးဗျာ. . . ဒီလူဟာ ကိုယ်ပိုင်ရန်ငြိုးတစ်ခုခုအတွက် လက်စားချေ နေတဲ့လူတော့ မဟုတ်ဘူး။ ကြေးစားသက်သက်ပဲ။ သူနဲ့ပတ်သက်လို့ ဘာတွေ များ ထွေထွေထူးထူး ထပ်သိရသေးသလဲ "

" ဘာတစ်ခုမှ မသိရဘူးလို့ ပြောရတော့မှာပဲ။ သူ့ကိုယ်ပေါ်မှာ ဘာအထောက်အထားမှ မတွေ့ရဘူး။ ဘာစာရွက်စာတမ်းမှ မတွေ့ရဘူး။ ဘယ်နိုင်ငံသားမှန်း မသိဘူး။ ဘာလူမျိုးမှန်း မသိဘူး။ ကျွန်တော်တို့ ဓာတ်ခွဲ ခန်းတွေကတော့ အပြင်းအထန် စစ်ဆေးနေကြပါတယ်။ သူ့လက်ဗွေတွေကိုလဲ နိုင်ငံတကာမှာ ဖြန့်ရှာကြည့်တယ်။ ဘယ်မှာမှ မတွေ့ရဘူး။ သူဝတ်ထားတဲ့ မိုးကာအင်္ကျီနဲ့သဲလွန်စရှာကြည့်သေးတယ်။ ဆိုင်ကိုသွားမေးတော့ အော်ဒါပေး တာမဟုတ်ဘူး။ ချုပ်ပြီးသားကို ဝယ်သွားတာတဲ့။ အဝတ်အစားတွေအားလုံးမှာ လဲ ပင်းမင်းအမှတ်မတွေ့ရဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့် သူဟာ နိုင်ငံပေါင်းစုံကို မနားမနေသွားနေတာပဲ။ နိုင်ငံကူးလက်မှတ်တို့ သက်သေခံ အထောက်အထားတို့တော့ ရှိရမှာပေါ့ "

" အဲဒါတွေကိုလဲ ဘယ်လိုသဲလွန်စရှာရမှန်း မသိတော့ဘူး။ ခြေရာကောက်လို့ မရတော့ဘူးဗျာ။ အခုအချိန်အထိတော့ လမ်းစပျောက်နေတုန်းပဲ"

" ဒီလိုဆိုရင် သူဟာ တီနာမောအစစ် မဟုတ်တာလဲ ဖြစ်နိုင်တာပေါ့။ သူ့လက်မှာ ဆေးမင်ကြောင်ထိုးထားတဲ့ နှင်းဆီပန်းပွင့်ပဲ တွေ့ရတာပေါ့"

" သေချာတာ တစ်ခုတော့ရှိတယ်ဗျ။ မနက်ဖြန်ရေးမယ့် ခင်ဗျားသတင်းထဲမှာ ထည့်ရေးချင်တယ်ဆိုရင် ရေးနိုင်ပါတယ်။ အလျှင်လုပ်ကြံမှုတွေမှာ တီနာမော အသုံးပြုခဲ့တဲ့ သေနတ်အမျိုးအစားနဲ့ အခုဖမ်းမိတဲ့သေနတ်အမျိုးအစားဟာ ထပ်တူထပ်မျှ ဖြစ်နေတယ် "

ထိုစကားကြောင့် တင်နီဆန်က ခေါင်းတညိတ်ညိတ်လုပ်နေသည်။

" ဒါလောက်ဆိုရင် ကျေနပ်စရာအကြောင်းကလေးတစ်ခုပေါ်လာသေးတယ်လို့ ဆိုရတော့မှာပေါ့ဗျာ "

" ဟုတ်တယ်။ ဒါလောက်နဲ့ပဲ ကျေနပ်ရတော့မှာပဲ။ ဒါထက် ခင်ဗျားရဲ့ ကိစ္စကရော "

ပေတန်ဂျုံးက စောစောက သူထုတ်ပေးသည့် စာအိတ်နှစ်လုံးကို မေးငေါ့ပြပြီး မေးသည်။

" ဘာကိုလဲ. . . "

" နာခရိုက်တင်းဒိုက်လေ. . ဒီပြဿနာကို ခင်ဗျားသယ်လာတာပဲ။ အခုတော့ ဒါဟာ အတည်ဖြစ်သွားပြီ။ ဒါကြောင့် နာခရိုက်တင်းဒိုက် အကြောင်းကို ခင်ဗျားသတင်းထဲမှာ ထည့်ရေးချင်တယ်ဆိုရင်လဲ ခင်ဗျားမှာ ရေးခွင့်ရှိနေပြီ"

" ဒါပေမယ့် ခင်ဗျားကတော့ မရေးစေချင်ဘူး မဟုတ်လား "

" ကျွန်တော်တို့မှာ တားပိုင်ခွင့် မရှိပါဘူးဗျာ "

" ခင်ဗျား စကားအတိုင်းပဲ ပြောရမယ်ဆိုရင် ခင်ဗျား အထက်ကိုတင်မယ့် အစီရင်ခံစာထဲမှာ ကျွန်တော့်နာမည် မထည့်ဖို့လဲ ကျွန်တော့်မှာ တားပိုင်ခွင့်မရှိဘူး မဟုတ်လား။ ကျွန်တော်ကတော့ မပါစေချင်ဘူးလေ "

ပေတန်ဂျုံးက ရုတ်တရက် ပြန်မဖြေသေးဘဲ ချောင်းတစ်ချက်ဟန့်လိုက်သည်။

" ခင်ဗျားကို တစ်ခုတော့ပြောရဦးမယ် မစ္စတာ တင်နီဆန် . . .



www.burmeseclassic.com

www.burmeseclassic.com



အထက်ထင်တဲ့ အစီရင်ခံစာထဲမှာ ခင်ဗျားနာမည်ပါသွားရင်လဲ ခင်ဗျားအတွက် တစ်မျိုးတစ်ဖုံတော့ ကောင်းသွားတာ အမှန်ပဲ ”

“ ဟုတ်တော့လဲဟုတ်တာပဲလေ. . . ခင်ဗျားက ကျွန်တော့်နာမည် ထည့်မရေးရင်လဲ တခြားတစ်ယောက်ယောက်ကတော့ ကျွန်တော်ပါဝင်ကြောင်း တင်ပြလိုက်မှာပါပဲ ”

“ ဒီလိုတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဒီစစ်ဆင်ရေးထဲမှာ ခင်ဗျားပါ တယ်ဆိုတာရယ် . . . ခင်ဗျား အဓိကဖြစ်တယ်ဆိုတာရယ်ကို ကျွန်တော် တစ်ယောက်တည်း သိတာပဲ။ တခြားဘယ်သူမှ မသိဘူး ”

“ ဟုတ်လား. . . ဒါနဲ့ မေးပါရစေဦး။ နာခရိုက်တင်းဒိုက်ကို ဘာကြောင့် ခင်ဗျားက ဖုံးထားချင်တာလဲ ” ဟု တင်နီဆန်က ပြန်မေးသည်။

“ ကျွန်တော် အချိန်စောင့်ချင်လို့ပါ။ တစ်လနှစ်လလောက်ပေါ့ဗျာ။ ဘာမှန်းဘာမှန်းမသိဘဲနဲ့ အချိန်က သိပ်ကိုနီးကပ်လာတယ် ”

“ ဒီစာရင်းထဲမှာပါတဲ့ နာမည်တွေက အားကိုးလောက်တဲ့ အထောက် အထားတွေ ဖြစ်မယ်ထင်သလား ”

တင်နီဆန်က စားပွဲပေါ်ရှိ စာအိတ်များကို လက်ညှိုးထိုးပြပြီး မေး သည်။

“ တပ်အပ်တော့ မပြောနိုင်ဘူး။ ဒီအကြောင်းကို အခုမှ ကျွန်တော် စကိုင်တာ။ သူတို့အားလုံး အသက်ရှင်လျက်ရှိနေကြသေးသလားဆိုတာကို တောင် ကျွန်တော်တို့ သေသေချာချာ မသိဘူး။ စုံးစမ်းကြည့်ဖို့လဲ အချိန်မရ ခဲ့ဘူးလေ ”

“ တစ်ယောက်ယောက်တော့ အသက်ရှင်နေတယ်။ သိပ်ကို ချမ်းသာ ကြွယ်ဝပြီး ဩဇာတက္ကမလဲ သိပ်ကိုကြီးတဲ့ လူတစ်ယောက်တော့ အသက်ရှင် နေရမယ် ”

“ ဒါကတော့ ထင်ရှားနေပြီပဲ ”

“ ဒီအတိုင်းဆိုရင် အဲဒီလူက တီနာမောနေရာမှာ တခြားတစ်ယောက် ယောက်ကို အစားထိုးဦးမှာပေါ့ ”

“ ဒါလဲ ဖြစ်နိုင်တယ်။ ကျွန်တော် သေသေချာချာ လေ့ကျင့်ပေးထား တဲ့ တပည့်တစ်ယောက်ကို နာခရိုက်တင်းဒိုက်က သတ်ပစ်လိုက်တယ်လေ ”

“ဘယ်သူလဲ ”



www.burmeseclassic.com

www.burmeseclassic.com



“ ကျွန်တော့်လက်ထောက်ပါပဲ။ အင်မတန်တော်တဲ့ လူငယ်တစ်ယောက်ပါ။ နိုဝယ်ဟိုးလ်ခရော့ဖ်တ် နောက်ကို နောက်ယောင်ခံရင်း ပြင်သစ်နိုင်ငံထဲမှာ အသတ်ခံသွားရတာ ”

“ ဘယ်လိုဖြစ်တယ်လို့ ထင်သလဲ ”

“ ထင်တာမဟုတ်ဘူး။ ကျွန်တော် သိနေတယ်။ သူက တီနာမော နောက်ကို လိုက်နေတယ်။ နိုဝယ်က ခင်ဗျားကိုရှာနေတယ်။ အမွေကိစ္စလေးတစ်ခု အတွက် ခင်ဗျားနဲ့ အရေးတကြီး တွေ့ချင်နေတယ်လို့ နိုဝယ်က ပြော . . . ”

“ သိပ်ကို သေးငယ်တဲ့ အမွေကိစ္စကလေးပါ ဗျာ ”

တင်နီဆန်က ပေတန်ဂျုံး၏စကားမဆုံးမီ ဖြတ်ဝင်ပြောသည်။

“ ကျွန်တော့်လူက ကိုယ်ယောင်ဖျောက်ပြီး လိုက်နေတယ်။ သူ အဆက်အသွယ်ကောင်းတွေလဲ ရနေပြီ။ အားကိုးလောက်တဲ့ အခြေအနေတော့ မဟုတ်သေးဘူးပေါ့လေ။ တီနာမောအကြောင်း၊ နာခရိုက်တင်းဒိုက်အကြောင်း အတော်ကလေးတော့ ကွင်းဆက်မိနေပြီလို့လဲ ပြောနိုင်ပါတယ် ”

“ ဘယ်လို ကွင်းဆက်မျိုးလဲ ”

“ အဲဒီနာမည်စာရင်းထဲမှာ သူ့နာမည်ပါတယ်။ ပါရီမြို့နဲ့မလှမ်းမကမ်းမှာ နေတယ်လို့ဆိုတယ်။ ဘယ်နားမှာ နေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ မသိရသေးဘူး။ ဟစ်တလာလက်ထက်တုန်းက ထိပ်တန်းတာဝန်ကြီးတွေကို ထမ်းဆောင်ခဲ့တဲ့ပုဂ္ဂိုလ်ပဲ။ ဂျင်နရယ် ကလော့စ်ဖော်ကင်ဟိမ်းတဲ့။ ဒါက သာမန် သိရတာ။ ဒါပေမယ့် သူဟာ ဒီထက်ပိုအရေးကြီးနိုင်တယ်။ နာခရိုက်တင်းဒိုက်ရဲ့ လှုပ်ရှားမှုတွေအားလုံးကို သူကြိုးကိုင်နေတယ်လို့ ထင်ရတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ မူလ နာခရိုက်တင်းဒိုက်ခေါင်းဆောင်ပဲလေ။ သူ့ကို ဟာအိုးဘတ်စ်လို့လဲ ခေါ်ကြတယ် ”

တင်နီဆန်၏ကိုယ်လုံးသည် ကုလားထိုင်ပေါ်မှာ တောင့်သွားသည်။

“ ခင်ဗျားကို ကျွန်တော် ကတိပေးပါတယ်ဗျာ။ ကျွန်တော့်သတင်းထဲမှာ ဒီအကြောင်းတွေ ဘာတစ်ခုမှ ထည့်မရေးပါဘူး ”

\+ \+ \+

နိုဝယ်သည် ခုံတန်းပေါ်တွင် ရှေ့သို့ကိုင်းပြီးထိုင်နေသည်။ သူ့လက်ထဲမှာ သတင်းစာတစ်စောင် ကိုင်ထားသည်။ မျက်နှာဖုံးမှ ခေါင်းစဉ်စာလုံးက



www.burmeseclassic.com

www.burmeseclassic.com



တစ်မျက်နှာလုံး ပြည့်နေသည်။

## လန်ဒန်မြို့တွင် လူသတ်သမားကို ချောင်ပိတ်ပြီး အသေဖမ်းမိခြင်း

လန်ဒန်မြို့၌ တီနာမောကို ဖမ်းမိသည့်အကြောင်း သတင်းစာက စိတ်ဝင်စားဖွယ် စီကာပတ်ကုံး ရေးသားထားသည်။

ခက်ခက်ခဲခဲ ဖမ်းမိပုံများကိုသာမက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်အတွင်း တီနာမော ကျူးလွန်ခဲ့သည့် လုပ်ကြံမှုများကိုပါ ပြန်လည်ဖော်ပြထားသည်။

ကနေဒီ ညီအစ်ကို လုပ်ကြံခံရမှု၊ မာတင်လူသာကင်း လုပ်ကြံခံရမှု၊ အော့စ်ဝေါနှင့် ရှုဘီ လုပ်ကြံခံရမှု၊ မက်ဒရစ်မြို့၊ ဘေရွတ်မြို့၊ ပါရီမြို့၊ လစ္စဘွန်းမြို့ စသည် မြို့ပေါင်းစုံတွင် ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးလုပ်ကြံမှုများတွင် တီနာမော ပါဝင်ပတ်သက်ခဲ့သည့်အကြောင်းများကိုပါ အကျယ်တဝင့် ရေးသား ဖော်ပြထားလေသည်။

တီနာမောဟု ယူဆရသည့် လူသတ်သမား၏လက်တွင် နှင်းဆီပွင့် ဆေးမင်ကြောင် ထိုးထားကြောင်းပါ ပါရှိသည်။

" ဘုရားရေ . . မင်းအစ်ကို လုပ်လိုက်ပြီကိုး " ဟု နိုဝယ်က ရေရွတ်သည်။

" ဟုတ်တယ်။ သူ့နာမည်တော့ လုံးလုံးမပါဘူး။ ဒါဟာ ဂျိုဟန်းရဲ့ အကျင့်စရိုက်မျိုးတော့ မဟုတ်ဘူး။ ဒါလောက်ကြီးကျယ်တဲ့ သတင်းကြီးမှာ သူ ဘယ်လောက် အရေးကြီးတဲ့အခန်းက ပါနေတယ်ဆိုတာကို သာမန် အခြေအနေဆိုရင် သူ ဖော်ပြချင်မှာပဲ။ နာမည်ကောင်း လိုချင်မှာပဲ "

ဟယ်လ်ဒင်က နိုဝယ်ကို မော့ကြည့်ပြီးပြောသည်။

" သူ ပြောင်းလဲသွားပြီလို့ ကိုယ့်ကို မင်း ပြောခဲ့ဖူးတယ်လေ။ ဂျိနီဗာ ပြဿနာက သူ့ကို ပြောင်းလဲပစ်လိုက်တယ်လို့ မင်းပြောဖူးတယ်မဟုတ်လား။ ဒီစကားကို ကိုယ်လဲယုံတယ်။ ဂျီနီဗာကိစ္စမှာ တာဝန်ယူရမယ့် လူဟာ ရှုပ်ရှုပ်ထွေးထွေးနဲ့ အကင်းရှင်းဆုံး ဖြစ်ရမယ်။ ဘယ်လောက်ကင်းရှင်းသလဲဆိုတာ ဘဏ်ဒါရိုက်တာအဖွဲ့က ထောင့်စုံအောင် စစ်ဆေးမှာပဲ။ ဒါကြောင့် တီနာမောကို ဖမ်းမိအောင် ကြိုးစားတဲ့အထဲမှာ မင်းအစ်ကိုပါနေတယ်ဆိုရင် ဘဏ်ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေက ကျေနပ်မှာ မဟုတ်ဘူး။ ချေးများနိုင်တယ် ”

“ ဒါပေမယ့် မောင်တို့လုပ်ငန်းကို ဟန့်တားမယ့်လူ ရှိနေသေးတယ်လို့ မောင်နဲ့ဂျိုဟန်းက ကျွန်မကို ပြောခဲ့ဖူးတယ်လေ။ အဲဒီလူဟာ အိုဒက်ဇာတို့ ရာခါတို့ထက် တန်ခိုးကြီးတယ်ဆို။ မောင်တို့ ဝံပုလွေတွေထက်လဲ အစွမ်းထက်တယ်ဆို။ ဒါတွေကို ဘဏ်ဒါရိုက်တာတွေက ဘယ်လို သဘောထားမလဲ ”

“ ဒါကလဲ ကိုယ်တို့ပြောပြသလောက်သာ ဘဏ်ဒါရိုက်တာတွေက သိကြရတာပါ။ ကိုယ်တို့ကို နှောင့်ယှက်နေသူ ဘယ်သူလဲဆိုတာ မင်းအစ်ကိုနဲ့ ကိုယ်ကတော့ မပေါ်ပေါ်အောင် ဖော်ထုတ်ရတော့မှာပဲ ”

“ ဖော်ထုတ်နိုင်လိမ့်မယ်လို့ရော မောင်ထင်သလား ”

“ ဖြစ်နိုင်ပါတယ်လေ။ ဂျိုဟန်းကလဲ ဖြစ်မယ်လို့ထင်နေတယ်။ ဒီကိစ္စမျိုးတွေမှာ သူက ကိုယ့်ထက်ပိုပြီး အတွေ့အကြုံရင့်ကျက်တယ်။ ဒါကြောင့် ကိုယ်တို့ရန်သူအစစ်ကို တွေ့အောင်ရှာဖို့ပဲ အရေးကြီးနေတယ် ”

“ ရန်သူ အစစ်အမှန်ကို တွေ့ပြီဆိုရင် မောင်တို့ ဘာလုပ်ကြမလဲ”

“ ကိုယ် မသိဘူး။ ဘာလုပ်ရမယ်ဆိုတာ မင်းအစ်ကိုကတော့ ကိုယ့်ကို ပြောပြလိမ့်မယ်ထင်တာပဲ။ ကိုယ်သိတာတစ်ခုပဲရှိတယ်။ ကိုယ်တို့လုပ်ရမယ့် အလုပ်တွေကို အမြန်ဆုံး တက်သုတ်နှင်လုပ်ရတော့မယ်ဆိုတာ တစ်ခုပဲ။ ဘာကြောင့်လဲဆိုတော့ နယူးယောက်မှာရှိနေတဲ့ စုံထောက်အရာရှိ လက်ဖတင်နင်မိုင်းလ်စ်ကလဲ ကိုယ့်ကို အသေအလဲရှာနေတယ်။ ကနေဒီလေဆိပ်နဲ့ ပလာဇာဟိုတယ်က လူသတ်မှုတွေမှာ ကိုယ်က အဓိကသက်သေဖြစ်နေတယ်လို့ ဆိုတယ်။ အဲဒီအကြောင်းကြီးပေါ်မသွားခင် ဂျီနီဗာကိစ္စ မြန်မြန်ပြီးပြတ်အောင် လုပ်မှ။ ဒါမှမဟုတ်ရင် ဂျီနီဗာကိစ္စမှာ အနှောင့်အယှက် လာဖြစ်နိုင်တယ် ”

“မောင်နဲ့ ပတ်သက်တယ်ဆိုရင်လဲ ကျွန်မတို့မှာ တခြားနည်းလမ်း . . ”

“ အဲဒီနည်းလမ်းတွေကို ကိုယ်မလိုချင်တော့ဘူး။ ရုပ်ဖျက်ပြီး သေပြေးရှင်ပြေး ပြေးနေရတဲ့ဘဝမျိုးမှာ နေချင်တော့ဘူး။ မင်းကိုလဲ ကိုယ့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်စေချင်ပြီ။ ဒါပေမယ့် မင်းတို့ဘဝထဲမှာတော့ ကိုယ်မပါချင်ဘူး ”

နိုဝယ်က ဟယ်လ်ဒင်ကို စိုက်ကြည့်ရင်း စကားဖြတ်ပြောလိုက်လေသည်။

“ မောင့်မှာ တခြား ရွေးချယ်စရာနည်းလမ်းလဲ မရှိတော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ် ”

တယ်လီဖုန်း ခေါင်းလောင်းသံမြည်လာသည်။ သူတို့နှစ်ယောက်စလုံး လန့်သွားသည်။ နိုဝယ်က ကောက်ကိုင်သည်။

“ ကောင်းသော ညနေခင်းပါ မစ္စတာဖရက်စကာ ”

တစ်ဘက်မှ တင်နီဆန်ဆက်ခြင်း ဖြစ်သည်။

“ ခင်ဗျားဘက်က လွတ်လွတ်လပ်လပ် စကားပြောလို့ရသလား ” ဟု နိုဝယ်က ပြန်မေးသည်။

“ ဒီဘက်က ဖုန်းက ပြောလို့ရတယ်။ ခင်ဗျားဘက်က ဖုန်းကိုသာ စိတ်မချရတာ။ နည်းနည်းသတိထားပြီး ခပ်ထိန်းထိန်းပြောကြတာပေါ့လေ ”

“ သဘောပေါက်ပါပြီ။ ခင်ဗျားကိုချီးကျူးပါတယ်။ ခင်ဗျားလုပ်မယ်ဆိုတဲ့အတိုင်း ဖြစ်မြောက်အောင် လုပ်ပြသွားတာပဲ ”

“ ကျွန်တော်ကို သေသေချာချာ အကူအညီပေးကြတယ်။ ကျွန်တော်လိုသမျှအကူအညီတွေ အကုန်ပေးကြတယ်ဗျာ ” ဟု တင်နီဆန်က ပြောသည်။

“ အင်္ဂလိပ်တွေနဲ့ ခင်ဗျားအလုပ် အတူလုပ်တာကို ပြောတလား ”

“ ဟုတ်တယ်။ ခင်ဗျားပြောတာမှန်တယ်။ ဟိုတုန်းကတည်းက သူတို့နဲ့ အတူတူတွဲလုပ်ခဲ့မိဖို့ ကောင်းတယ်ဗျာ။ တကယ်အံ့သြစရာကောင်းတဲ့ လူတွေပဲ ”

“ ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်တို့နှစ်ယောက်မှာ မိတ်ဆွေတွေ ရှိနေသေးတယ်ဆိုတာ သိရတာပေါ့ ”

“ ဒါထက်ပိုသေးတယ်။ ဂျီနီဗာရဲ့ရန်သူတွေ ဘယ်သူဖြစ်ကြောင်းလဲ ကျွန်တော်တို့ သိခဲ့ရပြီ ”

“ ဘာ . . . ”

“ နာမည်တွေရပြီ။ သူတို့ကို ကျွန်တော်တို့ ပြန်ချနိုင်ပြီ။ သူတို့အန္တရာယ်က လွတ်အောင် ကျွန်တော်တို့ ရှောင်တိမ်းပြီးလုပ်နိုင်ပြီ။ သူတို့ကို ရှောင်တိမ်းပြီး ကျွန်တော်တို့ အလုပ်လုပ်ကြရတော့မယ်။ လူသတ်နေတာတွေ ရပ်ရတော့မယ် ”

“ ဘယ်လိုဗျ . . . ”

“ တွေ့တော့မှ ရှင်းပြမယ်။ ခင်ဗျားမိတ်ဆွေ ကက်စလာပြောတာ အမှန်နဲ့ တော်တော်နီးစပ်တာပဲ ”



www.burmeseclassic.com

www.burmeseclassic.com



" အိုဒက်ဇာအဖွဲ့ထဲက ကွဲထွက်သွားတဲ့ အုပ်စုတွေဆိုတာလား " ဟု နိုဝယ်ကပြန်မေးသည်။ တင်နီဆန်၏စကားကြောင့် နိုဝယ်မှာ အံ့သြမဆုံးနိုင်အောင် ဖြစ်နေရလေသည်။

" သတိထားပြီး ပြောပါ။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ လူကြီးတွေဆိုကြပါစို့။ ပင်စင်စားကြီးတွေဆိုကြပါစို့။ သူတို့မှာ ငွေတွေကလဲ သိပ်ပေါနေတယ်။ စစ်ပြီးခါနီးက အဖြစ်အပျက်တွေအပေါ်မှာလဲ ရန်ငြိုးထားနေကြတယ်ဆိုကြပါစို့ "

" ဒီလိုဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ "

" ကျွန်တော်တို့ လုပ်နိုင်တာတော့ နည်းနည်းကလေးပဲရှိတယ်လို့ဆိုရမယ်။ ကျွန်တော်တို့အတွက် အင်္ဂလိပ်တွေက လုပ်ပေးနိုင်ပါလိမ့်မယ် "

" ဂျီနီဗာအကြောင်းကို သူတို့သိသလား " ဟု နိုဝယ်က ပြန်မေးသည်။

"မသိဘူး။ ရာဇဝင်ကြွေးကိစ္စဆိုတာလောက်ပဲ သူတို့သိထားကြတယ်"

" ဒါလောက်ဆိုရင် ကျွန်တော်တို့ လိုအပ်တာထက်တောင်ပိုနေပြီလို့ဆိုရမယ် "

" ကျွန်တော်တို့ထိုက်တန်တာထက်တော့ ပိုမယူဘူးပေါ့ဗျာ။ ကျွန်တော်အနေနဲ့တော့ ဒါလောက်ပဲ ပြောနိုင်တော့မှာပဲ " ဟု တင်နီဆန်က လေသံနှိမ့်ပြီး ပြန်ပြောသည်။

" ဟုတ်တာပေါ့လေ . . အဲဒီ အဖိုးကြီးတွေဟာ အားလုံးအတွက် တာဝန်ရှိနေကြသလား။ နယူးယောက်ကိစ္စမှာလဲ သူတို့တာဝန်ရှိသလား "

" ရှိတယ် "

" ဒီလိုဆိုရင် ကျွန်တော်ရှင်းသွားပြီ " ဟု နိုဝယ်ကပြန်ပြောသည်။

" မကြာခင် ဒီထက်ပိုရှင်းသွားဦးမယ် "

နိုဝယ်က အခန်းတစ်ဘက်ခြမ်းမှာထိုင်နေသော ဟယ်လ်ဒင်ကို လှမ်းကြည့်ရင်း ပြုံးပြလိုက်သည်။ ပြီးမှ တင်နီဆန်ကို ပြန်ပြောသည်။

" ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရတော့မှာပဲဗျာ။ ကျွန်တော့ကို ဘာလုပ်စေချင်သလဲ "

" ဒီနေ့ဟာ ဗုဒ္ဓဟူးနေ့နော် . . သောကြာနေ့ညကျရင် ဂျီနီဗာမှာ သွားစောင့်နေပါ။ ခင်ဗျားနဲ့ကျွန်တော် အဲဒီမှာတွေ့မယ်။ ဟိသရိုးလေဆိပ်က နောက်ဆုံးထွက်သွားတဲ့ လေယာဉ်ပျံနဲ့ ကျွန်တော်လိုက်လာခဲ့မယ်။ ဂျီနီဗာကို



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နာရီခွဲလောက်ဖြစ်ဖြစ် သန်းခေါင်လောက်ဖြစ်ဖြစ် ရောက်မယ်။ ဘာလင်မှာရှိနေတဲ့ ကက်စလာကို ဖုန်းဆက်ပါ။ ကျွန်တော်တို့နဲ့လာတွေ့ဖို့ ပြောထားပါ ”

“ ဘာဖြစ်လို့ ဒီနေ့မစတာလဲ။ ဒါမှမဟုတ် မနက်ဖြန်ပေါ့ဗျာ ” ဟု နိုဝယ်က ပြန်မေးသည်။

“ ကျွန်တော်မှာ လုပ်စရာအလုပ်တွေရှိနေသေးတယ်။ ဒီအလုပ်တွေက ကျွန်တော်တို့လုပ်ငန်းကို အထောက်အကူပြုမယ့်ဟာတွေပါ။ ဒါကြောင့် သောကြာနေ့ပဲ သတ်မှတ်လိုက်ပါ။ ခင်ဗျားတို့တည်းဖို့ ဟိုတယ်ရွေးထားပြီးသားလား ”

“ ရွေးထားပြီးပြီ။ ဒကော့ဟိုတယ်။ ကျွန်တော့်အမေလဲ ဂျီနီဗာကို လေယာဉ်ပျံနဲ့ သွားနေပြီ။ ဒကော့ဟိုတယ်မှာ တည်းဖို့ အကြောင်းကြားသွားတယ် ”

နိုဝယ်၏စကားဆုံးသောအခါ တင်နီဆန်ဘက်မှ ရုတ်တရက် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမရှိဘဲ အတန်ကြာအောင် တိတ်သွားလေသည်။ အတော်ကြာတော့မှ လေသံကလေးဖြင့် ပြန်မေးသည်။

“ ခင်ဗျား ဘာပြောလိုက်တယ် ”

“ ကျွန်တော့အမေ ဂျီနီဗာကို သွားနေတယ် ”

“ နောက်မှ ဆက်ပြောကြတာပေါ့ဗျာ။ ကျွန်တော် သွားစရာကိစ္စကလေးတစ်ခုရှိနေတယ် ” ဟု တင်နီဆန်က ပြန်ပြောသည်။

\+ \+ \+

တင်နီဆန်သည် ကက်စင်တန်ရှိ သူ၏အိပ်ခန်းထဲမှာ တယ်လီဖုန်းကို စားပွဲပေါ်သို့ ဖြည်းညှင်းစွာ ပြန်တင်လိုက်သည်။ မမျှော်လင့်သော သတင်းတစ်ခုကို ကြားရသည့်အခါတိုင်း ထိုသို့ ပြုလုပ်စမြဲဖြစ်လေသည်။

ယခု သူကြားလိုက်ရသောသတင်းသည် သူတို့အရေးအခင်းကြီးတွင် နာခရိုက်တင်းဒိုက် ကဲ့သို့ပင် ထပ်တူထပ်မျှ အန္တရာယ်ကြီးမားနိုင်သည်ဟုလည်း သူသဘောပေါက် နားလည်လိုက်လေသည်။

နိုဝယ်၏အမေ အယ်လ်သိန်းသည် ဘာကြောင့် ဂျီနီဗာမြို့သို့ သွားရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အစီအစဉ်ထဲတွင် ထိုသို့ပြုလုပ်ရန်အကြောင်းမရှိ။ သူနှင့်ဘာမှ မသက်ဆိုင်သည့်အကြောင်းကိုလည်း အယ်လ်သိန်းကိုယ်တိုင် သိရှိနားလည်ပြီး ဖြစ်သည်။

ယခုကဲ့သို့ ဂျီနီဗာမြို့သို့ ထွက်ခွာသွားခြင်းအားဖြင့် အခြားသူများ အာရုံစိုက်လာစေနိုင်သလော။ ထိုအကြောင်း အယ်လ်သိန်းကိုယ်တိုင် ရိပ်စားမိသလော။

သည်အတိုင်းဆိုလျှင်တော့ အယ်လ်သိန်းသည် သူတို့လုပ်ငန်းစဉ်ထဲမှာ အနှောင့်အယှက် ဆူးပြောင့်ခလုတ်တစ်ခုဖြစ်လာသည်မှာ သေချာသွားပေပြီ။

သူ့လက်ထဲမှာ နာမည်စာရင်းများ အသင့်ရှိနေပြီ။ အားလုံးပေါင်း စာရင်းနှစ်ခုဖြစ်သည်။ နှစ်ခုစလုံး ဝံပုလွေနှင့်ပတ်သက်ပြီး အဓိကသော့ချက်များ ဖြစ်သည်။

စာရင်းတစ်ခုက ဆယ့်တစ်မျက်နှာရှိသည်။ အမျိုးသားနှင့်အမျိုးသမီး ပေါင်း ထောင့်ခြောက်ရာနီးပါးတို့၏ အမည်စာရင်းများ။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိနေကြသည့် တန်ခိုးအာဏာထက်မြက်သည့် အမျိုးသားများ၊ အမျိုးသမီးများ။

သူတို့အားလုံးသည် ဂျာမနီနိုင်ငံတော်ကြီး၏ မျိုးဆက်များဖြစ်ကြသည်။

ခေါင်းဆောင်အားလုံးသည် ဂျီနီဗာမြို့မှ အချက်ပေးမည့်အချိန်ကို စောင့်နေကြသည်။ သူတို့လက်ထဲသို့ ရောက်ရှိလာတော့မည့် သန်းပေါင်းများစွာသောငွေများကို စောင့်ဆိုင်းနေကြသည်။

ထိုငွေများဖြင့် သူတို့နေထိုင်သည့်တိုင်းပြည်များမှ အာဏာများကို ဝယ်ယူကြမည်။ ရွေးကောက်ပွဲများကို ချယ်လှယ်ကြမည်။ အစိုးရ၏မူဝါဒများကို ပြင်ဆင်ခိုင်းကြမည်။

ထိုနည်းအားဖြင့် စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီးကို သူတို့ ထူထောင်ကြမည်ဖြစ်လေသည်။

ခေါင်းဆောင်ရှိပြီဆိုလျှင် နောက်လိုက်ရှိဖို့လိုသည်။

နောက်လိုက်လုပ်မည့်သူစာရင်းလည်း သူ့လက်ထဲမှာရှိနေပြီ။ နောက်လိုက်တွေက များလွန်းသောကြောင့် စာရွက်နှင့်ရေးမှတ်၍မရ။ မိုက်ကရိုဖလင်



www.burmeseclassic.com

www.burmeseclassic.com



အချပ်ပေါင်းများစွာဖြင့် မှတ်တမ်းတင်ထားရသည်။

ထိုနောက်လိုက်များကား ဂျာမနီနိုင်ငံ စစ်ရှုံးလုဆဲဆဲအချိန်တွင် တစ်ကမ္ဘာလုံးသို့ဖြန့်ပြီး လေယာဉ်ပျံများ၊ သင်္ဘောများ၊ ရေငုပ်သင်္ဘောများဖြင့် တိတ်တဆိတ်ပို့လွှတ်လိုက်သော လူများပင်ဖြစ်လေသည်။

မျိုးဆက် စစ်ဆင်ရေး။

ထိုစာရင်းများအားလုံး မိတ္တူတစ်ခုသာရှိသည်။ မည်သည့်အခါတုန်းကမှ မိတ္တူပွားခြင်း မပြုလုပ်ခဲ့ချေ။ တစ်ခုတည်းသော ထိုစာရင်းကိုလည်း အလုံခြုံဆုံးဖြစ်အောင် သူတို့စောင့်ထိန်းခဲ့ကြလေသည်။

ထိုစာရင်းတွင် ပါရှိသူများ၏ နောက်ဆုံးအဖြစ်အပျက်များ၊ နေရပ်လိပ်စာများ၊ ထူးခြားသည့်အကြောင်းအရာများကို နှစ်ပေါင်းများစွာကြာအောင် မောရစ်ဂရပ်ဖ်က ဖြည့်စွက်လာခဲ့သည်။

ဂျိုဟန်းဗွန်တိုင်းဘဲ့လ်တ် အသက် နှစ်ဆယ့်ငါးနှစ်တိတိပြည့်မြောက်သည့် မွေးနေ့တွင် မောရစ်ဂရပ်ဖ်က စာရင်းများကို ဂျိုဟန်း၏လက်သို့ လွှဲပြောင်းပေးအပ်ခဲ့လေသည်။

ထိုသို့ လွှဲပြောင်းပေးလိုက်ခြင်းသည် အာဏာလွှဲပြောင်းပေးလိုက်သည့် သဘောပင်ဖြစ်သည်။

စတုတ္ထ ဂျာမနီနိုင်ငံတော်ကြီးကို အမှန်တကယ်ဦးဆောင်သွားမည့် ခေါင်းဆောင်ရွေးချယ်ခန့်အပ်လိုက်ခြင်းလည်း ဖြစ်သည်။

ဂျိုဟန်းက ထိုစာရင်းများကို အင်္ဂလန်သို့ ယူဆောင်လာခဲ့သည်။ သို့သော် မည်သည့်ဘဏ်တိုက်တွင်မှ အပ်နှံခြင်းမပြု။ သူတို့နှင့် ဘဝတူမျိုးဆက်တစ်ဦးဖြစ်သူ ဝေလနယ်သား အီယန်ထံမှာ ခေတ္တအပ်ထားခဲ့သည်။

အီယန်သည် အန်ထော်နီဗျူးမောင့်၏ စစ်ရေယာဉ်မှူး ဒု စစ်ရေယာဉ်မှူးမော်ဂန်၏ ညီဖြစ်သည်။ စစ်ပြီးခါနီးက တိတ်တဆိတ် နိုင်ငံခြားသို့ တင်ပို့ခြင်းခံခဲ့ရသော ဂျာမန်လူမျိုး စစ်စစ်ပင်ဖြစ်လေသည်။

ဂျိုဟန်းက နာရီကို လှမ်းကြည့်သည်။ အီယန် ရောက်လာဖို့ အချိန်နီးကပ်လာပြီ။ အီယန်ထံမှ အမည်စာရင်းများကို ပြန်လည်လက်ခံရရှိပြီးလျှင် အီယန်ကိုလည်း နှုတ်ပိတ်ရပေဦးတော့မည်။

ကမ္ဘာပေါ်တွင် ထိုစာရင်းရှိနေသည့်အကြောင်း မည်သူ့ကိုမှ အသိပေး၍မဖြစ်ချေ။ သိသူရှိလျှင်လည်း ထိုသူကို လောကကြီးထဲမှ ထွက်ခွာခိုင်းရ



www.burmeseclassic.com

www.burmeseclassic.com



မည်သာဖြစ်သည်။

သူတို့မှာ စတုတ္ထဂျာမနီနိုင်ငံတော်ကြီး တည်ဆောက်ဖို့က အရေးကြီးနေသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် ထိုစာရင်းအကြောင်းသိသူဆို၍ အားရစ်ကက်စလာနှင့် သူ နှစ်ယောက်ထဲသာ ရှိရပေမည်။

တယ်လီဖုန်းဘေးနားမှာရှိနေသည့် အခြားစာရွက်တစ်ရွက်ကို ဂျိုဟန်းက ငေးစိုက်ကြည့်နေမိပြန်သည်။

နာခရိုက်တင်းဒိုက် . . .။

သူတို့၏အရေးတော်ပုံကို အကြီးအကျယ် လိုက်လံနှောင့်ယှက်နေသော ရန်သူတော် နာခရိုက်တင်းဒိုက်။

နာဇီထောက်လှမ်းရေးအဖွဲ့မှ ဂိုဏ်းကွဲထွက်သွားပြီး စတုတ္ထဂျာမနီနိုင်ငံတော် ပြန်လည်ဖော်ထုတ်ရေးကို နှောင့်ယှက်နေသော နာခရိုက်တင်းဒိုက်။

နာခရိုက်တင်းဒိုက် ရှစ်ဦးတို့၏ အမည်စာရင်းများ။

သူတို့အကြောင်းကို ဗြိတိသျှစစ်ထောက်လှမ်းရေးအဖွဲ့ဝင်များက ဂဃနဏမသိကြ။ သို့သော်လည်း ဂျိုဟန်းက နှစ်နာရီမျှသောအချိန်အတွင်း အားလုံးကိုကောင်းစွာ သိရှိသွားလေပြီ။

နာခရိုက်တင်းဒိုက် ခေါင်းဆောင်ရှစ်ဦးအနက် ငါးဦးကွယ်လွန်သွားပြီ။ သုံးဦးသာကျန်တော့သည်။

ကျန်သူများအနက် တစ်ယောက်မှာ စတတ်ဂတ်မြို့ရှိ ဆေးရုံပေါ်တွင် နေ့သေမလား၊ ညသေမလား အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် သူ့ကို ထည့်တွက်စရာမလို။

ကျန်နှစ်ယောက်အနက်တစ်ယောက်သည် သစ္စာဖောက် ဟာအိုးဘတ်စ်ဖြစ်သည်။

ကျန်တစ်ယောက်က ဆွစ်ဇာလန်နိုင်ငံတွင်းရှိ ကျေးရွာကလေးတစ်ရွာမှာနေထိုင်သော ဟစ်တလာလက်ထက် သံအမတ်ဟောင်း ဝါနာဂါးဟတ် ဖြစ်သည်။

သူတို့သည် အဖျက်လုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိကြပါ။ သူတို့စိတ်ကြိုက်တပ်သားများ ရွေးချယ်စုဆောင်းကာ 'ဝံပုလွေ'လုပ်ငန်းစဉ်များ ပျက်စီးအောင် နှောင့်ယှက်ဖျက်ဆီးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နာခရိုက်တင်းဒိုက်။

ဟာအိုးဘတ်စ်။

ဝါနာဂါးဟတ်။

သူတို့သည် ဝံပုလွေအကြောင်းကို မည်နည်းမည်ပုံ သိရှိသွားကြလေသနည်း။ သူတို့သိနေသည်မှာ အချိန်မည်မျှကြာမြင့်သွားပြီနည်း။

မနက်ဖြန်တွင် ထိုအဖြေအားလုံးကို သူ သိရှိရပေတော့မည်။

မနက်ဖြန်မနက်တွင် ပါရီမြို့သို့ လေယာဉ်ပျံဖြင့်သွားမည်။ ပြီးတော့ သစ္စာဖောက်ကြီး နာခရိုက်တင်းဒိုက်ခေါင်းဆောင် ဟာအိုးဘတ်စ်နှင့် သွားရောက်တွေ့ဆုံရမည်။ စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီး၏ ဆူးပြောင့်ခလုတ် ဟာအိုးဘတ်စ်ကို အပြတ်ရှင်းရပေတော့မည်။

အပြင်ဘက်မှ ကားဟွန်းသံကြားရသည်။ တင်နီဆန်က ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်း လက်ပတ်နာရီကိုကြည့်သည်။ ရှစ်နာရီတိတိရှိပြီ။ ချိန်းထားသည့်အတိုင်း အချိန်တိကျလွန်းပါပေသည်။

လမ်းပေါ်တွင် အီယန်က ကားထဲမှာ ထိုင်စောင့်နေသည်။ သူနှင့်အတူ အရေးကြီးသော နာမည်စာရင်းများပါလာသည်။ ထိုစာရင်းများကို တင်နီဆန်က လွှဲပြောင်းရယူမည်။ ပြီးလျှင် အီယန်ကို အပြတ်ရှင်းရမည်။

တင်နီဆန်က အံဆွဲထဲမှ သေနတ်ကိုထုတ်ယူပြီး ချိုင်းအောက်ရှိ ပခုံးသိုင်းအိတ်အတွင်းသို့ ထည့်လိုက်သည်။

ယနေ့ညအဖြစ်အပျက်များကို မြန်မြန်ကုန်ဆုံးလွန်မြောက်စေချင်လှပါပြီ။ ပါရီမြို့သို့ မြန်မြန်သွားချင်ပြီ။ သစ္စာဖောက်ကြီး ဟာအိုးဘတ်စ်နှင့် မြန်မြန်တွေ့ချင်ပြီ။ မြန်မြန် စာရင်းရှင်းလိုက်ချင်ပြီ။

\+ \+ \+

အလင်းရောင်မှိန်မှိန်ကလေးရှိသော အခန်းတွင်းရှိ ခုံတန်းပေါ်မှာ နိုဝယ်ဟိုး- ခရော့ဖ်တ် ထိုင်နေသည်။

အချိန်မှာ နံနက်လေးနာရီရှိပြီ။ မမြင်တွေ့ရသော လရောင်က အခန်းတွင်းသို့ ပြတင်းပေါက်မှတဆင့် ထိုးကျနေသည်။

အိပ်ရာမှပြန်နိုးလာပြီး နိုဝယ်ပြန်အိပ်၍မရတော့ပါ။ မျက်စိကြောင်နေသောကြောင့် ခုတင်ပေါ်မှဆင်းပြီး ခုံတန်းပေါ်မှာ လာထိုင်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခုတင်ပေါ်မှာကျန်ရစ်ခဲ့သည့် ဟယ်လ်ဒင်အကြောင်းကို စဉ်းစားကြည့်နေမိသည်။

ဟယ်လ်ဒင်နှင့်သူ ဘဝတစ်လျှောက်လုံး လက်တွဲ၍သွားလိုပါသည်။ သို့သော်လည်း သူ့အကြောင်းများက လျှို့ဝှက်လွန်းလှသည်။

သူဘယ်မှာနေသနည်း။ ဘယ်သူနှင့်အတူနေသနည်း။ ဘာအကြောင်းမှမသိရ။ ဟယ်လ်ဒင်ကလည်း ဖွင့်မပြော။ မေးမရနိုင်လွန်းသဖြင့် သူကလည်း ထိုအကြောင်းကို မေ့ပျောက်ထားလိုက်လေသည်။

“ နိုဝယ် . . . ”

ဟယ်လ်ဒင်၏အသံက အမှောင်ထုကို ဖြတ်သန်းလာသည်။

“ ဟင် . . . ”

“ ဘာဖြစ်လို့လဲမောင် ”

“ ဘာမှမဖြစ်ပါဘူး။ ထိုင်ပြီးစဉ်းစားနေတာပါ ”

“ ကျွန်မလဲ စဉ်းစားနေတယ် မောင်ရယ် ”

“ ကိုယ်က မင်းအိပ်ပျော်နေတယ်လို့ထင်တာ ”

“ မောင် ခုတင်ပေါ်က ဆင်းသွားတာသိလိုက်တယ်။ အဲဒီကတည်းက နိုးသွားတာ။ မောင် ဘာတွေစဉ်းစားနေသလဲဟင် ”

“ စုံလို့ပါပဲကွယ်။ အများဆုံးကတော့ ဂျီနီဗာအကြောင်းပေါ့။ ဂျီနီဗာ လုပ်ငန်းစဉ်ကြီးက မကြာခင်အဆုံးသတ်တော့မယ်။ မင်းလဲ တပြေးတည်း ပြေးနေရတဲ့ဘဝ လွတ်မြောက်တော့မယ်။ ကိုယ်လဲ အတူတူပါပဲလေ ”

ဟယ်လ်ဒင်က ပြုံးသည်။

“ ကျွန်မကလဲ အဲဒီအကြောင်းကိုပဲ စဉ်းစားနေတာ။ မောင့်ကို ကျွန်မရဲ့ လျှို့ဝှက်ချက် ပြောပြချင်တယ် ”

“ လျှို့ဝှက်ချက် . . . ”

“ သိပ်အရေးကြီးတဲ့ လျှို့ဝှက်ချက်တော့ မဟုတ်ပါဘူးလေ။ ဒါပေမယ့် အဲဒီအကြောင်း ပြောပြတဲ့အခါ မောင့်မျက်နှာအမူအရာ ဘယ်လိုဖြစ်သွားသလဲ ဆိုတာ ကြည့်ချင်တယ်ကွယ်။ ကျွန်မဆီကိုလာခဲ့ပါ မောင် ”

ဟယ်လ်ဒင်က လက်နှစ်ဖက်ကို ဆန့်တန်းပေးသည်။ နိုဝယ်က ခုတင်နားသို့သွားပြီး လက်နှစ်ဖက်ကို ဆွဲယူလိုက်သည်။

“ မင်း လျှို့ဝှက်ချက်က ဘာများလဲကွယ် ”



www.burmeseclassic.com

www.burmeseclassic.com



" မောင့်ရဲ့ပြိုင်ဘက်လေ။ ကျွန်မနဲ့ အတူတူနေနေတဲ့ ယောကျ်ား အကြောင်းပြောပြမလို့။ မောင် နားထောင်ဖို့ အဆင်သင့်ဖြစ်ပြီလား "

" ဖြစ်ပါပြီ "

" ကျွန်မနဲ့အတူတူနေတာ ဟာအိုးဘတ်စ်လေ. . ။ သူ့ကို ကျွန်မ ချစ်တယ် "

နိုဝယ်က သက်ပြင်းချလိုက်သည်။

" အဘိုးကြီးလား "

" ဟုတ်တယ်။ မောင် ကျွဲမြီးတိုသွားပြီလား "

" မတိုပါဘူးကွယ်။ သူနဲ့ စီးချင်းထိုးဖို့ စိန်ခေါ်လိုက်ရရင် ကောင်း မလားလို့ "

နိုဝယ်က ဟယ်လ်ဒင်ကို ပွေ့ယူလိုက်သည်။ ဟယ်လ်ဒင်က သူ့ကို ပြန်နမ်းရင်း ရယ်သည်။

" သူနဲ့ကျွန်မ ဒီနေ့ သွားတွေ့စရာရှိနေတယ် "

" ကိုယ်လဲမင်းနဲ့အတူတူလိုက်ခဲ့မယ်လေ။ မင်းအစ်ကိုက ကိုယ့်ကို သဘောကျနေတယ်မဟုတ်လား။ ဟာအိုးဘတ်စ်ကပါ ကိုယ့်ကို သဘောကျရဲ့ လားဆိုတာ ကြည့်ရအောင် "

" မဖြစ်ဘူး။ ကျွန်မတစ်ယောက်တည်း သွားရမှာ။ တစ်နာရီ. . တစ်နာရီကျော်ကျော်ပဲ ကြာမှာပါမောင်ရယ် "

" နှစ်နာရီကွာ။ အများဆုံး ဒီလောက်ပဲ ခွင့်ပြုနိုင်မယ် "

" ကောင်းပြီ နှစ်နာရီ။ သူ့ရဲ့ ဘီးတပ်ကုလားထိုင်ရှေ့မှာရပ်ပြီး ကျွန်မ ကပြောမယ်။ 'ဟာအိုးဘတ်စ်- တခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ကိုဝင်ဖို့ ရှင့်ကို ကျွန်မ ပစ်ထားခဲ့တော့မယ်။ အဲဒီလိုပြောလိုက်ရင် အဘိုးကြီး ဘာဖြစ် သွားမယ်ထင်သလဲ မောင် "

" နှလုံးသွေးရပ်ပြီး အသက်ထွက်သွားလိမ့်မယ် ထင်တယ် "

နိုဝယ်က ဟယ်လ်ဒင်ကို ပို၍တင်းကျပ်အောင် ဖက်ထားလိုက်လေ သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၄ )

ဂျွန်တင်နီဆန်သည် အော်လီလေဆိပ်ရှိ မော်တော်ကားရပ်သည့်နေရာသို့ လျှောက်သွားသည်။ မီးခိုးရောက် ရေနောကားကလေးကို လှမ်းမြင်ရသည်။

ထိုကားကိုမောင်းသူသည် ပြင်သစ်ရဲအဖွဲ့တွင် ဒုတိယတန်းအဆင့် အာဏာရှိသော အရာရှိကြီးတစ်ဦးဖြစ်လေသည်။

သူသည်လည်း 'မျိုးဆက်'ပင်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင် မွေးဖွားခဲ့သည်။ စစ်ပြီးခါနီး ၁၉၄၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့က သူ့ကို ပြင်သစ်နိုင်ငံသို့ လျှို့ဝှက်စေလွှတ်ထားလိုက်ခြင်းဖြစ်သည်။ ထိုစဉ်က သူ့အသက် ၆ နှစ်သားမျှသာ ရှိသေးသည်။

အဖနိုင်ငံတော်အကြောင်းကို သူ ဘာမှ မမှတ်မိတော့ပါ။ သို့သော်လည်း မျိုးဆက်ပီပီ အရေးတော်အတွက် သစ္စာရှိရှိ တာဝန်ထမ်းနေသူ ဖြစ်လေသည်။

တင်နီဆန်က ကားတံခါးကိုဖွင့်ပြီး ရှေ့ကခုံမှာ ဝင်ထိုင်သည်။

" မင်္ဂလာပါ "

" မင်္ဂလာပါ။ ခင်ဗျား တော်တော်ပင်ပန်းနေပုံရတယ် " ဟု ပြင်သစ်လူမျိုးက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



" တစ်ညလုံးမနားရပါဘူးကွာ။ ငါပြောထားတာတွေ အားလုံး ယူခဲ့ရဲ့လား။ ငါ့မှာ အချိန်သိပ်မရှိတော့ဘူး "

" အားလုံးယူလာပါတယ်။ ကျွန်တော့်အနေနဲ့တော့ ပြည့်စုံတယ်လို့ထင်တာပဲ "

ပြင်သစ်ရဲအရာရှိကြီးက ဖိုင်တွဲတစ်ခုကို တင်နီဆန်ဘက်သို့ ကမ်းပေးသည်။

" အတိုချုပ်ပြောပြစမ်းပါဦး။ နောက်မှ အသေးစိတ်ဖတ်ကြည့်တော့မယ်။ ငါတို့အခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာ အမြန်ဆုံးသိချင်တယ်"

" ကောင်းပြီလေ "

ပြင်သစ်အရာရှိက ဖိုင်တွဲကကို သူတို့နှစ်ယောက်ကြားမှာ ချထားလိုက်သည်။

" အရေးကြီးတာကိုပဲ အလျင်ပြောပါ့မယ်။ ဆွစ်ဇာလန်နိုင်ငံ နူချာတဲမှာရှိနေတဲ့ ဝါနာဂါးဟတ်ကတော့ နာခရိုက်တင်းဒိုက် ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဘယ်လိုခေါင်းဆောင်မှုကိုမှ မပေးနိုင်တော့ဘူး "

" ဘာကြောင့်လဲ " ဟု တင်နီဆန်က ပြန်မေးသည်။

" ဟိုတုန်းက တက်တက်ကြွကြွခေါင်းဆောင်လာခဲ့တာတော့ မှန်ပါတယ်။ အခုလောလောဆယ်မှာတော့ ဘာမှ မလုပ်နိုင်တော့ဘူး။ သူ သူငယ်ပြန်နေပြီ။ သူငယ်ပြန်ရုံနေတင် မဟုတ်ဘူး။ စိတ်လဲဖောက်ပြန်နေတယ်။ ဒီလိုဖြစ်နေတာ နှစ်ပေါင်း အတော်ကြာသွားပြီ။ သူနေတဲ့အရပ်မှာရှိတဲ့လူတွေကလဲ သူ့ကို နောက်ပြောင်နေကြတယ်။ အားလုံးအတွက် ရယ်စရာဖြစ်နေတယ်။ ရွာကပန်းခြံမှာ သီချင်းတကျော်ကျော်ဆိုရင်း ခိုတွေကို အစာကျွေးနေလေ့ရှိတယ်"

" သူငယ်ပြန်တယ်ဆိုတာ ဟန်ဆောင်လို့ရနိုင်တဲ့ဟာမျိုးပဲ။ ရူးနေတယ်ဆိုတာလဲ ရူးချင်ယောင်ဆောင်လို့ အလွယ်ကလေးလေ . . "

" သူရူးနေကြောင်း သက်သေခံအထောက်အထားရှိပါတယ်။ ရွာကဆေးခန်းမှာ ဆေးဝါးအကုအသခံနေတဲ့ ဆေးမှတ်တမ်းတွေရှိတယ်။ သူ့စိတ်ကကလေးစိတ်ဖြစ်နေပြီ။ သူ့ကိုယ်သူတောင် ကောင်းကောင်း ထိန်းနိုင်သိမ်းနိုင်တော့တာ မဟုတ်ဘူး။ ချေးဝတ်သေးဝတ်က အစပေါ့လေ "

တင်နီဆန်က ခေါင်းညိတ်ရင်း ပြုံးနေသည်။

" ဒါလောက်ဆိုရင်တော့ လွန်တာပေါ့။ စတတ်ဂတ်က သစ္စာဖောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အခြေအနေရော ”

“ ကင်ဆာရောဂါဖြစ်နေတယ်။ နောက်ဆုံးအခြေအနေကို ရောက်နေပြီ။ တစ်ပတ်ထက် ပိုမခံနိုင်တော့ဘူး ”

“ ဒီလိုဆိုရင် နာခရိုက်တင်းဒိုက်မှာ ဟာအိုးဘတ်စ်ဆိုတဲ့ သစ္စာဖောက်တစ်ယောက်ပဲ နောက်ဆုံးခေါင်းဆောင်အဖြစ် ကျန်နေတော့တာပေါ့ ” ဟု တင်နီဆန်က မေးခွန်းထုတ်သလို ပြန်မေးသည်။

“ ဒီလိုဆိုရမှာပဲ။ သူတို့စုဆောင်းထားတဲ့ လူငယ်တွေကို သူက ခေါင်းဆောင်မှုပေးနေတယ်။ သူလိုချင်ရင် လိုချင်သလောက် အင်အားကို အချိန်မရွေးရနိုင်တယ် ”

“ သူ့အကာအကွယ်ပေးထားတဲ့လူငယ်တွေဆီကလား။ သူလိုချင်သလောက်အကူအညီ တကယ်ရော ရနိုင်ရဲ့လား ”

“ ဒီသဘောမျိုးတော့မဟုတ်ဘူး။ ဟာအိုးဘတ်စ်အနေနဲ့ အဲဒီကလေးတွေရဲ့ အကူအညီကိုလိုချင်သပဆိုရင် အချိန်မရွေးရနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် နာခရိုက်တင်းဒိုက်လုပ်ငန်းတွေနဲ့ အဲဒီကလေးတွေကို ကင်းကင်းရှင်းရှင်း ဖြစ်အောင် သူစည်းခြားထားတယ် ”

“ ဒီလိုဆိုရင် နာခရိုက်တင်းဒိုက်အတွက် သူလိုချင်တဲ့ စစ်သားတွေကို ဘယ်ကရနေသလဲ ”

“ ဂျူးတွေ . . . ”

“ ဂျူးတွေ . . . ”

တင်နီဆန်အမေးကြောင့် ပြင်သစ်ပုလိပ်အရာရှိက ခေါင်းညိတ်ပြသည်။

“ ဂျူးတွေကို အသင့်စုစည်းထားတယ်။ သူတို့အသုံးလိုချင်တဲ့အချိန်မှာ လိုချင်သလောက်အရေအတွက်ကို ခေါ်ယူတယ်။ လိုအပ်တဲ့တာဝန်ကိုပေးတယ်။ အဖွဲ့အစည်းပုံသဏ္ဍာန်မျိုးနဲ့ စုစည်းထားတာ မဟုတ်ဘူး။ သူတို့အားလုံး ဘဝတူတွေလဲ ဖြစ်ကြတယ် ”

“ ဘယ်လိုလဲ ”

“ ဟာရှာအလက်ဆိုတဲ့ ကျေးရွာသမဝါယမ . . နီဂေ့ဗ် သဲကန္တာရထဲမှာရှိတယ် ”

“ ဟာရှအလက် . . ဘုရားရေ . . ဒီကောင်တွေပိရိလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဟာရှာအလက် အစ္စရေးနိုင်ငံထဲမှာရှိနေတဲ့ ကျေးရွာသမဝါယမ။ စစ်အတွင်း နာဇီတွေသတ်လို့ သေဆုံးခဲ့ရသူတွေရဲ့ သားသမီးတွေနဲ့ဖွဲ့စည်းထားတဲ့ သမဝါယမကိုး ”

တင်နီဆန်က အေးစက်မာကျောသောလေသံဖြင့် ပြန်ပြောသည်။ ပြင်သစ်အရာရှိ၏ စွမ်းဆောင်ချက်ကိုလည်း သူလေးစားသွားလေသည်။

“ ဟုတ်တယ်။ သူတို့ သမဝါယမမှာ လူပေါင်းနှစ်ရာကျော်လောက်ရှိတယ်။ ယောက်ျားတွေချည်းပဲ။ သူတို့ကို လိုချင်တဲ့အခါမှာ လိုသလို ခေါ်သုံးတယ် ”

တင်နီဆန်က ကားပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်နေသည်။

“ ငါ့ကို ပစ်သတ်လိုက်။ နောက်တစ်ယောက်က ငါ့တာဝန်ကို ဆက်ယူလိမ့်မယ်။ အဲဒီ နောက်တစ်ယောက်ကို သတ်ပစ်လိုက်။ နောက်ထပ်တစ်ယောက်က သူ့နေရာကို တာဝန်ဆက်ယူလိမ့်ဦးမယ်လို့ သူတို့ပြောခဲ့တာ ဒါကြောင့်ကိုး။ ပေးအပ်ခြင်းခံရတဲ့တာဝန်အတွက် သေဖို့ဆုံးဖြတ်ပြီးဖြစ်နေကြတဲ့လူတွေပဲ။ မင်းသတင်းခိုင်လုံတယ်ဆိုတာ သေချာရဲ့လား ”

“ သေချာပါတယ်။ မောင့်တီမာမှာ ခင်ဗျားညီမနဲ့ နိုဝယ်နောက်လိုက်ကြတုန်းက လူနှစ်ယောက် သေသွားတယ်မဟုတ်လား။ ဗြိတိသျှစုံထောက်ပါ သေခဲ့တယ်လေ။ အဲဒီနှစ်ယောက်ကိုခြေရာခံပြီး ကျွန်တော်တို့လိုက်ကြည့်တာ။ သူတို့အလောင်းကိုခွဲစိတ်ကြည့်တော့မှ ဒါတွေပေါ်လာတာပဲ။ သူတို့နှစ်ယောက် ဘယ်သူလဲဆိုတာ သိရပြီးတဲ့နောက်မှာတော့ ကျန်တာတွေထပ်စုံစမ်းဖို့က သိပ်ကိုလွယ်သွားပြီလေ ”

“ ဟာရှာအလက်ကို မင်း လူတစ်ယောက်လွှတ်လိုက်သေးသလား”

ပြင်သစ်အရာရှိက ခေါင်းညိတ်ပြပြန်သည်။

“ ကျွန်တော်တို့ လူတစ်ယောက်ကိုလွှတ်လိုက်တယ်။ သူ့အစီရင်ခံစာလဲ ဒီဖိုင်တွဲထဲမှာပါတယ်။ ဟာရှာအလက်မှာ ဘယ်သူမှ လွတ်လွတ်လပ်လပ်ပြောခွင့်တော့မရှိကြဘူး။ ဒါပေမယ့် ရှင်းပါတယ်။ သူတို့ဆီကို ကြေးနန်းတစ်စောင်ရောက်လာပြီဆိုရင် လူတချို့ကိုရွေးပြီး လုပ်ရမယ့်တာဝန်တွေ ပေးလွှတ်လိုက်တာပဲ ”

“ ငါတို့လုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပျက်စီးသွားအောင်နှောက်ယှက်ဖို့ အသေခံတပ်သားတွေပေါ့ကွာ ”



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီအတိုင်းအမှန်ပါပဲ။ လွန်ခဲ့တဲ့သုံးလအတွင်းက ဟာအိုးဘတ်စ် အစ္စရေးလ်နိုင်ငံထဲကို တိတ်တဆိတ်သွားတာလဲ ကျွန်တော်တို့စုံစမ်းလို့ရခဲ့တယ်"

" လွန်ခဲ့တဲ့ သုံးလ။ အင်း . . . ဒါဆိုရင် မင်ဖရက်ဒီက နိုဝယ်နဲ့ အဆက်အသွယ်ယူနေတဲ့အချိန်ပဲ။ ဂျီနီဗာမှာတွေ့ကြဖို့အစီအစဉ်တွေ လုပ်နေကြတဲ့အချိန်လောက်ပဲ။ မင်ဖရက်ဒီဟာ ငါတို့ ဝံပုလွေအကြောင်း သိထားရုံတင်မဟုတ်ဘူး။ ငါတို့အစီအစဉ်တွေကိုပါ ဝိုင်းဝန်းအကောင်အထည်ဖော်ရမယ့်လူပဲ။ ဟာအိုးဘတ်စ်ဟာ ဒီအတိုင်းဆိုရင် လွန်ခဲ့တဲ့သုံးလလောက်ကစပြီး အသေခံတပ်သားတွေနဲ့ အသင့်ပြင်ခဲ့တာပေါ့လေ။ အင်း . . . သူတို့ကို အပြတ်ရှင်းမှပဲ ဖြစ်တော့မယ် "

" ဘာကြောင့် သေသွားတယ်လို့ ကျွန်တော် မှတ်ချက်ရေးတင်ရမလဲ"

" အိုဒက်ဇာပေါ့ကွာ . . . အိုဒက်ဇာလက်ချက်နဲ့သေသွားတယ်ပေါ့။ နောက်ပြီးတော့ ဟာရှာအလက် သမဝါယမကျေးရွာကို ချက်ချင်းချေမှုန်းပစ်ဖို့ စီစဉ်ပါ။ ချက်ချင်းအမိန့်ထုတ်လိုက်ပါ။ ခေါင်းဆောင်တွေအားလုံး တစ်ယောက်မှ အသက်ရှင်လျက် မကျန်စေနဲ့။ ဒီစစ်ဆင်ရေးကို သေသေချာချာ သတိထားပြီး စီစဉ်ပါ။ အဲဒီကျေးရွာ ချေမှုန်းခံရတာဟာ ရာခါတွေရဲ့လက်ချက်ဖြစ်တယ်လို့ ပခုံးလွှဲပေးလိုက်ပါ။ ကဲ . . . သွားစို့ "

\+ \+ \+

နောက်ထပ် မိနစ်အတော်များများကြာသွားသောအခါ ရွှေရောင်ဆံပင်နှင့်လူက ဖုန်ထူသောတောလမ်းကလေးအတိုင်း လျှောက်သွားနေလေသည်။

ထိုအခါတွင် သူသည် ဂျွန်တင်နီဆန် မဟုတ်တော့။

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ် ဖြစ်သွားလေပြီ။ ဝေလ်ဟမ်းဗွန်းတိုင်းဘို့တ်လ်၏ သားဖြစ်သွားလေပြီ။

ထိုမျှမကသေး။ မကြာမီပေါ်ပေါက်လာတော့မည့် စတုတ္ထမြောက်ဂျာမနီနိုင်ငံတော်ကြီး၏ခေါင်းဆောင်ကြီး ဖြစ်သွားလေပြီ။

သူ တွေ့ချင်သော အိမ်ကလေးကို လှမ်းမြင်နေရပြီ။ ဂျိုဟန်းက နောက်သို့ပြန်လှည့်ကြည့်သည်။ တောင်ကုန်းထိပ်တွင် ပြင်သစ်အရာရှိကြီး ရပ်စောင့်ကျန်ခဲ့သည်။ ဂျိုဟန်းကို လက်ဝှေ့ယမ်းပြသည်။ ထိုနေရာမှာ သူ စောင့်ပြီး လမ်းပိတ်ဆို့ပေးမည်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းက အိမ်ကလေးဆီသို့ ဆက်လျှောက်လာခဲ့သည်။ မလှမ်းမကမ်းသို့ ရောက်သောအခါ ခေတ္တရပ်သည်။ ချိုင်းအောက်မှသေနတ်ကို ကုတ်အင်္ကျီထဲသို့ ပြောင်းထည့်သည်။ အိမ်နှင့် ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ကြည့်သည်။

ဘေးဘက်သို့ လှည့်ပတ်သွားပြီး ပြတင်းပေါက်ကို ကျော်ကာ အိမ်တွင်းသို့ ကဲကြည့်သည်။ ဘီးတပ်ကုလားထိုင်ပေါ်မှာထိုင်နေသော ဟာအိုးဘတ်စ်ကို တွေ့ရသည်။ မိုးစင်စင်လင်းပြီဖြစ်လင့်ကစား အိုးဘတ်စ်၏ဘေးရှိ စားပွဲပေါ်မှ မီးပွင့်ကိုမူ ဖွင့်ထားဆဲရှိသည်။

ဂျိုဟန်းက ခြေသံလုံလုံဖြင့် အိမ်ရှေ့တံခါးပေါက်ရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ အခန်းတံခါးကို ရုတ်တရက် ချိုးဖောက်ပြီးဝင်ရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်သည်။ ထိုနည်းသည် အိုဒက်ဇာ အကြမ်းဖက်သမားများ လုပ်နေကျနည်းဖြစ်သည်။

သို့သော်လည်း ထိုနည်းကိုမသုံးရန် သူဆုံးဖြတ်လိုက်သည်။

ဟာအိုးဘတ်စ်သည် အိုမင်းရင့်ရော်နေသည်မှာ မှန်သည်။ သို့သော်လည်း ဒီလောက်ညံ့သူမဖြစ်နိုင်။ သူနှင့် လက်တစ်ကမ်းအကွာမှာ သေနတ်ကို အသင့်ထားနိုင်သည်။ ထို့ကြောင့် မိမိ၏ခေါင်းထဲသို့ ကျည်ဆန်ဝင်လာနိုင်သည်ဟု ဂျိုဟန်းက အတပ်တွေးလိုက်သည်။

ဂျိုဟန်းက တစ်ချက်ပြုံးပြီး တံခါးကို အသာအယာခေါက်လိုက်သည်။

" ဟာအိုးဘတ်စ် တဆိတ်လောက်ခင်ဗျာ။ ကျွန်တော် ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်ပါ။ ကျွန်တော့်မော်တော်ကား တောင်ပေါ်မောင်းမတက်နိုင်လို့ တောင်အောက်မှာ ထားခဲ့ပြီး ခြေကျင်တက်လာတာပါ "

အတွင်းမှ တစ်စုံတစ်ရာ ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ တိတ်ဆိတ်နေသည်။ ငါးစက္ကန့်လောက် ကြာသွားသည်။ ထိုအတွင်း တစ်နေရာရာသို့ တယ်လီဖုန်းခေါ်နေခြင်းတော့ မဖြစ်နိုင်။

ခဏကြာတော့မှ အတွင်းမှပြန်ထူးသည်။

" ဗွန်တိုင်းဘို့လ်တ်လား . . . "

" ဟုတ်ပါတယ်ခင်ဗျာ။ ဟယ်လ်ဒင်ရဲ့အစ်ကိုပါ။ ဟယ်လ်ဒင်နဲ့ စကားတစ်ခွန်းနှစ်ခွန်းလောက် ပြောချင်လို့လာတာပါ။ သူ့အလုပ်ထဲမှာလဲ မရှိဘူး။ ဒါကြောင့် ဒီမှာရှိနေမယ်ထင်ပြီး ကျွန်တော် လိုက်လာတာပါ "



www.burmeseclassic.com

www.burmeseclassic.com



" သူ ဒီမှာမရှိပါဘူး "

တိုတိုတုတ်တုတ်ပြန်ဖြေပြီး တိတ်သွားပြန်သည်။

" ဒီလိုဆိုရင် ကျွန်တော်အနှောင့်အယှက်ပေးသလိုဖြစ်နေပြီ ဟာအိုးဘတ်စ်။ ဒါပေမယ့် ဖြစ်နိုင်ရင် ကျွန်တော်ဖုန်းတစ်ချက်လောက် ဆက်ပါရစေ။ တက္ကဆီလှမ်းခေါ်လိုက်ချင်လို့ "

" တယ်လီဖုန်း ဆက်ချင်လို့ . . . "

ဂျိုဟန်းက ပြုံးသည်။ ဟာအိုးဘတ်စ်သည် အတွေးပေါင်းစုံဖြင့် ချာချာလည်နေရော့မည်ဟုလည်း စဉ်းစားလိုက်မိသည်။

" ခဏလေးပါပဲခင်ဗျာ။ မကြာစေရပါဘူး။ အခုနေ့ခင်းမှာပဲ ဟယ်လ်ဒင်နဲ့ကျွန်တော် တွေ့မှုဖြစ်မှာပါမို့လို့ပါ။ နှစ်နာရီထိုးရင် ဆွစ်ဇာလန်နိုင်ငံကို ကျွန်တော်သွားဖို့ စီစဉ်ပြီးဖြစ်နေလို့ပါ "

အိမ်တွင်းမှာ တိတ်သွားပြန်သည်။ သို့သော်လည်း ခဏမျှသာ ကြာသွားသည်။ တံခါးဖွင့်သံကြားရသည်။ တံခါးပွင့်သွားသည်။

ဘီးတပ်ကုလားထိုင်ပေါ်မှာထိုင်နေသော ဟာအိုးဘတ်စ်ကို တွေ့ရသည်။ ကိုယ်အောက်ပိုင်းကို စောင်တစ်ထည်နှင့်ဖုံးထားသည်။ စောစောတုန်းက ထိုစောင်မရှိချေ။

" မင်္ဂလာပါခင်ဗျာ။ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် "

ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်က လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။

ဟာအိုးဘတ်စ်၏ အမူအရာမှာ စိတ်ရှုပ်ထွေးနေပုံရသည်။ ကမ်းပေးသည့် ဂျိုဟန်း၏လက်ကိုလည်း မသေချာမရေရာသည့် အမူအရာမျိုးဖြင့်ပင် ဆွဲယူသည်။

လက်ချင်းကိုင်မိသည်နှင့်တစ်ပြိုင်တည်း ဂျိုဟန်းက ဟာအိုးဘတ်စ်၏ လက်ကို နောက်ပြန်လိမ်လိုက်သည်။ တဆက်တည်း အောက်ပိုင်းမှာလွှမ်းထားသောစောင်ကို ဆွဲခွာသည်။ ဟာအိုးဘတ်စ်၏ပေါင်ပေါ်တွင် သေနတ်တင်ထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် သေနတ်ကိုပုတ်ထုတ်ပစ်လိုက်သည်။ သေနတ်က လွင့်သွားပြီး နံရံနားမှာ သွားကျသည်။ တံခါးကိုလည်း ခြေထောက်နှင့်နောက်ပြန်ကန်ပြီး ပိတ်သည်။

" ဟိုင်း . . . ဟစ်တလာ. . . နာခရိုက်တင်းဒိုက်ခေါင်းဆောင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လေးစားပါတယ် ”

အဘိုးကြီးက မလှုပ်မယှက်ထိုင်နေသည်။ ဂျိုဟန်းကိုမော့ကြည့်နေသည်။ 'နာခရိုက်တင်းဒိုက်'အမည်ကိုကြားလိုက်ရသော်လည်း သူ၏မျက်လုံးအစုံထဲမှာ ကြောက်ရွံ့သည့်အမူအရာ လုံးဝမရှိချေ။

“ ဒီအကြောင်းကို မောင်ဘယ်နေ့မှာသိမလဲလို့ ကျုပ်တွေးကြည့်နေမိတယ်။ ဒါပေမယ့် ဒါလောက်မြန်မြန်သိလိမ့်မယ်လို့တော့ မထင်ခဲ့မိဘူး။ ဒါကြောင့် ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်ရဲ့သားကို ချီးကျူးပါတယ် ”

“ မှန်ပါတယ်။ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်ရဲ့ သားပါပဲ။ ဒါပေမယ့် ဒီထက်လဲပိုပါသေးတယ် ခင်ဗျာ ”

“ အိုး . . . ဟုတ်တာပေ့ါ။ စတုတ္ထဂျာမနီနိုင်ငံတော်ကြီးရဲ့ ခေါင်းဆောင်ကြီးလေ။ ဒါဟာ မောင့်ရဲ့ ရည်မှန်းချက်ကြီးပဲမဟုတ်လား။ ဒါပေမယ့် ဘယ်နည်းနဲ့မှ မောင့်ရဲ့ရည်မှန်းချက်ကြီး အကောင်အထည်မပေါ်နိုင်ဘူး။ မောင့်လုပ်ငန်းတွေပျက်အောင် ကျုပ်တို့ဖျက်မယ်။ ကျုပ်ကိုသတ်ဖို့လာတာဆိုရင် သတ်ပါ။ ကျုပ်ကလဲ ဒီအတွက် ပြင်ဆင်ပြီးသားပါပဲ ”

“ ဘာကြောင့် ကျွန်တော်က သတ်ရမှာလဲ ခင်ဗျာ။ ခင်ဗျားဟာ ကျွန်တော်တို့အဖို့ အကောင်းဆုံးဓားစာခံကြီးတစ်ယောက်ပဲ ”

“ ကျုပ်ကို ဓားစာခံလုပ်ဖို့တော့ မောင်ပိုက်ဆံများများစားစား ရနိုင်စရာအကြောင်း မရှိပါဘူး ”

ဟာအိုးဘတ်စ်ကလည်း တည်တည်ငြိမ်ငြိမ်ပင် ပြောနေသည်။ ဂျိုဟန်းက အဘိုးကြီး၏ဘီးတပ်ကုလားထိုင်ကို အခန်းထဲသို့ တွန်းယူသွားသည်။

“ ဒါလဲဟုတ်တာပါပဲလေ။ ခင်ဗျား ကြည့်ရှုစောင့်ထိန်းပေးနေရတဲ့ ကလေးတွေအတွက် လိုအပ်သလောက်ငွေကြေးကိုပဲ တစ်နေ့ရာကရနေတာ မဟုတ်လား။ နောက်ပြီးတော့ ကျွန်တော့်အဖို့ ငွေရေးကြေးရေးဆိုတာကလဲ အရေးမကြီးလှပါဘူး ”

“ ကျုပ်ကလဲ ဒီလိုပဲမျှော်လင့်ထားပါတယ်။ ကဲ. . . ပစ်တော့လေ”

ဂျိုဟန်းက လက်ထဲမှသေနတ်ကို ခပ်ဆဆကိုင်ထားသည်။

“ ဒီလိုဆိုရင် ကင်ဆာရောဂါခံစားနေရတဲ့ စတက်ဂတ်မြို့က နာခရိုက်တင်းဒိုက် ခေါင်းဆောင်ကြီးဆီမှာရော ငွေကြေးများများစားစား ရှိပါသလား။ ဒါကိုရော ငြင်းလိုပါသလား ”



www.burmeseclassic.com

www.burmeseclassic.com



ဟာအိုးဘတ်စ်က အံ့သြသည့်အမူအရာပေါ်မသွားအောင် သတိထား ထိန်းနေသည်။

" သူဟာ သိပ်ကိုသတ္တိကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေပဲ "

" ကျွန်တော် ယုံကြည်ပါတယ်။ ခင်ဗျားတို့အားလုံးဟာ အလွန်သတ္တိ ကောင်းကြတဲ့ပုဂ္ဂိုလ်တွေပါပဲ။ နိုင်ငံတော်အပေါ် အောင်အောင်မြင်မြင် သစ္စာ ဖောက်ခဲ့ကြသူတွေဆိုတော့ ဒါလောက်တော့ သတ္တိကောင်းကြဖို့လိုတာပေါ့ ခင်ဗျာ။ ဆိုကြပါစို့ . . . ဝါနာဂါးဟတ်လို ပုဂ္ဂိုလ်မျိုး . . . "

ယခုတစ်ကြိမ်တွင်မူ အဘိုးကြီးသည် အံ့သြတုန်လှုပ်သည့်အမူအရာ ကို ဖုံးကွယ်နိုင်စွမ်းမရှိတော့ချေ။

" ဂါးဟတ်. . . ဒီနာမည်ကို မောင်ဘယ်က ကြားလာတာလဲ " ဟု လည်း အသံကျယ်ကျယ်ဖြင့် အော်မေးသည်။

" ကျွန်တော် ဘယ်လိုလုပ်သိတယ်ဆိုတာ စဉ်းစားကြည့်ပါ။ ခင်ဗျား တို့အကြောင်းတွေ ဘယ်နည်းနဲ့ကျွန်တော် သိခဲ့ရတယ်ဆိုတာ စဉ်းစားကြည့် စမ်းပါဦး "

" ကျုပ်အကြောင်းသိတာတော့ မဆန်းပါဘူး။ ကျုပ်ကလဲ တစ်လျှောက် လုံး စွန့်စားလာခဲ့တာပဲ။ ဗွန်တိုင်းဘို့လ်တ်ရဲ့သမီးအရင်းခေါက်ခေါက်တစ်ယောက် လုံးကိုတောင် ကျုပ်အနားမှာ ခေါ်ထားသေးတာပဲ "

" ဟုတ်ပါတယ်။ဒါဟာလဲ စွန့်စားခြင်းတစ်မျိုးပေပဲပေါ့ "

" ဟယ်လ်ဒင်ဟာ မောင်တို့နဲ့ဘယ်လိုမှ မပတ်သက်ဘူး။ မောင်တို့ လူ မဟုတ်ဘူး။ ဘယ်တော့မှလဲ ဟုတ်မှာ မဟုတ်ဘူး "

" မှန်ပါတယ်လေ. . . သူဟာ ခင်ဗျားတို့ဘက်တော်သားပါပဲ။ အင်မတန်အကျင့်ပျက်တဲ့ ခင်ဗျားတို့ဝိုင်းတော်သားပါပဲ။ အခုလဲ အမေရိကန် တစ်ကောင်နဲ့ဇာတ်ရှုပ်နေပြန်ပြီလေ "

" မောင်ပြောတာကို ကျုပ် စိတ်မဝင်စားပါဘူး။ ဂါးဟတ်အကြောင်း ကို မောင်ဘယ်လိုလုပ် သိလာတာလဲ "

" ဘာကြောင့် ကျွန်တော်ပြောပြရမှာလဲ ခင်ဗျာ "

" ကျုပ်က သေရတော့မယ့်လူပဲ။ ကျုပ်ကိုပြောပြတဲ့အတွက် မောင့် အဖို့ ဘာများထူးခြားသွားမှာလိုက်လို့ . . . "

" ဒီလိုဆိုရင် ကျွန်တော်တို့နှစ်ယောက် အပေးအယူလုပ်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဝံပုလွေအကြောင်းကို ခင်ဗျားဘယ်လိုလုပ် သိသလဲ ”

“ ကောင်းပြီ. . . သဘောတူပါတယ်။ ဝါနာဂါးဘတ်အကြောင်း အလျင်ပြော ”

“ ပြောရတာပေါ့ဗျာ။ ဂါးဟတ်ဟာ ဘာမှလဲတန်ဖိုးမရှိတော့ပါဘူး။ သူငယ်ပြန်နေပြီ။ စိတ်ဖောက်ပြန်နေပြီ။ အသက်ကလဲ ကြီးလှပြီ ”

“ သူ့ကိုတော့ ဒုက္ခမပေးပါနဲ့မောင်. . . သူ ခံစားခဲ့ရတဲ့ဒုက္ခတွေဟာ သိပ်ကို ကြီးမားလွန်းလှပါတယ် ”

“ ခင်ဗျားက သူ့အတွက်တော်တော်ပူနေတာကိုး ”

“ သူ့ကို ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတယ်။ လေးလလုံးလုံး နည်းမျိုးစုံနဲ့ ညှဉ်းပန်းခဲ့ကြတယ်။ ဦးနှောက်ပျက်သွားတဲ့အထိပါပဲ။ ဒါကြောင့် သူ့ကိုတော့ ငြိမ်းငြိမ်းချမ်းချမ်းနေခွင့်ပေးလိုက်ပါ ”

“ ဘယ်သူက ညှဉ်းပန်းတာလဲ။ အင်္ဂလိပ်တွေကလား။ မဟာမိတ်တွေကလား ”

“ အိုဒက်ဇာ ”

“ ဒါဆိုရင်တော့ သူတို့လုပ်သင့်လုပ်ထိုက်ရာကို လုပ်လိုက်တယ်လို့ ဆိုရမှာပဲ ”

“ သူ့နာမည်ကို မောင်ဘယ်က ကြားလာတာလဲ။ သူဘယ်မှာရှိတယ် ဆိုတာ မောင် ဘယ်လိုလုပ် သိလာတာလဲ ”

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ပြုံးသည်။

“ အင်္ဂလိပ်တွေဆီက ကြားလာတာ။ သူတို့လက်ထဲမှာ နာခရိုက်တင်းဒိုက်နဲ့ပတ်သက်တဲ့ ဖိုင်တွဲတွေရှိနေတယ်။ အခုအချိန်မှာဆိုရင် နာခရိုက်တင်းဒိုက်ကို သူတို့သိပ်စိတ်ဝင်စားနေကြပြီ။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ဟာ ခင်ဗျားကို မြေလှန်ရှာဖို့ပဲ။ ပြီးတော့ ခင်ဗျားကို ဖျောက်ဖျက်ပစ်ဖို့ပဲ ”

“ ဖျောက်ဖျက်ပစ်မယ်. . . ဖျောက်ဖျက်ပစ်စရာအကြောင်း ဘာမှ မရှိဘူး ”

“ အိုး . . . ရှိတာပေါ့ ခင်ဗျာ။ တီနာမောဆိုတဲ့ လူသတ်သမားကို ခင်ဗျား ငွေပေးငှားတယ်ဆိုတဲ့ အထောက်အထားတွေ့ သူတို့လက်ထဲမှာ ရှိနေပြီလေ ”

“ တီနာမော . . . ရယ်စရာကြီးပဲ ”



www.burmeseclassic.com

www.burmeseclassic.com



" ရယ်စရာမဟုတ်တော့ပါဘူး ခင်ဗျာ။ အဲဒီ ဇာတ်လမ်းကလေးဖြစ်အောင် ကျွန်တော်ကပဲ ဖန်တီးလိုက်တာပါ။ နိုင်ငံရေးခေါင်းဆောင်တွေအပေါ်မှာ အာဃာတတရားထားနေတဲ့ ခင်ဗျားက တီနာမောဆိုတဲ့ ကြေးစားလူသတ်သမားတစ်ယောက်ကိုငှားပြီး လုပ်ကြံမှုတွေကို ကျူးကျော်ခိုင်းနေတယ်ဆိုတဲ့ ဇာတ်လမ်းကလေးတစ်ခု ကျွန်တော် ဖန်တီးလိုက်ပါတယ်။ သက်သေအထောက်အထားတွေကိုလဲ ဖန်တီးပေးလိုက်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်တွေက ကျွန်တော် ဖန်တီးပေးထားတဲ့ ဇာတ်လမ်းကလေးကို အခုအခါမှာ သိပ်ကိုယုံကြည်နေကြပါပြီ "

အဘိုးကြီးက ဂျိုဟန်းကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

" မောင်ဟာ တော်တော်စုပ်ပဲ့တဲ့လူပဲ " ဟုလည်း စက်ဆုပ်ရွံရှာသည့်အမူအရာဖြင့် ပြောလေသည်။

" ကဲ . . . ဝံပုလွေအကြောင်း ပြောပါဦး။ ဘယ်နေရာမှာဘယ်လိုလုပ်ပြီး သိခဲ့တာလဲ။ လိမ်ပြောရင်တော့ လိမ်ပြောနေမှန်း ကျွန်တော် ကောင်းကောင်း သိမှာနော် "

ဟာအိုးဘတ်စ်က ဘီးတပ်ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကိုမှီချလိုက်လေသည်။

" ဒီအချိန်မှာ လိမ်ပြောနေစရာအကြောင်းမရှိတော့ပါဘူး။ မောင့်အတွက်လဲအကြောင်းမထူးဘူး။ ကျုပ်ကလဲ သေရတော့မှာ မဟုတ်လား။ မောင်လဲ မကြာခင် သေမှာပါပဲ "

" ခင်ဗျားရဲ့မှတ်ချက်ကို ကျွန်တော် စိတ်မဝင်စားပါဘူးဗျာ။ ကဲ. . . ဝံပုလွေအကြောင်း ပြောပြပါဦး "

အဘိုးကြီးက ဂျိုဟန်းကို ကွက်ကနဲ တစ်ချက်ကြည့်ပြန်သည်။

" အယ်လ်သိန်းကလော်ဆင်ကို အကြောင်းပြုပြီး သိခဲ့တာ "

ထိုစကားကြောင့် ဂျိုဟန်း၏မျက်နှာမှာ အံ့ဩစိတ်ဖြင့် တင်းကနဲဖြစ်သွားလေသည်။

" ကလော်ဆင်ရဲ့မိန်းမလား။ သူ့အကြောင်းတွေကို ခင်ဗျား သိနေပြီလား " ဟုလည်း တဆက်တည်းမေးမိသည်။

အဘိုးကြီးက ဂျိုဟန်းကို ပြန်ကြည့်သည်။

" ဒါလောက်ကိစ္စကတော့ ကျုပ်တို့အတွက် ဘယ်လောက်မှ အပန်း



www.burmeseclassic.com

www.burmeseclassic.com



မကြီးပါဘူး။ ကျုပ်တို့ရဲ့ သတင်းပေးတွေ အရပ်တကာမှာရှိနေတယ်လေ။ တစ်ကမ္ဘာလုံးမှာရှိနေတယ်။ ဒါကြောင့် မစ္စက်ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ဟာ ဘယ်သူလဲဆိုတာ အစကတည်းက ကျုပ်တို့သိခဲ့တယ်။ ဒါကြောင့် သူ့ကို ကျုပ်တို့ အကာအကွယ်ပေးခဲ့ကြရတယ်။ အကာအကွယ်ပေးဖို့ ကျုပ်ရဲ့လူတွေကိုလဲ အမိန့်ထုတ်ထားလိုက်တယ် ”

“ တစ်နေ့မှာတော့ မစ္စက်ဟိုးလ်ခရော့ဖ်တ်ဟာ ကိုယ်တိုင် လေယာဉ်ပျံတစ်စင်းနဲ့ မက်ဆီကိုနိုင်ငံကို တိတ်တိတ်ကလေး ထွက်သွားတယ်။ အဲဒီကတဆင့် ဗျူနိုအေးရီးစ်မြို့ကိုသွားတယ်။ ဗျူနိုအေးရီးစ်မြို့ကနေတဆင့် လစ္စဘန်းမြို့ကို သံတမန်ယောင်ဆောင်ပြီး ဘာကြောင့်သွားရတာလဲဆိုတာ ကျုပ်တို့အဖို့ စဉ်းစားစရာဖြစ်လာတယ် ”

“ ဒါကြောင့် ကျုပ်တို့အပြင်းအထန်စုံစမ်းခဲ့တယ်။ အယ်လ်သိန်းဟာ သူရဲ့ ခင်ပွန်းဟောင်းဖြစ်တဲ့ နာဇီစီးပွားရေးပါရဂူ ဟိန်းနရစ်ကလော်ဆင်နဲ့ လစ္စဘွန်းမြို့မှာ တိတ်တိတ်ချိန်းတွေ့ကြတာကို သိရတော့တယ်။ တစ်ချိန်တည်းမှာပဲ နာဇီအစိုးရရဲ့ ငွေတွေအတော်များများဟာ ဆွစ်ဇာလန်ဘဏ်တိုက်ထဲကို ရောက်နေတာပါ စုံစမ်းတွေ့ရတယ်။ အဲဒီအချိန်က ဂျာမနီစစ်ရှုံးဖို့လဲသေချာနေပြီလေ။ ဒါကြောင့် ဒီကိစ္စကို တိတိကျကျသိရအောင် ကျုပ်တို့အပြင်းအထန် စုံစမ်းရတော့တယ် ”

“ စာရွက်စာတမ်း အထောက်အထားတွေကိုရော ခင်ဗျားတို့ ဖတ်ကြရသလား ”

“ ဂျီနီဗာအာမခံဘဏ်တိုက်မှာရှိနေတဲ့ စာရွက်စာတမ်းတွေ အကုန်လုံးကို ကျုပ်တို့ ဖတ်ခဲ့ကြရတယ်။ သက်သေခံအထောက်အထားတွေကိုပါ ကြည့်ခွင့်ရခဲ့တယ်။ ဒီလိုဖတ်ခွင့် ကြည့်ခွင့်ရဖို့ ဆွစ်ဇာလန်ငွေ ငါးသိန်းပေးခဲ့ရတယ်”

“ မင်ဖရက်ဒီကို ပေးရတာလား ”

“ ဒါပဲပေါ့။ သူ့အပြင် ဘယ်သူရှိဦးမှာလဲ။ ကျုပ်တို့ ဘယ်သူတွေဖြစ်ကြောင်းလဲ မင်ဖရက်ဒီသိတယ်။ ကျုပ်တို့ဟာ ဝံပုလွေတွေပဲ။ ဝံပုလွေဆိုတာ ဟစ်တလာရဲ့ စစ်ဦးစီးဌာနချုပ်တည်ရှိတဲ့နေရာကိုခေါ်တဲ့ လျှို့ဝှက်နာမည်၊ အဲဒီစစ်ဦးစီးဌာနချုပ်မှာ တာဝန်ထမ်းဆောင်တဲ့ ထိပ်တန်းခေါင်းဆောင်ကြီးတွေကို ဝံပုလွေလို့ပဲ သတ်မှတ်ခဲ့ကြတယ်။ ဟိန်းနရစ်ကလော်ဆင်တို့လဲ ဝံပုလွေတွေပဲ။ သူတို့က ဂျီနီဗာဘဏ်တိုက်ကိုပို့ထားတဲ့ ငွေတွေနဲ့ သူတို့အမှားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြုပြင်ချင်ကြတယ်။ လူမှုရေးလုပ်ငန်းတွေ လုပ်ချင်ကြတယ် ”

“ အဲဒီအကြောင်းတွေ သိပြီးတဲ့နောက်ပိုင်းမှာ ခင်ဗျားတို့ ဘာလုပ်ကြသလဲ ”

ဟာအိုးဘတ်စ်က ဂျိုဟန်းကို တည့်တည့်စိုက်ကြည့်နေသည်။

“ ဂျာမနီနိုင်ငံကိုပြန်လာပြီး မောင့်အဖေရယ်၊ ကက်စလာရယ်၊ ဟိန်းနရစ်ရယ်ကို ကွပ်မျက်ပစ်လိုက်တယ်။ အမှန်ကတော့ သူတို့ကိုယ်တိုင်က အသက်စွန့်ဖို့ ရည်ရွယ်ချက်မရှိကြဘူး။ စစ်ရှုံးသွားရင် တောင်အမေရိကတိုက်က နိုင်ငံတစ်ခုခုမှာ သွားခိုလှုံနေဖို့နဲ့ သူတို့အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ ရည်ရွယ်ထားကြတယ်။ ဒါပေမယ့် ကျုပ်တို့လက်ထဲက သူတို့ မလွတ်နိုင်တော့ဘူးဆိုတာ သိတာနဲ့တစ်ပြိုင်တည်း ဟိန်းနရစ်ကလော်ဆင်က သူ့သား နိုဝယ်ဆီကို ပဋ္ဋိညာဉ်ခံစာရေးပြီး ဘဏ်မှာ အပ်ထားခဲ့တာပဲ ”

ဂျိုဟန်းက လက်ထဲရှိသေနတ်ကို ခပ်ဆဆကိုင်ကြည့်နေပြန်သည်။

“ ဒါကြောင့် အယ်လ်သိန်းရဲ့အကြောင်းတွေကို ခင်ဗျားတို့ အကုန်သိလာတယ်ဆိုပါတော့ ”

“ ဒီကောင်မက အပျက်မပဲ။ သစ္စာဖောက်ပဲ။ သူ့အကြောင်း စကားထဲထည့်ပြောရတာ ပါးစပ်သနလွန်းလို့ ”

“ ဒါနဲ့တောင် အယ်လ်သိန်းကိုခင်ဗျား အသက်ရှင်ခွင့်ဆက်ပေးထားတာ အံ့သြစရာပဲနော် ”

“ ဒါကလဲ မလွှဲသာလို့ကြည့်နေရတာပါ။ ဂျီနီဗာအစီအစဉ်တွေကို ဒီမိန်းမအကုန်သိတယ်။ ငွေတွေထုတ်ယူဖို့ကိစ္စမှာ သူတို့သားအမိဟာ အရေးအကြီးဆုံးဖြစ်နေတယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ အနည်းဆုံးရှိနေမှ ငွေကိုထုတ်လို့ရမှာမဟုတ်လား။ ဒါကြောင့် သူတို့သားအမိကို သတ်ဖို့နေနေသာသာ ကျုပ်တို့ကတောင် အကာအကွယ်ပေးနေရသေးတယ်”

“ အဲဒီငွေတွေကို မျိုးဆက်တွေက ထုတ်မှာပါဗျာ ”

ထိုစကားကို အိုးဘတ်စ်နားလည်ပုံမပေါ်ချေ။

“ ဘာပြောတယ် ”

“ ထားလိုက်ပါလေ။ အရေးမကြီးပါဘူး။ အခုအချိန်မှာ အယ်လ်သိန်းကလော်ဆင်ဆိုတဲ့ မိန်းမကြီး ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ကြရတော့မှာပေါ့”

“ ဟုတ်တယ်။ နှစ်ပေါင်းသုံးဆယ်လုံးလုံး သူ ရေငုံနှုတ်ပိတ်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ် သုံးဆယ်ပြည့်ပြီးတော့ စာချုပ်ပါ စည်းကမ်းအတိုင်း မင်ဖရက်ဒိက သူ့သား နိုဝယ်နဲ့ အဆက်အသွယ်လုပ်တယ်။ ဒီအကြောင်းတွေကို နိုဝယ်ဘာမှမသိဘူး။ ဒါပေမယ့် ဒီပြဿနာကြီးထဲမှာ နိုဝယ်ကို အမေကိုယ်တိုင်က ပါဝင်ပတ်သက် ခွင့်ပြုလိုက်တာ မယုံကြည်နိုင်စရာပဲ ”

ထိုစကားကြောင့် ဂျိုဟန်း အားပါးတရရယ်သည်။

“ ဟား . . . ဟား . . . ဒီနေရာမှာတော့ ခင်ဗျားတို့ နာခရိုက်တင်းဒိုက် တွေ တော်တော်ညံ့သွားတာပဲ။ ခင်ဗျားတို့ကို သတင်းပေးတဲ့လူတွေက အလကား လူတွေဖြစ်ကုန်ပြီ ”

“ မောင်က ဒီလိုပဲထင်သလား ”

“ ထင်တာ မဟုတ်ဘူး။ သိတာပါ။ ခင်ဗျားတို့က မဟုတ်တဲ့လူကို မဟုတ်တဲ့ နေရာမှာ စောင့်ကြည့်နေကြတာကိုး ”

“ ဘာ . . . ”

“ သြော်. . . ဘာမှမဆိုင်တဲ့ လူတစ်ယောက်ကို နှစ်ပေါင်းသုံးဆယ် လုံးလုံး ခင်ဗျားတို့ စောင့်ကြည့်နေကြတာပဲ ”

“ သူဘာမှ မသိဘူးလား ”

“ ဘာမှမသိဘူး။ ဟိန်းနရစ်ကလော်ဆင်က သူ့ကိုဘာမှ ပြောပြသွား တာ မဟုတ်ဘူး။ ငွေအလုံအလောက်ပုံပေးပြီး သူ့သားကို ကောင်းကောင်း မွေးမြူထိန်းသိမ်းဖို့သာ မှာသွားတာ။ သူ့သားကိုလဲ သူ့သားမှန်း မသိအောင် လုပ်ခဲ့တယ်။ သေဆုံးကြောင်း ဆေးစာတစ်ခုရေးတယ်။ အဲဒီစာအရ သူ့သား သေပြီပေါ့။ နောက်မွေးစာရင်းတစ်ခုလုပ်တယ်။ အဲဒီမွေးစာရင်းအရ သူ့သား ဟာ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်နဲ့ အယ်လ်သိန်းတို့က ပေါက်ဖွားတဲ့ နိုဝယ်ဟိုးလ် ခရော့ဖ်တ်ဖြစ်လာတယ်ပေါ့။ ဒီအဖြစ်မှန်ကို ခင်ဗျားတို့ ကျွန်တော်တို့ အချင်းချင်းတွေသာ သိကြတယ်လေ ”

“ အံ့ဩစရာပဲ ” ဟု ဟာအိုးဘတ်စ်က လေသံနှင့်ပြောသည်။

“ ဒီလိုပဲပြောရတော့မှာပေါ့ဗျာ။ ဒါကြောင့် ခင်ဗျားဟာ ကျွန်တော် တို့ ဝံပုလွေတွေကို အံတုချင်လို့ မရနိုင်ပါဘူး ”

“ မင်းတို့ အကြံအစည်တွေ အားလုံးပျက်ရမှာပါ။ မင်းလဲ သေရမှာ ပဲ။ မင်းတို့က အဲဒီငွေတွေနဲ့ စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်ကြီးကို ပြန်ပြီး တည်ထောင်လိုတယ်။ စစ်ပြီးခါနီးတုန်းက နိုင်ငံတကာကို လေယာဉ်ပျံတွေ



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာတွေ ရေငုပ်သဘော်ာတွေနဲ့ လျှို့ဝှက်ပို့ထားတဲ့ လူငယ်တွေနဲ့ နိုင်ငံသစ် တည်ထောင်လိုတယ်။ မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ နာဇီဝါဒ ခေါင်းပြန်ထောင်ခွင့် မပေးနိုင်ဘူး။ မင်းတို့ငွေထုတ်ယူဖို့အစီအစဉ်တွေ ပျက်စီး ရမယ်။ အယ်လ်သိန်းက သူ့သားဆီကိုလိုက်သွားပြီး မင်းတို့နဲ့အတူတူ ဘဏ် တိုက်မှာ ပူးတွဲလက်မှတ်ထိုးဖို့ ပြောတော့မယ် "

" အယ်လ်သိန်း မပြောနိုင်အောင် မတားနိုင်အောင် ကျွန်တော်တို့ လုပ်လို့ရပါတယ်လေ။ ဒါလောက်က ဘာမှမခက်ပါဘူး။ ကျွန်တော်တို့ရဲ့ အရေးတော်ပုံကြီးကို ဘယ်သူကမှ ဖျက်လိုဖျက်ဆီး လုပ်လို့မရနိုင်ပါဘူး "

" တို့မှာ လူတွေရှိနေတယ်။ မင်းတို့ ဘယ်တုန်းကမှ မသိတဲ့လူတွေ ရှိနေတယ်။ တို့လူတွေဟာ မင်းတို့အစီအစဉ်ကြီးကို ဖျက်ဆီးဖို့အတွက် အသက် စွန့်ရမယ်ဆိုရင်တောင် ပျော်ပျော်ပါးပါး ကျေကျေနပ်နပ်နဲ့ စွန့်ကြမယ့်လူတွေ။ မင်းတို့ကို ဖော်ထုတ်မယ်။ ကမ္ဘာကသိသွားအောင် မင်းတို့အကြံအစည်ကြီးကို မျက်နှာဖုံးခွာချပြမယ် "

ထိုစကားကြားရသောအခါ ဂျီဟန်းက ခေါင်းတညိတ်ညိတ်လုပ်နေ သည်။

" ဟုတ်တာပေါ့လေ . . . ဟာရှာအလက်ကျေးရွာသမဝါယမက ဂျူးစုတ်တွေနဲ့ ကျွန်တော်တို့ အစီအစဉ်ကို ဖျက်ခိုင်းမှာပဲ "

ဂျီဟန်းက လေအေးကလေးနှင့်ပြောခြင်းဖြစ်သည်။ သို့သော်လည်း ဟာအိုးဘတ်စ်မှာ အကြီးအကျယ် တုန်လှုပ်သွားပုံရလေသည်။

" မဟုတ်ဘူး "

" ဟုတ်ပါတယ်လေ။ ငါ့ကိုသတ်လိုက်. . ငါ့နေရာကို နောက်တစ်ယောက် က ဝင်တာဝန်ယူလိမ့်မယ်။ အဲဒီနောက်တစ်ယောက်ကို သတ်လိုက်။ နောက်ထပ် တစ်ယောက်က အဲဒီတာဝန်ကို ဆက်ယူလိမ့်မယ်ဆိုတာ မဟုတ်လား။ နာဇီ အပေါ် စိတ်နာနေတဲ့ ဂျူးတွေကို ခင်ဗျားတို့ နာခရိုက်တင်းဒိုက်တွေက စုစည်း ထားတာလေ "

" တိရစ္ဆာန်. . . "

" ကျွန်တော်ဟာ ဝံပုလွေအစစ်ပါ။ ခင်ဗျားရဲ့ဂျူးစုတ်တွေက နိုဝယ် ကိုသတ်ဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် နိုဝယ် မသေဘူး။ ခင်ဗျားရဲ့ ဂျူးစုတ် တွေအားလုံး မျိုးပြုတ်တော့မယ်။ နီဂေ့ဖ်သဲကန္တာရထဲမှာ ရှိနေတဲ့ ခင်ဗျားတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာရှာအလက်သမဝါယမကျေးရွာကို ရက်ပိုင်းအတွင်း ကျွန်တော်တို့ အမှုန့်ခြေပစ်တော့မယ်။ ခင်ဗျားတို့ နာခရိုက်တင်းဒိုက်တွေလဲ မျိုးပြုတ်ပြီသာမှတ်။ ကျွန်တော်တို့ ဝံပုလွေတွေရဲ့ အောင်ပွဲပဲ ”

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်၏လက်ထဲမှ သေနတ်ပြောင်းဝတွင် မီးပွင့်သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၃၅ )

ဟယ်လ်ဒင်၏ပါးပြင်ပေါ်မှာ မျက်ရည်များအိုင်ထွန်းနေလေသည်။ ဟာအိုးဘတ်စ်၏အလောင်းကို ကလေးငယ်တစ်ယောက်ကဲ့သို့ ပွေ့ဖက်ထားလေသည်။

သို့သော်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဟာအိုးဘတ်စ်၏ မျက်နှာကိုတော့ သူငုံ့မကြည့်ရဲတော့ပေ။ ရင်ထဲမှာ အလွန်တရာ နာကျင်လာသည်။ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်လောက်အောင်လည်း သည်းထန်စွာ ငိုကြွေးနေသည်။

အိုဒက်ဇာအကြမ်းဖက်သမားများကို ပို၍နာကျည်းသည်ထက် နာကျည်းလာသည်။ ယခုလို ရက်ရက်စက်စက် သတ်ဖြတ်သွားခြင်းသည် အိုဒက်ဇာ၏ လက်ချက်ပင်ဖြစ်သည်။

တစ်အိမ်လုံးမှာ စကြာတံဆိပ်အမှတ်အသားများ ပွစာကျဲအောင် ရေးသားသွားသည်။ တစ်အိမ်လုံးကိုလည်း စိတ်ထင်တိုင်း မွှေနှောက်ရှာသွားသည်။

အိမ်ထဲတွင် အရေးကြီးသည့်ပစ္စည်း ဘာတစ်ခုမှမကျန်နိုင်တော့။ သို့သော် အိမ်အပြင်တစ်နေရာမှာတော့ အရေးကြီးသည့်ပစ္စည်းတစ်ခုရှိနေသည်မှာ အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ငါးရက်က ဟာအိုးဘတ်စ်ပြောခဲ့သည့်စကားများကို ဟယ်လ်ဒင် ပြန်လည်ကြားယောင်နေမိသည်။

" ကျုပ်တစ်ခုခုဖြစ်ရင် မင်းအနေနဲ့ဘာမှ ထိတ်လန့်တကြားဖြစ်မနေနဲ့။ တောထဲကို မင်းတစ်ယောက်တည်းသွား။ ကျုပ်ကိုတွဲပြီး လမ်းလျှောက်ခဲ့တဲ့နေရာ မှတ်မိတယ်မဟုတ်လား။ သစ်ပင်တစ်ပင်နားရောက်တော့ တောပန်းအရှိုင်းကလေးတစ်ပွင့်လောက် ခူးပေးစမ်းပါလို့ မင်းကို ကျုပ်ပြောခဲ့တယ်လေ။ ပြီးတော့ ပန်းပွင့်နေတဲ့သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြခဲ့တယ်လေ။ အဲဒီသစ်ပင်ပေါ်ကို မော့ကြည့်လိုက်။ သစ်ကိုင်းနှစ်ကိုင်းဟာ ဗွီပုံသဏ္ဌာန်ဖြစ်နေတာကို တွေ့ရလိမ့်မယ်။ အဲဒီသစ်ပင်က သစ်ခေါင်းထဲကို နှိုက်ကြည့်။ မင်းအတွက် စာတစ်စောင်တွေ့ရလိမ့်မယ်။ မင်းတစ်ယောက်တည်း ဖတ်ရမယ့်စာနော်။ ဘယ်သူကိုမှ အဖော်ခေါ်မသွားပါနဲ့ "

❖

တောထဲသို့ ဟယ်လ်ဒင်တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဟာအိုးဘတ်စ်ပြောသည့်သစ်ပင်ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိသည်။

သစ်ခေါင်းထဲသို့ နှိုက်ကြည့်သောအခါ ဖရန့်ငွေစက္ကူပေါင်းများစွာ ထွက်လာသည်။ ဟယ်လ်ဒင်က ငွေစက္ကူများကို ဘေးသို့ဖယ်ထုတ်ပြီး အတွင်းမှာ သေသေချာချာရှာကြည့်သည်။

သံဗူးကလေးတစ်ဗူးကို တွေ့ရသည်။ ဖွင့်ကြည့်သောအခါ စာတစ်စောင်ထွက်လာသည်။

ချစ်ခင်အပ်ပါသော ဟယ်လ်ဒင်၊

အန္တရာယ်တွေက သိပ်ကိုနီးကပ်လာပြီ။ ဒါကြောင့် ဒီစာကို မင်းအတွက် ရေးထားခဲ့ရခြင်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးလလောက်တုန်းက ကျုပ်နဲ့မင်း အတူတူလာနေဖို့ကို ကျုပ်အစီအစဉ်လုပ်ခဲ့တယ်။ မင်းဟာ ကျုပ်နှစ်ပေါင်းသုံးဆယ်လုံးလုံး စောင့်ဆိုင်းခဲ့ရတဲ့ ရန်သူရဲ့လက်တစ်ဖက်ဖြစ်ကြောင်းလဲ ကျုပ်သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်းဟာ ကျုပ်ရန်သူတွေနဲ့ ဘာမှမပတ်သက်ဘူး ဆိုတာကိုလဲ ကျုပ်ကောင်းကောင်းသိခဲ့ရတယ်။

ကျုပ်အသတ်ခံရမယ်ဆိုရင် ကျုပ်အကြောင်းတွေကို ရန်သူ တွေသိသွားပြီဆိုတာ သေချာတယ်။ အကြီးမားဆုံး အကုသိုလ်မှုကြီး တွေ ပေါ်ပေါက်ဖို့ အချိန်နီးကပ်လာပြီဆိုတဲ့ သဘောကိုလဲပြတာ ဖြစ်တယ်။ ဒါကြောင့် လိုအပ်တဲ့တားဆီးကာကွယ်မှုတွေကို အပြင်း အထန်လုပ်ကြရတော့မယ်။

မင်းတစ်ယောက်တည်းသွားပါ။ ကျုပ်ထပ်ပြောဦးမယ်၊ ဆွစ်ဇာလန် နိုင်ငံမှာရှိတဲ့ နုချာတဲရေကန်ရွာကလေးကို မင်းတစ်ယောက်တည်း သွားပါ။ မင်းနောက်က ဘယ်သူမှနောက်ယောင်ခံ မလိုက်ပါစေနဲ့။ ဒီကိစ္စကိုတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ မင်း ကျွမ်းကျင်ထားပြီးသား ပါ။ မင်းကိုလဲ သေသေချာချာ လေ့ကျင့်ပေးထားခဲ့ပြီးပြီ မဟုတ်လား။

အဲဒီရွာကလေးမှာ ဝါနာဂါးဟတ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိ တယ်။ သူကိုတွေ့အောင် ရှာပါ။

တွေ့ရင် 'ဝံပုလွေဒဂါးပြားမှာ မျက်နှာနှစ်ဘက်ရှိနေတယ်'လို့ ပြောပါ။ ဒီလိုပြောလိုက်ရင် ဘာကို ဆိုလိုကြောင်း သူသိပါတယ်။

မင်းအမြန်ဆုံး သွာဖို့လိုတယ်။ အချိန်ကသိပ်ကို နည်းနေပြီ။ တစ်ကြိမ်ထပ်ပြီး သတိပေးဦးမယ်။ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့။ ဘယ်သူမှ ရိပ်မိမသွားပါစေနဲ့။ လန်ဒန်မှာရှိနေတဲ့ မင်းရဲ့အလုပ်ရှင်နဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကိုတော့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့လန်ဒန်ကို သွားမယ်လို့ပြောပါ။ ဟိုမှာ မင်း ငါးနှစ်တောင်နေခဲ့တယ်ဆိုတော့ ဘယ်သူကမှ ထွေထွေထူးထူးမေး နေကြတော့မှာမဟုတ်ပါဘူး။ အလွယ်တကူယုံလိုက်ကြမှာပါပဲ။

အမြန်ဆုံးသွားပါတော့ ဟယ်လ်ဒင်. . . ဆွစ်ဇာလန်နိုင်ငံမှာ ရှိတဲ့ နုချာတဲကိုသွားပါ။ ဝါနာဂါးဟတ်ကို တွေ့ပါ။ ဒီထဲမှာ ပါတာ တွေကို စိတ်နဲ့သေသေချာချာမှတ်ပြီး ဒီစာကို မီးရှို့ဖျက်ဆီးလိုက်ပါ။

ဘုရားသခင်စောင်မပါစေ၊
ဟာအိုးဘတ်စ်



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်သည် သစ်ပင်ကိုမှီရင်း ပင်ပန်းနွမ်းရိစွာဖြင့် ကောင်းကင်ကို မော့ကြည့်နေမိသည်။

တိမ်တိုက်များက အရှေ့ဘက်သို့ ရွေ့လျားနေကြသည်။ လေသခပ်ပြင်းပြင်းတိုက်ခတ်နေသောကြောင့် တိမ်တိုက်များရွေ့လျားမှုအရှိန်ကလည်း အလွန်တရာမြန်နေသည်ကို တွေ့ရသည်။

ဟယ်လ်ဒင်သည် ထိုတိမ်တိုက်များဖြစ်လိုက်ချင်သည်။ တိမ်တိုက်များအဖြစ်နှင့် ဆွစ်ဇာလန်နိုင်ငံသို့ အမြန်ဆုံးပြေးသွားလိုက်ချင်လေသည်။ သူ့မှာရန်သူတွေပတ်လည်ဝိုင်းနေပြီဖြစ်ကြောင်း ပို၍သဘောပေါက်လာသည်။

ရန်သူများနှင့်လွတ်အောင် ရှောင်တိမ်းပုန်းအောင်းနေရသည့်ဘဝ၊ ပြေးလွှားနေရသည့်ဘဝမှ မကြာခင်လွတ်မြောက်ပါတော့မည်ဟု နိုဝယ်က ပြောခဲ့သည်။

နိုဝယ် ပြောသည့်စကားများ မှားယွင်းကုန်ပါပြီ။

\+ \+ \+

ယနေ့ ခရီးမထွက်ဖို့ အနည်းဆုံး တစ်ရက်လောက်စောင့်ဖို့ နိုဝယ်က တယ်လီဖုန်းနှင့် အတန်တန် တောင်းပန်သည်။ သို့သော်လည်း ဟယ်လ်ဒင်ကို ဘယ်လိုမှတား၍မရချေ။

အစ်မဖြစ်သူ ဂရက်ချန်၏ပစ္စည်းများကိုစ္စ ရှင်းပေးရန် အရေးတကြီးဖြစ်နေကြောင်း၊ သူ အလုပ်လုပ်သည့် စာအုပ်တိုက်သို့ အကြောင်းကြားထားကြောင်း၊ ထို့ကြောင့် ချက်ချင်း လိုက်သွားမှဖြစ်မည့်အခြေအနေဖြစ်ကြောင်းများကို ဟယ်လ်ဒင်က ပြန်ရှင်းပြသည်။

“ မောင် ဂျီနီဗာကိုရောက်တဲ့အခါမှ ကျွန်မ ဖုန်းလှမ်းဆက်ပါ့မယ်။ ဟိုတယ်ဒကော့မှာပဲ မောင်တည်းနေမှာ မဟုတ်လား ”

“ ဟုတ်တယ်။ အဲဒီမှာပဲ တည်းမယ် ”

ဟယ်လ်ဒင်မှာ မည်သို့သောအခက်အခဲပေါ်ပေါက်လာသနည်း။ မည်သို့သော အကျပ်တည်းနှင့်ရင်ဆိုင်နေရသနည်း။ နှစ်နာရီမျှသော အချိန်ကာလကလေးအတွင်း ဘာကြောင့်ပြောင်းလဲသွားသနည်း။ ဟာအိုးဘတ်စ်နှင့် သွားတွေ့မည်ဟု ပြောသွားသည်။ ယခု ဖုန်းပြန်ဆက်သည်။ အင်္ဂလန်ကို



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးသွားရတော့မည်ဟု ပြောသည်။

နိုဝယ်မှာ ဘာကိုမှနားမလည်နိုင်အောင် ဖြစ်သွားလေတော့သည်။

" တစ်ရက် နှစ်ရက်အတွင်း မောင့်ကို ဖုန်းဆက်ပါ့မယ်။ ဖရက်စကာ ဆိုတဲ့နာမည်နဲ့ပဲ မောင်တည်းနေမှာ မဟုတ်လား မောင် "

ဟယ်လ်ဒင်၏အသံများကလည်း ကြည်ကြည်လင်လင်မဟုတ်။ တစ်စုံတစ်ရာပေါ်မသွားအောင် ထိန်းသိမ်းပြီး ပြောနေရသည့် အသံတစ်မျိုး ဖြစ်နေလေသည်။

" မင်းနဲ့အတူတူ ကိုယ်လိုက်ခဲ့ရမလား။ ဂျီနီဗာကိုသွားဖို့မှ မလိုသေးဘဲ။ မနက်ဖြန်ည သန်းခေါင်လောက်မှ ကိုယ်ရောက်ရင်လဲဖြစ်တယ်လေ။ ကက်စလာက မနက်ဖြန်ညဆယ်နာရီထိုးတော့မှ ဂျီနီဗာကိုရောက်မှာ။ မင်း အစ်ကိုက အဲဒီထက်ပိုနောက်ကျဦးမယ် "

" မဖြစ်ဘူးမောင်. . . မဖြစ်ဘူး။ အခု ကျွန်မသွားရမှာက စိတ်မကောင်းစရာခရီး။ နောက်ပြီးတော့ ကျွန်မ တစ်ယောက်တည်းသွားတာပဲ ကောင်းပါတယ်။ အခုအချိန်ဆိုရင် ဂျိုဟန်း လန်ဒန်မှာရှိနေဦးမယ်။ သူနဲ့လဲ ကျွန်မ အဆက်အသွယ်လုပ်လိုက်ပါ့မယ် "

" မင်းအဝတ်အစားတချို့ ဒီမှာ ရှိနေသေးတယ်လေ "

" တစ်စုံနှစ်စုံဆိုရင် လုံလောက်ပါပြီမောင်. . . ဟာအိုးဘတ်စ်အိမ်မှာ ဝင်ယူလိုက်တာက ကျွန်မအတွက် ပိုမြန်ပါတယ်။ နောက်ပြီးတော့ မို့စ်မောက်မှာလဲ ကျွန်မအဝတ်အစားတချို့ ကျန်နေပါသေးတယ် "

" ဘယ်လို ပိုမြန်မှာလဲ "

" လေဆိပ်ကိုအဆင်း ဟာအိုးဘတ်စ်အိမ် ဝင်ယူသွားရင် ပိုမြန်မယ်လို့ပြောတာပါ။ ဘာပဲဖြစ်ဖြစ် အဲဒီကိုလဲ ကျွန်မသွားရဦးမယ်လေ။ ကျွန်မ နိုင်ငံကူးလက်မှတ်ကလဲ အဲဒီမှာပဲ။ ပိုက်ဆံလဲယူရဦးမယ် "

" ကိုယ့်မှာ ပိုက်ဆံရှိပါတယ်။ မင်း သူ့အိမ်ကို ရောက်ပြီးပြီလို့ ကိုယ်ထင်နေတာ "

" နေပါစေမောင်ရယ်. . . မောင်ကလဲကွယ်. . . ခေါင်းမမာစမ်းပါနဲ့။ ကျွန်မ ရုံးကိုရောက်နေတယ်လို့ မောင့်ကို ပြောပြီးပြီမဟုတ်လား "

" မပြောပါဘူး။ ရုံးကိုရောက်နေပြီလို့ မင်းလုံးလုံးမပြောသေးဘူး။ မင်း ရုံးမှာ အကြောင်းကြားချက်ရောက်နေတယ်ဆိုတာပဲ စောစောက မင်းပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ဟယ်လ်ဒင်. . . မင်း ဘာတွေများ ဖြစ်နေတာလဲကွယ် ”

နိုဝယ်၏စိတ်ထဲမှာ ပို၍ရှုပ်ထွေးလာလေသည်။ ဟာအိုးဘတ်စ်၏ အိမ်သည် အော်လီလေဆိပ်သို့သွားသည့်လမ်းနှင့် မည်သို့မှ လမ်းမကြုံချေ။ တစ်လမ်းစီဖြစ်သည်။ ဘာကြောင့် လေဆိပ်သို့အဆင်း ဝင်ယူသွားမည်ဟု ပြောရသနည်း။

“ မောင့်ကို ကျွန်မချစ်ပါတယ် မောင်. . . မနက်ဖြန်ညကျရင် မောင့်ကို ဖုန်းဆက်လိုက်မယ်နော်။ ဂျီနီဗာက ဟိုတယ်ဒကော့ကိုလေ ”

ဟယ်လ်ဒင်က ထိုမျှပြောပြီး ဖုန်းချသွားလေသည်။

နိုဝယ်ကလည်း ဖုန်းကို စိတ်လေးလေးနှင့် ပြန်ချသည်။ ဟယ်လ်ဒင် ပြောသည့်စကားများကို သူနားမလည်တော့။

လေသံကလည်း မှုမမှန်ချင်။

ထိုကြောင့် တစ်ခုခုတော့ မှားနေပြီဟု တွက်လိုက်သည်။ သို့သော် ဘာမှားနေကြောင်းကိုလည်း စဉ်းစား၍မရ။ ရိပ်ဖမ်းသံဖမ်းကလေးပင် ဟယ်လ်ဒင် ပြောမသွား။

သည်အတိုင်းဆိုလျှင် ပါရီမြို့မှာ သူတစ်ယောက်တည်းနေနေလို့ ဘာမှအကြောင်းမထူးတော့ပေ။ သူ့ကို စောင့်ကြည့်နေသူများကလည်း နေရာတကာမှာရှိနေနိုင်သည်။ ဂျီနီဗာမြို့သို့ လေယာဉ်ပျံနှင့် သော်လည်းကောင်း၊ ရထားနှင့်သော်လည်းကောင်း သွားလျှင် နောက်ယောင်ခံလိုက်သူကလိုက်နေဦးမည်။

ထို့ကြောင့် ဖရက်စကာအမည်နှင့် ကားတစ်စီးငှားပြီး ဂျီနီဗာသို့ တိုက်ရိုက်မောင်းသွားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

\+ \+ \+

အောက်မှာရှိနေသော လစ္စဘွန်းမြို့၏ မီးရောင်များကို လေယာဉ်ပျံပေါ်ရှိ အယ်လ်သိန်းဟိုးလ်ခရေ့ဖ်တ်က ငုံ့ကြည့်လိုက်လေသည်။ မိနစ်ပိုင်းကလေးအတွင်းမှာပင် လေယာဉ်ကွင်းသို့ သူတို့ဆင်းသက်ကြပေတော့မည်။

မီးရောင်များကိုကြည့်ရင်း လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကိုပြန်လည် အမှတ်ရလာသည်။

လစ္စဘွန်းမြို့။

ဘုရား . . ဘုရား . . လစ္စဘွန်းမြို့ကို ပြန်ရောက်ရပေဦးမည်။

သူတို့ဘဝ၏ဇာတ်ရှုပ်များသည် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်က လစ္စဘွန်းမြို့မှာ စတင်ခဲ့ခြင်းဖြစ်သည်။ သူ၏ခင်ပွန်းဟောင်း ဟိန်းနရစ်ကလော်ဆင်က သူ့ကိုတာဝန်များပေးအပ်ခဲ့သည်မှာ လစ္စဘွန်းမြို့တွင် ဖြစ်သည်။

ယခု ထိုခရီးကြီးကို သူစတင်ခဲ့ရပြန်သည်။

မက်ဆီကိုမှာတုန်းက သူ့နောက်သို့ လူတစ်ယောက်နောက်ယောင်ခံလိုက်ခဲ့သည်ကို သူသတိထားခဲ့မိသည်။ သို့သော် လေဆိပ်မှာ ထိုသူပျောက်သွားသည်။ ဘယ်ရောက်သွားသည်မသိ။ ထိုသူ၏တာဝန်ကို အခြားတစ်ယောက်ယောက်က ဆက်လက်တာဝန်ယူသွားခြင်းလည်း ဖြစ်ပေလိမ့်မည်။

လစ္စဘွန်းမြို့သို့ရောက်လျှင်တော့ ထိုသို့သော အဖြစ်အပျက်မျိုးနှင့် မကြုံအောင် ဆင်ခြင်ရတော့မည်။ သူ့ကို တစ်စုံတစ်ယောက်က မြင်တွေ့မသွားအောင် ကြီးစွာဂရုပြုရပေတော့မည်။

ဘက်ဖို့ဒ်တောင်ကုန်းရှိ နေအိမ်မှာ သူတစ်ယောက်တည်းရှိနေခိုက် ညသန်းခေါင်အချိန်တွင် လူတစ်ယောက်ရောက်လာခဲ့သည်။

မင်ဖရက်ဒီ၏နာမည်ကိုပြောပြသောကြောင့် သူ့သား နိုဝယ်နှင့် တစ်စုံတစ်ရာပတ်သက်နိုင်သည်ထင်ပြီး တံခါးဖွင့်ပေးခဲ့မိသည်။

ထိုသူက သူသည်ဂျူးလူမျိုးဖြစ်ကြောင်း၊ နီဂေ့ဗ်သဲကန္တာရအတွင်းရှိ ဟာရှာအလက်သမဝါယမကျေးရွာမှဖြစ်ကြောင်း၊ အယ်လ်သိမ်းကို သတ်ပစ်ဖို့လာခြင်းဖြစ်ကြောင်း၊ ပြီးလျှင် အယ်လ်သိမ်း၏တစ်ဦးတည်းသောသား နိုဝယ်ကိုလည်း သတ်ပစ်မည်ဖြစ်ကြောင်း၊ ဂျီနီဗာဘဏ်တိုက်မှာရှိသော ငွေများကို ထုတ်ယူပြီး စတုတ္ထမြောက် ဂျာမနီနိုင်ငံတော်တည်ဆောက်ဖို့ ကြိုးစားနေခြင်းများကို သူတို့အနေဖြင့် မပျက်ပျက်အောင် ဖျက်ဆီးရမည်ဖြစ်ကြောင်းများ ပြောပြသည်။

ထို့ကြောင့် ဂျီနီဗာသို့လိုက်သွားပြီး ဘဏ်တိုက်မှငွေများကို ထုတ်မယူနိုင်အောင် နိုဝယ်အား တားပေးရန် ထိုသူကပြောသည်။

" ခင်ဗျားယောက်ျား ရစ်ချတ်ဟိုးလ်ခရော့ဖ်တ် သေသွားတာဟာ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသား သေတာမဟုတ်ဘူး။ အသတ်ခံလိုက်ရတာ ”

ထိုစကားကိုကြားသောအခါ အယ်လ်သိန်းမှာ မူးမေ့လဲကျသွားတော့မလို ဖြစ်သွားလေသည်။

ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်သည် သူ့ဘဝအတွက် မှီခိုအားထားရာ မြင့်မိုရ်တောင်ကြီး ဖြစ်ခဲ့သည်။ သူနှင့်သားကလေး နိုဝယ်၏ဘဝကို ပြန်လည်ထူထောင်ပေးသူမှာ ရစ်ချတ်ဖြစ်ခဲ့သည်။

“ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်ကို ဝံပုလွေတွေက သတ်ပစ်ခဲ့တာ ဖြစ်တယ်။ ဝံပုလွေအစစ်မဟုတ်ဘူး။ အတုတွေ။ စတုတ္ထမြောက် ဂျာမနီနိုင်ငံတော် ထူထောင်လိုတဲ့ ဝံပုလွေအတုတွေက သတ်ပစ်ခဲ့တာဖြစ်တယ် ”

ဝံပုလွေဆိုတာ ဘာလဲ။ ဘာကြောင့် ဝံပုလွေအတုလို့ပြောရတာလဲ ဟုလည်း အယ်လ်သိန်းက စဉ်းစားကြည့်နေမိသည်။

“ ဒါကြောင့် ခင်ဗျား စဉ်းစားပါ။ ကျွန်တော်တို့ကို မလိမ့်တပတ်လုပ်မယ်ကြံရင် ခင်ဗျားကို အရှင်မထားနိုင်ဘူး။ ခင်ဗျားသားရဲ့ အသက်ကိုတော့ ကျွန်တော်တို့ ရန်မရှာဘူး။ ဒါပေမယ့် သူတစ်သက်လုံး လူတောမတိုးနိုင်အောင် သူ့မျက်နှာတပြင်လုံးမှာ စကြာတံဆိပ်တွေကို အနှံ့ထိုးပေးလိုက်မယ်။ တစ်သက်လုံး ဖျက်မရအောင် ထိုးပေးလိုက်မယ် ”

ဟာရှာအလက် သမဝါယမကျေးရွာမှ ဂျူးလူမျိုး ပြန်သွားသည်။

အယ်လ်သိန်းသည် ပြတင်းပေါက်နားထိုင်ရင် ဘာလုပ်ရမည်ကို စဉ်းစားရတော့သည်။

ဘာပဲဖြစ်ဖြစ် သားလေး၏ လုံခြုံရေးအတွက်တော့ ဖြစ်သည်နည်းနှင့် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရပေတော့မည်။

\+ \+ \+

တာဂူးစ်မြစ်ကိုဖြတ်ကူးသည့် ကုတို့သင်္ဘောပေါ်မှာ အယ်လ်သိန်း ရပ်နေသည်။ လှိုင်းလုံးများက သင်္ဘောရောကို လာရောက်ပုတ်ခတ်နေကြသည်။

သင်္ဘောလက်တန်းပေါ်တွင် တင်ထားသည့်သူ၏လက်ထဲမှာ လက်ကိုင်ပဝါကလေးတစ်ထည် ကိုင်ထားသည်။ လေခပ်ပြင်းပြင်းတိုက်နေသောကြောင့် လက်ကိုင်ပဝါကလေးသည် လက်ထဲမှ အတင်းအဓမ္မ ရုန်းထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူ့အနားသို့ မသိမသာချဉ်းကပ်လာသူတစ်ယောက်ကို သတိထားမိသည်။ သို့သော်လည်း ညွှန်ကြားချက်အတိုင်း မသိချင်ယောင်ဆောင်နေလိုက်သည်။ မြစ်ပြင်ကိုသာ ငေးမြိငေးနေလိုက်သည်။

မသိမသာချဉ်းကပ်လာသူက သူနှင့်အတော်နီးလာသည်။ အယ်လ်သိန်းက မသိမသာလှည့်ကြည့်သည်။ ထိုသူ၏ကိုယ်ပေါ်မှ အဝတ်အစားများက တွန့်ကြေနေသည်။ အသက်ကတော့ မငယ်တော့ပြီ။ နားသယ်စပ်ရှိဆံပင်များ ဖြူဖွေးနေလေသည်။

" မြစ်ထဲမှာ ဒီနေ့ပိုအေးနေတယ် " ဟု ထိုသူက အယ်လ်သိန်းကို ပြောသလိုလို သူ့ကိုယ်သူ ပြောသလိုလိုပြောသည်။

အယ်လ်သိန်း၏လက်ထဲမှ လက်ကိုင်ပဝါကလေး လွတ်သွားသည်။ လေဟုန်စီးပြီး ရေမျက်နှာပြင်ပေါ်သို့ ကျသွားသည်။

" အိုး . . . သွားပါပြီရှင်. . . လက်ကိုင်ပဝါလေး ဆုံးပါပြီ "

အယ်လ်သိန်းက အဝတ်အစားနွမ်းနွမ်းနှင့်လူ ကြားလောက်ရုံပြောသည်။

" ခင်ဗျားတွေ့ရမယ်လူကို တွေ့နေပြီ " ဟု ထိုသူက အယ်လ်သိန်းကို မကြည့်ဘဲပြောသည်။

" ကျေးဇူးတင်ပါတယ်ရှင် "

" ကျွန်တော့်ကို မကြည့်နဲ့။ ဟိုးက မိုးကုပ်စက်ဝိုင်းကိုပဲ ကြည့်နေပါ"

" ကောင်းပါပြီ "

" ခင်ဗျားက ငွေတွေကို ရေလိုသုံးလာတာပဲ "

" ကျွန်မ သိပ်ကို အလျင်လိုနေတယ် "

" ဒီခေတ်မှာ နိုင်ငံကူးလက်မှတ်အတုတွေနဲ့ ခရီးသွားတဲ့အလုပ်ဟာ ခေတ်မမီတော့ဘူး။ အခုက ကွန်ပြူတာခေတ်ဖြစ်သွားပြီ။ အလွယ်ကလေး မိသွားနိုင်တယ် "

" ကျွန်မ ဂျီနီဗာမြို့ကို အမြန်ဆုံးရောက်ဖို့ အရေးကြီးနေပါတယ်။ ကျွန်မ ဂျီနီဗာကိုရောက်သွားကြောင်းလဲ ဘယ်သူမှမသိမှုဖြစ်မှာပါ "

" တရားဝင်လမ်းကြောင်းတွေက သွားနေလို့တော့မဖြစ်ဘူး။ နယ်ခြားစောင့်တပ်တွေမရှိတဲ့နေရာက ဖြတ်ဝင်ပါ။ တကယ်လို့ အစောင့်နဲ့တွေ့ရင်လဲ ပိုက်ဆံဖောဖောသီသီသာ ပေးလိုက်ပါ။ အေဗီနွန်ကို ရောက်အောင်သွား။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မှာ လေယာဉ်ပျံသေးသေးကလေးတစ်စင်း စောင့်နေလိမ့်မယ်။ ဂရီနိုဘယ်လ် အရောက်ပို့ပေးလိမ့်မယ်။ အဲဒီကတစ်ဆင့် ချမ်ဘာရီကိုပို့လိမ့်မယ်။ ချမ်ဘာရီကတစ်ဆင့် ဂျီနီဗာကို အရောက်ပို့ပေးလိမ့်မယ်။ ငွေကုန်ကြေးကျတော့ သိပ်ကို များလိမ့်မယ် ”

" ကျွန်မ အကုန်ခံနိုင်ပါတယ်။ အဲဒီခရီးကို ကျွန်မတို့ ဘယ်တော့ စကြရမှာလဲ ”

" ဒီညပဲ ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၆ )

ရွှေရောင်ဆံပင်နှင့်လူသည် ဟိုတယ်ဒကော့ ဧည့်ကြိုဌာနတွင် ဧည့်သည်ကတ်ပြားပေါ်မှာ လက်မှတ်ထိုးပြီး စာရေးလက်သို့ ပြန်ပေးလိုက်သည်။

“ ကျေးဇူးတင်ပါတယ် မစ္စတာတင်နီဆန်။ ကျွန်တော်တို့ဟိုတယ်မှာ ဆယ့်လေးရက်လောက် တည်းမှာပေါ့နော် ” ဟု စာရေးကမေးသည်။

“ ပိုကြာဖို့များပါတယ်။ ဆယ့်လေးရက်ထက် လျော့စရာအကြောင်းတော့ ဘယ်နည်းနဲ့မှမရှိနိုင်ပါဘူး။ ကျုပ်ဖို့ မိသားစုခန်း စီစဉ်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ” ဟု တင်နီဆန်က ပြန်ပြောသည်။

စာရေးက ပြုံးသည်။

“ လူကြီးမင်းရဲ့ သူငယ်ချင်း ဒုတိယမြို့တော်ဝန်က ကျွန်တော်တို့ကို ဖုန်းဆက်ထားပါတယ်။ လူကြီးမင်း တည်းခိုနေတဲ့အချိန်အတောအတွင်း စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးဖို့ ပြောပါတယ် ခင်ဗျာ ”

“ စိတ်ချမ်းသာမှုအပြည့်အဝရှိကြောင်း သူ့ကို ပြောလိုက်ပါ့မယ်”

“ ကျေးဇူးတင်ပါတယ်ခင်ဗျာ ”

“ ဒါထက်စကားမစပ်။ ကျုပ်ရဲ့မိတ်ဆွေဟောင်းတစ်ယောက် အခုရက်ပိုင်းအတွင်း ဒီဟိုတယ်ကို ရောက်လာဖို့ ရှိပါတယ်။ မစ္စက် ဟိုးလ်ခရော့ဖ်တ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါပဲ။ သူ ဘယ်တော့လောက် ရောက်လာမယ်ဆိုတာများ ပြောနိုင်မလား”

စာရေးက ဧည့်စာရင်းစာအုပ်ကြီးကို လှန်ကြည့်နေသည်။

“ မစ္စက် ဟိုးလ်ခရော့ဖ်တ်လို့များ ပြောလိုက်သလားခင်ဗျာ ”

“ ဟုတ်ပါတယ်။ အယ်လ်သိန်းဟိုးလ်ခရော့ဖ်တ်။ အမေရိကန် အမျိုးသမီးကြီးပါပဲ။ သူ့သား နိုဝယ်ဟိုးလ်ခရော့ဖ်တ်အတွက်လည်း အခန်းကြိုတင်ငှားထားလိမ့်မယ် ”

“ အဲဒီနာမည်တွေနဲ့ အခန်းကြိုငှားထားတာတော့ မရှိပါဘူးခင်ဗျာ။ လက်ရှိတည်းနေတဲ့ ဧည့်သည်တွေထဲမှာလဲ အဲဒီနာမည်နဲ့ဧည့်သည် တစ်ယောက်မှမရှိပါဘူး ”

တင်နီဆန်၏မေးရိုးများ တင်းသွားလေသည်။

“ ခင်ဗျားတို့စာရင်းစာအုပ်ထဲမှာ တစ်ခုခုများမှားနေပြီလား။ ကျုပ်သတင်းက အင်မတန်တိကျပါတယ်။ အယ်လ်သိန်းဟိုးလ်ခရော့ဖ်တ်ဟာ ဒီဟိုတယ်မှာ လာတည်းဖို့ရှိနေတယ်။ ဒီနေ့တော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမယ့် မနက်ဖြန်ဖြစ်ဖြစ်၊ သဘက်ခါဖြစ်ဖြစ် ရောက်လာဖို့ရှိပါတယ်။ ပြန်ကြည့်ကြည့်စမ်းပါဦး။ ခင်ဗျားတို့မှာ လျှို့ဝှက်ဧည့်စာရင်းများ သီးခြားထားသေးသလား ”

“ မထားပါဘူးခင်ဗျာ ”

“ တကယ်လို့ ထားတယ်ဆိုရင်လဲ ကျုပ်သူငယ်ချင်း ဒုတိယမြို့တော်ဝန်က ထုတ်ပြဖို့ ခင်ဗျားတို့ကို အမိန့်ပေးမှာသေချာတယ်နော် ”

“ လျှို့ဝှက်စာရင်းရှိနေတယ်ဆိုရင်လဲ ဒုတိယမြို့တော်ဝန်အထိ ပြောဖို့မလိုပါဘူးခင်ဗျာ။ မစ္စတာ တင်နီဆန် လိုတာအားလုံး ဆောင်ရွက်ပေးရမယ်ဆိုတာ ကျွန်တော်တို့သဘောပေါက်ထားပြီးသားပါ ”

“ နာမည်ဝှက်နဲ့များ ခရီးသွားနေသလားမသိဘူး။ ဒီအဘွားကြီးက တစ်ခါတစ်လေ အဲဒီလိုလုပ်တတ်တယ် ”

စာရေးက ဧည့်စာရင်းစာအုပ်ကို တင်နီဆန်ဘက်သို့ ထိုးပေးသည်။

“ ကိုယ်တိုင် စိတ်တိုင်းကျ စစ်ကြည့်ပါခင်ဗျာ။ နာမည်ကို မှတ်မိချင်မှတ်မိသလားမသိဘူး ”

တင်နီဆန်က စာအုပ်ကို ကိုင်မကြည့်ချေ။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် စာရေးနှင့် ထိပ်တိုက်တိုးသည့်သဘောမျိုးဖြစ်သွားနိုင်သည်။

ထို့ကြောင့်၊



www.burmeseclassic.com

www.burmeseclassic.com



" ဒါ စာရင်းအပြည့်အစုံပဲလား " ဟုသာ မေးသည်။

" မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဟိုတယ်က သေးသေးကလေးပါ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ လူကြီးလူကောင်းများအတွက် သီးသန့်ထားတဲ့ ဟိုတယ်လို့ ပြောနိုင်ပါတယ်။ ဒီမှာတည်းတဲ့ ဧည့်သည်အများစုဟာလဲ တည်းနေကျလူတွေသာများပါတယ်။ ဧည့်သည်တိုင်းလိုလိုကို နာမည်နဲ့လူနဲ့ ဟပ်မိပြီး ကျွန်တော်တို့ မှတ်မိနေပါတယ် "

" ဒီလိုဆိုရင် ခင်ဗျားမမှတ်မိတဲ့လူများ ရှိသလား "

စာရေးက လက်နှစ်ချောင်းထောင်ပြသည်။

" နာမည်နှစ်ခုတော့ ကျွန်တော်အဖို့ စိမ်းနေပါတယ်။ ဂျာမနီကလာတဲ့ ကက်စလာဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရယ်။ လန်ဒန်ကလာတဲ့ ဆာဝီလီအဲလစ်ဆိုတဲ့ ပုဂ္ဂိုလ်ရယ်ကိုတော့ ကျွန်တော်မသိပါဘူး။ ဆာဝီလီအဲလစ်ရောက်လာတာ နာရီပိုင်းကလေးပဲရှိပါသေးတယ် "

တင်နီဆန်က ဧည့်ကြိုစာရေး၏မျက်နှာကို တည့်တည့်စိုက်ကြည့်နေသည်။

" ကျုပ် အခန်းထဲကို သွားလိုက်ဦးမယ်။ ဒါပေမယ့် ခင်ဗျားရဲ့ပူးပေါင်းကူညီမှုကိုတော့ တောင်းရလိမ့်ဦးမယ်။ ကျုပ်လိုတာရှိသမျှ ကူညီလိုက်ဖို့ ဒုတိယမြို့တော်ဝန်ကလဲ ခင်ဗျားတို့ကို မှာသွားတယ်မဟုတ်လား။ ဂျီနီဗာမြို့ထဲက ဘယ်နေရာမှာ မစ္စက်ဟိုးလ်ခရော့ဖ်တ်ရှိနေတယ်ဆိုတာ ကျုပ် အမြန်ဆုံးသိချင်နေတယ်။ ဒါကြောင့် တခြားဟိုတယ်တွေကို ဖုန်းဆက်ပြီး စုံစမ်းကြည့်စမ်းပါ။ ဒါပေမယ့် ကျုပ်နာမည်ကိုတော့ လုံးလုံးမသုံးပါနဲ့။ တွေ့အောင်ရှာပေးပါ "

တင်နီဆန်က ပြောပြောဆိုဆို ရာတန်စက္ကူတစ်ရွက်ကို ထုတ်ပေးလိုက်လေသည်။

+ + +

ညသန်းခေါင်အချိန်တွင် တောမြို့ကလေးတစ်မြို့သို့ နိုဝယ်ရောက်လာလေသည်။ ထိုမြို့ကလေးမှနေ၍ လန်ဒန်မှာရှိနေသော ဝီလီအဲလစ်ထံ ဖုန်းလှမ်းဆက်သည်။

" အချိန်မတော်ကြီးပါလားကွ " ဟု ဝီလီက ပြောသည်။

" ဝီလီ. . . ငါ့ကို တစ်ခုလောက်ကူညီပါကွာ။ ဂျီနီဗာမြို့ကိုသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ငါ့အမေကိုရှာပြီး လန်ဒန်ကိုပြန်ခေါ်သွားပေးပါ။ မင်း ကုန်ကျစရိတ်တွေ အားလုံး ငါပေးပါ့မယ်။ အရေးအကြီးဆုံးက ငါ့အမေကို လန်ဒန် မရောက် ရောက်အောင် ပြန်ခေါ်ပေးဖို့ပါပဲ ”

“ နိုဝယ်. . . မင်းအမေက သူငယ်နှပ်စားကလေးမှမဟုတ်တာ။ ငါက ဘယ်လိုလုပ်ပြီး လန်ဒန်ခေါ်သွားလို့ ဖြစ်မလဲ။ ငါခေါ်လို့ရော သူလိုက်မှာလား”

“ သူသဘောပေါက်အောင် ပြောပြပါကွာ။ တစ်ယောက်ယောက်က သူ့ကိုနောက်ယောင်ခံလိုက်နေတယ်။ ဂျီနီဗာမှာ မင်းနဲ့တွေ့ရင် ငါရှင်းပြပ့ါ မယ်။ ဘယ်လိုလဲ ဝီလီ. . . မင်းကူညီနိုင်ပ့ါမလား ”

“ ကောင်းပြီလေ. . . ငါသွားပ့ါမယ်။ ကြိုးစားကြည့်ပ့ါမယ်။ ဒါပေမယ့် မင်းအမေက မလိုက်ရင်. . . ”

“ လိုက်အောင်ပြောပြပါ သူငယ်ချင်းရယ်။ သိပ်ကိုအရေးကြီးလွန်းလို့ ပါ။ ဒီနေ့မနက် လေယာဉ်ပျံနဲ့ပဲ မင်းလိုက်သွားလိုက်ပါ။ ဟိုတယ်ဒကော့မှာ အခန်းငှားပါ။ ငါ့အမေလဲ အဲဒီမှာရှိနေလိမ့်မယ် ”

“ ကောင်းပြီလေ. . . အဝတ်ကောင်း အစားကောင်းတွေတော့ ဝတ် သွားမှဖြစ်မယ် ”

“ ဘာပြောတယ်ကွ . . . ”

“ ဂျီနီဗာအကြောင်း မင်းထက်ငါ ပိုသိပါတယ် နိုဝယ်. . . ။ အထက် တန်းကျတဲ့အဝတ်အစားတွေဝတ်မှ။ နောက်က ဘွဲ့ထူးဂုဏ်ထူးလေးတပ်လိုက် ရင် ပိုတောင်အဆင်ပြေသေးတယ်။ ဆာဘွဲ့တို့ မြို့စားဘွဲ့တို့ပေ့ါကွာ ”

“ ဆယ်နာရီ ဆယ်နာရီခွဲလောက် ဒကော့ဟိုတယ်ကို ငါဖုန်းလှမ်း ဆက်မယ်။ အဲဒီအချိန်မှာဆိုရင် မင်းရောက်လောက်ပါပြီ။ နောက်ပြီးတော့ မင်း အခန်းကိုလဲ ငါခဏသုံးဖို့လိုလိမ့်ဦးမယ် ”

“ ကောင်းပြီ . . . ဂျီနီဗာမှာ တွေ့ကြမယ် ”

နိုဝယ်က ဖုန်းချပြီး ခရီးဆက်လာခဲ့သည်။ ကားမောင်းလာရင်းလည်း ဝီလီသည် မည်မျှအားကိုးရသော သူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်းကိုပါ စဉ်းစားလာမိလေသည်။ ဘယ်သောအခါတွင်မှ စကားကြောရှည်နေတတ်သူ မဟုတ်။

အမေ့ကို အမြန်ဆုံး ဆွစ်ဇာလန်နိုင်ငံထဲမှ ခေါ်ထုတ်သွားဖို့ အရေး ကြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဂျီနီဗာပင်္ဂိုညာဉ်ခံ၏ရန်သူများက အဖေ့ကို သတ်ပစ်ခဲ့ပြီ။ ယခုလို အမေလိုက်လာကြောင်းသိလျှင် အမေ့ကိုလည်း သတ်ကြပေဦးမည်။

သူတို့လုပ်ငန်းကြီးသည် နှစ်ရက်သုံးရက်အတွင်း ပြီးစီးတော့မည်။ ဂျီနီဗာအာမခံဘဏ်တိုက်တွင် သူတို့သုံးယောက် လက်မှတ်ရေးထိုးပြီးလျှင် လုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပြီးဆုံးခြင်းသို့ ရောက်ပြီ။

ငွေအားလုံးကို ဇူးရစ်မြို့သို့ လွှဲပြောင်းယူရမည်။ ဇူးရစ်မြို့မှာ ဂျေင်စီ တစ်ခုဖွင့်မည်။ ပြီးလျှင် အဖေတို့ဖြစ်စေချင်သော ဂုဏ်သိက္ခာ ပြန်လည် အဖတ် ဆည်မှုများကို ပြုလုပ်ရမည်။

လမ်းဘေးတစ်နေရာရာမှာ ကားထိုးရပ်ပြီး အိပ်ဖို့ သူ စဉ်းစားသည်။ မနက်ဖြန်သည် အရေးအကြီးဆုံးနေ့ ဖြစ်သည်။ လန်းလန်းဆန်းဆန်း ရှိနေဖို့ လိုသည်။ ဖျတ်ဖျတ်လတ်လတ်ရှိနေဖို့ လိုသည်။

ရန်သူတွေကလည်း ပတ်လည်ဝိုင်းနေသည်။

လမ်းဘေးတစ်နေရာမှာ ကားထိုးရပ်ပြီး ကူရှင်ပေါ်မှာပင် သူ အိပ် လိုက်လေတော့သည်။

\+ \+ \+

အားရစ်ကက်စလာသည် လေယာဉ်ကွင်းလုံခြုံရေးအမှုထမ်းများနှင့် စကားပြောနေသော သူ၏ညီ ဟန်းစ်ကက်စလာကို လှမ်းကြည့်နေသည်။

၁၉၇၂ ခုနှစ် မြူးနစ်မြို့အိုလံပစ်ပွဲတော်တွင်းသို့ ပါလက်စတိုင်းများက လက်နက်များခိုးသွင်းပြီး လုပ်ကြံမှုများ ပြုလုပ်ခဲ့သည့် အချိန်မှစ၍ လေဆိပ် လုံခြုံရေးအစီအစဉ်များကို တင်းကျပ်ထားခဲ့သည်။

ဟန်းစ်သည် သူတို့ခရိုင်၏ ဘောလုံးအသင်းခေါင်းဆောင်ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။

မိမိသည် သားအကြီးမဖြစ်ဘဲ သူက သားအကြီးဖြစ်ကာ ယခု ပင်္ဂိုညာဉ်ခံကိစ္စတွင် သူကိုယ်တိုင် ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်နှင့် လက်တွဲလုပ်ကိုင် မည်ဆိုလျှင် ပိုမိုကောင်းချိမ့်မည်ဟုလည်း ဟန်းစ်ကိုကြည့်ရင်း အားရစ်က တွေး နေမိလေသည်။

အချိန်အနည်းငယ်အတွင်းမှာပင် ဟန်းစ်၏ ဆေးသေတ္တာကို စစ်ဆေး ကြည့်ရှုပြီးစီးသွားသည်။ ဂျီနီဗာသို့ရောက်လျှင် ယခုလိုစစ်ဆေးမှုများကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကြုံကြရမည်မဟုတ်ပါ။ သူတို့အားလုံးသည် ဂျီနီဗားဒုတိယမြို့တော်ဝန်၏ အထူးဧည့်သည်တော်များဖြစ်သောကြောင့် တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်ကြပေမည်။

"ကျွန်တော့်မှာ အားလုံးအဆင်သင့်ပြင်လာခဲ့တယ်။ ခင်ဗျားရဲ့ နိုဝယ်ဆိုတဲ့ အမေရိကန်ကောင် ဘယ်လိုသေသွားတယ်ဆိုတာ သူကိုယ်တိုင်သိဖို့ဝေးလို့ ဘယ်ဓာတ်ခွဲခန်းကမှ အပြစ်ရှာလို့ မတွေ့စေရဘူး"

လေယာဉ်ရှိရာသို့ လျှောက်လာကြရင်း ဟန်းစ်က အားရစ်ကို လှည့်ပြောသည်။

+ + +

နူချာတဲမီးရထားဘူတာရုံသို့ရောက်သောအခါ ဟယ်လ်ဒင်က ရထားပေါ်မှ ဆင်းလိုက်သည်။ ပလက်ဖောင်းပေါ်မှာရပ်ရင်း ပတ်ဝန်းကျင်ကို ကြည့်နေသည်။

ပလက်ဖောင်းပေါ်မှာရှိသော လူအုပ်ကြီးနှင့် ဝေးရာသို့ အမြန်ဆုံးထွက်သွားရန်လိုကြောင်း သူသိသည်။

သို့သော်လည်း သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ လေစိမ်းလေသန့်ကို အားပါးတရ ရှူရှိုက်ချင်နေသည်။

လွန်ခဲ့သော သုံးနာရီတုန်းက အလုံပိတ် ကုန်ကားကြီးထဲမှာ သူ နေခဲ့ရသည်။ ထို ကုန်ကားကြီးထဲမှာ ပုန်းပြီး လူသူမမြင်အောင် ခရီးဆက်ခဲ့ရသည်။ ကားက အလုံပိတ်ထားသောကြောင့် အထဲမှာ မွန်းကျပ်နေခဲ့သည်။

အပြင်လေစိမ်း ရှူရှိုက်၍ဝတော့မှ အဝတ်အစားအိတ်ကို ကောက်ကိုင်ကာ ဘူတာရုံအပြင်သို့ ထွက်ခဲ့သည်။ အသင့်တွေ့ရသော တက္ကဆီကားနှင့် ပရီဒူးလက်ကျေးရွာကလေးသို့ ခရီးဆက်ခဲ့သည်။ နူချာတဲဘူတာရုံနှင့် ကီလိုမီတာနှစ်ဆယ်ခန့်သာ ကွာဝေးသည်ဟု သိရသည်။

"အဲဒီရွာမှာ ဟိုတယ်ကောင်းကောင်းတော့ မရှိဘူး။ တည်းခိုခန်းသေးသေးကလေးတွေပဲရှိတယ်" ဟု ဒရိုင်ဘာက ပြောသည်။

"ရပါတယ်။ တစ်ရက်တစ်လေပဲ။ ဖြစ်သလိုတည်းတာပေါ့" ဟု ဟယ်လ်ဒင်က အလိုက်သင့်ပြန်ပြောသည်။

ကားပြတင်းမှ အပြင်သို့ ငေးမျှော်ကြည့်လိုက်သည်။ သူကြုံတွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်များကိုလည်း ပြန်လည်စဉ်းစားကြည့်နေမိသည်။ သို့သော် ဘာကိုမှ နားမလည်နိုင်။

'ဝံပုလွေဒင်္ဂါးပြားမှာ မျက်နှာနှစ်ဘက်ရှိနေတယ်' ဟု ဟာအိုးဘတ်စ် ပြောခဲ့သည့်စကားကိုလည်း သူနားမလည်။

ပရီဒူးလက်ကျေးရွာကလေးသို့ ရောက်သောအခါ တည်းခိုခန်းတစ်ခုမှာ တည်းသည်။ တည်းခိုခန်းပိုင်ရှင်ထံမှ ဝါနာဂါးဟတ်အကြောင်းကို မသိမသာ စုံစမ်းကြည့်သည်။

" အရူးကြီး ဝါနာဂါးဟတ်လား။ သူ့မိတ်ဆွေဟောင်းတွေဆီက သတင်းစကားတစ်ခုခုကို မင်းယူလာတယ်နဲ့တူတယ်။ ဒါပေမယ့် သူကတော့ မင်းပြောတာတွေ ဘာမှနားလည်မှာ မဟုတ်ဘူး " ဟု တည်းခိုခန်းပိုင်ရှင်က ပြန်ပြောသည်။

" ဟုတ်လား. . . ရှင်ပြောတာ ကျွန်မ နားမလည်ဘူး " ဟု ဟယ်လ်ဒင်က ပြန်မေးသည်။ တကယ်လည်း နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

" မင်းကိုယ်တိုင်သွားတွေ့လိုက်ရင် သဘောပေါက်သွားမှာပါ။ သူက သူငယ်ပြန်နေရုံတင်မကဘူး။ စိတ်ကလဲ မနှံ့ဘူးလေ။ ရွာလယ်ကပန်းခြံမှာ ခိုတွေကိုအစာကျွေးရင်း ပါးစပ်က ပေါက်ကရတွေ လျှောက်ပြောနေတာ။ သူများပြောတာတွေကိုလဲ သူနားလည်တာမဟုတ်ဘူး။ သူ့တစ်ကိုယ်လုံးမှာ ခိုချေးတွေနဲ့ ပေကျံနေတာပဲ '

ရွာလယ်ပန်းခြံသို့ ဟယ်လ်ဒင်ထွက်ခဲ့သည်။ ကျောက်ခုံတစ်ခုပေါ်မှာ ထိုင်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ ပလပ်စတစ်အိတ်ထဲမှ ပေါင်မုန့်အကျိုးအကြေများကိုနှိုက်ကာ ခိုများကို အစာကျွေးနေသည်။ သူ့ပတ်လည်မှာ ခိုတွေဝိုင်းနေသည်။

တည်းခိုခန်းပိုင်ရှင် ပြောသကဲ့သို့ပင် သူ့အဝတ်အစားမှာ ခိုချေးများဖြင့် ပေကျံနေသည်။ ရောက်တတ်ရာရာ သီချင်းများကိုလည်း အစီအစဉ်မရှိ သီဆိုနေသည်။

အသက်အရွယ်က အတော်ကြီး အိုမင်းရင့်ရော်နေချေပြီ။ တစ်ကိုယ်လုံး အကြောများ ပြိုင်းပြိုင်းထနေသည်။ အရပ်က ခပ်ပျတ်ပျတ်ဖြစ်သည်။

ဟယ်လ်ဒင်သည် အဘိုးကြီးကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အန္တရာယ်တွေက သိပ်ကိုနီးကပ်လာပြီ' ဟု ဟာအိုးဘတ်စ် ပြောလိုက်သည့်စကားကို လည်းကောင်း၊

' ဝံပုလွေဒင်္ဂါးပြားမှာ မျက်နှာနှစ်ဘက်ရှိနေတယ် 'ဟူသော စကားကို လည်းကောင်း ပြန်လည်ကြားယောင်မိပြန်သည်။

သည်မျှ အိုမင်းမစွမ်းဖြစ်ပြီး သူငယ်ပြန်ရုံမက ရူးလည်းရူးနေသော သည်လိုအဘိုးကြီးနှင့် 'အန္တရာယ်များ'သည် မည်သို့ သက်ဆိုင်နေသနည်းဟု စဉ်းစားနေမိသည်။

ဟယ်လ်ဒင်က အဘိုးကြီးနားသို့ကပ်သွားသည်။ အဘိုးကြီးဘေးမှာ ဝင်ထိုင်သည်။ ပန်းခြံထဲမှာရှိနေသော အခြားသူများက ဟယ်လ်ဒင်ကိုလည်း အဘိုးကြီးကဲ့သို့ အရူးတစ်ယောက်ဖြစ်သည်ဟူသော အကြည့်မျိုးဖြင့် မသိမသာ အကဲခတ်ကြည့်ကြသည်။

" ဟာဂါးဟတ် မဟုတ်လား။ ရှင်နဲ့တွေ့ဖို့ ကျွန်မ ခရီးအဝေးကြီးက လာခဲ့ရပါတယ် "

" လှလိုက်တဲ့ မိန်းကလေးရယ်။ သိပ်ကိုလှတဲ့ မိန်းကလေးပဲ "

" ကျွန်မ ဟာအိုးဘတ်စ်ဆီကလာတာပါ။ သူ့ကို မှတ်မိရဲ့လား ဟင်"

" သိန်းငှက်လှောင်အိမ်ကလား။ ကျုပ်ရဲ့ခိုတွေကို သိန်းငှက်က သဘောမကျဘူးလေ။ ကျုပ်ခိုတွေကို ဒုက္ခပေးတယ်။ ဒါကြောင့် ကျုပ်နဲ့ ကျုပ် အပေါင်းအသင်းတွေက သိန်းငှက်ကို မကြိုက်ဘူး "

အဘိုးကြီးက ပလတ်စတစ်အိတ်ထဲမှ ပေါင်မုန့်အကျိုးများကို ထုတ်ပြီး ခိုများဘက်သို့ ဖြန့်ကြဲပေးလိုက်သည်။

" သူ့ကိုရှင် မှတ်မိမယ်ဆိုရင် သဘောကျသွားမှာပါ။ ဟုတ်တယ်။ ရှင် သူ့ကို သဘောကျသွားမှာပါ "

" ကျုပ် မသိတဲ့လူကို ကျုပ်က ဘယ်လိုလုပ်ပြီး သဘောကျနိုင်မှာလဲ မိန်းကလေးရယ်။ မင်း ပေါင်မုန့် စားမလား။ စားချင်ရင် အဲဒီထဲကနှိုက်စား။ ဒါပေမယ့် ကျုပ်ရဲ့ခိုကလေးတွေကတော့ သူတို့အစာတွေကို နှိုက်စားရမလား ဆိုပြီး မကျေမနပ်တော့ ဖြစ်ကြမှာပဲ "

အဘိုးကြီးက ထိုင်ရာမှထသည်။ သို့သော်လည်း သူ့ကိုယ်ကို သူ ကောင်းကောင်းဟန်နိုင်ပုံမပေါ်ပေ။ လက်ထဲမှ ပေါင်မုန့်အကျိုးများက ဟယ်လ်ဒင်၏ ခြေထောက်နားသို့ ဖိတ်ကျကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဝံပုလွေဒင်္ဂါးပြားမှာ မျက်နှာနှစ်ဘက်ရှိနေတယ် "

ဟယ်လ်ဒင်က လေသံကလေးဖြင့် ခပ်တိုးတိုး ပြောလိုက်လေသည်။

ဟယ်လ်ဒင်၏စကားကိုကြားနှင့်တစ်ပြိုင်တည်း ဝါနာဂါးဟတ်က သီချင်းတစ်ပုဒ်ကို ဆိုသည်။ ဘာတွေဆိုကြောင်း ဟယ်လ်ဒင်နားမလည်ပါ။ ဘာဖြစ်သွားသည်ကိုလည်း သဘောမပေါက်နိုင်တော့ပါ။

သို့သော်လည်း သေသေချာချာ နားထောင်ကြည့်သောအခါကျမှ အဓိပ္ပာယ်ကို သူနားလည်လေတော့သည်။

" သူသေသွားပြီ. . . ဟုတ်တယ် မဟုတ်လား။ နှုတ်နဲ့ပြန်မဖြေပါနဲ့။ ခေါင်းညိတ်ခေါင်းခါပဲလုပ်ပါ။ မင်းဟာ သူငယ်ပြန်နေတဲ့ အရူးကြီးတစ်ယောက်နဲ့ စကားပြောနေတယ်လို့ သဘောထားပါ။ ပေါက်ကရတွေ လျှောက်ပြောနေတယ်လို့ သဘောထားပါ။ ဘေးလူတွေမြင်ရင် ဘာမှစိတ်မဝင်စားအောင် ဣန္ဒြေရရနေပါ "

ဟယ်လ်ဒင်မှာ နေရာပြင်ထိုင်ဖို့ပင် မရွံ့မရဲဖြစ်သွားလေသည်။ သို့သော်လည်း ခေါင်းကိုတော့ ညိတ်ဖြစ်အောင် ညိတ်ပြလိုက်မိလေသည်။

အဘိုးကြီးက သီချင်းဆိုသလို လုပ်ပြန်သည်။ သေသေချာချာ နားထောင်ကြည့်သောအခါ စကားပြောနေခြင်းဖြစ်ကြောင်း ဟယ်လ်ဒင် သိရသည်။

" သူ သေသွားပြီ. . . အိုးဘတ်စ် သေသွားပြီ။ နောက်ဆုံးတော့ အိုးဘတ်စ်ကို သူတို့ရှာတွေ့သွားကြပြီကိုး. . . သူတို့သတ်ပစ်လိုက်ကြပြီကိုး. . "

" ဟုတ်ပါတယ်။ အိုဒက်ဇာက တွေ့သွားတာပါ။ အိုဒက်ဇာအကြမ်းဖက်သမားတွေက ဟာအိုးဘတ်စ်ကို သတ်ပစ်လိုက်ကြတာပါ။ သူ့အိမ်ထဲမှာ စက္ကူတံဆိပ်တွေ အများကြီးရေးထားခဲ့တာကိုလဲ တွေ့ရတယ် " ဟု ဟယ်လ်ဒင်က ဆက်ပြောသည်။

" အိုဒက်ဇာ အကြမ်းဖက်သမားတွေရဲ့ လက်ချက်ပဲလို့ ကျုပ်တို့ယုံကြည်အောင် ဝံပုလွေတွေက တမင်လုပ်နေကြတာလေ။ အိုဒက်ဇာဟာ အမြဲတမ်း ဓားစာခံဖြစ်ဖြစ်နေရတယ်။ ကဲ. . . ခိုကလေးတွေ. . . စားလိုက်ကြဦး. . . ဒါလေးကုန်ရင် တို့နားလိုက်ကြရအောင်နော် "

ဝါနာဂါးဟတ်က လက်ကျန်ပေါင်မုန့်အကျိုးများကို ခိုအုပ်ရှိရာသို့ ပက်ပေးလိုက်လေသည်။

" ဝံပုလွေလို့ ရှင်ပြောလိုက်တယ်ထင်တယ်. . . နိုဝယ်ဟိုးလ်ခရော့ဖ်တ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူတစ်ယောက်ဆီကိုလဲ ဝံပုလွေတွေက စာတစ်စောင်ရေးဖူးတယ်။ သူ့ကို ခြိမ်းခြောက်ထားတဲ့စာ. . . အဲဒီစာကို လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က ရေးခဲ့တယ်။ စာရေးတဲ့လူတွေကလဲ သူတို့ကိုယ်သူတို့ ဝံပုလွေလို့ပဲ ခေါ်ကြတယ် ”

ဟယ်လ်ဒင်က လေသံတိုးတိုးကလေးဖြင့် ဆက်ရှင်းပြပြန်သည်။

ထိုအခိုက်အတန့်ကလေးတွင် ခြေတွေလက်တွေတုန်နေသော အဘိုးကြီးသည် အတုန်ရပ်သွားလေသည်။

“ ဝံပုလွေအစစ်ထဲက မသေဘဲကျန်ခဲ့တဲ့လူ တစ်ယောက်မှမရှိဘူး။ အဲဒီအချိန်တုန်းက အပြင်ရောက်နေတဲ့ တစ်ယောက်ပဲကျန်ခဲ့တယ်။ သူကတော့ ဟာအိုးဘတ်စ်ပဲ။ ကျန်တာတွေက ဝံပုလွေအစစ်တွေမဟုတ်ဘူး။ လင်းယုန်အစစ်တွေ မဟုတ်ဘူး။ လူလိမ်တွေ၊ လူကောက်တွေ။ အခုတော့ သူတို့အတွက် အချိန်ကနေပြီလို့ ထင်သွားကြပြီပေါ့လေ ”

“ ကျွန်မ ဘာမှ နားမလည်ပါဘူးရှင် ”

“ မင်းကို ကျုပ် ရှင်းပြပါ့မယ်။ ဒါပေမယ့် ဒီနေရာမှာတော့ရှင်းပြလို့ မဖြစ်သေးဘူး။ ညမှောင်သွားရင် ရေကန်ဘေးနားမှာရှိတဲ့ ကျုပ်အိမ်ကို လာခဲ့ပါ။ ရေကာတာရဲ့ မြောက်ဘက်. . . ”

အဘိုးကြီးက သူ၏နေအိမ်တည်နေရာအရပ်ကို အသေးစိတ်ပြောပြနေသည်။ သို့သော်လည်း ရိုးရိုးပြောနေခြင်းမဟုတ်။ သီချင်းဆိုသလို ပြောပြနေခြင်း ဖြစ်သည်။ ဘေးလူများကြားမည်ဆိုလျှင် တောင်စဉ်ရေမရ သီချင်းတစ်ပုဒ်ပုဒ်ကို ဆိုနေခြင်းဖြစ်သည်ဟု ထင်မှတ်ကြပေမည်။

“ မင်းနောက်ကို တစ်ယောက်ယောက်နောက်ယောင်ခံလိုက်နေလိမ့်မယ်တော့ ကျုပ်မထင်ဘူး။ ဒါပေမယ့် အစစအရာရာ သေချာအောင်လုပ်ပါ။ ဘယ်သူမှ မရိပ်မိအောင် လုပ်ပါ။ ကျုပ်တို့နှစ်ယောက် အလုပ်အတူတူလုပ်ကြရတော့မယ်။ သိပ်ကို မြန်မြန်ဆန်ဆန်ကြီး လုပ်ကြရတော့မယ် ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၃၇ )

စက်တစ်လုံးတပ် လေယာဉ်ပျံသေးသေးကလေးသည် ချမ်ဘာရီရှိ ကျွဲနွားစားကျက်ကြီးပေါ်မှာ ဝဲပျံနေသည်။

ပိုင်းလော့က အောက်မှ ဆင်းခွင့်ပြုသည့်အချက်ပြမီးကို စောင့်ဆိုင်းနေသည်။ အောက်မှာ အခြားလေယာဉ်တစ်စင်းရှိနေသည်။ လေယာဉ်ဆိုသော်လည်း ရေယာဉ်ပျံဖြစ်သည်။ ထိုရေယာဉ်ပျံကောင်းကင်သို့တက်မှ သူ ဆင်းရမည်ဖြစ်သည်။

သူ့လေယာဉ်ပျံပေါ်မှာ လိုက်ပါလာသည့် တစ်ဦးတည်းသော ခရီးသည်ကို မည်သူမည်ဝါဖြစ်ကြောင်း ပိုင်းလော့က မသိ။ သိဖို့လည်းမလိုပါ။ သူတို့လုပ်ငန်းသည် ငွေကြေးကောင်းကောင်းပေးလျှင် လိုရာအရပ်သို့ လိုက်ပို့ပေးရုံသာဖြစ်သည်။ သူတို့နှင့် မည်သို့သောပစ္စည်းများ ပါလာသည်ကိုလည်း စစ်ဆေးရန် အကြောင်းမရှိပါ။

သည်ခရီးတွင် ယခုလို အချိန်မတော် လေယာဉ်ပျံစင်းလုံးငှားပြီး ခရီးသွားနေကြသူများသည် မူးယစ်ဆေးဝါးမှောင်ခိုသူများသာ ဖြစ်ကြလေသည်။

သူတို့လေယာဉ်ပျံ အေပီနွှန်မှ ထွက်ခွာလာပြီး လေးမိနစ်မျှအကြာတွင် လေမုန်တိုင်းနှင့် တိုးခဲ့သည်။ သူ၏လေယာဉ်သေးသေးကလေးအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းပျံသန်းဖို့ အလွန်အန္တရာယ်ကြီးသော လေမုန်တိုင်းဖြစ်လေသည်။

" ကျွန်တော့် လေယာဉ်ပျံလို သေးသေးပေ့ါပေ့ါကလေးအတွက် ဒီရာသီဥတုက သိပ်ကို ဆိုးလွန်းနေတယ်ဗျာ။ ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ကြည့်ရင် အကောင်းဆုံးဖြစ်မယ်။ အသက်အန္တရာယ်နဲ့ သိပ်နီးကပ်နေပြီ" ဟု ပိုင်းလော့က သူ၏တစ်ဦးတည်းသော ခရီးသည် အမျိုးသမီးကို ပြောခဲ့သည်။

" မုန်တိုင်းအပေါ်က ကျော်ပြီးပျံပါ " ဟု အမျိုးသမီးက ပြန်ပြောသည်။

" ကျွန်တော့် လေယာဉ်ပျံကလေးရဲ့စက်က အဲဒီလောက် အားမကောင်းပါဘူး။ နောက်ပြီးတော့ ဒီမုန်တိုင်းကလဲ ဘယ်လောက်ကြာကြာ တိုက်နေဦးမယ်ဆိုတာ မသိနိုင်ဘူး။ နေရာဘယ်လောက်ကျယ်ကျယ် ယူထားတယ်ဆိုတာလဲ မသိနိုင်ဘူး "

" ဒီလိုဆိုရင် မုန်တိုင်းထဲကိုပဲ ဖြတ်မောင်းပါ။ နောက်လေယာဉ်ပျံနဲ့ ခရီးဆက်ဖို့ အဒေါ်စီစဉ်ထားပြီး ဖြစ်နေတယ်။ ဟိုက လေယာဉ်ပျံကလဲ အဒေါ့်ကိုစောင့်နေလိမ့်မယ်။ ဒီနေ့ည ဂျီနီဗာမြို့ကို ရောက်မှဖြစ်မယ် "

" မုန်တိုင်းက သိပ်ဆိုးလို့ ရေပြင်ပေါ်ကို ကျွန်တော်တို့ ဇွတ်ဆင်းရမယ်ဆိုရင် အောက်မှာရှိနေတဲ့ ကင်းတွေနဲ့တိုးနိုင်တယ်။ ကျွန်တော့်လေယာဉ်ပျံက မှတ်ပုံတင်မရှိတဲ့အတွက် အဖမ်းခံရနိုင်တယ် "

" အဲဒီလို ဆင်းရမယ်ဆိုရင် တွေ့တဲ့ကင်းတွေကို အဒေါ် ပိုက်ဆံပေးမယ်။ နယ်ခြားမှာတုန်းကလဲ ဒီလိုပဲလာဘ်ထိုးပြီး အဒေါ်ဝင်ခဲ့တာပဲ။ နောက်ကင်းတွေတွေ့ရင်လဲ လာဘ်ထိုးလို့ ရရမှာပေ့ါ "

" တကယ်လို့ ကျွန်တော်တို့ လေယာဉ်ပျံ ပျက်ကျသွားရင်ရော ခင်ဗျာ. . "

" မပျက်ပါဘူး "

ထိုသို့ အချီအချပြောပြီး မုန်တိုင်းကို ဖြတ်မောင်းခဲ့ကြသည်။ ယခုတော့ ချမ်ဘာရီသို့ ရောက်ပြီ။

စားကျက်ပေါ်တွင် ဝဲနေခိုက် အောက်မှဆင်းခွင့်ပြုကြောင်း မီးအချက်ပြသည်ကို တွေ့ရသည်။ ပိုင်းလော့က တစ်ဘက်သို့ဝဲပြန်ဝဲပြီး အောက်သို့ ဆင်းသက်ခဲ့သည်။ လေယာဉ်ဘီးများ မြေပြင်နှင့်ညင်ညင်သာသာကလေး ထိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်း အင်မတန်တော်တာပဲ။ နောက်အဒေါ်ဆက်စီးရမယ့် လေယာဉ်ပျံက ပိုင်းလော့ရော မင်းလို တော်ရဲ့လား "

အဘွားကြီးက ထိုင်ခုံခါးပတ်ကို ဖြုတ်ရင်းမေးသည်။

" အင်မတန် တော်ပါတယ်ခင်ဗျာ။ ကျွန်တော့်ထက်ကို အများကြီး ပိုတော်ပါတယ်။ ရေဒါမရှိဘဲနဲ့တောင် မှောင်ထဲမှာ မောင်းနိုင်ပါတယ်။ ဒါကြောင့် သူယူတဲ့ အခကြေးငွေကလဲ ကျန်တဲ့ကျွန်တော့်တို့အားလုံးထက် ပိုများနေတာပေါ့ "

" ဝမ်းသာပါတယ်ကွယ် " ဟု အယ်လ်သိမ်းက ပြန်ပြောသည်။

အောက်မှာ အဆင်သင့်စောင့်ကြိုနေသည့် ရေယာဉ်ပျံသည် အယ်လ်သိမ်းကို လွှဲပြောင်းတင်ပြီး ညဆယ်နာရီငါးဆယ့်ခုနစ်မိနစ်တိတိတွင် ရေပြင်ပေါ်မှ ကောင်းကင်သို့ ပျံတက်လာခဲ့လေသည်။

ယခုရေယာဉ်ပျံပေါ်မှ ပိုင်းလော့သည် ပိုတော်ပုံရသည်မှာ အမှန်ဖြစ်သည်။ နယ်မြေကိုလည်း အလွန်ကျွမ်းကျင်ပုံရသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ ဆံပင်နီသည်။ မုတ်ဆိတ်မွေးပါးပါးများကလည်း အနီရောင်ပင်ဖြစ်သည်။ အင်္ဂလိပ်စကားပြောပုံကတော့ အလွန်ဝဲလေသည်။

ကောင်းကင်သို့ရောက်ပြီး ခဏအကြာမှာပင် မုတ်ဆိတ်နီနီနှင့် ပိုင်းလော့၏စကားကြောင့် အယ်လ်သိမ်း၏တစ်ကိုယ်လုံးတောင့်သွားလေသည်။

" ခင်ဗျား ဘယ်လိုကုန်ပစ္စည်းမျိုးတွေ သယ်လာတယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး မဒမ်. . .။ ဒါပေမယ့် ခင်ဗျားဘယ်နေရာရောက်နေတယ်ဆိုတာ သတင်းပေးပို့တော့ ဥရောကတစ်တိုက်လုံးမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ပုလိပ်အဖွဲ့ကိုတပ်လှန့်ထားတယ် "

" ဘာ. . . ဘယ်သူက တပ်လှန့်ထားသလဲ. . . ဒီလိုတပ်လှန့်ထားကြောင်း မင်းဘယ်လိုလုပ်သိသလဲ။ အဒေါ့်နာမည်ကို ဘယ်နေရာမှာမှ ဖော်ပြောခဲ့တာမဟုတ်ဘူး။ ဟုတ်တယ်။ ဘယ်နေရာမှာမှ ဖော်မပြောခဲ့ဘူး "

" အပြည်ပြည်ဆိုင်ရာပုလိပ်အဖွဲ့က ညွှန်ကြားချက်တစ်စောင်ထုတ်ပြီး ဥရောပတစ်တိုက်လုံးကို ဖြန့်ထားတယ်။ အမျိုးသမီးကြီးတစ်ယောက်ကိုရှာဖို့ ညွှန်ကြားချက်ထုတ်တာဟာ အပြည်ပြည်ဆိုင်ရာ ပုလိပ်အဖွဲ့အဖို့ ရှားရှားပါးပါး ဖြစ်ရပ်ပဲ။ အထူးသဖြင့် ခင်ဗျားလို အသက်အရွယ်မျိုးနဲ့ ရုပ်ရည်ရူပကာယရှိသူမျိုးဆိုပါတော့. . .။ ခင်ဗျားနာမည်ဟာ မစ္စက်ဟိုးလ်ခရော့ဖ်တ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ် ”

“ဘာမှမဆိုင်ဘူး ”

အယ်လ်သိန်းက ထိုသို့ပြန်သာပြောလိုက်ရသော်လည်း ထိုင်ခုံလက်တန်းကိုမူ တင်းတင်းကြီး ဆုပ်ကိုင်ထားလိုက်မိလေသည်။ အမူအရာပျက်မသွားအောင် မနည်းကြီး သတိထားထိန်းနေရသည်။

ယခုစကားကို ကြားလိုက်ရသည့်အတွက် ဘာကြောင့်အထိတ်တလန့်ဖြစ်သွားရကြောင်းကိုလည်း သူ့ကိုယ်သူ သဘောမပေါက်နိုင်အောင် ဖြစ်မိလေသည်။

ဘက်ဖို့ဒ်တောင်ကုန်းအိမ်တွင် သူ့ကို လာတွေ့သွားသည့် ဟာရှာအလက်သမဝါယမကျေးရွာမှလူက သူတို့လူများ နေရာတကာတွင်ရှိနေကြောင်း ပြောသွားခဲ့ဖူးသည်။

သို့သော်လည်း ဝံပုလွေတို့သည် အပြည်ပြည်ဆိုင်ရာပုလိပ်အဖွဲ့တွင် ဩဇာပိုကြီးကြပုံရလေသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ပုလိပ်အဖွဲ့ကို အသုံးချပြီး သူဘယ်ရောက်နေကြောင်း ရှာဖွေခိုင်းနိုင်ခြင်းသာဖြစ်ရမည်ဟု တွေးကြည့်မိသည်။

ဘာပဲဖြစ်ဖြစ် တစ်ဦးတည်းသောသားကလေး နိုဝယ်၏အသက်ကိုတော့ ဖြစ်သည့်နည်းဖြင့် အချိန်မီကယ်တင်ရပေမည်။

ထိုသို့ မကယ်တင်နိုင်မီ တစ်နည်းဆိုရသော် ဂျီနီဗာဘဏ်တိုက်ရှိ ငွေများထုတ်ယူဖို့ နိုဝယ်လက်မှတ်မထိုးအောင် တားမြစ်ခြင်းမပြုနိုင်မီ ဝံပုလွေများက သူ့ကို မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ပစ်ဖို့ကလည်း သေချာနေသည်။

သူ့ကို သုတ်သင်မှသာလျှင် ဘာအကြောင်းမှမသိသော နိုဝယ်ကို လက်မှတ်ထိုးခိုင်း၍ ရနိုင်မည်ဖြစ်သည်။

သည်အတိုင်းဆိုလျှင် အစစအရာရာ ပိုမိုသတိထားရတော့မည်။ တိုင်းပြည်မှထွက်လာကတည်းက သူ့ကို လူမမြင်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ နာမည်ဝှက်များ၊ နိုင်ငံကူးလက်မှတ်အတုများကို သုံးခဲ့သည်။

ယခုအချိန်အထိတော့ သူဘယ်နေရာရောက်နေသည်ကို ဝံပုလွေများ မသိကြသေးသည်မှာ သေချာနေသည်။

သေခြင်းတရားကိုတော့ အယ်လ်သိန်း မကြောက်ပါ။ သူလို ခုနစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တွင်း ရောက်လာသည့် အဘွားကြီးတစ်ယောက်အနေဖြင့် သေမည်ဆိုကလည်း သေပျော်ပါပြီ။

သူအသေမခံနိုင်သည်မှာ သူသားကလေး နိုဝယ်သာလျှင် ဖြစ်ချေသည်။ နိုဝယ်အသက်ရှင်ရေးအတွက်တော့ မည်သို့ပင် စွန့်စားရစေကာမူ စွန့်စားရချေတော့မည်။

နောက်ဆုံး သူနှင့်အသက်ချင်းလဲဖို့အထိ ဆုံးဖြတ်လိုက်လေတော့သည်။

အယ်လ်သိမ်းက မုတ်ဆိတ်နီနီနှင့် ပိုင်းလော့ဘက်သို့ ဣန္ဒြေရရ လှည့်ကြည့်သည်။

" အပြည်ပြည်ဆိုင်ရာပုလိပ်အဖွဲ့ရဲ့ ညွှန်ကြားချက်အကြောင်းကို မင်း ဘယ်လိုလုပ် သိခဲ့တာလဲ "

မုတ်ဆိတ်နီနီနှင့်ပိုင်းလော့က ပခုံးနှစ်ဖက်ကို တွန့်သည်။

" ကျွန်တော့်ကိုခင်ဗျား ပိုက်ဆံပေးပြီး ငှားတယ်မဟုတ်လား။ ခင်ဗျားလုပ်ချင်တာတွေ အောင်မြင်အောင် ကျွန်တော့်ကို ပိုက်ဆံပေးတယ် မဟုတ်လား။ အဲဒီလိုပဲပေါ့ဗျာ။ ကျွန်တော်ကလဲ ကျွန်တော်လုပ်ချင်တာတွေ အောင်မြင်အောင် တခြားလူတွေကို ပိုက်ဆံပေးရတာပေါ့။ ဒီခေတ်ကြီးမှာ အမြတ်အစွန်း ကောင်းကောင်း ရအောင်လုပ်ဖို့ သိပ်လွယ်ပါတယ် "

" အဲဒီ ညွှန်ကြားချက်က ဟို. . . အဲဒီအဘွားကြီးကို ဖမ်းရမယ်လို့ ဆိုလိုတာလား "

" သူတို့တပ်လှန့်ပုံက ထူးတော့ထူးဆန်းတယ် မဒမ်။ မစ္စက် ဟိုးလ်ခရော့ဖ်တ်ဆိုတဲ့ အမျိုးသမီးကြီးဟာ နိုင်ငံကူးလက်မှတ်အတုတွေနဲ့ ခရီးသွားနေတယ်တဲ့။ ဒါပေမယ့် သူ့ကို ဖမ်းရမယ်လို့တော့ ဖော်ပြမထားဘူး။ သူ ဘယ်နေရာရောက်နေတယ်ဆိုတာ ပါရီမြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာပုလိပ် အဖွဲ့ဌာနချုပ်ကို ချက်ချင်း အကြောင်းကြားဖို့ပါပဲ။ ပါရီဌာနချုပ်က အဲဒီသတင်းကို နယူးယောက်မြို့ကို ဆက်ပို့ပေးရမယ်တဲ့ "

" နယူးယောက်ကို ပို့ရမယ် "

" မစ္စက်ဟိုးလ်ခရော့ဖ်တ် ဘယ်ရောက်နေကြောင်း စုံစမ်းပေးဖို့ မေတ္တာရပ်ခံတာဟာ နယူးယောက်မြို့ကဖြစ်ပါတယ်။ နယူးယောက်မြို့မှာရှိနေတဲ့ စုံထောက်အရာရှိ လက်ဖတင်နင်မိုင်းလ်စ်က စုံစမ်းပေးဖို့ မေတ္တာရပ်ခံတာလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတယ် ”

အယ်လ်သိန်းမှာ မျက်မှောင်ကုပ်သွားလေသည်။

“ မိုင်းလ်စ်လား. . . ဒီနာမည်တစ်ခါမှ အဒေါ် မကြားဖူးဘူး ”

“ ဒါပေမယ့် မစ္စက်ဟိုးလ်ခရော့ဖ်တ်ဆိုတဲ့ အမျိုးသမီးကြီးကတော့ ကြားဖူးချင်ကြားဖူးနေမှာပေါ့ ”

ပိုင်းလော့က ပါးစပ်ထဲရှိ ဆေးပြင်းလိပ်ကို နေရာပြင်ခဲလိုက်သည်။

အယ်လ်သိန်းက မျက်လုံးအစုံကိုမှိတ်ပြီး စဉ်းစားနေသည်။

“ သိပ်ကိုများပြားတဲ့ အမြတ်အစွန်းတစ်ခုခုကိုများ မင်း မလိုချင်ဘူးလား သူငယ် ”

“ ကျွန်တော်လဲ လောဘရှိတဲ့ သာမန်ပုထုဇဉ်လူသားပါပဲခင်ဗျာ။ အမြတ်အစွန်းဆိုတဲ့စကားကို ကြားရလို့တော့ ကျွန်တော် နည်းနည်းကလေးမှ မတုန်လှုပ်ပါဘူး။ ဘယ်လိုနည်းနဲ့ရမယ်ဆိုတာသာ အမိန့်ရှိပါခင်ဗျာ ”

“ အဒေါ့်ကို ဂျီနီဗာမြို့မှာ ဝှက်ထားပေးပါ။ ပြီးတော့ အဒေါ်တွေ့ချင်တဲ့ လူတစ်ယောက်နဲ့တွေ့အောင် စီစဉ်ပေးပါ ”

ပိုင်းလော့က ဒိုင်ခွက်များကို ငုံ့ကြည့်သည်။ လိုအပ်သည်များကို စစ်ဆေးသည်။ ပြီးတော့ လေယာဉ်ပျံကို ဘယ်ဘက်သို့ စောင်းလိုက်သည်။

“ ဈေးကတော့ အတော်ကြီးလိမ့်မယ် အဒေါ် ”

“ အဒေါ်ပေးနိုင်ပါတယ် ” ဟု အယ်လ်သိန်းက ပြန်ဖြေလိုက်လေသည်။

+ + +

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်သည် ဟိုတယ်ရှိ သူငှားထားသော မိသားစုခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ လျှောက်နေပုံက ဒေါသကြီးနေသော တိရစ္ဆာန်တစ်ကောင်နှင့်တူနေသည်။

သူ့ကိုကြည့်နေသည့်ပရိသတ်သည် အားရစ်ကက်စလာနှင့်ဟန်းစ်-ကက်စလာတို့နှစ်ယောက်ဖြစ်သည်။ ဂျီနီဗာ ဒုတိယမြို့တော်ဝန်ကမူ လွန်ခဲ့သည့် စက္ကန့်သုံးဆယ်လောက်ကမှ အခန်းထဲမှ ထွက်သွားသည်။

“ ဒီအဘွားကြီး ဂျီနီဗာမြို့ထဲကို ရောက်နေရမယ်။ တစ်နေရာရာမှာ ရောက်နေတာပဲဖြစ်ရမယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းက သူ့လူများကိုပြောသည်။

"နာမည်ပြောင်းထားချင်ထားမှာ။ ဒါကြောင့် အရှာရခက်နေတာပေါ့။ ဒါပေမယ့် သူ့ကို ကျွန်တော်တို့ တွေ့မှာပါပဲ။ သူ့ပုံပန်းသဏ္ဌာန်ကိုပြောပြပြီး ကျွန်တော်တို့လူတွေကို ဖြန့်ထုတ်လိုက်ရင် ဘယ်ပြေးမလဲ။ ဒုတိယမြို့တော်ဝန်ကလဲ ဒါဟာ ပြဿနာမဟုတ်ပါဘူးလို့ စောစောက ပြောသွားပြီမဟုတ်လား" ဟု ဟန်းစ်က ဆေးသေတ္တာကို နေရာရွှေ့ထားရင်း ပြန်ပြောသည်။

ဂျိုဟန်းက လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။

" ဘာကြောင့် ပြဿနာမဟုတ်ရမှာလဲ။ ဒီစကားကို မောင်ရင်နဲ့ ဒုတိယမြို့တော်ဝန်နဲ့ သေသေချာချာပြန်စဉ်းစားပါ။ ဂျီနီဗာပုလိပ်အဖွဲ့ကလဲ ဒီအဘွားကြီးကို ရှာနေတယ်။ အပြည်ပြည်ဆိုင်ရာပုလိပ်အဖွဲ့ကလဲ ဥရောပတစ်တိုက်လုံးကို တပ်လှန့်ထားတယ်။ ဒီကြားထဲက မိုင်ပေါင်း လေးထောင်ကျော်ခရီးကို ဒီအဘွားကြီး အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တယ်။ နိုင်ငံပေါင်းစုံက နယ်ခြားတွေကို အောင်အောင်မြင်မြင် ကျော်ဖြတ်ခဲ့တယ်။ လူဝင်မှုကြီးကြပ်ရေးဌာနတွေကို ကျော်ဖြတ်ခဲ့တယ်။ ဒါပေမယ့် ဘယ်သူကမှ သူ့ကိုမမိလိုက်ဘူး။ ဘယ်သူကမှ မမြင်လိုက်ဘူး။ မတားဆီးနိုင်ခဲ့ဘူး။ သိပ်ပြီး မတုံးချင်စမ်းနဲ့ ဟန်းစ်။ အဘွားကြီးက တို့ထင်တာထက် အများကြီးပိုတော်နေတယ် "

ဂျိုဟန်းက ဒေါသတကြီးပြန်ပြောသည်။

"မနက်ဖြန်ဟာ သောကြာနေ့ပဲ။ နိုဝယ် ရောက်လာမယ့်နေ့ပဲ။ နိုဝယ် ရောက်လာရင် တို့နဲ့အဆက်အသွယ်လုပ်မှာပဲ။ တို့လက်ထဲကို နိုဝယ်ရောက်လာပြီဆိုရင် သူ့အမေလဲ တို့လက်ထဲကိုရောက်ပြီလို့ ဆိုရမှာပေါ့ကွာ " ဟု အားရစ်က ဝင်ပြောသည်။

" ဟိုတယ်ဒကော့မှာ သူတည်းမယ်လို့ ငါ့ကို ပြောသွားတယ်။ ဒါပေမယ့် ဒီကောင်စိတ်ပြောင်းသွားသလားမသိဘူး။ ဟိုတယ်ဒကော့မှာ သူ့နာမည်နဲ့ အခန်းငှားထားတာမရှိဘူး။ သူ့နာမည်ဝှက်ဖြစ်တဲ့ ဖရက်စကာနဲ့ငှားထားတာလဲ မရှိဘူး။ ဒါပေမယ့် ပါရီမှာ သူတည်းနေတဲ့ ဟိုတယ်ကတော့ သူထွက်သွားပြီလို့ ပြောတယ်။ ဒါကို ငါတော့ မကြိုက်ချင်ဘူး။ တစ်ခုခုတော့ မှားနေပြီလို့ ထင်တယ်"

ဂျိုဟန်းက ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်း ပြောသည်။

ဟန်းစ်က အရက်ခွက်ကို လှမ်းဆွဲယူရင်း ဂျိုဟန်းကို ပြန်ပြောသည်။

" ခင်ဗျား သိပ်ကို အတွေးခေါင်လွန်းနေပြီနဲ့တူတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာကွ "

" နိုဝယ်အကြောင်းကို သေသေချာချာ စဉ်းစားကြည့်ဦးလေဗျာ။ လူပေါင်းများစွာက သူ့နောက်ကို နောက်ယောင်ခံလိုက်နေတယ်လို့ သူ ထင်နေမှာပေါ့။ ဒီလိုထင်ရင် ပြောင်ပြောင်တင်းတင်းတော့ လာမှာမဟုတ်ဘူး။ နောက်ပြီးတော့ သူ့နာမည်နဲ့လဲ ဟိုတယ်မှာ စာရင်းပေးမှာ မဟုတ်ဘူး။ အဲဒါကိုလဲ ထည့်စဉ်းစားပါဦး "

" သူ့နာမည်ရင်းနဲ့တော့ ဘယ်တည်းမလဲ. . . ဒါပေမယ့် ဖရက်စကာ ဆိုတဲ့နာမည်ဟာ သူ့နာမည်ဝှက်ပဲ။ အဲဒီနာမည်နဲ့ တည်းရမှာပေါ့။ စာရင်းပေးရမှာပေါ့။ တခြားနာမည်ပြောင်းမယ်ဆိုရင်လဲ ငါရိပ်မိရမှာပဲ။ အခုတော့ ဂျီနီဗာ တစ်မြို့လုံးမှာရှိတဲ့ ဘယ်ဟိုတယ်မှာမှ စာရင်းပေးမထားဘူး "

" တင်နီဆန်ဆိုတဲ့ နာမည်မျိုးရော မရှိဘူးလား။ ဒါမှမဟုတ်ရင်လဲ အဲဒီလို ဆင်တူရိုးမှားမျိုးပေါ့ " ဟု အားရစ်က လေသံခပ်ပျော့ပျော့ဖြင့် မေးသည်။

ဂျိုဟန်းက နောက်သို့ ချာကနဲ ပြန်လှည့်လာသည်။

" ဟယ်လ်ဒင်ကို ပြောတာလား "

အားရစ်က ခေါင်းညိတ်ပြသည်။

" ဟုတ်တယ်. . . ဟယ်လ်ဒင်ကိုပြောတာ။ သူတို့နှစ်ယောက် ပါရီမြို့မှာ အတူတူနေနေကြတာ မဟုတ်လား။ ဟယ်လ်ဒင်က သူလိုတာတွေ အကူအညီပေးချင် ပေးနေမှာပေါ့။ သူကိုယ်ယောင်ဖျောက်လို့ရအောင် လုပ်ပေးနေမှာပေါ့။ သူလိုတာတွေ ကူညီလိုက်ဖို့ မင်းကိုယ်တိုင် ဟယ်လ်ဒင်ကို ပြောထားခဲ့ဖူးတယ်လေကွာ "

ဂျိုဟန်းက မလှုပ်မယှက် ရပ်နေသည်။

" ဟယ်လ်ဒင်ကလဲ အလကားကောင်မပဲ။ အခုအချိန်မှာ သူတို့ အလုပ်ရှုပ်နေကြရောပေါ့။ ဟာအိုးဘတ်စ်ကို သတ်သွားတဲ့ အိုဒက်ဇာ အကြမ်းဖက်သမားတွေ နောက်ကို လိုက်ချင်လိုက်နေကြမှာ "

ထိုစကားကြောင့် ဟန်းစ်က ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်လေသည်။

" ဟာအိုးဘတ်စ်. . . ဟာအိုးဘတ်စ် သေသွားပြီလား " ဟုလည်း အံ့ဩတကြီး မေးသည်။

" ဟာအိုးဘတ်စ်ဟာ နာခရိုက်တင်းဒိုက်ခေါင်းဆောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တယ်။ ပိုပြီး တိကျအောင်ပြောရရင် နာခရိုက်တင်းဒိုက်ရဲ့လုပ်ငန်းတွေကို နောက်ဆုံး ကြိုးကိုင်ချယ်လှယ်သွားခဲ့သူပဲ။ သူသေသွားတဲ့အတွက် ဝံပုလွေတွေကို ဆန့်ကျင်မယ့်သူ မရှိတော့ဘူး။ သူဖွဲ့စည်းထားတဲ့ ဂျူးတွေလဲ ခေါင်းတွဲပြုတ်သွားပြီ။ သူတို့ဘာသာတောင်သူတို့ ဘာဖြစ်မှန်း သိလိုက်ကြမှာ မဟုတ်ဘူး။ သူတို့ ခေါင်းဆောင်တွေနဲ့အတူတူ မြေအောက်ထဲမှာ မြေမြှုပ်ပြီးသား ဖြစ်သွားကြပြီလေ ”

“ ဂျူး. . . နာခရိုက်တင်းဒိုက်. . . ဘာနာမည်တွေကို မင်းလျှောက်ရွတ်နေတာလဲ ” ဟု အားရစ်က အံ့ဩတကြီးမေးသည်။

“ ဟာရှာအလက် သမဝါယမကျေးရွာကို မြေလှန်ပစ်ဖို့ အမိန့်ပေးလိုက်လေပြီကွာ။ ဒီလို မြေလှန်ခံရတာဟာ ရာခါအကြမ်းဖက်သမားတွေရဲ့ လက်ချက်လို့ အများက ထင်ကြလိမ့်မယ်။ ဟာရှာအလက်ဆိုတဲ့နာမည်ကိုတော့ မင်းသဘောပေါက်မှာပေါ့။ နောက်ဆုံးမှာတော့ နာခရိုက်တင်းဒိုက်တွေဟာ ဟာရှာအလက်မှာရှိတဲ့ ဂျူးတွေကိုပဲ ချဉ်းကပ်ရတော့တယ်လေ။ တို့လုပ်ငန်းတွေ ပျက်အောင် ဂျူးတွေရဲ့အကူအညီကိုပဲ ယူကြရတော့တယ်လေ ”

“ ဒါလောက်နဲ့တော့ ငါသဘောမပေါက်သေးဘူး။ ဒီထက်ပိုရှင်းပြမှပဲ နားလည်တော့မယ် ဂျိုဟန်း ” ဟု အားရစ်က ပြောပြန်သည်။

“ နောက်မှအသေးစိတ် ရှင်းပြတော့မယ်။ လောလောဆယ် နိုဝယ်ရဲ့ကိစ္စကိုပဲ တို့ အာရုံစိုက်ကြရမယ်။ အရေးကြီးတာကိုပဲ အလျင်လုပ်ကြရမယ်။ ဂျီနီဗာအာမခံဘဏ်တိုက်က ငွေတွေကို ထုတ်ယူနိုင်ဖို့ အရေးကြီးနေတယ်။ ဒီငွေတွေ မထုတ်ရသေးခင် နိုဝယ်ကိုတွေ့အောင် ရှာရမယ်။ တခြားလူတွေနဲ့ သူ့အဆက်အသွယ်တွေအားလုံးကို ဖြတ်တောက်ပစ်ရမယ်။ လောကကြီးမှာ သူ့အဆက်အသွယ်ဆိုလို့ တို့ပဲရှိရမယ်။ သူ့ကို လောကကြီးတစ်ခုလုံးနဲ့ အဆက်အသွယ် ဖြတ်ထားဖို့က နာရီပေါင်းသုံးဆယ်လောက်ပဲ လိုပါတယ် ”

“ ခင်ဗျားပြောနေတာတွေ ကျွန်တော် နားမလည်ဘူး။ နာရီပေါင်းသုံးဆယ်အတွင်း ဘာဖြစ်မှာလဲ ” ဟု ဟန်းစ်က မေးသည်။

“ တို့သုံးယောက် ဂျီနီဗာအာမခံဘဏ်တိုက်က ဒါရိုက်တာအဖွဲ့နဲ့ သွားတွေ့မယ်ကွာ။ စာချုပ်စာတမ်းတွေမှာ လက်မှတ်ထိုးမယ်ကွာ။ ငွေတွေကို ဇူးရစ်မြို့ကို လွှဲပြောင်းပေးမယ်ကွာ။ တနင်္လာနေ့မနက်ဆိုရင် အားလုံးကို တို့ ချုပ်ကိုင်မိထားပြီ ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီလေ. . . နာရီပေါင်းသုံးဆယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"အခုအချိန်ကစပြီး စနေနေ့မနက်အထိကို ပြောတာ။ စနေနေ့မနက် ကိုးနာရီတိတိမှာ ဘဏ်တိုက်ဒါရိုက်တာတွေနဲ့ တို့သွားတွေ့မယ်။ သူတို့အနေနဲ့ ဘာမှငြင်းဆန်နေစရာမရှိဘူး။ မင်ဖရက်ဒီက အားလုံးစီစဉ်ပေးခဲ့တာပဲ "

"ဒါပေမယ့် ဒေါ်လာသန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ်ကြီး လွှဲပြောင်းပေးဖို့အတွက် သူတို့က စနေနေ့ကြီး ဘဏ်တိုက်ဖွင့်ပေးပါ့မလား "

ဂျိုဟန်းက ပြုံးသည်။

"နိုဝယ်ရဲ့နာမည်ကိုသုံးပြီး ဘဏ်ဒါရိုက်တာတွေကို ငါမေတ္တာရပ်ခံလိုက်တယ်။ ထုတ်ဖော်မပြောနိုင်တဲ့အကြောင်းကြောင့် ငွေအပြောင်းအလဲလုပ်ဖို့ အလျင်လိုလာကြောင်း ပြောပြလိုက်တယ်။ ဒါရိုက်တာတွေအနေနဲ့ ဘာငြင်းစရာရှိသလဲ။ တို့မှာ တောင်းဆိုပိုင်ခွင့်ရှိနေတာပဲ။ နောက်တစ်ကြောင်းကလဲ တို့အန္တရာယ်တွေက ပိုများလာတယ်။ နိုဝယ်စိတ်ပြောင်းမသွားခင် ငွေတွေတို့လက်ထဲရောက်ဖို့ လိုတယ်။ သူ့အမေကလဲ လိုက်လာနေပြီမဟုတ်လား။ တို့နဲ့အတူတူ လက်မှတ်မထိုးဖို့ သူ့သားကိုတားဖို့ လိုက်လာတာ။ ဒါကြောင့် အခုလိုအချိန်မျိုးမှာ နိုဝယ်ကို ဘယ်သူနဲ့မှ အဆက်အသွယ်မရအောင် လုပ်ရမယ်။ သူ့အဆက်အသွယ်တွေအားလုံးကို ဖြတ်တောက်ပစ်ရမယ်။ အားလုံးကို ကိစ္စတုံးရှင်းပစ်ရမယ် "

အားရစ်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"အင်း . . . စနေနေ့ နေ့လည်ဆိုရင် နောက်ဆုံး သဘောတူညီချက်တွေကို သူလက်မှတ်ထိုးပြီး ဖြစ်နေပြီပေါ့လေ "

"ဘယ်လို နောက်ဆုံးသဘောတူညီချက်လဲ။ ဒါက ဘာအဓိပ္ပာယ်လဲ။ သူလက်မှတ်ထိုးရမှာက ဘာတွေလဲ "

ဟန်းစ်က နားမလည်နိုင်သေးဘဲ တမေးတည်းမေးနေသည်။

"ဂျီနီဗာအာမခံဘဏ်တိုက်ထဲမှာ ရှိနေတဲ့ငွေတွေကို တို့သုံးယောက်မျက်နှာစုံညီ လက်မှတ်ထိုးပြီး ထုတ်ယူမယ်။ ဒီငွေတွေဟာ တို့သုံးယောက်နဲ့ဆိုင်တယ်။ တို့အချင်းချင်းလဲ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုအပြည့်အဝ ရှိကြတယ်။ ဒါကြောင့် တို့ရဲ့ကိုယ်စားလှယ်ဟာ တို့အချင်းချင်းပဲ ဖြစ်တယ်။ မူလစာချုပ်ထဲမှာပါတဲ့အတိုင်း တို့သုံးယောက်စလုံး ငွေနှစ်သန်းစီတော့ရကြရမှာပေါ့။ ကျန်တဲ့ငွေတွေကို ဇူးရစ်မြို့မှာရှိတဲ့ ဘဏ်ကိုပြောင်းမယ်။ တို့ထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက် တစ်ခုခုဖြစ်သွားရင် ကျန်ရစ်ခဲ့တဲ့ငွေတွေဟာ ကျန်ရစ်ခဲ့တဲ့ နှစ်ယောက်နဲ့ပဲဆိုင်တယ်။ ဒါက တည်ဆဲဥပဒေတွေအရ တရားဝင်တယ်။ အဲဒီသဘောတူညီချက်တွေကို နိုဝယ်လက်မှတ်ထိုးရမယ်ကွာ ”

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

“ ကောင်းလိုက်တဲ့ အကြံအစည်ဗျာ။ ဒီတော့ နိုဝယ်သေသွားရင် ဒီငွေတွေကို ခင်ဗျားတို့နှစ်ယောက် ကြိုက်ရာသုံးနိုင်ပြီဆိုတဲ့ သဘောပေါ့ ”

“ ဟုတ်တယ်။ အဲဒီအတိုင်း အတိအကျပဲ။ ဒါကြောင့် ဒီနေ့ကစပြီး ရက်သတ္တခြောက်ပတ်ကြာတဲ့အခါမှာ တို့ရဲ့လုပ်ငန်းစဉ်ကြီး အကောင်အထည်ပေါ်နေပြီလို့ဆိုရမယ် ”

“ ကျွန်တော် သဘောပေါက်ပါပြီ။ ဒီအတိုင်းဆိုရင် စနေနေ့မွန်းလွဲပိုင်းကစပြီး နိုဝယ်ဟာ အသုံးမလိုတော့ဘူးပေါ့။ မဟုတ်ဘူးလား ” ဟု ဟန်းစ်က မေးသည်။

အားရစ်က လက်ကာပြသည်။

“ မင်းရဲ့ဆေးက ဘယ်လောက်အစွမ်းထက်သလဲဆိုတာလဲ အရေးကြီးတယ်နော်။ အစစအရာရာ အင်မတန်ပိရိသေချာမှုဖြစ်မှာ။ နောက်ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားဖို့လဲလိုတယ်။ လောလောဆယ်မှာတော့ စောစောက ဂျိုဟန်းပြောသလိုပဲ နိုဝယ်ကို မျက်ခြည်ပြတ်မခံဖို့ အရေးကြီးနေတယ်”

“ ဟုတ်တယ်။ တို့သုံးယောက် ဘဏ်တိုက်မှာ မျက်နှာချင်းဆိုင်မဆုံကြသေးခင် နိုဝယ်ကို အားလုံးနဲ့အဆက်အသွယ်ဖြတ်ထားဖို့ အရေးကြီးတယ်။ စောစောက မင်းပြောသလိုပဲ စနေနေ့မွန်းလွဲပိုင်းကစပြီး နိုဝယ်ကို တို့မလိုတော့ဘူး။ သူ့ကို တို့ လိုသလိုအသုံးချလို့ ပြီးသွားပြီ။ ငါတို့အဖေတွေစီစဉ်ခဲ့တဲ့အတိုင်း တို့ဆက်အကောင်အထည်ဖော်ဖို့သာ ကျန်တော့တယ်။ အချိန်ဇယားတွေကိုလဲ ငါအတိအကျဆွဲထားပြီးနေပြီ ”

“ ဘယ်လို အချိန်ဇယားတွေလဲ ”

“ မင်းတို့ကို အဲဒီအဖြေမပေးခင် ငါ မေးခွန်းတစ်ခုလောက်မေးချင်တယ်။ စစ်အတွင်းတုန်းက ငါတို့ရဲ့ အဖနိုင်ငံတော်ကြီးဟာ ဘယ်လိုဝါဒတွေကို ကျင့်သုံးခဲ့သလဲ။ ငါတို့ရှေ့မှောက်မှာ အင်္ဂလိပ်တွေ ဒူးထောက်လာအောင် ငါတို့ ဘယ်လို ကျင့်သုံးခဲ့ကြသလဲ ”

“ အချိန်မဆိုင်းဘဲ လျှပ်တပြက်တိုက်ခိုက်တာပဲ ” ဟု အားရစ်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေသည်။

ဂျိုဟန်းက အားရစ်၏ရှေ့မှာ သွားရပ်သည်။

" မှန်တယ်။ လျှပ်တပြက်တိုက်ခိုက်တာပဲ။ ရန်သူဘက်က ဘာမှ မပြင်ဆင်ရသေးခင်. . ရန်သူက ငါတို့ ဝင်တိုက်လိမ့်မယ်လို့ တွက်ဆမထားသေးခင် အချိန်စောင့်မနေဘဲ လျှပ်တပြက် ဝင်တိုက်တဲ့နည်းပဲ။ အခုအချိန်မှာလဲ ငါတို့ အဲဒီနည်းကိုပဲ အသုံးချရတော့မယ် "

" ပိုရှုပ်သွားပြန်ပြီ ဂျိုဟန်း. . . ရှင်းပြပါဦး " ဟု ဟန်းစ်က မေးသည်။

" နံပါတ်တစ်. . . ဂါဒီယန်သတင်းစာတိုက်က ဂျွန်တင်နီဆန်က ဆောင်းပါးတစ်ပုဒ် ရေးထားတယ်။ မနက်ဖြန်ဆိုရင် တစ်ကမ္ဘာလုံးကို ပြန့်သွားတော့မယ်။ ကြေးစားလူသတ်သမား တီနာမောက သူကျူးလွန်ခဲ့တဲ့ လုပ်ကြံမှုတွေကို မှတ်တမ်းတင်ထားတဲ့အကြောင်း. . . ဘယ်နေ့တုန်းက ဘယ်ခေါင်းဆောင်ကို လုပ်ကြံဖို့အတွက် ဘယ်ခေါင်းဆောင်က ငွေဘယ်လောက်ပေးပြီးငှားကြောင်း . . . အဲဒီ အချက်အလက်တွေ အတိအကျရှိထားကြောင်း သတင်းဆောင်းပါး ဖြစ်တယ်။ ဒီသတင်းဆောင်းပါးပါလာရင် တစ်ကမ္ဘာလုံးမှာရှိနေတဲ့ ခေါင်းဆောင် အတော်များများ တုန်လှုပ်ချောက်ချားကုန်ကြမယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအားလုံး မျက်ကလူးဆန်ပျာ ဖြစ်ကုန်ကြမယ်။

နံပါတ်နှစ်. . . စနေနေ့ကျရင် ဂျီနီဗာအာမခံဘဏ်တိုက်မှာ ငါတို့ သုံးယောက် သဘောတူလက်မှတ်ရေးထိုးကြမယ်။ ငွေတွေအားလုံး ဇူးရစ်ဘဏ်ကို လွှဲပြောင်းပြီး ဖြစ်မယ်။ တနင်္ဂနွေနေ့ကျရင် ငါတို့ဌာနချုပ်ကို ဇူးရစ်မြို့မှာ ပြောင်းဖွင့်မယ်။ အဲဒါတွေအားလုံးလဲ ပြင်ဆင်ပြီးသားဖြစ်နေပြီ။ လိုအပ်တာတွေ အားလုံး အဆက်အသွယ်ယူထားပြီးပြီ။ အဲဒီအချိန်အထိ နိုဝယ်ဟာ ငါတို့နဲ့ အတူတူရှိနေသေးတယ်ဆိုရင် သူ့ကို တာဝန်ယူဖြေရှင်းဖို့ကတော့ ဟန်းစ်ရဲ့ တာဝန်ပဲ။ အဲဒီအချိန်မှာ သူအသက်ပျောက်ပြီး ဖြစ်နေရမယ်။

နံပါတ်သုံး. . . တနင်္လာနေ့ရောက်တဲ့အခါမှာ ငွေတွေအားလုံး ငါတို့ နှစ်ယောက်ရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ကို ရောက်လာမယ်။ ကမ္ဘာ့အရပ်ရပ်မှာရှိနေတဲ့ ငါတို့လူတွေကို ကြေးနန်းရိုက်ပြီး အကြောင်းကြားမယ်။ ငွေတွေခွဲဝေပေးဖို့ စီစဉ်မယ်။

နံပါတ်လေး. . . နောက် နှစ်ဆယ့်လေးနာရီကြာတဲ့ အင်္ဂါနေ့ရောက်ရင် ငါတို့ပို့လိုက်တဲ့ငွေတွေအားလုံးကို တရားဝင်ဖြစ်အောင်လုပ်ပြီးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြန်ကြားချက်တွေရမယ်။

နံပါတ်ငါး. . . ဇူးရစ်မြို့ကနေပြီး နေရာပေါင်းနှစ်ဆယ့်သုံးနေရာကို တယ်လီဖုန်းနဲ့ အကြိမ်ပေါင်း နှစ်ဆယ့်သုံးကြိမ် ငါဆက်မယ်။ နှစ်ဆယ့်သုံးနိုင်ငံက မြို့ကြီးပေါင်း နှစ်ဆယ့်သုံးမြို့မှာရှိတဲ့ တီနာမောကို ခန့်ထားခဲ့ဖူးတဲ့ လူတွေဆီကို ဖုန်းဆက်မှာဖြစ်တယ်။ လိုအပ်တဲ့တောင်းဆိုချက်တွေကို သက်ဆိုင်ရာအစိုးရတွေဆီမှာ တောင်းဆိုမှာဖြစ်တယ်။

နံပါတ်ခြောက်. . . ဗုဒ္ဓဟူးနေ့မှာ လုပ်ငန်းတွေစပြီ။ ပထမဆုံးလုပ်ကြံသတ်ဖြတ်မှုကြီးတစ်ခု စမယ့်နေ့ပဲ။ အဲဒီလိုစလိုက်တာနဲ့တစ်ပြိုင်တည်း တစ်ကမ္ဘာလုံးမှာ လုပ်ကြံမှုတွေကို လျှပ်တပြက်လုပ်မယ်။ အဲဒီနေ့ဟာ 'ဝံပုလွေ' ဆိုတဲ့ လျှို့ဝှက်အချက်ပေးစကားလုံး တစ်ကမ္ဘာလုံးမှာ ပြန့်သွားတဲ့နေ့ဖြစ်တယ်"

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ အားလုံးခေါင်းထောင်သွားကြသည်။ ဂျိုဟန်းက ဖုန်းကိုကောက်ကိုင်သည်။

" ပြောပါ "

ဂျိုဟန်းသည် တစ်ဘက်မှပြောသည်ကို ငြိမ်သက်စွာ နားထောင်နေရင်း အုတ်နံရံကိုစိုက်ကြည့်နေသည်။ နောက်ဆုံးကျတော့မှ ညင်သာသည့်လေသံဖြင့် ပြန်ပြောသည်။

" ငါပေးထားတဲ့ စကားလုံးတွေကိုသုံးပါ။ အကုန်လုံးကို သတ်ပစ်လိုက်"

ထိုမျှပြောပြီး ဖုန်းကို ပြန်ချထားလိုက်သည်။

" ဘာဖြစ်တာလဲ " ဟု အားရစ်က မေးသည်။

ဂျိုဟန်းက ခံစားချက်မပါသည့်လေသံဖြင့် ပြန်ပြောသည်။

" စောစောကတည်းက ဒီလိုဖြစ်မယ်လို့တော့ မျှော်မှန်းထားပြီးသားပါပဲ။ ဒါကြောင့် ငါ့လူတစ်ယောက် နူချာတဲကို လွှတ်ထားခဲ့တယ်။ လူတစ်ယောက်ရဲ့ အခြေအနေကို အကဲခတ်ကြည့်ဖို့ပဲ။ အခုတော့ အခြားတစ်ယောက်ကပါ အဲဒီလူကို သွားတွေ့နေပြီလေ။ ဒါပေမယ့် ဘာမှ အရေးမကြီးပါဘူး။ သူတို့နှစ်ယောက်စလုံး မကြာခင် ကိစ္စတုံးကြတော့မှာပဲ။ တစ်ယောက်က အင်မတန်ချောမောလှပတဲ့ ငါ့ညီမ ဟယ်လ်ဒင်။ နောက်တစ်ယောက်က သစ္စာဖောက်ကြီး ဝါနာဂါးဟတ် "

\+ \+ \+

တယ်လီဖုန်းထဲမှ ဝီလီပြောသည့်စကားများကို နားထောင်နေရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နိုဝယ်မှာ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေလေသည်။

ဂျီနီဗာမြို့ လူသူထူထပ်သည့် ရပ်ကွက်တစ်ခုရှိ အများပြည်သူပြော လမ်းဘေးဖုန်းမှနေ၍ ဟိုတယ်ဒကော့မှာ တည်းနေသော ဝီလီထံသို့ သူ ဖုန်း လှမ်းဆက်ကြည့်ခြင်းဖြစ်သည်။

ယခုအချိန်လောက်ဆိုလျှင် ဝီလီသည် သူ့အမေ အယ်လ်သိန်းနှင့် အဆက်အသွယ်ရနေလောက်ပြီဟု သူယုံကြည်ထားသည်။ သို့သော်လည်း ဘာ အဆက်အသွယ်မှ မရသေးဟု ဆိုသည်။

ထိုမျှမကသေး။ ဟိုတယ်ဒကော့တွင်လည်း အယ်လ်သိန်း တည်းခိုနေ ခြင်းမရှိဟု ဝီလီကပြောသည်။

ဟိုတယ်ဒကော့မှာ တည်းမည်ဖြစ်ကြောင်း၊ သူတို့သားအမိ ဟိုတယ် ဒကော့မှာ ဆုံကြမည်ဖြစ်ကြောင်း သူ့အမေက သေသေချာချာ မှာသွားခဲ့သည်။ ယခု ဘာကြောင့် ထိုဟိုတယ်မှာ ရှိမနေသနည်း။

" အမေ့ပုံပန်းသဏ္ဍာန်ကို မင်း သေသေချာချာ ပြောပြရဲလား ဝီလီ။ အမေရိကန်အမျိုးသမီးကွာ။ အသက် ခုနစ်ဆယ်လောက်ကွာ "

" သေသေချာချာပြောတာပေါ့ကွာ။ သူတို့ကို နာရီဝက်လောက်ကြာ အောင် ငါပြောပြပါတယ်။ ဟိုးလ်ခရော့ဖ်တ်ဆိုတဲ့နာမည် ဟိုတယ်မှာ လုံးလုံး မရှိဘူး။ မင်းအမေနဲ့ ရုပ်ချင်းဆင်တာလဲမရှိဘူး။ ကုန်ကုန်ပြောရရင် အဲဒီ ဟိုတယ်မှာ အမေရိကန်လူမျိုး တည်းနေတာ တစ်ယောက်မှမရှိဘူး "

" ရှုးကုန်ပြီထင်တယ် "

နိုဝယ်က ထိုမျှသာ ပြန်ပြောနိုင်သည်။

အားရစ်တို့ညီအစ်ကိုနှင့် တင်နီဆန်သည် မူလအစီအစဉ်အတိုင်း ဆိုလျှင် ညဦးပိုင်းအထိ ရောက်လာကြဦးမည်မဟုတ်။ သည်လိုဆိုလျှင် သူ့မှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ပင် မရှိတော့သည့်အခြေအနေသို့ ဆိုက်ရောက်သွား လေသည်။

အမေသည် ဟိုတယ်ဒကော့မှာ မတည်းဘဲ ပြင်ပမှာနေ၍ မိမိကို အဆက်အသွယ်ယူရန် ကြိုးစားနေခြင်းလားဟုလည်း စဉ်းစားကြည့်သည်။ သူ ကိုယ်တိုင်လည်း ဟိုတယ်ဒကော့သို့ တိုက်ရိုက်သွားမတည်းသေးဘဲ အပြင်မှနေ ၍ ဝီလီနှင့် အဆက်အသွယ်ပြုလုပ်နေခြင်းဖြစ်သည်။

" ဝီလီ ဧည့်ကြိုစာရေးကို သွားတွေ့စမ်းပါကွာ။ ငါနဲ့ဖုန်း အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ရကြောင်း ပြောပြပါ။ ပြီးတော့ ငါ့အတွက် ဘာသတင်းများ ရောက်နေသလဲ။ ဘယ်သူကများ ဘာပြောထားသေးသလဲဆိုတာ မေးကြည့်စမ်းပါ။ ငါက မေးခိုင်းတယ်လို့ ပြောပါ ”

“ ဂျီနီဗာမြို့ရဲ့ စည်းကမ်းတွေကို မင်း နားမလည်သေးဘူးထင်တယ်။ လူနှစ်ယောက် အဆက်အသွယ်လုပ်ကြတဲ့ သတင်းကို ကြားလူအသိမခံဘူးကွ။ မင်းအမေအကြောင်းကို ငါမေးတော့တောင် ငါ့ကို မသင်္ကာသလိုကြည့်ကြတယ်၊ ဒါတောင် ငါက အထက်တန်းကျကျ ဝတ်စားထားတာ။ ပြီးတော့ ဆားဘွဲ့ရထားတဲ့လူတစ်ယောက်လို့လဲ ဟန်ဆောင်ထားသေးတယ်။ ဒါကြောင့် ငါ့ကို မပြောချင်ပြောချင် ပြန်ပြောတာ ”

“ ဘယ်လိုပဲဖြစ်ဖြစ် ဆက်ကြိုးစားပါဦးကွာ ” ဟု နိုဝယ်က ထပ်တိုက်တွန်းသည်။

“ ပိုကောင်းတဲ့နည်းလမ်းတစ်ခုတော့ရှိတယ်။ ငါ့အထင်ဟာ. . . ”

ဝီလီသည် စကားကိုဆုံးအောင်မပြောဘဲ ဖြတ်ထားသည်။ ခပ်လှမ်းလှမ်းမှ တစ်ခုခုကို ခေါက်နေသည့်အသံ ဖုန်းထဲမှာ ပေါ်လာသည်။

“ ခဏကိုင်ထားဦးနော်။ တစ်ယောက်ယောက် တံခါးလာခေါက်နေတယ်။ ဘယ်သူလဲဆိုတာ ငါသွားကြည့်လိုက်ဦးမယ်။ ဘယ်သူဖြစ်ဖြစ် ပြန်လွှတ်လိုက်ပြီး ချက်ချင်းပြန်လာမယ် ”

ခဏကြာတော့ တံခါးဖွင့်သံကို နိုဝယ်ကြားရသည်။ မသဲကွဲသော အသံများကိုပါ ကြားရသည်။ လှုပ်ရှားသံလိုလို၊ ရုန်းကန်သံလိုလို၊ တွန်းထိုးသံလိုလို ကြားရသည်။ ရှုပ်ထွေးသော ခြေသံများပါ ရောစွက်နေသည်။

တဆက်တည်းဆိုသလိုပင် ချောင်းဆိုးသံမျိုးကို ကြားရသည်။ ခပ်အစ်အစ်ဖြစ်နေသံကို ကြားရသည်။

ဘာသံလဲ. . . အော်သံလား. . . ငိုသံလား. . . တစ်မျိုးတော့ ဖြစ်နေသည်။

“ ဝီလီ. . . ”

နိုဝယ်က ခေါ်ကြည့်သည်။

တစ်ဘက်က တိတ်နေသည်။ ပြီးတော့ ခြေသံများကိုကြားရပြန်သည်။

“ ဝီလီ . . . ”

နိုဝယ်၏တစ်ကိုယ်လုံး ရုတ်တရက် အေးစက်သွားသည်။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တင်းကျပ်လာသည်။ သည်လိုစကားလုံးမျိုးကို သူ ကြားခဲ့ဖူးသည်။ စကားလုံး အတူတူပင်ဖြစ်သည်။

အခြား အင်္ဂလိပ်လူမျိုးတစ်ယောက်က ပြောခဲ့ဖူးသည့်စကားဖြစ်သည်။ မိုင်ပေါင်း လေးထောင်ကျော်ဝေးသော နယူးယောက်မြို့မှာတုန်းက ပြောခဲ့ခြင်းဖြစ်သည်။ ထိုသို့ပြောနေခိုက် မျက်နှာချင်းဆိုင်ရှိ ပြတင်းပေါက်မှ မီးခြစ်ခြစ်သည်ကိုလည်း သူ တွေ့ခဲ့ရဖူးသည်။

ပီတာဘော်လ်ဒွင် . . .

ဗြိတိသျှစစ်ထောက်လှမ်းရေးအမှတ် ၆-မှ အရာရှိ ပီတာဘော်လ်ဒွင်။

" ဝီလီ. . . ဝီလီ. . . မင်းဘယ်မှာလဲ. . . ဝီလီ . . . "

နို့ဝယ်က အသံကုန်အော်သည်။ တစ်ဘက်မှ ဖုန်းလိုင်းဖြတ်လိုက်သည့်အသံကို ကြားရသည်။ သူ့လက်ထဲမှဖုန်းမှာ အသံလုံးဝ တိတ်သွားလေတော့သည်။

ဘုရား. . . ဘုရား ဘာများလုပ်လိုက်မိပါလိမ့်. . ဝီလီကို ဘယ်သူတွေက ဘာများလုပ်သွားကြပါလိမ့်. . ။

နို့ဝယ်၏နဖူးပေါ်မှာ ချွေးသီးချွေးပေါက်များ သီးလာသည်။ လက်တွေကတုန်ကယင် ဖြစ်လာသည်။

ဘာပဲဖြစ်ဖြစ် ယခုလိုအချိန်မျိုးတွင် ဟိုတယ်ဒကော့သို့ အမြန်ဆုံးရောက်အောင် သွားရတော့မည်ဟု နားလည်လိုက်သည်။ ဟိုတယ်ဒကော့သို့ မြန်နိုင်သမျှ အမြန်ဆုံးသွားကာ ဝီလီဘာဖြစ်သလဲဆိုသည်ကို ကြည့်ရတော့မည်။

သူ့ရင်ထဲမှ နာကျင်မှုများသည် မျက်လုံးအစုံကိုဖောက်ပြီး ပွင့်အန်ထွက်လာတော့မည်လားဟု ထင်မှတ်ရသည်။

တယ်လီဖုန်းရုံထဲမှ ဒရောသောပါးပြေးထွက်ခဲ့သည်။ လမ်းဘေးတွင် ရပ်ထားသော ကားပေါ်သို့ အူယားဖားယားတက်သည်။ စက်မြန်မြန်နှိုးသည်။

သို့သော် ဟိုတယ်ဒကော့သို့ မည်သည့်လမ်းမှ သွားရမည်ကို သူ မမှတ်မိတော့ပါ။ လမ်းများကိုလည်း ကောင်းကောင်းမမှတ်မိတော့ပါ။

ထို့ကြောင့် ကားဦးတည်ထားရာသို့ အရှိန်နှင့်မောင်းထွက်လာခဲ့သည်။ မီးပွိုင့်တွင် မီးနီနှင့်တိုးနေသည်။ မော်တော်ကားတစ်စီးနှင့် ယှဉ်ရပ်သည်။ တစ်ဘက်ကားကို အမျိုးသမီးတစ်ယောက်က မောင်းလာသည်။

နို့ဝယ်က ထိုအမျိုးသမီးကို လှမ်းအော်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးပြုပြီးတော့ဗျာ. . . ဟိုတယ်ဒကောဲ့ကို ဘယ်လမ်းကသွားရပါသလဲ "

သူ အော်ပြောနေသည်ကို အမျိုးသမီးက တစ်စုံတစ်ရာနားမလည်သကဲ့သို့ တစ်ဘက်သို့ ပြန်လှည့်သွားသည်။

" ကျေးဇူးပြုပြီး လမ်းကလေး ညွှန်ပါဗျာ. . . ဟိုမှာ တစ်ယောက်ယောက် ဒုက္ခရောက်နေပါတယ်။ ကျွန်တော် ပြင်သစ်စကား မတတ်လို့ပါ။ ဂျာမန်စကားလဲ မပြောတတ်ပါဘူး။ တဆိတ်လောက် ကူညီပါဗျာ "

ထိုအခါကျမှ အမျိုးသမီးက သူ့ဘက်သို့ ပြန်လှည့်ကြည့်သည်။ ကားတံခါးမှမှန်ကို အောက်သို့ချသည်။

" ဟိုတယ်ဒကောဲ့လား "

" မှန်ပါတယ် ခင်ဗျာ "

အမျိုးသမီးက လမ်းညွှန်စကားကို ခပ်မြန်မြန်ပြောသည်။ ရှေ့ ငါးလမ်းကျော်အထိ ဆက်မောင်း။ ပြီးလျှင် ညာဘက်ကိုကွေ့။ တောင်ခြေရောက်အောင်မောင်း။ တောင်ခြေရောက်လျှင် ဘယ်ဘက်ပြန်ကွေ့. . .။

ထိုအခိုက် မီးစိမ်းပြသောကြောင့် ကားများအားလုံးမောင်းထွက်လာခဲ့ကြသည်။ နိုဝယ်ကလည်း သူ့ကားကို အမြင့်ဆုံးအရှိန်ဖြင့် မောင်းထွက်လာလေသည်။

ဟိုတယ်ဒကောဲ့ဆိုင်းဘုတ်ကြီးကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရသည်။ ကားကို ကမန်းကတန်းရပ်ပြီး ဟိုတယ်ဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

သူ့လက်များ တဆတ်ဆတ်တုန်နေသည်။ ယခုအချိန်မှာ အတည်ငြိမ်ဆုံးဖြစ်မှဟု နားလည်သည်။ နောက်ပြီးတော့ အစစအရာရာကို အလွန်သတိထားရတော့မည်။ ရန်သူများနှင့် ယခင်တုန်းကလည်း သူတွေ့ဆုံခဲ့ဖူးသည်။ ထိုရန်သူများကိုလည်း သူပြန်လည် တိုက်ခိုက်ခဲ့ဖူးသည်။

ထို့ကြောင့် ယခုလည်း လိုအပ်ပါက ရင်ဆိုင်တိုက်ခိုက်ဖို့ အသင့်ပြင်ထားရပေလိမ့်မည်။

ဟိုတယ်ဒကောဲ့ ဝင်ပေါက်ကိုလှမ်းကြည့်သည်။ လော်ဘီထဲမှာ တံခါးစောင့်နှင့်လူတစ်ယောက် မတ်တတ်ရပ်ပြီး စကားပြောနေကြသည်။

သည်အတိုင်းဆိုလျှင် လော်ဘီကိုဖြတ်ပြီး အတွင်းသို့ဝင်၍ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ရန်သူက ဝီလီကို တိုက်ခိုက်ပြီးပြီဆိုလျှင် မိမိကိုလည်း အသင့်စောင့်နေမည်ဖြစ်ကြောင်း စဉ်းစားမိသည်။

ဟိုတယ်ဘေးမှာ ဝင်ပေါက်တစ်ခုတွေ့သည်။ ထိုဝင်ပေါက်ကလေး အတိုင်း အတွင်းသို့ သုတ်ခြေတင်ဝင်ခဲ့သည်။

ဝီလီတည်းနေသည်မှာ တတိယထပ်ဖြစ်သည်။ ထို့ကြောင့် အသင့်တွေ့ရသော လှေကားအတိုင်း အပြေးအလွှားတက်ခဲ့သည်။

ထိုသို့တက်လာရင်း မိုးကာအင်္ကျီအိတ်ထဲသို့ လက်ပြန်နှိုက်သည်။ ညာဘက်အိတ်ထဲတွင် ပစ္စတိုသေနတ်ကို စမ်းမိသည်။ ဘယ်ဘက်အိတ်ထဲတွင် အသံတိတ်ကိရိယာကို စမ်းမိသည်။

ထိုသေနတ်သည် ဟယ်လ်ဒင်ဝယ်ပေးသည့် သေနတ်ဖြစ်သည်။ သည်တော့မှ ဟယ်လ်ဒင်ကို အမှတ်ရမိသည်။ ဟယ်လ်ဒင် ဘယ်ရောက်နေသနည်း။ ဘာတွေဖြစ်နေသနည်း။

တတိယထပ်မှာ လူသူရှင်းနေသည်။

ဝီလီ၏အခန်းကို အလွယ်တကူတွေ့ရသည်။ အတွင်းမှအသံကို နားထောင်ကြည့်သည်။ တိတ်ဆိတ်နေသည်။

သူထင်ထားသလို မဖြစ်ပါစေနှင့်ဟုလည်း ကျိတ်ပြီး ဆုတောင်းမိသည်။ သူ့အလိုဆန္ဒကို အမြဲတမ်းဖြည့်ဆည်းပေးခဲ့သော သူငယ်ချင်းကောင်း ဝီလီ။ သူခိုင်းသမျှကို မညည်းမညူလုပ်ပေးမြဲဖြစ်သော သူငယ်ချင်းကောင်း ဝီလီ။

နိုဝယ်သည် အိတ်ထဲမှသေနတ်ကို ထုတ်ကိုင်သည်။ တံခါးလက်ကိုင်ဖုကို ကျန်လက်တစ်ဖက်နှင့်လှမ်းကိုင်သည်။ လက်ကိုင်ဖုကို လှည့်ရင်း တံခါးကို ကိုယ်လုံးနှင့် ခပ်ပြင်းပြင်းဆောင့်တိုက်လိုက်သည်။

တံခါးက အလွယ်တကူပင်ပွင့်သွားသည်။ သော့ခတ်ထားခြင်း မရှိပါ။

သေနတ်ကို အသင့်အနေအထားမှာကိုင်ပြီး အခန်းတွင်းသို့ဝင်သွားသည်။ အခန်းထဲမှာ မည်သူတစ်စုံတစ်ယောက်မှ ရှိမနေပါ။ ပြတင်းပေါက်တစ်ပေါက် ပွင့်နေသည်ကိုတွေ့ရသည်။ ခန်းဆီးက လေထဲမှာလွင့်နေသည်။

သည်ကဲ့သို့သောရာသီမျိုးတွင် ဘာကြောင့် ပြတင်းပေါက်ကို ဖွင့်ထားရသနည်းဟုလည်း စဉ်းစားကြည့်သည်။

တုန်လှုပ်ချောက်ချားသောစိတ်ဖြင့် ရှေ့ဆက်လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နားသို့ကပ်သွားသည်။

တွေ့ရပါပြီ။

ပြတင်းပေါက်ဘောင်ပေါ်မှာ သွေးစက်များကို တွေ့ရပါပြီ။

ထိုပြတင်းပေါက်မှဆင်းလျှင် အရေးပေါ်ထွက်ပေါက်သို့ ရောက်သွားကြောင်းလည်း မြင်တွေ့ရသည်။ အရေးပေါ်ထွက်ပေါက်အတိုင်း ထင်ကျန်နေရစ်သော သွေးစသွေးနများကိုပါ မြင်တွေ့လိုက်ရပြန်သည်။ ဒဏ်ရာရသွားသူတစ်ယောက်ယောက် ထိုလမ်းအတိုင်း ဆင်းပြေးသွားသည့်လက္ခဏာဖြစ်သည်။

ဆင်းပြေးသွားသူသည် ဝီလီများဖြစ်နေလေမည်လား။

" ဝီလီ. . . ဝီလီ. . . မင်းဘယ်မှာလဲ "

နိုဝယ်ကအော်မေးသည်။ ဘာသံမှမကြားရ။ ထို့ကြောင့် အိပ်ခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

အိပ်ခန်းထဲတွင်လည်း တစ်ယောက်မှမရှိ။

" ဝီလီ . . . "

နောက်ပြန်လှည့်မည်အပြုတွင် ရေချိုးခန်းတံခါးပေါ်၌ ထူးဆန်းသောအမှတ်အသားများကို တွေ့ရလေသည်။

ထို့ကြောင့် ရေချိုးခန်းတံခါးဆီသို့ပြေးပြီး သေနတ်တိုအသင့်ကိုင်ထားရင်း တံခွန်းဆောင့်ဖွင့်လိုက်သည်။

ရေချိုးခန်းထဲမှာ သွေးများကို တွေ့ရတော့သည်။

နောက်ပြီးတော့ ဝီလီ၏အလောင်းကိုလည်း တွေ့ရတော့သည်။

နိုဝယ်မှ ပျို့ချင်သလိုလို၊ အန်ချင်သလိုလို ဖြစ်သွားလေသည်။ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ လဲပြိုကျသွားတော့မလိုဖြစ်သွားသည်။ အနီးရှိအုတ်နံရံကို ကမန်းကတန်းလှမ်းကိုင်ပြီး အချိန်မီ ထိန်းထားလိုက်ရလေသည်။

ဝီလီ၏အလောင်းအပေါ်တည့်တည့် အုတ်နံရံပေါ်မှာ ရေးထားသည့် စာလုံးကိုလည်း နိုဝယ်မြင်လိုက်ရလေသည်။

" နာခရိုက်တင်းဒိုက် "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၈ )

ပရီဒူးလက်ရွာကလေး၏အပြင်ဘက်တွင် လူသွားလမ်းကလေးတစ်ခုကို ဟယ်လ်ဒင်တွေ့ရလေသည်။ ထိုလူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုက ကြီးစိုးနေသည်။ တည်းခိုခန်းပိုင်ရှင်ထံမှ လက်နှိပ်ဓာတ်မီး ငှားခဲ့မိသောကြောင့်သာ တော်တော့သည်ဟု တွေးမိသည်။

တောအုပ်ကလေးအတွင်း ဆက်လျှောက်လာသည်။ အတော်ကလေး သွားမိသောအခါ ဝါနာဂါးဟတ် ညွှန်ခဲ့သည့်အိမ်ကလေးကို တွေ့ရလေသည်။

အိမ်ဟုဆိုရန်ပင် ခပ်ခက်ခက် ဖြစ်လေသည်။ ကျောက်တုံးများဖြင့် အခိုင်အမာ ဆောက်လုပ်ထားသော ခံတပ်တစ်ခုနှင့်ပိုတူနေသည်။ ကျောက်နံရံများသည် အလွန်တရာထူထဲခိုင်ခံ့ကြောင်း မြင်ရုံနှင့်ပင် သိသာနိုင်လေသည်။

ထို့ကြောင့် တည်းခိုခန်းပိုင်ရှင်ပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်လာလေသည်။

" အရှူးကြီး ဂါးဟတ်ကို တွေ့ခဲ့တယ်မဟုတ်လား။ တစ်ချိန်တုန်းက သံအမတ်ကြီးလို့ ပြောသံကြားဖူးတာပဲ။ နောက်တော့ ခေါင်းမှာ ဒဏ်ရာရပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖောက်ပြန်သွားတာတဲ့။ သူ့မိတ်ဟောင်း ဆွေဟောင်းတွေက သူ့ကို လိုအပ်တာတွေ ဖြည့်တင်းပေးနေကြတယ်လို့ ကောလာဟာလသတင်းတွေ ကြားဖူးတယ်။ ဘယ်သူမှ သူ့ဆီလာတာတော့ မတွေ့ရဘူး။ သူ့အတွက် နေစရာအိမ်ကလေးတစ်လုံးကိုလဲ သူ့မိတ်ဆွေတော်က ဆောက်ပေးကြတယ်။ အိမ်လို့တောင် ပြောရခက်ပါတယ်။ ခံတပ်တစ်ခုလားလို့ ထင်ရတယ်။ သိပ်လုံခြုံတာပဲ။ လေတောင်ဝင်နိုင်မယ် မထင်ဘူး ”

မှန်ပါသည်။ ယခု ဟယ်လ်ဒင်မြင်တွေ့နေရသော ဂါးဟတ်၏နေအိမ်မှာ လုံခြုံလွန်းလှသည်။ မည်သည့်လေ၊ မည်သည့်အအေးဓာတ်မှ အတွင်းသို့ ဝင်နိုင်မည်မထင်ပါ။

အိမ်တံခါးဖွင့်သံကြားရသည်။ မည်သည့်နေရာတွင် တံခါးရှိကြောင်း မသိသည်က တစ်ကြောင်း၊ မိမိကိုယ်တိုင် တံခါးမခေါက်ရသေးသည်က တစ်ကြောင်း တို့ကြောင့် ဟယ်လ်ဒင် အထိတ်တလန့်ဖြစ်သွားသည်။

တံခါးပေါက်တွင်ရပ်နေသော ဂါးဟတ်၏ပုပျက်ပျက်အရပ်ကို လက်နှိပ်ဓာတ်မီးရောင်အောက်တွင် မြင်တွေ့ရလေသည်။

မိမိရောက်လာသည်ကို သည်လောက် လုံခြုံသည့်အိမ်ထဲမှနေ၍ ဂါးဟတ်လို အဘိုးကြီးတစ်ယောက်က မည်သို့များကြားလေသနည်းဟု ဟယ်လ်ဒင်က စဉ်းစားကြည့်မိလေသည်။

“ မင်းတကယ်ရောက်လာပြီကိုး ”

ဂါးဟတ်က ဆီးကြိုပြောသည်။ ယခုလိုတွေ့ရပြန်တော့လည်း မည်သည့်နည်းနှင့်မျှ အရူးကြီးတစ်ယောက်ဖြစ်ကြောင်း မပြောနိုင်တော့ချေ။ နေ့ခင်းတုန်းက ရွာလယ်ပန်းခြံတွင် တွေ့ခဲ့ရသည့် အသွင်အပြင်များအားလုံး ပျောက်ကွယ်နေလေတော့သည်။

“ အထဲကို မြန်မြန်ဝင်. . . အပြင်မှာက သိပ်အေးတယ်။ ဟောဒီသစ်တောက ပိုအေးတယ်။ အိမ်ထဲကိုဝင်ပြီး မီးလင်းဖိုရှေ့မှာထိုင်လိုက်။ ကျုပ်တို့ လက်ဖက်ရည်အတူတူသောက်ကြတာပေါ့ ”

အတွင်းသို့ရောက်သောအခါ အပြင်မှမြင်တွေ့ရသည်ထက် များစွာ ပိုမိုကျယ်ဝန်းသည်ကို သတိပြုမိသည်။ အိမ်ထောင်ပရိဘောဂများ၊ ကုလားထိုင်များသည် ဟောင်းနွမ်းနေကြပြီးဖြစ်သော်လည်း သက်တောင့်သက်သာ နေနိုင်သော ပစ္စည်းများဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုရှေ့ရှိ ကုလားထိုင်မှာ ဟယ်လ်ဒင် ထိုင်သည်။ မီးရှိန်ကြောင့် တစ်ကြောင်း၊ လက်ဖက်ရည်ပူပူကလေး သောက်လိုက်ရသောကြောင့် တစ်ကြောင်း နွေးနွေးထွေးထွေးဖြင့် နေသာထိုင်သာ ရှိသွားလေသည်။

မိနစ်အနည်းငယ်ကြာအောင် သူတို့နှစ်ယောက် ရောက်တတ်ရာရာများကို ပြောနေကြသည်။ ပြီးတော့ ဟယ်လ်ဒင်မေးချင်နေသော မေးခွန်းကို မမေးရဘဲနှင့် ဂါးဟတ်က သူ့အလိုလို အဖြေပေးလေသည်။

" ဘာလင်ကနေပြီး ကျုပ်ဒီကို ရောက်လာတာ ငါးနှစ်ရှိသွားပြီ။ ကျုပ် ဘယ်သူမှန်းမသိအောင် ရုပ်ဖျက်ပြီး မြူးနစ်မြို့ကနေတစ်ဆင့် လာရတာပေါ့လေ။ အိုဒက်ဇာ အကြမ်းဖက်သမားတွေရဲ့ လက်ချက်ကြောင့် ကျုပ်ရှုးသွားတယ်ဆိုတာမျိုး လုပ်ထားရတာပေါ့။ အဲဒါတွေအားလုံး သက်သေခံခိုင်လုံအောင်လဲ လုပ်ထားရတယ်။ ဆေးတိုက်တစ်ခုက ဆရာဝန်တစ်ယောက်ဆီမှာ ကျုပ်ရဲ့ ရောဂါမှတ်တမ်းတွေ အပြည့်အစုံရှိတယ်လေ။ တစ်ယောက်ယောက်က မသင်္ကာဘူးဆိုရင် အဲဒီမှတ်တမ်းတွေ ထုတ်ပြလိုက်ရုံပဲ။ အဲဒီဆရာဝန်ရဲ့နာမည်က လစ်ဗတ်တဲ့။ မင်းလဲသူ့အကူအညီကို လိုကောင်းလိုလိမ့်မယ်။ ကျုပ်ဟာ လူကောင်းပကတိဖြစ်ကြောင်း သူတစ်ယောက်ပဲ သိတယ် "

" ဘာကြောင့် အခုလို အယောင်ဆောင်နေဖို့ လိုတာလဲ ဟင်. . "

" ပြောသွားရင်း မင်း သဘောပေါက်လာပါလိမ့်မယ်။ မင်းအိမ်ပြင် ရောက်လာတာကို ကျုပ်သိတဲ့အတွက် မင်း အံ့သြသွားမယ်ထင်တယ်။ ကျုပ်အိမ်ကလေးနားကို ကျုပ်မသိဘဲ ဘယ်သူမှ ကပ်လာလို့မရဘူး။ အချက်ပြစနစ်တွေ တပ်ထားတယ်။ ဟောဒီတောအုပ်ကလေးထဲကို တစ်ယောက်ယောက် ဝင်လာတာနဲ့ ကျုပ် သိနှင့်နေပြီ။ ကဲ. . . ဟာအိုးဘတ်စ် ဘာဖြစ်တာလဲ ပြောပြပါဦး "

အဘိုးကြီး၏မျက်နှာပေါ်မှ အပြုံးကလေး ချက်ချင်း ပျောက်ကွယ်သွားလေသည်။

ဟယ်လ်ဒင်က အဖြစ်အပျက်များကို ပြန်ပြောပြသည်။ အဘိုးကြီးက ငြိမ်သက်စွာ ထိုင်နားထောင်နေသည်။ သူမျက်လုံးထဲမှာလည်း စိတ်ထိခိုက်သည့် အရိပ်အရောင်များကို အထင်အရှားမြင်တွေ့နေရလေသည်။

" တိရစ္ဆာတွေ. . . လူတစ်ယောက်ကို ဒီလိုပဲသတ်ရသလား။ ဒီလိုပဲ ခွေးလို နွားလို သတ်ရသလား။ သူတို့လဲ ရုပ်ပျက်ဆင်းပျက်သေကြရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်က ဒီအတိုင်းကြည့်မနေပါဘူး။ သူတို့ကိုလဲ ဆုံးမတော်မူမှာပါပဲ”

“ ဘယ်သူတွေကိုလဲ ”

“ ဝံပုလွေအတုတွေပေါ့. . . တိရစ္ဆာန်တွေလေ. . . လင်းယုန်တွေ မဟုတ်ဘူး ”

“ လင်းယုန်တွေ. . . ကျွန်မ နားမလည်ပါဘူးရှင် ” ဟု ဟယ်လ်ဒင်က အရိုးခံအတိုင်း ပြန်ပြောသည်။

“ ၁၉၄၄ ခုနှစ် ဇူလိုင်လတုန်းက ဟစ်တလာကို သူ့စစ်ခေါင်းဆောင်တွေက လုပ်ကြံဖို့ ကြိုးစားခဲ့ကြတယ်။ လူများစုက ကြိုးစားကြတာပဲ။ သူတို့ဟာ တကယ့်ကို လူကြီးလူကောင်းတွေပါ။ ဟစ်တလာအနားမှာ လူရှုးတွေကပ်ပြီး ကောင်းစားနေကြတာကို သူတို့မြင်တယ်။ လူရှုးတွေက စိတ်ရှုးပေါက်တိုင်း ထင်ရာတွေ လျှောက်လုပ်နေတဲ့အတွက် ဂျာမနီနိုင်ငံတော်ကြီး နာမည်ပျက်ချင်တိုင်း ပျက်နေရကြောင်း သူတို့မြင်တယ်။ ဒါကြောင့် ဟစ်တလာရဲ့ အဲဒီလူရှုး အုပ်စုကို သုတ်သင်ပြီးရင် စစ်ကြီးကို ရပ်ဆိုင်းပစ်ဖို့ သူတို့ရည်စူးကြတယ်။ စေ့စပ်ဆွေးနွေးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ကြမယ်။ လူသတ်သမားတွေ လူရှုးတွေကို ဖော်ထုတ်မယ်။ တရားဥပဒေအတိုင်း အရေးယူမယ်။ ဒါကြောင့် သူတို့ကို ရွှမ်းမဲလ်က ‘ဂျာမနီနိုင်ငံတော်ကြီးရဲ့ စစ်မှန်သော လင်းယုန်များ’လို့ ခေါ်ခဲ့တယ် ”

“ လင်းယုန်များ. . . ဒီလင်းယုန်များအကြောင်းကိုပဲ ရှင် မနားတမ်း ပြောနေတော့တာပဲနော် ” ဟု ဟယ်လ်ဒင်က ပြောသည်။

“ ဘယ်လိုကွဲ့. . . . ”

“ ဘာမှ မဟုတ်ပါဘူးရှင်. . . အဲဒါနဲ့. . . ဆက်ပြောပါဦး ”

“ ပြောပါ့မယ်. . . ပြောပါ့မယ်. . . အဲဒီအချိန်တုန်းက ဟစ်တလာရဲ့ စစ်ဦးစီးဌာနချုပ် လုပ်ထားတဲ့နေရာကို လျှို့ဝှက်နာမည်အနေနဲ့ ဝံပုလွေလို့ ခေါ်တယ်။ အဲဒီ စစ်ဦးစီးဌာနချုပ်မှာ ရှိနေကြတဲ့ ခေါင်းဆောင်အများစုက ဟစ်တလာမှားနေတာတွေကို မြင်တယ်။ ဟစ်တလာရဲ့ တပည့်တွေက ဂျာမနီနိုင်ငံတော်ကြီးရဲ့ နာမည်ကိုသုံးပြီး လူတွေ အစုလိုက် အပြုံလိုက် သတ်နေတာကိုလဲ မြင်ကြတယ်။ ဒါကြောင့် ဒီအမှားတွေကိုပြင်ဖို့ ကြိုးစားကြရင်း သူတို့အားလုံး ကွပ်မျက်တာကို အစုလိုက် အပြုံလိုက် ခံသွားကြရတယ်။ စစ်ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်ကတော့ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်။ အနိုင်ရသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုက သူတို့ကိုယ်သူတို့ ဝံပုလွေလို့ ခေါ်ကြတယ်။ အမှန်တော့ သူတို့ဟာ ဝံပုလွေအတုတွေပဲ။ ရှုံးနိမ့်သွားတဲ့ ခေါင်းဆောင်တွေကသာ ဝံပုလွေအစစ် ဖြစ်ကြတယ် ”

“ ဝံပုလွေဒဂ်ါးပြားမှာ မျက်နှာနှစ်ဖက်ရှိနေတယ်ဆိုတာ အဲဒါပဲလား” ဟု ဟယ်လ်ဒင်က မေးသည်။

“ ဟုတ်တယ်။ အဲဒီ ဝံပုလွေအတုတွေကလဲ သူတို့စစ်ရှုံးတော့မယ်ဆိုတာ သိနေတယ်။ ဟစ်တလာရဲ့ နည်းပရိယာယ်တွေ မှားလို့ ဒီလိုစစ်ရှုံးရတယ်လို့လဲ နားလည်ကြတယ်။ ဒါကြောင့် သူတို့လို လူရှုးတွေစုပေါင်းခေါင်းဆောင်ပြီး ဂျာမနီနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ဖို့ ကြိုးစားကြတယ်။ သူတို့က ငြိမ်းချမ်းရေးစကား မပြောဘူး။ စေ့စပ်ဖို့ မပြောဘူး။ စစ်အနိုင်တိုက်ဖို့ပဲ သူတို့ အဓိကထားကြတယ်။ ဒါကြောင့် သူတို့ဟာ ဝံပုလွေစစ်ဦးစီးဌာနချုပ်မှာ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေဖြစ်ပေမယ့် ဝံပုလွေအတုတွေလို့ သတ်မှတ်ထားတယ်”

“ ဟစ်တလာကို လုပ်ကြံဖို့ကြိုးစားခဲ့ကြတဲ့ လူတွေထဲက တချို့တွေဟာ ဘယ်လိုလုပ်ပြီး လွတ်သွားကြသလဲ ”

“ ဟစ်တလာပေါ်မှာ သစ္စာစောင့်သိရိုသေတဲ့လူတွေက သူတို့အချင်းချင်း ညီညွတ်ရေးယူလိုက်ကြတယ်။ ဟစ်တလာကို အကာအကွယ်ပေးကြတယ်။ ဒီအချိန်မှာ ဟစ်တလာကလဲ စိတ်အတော်ဖောက်ပြန်နေပြီ။ ဒါကြောင့် သစ္စာဖောက်တွေကို ကွပ်မျက်ဖို့ သူရဲဘောကြောင်တဲ့လူတွေကို တာဝန်ပေးတယ်။ အဲဒီလူတွေရဲ့ ကိုင်တွယ်ပုံ ညံ့ဖျင်းလို့ တချို့ လွတ်သွားကြတယ် ”

ဟယ်လ်ဒင်က ကုလားထိုင် အစွန်းဘက်သို့ နေရာရွှေ့ထိုင်သည်။

“ စောစောတုန်းက ဝံပုလွေအတုတွေအကြောင်း ပြောခဲ့သေးတယ် မဟုတ်လား။ သူတို့အများစုဟာ အခုသေကုန်ကြပြီ မဟုတ်လား ”

အဘိုးကြီးက သက်ပြင်းချသည်။

“ မင်းက ဘာမှ မသိသေးဘဲကိုး. . . အိုးဘတ်စ်ကလဲ ပြောတယ်။ မင်း ဘာမှမသိသေးဘူးတဲ့ ”

“ ကျွန်မ ဘယ်သူလဲဆိုတာ ရှင် သိသလားဟင်. . . ” ဟု ဟယ်လ်ဒင်က ပြန်မေးသည်။

“ သိတာပေါ့။ ကျုပ်အတွက်စာတွေကို မင်းပဲပို့ပေးနေတာပဲ ”

“ ဟာအိုးဘတ်စ်အတွက် စာတွေအများကြီး ကျွန်မပို့ပေးဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နူချာတဲရွာကိုတော့ တစ်စောင်မှ ပို့မပေးရဖူးဘူး ”

“ မင်းပို့ရတဲ့စာတွေဟာ ကျုပ်အတွက် ပို့ရတဲ့စာတွေပဲ။ အဲဒါတွေ အကုန်လုံးကိုလဲ ကျုပ် လက်ခံရခဲ့ပါတယ် ”

“ ကျွန်မ အကြောင်းတွေ သူရေးဖူးသလား ”

ဂါးဟတ်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်လေသည်။

“ မကြာခဏ ရေးပါတယ်ကွယ်။ မင်းကို သူ သိပ်ချစ်တာပဲ။ ဝံပုလွေ အတုတွေ အများစု သေကုန်ကြပြီဆိုတာ မှန်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စတုတ္ထ ဂျာမနီနိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ဖို့ ဆိုတဲ့ ရည်မှန်းချက်က သေမသွားသေးဘူး။ သူတို့ကိုယ်တိုင် တည်ဆောက်ကြမှာတော့ မဟုတ်ဘူး။ သူတို့ရဲ့ သားသမီးတွေက တည်ဆောက်ကြမှာ ”

“ သားသမီးတွေ . . . ”

“ ဟုတ်တယ်။ သူတို့ရဲ့ သားသမီးတွေဟာ အရပ်တကာမှာရှိတယ်။ မြို့တိုင်းမှာရှိတယ်။ တိုင်းပြည်တိုင်းမှာရှိတယ်။ လုပ်ငန်းတိုင်းမှာရှိတယ်။ အလွှာတိုင်းမှာရှိတယ်။ နိုင်ငံရေးလောကထဲမှာရှိတယ်။ နိုင်ငံခေါင်းဆောင်တွေထဲမှာ ရှိတယ်။ အစိုးရအရာရှိတွေထဲမှာရှိတယ်။ သူတို့ရောက်နေတဲ့နိုင်ငံမှာ အဲဒီနိုင်ငံရဲ့ လူမျိုးအဖြစ်နေကြတယ်။ အဲဒီနိုင်ငံကိုသစ္စာခံသလို နေနေကြတယ်။ ဒါပေမယ့် သူတို့ကိုကိုင်တွယ်နေတဲ့ လူတွေရှိတယ်။ ခေါင်းဆောင်တွေရှိတယ်။ အနီးကပ်တာဝန်ယူရသူတွေရှိတယ်။ လိုအပ်တဲ့အချိန်မှာ လိုအပ်သလို လှုပ်ရှားဖို့ လိုအပ်သလို အသုံးချခံဖို့ အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေကြတယ်။ အခု အချိန်မှာ အဲဒီကလေးတွေအားလုံး လူလားမြောက်ကုန်ကြပြီ ”

“ သူတို့က ဘယ်ကရောက်လာကြတာလဲ ”

“ အင်း . . . ဒီပြဿနာရဲ့အရေးအကြီးဆုံးအပိုင်းကို ရောက်လာပြီ။ ပြောရင်း မင်းသဘောပေါက်လာလိမ့်မယ်။ ဒီလုပ်ငန်းကြီးကို ‘မျိုးဆက်စစ်ဆင်ရေး’လို့ နာမည်ပေးခဲ့တယ်။ ၁၉၄၅ ခုနှစ်က စခဲ့တာ။ ထောင်ပေါင်းများစွာရှိတဲ့ ကလေးတွေကို ဂျာမနီနိုင်ငံတော်ထဲကနေပြီး ကမ္ဘာ့နိုင်ငံအသီးသီးကို တိတ်တဆိတ်စေလွှတ်တင်ပို့ခဲ့ကြတယ်။ ကလေးတွေရဲ့ အသက်ဟာ အငယ်ဆုံးက ခြောက်လသား။ ခြောက်လသမီးဖြစ်ပြီး အကြီးဆုံးက ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ် ”

ဝါနာဂါးဟတ်ကဇာတ်လမ်းကိုရှင်းပြနေသည်။ ဟယ်လ်ဒင်မှာ ထို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကိုနားထောင်ရင်း ဖျားချင်သလို နာချင်သလို ဖြစ်လာလေသည်။

" စီမံကိန်းကိုလဲ သေသေချာချာ ချထားတယ်။ သူတို့အတွက် သန်းပေါင်းများစွာရှိတဲ့ ငွေတွေလဲ ထားခဲ့တယ်။ မျိုးဆက်တွေ အရွယ်ရောက်လာတဲ့ အချိန်မှာ သူတို့စီမံကိန်းကို အကောင်အထည်ဖော်ဖို့ပဲ။ ဒါပေမယ့် စီမံကိန်းကို စီးပွားရေးခေတ်နဲ့တွက်ထားတယ်။ နှစ်ပေါင်းသုံးဆယ်မှာ တစ်ကြိမ်းဖြစ်ရမယ်။ အခု ပထမ နှစ်ပေါင်းသုံးဆယ်မှာ မအောင်မြင်ရင် နောက်ထပ် နှစ်ပေါင်းသုံးဆယ်စောင့်ရမယ် "

ဟယ်လ်ဒင်က အသက်ပြင်းပြင်းရှူလိုက်မိသဖြင့် အဘိုးကြီးက စကားရပ်သွားသည်။ သို့သော်လည်း ခဏပဲကြာသည်။ ဆက်ပြောသည်။

" ဒီစီမံကိန်းကြီးကို ချခဲ့တာကတော့ လူသုံးယောက် . . . "

ဟယ်လ်ဒင်၏လည်ချောင်းထဲမှာ တစ်ဆို့လာသည်။ အော်ဟစ်ငိုလိုက်မိတော့မည်ကဲ့သို့လည်း ဖြစ်သွားလေသည်။

" သူတို့သုံးယောက်ဟာ ငွေတွေကို စုဆောင်းကြတယ်။ အစိုးရအဖွဲ့ထဲက ငွေတွေကိုပဲ အများဆုံးပြန်ယူတာပါပဲ။ သာမန်လူတွေ ခန့်မှန်းကြည့်နိုင်တာထက် ငွေတွေပိုများများယူကြတယ်။ သူတို့သုံးယောက်ထဲက တစ်ယောက်ဟာ စီးပွားရေးပါရဂူ။ ဟစ်တလာစစ်တိုက်နိုင်အောင် ဘဏ္ဍာတော်ငွေတွေကို စုဆောင်းရှာဖွေပေးခဲ့တဲ့လူ။ စီးပွားရေးနဲ့ပတ်သက်လာရင် သူမတူအောင်တော်တဲ့ပုဂ္ဂိုလ်။ ဟစ်တလာရဲ့ ဂျာမနီနိုင်ငံတော်ကြီး ပျက်စီးဖို့ သေချာသွားတဲ့အခါမှာ သူတို့ဟာ အခုနပြောတဲ့ 'မျိုးဆက်စီမံကိန်း'ကို ချကြတော့တာပဲ "

" ဟိန်းနရစ်ကလော်ဆင်. . . အိုး. . . ဘုရား. . ဘုရား. . မဟုတ်ဘူး။ မဟုတ်ဘူး။ ဒီအထဲမှာ နို့ဝယ်မပါဘူး. . . နို့ဝယ်မပါဘူး "

ဟယ်လ်ဒင်က လေသံတိုးတိုးကလေးဖြင့် ရေရွတ်နေမိလေသည်။

" တကယ်ဆိုတော့ ဒီစီမံကိန်းကြီးနဲ့ သူနဲ့ ဘာမှမဆိုင်ဘူး။ သူက လိုတဲ့ငွေတွေကို ရှာဖွေစုဆောင်းပေးတာ သက်သက်ပဲ။ ဒီအကြောင်းတွေကို သူဘာမှမသိဘူး။ သူသိတာက သူတို့စနစ်တွေမှားလို့ ကမ္ဘာစစ်ကြီးဖြစ်ရမယ်။ သူတို့လူတွေ အရှုံးထလို့ အပြစ်မဲ့တဲ့လူတွေ သန်းပေါင်းများစွာ သေကြေပျက်စီးကြရတယ်။ သူတို့ဂုဏ်သိက္ခာတွေလဲ အဖတ်ဆည်လို့မရတော့ဘူး။ ဒါကြောင့် တစ်နေ့မှာ သူတို့ဂုဏ်သိက္ခာတွေကို ဖြစ်တဲ့နည်းနဲ့ အဖတ်ပြန်ဆည်မယ်။ ဂျာမနီနိုင်ငံတော်ကြီးရဲ့ ဂုဏ်သိက္ခာကို အဖတ်ပြန်ဆည်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းနရစ်ကလော်ဆင်ကတော့ အဲဒီလိုရိုးရိုးပဲသဘောပေါက်နားလည်ထားတယ်။ ဒါပေမယ့် သူနဲ့အပေါင်းပါဖြစ်တဲ့ ဝေလ်ဟမ်းဗွန်တိုင်းဘိုလ်တ်နဲ့ကက်စလာနဲ့ ကက်စလာတို့ နှစ်ယောက်ကတော့ မျိုးဆက်တွေနဲ့ စတုတ္ထဂျာမနီနိုင်ငံတော်ကြီးကို မဖြစ်မနေ ပြန်ထူထောင်ရမယ်လို့ ယုံကြည်ထားကြတယ် ”

“ အဲဒီနောက်တော့ရော. . . ”

ဟယ်လ်ဒင်၏မျက်လုံးများ ပိုမိုပြူးကျယ်လာသည်။ နားထင်နှစ်ဖက်မှာလည်း မခံရပ်နိုင်လောက်အောင် ထိုးကိုက်နေသည်။

ဂါးဟတ်က ဟယ်လ်ဒင်၏လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားလေသည်။

“ သူတို့ မျိုးဆက်တွေထဲက လူငယ်လေးတစ်ယောက်ကို ရွေးချယ်ကြတယ်။ ဒီလူငယ်လေးဟာ ကျန်လူတွေနဲ့မတူဘဲ အတော်ဆုံးကလေးဖြစ်ရမယ်။ ရုပ်ရည်ချောမောရမယ်။ သူ့ကိုစောင့်ကြည့်မယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ ငယ်စဉ်ကတည်းကစပြီး လိုအပ်တဲ့အတတ်ပညာတွေကို လေ့ကျင့်ပေးမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ပေါ့။ အဲဒီမူအတိုင်း အတော်ဆုံးနဲ့ ရုပ်အချောဆုံး ကလေးတစ်ယောက်ကို သူတို့ရွေးပြီး လေ့ကျင့်ပေးလာခဲ့ကြတယ် ”

“ ဂျိုဟန်း. . . ဘုရားသခင်. . . ဂျိုဟန်းကို သူတို့ရွေးလိုက်ကြတာကိုး. . . အဖြစ်ဆိုးလိုက်တာနော် ”

“ ဟုတ်တယ်။ ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်ပဲ။ တစ်ကမ္ဘာလုံးမှာ ဖြန့်ထားတဲ့ မျိုးဆက်တွေကို သူက ခေါင်းဆောင်သွားရမှာပဲ။ သူဟာ သူတို့တည်ထောင်ကြမယ့် စတုတ္ထမြောက်ဂျာမနီနိုင်ငံတော်ကြီးရဲ့ ခေါင်းဆောင်လောင်းလဲ ဖြစ်တယ် ”

ဟယ်လ်ဒင်၏ နားထင်နှစ်ဘက်မှာ မြည်ဟည်းနေသောအသံသည် ပိုမိုကျယ်လောင်လာသည်။ ခေါင်းကြီးပွင့်ထွက်သွားတော့မည်လားဟု ထင်မှတ်ရသည်။ မြည်ဟည်းသံကြီးက မိုးကြိုးပစ်သလို ပိုမိုကျယ်လောင်လာသည်။

အခန်းထဲမှာလည်း အမှောင်ထုကြီး ကြီးစိုးလာသည်ဟု ထင်ရသည်။

ဟယ်လ်ဒင်သည် ဘေးသို့ ယိုင်လဲကျသွားလေတော့သည်။

\+ \+ \+

ဟယ်လ်ဒင်ကမျက်လုံးဖွင့်ကြည့်သည်။ သူ အချိန်ဘယ်လောက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာ သတိမေ့မြောသွားသည်ကို တိတိကျကျ မသိလိုက်ချေ။

ဝါနာဂါးဟတ်က သူ့ကို ထိန်းကိုင်ပေးထားသည်။ လက်တစ်ဖက်က ဘရန်ဒီခွက်ကိုကိုင်ပြီး ပါးစပ်နားမှာကပ်ပေးထားသည်။ ဘရန်ဒီနံ့က နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ဟယ်လ်ဒင်က ဂါးဟတ်၏လက်ထဲမှ ဘရန်ဒီခွက်ကိုဆွဲယူသည်။ တင်းတင်းကြီးကိုင်သည်။ အားပါးတရသောက်ချလိုက်သည်။ ဘရန်ဒီက တစ်ကိုယ်လုံးရှိ သွေးကြောများထဲသို့ ပျံ့နှံ့ဝင်ရောက်သွားသည်။ အနေရအထိုင်ရ သက်သာသွားသည်။

" ဂျိုဟန်း. . . ဒါကြောင့် ဟာအိုးဘတ်စ်က. . . "

ဟယ်လ်ဒင်က လေသံကလေးဖြင့် တိုးတိုးပြောသည်။

" ဟုတ်တယ်။ ဒါကြောင့် အိုးဘတ်စ်က မင်းကို သူ့အနားမှာ ခေါ်ထားတာ။ မင်းဟာ ပုန်ကန်လိုတဲ့စိတ်ရှိတဲ့ ဝေလ်ဟမ်းဗွန်တိုင်းဘို့လ်တ်ရဲ့သမီးဖြစ်တယ်။ ဘရာဇီးလ်နိုင်ငံ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ မွေးခဲ့တယ်။ စိတ်နေစိတ်ထားရော အမူအကျင့်ပါ မင်းအစ်ကိုတွေ အစ်မတွေနဲ့ တခြားစီဖြစ်ခဲ့တယ်။ ဒါပေမယ့် မင်းကို သူတို့ ဘယ်လို အသုံးချနေသလဲဆိုတာ ကျုပ်တို့မသိခဲ့ဘူး။ ဒါကို ကျုပ်တို့ သိချင်ခဲ့တယ် "

" သူတို့ အသုံးချချင်တဲ့လူတွေကို အသုံးချပြီး နောက်ဆုံးတော့ သတ်ပစ်လိုက်တာပဲ။ ပြင်သစ်နိုင်ငံထဲက ရွာကလေးတစ်ရွာမှာ ကျွန်မကို သတ်ဖို့ သူတို့ကြိုးစားခဲ့ကြသေးတယ်။ ဘုရား. . . ဘုရား. . . ဒါတွေအားလုံးကို ကျွန်မ အစ်ကို အရင်းခေါက်ခေါက်က လုပ်နေတာကိုး. . . "

အဘိုးကြီးက ချည့်ချည့်နဲ့နဲ့ဖြင့် ထိုင်ရာမှထရပ်သည်။

" အဲဒါတော့ မင်းမှားသွားပြီထင်တယ်။ အဲဒီနေ့က မဖြစ်သင့်တာတွေ စိတ်မချမ်းသာစရာကောင်းလောက်အောင် ဖြစ်သွားတဲ့နေ့ပဲ။ အားလုံးမှားကုန်တယ်။ မင်းနောက်ကိုလိုက်လာတဲ့လူနှစ်ယောက်ဟာ ကျုပ်တို့လွှတ်လိုက်တဲ့လူတွေပဲ။ ကျုပ်တို့ ညွှန်ကြားလိုက်တာကလဲ အင်မတန် ရှင်းပါတယ်။ နို့ဝယ်အကြောင်းသိချင်လို့ပဲ။ အဲဒီအချိန်တုန်းက နို့ဝယ်အကြောင်းကို ကျုပ်တို့ ဘာမှမသိရသေးဘူး။ သူဟာ ဝံပုလွေတွေရဲ့ ဘက်တော်သားလားဆိုတာလဲ မသေချာသေးဘူး။ တကယ်လို့သူဟာ ဘယ်ဘက်ကိုမှ မပါဘူးဆိုရင် ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သိမ်းသွင်းစည်းရုံးဖို့ပဲ။ တကယ်လို့ ဟိုဘက်ကို သူပါ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုရင်တော့ သူ့ကိုကျုပ်တို့ ရှင်းပစ်ရတော့မှာပေါ့လေ။ ဒီလိုစာရင်းရှင်းပွဲမှာ မင်းကို လွတ်ကင်းတဲ့ တခြားတစ်နေရာကိုပို့ပေးထားဖို့ ကျုပ်တို့လူတွေက ကြိုးစားခဲ့ကြတာ။ ပစ်ကြခတ်ကြတဲ့အထဲမှာ မင်း ကြားညပ်သွားမှာစိုးလို့။ နောက်ဆုံး ဘာမှ မသိရတော့တဲ့အဆုံး ကျုပ်တို့လူတွေက နိုဝယ်ကို အဲဒီနေရာမှာပဲ ပစ်သတ်လိုက်ဖို့ ဆုံးဖြတ်ခဲ့ကြရတယ် ”

ဟယ်လ်ဒင်က မျက်လွှာချလိုက်သည်။

“ အဲဒီနေ့တုန်းက ဂျိုဟန်းကလဲ ကျွန်မတို့ နောက်ကို လူတစ်ယောက် ထည့်လိုက်တယ်။ နိုဝယ်ကို ဘယ်သူတွေက စိတ်ဝင်စားနေသလဲဆိုတာ သိချင်လို့တဲ့ ”

ဂါးဟတ်က ကုလားထိုင်ပေါ်မှာ ပြန်ထိုင်သည်။

“ အဲဒီလူကိုမြင်တော့ ကျုပ်တို့လူတွေက ဒီနေရာဟာ ဂျိုဟန်းဗွန်-တိုင်းဘိုလ်တ်နဲ့ နိုဝယ်နဲ့ ချိန်းထားတဲ့နေရာပဲလို့ သဘောပေါက်သွားကြတယ်။ ဒီအတိုင်းဆိုရင် နိုဝယ်ဟာ ဂျိုဟန်းရဲ့လူပေ့ါ။ မျိုးဆက်ပေ့ါ။ သူတို့ဝံပုလွေပေ့ါ။ ကျုပ်တို့လူတွေအဖို့ တခြားအချက်အလက်တွေကို ထွေထွေထူးထူး ရှာဖွေနေစရာမလိုတော့ဘူးလေ ”

“ ဒါတွေဟာ ကျွန်မအမှားတွေပဲ။ ကျွန်မလူအုပ်ကြီးထဲမှာရှိနေတုန်း လူတစ်ယောက်က ကျွန်မလက်မောင်းကို လာကိုင်တယ်။ ကျွန်မ သိပ်ကြောက်သွားတယ်။ သူနဲ့အတူတူလိုက်ခဲ့ရမယ်လို့ အဲဒီလူကပြောတယ်။ သူက ဂျာမနီဘာသာနဲ့ပြောတယ်။ ကျွန်မက သူ့ကို အိုဒက်ဇာပဲလို့ထင်လိုက်မိတယ် ”

“ အမှန်တော့ သူဟာ ဂျူးလူမျိုးပဲ။ ဟာရှာအလက်လို့ခေါ်တဲ့ သမဝါယမကျေးရွာက ဂျူးလူမျိုးတစ်ယောက်ပဲ ”

“ ဂျူး . . . ဟုတ်လား . . . ”

နီဂေ့ဖ်သဲကန္တာရအတွင်းရှိ ဟာရှာအလက်သမဝါယမကျေးရွာ အကြောင်းကို ဂါးဟတ်က အကျဉ်းချုပ်ပြောပြသည်။

“ သူတို့ဟာ ကျုပ်တို့ရဲ့ စစ်တပ်အသေးစားကလေးဆိုပါတော့။ ကျုပ်တို့က ကြေးနန်းရိုက်လိုက်ရင် သူတို့က လူပို့ပေးတယ်။ ပေးတဲ့တာဝန်ကို အကောင်အထည်ဖော်သွားတယ်။ လုပ်ငန်းကတော့ လွယ်လွယ်ကလေးပါပဲ”

ဟယ်လ်ဒင်မှာ ယခုမှ တဖြည်းဖြည်း ဇာတ်ရည်လည်လာတော့သည်။

“ ဒီလိုဆိုရင် သူတို့ဆီကို အခု ကြေးနန်းရိုက်တော့မှာလားဟင် ”



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း အားတက်သရော မေးမိသည်။

" ကြေးနန်းကို မင်းပို့ပေးရမှာ။ စောစောတုန်းက ဒေါက်တာလစ်ဗက်နဲ့ သူ့ဆေးတိုက်အကြောင်း ကျုပ်ပြောခဲ့တယ် မဟုတ်လား။ ကျုပ်ရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆေးမှတ်တမ်းတွေအားလုံး သူ့ဆီမှာရှိတယ်။ သူဟာ ကျုပ်တို့လူပဲ။ အင်မတန် အားကောင်းတဲ့ အသံလွှင့် အသံဖမ်းစက်တစ်လုံးရှိတယ်။ ကျုပ်နဲ့ နေ့တိုင်း အဆက်အသွယ်လုပ်တယ်။ ဒီမှာ တယ်လီဖုန်းသွယ်ဖို့ဆိုတာ သိပ်ကိုအန္တရာယ်ကြီးတယ်မဟုတ်လား။ သူ့ဆီကို ဒီနေ့ညသွားလိုက်ပါ။ ဟာရှာအလက်သမဝါယမကျေးရွာနဲ့ သူအဆက်အသွယ်လုပ်လိမ့်မယ်။ ဂျီနီဗာကို အဖွဲ့တစ်ဖွဲ့လွှတ်ရမယ်။ သူတို့ ဘာလုပ်ရမယ်ဆိုတာ မင်းက ပြောပြပါ။ ဂျိုဟန်းနဲ့ ကက်စလာကို ကိစ္စတုံးလုပ်ပစ်ရမယ်။ နိုဝယ်ကို ဒီအရှုပ်တော်ပုံထဲက ဆွဲထုတ်ပါ။ သူက ငြင်းနေရင် သူ့ကိုလဲ ရှင်းပစ်ရမယ်။ ဘဏ်မှာရှိနေတဲ့ငွေတွေ သူတို့လက်ထဲရောက်သွားလို့ မဖြစ်ဘူး "

" နိုဝယ် ယုံကြည်လာအောင် ကျွန်မ ပြောပြပါ့မယ် "

" ကြိုးစားကြည့်ပေါ့လေ။ မင်းပြောတဲ့စကားကို သူယုံကြည်ပါစေလို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် မင်းထက်သလောက်တော့ လွယ်မှာမဟုတ်ဘူး။ ဒီလုပ်ငန်းကြီးကို သူသိပ်ယုံကြည်နေတယ်။ သူမမြင်ဖူးလိုက်တဲ့အဖေရဲ့ ရည်မှန်းချက်တွေ အောင်မြင်အောင်လုပ်ပေးဖို့ သိပ်ကို စိတ်အားထက်သန်နေတယ် "

" သူ့အကြောင်းတွေ ရှင်ဘယ်လိုလုပ်သိသလဲ "

" သူ့အမေဆီကတစ်ဆင့် သိရတာ။ သူ့အမေဟာလဲ ဟိန်းနရစ်-ကလော်ဆင်ရဲ့စီမံကိန်းထဲမှာပါနေတယ်လို့ ကျုပ်တို့နှစ်ပေါင်းများစွာ ယုံကြည်နေခဲ့ကြတာ။ ဒါကြောင့်လဲ နှစ်ပေါင်းများစွာ ကျုပ်တို့စောင့်နေခဲ့ကြတယ်။ နောက်ဆုံး ကျုပ်တို့ လူကိုလွှတ်ပြီး သူနဲ့တွေ့ခိုင်းတယ်။ အဲဒီတော့မှ ဒီကိစ္စတွေကို သူဘာမှ မသိကြောင်း သိရတော့တယ်။ နိုဝယ်ကို ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်တို့က အယုံသွင်းထားတာပဲ "

" နိုဝယ် သဘောပေါက်အောင် ကျွန်မတို့ ပြောပြရမှာပေါ့။ သူဟာ စိတ်ဓာတ်ကြံ့ခိုင်ပါတယ်။ မမှန်တာကိုလုပ်တတ်တဲ့ လူစားမျိုးလဲ မဟုတ်ဘူး။ နိုဝယ် ဒါလောက်ယုံကြည်နေအောင် သူတို့ဘယ်လိုများ လုပ်လိုက်တာလဲ "

" ဒီလုပ်ငန်းကြီးထဲမှာ သူပါမလာအောင် လူပေါင်းများစွာက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးနေကြတယ်လို့ နိုဝယ်ထင်အောင်လုပ်တယ်။ သူ့ကိုသတ်ဖို့ ကြိုးစားနေတယ်လို့ ထင်အောင်လုပ်တယ်။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ ဖြစ်ခဲ့တဲ့အကြောင်းတွေ ကျုပ်တို့ဆီကို အစီရင်ခံစာရောက်လာတယ်။ မေရစ်ဂရပ်ဖ်က သူ့ကိုသတ်ဖို့ကြိုးစားကြောင်း၊ အမေရိကန်သံရုံးကို သူတိုင်ခဲ့တယ်။ အမှန်ကတော့ ရိုင်းယိုးဒီဂျနေးရိုးမှာ သူ့ကို ဘယ်သူကမှသတ်ဖို့ မကြိုးစားဘူး။ ဒါပေမယ့် သူ အဲဒီလို ယုံကြည်သွားအောင် မောရစ်ဂရပ်ဖ်က အကွက်ဆင်ခဲ့တာ ”

“ မောရစ်ဂရပ်ဖ်ဆိုတာ အိုဒက်ဇာပဲ ”

“ မဟုတ်ဘူး။ ဘယ်တုန်းကမှ အိုဒက်ဇာမဟုတ်ခဲ့ဘူး။ သူဟာ ဝံပုလွေအတုတွေရဲ့ခေါင်းဆောင်တစ်ယောက်သာဖြစ်တယ်။ အခုတော့ သူလဲ သေသွားပါပြီ ”

“ ဘာဖြစ်တယ် . . . ”

ဟယ်လ်ဒင်က အံ့အားသင့်သွားလေသည်။

“ မနေ့တုန်းက သူ့ကို လူတစ်ယောက်က သေနတ်နဲ့ပစ်သတ်သွားတယ်။ လူသတ်သမားက သူ့ကိုယ်သူ ပေါ်တူဂီဂျူးလူမျိုးဖြစ်တယ်လို့ ပြောတယ်။ အမှန်ကတော့ ဂျိုဟန်းရဲ့လက်ချက်ပဲ။ ဘာကြောင့်လဲဆိုတော့ မောရစ်-ဂရပ်ဖ်ဟာ အသက်ကြီးပြီ။ သူတို့အတွက် သိပ်အသုံးမဝင်တော့ဘူး။ သူတို့စိတ်တိုင်းကျလဲ အသုံးချခဲ့ပြီလေ ”

ဟယ်လ်ဒင်က ဘရန်ဒီခွက်ကို စားပွဲပေါ်မှာတင်သည်။ အရေးအကြီး ဆုံး မေးခွန်းကို မေးရတော့မည်ဟုလည်း နားလည်လာသည်။

“ ဟာဂါးဟတ်. . . ဂျီနီဗာအာမခံဘဏ်တိုက်ထဲမှာရှိနေတဲ့ငွေတွေဟာ ဘာရည်ရွယ်ချက်အတွက် ထားတဲ့ငွေတွေဖြစ်ကြောင်း ဘာဖြစ်လို့ ထုတ်ဖော်မပြောတာလဲ။ သူတို့ရဲ့အကြံအစည်တွေကို ဘာဖြစ်လို့ မဖော်ထုတ်တာလဲ”

အဘိုးကြီးက ဟယ်လ်ဒင်ကို ပြန်စိုက်ကြည့်နေသည်။ ခဏကြာတော့မှ ဖြေသည်။

“ ဂျီနီဗာမှာရှိနေတဲ့ ငွေတွေအကြောင်းကို ထုတ်ဖော်ပြောရင် ဇာတ်လမ်းကြီးတစ်ခုလုံးရဲ့တစ်ဝက်တစ်ပျက်ကိုပဲ ဖော်ထုတ်သလို ဖြစ်နေမယ်။ မပြည့်စုံသေးဘူး။ အဲဒါကို ဖော်ထုတ်လိုက်တာနဲ့တစ်ပြိုင်တည်း ကျုပ်တို့အားလုံး လုပ်ကြံခံကြရမယ်။ သူတို့အစီအစဉ်ကြီးကတော့ ပျက်စီးသွားမှာမဟုတ်ဘူး။ နောက်ထပ်ဇာတ်လမ်းတစ်ပိုင်း ကျန်နေသေးတယ် ”



www.burmeseclassic.com

www.burmeseclassic.com



“ ဘယ်လို ဇာတ်လမ်းတစ်ပိုင်းလဲ ”

“ ဒုတိယပိုင်း ကျန်နေသေးတယ်။ မျိုးဆက်တွေဟာ ဘယ်သူတွေလဲ။ သူတို့နာမည်တွေဟာ ဘာတွေလဲ။ သူတို့ဘယ်မှာရှိနေကြသလဲ။ အဲဒီစာရင်း အပြည့်အစုံကို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်ကတည်းက သူတို့ ပြုစုထား ခဲ့ကြတယ်။ မင်းအစ်ကိုရဲ့လက်ထဲမှာ အဲဒီစာရင်းရှိနေနိုင်တယ်။ သေချာပေါက် ရှိနေရမယ်လို့ ကျုပ်တို့ယူဆထားတယ်။ ဒါပေမယ့် ဒီစာရင်းကို ဂျိုဟန်းဗွန်-တိုင်းဘို့လ်တ်က ဘယ်နည်းနဲ့မှ ထုတ်ပေးမှာမဟုတ်ဘူး။ အသေသာခံသွားမယ်။ စာရင်းကိုတော့ ထုတ်ပေးမှာမဟုတ်ဘူး။ အဲဒီစာရင်းကို သူနဲ့ လက်တစ်ကမ်း အကွာမှာ ထားလိမ့်မယ်။ သူ့ကိုယ်ပေါ်မှာ ထားချင်လဲထားမယ်။ ဂျီနီဗာက ငွေတွေကို လက်ခံမယ့်လူစာရင်းလဲ သူ့ဆီမှာပဲရှိရမယ်။ အဲဒီစာရင်းတွေကို ကျုပ်တို့ရမှဖြစ်မယ်။ စာရင်းတွေကိုရတော့မှ သူတို့အကြံအစည်ဟာ ဘာဖြစ် ကြောင်း၊ သူတို့လူတွေဟာ ဟောဒီလူတွေဖြစ်ကြောင်း ဖော်ထုတ်လို့ရမယ်။ ဒါကြောင့် အဲဒီစာရင်းကိုရအောင်ရှာဖို့ ဟာရှာအလက်ကလူတွေကို မင်းကိုယ်တိုင် ပြောပြပါ။ ငွေတွေကို ထုတ်ယူမသွားနိုင်အောင် လုပ်ပါ။ စာရင်းကို တွေ့အောင် ရှာပါ။ ကျုပ်တို့ရဲ့ တစ်ခုတည်းသော မျှော်မှန်းချက်ဟာ ဒါပဲ ”

“ ကျွန်မပြောပါ့မယ်။ စာရင်းကို တွေ့အောင်လဲ သူတို့ရှာနိုင်ကြပါ လိမ့်မယ်။ အင်း . . . ဝံပုလွေ . . . ဝံပုလွေ . . . လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ် ကျော်က နိုဝယ်အတွက် ရေးထားခဲ့တဲ့စာထဲမှာလဲ ခြိမ်းခြောက်ထားတာတွေ အပြည့်ပါတယ်။ တောင်းပန်တာရော . . . ခြိမ်းခြောက်တာရော . . . အို . . . စုံနေတာပဲ ”

“ လင်းယုန်အမည်ကို အလွဲသုံးစားပြုပြီး သူတို့တောင်းပန်တာတွေ၊ ခြိမ်းခြောက်တာတွေ မပြတ်လုပ်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ အကြံပက်စက်တဲ့ တိရစ္ဆာန်တွေပဲ ”

“ အဲဒါတွေကို နိုဝယ် မသိနိုင်ဘူးနော် ”

“ မသိနိုင်ဘူး။ ဘယ်လိုနည်းနဲ့မှ မသိနိုင်ဘူး။ ‘ဝံပုလွေ’ဆိုတဲ့နာမည် ဟာ သူရသတ္တိနဲ့လဲ ပြည့်စုံနေတယ် မဟုတ်လား။ ဒီတော့ နိုဝယ်ကလဲ သူတို့ ပြောတာတွေကို ယုံကြည်နေတော့မှာပေါ့။ နောက်ထပ် ဝံပုလွေအစစ်ရှိသေး တယ်ဆိုတာကို သူ မသိဘူး။ သိနိုင်စရာအကြောင်းလဲ မပေါ်ခဲ့ဘူး။ ဝံပုလွေ အစစ်တစ်ယောက်ရှိခဲ့တာကို သူ သိခွင့်မကြုံခဲ့ဘူး ”



www.burmeseclassic.com

www.burmeseclassic.com



" ဟာအိုးဘတ်စ်လား "

" ဟုတ်တယ်. . . ဟာအိုးဘတ်စ် "

" ကွပ်မျက်မှုကြီးထဲက သူ ဘယ်လိုလုပ် လွတ်လာတာလဲဟင်. . . "

" အဲဒီအချိန်တုန်းက ရှေ့တန်းစစ်မျက်နှာကို သူရောက်နေတယ်။ ဟစ်တလာကိုလုပ်ကြံဖို့ ကြိုးစားတဲ့အမှုကြီးပေါ်တဲ့အချိန်မှာ ဝံပုလွေဌာနချုပ်မှာ သူမရှိဘူး။ အရေးအခင်းပေါ်တော့ ဌာနချုပ်မှာရှိနေတဲ့ သူ့မိတ်ဆွေ ဗိုလ်ချုပ်ကြီးတစ်ယောက်က သူ့ကို အကျိုးအကြောင်းလှမ်းပြောပြတယ်။ ဒါကြောင့် ဌာနချုပ်ကို သူမပြန်တော့ဘဲ ရှောင်ထွက်သွားတာ "

" နိုဝယ်ရဲ့အမေ ဘယ်ရောက်နေသလဲ။ သူရော ဒီအကြောင်းတွေ ဘယ်လောက်အထိ သိထားသလဲ "

ဟယ်လ်ဒင်က စိတ်အားထက်သန်စွာဖြင့် မေးသည်။

" အခုအချိန်မှာ ဇာတ်လမ်းအမှန်အားလုံးကို သူသိနေပြီ။ သူစိတ်ချောက်ချားပြီး ကယောင်ကတန်းတွေ လျှောက်မလုပ်မိပါစေနဲ့ပဲ ဆုတောင်းရတော့မှာပဲ။ သူ့နောက်ကို ကျုပ်တို့လူထည့်လိုက်တယ်။ ဒါပေမယ့် မက်ဆီကိုမှာ မျက်ခြေပြတ်သွားတယ်။ ကျုပ်တို့လူကို အမေရိကန်စုံထောက်အဖွဲ့က ဖမ်းမိသွားတယ်။ ဂျီနီဗာမှာရှိတဲ့သူ့သားနဲ့အဆက်အသွယ်ရဖို့ ကြိုးစားနေတယ်လို့ ထင်တယ်။ အဆက်အသွယ် ရလိမ့်မယ်မထင်ဘူး။ သူ့ကိုရှာတွေ့သွားတာနဲ့ တစ်ပြိုင်တည်း ဂျိုဟန်းတို့လူစုက အရှင်ထားတော့မှာ မဟုတ်ဘူး "

" ကျွန်မတို့ သူ့ကို မတွေ့တွေ့အောင်ရှာမှ ဖြစ်တော့မယ်ထင်တယ်"

" သူ့ကို ရှိနေရင် တခြားအစီအစဉ်တွေ ပျက်ကုန်လိမ့်မယ်။ ဒီလို အဖြစ်မခံနိုင်ဘူး။ အခုအချိန်မှာ ဝံပုလွေအတုတွေပဲရှိတော့တယ်ဆိုတာ အမြဲတမ်း သတိရနေပါ "

ဂါးဟတ်ကစကားဖြတ်ကာ မီးလင်းဖိုရှိရာသို့ ထသွားပြီး မီးခဲများကို သံချောင်းဖြင့် ဆွပေးနေသည်။ ပြီးတော့မှ ပြန်လှည့်လာပြီး သူ့စကားကို ဆက်ပြန်သည်။

" ဒီနေ့ည ဒေါက်တာလစ်ဗတ်နဲ့ မင်းတွေ့ရမယ်။ သူ့အိမ်က သူ့ဆေးတိုက်နားမှာပဲရှိတယ်။ တောင်ကုန်းပေါ်မှာ မြောက်ဘက်ကို နှစ်ကီလိုမီတာလောက် လျှောက်သွားရင်ရောက်ပြီ။ တောင်ကုန်းက နည်းနည်းတော့ စောက်တယ်။ ရေဒီယိုနဲ့အဆက်အသွယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းသံတစ်မျိုး အခန်းထဲမှာ ရုတ်တရက်ပေါ်လာသည်။ ဝါနာဂါးဟတ်လည်း စကားပြတ်သွားသည်။ ဟယ်လ်ဒင်က လန့်ပြီး ထိုင်ရာမှ ခုန်ထသည်။

ဂါးဟတ်သည် ပြတင်းပေါက်သေးသေးကလေးဆီသို့ ထသွားသည်။ ပြတင်းပေါက်ကလေးကို စိုက်ကြည့်နေသည်။ သူကြည့်နေပုံမှာ အပြင်သို့ ကြည့်နေသည်နှင့်မတူဘဲ ပြတင်းပေါက်ဘောင်များကို ငေးစိုက်ကြည့်သည်ဟု ထင်ရသည်။

" ညဘက်မှာ ကြည့်လို့ရတဲ့ မှန်တစ်ချပ် ဒီနေရာမှာ တပ်ထားတယ်။ ဒီမှန်ကနေကြည့်ရင် ကျုပ်ခြံထဲကို ဘယ်သူဝင်လာတယ်ဆိုတာ မြင်ရတယ်။ အခု ယောကျ်ားတစ်ယောက် ဝင်လာနေတယ်။ သူ့ကို ကျုပ်ကောင်းကောင်း မှတ်မိတယ်။ ဒါပေမယ့် ဘယ်သူဆိုတာတော့ မသိဘူး "

ဂါးဟတ်က စားပွဲဆီသို့ လျှောက်သွားပြီး အံဆွဲထဲမှ ပစ္စတိုသေနတ် တစ်လက်ထုတ်ကာ ဟယ်လ်ဒင်ကိုလှမ်းပေးသည်။

" ကျွန်မက ဒီသေနတ်နဲ့ ဘာလုပ်ရမှာလဲ " ဟု ဟယ်လ်ဒင်က ပြန်မေးသည်။

" လိုရမည်ရ အဆင်သင့်ဆောင်ထား "

" အဲဒီလူ ဘယ်သူလဲဆိုတာ မသိဘူးလား "

ဟယ်လ်ဒင်က သေနတ်ကိုလှမ်းရင်းမေးသည်။ သေနတ်ကို စကတ်အောက်မှာ ဝှက်ထားလိုက်သည်။ တံခါးပေါက်နှင့်မျက်နှာချင်းဆိုင်ရှိ ဆိုဖာပေါ်မှာ ဝင်ထိုင်သည်။

" မသိဘူး။ မနေ့တုန်းက သူရောက်လာတယ်။ ရွာလယ်က ပန်းခြံထဲမှာ သူ့ကိုကျုပ်တွေ့ခဲ့တယ်။ ကျုပ်တို့လူဖြစ်ချင်ဖြစ်မယ်။ ဖြစ်ချင်မှလဲဖြစ်မယ်။ အသေအချာတော့ မပြောတတ်သေးဘူး "

အိမ်ဆီသို့ ချဉ်းကပ်လာနေသည့် ခြေသံကို ဟယ်လ်ဒင်ကြားရသည်။ တံခါးပေါက်နားမှာ ခြေသံရပ်သွားသည်။ ခဏကြာအောင် တိတ်နေသည်။ ပြီးတော့ တံခါးကို ခပ်သွက်သွက်ခေါက်သံ ပေါ်ထွက်လာသည်။

" ဟာဂါးဟတ် "

အပြင်မှ ယောကျ်ားသံ ပေါ်လာသည်။

အဘိုးကြီးက ပြန်ဖြေသည်။ သူ ဖြေပုံမှာ သီချင်းဆိုသည်နှင့်တူနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန်းခြံထဲမှာ သူလုပ်နေကျပုံစံမျိုး ဖြစ်သည်။

" ဟ. . . ဒုက္ခပါပဲ။ ဘယ်သူလဲ. . . အချိန်မတော်ကြီး ဘာလာလုပ်တာလဲ။ ကျုပ် ဘုရားရှိခိုးနေတုန်း တန်းလန်းကြီး "

" ဟာရှာအလက် သမဝါယမကျေးရွာက သတင်းပို့ခိုင်းလိုက်လို့ ကျွန်တော်လာတာပါ " ဟု အပြင်လူက ပြန်ဖြေသည်။

အဘိုးကြီး၏မျက်နှာပေါ်တွင် စိတ်သက်သာရာ ရသွားသည့်အမူအရာ ပေါ်လာသည်။ ဟယ်လ်ဒင်ကိုကြည့်ပြီးတော့လည်း ခေါင်းညိတ်ပြသည်။

" ကျုပ်တို့လူပဲ။ ဟာရှာအလက် ကျေးရွာအကြောင်းကို ကျုပ်တို့လူက လွဲပြီး တခြား ဘယ်သူမှ မသိဘူး "

ဂါးဟတ်က တံခါးသွားဖွင့်သည်။

တံခါးပွင့်သွားသည်။

ဟယ်လ်ဒင်သည် တစ်စုံတစ်ရာကို အလိုလိုသိသည့်အလား ထိုင်ခုံပေါ်မှ ကြမ်းပြင်ပေါ်သို့ ထိုးချလိုက်သည်။ ထိုင်ခုံနောက်ကွယ်သို့ ရောက်သွားသည်။

တံခါးဝမှာပေါ်လာသူ၏လက်ထဲမှာ ပြောင်းရှည်သေနတ်တစ်လက် ကိုင်ထားသည်။ ထိုသေနတ်မှ ပေါက်ကွဲသံတစ်ချက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

အပေါက်ဝမှာရပ်နေသော ဂါးဟတ်သည် တစ်ဘက်သို့ လည်ထွက်သွားကာ ကြမ်းပြင်ပေါ်သို့ ပုံလျက်သား ကျသွားသည်။

ဆိုဖာနောက်ကွယ်မှာရှိနေသော ဟယ်လ်ဒင်က စကတ်အောက်မှ ပစ္စတိုသေနတ်ကို ဆွဲထုတ်သည်။

နောက်ထပ် သေနတ်သံတစ်ချက် ပေါ်ထွက်လာပြန်သည်။

ဟယ်လ်ဒင် အကာအကွယ်ယူထားသည့် ဆိုဖာကို ကျည်ဆန်လာထိသည်။

နောက်ထပ် သေနတ်သံတစ်ချက် ဆက်တိုက်ပေါ်ထွက်လာပြန်သည်။

ကျည်ဆန်က ဆိုဖာကို လာဖောက်ပြန်သည်။

ယခုတစ်ချီတွင်မူ ဟယ်လ်ဒင်၏ခြေထောက်မှာ ပူကနဲဖြစ်သွားသည်။ ငုံ့ကြည့်လိုက်သည်တွင် သူ့ခြေအိတ်တွင် သွေးများစွန်းထင်းသွားသည်ကို မြင်လိုက်ရသည်။

လက်ထဲမှပစ္စတိုသေနတ်ကိုမြှောက်သည်။ တံခါးပေါက်ဘက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလှည့်ပြီး မောင်းကိုညှစ်ချလိုက်သည်။ လက်ထဲမှသေနတ်ကို ပေါက်ကွဲပြီး တုန်ခါသွားသည်။

အပေါက်ဝဆီမှ အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရသည်။

ဟယ်လ်ဒင်သည် သေနတ်မောင်းကို အဆက်မပြတ်ဆွဲညှစ်နေမိသည်။ နောက်ဆုံး ဘာသံမှ မကြားရတော့မှ ရပ်သည်။ သူ့သေနတ်ထဲမှာ ကျည်ဆန်ကုန်သွားလေပြီ။

မျက်လုံးအစုံထဲမှ မျက်ရည်များ စီးကျလာသည်။ အခန်းထဲမှာ ယမ်းငွေ့များဖြင့် မှောင်နေသည်။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။

ငါသေသွားပြီလားဟု သူ့ကိုယ်သူ စမ်းကြည့်မိသည်။

ညည်းတွားသံကိုကြားရသည်။ သို့သော်လည်း ယမ်းငွေ့များ မှောင်နေသောကြောင့် အခန်းထဲမှာ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရပါ။ မည်သူ၏ညည်းတွားသံဖြစ်ကြောင်းကိုလည်း မခန့်မှန်းတတ်ပါ။

ယမ်းငွေ့များက ညှော်လွန်းလှသည်။ မျက်လုံးထဲသို့လည်း ယမ်းငွေ့များ ဝင်လာသည်။ မျက်ရည်များ ဒလဟောစီးကျနေသောကြောင့် ပိုပြီးအခံရခက်လာသည်။ အခန်းထဲသို့ အာရုံစိုက်ပြီး ကြည့်သည်။

ဘာတွေဖြစ်ကုန်သည်ကို သူ နားမလည်တော့ပါ။ ဘာဆက်လုပ်ရမည်ကိုလည်း နားမလည်တော့ပါ။

ထိုအခိုက် ခပ်တိုးတိုးအသံကို ကြားရသည်။ လေသံကလေးဖြစ်သည်။

" သမီး . . . "

ဂါးဟတ်၏အသံဖြစ်သည်။

ဟယ်လ်ဒင်သည် ကျိတ်၍ရှိုက်ငိုရင်း နံရံကို အားပြုရပ်သည်။ နံရံကို တွန်းပြီး အခန်းအလယ်ရောက်အောင် ကြိုးစားသည်။ ဒဏ်ရာရသွားသော ခြေထောက်ကို ဒယဉ့်တိုက်ဆွဲပြီး အခန်းအလယ်သို့ရောက်အောင် သွားဖို့ ကြိုးစားသည်။ ခြေထောက်မှာသွေးများ ရွှဲရွှဲစိုစိုနေပြီ။

ဒါတွေကို အာရုံစိုက်မနေနိုင်တော့ပါ။ လေသံတိုးတိုးကလေး ကြားနေရသည့်နေရာသို့ အမြန်ဆုံးရောက်ဖို့သာ အရေးကြီးနေပါသည်။

အခန်းထဲမှ ယမ်းငွေ့များ တဖြည်းဖြည်းနှင့်ကျဲသွားသည်။ မြင်ကွင်းများကို စတင်မြင်ရစ ပြုလာသည်။

တံခါးပေါက်ဝတွင် လဲနေသော လူသတ်သမားကို ပထမဆုံး စတင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။ ပက်လက်လန်ပြီး လဲကျနေခြင်းဖြစ်ရာ နဖူးနှင့်လည်ပင်းတွင် သေနတ်ဒဏ်ရာ နှစ်ချက်ကိုလည်း လှမ်းမြင်ရသည်။

အသက်ပျောက်နေချေပြီ။

အခန်းလယ်မှာ ဂါးဟတ်ကိုတွေ့ရသည်။ ဂါးဟတ်မှာ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်ဟုထင်ရသည်။

ဂါးဟတ်အနားသို့ ရောက်သွားသည်။ ဂါးဟတ်၏မျက်နှာပေါ်သို့ သူ့မျက်နှာကို အပ်ချလိုက်သည်။ သူ့မျက်ရည်များက ဂါးဟတ်၏ မျက်နှာမှာ စိုရွှဲသွားသည်။

" သမီးလေး. . . လစ်ဗတ်ဆီကို ရောက်အောင်သွားပါ။ ဟာရှာအလက်ကို ကြေးနန်းရိုက်ပါ။ ဂျိနီဗာနဲ့လွတ်ရာမှာနေပါ။ ဝေးဝေးမှာ ရှောင်နေပါ "

" လွတ်ရာမှာ ရှောင်နေရမယ်. . . "

" ဟုတ်တယ် သမီး. . . ကျုပ်ဆီကို သမီးလာတဲ့အကြောင်း သူတို့သိသွားပြီ။ ဝံပုလွေအတုတွေက သမီးကို မြင်သွားကြပြီ။ ကျုပ်တို့မှာ အားကိုးစရာ သမီးတစ်ယောက်ပဲ ကျန်တော့တယ်။ နာခရိုက် . . . "

" ရှင် . . . ဘာပြောလိုက်တယ် . . . "

" သမီးဟာ နာခရိုက်တင်းဒိုက်ပဲ "

ဂါးဟတ်၏မျက်နှာသည် တစ်ဘက်သို့ လည်ကျသွားလေတော့သည်။

လူ့လောကကြီးကို ကျောခိုင်းသွားရပြန်ချေပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၃၉ )

မုတ်ဆိတ်နီနှင့်ပိုင်းလော့သည် လမ်းတစ်ဘက်မှာ ရပ်ထားသော မော်တော်ကားဆီသို့ ဦးတည်ကာ ခြေလှမ်းကျဲကြီးများဖြင့် ခပ်သုတ်သုတ် လျှောက်သွားသည်။ သူ့နောက်မှာ ဟိုတယ်ဒကော့ ကျန်ခဲ့သည်။

မော်တော်ကားဆီသို့ လျှောက်လာနေသော ပိုင်းလော့ကို အယ်လ်သိန်းက နားမလည်နိုင်သလို လှမ်းကြည့်နေသည်။

ပိုင်းလော့သည် ဘာကြောင့် သူ့သားနိုဝယ်ကို အပါခေါ် မလာရသနည်း။ ပြီးတော့ ဘာကြောင့် သုတ်သီးသုတ်ပျာ ဖြစ်လာနေရသနည်း။

ပိုင်းလော့က ကားမောင်းသူ၏နေရာမှာ ဝင်ထိုင်သည်။ အသက်ရှူ မှန်အောင် ကြိုးစားနေသည်။

“ ဟိုတယ်ဒကော့ထဲမှာ အခြေအနေတွေ ရှုပ်ထွေးနေတယ် အဒေါ်။ အထဲမှာ လူသတ်မှုတစ်ခု ဖြစ်သွားလို့ ”

အယ်လ်သိန်းမှာ ပါးစပ်ဟောင်းလောင်း ပွင့်သွားလေသည်။

“ နိုဝယ်လား . . . အဒေါ့်သားလား ” ဟုလည်း ထိတ်လန့်တကြီး ဖြင့် ပြန်မေးမိသည်။

“ မဟုတ်ဘူး။ အင်္ဂလိပ်လူမျိုးတစ်ယောက် အသတ်ခံရတာ ”



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်သူတဲ့လဲ "

" အဲလစ်တဲ့ . . . ဝီလီအဲလစ်တဲ့ "

" ဘုရားသခင် . . . "

အယ်လ်သိန်းသည် ဘုရားတလိုက်ရင်း လက်ထဲရှိပိုက်ဆံအိတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်မိလေသည်။

" လန်ဒန်မြို့မှာ နိုဝယ်ရဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ဝီလီ-အဲလစ်တဲ့. . . သူ့အကြောင်းကို နိုဝယ် မကြာခဏပြောလေ့ရှိတယ်။ အဒေါ့်သားနဲ့ သွားတွေ့မှ ဖြစ်တော့မယ် "

" ဒီဟိုတယ်ထဲမှာ တွေ့လို့မဖြစ်ဘူး အဒေါ် . . . အဒေါ့်သားနဲ့ အခုအသတ်ခံရတဲ့ အင်္ဂလိပ်လူမျိုးနဲ့ အဆက်အသွယ်ရှိနေတယ်ဆိုရင် ဘယ်နည်းနဲ့မှ သွားတွေ့လို့ မဖြစ်ဘူး။ ပုလိပ်တွေ ခြေချင်းလိမ်နေတယ်။ နောက်ပြီးတော့ အဒေါ် ဘယ်နေရာရောက်နေတယ်ဆိုတာ သတင်းပို့ဖို့လဲ ညွှန်ကြားချက်ထုတ်ထားတာ မဟုတ်လား "

" ဒီလိုဆိုရင် တယ်လီဖုန်းရှိတဲ့နေရာကို အမြန်ဆုံးပို့ပေးပါ "

" ကျွန်တော် ဆက်ပေးပါ့မယ်။ အဲဒီအလုပ်ကတော့ အဒေါ့်အတွက် ကျွန်တော် နောက်ဆုံးဆောင်ရွက်ပေးတဲ့ အလုပ်ပဲဖြစ်ပါလိမ့်မယ်။ လူသတ်မှုထဲမှာ ကျွန်တော် ရောပါမနေချင်ဘူး။ စောစောက ကျွန်တော်တို့နှစ်ယောက် သဘောတူထားခဲ့ကြတဲ့အထဲမှာ ဒီအချက်မပါဘူး အဒေါ် "

ဆယ့်ငါးမိနစ်မျှကြာအောင် မော်တော်ကားကို မနားတမ်းမောင်းလာခဲ့ကြသည်။ ထိုအခါကျမှ သူတို့နောက်သို့ မည်သူတစ်စုံတစ်ယောက်မျှ နောက်ယောင်ခံ လိုက်မနေကြောင်း ပိုင်းလော့က စိတ်ချသွားသည်။

" အဒေါ်တို့နောက်ကို ဘယ်သူက နောက်ယောင်ခံလိုက်ဖို့ရှိသလဲ။ အဒေါ့်ကို ဘယ်သူမှ မြင်တာမဟုတ်ပါဘူး။ အဒေါ့်နာမည်ကိုလဲ မင်းမပြောဘူး မဟုတ်ဘူး။ နိုဝယ်ရဲ့နာမည်ကိုလဲ မင်းမပြောခဲ့ဘူး မဟုတ်လား "

" အဒေါ့်နောက်ကို လိုက်မှာမဟုတ်ဘူး။ ကျွန်တော့်နောက်ကို လိုက်မှာစိုးလို့ သတိထားနေတာ။ ကျွန်တော့်ကို ပုလိပတချို့ မြင်သွားတယ်။ ဂျီနီဗာ ပုလိပ်တွေနဲ့ ကျွန်တော်တို့က သိပ်ပြီးအဆင်ပြေတာ မဟုတ်ဘူး။ အခုလို လူသတ်မှုဖြစ်တဲ့နေရာမျိုးကို ကျွန်တော်တို့ဘာကြောင့် ရောက်လာသလဲဆိုတာ သူတို့ စဉ်းစားချင် စဉ်းစားကြမှာ "



www.burmeseclassic.com

www.burmeseclassic.com



ကန်အရှေ့ရပ်ကွက်သို့ သူတို့ရောက်လာကြသည်။ ပိုင်းလော့က လမ်းဘေးမှာ တယ်လီဖုန်းရုံကို ရှာသည်။ ခဏကြာတော့ တွေ့သည်။

တယ်လီဖုန်းရုံရှေ့မှာ ကားရပ်ပြီး ခပ်သွက်သွက်ဆင်းသွားသည်။ သူ ဖုန်းဆက်နေသည်ကို အယ်လ်သိန်းက လှမ်းငေးကြည့်နေသည်။

ခဏကြာတော့ သူပြန်လာသည်။ မောင်းသည့်နေရာမှာ ဝင်ထိုင်သည်။ သို့သော်လည်း ဆင်းသွားတုန်းက သွက်လက်သလောက် ယခုပြန်လာသည့်အခါတွင်မူ နွေးကွေးလွန်းလှသည်ကို အယ်လ်သိန်း သတိထားမိသည်။

ပိုင်းလော့သည် ရုတ်တရက်တစ်စုံတစ်ရာကို မပြောသေးဘဲ ကျိန်ဆဲနေသည်။

" ဘယ်လိုလဲ. . . ဘာတွေဖြစ်လာတာလဲ " ဟု အယ်လ်သိန်းက ဆီးကြိုမေးသည်။

" ကျွန်တော်တော့ တယ်မကြိုက်ချင်ဘူး။ ခင်ဗျား တယ်လီဖုန်းဆက်မှာကို သူတို့ စောင့်နေကြတယ် "

" ဟုတ်တယ်လေ. . . ဖုန်းဆက်ဖို့အဒေါ်သားနဲ့ အချိန်းအချက် လုပ်ထားပြီးသားပဲ "

" ဒါပေမယ့် အခု ဖုန်းဆက်တာက အဒေါ်မှမဟုတ်ဘဲ။ ကျွန်တော် သွားဆက်တာပဲ "

" အဲဒါရော ဘာထူးခြားသွားလို့လဲ။ အဒေါ်ကိုယ်တိုင်မဆက်ဘဲ တစ်ယောက်ယောက်ကို ဆက်ခိုင်းတဲ့သဘောပေါ့။ သူတို့က ဘာပြောလို့လဲ"

" သူတို့မဟုတ်ဘူး။ သူ. . .။ နောက်ပြီးတော့ သူပြောပုံက ဒီမြို့မှာ အစဉ်အလာမရှိဘူး။ ဒီမြို့မှာက ကိုယ်သိတဲ့လူ မဟုတ်ရင် တခြားတစ်ယောက်ယောက်ရဲ့အကြောင်းကို ပြောလေ့ပြောထ မရှိဘူး။ အချင်းချင်း အချိန်းအချက် လုပ်ထားပြီးတော့မှသာ လက်ခံစကားပြောလေ့ရှိတယ်။ အခုတော့ ကျွန်တော် ဘယ်သူမှန်းမသိဘဲ အဒေါ်အကြောင်း ကျွန်တော့်ကို သူပြောနေတယ် "

အယ်လ်သိန်းမှာ မနေတတ် မထိုင်တတ် ဖြစ်လာလေသည်။

" ဘာပြောလို့လဲ။ သတင်းက ဘယ်လို ထူးခြားနေလို့လဲ "

" အဒေါ်နဲ့တွေ့ဖို့ နေရာကို ပြောပြတယ်။ မြန်နိုင်သမျှအမြန်ဆုံး တွေ့ချင်တယ်တဲ့။ ဒီကနေ ဆယ်ကီလိုမီတာလောက်ဝေးတဲ့ မြောက်ဘက်က လမ်းဘေးတစ်နေရာ။ ဗီဆေးနတ်ကိုသွားတဲ့လမ်းဘေး တစ်နေရာမှာ တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ ရေကန်ကြီးရဲ့ အရှေ့ဘက်ခြမ်းပဲ။ အဲဒီနေရာမှာ အဒေါ့်သား စောင့်နေလိမ့်မယ်တဲ့ ”

“ ဒီလိုဆိုရင် အဒေါ်တို့ သွားကြတာပေါ့ ”

“ ဘယ်လို ‘အဒေါ်တို့’လဲ ခင်ဗျာ. . . ”

“ မင်းနဲ့ သဘောတူညီချက်ကလေးတစ်ခု ထပ်လုပ်လိုက်ချင်သေးတယ်။ ဘယ်လိုလဲ . . . ”

အယ်လ်သိန်းက သူနှင့်အတူလိုက်ခဲ့မည်ဆိုလျှင် နောက်ထပ် အမေရိကန်ဒေါ်လာ ငါးရာပေးမည်ဟု ပြောသည်။

“ အဒေါ်တော့ ရူးနေပြီထင်တယ် ” ဟု မုတ်ဆိတ်နီနှင့်ပိုင်းလော့က ပြန်ပြောသည်။

“ ဒီလိုဆိုရင် မင်းသဘောတူပြီ မဟုတ်လား ”

“ စည်းကမ်းချက်တစ်ခုတော့ အဒေါ် လိုက်နာရလိမ့်မယ်။ အဒေါ့်သားနဲ့ မတွေ့မချင်း ကျွန်တော် ပြောတာတွေ အကုန်လုံး နားထောင်ရမယ်။ ကျွန်တော်နေခိုင်းသလို နေရမယ်။ အဒေါ်ဖြစ်ချင်တာတွေမဖြစ်ပဲနဲ့တော့ အဒေါ်ပေးတဲ့ငွေကို ကျွန်တော် မယူချင်ဘူး။ နောက်တစ်ခု အဒေါ်သိထားဖို့က အခုကိစ္စဟာ ကျွန်တော့်ကိစ္စမဟုတ်ဘူး။ အဒေါ့်ကိစ္စသာဖြစ်တယ်။ အဒေါ်က ကျွန်တော့်ကို ငွေပေးခိုင်းနေတာသာ ဖြစ်တယ်။ ဒါကြောင့် အဒေါ့်အကျိုးအတွက် ကျွန်တော် ပြောနေတာပါ ”

“ ကောင်းပြီ. . . သွားစို့ ”

“ ကောင်းပါပြီ ခင်ဗျာ ”

ပိုင်းလော့က စက်နှိုးပြီး ကားမောင်းထွက်လာခဲ့သည်။

“ မင်းက ဘာကြောင့် သက်ာမကင်းဖြစ်နေတာလဲ။ အခုဖြစ်နေတာတွေဟာ ပုံမှန်အတိုင်း ဖြစ်နေတာ မဟုတ်လား ”

“ ကျွန်တော် ပြောပါရစေလား. . ဂျီနီဗာမြို့ဟာ စည်းကမ်းကြီးတယ်။ ကာယကံရှင်မဟုတ်ဘဲ ကြားတစ်ယောက်က ဖုန်းဆက်ရင် အဲဒီကြားလူကို သတင်းမပေးရဘူး။ မှာထားတာကို ပြောမပြရဘူး။ ကြားလူကို သိနေတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ အခုဟာက ကျွန်တော့်ကိုလဲ သူတို့သိတာမဟုတ်ဘူး။ ကျွန်တော်က အဒေါ်တို့သားအမိချင်း ဖုန်းနဲ့ပြောပါစေလို့ ပြောသေးတယ်။ ဟိုဘက်ကလူက ဖုန်းနဲ့ စကားပြောနေဖို့ အချိန်မရှိတော့ဘူးလို့ ပြန်ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



" ဒါလဲ ဖြစ်နိုင်တာတွေချည်းပါပဲ "

" ထားပါတော့လေ. . . ဒါပေမယ့် ကျွန်တော်ကတော့ သိပ်သဘော မကျချင်ဘူး။ ကျွန်တော်ဖုန်းဆက်တော့ အော်ပရေတာက ဧည့်ကြိုစာရေးဆီကို ဆက်ပေးပါ့မယ်လို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်နဲ့စကားပြောရတဲ့လူဟာ ဧည့်ကြိုစာရေးမဟုတ်ဘူး "

" ဧည့်ကြိုစာရေး မဟုတ်ကြောင်း မင်းဘယ်လိုလုပ်သိသလဲ "

" ဧည့်ကြိုစာရေးတွေနဲ့ထုံးစံဟာ တောမေးတောင်မေး မေးလေ့မရှိဘူး။ အခု ကျွန်တော်နဲ့စကားပြောရတဲ့ လူကတော့ တောမေးတောင်မေးလုပ်တယ်။ ပြီးတော့ သူဟာ ဂျိနီဗာက မဟုတ်ဘူး။ စကားပြောပုံက သိပ်ကိုဝဲလွန်းနေတယ်။ ဘာလူမျိုးလို ဝဲတယ်ဆိုတာတော့ ကျွန်တော်လဲ မပြောတတ်တော့ဘူး။ ဒါကြောင့် အခုအချိန်ကစပြီး ကျွန်တော်ပြောသလို တသဝေမတိမ်း လုပ်ပါ အဒေါ် "

\+ \+ \+

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်သည် တယ်လီဖုန်းကိုပြန်ချလိုက်ရင်း ကျေနပ် အားရစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်လေသည်။

" အဘွားကြီး တို့လက်ထဲ ရောက်လာပြီ "

ဂျိုဟန်းက ထိုသို့ပြောရင်း အခန်းအလယ်သို့ ပြန်လှည့်လာသည်။ အခန်းအလယ်တွင် ဟန်းစ်ကက်စလာသည် မျက်နှာပေါ်မှ ဒဏ်ရာများကို ရေခဲအိတ်ကပ်နေသည်။ သူ့မျက်နှာပေါ်မှ ဒဏ်ရာများမှာ မြင်မကောင်းအောင် ဆိုးရွားလှလေသည်။ ဆရာဝန်တစ်ယောက်ယောက်နှင့် အမြန်ဆုံးချုပ်မှဖြစ် မည့် အခြေအနေမျိုး ဖြစ်သည်။

" ကျွန်တော် ခင်ဗျားနဲ့ အတူတူလိုက်ခဲ့မယ် "

ဟန်းစ်က ဂျိုဟန်းကို လှမ်းပြောသည်။

" မင်းလိုက်သွားလို့ မဖြစ်နိုင်ဘူးထင်တယ် " ဟု အားရစ်ကက်စလာ က ဝင်ကန့်ကွက်သည်။

" မင်းကို မြင်သွားလို့မဖြစ်ဘူးထင်တယ်။ မင်း နောက်ကျနေတယ်လို့ နိုဝယ်ကို တို့ပြောပြမှဖြစ်မယ် " ဟု ဂျိုဟန်းက ပြောသည်။

ဟန်းစ်က သူ့ရှေ့မှာရှိသော စားပွဲကို လက်ဝါးဖြင့်ခပ်ပြင်းပြင်း ပုတ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ထားလိုက်စမ်းပါဗျာ။ နို၀ယ်ကို ခင်ဗျားပြောချင်သလိုပြော။ ဒါပေမယ့် အခု ကျုပ်ရလာတဲ့ဒဏ်ရာတွေနဲ့ပတ်သက်လို့တော့ သူ့မှာ တာ၀န်ရှိတယ်ဗျ "

" တိုက်တာခိုက်တာတွေမှာ မင်းလဲ အတွေ့အကြုံရှိပြီးသားပဲကွာ။ အခုဟာကတော့ မင်းဘက်ကလဲ ချွတ်ယွင်းလို့ အခုလိုဒဏ်ရာရလာတာ မဟုတ်လား။ မင်း သိပ်ကို လောကြီးနေခဲ့ပုံရတယ် "

" လောကြီးတာ မဟုတ်ဘူးဗျာ။ ခင်ဗျားကိုယ်တိုင် မကြုံရလို့ ဒီစကားပြောနေတာ။ ဝီလီဆိုတဲ့အကောင်က နွားတစ်ကောင်လောက် အားသန်တယ်။ ကျုပ်ကို ပြန်တွယ်လိုက်တာများ တစ်ချက်တည်းနဲ့တောင် အသက်ထွက်သွားနိုင်တယ်။ ဟောဒီမှာကြည့်စမ်း. . . သူလက်နဲ့ မလွတ်တမ်း ပြန်ကုတ်ထားတာ"

ဟန်းစ်က ပြောပြောဆိုဆို ရှပ်အင်္ကျီကို ချွတ်ပြသည်။ သူ့ဝမ်းဗိုက်တွင်လည်း အညိုအမည်းစွဲကာ သွေးချင်းချင်းရဲနေသည်။

အားရစ်က သူ့ညီထံမှ မျက်နှာလွှဲလိုက်သည်။

" မင်းကို ဘယ်သူမှမမြင်လိုက်တာ သိပ်ကံကောင်းသွားတာပေါ့ကွာ။ တို့အားလုံး ဒီဟိုတယ်ထဲက အခုထွက်သွားကြရင် ကောင်းမယ်ထင်တယ်။ ပုလိပ်တွေက လူတိုင်းကို လိုက်စစ်နေကြတယ် "

" ကျွန်တော်တို့ကိုတော့ လာစစ်မှာမဟုတ်ပါဘူးဗျာ။ ဒုတိယမြို့တော်ဝန်က ဒါလောက်တော့ တာဝန်ယူဖြေရှင်းပေးရမှာပေါ့ " ဟု ဟန်းစ်က ဒေါသတကြီး ပြန်ပြောသည်။

" ဒါနဲ့လဲ မဆိုင်ပါဘူးကွာ။ စပ်စပ်စုစုလုပ်တတ်တဲ့ ပုလိပ်တစ်ယောက်ယောက်က တို့အခန်းထဲ မတော်တဆရောက်လာရင် အားလုံးရှုပ်ကုန်လိမ့်မယ်။ ဟုတ်တယ်. . . ဒါကြောင့် ဟန်းစ် ငါနဲ့လိုက်ခဲ့။ မျက်မှန်အမည်းတပ်။ လည်ပင်းမှာ မာဖလာပတ်။ ဦးထုပ်ဆောင်း။ ဒါဆိုရင် မင်း မျက်နှာပေါ်က ဒဏ်ရာတွေကို တခြားလူ ရုတ်တရက်မြင်နိုင်မှာ မဟုတ်ဘူး။ လမ်းတော့ကောင်းကောင်း လျှောက်နိုင်တယ် မဟုတ်လား "

ဂျိဟန်းက ဟန်းစ်ကို လှမ်းမေးသည်။

" ကောင်းကောင်း လျှောက်နိုင်တယ် "

ဟန်းစ်က ထိုသို့ပြန်ပြောသော်လည်း သူ့မျက်နှာပေါ်တွင်မူ နာကျင်သည့် ဝေဒနာကို ခံစားနေရကြောင်း သိသာထင်ရှားလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းက အားရစ်ဘက်သို့ လှည့်သွားသည်။

" အားရစ်. . . မင်းကတော့ ဒီမှာနေခဲ့မှဖြစ်မယ်။ နိုဝယ် မကြာခင် ဖုန်းဆက်ချင်ဆက်လိမ့်မယ်။ ဒါပေမယ့် မင်းအသံကို မမှတ်မိပဲနဲ့တော့ သူပါပဲလို့ ပြောမှာမဟုတ်ဘူး။ သူ ဖုန်းဆက်ရင် ဘာလင်မှာရှိနေတဲ့ မင်းကို ငါက ဖုန်းဆက်ခေါ်လို့ သတ်မှတ်ထားတဲ့အချိန်ထက်စောပြီး မင်းရောက်နေတယ်လို့ ပြော။ သူ့ကိုလဲ ပါရီဟိုတယ်မှာ ငါဖုန်းဆက်ကြည့်သေးတယ်လို့။ ဒါပေမယ့် သူထွက်သွားကြောင်း ဟိုတယ်က ပြောတယ်လို့။ ဒီနေ့နေ့ခင်း ဒီမှာဖြစ်သွားတဲ့ လူသတ်မှုကြောင့် မင်းရောငါပါ အကြီးအကျယ် တုန်လှုပ်သွားတယ်လို့။ အသတ်ခံသွားရတဲ့လူက နိုဝယ်အကြောင်း ပြောသွားတယ်လို့။ နိုဝယ်ကို လာရှာနေတာလို့။ ဒါကြောင့် သူ့ရဲ့ လုံခြုံရေးဟာ သိပ်ကိုအရေးကြီးနေပြီလို့ ပြောပါ။ ဟိုတယ်ဒကော့မှာ မတည်းဖို့လဲ သေသေချာချာပြောပါ "

" ဟိုတယ်မှာရှိတဲ့ လူတချို့က သူ့ပုံပန်းသဏ္ဍာန်ကို ပြောပြနေတယ်လို့လဲ ငါပြောလိုက်မယ်လေ။ ဒါဆိုရင် ဒီကောင်တော်တော် ချောက်ချားသွားမှာပါ။ ချောက်ချားသွားရင် ငါပြောတာတွေအားလုံး သူ လက်ခံမှာပဲ "

" ကောင်းတယ်။ သူနဲ့မင်း ချိန်းတွေ့ပြီး အိပ်ဆယ်စီယာဟိုတယ်မှာ သူ့ကို တည်းခိုင်းပါ။ မင်းကိုယ်တိုင် လိုက်ပို့လိုက်ပါ။ အဲဒီမှာတည်းရင် သူ့နာမည်ကို ဖရက်စကာလို့ပြောခိုင်းပါ။ သူ့နာမည်ဝှက်ဟာ ဖရက်စကာဖြစ်ကြောင်း မင်းကို သူ ပြောမပြဖူးသေးဘူး မဟုတ်လား။ ဒီလိုပြောပြလိုက်ရင် မင်းနဲ့ငါနဲ့ တကယ်တွေ့ပြီးပြီဖြစ်ကြောင်း သူယုံကြည်သွားမယ် "

" ကောင်းတယ်။ အိပ်ဆယ်စီယာဟိုတယ်ကို ရောက်ရင် အဖြစ်အပျက်တွေအားလုံး ငါရှင်းပြလိုက်မယ်။ အခြေအနေတွေပိုဆိုးလာတဲ့အတွက် မနက်ဖြန်မနက်မှပဲ ဘဏ်ဒါရိုက်တာတွေနဲ့တွေ့ပြီး စာချုပ်တွေ လက်မှတ်ထိုးဖို့ မင်းစီစဉ်ထားပြီးဖြစ်ကြောင်းပါ ပြောပြလိုက်မယ်။ လုပ်စရာရှိတာတွေကို တက်သုတ်နှင်လုပ်မှ ဖြစ်တော့မယ်ဆိုတာ သူ ယုံအောင် ငါကြည့်ပြောလိုက်ပါ့မယ် "

" မင်း အကြံအစည်မဆိုးဘူး။ ကဲ. . . ဟန်းစ်. . . မင်းအင်္ကျီ ငါကူဝတ်ပေးမယ် "

" မလိုပါဘူးဗျာ။ ကိုယ့်ဘာသာဝတ်နိုင်ပါတယ်။ ကျွန်တော့်ဆေးအိတ်ကိုသာ ခင်ဗျား သယ်ခဲ့ပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟန္းစ္က သူ႔ဘာသာ အက်ႌဝတ္သည္။ သို႔ေသာ္လည္း ခက္ခက္ခဲခဲ ဝတ္ေနရျခင္းျဖစ္ေၾကာင္း ဂ်ဴဟန္းေရာ အားရစ္ပါ သတိထားမိၾကသည္။

ဟန္းစ္က မ်က္မွန္အနက္ႀကီးကိုတပ္သည္။ လည္ပင္းမွာ မာဖလာပတ္သည္။ ဦးထုပ္တစ္လုံး ေဆာင္းလိုက္သည္။ သူ႔မ်က္ႏွာေပၚမွ ဒဏ္ရာမ်ားကို သာမန္အားျဖင့္ ျမင္ဖို႔မလြယ္ကူေတာ့ေခ်။

" နိုဝယ္နဲ႔ေတြ႕ရင္ မင္း ေဆးထိုးဖို႔အစီအစဥ္ ေသေသခ်ာခ်ာ လုပ္ထားတယ္မဟုတ္လား။ သတ္ပစ္တာမ်ိဳး မဟုတ္ဘူးေနာ္။ တို႔ကိစၥေတြ ၿပီးသြားရင္ သူ႔အလိုလို ေသသြားတာမ်ိဳးျဖစ္ရမယ္ " ဟုလည္း ဂ်ဴဟန္းက သတိေပးျပန္သည္။

" မပူပါနဲ႔ဗ်ာ။ ကၽြန္ေတာ့္ကိစၥ ကၽြန္ေတာ္သိပါတယ္။ ဒါေတြအားလုံး ပိပိရိရိ စီစဥ္ထားၿပီးသားပါ "

" အယ္လ္သိန္းနဲ႔ေတြ႕ၿပီးရင္ ဟန္းစ္ကို ဘယ္မွာဝွက္ထားမယ္ဆိုတာ စဥ္းစားမယ္။ ဒုတိယၿမိဳ႕ေတာ္ဝန္အိမ္မွာ ဝွက္ထားရင္ ပိုေကာင္းမလား မသိဘူး "

" သိပ္ေကာင္းတယ္။ အဲဒီအိမ္မွာဆိုေတာ့ ဆရာဝန္ပါ အလြယ္တကူ ရနိုင္တယ္ " ဟု အားရစ္က ဂ်ဴဟန္းကို ေထာက္ခံသည္။

" ရပါတယ္ဗ်ာ။ ဒါေလာက္ ဒဏ္ရာေတာ့ ကၽြန္ေတာ့္ဘာသာ ကၽြန္ေတာ္ခ်ဳပ္လဲျဖစ္ပါတယ္။ ကဲ. . . သြားၾကစို႔ "

ဂ်ဴဟန္းဗြန္တိုင္းဘို႔လ္တ္ႏွင့္ ဟန္းစ္ကက္စလာတို႔ႏွစ္ေယာက္ အခန္းထဲမွ ထြက္သြားၾကည္။

ပိတ္သြားသည္တံခါးကိုၾကည့္ၿပီး အားရစ္က အေတြးနယ္ခ်ဲ႕ေနမိသည္။

ဝီလီအဲလစ္ႏွင့္တိုက္ခိုက္ရာတြင္ ရလာသည့္ဒဏ္ရာမ်ားကို ကုသရန္ ဟန္းစ္ကို ေဆး႐ုံတင္၍မျဖစ္။ ေဆး႐ုံတင္လွ်င္ ဘာေၾကာင့္ ထိုဒဏ္ရာမ်ား ရသနည္းဟု အစစ္အေဆးအေမးအျမန္းမ်ား ထူလာေတာ့မည္။

ထိုအခါတြင္ လူသတ္မႈႀကီး ဘြားဘြားေပၚလာနိုင္သည္။

အမွန္ေတာ့ သူတို႔လုပ္ငန္းထဲမွာ ဟန္းစ္ကို ဆက္လက္အသုံးျပဳရန္ မလိုေတာ့။ သူ႔ကိုလည္း တြဲျဖဳတ္ထားခဲ့ရေတာ့မည္။ သူႏွင့္ပတ္သက္သည့္ အမႈမ်ား မိမိတို႔ထံ ပတ္မလာဖို႔သာ အေရးႀကီးေနေၾကာင္းလည္း အားရစ္ စဥ္းစားမိသည္။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ အားရစ်က ဖုန်းကို ကောက်ကိုင်သည်။

" အားရစ်လား "

နိုဝယ်၏အသံဖြစ်သည်။

" ဟုတ်တယ် "

" ကျွန်တော် ဂျီနီဗာကို ရောက်နေပြီ။ ခင်ဗျားအစောကြီးရောက်နေပါလား။ မသေချာလို့ ကျုပ် ဖုန်းဆက်ကြည့်တာ "

" ဟုတ်တယ်။ ဂျိုဟန်းက ဒီနေ့မနက်ပဲ ကျွန်တော့်ကို ဖုန်းဆက်ခေါ်တယ်။ ခင်ဗျားကိုလဲ ပါရီဟိုတယ်မှာ သူဖုန်းဆက်သေးတယ်။ ကျွန်တော် ပြောချင်တာက . . . "

သို့သော်လည်း နိုဝယ်က အားရစ်၏စကားကို အဆက်မခံဘဲ ဖြတ်မေးသည်။

" သူရောက်နေပြီလား "

" ရောက်နေပြီ။ နောက်ဆုံးသဘောတူညီချက်တွေ မန်ဖြန်အပြီးလုပ်ဖို့ ကိစ္စအတွက် သူအပြင်ထွက်သွားတယ်။ ခင်ဗျားကို ကျွန်တော်တို့ ပြောပြစရာတွေ အများကြီးရှိနေတယ် နိုဝယ် "

" ကျွန်တော်ကလဲ ပြောပြစရာအများကြီးရှိနေတယ်။ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ခင်ဗျား သိသလား " ဟု နိုဝယ်က ပြန်မေးသည်။

နိုဝယ်၏လေသံထဲမှာ မည်သည့်အရိပ်အရောင်များ ရှိနေသနည်းဟု အားရစ်က အာရုံစိုက်နားထောင်ရင်း အကဲခတ်သည်။ သူကြောက်နေသလား။ စိုးရိမ်နေသလား။ မည်သို့ခံစားနေရသနည်းဟု စူးစမ်းကြည့်သည်။

" သိတယ်။ အတော်အဖြစ်ဆိုးတာပဲ။ သူဟာ ခင်ဗျား မိတ်ဆွေပဲ မဟုတ်လား။ ခင်ဗျားကိုလာစုံစမ်းတယ်လို့ ဟိုတယ်ကလူတွေက ပြောကြတယ်"

တစ်ဘက်မှ ခဏကြာအောင် တိတ်သွားသည်။

" ကျွန်တော့်အမေကို စုံစမ်းတာပါ "

" ကျွန်တော်တော့ သဘောမပေါက်ဘူး။ သူ ပြောသွားတာကတော့ ဟိုးလ်ခရော့ဖ်တ်ဆိုတဲ့ နာမည်ပဲ "

" ဟိုဟာ ဘာလဲဗျ. . . နာခရို. . . နာခရိုက်. . . ဘာလဲဗျာ. . . ကျွန်တော် အသံမထွက်တတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" နာခရိုက်တင်းဒိုက်လား "

" ဟုတ်တယ်။ အဲဒါရဲ့ အဓိပ္ပာယ်က ဘာလဲ "

နိုဝယ်၏မေးခွန်းကြောင့် အားရစ် တုန်လှုပ်သွားသည်။ နိုဝယ်သည် အလွန်တရာ တည်ငြိမ်နေသည်ကို သတိထားမိသည်။ သူတို့ မျှော်လင့်ထားသလိုဖြစ်မလာ။ နိုဝယ် အကြီးအကျယ် ချောက်ချားနေရမည်ဟု သူတို့ တွေးထင်ထားခဲ့ကြသည်။

" မထူးပါဘူးဗျာ။ ကျွန်တော်တို့ ဂျီနီဗာလုပ်ငန်းစဉ်ကြီးရဲ့ ရန်သူတွေပေါ့ "

" လန်ဒန်မှာတုန်းက ဂျိုဟန်းစုံစမ်းလို့ရခဲ့တာ အဲဒီနာခရိုက်တင်းဒိုက်ပဲလား "

" ဟုတ်တယ်။ ခင်ဗျား ဘယ်က စကားပြောနေတာလဲ နိုဝယ်. . . ခင်ဗျားနဲ့ကျွန်တော် တွေ့မှဖြစ်မယ်။ ဒါပေမယ့် ခင်ဗျားဒီကို လာလို့မဖြစ်ဘူး"

" သိတယ်။ ကျွန်တော်ပြောတာကို နားထောင်ပါ။ ခင်ဗျားမှာ ပိုက်ဆံရှိသလား "

" အထိုက်အလျောက်ရှိတယ် "

" ဆွစ် ငွေတစ်ထောင်လောက်ရှိသလား "

" ရှိလောက်ပါတယ် "

" အောက်ထပ်ကို ဆင်းသွားပါ။ ဧည့်ကြိုစာရေးနဲ့နှစ်ယောက်ချင်း စကားပြောပါ။ သူ့ကို ပိုက်ဆံပေးပြီး သူ့နာမည်ကို မေးပါ။ ပိုက်ဆံက ကျွန်တော်ပေးခိုင်းတာလို့ ပြောပါ။ ခဏကြာရင် သူ့ကို ကျွန်တော် ဖုန်းဆက်မယ်လို့ ပြောပြပါ "

" ဒါပေမယ့် . . . "

" ကျွန်တော်ပြောတာကို ဆုံးအောင်နားထောင်ပါဦး။ ခင်ဗျား သူ့ကို ပိုက်ဆံပေးပြီး သူ့နာမည်ကိုသိရရင် ဓာတ်လှေကားနားက ပိုက်ဆံပေးဆက်ရတဲ့ တယ်လီဖုန်းနားမှာ သွားရပ်နေပါ။ အဲဒီ ဖုန်းမြည်ရင် ကောက်ကိုင်ပါ။ ဆက်တဲ့လူဟာ ကျွန်တော်ပဲ "

" အဲဒီ ဖုန်းနံပါတ်ကို ခင်ဗျား ဘယ်လိုလုပ် သိသလဲ "

" လူတစ်ယောက်ကို ပိုက်ဆံပေးလွှတ်ပြီး ကြည့်ခိုင်းထားတယ်။ ဖုန်းနံပါတ် ကျွန်တော် သိထားပြီးပြီ "



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းဆိုလျှင် နိုဝယ် တုန်လှုပ်ချောက်ချားခြင်းဖြစ်မနေသည်မှာ သေချာသွားလေပြီ။ သူ့ဘက်က အတော်ကလေး ပြင်ဆင်ထားပုံရသည်။ ထိုသို့သော အခြေအနေမျိုးကို အားရစ် သဘောမကျနိုင်ပါ။

“ ညွှန့်ကြိုစာရေးကို ခင်ဗျား ဘာပြောမှာလဲ ” ဟု အားရစ်က ပြန်မေးသည်။

“ နောက်မှ ခင်ဗျားကို ပြောပြမယ်။ အခုအချိန်မရှိတော်ဘူး။ ခင်ဗျား အဲဒီလိုလုပ်ဖို့ အချိန်ဘယ်လောက်ကြာမယ်ထင်သလဲ ”

“ မပြောတတ်ဘူး။ သိပ်တော့ မကြာနိုင်ပါဘူး ”

“ ဆယ်မိနစ်လောက် ကြာမလား ”

“ အင်း. . . ဒီလောက်ပဲ ကြာမှာပါ။ ဒါပေမယ့် နိုဝယ်. . . ကျွန်တော်တို့ ဂျိုဟန်းပြန်အလာကို စောင့်ကြရင်ကောင်းမယ် ထင်တယ် ”

“ သူ ဘယ်တော့လောက် ပြန်ရောက်မှာလဲ ”

“ တစ်နာရီ နှစ်နာရီထက် ပိုမကြာနိုင်ပါဘူး ”

“ အဲဒီလောက်ကြာကြာ မစောင့်နိုင်ဘူး။ နောက်ဆယ်မိနစ်ကြာရင် ဓာတ်လှေကားနားက ဖုန်းကို ကျွန်တော်လှမ်းဆက်မယ်။ ကျွန်တော့်နာရီက ရှစ်နာရီနဲ့လေးဆယ့်ငါးမိနစ်ရှိနေပြီ။ ခင်ဗျားနာရီ ဘယ်လောက်ရှိနေပြီလဲ”

အားရစ်က သူ့လက်မှနာရီကို ကြည့်မနေတော့ဘဲ ပြန်ဖြေသည်။

“ အတူတူပါပဲ။ ဒါပေမယ့် ဂျိုဟန်းကို ကျွန်တော်တို့ စောင့်သင့်တယ် ထင်တယ် ”

အားရစ်သည် အခြေအနေများကိုလည်း အပြေးအလွှားဆင်ခြင်သုံးသပ်နေသည်။ တစ်ခုခုတော့ မှားယွင်းနေပြီလားဟုလည်း စဉ်းစားကြည့်နေမိသည်။

“ ကျွန်တော် မစောင့်နိုင်ဘူး။ ကျွန်တော့်သူငယ်ချင်းကို သူတို့ သတ်ပစ်လိုက်ကြပြီ။ ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတာ။ ကျွန်တော့်အမေကိုလဲ သူတို့ရှာနေကြတယ်။ ဒါပေမယ့် အမေ့ကိုတော့ သူတို့တွေ့မှာမဟုတ်ဘူး”

“ ခင်ဗျားအမေ့ကိုလား. . . သူတို့ရှာနေကြသလား. . . ဂျိုဟန်းကလဲ ဒီအကြောင်း ကျွန်တော့်ကို ပြောပြတယ် ”

“ အမေ့ကို ဘယ်နည်းနဲ့မှ သူတို့ရှာလို့တွေ့မှာ မဟုတ်ဘူး။ ကျွန်တော့်ကိုပဲ သူတို့တွေ့မယ်။ အမှန်ကတော့ သူတို့တကယ်လိုချင်နေတာက ကျွန်တော်ပဲ။ ကျွန်တော်ကလဲ သူတို့ကိုတွေ့ချင်နေတယ်။ သူတို့ကို မရရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလဲ ထောင်ဖမ်းမှာပဲ အားရစ် ”

“ ခင်ဗျားစိတ်ကို ခင်ဗျား ထိန်းထားဦးလေ။ ခင်ဗျားဘာတွေလုပ်နေတယ်ဆိုတာ ခင်ဗျား မသိဘူး ”

“ သေသေချာချာ သိတာပေါ့ဗျာ ”

“ ဒီဟိုတယ်ထဲမှာ ပုလိပ်တွေ ခြေချင်းလိမ်နေကြတယ်။ ဒေ့ကြိုစာရေးကို ကျွန်တော်စကားသွားပြောရင် သူတို့ရိပ်မိသွားနိုင်တယ်။ သူတို့က ခင်ဗျားကို တွေ့ချင်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ ”

“ နောက်ထပ် နှစ်နာရီ သုံးနာရီကြာရင် ကျွန်တော့်ကို သူတို့တွေ့လို့ရပါတယ်ဗျာ။ ကျွန်တော်ကလဲ သူတို့နဲ့တွေ့ရမှာပါပဲ ”

“ ဘာပြောတယ် နိုဝယ်. . . ခင်ဗျားကို ကျွန်တော်တွေ့မှဖြစ်တော့မယ် ”

“ ဆယ်မိနစ်ကြာရင် ဖုန်းဆက်မယ် အားရစ်။ အခုရှစ်နာရီနဲ့ လေးဆယ့်ခြောက်မိနစ် ရှိသွားပြီ ”

နိုဝယ်က ဖုန်းပြန်ချသွားလေသည်။

အားရစ်ကလည်း ဖုန်းကို ဖြည်းညင်းစွာပြန်ချသည်။ ယခုအခြေအနေရောက်မှတော့ ဘာမှမတတ်နိုင်ပြီ။ သူပြောသည့်အတိုင်း လိုက်နာရုံသာ ရှိတော့သည်ဟုလည်း အားရစ်က စိတ်တုံးတုံး ချလိုက်သည်။

ဒေ့ကြိုစာရေးကို နိုဝယ် ဘာစကားတွေ ပြောမည်နည်းဟုလည်း စဉ်းစားကြည့်နေမိသည်။ ဘာပဲဖြစ်ဖြစ် နိုဝယ်ကို ထိန်းထားနိုင်ဖို့သာ အရေးကြီးသည်။ သူတို့ အစီအစဉ်အကောင်အထည်ပေါ်သည့်အချိန်အထိ ထိန်းထားနိုင်ဖို့ အရေးကြီးသည်။

နိုဝယ်၏အမေကို မတွေ့ရသော်လည်း အကြောင်းမဟုတ်။

မနက်ဖြန်မနက်တွင် ဘဏ်တိုက်မှာ သူတို့သုံးယောက်ဆုံကြပြီး စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးကြမည်။ လက်မှတ်ရေးထိုးပြီးသည်နှင့် တစ်ပြိုင်တည်း နိုဝယ်ကို ဆက်လက် အသက်ရှင်ခွင့်ပေးရန် မလိုတော့ချေ။

\+ \+ \+

နိုဝယ်သည် ဟိုတယ်ဒကော့နှင့် မလှမ်းမကမ်းရှိ လမ်းဘေးတစ်နေရာမှ အမှောင်ရိပ်ကျကျနေရာမှာ စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ဒေါသစိတ်များ အလိပ်လိုက်တက်နေသည်။ သူငယ်ချင်း ဝီလီ၏မျက်နှာကိုလည်း မျက်စိထဲမှ ဖျောက်ဖျက်ပစ်၍မရနိုင်ချေ။ ဝီလီကို သတိရနေရင်း သူကြုံတွေ့ခဲ့ရသည်များကို ပြန်စဉ်းစားကြည့်နေမိသည်။

သူ့ပတ်လည်မှာ လူသတ်မှုတွေ တင်းကြမ်းပြည့်နေသည်။ သူ့အဖေ ကိုယ်တိုင် မော်တော်ကားနှင့်တိုက်အသတ်ခံခဲ့ရသည်။ သူ့ကိုသတ်ဖို့လည်း အမျိုးမျိုး ကြိုးစားခဲ့ကြသည်။ သူ့အမေနောက်သို့လည်း လူတစ်ယောက်က နောက်ယောင်ခံလိုက်ခဲ့သေးသည်။

ယခု အမေဘယ်ရောက်နေပြီနည်း။

ဘာလင်မှာ အားရစ်နှင့်သူတွေ့ဖို့ချိန်းတုန်းက လူသတ်သမားတစ်ယောက် က သူ့နောက်သို့ လိုက်ခဲ့သည်။ နောက်ဆုံး ကြားဖြတ်လူသတ်သမားက ထိုသူ ကိုသတ်ပြီး သူနှင့်အားရစ်ထိုင်နေသည့် အခန်းတွင်းသို့ ပို့ပေးခဲ့သည်။

ထို့ကြောင့် လူသတ်သမားများက မိမိကို နောက်ယောင်ခံလိုက်နေ သည်ဆိုလျှင် အားရစ်ကိုလည်း နောက်ယောင်ခံနေပေလိမ့်မည်။ အားရစ်နှင့် မိမိ တွေ့သည့်အချိန်ကို စောင့်ကောင်း စောင့်နေကြလိမ့်မည်ဟု နိုဝယ်တွေး ကြည့်မိသည်။

သည်အတိုင်းဆိုလျှင် အားရစ်နှင့်တွေ့ဖို့ကိုလည်း အစစသတိထား စီစဉ်မှဖြစ်မည်ဟု အလိုလို သဘောပေါက်လာသည်။

ဟိုတယ်ထဲမှ အားရစ်ထွက်လာသောအခါ အားရစ်နောက်သို့ တစ်စုံ တစ်ယောက် မသိမသာ နောက်ယောင်ခံလိုက်ချင်လိုက်လာနိုင်သည်။

နိုဝယ်က လက်ပတ်နာရီကိုကြည့်သည်။ ဖုန်းဆက်ဖို့အချိန်ရောက်ပြီ။ လမ်းတစ်ဘက်ခြမ်းမှာရှိနေသော အများပြောတယ်လီဖုန်းရုံရှိရာသို့ မှောင်ရိပ် ခိုပြီး လျှောက်လာခဲ့လေသည်။

အားရစ် ပြန်ထူးလိမ့်မည်ဟုလည်း မျှော်လင့်ထားမိသည်။

နောက်ပိုင်းမှာတော့ အားလုံး သဘောပေါက်သွားကြရမည်သာ ဖြစ် လေသည်။

\+ \+ \+

ဓာတ်လှေကားနားရှိ တယ်လီဖုန်းနှင့်မလှမ်းမကမ်းတွင် စာရွက်တစ်ရွက် ကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ရင်း အားရစ်ကက်စလာ ရပ်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်ပြောသည့်အတိုင်း ဧည့်ကြိုစာရေးကို ငွေတစ်ထောင်ပေးသည်။ နိုဝယ်က ပေးခိုင်းခြင်းဖြစ်ကြောင်း ပြောသည်။ သူ့နာမည်မေးသည်။ အကယ်၍ နိုဝယ်ဖုန်းဆက်လျှင် အကျိုးအကြောင်း မိမိကို ပြန်ပြောပြဖို့ပြောသည်။

နောက်ထပ်ငွေငါးရာ သပ်သပ်ထပ်ပေးသည်။ မိမိမသိစေလိုသော အကြောင်းများကို နိုဝယ်ပြောမည်ဆိုပါက ထိုစကားများကိုလည်း မိမိအား အသိပေးရန် လာဘ်ထိုးလိုက်ခြင်းဖြစ်လေသည်။

ဖုန်းခေါင်းလောင်း မြည်သံကြားရသည်။ ပထမတစ်ချက်မြည်၍မှ မဆုံးမီ အားရစ်က ကောက်ကိုင်သည်။

" နိုဝယ်လား "

" ဧည့်ကြိုစာရေးနာမည် ဘယ်သူလဲ "

အားရစ်ကပြောပြသည်။

" ကောင်းတယ် "

" ဒီမှာနိုဝယ်. . . ခင်ဗျားကို ကျွန်တော် ထပ်ပြောပါရစေဦး။ ခင်ဗျားကို အရေးတကြီး ပြောပြစရာတွေအများကြီးရှိနေတယ်။ ခင်ဗျားမသိသေးတာတွေ အများကြီးရှိနေတယ်။ မနက်ဖြန်ဟာ သိပ်ကိုအရေးကြီးတဲ့နေ့။ အရေးကြီးတဲ့နေ့. . . "

" ဒီနေ့ညကို ကျော်လွန်နိုင်မှ အရေးကြီးမှာပါဗျာ။ ဒီနေ့ည ကျွန်တော်တို့ အသတ်မခံရမှ အရေးကြီးမှာပါ။ ကျွန်တော့်အမေကို ဒီနေ့ည ကျွန်တော်တွေ့အောင်ရှာနိုင်မှ အရေးကြီးမှာပါ "

" ခင်ဗျား အခုဘယ်မှာလဲ. . . ကျွန်တော်တို့နှစ်ယောက် တွေ့ကြမှဖြစ်တော့မယ် "

" ကျွန်တော်တို့ တွေ့မှာပါ။ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ။ အဲဒီဖုန်းနားမှာပဲ နောက်ထပ်ငါးမိနစ်စောင့်ပါ။ ခင်ဗျားကို ကျွန်တော် ပြန်ခေါ်မယ်။ နောက်ထပ် ငါးမိနစ်ကြာလို့မှ ကျွန်တော် ဖုန်းပြန်မဆက်ရင် ဟိုတယ်အပြင်ကို ထွက်ခဲ့ပါ။ တောင်ခြေရောက်အောင် လျှောက်သွားပါ။ ဘာမှမလုပ်ပါနဲ့။ ဟန်မပျက်သာ လျှောက်သွားပါ။ တောင်ခြေကို ရောက်ရင် ဘယ်ဘက်ကိုချိုးပြီး ဆက်လျှောက်ပါ။ လမ်းပေါ်မှာပဲ ခင်ဗျားကို ကျွန်တော်လာတွေ့မယ် "

" ကောင်းတယ်။ ဒီလိုဆိုရင် ငါးမိနစ်စောင့်နေမယ် "



www.burmeseclassic.com

www.burmeseclassic.com



အားရစ်က ထိုသို့ပြောရင်း တစ်ကိုယ်တည်းပြုံးသည်။ နိုဝယ်သည် အပျော်သမားတစ်ယောက်သာဖြစ်သည်။ ထို့ကြောင့် သူဆင်သည့်အကွက်များက ရိုးလွန်းလှသည်။

ဧည့်ကြိုစာရေးကို သူ့အမေအကြောင်း မေးခြင်းသာဖြစ်ရမည်။ ဧည့်ကြိုစာရေးကိုသူက ငွေငါးရာထပ်ပြီး လာဘ်ထိုးထားသောကြောင့် သူမေးသည့်အကြောင်းများအားလုံးကိုလည်း စာရေးက ပြန်ပြောပြမည်မှာ သေချာသည်။

ဂျိုဟန်းပြောသည်မှာ မှန်သည်။ နိုဝယ်၏အစွမ်းအစများ ဆုံးခန်းတိုင်ရောက်သွားပြီဖြစ်သည်။ သူ၏ခံနိုင်ရည်များ ကုန်ဆုံးသွားပြီဖြစ်သည်။ အမှန်တော့ နိုဝယ်သည် စစ်မှန်သော 'မျိုးဆက်'မဟုတ်ချေ။

ဟိုတယ်ထဲမှာပုလိပ်များ ခြေချင်းလိမ်နေကြဆဲပင်ဖြစ်သည်။ လူသတ်မှုအတွက် လိုအပ်သည်များကို စစ်ဆေးနေကြသည်။

ပုလိပ်များသာ ခြေချင်းလိမ်နေသည်မဟုတ်။ သတင်းထောက်ပေါင်းများစွာတို့လည်း ပျာပန်းခပ်နေကြသည်။ လူသတ်မှုသတင်းကို ထောင့်စုံဘက်စုံမှ ရေးခွင့်ရရန် မေးမြန်းနေကြသည်။ အခြားသတင်းစကားများထက် ကိုယ့်သတင်းစာကထူးရန် အပြင်းအထန် ကြိုးစားနေကြသည်။

အားရစ်က ထိုသူများနှင့်လွတ်အောင် တတ်နိုင်သလောက် ရှောင်တိမ်းနေသည်။ ယခုလို အချိန်မျိုးတွင် အပေါ်ထပ်ရှိ ကိုယ့်အခန်းထဲမှာ အေးအေးလူလူထိုင်နေရလျှင် မည်မျှကောင်းမည်နည်းဟုလည်း စဉ်းစားနေမိသည်။

နာရီကို မြှောက်ကြည့်သည်။ လေးမိနစ်တိတိကြားသွားပြီ။ နောက်တစ်မိနစ်ကြာ၍မှ နိုဝယ် ဖုန်းမဆက်လျှင် ဧည့်ကြိုစာရေးကို သွားတွေ့ပြီး. .

ဧည့်ကြိုစာရေးက သူ့အနားသို့ ချဉ်းကပ်လာသည်။

" ပရော်ဖက်ဆာ. . ."

" ပြောပါ သူငယ်ချင်း . . . "

အားရစ်က ပျူပျူငှာငှာ ဆီးကြိုသည်။

ဧည့်ကြိုစာရေးကို နိုဝယ်ပြောပြသည့်အကြောင်းမှာ အားရစ် မျှော်မှန်းထားသလို ဖြစ်မလာပေ။

သူ့အမေ ဖုန်းဆက်လျှင် မည်သည့်ဖုန်းနံပါတ်သို့ ပြန်ဆက်ရမည်ကို မေးထားရန်၊ မိမိနှင့်အဆက်အသွယ်မရမချင်း မည်သူမှမတွေ့နိုင်သည့်နေရာတွင် လုံလုံခြုံခြုံပုန်းအောင်းနေရန်၊ အမေပေးသည့်ဖုန်းနံပါတ်ကို မည်သူမှမသိ



www.burmeseclassic.com

www.burmeseclassic.com



ရန်၊ ပြန်ဆက်ဦးမည်ဖြစ်ကြောင်းဖြင့် နိုဝယ်က ပြောကြောင်း စာရေးက ပြောပြသည်။

" သူအမေဖုန်းဆက်ပြီး သူ့ကိုပြန်ဆက်နိုင်မယ့်ဖုန်းနံပါတ်ပေးရင် ပရော်ဖက်ဆာကို ကျွန်တော် ချက်ချင်းအကြောင်းကြားပါမယ့်ခင်ဗျာ " ဟု ဧည့်ကြိုစာရေးက ဆက်ပြောသည်။

" မစ္စတာကက်စလာရှိပါသလားခင်ဗျာ. . . ပရော်ဖက်ဆာအားရစ်-ကက်စလာ ရှိပါသလားခင်ဗျား "

ဟိုတယ်လုလင်တစ်ယောက်က လော်ဘီထဲသို့ ဖြတ်လျှောက်လာရင်း တကျော်ကျော် အော်မေးနေလေသည်။

ထို့ကြောင့် အားရစ်မှာ နားမလည်နိုင်အောင်ဖြစ်သွားသည်။ ဟိုတယ်ဒကော့တွင် သူတည်းနေကြောင်း မည်သူမှမသိချေ။ ယခု ဟိုတယ်လုလင်က ဘာကြောင့် သူ့နာမည်ကို အော်ကြီးဟစ်ကျယ်ခေါ်ပြီး လိုက်ရှာနေရသနည်း။

" ဒီမှာ. . ဒီမှာ. . ကျုပ် ပရော်ဖက်ဆာကက်စလာပဲ။ ဘာကိစ္စလဲ"

အားရစ်က ဟိုတယ်လုလင် ဆက်အော်ခေါ်မနေစေရန် ကမန်းကတန်းဝင်ပြောလိုက်ရသည်။ သူ့အသံကိုလည်း နှိမ့်ချထားရသည်။ ဘေးလူများ မကြားအောင် သတိထားနေရသည်။ ပတ်ဝန်းကျင်ကိုလည်း မသိမသာ လှည့်ကြည့်မိသည်။ လူတွေက သူ့ကိုကြည့်နေကြသည်။

ဟိုတယ်လုလင်က သူရှိရာသို့ လျှောက်လာသည်။

" ပါးစပ်နဲ့ပြောပြရမယ့် သတင်းပါခင်ဗျာ။ ဖုန်းဆက်တဲ့ပုဂ္ဂိုလ်က စာနဲ့ရေးမှတ်နေဖို့ အချိန်မရှိဘူးလို့ ပြောပါတယ်။ ဒါကြောင့် စိတ်နဲ့မှတ်ခိုင်းပြီး ပရော်ဖက်ဆာကို ကိုယ်တိုင်ရှာပြောပြပါတဲ့။ ဆက်တဲ့လူက မစ္စတာအိပ်ချ်ဖြစ်ပါတယ်။ လူကြီးမင်း အခုအပြင်ကို ထွက်တော့လို့ ပြောပါတယ် "

" ဘာပြောတယ် . . . "

" သူ ပြောသွားတာ ဒါလောက်ပါပဲ။ ဆက်တဲ့လူက မစ္စတာအိပ်ချ်. . အချိန်မရှိတော့ဘူးတဲ့။ ဒါကြောင့် ပရော်ဖက်ဆာ အခုပဲ ဟိုတယ်ထဲက ထွက်ပါတော့တဲ့။ ကျွန်တော့်ကို သူပြောသွားတာ ဒါလောက်ပါပဲ ခင်ဗျာ "

အားရစ်သည် အသက်မရှူနိုင်ဘဲ အောင့်ထားလိုက်လေသည်။ နိုဝယ်က သူ့ကို ငါးစာအဖြစ် အသုံးပြုလိုက်ပြီဖြစ်ကြောင်းကိုလည်း ချက်ချင်းသဘောပေါက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့တုန်းက သားရေးဂျာကင်အနက်နှင့် လူသတ်သမားသည် အားရစ်နှင့်နိုဝယ်တို့ အတူတူရှိခဲ့ကြောင်းသိသွားခဲ့သည်။ ထိုအချက်ကို နိုဝယ်က ပြန်မစဉ်းစားဘဲ နေမည်မဟုတ်ကြောင်း အားရစ် တွေးမိသည်။

ယခုလည်း အားရစ်နှင့်နိုဝယ်တို့ အတူတူရှိနေနိုင်သည်။ မရှိလျှင် သူတို့နှစ်ယောက် တစ်နေရာရာမှာချိန်းတွေ့ကြမည်။ ထိုသို့ ချိန်းတွေ့သည့် နေရာကို ရန်သူများက အားရစ်အား နောက်ယောင်ခံပြီး လိုက်နိုင်သည်။

ဒါလောက်တော့ နိုဝယ် တွေးမိပေလိမ့်မည်။ ထို့ကြောင့် ယခုလို မိမိကို ဟိုတယ်အပြင်သို့ ထွက်ခိုင်းခြင်းဖြစ်ရမည်။ သူကိုယ်တိုင်ကမူ တစ်နေရာရာမှ စောင့်ကြည့်နေလိမ့်မည်။ မိမိနောက်တွင် နောက်ယောင်ခံလိုက်သူမရှိမှ သူထွက်တွေ့မည်ဖြစ်ကြောင်းများကို အားရစ်က တသီတတန်းကြီး ဆက်စပ် စဉ်းစားကြည့်လိုက်လေသည်။

တကယ်ဆိုတော့ နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည်လည်း သူတို့လို 'မျိုးဆက်' တစ်ဦးပင် မဟုတ်ပါလားဟုလည်း တွေးလိုက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄၀ )

ခြေထောက်တွင်သေနတ်ဒဏ်ရာရထားသော ဟယ်လ်ဒင်သည် ဝါနာဂါးဟတ်၏အိမ်ထဲမှာ ကြိုးစား၍ရွေ့လျားရင်း အံဆွဲများကို ဖွင့်ရှာနေသည်။

အတော်ကလေးကြာတော့ သူလိုချင်သော ဆေးသေတ္တာကလေးကို တွေ့ရလေသည်။ ဆေးသေတ္တာထဲမှ ဆေးနှင့်ဂွမ်းလိပ်ကိုယူပြီး ခြေထောက်မှ ဒဏ်ရာကို ခပ်တင်းတင်း စည်းသည်။ ပတ်တီးစည်းပြီးသောအခါ ခြေထောက် အတော်ကလေး ထောက်နိုင်လာသည်ကို တွေ့ရသည်။

အသင့်တွေ့ရသော ဂါးဟတ်၏လမ်းလျှောက်လက်ကိုင်တုတ်ကိုယူကာ အိမ်ထဲမှထွက်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဒေါက်တာလစ်ဇတ်အိမ်သို့ ရောက်အောင်ဖြစ်သည့်နည်းနှင့် သွားရတော့မည်။ လစ်ဇတ်အိမ်ကိုရောက်မှ သူတို့လုပ်ရမည့်အလုပ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်ထားလေသည်။

လမ်းပေါ်ရောက်သောအခါ လယ်သမားတစ်ဦး မောင်းလာသည့် မော်တော်ကားတစ်စီးနှင့် အသင့်တွေ့သည်။ ဒေါက်တာလစ်ဇတ်၏ဆေးတိုက်နှင့်အိမ်ကို သိပါသလားဟု မေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားက သိပါသည်။ သူသွားမည့်လမ်းနှင့်လည်း ကြုံပါသည်ဟု ဆိုသည်။

သည်လိုဆိုလျှင် မြန်မြန်ရောက်အောင် ပို့ပေးဖို့ မေတ္တာရပ်ခံလိုက်သည်။

\+ \+ \+

ဒေါက်တာလစ်ဗတ်သည် အသက်ငါးဆယ်ပြည့်တော့မည်။ ထိပ်ပြောင်ပြောင်နှင့်ကြည်လင်သော မျက်လုံးအစုံရှိသည်။

ကိုယ်လုံးကိုယ်ထည် ခပ်သွယ်သွယ်နှင့် လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလုပ်ကိုင်တတ်သူဖြစ်ကြောင်းမြင်သည်နှင့် ဟယ်လ်ဒင်က အကဲခတ်မိလေသည်။

" အထဲကိုမြန်မြန်ဝင်. . . မင်းဒဏ်ရာကို ကျုပ်ကြည့်ပေးပါ့မယ်။ ဒီမှာလဲ ကျုပ်ဆေးခန်းရှိတယ် "

ဒေါက်တာလစ်ဗတ်က ဟယ်လ်ဒင်ကို ဆီးကြိုပြောသည်။

ဟယ်လ်ဒင်၏ကိုယ်ပေါ်မှ ကုတ်အင်္ကျီကို ကူချွတ်ပေးသည်။ ပြီးတော့ အခန်းတွင်းသို့ ခေါ်သွားကာ လူနာအတွက် ထားသောခုတင်ပေါ်သို့ တွဲတင်ပေးသည်။

" ကျွန်မ သေနတ်ဒဏ်ရာ ရလာတယ် "

ဟယ်လ်ဒင်က ထိုမျှသာပြောနိုင်သည်။ သည်ထက်ပိုပြောရန် အကြောင်းမရှိဟုလည်း ထင်မိလေသည်။

ဒေါက်တာလစ်ဗတ်က စောစောက ဟယ်လ်ဒင်စည်းထားသည့် ပတ်တီးများကို ဖြေပြီး ဒဏ်ရာကိုကြည့်သည်။

" မင်း စကားမပြောနဲ့ဦး။ အားကုန်မယ်။ သွေးကလဲ နည်းနည်းပါးပါး ထွက်ခဲ့တယ်မဟုတ်လား။ ဒါကြောင့် မင်းခဏအိပ်ပျော်သွားအောင် ကျုပ် ဆေးထိုးပေးမယ် "

ဒေါက်တာလစ်ဗတ်က ဆေးထိုးအပ်ကို အသင့်ပြင်သည်။

" မလုပ်ပါနဲ့. . . ကျွန်မတို့မှာ အချိန်မရှိတော့ဘူး။ ရှင့်ကို ကျွန်မပြောစရာတွေအများကြီးရှိ. . . "

" ခဏလေးပါ။ မကြာပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလစ်ဗတ်က ဟယ်လ်ဒင်၏စကားအဆုံးမခံဘဲ ဆေးထိုးအပ်ကို လက်မောင်းထဲသို့ ထိုးစိုက်ထည့်လိုက်လေသည်။

❖

ဟယ်လ်ဒင်က မျက်လုံးဖွင့်ကြည့်သည်။ ပတ်ဝန်းကျင်မှာ မြင်တွေ့နေရသည့်အရာဝတ္ထုများကို ချက်ချင်းတော့ ပုံဖော်ကြည့်၍မရပေ။ ခြေထောက်တစ်ဘက်ကလည်း လေးသလိုလိုဖြစ်နေသည်။

မြင်ကွင်းများ ကြည်လင်လာသောအခါ အခန်းတစ်ဖက်တခြမ်းတွင် ထိုင်နေသော ဒေါက်တာလစ်ဗတ်ကို မြင်ရသည်။

ဟယ်လ်ဒင်က ထထိုင်ဖို့ ကြိုးစားသည်။ သူ၏လှုပ်ရှားသံကို ကြားသောအခါ လစ်ဗတ်က သူ့ဘက်သို့ လှည့်ကြည့်သည်။ ဆေးပုလင်းတစ်လုံးယူပြီး သူ့ဆီသို့ လျှောက်လာသည်။

" ဒီဆေးက ရောဂါပိုးမဝင်အောင် ကာကွယ်တဲ့ဆေး။ ပထမနေ့မှာ နှစ်နာရီကြား တစ်လုံးစီသောက်။ နောက်နေ့တွေမှာ လေးနာရီကြားတစ်လုံးသောက်။ ကဲ. . . ဘာတွေဖြစ်ခဲ့တာလဲ။ မြန်မြန်ပြောပါဦး။ ကျုပ်သူ့အိမ်ကို သွားပြီး လိုအပ်တဲ့ပြင်ဆင်မှုတွေ လုပ်ပေးရမယ် "

" သူ့အိမ်ကို သွားမယ်လား . . . ရှင်သိပြီးပြီလား "

ဟယ်လ်ဒင်က တအံ့တသြမေးသည်။

" မင်း အိပ်ဆေးကြောင့် အိပ်ပျော်နေတုန်း ကယောင်ကတန်းတွေ ပြောနေတယ်လေ။ နာခရိုက်တင်းဒိုက်ဆိုတာလဲပါတယ်။ ဂျိုဟန်းဆိုတာလဲ ပါတယ်။ ဂျိုဟန်းဆိုတာ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်လို့ထင်တယ်။ နောက်ပြီးတော့ မင်းဟာ သူ့ညီမ မဟုတ်လား။ ဟာအိုးဘတ်စ်နဲ့အတူတူနေခဲ့တဲ့ ကလေးမလေ။ မျိုးဆက်တွေ ဂျီနီဗာကို ရောက်ကုန်ကြပြီမဟုတ်လား။ သူတို့ငွေတွေ ထုတ်ယူကြတော့မယ် မဟုတ်လား "

" ဟုတ်ပါတယ် "

" ဒီအကြောင်းကို ဒီနေ့မနက်ပဲ စဉ်းစားနေမိသေးတယ်။ ဟာရှာအဒလက်က ရောက်လာတဲ့သတင်းကလဲ သိပ်ကိုစိတ်မချမ်းသာစရာ ကောင်းတဲ့သတင်း။ သူတို့ကိုတွေ့သွားကြပြီလေ။ ဘယ်လိုလုပ်တွေ့သွားတယ်ဆိုတာ ဘုရားသခင်



www.burmeseclassic.com

www.burmeseclassic.com



မှပဲသိတော့မှာပဲ ”

“ ဘာသတင်းလဲ ”

“ ဟာရှာအလက်လေ. . . သူတို့တွေ့သွားကြပြီ။ ရွာကိုဝင်စီးတယ်။ တွေ့သမျှ အကုန်သတ်ပစ်တယ်။ လူနေအိမ်တွေ. . . အဆောက်အအုံတွေ. . ဂိုဒေါင်တွေအားလုံးကို မီးရှို့ပစ်တယ်။ စိုက်ခင်းတွေအားလုံးကိုလဲ မီးရှို့ပစ်လိုက်တယ်။ တစ်ရွာလုံး စိစိညက်ညက်ကြေသွားတယ်။ ဘာမှ မကျန်တော့ဘူး။ အသတ်ခံရတဲ့လူ စုစုပေါင်း တစ်ရာ့ခုနစ်ကျော်တယ်။ မိန်းမတွေရော ကလေးတွေပါ ပါတယ်။ အများစုကတော့ ယောကျ်ားတွေပဲ ”

ဟယ်လ်ဒင်က မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ သူ့အနေနှင့် ဘာစကားကိုမှလည်း ပြောစရာမရှိတော့ပါ။

ဒေါက်တာလစ်ဇတ်က ဆက်ပြောပြနေသည်။

“ အရှယ်ရောက်နေသူတွေအားလုံးကို ဥယျာဉ်တွေထဲမှာ ရက်ရက်စက်စက် သတ်ပစ်လိုက်တယ်။ ရာခါအကြမ်းဖက်သမားတွေက ဝင်တိုက်တာလို့ ပြောတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူး။ ရာခါက ဒါမျိုးမလုပ်ရဲဘူး။ သူတို့ ဒီလိုလုပ်ရင် အစ္စရေးလ်တွေက ခံမှာမဟုတ်ဘူး။ သူတို့ကို မြေလှန်ရှာပြီး လက်စားချေပစ်လိမ့်မယ် ”

“ ဂါးဟတ်က ပြောတယ်။ ဟာရှာအလက်ကို ရှင့်အနေနဲ့ ကြေးနန်းရိုက်ပေးလိမ့်မယ်တဲ့ ”

ဟယ်လ်ဒင်က လေသံတိုးတိုးကလေးနှင့်ပြောသည်။

လစ်ဇတ်၏မျက်လုံးများမှာ ညို့မှိုင်းသွားလေသည်။ မျက်ရည်ကြည်များလည်း ဖုံးလွှမ်းလာလေသည်။

“ ဘာကြေးနန်းမှရိုက်စရာမလိုတော့ဘူး။ ဟိုရွာမှာ တစ်ယောက်မှ မကျန်တော့ဘူး။ ကဲ. . . ပြောစမ်းပါဦး။ ဂါးဟတ်အိမ်မှာ ဘာတွေဖြစ်ခဲ့တာလဲ”

ဟယ်လ်ဒင်က အဖြစ်အပျက်အပြည့်အစုံကို ပြန်ပြောပြသည်။ ပြောပြပြီးသောအခါ လစ်ဇတ်က ဟယ်လ်ဒင်ကိုတွဲပြီး ခုတင်ပေါ်မှ အောက်သို့ချကာ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်စေသည်။

“ ဂျီနီဗာဟာ စစ်မြေပြင်ဖြစ်သွားပြီ။ ဒါကြောင့် တစ်နာရီမှ အချိန်မဖြုန်းနိုင်တော့ဘူး။ ဟာရှာအလက်ရွာ အခြေမှုန်းမခံရရင်လဲ ဘာမှ အသုံးမဝင်တော့ဘူး။ သူတို့ဘက်က အများကြီး လက်ဦးနေပြီ။ ဒါပေမယ့် ဟာရှာ-



www.burmeseclassic.com

www.burmeseclassic.com



အလက်ရှာက လူတစ်ယောက် လန်ဒန်မှာရှိနေတယ်။ ဟိုမှာပဲနေဖို့ သူ့ကို အမိန့်ပေးထားတယ်။ နိုဝယ် ပို့စ်မောက်ကို သွားတုန်းက နောက်ယောင်ခံလိုက်ခဲ့သေးတယ်။ နိုဝယ်ရဲ့ အိတ်ထဲကဓာတ်ပုံကို နှိုက်ယူခဲ့တာ သူပဲ ”

“ ဗျူးမောင့်ရဲ့ဓာတ်ပုံကို နှိုက်ယူတာပဲ။ ဗျူးမောင့်ဟာ အိုဒက်ဇာအကြမ်းဖက်သမားပဲ ”

“ အိုဒက်ဇာမဟုတ်ဘူး။ ဝံပုလွေ. . မျိုးဆက်. . ထောင်ပေါင်းများစွာထဲကတစ်ယောက်ပဲ။ ဒါပေမယ့် ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်နဲ့အလုပ်တွဲလုပ်ခွင်ရတဲ့ လူနည်းစုကလေးထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တယ် ”

ဟယ်လ်ဒင်က ကိုယ်ကိုမတ်မတ် ပြင်ထိုင်သည်။ မျက်မှောင်လည်း ကုပ်နေသည်။

“ သူတို့ မှတ်တမ်းတွေကို ကျွန်မ ကြည့်ခဲ့ဖူးတယ်။ ဘာမှ ရေရေရာရာ မရှိဘူး။ ဗျူးမောင့်ရဲ့ ဒုတိယစစ်ရေယာဉ်မှူးရဲ့မှတ်တမ်းတွေကို ရှာကြည့်တော့လဲ ဒီလိုပဲ။ ဘာတစ်ခုမှ ရေရေရာရာ မတွေ့ရဘူး ”

“ သူတို့အားလုံး မျိုးဆက်တွေလေ. . . သူတို့နာမည်စာရင်းထဲမှာ အဲဒီလူတွေ ပါနိုင်တာပေါ့။ နာမည်စာရင်းဟာ အခုလောက်ဆိုရင် ဂျီနီဗာကို ရောက်နေလောက်ပြီ။ ဂါးဟတ်ပြောတာတွေမှန်တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီစာရင်းတွေကို တွေ့အောင်ရှာမှဖြစ်တော့မယ်။ ရအောင်ယူမှ ဖြစ်တော့မယ်။ နာမည်စာရင်းတွေရဖို့ဟာ ငွေတွေထုတ်မယူနိုင်အောင် တားဖို့ကိုစ္စလောက် အရေးကြီးတယ်။ အခြားနည်းနဲ့လှည့်တွေးမယ်ဆိုရင် ပိုလို့တောင် အရေးကြီးတယ်လို့ဆိုနိုင်တယ် ”

“ ဘာဖြစ်လို့လဲ ”

“ အဲဒီငွေတွေနဲ့ စတုတ္ထဂျာမနီနိုင်ငံတော်ကြီးကို တည်ဆောက်ဖို့ သူတို့ကြံရွယ်ထားကြတယ်။ ဒါပေမယ့် အရေးကြီးတာက လူတွေပဲ။ အဲဒီလူတွေဆီက ငွေတွေ ခွဲဝေပေးမယ်။ လူစာရင်းတွေ သူတို့လက်ထဲမှာ မရှိတော့ဘူးဆိုရင် ငွေတွေကို ဘယ်သူ့ပေးရမှန်းမသိအောင် ဖြစ်သွားမယ်။ အဲဒီလူတွေဟာ ဘယ်သူတွေဖြစ်တယ်ဆိုတာ ကျုပ်တို့ သိအောင်လုပ်မှ ဖြစ်တော့မယ် ”

ဟယ်လ်ဒင်က စိတ်ပင်ပန်းစွာဖြင့် ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်လေသည်။

“ ကျွန်မအစ်ကို ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်သေမှပဲ အေးမယ်။ အားရစ်-



www.burmeseclassic.com

www.burmeseclassic.com



ကက်စလာသေမှပဲအေးမယ်။ နိုဝယ်ကိုပါ လိုအပ်ရင် ရှင်းပစ်ရမယ်။ ငွေတွေ ထွက်မသွားအောင် အချိန်မီတားရမယ်။ ဒါပေမယ့် လူစာရင်းတွေကို ဘယ်လို လုပ်ပြီး တွေ့အောင်ရှာမလဲ ”

“ လန်ဒန်မှာရှိနေတဲ့ဟာရှာအလက်ကလူမှာ အကြံအစည်တစ်ခုခု တော့ ရှိနိုင်တယ်။ သူဟာ အင်မတန်တော်တဲ့ လူတစ်ယောက်ပဲ။ သူ့အကြောင်း ကို မင်းသိထားမှဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ သူနဲ့အတူတူလက်တွဲပြီး မင်းအလုပ်လုပ်ရတော့မယ်။ သူ့ကို အများက လူသတ်သမားလို့ခေါ်ကြတယ်။ အကြမ်းဖက်သမားလို့ခေါ်ကြတယ်။ ဒါပေမယ့် သူကိုယ်တိုင်ကတော့ သူ့ကိုယ် သူ အဲဒီလိုမထင်ဘူး။ သူလုပ်သင့် လုပ်ထိုက်တာတွေကို လုပ်နေတာပဲလို့ ယူဆ ထားတယ် ”

ဆရာဝန်က စကားကိုဖြတ်ပြီး လက်ပတ်နာရီမြှောက်ကြည့်သည်။

“ အခု ကိုးနာရီနဲ့သုံးမိနစ်ရှိသွားပြီ။ ဟိသရိုးလေဆိပ်နဲ့ တစ်မိုင်မရှိ တရှိလောက်မှာ သူနေတယ်။ အခုနေ သူနဲ့အဆက်အသွယ်လုပ်ရင် သန်းခေါင် လောက်မှာ ဂျီနီဗာကို သူရောက်သွားနိုင်တယ်။ နိုဝယ် ဘယ်မှာတည်းနေတယ် ဆိုတာ မင်းသိသလား ”

“ သိတယ်။ ဟိုတယ်ဒကော့မှာ. . . ဒီကိစ္စတွေကို သူဘာမှမသိဘူး ဆိုတာကိုတော့ ရှင် သဘောပေါက်ပါတယ်နော်. . . သူလုပ်နေတဲ့ အလုပ်တွေ ကို သူတကယ် ယုံယုံကြည်ကြည်နဲ့လုပ်နေတာပါ။ သူ့အဖေရဲ့အလိုဆန္ဒတွေ ကို ဖြည့်ဆည်းပေးနေတယ်လို့ သူ ယုံကြည်နေတယ်။ ဒီလို လုပ်နေတာဟာလဲ တရားမျှတပြီး မှန်ကန်တယ်လို့ သူယုံကြည်ထားတယ် ”

“ ကျုပ် နားလည်ပါတယ်။ ကဲ. . . မင်း ဖုန်းဆက်ဖို့ စီစဉ်ပေးမယ်။ စကားပြောရင် သတိထားပြောနော်။ နိုဝယ်ကိုအားလုံးက စောင့်ကြည့်နေလိမ့် မယ်။ တယ်လီဖုန်းလိုင်းကိုလဲ အသံဖမ်းထားနိုင်တယ် ”

လစ်ဗတ်က တယ်လီဖုန်းရှိသည့်နေရာသို့ ဟယ်လ်ဒင်ကို တွဲခေါ် သွားပေးသည်။

“ ဟိုတယ်ဒကော့က စကားပြောနေပါတယ် ” ဟု အော်ပရေတာက ပြန်ထူးသည်။

“ မင်္ဂလာပါ။ မစ္စတာနိုဝယ်ဟိုးလ်ခရော့ဖ်တ်နဲ့ စကားပြောချင်လို့ပါ”

“ မွန်ဇာဟိုးလ်ခရော့ဖ်တ်. . . ”



www.burmeseclassic.com

www.burmeseclassic.com



အော်ပရေတာက ဆက်မပြောသေးဘဲ ရပ်သွားသည်။ ခဏကြာမှ အသံပြန်ပေါ်လာသည်။

" ခဏကလေး ကိုင်ထားပါ မဒမ် "

တစ်ဘက်မှ တိတ်သွားပြန်သည်။ တစ်နေရာရာနှင့် လိုင်းဆက်ပေးသည့် အသံကို ကြားရသည်။ တဆက်တည်းလိုပင် ယောကျ်ားသံတစ်ခု ပေါ်လာသည်။

" မစ္စက်ဟိုးလ်ခရော့ဖ်တ်လားခင်ဗျာ "

" ဘာပြောတယ်. . . "

" အခု စကားပြောနေတာ မစ္စက်ဟိုးလ်ခရော့ဖ်တ်လားလို့ မေးတာပါခင်ဗျာ "

ဟယ်လ်ဒင် အံ့အားသင့်သွားသည် တစ်ခုခုတော့မှားနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ အော်ပရေတာက နိုဝယ်၏အခန်းနှင့် လိုင်းဆက်ပေးခြင်း မဟုတ်သည်မှာလည်း သေချာနေသည်။

" ကျွန်မ ဖုန်းဆက်မှာကို ရှင်တို့ စောင့်နေကြတာလား "

ဟယ်လ်ဒင်က ဣန္ဒြေမပျက် ပြန်မေးသည်။

" မှန်ပါတယ် မဒမ်. . . ခင်ဗျားသားဟာ ငွေအပေး ရက်ရောပြီး စေတနာ အလွန်ကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ မဒမ်ဖုန်းဆက်ရင် ဘယ်သူမှမမြင်အောင် တစ်နေရာရာမှာ ပုန်းနေဖို့ ကျွန်တော့်ကို ပြောခိုင်းပါတယ်။ နောက်ပြီးတော့ မဒမ်ဆီကို ဘယ်လိုဖုန်းပြန်ဆက်ရမယ်ဆိုတာလဲ မေးထားဖို့ ကျွန်တော့်ကို မှာထားပါတယ်ခင်ဗျာ "

" သြော်. . . ဒီလိုကိုး . . . ခဏနေဦးနော် "

ဟယ်လ်ဒင်က လစ်ဇတ်ကို မော့ကြည့်သည်။ ပြီးတော့ တယ်လီဖုန်းစကားပြောခွက်ကို လက်တစ်ဘက်နှင့် အုပ်ပြီး လှမ်းပြောသည်။

" ကျွန်မကို မစ္စက်ဟိုးလ်ခရော့ဖ်တ်လို့ ထင်နေကြတယ်။ ကျွန်မကို ဘယ်လိုဖုန်းပြန်ဆက်နိုင်မလဲဆိုတာ မေးထားဖို့လဲ နိုဝယ်က သူ့ကို ပိုက်ဆံပေးပြီး မှာထားတယ်တဲ့ "

ဒေါက်တာလစ်ဇတ်က ခေါင်းညိတ်ပြပြီး စားပွဲရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။ ထိုသို့ လျှောက်သွားရင်းလည်း ဟယ်လ်ဒင်ကို ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟန်မပျက်ဆက်စကားပြောနေ။ မင်းပေးတဲ့ဖုန်းနံပါတ်ကို တခြား ဘယ်သူမှမသိအောင် လျှို့ဝှက်ထားဖို့ကိုပါပြော။ လိုအပ်ရင် ငွေပေးမယ်ဆိုတာ ပါပြော။ ကြည့်ကောင်းအောင်သာ ပြောနေ "

လစ်ဗတ်က စာရွက်တစ်ရွက်ကို စားပွဲပေါ်မှ ဆွဲဆုတ်ယူသည်။

" ရှင့်ကို ကျွန်မရဲ့ဖုန်းနံပါတ်မပေးခင် တစ်ခုတော့ ကြိုတင် ပြောထား ချင်တယ် "

ဟယ်လ်ဒင်က ထိုမျှသာပြောရသေးသည်။ တစ်ဘက်ရှိ ဧည့်ကြို စာရေးက ဖုန်းနံပါတ်ကို မစ္စတာနိုဝယ်ဟိုးလ်ခရော့ဖ်တ်မှတပါး မည်သူ့ကိုမှ အသိပေးမည်မဟုတ်ကြောင်း သွက်လက်စွာဖြင့် ကျိန်တွယ်ပြောဆိုနေလေ သည်။

ဒေါက်တာလစ်ဗတ်က ဖုန်းနံပါတ်ရေးထားသော စာရွက်တစ်ရွက်ကို ယူလာပေးသည်။ ဟယ်လ်ဒင်က နံပါတ်များကို ဖတ်ပြသည်။ ပြီးတော့ ဖုန်းကို ပြန်တင်လိုက်သည်။

" ဒီဖုန်း ဘယ်ကဖုန်းလဲ " ဟု လစ်ဗတ်ကို ပြန်မေးသည်။

" တစ်နေရာရာမှာရှိတဲ့ လူမနေတဲ့ အိမ်ခန်းတစ်ခုပဲ။ ဒီဖုန်းနံပါတ်က သူတို့စာရင်းထဲမှာမရှိဘူးလေ။ အပြင်လူရှာလို့ မရနိုင်ဘူး "

လစ်ဗတ်က လိပ်စာတစ်ခုကို စာရွက်ပေါ်မှာ ရေးပေးပြန်သည်။

" အဲဒီဖုန်းနံပါတ်နဲ့ အိမ်လိပ်စာကို သေသေချာချာမှတ်ထား။ ပြီးရင် စာရွက်ကို ဆွဲဆုတ်လိုက် "

" စိတ်ချပါ "

" ဒီလိုဆိုရင် လန်ဒန်မှာရှိနေတဲ့ ကျုပ်တို့လူနဲ့ အဆက်အသွယ်လုပ် တော့မှဖြစ်မယ် "

လစ်ဗတ်က လှေကားဆီသို့ လျှောက်သွားသည်။ လှေကားရင်း ရောက်တော့မှရပ်ပြီး ဟယ်လ်ဒင်ကို လှည့်ပြောပြန်သည်။

" ကျုပ်မှာ အသံလွှင့်အသံဖမ်းစက်ရှိတယ်။ မင်းကို ဂျီနီဗာမြို့ရောက် အောင် ပို့ပေးမယ်။ မင်းအနေနဲ့ သိပ်ပြီး လှုပ်လှုပ်ရှားရှား သွားလာနေဖို့မလို ပါဘူး။ ဒဏ်ရာကလဲ သိပ်တော့မနက်ဘူးလေ။ လိုအပ်လို့ သွားသွားလာလာ လုပ်ရမယ်ဆိုရင်လဲ အထိုက်လျောက်တော့ လုပ်နိုင်ပါတယ်။ နိုဝယ်နဲ့ အမြန်ဆုံး အဆက်အသွယ်ရအောင် ကြိုးစားရမယ်။ မင်းအောင်မြင်ပါစေလို့ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာပဲ။ နိုဝယ်ဟာ ဂျူးဟန်းတို့လူစုနဲ့ ကင်းကင်းနေဖို့လိုတယ်။ သူတို့နဲ့ ဘာမှဆက်မလုပ်တော့ဖို့လိုတယ်။ တကယ်လို့ မင်းကို သူရန်ပြန်ရှာမယ်ဆိုရင် ကျုပ်တို့မှာ သူ့ကို ကိစ္စတုံးလုပ်ဖို့ကလွဲပြီး တခြားနည်းလမ်းမရှိတော့ဘူး "

" ကျွန်မ သဘောပေါက်ပါတယ် "

" သဘောပေါက်ရုံနဲ့ မလုံလောက်ဘူး။ မင်းအနေနဲ့ အခုအချိန်ကစပြီး ဘာဆုံးဖြတ်ချက်ချခွင့်မှ မရှိတော့ဘူး။ ပြောရတာတော့ အားနာပါတယ် "

" ဒီလိုဆိုရင် ဘယ်သူက ဆုံးဖြတ်ချက်ချမှာလဲ။ ရှင်လား "

" ကျုပ်က နူချာတဲကို ခွာသွားလို့မဖြစ်သေးဘူး။ လန်ဒန်ကလူရဲ့ အစီအစဉ်တွေအတိုင်း လိုက်လုပ်ရတော့မှာပဲ "

" ဟို လူသတ်သမား အကြမ်းဖက်သမား ဆိုတဲ့လူလား "

လစ်ဗတ်က လှေကားပေါ်သို့ စတက်သည်။

" သူက အဓိကလူဖြစ်နေပြီ။ စာစာက ကျုပ်ပေးထားတဲ့လိပ်စာ ရှိတဲ့အိမ်ခန်းမှာ မင်း သူနဲ့တွေ့ရမယ် "

" ကျွန်မ ဂျီနီဗာကိုရောက်အောင် ဘယ်လိုလုပ် သွားရမလဲ။ ကျွန်မ"

ဟယ်လ်ဒင်က စကားကိုဖြတ်ထားလိုက်သည်။

" ဘာဖြစ်တယ်. . . "

" ကျွန်မ ဂျီနီဗာကို ဘယ်လိုလုပ်သွားရမလဲလို့ မေးတာပါ။ ဒီအချိန် ရထားရှိနိုင်သေးရဲ့လား "

" ရထားစီးနေလို့ မဖြစ်တော့ဘူး။ အချိန်မရှိဘူး။ မင်း လေယာဉ်ပျံနဲ့ သွားရမယ် "

" ပိုကောင်းတာပေါ့။ မြန်မြန် ရောက်သွားတာပေါ့ "

" ပိုမြန်အောင် စီစဉ်ရမယ် "

ပိုမြန်လျှင် ပိုကောင်းသည်ဟု ဟယ်လ်ဒင်က တွေးကြည့်နေမိသည်။ သို့သော်လည်း ဝါနာဂါးဟတ်က သူ့ကို နောက်ဆုံး သတိပေးလိုက်သည့်စကားကိုမူ ဟယ်လ်ဒင်က လစ်ဗတ်အား ပြန်ပြောပြမနေတော့ပေ။

'ဂျီနီဗာနဲ့လွတ်ရာမှာနေပါ။ ဝေးဝေးမှာ ရှောင်နေပါ'ဆိုသော စကားများကိုတော့ ရင်ထဲမှာသာ မျိုသိပ်ထားလိုက်လေတော့သည်။

" ကျွန်မကို ဘယ်သူလိုက်ပို့ပေးမှာလဲ "

" ရေအိုင်တွေထဲမှာ ရေယာဉပျံတွေရှိတယ်။ အဲဒီထဲက ပိုင်းလော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က လိုက်ပို့ပေးလိမ့်မယ် ”

❖

အယ်လ်သိန်းမှာ အလွန်တရာ စိတ်လှုပ်ရှားနေသည်။ မနေတတ်မထိုင်တတ်လဲ ဖြစ်နေသည်။ သို့သော်လည်း မုတ်ဆိတ်နီနှင့်ပိုင်းလော့၏ပြောစကားကိုနားထောင်ပါမည် ကတိပြုခဲ့ပြီးဖြစ်သည့်အတွက် သူပြောသည့်အတိုင်း တသဝေမတိမ်း လိုက်နာနေရလေသည်။

ပိုင်းလော့က သူ့ကို မေးခွန်းတစ်ခုမေးသည်။

“ အဒေါ့်ကို တွေ့ချင်တဲ့လူတွေကို အခုလို ညဘက်မှာ ဘေးကမြင်ရင် မှတ်မိပါ့မလား ”

မည်သူတွေမှန်းမသိသည့်အတွက် မသိနိုင်ကြောင်း အယ်လ်သိန်းက ပြန်ဖြေသည်။

“ ဒီညမလွန်ခင်မှာပဲ ဘယ်သူတွေက တွေ့ချင်နေတယ်ဆိုတာ အဒေါ်သိရတော့မှာပါ ”

မှောင်ပိန်းနေသော တောအုပ်တွင်းရှိ သစ်ပင်တစ်ပင်အောက်မှာ အယ်လ်သိန်းရပ်နေသည်။ အောက်နားတွင် မော်တော်ကားလမ်းရှိသည်။ သူတို့စီးလာသောကားကို လမ်းဘေးမှာရပ်ထားသည်။ နေရာက ဆင်ခြေလျှောကလေး ဖြစ်သည်။

မုတ်ဆိတ်နီနှင့်ပိုင်းလော့က သူ့ကို ထိုနေရာမှာနေရာချထားပေးခြင်း ဖြစ်လေသည်။

“ အဒေါ့်သား ပါလာတယ်ဆိုရင် အဒေါ့်ဆီကို ကျွန်တော် လွှတ်လိုက်မယ် ” ဟု ပိုင်းလော့က ပြောသည်။

“ သူပါလာမှာသေချာပါတယ်။ ဘာကြောင့် မပါရမှာလဲ ”

“ စောင့်ကြည့်ကြသေးတာပေါ့လေ ”

ထိုစကားကြောင့် အယ်လ်သိန်းမှာ စိတ်အနှောင့်အယှက်ဖြစ်သွားမိလေသည်။

“ တကယ်လို့ သူပါမလာရင် ဘာလုပ်ရမလဲ ”

“ သူပါမလာရင် အဒေါ့်ကိုတွေ့ချင်နေတာ ဘယ်သူတွေလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရမှာပေ့ါ ”

ပိုင်းလော့က ထိုမျှပြောပြီး နောက်ပြန်လှည့်ကာ မော်တော်ကားလမ်းဆီသို့ ဆင်းသွားလေသည်။

“ မင်းကရော ဘာလုပ်မလဲ. . . အဒေါ် သား ပါမလာဘူးဆိုရင် မင်းဘာလုပ်မလဲ ” ဟု အယ်လ်သိန်းက လှမ်းမေးသည်။

ပိုင်းလော့က ခပ်အုပ်အုပ်ရယ်သည်။

“ ကျွန်တော်လား. . ဒီလို ညှိနှိုင်းပွဲပေါင်း မြောက်မြားစွာနဲ့ကျွန်တော်ကြုံခဲ့ဖူးပါပြီ။ တကယ်လို့ အဒေါ် သား ပါမလာဘူးဆိုရင် သူတို့ဟာ အဒေါ့်ကို အရှုးအမူးတွေ့ချင်နေကြတယ်ဆိုတာ သေချာသွားတာပေ့ါ။ မဟုတ်ဘူးလား။ ကျွန်တော်မရှိဘဲနဲ့ အဒေါ့်ကို သူတို့ရှာတွေ့နိုင်ကြမှာ မဟုတ်ဘူးလေ ”

အယ်လ်သိန်းသည် သစ်ပင်အကွယ်တွင် စောင့်နေသည်။ လမ်းဘေးတွင် ရပ်ထားသော မော်တော်ကားနှင့် ကိုက်လေးဆယ်လောက်ဝေးသည်။ မော်တော်ကားကို မြောက်ဘက်သို့ ခေါင်းလှည့်ပြီး မီးပွင့်ကလေးများကို ဖွင့်ထားသည်။

တစ်နာရီတိတိအကြာတွင် သည်နေရာသို့ သူတို့ရောက်လာမည်ဖြစ်ကြောင်း ပိုင်းလော့က ဟိုတယ်ဒကော့မှလူကို ဖုန်းနှင့်ပြောခဲ့သည်။ သူတို့ကား တောင်ဘက်မှချဉ်းကပ်လာလျှင် ချိန်းထားသည့်ကားဖြစ်ကြောင်း သသာနိုင်ရန် ရှေ့မီးကြီးကို မှိတ်ချည်ဖွင့်ချည်လုပ်ပြရန်လည်း အသေအချာမှာထားခဲ့သည်။ ချိန်းထားသည့်နေရာနှင့် နှစ်ဖာလုံခန့်အရောက်တွင် ထိုသို့ပြုလုပ်ရန်ဖြစ်သည်။

“ အဒေါ်. . . ကျွန်တော့် အသံကြားသလား ”

မော်တော်ကားဘေးမှာရပ်နေသောပိုင်းလော့က သံမှန်ဖြင့် အယ်လ်သိန်းကို လှမ်းမေးသည်။

“ ကြားတယ် ”

“ ဟုတ်ပြီ။ သူတို့လာနေကြပြီ။ မီးကို မှိတ်ချည်ဖွင့်ချည်လုပ်ပြနေတယ်။ အဒေါ် အဲဒီမှာပဲ ငြိမ်ငြိမ်ကလေးနေပြီး ကျွန်တော်တို့ ဘာတွေပြောနေတယ်ဆိုတာ နားထောင်ပါ။ ဘာတွေဖြစ်နေတယ်ဆိုတာကြည့်ပါ။ အပြင်ကို လုံးဝထွက်မလာပါနဲ့။ သူတို့ လုံးလုံးမမြင်ပါစေနဲ့။ အဒေါ့် သား ကားပေါ်က ဆင်းလာတာကိုတွေ့ရင်လဲ ဘာစကားမှ မပြောပါနဲ့။ အဒေါ့်ဆီ သူ့ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်မယ်။ အနားရောက်တော့မှ အခြေအနေကြည့်ပြီး စကားပြောပါ။ ကျွန်တော့်ကို သူတို့ အတင်းအဓမ္မခေါ်သွားမယ်ဆိုရင် ရေအိုင်ကြီးရဲ့အနောက်ဘက်ခြမ်းကို သွားပါ။ ကျွန်တော်တို့အလာတုန်းက ရေယာဉ်ပျံဆင်းတဲ့နေရာ။ အဲဒီနေရာကို အာထရီစိတ်မက်ဒေါက်လို့ ခေါ်တယ်။ အဒေါ့်နောက်ကို ကျွန်တော်လိုက်လာခဲ့မယ်။ အခုမြင်နေရတာကို ကျွန်တော် သိပ်မကြိုက်ဘူး”

“ ဘာကြောင့်လဲ. . . ဘာဖြစ်လို့လဲ ”

“ ကားထဲမှာ လူနှစ်ယောက်ပါလာတယ်။ ဒရိုင်ဘာဘေးကလူတစ်ယောက်က သေနတ်ကို မြှောက်ကြည့်နေတယ်။ စစ်ဆေးကြည့်နေတာပဲ ဖြစ်ရမယ် ”

“ အာထရီစိတ်မက်ဒေါက်ကို ရောက်အောင် အဒေါ် ဘယ်လိုလုပ်သွားရမလဲ ”

“ မော်တော်ကား သော့ပိုတစ်စုံ ကားရှေ့ခန်းက အမဲဆီဗူးထဲမှာ ရှိတယ်။ ညာဘက်ခြမ်းမှာ။ ကဲ. . . ငြိမ်ငြိမ်နေတော့ ”

မော်တော်ကားက သူတို့နှင့် ပိုနီးလာသည်။ စက်သံက မြည်ဟည်းလွန်းလှသည်။ စက်အားကောင်းသော ကားတစ်စီးဖြစ်ကြောင်း နားထောင်ရုံနှင့် သိသာနိုင်သည်။

အနက်ရောင်ကားကြီးသည် ပိုင်းလော့ရှေ့ ဆယ်ကိုက်ခန့်အကွာမှာ ရပ်သွားသည်။ ဒရိုင်ဘာဘေးမှာ ထိုင်လိုက်လာသောလူက တံခါးဖွင့်ဆင်းသည်။

သို့သော် ထိုသူသည် သူ၏သား နိုဝယ်မဟုတ်ပါ။

ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ခိုင်ခိုင်ဖြစ်သည်။ ကုတ်အင်္ကျီဝတ်ထားသည်။ မျက်မှန်နက်ကြီးတပ်ပြီး မာဖလာကို လည်ပင်းမှာ ပတ်ထားသည်။ ဦးထုပ်ကိုလည်း ခပ်ငိုက်ငိုက်ဆောင်းထားသည်။

မော်တော်ကား မီးထိုးထားသည့် ရှေ့သို့ သူလျှောက်လာပုံမှာ ထော့ကျိုးထော့ကျိုးဖြစ်နေသည်။

ဒရိုင်ဘာက ကားထဲမှာ ထိုင်မြဲထိုင်နေသည်။ အယ်လ်သိန်းက ဒရိုင်ဘာကို မျက်တောင်မခတ် စိုက်ကြည့်သည်။ နိုဝယ်များဖြစ်နေမလားဟူသော မျှော်လင့်ချက်ဖြင့် ကြည့်ခြင်းဖြစ်သည်။

သို့သော် ဒရိုင်ဘာသည်လည်း နိုဝယ်မဟုတ်ပါ။ မျက်နှာကိုတော့ သဲသဲကွဲကွဲမမြင်ရ။ ရွှေရောင်ဆံပင်များကိုသာ ထင်ထင်ရှားရှား မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ မော်တော်ကားထဲမှာ မစ္စက်ဟိုးလ်ခရော့ဖ်တ်ရှိနေတယ်လို့ ကျုပ်ထင်တယ် ”

မျက်မှန်နက်တပ်ထားသူက ပိုင်းလော့ကို လှမ်းမေးသည်။ အင်္ဂလိပ်ဘာသာနှင့်ပြောခြင်းဖြစ်သော်လည်း ဂျာမန်လူမျိုးဖြစ်ကြောင်း သိသာအောင်ဝဲလွန်းနေသည်။

“ ဒီလိုဆိုရင် သူ့သားလဲ ခင်ဗျားတို့ကားထဲမှာ ရှိနေမယ်လို့ ကျွန်တော်ထင်တယ် ”

ပိုင်းလော့ကလည်း ထိုသူ၏စကားအတိုင်း တည်တည်ငြိမ်ငြိမ် ပြန်မေးသည်။

“ ကားအောက်ဆင်းလာဖို့ မစ္စက်ဟိုးခရော့ဖ်တ်ကို ကျေးဇူးပြုပြီး ပြောပေးပါ ”

“ သူ့သားကိုလဲ အဲဒီအတိုင်းလုပ်ဖို့ ပြောပေးပါ ”

“ သိပ် ခေါင်းမမာနဲ့လေ။ ကျုပ်တို့မှာ အစီအစဉ်တွေရှိနေတယ်”

“ ကျွန်တော်တို့မှာလဲ ကျွန်တော်တို့အစီအစဉ်နဲ့ကျွန်တော်တို့ ရှိပါတယ်။ ခင်ဗျားတို့မော်တော်ကားထဲမှာ တခြားလူတစ်ယောက် ရှိနေတာပဲ မွန်ဖွာ၊ အဲဒီတခြားလူဟာ မစ္စက်ဟိုးလ်ခရော့ဖ်တ်ရဲ့သားနဲ့ ပုံစံချင်းမတူဘူးဖြစ်နေ တယ်”

“ မစ္စက်ဟိုးလ်ခရော့ဖ်တ်ကို သူ့သားဆီ ကျုပ်တို့ခေါ်သွားပေးမယ်”

“ ကျွန်တော်ကလဲ သူ့သားကို သူ့အမေဆီ ခေါ်သွားပေးမှာပါ ”

“ တိတ်စမ်း ”

“ ဘာကိုတိတ်ရမှာလဲ မွန်ဖွာ။ ကျွန်တော့်ကို ပိုက်ဆံပေးပြီး ဒီတာဝန်ဆောင်ရွက်ခိုင်းထားတယ်။ ခင်ဗျားကိုလဲ ပိုက်ဆံပေးပြီး ဒီတာဝန် ဆောင်ရွက်ခိုင်းထားတယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးဟာကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ။ မဟုတ်ဘူးလားဗျာ ”

“ မင်းနဲ့ အချီအချစကားပြောနေဖို့ ငါ့မှာ အချိန်မရှိဘူးကွ ”

ဂျာမန်ကပြန်အော်သည်။ ပိုင်းလော့ကိုကျော်ပြီး ထော့ကျိုးထော့ကျိုးဖြင့် မော်တော်ကားရပ်ထားရာသို့ လျှောက်သွားသည်။

ပိုင်းလော့က ခေါင်းညိတ်ပြသည်။

“ အချိန်ရှိအောင်ကြိုးစားရှာဖို့ အကြံပေးပါတယ်ဗျာ။ အချိန်ကလေးမှ ရအောင်မရှာနိုင်ရင်တော့ မစ္စက်ဟိုးလ်ခရော့ဖ်တ်ကို တွေ့ဖို့ ခက်ခဲသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ”

“ ခွေးမသား . . . ဘာစကားပြောတာလဲ ”

“ တစ်ခုထပ်ပြီး အကြံပေးပါရစေဦးမွန်ဇွာ. . . ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံပါနဲ့။ ကျွန်တော့်ကို ဆဲလားဆိုလားမလုပ်ပါနဲ့။ ကျွန်တော်ကလဲ ဒါမျိုးတွေနဲ့ ယဉ်ပါးလာတာ ကြာပါပြီ ”

“ အဘွားကြီးဘယ်မှာလဲ ”

“ သူ့သား ဘယ်မှာလဲ ”

ဂျာမန်က ညာဘက်လက်ကို အိတ်ထဲမှဆွဲထုတ်လိုက်သည်။ လက်ထဲမှာ သေနတ်ပါလာသည်။

“ မင်းကိုပေးတဲ့ပိုက်ဆံဟာ မင်းအသက်လောက်တော့ တန်ဘိုးမရှိဘူးမဟုတ်လား။ အဘွားကြီး ဘယ်မှာလဲ ”

“ ခင်ဗျားလဲ အတူတူပဲမဟုတ်လား မွန်ဇွာ။ ခင်ဗျားကို ပိုက်ဆံပေးထားတာဟာ ကျွန်တော့်ကို ပစ်သတ်ဖို့လား။ မစ္စက်ဟိုးလ်ခရော့ဖ်တ်ကို တွေ့အောင်ရှာဖို့လား ”

သေနတ်သံက မြည်ဟည်းသွားလေသည်။ ပိုင်းလော့၏ရှေ့နားရှိ မြေပြင်ပေါ်တွင် ဖုန်များ ထောင်းကနဲထသွားသည်ကို မြင်လိုက်ရသည်။ အယ်လ်သိန်းက သစ်ပင်ကို အလန့်တကြားဖြင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်မိသည်။

“ ကဲ. . . ပြောစမ်း ပြင်သစ်စုတ်။ ပိုက်ဆံစကားတွေ ပြောမနေနဲ့။ အဘွားကြီးကလွဲပြီး ငါ့အတွက်ဘာမှ အရေးကြီးတာမရှိဘူး။ ဘယ်မှာလဲပြော”

“ ခင်ဗျားဟာ သေနတ်ကလေးတစ်လက်ကိုင်ရရုံနဲ့ ဘဝင်လေခိုက်သွားတော့တာပဲလားဗျာ။ ခင်ဗျားတို့လို လူမျိုးတွေဟာ ဒါမျိုးတွေချည်းပဲ။ အဘွားကြီးကို ခင်ဗျားတွေ့ချင်တယ်ဆိုရင် သူ့သားကိုခေါ်ပေးပါ။ သူ့သားကို သူ့အမေဆီရောက်အောင် ကျွန်တော် ပို့ပေးလိုက်မယ် ”

“ အဘွားကြီးဘယ်မှာရှိနေတယ်ဆိုတာ မင်း ပြောမလား မပြောဘူးလား ”

ဂျာမန်က ပိုင်းလော့၏ခေါင်းတည့်တည့်ကို သေနတ်နှင့် ထိုးချိန်လိုက်လေသည်။

“ ကဲ. . . အခုပြော ”



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားတံခါး ပွင့်သွားသည်ကို အယ်လ်သိန်းလှမ်းမြင်လိုက်ရလေသည်။ သေနတ်သံတစ်ချက်ပေါ်ထွက်လာသည်။ ဒုတိယတစ်ချက် ဆက်တိုက် ပေါ်ထွက်လာသည်။

ပိုင်းလော့က မြေပြင်ပေါ်သို့ ဝမ်းလျှောထိုးချလိုက်သည်။

ဂျာမန်ထံမှ အော်သံထွက်လာသည်။

" ဂျိုဟန်း . . . ဂျိုဟန်း . . . "

တတိယမြောက်သေနတ်သံကို အယ်လ်သိန်း ကြားလိုက်ရပြန်သည်။ ဂျာမန်သည် မြေပြင်ပေါ်တွင် တွန့်လိမ်သွားသည်။

ပိုင်းလော့က မြေပြင်ပေါ်မှ ထလာသည်။

" ခင်ဗျားကို သူသတ်တော့မလို့ . . . ဒီကောင်ဟာ နည်းနည်းကလေးမှ စိတ်ထားမှန်တဲ့အကောင် မဟုတ်ဘူး "

ရွှေရောင်ဆံပင်နှင့်ဒရိုင်ဘာက ပြောသည်။

" သူက ကျွန်တော့်ကိုသတ်ဖို့ လိုသလားဗျာ. . . ကျွန်တော်တော့ နားမလည်တော့ဘူး။ ကျွန်တော့်ကိုသတ်လို့ ဘာအကျိုးရှိမှာလဲ "

" မလိုပါဘူး။ ခင်ဗျားကိုသတ်ဖို့ ဘာအကြောင်းမှမရှိပါဘူး။ ခင်ဗျားပြောနေတဲ့စကားတွေဟာလဲ တရားနည်းလမ်းကျတာပဲ။ ကဲ. . . သူ့အလောင်းကို တောထဲရွှေ့ထားရအောင်. . . ကျွန်တော့်ကို ဝိုင်းကူပါဦး။ သူ့ကိုယ်ပေါ်က စာရွက်စာတမ်းအထောက်အထားတွေကိုပါ ဖျောက်ဖျက်ပစ်ရမယ်။ ပြီးရင် ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ "

ရွှေရောင်ဆံပင်နှင့်လူကပြောသည်။

" ခင်ဗျားက ဘယ်သူလဲ "

" နိုဝယ်ဟိုးလ်ခရော့ဖ်တ်ရဲ့ မိတ်ဆွေပါပဲ "

" ခင်ဗျားစကားကို ကျွန်တော် ယုံလိုက်ချင်ပါတယ်ဗျာ "

" ခင်ဗျား ယုံသွားမှာပါ "

အယ်လ်သိန်းသည် သူပုန်းနေသည့်နေရာကလေးတွင် ငြိမ်ငြိမ်ကလေးကပ်နေသည်။ သူ့ခြေထောက်များ ပျော့ခွေကျလာသည်။ လည်ချောင်းထဲမှာ ခြောက်ကပ်လာသည်။ မျက်လုံးအစုံက ကိုက်ခဲလာသောကြောင့် ဖွင့်ချည်မှိတ်ချည်လုပ်နေရသည်။

ရွှေရောင်ဆံပင်ရှိသောလူနှင့် ပိုင်းလော့တို့သည် ဂျာမန်၏အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တောတွင်းသို့ ရွှေ့နေကြသည်။ အယ်လ်သိန်းပုန်းနေသည့်နေရာနှင့် ပေနှစ်ဆယ်လောက်အကွာသို့ ရွှေ့ယူလာကြသည်။

ယခုမှပင် ပိုင်းလော့ပြောခဲ့သည့်စကားများ မည်မျှတန်ဖိုးကြီးကြောင်း အယ်လ်သိန်း သဘောပေါက်တော့သည်။

ပိုင်းလော့သည် သူ့အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်လေသည်။

" ကျွန်တော့်ကားကို ယူခဲ့ရမလား မွန်ဇွာ "

" မယူနဲ့။ မီးတွေပိတ်ပစ်ခဲ့ပါ။ ပြီးတော့ ကျွန်တော်နဲ့လိုက်ခဲ့ပါ။ မနက်ကျတော့မှ ဒီကားကို ပြန်လာယူကြတာပေါ့ "

သူပြောသည့်အတိုင်း ပိုင်းလော့က မီးများကို ပိတ်လိုက်သည်။ ပြီးတော့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြန်သည်။

" ဟိုအလောင်းနဲ့ ဒါလောက်နီးတဲ့နေရာမှာ ကျွန်တော့်မော်တော်ကားကြီးကို ရပ်မထားခဲ့ချင်ဘူးဗျာ "

" မနက်နေမထွက်ခင် ကျွန်တော်တို့ ပြန်လာယူမှာပါ။ ခင်ဗျားမှာ ကားသော့တွေပါတယ် မဟုတ်လား "

" ပါပါတယ် "

" ဒီလိုဆိုရင် မြန်မြန်သွားကြစို့ " ဟု ရွှေရောင်ဆံပင်နှင့်လူက ပြောသည်။

ပိုင်းလော့က တစ်စုံတစ်ရာပြန်လည်ပြောကြားခြင်းမရှိသည့်အတွက် အထိုက်အလျောက် စိတ်သက်သာရာရသွားသည်ဟု ထင်မှတ်ရလေသည်။ ထပ်မံ၍ စောဒကတက်ခြင်းလည်း မရှိတော့။

စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့မော်တော်ကား မောင်းထွက်သွားလေသည်။

အယ်လ်သိန်းက သစ်ပင်အောက်မှ ထွက်လာခဲ့သည်။ ပိုင်းလော့မှာသွားသည့် စကားများကိုလည်း ပြန်လည်စဉ်းစားကြည့်နေသည်။

ကားရှေ့ညာဘက်ခြမ်းက အမဲဆီဗူးထဲတွင် ကားသော့အပိုတစ်စုံရှိသည်ဆိုသည့်အကြောင်း၊ သူတို့ရေယာဉ်ပျံဆင်းသက်ခဲ့သည့် အာထရီစိတ်မက်ဒေါက်အရပ်သို့ သွားရမည့်အကြောင်း . . .

အာထရီစိတ်မက်ဒေါက်. . . ရေအိုင်ကြီး၏ အနောက်ဘက်ခြမ်း။

နောက်ငါးမိနစ်ကြာသောအခါ အယ်လ်သိန်းသည် အမဲဆီပေကျံနေ



www.burmeseclassic.com

www.burmeseclassic.com



သောလက်ဖြင့် ကားလက်ကိုင်ကို ထိန်းရင်း ပိုင်းလော့၏မော်တော်ကားကြီးကို မောင်းနှင်လာခဲ့လေသည်။

စောစောကနေရာနှင့်ဝေးလာလေ စိတ်သက်သာရာ ရလာလေ ဖြစ်မိသည်။

အာထရီစိတ်မက်ဒေါက်နေရာကို အလွယ်တကူရှာဖွေတွေ့ရှိပါစေဟု လည်း စိတ်ထဲမှကျိတ်ပြီး ဆုတောင်းနေမိသည်။

နောက်ပြီးတော့ သူ့သားနှင့်အမြန်ဆုံးတွေ့ဖို့အကြောင်းကို စဉ်းစားမိပြန်သည်။ ထိုကိစ္စသည်သာ အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် သားနှင့် အမြန်ဆုံးတွေ့ဖို့ကိုလည်း ပြင်းပြစွာ ဆုတောင်းမိလေသည်။

❖

ရေယာဉ်ပျံသေးသေးကလေး၏ပိုင်းလော့ထိုင်သော ခုံနောက်တည့်တည့်မှ ထိုင်ခုံတွင် ဟယ်လ်ဒင် ထိုင်လိုက်လာသည်။

ခြေထောက်မှ သေနတ်ဒဏ်ရာမှာဆေးထည့်ပြီး ပတ်တီးကျပ်ကျပ်စည်းထားသောကြောင့် မနာမကျင်ဘဲ ရှိနေသည်။ သူ သောက်ထားသည့်ဆေးများကလည်း အနာကိုသက်သာစေလေသည်။

ပိုင်းလော့က နောက်ဘက်သို့ လှည့်ကြည့်သည်။

" ကျွန်တော်တို့ရေယာဉ်ပျံဆင်းပြီး နာရီဝက်ကြာရင် ခင်ဗျားကို မော်တော်ကားနဲ့ပို့ပေးပါ့မယ်။ အိုင်စပ်မှာရှိနေတဲ့ စားသောက်ဆိုင်ကလေးကို ပို့ပေးမှာပါ။ အဲဒီကနေ ကားငှားပြီး ဂျီနီဗာမြို့ထဲကို အလွယ်တကူသွားလို့ ရပါတယ်။ လာမယ့်နှစ်ပတ်အတွင်း ကျွန်တော်တို့ ရေယာဉ်ပျံကိုအသုံးချဖို့ ရှိတယ်ဆိုရင် အာထရီစိတ်မက်ဒေါက်လို့ခေါ်တဲ့ ဆိပ်ကမ်းကို သွားအကြောင်းကြားပါ။ အဲဒီနေရာဟာ ကျွန်တော်တို့ စခန်းပါပဲ။ ခင်ဗျားအတွက် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ အမြဲတမ်း အသင့်ရှိနေပါတယ် "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄၁ )

အားရစ်ကက်စလာသည် အကြမ်းဖက် တိုက်ခိုက်ခြင်းများနှင့် ယဉ်ပါးသူ မဟုတ်ချေ။ သို့သော်လည်း ယခုအချိန်မှာတော့ အခြားနည်းလမ်း ရွေးရန်မရှိတော့ပါ။

နိုဝယ်ကို အပျော်တမ်းသမားတစ်ယောက်အဖြစ် သူတို့သတ်မှတ်ထား ခဲ့ကြသည်။ ယခုမူ နိုဝယ်သည် သူတို့ထင်ထားသည်ထက် ပိုတော်နေသည်ကို တွေ့ရသည်။

ဟိန်းနရစ်ကလော်ဆင်လို လူတစ်ယောက်၏သားဖြစ်လေရာ ဒါလောက်တော့ မျိုးဆက်သွေးပါရမည်ဟု စဉ်းစားမိသည်။

ဘာပဲဖြစ်ဖြစ် အခြေအနေများ ပိုမိုရှုပ်ထွေးကုန်အောင်ဖြစ်သည့်နည်းနှင့် ပြုလုပ်ရပေမည်။ အခြေအနေများ ပိုမိုရှုပ်ထွေးလေ၊ နိုဝယ်အဖို့ ဘေးကျပ်နံကျပ်ဖြစ်လေ ဘဝမျိုးသို့ ရောက်ရပေမည်။

လော်ဘီထဲမှာ လူတွေများနေသည်။ သတင်းထောက်တွေက အများစုဖြစ်သည်။ သူတို့ထဲမှ တစ်ယောက်ကိုရွေးဖို့ အားရစ်က ဆုံးဖြတ်သည်။ အသက် သုံးဆယ်ကျော်ကျော် ရည်ရည်မွန်မွန်ရှိပုံရသော သတင်းထောက်အနားသို့ မသိမသာချဉ်းကပ်သည်။ ပြီးတော့ လေသံခပ်တိုးတိုးနှင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျား သတင်းထောက် မဟုတ်လား "

" ဟုတ်ပါတယ် " ဟု သတင်းထောက်က ပြန်ဖြေသည်။

" ဒီနေ့အဖြစ်ကြီးကတော့ တော်တော်ဆိုးတာပဲဗျာ။ အင်မတန် ကြေကွဲစရာကောင်းတာပဲ။ အသတ်ခံသွားရတဲ့လူ သိပ်သနားစရာကောင်းတယ်။ ဘာလုပ်ရင်ကောင်းမလဲဆိုတာ ဒီနေရာမှာ ကျွန်တော်ရပ်ပြီး စဉ်းစားနေတာ အတော်ကြာသွားပြီ။ ဒါပေမယ့် ဒီအမှုကြီးထဲမှာ ကျွန်တော်ပတ်သက်သွားမှာ မျိုးကိုလဲ အဖြစ်မခံနိုင်ဘူးလေ "

" ခင်ဗျား ဒီဟိုတယ်မှာ တည်းနေတာလား "

" ဟုတ်တယ်။ ကျွန်တော် ဘာလင်ကပါ။ ဂျီနီဗာကို မကြာခဏလာတယ်။ ကျွန်တော်သိတာတွေ အကုန်လုံး ပုလိပ်ကို သွားပြောပြလိုက်ရင် ကောင်းမလားလို့လဲ စဉ်းစားကြည့်မိသေးတယ် ဒါပေမယ့် ကျွန်တော်ပါ ကန့်လန့်ကန့်လန့် ပါနေမှာစိုးလို့ ကျွန်တော့်ရှေ့နေက ကန့်ကွက်တယ်။ ကျွန်တော်က စီးပွားရေး လုပ်ငန်းတစ်ခုအတွက် ဒီကို ရောက်လာတာလေ။ ဒါပေမယ့် ကျွန်တော် သိထားတာတွေကိုတော့ တစ်ယောက်ယောက်ကို ပြောပြသင့်တယ် ထင်တယ်"

" ခင်ဗျား သိထားတာက ဘယ်လိုဟာမျိုးလဲ "

အားရစ်က စိတ်မချမ်းသာသည့်အမူအရာဖြင့် သတင်းထောက်ကို ပြန်ကြည့်သည်။

" အသတ်ခံသွားရတဲ့လူအကြောင်းကို ကျွန်တော်ကောင်းကောင်းသိတယ်လို့ပဲ ဆိုပါစို့ဗျာ "

" အဲဒီတော့ . . . "

" ဒီနေရာမှာတော့ ပြောလို့မဖြစ်ဘူး။ ကင်းကင်းရှင်းရှင်းဖြစ်အောင် နေဖို့ ကျွန်တော့်ရှေ့နေက သေသေချာချာ မှာထားတယ် "

" ဒီအမှုကြီးထဲမှာ ခင်ဗျားပါ ပါနေတယ်လို့ ဆိုချင်တာလား "

" အို . . . မဟုတ်ရပါဘူးဗျာ။ ကျွန်တော်နဲ့ဘယ်လိုမှ မပတ်သက်ပါဘူး။ ဒါပေမယ့် ကျွန်တော်သိထားတာတွေရှိနေတယ်။ လူနှစ်ယောက်အကြောင်းကို ကျွန်တော် သိထားတာတွေရှိနေတယ်။ အခု လူသတ်မှုမှာ အကြောင်းရှိနေတယ်ဆိုပါတော့ဗျာ "

" ဒီအမှုထဲမှာ ခင်ဗျားမပါဘူးဆိုရင် ခင်ဗျားနာမည်ကို ကျွန်တော် ဖုံးထားပေးပါ့မယ်။ ဒီသတင်းတွေ ဘယ်ကရတယ်ဆိုတာ ကျွန်တော် ဖော်မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ”

“ အင်း . . . ကျွန်တော်ကလဲ အဲဒါမျိုးပဲ လိုချင်တာပါ။ ကျွန်တော့်ကို နှစ်မိနစ်သုံးမိနစ်လောက် အချိန်ပေးပါ။ အပေါ်တတ်ပြီး ကုတ်အင်္ကျီကလေး ယူလိုက်ပါရစေ။ ပြီးရင် ကျွန်တော်အပြင်ကို ထွက်သွားမယ်။ တောင်ခြေဘက်ကို လျှောက်သွားမယ်။ ခင်ဗျား ကျွန်တော့်နောက် မလှမ်းမကမ်းက လိုက်ခဲ့ပါ။ ကျွန်တော့်ကို စကားမပြောပါနဲ့။ လူရှင်းတဲ့နေရာရောက်ရင် ခင်ဗျားကို ကျွန်တော် လှမ်းခေါ်လိုက်မယ် ”

သတင်းထောက်က ခေါင်းညိတ်ပြသည်။

အားရစ်က အပေါ်ထပ်သို့ ပြန်တတ်ခဲ့သည်။ သေနတ်နှစ်လက် ယူရမည်။ သို့မှသာ သဲလွန်စကို ဖျောက်ဖျက်နိုင်မည်ဖြစ်သည်။

အချိန်အနည်းငယ် နောက်ကျခြင်းအားဖြင့် နိုဝယ်ကိုလည်း ပိုမို စိတ်ရှုပ်ထွေးစေမည်ဖြစ်သည်။

\+ \+ \+

ဟိုတယ်ဒကော့ ဝင်ပေါက်တည့်တည့် လမ်းတစ်ဘက်ခြမ်းအမှောင်ရိပ်တွင် နိုဝယ်ရပ်စောင့်နေသည်။ ဟိုတယ်အဝင်ပေါက်ကို လှမ်းကြည့်နေသည်။

အားရစ်သည် လွန်ခဲ့သည့် ငါးမိနစ်လောက်က သူ၏အကြောင်းကြားချက်ကိုရရှိပြီးဖြစ်လိမ့်မည်။ ယခု ဘာကြောင့်အချိန်ကြာနေသနည်း။

ထိုသို့စဉ်းစားနေဆဲမှာပင် ဟိုတယ်အတွင်းမှ အားရစ်ထွက်လာသည်ကိုမြင်ရသည်။ ကုတ်အင်္ကျီရှည်ကြီးကိုဝတ်ထားသည်။ ထို့ကြောင့် အပေါ်ထပ်ပြန်တတ်ပြီး အင်္ကျီယူခြင်းဖြစ်သည်ဟု နိုဝယ်တွေးမိသည်။

အားရစ်က ဣန္ဒြေရရ လျှောက်လာသည်။ လမ်းသွားလမ်းလာများကိုလည်း ခေါင်းညိတ်ပြကာ နှုတ်ဆက်သွားသည်။ အားရစ်သည် ယဉ်ကျေးသိမ်မွေ့သူဖြစ်လေသည်။

ဟိုတယ်နှင့် မလှမ်းမကမ်းသို့ အားရစ်ရောက်သောအခါ အသက်သုံးဆယ်ကျော်ခန့် လူတစ်ယောက် ဟိုတယ်အတွင်းမှ ထွက်လာသည်။ အားရစ်ကို လှမ်းကြည့်ပြီး အားရစ် နောက်သို့ ခပ်ခွာခွာမှလိုက်သည်။

နိုဝယ် သဘောပေါက်သွားသည်။ ထိုသူသည် အားရစ်နောက်ကို လိုက်နေခြင်းမဟုတ်။ မိမိနောက်ကို လိုက်နေခြင်းသာဖြစ်ရမည်။ အားရစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိ ချိန်းသည်ကို တစ်နည်းအားဖြင့် ရိပ်မိရမည်။ အားရစ်နောက်သို့ လိုက်ခြင်းအားဖြင့် မိမိမည်သည့်နေရာမှာရှိနေသည်ကိုသိရမည် စသည်ဖြင့် နို၀ယ်က ဆက်စပ်စဉ်းစားကြည့်နေမိသည်။

သည်အတိုင်းဆိုလျှင် အားရစ်ကို နောက်ယောင်ခံလိုက်နေသူသည် မိမိကိုသတ်မည့် နာခရိုက်တင်းဒိုက်သာလျှင် ဖြစ်ရမည်ဟုလည်း အခိုင်အမာ ကောက်ချက်ချလိုက်လေသည်။

ထိုသူကို မိအောင်ဖမ်းရမည်။ သူတို့အကြောင်းများကို ပေါ်အောင် စစ်ရမည်။ မိမိကို ဘာကြောင့် ရန်ရှာသနည်း။ မိမိနှင့်ပတ်သက်သူများကို ဘာကြောင့် လုပ်ကြံသတ်ဖြတ်ပစ်သနည်း။ သိလိုသည်များအားလုံး ပေါ်အောင် စစ်ရမည်။

နို၀ယ်က အိတ်ထဲသို့နှိုက်သည်။ သေနတ်ကို စမ်းမိသည်။ လုံခြုံမှု ရှိသွားပြီဟု စိတ်ထဲမှာအလိုလို ခံစားလာရသည်။

လေးမိနစ်ခန့်ကြာသောအခါ အားရစ်သည် တောင်ခြေသို့ရောက်သွားလေသည်။ သူ့နောက်မှ လိုက်နေသူကလည်း မလှမ်းမကမ်းမှ ဟန်မပျက်လိုက်နေဆဲဖြစ်သည်။

တောင်ခြေသို့ရောက်သောအခါ အားရစ်က လမ်းဆုံကိုဖြတ်ကူးသည်။ ဘယ်ဘက်သို့ ချိုးကွေ့သွားသည်။

ထိုနေရာမှာ မော်တော်ကား အသွားအလာ အနည်းငယ်ရှုပ်ထွေးသည်။ ကားတန်းများနောက်ကွယ်တွင် အားရစ်ပျောက်သွားသည်။ သူ့နောက်သို့ လိုက်နေသူလည်း ပျောက်သွားသည်။

နို၀ယ် ဘာလုပ်ရမှန်း မသိတော့။

ထို့ကြောင့် အားရစ်တို့နှစ်ယောက် ချိုးကွေ့သွားသည့်နောက်သို့ အပြေးလိုက်သွားမိလေတော့သည်။

\+ \+ \+

အားရစ်သည် ဘယ်ဘက်သို့ချိုးပြီး အလင်းရောင်အားနည်းသော လမ်းထဲသို့ ခပ်သုတ်သုတ် ၀င်လာခဲ့သည်။

နောက်ဘက်သို့ မသိမသာ ပြန်ကြည့်သည်။ သတင်းထောက်က ထပ်ကြပ်မကွာ လိုက်လာသည်။ နို၀ယ်ကမူ မော်တော်ကားတန်း၏ဟိုဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကျန်ခဲ့သည်။

အတော်ကလေး လျှောက်မိသောအခါ မော်တော်ကားရပ်သည့်နေရာ တစ်ခုကို တွေ့သည်။ ထိုနေရာကို သံကြိုးဖြင့် ပတ်ကာထားသည်။ ကားရပ်ထားသည်ကိုမူ မတွေ့ရ။ ထိုနေရာက ပိုမှောင်သည်။

အားရစ်က သံကြိုးကိုကျော်ပြီး အတွင်းသို့ဝင်သည်။ သတင်းထောက်ကို လှည့်ကြည့်သည်။

" ဒီကိုလာပါ။ ကျွန်တော်တို့ ဒီနားမှာ စကားပြောကြမယ် "

သတင်းထောက် ကြားလောက်ရုံ အသံခပ်တိုးတိုးဖြင့် လှမ်းပြောသည်။ တဆက်တည်း အိတ်ထဲမှ သေနတ်တစ်လက်ကို ထုတ်ယူပြီး အသံတိတ်ကိရိယာ တပ်သည်။

သတင်းထောက်က သံကြိုးကိုကျော်ပြီး သူရှိနေရာသို့ ဦးတည်လာသည်။

အနားသို့ရောက်သည်နှင့်တစ်ပြိုင်တည်း အားရစ်၏လက်ထဲရှိ အသံတိတ်ကိရိယာတပ်သေနတ်ပြောင်းဝမှ နှစ်ကြိမ်ဆက်တိုက် မီးပွင့်သွားသည်။

သတင်းထောက်မှာ မြေပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားသည်။

အားရစ်က အိတ်ထဲရှိ ကျန်သေနတ်တစ်လက်ကို ထုတ်ယူကာ သတင်းထောက်၏လက်ထဲသို့ ထိုးထည့်သည်။ သူ့ကိုယ်သူလည်း မြေပြင်ပေါ်သို့ ပစ်လှဲသည်။ အင်္ကျီရင်ဘတ်မှ ကြယ်သီးနှစ်လုံးကို ဆွဲဖြုတ်ပစ်သည်။ သေနတ်ပြောင်းတွင် တပ်ထားသော အသံတိတ်ကိရိယာကို ဖြုတ်သည်။

အပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ နိုဝယ် ပြေးလာနေသည်ကို တွေ့ရသည်။ လမ်းမီးတိုင်အောက် ရောက်သောအခါ ခေတ္တရပ်သည်။ ဘယ်ညာလှည့်ကြည့်သည်။

ထိုအချိန်မှာပင် အားရစ်က အသံတိတ်ကိရိယာ ဖြုတ်ထားပြီးဖြစ်သော သေနတ်နှင့် မိုးပေါ်သို့ နှစ်ချက် ထောင်ဖောက်သည်။

" နိုဝယ် . . . နိုဝယ် . . . "

နိုဝယ် ကြားလောက်အောင် အော်ခေါ်သည်။ မြေပြင်ပေါ်မှာ တစ်ချက်လူးလိုက်သည်။ သူ့ကိုယ်တွင် ဖုန်များပေကျံသွားသည်။

" နိုဝယ်. . . နိုဝယ်. . . ဘယ်မှာလဲ "

" အားရစ်. . . ခင်ဗျား ဘယ်ရောက်နေသလဲ "



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က စိုးရိမ်တကြီးဖြင့် ပြန်အော်မေးသည်။

" နိုဝယ်. . . ကျွန်တော်ဒီမှာ. . . ဒီလူက ကျွန်တော့်ကို သတ်မယ်လုပ်လို့ ကျွန်တော် သေနတ်နဲ့ ပြန်ပစ်လိုက်ရတယ် "

နိုဝယ်က သံကြိုးကိုကျော်ပြီး အားရစ်ရှိနေရာသို့ အပြေးအလွှားရောက်လာသည်။

" ဘယ်သူလဲ. . . ဘယ်မှာလဲ. . . "

" ဟောဟိုမှာ. . . ဂျိုဟန်းက သွားလေရာမှာ သေနတ်ယူသွားဖို့ ပြောထားတာ တော်သေးတာပေါ့။ ကျွန်တော့်နောက်ကလိုက်လာပြီး သေနတ်နဲ့ ပစ်ဖို့လုပ်တာ။ ကျွန်တော် လက်ဦးသွားလို့ပေါ့ဗျာ. . . မဦးများမဦးရင်တော့. . "

" ခင်ဗျား ဘာမှမဖြစ်ဘူးနော် "

" မဖြစ်ဘူးထင်တယ်။ ကျွန်တော့်နောက်ကို သူလိုက်လာတယ်။ ခင်ဗျားကို သူသိတယ်။ ခင်ဗျား ဘယ်မှာရှိနေသလဲဆိုတာ မနားတမ်း မေးလာတယ်။ ကျွန်တော်က ပြန်မဖြေဖြစ်တဲ့အခါမှာ ကျွန်တော့်ကို မြေပြင်ပေါ်ပစ်လှဲပြီး သေနတ်နဲ့ ပစ်ဖို့လုပ်တော့တာပဲ "

" ဖြစ်မှဖြစ်ရလေဗျာ "

နိုဝယ်က ပြောပြောဆိုဆို အသက်ပျောက်နေပြီဖြစ်သော သတင်းထောက်နားသို့ ကပ်သွားသည်။ အိတ်ထဲမှာ မွှေနှောက်ရှာသည်။

" ဟ. . . ဘာတစ်ခုမှ မတွေ့ပါလား "

" ဘာကို မတွေ့တာလဲ "

" မှတ်ပုံတင်တို့. . . နိုင်ငံကူးလက်မှတ်တို့. . . သက်သေခံအထောက်အထား ဘာမှမတွေ့ဘူး "

နိုဝယ်က စိတ်ပျက်လက်ပျက် ပြန်ပြောသည်။

အမှန်ကတော့ နိုဝယ်ရောက်မလာမီကလေးမှာပင် သတင်းထောက်၏ အိတ်ထဲမှာရှိသော သက်သေခံအထောက်အထားစာရွက်စာတမ်းများ အားလုံးကို အားရစ်က နှိုက်ယူကာ ချုံဖုတ်ထဲသို့ လွှင့်ပစ်ခဲ့ပြီးဖြစ်လေသည်။

" နိုဝယ်. . ကျွန်တော်တို့ ဒီနေရာက မြန်မြန်ထွက်သွားကြမှဖြစ်မယ်။ မနက်ဖြန်ကိစ္စက အရေးကြီးတယ်နော် "

" ပိုက်ဆံအိတ်လဲ မတွေ့ဘူး . . . ဘာအထောက်အထားမှ မတွေ့ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" မနက်ဖြန်ကိစ္စကို အလျင်စဉ်းစားပါ နိုဝယ်။ မနက်ဖြန်ကိစ္စထက် အရေးကြီးတာ ဘာမှမရှိဘူး "

" ဒီနေ့ည အရေးကြီးတယ်။ သူတို့ဘယ်သူတွေလဲဆိုတာ ဒီနေ့ညတွင်းချင်း သိရအောင်လုပ်ရမယ် "

နိုဝယ်က ဒေါသတကြီး အော်ပြောသည်။

အားရစ်က အကြာကြီးငြိမ်နေသည်။ တစ်ခုခုကို စဉ်းစားနေသည့် အမူအရာမျိုးဖြစ်သည်။ အတော်ကြာတော့မှ လေသံနှင့်သူကပြောသည်။

" အခုဖြစ်တဲ့ကိစ္စက ခင်ဗျား စီစဉ်လိုက်တာပေါ့လေ. . . "

" နိုဝယ် ဒေါသတကြီး ထရပ်သည်။ သို့သော်လည်း အားရစ်၏စကားကြောင့် သူ့ဒေါသ အနည်းငယ်ပြေသွားသည်။

" ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျား ဒုက္ခရောက်အောင် လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်အားလုံးကို ထိန်းသိမ်းထားနိုင်တယ်လို့ ထင်ခဲ့မိတယ် "

" ဘာဖြစ်လို့ ခင်ဗျား ဒီလိုလုပ်ရတာလဲ နိုဝယ် "

" ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အမေကို သူတို့တွေ့ရင် သတ်ပစ်လိမ့်မယ်။ ဝီလီအဲရစ်တို့ ရစ်ချတ်ဟိုးလ်ခရော့ဖ်တ်တို့ကို သတ်ပစ်သလို ကျွန်တော့်အမေကိုလဲ သူတို့သတ်ပစ်လိမ့်မယ်။ တခြားလူပေါင်းများစွာကိုလဲ သတ်ပစ်လိမ့်မယ် "

" ဘယ်သူတွေကလဲ . . . "

" ဂျီနီဗာလုပ်ငန်းစဉ်ကြီးရဲ့ ရန်သူတွေပဲ။ နာခရိုက်တင်းဒိုက်. . . သူတို့ထဲက တစ်ယောက်လောက်ကို ကျွန်တော် အမိဖမ်းချင်နေတယ်။ အရှင်ဖမ်းချင်နေတယ်။ အခုတော့ အခွင့်အရေးတစ်ခု လက်လွတ်သွားပြီဗျာ "

" ကျွန်တော့်ကို ထူပေးပါဦး " ဟု အားရစ်ကပြောသည်။

" ကျွန်တော်ပြောတာ နားလည်တယ်မဟုတ်လား "

နိုဝယ်က အားရစ်၏လက်တစ်ဘက်ကိုဆွဲယူကာ ထူပေးသည်။

" နားလည်ပါတယ်။ ဒါပေမယ့် ခင်ဗျားတစ်ယောက်တည်း အဖော်မပါဘဲ လှုပ်ရှားနေဖို့ မကောင်းဘူး။ ဒီကိစ္စကို တစ်ယောက်တည်း လိုက်လုပ်ဖို့ မကောင်းဘူး "

" သူ့ကို ကျွန်တော် ထောင်ဖမ်းဖို့လိုတယ်။ သူတို့ရဲ့အပေါင်းပါတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကိုသိဖို့လိုတယ်။ သိပြီးရင် သူ့ကို ပုလိပ်လက်အပ်မယ်။ ကျွန်တော့်အမေကို အကူအညီပေးဖို့နဲ့ အကာအကွယ်ပေးဖို့ ပုလိပ်အဖွဲ့ကို မေတ္တာရပ်ခံရမယ် ”

“ အခုတော့ အဲဒါတွေ ကျွန်တော်တို့ မလုပ်နိုင်တော့ဘူး။ သူသေသွားပြီပဲ။ ကျွန်တော်တို့ အဖြေမထုတ်နိုင်တဲ့ ပြဿနာတွေ မရေမတွက်နိုင်အောင်ရှိနေပြီ။ ဒါပေမယ့် ဟိုငတိကတော့ အဖြေထုတ်ပေးနိုင်ပါလိမ့်မယ် ”

“ ဂျိုဟန်းလား ”

“ ဟုတ်တယ်။ ဂျိနီဗာမှာ ဩဇာကြီးတဲ့ သူ့သူငယ်ချင်းတစ်ယောက်ရှိတယ်လို့ ပြောဖူးတယ်။ ဒုတိယမြို့တော်ဝန်တဲ့။ ခင်ဗျားနဲ့တွေ့ရင် အိပ်ဆယ်-စီယာဟိုတယ်ကို ခေါ်သွားပါလို့ ကျွန်တော့်ကို သူမှာထားတယ်။ ဖရက်စကာဆိုတဲ့နာမည်နဲ့ ခင်ဗျားကို တည်းခိုင်းပါတဲ့။ ဘာနာမည်မှန်းတော့ ကျွန်တော်လဲမသိဘူး ”

“ ကျွန်တော်တို့ သုံးနေကျနာမည်ပဲ။ သူက ကျွန်တော်တို့နဲ့ အဲဒီမှာအဆက်အသွယ်လုပ်မယ်တဲ့လား ”

“ ဟုတ်တယ်။ အခုမနက်ဖြန်ကိစ္စတွေ သူစီစဉ်နေတယ်။ ဘဏ်တိုက်နဲ့ကိစ္စ ”

“ ဘယ်လိုဘဏ်တိုက်နဲ့ ကိစ္စလဲ. . . ”

“ ကျွန်တော်တို့ ကိစ္စကြီး မနက်ဖြန်မှာ ပြီးတော့မယ်လေ။ အဲဒီအကြောင်းတွေ ခင်ဗျားကို ပြောပြစရာတွေရှိနေတာ။ ကဲ. . . လာ. . ကျွန်တော်တို့ ခပ်မြန်မြန်သွားကြမှ။ ဒီနေရာမှာ ကြာကြာနေလို့မဖြစ်ဘူး။ လမ်းသွားလမ်းလာ တစ်ယောက်ယောက်က မြင်သွားရင် အားလုံးဒုက္ခရောက်ကုန်မယ်။ ခင်ဗျားအမေ ဂျိနီဗာမြို့ကိုရောက်နေတဲ့အကြောင်း ခင်ဗျားကို ပြောပြဖို့ ဂျိုဟန်းက ကျွန်တော့်ကိုမှာထားတယ်။ ခင်ဗျားအမေကို ကျွန်တော်တို့ တွေ့မှာပါပဲ။ လိုအပ်သလိုလဲ ကျွန်တော်တို့ အကာအကွယ်ပေးနိုင်မှာပါ ”

နိုဝယ်က အားရစ်ကို သံကြိုးဆီသို့ တွဲခေါ်လာသည်။ သံကြိုးကို ကျော်ရာတွင်လည်း ကူတွဲပေးသည်။ အားရစ်က နောက်ဘက်တွင် ကျန်ခဲ့သည့် အမှောင်ထဲသို့ လှည့်ကြည့်ပြီး ပခုံးနှစ်ဘက်ကို တွန့်လိုက်လေသည်။

“ အဲဒီအကြောင်း ပြန်စဉ်းစားမနေနဲ့တော့ ” ဟု နိုဝယ်က ပြောသည်။

“ တော်တော်ကြောက်စရာကောင်းတဲ့ အဖြစ်ဗျာ ”



www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုဖြစ်ဖို့လဲ လိုအပ်တယ်လေ "

မှန်ပါသည်။ ယခုလိုဖြစ်ဖို့ အမှန်တကယ် လိုအပ်ပါသည်ဟု အားရစ်က စိတ်ထဲမှ မှတ်ချက်ချလိုက်လေသည်။

\+ + +

ကမ်းစပ်ရှိ ခုံတန်းလျားတစ်ခုပေါ်တွင် အသက်အရွယ်ကြီးရင့်သည့် အမျိုးသမီးတစ်ဦးထိုင်နေသည်ကို ဟယ်လ်ဒင် လှမ်းမြင်ရသည်။

ထိုနေရာတွင် ပိုင်းလော့အချို့နှင့် ခရီးသည်အချို့ သွားသွားလာလာ လုပ်နေကြသည်။ သို့သော်လည်း အမျိုးသမီးကြီးက ပတ်ဝန်းကျင်ကို လုံးဝ ဂရုမပြုဘဲ ရေပြင်ကိုသာ ငေးစိုက်ကြည့်နေလေသည်။

ဟယ်လ်ဒင်ကအမျိုးသမီးကြီး၏ အနီးသို့ မသိမသာချဉ်းကပ်သွားသည်။ အမျိုးသမီးကြီး၏မျက်နှာကို လရောင်အောက်တွင် ထင်ရှားစွာ မြင်တွေ့နေရလေသည်။ အတွေးတစ်ခုခုထဲမှာ နစ်မြုပ်နေသည်။

ဟယ်လ်ဒင်သည် ထော့ကျိုးထော့ကျိုးဖြင့် အနားသို့ကပ်သွားသည်။ မျက်နှာကို အနီးကပ်ကြည့်သည်။

ဘုရားသခင်. .။

နီဝယ်၏မျက်နှာနှင့် တစ်ပုံစံတည်းဖြစ်နေပါကလား။သည်အတိုင်းဆိုလျှင် နီဝယ်၏မိခင် အယ်လ်သိန်း ဖြစ်ရမည်မှာ သေချာသွားလေသည်။

ဒီနေရာမှာ သူ ဘာလာလုပ်နေသနည်း။ ကမ္ဘာပေါ်တွင် သွားစရာလာစရာ နေရာပေါင်းများစွာ ရှိသည်။ အခြားနေရာများသို့မသွားဘဲ သည်နေရာကိုမှ ဘာကြောင့် ရွေးချယ်ပြီး ရောက်လာရသနည်း။

အဖြေကတော့ ရှင်းပါသည်။

နီဝယ်၏မိခင် အယ်လ်သိန်းဟိုးလ်ခရော့ဖ်တ်သည် ဂျီနီဗာမြို့သို့ တိတ်တဆိတ်ရောက်လာခြင်းသာ ဖြစ်ရပေမည်။

အယ်လ်သိန်းက ဟယ်လ်ဒင်ကို တစ်ချက်မော့ကြည့်သည်။ ပြီးတော့ စိတ်မဝင်စားသည့်အမူအရာဖြင့် တစ်ဘက်သို့ မျက်နှာလွှဲသွားလေသည်။ ခပ်ဝေးဝေးတစ်နေရာသို့ ငေးမြဲငေးနေလေသည်။

ဟယ်လ်ဒင်သည် အဆောက်အအုံကလေးဆီသို့ ခြေထောက်အနာကိုဆပြီး မြန်နိုင်သမျှမြန်အောင် ပြန်ပြေးလာခဲ့သည်။ အဆောက်အအုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုများ၊ အသံဖမ်းစက်များ၊ တယ်လီဖုန်းများဖြင့် ပြည့်ကျပ်နေလေသည်။

စားပွဲတစ်လုံး၏နောက်မှာ အလုပ်ရှုပ်နေသူတစ်ဦးဆီသို့ သွားသည်။

" အပြင်ဘက်မှာ အဘွားကြီးတစ်ယောက်ရှိနေတယ်။ သူ ဘယ်သူလဲ" ဟု ဟယ်လ်ဒင်က မေးသည်။

အလုပ်ရှုပ်နေသူက မော့ကြည့်သည်။ ဟယ်လ်ဒင်ကို အကဲခတ်သည်။

" ဒီနေရာမှာ ဘယ်သူ့နာမည်ကိုမှ ထုတ်ဖော်ပြောခွင့်မရှိဘူး။ ဒီစည်းကမ်းတစ်ခုကိုတော့ မင်းနားလည်ထားဖို့ ကောင်းတယ် "

" ဒါပေမယ့် သိပ်ကိုအရေးကြီးလို့ပါရှင်။ အဲဒီ အဘွားကြီးဟာ ကျွန်မထင်ထားတဲ့အဘွားကြီးဖြစ်နေမယ်ဆိုရင် သူဟာ သိပ်ကိုကြီးကျယ်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ။ ဒေါက်တာလစ်ဗတ်ကို ရှင်သိတယ်ထင်ပြီး ဒီစကားကို ကျွန်မ ဖွင့်ပြောတာပါ "

'ဒေါက်တာလစ်ဗတ်'ဟူသော အမည်ကြောင့် အလုပ်လုပ်နေသူက တစ်ကြိမ်မော့ကြည့်ပြန်သည်။ အာထရီစိတ်မက်ဒေါက်တွင် လူအားလုံးသည် အသက်ကို ဖက်နှင့်ထုပ်ပြီး အလုပ်လုပ်နေကြရသည်။ အန္တရာယ်ပေါင်းစုံနှင့်လည်း မကြာခဏကြုံတွေ့နေကြရသည်။ ထို့ကြောင့် မလိုလားအပ်သော အန္တရာယ်များကို အတတ်နိုင်ဆုံး ရှောင်တိမ်းနေကြရလေသည်။

ဒေါက်တာလစ်ဗတ်ကို သူတို့ကောင်းကောင်းသိပါသည်။ သူတို့၏ စိတ်ချယုံကြည်ရသော ဖောက်သည်တစ်ယောက်လည်း ဖြစ်သည်။

" သူ့ကို တယ်လီဖုန်းဆက်စရာရှိလို့ လာစောင့်နေတာ "

" ဘယ်သူ့ဆီကလဲ. . . ဘယ်သူက ဆက်မှာလဲ. . . "

စားပွဲနောက်မှ လူက ဟယ်လ်ဒင်ကို ထပ်မံအကဲခတ်နေပြန်သည်။

" ကျုပ်တို့ ပိုင်းလော့တစ်ယောက်ဆီကပဲ။ သူတွေ့ရမယ့်အန္တရာယ်ဟာ ပုလိပ်နဲ့ ဆိုင်နေသလား "

" မဆိုင်ဘူး "

" ဒါဖြင့် လူဆိုးဂိုဏ်းတွေနဲ့ ဆိုင်နေသလား "

ဟယ်လ်ဒင်က ခေါင်းယမ်းပြသည်။

" ပိုဆိုးတယ် "

" မင်းက ဒေါက်တာလစ်ဗတ်ရဲ့မိတ်ဆွေလား "

" ဟုတ်တယ်။ နူချာတဲကနေ သူကိုယ်တိုင် လေယာဉ်ပျံငှားပြီး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလွှတ်လိုက်တာ။ ရှင်မယုံရင် မှတ်တမ်းတွေ ပြန်ကြည့်ပါလား ”

“ ကြည့်ဖို့ မလိုပါဘူးလေ။ ဒီနေရာမှာ ရှုပ်ရှုပ်ထွေးထွေးတွေ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် သူ့ကို တခြားတစ်နေရာသွားဖို့ ပြောရမှာပဲ ”

“ တခြားတစ်နေရာကို သူ ဘယ်လိုလုပ်သွားမလဲ။ ကျွန်မတောင်မှ ဒီမှာ ကားစောင့်နေရတုန်းပဲ။ ကန် ဟိုဘက်ခြမ်းက စားသောက်ဆိုင်တစ်ခုကို ကျွန်မကို လိုက်ပို့ပေးမယ်တဲ့။ အဲဒီကနေတစ်ဆင့် အငှားကားနဲ့ကျွန်မ ခရီးဆက်ရမယ်လို့ပြောတယ်။ စားသောက်ဆိုင်ကိုရောက်ဖို့ နာရီဝက်လောက်စောင့်ရမယ်တဲ့။ အခုအထိ ကျွန်မအတွက် ကားမလာသေးဘူး ”

“ ဖြစ်ပါတယ်လေ ”

ထိုသူက တစ်ဘက်သို့ လှည့်ကြည့်သည်။

“ ဟင်နရီ. . . ဒီကို ခဏလာစမ်း ”

လူတစ်ယောက်ကိုလှမ်းခေါ်ပြီး ကောင်တာအောက်မှ ကားသော့တစ်စုံကို ထုတ်ယူသည်။

“ ဟိုအပြင်က အဘွားကြီးဆီကို သွားစမ်း . . . သူ့ကို ဒီနေရာမှာ ဆက်နေခွင့် မပေးနိုင်ဘူးလို့ ပြောပြပါ။ မင်းကိုလဲ ဟင်နရီပဲ လိုက်ပို့ပေးလိမ့်မယ် ”

ထိုသူက ဟယ်လ်ဒင်ကိုပါ တဆက်တည်းပြောသည်။

“ ရှင်တို့ပြောတဲ့အတိုင်း အဘွားကြီးက လုပ်မှာမဟုတ်ဘူးထင်တယ်”

“ လုပ်ရမှာပေါ့။ ကဲ. . . မင်းအတွက်လဲ မော်တော်ကားအဆင်သင့်ဖြစ်ပြီ ”

ဟယ်လ်ဒင်က အပြင်သို့ ကမန်းကတန်းပြန်ထွက်လာပြန်သည်။

စောစောက ခုံတန်းလျားပေါ်တွင် အယ်လ်သိန်းကို မမြင်တွေ့ရတော့ပေ။ ထို့ကြောင့် ဟယ်လ်ဒင်မှာ အထိတ်တလန့်ဖြစ်သွားလေသည်။ ပတ်လည်ကို လှည့်ရှာကြည့်တော့မှ ကမ်းစပ်က ဗောယာတစ်ခုပေါ်မှာ ရပ်နေသည်ကို တွေ့ရသည်။

ဟယ်လ်ဒင်က သူ့ဆီကို ခပ်သုတ်သုတ်သွားသည်။ အယ်လ်သိန်းက လရောင်အောက်မှာ မလှုပ်မယှက်ရပ်ရင်း အဝေးသို့ငေးနေသည်။

ဟယ်လ်ဒင်၏ခြေသံကြားသောကြောင့် နောက်ဘက်သို့ လှည့်ကြည့်သည်။ သို့သော်လည်း ဖော်ရွေပျူငှာသည့် အမူအရာကား လုံးဝမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



“ ရှင်ဟာ မစ္စက်ဟိုးလ်ခရော့ဖ်တ်ပဲ. . . နို၀ယ်ရဲ့အမေပဲ ” ဟု ဟယ်လ်ဒင်က ပြောသည်။

‘နို၀ယ်’ဟူသော အမည်ကိုကြားရသဖြင့် အဘွားကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ အသက်ရှူများ ရပ်သွားလေသလားဟု ထင်မှတ်ရသည်။

“ မင်း ဘယ်သူလဲ ”

“ မိတ်ဆွေပါ။ ကျွန်မကိုယုံပါ။ ရှင်မသိတာတွေ အများကြီးရှိပါတယ်”

“ ငါဘာမှ မသိတဲ့အတွက် နည်းတယ်များတယ်ဆိုတာ ဘယ်မှာရှိမှာလဲ ”

“ ကျွန်မနာမည် ဗွန်တိုင်းဘို့လ်တ်ပါ ”

“ ဒီလိုဆိုရင် ငါ့မျက်စိအောက်က ထွက်သွားပါ။ ဒီမှာရှိနေတဲ့လူတွေကို ငါငွေပေးထားတယ်။ ငါ့ကို မင်း လာနှောင့်ယှက်တာ သူတို့က ခွင့်ပြုမှာမဟုတ်ဘူး။ မင်းကို သူတို့သတ်ပစ်လိမ့်မယ်။ ဒါကြောင့် မင်းဘာသာမင်း ၀ံပုလွေတွေနဲ့ပဲ သွားပေါင်းပါ ”

“ ကျွန်မဟာ ၀ံပုလွေနဲ့ ဘာမှမဆိုင်ပါဘူး မစ္စက်ဟိုးလ်ခရော့ဖ်တ်”

“ မင်းဟာ ဗွန်တိုင်းဘို့လ်တ်ပဲ ”

“ ကျွန်မဟာ ၀ံပုလွေဂိုဏ်းသားဆိုရင် ရှင့်အနားကို ကျွန်မလာမှာမဟုတ်ပါဘူး။ ဒါလောက်တော့ ရှင် သဘောပေါက်ဖို့ ကောင်းပါတယ် ”

“ယုတ်မာတဲ့လူစုတွေကို မင်း ကိုယ်စားပြုတယ်ဆိုတာ ငါသဘောပေါက်ထားပြီးသားပါ ”

“ ကျွန်မတစ်သက်လုံး လူတွေက ဒီလိုပဲမြင်နေကြတယ်။ တစ်သက်လုံး ဒါမျိုးတွေနဲ့ပဲ ကျွန်မ ရင်ဆိုင်နေခဲ့ရတယ်။ ဒါပေမယ့် ရှင်တို့အားလုံး မှားနေကြပြီ။ ကျွန်မ ပြောတာကိုယုံပါ။ ရှင် ဒီနေရာမှာနေလို့ မဖြစ်တော့ဘူး။ ရှင့်အတွက် မလုံခြုံတော့ဘူး။ ရှင့်ကို ကျွန်မ ၀ှက်ထားပေးနိုင်ပါတယ်။ ရှင့်ကို ကျွန်မ ကူညီနိုင်ပါ. . . ”

“ မင်းက ကူညီနိုင်သလား . . . ဘယ်လိုကူညီမှာလဲ. . . သေနတ်ပြောင်းထဲမှာထည့်ပြီး ၀ှက်ထားပေးမှာလား။ မော်တော်ကားဘီးအောက်မှာထားပြီး ၀ှက်ထားပေးမှာလား ”

“ မဟုတ်ပါဘူးရှင်. . . ကျွန်မ ပြောတာကိုယုံပါ။ ဘာကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဂျီနီဗာမြို့ကို ရှင်လာတယ်ဆိုတာ ကျွန်မသိပါတယ်။ ကျွန်မလဲ အဲဒီအကြောင်းနဲ့ပဲ ဂျီနီဗာမြို့ကိုလာတာပါ။ ကျွန်မတို့ နိုဝယ်ကို အချိန်မီတွေ့ဖို့ အရေးကြီးနေပါတယ်။ အချိန်တွေ သိပ်နောက်မကျခင် သူ့ကိုတားနိုင်ဖို့ အရေးကြီးပါတယ်။ ငွေတွေထုတ်မယူနိုင်အောင် အချိန်မီတားဖို့ လိုပါတယ် ”

ဟယ်လ်ဒင်၏စကားများကြောင့် အဘွားကြီး၏အမူအရာတည်သွားလေသည်။ ပြီးတော့ ထိုစကားလုံးများသည် ထောင်ချောက်များဖြစ်လေသလားဟု မသင်္ကာဖြစ်သည့်သဘောမျိုးဖြင့် မျက်မှောင်ကုပ်သွားလေသည်။

“ မင်း ဘာစကားတွေပြောနေတာလဲ။ ဒါတွေဟာ ငါနဲ့ဘာမှမဆိုင်ဘူး။ ငါအော်ခေါ်လိုက်ရင် လူတွေရောက်လာလိမ့်မယ်။ မင်းကို သူတို့ သတ်ပစ်လိမ့်မယ်။ သူတို့သတ်ပစ်ရင်လဲ ငါ့အနေနဲ့ ဘာမှ စိတ်မကောင်းဖြစ်စရာမလိုဘူး။ မင်းတို့ဟာ နှစ်ပေါင်းသုံးဆယ်လုံးလုံး လိမ်လာခဲ့ကြတယ်။ မင်းတို့အားလုံး လိမ်ခဲ့ကြတယ်။ မင်းတို့ ဘယ်သူနဲ့မှ အဆက်အသွယ် ရမှာလဲ မဟုတ်ဘူး ”

“ မစ္စက်ဟိုးလ်ခရော့ဖ်တ်. . ရှင့်သားကို ကျွန်မချစ်ပါတယ်။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာပါ။ သူ့ကိုအချိန်မီ ကျွန်မတို့ တွေ့အောင်မရှာနိုင်ရင် သူ့အသက် ဆုံးသွားလိမ့်မယ်။ သူ့ကို နှစ်ဘက်စလုံးက သတ်ပစ်ဖို့ ကြိုးစားနေကြတယ်။ နှစ်ဘက်စလုံးက သူ့ကို အရှင်ထားမှာ မဟုတ်ဘူး။ ဒါလောက်ကိုတော့ ရှင် သဘောပေါက်ဖို့ ကောင်းပါတယ် ”

“ လူလိမ်တွေ. . . မင်းတို့အားလုံး လူလိမ်တွေချည်းပဲ ” ဟု အယ်လ်သိန်းက ပြန်ပြောသည်။

“ အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့. . . ရှင့်ကို ဘယ်သူကမှလာပြီး ကူညီမှာမဟုတ်ဘူး။ ရှင့်ကို ဒီနေရာကနေ မောင်းထုတ်ပစ်ကြလိမ့်မယ်။ ကျွန်မခြေထောက်မှာ သေနတ်ဒဏ်ရာရထားတယ်။ နိုဝယ်ကိုတွေ့ဖို့ ကြိုးစားရင်း ဒီဒဏ်ရာကို ရခဲ့တာ။ ကျွန်မတို့ ဘယ်လောက်ကြီးမားတဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ကြရတယ်ဆိုတာ ရှင်မသိဘူး။ ရှင့်အနေနဲ့ ဘာမှ . . . ”

ဟယ်လ်ဒင်၏စကားမဆုံးခင် အဆောက်အအုံကလေးထဲမှ စကားပြောသံများကို ကြားရသည်။ သူတို့နှစ်ယောက် ကြားလောက်အောင် တမင်အော်ကြီးဟစ်ကျယ် ပြောဆိုနေကြသလားဟုပင် ထင်မှတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားကို ကျွန်တော်တို့ ဘာမှမကူညီနိုင်ဘူး မွန်ဇီာ. . . ခင်ဗျား ပြောပြတဲ့ပုံစံမျိုးနဲ့ အဘွားကြီးဆိုတာ ဒီမှာ လုံးဝမရှိဘူး။ ဒါကြောင့် ဒီနေရာက ခင်ဗျား ထွက်သွားဖို့ မေတ္တာရပ်ခံပါတယ် "

" ငါ့ကို အမိန့်မပေးနဲ့။ ဒီအဘွားကြီး ဒီမှာရှိနေတယ် "

ထိုအသံကြောင့် ဟယ်လ်ဒင် ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။ သူ့တစ်သက်လုံး ကြားနေခဲ့ရသည့် အသံပင်ဖြစ်လေသည်။

" ဒီနေရာဟာ ကိုယ်ပိုင်ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျား ထွက်သွားဖို့ ထပ်ပြောပါရစေ "

" တံခါးဖွင့်စမ်း "

" ဘာ. . . ဘာတံခါးလဲ "

" မင်း နောက်ကတံခါး "

ဟယ်လ်ဒင်က အယ်လ်သိန်းဘက်သို့ လှည့်လာသည်။

" ရှင်းပြနေဖို့ ကျွန်မမှာ အချိန်လုံးလုံးမရှိတော့ဘူး။ ကျွန်မဟာ ရှင်ရဲ့ မိတ်ဆွေဖြစ်ကြောင်းပဲပြောနိုင်တော့မယ်။ ရေထဲကိုဆင်းပါ။ သူမမြင်အောင် ပုန်းပါ။ ကဲ. . . အခုချက်ချင်းဆင်းပါတော့ "

အယ်လ်သိန်းက ဟယ်လ်ဒင်ကို ကျော်ပြီး အသံကြားရာ အဆောက် အအုံကလေးဆီသို့ ငေးကြည့်နေသည်။ အထိတ်တလန့် ဖြစ်နေပုံရသည်။ ဘာကို ဆုံးဖြတ်ရကောင်းမှန်း မသိသည့်အမူအရာမျိုးလည်း ရှိနေသည်။

" မင်းကို ငါ ဘယ်လိုလုပ် ယုံကြည်ရမှာလဲ။ မင်းဟာ အသက်ငယ် တယ်။ အားကောင်းတယ်။ ငါ့ကို အလွယ်ကလေးနဲ့ မင်း ရေနှစ်သတ်ပစ်နိုင် တာပဲ "

" ဟိုလူက ရှင့်ကိုသတ်ဖို့လိုက်နေတာ။ ကျွန်မကို သတ်ဖို့လဲ သူ ကြိုးစားပြီးပြီ "

အယ်လ်သိန်းက လေသံနှင့်တိုးတိုးကလေးရှင်းပြသည်။

" သူဘယ်သူလဲ "

" ကျွန်မ အစ်ကိုပဲ. . . ဒုက္ခပါပဲနော်. . . တိုးတိုးပြောပါ။ တိတ်တိတ် နေပါ "

ဟယ်လ်ဒင်က အယ်လ်သိန်း၏ခါးကို သိုင်းဖက်လိုက်ပြီး ဗောယာပေါ် မှတစ်ဆင့် ရေထဲသို့ လျှောဆင်းလိုက်သည်။ ရေသံမကြားအောင် အတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ညင်သာစွာ ဆင်းသည်။

အယ်လ်သိန်းက ရုန်းကန်နေသေးသည်။ သူ့ပါးစပ်ထဲသို့လည်း ရေများဝင်ကုန်သည်။ ထို့ကြောင့် ရေသီးပြီးချေနေသည်။ အသံမမြည်အောင် သူ့ပါးစပ်ကို လက်နှင့် ပြန်အုပ်နေသည်။

ဟယ်လ်ဒင်က သူ့ခါးကို ဖက်မြဲဖက်ထားသည်။ ရေပေါ်မှာ ပေါ်နိုင်အောင် မ,တင်ပေးထားသည်။ ခြေထောက်ဖြင့်ရေကို ယက်နေရလေရာ ဒဏ်ရာက စတင်နာကျင်စပြုလာလေသည်။

" ချောင်းမဆိုးပါနဲ့။ ကျွန်မတို့ အသံပေးလို့မဖြစ်ဘူး။ ပိုက်ဆံအိတ်ကို လည်ပင်းမှာ လွယ်လိုက်ပါ။ ကျွန်မ တွဲခေါ်ပေးမယ် "

" ဘုရားရေ. . . မင်း ဘာတွေလုပ်နေတာလဲ "

" တိတ်တိတ်နေပါ "

ဗောယာနှင့်ပေသုံးဆယ်ခန့်အကွာတွင် မော်တော်တစ်စင်း ကျောက်ချရပ်ထားသည်။ ထိုမော်တော်ရှိရာသို့ ကိုယ်ဖော့ပြီး ကူးလာကြသည်။ မော်တော်၏ တစ်ဘက်အကွယ်သို့ ရောက်အောင် ဟယ်လ်ဒင်က ဦးဆောင်လာသည်။ အယ်လ်သိန်းက အလိုက်သင့် လိုက်ပါလာသည်။

မော်တော်အကွယ်သို့မရောက်မီ အခန်းတံခါးဖွင့်သံကြားရသည်။ အဆောက်အအုံကလေးထဲမှ တစ်စုံတစ်ယောက်ထွက်လာပုံရသည်။

ဟယ်လ်ဒင်၏ခြေထောက်မှဒဏ်ရာက အလွန်တရာနာကျင်လာသည်။ ကိုယ်ပေါ်မှာရှိနေသည့်အဝတ်အစားများ ရေစိုကုန်လေရာ အလေးချိန်က ပိုများလာသည်။ ရေအောက်သို့ မြုပ်သွားတော့မည်ကဲ့သို့ ဖြစ်နေသည်။

" မော်တော်ရဲ့နောက်ကွယ်ကိုရောက်အောင် ကူးသွားပါ။ ကျွန်မ သူ့ဆီကို ပြန်သွားမယ်။ ကျွန်မကို သူမြင်ရင်. . . "

" ငြိမ်ငြိမ်နေ. . . "

အယ်လ်သိန်းကပြောသည်။ သူလည်း ရေသံမကြားရအောင်ထိန်းရင်း အားကုန်ကူးနေလေသည်။

" အဲဒီလူပဲ။ မင်းအစ်ကိုဆိုတာဟုတ်တယ်။ သူ့လက်ထဲမှာ သေနတ်ရှိနေတယ်။ မြန်မြန်ကူး "

" ကျွန်မ မကူးနိုင်တော့ဘူး "

" ကြိုးစားကူးပါ "



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အပြန်အလှန်ဖေးမရင်း မော်တော်၏နောက်ကွယ်သို့ ခက်ခက်ခဲခဲ ရောက်လာကြလေသည်။

ရွှေရောင်ဆံပင်နှင့်လူသည် စောစောက သူတို့ရှိနေခဲ့ကြသည့် ဗောယာပေါ်သို့ ရောက်လာသည်။ ရေမျက်နှာပြင်ပေါ်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်နေသည်။ ရေပြင်အနှံ့ စေ့စေ့စပ်စပ် ထိုးကြည့်နေခြင်းဖြစ်သည်။

သူတို့ကိုတွေ့သည်နှင့်တစ်ပြိုင်တည်း ကျည်ဆန်များက သူတို့ခေါင်းထဲသို့ တည့်တည့်မတ်မတ် ဝင်လာမည်မှာ သေချာကြောင်း ဟယ်လ်ဒင်က သိနေသည်။ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်သည် အလွန်လက်ဖြောင့်သူ ဖြစ်လေသည်။

ဓာတ်မီးရောင်က သူတို့နှစ်ယောက်၏ခေါင်းပေါ်သို့ ကျရောက်လာသည်။ တိုင်ပင်ထားသည့်အလား နှစ်ယောက်စလုံး ပြိုင်တူရေငုပ်ကြသည်။ မွန်းသလောက် ရှိတော့မှ ပြန်ဖော်ကြသည်။

အဝတ်များ ရေစိုကုန်ပြီဖြစ်ရာ ခက်ခဲစွာ ကိုယ်ဖော့နေကြရသည်။ ထိုအခိုက် မော်တော်နှင့်ဗောယာတွဲချည်ထားသော သံကြိုးတစ်ချောင်းကို စမ်းမိသည့်အတွက် နှစ်ယောက်စလုံး ကံကောင်းသွားသည်။ ထိုသံကြိုးကိုအားပြုပြီး နေကြရသည်။

လက်နှိပ်ဓာတ်မီးရောင်က အခြားတစ်ဘက်သို့ ရောက်သွားသည်။

ခြေသံများကို ကြားရသည်။ ပြန်တိတ်သွားသည်။ ခဏကြာတော့ ခြေသံများကို ထပ်ကြားရပြန်သည်။

ဗောယာပေါ်မှ ဂျိုဟန်း ပြန်ထွက်သွားသည့်ခြေသံဖြစ်သည်။ ခဏကြာတော့ တံခါးဖွင့်သံ ပိတ်သံကို ကြားရပြန်သည်။

စကားပြောသံများလည်း ပေါ်လာသည်။

“ အဘွားကြီး ဘယ်ကိုသွားသလဲ ”

“ ခင်ဗျာ ရှူးနေပြီ ”

“ မင်း သေပေတော့ ”

ကျယ်လောင်သောသေနတ်သံသည် ရေမျက်နှာပြင်ပေါ်သို့ ဖြတ်သန်းလာသည်။ နာကျင်စွာ အော်ဟစ်လိုက်သံကို ကြားရသည်။

သေနတ်သံ နောက်တစ်ချက် ကြားရသည်။

အားလုံးတိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပေါင်း အတော်များများ ကြာမြင့်သွားသည်ဟု ထင်ရသည်။ ရေထဲမှာရှိနေကြသော အမျိုးသမီးနှစ်ယောက်က တစ်ယောက်မျက်နှာကို တစ်ယောက်ပြန်ကြည့်သည်။ လရောင်က ထိန်ထိန်သာနေသောကြောင့် ကောင်းစွာ မြင်နေကြရသည်။

ဟယ်လ်ဒင်၏မျက်လုံးထဲမှာ မျက်ရည်များ အိုင်ထွန်းနေသည်။ အယ်လ်သိန်းက ဟယ်လ်ဒင်၏မျက်နှာကို ယုယစွာလာကိုင်သည်။

တိတ်ဆိတ်ငြိမ်သက်မှုကို မော်တော်ကားစက်သံတစ်ခုက ဖျက်ဆီးပစ်လိုက်သည်။ ဆိပ်ကမ်းနှင့်ဝေးရာဘက်သို့ အရှိန်နှင့် မောင်းထွက်သည့် ကားသံကို ကြားရသည်။ အမျိုးသမီးနှစ်ယောက်က အပြန်အလှန် ခေါင်းညိတ်ပြသည်။

တစ်ယောက်ကိုတစ်ယောက် ဖေးမပေးပြီး ဇောယာဆီသို့ ပြန်ကူးလာကြသည်။

ဇောယာပေါ်သို့ ခက်ခဲစွာ ဖက်တွယ်တက်ကြသည်။ အပေါ်ရောက်သောအခါ မောလွန်းသောကြောင့် အသက်ရှူမမှန်ဖြစ်နေကြလေသည်။

"အရေးထဲမှာ ငါ့ဖိနပ်ကျွတ်ကျန်ခဲ့မှာ စိုးရိမ်နေမိသေးတယ်ကွယ်" ဟု အယ်လ်သိန်းက အသက်ရှူမမှန်ဘဲ ပြောသည်။

" ကျွတ်ကျန်ခဲ့ပြီလား "

" မကျန်ပါဘူး။ အရေးထဲဖိနပ်ကျွတ်မှာ စိုးရိမ်နေမိလို့ ကိုယ့်ဘာသာကိုယ် ရူးသွားပြီလားတောင် ထင်မိတယ် "

ဟယ်လ်ဒင်က ထိုင်ရာမှထသည်။

" ကျွန်မဖိနပ်တော့ ရေထဲမှာ ကျန်ခဲ့ပြီ။ ကျွန်မတို့ ဒီနေရာက ထွက်သွားကြတော့မှဖြစ်မယ်။ သူပြန်လာချင်လာနေလိမ့်မယ် "

ဟယ်လ်ဒင်က အဆောက်အအုံကလေးကို လှမ်းကြည့်ရင်း မရေမရာဖြစ်နေပြန်သည်။

" ဟိုအထဲကို ကျွန်မ ပြန်မသွားချင်ဘူး။ ဒါပေမယ့် မသွားလို့လဲ မဖြစ်ဘူး။ အဲဒီအထဲမှာ ကားသော့ရှိနေတယ် "

ဟယ်လ်ဒင်က ဇောယာပေါ်မှာရှိနေသော အယ်လ်သိန်းကို လက်တစ်ဘက်ကမ်းပေးပြီး ဆွဲထူသည်။

အဆောက်အအုံကလေးဆီသို့ လျှောက်လာကြသည်။ တံခါးဖွင့်လိုက်သည်နှင့်တစ်ပြိုင်တည်း ဟယ်လ်ဒင်က မျက်လုံးအစုံကို အလိုလိုမှိတ်မိလျက်



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သွားလေသည်။ မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် အသံကုန်အော်ပစ်လိုက်ချင်သည်။ သို့သော်လည်း သူ မအော်ဖြစ်ပါ။ လေသံကလေးနှင့်သာ ပြောမိလေသည်။

" လူသတ်ကောင်. . . "

" လာ. . . ကလေး. . . မြန်မြန်လုပ် "

အဘွားကြီးက ဟယ်လ်ဒင်ကို အမိန့်ပေးနေသည်။ ယခုလို ပြောင်းလဲသွားသည်မှာ မယုံကြည်နိုင်စရာပင် ကောင်းလှချေသည်။

မော်တော်ကားသော့တွဲများကို သူတို့လှမ်းမြင်ကြရသည်။

" သူတို့မော်တော်ကားကိုပဲ ယူသွားမှဖြစ်မယ်။ ငါ့မှာ ကားသော့ပါတယ်။ ဒါပေမယ့် ငါ့ကားကို သူတို့ မြင်ထားပြီးပြီ "

ထိုအခိုက် နံရံပေါ်မှာရေးထားသော စာလုံးများကို ဟယ်လ်ဒင်က သွားတွေ့သည်။ ကြမ်းပေါ်တွင် လဲနေသောအလောင်း၏အပေါ်တည့်တည့်တွင်ဖြစ်သည်။

" မဟုတ်ဘူး . . . မဟုတ်ဘူး. . သူတို့လိမ်တာ "

" ဘာလဲဟင်. . . "

နံရံမှသော့တွဲကိုဖြုတ်ယူပြီးသော အယ်လ်သိန်းက ဟယ်လ်ဒင်ဆီသို့ အပြေးရောက်လာသည်။

" ဟောဟိုမှာ. . . ဒါ သူတို့ သက်သက်လိမ်တာ "

နံရံပေါ်မှစာလုံးများမှာ ကမန်းကတန်းရေးသားသွားခြင်းဖြစ်ကြောင်း သိသာသည်။ သို့သော် စာလုံးကြီးကြီးများကို ထင်ထင်ရှားရှား ရေးထားလေသည်။

" နာခရိုက်တင်းဒိုက် "

ဟယ်လ်ဒင်က စာလုံးများရှိရာသို့ ထော့ကျိုးထော့ကျိုးဖြင့် သွားသည်။ ပြီးတော့ လက်နှစ်ဘက်ဖြင့် စာလုံးများကို ပွတ်တိုက်ဖျက်ဆီးပစ်နေသည်။ သူ့မျက်နှာပေါ်တွင်လည်း ဇောချွေးများ ရွှဲနေလေသည်။

" လိမ်တာ. . . လိမ်တာ. . . နာခရိုက်တင်းဒိုက်တွေဟာ လူသတ်သမားတွေ မဟုတ်ဘူး။ အလွန်ကြီးကျယ်မြင့်မြတ်တဲ့လူတွေ "

အရူးတစ်ယောက်လိုဖြစ်နေသော ဟယ်လ်ဒင်၏ပခုံးကို အယ်လ်သိန်းက တယုတယကိုင်လိုက်ပြီး လက်မောင်းကိုဆွဲကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါတွေလုပ်နေဖို့ အချိန်မရှိတော့ဘူး။ အချိန်မရှိတော့ဘူးလို့ စောစောက မင်းပဲ ပြောခဲ့တယ်မဟုတ်လား။ တို့ ဒီနေရာက ထွက်ကြတော့မှ ဖြစ်မယ် "

အဘွားကြီးက မိန်းမပျိုကလေးကို ညင်ညင်သာသာနှင့် ခပ်တင်းတင်း ဆွဲခေါ်ပြီး အပြင်ရှိ ကားရပ်ထားသည့်နေရာသို့ လျှောက်လာသည်။

အပြင်မှာ ကားနှစ်စီးရပ်ထားသည်။ တစ်စီးက အယ်လ်သိန်းမောင်း လာသည့် မုတ်ဆိတ်နီနှင့် ပိုင်းလော့၏ကားဖြစ်သည်။ ကျန်တစ်စီးက ရေယာဉ်ပျံ ဆိပ်မှပိုင်သော ကားဖြစ်ပုံရသည်။ ထိုကားဆီသို့ ဟယ်လ်ဒင်ကို ဆွဲခေါ်လာ သည်။

အယ်လ်သိန်း၏ခြေလှမ်းများ ရုတ်တရက်ရပ်သွားလေသည်။ စောစော တုန်းက သူ့ကိုယ်သူ ကောင်းစွာထိန်းသိမ်းလာနိုင်ခဲ့သည့် အစွမ်းအစများလည်း ပျောက်ဆုံးကွယ်ပျောက်သွားပြီဟု ထင်မှတ်ရလေသည်။

သူ့ကို ရေယာဉ်ပျံဖြင့် မောင်းပို့ပေးခဲ့သော မုတ်ဆိတ်နီနှင့် ပိုင်းလော့ ၏အလောင်းကို မော်တော်ကားဘေး မြေပြင်ပေါ်မှာ မြင်တွေ့ရလေသည်။ တစ်ကိုယ်လုံးတွင် ဓားဒဏ်ရာများ မြင်မကောင်းအောင် ရှိနေသည်။

စိတ်ထင်တိုင်း နှိပ်စက်ပြီးမှ ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းဖြစ်ဟန် တူသည်။

\+ \+ \+

အယ်လ်သိန်းနှင့်ဟယ်လ်ဒင်သည် စကားမပြောဘဲ တိတ်ဆိတ်စွာ ကားမောင်းလာကြသည်။ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် နစ်မြုပ်နေ ကြသည်။

အတော်ကလေး မောင်းမိတော့မှ ဟယ်လ်ဒင်ကပြောသည်။

" အိပ်ခန်းတစ်ခန်းရှိတယ်။ ဘယ်လိုသွားရမယ်ဆိုတာ ကျွန်မကို သေသေချာချာ မှာလိုက်တယ်။ အဲဒီရောက်ရင် ကျွန်မတို့နှစ်ယောက်စလုံး လုံခြုံသွားပါပြီ။ ကျွန်မတို့ကို ကူညီဖို့ လူတစ်ယောက် လန်ဒန်မြို့က လေယာဉ်ပျံ နဲ့ ထွက်လာတယ်။ အခုလောက်ဆိုရင် ရောက်နေလောက်ပြီ "

" သူက ဘယ်သူလဲ "

" ဟာရှာအလက်လို့ခေါ်တဲ့ သမဝါယမကျေးရွာတစ်ရွာက ဂျူးလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ”

အယ်လ်သိန်းက ဟယ်လ်ဒင်ကို လှည့်ကြည့်သည်။

“ ဟာရှာအလက်က ဂျူးတစ်ယောက်လဲ ငါ့ကို လာတွေ့သွားသေးတယ်။ ဒါကြောင့် ငါ ဒီကိုလိုက်လာတာ ”

“ ကျွန်မ သိပါတယ် ”

\+ \+ \+

အိပ်ခန်းတံခါးကို ကိုယ်လုံးကိုယ်ထည် ခပ်သွယ်သွယ်လူတစ်ယောက်က ဆီးကြိုဖွင့်ပေးလေသည်။ သူ့အသားများကညိုပြီး မျက်လုံးအစုံက နက်မှောင်နေလေသည်။

အရပ်က မနိမ့်မမြင့်ဖြစ်သည်။ သို့သော်လည်း အလွန်တရာ သန်မာပုံရသည်။ ရှပ်အင်္ကျီဝတ်ထားသည်။ လက်နှစ်ဖက်ကို ပင့်တင်ထားသည်။ ထို့ကြောင့် ကြွက်သားများ အပြိုင်းပြိုင်းထနေသည်ကို တွေ့ရသည်။ မျက်နှာအမူအရာက အလွန်တရာ တည်ကြည်နေသည်။

အမျိုးသမီးနှစ်ယောက်ကို ခြေဆုံးခေါင်းဖျား ကြည့်ရှုအကဲခတ်သည်။ ပြီးတော့ ခေါင်းညိတ်ပြသည်။ အခန်းတွင်းသို့ ဝင်ဖို့ အမူအရာနှင့်ပြသည်။

ဟယ်လ်ဒင်ထော့ကျိုးထော့ကျိုးဖြစ်နေပုံကိုလည်းကောင်း၊ နှစ်ယောက်စလုံး ရေများရွှဲရွှဲစိုနေပုံကိုလည်းကောင်း အကဲခတ်ကြည့်နေပြန်သည်။ တစ်စုံတစ်ရာပြောကြားခြင်းကားမရှိ။

အားလုံး နေသားတကျဖြစ်တော့မှ စကားပြောသည်။

“ ကျုပ်နာမည် ယာကော့ပဲ. . . ကျုပ်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နားလည်နေကြပြီ။ အခုအချိန်ကစပြီး ဆုံးဖြတ်ချက်မှန်သမျှကို ကျုပ်ကပဲ ချမှတ်ပေးမယ် ”

“ ဘယ်လိုအကြောင်းကြောင့် မောင်ရင်က ဆုံးဖြတ်ချက်ချနိုင်ရမှာလဲ” ဟု အယ်လ်သိန်းက မေးသည်။

ယာကော့က အယ်လ်သိန်းကို ပြန်ကြည့်သည်။

“ ခင်ဗျားက အမေလား ”

“ ဟုတ်တယ် ”

“ ခင်ဗျား ရောက်လာလိမ့်မယ်လို့ ကျွန်တော် ထင်မထားဘူး ”



www.burmeseclassic.com

www.burmeseclassic.com



" ငါကလဲ ဒီနေရာကို ရောက်လာလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ ဟောဒီ ကလေးမလေးသာမကယ်ရင် အခုလောက်ဆို ငါသေနေပြီ "

" ဒီလိုဆိုရင် ခင်ဗျားထပ်ပြီး ကျေးဇူးတင်စရာ ပေါ်နေပြန်ပြီ "

" မင်းကို ငါတစ်ခုမေးထားတယ်လေ။ ဘယ်သူက မင်းကို တာဝန်ပေးလို့ ဆုံးဖြတ်ချက်ကို မင်းက ချမှတ်ရမှာလဲ။ ငါ့အတွက် ဘယ်သူမှ ဆုံးဖြတ်ချက်မချနိုင်ဘူး။ ငါကြိုက်တာကို ငါလုပ်နိုင်တယ် "

" နူချာတဲနဲ့ကျွန်တော် အဆက်အသွယ်လုပ်ခဲ့တယ်။ ဒါကြောင့် ဒီနေ့ညလုပ်စရာ အလုပ်ပေါ်နေပြီ "

" ငါလုပ်ရမယ့်အလုပ်တစ်ခုပဲရှိတယ်။ အဲဒါက ငါ့သားနဲ့ တွေ့ဖို့ပဲ" ဟု အယ်လ်သိန်းက ပြောသည်။

" အဲဒီကိစ္စကို နောက်မှလုပ်ပါ။ ပထမဆုံးလုပ်ရမယ့်အလုပ်ရှိနေတယ်။ လူစာရင်းတွေကို တွေ့အောင်ရှာရမယ်။ ဟိုတယ်ဒကော့မှာ အဲဒီလူစာရင်းတွေ ရှိနေရမယ်လို့ ကျွန်တော်တို့ ထင်ထားတယ် "

" ဟုတ်တယ်. . . အဲဒီကိစ္စက အရေးအကြီးဆုံးပဲ " ဟု ဟယ်လ်ဒင်က ဝင်ပြောသည်။

ယာကော့က အယ်လ်သိန်းကို ကြည့်နေသည်။ ပြီးမှ တစ်လုံးချင်း ပြောသည်။

" ခင်ဗျားသားနဲ့တွေ့ဖို့ အရေးကြီးသလောက် ဒီကိစ္စကလဲ အရေးကြီးပါတယ်။ နောက်ပြီးတော့ တည်ကြက်အဖြစ် အသုံးပြုဖို့လဲ ကျွန်တော် လူတစ်ယောက် လိုနေတယ် "

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄၂ )

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ဖုန်းစကားပြောနေသည်။ အားရစ်ရေးပေးထားသည့် စာရွက်တစ်ရွက်ကို သူ့လက်ထဲမှာ ကိုင်ထားသည်။ တစ်ဘက်မှ စကားပြောနေသူသည် ဂျီနီဗာဒုတိယမြို့တော်ဝန် ဖြစ်သည်။

“ မင်းပေးတဲ့လိပ်စာက မှားနေတယ်။ အဲဒီနေရာက ဘယ်သူမှ မနေဘူး။ အဲဒီအဆောက်အအုံနဲ့ ဖုန်းကြိုးသွယ်ထားတာလဲ မတွေ့ရဘူး။ ဒီအတိုင်းဆိုရင် နာခရိုက်တင်းဒိုက်တွေက မင်းတို့ တယ်လီဖုန်းဌာနထဲဝင်ပြီး သူတို့စိတ်တိုင်းကျ လုပ်သွားပြီ။ ဒီတော့ လိပ်စာအမှန်ကို ချက်ချင်းရှာပေးပါ ”

တစ်ဘက်မှပြောသည်ကို ဂျိုဟန်းက ငြိမ်ပြီးနားထောင်နေသည်။ ခဏအကြာတွင် သူပေါက်ကွဲလေတော့သည်။

“ မင်း အလာကားကောင်ပဲ။ အဲဒီဖုန်းကို ငါကိုယ်တိုင်ဆက်လို့ ဖြစ်မလားကွ။ နို့ဝယ်ကလွဲပြီး ဒီဖုန်းနံပါတ် ဘယ်သူမှ မပေးပါဘူးလို့ ဟိုတယ်က ညေ့်ကြိုစာရေးက သေသေချာချာ ပြောထားတာပဲ။ အဲဒီအတိုင်း အဘွားကြီးကို သူ ကတိပေးလိုက်တယ်။ ဒီလိုပြောထားပြီးမှ ငါကသွားဆက်ရင် သူတို့ကို ကြိုတင်သတိပေးထားသလို ဖြစ်သွားမှာပေါ့။ အဲဒီ ဖုန်းသွယ်ထားတဲ့လိပ်စာအမှန်ကို ချက်ချင်းရအောင်ရှာပါ။ မင်း ကြိုက်တဲ့နည်းနဲ့ရှာ။ ငါလိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာအမှန်ပဲ။ တစ်နာရီအတွင်း ငါ့ကို ပြန်ဆက်ပါ ”

ဂျိုဟန်းက တစ်ဘက်မှပြောသည်ကို စောင့်မနေတော့ဘဲ ဖုန်းကို ပြန်ပစ်ချလိုက်လေသည်။ ဖုန်းနံပါတ်ရေးထားသည့် လက်ထဲမှစာရွက်ကလေးကို ပြန်ငုံ့ကြည့်နေမိပြန်သည်။

အားရစ်သည် နိုဝယ်နှင့်တွေ့ဖို့ ထွက်သွားပြီ။ ယခုလောက်ဆိုလျှင် သူတို့နှစ်ယောက်စလုံး အိပ်ဆယ်ဒီယာဟိုတယ်သို့ ရောက်နေလောက်ပြီ။ နိုဝယ်သည် ဖရက်စကာဟူသော အမည်ဖြင့် ဟိုတယ်မှာ စာရင်းသွင်းပြီး တည်းခိုနေလိမ့်မည်။

နိုဝယ် အတော်ကလေး စိတ်ရှုပ်နေလောက်ပြီမှာ သေချာသည်။ လန်ဒန်မြို့မှလိုက်လာသော သူ့သူငယ်ချင်း ဝီလီအဲလစ် အသတ်ခံသွားရသည်။ သူ့အမေ ဘယ်အရပ်ရောက်နေသည်ကို သူမသိ။ ဝါနာဂါးဟတ်နှင့်အတူရှိနေသော ဟယ်လ်ဒင် အသတ်ခံရသည့်အကြောင်းကိုကြားရလျှင် ပို၍ပင် စိတ်ချောက်ချားသွားပေဦးတော့မည်။

ထိုအကြောင်းများကို သူသိလျှင် သူတို့သုံးယောက် အမြန်ဆုံးတွေ့ဖို့ တောင်းဆိုမည်မှာလည်း သေချာသည်။

ယခုလိုအချိန်မျိုးတွင် ဂျိုဟန်းသည် မည်သူနှင့်မှ မတွေ့ဆုံးလိုသေးချေ။

ယခုမနက် သုံးနာရီထိုးပြီးစ ရှိသွားပြီ။ နိုဝယ်၏အမေ ဘယ်နေရာရောက်နေသည်ကို သူတို့ရှာဖွေ၍မရသေး။ အမြန်ဆုံးတွေ့ရမည်။ တွေ့လျှင်တွေ့ချင်း နှုတ်ပိတ်ပစ်ရမည်။

ဘဏ်တိုက်မှာ မျက်နှာစုံညီလက်မှတ်ရေးထိုးကြဖို့အတွက် အချိန်ခြောက်နာရီမျှသာ လိုတော့သည်။

ယခုလိုအချိန်မျိုးတွင် အယ်လ်သိမ်းသည် သူတို့ကို တစ်နေရာရာမှ ချောင်းမြောင်းကြည့်ရှုကောင်း ကြည့်ရှုနေပေလိမ့်မည်။

မနက်ကိုးနာရီ ဘဏ်တိုက်သို့သွားသောအခါ အကွယ်တစ်ခုခု၊ ထောင့်တစ်ခုခုမှ ရုတ်တရက်ပေါ်ထွက်လာပြီး လက်မှတ်မထိုးအောင် သူ့သားနိုဝယ်ကို အော်ဟစ်ပြောဆိုကောင်းပြောဆိုပေလိမ့်မည်။

ထိုအဖြစ်မျိုးကို အဖြစ်မခံနိုင်ပါ။ ဆင်ပြောင်ကြီး အမြီးကျမှတစ်သလို သူတို့လုပ်ငန်းစဉ်ကြီး သည်အခြေအနေရောက်လာတော့မှ ကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အပျက်မခံနိုင်ပါ။

ထို့ကြောင့်လည်း အယ်လ်သိန်းကို ယနေ့ည မတွေ့တွေ့အောင်ရှာပြီး အပြတ်ရှင်းထားဖို့က အရေးအကြီးဆုံးဖြစ်နေသည်။

မနက်ဖြန်မနက် နိုဝယ် လက်မှတ်ရေးထိုးပြီးလျှင်လည်း နိုဝယ်၏ အခန်းကဏ္ဍ ပြီးဆုံးသွားလေပြီ။

ဆေ့ကြိုစာရေးကို မစ္စက်ဟိုးလ်ခရော့ဖ်တ် ပေးထားသည့်ဖုန်းနံပါတ်သည် မည်သည့်အိမ်တွင်ရှိသော ဖုန်းဖြစ်ကြောင်း သိဖို့အရေးကြီးနေသည်။ ထိုလိပ်စာကိုသိရမှ မစ္စက်ဟိုးလ်ခရော့ဖ်တ်ကို အလွယ်တကူ ရှင်းပစ်နိုင်မည်။

ဂျိုဟန်းက ကုလားထိုင်ပေါ်မှာထိုင်ချသည်။ မုတ်ဆိတ်နီနှင့်ပိုင်းလော့ကြောင့် ပေကျံသွားသည့် သူ၏ဓားသွားကို စင်ကြယ်အောင် သုတ်သင်ပစ်နေသည်။

\+ \+ \+

နိုဝယ်က သူ၏အဝတ်အစားသေတ္တာကို ခုံပေါ်သို့တင်ပြီး အဖုံးဖွင့်သည်။ အထဲမှာရှိသော အဝတ်အစားအားလုံး တွန့်ကြေနေသည်။

ပြီးတော့ သူရောက်နေသည့် အိပ်ဆယ်စီယာဟိုတယ်အခန်းထဲသို့ မျက်လုံးကစားကြည့်သည်။ ဟိုတယ်ခန်းများမှာ အားလုံးအတူတူလိုဖြစ်ကြောင်း သတိပြုမိသည်။

အားရစ်က ဖုန်းတစ်လုံးနှင့် ဂျိုဟန်းကို လိုက်ရှာနေသည်။ ဟိုတယ် ဒကော့မှာလည်း ဂျိုဟန်းမရှိဟုဆိုသည် အချိန်မှာ မနက်သုံးနာရီခွဲနေပြီ။

အားရစ်က နိုဝယ်ဘက်သို့ ပြန်လှော်ကလာသည်။

" ကျွန်တော်တို့နှစ်ယောက် သိပ်လှုပ်လှုပ်ရှားရှားမလုပ်ဖို့ ဟိုတယ်မှာ မှာထားခဲ့တယ်တဲ့။ ဒုတိယမြို့တော်ဝန်နဲ့အတူတူ သူရှိနေတယ်လို့ ပြောတယ်။ ခင်ဗျားအမေကို တွေ့နိုင်ဖို့အတွက် သူတို့ အပြင်းအထန် ကြိုးစားနေကြတယ်"

" ဒီလိုဆိုရင် ကျွန်တော့်အမေက လုံးလုံးဖုန်းမဆက်ဘူးတဲ့လား " ဟု နိုဝယ်က ပြန်မေးသည်။

" မဆက်ဘူး "

" တစ်ခုခုတော့ လွဲနေပြီဗျ။ ဆေ့ကြိုစာရေး ဟိုမှာရှိနေသေးသလား"

" ရှိတယ်။ သူ့ကို ခင်ဗျားပေးခိုင်းလိုက်တဲ့ငွေတစ်ထောင်ဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် နှစ်ပတ်စာလခဖြစ်နေပြီပဲ။ အနည်းဆုံး သူတစ်ညလုံးလောက်တော့ စောင့်ပေးနေမှာပေါ့။ တစ်ခုတော့ရှိတယ်ဗျ။ ခင်ဗျားအမေဟာ ရိုးရိုးသားသား နောက်ကျနေတာလဲဖြစ်နိုင်တယ်။ ရာသီဥတုမကောင်းလို့ လေယာဉ်ပျံ ဝင်ချိန် ထွက်ချိန်တွေ ပြောင်းလဲကုန်တာလဲ ဖြစ်နိုင်တယ်။ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ ဝင်တွေနဲ့ ပြဿနာပေါ်နေတာလဲ ဖြစ်နိုင်တယ် ”

“ ဘာမဆိုဖြစ်နိုင်တာချည်းပါပဲဗျာ။ ဒါပေမယ့် ကျွန်တော်တော့ ဘယ်လိုမှ နားမလည်လို့မရတော့ဘူး။ ကျွန်တော့်အမေအကြောင်းကို ကျွန်တော် သိတယ်။ ကျွန်တော့်ကို ဖုန်းဆက်မယ်လို့ သူ သေသေချာချာ ပြောသွားတာ။ ဘယ်နည်းနဲ့မှ မဆက်ဘဲမနေဘူး ”

“ တစ်နေရာရာမှာ အဖမ်းခံနေရတာလဲ ဖြစ်နိုင်တာပေါ့ ”

“ ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားနေတာ။ အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုက ဖမ်းထားတာကို ခံနေရတယ်ဆိုရင် အကောင်းဆုံးအဖြစ်အပျက်ပဲ လို့ ဆိုရမယ်။ နိုင်ငံကူးလက်မှတ်အတုတွေနဲ့ သူခရီးသွားနေတာ မဟုတ်လား။ သူ့ကိုဖမ်းပြီး အချုပ်ထဲမှာ သုံးလေးရက်လောက် ထည့်ထားတာပဲဖြစ်ပါစေလို့ ဆုတောင်းရတော့တာပဲ။ ဟယ်လ်ဒင်ဆီကရော ဖုန်းမလာဘူးလား ”

“ မလာဘူး ”

အားရစ်က နိုဝယ်ကို မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

နိုဝယ်က မှတ်ဆိတ်ရိပ်ဓားကို လက်ထဲမှာ ကိုင်ထားသည်။

“ ဘာတစ်ခုကိုမှ ရေရေရာရာမသိရဘဲ ဒီအတိုင်း ထိုင်စောင့်နေရတာ ရူးချင်စိတ်တောင် ပေါက်လာတယ်ဗျာ။ ကျွန်တော် ကိုယ်ရေလက်ရေကလေး သပ်လိုက်ဦးမယ် ”

နိုဝယ်က ရေချိုးခန်းဘက်သို့ မေးငေါ့ပြရင်း ပြောသည်။

“ ကောင်းတာပေါ့။ နည်းနည်းလောက် အနားယူလိုက်ပါလား။ ခင်ဗျား သိပ်ပင်ပန်းနေပြီ။ ကျွန်တော်တို့ အလုပ်လုပ်ကြဖို့အချိန် ငါးနာရီလောက်ပဲ လိုတော့တယ်။ ဒီကိစ္စမျိုးမှာ ဂျိုဟန်းဟာ သိပ်ကို အားကိုးလောက်တဲ့လူလို့ ကျွန်တော် ယုံကြည်တယ် ”

နိုဝယ်က မှတ်ဆိတ်ရိပ်ဓားကိုကိုင်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ သူ့ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေလေသည်။

ရေပူပိုက်ကို ဖွင့်ချသည်။ ရေပူပူဖြင့် မျက်နှာသစ်သည်။ ထိုနည်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆမ်ထံမှ သူ ရလာခဲ့ခြင်းဖြစ်လေသည်။

ထိုအကြောင်းကို စဉ်းစားမိရင်း ဆမ်ကို သတိရလာသည်။

အမေသည် အစီအစဉ်တစ်ခုခုပြောင်းလဲမည်ဆိုပါက ဆမ်ကိုတော့ ဖုန်းဆက်ပြီး အကြောင်းကြားမည်မှာ သေချာသည်။ အကြောင်းတစ်ခုခုကြောင့် နှောင့်နှေးနေသည်ဆိုလျှင်လည်း အကျိုးအကြောင်းပြောမှာ သေချာသည်။

ဟိုတယ်ဒကော့သို့ အမေဖုန်းဆက်လျှင် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ဆိုသည့် အမည်ကိုသာ မေးမည်ဖြစ်သည်။

နိုဝယ်က လက်ပတ်နာရီကိုကြည့်သည်။ မနက်သုံးနာရီနှင့် သုံးဆယ့်ငါးမိနစ် ရှိနေပြီ။ ယခုအချိန်တွင် ဆမ်ကိုဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်လျှင်ကောင်းမည်ဟု တွေးကြည့်မိသည်။

နိုဝယ်က ဘုံပိုင်ခေါင်းကို ပိတ်လိုက်သည်။ အိပ်ခန်းဆီမှ အားရစ်စကားပြောနေသံကို ကြားရသည်။ သို့သော်လည်း အခန်းထဲမှာ သူတို့နှစ်ယောက်မှလွဲပြီး အခြားမည်သူမှမရှိ။

ဘယ်သူနှင့်သူ စကားပြောနေသနည်း။ ဘာကြောင့် သူအသံကို ခပ်တိုးတိုး နှိမ့်ပြောနေသနည်း။

နိုဝယ်က ရေချိုးခန်းတံခါးကို ဖွင့်သည်ဆိုရုံကလေး တစ်လက်မခန့်ဖွင့်လိုက်သည်။ အားရစ်က ရေချိုးခန်းကို ကျောခိုင်းပြီး ဖုန်းစကားပြောနေ သည်။

“ ငါပြောပါရောလား . . . ဒါဟာ ငါတို့လိုချင်တဲ့ အဖြေပဲ။ အဘွားကြီးဟာ နိုင်ငံကူးလက်မှတ်အတုတွေနဲ့ ခရီးသွားနေတယ်။ ဒါကြောင့် တခြားမြို့တွေမှာရှိနေတဲ့ လူဝင်မှုကြီးကြပ်ရေးဌာနတွေမှာ. . . ”

“ အားရစ်. . . ”

\+ + +

ယာကော့က ရှေးဦးသူနာပြု ဆေးသေတ္တာကို ပိတ်လိုက်ပြီး ခုတင်ဘေးမှာ မတ်တတ်ရပ်သည်။ သူ ဆောင်ရွက်ထားသည်ကိုလည်း ပြန်လည်စစ်ဆေးကြည့်ရှုသည်။

ဟယ်လ်ဒင်၏ခြေထောက်မှ သေနတ်ဒဏ်ရာက အတော်ကလေး ရောင်နေသည်။ သို့သော်လည်း အခြားရောဂါပိုး ဝင်ခြင်းကား မရှိ။ ထို့ကြောင့် ပတ်တီးအဟောင်းကိုဖြေကာ အသစ်လဲပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းသွားမှာပါ။ တစ်နာရီလောက်ကြာရင် အရောင်လျော့သွားလိမ့်မယ်။ ဒါပေမယ့် ခြေထောက်ကိုတော့ အသုံးပြုလို့မဖြစ်ဘူး။ ဒါကြောင့် တစ်နေရာမှာ ငြိမ်ငြိမ်ထိုင်ပြီး ခြေထောက်ကို မြှောက်ထား "

" ရှင်ဟာ ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်လို့တော့ မပြောပါနဲ့နော် " ဟု ဟယ်လ်ဒင်က ပြောသည်။

" သေနတ်ဒဏ်ရာကိုကုတာ ဆရာဝန်မှ ကုတတ်တာမဟုတ်ပါဘူး။ ကျုပ်တို့လို လူမျိုးတွေက သေနတ်ဒဏ်ရာတွေနဲ့ သိပ်ကိုယဉ်ပါးနေပြီလေ။ ဒီမှာနေခဲ့ဦး။ မစ္စက်ဟိုးလ်ခရော့ဖ်တ်နဲ့ စကားသွားပြောလိုက်ဦးမယ် "

ယာကော့က အပေါက်ဝဆီသို့ ခြေလှမ်းပြင်လိုက်ရင်း ပြောသည်။

" မလုပ်ပါနဲ့ "

ဟယ်လ်ဒင်၏စကားကြောင့် ယာကော့က ဆက်မသွားဘဲ ရပ်နေသည်။

" မင်း . . . ဘာပြောလိုက်တယ် "

" သူ့ကို တစ်ယောက်တည်း မလွှတ်လိုက်ပါနဲ့။ သူ့သားအတွက် သိပ်စိတ်ပူပြီး သူ့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေတယ်။ ဒါကြောင့် ဘာကိုမှ မှန်မှန်ကန်ကန် သူစဉ်းစားဆုံးဖြတ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် သူ့ကို သက်သက်ဒုက္ခပေးသလိုပဲ ဖြစ်သွားပါလိမ့်မယ်။ သူ့ကို မခိုင်းပါနဲ့။ သူ့ တစ်ယောက်တည်း မလွှတ်ပါနဲ့ "

" တကယ်လို့ ကျုပ်က အဲဒီအတိုင်းလုပ်ရင် မင်းက တားမှာလား"

" ပိုကောင်းတဲ့နည်းလမ်းရှိပါတယ်။ ကျွန်မ အစ်ကိုကို ရှင် လိုချင်နေတယ် မဟုတ်လား။ ကျွန်မကို တည်ကြက်အဖြစ်နဲ့ သုံးပါ "

" မျိုးဆက်တွေရဲ့စာရင်းကို ကျုပ် အလျင်ဆုံး လိုချင်တယ်။ ဂျိုဟန်း-ဗွန်တိုင်းဘို့လ်တ်ကို သတ်ပစ်ဖို့ ကျုပ်တို့မှာ သုံးရက်အချိန်ရှိနေသေးတယ် "

" ဘယ်လို သုံးရက်လဲ "

" ဘဏ်တိုက်တွေက မနက်ဖြန် စနေနေ့နဲ့တနင်္ဂနွေနေ့ ပိတ်တယ်လေ။ ဒါကြောင့် ဂျီနီဗာအာမခံဘဏ်တိုက်က ဒါရိုက်တာတွေနဲ့ သူတို့တွေ့မယ်ဆိုရင် တနင်္လာနေ့ အစောဆုံးဖြစ်နိုင်တယ်။ ဒါကြောင့် စာရင်းကို အလျင်ဆုံး ရအောင်ယူရမယ်။ ပြီးတော့မှ ဗွန်တိုင်းဘို့လ်တ်ကို ရှင်းရမယ်။ ဒီအကြောင်း ဒေါက်တာလစ်ဗတ်နဲ့လဲ တိုင်ပင်ထားပြီးပြီ။ ကျုပ်တို့ နှစ်ယောက်စလုံး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း သဘောတူထားပြီးပြီ ”

“ ဒီစာရင်းဟာ ဒါလောက်တောင် အရေးကြီးနေတယ်ဆိုရင် သူ့ကိုယ်နဲ့မကွာ သိမ်းထားလိမ့်မယ် ထင်တယ် ”

“ ကျုပ်တော့ မထင်ဘူး။ မင်းအစ်ကိုလို လူမျိုးဟာ ဒီလောက်တော့ အတင့်မရဲဘူး။ လမ်းသွားနေရင်း မော်တော်ကားတိုက်တာမျိုး ဖြစ်နိုင်တယ်။ အလုအယက်ခံရတာမျိုးဖြစ်နိုင်တယ်။ ကျုပ်လိုလူမျိုး တစ်ယောက်ယောက်နဲ့ တွေ့နိုင်တယ်။ ဒါကြောင့် သူနဲ့အတူတူ လျှောက်သယ်နေမှာ မဟုတ်ဘူး။ ဟိုတယ်မှာလဲ အပ်ထားမှာမဟုတ်ဘူး။ သူ့အခန်းထဲမှာသာ ရှိနေနိုင်တယ်။ သူ့အခန်းထဲကိုဝင်ပြီး ရှာကြည့်ချင်တယ်။ ဒါကြောင့် ဝင်ရှာချိန်ရအောင် သူ့ကို အခန်းအပြင်ဘက် ထုတ်ဖို့လိုတယ် ”

“ ဒီအတိုင်းဆိုရင် ကျွန်မကို အသုံးပြုတာက ပိုပြီး ထိရောက်မှာပေါ့။ ကျွန်မ အသတ်ခံသွားရပြီလို့ သူ ယုံကြည်နေလိမ့်မယ်။ အာထရီစိတ်မက်ဒေါက် ရေယာဉ်ဆိပ်မှာလဲ ကျွန်မကို သူမြင်သွားတာမဟုတ်ဘူး။ ကျွန်မကို သူ လိုက်ရှာနေတာ မဟုတ်ဘူး။ နိုဝယ်ရဲ့အမေကိုသာ လိုက်ရှာနေတာပါ။ ဒီလိုအချိန်မျိုးမှာ ကျွန်မကို သူမြင်လိုက်ရရင် ချောက်ချားသွားမယ်။ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားနိုင်တယ်။ ကျွန်မကို ဘယ်နေရာမှာ လာတွေ့ပါလို့ပြောရင် သူ ငြင်းနေမှာမဟုတ်ဘူး။ ဘယ်နေရာကိုချိန်းချိန်း လာမှာပဲ။ နာခရိုက်တင်းဒိုက်ဆိုတဲ့နာမည်ကို ပြောပြလိုက်ရင် လုံလောက်ပါပြီ။ ဟုတ်တယ်။ ကျွန်မပြောတာတွေ သိပ်ကို သေချာပါတယ် ”

“ မင်းပြောတာလဲ မှန်တာပဲ။ ဒါပေမယ့် မနက်ဖြန်မှ လုပ်ကြတာပေါ့။ ဒီနေ့ညတော့ မင်းကို သုံးလို့မဖြစ်နိုင်သေးဘူး။ ဒီနေ့ည သူလိုချင်နေတဲ့လူဟာ မင်း မဟုတ်ဘူး။ နိုဝယ်ရဲ့အမေကိုသာ ဒီနေ့ည သူ သဲကြီးမဲကြီး ရှာနေတာ”

“ နိုဝယ်ရဲ့အမေ ကျွန်မနဲ့အတူတူ ရှိနေကြောင်း ပြောလိုက်ရင် ပြီးတာပဲ။ ပိုလို့တောင် ကောင်းပါသေးတယ် ”

“ မင်းကို သူ ဘယ်ယုံမလဲ။ မင်းဟာ ဝါနာဒ်ဂါးဟတ်နဲ့တွေ့ဖို့ နူချာတဲကို သွားခဲ့သူဖြစ်တယ်။ နောက်ပြီးတော့ မင်း လွတ်သွားတယ်။ ဒီလိုလူက သူနဲ့တွေ့ဖို့ ကြိုးစားရင် ထောင်ချောက်ဆင်တာ ဖြစ်ရမယ်လို့ သေချာပေါက် တွက်တော့မှာပေါ့ ”

“ ဒီလိုဆိုရင်လဲ နိုဝယ်ရဲ့အမေနဲ့ ကျွန်မအဖော်အဖြစ်တော့ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရစေ။ သူတို့နှစ်ယောက်တွေ့ဖို့ ချိန်းပေးပါ။ ဘယ်သူမှမမြင်အောင် ကျွန်မ ပုန်းနေပါ့မယ်။ အဘွားကြီးကို ကျွန်မ အကာကွယ်ပေးချင်တယ်။ ကျွန်မမှာလဲ သေနတ်ရှိနေပါတယ် ”

ဟယ်လ်ဒင်က ဇွတ်အတင်း တောင်းပန်သည်။

ယာကော့က တစ်စုံတစ်ရာ ပြန်မဖြေသေးဘဲ ခဏကြာအောင် စဉ်းစားနေသည်။

“ မင်း ပြောတာတွေ ကျုပ်သဘောပေါက်ပါတယ်။ ဒီလိုဝင်ပြီး အကူအညီပေးမယ်ဆိုတဲ့အတွက်လဲ မင်းကို ချီးကျူးပါတယ်။ ဒါပေမယ့် မင်းတို့နှစ်ယောက်ပူးကြီးကိုသုံးပြီး ကျုပ် မစွန့်စားနိုင်သေးဘူး။ နှစ်ယောက်စလုံးကို အဆုံးမခံနိုင်သေးဘူး။ ဒါကြောင့် ဒီနေ့ညတော့ မစ္စက်ဟိုးလ်ခရော့ဖ်တ်ကိုပဲ သုံးရလိမ့်မယ်။ မနက်ဖြန်ကျရင် မင်းကို အသုံးပြုဖို့ လိုလာပါလိမ့်မယ်။ သူ အပြင်ထွက်လာအောင် မစ္စက်ဟိုးလ်ခရော့ဖ်တ်က ဒီနေ့ည လုပ်လိမ့်မယ်။ မနက်ဖြန်ကျတော့ မင်းက သူ့ကို အပြင်ခေါ်ထုတ်။ ဒီအတိုင်းပဲ လုပ်ရတော့မှာပဲ ”

“ ဒီနေ့ညမှာပဲ အဲဒီအလုပ် နှစ်ခုစလုံးကို ရှင်လုပ်မယ်ဆိုရင် ဖြစ်နိုင်တာပဲ။ လူစာရင်းတွေကို ရှင်ကရအောင်ယူပါ။ ကျွန်မက သူ့ကိုသတ်ပစ်မယ်။ ကျွန်မပြောတာ ယုံပါ ”

“ မင်းကို ယုံပါတယ်။ ဒါပေမယ့် မင်း သဘောပေါက်တာတစ်မျိုးဖြစ်နေတယ်။ မင်းရဲ့အစ်ကိုကို သိပ်လျှော့တွက်လို့ မရဘူး။ ဘာပဲဖြစ်ဖြစ် မစ္စက်ဟိုးလ်ခရော့ဖ်တ်နဲ့သူနဲ့ ဒီနေ့ည တွေ့အောင်လုပ်ရမယ်။ သူ့ဘက်က အားလုံး ပြင်ဆင်ထားပြီးသားဖြစ်နေပြီ။ သူက အပေါ်စီးရနေပြီ။ ကျုပ်တို့မှာက စနစ်တကျ ပြင်ဆင်ထားတာ မရှိတော့ဘူး ”

ဟယ်လ်ဒင်က ယာကော့ကို စေ့စိုက်ကြည့်နေသည်။

“ နိုဝယ်ရဲ့အမေကို ရှင် ရိုးရိုးသုံးမှာမဟုတ်ဘူး။ သူ့အသက်နဲ့လဲမှာမဟုတ်လား ” ဟုလည်း တည်တည်မေးသည်။

“ ကျုပ်တို့နှစ်ယောက်စလုံးရဲ့ အသက်နဲ့လဲရမှာပဲ။ လိုအပ်လာရင် ကျုပ်တို့နှစ်ယောက်စလုံး အသက်စွန့်ပြီး ဒီစာရင်းကို ရအောင်ယူရမယ်။ ဒီကိစ္စထဲမှာ မင်း ဝင်ရှုပ်လာရင် မင်းကိုလဲ လမ်းဆုံးရောက်အောင် ပို့ပစ်ရမယ်”

ယာကော့က ထိုမျှပြောပြီး နောက်သို့ ချာကနဲလှည့်ထွက်ကာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ထွက်သွားလေသည်။

အခန်း၏တစ်ဘက်ခြမ်းမှာရှိသော စားပွဲတစ်လုံးတွင် အယ်လ်သိန်း ထိုင်နေသည်။ စားပွဲပေါ်မှာ မီးကလေးတစ်လုံးသာရှိသည်။

အယ်လ်သိန်းသည် အနီရောင်မျက်နှာသုတ်ပဝါအကြီးတစ်ထည်ကို ကိုယ်မှာ ပတ်ထားသည်။ ရေစိုနေသော သူတို့နှစ်ယောက်၏ အဝတ်အစားများ ကိုမူ အပူငွေ့ပေးသည့် ပိုက်များပေါ်တွင် အခြောက်ခံထားလေသည်။

စာတစ်စောင်ရေးနေသည်။ ယာကော့၏ ခြေသံကြားသောကြောင့် စာရေးနေရာမှ မော့ကြည့်သည်။

" မင်း စားပွဲပေါ်က စာရွက်တစ်ရွက် ယူလိုက်မိတယ်နော် " ဟု ယာကော့ကို လှမ်းပြောသည်။

" ကျွန်တော့်စားပွဲ မဟုတ်ပါဘူး။ စာရေးနေတာလား "

" ဟုတ်တယ်။ ငါ့သားဆီကို ရေးတာ "

" ဘာဖြစ်လို့လဲ. . . ကျွန်တော်တို့သူနဲ့ တွေ့ကြရမှာပဲ။ တွေ့တဲ့အခါ ကျတော့ စိတ်ကြိုက် စကားပြောနိုင်တာပဲ "

အယ်လ်သိန်းက ကုလားထိုင်နောက်မှီပေါ်သို့ မှီထိုင်သည်။ ယာကော့ ကို စိုက်ကြည့်ပြီး အကဲခတ်နေသည်။

" တို့သားအမိနှစ်ယောက် ပြန်တွေ့ဖို့ဆိုတဲ့ အခွင့်အလမ်းဟာ သိပ် ကို နည်းသွားပြီမဟုတ်လား "

" ဒီလိုပဲ ထင်သလား "

" ဟုတ်တယ်။ ဒီလိုပဲထင်တယ်။ ငါ့စိတ်ကို ငါလှည့်စားနေလို့လဲ အပိုပဲလေ။ ဂျိုဟန်းနဲ့ငါ တွေ့ဖို့လိုတယ်။ တို့နှစ်ယောက်တွေ့ကြရရင် သူက ငါ့ကို အသာတကြည်နဲ့ ပြန်လွှတ်မှာမဟုတ်ဘူး။ ကိစ္စတုံးလုပ်ပစ်မှာပဲ "

" အတတ်နိုင်ဆုံးတော့ သတိထားရမှာပေါ့ဗျာ။ လိုအပ်တဲ့အကာ အကွယ်တွေ ပြည့်စုံအောင် လုပ်ထားရမှာပဲ "

" ငါ သေနတ်တစ်လက်လောက် ဆောင်သွားမယ်။ မင်းလိုချင်နေတာ မျိုးဆက်တွေရဲ့စာရင်းမဟုတ်လား။ စာရင်းတွေက အများကြီးဖြစ်နေမှာပေါ့။ သူတို့လူတွေက တစ်ကမ္ဘာလုံးမှာ ဖြန့်ထားတာမဟုတ်လား။ လူပေါင်းမရေတွက် နိုင်အောင် များပြားတာပဲ။ သူတို့နာမည်တွေကို မှတ်ထားရတယ်ဆိုတော့ စာရွက်စာတမ်းတွေကချည်း တထမ်းကြီး ဖြစ်နေနိုင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ကျွန်တော်တို့လိုက်နေတာက အဲဒီစာရင်းတွေ မဟုတ်ပါဘူး။ ခေါင်းဆောင်တွေရဲ့ စာရင်းပါ။ ခေါင်းဆောင်တွေရဲ့စာရင်းရရင် လုံလောက်ပါပြီ။ သူတို့ခွဲပေးမယ့် ငွေတွေကိုလက်ခံမယ့် ခေါင်းဆောင်တွေစာရင်းကို ရအောင်ရှာရမှာပါ။ ဂျိုဟန်းဟာ အဲဒီစာရင်းကို သူနဲ့လက်လှမ်းမီတဲ့နေရာမှာ အလွယ်တကူထားမယ်လို့ ကျွန်တော်တို့ တွေးထားကြတယ် ”

“ ဒီစာရင်းရရင် သူတို့ ဝံပုလွေတွေဟာ ဘယ်သူတွေဖြစ်ကြောင်း မင်းသိနိုင်ပြီလား ”

“ နေရာတကာမှာရှိနေတဲ့ ခေါင်းဆောင်တွေကို ကျွန်တော်တို့ သိရပြီ ”

“ ဟိုတယ်ဒကော့မှာ အဲဒီစာရင်းတွေရှိနေမယ်လို့ မင်းက ဘာကြောင့် သေချာပေါက် တွက်ထားရတာလဲ ”

“ ရှိနိုင်တဲ့နေရာဟာ အဲဒီနေရာပဲဖြစ်တယ်။ ဗွန်တိုင်းဘိုလ်တ်ဟာ ဘယ်သူ့ကိုမှ မယုံဘူး။ တခြားလူတွေကို ဇာတ်လမ်းအပြည့်အစုံ ပြောပြတာ မဟုတ်ဘူး။ သိသင့်သိထိုက်တဲ့ အစိတ်အပိုင်းကလေးတွေကိုသာ လူခွဲပြီးပြောပြတာ။ သူကိုယ်တိုင်က အားလုံးကို ချုပ်ကိုင်ထားတယ်။ အာမခံသေတ္တာထဲမှာ သူထားမှာမဟုတ်ဘူး။ သူ့ကိုယ်ပေါ်မှာလဲ ထားမှာမဟုတ်ဘူး။ ဟိုတယ်က သူ့ အခန်းထဲမှာပဲထားလိမ့်မယ်။ ထားရင်လဲ လက်လွတ်စပယ်ထားမှာမဟုတ်ဘူး။ လုံခြုံရေးအစီအမံတွေကို စိတ်ချရအောင် ပြင်ဆင်ပြီးမှ ထားလိမ့်မယ်”

“ သူစိတ်မချတဲ့အထဲမှာ ငါလဲ ပါတယ်လို့ထင်တယ် ”

“ ဟုတ်တယ်။ ခင်ဗျားကို သူအကြောက်ဆုံးပဲ။ တခြားဘယ်သူကိုမှ ခင်ဗျားလောက် မကြောက်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အလုပ်တွေ မဟုတ်ကြောင်းနဲ့ ဘဏ်တိုက်က ငွေတွေထုတ်ယူဖို့ လက်မှတ်မထိုးအောင် နိုဝယ် ယုံကြည်အောင်ပြောနိုင်တဲ့လူက ခင်ဗျားတစ်ယောက်တည်းပဲရှိတယ် မဟုတ်လား။ သူတို့အဖို့ကလဲ နိုဝယ်ရှိနေမှဖြစ်မယ်။ ငွေတွေထုတ်ယူဖို့ကိစ္စမှာ နိုဝယ်က အဓိကတာဝန်ခံ ဖြစ်နေတယ် ”

“ ငါ့သားကိစ္စကို ဘယ်လိုလုပ်မှာလဲ. . . သူ့ကိုလဲ မင်းက သတ်ပစ်မှာပဲလား ”

“ ကျွန်တော် မသတ်ချင်ပါဘူးဗျာ ”

“ ဒီထက်ပိုပြီး ယုံကြည်လောက်တဲ့ အကြောင်းပြချက်တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြပါဦးလေ ”

“ ထွေထွေထူးထူး အကြောင်းပြစရာ မလိုပါဘူး။ ကျွန်တော်တို့နဲ့ လာပြီး ပူးပေါင်းမယ်ဆိုရင် သူ့ကို ဘာမှရန်ရှာနေစရာ အကြောင်းမရှိဘူး။ အမှန်တရားတွေကို သူယုံကြည်ဖို့ လိုတယ်။ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်တို့က ကမ္ဘာကြီးကို ဖျက်ဆီးဖို့ ကြံစည်နေတာတွေကို သူ သိဖို့လိုတယ်။ လက်ခံဖို့လို တယ်။ ငွေတွေထုတ်ယူဖြစ်သွားရင် ‘မျိုးဆက်’တွေ စခန်းထကြတော့မယ်။ ဒါကြောင့် မျိုးဆက်တွေအကြောင်း ကမ္ဘာကသိအောင် ဖော်ထုတ်ရမယ်။ ဘဏ် က ငွေတွေအကြောင်း ကမ္ဘာကသိအောင် ဖော်ထုတ်ရမယ် ”

“ ဒါတွေကို သူယုံကြည်လာအောင် မင်း ဘယ်လိုလုပ်ရှင်းပြမလဲ။ ဟိုလေ. . . ဂျိုဟန်းနဲ့ငါ သွားတွေ့ပြီး ပြန်လာခွင့်မရတော့ရင် သူယုံကြည်အောင် မင်းတစ်ယောက်တည်း ဘယ်လိုလုပ်ပြောပြမလဲ ”

အယ်လ်သိန်း၏နှုတ်ခမ်းပေါ်တွင် အပြုံးကလေးတစ်ခု မသိမသာ ပေါ်လွင်သွားကြောင်း ယာကော့က သတိထားလိုက်မိလေသည်။ ဂျိုဟန်းနှင့် တွေ့လျှင် အယ်လ်သိန်းကို မည်သည့်နည်းနှင့်မှ ပြန်လွှတ်မည်မဟုတ်ကြောင်း ကိုလည်း ယာကော့က အခိုင်အမာ ယုံကြည်ထားပြီးဖြစ်သည်။

“ တနင်္လာနေ့ ဘဏ်တိုက်တွေပြန်ဖွင့်ရင် သူတို့ငွေတွေ ထုတ်ယူဖို့ လုပ်ကြတော့မယ်လို့ ကျွန်တော်တို့ တွက်ထားတယ်။ အဲဒီရက်မရောက်မချင်း နိုဝယ်ကို ဘယ်သူနဲ့မှ အဆက်အသွယ်မရအောင် သူတို့လုပ်ထားလိမ့်မယ်။ အဲဒါကို ကျွန်တော်တို့ ချိုးဖောက်ပစ်ရမှာပဲ။ သူတို့ကြားထဲက နိုဝယ်ကို ဆွဲထုတ် ယူရမယ်။ ကျွန်တော့်အလုပ်ကတော့ အဲဒါပဲ ”

“ မင်း အဲဒီလိုလုပ်ရင် သူက ဘာပြောမလဲ ”

“ သူ့ကို အမှန်အတိုင်း ကျွန်တော်ရှင်းပြရမှာပေါ့။ ဟာရှာအလက် ကျေးရွာမှာ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ပြောပြရမှာပေါ့။ ဟယ်လ်ဒင်ဆီကလဲ အားကိုးလောက်တဲ့ အကူအညီရနိုင်ပါတယ်။ ဟယ်လ်ဒင် အသက်ရှင်နေဦးမယ် ဆိုရင်ပေါ့လေ. . . နောက်ပြီးတော့ နာမည်စာရင်းတွေထုတ်ပြနိုင်တယ်။ အဲဒီ စာရင်းတွေ ကျွန်တော် ရအောင်ယူနိုင်ပြီဆိုရင် သူ့ကို ပြရမယ် ”

“ ဒီစာကိုလဲ ပြလိုက်ပါ ”

အယ်လ်သိန်းက စားပွဲပေါ်ရှိ စောစောက ရေးနေသော စာရွက်ကို လှမ်းဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီစာကလဲ အထောက်အကူပြုနိုင်ပါလိမ့်မယ် " ဟု ယာကော့က ပြောသည်။

❖

" အားရစ်. . . "

အားရစ်ကနောက်သို့ ဖြုန်းကနဲလှည့်သည်။ သူ့ကိုယ်လုံးက တောင့်တောင့်ကြီးဖြစ်သွားသည်။ လက်ထဲမှဖုန်းကို ပြန်ချဖို့ပြင်သည်။ သို့သော်လည်း နိုဝယ်က လှမ်းအော်သည်။

" မချနဲ့. . . ကိုင်ထား။ ခင်ဗျား ဘယ်သူနဲ့စကားပြောနေတာလဲ"

နိုဝယ်က အားရစ်၏လက်ထဲမှဖုန်းကို လှမ်းဆွဲယူသည်။ ပြီးတော့ ဖုန်းထဲသို့ အော်မေးသည်။

" ဘယ်သူလဲ "

တစ်ဘက်မှ တိတ်နေသည်။

" ဟိုဘက်က ဘယ်သူလဲ "

ထိုအချိန်ကျမှပင် အားရစ်မှာ သူ့ကိုယ်သူ ပြန်ထိန်းသိမ်းနိုင်လာသည်။

" ကျွန်တော် ပြောပါရစေဦး နိုဝယ်. . . ခင်ဗျား လုံခြုံရေးအတွက် ကာကွယ်ဖို့ ကျွန်တော်တို့ ကြိုးစားနေကြတာပါ။ ခင်ဗျားကို လူမြင်သူမြင်ခံလို့ မဖြစ်ဘူး။ လမ်းပေါ်မှာ ခင်ဗျား လျှောက်သွားနေလို့မဖြစ်ဘူး။ ခင်ဗျားလဲ သိပါတယ်လေ။ ခင်ဗျားကို သူတို့ အရှင်ထားမှာမဟုတ်ဘူး။ ဂျီနီဗာလုပ်ငန်းစဉ်ကြီးမှာ ခင်ဗျားဟာ အရေးကြီးဆုံးလူဖြစ်နေတယ် မဟုတ်လား "

" အခုနတုန်းက ခင်ဗျား ကျုပ်အကြောင်း ပြောနေတာမဟုတ်ဘူး"

" ခင်ဗျားအမေကို တွေ့အောင်ရှာဖို့ ကျွန်တော်တို့ကြိုးစားနေတာပါ။ သူဟာ နိုင်ငံကူးလက်မှတ်အတုတွေနဲ့ ခရီးသွားနေတယ်လို့ ခင်ဗျားပြောခဲ့တယ် မဟုတ်လား။ အဲဒါကို ကျွန်တော်တို့ နားမလည်နိုင်အောင် ဖြစ်နေမိတယ်။ အဲဒီလက်မှတ်အတုထုတ်ပေးတဲ့လူတွေကို ဂျိုဟန်း သိတယ်။ အဲဒီအကြောင်း ကျွန်တော်တို့ တိုင်ပင်နေကြတာပါ "



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က ဖုန်းထဲသို့ ပြန်အော်မေးပြန်သည်။

“ ဗွန်တိုင်းဘို့လ်တ်လား . . . ဟိုဘက်က ကိုင်ထားတာ ခင်ဗျားလား”

တစ်ဘက်က တည်ငြိမ်စွာ ပြန်ဖြေသည်။

“ ဟုတ်တယ် နိုဝယ်. . . အားရစ်ပြောတာ မှန်တယ်။ ကျွန်တော်တို့ ကူညီဖို့ ကြိုးစားနေကြတဲ့ ကျွန်တော့်မိတ်ဆွေတွေရှိတယ်။ ခင်ဗျားအမေဟာ အန္တရာယ်တစ်ခုခုနဲ့ ကြုံနေတာဖြစ်နိုင်တယ်။ ဒါကြောင့် ခင်ဗျားအမေကို ကျွန်တော်တို့ တွေ့အောင်ရှာကြတဲ့နေရာမှာ ခင်ဗျားဝင်ပါလို့ မဖြစ်နိုင်ဘူး။ ဘယ်သူမှ မမြင်နိုင်တဲ့နေရာမှာ ခင်ဗျား ရှောင်တိမ်းနေမှဖြစ်မယ် ”

ထိုစကားကြောင့် နိုဝယ်က လေသံခပ်ဆတ်ဆတ်ဖြင့် ပြန်မေးသည်။

“ ကျုပ်ပါဝင်ရှာလို့ မဖြစ်ဘူးလား။ ဘာကိစ္စမဖြစ်နိုင်ရမှာလဲ။ ဒီမှာ ဂျိုဟန်း . . . အခုအချိန်ကစပြီး ခင်ဗျားတို့နှစ်ယောက် ရှင်းရှင်းလင်းလင်း လုပ်ကြရင်ကောင်းမယ်။ ကျုပ်နဲ့ပတ်သက်ပြီး ခင်ဗျားတို့ ရှင်းရှင်းနားလည်ထားဖို့လဲ လိုတယ်။ ကျုပ် လုပ်ချင်တာကို ကျုပ်လုပ်မယ်။ ကျုပ် ကြိုက်တာကို ဆုံးဖြတ်မယ်။ ကျုပ်မလုပ်ချင်ရင် မလုပ်ဘူး။ ရှင်းတယ်မဟုတ်လား ”

နိုဝယ်က ထိုသို့ပြောရင်း အားရစ်ကို လှမ်းကြည့်သည်။ အားရစ်က ခေါင်းညိတ်ပြသည်။ တစ်ဘက်မှ ဖုန်းစကားပြောနေသော ဂျိုဟန်းကမူ တစ်စုံတစ်ရာပြန်ပြောခြင်း မရှိချေ။ ထို့ကြောင့် နိုဝယ်က လေသံကိုမြှင့်ပြီး အော်လိုက်ပြန်သည်။

“ ကျုပ်မေးနေတာ ကြားတယ်မဟုတ်လား။ ရှင်းရဲ့လားလို့ မေးနေတာ ကြားတယ်မဟုတ်လား ”

ထိုအခါကျတော့မှ ဂျိုဟန်းက ပြန်ဖြေသည်။

“ ရှင်းပါတယ်။ စောစောက အားရစ် ပြောခဲ့သလိုပဲ။ ကျွန်တော်တို့က ခင်ဗျားကို ကူညီချင်တာသက်သက်ပါ။ တခြား ဘာအကြောင်းမှ မရှိပါဘူး။ ခင်ဗျားအမေက မှတ်ပုံတင်အတုတွေနဲ့ ခရီးသွားနေတယ်ဆိုတော့ တစ်ခုခုဖြစ်မှာ ကျွန်တော်တို့က စိုးရိမ်တာပါ။ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီး ဖြေရှင်းပေးနိုင်တဲ့ လူတွေကို ကျွန်တော်သိပါတယ်။ ဒါကြောင့် အခြေအနေထူးတိုင်း ခင်ဗျားကို ဖုန်းဆက်ပြီး ကျွန်တော်အသိပေးနေတာ ”

“ လုပ်ပါ ”

“ မနက်ဖြန်မနက် မတိုင်ခင် ခင်ဗျားနဲ့ကျွန်တော် ပြန်မတွေ့ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်တိုက်မှာပဲ တွေ့ကြတော့မယ်။ အားရစ်က ခင်ဗျားကို ရှင်းပြထားပြီလို့ ကျွန်တော်ထင်တယ် ”

“ ရှင်းပြပြီးပါပြီ။ ပြီးတော့. . . ဂျိုဟန်း . . . ကျွန်တော် စိတ်တိုသွားမိတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော့်ကိုကူညီဖို့ ခင်ဗျားတို့ ကြိုးစားနေကြတယ်ဆိုတာ အခုသိပါပြီ။ ကျွန်တော်တို့နောက်ကိုလိုက်ပြီး ရန်ရှာနေတဲ့လူတွေဟာ နာခရိုက်တင်းဒိုက်တွေပဲ။ လန်ဒန်မှာတုန်းက ခင်ဗျားသတင်းရလာတဲ့ လူတွေပေါ့ ”

တစ်ဘက်က ချက်ချင်းပြန်မဖြေဘဲ တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ ခဏကြာမှ ပြန်မေးသည်။

“ ဒီအကြောင်း ခင်ဗျား ဘယ်လိုလုပ်သိသလဲ ”

“ သူတို့ရေးသားခဲ့တာပဲ။ ဒီခွေးမသားတွေကို ကျွန်တော် လက်ရဖမ်းချင်တယ်ဗျာ ”

“ ကျွန်တော်တို့ကလဲ လက်ရဖမ်းချင်တာပါပဲ ”

“ ကျေးဇူးတင်ပါတယ်။ ထူးတာနဲ့တစ်ပြိုင်တည်း ကျွန်တော့်ကို ဖုန်းဆက်ပါ ”

နိုဝယ်က ဖုန်းကိုပြန်တင်သည်။ တစ်ဆက်တည်း အားရစ်ဘက်သို့ လှည့်ပြောသည်။

“ နောက်ကို ဒါမျိုး ဘယ်တော့မှ မလုပ်ပါနဲ့ ”

“ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ကျွန်တော် လုပ်လိုက်မိတယ်လို့ပဲ ထင်ပါတယ်။ ဟိုတယ်ဒကော့တုန်းက ကျွန်တော့်ကို တည်ကြက်လုပ်ပြီး ခင်ဗျား ထောင်ဖမ်းခဲ့သေးတာပဲမဟုတ်လား။ အဲဒီလိုလုပ်တာဟာ မှန်တယ်လို့ ခင်ဗျားယုံကြည်ခဲ့သလို အခုဟာကိုလဲ မှန်တယ်လို့ ကျွန်တော်ထင်ပြီး လုပ်တာပါ ”

“ တစ်လောကလုံး ရူးကုန်ပြီနဲ့တူတယ် ”

နိုဝယ်က ပြောပြောဆိုဆို ဖုန်းကို လှမ်းဆွဲပြန်သည်။

“ ဘာလုပ်မလို့လဲ ”

“ ကူရာကောင်းမှာရှိတဲ့ လူတစ်ယောက်နဲ့စကားပြောချင်လို့။ ဘာတွေဖြစ်နေတယ်ဆိုတာ သူသိကောင်းသိလိမ့်မယ် ”



www.burmeseclassic.com

www.burmeseclassic.com



" အိုး. . . ဟုတ်တာပေါ့။ ခင်ဗျားကို သတင်းတွေပေးပေးနေတဲ့ အင်ဂျင်နီယာ မဟုတ်လား "

နိုဝယ်က ဖုန်းဆက်သည်။ ပင်လယ်ရပ်ခြား အော်ပရေတာကို ခေါ်သည်။ ကူရာကောင်းသို့ ဆက်ပေးရန် တောင်းသည်။

" ဖုန်းကိုင်စောင့်ရမလား။ ဒါမှမဟုတ် ပြန်ဆက်မလား "

" ဒီလိုအချိန်မျိုးမှာ ဖုန်းဆက်သူ နည်းပါတယ်ရှင်။ ကိုင်စောင့်နေပါ"

" ကောင်းပါပြီ "

နိုတ်က ခုတင်စွန်းမှာဝင်ထိုင်ရင်း ဖုန်းကိုင်စောင့်နေသည်။ စက္ကန့် ကိုးဆယ်ခန့် ကြာသောအခါ တစ်ဘက်မှပြန်ထူးသံကြားရသည်။

ယောကျ်ားသံပင်ဖြစ်သော်လည်း ဆမ်၏အသံ မဟုတ်ချေ။

" ပြောပါ "

" ဆမ်နဲ့စကားပြောချင်လို့ပါ "

" အခုစကားပြောနေတာ ဘယ်သူပါလဲ "

" သူနဲ့ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ပါ။ ဥရောပတိုက်ကနေ ဆက်နေတာ "

" သူ မလာနိုင်တော့ပါဘူး ခင်ဗျား။ နောက်ထပ်လဲ ဖုန်းပြောနိုင်တော့မှာ မဟုတ်တော့ပါဘူး "

" ခင်ဗျား ဘာစကားတွေပြောနေတာလဲ "

" ဆမ်အကြောင်းကို ပြောနေတာပါခင်ဗျာ။ ဒေသခံကပွလီတစ်ယောက်က ဆမ်ကို ဝင်သတ်သွားပါတယ်။ အဲဒီခွေးသားကို ကျွန်တော်တို့ တောနင်းပြီး လိုက်ရှာနေကြပါတယ်"

နိုဝယ် ဇက်ကျိုးကျသွားသည်။ မျက်လုံးများကို မှိတ်ထားလိုက်ရသည်။ ရုတ်တရက် အသက်မရှူနိုင်အောင်လည်း ဖြစ်သွားသည်။

သူ၏လှုပ်ရှားမှုများသည် ဆမ်နှင့်လည်း ပတ်သက်နေကြောင်း ရန်သူများက လေ့လာတွေ့ရှိသွားပုံရသည်။ ဆမ်သည် သူ၏သတင်းများဖြန့်ရာ၊ ပို့ရာ ဗဟိုချက်မ ဖြစ်သည်။ ဆမ်ကို မူတည်ပြီး သူသိချင်သည်များကို စုံစမ်းရသည်။ သူသိစေချင်သည်များကို ပြန်လည်ပေးပို့ရသည်။

ယခုတော့ နာခရိုက်တင်းဒိုက်တို့က သူနှင့်ဆမ်ကိုပါ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်ပစ်လိုက်လေပြီ။

သူနှင့်ပတ်သက်သမျှ လူအားလုံးတို့သည် နောက်ဆုံးတွင် သေခြင်းတရားနှင့်သာ ရင်ဆိုင်နေကြရတော့သည်။

" အပင်ပန်းခံပြီးတော့ တောနင်းရှာမနေပါနဲ့တော့ဗျာ။ ဆမ်ကို ကျွန်တော် သတ်ပစ်လိုက်တာပါ "

နိုဝယ်က ထိုစကားကို ပင်ပန်းကြီးစွာ ပြန်ပြောလိုက်ရလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄၃ )

" ခင်ဗျားသားက 'တင်နီဆန်' ဆိုတဲ့နာမည်တစ်ခုကိုများ ထုတ်ပြောပြဖူးသလား " ဟု ယာကော့က မေးသည်။

" မပြောဖူးဘူး "

" အင်း . . . တော်တော်တော့ထူးတာပဲ။ သူနဲ့ နောက်ဆုံး ဘယ်တုန်းက စကားပြောခဲ့ရသလဲ "

" ငါ့ယောကျ်ား သေပြီးတဲ့နောက်။ အဲဒီတုန်းက သူ ပါရီမြို့မှာ "

" ခင်ဗျားယောကျ်ား သေပြီးတဲ့နောက်။ အဲဒီအကြိမ်ဟာ ပထမဆုံး စကားပြောရတာပဲလား "

" ငါ့ယောကျ်ား အသတ်ခံရတာပါ။ အဲဒီအချိန်ကတော့ အသတ်ခံရကြောင်း မသိသေးဘူးပေါ့လေ "

" ကျွန်တော်မေးတာကိုဖြေပါဦးလေ။ ခင်ဗျားယောကျ်ားဆုံးပြီးတဲ့နောက် စကားပြောရတာဟာ အဲဒါ ပထမဆုံးအကြိမ်ပဲလား "

" ဟုတ်တယ် "

" ဒါဖြင့် ဝမ်းနည်းကြောင်းလောက်သာ ပြောကြတာပေါ့ "

" ဒါပေါ့ . . . သူ့အဖေဆုံးကြောင်း သူ့ကို ငါပြောပြရမယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းတယ်။ ဒီအချိန်တုန်းက စိတ်ဆင်းရဲနေကြတဲ့အတွက် ဘာတွေပြောမိတယ်ဆိုတာ ကောင်းကောင်း မှတ်မိချင်မှမှတ်မိမှာ။ ခင်ဗျား ဗွန်တိုင်းဘို့လ်တ်နဲ့တွေ့ရင် ခင်ဗျားသားက ဂျီနီဗာကို သွားမယ့်အကြောင်းနဲ့ ဗွန်တိုင်းဘို့လ်တ်နဲ့ တွေ့ဖို့ချိန်းထားကြောင်း ပြောပြသွားတဲ့အကြောင်း ပြောပြလိုက်ပါ "

" ပြောမယ်။ ဒါပေမယ့် သူက ယုံပါ့မလား "

" သူမယုံချင်လို့လဲမရဘူးလေ။ ခင်ဗျားကို သူ တွေ့ချင်နေပြီ မဟုတ်လား "

" ငါကလဲ သူ့ကို တွေ့ချင်လှပါပြီ "

" အဲဒီလိုဆိုရင် အခုပဲဖုန်းဆက်ပါ။ ခင်ဗျားဟာ တုန်လှုပ်ချောက်ချားနေတဲ့ အမျိုးသမီးကြီးတစ်ယောက်ဖြစ်ကြောင်း သူယုံကြည်သွားပါစေနော်။ အသံနဲ့ပြောပုံဆိုပုံကအစ သိပ်ကို အရေးကြီးတယ်။ သူ မရိပ်မိစေနဲ့။ လေယူလေသိမ်းကို လိုသလိုသုံးပါ။ ခင်ဗျားရဲ့ပိုင်းလော့ အသတ်ခံရကြောင်းလဲပြောပါ။ ပုလိပ်တွေက တရကြမ်း လိုက်စစ်နေတယ်ပေါ့။ ဒါကြောင့် ခင်ဗျား သိပ်ကြောက်နေတယ်ပေါ့။ ပြောလို့ ဖြစ်နိုင်ပါ့လား "

" နားထောင်ကြည့်လေ "

အယ်လ်သိန်းက ဖုန်းကို လှမ်းဆွဲသည်။

ဟိုတယ်ဒကော့မှ အော်ပရေတာက ဂွန်တင်နီဆန်၏အခန်းမှ ဖုန်းနှင့် လိုင်းချင်း ဆက်ပေးသည်။

ယာကော့က အယ်လ်သိန်းပြောနေပုံကိုကြည့်ပြီး သဘောကျနေသည်။

" ခင်ဗျားကိုယ်ခင်ဗျား အစစအရာရာ သတိထားပြီးနေဖို့ လိုပါတယ်။ မစ္စက်ဟိုးလ်ခရော့ဖ်တ် " ဟု ဟိုတယ်ဒကော့မှ လူကပြန်ပြောသည်။

" ဒီလိုဆိုရင် အခု စကားပြောနေတာ ငါ့သားပြောပြဖူးတဲ့ ဂွန်တင်နီဆန် ဆိုတာလား "

" ဟုတ်ပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေပါ။ သူနဲ့ကျွန်တော် ပါရီမြို့မှာ တွေ့ခဲ့ကြတာပါ "

"တော်ပါသေးရဲ့ကွယ်. . . ဒီအတိုင်းဆိုရင် မင်း ငါ့ကိုကူညီနိုင်မလား"

" ဝမ်းမြောက်ဝမ်းသာ ကူညီပါ့မယ်ခင်ဗျာ "

" နို့ဝယ် ဘယ်မှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" အားနာစရာႀကီးျဖစ္ေနၿပီဗ်ာ။ သူ ဘယ္မွာရွိတယ္ဆိုတာ ကၽြန္ေတာ္ မသိပါဘူး။ ဂ်ိနီဗာမွာ သူ လုပ္စရာအလုပ္ေတြရွိေနပါတယ္။ ကၽြန္ေတာ္နဲ႔ေတာ့ မဆိုင္ဘူးေပါ့ေလ "

" မင္းနဲ႔မဆိုင္ဘူးလား "

ထိုစကားကို စိတ္သက္သာရာရသည့္ အသံမ်ိဳး ျဖစ္သြားေအာင္ အယ္လ္သိန္းက ႀကိဳးစားေျပာသည္။

" ဟုတ္ပါတယ္ခင္ဗ်ာ။ မဆိုင္ပါဘူး။ မေန႔ညတုန္းက ကၽြန္ေတာ္တို႔ ႏွစ္ေယာက္ ခပ္ေစာေစာ ညစာအတူတူစားၾကပါတယ္။ ကၽြန္ေတာ္က မီလန္ၿမိဳ႕ ကို သြားစရာလဲရွိေနတယ္။ ပါရီမွာတုန္းက ကၽြန္ေတာ္တို႔ ဂ်ိနီဗာေရာက္ရင္ နိုဝယ္ကို ၿမိဳ႕ထဲလိုက္ျပေပးမယ္လို႔ေတာင္ ကၽြန္ေတာ္ ေျပာခဲ့ပါေသးတယ္။ သူက ဂ်ိနီဗာကို တစ္ခါက္မွ မေရာက္ဖူးဘူးေလ "

" မင္း ငါနဲ႔မ်ား ေတြ႕နိုင္မလား မစၥတာ တင္နီဆန္ "

" ေတြ႕နိုင္တာေပါ့ခင္ဗ်ာ။ အခု ခင္ဗ်ား ဘယ္မွာလဲ "

" တို႔ သိပ္ကို သတိထားနိုင္မွ ေတာ္ကာက်မယ္။ ငါ့အတြက္ မင္းမွာ အႏၲရာယ္မျဖစ္ေစခ်င္ဘူး "

" ကၽြန္ေတာ့္အတြက္ ဘာအႏၲရာယ္မွ မရွိနိုင္ပါဘူး မစၥက္ဟိုးလ္-ခေရာ့ဖ္တ္။ ဂ်ိနီဗာၿမိဳ႕မွာ ကၽြန္ေတာ္ လြတ္လြတ္လပ္လပ္ သြားလာလႈပ္ရွား နိုင္ပါတယ္ "

" ငါ့အဖို႔ေတာ့ နည္းနည္းကေလးမွ မလြတ္လပ္ဘူး။ အာထရီစိတ္-မက္ေဒါက္မွာ အျဖစ္ဆိုးႀကီးနဲ႔ ႀကံဳခဲ့ရတယ္ "

" အဲဒါေတြ ထားလိုက္ပါေလ။ ခင္ဗ်ား သိပ္စိတ္ေသာကေရာက္ေန လို႔ ျဖစ္ပါလိမ့္မယ္။ ဘာပဲျဖစ္ျဖစ္ေပါ့ေလ. . . အဲဒီကိစၥက ခင္ဗ်ားနဲ႔ မပတ္သက္ နိုင္ပါဘူး။ အခု ခင္ဗ်ား ဘယ္ကစကားေျပာေနတာလဲ. . . ကၽြန္ေတာ္တို႔ ဘယ္ ေနရာမွာ ေတြ႕နိုင္မလဲ "

" ဘူတာ႐ုံမွာေတြ႕မယ္။ ေျမာက္ဘက္အဝင္ေပါက္က ခရီးသည္နား ေနတဲ့အခန္းထဲမွာ။ ေလးဆယ့္ငါးမိနစ္ၾကာရင္ အဲဒီေနရာကို ငါေရာက္ေနမယ္။ မင္းကို ဘုရားသခင္ ေစာင့္ေရွာက္ပါေစ "

အယ္လ္သိန္းက ဖုန္းကို ဝုန္းကနဲျပန္ပစ္တင္လိုက္သည္။ ယာေကာ့ က ၿပဳံးေနသည္။



www.burmeseclassic.com

www.burmeseclassic.com



" သူ့ဘက်က သိပ်ကို သတိထားနေလိမ့်မယ်။ သူ့အတွက် လုံခြုံရေး အစီအစဉ်တွေကို အဆပေါင်းများစွာတိုးပြီး စီစဉ်လိမ့်မယ်။ ဒီလိုလုပ်ရင် ကျွန်တော်တို့အတွက် အချိန်ပိုရတာပဲ။ ကျွန်တော် ဟိုတယ်ဒကော့ကို သွားတော့မယ်။ ကျွန်တော့်အတွက် အချိန်တိုင်း အရေးကြီးနေပြီ။ တစ်မိနစ်တောင် အဆုံးမခံနိုင်တော့ဘူး "

\+ + +

ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ဖုန်းကို ခပ်ဖြည်းဖြည်း ပြန်တင်လိုက်သည်။ ထင်ထားသည့်ထက်ပင် အန္တရာယ်က ပိုကြီးနိုင်သည်ဟု စဉ်းစားနေမိသည်။

နိုဝယ်သည် ဂျီနီဗာသို့ မရောက်ဖူးကြောင်း သူတမင် ပြောလိုက်ခြင်းဖြစ်သည်။ ထိုသို့ လိမ်ညာပြောခြင်းဖြစ်ကြောင်းကိုလည်း အဘွားကြီးက သိပုံရသည်။

အဘွားကြီး၏လေသံကို နားထောင်ကြည့်ခြင်းအားဖြင့် အမှန်တကယ် ကြောက်လန့်နေကြောင်း သိသာသည်။ ပိုမိုကြောက်လန့်အောင် ခြောက်လှန့်လိုက်သည့်သဘောလည်း ဖြစ်သည်။

လိုအပ်သည်များကို သေချာအောင် ပြင်ဆင်ရမည်။ အဘွားကြီး အထိတ်တလန့် ဖြစ်နေသည်ကို လျှော့တွက်၍မဖြစ်။ ထို့နောက်ပိုင်းမှ အခြားအန္တရာယ်များလည်း ပေါ်ပေါက်လာနိုင်သေးသည်။

ထိုအခိုက် ဖုန်းခေါင်းလောင်း မြည်လာပြန်သည်။

" ပြောပါ "

တစ်ဘက်မှဆက်သူမှာ ဒုတိယမြို့တော်ဝန်ဖြစ်သည်။ ဟိုတယ်ဒကော့မှ ဧည့်ကြိုစာရေးအား မစ္စက်ဟိုးလ်ခရော့ဖ်တ်ပေးခဲ့သည့် တယ်လီဖုန်းနံပါတ်ရှိရာ လိပ်စာကို သူတို့ရှာဖွေနေကြဆဲဖြစ်သည်။

" ရှာမနေနဲ့တော့။ တို့အတွက် ဘာမှအသုံးမဝင်တော့ဘူး။ အဘွားကြီးနဲ့ငါ အဆက်အသွယ်ရပြီးပြီ။ အစိုးရကားတစ်စီးကို ပုလိပ်တစ်ယောက် မောင်းခိုင်းပြီး ဟိုတယ်ဒကော့ကို လွှတ်လိုက်ပါ။ အခုလွှတ်လိုက်ပါ။ ဆယ့်ငါးမိနစ်အတွင်း လောဘီထဲကို သူရောက်နေပါစေ။ ငါ့အတွက် ဧည့်သည်တစ်ယောက်ကို သွားကြိုပေးစရာရှိတယ်လို့ ပြောလိုက်ပါ "

ဂျိုဟန်းသည် တစ်ဘက်မှ ပြန်ကြားချက်ကို စောင့်မနေတော့ဘဲ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ချလိုက်လေသည်။

သေနတ်နှစ်လက်သိမ်းထားသည့်စားပွဲရှိရာသို့ လျှောက်လာသည်။ အံဆွဲကိုဖွင့်ပြီး သေနတ်နှစ်လက်ကို ထုတ်သည်။ ထိုသေနတ်များသည် တီနာမောအသုံးပြုခဲ့သော သေနတ်များဖြစ်လေသည်။

\+ \+ \+

ယာကော့သည် ဟိုတယ်ဒကော့နှင့် မျက်နှာချင်းဆိုင် တစ်နေရာရှိ လူသူမမြင်တွေ့နိုင်သည့် တစ်နေရာမှာ အသာကပ်နေသည်။ ဟိုတယ်ဘက်သို့ မမှိတ်မသုန် လှမ်းကြည့်နေသည်။

အစိုးရမော်တော်ကားတစ်စီး မောင်းဝင်လာသည်။ မောင်းသူမှာ ပုလိပ်အရာရှိတစ်ယောက်ဖြစ်သည်။ ဟိုတယ်ထဲသို့ဝင်သွားသည်။ လော်ဘီထဲမှာ စောင့်နေသော ဗွန်တိုင်းဘိုလ်တ်က ပုလိပ်ကို လိုအပ်သည်များ ညွှန်ကြားနေပုံရသည်။

သူတို့နှစ်ယောက် စကားပြောပြီးသောအခါ ပုလိပ်အရာရှိက ခပ်သုတ်သုတ်ပြန်ထွက်ကာ စောစောကရပ်ထားခဲ့သည့် မော်တော်ကားပေါ် တက်ပြီး မောင်းထွက်သွားသည်။

ဗွန်တိုင်းဘိုလ်တ်ကလည်း အခြား ကားတစ်စီးကိုမောင်းပြီး မလှမ်းမကမ်းမှ လိုက်သွားသည်။

ယာကော့က ဟိုတယ်ထဲသို့ ဝင်ခဲ့သည်။ ဧည့်ကြိုစာရေးထံသွားသည်။ သူ့ကိုယ်သူ အလွန်တရာ ပင်ပန်းနွမ်းနယ်နေသော အရာရှိတစ်ယောက်ပုံစံမျိုး ဖမ်းထားသည်။ ဧည့်ကြိုစာရေးနှင့် စကားပြောရင်းလည်း အသက်ကို မောကြီးပန်းကြီး ရှူနေသည်။

" ကျုပ် ပုလိပ်အဖွဲ့က စစ်ဆေးရေးအရာရှိပဲ။ လူသတ်မှုဖြစ်သွားတဲ့ အခန်းမှာ ခြေရာလက်ရာတွေ စစ်ဆေးရဦးမယ်တဲ့ဗျာ။ အိပ်ကောင်းနေတဲ့ အချိန်ကြီးကျမှ နှိုးပြီးလွှတ်လိုက်လို့ထလာရတယ်။ ဟို. . . ဝီလီအဲလစ်ဆိုတဲ့ လူရဲ့ အခန်းလေ။ နံပါတ်ဘယ်လောက်လဲ "

" တတိယထပ်. . . အခန်းနံပါတ် သုံးဆယ့်တစ်ပါ "

စာရေးက ပုလိပ်အရာရှိယောင်ဆောင်လာသော ယာကော့ကို ကရုဏာသက်သည့် အမူအရာမျိုးဖြင့် ကြည့်ပြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးပါပဲ "

ယာကော့က ခတ်လှေကားရှိရာသို့ လျှောက်လာသည်။ ပဉ္စမထပ်သို့တက်သည့် ခလုတ်ကို နှိပ်လိုက်သည်။ ဂျွန်တင်နီဆန်သည် အခန်းနံပါတ် ၅၁၂ တွင် ငှားနေသည်။

သူအဖို့ အချိန်တိုင်း တန်ဖိုးကြီးနေလေပြီ။

❖

မီးရထားဘူတာရုံ မြောက်ဘက်ဝင်ပေါက်ရှိ ခရီးသည်များနားနေသည့် အခန်းဆီသို့ ပုလိပ်အရာရှိတစ်ယောက် လျှောက်သွားသည်။ အခန်းထဲမှာ ထိုင်နေသော အမျိုးသမီးကြီးတစ်ဦးနားသို့ ချဉ်းကပ်သွားသည်။

" မစ္စက်ဟိုးလ်ခရော့ဖ်တ်ဆိုတာလားခင်ဗျာ "

" ဟုတ်ပါတယ် "

" ကျွန်တော်နဲ့ ကျေးဇူးပြုပြီး လိုက်ခဲ့စေလိုပါတယ် မဒမ် "

" ဘာကိစ္စလဲဆိုတာ သိပါရစေ "

" မစ္စတာတင်နီဆန်ဆီကို ကျွန်တော် လိုက်ပို့ပေးရမှာပါခင်ဗျာ "

" ဒီလို အရာရှိတစ်ယောက်ကိုယ်တိုင် လိုက်ပို့ပေးဖို့ လိုသလား "

" ဂုဏ်သရေရှိ လူကြီးလူကောင်းများကို ကျွန်တော်တို့ ဂျီနီဗာမြို့က ဒီလိုပဲ ဆက်ဆံလေ့ရှိပါတယ် ခင်ဗျာ "

အယ်လ်သိန်းက ပုလိပ်အရာရှိ ခေါင်ဆောင်ရာနောက်သို့ လိုက်သွားသည်။ အပြင်မှာ အစိုးရမော်တော်ကားတစ်စီး ရပ်ထားသည်။

ပတ်လည်တွင် ယူနီဖောင်းဝတ် ပုလိပ်လေးယောက် စောင့်နေသည်။ ပုလိပ်တစ်ယောက်က အယ်လ်သိန်းအတွက် မော်တော်ကားတံခါးကို အဆင်သင့်ဖွင့်ပေးထားသည်။ အယ်လ်သိန်းက ကားပေါ်တက်ထိုင်သည်။

" ညွှန်ကြားထားတဲ့အတိုင်း လုပ်ပါ။ မိနစ်နှစ်ဆယ်အတွင်း ဒီနေရာကို ဘယ်မော်တော်ကားမှမဝင်စေနဲ့။ တစ်စီးစီးက အတင်းဝင်လာတယ်ဆိုရင် ငါ့ကားကို ရေဒီယိုနဲ့ သတင်းပို့ပါ။ မိနစ်နှစ်ဆယ်ပြည့်ရင် အစောင့်ရဲဘော်တွေကို ပြန်လွှတ်လိုက်နိုင်ပြီ "

ကားထဲမှာရှိနေသောပုလိပ်အရာရှိက အပြင်မှပုလိပ်အရာရှိတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောသည်။

“ ကောင်းပါပြီခင်ဗျာ ”

သူတို့ မော်တော်ကား မောင်းထွက်လာခဲ့သည်။

“ အဒေါ်တို့ ဘယ်ကိုသွားနေကြတာလဲ ”

အယ်လ်သိန်းက ကားမောင်းနေသော ပုလိပ်အရာရှိကို လှမ်းမေးသည်။

“ အစိုးရဧည့်ရိပ်သာကို သွားနေတာပါခင်ဗျာ။ အဲဒီဧည့်ရိပ်သာဟာ ဒုတိယမြို့တော်ဝန်ရဲ့အထူးဧည့်သည်တော်တွေ တည်းခိုဖို့ဖြစ်ပါတယ်။ မစ္စတာ တင်နီဆန်ဟာ သိပ်ကို အရေးကြီးတဲ့ပုဂ္ဂိုလ်ဖြစ်ပုံရပါတယ် ”

“ ဟုတ်တာပေါ့လေ ” ဟု အယ်လ်သိန်းက အလိုက်သင့် ပြန်ဖြေလိုက်လေသည်။

❖

ကိုက်ငါးဆယ်ခန့်အကွာတွင် ရပ်ထားသော မော်တော်ကားထဲရှိ ဗွန်တိုင်းဘို့လ်တ်က ပုလိပ်အရာရှိမောင်းပြီး အယ်လ်သိန်းပါသွားသော မော်တော်ကားထွက်သွားသည်ကို လှမ်းကြည့်နေသည်။

ထိုမော်တော်ကား အတော်လှမ်းလှမ်းသို့ရောက်တော့မှ သူ့ကားကို မောင်းထွက်သည်။ သို့သော်လည်း ခပ်ကွာကွာမှ လိုက်သည်။

‘ဝံပုလွေ’တို့အတွက် နောက်ဆုံး ဆူးငြောင့်ခလုတ်သည် မကြာမီမှာပင် ရှင်းလင်းပြီးသွားတော့မည်ဖြစ်ကြောင်း သူ ယုံကြည်နေလေသည်။

\+ \+ \+

ယာကော့သည် ဟိုတယ်ဒကော့ရှိ ဗွန်တိုင်းဘို့လ်တ်၏အခန်းရှေ့သို့ ရောက်လာသည်။

အပေါက်ဝတွင် ‘မနှောင့်ယှက်ပါနှင့်’ဟူသော ဆိုင်းဘုတ်ချိတ်ထားသည်ကို တွေ့ရသည်။

အသင့်ယူလာသည့် လက်ကိုင်အိတ်ကိုကြမ်းပေါ်သို့ ချသည်။ အိတ်ကိုဖွင့်ပြီး လက်နှိပ်ဓာတ်မီးကို ထုတ်သည်။ ထိုလက်နှိပ်ဓာတ်မီးနှင့် တံခါးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကို သေသေချာချာစစ်ဆေးကြည့်သည်။ ခတ်မီးမှ အစိမ်းနုရောင် မီးတန်းကလေး ထွက်လာသည်။

သူထင်ထားသည့်အတိုင်းပင် တံခါးပေါက်မှာ ဆံပင်ခြည်ကလေးကို မသိမသာကပ်ထားသည်။ ထိုအကြောင်းကို မသိဘဲ တစ်စုံတစ်ယောက်က ဖွင့်ဝင်မည်ဆိုလျှင် ဗွန်တိုင်းဘို့လ်တ် ပြန်လာပါက သူ့အခန်းကို တစ်ယောက်ယောက်က ဖွင့်ဝင်သွားကြောင်း ချက်ချင်းသိရှိရပေမည်။

ယာကော့က ထိုဆံပင်ခြည်ကလေးကို ဂရုတစိုက်ကိုင်တွယ်ပြီး ဖယ်သည်။ ပြီးတော့ အိတ်ထဲမှာထည့်သိမ်းသည်။

တံခါးကို သော့တူနှင့်ဖွင့်သည်။

အခန်းထဲသို့ရောက်သောအခါ ပတ်ဝန်းကျင်အခြေအနေကို စေ့စေ့စပ်စပ် ကြည့်ရှုအကဲခတ်သည်။

လက်ပတ်နာရီကိုကြည့်သည်။ အလုပ်ချိန် မိနစ်သုံးဆယ်မျှသာရမည်။ ထိုမျှသောအချိန်အတွင်း အားလုံးပြီးစီးအောင် လုပ်ရပေတော့မည်။

အိပ်ခန်းတံခါးနားသို့ကပ်ခဲ့သည်။ အစိမ်းနုရောင်ခတ်မီးကလေးနှင့် ထိုးကြည့်သည်။ တံခါးပတ္တာတွင် သာမန်မျက်စိနှင့်မမြင်တွေ့နိုင်သော အပ်ဖျားကလေးတစ်ခုကို မီးရောင်တွင် မြင်နေရသည်။

ထိုအပ်ဖျားသည် အဆိပ်ငွေ့ထုတ်လွှတ်ရာ အပ်ဖျားဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် လက်ကိုင်အိတ်ထဲမှာ အသင့်ပါလာသော ဓာတ်ငွေ့ကာမျက်နှာဖုံးကို သွားယူသည်။ မျက်နှာမှာစွပ်သည်။ အောက်ဆီဂျင်ပိုက်ကို ဖွင့်သည်။

အားလုံး ပြင်ဆင်ပြီးသောအခါ တံခါးရွက်မှအပ်ဖျားကလေးကို ဖြုတ်ယူသည်။ တံခါးကိုခပ်သာသာဖွင့်သည်။ စောစောက အပ်ဖျားကလေး တပ်ဆင်ထားသည့်နေရာမှ အဆိပ်ငွေ့များ ပန်းထွက်လာသည်။ စက္ကန့်အတော်ကြာအောင် အဆိပ်ငွေ့များ ပန်းထွက်နေသည်။

အခန်းထဲမှာ မှောင်ပိန်းသွားသောကြောင့် ပြတင်းပေါက်ကို သွားဖွင့်ရသည်။ အငွေ့များပြယ်သွားအောင် ခဏစောင့်နေရသေးသည်။

သည်အခန်းကို သည်မျှလုံခြုံအောင် ပြုလုပ်ထားသည်ကိုကြည့်ခြင်းအားဖြင့် သူလိုချင်သော နာမည်စာရင်းများသည် အခန်းထဲမှာရှိနေပြီဟု ယာကော့က အတတ်သိပြီးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ငွေ့များ ပြယ်သွားသောအခါကျမှ အိပ်ခန်းထဲသို့ဝင်ခဲ့သည်။ လက်ကိုင်အိတ်ထဲမှ မိုင်းဖုံးရှာသည့်ကိရိယာကလေးကို ထုတ်ယူသည်။ ခုတင်ပတ်လည်မှာရှာသည်။ ထူးထူးခြားခြားမတွေ့။

အဝတ်ဗီရိုနားသို့ ကပ်ခဲ့သည်။ သူ့လက်ထဲရှိ ကိရိယာကလေး၏ အိမ်မြှောင်လက်တံက တဆတ်ဆတ်လှုပ်ရှားနေသည်။

ယာကော့ ကျေနပ်သွားသည်။

အဝတ်ဗီရိုကို အစိမ်းရောင်ဓာတ်မီးကလေးနှင့် သေသေချာချာ ထိုးကြည့်ပြန်သည်။

သူထင်ထားသည့်အတိုင်း အပ်ချောင်းသေးသေးကလေး လျှို့ဝှက်တပ်ဆင်ထားသည်ကို တွေ့ရပြန်သည်။

ဓာတ်ငွေ့ကာမျက်နှာဖုံးကို မချွတ်တော့ဘဲ ထိုအပ်ကလေးကို ဖြုတ်ယူသည်။

အဆိပ်ငွေ့များ ပန်းထွက်လာပြန်သည်။ နောက်သို့ အနည်းငယ်ဆုတ်ပြီး ရှောင်ပေးနေရပြန်သည်။

စက္ကန့်အတော်ကြာတော့မှ အဆိပ်ငွေ့များ ရပ်သွားသည်။ ဗီရိုတံခါးကိုဖွင့်သည်။

တွေ့ပါပြီ။

သေတ္တာတစ်လုံး။

သို့သော်လည်း ကိုင်တွယ်ထားသည့်လက္ခဏာကို မတွေ့ရ။ သေတ္တာက အသစ်ပကတိလိုရှိနေသည်။ အဝတ်အစားထည့်သည့် သေတ္တာဆိုလျှင် အနည်းနှင့်အများ ကိုင်တွယ်ထားသည့်လက္ခဏာရှိရပေမည်။

ထိုသေတ္တာကို သတိနှင့်မ,ယူပြီး ခုတင်ပေါ်သို့ တင်သည်။ သော့များကို ဂရုတစိုက်စစ်ဆေးကြည့်သည်။

ညာဘက်တွင် သော့တစ်လုံး၊ ဘယ်ဘက်တွင် သော့တစ်လုံးရှိသည်။

လက်ကိုင်အိတ်ထဲမှ သော့တူကိုယူပြီး ညာဘက်သော့ကို အလျင်ဖွင့်သည်။ သေတ္တာနှင့်သူ့ကိုယ်ကို ခပ်ဝေးဝေး ခွာထားသည်။ လက်နှစ်ဖက်ကိုလည်း ဘေးသို့လွှဲထားသည်။

ညာဘက်သော့ကိုဖွင့်လိုက်သည်နှင့်တစ်ပြိုင်တည်း 'ထောက်'ဟူသော အသံနှင့်အတူ သေးငယ်ပြီး ချွန်ထက်လှသော သံမဏိချောင်းတစ်ခု ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှုမဲ့အမှတ်မဲ့ဖြင့် အနားကပ်ဖွင့်လျှင် ရင်ဝကို တည့်တည့်စူးဝင်မည့် သံမဏိမြားဖြစ်လေသည်။

ယာကော့က သဘောကျစွာ ပြုံးလိုက်သည်။

ဘယ်ဘက်က သော့ကို ဖွင့်ပြန်သည်။

ယခုတစ်ချီတွင်လည်း စောစောကကဲ့သို့ပင် ကိုယ်ကိုဘေးသို့ လွှဲပေးထားသည်။ လက်ကိုလည်း လွတ်လွတ် ရှောင်ပေးထားသည်။

သော့ပွင့်သွားသည်နှင့်တစ်ပြိုင်တည်း 'ရွှတ်'ဟူသော အသံကို ကြားရသည်။ သေတ္တာနှင့်မျက်နှာချင်းဆိုင်မှာရှိနေသော ဆိုဖာနောက်မှီထဲသို့ တစ်စုံတစ်ရာ စူးနစ်ဝင်သွားသည်ကို မြင်ရသည်။ ဝင်သွားသည့်နေရာတွင် အနည်းငယ်စိုသွားသည်။

ဆိုဖာနောက်မှီထဲသို့ ဝင်သွားသည်အရာကို ထုတ်ကြည့်သည်။ သံမဏိထိပ်ဖူးတပ် ကျည်ဆန်သေးသေးကလေး ဖြစ်သည်။ ကျည်ဆန်ရိုးရိုးမဟုတ်ပါ။ အထဲမှာ အဆိပ်များကို ထည့်ထားသေးသည်။ လူ၏ခန္ဓာကိုယ်အတွင်းသို့ ဝင်သွားလျှင် ထိုကျည်ဖူး၏ဒဏ်ရာဖြင့် သေနိုင်သည်။ မသေလျှင်လည်း ကျည်ဖူးထဲမှာပါသည့် အဆိပ်ရည်များကြောင့် နာရီပိုင်းအတွင်း သေနိုင်သည်။

ကျည်ဖူးကလေးကို အိတ်ထဲသို့ ဂရုတစိုက်ပြန်ထည့်ပြီး သေတ္တာဆီသို့ ပြန်လာသည် သေတ္တာကို ဖွင့်လိုက်သည်။

အတွင်းမှ သံမဏိဗူးတစ်ဗူး ပေါ်ထွက်လာသည်။

သံမဏိဗူးကို ဖွင့်လိုက်သောအခါ သူလိုချင်နေသော လူနာမည်စာရင်းများကို ဘွားကနဲမြင်တွေ့ရလေတော့သည်။

ထိုစာရင်းများကိုတွေ့ရသည်အထိ အချိန်စုစုပေါင်း ဆယ်ရှစ်မိနစ်ကြာမြင့်လေသည်။

ဖိုင်တွဲကို ထုတ်ယူကြည့်သည်။

စုစုပေါင်း ဆယ့်တစ်မျက်နှာရှိသည်။ တစ်မျက်နှာလျှင် ခြောက်ကော်လန်ခွဲပြီး၊ လူနာမည်များ၊ လိပ်စာများကို အပြည့်အစုံ ရေးထားသည်။ တစ်မျက်နှာလျှင် လူပေါင်း ၁၅၀ ရေးသွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် လူပေါင်း ၁၆၅၀ ရှိမည်ဟု ခန့်မှန်းရသည်။

သူတို့ အပြင်းအထန် ရှာဖွေနေသော 'ဝံပုလွေ'များ၏စာရင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ်ရရှိလေပြီ။

ယာကော့က သူ၏လက်ကိုင်အိတ်ကိုဖွင့်ပြီး ကင်မရာတစ်လုံး ဆွဲထုတ်သည်။

\+ + +

အားရစ်က တယ်လီဖုန်းကိုပြန်ချကာ ခေါင်းကိုခါယမ်းရင်း ပြတင်းပေါက်နားမှာ ရပ်နေသော နိုဝယ်ကို လှမ်းကြည့်သည်။

“ ဘာမှ မထူးဘူး။ ခင်ဗျားအမေက ဟိုတယ်ဒကော့ကို လုံးလုံးဖုန်းမဆက်ဘူး ”

“ သူတို့ သေချာရဲ့လားဗျာ ”

“ မစ္စတာ ဟိုးလ်ခရော့ဖ်တ်ကိုလဲ ဘယ်သူမှ ဖုန်းမဆက်ဘူးတဲ့။ ဟိုတယ်အိပ်ချိန်းကိုလဲ မေးကြည့်သေးတယ်။ ဧည့်ကြိုစာရေး ဟိုနားဒီနား ထသွားတဲ့အချိန်မျိုးမှာ ဆက်ချင်ဆက်နေမှာလေ။ ကျွန်တော်ပြောနေတာ ခင်ဗျားလဲ ကြားနေရသားပဲ ”

“ ကျွန်တော်တော့ နားမလည်တော့ဘူးဗျာ။ အမေ ဘယ်ရောက်နေသလဲ။ ဘာကြောင့် ကျွန်တော့်ကို ဖုန်းမဆက်တာလဲ။ လွန်ခဲ့တဲ့ နာရီပေါင်းများစွာကတည်းက ကျွန်တော့်ကို ဖုန်းဆက်ဖို့ကောင်းနေပြီ။ ဟယ်လ်ဒင်လဲ အတူတူပဲ။ သောကြာနေ့ညမှာ ဖုန်းဆယ်မယ်လို့ ကျွန်တော့်ကို သေသေချာချာ ပြောလိုက်တယ်။ ဒုက္ခပါပဲဗျာ။ အခု စနေနေ့မနက်တောင်ရောက်နေပြီ ”

“ ဟုတ်တယ်. . . လေးနာရီထိုးတော့မယ်။ ခင်ဗျား ခဏလောက်တော့ နားလိုက်ဖို့ကောင်းတယ် နိုဝယ်။ ခင်ဗျားအမေကို တွေ့နိုင်ဖို့အတွက် ဂျိုဟန်းကလဲ အပြင်းအထန်ကြိုးစားနေပါတယ်။ သူ လုပ်သင့်လုပ်ထိုက်တာတွေအားလုံး လုပ်နေတာပါပဲ။ ကျွန်တော်တို့ကို အကောင်းဆုံး အကူအညီပေးနိုင်တဲ့လူတွေ ဂျီနီဗာမှာရှိနေတယ်လေဗျာ ”

“ ကျွန်တော် ဘယ်လိုလုပ်ပြီး အနားယူနိုင်မှာလဲဗျာ။ ခင်ဗျားမေ့သွားပြီထင်တယ်။ ကူရာကောင်းမှာရှိတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ကျွန်တော် သတ်ပစ်လိုက်ပြီလေဗျာ။ ကျွန်တော့်ကို သူ အကူအညီတွေ ပေးခဲ့တယ်။ အခုတော့ ကျွန်တော့်ကြောင့် သူသေရပြီ။ သူ့ကို ကျွန်တော် သတ်ပစ်လိုက်ပြီ ”



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က ဝမ်းနည်းပက်လက်ပြောသည်။

" ခင်ဗျားသတ်တာမဟုတ်ပါဘူး။ နာခရိုက်တင်းဒိုက်တွေ သတ်တာပါ "

" ဒီလိုဆိုရင်တော့ ကျွန်တော်တို့ တစ်ခုခုလုပ်မှဖြစ်တော့မယ်။ ဗွန်တိုင်းဘိုလ်တ်မှာ အာဏာရှိတဲ့ အရာရှိကြီးတွေရှိတယ် မဟုတ်လား။ သူ့ကို ဆမ် အသတ်ခံခဲ့ရတဲ့အကြောင်း ပြောပြလိုက်ပါဗျာ။ အင်္ဂလိပ်ထောက်လှမ်းရေးတွေအပေါ်မှာ သူ့ကျေးဇူးတွေရှိနေတာပဲ။ တီနာမောကို သူဖမ်းပေးခဲ့တယ် မဟုတ်လား။ ဒါကြောင့် ဒီကောင်တွေက လူသတ်သမားတွေဖြစ်ကြောင်း တစ်ကမ္ဘာလုံးသိအောင် ဖော်ထုတ်ပစ်ကြပါစို့။ ကျွန်တော်တို့ ဘာကြောင့် စောင့်နေကြတော့မှာလဲ. . . ဘာကို စောင့်နေရမှာလဲ "

အားရစ်က နိုဝယ်ဘက်သို့ သုံးလေးလှမ်းလျှောက်လာသည်။ နိုဝယ်ကိုလည်း စိုက်ကြည့်နေသည်။

" အရေးကြီးဆုံးအလုပ်တစ်ခုကို ကျွန်တော်တို့ စောင့်နေကြတယလေဗျာ။ ဘဏ်တိုက်မှာ ကျွန်တော်တို့အားလုံး ဆုံကြဖို့လေ။ ကျွန်တော်တို့ရဲ့ ပဋိညာဉ်ခံလုပ်ငန်းကို အကောင်အထည်ဖော်ဖို့လေ။ ကျွန်တော်တို့ စာချုပ်စာတမ်းတွေမှာ လက်မှတ်ထိုးပြီးပြီဆိုရင် ဒီလောကကြီးမှာ ကျွန်တော်တို့ မလုပ်နိုင်ဘူးဆိုတဲ့အလုပ် ဘာတစ်ခုမှ မရှိတော့ဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့ ပြောသမျှကို တစ်ကမ္ဘာလုံးက နားထောင်ကြရတော့မယ်။ ဒါကြောင့် အဲဒါတွေက အများကြီး ပိုအရေးကြီးပါတယ်။ ခင်ဗျားအမေနဲ့ ဟယ်လ်ဒင်ဟာလဲ ခင်ဗျားအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် "

နိုဝယ်က တဖြည်းဖြည်းချင်း ခေါင်းညိတ်ပြနေသည်။ သူစကားပြောသောအခါ သူ့လေသံကလည်း အလွန်တရာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်ကြောင်း သိသာထင်ရှားလှလေသည်။

" ဟုတ်ပါတယ်လေ။ ဒါပေမယ့် အမေနဲ့ဟယ်လ်ဒင်ဆီက ဘာသံမှ မကြားရဘူးဆိုတော့ ကျွန်တော် ရူးချင်သလိုလိုဖြစ်လာတယ်။ ဖုန်းဆက်ပါ့မယ်လို့ သေသေချာချာ ပြောထားပြီး အခုလို အချိန်တွေအများကြီး လွန်လာတဲ့အထိ မဆက်ဘူးဆိုတော့ သူတို့တစ်ခုခုဖြစ်နေပြီဆိုတာ သေချာတာပေါ့။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားနေရမလဲဆိုတာ ခင်ဗျား စဉ်းစားကြည့်ပါ "



www.burmeseclassic.com

www.burmeseclassic.com



“ ခင်ဗျား ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် မကြာခင် အဆင်ပြေသွားမှာပါ။ အားလုံး အဖြေပေါ်လာမှာပါ။ ကဲ. . . ကျွန်တော်လဲ ကိုယ်ရေလက်ရေးကလေး သန့်လိုက်ဦးမယ်ဗျာ ”

နိုဝယ်က ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ အပြင်သို့ မျှော်ကြည့်လိုက်သောအခါ အိပ်မောကျနေသော ဂျီနီဗာမြို့ကြီးကို မြင်တွေ့ရလေသည်။

သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များက တိုတောင်းသော အချိန်အနည်းငယ်အတွင်း များပြားလွန်းလှလေသည်။

သို့သော်လည်း ဘာတစ်ခုမှ အဓိပ္ပာယ်မရှိ။

မှန်ပါသည်။ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိချေ။

ထိုအကြောင်းကို စဉ်းစားမိရင်း နိုဝယ် မျက်မှောင်ကုပ်သွားသည်။ တစ်စုံတစ်ရာကို သူ စဉ်းစားလိုက်မိသည်။

သူ စဉ်းစားမိသည်မှာ သူ့နာမည်။

ဟိုတယ်ဒကော့မှာ သူတည်းမည်ဆိုလျှင် သူ့နာမည်သည် နိုဝယ်ဟိုးလ်ခရော့ဖ်တ်မဟုတ်။ ဖရက်စကားဆိုသည့် နာမည်နှင့်တည်းရန်ဖြစ်သည်။ ဟယ်လ်ဒင်က သူ့ကိုဖုန်းဆက်မည်ဆိုလျှင် နိုဝယ်ဟိုးလ်ခရော့ဖ်တ်ကို ဆက်မည်မဟုတ်။ ဖရက်စကာကို ဆက်ရမည်။

ဖရက်စကာ။

နိုဝယ်က ဖုန်းရှိရာသို့ အူယားဖားယား ပြေးသည်။ အားရစ်ကို ဆက်ခိုင်းနေဖို့မလိုပါ။ ဟိုတယ်ဒကော့မှာရှိသော အော်ပရေတာသည် အင်္ဂလိပ်စကားတတ်သူဖြစ်သည်။ နံပါတ်ကိုလည်း သူသိသည်။ ထို့ကြောင့် ဟိုတယ်သို့ လှမ်းဆက်လိုက်သည်။

“ ဟိုတယ်ဒကော့က စကားပြောနေပါတယ် ”

“ အော်ပရေတာ. . . မစ္စတာဟိုးလ်ခရော့ဖ်တ် စကားပြောနေပါတယ်။ အခုနကလေးပဲ မင်းကို ဒေါက်တာကက်စလာဖုန်းဆက်သေးတယ်။ ကျုပ်အတွက် သတင်းတစ်ခုခုများ ရောက်နေသလားလို့မေးတာ ”

“ ကျွန်မ ကောင်းကောင်းနားမလည်ပါဘူးရှင်။ ဒေါက်တာကက်စလာနဲ့ စကားပြောချင်လို့ပါလား ”

“ မဟုတ်ဘူး . . . ကျုပ်ပြောတာကို မင်း နားမလည်ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကက်စလာက အခုကလေးပဲ မင်းကို ဖုန်းလှမ်းဆက်သေးတယ်လေ။ ကျုပအတွက် သတင်းတစ်ခုခုရောက်သလားလို့ မေးတယ်မဟုတ်လား။ တခြားနာမည်တစ်ခုအကြောင်း မင်းကို မေးကြည့်ချင်လို့။ နိုဝယ်ဖရက်စကာ. . . နိုဝယ်ဖရက်စကာ. . သူ့နာမည်နဲ့များ သတင်းတစ်ခုခု ပေးထားတာရှိသလား"

"ကျွန်မတို့ ဟိုတယ်ဒကော့မှာ ဖရက်စကာဆိုတဲ့ပုဂ္ဂိုလ် တည်းမနေပါဘူးရှင်။ ဒေါက်တာကက်စလာရဲ့အခန်းကဖုန်းကို ကျွန်မ ဆက်ပေးရမလား။ အမိန့်ရှိပါရှင် "

" မဟုတ်ပါဘူး . . . မဟုတ်ပါဘူး . . . ဒေါက်တာကက်စလာက ဒီမှာ ကျုပ်နဲ့အတူတူ ရှိနေတယ် "

ထိုသို့ပြောရင်း နိုဝယ် အတော်စိတ်ပျက်သွားသည်။ အော်ပရေတာသည် အင်္ဂလိပ်စကားကို ကောင်းစွာတတ်သူမဟုတ်။ ထို့ကြောင့် အကြံအိုက်သွားသည်။ ထိုအခိုက် ဧည့်ကြိုစာရေး၏နာမည်ကို သူ သတိရလိုက်သည်။ အော်ပရေတာအား ထိုနာမည် ပြောပြသည်။

" အဲဒီစာရေးနဲ့ ခဏလောက် စကားပြောပါရစေနော် "

" ဝမ်းနည်းပါတယ် မွန်ဇီဗာ. . . သူ တာဝန်ချိန်ကုန်ဆုံးလို့ ပြန်သွားတာ သုံးနာရီလောက်ရှိသွားပါပြီ။ သူက သန်းခေါင်မှာ တာဝန်ကုန်ပါတယ်"

နိုဝယ်က သက်ပြင်းရှည်ကြီးချလိုက်သည်။ ရေချိုးခန်းဆီသို့ လှမ်းကြည့်သည်။ ရေဖွင့်သံကဆူညံစွာ ပေါ်ထွက်နေသည်။ သူပြောနေသည့်စကားများကို အားရစ် မည်သည့်နည်းနှင့်မှ မကြားနိုင်ချေ။

အော်ပရေတာသည် အင်္ဂလိပ်စကားကိုတော့ အထိုက်အလျောက်ပြောတတ်သည်။ ထို့ကြောင့် အလွယ်ဆုံးအင်္ဂလိပ်စကားနှင့် ပြောကြည့်လျှင် ရနိုင်သည်။

" အော်ပရေတာ. . ခဏနေပါဦး . . . အခုနတုန်းက ဒေါက်တာကက်စလာဆိုတဲ့လူနဲ့စကားပြောဖြစ်သေးသလား "

" မပြောဖြစ်ပါဘူး မွန်ဇီဗာ "

" မင်းတို့အိပ်ချိန်းမှာ မင်းအပြင် တခြားအော်ပရေတာများ ရှိနေသေးသလား "

" မရှိပါဘူးရှင်. . . ညဘက် ဒီလိုအချိန်မျိုးမှာက ဖုန်းလာတာနည်းပါတယ်။ ကျွန်မတစ်ယောက်တည်းနဲ့ နိုင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ဧည့်ကြိုစာရေးက သန်းခေါင်လောက်ကတည်းက ထွက်သွားတယ်နော် ”

“ ဟုတ်ပါတယ်။ အခုပဲရှင့်ကို ကျွန်မ ပြောပြီးပြီလေ ”

“ ဒီလိုဆိုရင် မစ္စတာဟိုးလ်ခရော့ဖ်တ်ကို ဘယ်သူမှ ဖုန်းမဆက်ဘူးနော် ”

တစ်ဘက်မှတိတ်သွားပြန်သည်။ အော်ပရေတာ ပြန်ပြောသောအခါ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်ကို နိုဝယ် သတိထားမိသည်။ တစ်စုံတစ်ခုကို သတိပြန်ရသည့်သဘောမျိုးဖြစ်နေသည်ဟု နိုဝယ် ထင်သည်။

“ နေဦး . . နေဦး . . တစ်ယောက်ယောက်တော့ ဖုန်းဆက်တယ်ထင်တယ် မွန်ဇွာ။ ကျွန်မတာဝန်ထမ်းဖို့ဝင်လာပြီး ခဏအကြာမှာ အမျိုးသမီးတစ်ယောက်ဆက်ပါတယ်။ ဒါပေမယ့် မွန်ဇွာဖရက်စကာကိုဆက်ရင် ဧည့်ကြိုစာရေးကို လိုင်းပြောင်းပေးရမယ်လို့ ကျွန်မကိုပြောထားတဲ့အတွက် လိုင်းပြောင်းပေးလိုက်ရပါတယ် ”

“ ကျေးဇူးတင်ပါတယ် ”

နိုဝယ်က ခပ်တိုးတိုးပြောပြီး ဖုန်းကိုပြန်တင်လိုက်လေသည်။

ရေချိုးခန်းထဲမှ ရေကျသံရပ်သွားသည်။ တံခါးဖွင့်ပြီး အားရစ် ထွက်လာသည်။ ဖုန်းပေါ်မှာတင်ထားသည့် နိုဝယ်၏လက်ကို မြင်သွားသည်။

အားရစ်၏မျက်လုံးများသည် အခါတိုင်းလို နူးညံ့သိမ်မွေ့သည့် အရိပ်အရောင်များ မရှိတော့ပေ။

နိုဝယ်က ဒေါသတကြီး လှမ်းအော်မေးသည်။

“ ခင်ဗျား ဘာအပေါက်ချိုးတာလဲ။ ဟိုတယ်ဒကော့က ဧည့်ကြိုစာရေးကို ခင်ဗျား လုံးလုံးဖုန်းဆက်တာ မဟုတ်ဘူး။ ကျုပ်ရှေ့မှာ ဆက်ချင်ယောင်ဆောင်ပြီး ကျုပ်နားမလည်တဲ့ ဂျာမန်ဘာသာနဲ့ ခင်ဗျားပြောနေတာ။ ကျုပ်အမေ ဖုန်းဆက်တာ အတော်ကြီးကြာသွားပြီ။ ဒီအကြောင်း ခင်ဗျား ကျုပ်ကို လုံးလုံးမပြောဘူး။ ခင်ဗျား လိမ်တယ် ”

“ ဒီကိစ္စကြောင့်တော့ ဒေါသတကြီး မဖြစ်ပါနဲ့ နိုဝယ် ” ဟု အားရစ်က ပြန်ပြောသည်။

“ ခင်ဗျား ကျုပ်ကို ညာပြောတယ် ”

နိုဝယ်က အသံကုန်အော်သည်။ ကုလားထိုင်မှာချိတ်ထားသော ကုတ်



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီကို ဖြုတ်ယူပြီး စောစောတုန်းက ခုတင်ပေါ် ပစ်တင်ထားသည့် မိုးကာကို ပါ လှမ်းဆွဲယူသည်။ ထိုမိုးကာထဲမှာ သေနတ်ရှိသည်။

" ကျုပ်အမေ ကျုပ်ကို ဖုန်းဆက်ကတယ်။ ခွေးသား . . . လူလိမ် . . . "

အားရစ်က အခန်းပေါက်ဝသို့ပြေးပြီး နိုဝယ် ထွက်မသွားနိုင်အောင် ပိတ်ရပ်နေသည်။

" သူရှိနေမယ်လို့ ပြောတဲ့နေရာမှာ သူရှိမနေဘူး။ ခင်ဗျား အမေရှိမနေဘူး။ ဒါကြောင့် ကျွန်တော်တို့ သူ့အတွက် စိတ်ပူနေကြတယ်။ သူ့ကိုတွေ့ဖို့ ကျွန်တော်တို့ ကြိုးစားနေကြတယ်။ သူ့ကို ကာကွယ်ဖို့ ကျွန်တော်တို့ စီစဉ်နေကြတယ်။ ဒီလို လုပ်ငန်းတွေကို ဂျိုဟန်း ကောင်းကောင်းနားလည်ပါတယ်။ ဒါမျိုးတွေနဲ့ သူတစ်သက်လုံး ကြုံတွေ့လာခဲ့ရတာပါ။ ဒါကြောင့် ဘာလုပ်ရမယ်ဆိုတာ သူ ဆုံးဖြတ်ပါစေ "

" ဘာဆုံးဖြတ်ရမှာလဲ . . . ဘာဆုံးဖြတ်ချက်လဲ . . . ငါ့အတွက် ဘယ်ကောင်မှ ဆုံးဖြတ်ချက်မချနိုင်ဘူးကွ။ မင်းလဲငါ့အတွက် ဘာမှ မဆုံးဖြတ်နိုင်ဘူး။ မင်းတို့နှစ်ယောက်စလုံး ဘာမှ မဆုံးဖြတ်နိုင်ဘူး။ လမ်းဖယ်စမ်း "

အားရစ်က နေရာမရွေ့။

နိုဝယ်က အားရစ်ကို ပခုံးနှစ်ဘက်မှ ဆုပ်ကိုင်ပြီး ဘေးဘက်သို့ ဆွဲယူလွှင့်ပစ်လိုက်သည်။

နိုဝယ်သည် လှေကားဆီသို့ အပြေးအလွှားထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

( ၄၄ )

ခြံဝင်းတံခါးကြီးပွင့်သွားသည်။ ပုလိပ်အရာရှိက ထိုဝင်းပေါက်အတိုင်း မော်တော်ကားကို မောင်းဝင်ခဲ့သည်။

ဝင်းပေါက်ဝမှာ အစောင့်တစ်ယောက်ရှိသည်။ ပုလိပ်အရာရှိက အစောင့်ကိုခေါင်းညိတ်ပြပြီး နှုတ်ဆက်ခဲ့သည်။ အစောင့်နှင့်အတူ ဒိုဘာမင် အမျိုးအစား ခွေးတစ်ကောင်ရှိနေသည်။

ပုလိပ်အရာရှိက ကားမောင်းနေရင်းမှ အယ်လ်သိန်းကို လှည့်ကြည့်သည်။

" ဩ့ရိပ်သာက ဂိတ်ဝကနေပြီး လေးကီလိုမီတာလောက်အကွာမှာ ရှိတယ်။ ဒီဩ့ရိပ်သာကို ကျွန်တော် တစ်ခေါက်မှ မရောက်ဖူးဘူး။ အပြန်ကျရင် အမှောင်ထဲမှာ လမ်းတော့မမှားကောင်းဘူး ထင်ပါရဲ့ "

" မမှားနိုင်ဘူးထင်ပါတယ်ကွယ် "

" မဒမ်ကို ဒီမှာထားခဲ့ပြီးရင် ကျွန်တော်က တာဝန်ပြန်ထမ်းဆောင်ရဦးမယ်။ ဩ့ရိပ်သာထဲမှာ လူတစ်ယောက်မှရှိမှာမဟုတ်ဘူး။ ဒါပေမယ့် အိမ်ရှေ့တံခါးပေါက်ကို ဖွင့်ထားပေးမယ်လို့ ပြောပါတယ် "

" ဟုတ်လား . . . မစ္စတာတင်နီဆန် စောင့်နေလိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်သိန်း၏စကားကြောင့် ပုလိပ်အရာရှိမှာ အမ်းတန်းတန်း ဖြစ်သွားလေသည်။

" ခဏကြာမှ သူ ရောက်လာမှာပါခင်ဗျာ။ အဒေါ်ကို သူကိုယ်တိုင်ကားမောင်းပြီး ပြန်ပို့ပေးပါလိမ့်မယ် "

" ကောင်းပါတယ်။ ဒါထက် တစ်ခုလောက်မေးပါရစေ။ အခုလိုလုပ်နေတာတွေဟာ မစ္စတာတင်နီဆန်က အမိန့်ပေးထားတာလား "

" လောလောဆယ်ဆောင်ရွက်နေရတာတွေက တင်နီဆန်ရဲ့ ညွှန်ကြားချက်အရ ဆောင်ရွက်နေရတာပါ။ အမိန့်လို့တော့ ပြောလို့မရဘူးပေါ့။ အမိန့်က ဒုတိယမြို့တော်ဝန်ဆီက လာပါတယ်။ ကျွန်တော်တို့ ပုလိပ်အဖွဲ့အကြီးအကဲကနေတစ်ဆင့် ကျွန်တော့်ကို အမိန့်ပေးတာပါ "

" ဒုတိယမြို့တော်ဝန်. . . သေချာလှချည်လား။ သူတို့က မစ္စတာတင်နီဆန်ရဲ့ မိတ်ဆွေတွေလား "

" မိတ်ဆွေတွေလို့တော့ ကျွန်တော်ထင်ပါတယ် မဒမ်. . . စောစောတုန်းက ကျွန်တော်ပြောခဲ့သလိုပဲ မစ္စတာတင်နီဆန်ဟာ သိပ်ကို အရေးပါအရာရောက်တဲ့လူဖြစ်ပါလိမ့်မယ်။ ဟုတ်ပါတယ်ခင်ဗျား . . . သူတို့ဟာ အင်မတန်ရင်းနှီးတဲ့မိတ်ဆွေတွေပါပဲ "

" ဒါပေမယ့် မင်းကတော့ သူတို့ရဲ့မိတ်ဆွေမဟုတ်ဘူးလား "

ပုလိပ်အရာရှိက ရယ်သည်။

" ကျွန်တော်လား . . . မဟုတ်ပါဘူး မဒမ်. . . မစ္စတာတင်နီဆန်ကို စောစောတုန်းက ခဏကလေးပဲ တွေ့လိုက်ဖူးပါတယ်။ အခုဟာက အရေးကြီးတဲ့ညှော်သည်ကို ကြိုဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို ကြိုခိုင်းထားလို့ပါ "

" ဒီလိုကိုး . . . ဒီလိုဆိုရင် တို့နှစ်ယောက်ပဲသိတဲ့ စည်းကမ်းချက်ကလေးတစ်ခုနဲ့ အဒေါ်အတွက် တစ်ခုလောက်များ ဆောင်ရွက်မပေးနိုင်ဘူးလား "

အယ်လ်သိန်းက ထိုသို့ပြောရင်း ပုလိပ်အရာရှိ မြင်သာအောင် ပိုက်ဆံအိတ်ကို ဖွင့်ပြလိုက်လေသည်။

" ဘယ်လိုတာဝန်မျိုးကို ဆောင်ရွက်ပေးရမလဲဆိုတာပေါ်မှာ တည်ပါတယ် မဒမ် "

" တယ်လီဖုန်းကလေးဆက်ပေးရုံပါပဲကွယ် အဒေါ့်မိတ်ဆွေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေမှာစိုးလို့ပါ။ ဘူတာရုံတုန်းကလဲ ဖုန်းပြန်မဆက်ခဲ့မိဘူး ”

“ ဒါဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာဆောင်ရွက်ပေးပါ့မယ်ခင်ဗျာ။ မစ္စတာတင်နီဆန်ရဲ့မိတ်ဆွေဖြစ်နေတဲ့အတွက် ဂျီနီဗာမြို့မှာ ကျွန်တော်တတ်နိုင်တာ ဆောင်ရွက်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ် ”

“ တယ်လီဖုန်းနံပါတ် အဒေါ်ရေးပေးလိုက်မယ်။ မိန်းကလေးတစ်ဦးက ပြန်ထူးလိမ့်မယ်။ အဒေါ့်ကို ဘယ်နေရာလိုက်ပို့လိုက်ရတယ်ဆိုတာ သူ့ကို တိတိကျကျ ပြောပြပေးပါနော် ”

\+ \+ \+

ဧည့်ရိပ်သာကြီးက ကြီးမားလွန်းလှသည်။ မျက်နှာကျက်ကလည်း အလွန်မြင့်သည်။ အိမ်ထောင်ပရိဘောဂများက အကောင်းစားများချည်း ဖြစ်သည်။

အယ်လ်သိန်းက ဆိုဖာကြီးတစ်လုံးပေါ်မှာ ဝင်ထိုင်သည်။ ယာကော့ပေးလိုက်သည့် ပစ္စတိုသေနတ်ကို ဘေးမှာချပြီး မှီအုံးနှင့် မသိမသာ ဖုံးထားသည်။

ပုလိပ်အရာရှိထွက်သွားသည်မှာ ငါးမိနစ်ခန့်ရှိပြီ။ ဂျိုဟန်းဗွန်တိုင်း-ဘိုဲ့လ်တ်ကို သူတစ်ယောက်တည်း စောင့်နေသည်။

ဂျိုဟန်းဝင်လာလျှင် မည်သို့ ဆောင်ရွက်ရမည်နည်းဟုလည်း စဉ်းစားကြည့်နေသည်။ ဝင်လာလျှင်ဝင်လာချင်း မိမိက သေနတ်နှင့် ဆီးကြိုပစ်ခတ်ရမည်လော။ သို့တည်းမဟုတ် သူပြောမည့်အကြောင်းများကို နားထောင်နေရဦးမည်လော။

သူ့ထံမှကြားရသည့်အချက်အလက်များကို ဟယ်လ်ဒင်နှင့်ယာကော့ကို ပြန်ပြောပြဖို့ လိုကောင်းလိုပေလိမ့်မည်။ သူတို့အတွက် အဖိုးတန်သော အကြောင်းအချက်များ ဖြစ်ကောင်းဖြစ်နေလိမ့်မည်။

ထို့ကြောင့် သူ ဘာတွေပြောမည်ကို စောင့်၍နားထောင်ခြင်းသာလျှင် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဂျိုဟန်းရောက်လာပြီ။ အားကောင်းသော မော်တော်ကားစက်သံကို ကြားလိုက်ရလေသည်။

ထိုကားစက်သံကို တောအုပ်ကလေးအတွင်းမှာ တစ်ကြိမ်ကြားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအကြိမ်တုန်းက ရွှေရောင်ဆံပင်နှင့်လူသည် ဂျာမန်တစ်ယောက်ကို ပစ်သတ်ခဲ့သည်။

ဒုတိယအကြိမ် အာထရီစိတ်မက်ဒေါက်မှာ ကြားခဲ့ရသည်။ မုတ်ဆိတ်နီနှင့်ပိုင်းလော့၏အလောင်းကို တွေ့ရသည်။ ရေယာဉ်ဆိပ်မှ လူတစ်ယောက်ကို ပစ်သတ်သွားခဲ့သည်။ 'နာခရိုက်တင်းဒိုက်'ဟူသော စကားလုံးကို ရေးသွားသည်။

ယခု ထိုကားသံကိုပင် အယ်လ်သိန်း ကြားနေရလေပြီ။

အယ်လ်သိန်းက ပေါင်နားမှာကပ်ထားသော သေနတ်ဒင်ကို မသိမသာ စမ်းကြည့်လိုက်မိသည်။

အိမ်ရှေ့တံခါးပွင့်သွားသည်။

အရပ်ရှည်ရှည်နှင့်ရွှေရောင်ဆံပင်များ ဖိတ်ဖိတ်တောက်နေသော လူတစ်ယောက်ဝင်လာသည်။ တံခါးကို နောက်ပြန်ပိတ်ခဲ့သည်။ အခန်းထဲသို့ သူ ဝင်လာပုံမှာ နူးနူးညံ့ညံ့ ယဉ်ယဉ်ကျေးကျေးဖြစ်သည်။

" မစ္စက်ဟိုးလ်ခရော့ဖ်တ်. . . အခုလိုလာတွေ့တဲ့အတွက် ဝမ်းသာပါတယ် ခင်ဗျာ "

" မင်းနဲ့တွေ့ဖို့ ငါက တောင်းဆိုတာပါ။ အခုလို အစစအဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက် ငါကသာ ကျေးဇူးတင်ရမှာပါ။ မင်းလုပ်ထားတဲ့ လုံခြုံရေးအစီအစဉ်တွေကတော့ အံ့သြစရာကောင်းလောက်အောင် ပီရိပါပေတယ် "

" ဒါတွေကလဲ ခင်ဗျားရဲ့ လုံခြုံရေးအတွက် လုပ်ရတာပါ "

" ဘူတာရုံကနေ ဒီနေရာရောက်တဲ့အထိ တို့နောက်က နောက်ယောင်ခံလိုက်တာမျိုး မရှိပါဘူးနော် "

" မရှိပါဘူး။ ကျွန်တော်တို့နှစ်ယောက်တည်းပါပဲ "

" ဒီအိမ်ကြီးကတော့ သိပ်ကောင်းတာပဲနော်။ ငါ့သားများမြင်ရင် ဘယ်လောက် သဘောကျလိုက်မယ်မသိဘူး။ သူက ဗိသုကာမဟုတ်လား။ ဒါမျိုးတွေကို သိပ်စိတ်ဝင်စားတယ်။ အိမ်ပုံစံထူးထူးဆန်းဆန်းတွေကလွဲပြီး တခြားဟာတွေကို သူ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး "

" ဟုတ်ပါတယ်။ သူက ဗိသုကာလုပ်ငန်းကိုပဲ အမြဲတမ်းအာရုံစိုက်နေတဲ့လူ မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်သိန်းက ပြုံးသည်။

" ဟုတ်တယ်။ လမ်းလျှောက်သွားရင်းလဲ သူကြိုက်တဲ့အိမ်ပုံစံတစ်ခုခုကိုတွေ့ရင် အဲဒီအနားက မခွာတော့ဘူး။ ထူးဆန်းတာတွေကိုကြည့်ပြီး လေ့လာတော့တာပဲ။ တခြားလူတွေ မမြင်တတ်တာကို သူမြင်တတ်တယ်လေ။ သူ့အလုပ်ပေါ်မှာ သိပ်အာရုံစိုက်လွန်းတယ်။ ဒီစိတ်ဓာတ်ကို ဘယ်သူ့ဆီက အမွေရခဲ့သလဲ မသိဘူး။ ငါ့မှာလဲ အဲဒီဝါသနာမျိုးမရှိဘူး။ ဆုံးသွားတဲ့ သူ့အဖေကလဲ ဘဏ်လုပ်ငန်းရှင်. . . သူ့ဝါသနာနဲ့ဘာမှ မဆိုင်ဘူး "

ဂျိုဟန်းက မလှုပ်မယှက် ရပ်နေသည်။

" ဒါပေမယ့် သူ့အဖေနှစ်ယောက်စလုံးကတော့ ငွေရေးကြေးရေးမှာ စိတ်ဝင်စားကြပါတယ် "

" ဒီလိုဆိုရင် ဒီအကြောင်းတွေကို မင်းသိနေပြီပေါ့ "

အယ်လ်သိန်းက တည်ငြိမ်သောလေသံဖြင့် ကြန့်ကြရပြန်မေးသည်။

" သိတာပေါ့ခင်ဗျာ။ သူဟာ ဟိန်းနရစ်ကလော်ဆင်ရဲ့သားပဲ။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လိမ်ပြောနေကြတာတွေ ရပ်လိုက်ကြရင်ကောင်းမယ်လို့ ထင်ပါတယ် မစ္စက်ဟိုးလ်ခရော့ဖ်တ် "

" ငါနားလည်ထားတာကတော့ မင်းတို့ဘက်ကသာ တစ်လျှောက်လုံး လိမ်လာခဲ့တာပဲ။ ငါ့ဘက်မှာ ဘာတွေရှိနေတယ်ဆိုတာ မင်း သေသေချာချာ မသိသေးဘူးလို့ထင်တယ် ဗွန်တိုင်းဘိုလ်တ် "

" မှန်တဲ့အတိုင်းပြောရမယ်ဆိုရင်တော့ အခုအချိန်ကလေးမတိုင်ခင်အထိ ကျွန်တော်ဘာမှ မသိခဲ့ပါဘူး။ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ထောင်ချောက်ထဲသွင်းဖို့ ကြိုးစားနေတယ်ဆိုရင်တော့ မလွဲသာမရှောင်သာ ခင်ဗျားကို ချေမှုန်းဖျက်ဆီးပစ်ရတော့မယ်။ အခုလိုလုပ်တာဟာ ဘယ်လောက်အန္တရာယ်ကြီးတယ်ဆိုတာ ခင်ဗျားသဘောပေါက်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

" ငါသိပါတယ် "

" သိရင် ဘာကြောင့် ဒါလောက်တောင် စွန့်စားရတာလဲ။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ခင်ဗျားဆက်စပ်စဉ်းစားကြည့်ဖို့ ကောင်းတာပေါ့"

" ဒါတွေကိုလဲ ငါစဉ်းစားခဲ့ပြီးသားပါ။ ဒါပေမယ့် မင်းတို့ ဂျီနီဗာလုပ်ငန်း ရပအောင်လုပ်ရမယ်။ မင်းတို့ ဝံပုလွေတွေရဲ့လုပ်ငန်း ပျက်စီးသွားအောင်လုပ်ဖို့ ငါဆုံးဖြတ်ပြီး ဂျီနီဗာကို လိုက်လာတာပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်က ပြုံးသည်။

“ ဒါ အကုန်ပဲလား . . . ခင်ဗျားရူးနေပြီ ”

“ မင်းတို့ ဘာတွေကြံစည်နေကြတယ်ဆိုတဲ့အကြောင်း စာရှည်ကြီး တစ်စောင် ငါရေးထားခဲ့တယ်။ မင်းတို့ ဝံပုလွေတွေမဟုတ်တာ ကြံစည်တာနဲ့ ပတ်သက်ပြီး ဖွင့်ချထားတဲ့စာရှည်ကြီးတစ်စောင် ငါရေးထားခဲ့တယ်။ ဒီစာကြီး ကို ဖော်ထုတ်လိုက်ရင် မင်းတို့အားလုံး ပျက်စီးသွားပြီ ”

“ ကျွန်တော်တို့အားလုံး ဆိုတဲ့အထဲမှာ ခင်ဗျားသားလဲ ပါနေတယ် လေဗျာ ”

“ ငါလုပ်နေတာတွေကို သူသိရင် သူက မင်းတို့ကို ဆန့်ကျင်မှာ သေချာတယ်။ မင်းတို့အုပ်စုထဲကနေ သူ ခွဲထွက်လာမှာ သေချာတယ် ”

“ ခင်ဗျား စာရှည်ကြီးတစ်စောင် ရေးထားခဲ့တယ်ဆိုတာ မဖြစ်နိုင် ဘူး။ ဒီအကြောင်းတွေကို ခင်ဗျားဘာမှ သိခဲ့တာမဟုတ်ဘူး။ တည်ဆဲတရား ဥပဒေတွေရှိသေးတယ်။ တရားဥပဒေတွေက ကျွန်တော်တို့လုပ်မယ့် အလုပ်ကို ခွင့်ပြုထားပြီးသား။ ငွေတွေထုတ်ယူဖို့ဆိုတာ ဥပဒေနဲ့ အတိအကျသတ်မှတ်ပေး ထားခဲ့တာ။ ဒါကြောင့် ခင်ဗျား ဘယ်လိုနည်းနဲ့မှတားလို့မရနိုင်ဘူး။ စာရှည်ကြီး တစ်စောင် ရေးထားခဲ့တယ်ဆိုတာလဲ ခင်ဗျားလိမ်ပြောနေတာ ”

“ ဒါတွေကို မင်း မသိပါဘူးလေ ”

“ ခင်ဗျားရေးခဲ့ဖူးတဲ့ သေတမ်းစာတွေ . . . စာချုပ်စာတမ်းတွေအားလုံး ကျွန်တော်တို့လက်ထဲမှာရှိတယ်။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်း ခင်ဗျားပြောခဲ့တဲ့ တယ်လီဖုန်းမှတ်တမ်းတွေလဲ ကျွန်တော်တို့မှာရှိတယ်။ ခင်ဗျား ဘယ်သူတွေနဲ့ ဘာတွေ ပြောခဲ့တယ်ဆိုတာ ကျွန်တော်တို့ အားလုံးသိတယ် ”

“ မင်းတို့ ဘာပြောတယ်. . . ”

“ ကျွန်တော်ပြောတာတွေ ခင်ဗျား ကြားပါတယ်လေ။ ကျွန်တော်တို့ လူတွေ နေရာတကာမှာရှိတယ်။ နိုင်ငံတိုင်းက ထောက်လှမ်းရေးအဖွဲ့တွေထဲမှာ ရှိတယ်။ အစိုးရအဖွဲ့တွေထဲမှာရှိတယ်။ ကျွန်တော်တို့ကို ဘယ်သူကမှ တားလို့ မရနိုင်ဘူး ”

“ မင်းတို့ လုပ်ငန်းစဉ်ကြီး ပျက်စီးသွားအောင် နိုဝယ်က လုပ်မှာပဲ”

အယ်လ်သိန်းက ခပ်ကျယ်ကျယ်အော်ပြောလိုက်သည်။ ပေါင်နားမှာ ကပ်ထားသော သေနတ်ကိုလည်း မသိမသာ စမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ ခင်ဗျားသားဟာ တစ်ရက်နှစ်ရက်အတွင်း သေရတော့မှာပါ။ ကျွန်တော်တို့က သူ့ကိုမသတ်ရင်လဲ တခြားလူတွေက သူ့ကို သတ်တော့မှာပါ။ တခြားလူက မသတ်ရင်လဲ တရားဥပဒေက သူ့ကို အရေးယူတော့မှာပါ။ သူ့နောက်မှာ လူသတ်မှုတွေ တန်းစီနေတယ်လေ။ အဲဒီလူသတ်မှုတွေက သူဘယ်နည်းနဲ့မှ လွတ်အောင်ရုံးထွက်လို့ မရနိုင်ဘူး။

ဗြိတိသျှစုံထောက်အရာရှိ ပီလ်တာဘော်ဒွင် နယူးယောက်မြို့မှာ အသတ်ခံရတယ်။ သူ မသေခင် နောက်ဆုံးစကားပြောခဲ့တဲ့သူဟာ ခင်ဗျားသား နိုဝယ်ပဲ။ ရိုင်းယိုးဒီဂျနေးရိုးမြို့မှာ မောရစ်ဂရပ်ဖ်ဆိုတဲ့ အဘိုးကြီး အသတ်ခံရတယ်။ သူ့ကို သတ်ပစ်မယ်လို့ကြိမ်းခဲ့တဲ့သူဟာ ခင်ဗျားသားပဲ။ ကူရာကောင်းမှာရှိနေတဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက် ဒီနေ့ည အသတ်ခံသွားရတယ်။ သူဟာ ခင်ဗျားသားရဲ့ ဆက်သွယ်ရေးဌာနချုပ်လို့ပြောရင် မမှားဘူး။ ခင်ဗျားသားအတွက် သတင်းတွေကို သူက စုဆောင်းပေးတယ်။ ပို့ပေးတယ်။ ပြန်ဖြန့်ပေးတယ်။

မနက်ဖြန် မနက်ကျရင် နယူးယောက်မြို့မှာရှိနေတဲ့ စုံထောက်အရာရှိ လက်ဖတင်နင်မိုင်းလ်စ်ရဲ့အလောင်းကို လမ်းဘေးမှာ တွေ့ကြရတော့မယ်။ မိုင်းလ်စ်က နိုဝယ်ကိုရှာနေသူဖြစ်တယ်။ ကနေဒီလေဆိပ် လူသတ်မှုမှာ နိုဝယ်ဟာ အဓိကသက်သေဖြစ်နေတယ်။ အဲဒီလူသတ်မှုအတွက် မိုင်းလ်စ်က နိုဝယ်ကို ရှာနေတယ်။

ဒါကြောင့် ကျွန်တော်တို့က နိုဝယ်ကို မသတ်ရင်လဲ တခြားလူတွေက သတ်မယ်။ တခြားလူတွေက မသတ်ရင်လဲ အခု ကျွန်တော်ပြောခဲ့တဲ့ လူသတ်မှုတွေနဲ့ သူ့ကိုဆိုင်ရာက ဖမ်းပြီး ရုံးတင်မှာပဲ။ နောက်ပြီးတော့ သူ ကြိုးစင်တက်ရုံပဲ ကျန်တော့တာပေါ့။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ရဲ့ ဝံပုလွေလုပ်ငန်းကို အရပ်မခံနိုင်ဘူး။ မျိုးဆက်တွေက ပြန်လည်တည်ဆောက်မယ့် စတုတ္ထဂျာမနီနိုင်ငံတော်ကြီး အပြိုကွဲမခံနိုင်ဘူး ”

ဂျိုဟန်းက လက်တစ်ဘက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။ သူ့လက်ထဲမှာ သေနတ်ကိုင်လျက်သားဖြစ်နေသည်။

“ ကျွန်တော်ပြောတာတွေ သဘောပေါက်ပြီမဟုတ်လား မစ္စက်ဟိုးလ်ခရော့ဖ်တ်. . . ကျွန်တော်တို့လုပ်ငန်းစဉ်ကို ဘယ်သူကမှ တားလို့မရဘူး။ ကျွန်တော်တို့လူတွေ တစ်ကမ္ဘာလုံး နေရာတကာမှာ ရှိနေကြတယ် ”



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်သိန်းက ကိုယ်ကို ကုလားထိုင်ပေါ်မှာ လိမ်လိုက်သည်။ ပေါင်နားမှာ အသင့်ချထားသောသေနတ်ကို လှမ်းဆွဲသည်။

သို့သော် သူ နောက်ကျသွားသည်။

ဂျိုဟန်း၏လက်ထဲရှိ သေနတ်ပြောင်းဝမှ မီးပွင့်သွားသည်။

ဒုတိယတစ်ကြိမ် ပွင့်သွားပြန်သည်။

နောက်ထပ် ဆက်ပွင့်သွားပြန်သည်။

\+ \+ \+

ယာကော့သည် ဂျိုဟန်းဗွန်တိုင်းဘီ့လ်တ်၏ ဟိုတယ်ခန်းကို မူလက အတိုင်း ခြေရာမပျက်လက်ရာမပျက် ပြန်ထားနိုင်အောင် ကြိုးစားနေသည်။

ဂျိုဟန်းပြန်ရောက်လျှင်ရောက်ချင်း သူ့အခန်းထဲသို့ တစ်စုံတစ်ယောက် ခိုးဝင်သွားသည်ကို မသိရှိစေရန်ဖြစ်သည်။

ဟာအိုးဘတ်စ်သာ အသက်ရှင်လျက် ရှိနေဦးမည်ဆိုလျှင် ယာကော့ ယခုလုပ်နေသည့်လုပ်ငန်းများကို အလွန်တရာ ချီးကျူးထောမနာပြုပေလိမ့်မည်။

“ လူတွေစာရင်းကို ရအောင်ယူပါ။ သူတို့ ဘယ်သူတွေလဲဆိုတာ သိအောင်ကြိုးစားပါ။ အဲဒီစာရင်းတွေရတာနဲ့တစ်ပြိုင်တည်း ဂျီနီဗာအာမခံ ဘဏ်တိုက်ထဲမှာရှိနေတဲ့ ငွေတွေဟာ ဘာအတွက်သုံးဖို့ အပ်ထားတယ်ဆိုတာ ဖော်ထုတ်ပါ။ ဒီငွေတွေကို သူတို့သုံးခွင့်မရအောင် လုပ်ပါ။ မျိုးဆက်တွေ လက်မဲ့ ခြေမဲ့ဖြစ်သွားအောင် လုပ်ပါ ” ဟူ၍ ဟာအိုးဘတ်စ်က ညွှန်ကြားခဲ့သည်။

ထိုစကားများကို ယာကော့ ပြန်လည်ကြားယောင်နေမိသည်။

သို့သော်လည်း သူတို့မှာ အခြားနည်းလမ်းတစ်ခုရှိနေသည်။ ထိုနည်းလမ်းကို ဆောင်ရွက်ရန် ဟာရှာအလက်ကျေးရွာတွင် လူကြီးများ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ သူတို့ တိုင်ပင်ထားသည့်အကြောင်းများကို ဟာအိုးဘတ်စ် အား တင်ပြချိန်မရခဲ့ပါ။

သူတို့တိုင်ပင်ထားသည့်နည်းလမ်းကို ‘ဟာရှာအလက်၏အခွင့်အရေး’ ဟု သူတို့သတ်မှတ်ခဲ့ကြလေသည်။

သူတို့၏ အခွင့်အရေးသည် အန္တရာယ်တော့ကြီးသည်။ သို့သော် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရမည်ဟု သူတို့အားလုံး ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ကြသည်။

'မျိုးဆက်'စာရင်းများကို ရအောင်ယူရမည်။ ပြီးလျှင် ဘဏ်တိုက်ထဲမှာရှိနေသော သန်းပေါင်းများစွာသော ငွေများကို ထိန်းချုပ်နိုင်အောင် ကြိုးစားရမည်။ ထိုငွေများအကြောင်း ကမ္ဘာကသိအောင် ထုတ်ဖော်ခြင်းမပြုရ။ ထိုငွေများကို ရအောင် ထုတ်ယူရမည်။ ပြီးလျှင် 'မျိုးဆက်'များကို မျိုးဖြုတ်ရာတွင် ရန်ပုံငွေအဖြစ် အသုံးပြုရမည်။

သူတို့၏ အစီအစဉ်က ထိုအတိုင်းဖြစ်သည်။

ယခု သူလက်ထဲသို့ စာရင်းများ ရောက်လာပြီ။

ငွေထုတ်မည့်သူမှာ သုံးယောက်ဖြစ်သည်။ ဂျိုဟန်းဗွန်တိုင်းဘို့လ်တ်နှင့် အားရစ်ကက်စလာတို့က တစ်ဂိုဏ်းဖြစ်သည်။

နိုဝယ်ဟိုးလ်ခရော့ဖ်တ်သည် သူတို့အစီအစဉ်ထဲမှာ မပါ။

သို့သော်လည်း နိုဝယ်သည် ငွေထုတ်ယူရေးတွင် အဓိကအရေးပါသူဖြစ်သည်။ ဝံပုလွေတို့၏ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်ရမည့် ပဋိညာဉ်ခံအတွက် အဓိကဇာတ်ကောင်ဖြစ်နေသည်။

သို့သော် သူတို့ငွေများကို ထုတ်ယူပြီးသည်နှင့်တစ်ပြိုင်တည်း ဂျိုဟန်းတို့လူစုက နိုဝယ်ကို အပျောက်ရှင်းပစ်ကြမည်သာဖြစ်လေသည်။ သူတို့၏ လမ်းကြောင်းမှ ဖယ်ရှားပစ်မည်သာဖြစ်လေသည်။

ဟာအိုးဘတ်စ် အသတ်ခံသွားရပြီ။

ဟာရှာအလက် သမဝါယမကျေးရွာမှ ခေါင်းဆောင်များအားလုံး အသတ်ခံသွားကြရပြီ။

ခေါင်းဆောင်နိုင်မည့်သူ တစ်ယောက်မှမရှိတော့။

ထို့ကြောင့် လိုအပ်သလို ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် ထိုဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန်မှာ သူတစ်ယောက်တည်း၏ တာဝန်လုံးလုံးဖြစ်တော့ကြောင်းကိုပါ ယာကော့က သဘောပေါက်လေသည်။

ဟာရှာအလက်၏အခွင့်အရေးကို သူကိုယ်တိုင် ခေါင်းဆောင်ပြီး အကောင်အထည်ဖော်ရတော့မည်။

အကောင်အထည်ဖော်၍ကော ဖြစ်နိုင်ပါ့မည်လား။

ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို နောက်နှစ်ဆယ့်လေးနာရီအတွင်း သူ တိတိကျကျ သိရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ပြန်ကြည့်သည်။ အားလုံး နေသားတကျ ဖြစ်နေပြီ။

သူ၏လက်ကိုင်အိတ်ထဲမှာလည်း ဓာတ်ပုံဆယ့်တစ်ပုံရှိနေပြီ။ 'မျိုးဆက်'များ၏ စာရင်းဖြစ်သည်။ တစ်ကမ္ဘာလုံးတွင်ရှိနေသော မျိုးဆက်များ၏ စာရင်းနှင့် နေရပ်လိပ်စာများ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ အဆင့်များ ဖြစ်သည်။

ထိုစာရင်းသည် 'ဝံပုလွေစီမံကိန်းကြီး'ကို တစ်စစီချေမှုန်းပစ်နိုင်မည့် စာရင်းပင်ဖြစ်လေသည်။

နှစ်ပေါင်းသုံးဆယ်လုံးလုံး လိမ်ညာခဲ့ကြသော နာဇီများ၏ စခန်းသိမ်းပွဲပင်ဖြစ်လေသည်။

မည်သည့်အခါတွင်မှ ပြန်လည်ခေါင်းဆောင် မလာနိုင်တော့မည့် အစီအစဉ်ပင်ဖြစ်လေသည်။

ယာကော့က လက်ကိုင်အိတ်ကို ကောက်ကိုင်သည်။ အခန်းအပြင်သို့ ထွက်ပြီး စောစောကအတိုင်း တံခါးမှာ ဆံပင်ခြည်ပြန်ကပ်ထားဖို့သာ ကျန်တော့သည်။

နေရာမှာ သူ မလှုပ်မယှက်ရပ်နေသည်။ အတွေးများအားလုံးကိုလည်း ရပ်ပစ်လိုက်သည်။

မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်ထွက်လာသော လှုပ်ရှားသံများကို အာရုံစိုက်လိုက်သည်။ အခန်းအပြင်ဘက်မှ ပေါ်ထွက်လာသည့် အသံများဖြစ်သည်။

သူရှိနေသည့်အခန်းဆီသို့ ပြေးလာသောခြေသံများဖြစ်သည်။ ကောဇောပေါ်မှာနင်းလာသော ခြေသံဖြစ်သောကြောင့် ကျယ်ကျယ်လောင်လောင်ကြီးကား မဟုတ်။ သို့သော် အာရုံစိုက်နားထောင်လျှင် ကောင်းစွာကြားရသည်။

ခြေသံသည် လူအများကြီးမဟုတ်ပါ။ တစ်ယောက်တည်း၏ခြေသံဖြစ်သည်။

တဖြည်းဖြည်း နီးလာသည်။ ယာကော့ရှိနေသည့် ဂျိုဟန်းဗွန်တိုင်း-ဘို့လ်တ်၏အခန်းရှေ့မှာ ရုတ်တရက်ရပ်သွားသည်။

သော့ လှုပ်ရှားသံကြားရသည်။ အခန်းတံခါးသော့ပေါက်တွင်းသို့ သော့ထိုးထည့်နေသည်။ သို့သော် ဖွင့်၍မရ။ ယာကော့ကအတွင်းမှ သော့ပြန်ခတ်ထားသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင် အခန်းတံခါးကို ကိုယ်လုံးနှင့်တိုက်ဖွင့်သံကြားရသည်။ အခန်းတံခါး ရုတ်တရက် ဖွင့်သွားသည်။

ယာကော့က နံရံနားမှာ အသာကပ်နေသည်။

" ဗွန်တိုင်းဘိုလ်တ် . . . ကျုပ် ဝင်လာပြီ "

ဝင်လာသူကား နိုဝယ် ဖြစ်လေသည်။

+ + +

အားရစ်ကက်စလာသည် ခုတင်ရှိရာသို့ စမ်းစမ်းစမ်းစမ်းနှင့် သွားနေသည်။ ခုတင်တိုင်ကို ကိုင်စမ်းမိသောအခါ တိုင်ကို အားပြုပြီး မတ်တတ်ရပ်သည်။

သူ့ကိုယ်လုံးကို နိုဝယ် ဆွဲယမ်းသွားစဉ်တုန်းက မျက်မှန်ကျွတ်ပြီး လွင့်ထွက်သွားသည်။ မျက်မှန်မရှိလျှင် ဘာကိုမှ သူမမြင်ရတော့ပါ။

ခဏကြာလျှင် မျက်မှန်ကို လိုက်စမ်းရှာရမည်။ ယခုလောလောဆယ်မှာတော့ အခြေအနေများ မည်သို့ပြောင်းလဲသွားသည်ကို ဆင်ခြင်ရဦးမည်။

နိုဝယ်သည် ဂျိုဟန်းဗွန်တိုင်းဘိုလ်တ်၏ ဟိုတယ်ခန်းသို့ တန်းသွားမည်မှာ သေချာသည်။

ထိုသို့ တွေးမိသည်နှင့်တစ်ပြိုင်နက် အားရစ်က ပြုံးမိသည်။

ဂျိုဟန်း၏အခန်းတံခါးကို သူဖွင့်မည်မှာ သေချာသည်။ အခန်းထဲသို့ ရောက်ပြီး နောက်အိပ်ခန်းကို ဆက်ဖွင့်မည်မှာလည်း သေချာသည်။

ထိုသို့ဆက်ဖွင့်လျှင် ဂျိုဟန်း ထောင်ထားခဲ့သည့် အဆိပ်များပန်းထွက်လာကာ သူ ရှူရှိုက်မိမည်။ ရှူရှိုက်မိသည်နှင့်တစ်ပြိုင်နက် သတိလစ်သွားမည်။

သို့သော် ရုတ်တရက်သေစေနိုင်သော အဆိပ်မဟုတ်ပါ။ ရေခဲရေနှင့် လောင်းပေးလျှင် သတိပြန်ရလာမည်ဖြစ်လေသည်။

ဂျီနီဗာအာမခံဘဏ်တိုက်တွင် သူတို့သုံးယောက် မျက်နှာချင်းဆိုင်လက်မှတ်ထိုးနိုင်လောက်အောင်တော့ သတိရနေဦးမည်။

နောက်ပိုင်းတွင်မူ . . .

အားရစ်က ဖုန်းကို ကောက်ကိုင်လိုက်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်သည် အခန်းထဲမှာ တစ်ယောက်တည်းကျန်နေရစ်ခဲ့ရသည့်အတွက် အလိုလိုစိတ်တိုနေသည်။

ခြေထောက်မှအနာ သက်သာသည်မှာ မှန်သည်။ ခြေထောက်ကို အပေါ်မြှောက်ပြီး အနားပေးထားပါဟု ယာကော့က မှာသွားသည်။

သို့သော်လည်း သူ စိတ်လှုပ်ရှားနေသောကြောင့် တစ်နေရာတည်းမှာ ငြိမ်ငြိမ်ကလေးထိုင်နေနိုင်စွမ်းမရှိပါ။ အခန်းထဲမှာ ထော့ကျိုးထော့ကျိုးဖြင့် သွားလာလှုပ်ရှားနေရမှ အနည်းငယ် စိတ်သက်သာရာရသည်။

နိုဝယ် ဘာကြောင့် ဖုန်းပြန်မဆက်သနည်းဟု တွေးကြည့်နေမိသည်။ နိုဝယ်ကို ပတ်ဝန်းကျင်တစ်ခုလုံးနှင့် အဆက်ပြတ်အောင် ဂျိုဟန်းတို့လူစုက လုပ်နေကြသည်ဟု ယာကော့က ပြောသွားသည်။

ထိုစကားသာ မှန်မည်ဆိုလျှင် နိုဝယ်နှင့် အဆက်အသွယ်ရအောင် မည်သို့မည်ပုံ လုပ်ရမည်ကို. . .။

တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသည်။

ဟယ်လ်ဒင်၏လည်ချောင်းထဲမှာ တင်းကျပ်သွားသည်။ သွေးကြောများပေါက်ထွက်ပြီး သွေးများ ပန်းထွက်လာတော့မည်လားဟုပင် ထင်မိသည်။ တံတွေးမျိုချလိုက်ပြီး ဖုန်းရှိရာသို့ ထော့ကျိုးထော့ကျိုးဖြင့် လျှောက်သွားသည်။

ဆက်သူသည် နိုဝယ်ဖြစ်ပါစေဟုလည်း ကျိတ်ပြီးဆုတောင်းနေမိသည်။

သို့သော်လည်း သူမကြားဖူးသည့်ယောကျ်ားတစ်ယောက်၏အသံဖြစ်နေသည်။ မည်သူမည်ဝါဖြစ်ကြောင်းလည်း မပြော။

“ ဂျီနီဗာမြို့ရဲ့ တောင်ဘက် ဆယ့်သုံးကီလိုမီတာလောက်ဝေးတဲ့ နေရာမှာရှိတဲ့ ဧည့်ရိပ်သာအရောက် မစ္စက်ဟိုးလ်ခရော့ဖ်တ်ကို လိုက်ပို့ပေးလိုက်ရပါတယ်။ ခြံပေါက်ဝမှာ ခွေးတစ်ကောင်နဲ့အစောင့်တစ်ယောက် ရှိပါတယ်”

ဟယ်လ်ဒင် ကြားလိုက်ရသည့် တယ်လီဖုန်းထဲမှ အသံကား ထိုမျှသာဖြစ်လေသည်။ စကားဆုံးသည်နှင့် တစ်ဘက်မှ ဖုန်းပြန်ချသွားသည်။

\+ \+ \+

တံခါးဝုန်းကနဲပွင့်သွားသည်။ အခန်းထဲသို့ နိုဝယ် ရောက်လာသည်။ ယာကော့က ဘေးမှာ အသာကပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝယ်က လက်နှစ်ဖက်ကို ရှေ့ဘက်သို့ ဆန့်တန်းထားသည်။ ရန်သူနှင့်တွေ့လျှင် တိုက်ခိုက်ရန် အဆင်သင့်ပြင်ဆင်ထားသည့်ပုံစံမျိုးဖြစ်သည်။

“ ဗွန်တိုင်းဘို့လ်တ်. . . ခင်ဗျား ဘယ်မှာလဲ ”

အခန်းထဲမှာ မှောင်ပိန်းနေသောကြောင့် နိုဝယ် လန့်သွားပုံရသည်။ ယာကော့က နံရံဘေးမှာ အသာကလေးကပ်နေသည်။ လက်ထဲမှာ အစိမ်းရောင်ဓာတ်မီးကို ကိုင်ထားသည်။

ထိုနေရာမှပင် နိုဝယ်ကို တိုတိုတုတ်တုတ်လှမ်းပြောသည်။

“ ဗွန်တိုင်းဘို့လ်တ် ဒီမှာမရှိဘူး။ ခင်ဗျား ဘာမှမဖြစ်စေရဘူး။ ခင်ဗျားကို အန္တရာယ်မပေးဘူး။ ကျုပ်တို့နှစ်ယောက် ရန်သူမဟုတ်ဘူး ”

နိုဝယ်က အသံကြားရာဘက်သို့ ချာကနဲလှည့်သည်။ လက်နှစ်ဖက်ကို အသင့်အနေအထားဖြင့် ကားထားသည်။

“ ခင်ဗျား ဘယ်သူလဲ။ ဒီမှာ ဘာလာလုပ်တာလဲ. . . မီးဖွင့်လိုက်ပါ”

“ မီးဖွင့်နိုင်ဘူး။ ပြောတာကို နားထောင်ပါ ”

နိုဝယ်က ဒေါသတကြီးဖြင့် ရှေ့သို့ တိုးလာသည်။ ယာကော့က နိုဝယ်၏မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့်ထိုးထားသည်။ အစိမ်းရောင်မီးတန်းက နိုဝယ်၏မျက်နှာပေါ်သို့ တည့်တည့်ကျသွားသည်။ နိုဝယ်က သူ့မျက်လုံးများကို လက်နှင့် ကာသည်။

“ ဓာတ်မီး ပိတ်လိုက် ”

“ မပိတ်နိုင်ဘူး။ ပြောတာကို အလျင်နားထောင် ”

နိုဝယ်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး စတင်တိုက်ခိုက်လေသည်။ ဒူးနှင့်လက်သီးများ ဆက်တိုက်ဝင်လာသည်။

ယာကော့က လက်ထဲမှ ဓာတ်မီးကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်ရတော့သည်။ နိုဝယ်၏တိုက်ခိုက်မှုမှလွတ်အောင် ရှောင်တိမ်းရသည်။ ပြီးတော့ ဖမ်းချုပ်နိုင်ရန် ကြိုးစားသည်။ နိုဝယ်သည် အံ့သြဖွယ်ကောင်းလောက်အောင် ခွန်အားဗလကြီးသူဖြစ်ကြောင်းလည်း သတိထားမိသည်။

“ ကျုပ်ပြောတာ နားထောင်ပါ။ ကျုပ်ဟာ ခင်ဗျားရဲ့ရန်သူ မဟုတ်ဘူး။ ခင်ဗျား အမေရဲ့သတင်းတွေ ကျုပ်ဆီမှာရှိနေတယ်။ ခင်ဗျားအမေရဲ့ စာတစ်စောင်လဲ ရှိနေတယ်။ ခင်ဗျားအမေ ကျုပ်နဲ့အတူတူ ရှိနေတယ် ”

နိုဝယ်က ရုန်းသည်။ ယာကော့ချုပ်ထားသည့်အထဲမှ လွတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“ မင်းဘယ်သူလဲ ”

“ နာခရိုက်တင်းဒိုက် ”

ယာကော့က လေသံဖြင့် ပြန်ဖြေသည်။

‘နာခရိုက်တင်းဒိုက်’ဟူသောအမည်ကို ကြားလိုက်သည်နှင့်တစ်ပြိုင်တည်း နိုဝယ်၏ဒေါသသည် ပိုမိုပေါက်ကွဲသွားလေတော့သည်။ ယာကော့ကို အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ရင်း ကျားဟိန်းသလို ဟိန်းလိုက်သည်။

“ မင်းကို ငါ သတ်မယ် ”

ယာကော့အဖို့ အခြားနည်းလမ်းရွေးချယ်စရာ မရှိတော့ပါ။ ထို့ကြောင့် နိုဝယ်၏လည်ပင်းကို ဖမ်းကိုင်ပြီး မေ့ကြောကို လက်မဖြင့် တအားဖိနှိပ်ချလိုက်လေတော့သည်။

ကြမ်းပြင်ပေါ်သို့ နိုဝယ် ပျော့ခွေကျသွားလေသည်။

❖

နိုဝယ်က မျက်လုံးဖွင့်ကြည့်သည်။ အခန်းထဲမှာ မှောင်နေသည်ကိုသာ တွေ့ရသည်။ လုံးလုံး မှောင်နေခြင်းကား မဟုတ်ပါ။ နံရံနားမှာ အစိမ်းရောင်မီးကလေးလင်းနေသည်ကို တွေ့ရသည်။

စောစောတုန်းက သူ့မျက်နှာပေါ်သို့ တည့်တည့်ထိုးခဲ့သည့် အစိမ်းရောင်မီးပင်ဖြစ်ကြောင်း သတိပြန်ရသည်။ ထိုမီးရောင်ကိုမြင်ရသဖြင့် ဒေါသပေါက်ကွဲလာပြန်သည်။

သူသည် ကြမ်းပေါ်မှ ပက်လက်လဲနေသည်။ သူ့ရင်ဘတ်ပေါ်တွင် ဒူးတစ်လုံး ထောက်ထားသည်။ သေနတ်ပြောင်းဝက သူ့ခေါင်းကို တေ့ထားသည်။

လည်ပင်းမှအကြောတစ်ခုက အလွန်နာကျင်နေသည်။ လဲနေရာမှ ထဖို့ကြိုးစားရန်းကြည့်သည်။ ခေါင်းကိုတေ့ထားသည့်သေနတ်ကို တွန်းပစ်ဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ မအောင်မြင်ပါ။

သူ့ကိုဖမ်းထားသူက လေသံနှင့်ပြောပြန်သည်။

“ ဒါလောက်ဆိုရင် ခင်ဗျားသဘောပေါက်ဖို့ကောင်းပြီ။ ကျုပ်ဟာ ခင်ဗျားရဲ့ ရန်သူဆိုရင် ခင်ဗျားကို သတ်ပြီးတာကြာလှပြီ။ ကျုပ်ပြောတာ နားလည်ရဲ့လား ”

“ ခင်ဗျားဟာရန်သူပဲ။ ခင်ဗျားဟာ နာခရိုက်တင်းဒိုက်လို့ ပြောတယ် မဟုတ်လား။ နာခရိုက်တင်းဒိုက်ဟာ ဂျီနီဗာရဲ့ရန်သူ. . . ကျုပ်ရဲ့ရန်သူ. . . ”

နိုဝယ်က ထိုစကားကို ပင်ပန်းကြီးစွာပြောရသည်။ လည်ပင်းက နာနေသောကြောင့် အသံသဲသဲကွဲကွဲထွက်လာသည်မထင်။

“ ဂျီနီဗာရဲ့ရန်သူဆိုတာ သိပ်မှန်တယ်။ ဒါပေမယ့် ခင်ဗျားရဲ့ရန်သူ မဟုတ်ဘူး ”

“ ခင်ဗျားညာတာ ”

“ စဉ်းစားကြည့်ပါ။ ဘာဖြစ်လို့ သေနတ်မောင်းကို ကျုပ်မဖြုတ်လိုက်တာလဲ။ ဂျီနီဗာအစီအစဉ်တွေရပ်ရမယ်။ ခင်ဗျားရဲ့ လှုပ်ရှားမှုတွေရပ်ရမယ်။ ငွေတွေဘယ်ကိုမှ မပြောင်းရဘူး။ ကျုပ်ဟာ ခင်ဗျားရဲ့ရန်သူဆိုရင် ဘာကြောင့် ခင်ဗျားခေါင်းထဲကို ကျည်ဆန်ပစ်မထည့်ဘဲနေမှာလဲ။ ခင်ဗျားကို ဓားစာခံအဖြစ်နဲ့လဲ ကျုပ်အသုံးမချနိုင်ဘူး။ ဘာအကြောင်းမှလဲ မရှိဘူး။ ဒါကြောင့် ခင်ဗျားကို ကျုပ် မမှန်တာတွေ ပြောနေစရာမလိုဘူး။ ကျုပ်သာ ခင်ဗျားရန်သူဆိုရင် ခင်ဗျားကို အရှင်ထားနေစရာလဲ အကြောင်းမရှိဘူး ”

နိုဝယ်က စကားပြောဖို့ကြိုးစားသည်။ ရန်သူပြောနေသည့်စကားများကို စဉ်းစားကြည့်သည်။ သို့သော်လည်း ဘာအဖြေမှရှာမရ။ ယခုလို အဖမ်းခံဘဝမှ လွတ်မြောက်လိုသော ဆန္ဒတစ်ခုသာရှိသည်။

“ ခင်ဗျား ဘာလိုချင်သလဲ. . . ကျုပ်အမေကို ခင်ဗျားဘယ်မှာ သွားတွေ့သလဲ. . . အမေရေးတဲ့ စာတစ်စောင် ခင်ဗျားမှာ ရှိနေတယ်လို့ စောစောက ပြောတယ်မဟုတ်လား ”

“ အရေးကြီးတာကို အလျင်လုပ်ကြရင်ကောင်းမယ်။ ကျုပ်တို့နှစ်ယောက်စလုံး ဒီနေရာကနေပြီး အမြန်ဆုံး ထွက်သွားကြဖို့ အရေးကြီးတယ်။ ခင်ဗျားပါ ကျုပ်နဲ့အတူတူလိုက်ခဲ့ပါ။ ဖြစ်နိုင်လိမ့်မယ်လို့ ဝံပုလွေတွေ ဘယ်တုန်းကမှ



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ခဲ့တာတွေကို ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တွဲပြီး လုပ်ဖို့ရှိတယ် ”

“ ဝံပုလွေ. . . ဘာလုပ်ရမယ်ဗျ. . . ”

“ တရားဥပဒေတွေ ကျုပ်တို့ဘက်ကို ရောက်လာအောင်လုပ်ရမယ်။ ပျက်စီးသွားတဲ့ ဂုဏ်သိက္ခာတွေကို ပြန်ပြီးအဖတ်ဆည်ရမယ် ”

“ အဖတ်ဆည်ရမယ်. . . ခင်ဗျား ဘယ်သူလဲ. . . ခင်ဗျား ဘာတွေ ပြောနေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သိရဲ့လား ”

“ ဒါဟာ ဟာရှာအလက်ရဲ့ အခွင့်အရေးပဲ။ သန်းပေါင်းများစွာရှိတဲ့ ငွေတွေကို ကျုပ်တို့ထိန်းချုပ်ရမယ်။ သူတို့ကို အပြတ်တိုက်ပစ်ရမယ်။ နေရာ တကာမှာ အပြတ်တိုက်ပစ်ရမယ်။ ဒါတွေနဲ့ပတ်သက်ပြီး ခင်ဗျားယုံကြည်အောင် ဘာလုပ်ရမယ်ဆိုတာလဲ ကျုပ် ပြင်ဆင်ထားပြီးသားဖြစ်တယ် ”

ယာကော့က နိုဝယ်၏ခေါင်းကို ချိန်ထားသောသေနတ်ကို ဘေးသို့ ဖယ်လိုက်သည်။

“ ရော့. . . ဟောဒီမှာ ကျုပ်သေနတ် ”

သေနတ်ကို နိုဝယ်ဘက်သို့ ကမ်းပေးသည်။

မီးရောင်စိမ်းစိမ်းကလေးကြောင့် မြင်တွေ့နေရသည့် လူစိမ်း၏မျက်နှာ ကို နိုဝယ်ကစိုက်ကြည့်ပြီး အကဲခတ်နေသည်။ သူမြင်တွေ့နေရသော မျက်လုံး အစုံသည် အမှန်တကယ်ပြောဆိုနေခြင်းဖြစ်ကြောင်း သိသာထင်ရှားနေသည်ဟု လည်း ထင်သည်။

မရိုးသားသောအရိပ်အရောင်များကို ထိုမျက်လုံးအစုံထဲတွင် သူ မမြင်တွေ့ရချေ။

“ ကျုပ်ကိုထူပေးပါ။ အခန်းနောက်ဘက်မှာ လှေကားတစ်ခုရှိတယ်။ ထွက်သွားရမယ့်လမ်းကို ကျုပ်သိတယ် ”

“ ပထမဆုံး ဒီအခန်းထဲမှာ ခြေရာလက်ရာတွေမပျက်အောင် ပြန်ပြင် ထားခဲ့ဖို့လိုတယ်။ နဂိုအတိုင်း ပြန်ဖြစ်နေဖို့ လိုတယ် ”

သို့သော်လည်း အရာရာတို့သည် မူလအတိုင်း ဖြစ်နိုင်ပါဦးမည်လော့။

“ ကျုပ်တို့ ဘယ်ကိုသွားကြမလဲ ”

“ ရပ်ကွက်တစ်ခုက အိပ်ခန်းတစ်ခုကိုသွားမယ်။ အဲဒီအိပ်ခန်းမှာ ခင်ဗျားအမေရဲ့ စာရှိနေတယ်။ မိန်းကလေးလဲ အဲဒီမှာရှိနေတယ် ”



www.burmeseclassic.com

www.burmeseclassic.com



“ ဘယ္က မိန္းကေလးလဲ ”

“ ဗြန္တိုင္းဘို႔လ္တ္ရဲ့ညီမ. . . ဗြန္တိုင္းဘို႔လ္တ္က သူ႔ညီမ သေျပၿပီလို႔ထင္ေနတယ္။ သူ႔ကိုသတ္ပစ္ဖို႔ ဗြန္တိုင္းဘို႔လ္တ္ကိုယ္တိုင္ အမိန္႔ေပးခဲ့တာ”

“ ဟယ္လ္ဒင္ကိုလား . . . ”

“ ေနာက္မွရွင္းၾကတာေပါ့ေလ ”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ( ၄၅ )

ဟိုတယ်ဒကော့၏နောက်ဘေးလှေကားမှ သူတို့နှစ်ယောက် ဆင်းခဲ့ကြသည်။ လမ်းတစ်ဘက်ကိုကူးလိုက်သောအခါ ယာကော့၏မော်တော်ကား အမှောင်ရိပ်ထဲမှာရပ်ထားသည်ကို တွေ့ရလေသည်။

ယာကော့က မောင်းသည့်နေရာမှာ ဝင်ထိုင်သည်။ နိုဝယ်က သူ၏ လည်ပင်းကိုပြန်စမ်းကြည့်နေသည်။ အကြောတစ်ချောင်းက ယခုတိုင် နာကျင်နေဆဲဖြစ်သည်။ အကြောများ ပြတ်သွားပြီလားဟု သူထင်မိလေသည်။

“ ခင်ဗျားက အတင်းပြန်တိုက်ခိုက်နေတော့ ကျုပ်အနေနဲ့ ဒီလိုမှ မလုပ်ရင် မဖြစ်တော့ဘူးလေဗျာ ”

နိုဝယ် လည်ပင်းပြန်စမ်းကြည့်နေသည်ကို သတိထားမိသော ယာကော့က ပြောသည်။

“ ဒါပေမယ့် ကျုပ်ကို ခင်ဗျား အသက်ချမ်းသာပေးတယ်။ ခင်ဗျား သေနတ်ကိုလဲ ကျုပ်လက်အပ်တယ်။ ခင်ဗျားနာမည် ဘယ်သူလဲ ”

“ ယာကော့ . . . ”

“ ဘာနာမည်လဲ ”

“ တေဘာရှူးနာမည်ပဲ။ ခင်ဗျားတို့ အမေရိကန်တွေအဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကော့ပေါ့ ”

ယာကော့ကပြောရင်း ကားကိုလျှင်မြန်စွာ မောင်းနေသည်။

“ ခင်ဗျားကို ကျုပ်က အားရစ်ရဲ့ညီလို့ ထင်နေတာ။ မြူးနစ်မြို့ ဆရာဝန်လေ ” ဟု နိုဝယ်ကပြောသည်။

“ မြူးနစ်မြို့က ဆရာဝန်အကြောင်း ကျွန်တော် ဘာမှမသိဘူး ”

“ သူ ဂျီနီဗာမြို့ထဲက တစ်နေရာရာကိုရောက်နေလိမ့်မယ်။ ဟိုတယ် ဒကော့ကိုရောက်တုန်းက ဧည့်ကြိုစာရေးက ဗွန်တိုင်းဘိုလ်တ်ရဲ့အခန်းသော့ ပေးတယ်။ ပြီးတော့ ဟန်းစ်နဲ့ တွေ့ချင်လို့လားလို့လဲ မေးတယ် ”

“ အဲဒါနဲ့ ကျွန်တော်နဲ့ ဘာဆိုင်သလဲ ”

ယာကော့က နားမလည်သလို ပြန်မေးသည်။

“ ဟန်းစ်တို့ညီအစ်ကိုနှစ်ယောက် ဗွန်တိုင်းဘိုလ်တ်နဲ့အတူတူ ဗွန်-တိုင်းဘိုလ်တ်ရဲ့အခန်းထဲမှာ ညစာစားကြတာကို စာရေးကသိနေတယ်။ ဒါကြောင့် အားရစ်ရဲ့ညီ ဟန်းစ်ဟာ ဗွန်တိုင်းဘိုလ်တ်ရဲ့အခန်းထဲမှာ ရှိနေလိမ့်မယ်လို့ သူထင်နေပုံရတယ် ”

ထိုစကားကြောင့် ယာကော့က ကမန်းကတန်း ပြန်မေးသည်။

“ နေပါဦး။ ဟန်းစ်ဆိုတဲ့လူက ဗလကောင်းကောင်းလား။ အရပ်ခပ်ပျပ်ပျပ်လား။ အင်မတန်သန်တဲ့ လူတစ်ယောက်လား ”

“ ကျွန်တော်မသိဘူး။ ဖြစ်နိုင်တယ်။ သူဟာ ဘောလုံးသမား တစ်ယောက်လို့ အားရစ်က ပြောဖူးတယ် ”

“ သူသေသွားပြီ။ ခင်ဗျားအမေပြောပြတယ်။ ဗွန်တိုင်းဘိုလ်တ်က သူ့ကို ပစ်သတ်လိုက်တာ။ ဟန်းစ်ဟာ ခင်ဗျားသူငယ်ချင်း ဝီလီရဲ့လက်ချက်နဲ့ ဒဏ်ရာရလာတယ်လို့ ကျွန်တော်ထင်တယ်။ ဒဏ်ရာကြီးနဲ့လူကို သူတို့နဲ့အတူတူ ကြာရှည်ဆက်မထားနိုင်ဘူးလေ။ အဲဒီကနေ သဲလွန်စ ရသွားနိုင်တယ် မဟုတ်လား ”

နိုဝယ်က ယာကော့ကို ပြန်စိုက်ကြည့်နေသည်။

“ ဝီလီကိုသတ်ပစ်တဲ့လူဟာ သူလား။ ရက်ရက်စက်စက် သတ်သွားတာဟာ အဲဒီ ဟန်းစ်ဆိုတဲ့ အကောင်လား ”

“ ဒါက ကျွန်တော့်ထင်ကြေးပါ။ အတိအကျတော့ မပြောနိုင်ဘူး ”

“ အိုး. . . အားလုံးတော့ ရှုပ်ကုန်ပြီ။ ကျွန်တော့်အမေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြစမ်းပါဦး။ အမေဘယ်မှာလဲ ”

“ နောက်မှ ပြောတာပေါ့လေ ”

“ အခုပြော ”

“ ဟောဟိုရှေ့မှာ တယ်လီဖုန်းရုံရှိတယ်။ အိပ်ခန်းကို ကျွန်တော် ဖုန်းပြန်ဆက်ရဦးမယ်။ အဲဒီမှာ ဟယ်လ်ဒင် စောင့်နေတယ် ”

ယာကော့က ကားကို ထိုးကွေ့လိုက်သည်။

“ အခုပြောပါလို့ ကျုပ် ပြောနေတယ်မဟုတ်လား ”

နိုဝယ်က ယာကော့ကို သေနတ်နှင့်ထိုးချိန်လိုက်သည်။

“ ကျုပ်ကိုသတ်ဖို့ ခင်ဗျား ဆုံးဖြတ်လိုက်ပြီဆိုရင် ကျုပ်ကျေကျေနပ်နပ် အသေခံသွားမယ်။ ကျုပ်သေသွားရင် ခင်ဗျားလဲ သေမှာပဲ။ ခင်ဗျားကိုယ်တိုင် ဖုန်းဆက်ကြည့်ပါ။ ကျုပ်တို့မှာ စိတ်လှုပ်ရှားတိုင်း အရူးလို လျှောက်လုပ်နေဖို့ အချိန်မရှိတော့ဘူး ”

“ ကျွန်တော်တို့မှာ အချိန်တွေရှိနေသေးတာပဲ။ ဘဏ်တိုက်မှာတွေ့ဖို့ ချိန်းထားတဲ့အချိန်ကို ရွှေ့လိုက်လို့ရတာပဲ ”

ထိုစကားကြောင့် ယာကော့ လှုပ်ရှားသွားလေသည်။

“ ဘာဘဏ်လဲ. . . ဂျီနီဗာအာမခံဘဏ်တိုက်လား ”

“ ဟုတ်တယ်။ ဒီနေ့မနက် ကိုးနာရီမှာ ချိန်းထားကြတယ် ”

“ ဟိုက်. . . သွားပါပြီကွာ. . . ”

ယာကော့သည် ကြောက်လန့်တကြားအော်လိုက်မိသည်။ ပြီးတော့ နိုဝယ်၏ပခုံးကို တင်းကျပ်စွာဆုပ်ကိုင်သည်။

နိုဝယ်ကို အသံတိုးတိုးဖြင့်လည်း သနားစဖွယ်တောင်းပန်လေသည်။

“ ဟာရှာအလက်ကို အခွင့်အရေးတစ်ခုတော့ ပေးပါဗျာ။ ဒီလို အခွင့်အရေးမျိုး နောက်ထပ် ဘယ်တော့မှ ကျွန်တော်တို့ ရနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်ပြောတာကိုယုံပါ။ ကျွန်တော် လူပေါင်းများစွာ သတ်ခဲ့ပါတယ်။ ဒီလို သတ်ခဲ့တာဟာ ခင်ဗျားကိုမသတ်ဖြစ်အောင် တခြားလူတွေကို သတ်ခဲ့ရတာပါ။ ကျွန်တော်တို့ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပြီဆိုတာကို တိတိကျကျ သိဖို့လိုနေပြီ။ သိပ်ကို အရေးကြီးနေပြီ။ ဟယ်လ်ဒင်တော့ တစ်ခုခုကိုများ သိထားမလား မပြောတတ်ဘူး ”

နိုဝယ်က ယာကော့၏မျက်နှာကိုစိုက်ကြည့်ရင်း အကဲခတ်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ ဟယ်လ်ဒင်ကို ခင်ဗျားဖုန်းဆက်ပါ။ ကျုပ် ဒီမှာရှိနေကြောင်း ပြောပြပါ။ ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့ ရှင်းလင်းချက်ကို ကျုပ် နားထောင်ချင်တယ်”

❖

မြို့တောင်ဘက်သို့ သူတို့နှစ်ယောက် မော်တော်ကားကို တရကြမ်း မောင်းလာကြသည်။ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေသည်။

ဧည့်ရိပ်သာနှင့် မလှမ်းမကမ်းသို့ရောက်သောအခါ ယာကော့ ကားကို ဘေးတစ်ဘက်သို့ ကွေ့မောင်းသည်။

“ ဘာဖြစ်လို့လဲ ” ဟု နိုဝယ်ကမေးသည်။

“ ခွေးဟောင်သံကြားလို့ ”

“ ကျွန်တော် မကြားလိုက်ပါလား ”

“ ကျွန်တော် ကြားလိုက်တယ်။ ခွေးက ခြံဝမှာရှိနေပုံပဲ။ ခွေးရှိနေရင် အဲဒီဘက်က တိုက်ရိုက်ဝင်လို့ မဖြစ်နိုင်ဘူး။ အထဲမှာရှိနေတဲ့ ရန်သူက ခွေးဟောင်သံကြားသွားရင် ကြိုတင်ပြင်ဆင်ချိန် ရသွားလိမ့်မယ် ”

“ ခင်ဗျား နားပါးလှချည်လား။ ဂီတသမားလား ” ဟု နိုဝယ်က ပြန်မေးသည်။

“ တယောသမားပါ ”

ယာကော့က ဂိတ်ဝနှင့်ဝေးရာဘက်သို့ မောင်းလာသည်။ အမှောင်ရိပ်ထဲမှာ မော်တော်ကားကို ရပ်သည်။

“ မြန်မြန်ဆင်း. . . ခင်ဗျား မီးကကြီး ချွတ်ခဲ့။ သေနတ်ယူခဲ့။ ကားတံခါးကို အသာကလေးဖိပိတ်. . . အသံမမြည်စေနဲ့။ အိမ်ကတော့ ခြံအတွင်းပိုင်းမှာ ဖြစ်မှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ တွေ့မှာပါ ”

ဧည့်ရိပ်သာကို ကာရံထားသော ခြံစည်းရိုးသည် ရိုးရိုးခြံစည်းရိုး မဟုတ်ပါ။ အုတ်တံတိုင်းဖြင့် အခိုင်အခံ့ ကာရံထားခြင်းဖြစ်လေသည်။ အုတ်တံတိုင်းပေါ်တွင် သံဆူးကြိုးများ ထပ်ကာထားသေးသည်။

ယာကော့က အုတ်တံတိုင်းနှင့် သံဆူးကြိုးများကို စနစ်တကျ စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသည်။

“ အချက်ပေးခလုတ်တော့ တပ်ဆင်ထားပုံမရဘူး။ ကျွန်တော်တို့ အုတ်တံတိုင်းကို ကျော်တက်ကြရမှာပဲ ”

ယာကော့က အုတ်တံတိုင်းနားမှာကပ်ပြီး သူ့လက်နှစ်ဘက်ကို ခံပေးသည်။

“ ကျွန်တော့်လက်ကို နင်းပြီးတက် ”

နိုဝယ်က ပြောသည့်အတိုင်း ယာကော့၏လက်ကိုနင်းပြီး အုတ်တံတိုင်းပေါ်သို့ ဖက်တက်သည်။ အပေါ်မှာ ထပ်ကာထားသော သံဆူးကြိုးများကို ရှောင်တိမ်းရင်း တစ်ဘက်သို့ခုန်ချသည်။ သံဆူးကြိုးနှင့် သူ့အင်္ကျီငြိမိပြီး ပြဲသွားသည်။

မြေပြင်ပေါ်သို့ လဲနေရာမှ ပြန်ထသည့်အချိန်မှာပင် အုတ်တံတိုင်းပေါ်သို့ ယာကော့ရောက်နေသည်ကို တွေ့ရသည်။ ချက်ချင်းဆိုသလိုပင် သူ့အနားသို့ ယာကော့ အလိုက်သင့်ကျလာသည်။

ယာကော့က လက်ပတ်နာရီကို ကြည့်သည်။

“ ခြောက်နာရီထိုးတော့မယ်။ မကြာခင် မိုးလင်းတော့မယ်။မြန်မြန်လုပ် ”

ဧည့်ရိပ်သာရှိရာသို့ တောအုပ်ကလေးကိုဖြတ်ပြီး သူတို့နှစ်ယောက် မပြေးရုံတမည် သွားကြသည်။ မလှမ်းမကမ်းတွင် မီးရောင် ခပ်မှိန်မှိန်ကလေး လင်းနေသော အဆောက်အအုံတစ်ခုကို တွေ့ရသည်။

“ ရပ် ”

ယာကော့က ရပ်ခိုင်းသည်။ နိုဝယ်၏ပခုံးကိုလည်း လက်တစ်ဘက်ဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

“ ဘာပြောတယ်. . . ဘာဖြစ်လို့ ရပ်ရမှာလဲ ”

“ ငြိမ်ငြိမ်နေ. . . အိမ်ထဲမှာ လှုပ်ရှားနေတာတွေ့ရတယ်။ လူတွေရှိနေတယ် ”

ကိုက်တစ်ရာမျှကွာဝေးနေသောအိမ်ကို နိုဝယ်က အာရုံစိုက်ကြည့်သည်။ သို့သော်လည်း မည်သည့်လှုပ်ရှားမှုကိုမှ မမြင်တွေ့ရ။ ပြတင်းပေါက်များကို ကျော်ပြီး ကြည့်သည်။ ထူးမခြားနားပင်။

“ ကျုပ်တော့ တစ်ယောက်မှ မမြင်ဘူး ”



www.burmeseclassic.com

www.burmeseclassic.com



" မီးရောင်ကိုကြည့် . . . မီးရောင်လှုပ်နေတာကို မြင်ရလိမ့်မယ်။ လူတွေ လှုပ်နေလို့ မီးရောင်က လှုပ်နေတာ " ဟု ယာကော့က ပြန်ပြောသည်။

သူပြောသည့်အတိုင်း နိုဝယ်ကကြည့်သည်။ ထိုအခါကျမှပင် မီးရောင်က ထိန်သွားလိုက်၊ မှိန်သွားလိုက် ဖြစ်နေသည်ကို သတိထားမိသည်။ လူများလှုပ်ရှားနေသောကြောင့် မီးရောင် ပြောင်းလဲနေခြင်းဖြစ်သည်။

" ခင်ဗျား ပြောတာ မှန်တယ် "

နိုဝယ်က လေသံကလေးနှင့်ပြန်ပြောသည်။

" လာ . . . ဟိုဘက် ချုံဖုတ်တွေထဲကဖြတ်ပြီး အိမ်ဘေးကနေကပ်ကြည့်မယ် "

ယာကော့ ခေါ်သည့်နောက်သို့ နိုဝယ် လိုက်လာခဲ့သည်။ တောအုပ်ကလေးလိုဖြစ်နေသော ချုံဖုတ်များကိုဖြတ်ပြီး အိမ်ဘေးဘက်သို့ လှည့်လာကြသည်။

" ခင်ဗျား ဒီနားမှာနေခဲ့။ ကျွန်တော်အလျင်သွားမယ်။ ကျွန်တော်အချက်ပြတော့မှ လိုက်လာခဲ့။ လုံးလုံးအသံမကြားစေနဲ့နော် "

ယာကော့က နိုဝယ်ကို ချုံဖုတ်ထဲမှာထားခဲ့ပြီး တစ်ယောက်တည်း ဧည့်ရိပ်သာဆီသို့ ချဥ်းကပ်သွားသည်။ နံရံနားသို့ကပ်ပြီး ပြတင်းပေါက်မှ ချောင်းကြည့်နေသည်ကို နိုဝယ် လှမ်းမြင်နေရသည်။

နိုဝယ်က ယာကော့ အချက်ပြလျှင် ပြေးလိုက်သွားရန် အဆင်သင့်ပြင်ထားသည်။

သို့သော်လည်း ယာကော့က အချက်ပြခြင်းလုံးဝမရှိ။ နံရံဘေးမှာ ငြိမ်သက်စွာရပ်ရင်း အတွင်းသို့ စူးစိုက်ကြည့်နေသည်။

ဘာကြောင့် လက်မြှောက်မပြသနည်း။ ဘာများနေသနည်း။ ဘာကြောင့် ငြိမ်ချက်သားကောင်းနေသနည်း။

နိုဝယ်သည် ထိုထက်ပိုပြီး သည်းခံနေနိုင်စွမ်း မရှိတော့ပါ။

ထို့ကြောင့် ချုံပုတ်ထဲမှထွက်ပြီး ယာကော့ ရပ်နေသည့်နေရာသို့ တဟုန်ထိုးပြေးလိုက်သွားလေတော့သည်။

ယာကော့က သူ့ကို အထိတ်တလန့် လှည့်ကြည့်သည်။

" ဒီနားမလာနဲ့ " ဟုလည်း လေသံနှင့်ပြောသည်။

" ခင်ဗျား ဘာစကားတွေပြောနေတာလဲ။ အထဲမှာ အမေရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယာကော့က နိုဝယ်၏ပခုံးကိုကိုင်ပြီး နောက်ဘက်သို့ ပြန်တွန်းထုတ်သည်။

" ဒီနားမလာနဲ့လို့ ပြောနေတယ်မဟုတ်လား။ နောက်ပြန်ဆုတ်။ ကျုပ်တို့ ဒီနေရာကချက်ချင်း ထွက်သွားမှ ဖြစ်တော့မယ် "

" ဖယ်စမ်း . . . "

နိုဝယ်က ယာကော့၏လက်ကို ဒေါသတကြီး ပုတ်ချလိုက်သည်။ ပြီးတော့ ပြတင်းပေါက်ကိုကျော်ပြီး အတွင်းသို့ကြည့်သည်။

ကမ္ဘာလောကကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်ဟု သူထင်လိုက်ရသည်။ အသည်းနှလုံးများ အားလုံး ပြုတ်ကျကုန်ပြီဟု ထင်မိသည်။

သူ အသံကုန်အော်ဖို့ ကြိုးစားသည်။ သို့သော်လည်း ဘာသံမှ ပေါ်ထွက်လာခြင်းမရှိပါ။ ဒူးများလည်း ပျော့ခွေလာသည်။

အိမ်ထဲမှာ သူမြင်လိုက်ရသည်ကား သူ့အမေ၏အလောင်း။

သူ့ပါးစပ်ပေါ်သို့ လက်တစ်ဖက် ကျလာသည်။ အခြားလက်တစ်ဖက်က သူ့ချိုင်းအောက်သို့ လျှိုသွင်းသည်။ ပြီးတော့ မြေကြီးနှင့် သူ့ခြေထောက် မထိတော့ဘဲ အုတ်တံတိုင်းဆီသို့ မြောက်လျက်သားပါသွားလေတော့သည်။

အုတ်တံတိုင်းပေါ်သို့ သူ မည်ကဲ့သို့ တက်ခဲ့မိသည်ကို မသိပါ။ အုတ်တံတိုင်းအပြင်ဘက်သို့ သူ မည်ကဲ့သို့ ရောက်သွားသည်ကို မသိပါ။

သူ သိသည်မှာ ကားထဲသို့ ပြန်ရောက်နေခြင်းသာဖြစ်သည်။ မော်-တော်ကားက အရှိန်နှင့်ပြေးနေခြင်းသာဖြစ်သည်။ သူ့ဘေးမှာ ယာကော့သည် စကားတစ်ခွန်းမှမပြောဘဲ မော်တော်ကားကို အာရုံစိုက်ပြီး မောင်းနေခြင်းသာဖြစ်သည်။

ကားမှန်ကြားထဲမှ လေအေးများ တိုးဝင်နေသည်ကို သတိထားမိသည်။ အပြင်မှာ ရောင်ခြည်သမ်းလာသည်ကိုပါ မြင်ရသည်။

အရုဏ်တက်ပြီ။

\+ \+ \+

ကုလားထိုင်တစ်လုံးပေါ်မှာ နိုဝယ်ထိုင်နေသည်။ သူ အလွန်တရာ ပင်ပန်းနွမ်းနယ်နေလေသည်။ သူ့အမေ အယ်လ်သိန်းရေးထားခဲ့သည့်စာကို ဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သား နို၀ယ်

သားနဲ့မေမေနဲ့ ပြန်တွေ့ကြဖို့ဟာ မဖြစ်နိုင်တော့ဘူးလို့ ထင်တယ်၊ ဒါပေမယ့် မေမေ့အတွက် ပူဆွေးကြေကွဲမနေဖို့ မေမေ တောင်းပန်ပါရစေ။ ပူဆွေးကြေကွဲတာတွေကို နောက်မှလုပ်ပါ။ အခုတော့ အချိန်လဲ မရတော့ဘူး။

မေမေဟာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို လုပ်ခဲ့ပါတယ်။ မေမေ လုပ်ရမယ့်အလုပ်တွေကို တခြားတစ်ယောက်ယောက် ၀င်လုပ်မယ် ဆိုရင်လဲ မေမေ ခွင့်ပြုမယ်မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအလုပ်တွေဟာ မေမေကိုယ်တိုင် လုပ်ရမယ့်အလုပ်တွေ ဖြစ်လို့ပါပဲ။

နှစ်ပေါင်းသုံးဆယ်လုံးလုံး မေမေဟာ အလိမ်အညာခံနေခဲ့ရတယ်။ ဒီထက်ပိုပြီး ဆက်အညာမခံနိုင်တော့ဘူး။ ဒီအကြောင်းတွေကို မေမေရဲ့မိတ်ဆွေသစ် ယာကော့က သားကိုရှင်းပြပါလိမ့်မယ်။ အမှန်အတိုင်းပြောရရင် စောစောပိုင်းအချိန်အထိ မေမေတို့ အညာခံနေခဲ့ကြရတာကို မေမေ မသိခဲ့ဘူး။

စောစောကတည်းက မေမေ မှားခဲ့တယ်။ သူတို့ပြောတဲ့စကားတွေကို ယုံကြည်မိတဲ့အတွက် ဒီလိုမှားခဲ့တာပဲ။ ဒီလိုအမှားကြွေးတွေကို မေမေ ကျေကျေနပ်နပ် ပြန်ဆပ်ခဲ့ပါတယ်

အမေတို့နှစ်ယောက် ပြန်မတွေ့ရတော့ဘူးဆိုရင်လဲ သားလို သားတစ်ယောက်ကို မေမေမွေးခဲ့ရတဲ့အတွက် စိတ်ချမ်းသာမှု အပြည့်အ၀ ရကြောင်း အခုကတည်းက ကြိုတင်ပြောခဲ့ပါတယ်။

သားရဲ့ချစ်သူ ဟယ်လ်ဒင်အကြောင်း ပြောချင်ပါသေးတယ်။ သူဟာ အင်မတန်ချစ်စရာကောင်းတဲ့သမီးကလေးတစ်ယောက်ပါ။ ဒီလိုသမီးကလေးမျိုးကို မေမေ တစ်သက်လုံးက လိုချင်နေခဲ့တယ်။

သူနဲ့မေမေ ခဏကလေးတွေ့ကြရပေမယ့် သူ့အကြောင်းကို မေမေ ကောင်းကောင်း အကဲခတ်ခဲ့မိပါတယ်။

သူနဲ့မေမေတွေ့ရတဲ့ အင်တန်တိုတောင်းတဲ့အချိန်ကလေးအတွင်းမှာ သူ့အသက်ကိုစွန့်ပြီး မေမေ့အသက်ကို သူကယ်ခဲ့တယ်။ သူ့ကိုလဲ မေမေ နှစ်နှစ်ကာကာ ချစ်လိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားကို ဘုရားသခင် စောင်မကြည့်ရှုပါစေလို့လဲ မေမေ ဆုတောင်းခဲ့ပါတယ်။

**သားရဲ့မေမေ**
**အယ်လ်သိန်း။**

နိုဝယ်က ယာကော့ကို လှမ်းကြည့်သည်။ ယာကော့သည် ပြတင်းပေါက်နားမှာရပ်ရင်း အပြင်မှရောင်ခြည်သမ်းနေသည်ကို ကြည့်နေသည်။ ဆောင်းနံနက်မို့ နေထွက်က အလွန် နောက်ကျနေလေသည်။

" သူလုပ်ရမယ့်အလုပ်တွေကို အခြားတစ်ယောက်ယောက်ဝင်လုပ်တာ ခွင့်ပြုဖြစ်မယ်မထင်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ " ဟု နိုဝယ်က မေးသည်။

" ကျွန်မအစ်ကိုနဲ့တွေ့ရမယ့်ကိစ္စကို ပြောတာပါ "

အခန်းတစ်ဘက်ခြမ်းမှာရှိနေသော ဟယ်လ်ဒင်က ဝင်ဖြေသည်။

နိုဝယ်သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မျက်လုံးအစုံကို မှိတ်ထားလိုက်မိလေသည်။

" ယာကော့ကပြောတယ်။ မင်းကို သတ်ပစ်ဖို့လဲ သူအမိန့်ပေးခဲ့တယ်ဆို "

" ဟုတ်တယ်။ လူတွေအများကြီးကို သူသတ်ခဲ့တယ် "

နိုဝယ်က ယာကော့ကို လှမ်းကြည့်ပြန်သည်။

" သူတို့ရဲ့ လိမ်ညာမှုတွေအကြောင်း ခင်ဗျားရှင်းပြလိမ့်မယ်လို့ အမေက ရေးသွားတယ် "

" အဲဒီအကြောင်းတွေ ဟယ်လ်ဒင်ကပဲ ရှင်းပြပါလိမ့်မယ်။ ကျွန်တော်သိထားတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဟယ်လ်ဒင်ကလဲ ဇာတ်လမ်းအားလုံးကို သိထားတယ် "

" ဒါကြောင့် လန်ဒန်ကို မင်းထွက်သွားတာလားဟင်. . . "

နိုဝယ်က ဟယ်လ်ဒင်ကို လှမ်းမေးသည်။

" အဲဒီကိစ္စတွေကြောင့် ပါရီမြို့က ကျွန်မထွက်လာခဲ့တာ။ ဒါပေမယ့် လန်ဒန်ကို သွားတာမဟုတ်ဘူး။ နူချာတဲဆိုတဲ့ ရွာကလေးတစ်ရွာကိုသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဝါနာဂါးဟတ်အကြောင်း၊ ဝံပုလွေများအကြောင်း၊ ဝံပုလွေဒဂ်ါးတွင် မျက်နှာနှစ်ဘက်ရှိသည့်အကြောင်း၊ နာခရိုက်တင်းဒိုက်များအကြောင်းတို့ကို ဟယ်လ်ဒင်က တစ်လုံးမကျန် ရှင်းပြသည်။

ဟယ်လ်ဒင်က ရှင်းပြပြီးသောအခါ နိုဝယ်က ကုလားထိုင်ပေါ်မှ ထလာသည်။

“ ဒီအတိုင်းဆိုရင် တစ်လျှောက်လုံး ကိုယ်ဟာ လိမ်ညာသူတွေရဲ့ ခေါင်းဆောင်လိုဖြစ်နေခဲ့တာပေါ့။ လူလိမ်တွေရဲ့တပ်ဦးမှာ ငုတ်တုတ်ကြီးထိုင်နေခဲ့ရတာပေါ့။ ဝံပုလွေတွေအတွက် လိမ်ညာပေးနေရတဲ့ အဖြစ်မျိုးလေ ”

“ ဟုတ်တယ်။ ခင်ဗျားကို ဗန်းပြပြီး သူတို့အစီအစဉ်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေကြတာ။ ခင်ဗျားကြောင့် သူတို့အားလုံး တရားဥပဒေဘောင်ထဲမှာဝင်နေတယ်။ ခင်ဗျားမရှိဘဲနဲ့ ဘဏ်တိုက်ကငွေတွေကို သူတို့ ထုတ်လို့မရဘူး။ ဝံပုလွေအတုတွေ ဘာမှလုပ်လို့မရဘူး။ အဲဒီလိုဖြစ်အောင် စီစဉ်သွားတဲ့လူဟာ အင်မတန်တော်တယ် ”

ပြတင်းပေါက်နားမှရပ်နေသော ယာကော့က ရှင်းပြနေသည်။

နိုဝယ်က အုတ်နံရံကို ငေးကြည့်နေသည်။ သူ့အသိအာရုံထဲမှာ မြင်ကွင်းပေါင်းစုံတို့ ပေါ်လာသည်။ သူ့အဖေအသတ်ခံရပုံ၊ သူ့အမေ အသတ်ခံရပုံ၊ သူ့သူငယ်ချင်းများ အသတ်ခံရပုံများကို ပြန်လည်မြင်ယောင်လာသည်။

ထိုအခါကျမှပင် ဂျိုဟန်းဗွန်တိုင်းဘော့လ်တ်တို့၏အစီအစဉ်ကို တဖြည်းဖြည်း သဘောပေါက်လာလေတော့သည်။

“ အမေ့အလောင်းကို ဘာဖြစ်လို့ကြည့်ခွင့်မပေးတာလဲ ” ဟု နိုဝယ်က ယာကော့ကို လှမ်းမေးသည်။

“ မတားသင့်ဘူးဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမယ့် မတားလို့မဖြစ်တော့ဘူး။ ခင်ဗျားက တစ်ခုခုလုပ်လိုက်ရင် အစီအစဉ်တွေ အားလုံးပျက်သွားတော့မယ်။ ဒါကြောင့် မတားချင်ဘဲနဲ့ တားလိုက်ရတာပါ”

“ ခင်ဗျားပြောတာတွေ ကျွန်တော် နားမလည်ဘူး ”

“ ဟာရှာအလက်ရဲ့အခွင့်အလမ်းအကြောင်းကို ကျွန်တော်ပြောပြခဲ့တယ်မဟုတ်လား။ အဲဒီအခွင့်အလမ်းအောင်မြင်ဖို့ဟာ ခင်ဗျားတစ်ယောက်တည်းပေါ်မှာပဲ လုံးလုံးတည်နေတယ်။ အမှန်အတိုင်းပြောရမယ်ဆိုရင် အဲဒီလုပ်ငန်းစဉ်တွေ အောင်မြင်အောင် ကျွန်တော် မလုပ်နိုင်ဘူး။ တခြားဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ မလုပ်နိုင်ဘူး။ ခင်ဗျားတစ်ယောက်တည်းပဲ လုပ်နိုင်တယ်။ ဒါကြောင့် ခင်ဗျား အမေ အသတ်ခံရတာကို ခင်ဗျားသိသွားကြောင်း လူသိခံလို့မဖြစ်ဘူး။ အထူးသဖြင့် ဝံပုလွေအတုတွေသိလို့ မဖြစ်ဘူး။ မျိုးဆက်တွေသိလို့ မဖြစ်ဘူး။ ဂျိုဟန်း ဗွန်တိုင်းဘို့လ်တ်တို့သိလို့ မဖြစ်ဘူး ”

“ ဒါကို ဘာကိုဆိုလိုတာလဲ ”

“ ဘာတွေဖြစ်နေတယ်ဆိုတာကို မသိချင်ယောင်ဆောင်ပြီး ဘဏ်တိုက်ကိုသွားပါ။ ခင်ဗျားမိဘတွေနဲ့ ခင်ဗျားသူငယ်ချင်းတွေကို သတ်ခဲ့တဲ့ လူသတ်သမားနဲ့မျက်နှာချင်းဆိုင်ပါ။ ဟယ်လ်ဒင်ကိုသတ်ဖို့ အမိန့်ပေးခဲ့တဲ့ လူသတ်ကောင်နဲ့ရင်ဆိုင်ပါ။ သူတို့အားလုံးနဲ့တွေ့ပါ။ ပြီးတော့ စာချုပ်စာတမ်းတွေအားလုံးကို စီစဉ်ထားတဲ့အတိုင်း လက်မှတ်ထိုးပါ ”

“ ခင်ဗျား ရူးနေပြီလား. . . ဘာစကားတွေလျှောက်ပြောနေတာလဲ။ ခင်ဗျား စိတ်မှန်သေးရဲ့လား ”

နိုဝယ်က ယာကော့ကို အော်မေးသည်။

“ ကျွန်တော်ဘာမှမဖြစ်ပါဘူး။ အကောင်းပကတိပါပဲ။ ကျွန်တော်တို့ တည်ဆဲဥပဒေတွေကို သေသေချာချာလေ့လာခဲ့ကြတယ်။ ခင်ဗျားလက်မှတ်ဝင်ထိုးမှ ငွေတွေကို လွှဲပြောင်းပေးနိုင်မယ်။ ခင်ဗျားလက်မှတ်မထိုးဘဲနဲ့ ဒီငွေတွေကို ဘယ်နည်းနဲ့မှ လွှဲပြောင်းပေးမှာမဟုတ်ဘူး။ ဒီလက်မှတ်ထိုးလိုက်ရင် အဲဒီငွေတွေအတွက် ပူးတွဲအကျိုးခံစားခွင့်ကိုလဲ ခင်ဗျားရမယ်။ ခင်ဗျား သေသွားရင် ခင်ဗျား ရသင့်ရထိုက်တဲ့ငွေတွေကို သူတို့ရယူခွင့်ရှိမယ်။ ဒါကြောင့် အဲဒီငွေတွေ လွှဲပြောင်းပေးဖို့ ခင်ဗျားလက်မှတ်ထိုးတာဟာ ကိုယ့်သေမိန့်ကို ကိုယ်ပြန်ပြီး လက်မှတ်ထိုးတာနဲ့အတူတူပဲ။ ဒါပေမယ့် လက်မှတ်ထိုးလိုက်ပါ။ ခင်ဗျားရဲ့သေမိန့်မဖြစ်နိုင်ဘူး။ သူတို့ရဲ့သေမိန့်သာဖြစ်စေရမယ်။ သူတို့သေသွားရင် ဒီငွေတွေကို ဆက်ခံရမယ့်သူဟာ ခင်ဗျားပဲ ”

နိုဝယ်က ယာကော့ကို စိုက်ကြည့်နေမိသည်။ ကြည့်နေရင်းလည်း ပိုမိုသဘောပေါက်လာသည်။ သူ့ကိုယ်သူလည်း အတတ်နိုင်ဆုံး ထိန်းထားရလေသည်။

သူ ဒယိုးဒယိုင်ဖြစ်နေသည်ကို သတိထားမိသော ယာကော့က သူ့ပခုံးကိုကိုင်ပြီး ထိန်းပေးထားသည်။ တည်ငြိမ်မှုရသွားတော့မှ လွှတ်ပေးသည်။

“ သူတို့ကတော့ ကျွန်တော့်ကိုရှာနေကြတော့မှာပဲ။ ဂျိုဟန်းရဲ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ကျွန်တော်ဝင်တယ်လို့ ထင်ချင်လဲထင်နေကြလိမ့်မယ် ”

“ ခင်ဗျား တကယ်ဝင်ခဲ့တာပဲ။ တံခါးမှာကပ်ထားတဲ့ဆံပင်ခြည်ကို ပြန်တပ်ထားချိန်မရခဲ့ဘူး။ အဲဒီတော့ သူ့အခန်းထဲကို ခင်ဗျားဝင်တယ်ပေ့ါ။ ဘယ်သူမှမတွေ့လို့ တံခါးပြန်ပိတ်ထားခဲ့ပြီး ပြန်လာခဲ့တယ်လို့ ပြောရမှာပေ့ါ”

“ ဒီလိုဆိုရင် ဒါလောက်အချိန်ကြာကြာကြီး ကျွန်တော် ဘယ်သွားနေသလဲ။ ဒါကိုတော့ သူတို့က သိချင်ကြမှာပဲ ”

“ ဒီမြို့ရဲ့အနေအထားကို ခင်ဗျား မှတ်မိသလား ”

“ ကောင်းကောင်းမမှတ်မိဘူး ”

“ ဒီလိုဆိုရင် တက္ကစီကားတစ်စီးငှားသွားတယ်လို့ပြောပါ။ ဆိပ်ကမ်းပေါင်စုံကိုသွားပြီး ခင်ဗျားအမေကို တွေ့မလားလို့ ရှာနေတယ်လို့ပြောပါ။ ဆိပ်ကမ်းတွေမှာတွေ့ရတဲ့လူတွေကို အမေ့ပုံပန်းသဏ္ဌာန်ပြောပြပြီး မြင်မိသလားလို့ မေးနေတယ်ပြောပါ။ ဒီစကားကို သူတို့ယုံကြည်ကြမှာပဲ။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား စိတ်အတော်ကလေးကို မတည်မငြိမ်ဖြစ်နေတာ သူတို့သိတယ်”

“ အခု ခုနစ်နာရီခွဲတော့မယ်။ ဘဏ်တိုက်မှာချိန်းထားတဲ့အချိန်ရောက်ဖို့ တစ်နာရီခွဲလောက်ပဲလို့တော့တယ်။ ကျွန်တော် ဟိုတယ်ကိုပြန်သွားမယ်။ ဘဏ်တိုက်ကကိစ္စတွေပြီးရင် ကျွန်တော်တို့ချင်း ပြန်တွေ့ကြမယ် ”

“ ဘယ်မှာတွေ့မလဲ ” ဟု ယာကော့က ပြန်မေးသည်။

“ အိပ်ဆယ်စီယာဟိုတယ်မှာ အခန်းတစ်ခန်းငှားပါ။ လင်မယားနှစ်ယောက်အနေမျိုးနဲ့ငှားပါ။ အဲဒီကို ကိုးနာရီခွဲလောက် ရောက်အောင်သွားပါ။ စောတော့စောတာပေ့ါလေ။ ကျွန်တော့်အခန်းက နံပါတ်လေးရာတစ်ဆယ့်တစ် ”

\+ \+ \+

နိုဝယ်သည် ဟိုတယ်ခန်းအဝတွင် ရပ်နေသည်။ အချိန်က နံနက်ရှစ်နာရီထိုးပြီး သုံးမိနစ်အလွန်ဖြစ်သည်။

အခန်းထဲမှ ဒေါသတကြီးပြောဆိုနေသံများကို အပြင်ဘက်မှ အတိုင်းသား ကြားနေရလေသည်။ ဂျိုဟန်း၏အသံဖြစ်သည်။ ပေါက်ကွဲလုလုဖြစ်နေသော အသံမျိုးဖြစ်သည်။

ပေါက်ကွဲလုလု. . .။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးကို စဉ်းစားမိသောအခါ နိုဝယ်က သူ့စိတ်ကို သူကြိုးစားပြီး ထိန်းချုပ်ထားရလေသည်။ ဂျိုဟန်းကိုတွေ့လျှင် တစ်စစီဆွဲဖွဲ့ပစ်ချင်စိတ်များ ပေါ်ပေါက်လာလေသည်။ အဖေနှင့်အမေ့ကို သတ်သွားသူနှင့် မျက်နှာချင်းဆိုင်ရတော့မည်။

နိုဝယ်က တံခါးခေါက်သည်။ သူ့လက်များ တုန်တုန်ယင်ယင်ဖြစ်မနေသည်ကို အံ့ဩစရာတွေ့ရသည်။

အခန်းတံခါးပွင့်သွားသည်။

အဖေနှင့်အမေ့ကိုသတ်ခဲ့သည် ရွှေရောင်ဆံပင်နှင့်လူသတ်သမားက အပေါက်ဝမှာ ရပ်နေသည်။ သူတို့နှစ်ယောက် မျက်လုံးချင်း ဆိုင်ကြည့်နေကြသည်။

“ နိုဝယ်. . . ခင်ဗျားဘယ်သွားနေတာလဲ. . . ကျုပ်တို့ လိုက်ရှာနေကြတာ နှံ့နေပြီ။ ဘယ်မှာမှ မတွေ့ဘူး ”

ထိုစကားကြားသောအခါ နိုဝယ်က သူ့စိတ်ကိုအနိုင်နိုင်ထိန်းထားရလေသည်။ လွတ်ထွက်သွားတော့မည်ကဲ့သို့လည်း ဖြစ်လာသည်။

“ ခင်ဗျားတို့လိုပဲ ကျုပ်ကလဲ လိုက်ရှာနေတာပဲ။ တစ်ညလုံး ကျုပ်အမေကို လိုက်ရှာနေတာလေ။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ ဂျီနီဗာမြို့ကို အမေရောက်လာတယ်လို့တောင် ကျုပ် မထင်ချင်တော့ဘူး ”

“ ကျုပ်တို့ ဆက်ရှာကြတာပေါ့လေ. . . ကော်ဖီသောက်ပါဦး။ ခဏကြာရင် ဘဏ်တိုက်ကိုသွားကြမယ်။ ဟိုမှာ လက်မှတ်ထိုးပြီးရင် အားလုံးပြီးသွားပါပြီ ” ဟု ဂျိုဟန်းက ပြောသည်။

“ ဟုတ်တာပေါ့. . . အားလုံး ပြီးရတော့မှာပဲမဟုတ်လား ”

နိုဝယ်က ဣန္ဒြေနှင့် ပြန်ပြောသည်။

+ + +

စားပွဲရှည်ကြီးတွင် သူတို့သုံးယောက်ထိုင်နေကြသည်။ နိုဝယ်က အလယ်မှာထိုင်ပြီး သူ၏ဘယ်ဘက်တွင်အားရစ်ကလည်းကောင်း၊ ညာဘက်တွင် ဗွန်တိုင်းဘိုလ်တ်ကလည်းကောင်း အသီးသီး နေရာယူကြသည်။

သူတို့နှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသူများမှာ ဂျီနီဗာအာမခံဘဏ်တိုက်မှ ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်း၏ရှေ့မှာ လက်မှတ်ထိုးရမည့် စာချုပ်စာတမ်းများ၊ အသင့်ပြင်ဆင်ထားသော စာရွက်စာတမ်းများနှင့် ဖိုင်တွဲများရှိနေကြသည်။

ဘယ်ဘက်အစွန်တွင် ထိုင်နေသော ဒါရိုက်တာလူကြီးက စကားစ ပြောသည်။

“ လူကြီးမင်းတို့ရှေ့မှာ အဆင်သင့်ချပေးထားတဲ့စာရွက်စာတမ်းတွေ ထဲမှာ ငွေစာရင်းတွေ အတိအကျရေးသွင်းထားပါတယ်။ လူကြီးမင်းတို့ သတိပြု မိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီစာရွက်စာတမ်းတွေပေါ်မှာ လူကြီးမင်း တို့သုံးယောက် မျက်နှာစုံညီလက်မှတ်ရေးထိုးပြီးတာနဲ့တစ်ပြိုင်တည်း ဒေါ်လာ ငွေသန်းပေါင်း ခုနစ်ရာ့ရှစ်ဆယ်ဟာ ကျွန်တော်တို့ရဲ့ ဂျီနီဗာအာမခံဘဏ်တိုက် ကြီးနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ စီမံခန့်ခွဲမှုအောက် မှာလဲ မရှိတော့ပါဘူး။ အဲဒီငွေတွေကို အညီအမျှ သုံးချိုးခွဲထားပါတယ်။ လူကြီး မင်းတို့သုံးယောက်ဟာ တစ်ချိုးစီကို အညီအမျှပိုင်ဆိုင်ကြပါတယ်။

လူကြီးမင်းတို့ရဲ့ ဆန္ဒအတိုင်း အဲဒီငွေတွေအားလုံးကို ဇူးရစ်ဘဏ် တိုက်ထဲကို ပြောင်းလဲထည့်သွင်းပေးဖို့ ဖြစ်ပါတယ်။ လူကြီးမင်းတို့ လက်မှတ် ရေးထိုးပြီးတာနဲ့တစ်ပြိုင်တည်း ဇူးရစ်ဘဏ်တိုက်ထဲကို လွှဲပြောင်းပေးသွင်းပြီးပြီ ဆိုတဲ့သဘောပါပဲ။ လူကြီးမင်းတို့ သဘောရှိသလို ထုတ်ယူသုံးစွဲနိုင်ကြပါပြီ။

အမွေစား အမွေခံနဲ့ပတ်သက်လို့တော့ လူကြီးမင်းတို့သုံးယောက်စလုံး သာလျှင် အမွေစားအမွေခံများဖြစ်ပါတယ်။ လူကြီးမင်းတို့အထဲက တစ်စုံ တစ်ယောက်ကွယ်လွန်ရင် သူပိုင်ဆိုင်တဲ့ငွေအချိုးတူ အားလုံးဟာ ကျန်နှစ်ယောက် ရဲ့ စာရင်းထဲကို ဝင်သွားမှာဖြစ်ပါတယ်။ နှစ်ယောက်ကွယ်လွန်မယ်ဆိုရင် အဲဒီ နှစ်ယောက် ပိုင်ဆိုင်တဲ့ငွေအားလုံးဟာ ကျန်လူတစ်ယောက်ရဲ့ငွေစာရင်းထဲကို ဝင်သွားမှာဖြစ်ပါတယ်။ ကဲ. . . စာရွက်စာတမ်းတွေအားလုံးကို ဖတ်ကြည့်ပြီးလို့ ကျေနပ်မှုရှိပြီဆိုရင် လက်မှတ်ထိုးကြစေချင်ပါတယ် ”

သူတို့သုံးယောက်စလုံး အလျင်အမြန်ဖတ်ကြသည်။ ပြီးတော့ လက်မှတ် ကိုလည်း မြန်မြန်ဆန်ဆန် ထိုးကြသည်။

နိုဝယ်က သူလက်မှတ်ထိုးပြီးဖြစ်သော စာရွက်များကို အားရစ် လက်မှတ်ထိုးရန်ကမ်းပေးရင်း မေးရိုးမေးစဉ်မေးသည့်အနေဖြင့် မေးသည်။

“ ခင်ဗျားကို တစ်ခုမေးဖို့မေ့နေတယ် အားရစ်. . . ခင်ဗျားညီ ဘယ် မှာလဲ။ သူ ဂျီနီဗာကိုရောက်နေမယ်လို့ ကျွန်တော် ထင်နေတာ ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါရဲ့။ စိတ်လှုပ်ရှားစရာတွေက သိပ်များနေတော့ ကျွန်တော်လဲ ပြောပြဖို့မေ့နေတယ်။ ဟန်းစ်က မြူးနစ်မြို့မှာပဲရှိနေသေးတယ်။ ထွက်မလာနိုင်သေးဘူး။ ဒါပေမယ့် ဇူးရစ်မြို့မှာတော့ ကျွန်တော်တို့ချင်း ဆုံကြမှာပါပဲ "

အားရစ်က ပြုံးပြရင်း ပြန်ဖြေသည်။

" ဇူးရစ်မြို့မှာ ဆုံမှာလား "

အားရစ်က နိုဝယ်ကိုကျော်ပြီး ဂျိုဟန်းကို မသိမသာလှမ်းကြည့်သည်။

" ဟုတ်တယ်. . . ဇူးရစ်မြို့မှာဆုံကြမှာ။ တနင်္လာနေ့မနက် ကျွန်တော်တို့အားလုံး ဟိုမှာဆုံကြဖို့ စီစဉ်ထားတယ် မဟုတ်လား "

" အဲဒီအကြောင်း ခင်ဗျား ကျွန်တော့်ကို ပြောမပြသေးပါလား "

နိုဝယ်က ဂျိုဟန်းဘက်သို့ လှည့်မေးသည်။

" ကျွန်တော်တို့ချင်း စကားပြောဖို့ကလဲ အချိန်ဟုတ္တိပတ္တိရခဲ့တာ မဟုတ်ဘူးလေ။ တနင်္လာနေ့ဆုံကြဖို့ ခင်ဗျားအတွက် အဆင်မပြေဘူးလား "

" ဒီသဘောမျိုးတော့ မဟုတ်ပါဘူးလေ။ ဒါပေမယ့် အဲဒီအချိန်လောက်ဆိုရင် သူ့သတင်းကို ကျွန်တော်ကြားရလောက်ပြီ ထင်ပါရဲ့ "

" ဘာကိုကြားရမှာလဲ "

" ကျွန်တော့်အမေသတင်းပါ။ နောက်ပြီးတော့ ဟယ်လ်ဒင်ရဲ့သတင်းကိုလဲ အဲဒီအချိန်လောက်ဆိုရင်တော့ ကြားရကောင်းပါရဲ့။ ကျွန်တော့်ကို ဖုန်းဆက်ပါ့မယ်လို့ သူ သေသေချာချာ ပြောလိုက်တာ "

" အင်း. . . သေချာပါတယ်။ သူတို့နှစ်ယောက်စလုံး ခင်ဗျားနဲ့ အဆက်အသွယ်ယူကြမှာပါ "

လိုအပ်သည့်စာရွက်စာတမ်းများမှာ သုံးယောက်စလုံး လက်မှတ်ရေးထိုး ပြီးသွားလေပြီ။

ဇူးရစ်ဘဏ်တိုက်မှ သူတို့၏ငွေစာရင်းနံပါတ်ကိုလည်း ရရှိကြပြီ။

\+ \+ \+

ဘဏ်တိုက်အပြင်ဘက်လမ်းဘေးက ပလက်ဖောင်းပေါ်မှာ သူတို့သုံးယောက် ရပ်နေကြလေသည်။

ဂျိုဟန်းက နိုဝယ်ဘက်သို့ လှည့်လာသည်။

" ခင်ဗျားအစီအစဉ်တွေ ဘယ်လိုရှိသလဲ နိုဝယ်. . . ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အစစအရာရာ သတိထားကြဦးမှဖြစ်မှာ။ ခင်ဗျား သိပြီးသားပါလေ။ နာခရိုက်တင်းဒိုက်တွေက ဒီကိစ္စကို လွယ်လွယ်ကူကူနဲ့ အလျှော့ပေးကြမှာ မဟုတ်ဘူး ”

“ ကျွန်တော်သိပါတယ်။ ကျွန်တော့်အစီအစဉ်လား . . . အမေ့ကို တွေ့အောင်ရှာရဦးမယ်လေဗျာ။ အမေတစ်နေရာရာမှာတော့ ရောက်နေမှာပဲ။ တစ်နေရာရာကို အမေ ရောက်နေရမယ် မဟုတ်လား ”

“ ကျွန်တော့်မိတ်ဆွေတွေဆီက လိုအပ်တဲ့အကူအညီတွေ ကျွန်တော် တောင်းထားတယ်။ ဒုတိယမြို့တော်ဝန်ရဲ့အကူအညီကိုလဲ ယူရတာပေါ့လေ။ ကျွန်တော်တို့သုံးယောက်ရဲ့ လုံခြုံရေးအတွက် ပုလိပ်အစောင့်အရှောက်ပေးဖို့ ပြောထားတယ်။ အိပ်ဆယ်စီယာဟိုတယ်မှာရှိတဲ့ ခင်ဗျားပစ္စည်းတွေ သွားသယ် ရဦးမယ် မဟုတ်လား။ ကျွန်တော်တို့နှစ်ယောက်ရဲ့ပစ္စည်းတွေလဲ ဟိုတယ်ဒကော့ မှာရှိနေတယ်။ ကျွန်တော်တို့ဟိုတယ်ကို ခင်ဗျားပြောင်းလာပြီး အတူတည်းရင် လဲ ကောင်းတာပဲ ”

“ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေသေးတယ်ဗျာ။ အခုမှ တစ်ဝ်တစ်ပျက်လောက်ပဲ အနည်ထိုင်သေးတယ်။ ဒါကြောင့် အိပ်ဆယ်-ဆီယာဟိုတယ်မှာပဲ ဆယ်တည်းနေတော့မယ် ”

“ ဖူးရစ်မြို့ကို ကျွန်တော်တို့ မနက်ဖြန်မနက် သွားကြမလား ”

အားရစ်က ဂျိုဟန်းကို လှမ်းမေးသည်။

“ ကျွန်တော်တို့အားလုံး လူခွဲပြီး တစ်ယောက်တစ်လမ်းစီသွားကြရရင် ကောင်းမယ်ထင်တယ်။ ပုလိပ်အဖွဲ့က မကန့်ကွက်ဘူးဆိုရင် ကျွန်တော် မော်တော်ကားနဲ့ပဲ သွားချင်တယ် ” ဟု နိုဝယ်က ပြောသည်။

ထိုစကားကြောင့် ဂျိုဟန်း၏မျက်နှာ ဝင်းလက်သွားလေသည်။

“ အင်မတန်ကောင်းတဲ့ အကြံအစည်ပဲသူငယ်ချင်း။ ပုလိပ်အဖွဲ့က ကန့်ကွက်မှာ မဟုတ်ပါဘူး။ တစ်ယောက်တစ်လမ်းစီခွဲပြီး သွားကြတာလဲ အဓိပ္ပာယ်ရှိတယ်။ ရန်သူကို မျက်ခြည်ဖြတ်နိုင်တာပေါ့။ အားရစ် . . ခင်ဗျားက ရထားနဲ့သွားပါ။ ကျွန်တော်က လေယာဉ်ပျံနဲ့သွားမယ်။ နိုဝယ်က ကားနဲ့သွား။ ကျွန်တော်တို့သုံးယောက်အတွက် ဖူးရစ်မြို့က ကိုလမ်ဘိုင်းဟိုတယ်မှာ အခန်း ကြိုငှားထားလိုက်မယ် ”

နိုဝယ်က သဘောတူညီသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



" မနက်ဖြန်အထိမှ အမေ့ဆီကရော ဟယ်လ်ဒင့်ဆီကပါ ဘာသတင်းမှမကြားရင် ကျွန်တော့်ကို ဖူးရစ်မြို့က ကိုလမ်ဘိုင်းဟိုတယ်မှာ အဆက်အသွယ်လုပ်ဖို့ မှာထားခဲ့မယ်။ ကျွန်တော် တက္ကစီရှာပြီး ဟိုတယ်ကိုပြန်တော့မယ်နော်"

နို့ဝယ်က ခပ်လှမ်းလှမ်းရှိ လမ်းထောင့်ဆီသို့ ထွက်လာခဲ့သည်။ သည်နေရာမှာ ကြာကြာနေလျှင် သူဒေါသများကို မထိန်းချုပ်နိုင်တော့ဘဲ ဂျိုဟန်းကို လက်ချည်းသက်သက်ပင် အသေသတ်မိပေတော့မည်။

" သူသိနေတယ်။ ဘယ်လောက်အတိုင်းအတာအထိ သိတယ်ဆိုတာတော့ ငါမပြောတတ်ဘူး။ ဒါပေမယ့် သူသိနေတယ် " ဟု ဂျိုဟန်းက ခပ်တိုးတိုးပြောသည်။

" မင်းဘယ်လိုလုပ်ပြောနိုင်သလဲ " ဟု အားရစ်က ပြန်မေးသည်။

" စောစောပိုင်းကတော့ ငါ့စိတ်ထဲက ထင်နေတာပဲ။ နောက်ပိုင်းမှာတော့ ငါသိလာတယ်။ ဘဏ်တိုက်မှာတုန်းက ဟန်းစ်အကြောင်း မင်းကို မေးတယ်မဟုတ်လား။ မင်းဖြေတာကို သူလက်ခံလိုက်တယ်။ ဒါပေမယ့် မင်းပြောတာ မမှန်ဘူးဆိုတာ သူသိနေတယ်။ မနေ့ညတုန်းက ဟန်းစ်အခန်းကို ဖုန်းဆက်ပေးရမလားလို့ ဟိုတယ်စာရေးက သူ့ကိုမေးခဲ့တယ် "

" အိုး . . . ဒုက္ခပါပဲကွာ "

" စိတ်မပျက်ပါနဲ့လေ . . . ဖူးရစ်ကိုသွားတဲ့လမ်းပေါ်မှာ ငါတို့ရဲ့ အမေရိကန်မိတ်ဆွေကြီး သေရတော့မှာပါ " ဟု ဂျိုဟန်းက အေးအေးပင် ပြန်ပြောပြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၄၆ )

နိုဝယ်ကို ဖူးရစ်မြို့သို့ သွားရာလမ်းပေါ်တွင် လုပ်ကြံလိုသည်ဆိုလျှင် ဖရီဘောအရပ်တွင်သာဖြစ်ရမည်ဟု ယာကော့က အပိုင်တွက်လိုက်လေသည်။

ထိုနေရာတွင် လူပြတ်သည်။ ရွာဆက်ဝေးသည်။ တောင်ကုန်းထူထပ်သည်။ လမ်းကလည်း အကွေ့အကောက်များသည်။

အချိန်က ဆောင်းရာသီဖြစ်သည်။ ဆီးနှင်းများမပြတ်ကျနေတတ်သည်။ လမ်းပေါ်တွင်လည်း နှင်းခဲများ ဖုံးအုပ်နေတတ်သည်။ ထို့ကြောင့် မော်တော်ကားအသွားအလာပိုနည်းသည်။

မလွှဲမရှောင်သာသောကြောင့် သွားနေရသည့်ကားများမှလည်း လမ်းချော်လွန်းသဖြင့် ထင်တိုင်း ခရီးမပေါက်နိုင်။ အလွန်အမင်း သတိထားပြီး မောင်းကြရစမြဲဖြစ်သည်။

နိုဝယ်သွားရမည့်လမ်းကြောင်းကို ယာကော့က မြေပုံဆွဲပေးသည်။ နိုဝယ်က ထိုလမ်းကြောင်းပြမြေပုံကို ပုလိပ်အဖွဲ့သို့တင်ပြသည်။ ပုလိပ်အဖွဲ့က နိုဝယ်အား လိုက်ပါစောင့်ရှောက်ပေးမည့်ပုလိပ်များကို အသိပေးထားသည်။

သူတို့ လုပ်ကြံမည့်နည်းလမ်းကိုလည်း ယာကော့ တွက်ဆကြည့်သည်။

ဂျိုဟန်းသည် နိုဝယ်ကို လုပ်ကြံရာတွင် သူတို့၏ဝံပုလွေများကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုမည်မဟုတ်။ အခြား ကြေးစားလူသတ်သမားငှားပြီး လုပ်ကြံခိုင်းမည်။ ပြီးလျှင် ထိုကြေးစားလူသတ်သမားများကိုလည်း နှုတ်ပိတ်ပစ်မည်။ ထိုနည်းအားဖြင့် သူတို့ထံသို့ သဲလွန်စက ရောက်လာတော့မည်မဟုတ်ချေ။ လမ်းစပိတ်ပြီးဖြစ်သွားမည်။

နိုဝယ်လုပ်ကြံခြင်းခံရသည့်နေရာနှင့် အဝေးနိုင်ဆုံးသောနေရာမှာ သူတို့အားလုံး နေနေကြမည်။

အရေးကြီးသည်မှာ နိုဝယ်ကို ဖူးရစ်မြို့သို့ရောက်အောင် ပို့ပေးရေးသာ ဖြစ်သည်။ ဖူးရစ်မြို့သို့ နိုဝယ် ရောက်သွားပြီဆိုလျှင် မိမိတို့ဘက်က အပေါ်စီးရပြီဖြစ်ကြောင်း ယာကော့သိသည်။

ဖူးရစ်လိုမြို့မျိုးမှာ ဂျိုဟန်းတို့လူစုကို ယာကော့အနေဖြင့် လွယ်လွယ်ကလေးနှင့် အပျောက်ရှင်းပစ်နိုင်ပါသည်။ ထိုသို့သော ကိစ္စမျိုးတွင် ယာကော့သည် တစ်ဘက်ကမ်းခပ်သူဖြစ်လေသည်။

သည်လိုဖြင့်ပင် သူတို့ ခရီးစခဲ့ကြသည်။

နိုဝယ်အတွက် ဂျီနီဗာရှိ မော်တော်ကားငှားသောကုမ္ပဏီမှ ကျည်ဆန်လုံ ရိုးလ်စ်ရွိုက်စ်ကားကြီးတစ်စီး ငှားသည်။

နိုဝယ်၏ကားနောက်မှကပ်ပြီး ပုလိပ်အစောင့်ကားလိုက်မည်။ ဖူးရစ်မြို့မှ ပုလိပ်အဖွဲ့က လမ်းတစ်နေရာမှကြိုပြီး နိုဝယ်ကို လွှဲပြောင်းယူမည်။ ဖူးရစ်ပုလိပ်အဖွဲ့လက်သို့ အပ်ပြီးလျှင် ဂျီနီဗာပုလိပ်များက ဂျီနီဗာသို့ ပြန်ရုံသာရှိတော့သည်။

ဟယ်လ်ဒင်က နိုဝယ်၏ရှေ့ တစ်မိုင်လောက်ခွာပြီး မောင်းသွားမည်။ လူသုံးများသော ရေးနောကားတစ်စီးကိုငှားပြီး မောင်းရမည်။

ယာကော့က နိုဝယ်၏ကားနောက်မှ မိုင်ဝက်ခန့်ခွာပြီးလိုက်မည်။ သူတို့ကားနှစ်စီးကြားတွင် ပုလိပ်အစောင့်ကားလိုက်မည်။ ယာကော့က မက်ဆာရတီကားတစ်စီးငှားမောင်းမည်။ ထိုကား အမျိုးအစားသည်လည်း ဥရောပတိုက်တွင် ချမ်းသာသူအများသုံးသည့်ကားပင်ဖြစ်သည်။

ထိုသို့သောကားများကို ငှားရမ်းသုံးစွဲခြင်းအားဖြင့် ရန်သူများ ရုတ်တရက် မရိပ်မိစေရန်ဖြစ်သည်။

နိုဝယ်နောက်သို့ အစောင့်အဖြစ် လိုက်ပါမည့်ပုလိပ်များအကြောင်းကိုလည်း ယာကော့က စုံစမ်းပြီးဖြစ်သည်။ လိုက်ပါမည့်ပုလိပ်အားလုံး လူသစ်



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သည်။ ထို့ကြောင့် ပစ်လားခတ်လား တစ်ခုခုဖြစ်လာသည်နှင့်တစ်ပြိုင်-တည်း သူတို့လွတ်လမ်း သူတို့ရှာပြီး ပြေးကြမည့်သူများသာဖြစ်သည်။

ထိုအကြောင်းများကိုလည်း ယာကော့က နိုဝယ်နှင့်ဟယ်လ်ဒင်ကို အသေးစိတ်ရှင်းလင်းပြောဆိုကြပြီး ဖြစ်သည်။

စီစဉ်ထားသည့်အတိုင်း သူတို့ခရီးစတင်လာကြလေပြီ။

ရှေ့ဆုံးမှ ဟယ်လ်ဒင်က တစ်မိုင်လောက်ခွာပြီး ရေးနောကားကလေးကို မောင်းသွားသည်။

သူ့နောက်မှ နိုဝယ်က ရိုးလ်စ်ရွိုက်စ်ကားနှင့် လိုက်သည်။

နိုဝယ်၏ကားနောက်မှ ပုလိပ်အစောင့်ကားလိုက်သည်။

ပုလိပ်အစောင့်ကားနောက်မှ ယာကော့က မက်ဆာရတီကားနှင့် လိုက်သည်။

ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းအစီအစဉ်များကို စဉ်းစားရင်း ယာကော့က လီဗာကို ဖိနင်းနေမိသည်။ ထို့ကြောင့် ကားအရှိန် အလွန်အမင်းမြန်နေသည်။

ထိုအကြောင်းကို သတိထားမိတော့မှ သူ့ကိုယ်သူ ကျိန်ဆဲရင်း ကားရှိန်ကို လျှော့ချသည်။ လမ်းပေါ်မှာ နှင်းခဲများဖုံးနေသည်။ ထို့ကြောင့် လမ်းက အလွန်ချော်နေသည်။ သူမောင်းနေသော အမြန်နှုန်းနှင့်ဆိုလျှင် အန္တရာယ်ဖြစ်နိုင်သည်။

ယာကော့က ထိုင်ခုံဘေးမှာထားသော လက်နက်များကို စမ်းကြည့်သည်။ အားလုံး နေထားတကျရှိနေကြသည်။

ဖောက်ခွဲရန် ယမ်းပျော့များ၊ မိုင်းဗုံးများ၊ တင့်ကားဖျက်ဒုံးလေးလုံး။ မောင်းပြန်သေနတ်နှစ်လက်။

အားလုံးကိုအသုံးပြုရန် အသင့်အနေအထားမှာ ပြင်ဆင်ထားသည်။

သူ့ကားပေါ်မှာရှိနေသည့် လက်နက်များအတိုင်း နိုဝယ်၏ကားပေါ်မှာလည်း တင်ပေးထားသည်။ ကျည်ဆန်လုံမှန်များအားလုံးကို မဖွင့်ရန်လည်း ယာကော့က တင်းတင်းကျပ်ကျပ် သတိပေးထားသည်။

ဇူးရစ်မြို့သို့ရောက်လျှင် ဂျိုဟန်းနှင့်အားရစ်ကို အမြန်ဆုံးသုတ်သင်ရမည်။ သူတို့နှစ်ယောက်ကို သုတ်သင်ပြီးလျှင် ဇူးရစ်ဘဏ်တိုက်ထဲသို့ လွှဲပြောင်းပေးပြီးဖြစ်နေသော ဒေါ်လာသန်းပေါင်း ၇၈၀သည် နိုဝယ်၏ငွေစာရင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ထည့်သွင်းပြီးဖြစ်သွားမည်။

ထိုငွေများ မိမိတို့လက်ဝယ်သို့ရောက်ပြီဆိုလျှင် 'မျိုးဆက်'များကို တစ်ကမ္ဘာလုံးအနှံ့ရှာဖွေပြီး မျိုးဖြုတ်ရပေတော့မည်။

အနည်းငယ်ပိတ်နေသည့် ဆီးနှင်းများ ကျဲသွားသည်။

ယာကော့က ရှေ့သို့ လှမ်းကြည့်သည်။

သူ့ရင် ဖိုသွားသည်။

စောစောက သူ မျက်ခြည်ပြတ်မခံခဲ့သော ပုလိပ်အစောင့်ကားကို မတွေ့ရတော့ချေ။ ဘာတွေဖြစ်ကုန်ပြီနည်းဟု တွေးကြည့်သည်။

ကားကို ခပ်မြန်မြန်မောင်းသည်။ နှင်းခဲများ လမ်းပေါ်မှာ ဖုံးနေသောကြောင့် ကြီးစွာ သတိထားနေရသည်။

ထိုအခိုက် လမ်းကွေ့တစ်ခုမှာ ပုလိပ်အစောင့်ကားကို လှမ်းတွေ့လိုက်ရသည်။ သည်တော့မှပင် သူ အသက်ရှူနိုင်တော့သည်။

သို့သော်လည်း ပုလိပ်ကားက ဘာကြောင့် မြန်မြန်မောင်းနေသနည်း။ နိုဝယ်၏ကားနှင့် ခပ်လှမ်းလှမ်းမှ ဘာကြောင့် မလိုက်သနည်း။

ယာကော့ မစဉ်းစားတတ်ပါ။

ပုလိပ်ကားမောင်းသလိုပင် သူကလည်း မြန်မြန်မောင်းလိုက်သည်။ ပုလိပ်ကားသည် နိုဝယ်၏ကားကို မီလုမီခင်ဖြစ်နေသည်။

သူတို့ကို ညွှန်ကြားထားသည့်အတိုင်း မလှမ်းမကမ်းမှ ဘာကြောင့် ခွာမလိုက်သနည်း။

ယာကော့ ထပ်စဉ်းစားပြန်သည်။

ပုလိပ်ကားမှ ဒရိုင်ဘာ ရူးသွားလေပြီလား။

ပုလိပ်ကားကို ယာကော့က မျက်တောင်မခတ်စိုက်ကြည့်နေသည်။ တစ်ခုခုတော့မှားနေပြီ။ ဘာမှားနေသနည်း။ ဘာမှားနေကြောင်း သူ အဖြေမထုတ်တတ်ပါ။ သူတို့ ဘာတွေလုပ်နေကြသနည်း။

ပုလိပ်ကားကို စူးစိုက်ကြည့်နေရင်း အမှားကို သူမြင်သွားတော့သည်။

ပုလိပ်ကား၏နောက်ဖင်ပိုင်းတွင် ပိန်နေသည်။ သုံးနာရီလုံးလုံး သူ မျက်ခြည်မပြတ်လိုက်ခဲ့ရာ ပုလိပ်ကားတွင် အပိန်အချိုင့်ရာ လုံးဝမရှိခဲ့။ ယခုမှ ဘာကြောင့် အပိန်အချိုင့်ပေါ်လာသနည်း။ ဘာကြောင့် ပိန်ချိုင့်သွားရသနည်း။

တစ်ခုသေချာသည်မှာ ယခု သူမြင်နေရသော ပုလိပ်ကားသည် စော



www.burmeseclassic.com

www.burmeseclassic.com



စောက ပုလိပ်ကားမဟုတ်ချေ။ အရောင်တူ၊ အမျိုးတူကားတစ်စီးကို အစားထိုးပြီး လဲလှယ်ထည့်လိုက်ခြင်းသာလျှင် ဖြစ်ရပေမည်။

ထိုအခိုက် လမ်းကွေ့တစ်ခုသို့ ရောက်လာသည်။ ပုလိပ်ကားက နိုဝယ်၏ကားကို ဟွန်းအဆက်မပြတ်တီးပြီး မီးကြီးကို ဖွင့်ချည်မှိတ်ချည် လုပ်ပြနေကြောင်း သတိထားမိသည်။

နိုဝယ်၏မော်တော်ကားကို ရပ်ခိုင်းနေခြင်းဖြစ်သည်။

" မရပ်နဲ့ . . . ရပ်မပေးနဲ့ "

ယာကော့က မောင်းနေရင်း အသံကုန်အော်သည်။ သူအော်ပြောသည်ကို နိုဝယ်ကြားနိုင်၏၊ မကြားနိုင်၏လည်း စဉ်းစားမနေနိုင်တော့ပါ။

ပုလိပ်ကားက နိုဝယ်၏ကားကို ကျော်တက်နိုင်ရန် ကြိုးစားနေသည်။

ယာကော့ကလည်း ပုလိပ်ကားကို အမီမောင်းလိုက်နေသည်။

စောစောက နှင်းပွင့်များ သိပ်သည်းစွာအကျတွင် မူလပုလိပ်ကားအစစ်ကို လမ်းဘေးသို့ ဆင်းခိုင်းလိုက်ပြီး ရန်သူ၏ကားက ပုလိပ်ကား ယောင်ဆောင်ကာ ကြားဝင်လိုက်ခြင်းသာဖြစ်ကြောင်း သဘောပေါက်သွားသည်။

ယာကော့က လီဗာကို အတင်းဖိနင်းသည်။ ပုလိပ်ကားနှင့် သူ၏ကားမှာ ကိုက်ငါးဆယ်ခန့်သာ ဝေးတော့သည်။

" နိုဝယ် . . . ရပ်မပေးနဲ့ . . . သူတို့ကား ကျော်မတက်စေနဲ့ "

ယာကော့က အသံကုန်အော်ပြန်သည်။

ထိုအခိုက် ပုလိပ်ကား၏နောက်ဘက်မှ တံခါးပွင့်လာသည်။ ချက်ချင်းဆိုသလိုပင် ယာကော့၏မော်တော်ကား လေကာမှန် အစိတ်စိတ်အမွှာမွှာဖြစ်သွားသည်။

သူ့ပါးပြင်နှင့်လက်နှစ်ဖက်မှာ ပူကနဲဖြစ်သွားသည်။ မှန်ကွဲစများကလည်း နေရာအနှံ့အပြားသို့ လာရောက်ထိမှန်သည်။

ပုလိပ်ကားက ယာကော့ကားကို မောင်းပြန်သေနတ်နှင့် အဆက်မပြတ်ပစ်နေသည်။ သူ့မော်တော်ကားစက်ခေါင်းကို ကျည်ဆန်များ လာရောက်ထိမှန်သည်။

ပြီးတော့ သူ့ကားဘီးများ ပြားသွားကြောင်းကိုပါ သတိထားလိုက်မိလေသည်။

ကားက လမ်းဘေးသို့ ထိုးကျသွားသည်။ လမ်းဘေးရှိ တာရိုးနှင့် ပြေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိကာ ကားရပ်သွားသည်။

ယာကော့မှာ ကားတံခါးနှင့် ညပ်မိနေပြီး ရုတ်တရက် မလှုပ်နိုင်အောင် ဖြစ်သွားသည်။

ကားနောက်ပိုင်းတွင် ခါတ်ဆီတိုင်ကီပေါက်သွားပြီး မီးစတင် လောင်ကျွမ်းနေပြီကိုလည်း မြင်တွေ့လိုက်ရလေသည်။

❖

နောက်ကြည့်မှန်ထဲတွင် ပုလိပ်ကားကို နိုဝယ်မြင်တွေ့နေရသည်။ ပုလိပ်ကားက ချက်ချင်းဆိုသလိုပင် သူ့ကားနားသို့ တိုးကပ်လိုက်လာသည်။

မီးကြီးနှစ်လုံးကို ဖွင့်ချည်ပိတ်ချည် လုပ်ပြနေသည်။ ဟွန်းကိုလည်း မနားတမ်းတီးနေသည်။

သည်အတိုင်းဆိုလျှင် အကြောင်းတစ်ခုခုကြောင့် ပုလိပ်ကားက မိမိကားကို ရပ်ခိုင်းနေခြင်းဖြစ်သည်ဟု နိုဝယ် တွေးကြည့်သည်။

လမ်းက လမ်းအကွေ့ဖြစ်နေသောကြောင့် ရပ်ပေးရမည့်နေရာ လုံးဝမရှိ။ ရှေ့ကိုက်အတော်များများဝေးသည့်နေရာတွင်တော့ ကားရပ်ပေးနိုင်မည့်နေရာရှိကောင်းသည်။

နိုဝယ်က ကားအရှိန်ကို လျှော့ချလိုက်သည်။

ပုလိပ်ကားက သူနှင့် ယှဉ်မောင်းလာသည်။ မှန်များတွင် နှင်းပွင့်များသီးနေသောကြောင့် ပုလိပ်ကားထဲမှ အရာရှိငယ်၏မျက်နှာမှာ ဝါးနေသည်။

အဆက်မပြတ်တီးနေသော ဟွန်းသံကို ကြားရပြန်သည်။ ထို့ကြောင့် နိုဝယ်က ဘေးမှမှန်ကို အောက်သို့ ချလိုက်သည်။

" လမ်းကျယ်တာနဲ့ ငါရပ်. . . "

တစ်ဘက်သို့ အော်ပြောလိုက်သော သူ့စကားမဆုံးပါ။ တစ်ဘက်ကားပေါ်မှ မျက်နှာတစ်ခုကို မြင်လိုက်ရသည်။ ထိုမျက်နှာပေါ်မှာ ထူးဆန်းသော အမူအရာကို သတိထားမိသည်။

ထိုမျက်နှာသည် ဂျီနီဗာမြို့မှထွက်ကတည်းက သူ့ကားနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်လိုက်ပါလာသော ပုလိပ်အရာရှိငယ်တစ်ယောက်၏ မျက်နှာ မဟုတ်ပါ။

သူ ဘယ်တုန်းကမှ မမြင်ဖူးသော မျက်နှာဖြစ်လေသည်။

ထိုအခိုက် တစ်ဘက်ကားပြတင်းပေါက်မှ သေနတ်ပြောင်းထွက်လာလေသည်။

နိုဝယ်က ပြတင်းပေါက်မှန်ကို ကြောက်အားလန့်အားဖြင့် ပြန်တင်ရန် ကြိုးစားသည်။

အချိန်အများကြီး နောက်ကျသွားပါပြီ။

သေနတ်သံများကို ကြားလိုက်ရသည်။ မီးပွင့်ကလေးများကို မြင်လိုက်ရသည်။

သင်ဓုန်းဓား အလက်ထောင်ပေါင်းများစွာဖြင့် သူ့ကိုယ်ကို မွှန်းခြင်းခံလိုက်ရသလို ခံစားလိုက်ရလေသည်။ သူ့ကိုယ်မှ သွေးစက်များက မော်တော်ကားမှန်ပေါ်သို့ သွားစဉ်သည်ကိုလည်း မြင်တွေ့လိုက်ရသည်။

သူမောင်းလာသည့် ရိုးလ်စ်ရွိုက်စ်မော်တော်ကားကြီး ဒယီးဒယိုင်းဖြစ်သွားသည်။ ထိုသို့ ကားကို မထိန်းသိမ်းနိုင်တော့သည့်ကြားမှ အသံကုန်လည်း အော်လိုက်လေသည်။

သို့သော် သူ့အသံကိုတော့ သူပြန်မကြားရတော့ပါ။

မော်တော်ကား ဆောင့်သံများ၊ တစ်စုံတစ်ရာနှင့်ပွတ်တိုက်မိသည့်အသံများ၊ ခုန်ပေါက်သွားသည့်အသံများကိုသာ ကြားနေရလေသည်။

တလိမ့်ခေါက်ကွေးဖြစ်သွားသော မော်တော်ကားထဲမှာ သူ့ကိုယ်လုံးသည် ပြောင်းဆန်သွားလေသည်။ ကားခေါင်မိုးနှင့်လည်း ဆောင့်မိသည်။ ကားကြမ်းပြင်က အပေါ်သို့ရောက်သွားပြီး သူ့ကိုယ်လုံးက စောက်ထိုးမိုးမျှော် ဖြစ်သွားသည်ကိုလည်း သတိထားလိုက်မိသည်။ မှန်များကွဲကုန်သည့်အသံကို ကြားရသည်။

သူ နောက်ဆုံးသိလိုက်သည်မှာ လေဟာပြင်ကြီးထဲကို အဆုံးအစမရှိ ထိုးကျသွားခြင်းသာလျှင် ဖြစ်လေသည်။

ထိုလေဟာပြင်ကြီးကား အလွန်တရာ ငြိမ်းချမ်းသော လေဟာပြင်ကြီး ဖြစ်လေသည်။

သင်ဓုန်းဓားနှင့်မွှန်းသလို ခံစားနေရသော ခံစားချက်များလည်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားကြလေသည်။

နောက်ပြီးတော့ မြူတွေပတ်ဖုံးနေသော ကွင်းပြင်ကြီးထဲမှာ လျှောက်သွားနေသလိုလည်း ထင်မှတ်လိုက်မိလေသည်။

\+ + +

ယာကော့သည် မော်တော်ကားလေကာမှန်ကို ပစ္စတိုသေနတ်နှင့် ရိုက်ခွဲပစ်လိုက်သည်။ ရှေ့မှမြင်ကွင်းကို ထင်ထင်ရှားရှား မြင်လာသည်။

အသင့်မောင်းတင်ထားသော ကာဘိုင်သေနတ်မှာ ထိုင်ခုံနှင့်ညပ်ပြီး ဆွဲထုတ်၍မရတော့ချေ။ ယမ်းပျော့များနှင့် မိုင်းဗုံးများမှာမူ ပလတ်စတစ်အိတ်ထဲမှာရှိနေသည်။ သို့သော် လက်ပစ်ဗုံးများ မည်သည့်နေရာရောက်ကုန်ကြသည်ကို မသိတော့။

သူသယ်လာသော လက်နက်များအားလုံး ဘာမှ အသုံးမဝင်တော့ချေ။ သူ့လက်ထဲမှာရှိနေသည့် ပစ္စတိုသေနတ်တစ်လက်သာ အားကိုးရာရှိတော့သည်။ ပစ္စတိုထဲမှာရှိနေသော ကျည်ဆန်များ ကုန်သည်အထိ ခုခံပစ်ခတ်ရပေတော့မည်။

ပုလိပ်ကားယောင်ဆောင်ပြီး သူတို့ကားနှစ်စီးကြားသို့ ဝင်လာသော ရန်သူများ၏ကားပေါ်တွင် လူသုံးယောက်ပါလာသည်။

လက်ဖြောင့်သေနတ်သမားကို လှမ်းမြင်ရသည်။ ယာကော့က ကွဲသွားသော လေကာမှန်ဘောင်ပေါ်သို့ ပစ္စတိုသေနတ်ပြောင်းကို မှေးတင်ပြီး မောင်းဖြုတ်ချလိုက်သည်။ လက်ဖြောင့်သေနတ်သမား လည်ကျသွားသည်ကို မြင်လိုက်ရသည်။

ယာကော့က ညပ်နေသည့်တံခါးကို ပခုံးစွန်းနှင့် အင်အားရှိသမျှ ဆောင့်တွန်းကြည့်သည်။ တံခါးပွင့်ထွက်သွားသည်။ ကားအပြင်သို့ အမြန်ဆုံးထွက်သည်။ ကားနောက်ပိုင်းကို မီးစွဲလောင်နေပြီ။ ခဏကြာလျှင် ဓာတ်ဆီတိုင်ကီကွဲတော့မည်ကို ယာကော့ အလိုလိုသိနေသည်။

ကားအပြင်သို့ရောက်သောအခါ မီးလောင်နေသည့် ကားနှင့်ဝေးရာသို့ ကြိုးစားရွေ့သည်။ ကားထဲမှာပေါက်ကွဲမည့် ဗုံးများရှိနေသည်။ ထို့ကြောင့် ဗုံး များနှင့်လွတ်ရာသို့ ရောက်ဖို့ အရေးကြီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ရန်သူများဆီသို့ လှမ်းကြည့်သည်။ ရန်သူနှစ်ယောက်သည် နိုဝယ်၏ ရိုးလ်စ်ရွိုက်စ်ကားထဲသို့ မောင်းပြန်သေနတ်များနှင့် တရစပ်ပစ်ထည့်နေသည်။

ထို့နောက် မော်တော်ကားကို တစ်ဘက်သို့ တွန်းနေသည်။ သူတို့ ဘာလုပ်နေကြကြောင်းကို ယာကော့ ရုတ်တရက် နားမလည်နိုင်ပါ။

သူ့မျက်လုံးများလည်း ဝါးနေပြီ။ သေသေချာချာ ဂရုစိုက်ကြည့်သော အခါကျမှ ရိုးလ်စ်ရွိုက်စ်ကားကို လမ်းဘေးတာရိုးပေါ်သို့ တွန်းတင်နေကြခြင်း ဖြစ်ကြောင်း သိရတော့သည်။

ယာကော့က လက်ထဲမှသေနတ်ကို မြှောက်လိုက်သည်။ ရန်သူ နှစ်ယောက်ကို ဝေဝါးစွာမြင်ရသည်။ ကြိုးစားပြီးချိန်ကြည့်သည်။ မြင်ကွင်း အားလုံးက လှုပ်ရှားနေသည်။

မတတ်နိုင်တော့သည့်အဆုံးတွင် ရန်သူများရှိနေရာဘက်သို့ သေနတ် ပြောင်းကိုလှည့်ပြီး ဆက်တိုက်မောင်းဖြုတ်နေမိသည်။

သူ၏သေနတ်သံကြောင့် ရန်သူများက သူ့ကိုမောင်းပြန်သေနတ်များ နှင့် ပြန်ပစ်သည်။ သူ၏ခြေထောက်ကို ဆက်တိုက်ထိမှန်နေကြောင်း သိသည်။ သို့သော် နာကျင်ခြင်းကား လုံးဝမရှိတော့ပါ။

နှင်းခဲများဖုံးနေသော လမ်းဘေးမြောင်းထဲသို့ တလိမ့်ခေါက်ကွေး လိမ့် ကျသွားတော့သည်။

သူမောင်းလာသည့် မက်ဆာရတီမော်တော်ကားဆီမှ ပေါက်ကွဲသံများ ကို ကြားရသည်။ ရန်သူများထံမှ အော်ဟစ်အမိန့်ပေးနေသံကို တဆက်တည်း ကြားရသည်။

" အားလုံးသေကုန်ပြီ။ ဒီနေရာက မြန်မြန်ခွာတော့ "

ရန်သူများ ထွက်ပြေးလွတ်မြောက်သွားကြလေပြီ။

\+ \+ \+

ဟယ်လ်ဒင်က ကားရှိန်ကို လျှော့ချလိုက်သည်။ နောက်ကြည့်မှန်ထဲမှ ပြန်ကြည့်သည်။ သို့သော် နိုဝယ်၏ကား လိုက်လာသည်ကို မမြင်တွေ့ရချေ။

သူ ဘယ်ရောက်သွားပြီနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လ်ဒင်က ကားကို လမ်းဘေးသို့ ထိုးရပ်သည်။ ခဏကြာအောင် စောင့်ကြည့်နေသည်။ အချိန် တစ်မိနစ်ပြီးတစ်မိနစ် ကုန်ဆုံးသွားသည်။

နိုဝယ်၏ကား လိုက်လာသည်ကို မမြင်ရပါ။

သည်ထက်ပို၍ သူ စောင့်ဆိုင်းနိုင်ခြင်း မရှိတော့ပါ။

ကားကို ဂငယ်ကွေ့ကွေ့ကာ နောက်ကြောင်းသို့ တရကြမ်း ပြန်မောင်းလာခဲ့သည်။ နောက်ဘက်သို့ မိုင်ဝက်ခန့်ပြန်ရောက်လာသည်။ ယခုအချိန်အထိ နိုဝယ်၏ကားကို မတွေ့ရသေး။

ဟယ်လ်ဒင်၏လက်များ တဆတ်ဆတ် တုန်လာသည်။

တစ်ခုခုတော့ ဖြစ်နေပြီ။ တစ်ခုခုဖြစ်နေကြောင်း ဟယ်လ်ဒင် အလိုလို သိလာသည်။ အလိုလို ခံစားမိလာသည်။

မက်ဆာရတီကားကို လှမ်းမြင်ရသည်။ ယာကော့ မောင်းလာသည့် ကားဖြစ်သည်။ ကားတစ်စီးလုံး မီးဟုန်းဟုန်းတောက်နေသည်။

" ဘုရား. . . ဘုရား. . . နိုဝယ်ကား ဘယ်မှာလဲ. . . နိုဝယ်ဘယ်မှာ လဲ. . . ယာကော့ ဘယ်မှာလဲ. . . "

ဘရိတ်ကို တအားစောင့်နင်းပြီး ကားပေါ်မှဆင်းပြေးသည်။ စိတ်ထင် ရာများကိုလည်း အော်ဟစ်နေမိသည်။

ချောနေသော လမ်းပေါ်တွင် ချော်လဲသွားသည်။ ခြေထောက်တွင် သေနတ်ဒဏ်ရာ ရထားခဲ့သည်ကို မေ့နေသည်။ ထို့ကြောင့် ခြေထောက်ကို မထိန်းနိုင်တော့ဘဲ လဲကျသွားလေရာ တစ်ဘက်ချောက်ထဲသို့ ကျသွားသည်။

လဲရာမှကုန်းထပြီး ကြောက်လန့်တကြား အော်ဟစ်ရင်း ခြေဦးတည့်ရာ ပြေးပြန်သည်။

" နိုဝယ်. . . နိုဝယ် "

မျက်ရည်များက ပါးပြင်နှစ်ဘက်ပေါ်သို့ စီးကျလာသည်။ ဆောင်း လေအေးက တိုက်ခိုက်နေရာ ပါးပြင်နှစ်ဘက်ပေါ်တွင် မျက်ရည်များခဲကုန်ပြီ လားဟု ထင်မှတ်ရသည်။

တစ်စုံတစ်ယောက်က အော်ဟစ်အမိန့်ပေးသံကို ကြားလိုက်ရသည်။

" ဟယ်လ်ဒင်. . . ရပ်. . . ရပ်. . . ပြေးမနေနဲ့ "

လူတစ်ယောက်က အော်ဟစ်ပြောဆိုသည့်အသံ။ ယာကော့ ဘယ်မှာ လဲ။ ယာကော့၏အသံ ဘယ်နေရာက ပေါ်လာသလဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ထပ်ကြားရပြန်သည်။

" ဟယ်လ်ဒင်. . . ဒီဘက်ကိုဆင်းလာခဲ့ "

လမ်းဘေးက တာရိုးတစ်ဘက်မှပေါ်လာကြောင်း သတိထားမိသည်။ ထို့ကြောင့် တာရိုးပေါ်သို့ ပြေးတက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို နှင်းခဲပြင်ကြီးက ဖုံးလွှမ်းနေသည်။ ဖြူဖွေးသော နှင်းခဲပြင်ကြီးပေါ်တွင် သွေးစက်များကို တွေ့ရသည်။

ထိုသွေးစက်များအတိုင်း လှမ်းကြည့်လိုက်သောအခါ နှင်းခဲပြင်ပေါ်မှာ လဲနေသည့် ယာကော့ကို တွေ့ရသည်။ ယာကော့၏ကိုယ်တွင် သွေးများ ရွှဲနေသည်။

ယာကော့နှင့် မလှမ်းမကမ်းတွင် ရိုးလ်စ်ရွိုက်စ်ကားကို တွေ့ရပြန်သည်။ နီဝယ်မောင်းလာသည့် ရိုးလ်စ်ရွိုက်စ်ကား၊ ပက်လက်လန်နေသောကား။

ဟယ်လ်ဒင်သည် အရှိန်လွန်ပြီး ချော်ကျသွားသည်။ ယာကော့အနားသို့ ရောက်သွားသည် နီဝယ်၏ ရိုးလ်စ်ရွိုက်စ်ကားနားသို့ လေးဘက်တွား သွားသည်။

ကားထဲမှာရှိနေသော နီဝယ်၏မျက်နှာမှာလည်း သွေးများ ပေကျံနေသည်ကို တွေ့ရသည်။

" မဟုတ်ဘူး . . . မဟုတ်ဘူး . . . "

ဟယ်လ်ဒင်က အရူးတစ်ယောက်လို အော်သည်။

ယာကော့က ဟယ်လ်ဒင်၏ပခုံးကို ဖမ်းချုပ်ပြီး သူ့ဆီသို့ ဆွဲယူသည်။ ယာကော့မှာ ကောင်းစွာစကားမပြောနိုင်တော့ပါ။ သို့သော်လည်း အမိန့်ကိုမူ ပြတ်သားစွာ ပေးနိုင်လေသည်။

" မင်းကားကို ပြန်သွား။ ဟိုဘက် တောင်ကုန်းနားမှာ ရွာကလေးတစ်ရွာရှိတယ်။ ငါးကီလိုမီတာထက် ပိုမဝေးဘူး။ အဲဒီကနေ ဒေါက်တာလစ်ဗတ်ကို ဖုန်းဆက်ပါ။ ဒီနေရာနဲ့ လစ်ဗတ်နေတဲ့နေရာနဲ့လဲ မဝေးဘူး။ သူချက်ချင်း ရောက်လာနိုင်တယ်။ သူ့ကို အကျိုးအကြောင်း ပြောပြလိုက် "

ဟယ်လ်ဒင်သည် ဒဏ်ရာနှင့်မေ့မြောပြီး ကားထဲမှာညပ်နေသော နီဝယ်၏ကိုယ်ပေါ်မှ မျက်လုံးကို မခွာနိုင်တော့ချေ။

" သူသေသွားပြီ. . . သူသေသွားပြီ. . . " ဟုလည်း တတွတ်တွတ် ရွတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" သူမသေနိုင်ဘူး။ မြန်မြန်သွား "
" ကျွန်မ မသွားနိုင်ဘူး။ သူ့ကိုထားခဲ့ပြီး ကျွန်မ မသွားနိုင်ဘူး "
ဟယ်လ်ဒင်က အရူးတစ်ယောက်လို ပြောနေသည်။
ယာကော့က ပစ္စတိုသေနတ်ကိုမြှောက်ပြီး နိုဝယ်အား ချိန်လိုက်သည်။
"ငါပြောတဲ့အတိုင်းမလုပ်ရင် သူ့ကိုအခုပဲ ငါပစ်သတ်လိုက်တော့မယ်"

❖

လစ်ဗတ်က အခန်းထဲသို့ဝင်သွားသည်။ အခန်းထဲရှိ ခုတင်ပေါ်တွင် ယာကော့ရှိနေသည်။ ယာကော့၏ကိုယ်အောက်ပိုင်းတစ်ခုလုံးမှာ ပတ်တီးများ ပြည့်နေသည်။

ယာကော့က အပြင်သို့ငေးကြည့်နေသည်။ အပြင်တွင် နှင်းခဲများ ဖုံးနေသည်။ ခပ်လှမ်းလှမ်းမှ တောင်ကုန်းများပေါ်တွင်လည်း နှင်းခဲများ အပြည့် ဖုံးနေသည်။

ထိုမြင်ကွင်းကြီးကို ငေးကြည့်နေသောကြောင့် ဒေါက်တာလစ်ဗတ် အခန်းထဲသို့ ဝင်လာသည်ကို သူသတိမထားလိုက်မိချေ။
" အမှန်အတိုင်း ခင်ဗျားကို ပြောပြရမလား "
အပြင်သို့ ငေးနေသောယာကော့အား လစ်ဗတ်က မေးသည်။ ထိုအခါကျမှ ယာကော့က ဖြည်းလေးစွာဖြင့် နောက်သို့လှည့်ပြီး လစ်ဗတ်ကို ကြည့်သည်။
" အမှန်တရားကို ရှောင်ဖယ်လို့လဲ မရနိုင်တော့ပါဘူးဗျာ။ ရှောင်နိုင်တဲ့နည်းလမ်းရော ရှိသေးလို့လား။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ. . ခင်ဗျားမျက်နှာ အမူအရာကြည့်တာနဲ့ ကျွန်တော် သိနေပါပြီ "

" အင်မတန်ဆိုးတဲ့သတင်းတစ်ခု ခင်ဗျားကို ပြောပြရတော့မယ်။ ခင်ဗျား ဒီတစ်သက်မှာ လမ်းကောင်းကောင်း ပြန်လျှောက်လို့ရတော့မှ မဟုတ်ဘူး။ အောက်ပိုင်းမှာရတဲ့ဒဏ်ရာက သိပ်ကြီးတယ်။ ဒဏ်ရာပျောက်သွားရင် ချိုင်းထောက်နဲ့လမ်းလျှောက်ရမယ်။ နောက် ဒီထက်ပိုကောင်းရင် တုတ်အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လျှော့ရလိမ့်မယ်။ လူချည်းသက်သက်တော့ ဘယ်နည်းနဲ့မှ ပြန်လျှော့လို့ ရတော့မှာမဟုတ်ဘူး ”

“ ကျွန်တော် ဆောင်ရွက်ရမယ့်တာဝန်တွေကလဲ ခန္ဓာကိုယ်ကို အသုံးပြုပြီး ဆောင်ရွက်ရမှာမဟုတ်တော့ပါဘူးဗျာ ”

“ မှန်ပါတယ်။ ခင်ဗျားစိတ်ဓာတ်ရေးရာအရတော့ ကောင်းနေမှာပါပဲ။ လက်ကအနာတွေလဲ ပျောက်မှာပါ။ လက်ကဒဏ်ရာတွေပျောက်ရင်တော့ တယောကောင်းကောင်း ပြန်ထိုးနိုင်ပါလိမ့်မယ် ”

ထိုစကားကြောင့် ယာကော့က ပြုံးသည်။

“ တယောထိုးလဲ ကျွန်တော် ဒါလောက်ကောင်းတာမဟုတ်ပါဘူးဗျာ။ ကျွန်တော့်စိတ်ကလဲ လွှင့်လွှန်းတယ်။ ဟိုရောက်လိုက်. . . ဒီရောက်လိုက်နဲ့. . . အနုပညာပေါ်မှာ ဒါလောက်ကြီး အာရုံစိုက်လို့မရဘူး ”

“ ဒီလိုဆိုရင် တခြားကိစ္စတွေပေါ်မှာတော့ အာရုံစိုက်နိုင်ရမှာပေါ့”

ယာကော့က မျက်မှောင်ကုပ်သည်။ ပြတင်းပေါက်မှကျော်ပြီး အပြင်သို့ ငေးကြည့်နေပြန်သည်။

“ ကျွန်တော်တို့ဆက်ပြီး ဆောင်ရွက်စရာတွေ ဘာတွေများကျန်နေသေးသလဲဆိုတာ သိဖို့လိုပါတယ် ”

“ အခြေအနေတွေက ပြောင်းလဲကုန်ပြီ။ အဖြစ်အပျက်တွေ ပြောင်းလဲတာက သိပ်ကိုမြန်ဆန်လွန်းနေတယ် ” ဟု လစ်ဗတ်ကို ပြန်ပြောသည်။

“ နိုဝယ်ကရော ဘယ်လိုလဲ ”

“ သူ့အကြောင်းတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ သူသေဖို့ပဲ။ ဒါပေမယ့် အသက်ရှင်နေတယ်။ အသက်ရှင်နေပေမယ့် သူ့အဖို့ ဘာမှအကြောင်းမထူးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူရုပ်ပျက်သွားပြီ။ ဟိုတုန်းက နိုဝယ်ရဲ့ရုပ်မျိုး ဘယ်တော့မှ ပြန်ပေါ်တော့မှာမဟုတ်ဘူး။ ပြန်မပေါ်တာလဲ ခပ်ကောင်းကောင်းပဲ။ ဘာကြောင့်လဲဆိုတော့ လူတွေကြားထဲမှာ ပြောင်ပြောင်တင်းတင်း သူနေလို့မရနိုင်တော့ဘူးလေ။ နိုင်ငံပေါင်း ခြောက်နိုင်ငံလောက်က သူ့ကို လူသတ်မှုနဲ့ အလိုရှိနေကြတယ်။ သူ့ကိုတွေ့တဲ့နေရာမှာ ပစ်သတ်မှာပဲ။ ဖမ်းမိရင်လဲ ကြိုးစင်တင်မှာပဲ ”

“ သူတို့ဘက်က အနိုင်ရသွားပါပြီဗျာ. . . မျိုးဆက်တွေ အနိုင်ရသွားကြပြီ ”



www.burmeseclassic.com

www.burmeseclassic.com



ယာကော့က စိတ်ထိခိုက်စွာဖြင့် ညည်းညည်းညူညူပြောသည်။ သူ့မျက်လုံးအိမ်ထဲတွင်လည်း မျက်ရည်များ ပြည့်လာလေသည်။

“ ဒီလိုလဲပြောလို့ မရသေးဘူးလေ။ ကျွန်တော်တို့ လုပ်စရာ ဘာတွေကျန်သေးသလဲဆိုတာ လေ့လာကြရဦးမယ် မဟုတ်လား ” ဟု ဒေါက်တာလစ်ဗတ်က ပြန်ပြောသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

လူပုံသဏ္ဍာန်များ၊ ပုံပန်းသဏ္ဍာန် ဖော်မရသော အရာဝတ္ထုများ၊ ဘာအဓိပ္ပာယ်မှဖော်၍မရနိုင်သော အတွေးများ . . . ။

အားလုံး ဝိုးတဝါးဖြစ်နေကြသည်။ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်၊ အနီရောင်. . . အရောင်ပေါင်းစုံကိုလည်း မြင်တွေ့နေရသည်။ သို့သော်လည်း ဘာအရောင်ဟူ၍ သဲသဲကွဲကွဲ ဖော်ထုတ်၍မရ။

ဘာတွေဖြစ်ခဲ့သည်ကို ပြန်စဉ်းစားကြည့်သည်။ ဘာတစ်ခုမှ ပီပီပြင်ပြင် ပေါ်လွင်လာခြင်းမရှိ။

အပေါ်မှစီးမိုးနေသော သဏ္ဍာန်ကို စူးစိုက်ကြည့်သည်။ ဝါးမြဲဝါးနေသည်။ ကြိုးစား၍ကြည့်သည်။

တဖြည်းဖြည်းနှင့် ပုံပေါ်လာသည်။

အပေါ်မှစီးမိုးနေသော ဟယ်လ်ဒင်၏မျက်နှာလှလှကလေးကို နိုဝယ်မြင်တွေ့လာရသည်။

ဖွရရာ လျှောကျနေသော ရွှေရောင်ဆံပင်များက မျက်နှာကို လာထိနေကြသည်။ ထိုအသိကလေးကိုလည်း သူသိနေသည်။

ဟယ်လ်ဒင်၏ မျက်လုံးအစုံအတွင်းမှာ မျက်ရည်များရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များသည် ဟယ်လ်ဒင်၏ပါးပြင်ပေါ်မှတစ်ဆင့် သူ့မျက်နှာပေါ်သို့ စီးဆင်းကျလာသည်။

ဟယ်လ်ဒင်၏ပါးပြင်နုနုပေါ်မှ မျက်ရည်များကို လက်နှင့်သုတ်ပေးဖို့ နိုဝယ်က ကြိုးစားသည်။ သို့သော်လည်း သူ၏လက်ကို လုံးဝမြှောက်၍မရပါ။ ချစ်မြတ်နိုးဖွယ်ကောင်းလှသော ဟယ်လ်ဒင်၏မျက်နှာကလေးကို သူ ကိုင်တွယ်၍မရပါ။

သူ့လက်သည် တစ်ဝက်တစ်ပျက်မျှသာမြှောက်ကြွပြီး လမ်းခုလတ်မှ ပြန်ပြုတ်ကျသွားလေသည်။

ဟယ်လ်ဒင်က သူ၏လက်ကို ယုယစွာဆုပ်ကိုင်ထားလေသည်။

"အို့ . . . မောင်ရယ် . . ."

ဟယ်လ်ဒင်၏ မချိတင်ကဲညည်းတွားသံကို သူ ကြားလိုက်ရပါသည်။ သည်လိုဆိုတော့ သူ့မှာ အကြားအာရုံရှိနေသေးသည်။ မြင်ကွင်းတွေကို မြင်နိုင်သော အမြင်အာရုံရှိနေသေးသည်။

မျက်လုံးများကို သူ မှိတ်လိုက်သည်။

မကြာမီ အတွေးအာရုံ၊ အသိအာရုံများလည်း ပြန်လည်ပေါ်ပေါက်လာတော့မည်။ ဖြစ်ကြောင်း သူသိနေပါသည်။

❖

ဒေါက်တာလစ်ဗတ်က အခန်းပေါက်ဝမှာ ရပ်နေသည်။ နိုဝယ်အား ဟယ်လ်ဒင် ရေပတ်တိုက်ပေးနေသည်ကို စောင့်ကြည့်နေသည်။

လစ်ဗတ်၏ချိုင်းကြားထဲမှာ သတင်းစာတစ်စောင် ညှပ်ထားသည်။

လစ်ဗတ်က နိုဝယ်၏မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်နေသည်။ သေနတ်ကျည်ဆန်ရာများဖြင့် တစ်မျက်နှာလုံး မြင်မကောင်းအောင် ဖြစ်နေသည်။ ထိုအနာရွတ်များသည် သေရာပါတော့မည့် အနာရွတ်များ ဖြစ်လေသည်။

ဒဏ်ရာများက အထိုက်အလျောက် ကြီးကျယ်ခဲ့သော်လည်း ယခုအခါ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကောင်းကောင်း ကျက်နေကြချေပြီ။

အိမ်တွင်းရှိ အခန်းတစ်ခုခုဆီမှ တယောသံပေါ်ထွက်လာနေသည်။ တယောသံက တကယ့်ပညာရှင်ကြီးတစ်ယောက်ထိုးနေသလား ထင်မှတ်ရလောက်အောင် ပြောင်မြောက်လွန်းလှလေသည်။

လစ်ဗတ်က အခန်းထဲသို့ဝင်သွားသည်။ နိုဝယ်နှင့်ဟယ်လ်ဒင်တို့ နှစ်ယောက်က လစ်ဗတ်ကို မော့ကြည့်သည်။

" ခင်ဗျားရဲ့ သူနာပြုဆရာမကို ရာထူးတိုးပေးဖို့တော့ ထောက်ခံရတော့မှာပဲဗျာ " ဟု နိုဝယ်က ပြောသည်။

" ဘယ်လိုတာဝန်ဝတ္တရားတွေများ ထူးထူးခြားခြား ဆောင်ရွက်ပေးလို့လဲဗျ "

လစ်ဗတ်က ရယ်ရင်းပြန်မေးသည်။

" ကျွန်မနဲ့ မဆိုင်ပါဘူးရှင့်. . . သူ့ဒဏ်ရာတွေက သူ့ဘာသာသူ ပျောက်ကုန်တာပါ "

ဟယ်လ်ဒင်ကလည်း ရယ်မောရင်း ဝင်ပြောသည်။

" အေးဗျာ. . . ခင်ဗျားကိုယ်ပေါ်က ဒဏ်ရာတွေတင်မဟုတ်ပါဘူး။ အားလုံးကို ပျောက်စေချင်လှပါပြီ။ ခင်ဗျား ခံစားနေရတာတွေအားလုံးကို ပျောက်စေချင်လှပါပြီ "

ဒေါက်တာလစ်ဗတ်က ပြောပြောဆိုဆိုဖြင့် ချိုင်းကြားမှ သတင်းစာကို နိုဝယ်၏ဘေးနားမှာ ချပေးသည်။ ပါရီမြို့မှထုတ်ဝေသော သမာဓိသတင်းစာ ဖြစ်သည်။

" ခင်ဗျားအတွက် ဒီသတင်းစာ နူချာတဲက ဝယ်လာခဲ့တယ်။ ခင်ဗျား ဖတ်ချင်လိမ့်မယ်လို့တော့ တယ်မထင်ဘူး "

" ဘာတွေများ ပါလာလို့လဲဗျာ "

" ခင်ဗျားအမှုနဲ့ပတ်သက်ပြီး တရားရုံးရဲ့ စီရင်ချက်တွေကို ရေးထားတာပါ။ ခင်ဗျားကို ရှာမတွေ့ကြသေးတဲ့အတွက် အမှုတွေကို ရပ်ဆိုင်းထားဖို့ တရားရုံးချုပ်က အမိန့်ချလိုက်တဲ့အကြောင်းတွေ ရေးထားတာပါ "

" ဒါပေါ့လေ. . . ကျွန်တော့်ခေါင်းပေါ်ပဲ အားလုံး ပုံရောက်လာကြတော့တာပေါ့ "

နိုဝယ်က ပင်ပန်းနွမ်းနယ်စွာပြောရင်း ခေါင်းအုံးပေါ်မှ ခေါင်းပြန်မှီ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်လေသည်။

❖

'လန်ဒန်မြို့ ဘီဘီစီက ကမ္ဘာ့သတင်းများကို အသံလွှင့်နေပါတယ်။ ကမ္ဘာအရပ်ရပ်တွင် နိုင်ငံခေါင်းဆောင်အား လုပ်ကြံသတ်ဖြတ်မှုများ များပြားလာသည့်အချိန်မှစ၍ နိုင်ငံပေါင်းစုံတို့တွင် လုံခြုံရေးအစီအစဉ်များကို ပိုမိုတင်းကျပ်စွာ ဂရုစိုက်လာခဲ့လေသည်။ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားပေါ်ပေါက်ရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များနှင့် တာဝန်ခံများမှာလည်း မျက်နှာကောင်းမရဘဲ ရှိနေကြသည်။

လုပ်ကြံသတ်ဖြတ်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် ထိပ်တန်းခေါင်းဆောင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးစားနေကြသည်။ ထိုကိစ္စအတွက် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ဧဂျင်စီတစ်ခု ဖွင့်လှစ်ရန်ရှိနေသည်။ ထို ဧဂျင်စီကို 'အင်ဗေးလ်'ဟု အမည်ပေးမည်ဟု သိရသည်။ 'အင်ဗေးလ်'အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ လုံခြုံရေးတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်ရန် . . . '

ယာကော့သည် လေလွင့်လှုပ်ရှားနေသော သူ၏စိတ်များကို ပြန်လည်စုစည်းယူနိုင်ရန် ကြိုးစားနေလေသည်။

အခန်းထဲရှိ ခုတင်ပေါ်တွင် နိုဝယ်ရှိနေသည်။ ခုတင်ဘေးမှ ကုလားထိုင်ပေါ်မှာ ဟယ်လ်ဒင် ထိုင်နေသည်။

အသားအစားထိုးကုဆရာဝန်က နိုဝယ်၏မျက်နှာပေါ်တွင်ရှိနေသော ဒဏ်ရာများကို ခွဲစိတ်ကုသနေသည်။

ဆရာဝန်ကို လော့စ်အိန်ဂျလိစ်မြို့မှပင့်လာခြင်းဖြစ်သည်။ သူ ကုသပေးနေသောလူနာသည် မည်သူမည်ဝါဖြစ်ကြောင်း သူမသိပါ။ သူ့အနေဖြင့် သိဖို့လည်း ကြိုးစားရန်မလိုပါ။

နိုဝယ်၏မျက်နှာပေါ်မှာရှိနေသော အနာရွတ်များသည တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြသောကြောင့် ခက်ခဲစွာခွဲစိတ်ကုသရလေသည်။ အချို့



www.burmeseclassic.com

www.burmeseclassic.com



နေရာများကို အရေတွန့်သည့်ပုံသဏ္ဍာန်မျိုးဖြစ်အောင် ပြုလုပ်ပေးသည်။

ထို့ကြောင့် နိုဝယ်၏မူလမျက်နှာ မဖြစ်နိုင်တော့။ ထိုမျှမကသေး။ နိုဝယ်မှာ မူလအရွယ်ထက် ဆယ်နှစ်ခန့်လည်း ပိုမို အိုစာသွားလေသည်။

မည်သို့ပင်ရှိစေကာမူ ကြည့်ပျော်ရှုပျော်ဖြစ်ဖို့ အရေးကြီးသည်။ ယခုတော့ အားလုံး ပြီးစီးသွားပါပြီ။ လမ်းဘေးတွင် ပက်လက်လန်နေသော ကားထဲမှ ထုတ်ယူလာသည့်နေ့မှ လေးလတိတိပြည့်သောနေ့တွင် ခွဲစိတ်ပြီးစီးခြင်းဖြစ်သည်။

သူ့မှာ အသက်နှင့်ခန္ဓာကိုယ် တည်မြဲနေသည်။ ကိုယ်လက်အင်္ဂါများလည်း ပြည့်စုံသည်။ ထို့ကြောင့် သူ ဆက်လက်ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရတော့မည်။

မနက်ဖြန်မှစပြီး လိုအပ်သော လေ့ကျင့်မှုများကို ပြုလုပ်ရတော့မည်။ နိုဝယ်ကို ယာကော့က လေ့ကျင့်ပေးမည်ဖြစ်သည်။ နိုဝယ်ကိုသာမက ဟယ်လ်ဒင်ကိုလည်း လေ့ကျင့်ပေးရမည်။

နေရာကိုလည်း သူတို့ရွေးချယ်ထားပြီးပြီ။ တောင်ကုန်းများကြားထဲရှိ လူသူ အရောက်အပေါက်နည်းသည့် နေရာဖြစ်သည်။ ထိုနေရာကို ယာကော့ကိုယ်တိုင် စီစစ်ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

တပည့်ဖြစ်သူသည် သူ့ဆရာ မဆောင်ရွက်နိုင်တော့သည့်တာဝန်များကို ဆောင်ရွက်ရတော့မည်။ ဆရာလုပ်သူ တစ်သက်တွင် မည်သည့်နည်းနှင့်မှ မထမ်းဆောင်နိုင်တော့သော တာဝန်များကို သူက အောင်မြင်စွာ ထမ်းဆောင်ရပေတော့မည်။

မနက်ဖြန်သည် သူတို့ သင်တန်းစတော့မည်နေ့ပင်တည်း။

\+ \+ \+

ဘာလင် - ဇူလိုင် ၄ - ။ ။ အမေရိကန်ပြည်ထောင်စုအတွင်းရှိ အရီဇိုနာနှင့်တပ်ဆပ်ပြည်နယ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဇေဂျင်စီဖွင့်လှစ်ရေးကိစ္စကို သက်ဆိုင်ရာက သဘောတူ ခွင့်ပြုလိုက်ပြီဖြစ်သည်။

ယင်း ဇေဂျင်စီသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီတို့၏ နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းပန်းမှုများကို နည်းမျိုးစုံဖြင့် ခံစားခဲ့ကြရသူများ၊ ထိုသူများမှ ဆင်းသက်ပေါက်ဖွားလာသူများ၏ ဘဝပြန်လည်ထူထောင်ရေးအတွက်. . .

+ + +

ဝိုင်ယာကြိုး. . . အဝတ်ကြိုး. . . သံကြိုး . . . "

" လက်ချောင်းကလေးတွေကို သုံးပါ။ အဲဒါတွေဟာ ခင်ဗျားရဲ့လက်နက်တွေပဲ။ ဒါကို ဘယ်တော့မှ မမေ့ပါနဲ့. . . "

" သစ်ပင်ကိုပြန်ပစ်ပါ။ ခင်ဗျား သိပ်လက်နှေးလွန်းတယ်. . . "

" တောင်ကုန်းပေါ်ကို တက်ပါ။ ပြီးရင် တောင်ကုန်းအောက်ကို ကျွန်တော် မမြင်အောင် ပြန်ဆင်းပါ . . . "

" ခင်ဗျားကို ကျွန်တော် မြင်သွားပြီ။ ခင်ဗျား ခေါင်းပွင့်ထွက်သွားပြီ . . . "

" အာရုံကြောကိုဖိပါ။ သွေးကြောမဟုတ်ဘူး။ အာရုံကြောမှာ နေရာငါးခုရှိတယ်။ မျက်လုံးကို အဝတ်နဲ့ဖုံးလိုက်ပါ။ အာရုံကြောကို မျက်စိနဲ့မကြည့်ဘဲနဲ့ လက်နဲ့တွေ့အောင်စမ်းကြည့်ပါ. . . "

" ကိုယ်လုံးကို လှိမ့်သွားပါ။ ကုန်းကုန်းကြီးလုပ်မနေနဲ့ . . . . "

" လှုပ်ရှားမှုတိုင်းမှာ သူ့ဘက် ကိုယ့်ဘက်ရှိတယ်။ အချိန်ဆိုတာ တစ်စက္ကန့်ရဲ့ အပုံပေါင်းများစွာပုံ တစ်ပုံပဲရှိတယ်။ အဲဒီအချိန်ကလေးကို လက်လွတ်အဆုံးမခံပါနဲ့။ အဲဒီအကြောင်းကို ကိစ္စပေါ်လာတိုင်းမှတ်မိနေအောင် လေ့ကျင့်ထားပါ။ အလိုလို သိနေပါစေ. . . "

" လက်တည့်တယ်ဆိုတာ ပစ်မှတ်ကို ဘယ်လောက်တိကျအောင် စုစည်းယူနိုင်သလဲဆိုတာပေါ်မှာ မူတည်တယ်။ လက်မလှုပ်စေနဲ့။ အသက်မရှူနဲ့။ ပြန်ပစ်ပါ။ ခုနစ်ချက် ဆက်တိုက်ပစ်ပါ။ အချင်း နှစ်လက်မအတွင်းမှာ ကျည်အားလုံးစုပါစေ. . . "

" ပြေးတော့. . . လွတ်အောင်ရှောင်တော့. . . ကိုယ်လွတ်ရုန်းတော့. . . ပတ်ဝန်းကျင်ကို အသုံးချပါ။ ပတ်ဝန်းကျင်ထဲမှာ ရောနှောသွားပါစေ။ ငြိမ်ငြိမ်ကလေးနေဖို့ မကြောက်ပါနဲ့။ ငြိမ်ငြိမ်ကလေး ရပ်နေတဲ့လူတစ်ယောက်ကို လှုပ်ရှားနေတဲ့ လူတစ်ယောက်ထက် ပိုပြီး တွေ့မြင်ဖို့ခက်တယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



နွေကာလများ ကုန်ဆုံးလွန်မြောက်သွားပြီ။

ယာကော့က အလွန်ကျေနပ်နေသည်။ တပည့်သည် ဆရာထက် လက်စောင်းထက်နေပြီဖြစ်ကြောင်း သူသိနေပြီ။

နိုဝယ် အသင့်ဖြစ်နေပြီ။

သူ၏အဖော်အဖြစ် တာဝန်ယူမည်ဖြစ်သော ဟယ်လ်ဒင်သည်လည်း အသင့်ဖြစ်နေပြီ။

ကောင်းစွာလေ့ကျင့်ထားပြီးဖြစ်သော သူတို့နှစ်ယောက်သည် အတွဲတစ်တွဲအနေဖြင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြပေတော့မည်။

'မျိုးဆက်'များကို သူတို့ မှတ်သားထားပြီးပြီ။

တစ်ကမ္ဘာလုံးအနှံ့ရှိနေသော မျိုးဆက်များ၏ စာရင်းကိုထုတ်ယူကာ သူတို့ အထပ်ထပ်အခါခါ လေ့လာပြီးဖြစ်နေပြီ။

+ + +

ပါရီ - အောက်တိုဘာလ ၁၀ ။ ။ ဇူးရစ်မြို့တွင် ဖွဲ့စည်းတည်ထောင်ထားသည့် 'အင်ဗေးလ်'ဟု အများသိပြီးဖြစ်သော ဧကျင်စီ၏ပထမအကြိမ်ညီလာခံကို ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ယနေ့ထုတ်ပြန်ကြေငြာသည်။ ညီလာခံကို လာမည့် ၂၅-ရက်နေ့တွင်. . .

+ + +

ယောက်ျားတစ်ယောက်နှင့်မိန်းမတစ်ယောက် ဇူးရစ်မြို့ လင်းမတ်မြစ်၏ ဘယ်ဘက်ကမ်းပေါ်ရှိ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်သွားကြသည်။

ယောက်ျားက အရပ်အနည်းငယ်မြင့်သည်။ သို့သော်လည်း ခါးက ခပ်ကိုင်းကိုင်းရှိနေသည်။ လူအများကြားတွင် သူသွားနေပုံမှာ ထော့ကျိုးထော့ကျိုးဖြစ်နေသည်ဟုထင်မှတ်ရလေသည်။ လက်ထဲတွင် လက်ကိုင်အိတ်တစ်လုံးကို ကိုင်ထားသည်။

အမျိုးသမီးက ယောက်ျား၏လက်မောင်းကို ဆွဲကိုင်ထားသည်။ ယောက်ျားကို တွဲခိုလိုက်နေသည့်ပုံစံမျိုးမဟုတ်ဘဲ သူက ဦးဆောင်ပြီ တွဲသွား



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ပုံစံမျိုးဖြစ်နေသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း စကားပြော ဆိုခြင်း အလျဉ်းမရှိကြ။

အဆောက်အအုံထဲသို့ရောက်သောအခါ စုံစမ်းရေးဌာနသို့သွားပြီး ကုမ္ပဏီကလေးတစ်ခု မည်သည့်အထပ်တွင်ရှိကြောင်း အမျိုးသမီးက စုံစမ်း သည်။

အပေါ်ဆုံးထပ်ဖြစ်သည့် ဆယ့်နှစ်ထပ်တွင်ရှိကြောင်း၊ ယခုအချိန် သည် နေ့လယ်စာစားချိန်ဖြစ်သောကြောင့် ထိုကုမ္ပဏီတွင် မည်သူမှရှိနိုင်မည် မဟုတ်ကြောင်း စုံစမ်းရေးဌာနက အဖြေပေးသည်။

ကိစ္စမရှိပါ။ နေ့လယ်စာစားသောက်ပြီး ပြန်လာသည့်အချိန်အထိ မိမိတို့နှစ်ယောက်စောင့်နေနိုင်ပါသည်ဟု အမျိုးသမီးက ပြန်ပြောသည်။

အပေါ်ဆုံးထပ်သို့ တက်ခဲ့ကြသည်။

အပေါ်ဆုံးထပ်သို့ရောက်ပြီး ဓာတ်လှေကားထဲမှ ထွက်လိုက်သောအခါ လူသူကင်းရှင်းနေသည်ကို တွေ့ရသည်။

ယောက်ျားနှင့်အမျိုးသမီးသည် လူသူ အရိပ်အခြည်ကိုကြည့်ပြီး စိတ်ချရသည်နှင့် စင်္ကြံ၏ညာဘက်အစွန်းဆီသို့ ခြေကုန်ပြေးကြလေတော့သည်။ စောစောတုန်းက ထော့ကျိုးထော့ကျိုးဖြစ်နေခဲ့သော ယောက်ျားမှာ ယခုချက်ချင်း လူကောင်းပကတိ ပြန်ဖြစ်သွားလေသည်။

စင်္ကြံအဆုံးသို့ရောက်သောအခါ ခေါင်မိုးပေါ်သို့ တက်သည့်လှေကား ကို အဆင်သင့်တွေ့ရသည်။ နည်းနည်းကလေးမှ တုံ့ဆိုင်းခြင်းမရှိဘဲ ထိုလှေကား အတိုင်း ခေါင်မိုးပေါ်သို့ တက်ခဲ့ကြသည်။

ခေါင်မိုးပေါ်သို့ရောက်သောအခါ ယောက်ျားက လက်ကိုင်အိတ်ကို ချသည်။ ထိုအနားမှာ ဒူးထောက်ထိုင်သည်။ အိတ်ကို ဖွင့်သည်။

အိတ်ထဲမှာ တစ်စစီဖြုတ်ထားသော ရိုင်ဖယ်သေနတ်တစ်လက်နှင့် တယ်လီစကုပ်တစ်ခု ရှိနေသည်။

ရိုင်ဖယ်အပိုင်းအစများကို ထုတ်ယူသည်။ တစ်ခုချင်း စနစ်တကျ ပြန်လည်တပ်ဆင်သည်။ တယ်လီစကုပ်ကို တပ်ဆင်သည်။

အားလုံးပြီးသွားသောအခါ ဦးထုပ်ကိုချွတ်လိုက်သည်။ ခေါင်းပေါ်တွင် ဆံပင်အတုကြီးရှိနေသည်ကို တွေ့ရသည်။ ထိုဆံပင်အတုကြီးကိုဖြုတ်ပြီး လက်ကိုင်အိတ်အတွင်းသို့ ပစ်သွင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုစွပြီးသောအခါ ထိုင်ရာမှထသည်။ အမျိုးသမီးကို ကုတ်အင်္ကျီ ကူချွတ်ပေးသည်။ လက်များက ကျပ်နေသောကြောင့် ပြောင်းပြန်လှန်ပြီး ဆွဲချွတ်ပေးရသည်။ အောက်တွင်ခံဝတ်ထားသည့် အင်္ကျီမှာ အလွန်ပုံကျလှသည်။ ပါရီမြို့ရှိ ထိပ်တန်းအကျဆုံးသော ဆိုင်တစ်ဆိုင်တွင် ချုပ်လာခဲ့ခြင်းဖြစ်ကြောင်း သိသာထင်ရှားလေသည်။

ယခုတစ်ကြိမ်သည် ယောက်ျား၏အလှည့်ဖြစ်သည်။ ယောက်ျား၏ ကုတ်အင်္ကျီကိုလည်း အမျိုးသမီးက ကူချွတ်ပေးသည်။ ကုတ်အင်္ကျီအောက်မှ ပေါ်လာသော ကိုယ်ပေါ်မှအဝတ်အစားများမှလည်း အလွန်ခေတ်ဆန်သည်ကို တွေ့ရသည်။

အမျိုးသမီးက ခေါင်းမှာအုပ်ထားသော ပဝါကို ချွတ်သည်။ ကလစ်ပေါင်းများစွာကို ဖြုတ်လိုက်သည်။

ရွှေရောင်ဆံပင်များက ပခုံးပေါ်သို့ လှပစွာပြန့်ကျဲကျလာလေသည်။ နေရောင်တွင် ရွှေရောင်ဝင်းနေလေသည်။

အမျိုးသမီးက ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။ အတွင်းမှ ခြောက်လုံးပြူးတစ်လက် ပေါ်ထွက်လာသည်။

" ကျွန်မ ဒီနေရာမှာစောင့်နေခဲ့မယ်နော်။ အလုပ်ကောင်းကောင်း ဖြစ်ပါစေ "

ဟယ်လ်ဒင်က သူစောင့်နေမည့်နေရာကို ညွှန်ပြရင်း ပြောသည်။

" ကျေးဇူးတင်ပါတယ်ကွယ် "

နိုဝယ်က တစ်ဘက်ခြမ်းသို့ကူးသည့်တံခါးကိုဖွင့်ကာ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဟယ်လ်ဒင်က အောက်မှရန်သူတစ်ဦးဦး တက်လာသည်ဆိုလျှင် ဆီးကြိုတားထားနိုင်ရန် နောက်ချန်နေရစ်ခဲ့ခြားဖြစ်လေသည်။

ခေါင်မိုးတစ်ဘက်ခြမ်းတွင်ရှိနေသော အသုံးမပြုတော့သည့် မီးဖိုချောင်မှ မီးခိုးခေါင်းတိုင်အပေါင်းတစ်ခုနားမှ နိုဝယ်က နေရာယူသည်။

နေထားတကျရှိသောအခါ ရိုင်ဖယ်လွယ်ကြိုးကိုလျှိုပြီး ပခုံးမှာ သိုင်းလွယ်လိုက်သည်။ သေနတ်ဒင်ကို ရင်ဘတ်မှာ နေထားတကျဖြစ်သွားအောင် ဆွဲကပ်သည်။

အင်္ကျီအိတ်ထဲသို့လက်နှိုက်ပြီး ကျည်ဆန်သုံးတောင့်ကို ထုတ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးတောင့်စလုံးကို သေနတ်ထဲထည့်လိုက်သည်။ ပြောင်းထဲမှာ တစ်တောင့်ထားသည်။ မောင်းတင်လိုက်သည်။

ပစ်ခတ်ဖို့ အစစအဆင်သင့်ဖြစ်သွားလေပြီ။

" လှုပ်ရှားမှုတိုင်းမှာ သူ့ဘက်ကိုယ့်ဘက်ရှိတယ်။ အချိန်ဆိုတာ တစ်စက္ကန့်ရဲ့ အပုံပေါင်းများစွာပုံ တစ်ပုံပဲရှိတယ်။ အဲဒီအချိန်ကလေးကို လက်လွတ်အဆုံးမခံပါနဲ့။ အဲဒီအကြောင်းကို ကိစ္စပေါ်လာတိုင်း မှတ်မိနေအောင် လေ့ကျင့်ထားပါ။ အလိုလိုသိနေပါစေ"

သင်တန်းဆရာ ယာကော့၏ သင်ကြားပို့ချချက်များကို ပြန်လည်ကြားယောင်နေမိလေသည်။

သူ့ဘက်ကိုယ့်ဘက်ရှိသည်မှာမှန်ပါသည်။ သို့သော်လည်း ကိုယ့်ဘက်က အားလုံး အပိုင်တွက်ထားပြီးဖြစ်သည်။

ပစ်မှတ်ကို သူဘယ်နည်းနှင့်မှ ချော်ထွက်သွားစရာအကြောင်းမရှိပါ။

မီးခိုးခေါင်းတိုင်ကိုမှီသည်။ သေနတ်ပြောင်းကို ရှေ့ကအုတ်ခုံပေါ်သို့ မှေးတင်လိုက်သည်။ ရိုင်ဖယ်ပြောင်းပေါ်မှာရှိနေသော တယ်လီစကုပ်တွင်းမှ ထိုးဖောက်ကြည့်လိုက်သည်။

ဆယ့်နှစ်ထပ်မြင့်သော အပေါ်စီးမှမြင်ကွင်း။

BURMESE CLASSIC .com

လမ်းတစ်ဘက်ခြမ်းရှိ လင်ဒန်ဟော့ဖ်ဟိုတယ် မှန်တံခါးနောက်ကွယ်မှထွက်လာသောလူများကို လမ်းဘေးနှင့်လမ်းမပေါ်မှာရှိနေကြသည့် လူအုပ်ကြီးက ကောင်းချီးသြဘာပေးကာ နှုတ်ဆက်နေကြသည်။

ဟိုတယ်ထဲမှထွက်လာကြသူများ၏ ခေါင်းပေါ်တွင် 'ပထမအကြိမ်မြောက် အင်ဗေးလ်ညီလာခံ'ဟူသော ဆိုင်းဘုတ်ကြီးက ကြွားကြွားဝင့်ဝင့် ဖြစ်နေလေသည်။

သူ့ကို တွေ့ရပါပြီ။

တယ်လီထဲမှာ သူ ပေါ်လာသည်။

တယ်လီမှန်ဘီလူးပေါ်ရှိ ဆံခြည်မျှင် မျဉ်းကြောင်းကလေး ကန့်လန့်ဖြတ် တည့်တည့်နေရာမှာ သူ့မျက်နှာရောက်နေပါပြီ။

ရွှေရောင်ဆံပင်များ ဖိတ်ဖိတ်တောက်နေသည့် ဦးခေါင်းအောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချော ချောသောမျက်နှာ။

နိဝယ်က သေနတ်မောင်းကို ညင်သာစွာ ဆွဲညှစ်လိုက်သည်။

ဆယ့်နှစ်ထပ်အောက်မှာရှိနေသော ရွှေရောင်ဆံပင်နှင့်လူသည် ပြိုလဲကျသွားလေသည်။

တီနာမောသည် နောက်ဆုံးတွင်မူ သေပွဲဝင်ရလေတော့သည်။

တီနာမော၏လက်ချက်ဖြင့် သေပွဲဝင်သွားရခြင်းဖြစ်သည်။

သူတို့သည် အရပ်တကာမှာ ရှိနေကြသည်။

'မျိုးဆက်'များသည် နေရာတကာမှာ ရှိနေကြသည်။

ယခုမှ အစပျိုးလိုက်ခြင်းသာ ဖြစ်ချေသည်တကား။

**အထောက်တော်လှအောင်**

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

